www.burmeseclassic.com

ကျေးဇူးတော်ရှင်

ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး

## ဘဒ္ဒန္တကုန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်)

ဟောကြားတော်မူသော

# ဓမ္မာနုပဿနာတရားတော်အနှစ်ချုပ်

အမှတ်စဉ်(၁)



www.burmeseclassic.com

ကျေးဇူးတော်ရှင်

ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး

## ဘဒ္ဒန္တဣန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်)

ဟောကြားတော်မူသော

# ဓမ္မာနုပဿနာတရားတော်အနှစ်ချုပ်

အမှတ်စဉ်(၁)



သာသနာတော်နှစ် - ၂၅၅၃၊ ကောဇာသက္ကရာဇ် - ၁၃၇၁၊ ကဆုန်လပြည့်နေ့။
ခရစ်နှစ် - ၂၀၀၉၊ မေလ (၈)ရက်။

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက်အမှတ် - ၃၂၀၁၁၄၀၃၀၉

အဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၁၀၃၀၃၀၉

မျက်နှာဖုံးပန်းချီ - ဦးမြင့်မောင်

ထုတ်ဝေခြင်း - ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ဓမ္မဒါန

ထုတ်ဝေသူ - ဦးမောင်မောင်လှ

ရွှေနိုင်ငံ (၀၅၇၄၅)

အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အဖုံးနှင့်အတွင်းပုံနှိပ် - ရွှေနိုင်ငံပုံနှိပ်တိုက်

အမှတ်(၉၀)စီ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၅၅၄၄၇၄၊ ၅၄၈၀၄၂

" ထုတ်ဝေသည့်စာအုပ် ကတ်တလောက် အညွှန်း " (CIP)

၂၉၄.၃

ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ မဟာထေရ် (အနိစ္စဆရာတော်)

ဓမ္မာနုပဿနာတရားတော်အနှစ်ချုပ်၊ အမှတ်စဉ် (၁) /

ဘဒ္ဒန္တကုဏ္ဍလာဘိဝံသမဟာထေရ် (အနိစ္စဆရာတော်)။ ရန်ကုန် - ရွှေနိုင်ငံစာပေ၊ ၂၀၀၉။

၃၅၂ မျက်နှာ၊ ၁၈.၄၂ × ၂၅.၄ စင်တီ။ (၁) ဓမ္မာနုပဿနာတရားတော်အနှစ်ချုပ်၊ အမှတ်စဉ် (၁)


♠ ဤစာအုပ်တွင်ပါရှိသောတရားတော်များကို မည်သူမဆို ကူးယူ၍ ဓမ္မဒါနပြုနိုင်ပါသည်။ ♠

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အမှတ်စဉ် | တရားခေါင်းစဉ်အမည် | စာမျက်နှာ |
| --- | --- | --- |
| ၁။ | လူမရှိသောစိတ်၊ စိတ်မရှိသောလူ တရားတော် | ၁ |
| ၂။ | အာသဝပြတ်လျှင် နိဗ္ဗာန်မြင် တရားတော် | ၄ |
| ၃။ | လောကကြီးသည် မမြဲဘူး တရားတော် | ၁၆ |
| ၄။ | မပြုပြင် မစီရင်ရတာ နိဗ္ဗာန် တရားတော် | ၂၈ |
| ၅။ | မတီးကမမြည် တီးမှမြည်သံ တရားတော် | ၃၉ |
| ၆။ | ပညာဖြင့်ရှု မမြဲမှု တရားတော် | ၄၆ |
| ၇။ | ဓမ္မာနုပဿနာ ဉာဏ်ပထျာ တရားတော် | ၅၇ |
| ၈။ | သစ္စာလေးတန် အနက်မှန် တရားတော် | ၆၂ |
| ၉။ | ပစ္စုပ္ပန်မှာ ရုပ်နာမ်ရှိတယ် တရားတော် | ၇၁ |
| ၁၀။ | ခံစားဝေဒနာ ခွဲစိတ်ဖြာ တရားတော် | ၈၁ |
| ၁၁။ | တဏှာမှ ထွက်မြောက် နိဗ္ဗာန်ရောက် တရားတော် | ၈၈ |
| ၁၂။ | အဝိဇ္ဇာကင်း နိဗ္ဗာန်ချဉ်း တရားတော် | ၉၀ |
| ၁၃။ | ခန္ဓာငါးပါးသိပြားက မှတ်ရ သောတာပန် တရားတော် | ၁၀၂ |
| ၁၄။ | ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်း တရားတော် | ၁၀၆ |
| ၁၅။ | တဏှာမကူးတရားထူး တရားတော် | ၁၁၅ |
| ၁၆။ | သပိတ်ကြီးနှင့် အပေါက်သုံးပေါက်ပမာ ရှုအပ်စွာ တရားတော် | ၁၂၀ |
| ၁၇။ | ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ် တရားတော် | ၁၃၂ |
| ၁၈။ | တေဘူမက သင်္ခါရ တရားတော် | ၁၄၂ |
| ၁၉။ | အဘိဉ္ဉေယျာ ပရိညာနှင့် ပဟာတဗ္ဗ တရားတော် | ၁၅၀ |
| ၂၀။ | ဝေဒနာစေတသိက်နှင့် ဝေဒနာနှင့် ယှဉ်သောစိတ် တရားတော် | ၁၆၁ |
| ၂၁။ | အာရုံကိုသိ မကပ်ငြိ လွတ်၏ သံသရာ တရားတော် | ၁၆၅ |
| ၂၂။ | ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရ တရားတော် | ၁၇၃ |


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| အမှတ်စဉ် | တရားခေါင်းစဉ်အမည် | စာမျက်နှာ |
|---|---|---|
| ၂၃။ | တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် တရားတော် | ၁၉၂ |
| ၂၄။ | အာရုံခြောက်ပါးတွင် မနှစ်သက်လျှင် ဤတွင် ပဏ္ဍိတ တရားတော် | ၁၉၈ |
| ၂၅။ | ဥပမိလေးပါးတို့ရဲ့စွန့်လွှတ်ရာနေရာ တရားတော် | ၂၀၄ |
| ၂၆။ | အကြည်ပေါ်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကိုသိရမှာ တရားတော် | ၂၀၉ |
| ၂၇။ | လောင်စာသိမ်း မီးငြိမ်း ပြည်နိဗ္ဗာန် တရားတော် | ၂၂၀ |
| ၂၈။ | ပရမတ်ကိုမမေ့ရင် သေတယ်မမည်ဘူး တရားတော် | ၂၃၀ |
| ၂၉။ | နီဝရဏ ဖယ်ရှင်း နိဗ္ဗာန်လင်း တရားတော် | ၂၃၈ |
| ၃၀။ | အချိန်နေရာလွတ်တာ မသေရာ တရားတော် | ၂၅၇ |
| ၃၁။ | နလုံးသွင်းမှန်ရန် တရားတော် | ၂၇၅ |
| ၃၂။ | ရာဂစသည့်ဆယ့်တစ်မီး ငြိမ်းပြီးထိုနိဗ္ဗာန် တရားတော် | ၂၉၂ |
| ၃၃။ | အာသဝေါပယ်ဖျောက် တရားတော် | ၃၁၀ |
| ၃၄။ | အထူးထူးအမျိုးမျိုးဖြစ်သော အခြင်းအရာ တရားတော် | ၃၂၃ |
| ၃၅။ | အရိပ်နိမိတ် တရားတော် | ၃၃၂ |


ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး
ဘဒ္ဒန္တကုဏ္ဍလာဘိဝံသမဟာထေရ် (အနိစ္စဆရာတော်) ၏
ဆုံးမဩဝါဒသံပေါက်လက်ာ

- ပုဂ္ဂိုလ်နှစ်ကောင် အယောင်ဆောင်၊ တစ်ကောင်ဒိဋ္ဌိ သူ့ကိုသိ၊ တရားရပြီမှတ်။
- အရိုးအသားယောက်ျား၊ ဒိဋ္ဌိယောက်ျား၊ ထိုနှစ်ပါး ခွဲခြားသိရမည်။
- အရိုးအသားမိန်းမ၊ ဒိဋ္ဌိမိန်းမ၊ ထိုနှစ်ဝ ခွဲခြားသိရမည်။

www.burmeseclassic.com

www.burmeseclassic.com

# (နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)[၃]

**အရဟံဂုဏ်တော်**

- ကိလေသာဟူ တွင်းရန်သူတို့ မပြုဝံ့ရှောင်း ဝေးတော်မူသော အကြောင်းကြောင့်လည်း **'အရဟံ-အရဟ'** မည်တော်မူ၏။

- သံသရာစက် ကန့်အကွက်ကို မဂ်လေးအောက်ထက် အမြောက်စက်ဖြင့် ဖျောက်ဖျက်နင်းချေ အတင်းမွေလျက် ရှင်းစေခါထွက် အလာပျက်အောင် နာနာနှက်တော်မူ ပြီးထသော အကြောင်းကြောင့်လည်း **'အရဟံ-အရဟ'** မည်တော်မူ၏။

- လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်သော အကြောင်းကြောင့်လည်း **'အရဟံ-အရဟ'** မည်တော်မူ၏။

- လောဘ ဒေါသ မောဟတည်းဟူသော ကိလေသာတို့ကို ညက်ညက်နုပ်နုပ် ခုတ်ထွင်ပယ်ရှားတော်မူပြီးသော အကြောင်းကြောင့်လည်း **'အရဟံ-အရဟ'** မည်တော်မူ၏။

- ပါပညစ်ကျုး မကောင်းမှုတို့ပြုဖို့နေရာ ဆိတ်ကွယ်ရာ မရှိတော်မူသော အကြောင်းကြောင့်လည်း **'အရဟံ-အရဟ'** မည်တော်မူ၏။

**သမ္မာသမ္ဗုဒ္ဓဂုဏ်တော်**

- အဘိညေယျ၊ ပရိညာနှင့် ပဟာတဗ္ဗ သစ္ဆိကဟု မဂ္ဂဘာဝနာ လေးသစ္စာကို ဆရာမဆို အလိုလိုလျှင် မင်ဖိုလ်နှိုင်းထောက်မဖောက်မပြန် ဇကန်သိတတ် ကြောင်းတစ်စပ်ကြောင့် **'သမ္မာသမ္ဗုဒ္ဓေါ - သမ္မာသမ္ဗုဒ္ဓ'** မည်တော်မူ၏။

- သင်္ခါရ၊ ဝိကာရ၊ လက္ခဏ၊ နိဗ္ဗာန်၊ ပညတ်တည်းဟူသော ငြေ ယျမံ တရားငါးပါးကို ဆရာမဆို အလိုလိုလျှင် မင်ဖိုလ်နှိုင်းထောက်မဖောက်မပြန် ဇကန်သိတတ် ကြောင်းတစ်စပ်ကြောင့် **'သမ္မာသမ္ဗုဒ္ဓေါ - သမ္မာသမ္ဗုဒ္ဓ'** မည်တော်မူ၏။

**ဘဂဝါဂုဏ်တော်**

- ဣဿရိယ ဓမ္မ ယသ၊ သိရီ ကာမ ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသောကြောင့် **'ဘဂဝါ-ဘဂဝါ'** မည်တော်မူ၏။

www.burmeseclassic.com

www.burmeseclassic.com

## ကျေးရှူးတော်ရှင် မဟာစည်ပဌာန ပဓာနနာယကဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဣန္ဒွောဘာသ မဟာထေရ် (အနိစ္စဆရာတော်) ၏ ဆုံးမဩဝါဒ သံပေါက်လင်္ကာများ

- **ယောစ ဗုဒ္ဓဉ္စ ဓမ္မဉ္စ သံဃဉ္စ သရဏံဂတော၊ စတ္တာရိ အရိယသစ္စာနိ သမ္မပ္ပညာယ ပဿတိ။**

  **ယောစ**-အကြင်သူသည်၊ **ဗုဒ္ဓဉ္စ ဓမ္မဉ္စ သံဃဉ္စ သရဏံဂတော** - ဘုရား တရား သံဃာကို ဆည်းကပ်၏၊ **စတ္တာရိ**-ထိုသူသည်လေးပါးသော၊ **အရိယသစ္စာနိ-** အရိယသစ္စာတရားကို၊ **သမ္မပ္ပညာယပဿတိ**-ဝိပဿနာ ပညာနှင့်မြင်၏။

- **ဗုဒ္ဓေါ သောဘဂဝါ ဗောဓနာယ ဓမ္မံဒေသေတိ၊**

  **မုတ္တော သောဘဂဝါ မောစနာယ ဓမ္မံဒေသေတိ၊**

  **တိဏ္ဏော သောဘဂဝါ တာရဏာယ ဓမ္မံဒေသေတိ။**

  ဗုဒ္ဓေါမြတ်စွာဘုရားသည် သစ္စာလေးပါးတရားကို သိတော်မူ၏၊ သံသရာမှ (ဝါ) ဒုက္ခသစ္စာမှ လွတ်မြောက်တော်မူ၏၊ သံသရာတစ်ဘက်ကမ်းကို ကူးမြောက်နိုင်ပါ၏၊ ထို့အတူ သတ္တဝါများကိုလည်းသိစေတော်မူ၏၊ လွတ်မြောက်စေတော်မူ၏၊ ကူးမြောက်စေတော်မူ၏။

### ဒုက္ခသစ္စာအနက်လေးချက်

**ပီဠနာ သင်္ခတဋ္ဌောစ၊ တပေါ ဝိပရိဏာမနာ၊ ဒုက္ခသစ္စံ စတုတ္တေဟိ၊ ဝိဘတ္တာဝိ မုနိံ နမေ။**

**ပီဠနာစ** - နှိပ်စက်ခြင်း အနက်လည်းကောင်း၊

**သင်္ခတဋ္ဌောစ** - ပြုပြင်ခံရခြင်း အနက်လည်းကောင်း၊

**သန္တာပေါစ** - ပူပန်ခြင်း အနက်လည်းကောင်း၊

**ဝိပရိဏာမောစ** - ဖောက်ပြန်ခြင်းအနက်လည်းကောင်း၊

**ဣတိ** - ဤသို့၊ **ဒုက္ခသစ္စံ -** ဒုက္ခသစ္စာကို၊ **စတုတ္တေဟိ** - လေးပါးသောအနက်တို့ဖြင့်၊ **ဝိဘတ္တာဝိ** - ဝေဖန်၍ ဟောကြားတော်မူသော၊ **ဗုဒ္ဓံ** - မြတ်စွာဘုရားကို၊ **နမေ နမာမိ** - ရှိခိုးပါ၏။

- သက်တော်ထင်ရှားဘုရားရှိသေးတယ်၊ အမှားနဲ့အမှန်၊ ဘုရားဆို 'ဉာဏ်'၊ အမှားကို အမှန်မလုပ်နဲ့၊ တရားဆို 'နာမ်ရုပ်'ကွဲ့၊ ဟန်မလုပ်နဲ့ ဟေ့၊ 'ကံ' ပြတ်အောင် ကြိုးစားကြ။

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပခုက္ကူဆရာတော်ဘုရားကြီး

# ဘဒ္ဒန္တ ကုန္ဒောဘာသ မဟာထေရ်
## (အနိစ္စဆရာတော်)

တောဝိန္ဒာရာမကျောင်းတိုက်

ကုက္ကိုင်းလမ်းဆုံ၊ ကမ္ဘာအေးဘုရားလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# ကျေးရှုးတော်ရှင် မဟာနုပဿနာ ပစ္စက္ကူဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဣန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်) ၏ ဆုံးမဩဝါဒ သံပေါက်လင်္ကာများ

- ဝိပါကဝဋ်ရှိအချင်းချင်း ဆက်သွယ်လျှင်း မယွင်းကိလေသဝဋ်ဖြစ်သတည်း။
  ကိလေသဝဋ်ရှိသာဖြစ်လေပါ ကမ္မဝဋ်ဟာဖြစ်သတည်း။
  ကမ္မဝဋ်ရှိသာဖြစ်လေပါ ဝိပါကဝဋ်ဟာဖြစ်သတည်း။
- ဝိပါကဝဋ်ရှိအချင်းချင်း အဆက်သွယ်ကင်း အလျှင်းကိလေသဝဋ်မဖြစ်သတည်း။
  ကိလေသဝဋ်ရှိသာမဖြစ်ပါ ကမ္မဝဋ်ဟာ မဖြစ်သတည်း။
  ကမ္မဝဋ်ရှိသာမဖြစ်ပါ ဝိပါကဝဋ်ဟာ မဖြစ်သတည်း။
- ဝိပါကဝဋ်ရှိသာ မဖြစ်ပါ သူဟာ အရိယာဖြစ်သတည်း။
  ဝဋ်ရှိသုံးပါးသာ သိလိုက်ပါ လွတ်မှာ သေချာသည်။
  သုံးပါးအထက် ပို၍စွက် လွတ်ရက်မရှိပြီ။
- မျက်စိက ဝိပါကာ၊ ဆဲချင်တာက ကိလေသာ၊ ဆဲလိုက်တာက ကမ္မာ။
- ဆဲချင်တာက ကိလေသာ၊ ဆဲလိုက်တာက ကမ္မာ၊ အရသာရှိတာက ဝိပါကာ။
- ဆဲချင်ရုံသာဆဲချင်ပါ၊ မဆဲလိုက်ပါနဲ့၊ အဝိဇ္ဇာကြောင့်သာ ဆဲချင်တာ၊ ဝိဇ္ဇာမဆဲချင်။
- ဝိပဿနာဆိုတာ ဘယ်လိုဟာ ဘယ်မှာရှု၍ဖြစ်သနည်း။
  အပြစ်ဖြစ်ရာ ကံသုံးဖြာ၊ သေချာရှု၍ သိသတည်း။
  သေချာလေးသာ ရှုလိုက်ပါ၊ အာသဝေါဟာကုန်သတည်း။
  အပြစ်တွေသာ မဖြစ်ပါ၊ သူဟာအရိယာဖြစ်သတည်း။
- သူတစ်ပါးအပြစ်ကိုသာ ရှုလေပါ အာသဝဟာဖြစ်သတည်း။
  ကဲ့ရဲ့၍သာနေလေပါ မှတ်ပါ အာသဝေါတိုးသတည်း။
- မရိုးသား မဖြူစင် ဤအမြင် ဤတွင် ပုထုဇဉ်ဖြစ်သတည်း။
  ရိုးသားဖြူစင် ဤအမြင် ဤတွင်အရိယာဖြစ်သတည်း။
  အရိယာသာဖြစ်လေပါ ရိုးသားဖြူစင်ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## " လူမရှိသောစိတ်၊ စိတ်မရှိသောလူ တရားတော် "

## " Mind without man, Man without mind "

**ဣမသ္မိံ သတိ ဣဒံ ဟောတိ၊ ဣမသ္မိံ အသတိ ဣဒံ နဟောတိ။**

**ဣမသ္မိံ** - ဤနာမ်ရုပ်သည်၊ **သတိ** - ရှိခဲ့သော်၊ **ဣဒံ** - ဤမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့သည်၊ **ဟောတိ** - ဖြစ်၏။

**ဣမသ္မိံ** - ဤနာမ်ရုပ်သည်၊ **အသတိ** - မရှိခဲ့သော်၊ **ဣဒံ** - ဤမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် တို့သည်၊ **နဟောတိ** - မဖြစ်။

### နာမ်ရုပ်ပဲရှိတယ်

**'နာမ်ရုပ်'** ရှိလျှင် မျက်စိတွေ နားတွေ ရှိတယ်၊ **'နာမ်ရုပ်'** မရှိလျှင် မျက်စိတွေ နားတွေလည်း မရှိဘူးဆိုတော့၊ ဒီမျက်စိတွေ နားတွေက ဘယ်မှာ ဖြစ်သလဲဆိုတော့၊ မျက်စိတွေ နားတွေက **'နာမ်ရုပ်'** မှာပဲဖြစ်တယ်။

ဒါဆို ခင်ဗျားတို့မှာလည်း မျက်စိတွေ နားတွေ မရှိဘူးလား၊ ရှိတယ်ဆိုလျှင် လူတွေမှာ လဲရှိတယ်၊ မြို့ထဲမှာရော မျက်စိတွေ နားတွေ မရှိဘူးလား၊ သူတို့ရော ဘာတွေလဲ **'နာမ်ရုပ်တွေ'**ပဲ မဟုတ်လား၊ တောထဲမှာလည်း မျက်စိတွေ နားတွေ မရှိဘူးလား၊ သူတို့ရော ဘာတွေလဲ **'နာမ်ရုပ်တွေ'**ပဲ မဟုတ်လား၊ ဒီလိုဆို လူတွေမှာ မျက်စိတွေ နားတွေ ရှိသလား။

### လူမရှိသောစိတ်၊ စိတ်မရှိသောလူ

လူတွေမှာ မျက်စိတွေ နားတွေရှိတယ်ဆိုလျှင် **'လူတွေ'** မှာလည်းရှိတယ်၊ **'နာမ်ရုပ်'** မှာလည်း ရှိတယ်ဆိုတော့ နှစ်ခု ဖြစ်နေမှာပေါ့၊ ဒီနေရာ တရားရဖို့အတွက် အဓိက (Main)ပဲ၊ ဒါ Ph.D ဘွဲ့ရတော့မှာ **'လူတွေ'** မှာ မျက်စိတွေ နားတွေမရှိပါဘူး၊ ဒီတော့ **'လူတွေ'** ရော ရှိသလား မရှိဘူးနော်။

ကဲ ဆိုကြည့်စမ်း **'လူမရှိသောစိတ်'** ဘယ့်နှယ်နေသလဲ ငြိမ်းအေးနေမှာပေါ့၊ **'စိတ်မရှိသောလူ'** အဓိပ္ပါယ်က နင့်နှယ်ဟယ် စိတ်မရှိတဲ့လူလိုပဲ ဆဲမနာ ဆိုမနာ၊ ဆဲလျှင် လည်း **'လူ'** မရှိတော့ **'နား'**ဆဲတာပဲဖြစ်ရမယ်၊ ကဲ့ရဲ့လျှင်လည်း နားပဲ ကဲ့ရဲ့တယ်လို့မှတ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမဟုတ်ဘဲ **'ငါ'** ကိုကဲ့ရဲ့တယ်ဆိုလျှင် နာတာတွေ ခံပြင်းတာတွေ ဖြစ်တယ်၊ **'လူ'** မရှိတော့ **'ငါ'** လည်း မရှိတော့ဘဲ စိတ်ဆိုးစရာ အကြောင်းလည်း မရှိတော့ဘူးနော်။

**မျက်စိမြင်တဲ့ ရူပါရုံ လူ့ပုံမမှတ်ရ၊ မျက်စိကမြင် မနှိုင်းယှဉ် ဤတွင် တရားရ။**

ဘယ်သူကမြင်တာတုံး- 'မျက်စိ' က မြင်တာနော်၊ ဘယ်သူ့မျက်စိတုံး- **'နာမ်ရုပ်ရဲ့မျက်စိ'**၊ ဒီတော့ I See မလုပ်ရဘူး၊ The eye sees လို့ပဲဆိုရမယ်၊ 'မျက်စိ'က မြင်တာ 'ရူပါရုံ' ပဲ (ဝါ) 'အဆင်း'ပဲ။

ရှေးလူတွေ ပြောခဲ့တဲ့ - သူ၊ ငါ၊ ယောက်ျား၊ မိန်းမ၊ ကြက်၊ ငှက်၊ ခွေး၊ ကြောင်စတဲ့ ပုံတွေလို့ မမှတ်နဲ့၊ 'မျက်စိ' ကမြင်တဲ့အခါမှာ အထက်ကပြောသလို ချဲ့ထွင် နှိုင်းယှဉ်မပြုဘဲ ဒါ 'ရူပါရုံ' (ဝါ) 'အဆင်း' ပဲလို့ အမှန်အတိုင်း မြင်နိုင်ရင် ဒါတရားရတာပဲ။

**နားကကြားတဲ့ သဒ္ဒါရုံ လူ့ပုံမမှတ်ရ၊ နားကကြားလျှင် မနှိုင်းယှဉ် ဤတွင်တရားရ။**

ဘယ်သူကကြားတာတုံး- 'နား' ကကြားတာနော်၊ ဘယ်သူ့နားတုံး- **'နာမ်ရုပ်ရဲ့နား'**နော်၊ ဒါဆို I hear မလုပ်ရဘူး၊ The ear hears လို့ပဲဆိုရမယ်၊ ကြားတာက 'အသံ' ပဲ။

ရှေးက လူတွေ ပြောခဲ့တဲ့ လူသံ၊ ယောက်ျားသံ၊ မိန်းမသံ၊ ကြက်သံ၊ ငှက်သံ၊ ခွေးသံ၊ ကြောင်သံ စတဲ့ အသံတွေလို့ မမှတ်နဲ့၊ 'နား' ကကြားတဲ့အခါမှာလည်း အထက်ကပြောသလို ချဲ့ထွင် နှိုင်းယှဉ် မပြုဘဲ ဒါ 'အသံ' ပဲလို့ အမှန်အတိုင်းမြင်နိုင်ရင် ဒါတရားရတာပဲ။

**နှာခေါင်းကနံတဲ့ ဂန္ဓာရုံ လူ့ပုံမမှတ်ရ၊ နှာခေါင်းကနံလျှင် မနှိုင်းယှဉ် ဤတွင်တရားရ။**

ဘယ်သူကနံတာတုံး-'နှာခေါင်း' ကနံတာနော်။ ဘယ်သူ့နှာခေါင်းတုံး- **'နာမ်ရုပ်ရဲ့နှာခေါင်း'**၊ ဒါဆို I get the smell မလုပ်ရဘူး၊ The nose gets the smell လို့ပဲ ဆိုရမယ်၊ နံတာက အနံ့ပဲ။

ရှေးကလူတွေပြောခဲ့တဲ့ ပန်းနံ့၊ ရေမွှေးနံ့၊ ငါးညှီနံ့၊ ဘာနံ့၊ ညာနံ့ စတဲ့ အနံ့တွေလို့ မမှတ်နဲ့၊ နံတဲ့အခါမှာလည်း အထက်ကပြောသလို ချဲ့ထွင်နှိုင်းယှဉ်မပြုဘဲ ဒါ 'အနံ့' ပဲလို့ အမှန်အတိုင်း မြင်နိုင်ရင် ဒါတရားရတာပဲ။

**လျှာက စားတဲ့ ရသာရုံ လူ့ပုံမမှတ်ရ၊ လျှာက စားလျှင် မနှိုင်းယှဉ် ဤတွင်တရားရ။**

ဘယ်သူက စားတာတုံး၊ အရသာကို 'လျှာ' ကသိမှုကြောင့် 'လျှာ' က စားတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုနော်၊ ဘယ်သူ့ လျှာတုံး - **'နာမ်ရုပ်ရဲ့လျှာ'**၊ I taste မလုပ်ရဘူး၊ The tongue tastes လို့ပဲဆိုရမယ်၊ 'လျှာ' က ခံစားတာက 'အရသာ' ပဲ။ ရှေးကလူတွေပြောခဲ့တဲ့ ချိုတာ၊ ချဉ်တာ၊ စပ်တာ၊ ခါးတာ၊ ငန်တာ စတဲ့ အရသာတွေလို့ မမှတ်နဲ့၊ စားတဲ့အခါမှာလည်း အထက်ကပြောသလို ချဲ့ထွင်နှိုင်းယှဉ်မပြုဘဲ ဒါ 'ရသာရုံ' ပဲလို့ အမှန်အတိုင်း မြင်နိုင်ရင် ဒါတရားရတာပဲ။

**ကိုယ်ကထိတုံ ဖောဋ္ဌဗ္ဗာရုံ လူ့ပုံမမှတ်ရ၊ ကိုယ်ကထိလျှင် မနှိုင်းယှဉ် ဤတွင်တရားရ။**

ဘယ်သူကထိတာတုံး 'ကိုယ်' ကထိတာနော်၊ ဘယ်သူ့ကိုယ်တုံး - **'နာမ်ရုပ်ရဲ့ကိုယ်'**၊ ဒါဆို I touch မလုပ်ရဘူး၊ The body touches လို့ပဲဆိုရမယ်။

'ထိတွေ့' တာက 'ကိုယ်' နဲ့ပဲဆိုတော့ ရှေးကလူတွေပြောခဲ့တဲ့ 'ငါ' ကထိတယ်၊ 'ငါ' က ကိုင်တယ်၊ 'ငါ့' ကိုထိတယ်၊ 'ငါ့' ကို ကိုင်တယ်လို့ မမှတ်နဲ့၊ ထိတွေ့တဲ့အခါမှာလည်း အထက်က ပြောသလို ချဲ့ထွင်နှိုင်းယှဉ်မပြုဘဲ ဒါ 'ဖောဋ္ဌဗ္ဗာရုံ'ပဲ လို့ အမှန်အတိုင်း မြင်နိုင်ရင် ဒါတရားရတာပဲ။

**စိတ်ကကြံတုံ ဓမ္မာရုံ လူ့ပုံမမှတ်ရ၊ စိတ်ကကြံလျှင် မနှိုင်းယှဉ် ဤတွင် တရားရ။**

ဘယ်သူကကြံတာတုံး 'စိတ်' ကကြံတာနော်၊ ဘယ်သူ့ စိတ်တုံး - **'နာမ်ရုပ်ရဲ့ စိတ်'**၊ အဲဒီ 'စိတ်' က ဘာကိုကြံတာလဲဆိုတော့ 'ဓမ္မာရုံ' ကိုပဲကြံရမှာ၊ ဒါကြောင့် I think မလုပ်ရဘူး၊ The mind thinks လို့ပဲ ဆိုရမယ်။

'ကြံတာ' က 'စိတ်' နဲ့ပဲဆိုတော့ ရှေးကလူတွေ ပြောခဲ့တဲ့ 'ငါ' ကြံတယ်၊ 'ငါ' တွေးတယ် ဆိုပြီး ကိုယ့်အကြောင်း၊ သူ့အကြောင်း၊ ဟိုအကြောင်း၊ ဒီအကြောင်း၊ တောင်ကြံ၊ မြောက်ကြံ၊ ဟိုတွေး၊ ဒီတွေး မလုပ်နဲ့၊ ကြံစည်တဲ့အခါမှာလည်း အထက်ကပြောသလို ချဲ့ထွင်နှိုင်းယှဉ်မပြုဘဲ 'ဓမ္မာရုံ' လို့သာ အမှန်အတိုင်းမြင်အောင် ကြည့်နိုင်ရင် ဒါတရားရတာပဲ။

ကဲ ----တော်ကြပြီးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " အာသဝပြတ်လျှင် နိဗ္ဗာန်မြင်တရားတော် "

ပခုက္ကူဆရာတော်ဘုရားကြီးကိုယ်တိုင် (၁၈. ၂. ၂၀၀၆)၊ စနေနေ့၊ ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ ကျီတော်ဓမ္မာရုံ၌ ကလျာဏီသာသနာပြုအသင်းကြီးမှ ကျင်းပသော အာစရိယပူဇော်ပွဲတွင် ဟောကြားသောတရားတော်ဖြစ်သည်။

## သိတာက မဇ္ဈိမပဋိပဒါ ကျတယ်

သိတာက'နာမ်'၊ ကဲ သိ သိ သိ သိနဲ့ဆို ဆိုနေရတယ်နော်၊ သိတာထက်မပိုဘူးဆိုလို့ ရှိရင် အဲဒီ သိတာက **'မဇ္ဈိမပဋိပဒါ'** ကျတယ်၊ သိတာက ဟိုဘက် လောဘဘက်ပို သွားတယ်၊ ဒေါသဘက်ရောက်သွားတယ်ဆိုရင် သိတာက **'မဇ္ဈိမပဋိပဒါ'** မကျဘူး၊ ဟော သိတာက **'မဇ္ဈိမပဋိပဒါ'** ကျအောင် ဟိုဘက်လည်းမရောက် ဒီဘက်လည်းမရောက် အလယ်ခေါင်သိတာ လေးတင်နေရတယ်၊ အလယ်ခေါင် သိတာလေးတင်နေရတော့ အဲဒါ သိ သိ သိ အဲလို ဆိုရတယ်၊ အဲဒီလိုသိတာကို **'မဇ္ဈိမပဋိပဒါ တထာဂတေန'**၊ အဲဒါ **'သမ္မာဒိဋ္ဌိ'** နဲ့ သိတဲ့ဟာမျိုး၊ သူ့ဟာသိတဲ့ဟာက အင်း ထိုင်တာမဖြစ်ခင် **'သိတာ'** ရှိတယ်၊ မျက်စိနဲ့မမြင်၊ နားနဲ့မကြားခင် ထိုင်တဲ့ဟာမှာ **'နာမ်ရုပ်'**၊ အဲ နာမ်နဲ့ရုပ်မဖြစ်ခင် **'သိတာ'** ဖြစ်တယ်၊ အဲဒါ **'သိတာ'** မဖြစ်ခင်က **'မသိတာ'** ဖြစ်တယ်၊ အဲဒါ **'ဧည့်သည်နာမ်'**။

အဲ **'မသိတာ'** ဖြစ်တော့ ဟော **'မသိတသိလေး'** ဖြစ်တာက ဟိုအိပ်မက် မက်သလိုမျိုး ဖြစ်တယ်၊ အဲ **'မသိတသိလေး'**၊ အဲ သိတဲ့အခါကျတော့မှ အဲဒါ **'ဝိပါက်စိတ်'** ဖြစ်တယ်၊ အဲဒီ **'ဝိပါက်စိတ်'** က ဟို လုပ်ထားတဲ့ ရေလေးလို တည်ငြိမ်နေတဲ့အချိန်မှာ အဲဒါ **'ဝိပါက်စိတ်'** လို့ ခေါ်တယ်၊ အဲဒီ **'ဝိပါက်စိတ်'** ပြီးမှ တစ်ခါတည်း အဲဒီ **'သိတာ'**၊ အဲဒါက ထိုင်တာ **'နာမ်ရုပ်'** မဖြစ်ခင် အဲဒီ **'သိတာ'** ဖြစ်တယ်၊ အဲလိုမှတ် နာမ်ရုပ်မဖြစ်ခင်သိတာက အဲဒီ **'သိတာက နာမ်'** ဆိုစမ်း (သိတာကနာမ်)၊ **'မသိတာက ရုပ်'** (မသိတာက ရုပ်)၊ အဲ အဲလို ထိုင်တာကြီးတွေ သွားတာကြီးတွေ လာတာကြီးတွေ လက်က အဲလိုလှုပ်တာကြီးတွေ။

## သိတာက နာမ်၊ ထိုင်တာက ရုပ်၊ နာမ်ရုပ်

လက်က အထဲလှုပ်တာတွေက မသိဘူး၊ ဟော သိတဲ့ဟာတွေက ရှိတယ်၊ အင်း သိတာတွေက **'နာမ်'** တဲ့၊ အဲဒါ **'နာမ်ရုပ်'၊ 'ဣမသ္မိံ-** ဤနာမ်ရုပ်သည်'၊ ဟော **'နာမ်'** ဆိုရင်သိ၏၊

www.burmeseclassic.com

www.burmeseclassic.com



သိ သိလေး ဟိုဟာ ဒီဟာတွေ လျှောက်သိတာမဟုတ်ဘူး၊ သိတာက **'နာမ်'** ဆိုရင် သိတာက **'သိတယ် သိတယ်'**လို့ အဲလိုဆိုရတယ်၊ ဒါမှကို သတိထားရတယ်၊ ဒါမှကို **'သတော၀-** သတိရှိသည်ဖြစ်၍သာလျှင်' သတိနဲ့ သိရတယ်။

**'သိတာက နာမ်၊ ထိုင်တာက ရုပ်၊ နာမ်ရုပ်'** ။

**ဣမသ္မိံ -** ဤနာမ်ရုပ်သည်၊ **သတိ** - ရှိခဲ့သော်၊ **ဣဒံ -** ဤမျက်စိ၊ နား၊ လျှာ၊ ကိုယ်၊ စိတ်တို့သည်၊ **ဟောတိ -** ဖြစ်၏။

**ဣမသ္မိံ -** ဤနာမ်ရုပ်သည်၊ **အသတိ -** မရှိခဲ့သော်၊ **ဣဒံ -** ဤမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့သည်၊ **နဟောတိ -** မဖြစ်။

အင်း မျက်စိတွေ နားတွေဖြစ်မှ၊ မျက်စိတွေ နားတွေ ဘယ်ကဖြစ်တုံးဆိုတော့ **'နာမ်ရုပ်'** က ဖြစ်လာတယ်တဲ့၊ **'နာမ်ရှိတဲ့ရုပ်'၊ 'နာမ်မရှိတဲ့ရုပ်'** အဲလိုခွဲရတယ်၊ ဆိုစမ်း (နာမ်ရှိတဲ့ရုပ်၊ နာမ်မရှိတဲ့ရုပ်)၊ အဲ ဒီလိုကုလားထိုင်တွေ ဘာတွေက **'နာမ်မရှိတဲ့ရုပ်'**က မျက်စိတွေ နားတွေ ဖြစ်မလာဘူး၊ **'နာမ်ရှိတဲ့ရုပ်'** က မျက်စိတွေဘာတွေ ဖြစ်လာတယ်လို့ အဲလို နာမ်နဲ့ ရုပ်ကို ခွဲရတယ်၊ အင်း **'ဣမသ္မိံ -** ဤနာမ်ရုပ်သည်၊ **သတိ-**ရှိခဲ့သော်' အဲ အဲဒီလို နာမ်ရုပ်ရှိတဲ့ လူတွေ ဘာတွေ မဟုတ်ဘူးတဲ့၊ အဲဒီ **'နာမ်ရုပ်'** ကလည်း ဘာကြောင့်ဖြစ်တုံးဆိုတော့ **'ဇီဝိတရုပ်'** တွေရှိလို့။

**'ဣမသ္မိံ-** ဤနာမ်ရုပ်သည်၊ **သတိ-** ရှိခဲ့သော်၊ **ဣဒံ-** ဤမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့သည်၊ **ဟောတိ-** ဖြစ်၏'။

အဲ မျက်စိတွေ မြင်တယ်၊ နားတွေ ကြားတယ်ဆိုတာက အဲဒီ **'နာမ်ရုပ်တွေ'** ဖြစ်ပြီးမှ မျက်စိတွေ နားတွေဖြစ်တယ်တဲ့၊ အဲ ကြားတယ်ဆိုတာပြီးတော့မှ အဲဒီ **'နာမ်ရုပ်တွေ'** မဖြစ်ဘူးတဲ့၊ အင်း **'နာမ်ရုပ်တွေ'** ဖြစ်ပြီးမှ မျက်စိမြင်တာသာ ဖြစ်တယ်တဲ့၊ မြင်တယ်ဆိုတာ ပြီးတော့မှ 'နာမ်ရုပ်' မဖြစ်တော့ဘူးလို့ အဲလို မှတ်ရတယ်၊ ရှေ့နဲ့နောက်ကို အဲလိုမှတ်ထား။

**'ဣမသ္မိံ -** ဤနာမ်ရုပ်သည်၊ **အသတိ -** မရှိခဲ့သော်၊ **ဣဒံ-** ဤ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့သည်၊ **နဟောတိ-** မဖြစ်' ။

အဲ ရှေ့က **'နာမ်ရုပ်တွေ'** ဖြစ်လို့ရှိရင် မျက်စိတွေ နားတွေ မကြားဘူးတဲ့၊ **'နာမ်ရုပ်'** မဖြစ်မှ ကြားတယ်တဲ့၊ **' အနန္တရ နိရုဒ္ဓါ '** ခေါ်တယ်၊ **'အခြားမဲ့ချုပ်ကုန်ပြီးသော'**၊ ဟော ချုပ်ကုန်ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ကြားတာကို အဲဒါ **'သန္တတိ'** ခေါ်တယ်၊ အင်း မျက်စိတွေ နားတွေ ဘယ်မှာ ဖြစ်တုံး (နာမ်ရုပ်မှာ ဖြစ်ပါတယ်ဘုရား)၊ **'မျက်စိ'** က တခြား၊ **'နာမ်ရုပ်'** က တခြားနော် (မှန်ပါဘုရား)၊ သိချင်တယ် သိချင်တယ်ဆိုပြီးမှ သိတာပဲ၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။

အဲ သိချင်တယ် သိချင်တယ်ဆိုတာတွေက **'နာမ်'** ခေါ်တယ်၊ အဲဒါတွေလည်း သိပေးရတယ်၊ မျက်စိတွေ နားတွေ ဘယ်မှာဖြစ်တုံး (နာမ်ရုပ်မှာဖြစ်ပါတယ်ဘုရား)၊ မျက်စိတွေ နားတွေမြင်ရင် ဘာတွေလို့ သိရမှာတုံး (နာမ်ရုပ်လို့သိရပါမယ်ဘုရား)၊ **'နာမ်ရုပ်တွေ'**ဆိုတာ လူတွေမဟုတ်ဘူး လို့ဆိုလိုတာနော်၊ ယောကျ်ားတွေ မိန်းမတွေ မဟုတ်ဘူး၊ အဲလိုဆိုလိုတာ။

**သတ္တဝါပျောက်မှ နိဗ္ဗာန်ရောက်မှာ**

ယောကျ်ားတွေ မိန်းမတွေမဟုတ်မှ၊ သတ္တဝါမဟုတ်မှ၊ သတ္တဝါပျောက်မှ နိဗ္ဗာန်ရောက်မှာ၊ ဟုတ်ကဲ့လား၊ သတ္တဝါမပျောက်ရင် သတ္တဝါတွေခံနေရတော့ **'ဒိဋ္ဌိ'** ဆိုတော့ **'ငါ'** ဖြစ်သွားတယ်၊ လူတွေရှိရင် **'ငါ'** ဖြစ်သွားတယ်၊ **'ငါ'** ဆိုတာက I ပေါ့၊ **'လူတွေက'** You ပေါ့၊ I, You အဲဒီဟာတွေ ပျောက်အောင်လုပ်ရတယ်နော် (မှန်ပါ့ဘုရား)၊ I, You ကို စွန့်ရတယ်၊ အင်း မျက်စိတွေ နားတွေ ရှိလို့ရှိရင် ဘာတွေလို့သိရမတုံး (နာမ်ရုပ်လို့သိရပါမယ်ဘုရား)၊ အဲဒါ အင်း **'သစ္စာတော နာမရူပံ'** ဆိုတော့ **'သစ္စာ'** ကို **'နာမ်ရုပ်'** ကသာလျှင် သိတယ်လို့။

**'နာမ်ရုပ် - နာမ်ရုပ်'** အဲလိုလေးဆို ဆိုနေရတယ်၊ ဒါမှ 'လူတွေ'က ပျောက် ပျောက်သွားတယ်၊ **'လူတွေ'** ပျောက်သွားရင် အဲဒီ **'နာမ်ရုပ်- နာမ်ရုပ်'** လို့ဆိုနေရင်း မတ်တတ် **'လူတွေ'** ကို စိတ်မရောက်ဘူးဆိုရင် အဲဒါ **'ဒိဋ္ဌိ'** မကပ်ဘဲနေတာ၊ ဒါကြောင့် **'နာမ်ရုပ်- နာမ်ရုပ်'** လို့ ဆိုပေးရတယ်၊ မြို့ထဲက လူတွေမှာ မျက်စိတွေ နားတွေမရှိဘူးလား (ရှိပါတယ်ဘုရား)၊ သူတို့လည်း ဘာတွေတုံး (နာမ်ရုပ်တွေပါဘုရား)၊ အင်း **'နာမ်ရုပ်'**၊ တောထဲက ကျားတွေ ဆင်တွေကော (နာမ်ရုပ်ပါဘုရား)။

**နာမ်ရုပ်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပဲ**

အဲဒီ **'နာမ်ရုပ်'** လို့သိရတာ ဘယ်မှာသွားအရေးကြီးတုံးဆိုတော့ ကျားကိုက်တာတို့ ဒူးရိုက်ချိုးလို့ ကျိုးပဲ့နာတာတွေကို **'ဝေဒနာ'**၊ **'ဝေဒနာ'** ကိုခွာ၍လို့ဆိုတော့ ခွာတဲ့နေရာမှာ **'နာမ်ရုပ်'** ရောက်မှ ဝေဒနာခွာပြီးသားဖြစ်သွားတယ်၊ ဝေဒနာကို နှလုံးသွင်းတော့ **'နာမ်ရုပ်'** ဆိုတာလည်း ဟော အနိစ္စ ဒုက္ခ အနတ္တပဲလို့ **'နာမ်ရုပ်'** ရောက်မှ ဝိပဿနာလို့ဆိုသလိုပဲ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဝေဒနာကိုရောက်နေရင် ဝေဒနာပြီးတော့ **'တဏှာ'** သွားပြီးတော့ ဝင်တတ်တယ်၊ အဲဒါ **'ဝေဒနာ'** ကနေ **'တဏှာ'** သွားဖြစ်တတ်တယ်၊ **'နာမ်ရုပ်'** လို့ဆိုလိုက်လို့ရှိရင် အဲဒီ **'ဝေဒနာ'**ဟာ **'တဏှာ'** မဖြစ်တော့ဘူးလို့ အဲလိုမှတ်ထား၊ အဲလိုကူးရမယ်၊ အဲလိုမှတ်ထား။

တောထဲက ခွေးတွေ ကြက်တွေရော မျက်စိတွေ နားတွေမရှိဘူးလား(ရှိပါတယ်ဘုရား)၊ သူတို့လည်း ဘာတွေတုံး (နာမ်ရုပ်တွေပါဘုရား)၊ အေး **'နာမ်ရုပ်'** ကိုက်တယ်ဆိုရင် မနာဘူး၊ ခွေးကိုက်တယ်ဆိုရင် နာတယ်၊ အဲလို **'ပညတ်'** ကို အဲလို ဖျောက်ရမယ်၊ **'နာမ်ရုပ်- နာမ်ရုပ်'**ဆိုဟော ဖျားရင်လည်း **'နာမ်ရုပ်'**၊ အဲ **'နာမ်ရုပ်'**၊ အဲလိုပဲဆို **'ဝေဒနာ'** မရောက်ဘဲ အနိစ္စ ဒုက္ခ ရောက်သွားလို့ရှိရင် အဲဒီ **'ဝေဒနာ'** မရှိတော့ အဲဒီဟာတင် **'နာမ်ရုပ်'** က ချုပ်သွားတယ်၊ အဲလိုမှတ်ထား၊ **'ဝေဒနာ'** ဆိုတာက ဝေဒနာကြီးနာနေတော့ တဏှာနဲ့ ဆိုတော့ ပူးနေတော့ ချုပ်ခဲတယ်၊ **'နာမ်ရုပ်'** နဲ့ဆိုတော့ **'နာမ်ရုပ်'** ကချုပ်လည်း နိဗ္ဗာန်ရောက်တာပဲ၊ **'တဏှာ'** ချုပ်လည်း နိဗ္ဗာန်ရောက်တာပဲ၊ အဲဒီတော့ **'နာမ်ရုပ်'**က ချုပ်လွယ်တယ်၊ ဝေဒနာဆိုတော့ တဏှာနဲ့နီးလို့ အဲဒါကို ဂရုစိုက်ရတယ်။

**'လူတွေ'**မှာ မျက်စိတွေ နားတွေရှိသလား (ရှိပါတယ်ဘုရား)၊ အဲ ပြန်ပြော **'နာမ်ရုပ်'**မှာ မျက်စိတွေ နားတွေရှိတယ်ဆိုရင် လူရော မျက်စိ၊ နားရှိတယ်ဆိုတော့ မျက်စိ၊ နားရှိတာ နှစ်ခုဖြစ်နေမှာပေ့ါ၊ တစ်ခုတည်းရှိမှ ဖြစ်မှာ၊ နှစ်ခုရှိလို့ မဖြစ်ဘူး၊ **'လူတွေ'**မှာ မျက်စိတွေ နားတွေ ရှိသလား (ရှိပါတယ်ဘုရား)၊ အဲ ပြန်ပြော (မရှိပါဘူးဘုရား)၊ အဲ အဲဒါလေးပဲ အရေးကြီးတာက အဲဒါလေးပဲ၊ လူတွေ လူတွေ ပြောပြီးပြီ။

တောထဲမှာလည်း ကျားတွေ ဆင်တွေမရှိမှ၊ မျက်စိတွေ နားတွေရှိတော့ ကျားတွေက လည်းရှိတယ်၊ ကျားကိုက်တယ်ဆိုရင် ကျားကိုက်တဲ့ ရဟန်းကြီးက ကျားကိုက်တယ်လို့ ဆိုလိုက်လို့ရှိရင် သူဟာ **'တဏှာ'** ဖြစ်သွားတယ်၊ **'သက္ကာယ'** ဖြစ်သွားတယ်၊ ကျားကိုက်တာ မဟုတ်ဘူး၊ ကျားမဟုတ်ဘူး၊ **'ရုပ်နာမ်ကြီး'**က ကိုက်တယ်လို့ ပြောလို့ရှိရင် သူမနာတော့ဘူး၊ ကြောက်လည်း မကြောက်ဘူး၊ ကျားကြီးလည်း မကြောက်တော့ဘူး။

အခုတော့ ကျားကိုက်တယ်ဆိုရင် ကြောက်တယ်၊ ကြောက်လို့ရှိရင် **'ဒေါသ'** ဖြစ်သွားရင် နိဗ္ဗာန်မရောက်တော့ဘူး၊ တောထဲလည်း တရားလည်း အားထုတ်ရသေးတယ်၊ နိဗ္ဗာန်လည်း မရောက်ဘူးဆိုရင် ဘယ်ကောင်းပါ့မတုံး၊ တောထဲမှာ မျက်စိတွေ နားတွေမရှိဘူးလား (ရှိပါ တယ်ဘုရား)၊ သူတို့လည်း ဘာတွေတုံး (နာမ်ရုပ်တွေပါဘုရား)၊ အဲ တောထဲမှာတော့ **'နာမ်ရုပ်'**

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမှတော့ ဒီမြို့ထဲက လူတွေမှာရော မျက်စိတွေ နားတွေရှိသလား (မရှိပါဘုရား)၊ အဲဒါ သေချာမှတ်နော်၊ တရားနာတယ်ဆိုတာ သေချာမှ သေချာတယ်၊ သို့မှို့လို့ရှိရင် မသေချာ သေးဘူး၊ ပြန်ပြန် ဂရုစိုက်နော်။

**'နာမ်ရုပ်'** ရှိလို့သာလျှင်တဲ့ မျက်စိ၊ နားတွေရှိတယ်တဲ့၊ **'နာမ်ရုပ်'** မရှိလို့ရှိရင်တဲ့ မျက်စိ၊ နားတွေမရှိဘူးတဲ့၊ အဲဒါ မူတည်ထားတာ၊ ဟို ပဋိစ္စသမုပ္ပါဒ်ထဲမှာလည်း **'နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ'** လို့ ဒီလိုပါတယ်၊ ဟိုဟာ ပဋ္ဌာန်းကလည်း **'အာရမ္မဏပစ္စယာ'၊ 'မျက်စိမြင်တုံ ရူပါရုံ'** နဲ့ ဆိုတာကလည်း ပဋ္ဌာန်းကလည်း လူတွေမပါဘူး၊ သတ္တဝါ မပါဘူး၊ ပဋိစ္စသမုပ္ပါဒ်ကလည်း သတ္တဝါ မပါတော့ အကုန်လုံး **'နာမ်ရုပ်'** ချည်းပဲ ဖြစ်နေတာဆိုတော့၊ အကုန်လုံး **'နာမ်ရုပ်'** ချည်းပဲ ဖြစ်ရမှာပေါ့၊ **'လူ'**ဆိုတာ မရှိတော့ဘူး၊ ခွေးဆိုတာလည်းမရှိ၊ ကျွဲဆိုတာလည်း မရှိ၊ **'သတ္တဝါတွေ'** မရှိတော့ဘူး။

**သဘာဝရောက်မှ နိဗ္ဗာန်ရောက်တယ်**

**'သဘာဝ'** တဲ့၊ **'သဘာဝ'** သာလျှင် ရောက်သွားတယ်တဲ့၊ အဲဒီ **'လူတွေ'** မရှိတော့ **'သဘာဝ'** သာလျှင်ရောက်မှ နိဗ္ဗာန်ရောက်တယ်တဲ့၊ **'သဘာဝ'** ဆိုတာ အဝိဇ္ဇာ မဖုံးတဲ့ဟာကို သဘာဝလို့ ခေါ်တယ်၊ အဲဒီ **'သဘာဝ'** ရောက်မှ ဒုက္ခသစ္စာရောက်တယ်၊ **'ဒုက္ခသစ္စာ'** ရောက်မှ မလိုချင်တဲ့ဟာ ဖြစ်သွားတယ်၊ **'လူတွေ'** ဆိုတော့ လိုချင်တဲ့ဟာတွေ ဖြစ်သွားတယ်၊ မျက်စိတွေရှိတယ်ဆိုရင်လည်း လိုချင်တဲ့ဟာတွေ ဖြစ်သွားတယ်၊ **'လူတွေ'**မှာ မျက်စိတွေ နားတွေ ရှိသလား (မရှိပါဘူးဘုရား)၊ အဲ အဲဒါဆိုရတယ်၊ အဲဒါကို **'ပဋိစ္စသမုပ္ပါဒ်'** ထဲလည်းရှာ၊ **'ပဋ္ဌာန်း'** ထဲလည်းရှာ၊ ဘယ်ထဲမှာ **'လူတွေ'** ရှိတုံး၊ လူတွေရှိရင် နတ်တွေရှိတယ်၊ နတ်တွေရှိရင် နတ်ဖြစ်ချင်တယ်၊ ဗြဟ္မာရှိရင် ဗြဟ္မာလည်းဖြစ်ချင်တယ်ဆိုတော့ လူတွေမရှိဘူး **'နာမ်ရုပ်'** ပဲရှိတယ်၊ **'နာမ်ရုပ်'** ကျတော့ နာမ်ရုပ်ကမှ ချုပ်မှာကိုး။

**'နာမ်ရုပ်'** ကတောင်မှ **'ဖဿ'** ပြီးရင် ဝေဒနာ၊ **'ဝေဒနာ'** ပြီးတော့ တဏှာနဲ့နီးတော့ **'နာမ်ရုပ်'** က ချုပ်လွယ်တယ်၊ **'ဝေဒနာ'** က နာနေတာနဲ့ အော်နေတာနဲ့ သူမချုပ်နိုင်ဘူး၊ အဲဒီတော့ ဝေဒနာကို ဂရုမစိုက်ရဘူး၊ ဝေဒနာကို ကျော်လွှန်ရတယ်ဆိုတာ **'နာမ်ရုပ်'** ကိုရောက်နေမှ။

**လူတွေမှာ မျက်စိတွေ နားတွေရှိသလား** (မရှိပါဘူးဘုရား)။

**လူတွေကောရှိသလား** (မရှိပါဘူးဘုရား)။

**'လူတွေ'**ကကို စေတသိက်ဉာဏ်ထဲမှာ မရှိရတော့ဘူးတဲ့၊ အဲလို မှတ်ထားနော်၊ **'လူတွေ'**

www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးတဲ့၊ ဟော အာရုံပြုကြည့်လိုက်၊ **'လူတွေ'**မရှိဘူး။

## လူတွေမရှိတဲ့ အယူက သမ္မာ အယူ

**'လူတွေ'**မရှိဘူးလို့ အဲလို အာရုံပြုကြည့်လိုက်၊ **'လူတွေ'** ရှိတဲ့အခါကျတော့ **'လောဘ ဒိဋ္ဌိ မောဟ'** ဆိုတာရှိတယ်၊ လူတွေရှိရင် လောဘရယ် ဒိဋ္ဌိရယ် မောဟ ရယ်ရှိတယ်၊ အဲဒီ လောဘ ဒိဋ္ဌိ မောဟက **'အာသဝေါတရား'** ခေါ်တယ်၊ အဲဒီ **'အာသဝေါ တရား'** ရှိလို့ရှိရင် လူတွေရှိတယ်၊ လူတွေရှိရင် ကုလားတွေရှိတယ်၊ တရုတ်တွေလည်းရှိတယ်၊ အမျိုးမျိုးရှိတော့ လူတွေအချင်းချင်းက လူတွေဆိုတော့ မတည့်ကြဘူး၊ အဲဒီမတည့်ဘဲ ဒေါသတွေ ဖြစ်တတ်တယ်။

အဲ **'လူတွေ'**မရှိဘူးဆိုတဲ့ မြတ်စွာဘုရားရဲ့အယူက အာသဝေါတရားမရှိတဲ့ အယူ လို့မှတ်ထား၊ **'လူတွေရှိတဲ့အယူ'**က အင်း **'ဒိဋ္ဌိအယူ'၊** လူတွေရှိတဲ့ အယူက ဘာအယူတုံး (ဒိဋ္ဌိ အယူပါဘုရား)၊ အင်း အဲဒါမှတ်ထား၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ **'ဒိဋ္ဌိအယူ'**လို့ ခေါ်တယ်၊ **'လူတွေ မရှိတဲ့အယူ'**က ဘာအယူတုံး (သမ္မာဒိဋ္ဌိအယူပါဘုရား)၊ အင်း **'သမ္မာအယူ'**လို့ ခေါ်တယ်၊ **'လူတွေ'** မရှိမှ နိဗ္ဗာန်ရောက်မှာပေါ့။

**'လူတွေ'** ရှိနေလို့ရှိရင် အောက်မေ့မိတာနဲ့ တစ်ခါတည်း လယ်တီဆရာတော် ဟို ခရမ်းလား၊ သုံးခွလား အဲဒီမှာတရားဟောတော့ သူလမ်းလျှောက်တော့ ဟို ဘုန်းကြီးကြီး က တစ်ခါတည်း ခေါင်းထမ်းလာတယ်၊ ဟာ ဘာပြုလို့ ဘယ်သူတုံးဟာ တပည့်တော် ဒီကျောင်းက ဟိုလေးလတုန်းက ပျံလွန်တော်မူတဲ့ ဘုန်းကြီးပါဘုရားတဲ့၊ ကျောင်းထိုင်ဘုန်းကြီးပါဘုရား၊ ဘာပြုလို့ လူတကာကိုတော့ ဟိုဟာဖြစ်အောင် ဟောတတ်ပြီးတော့ ကိုယ့်ဟာကိုယ် ကျတော့ အောက်ကလွတ်အောင် မလုပ်နိုင်ဘူးလို့ဆိုတော့ တပည့်တော်ကလွတ်အောင် လုပ်တာပါပဲ၊ အနိစ္စ ဒုက္ခ။

ဒါပေမယ့် ဒကာမကြီးတစ်ယောက် တစ်ခါတည်း အရှင်ဘုရား ဒီကျောင်းကြီး ကိုရော ဘယ်လိုလုပ်မှာလဲဘုရား၊ ကျောင်းလည်းမအပ်ရသေးဘူးနဲ့ အဲဒီ ကျောင်းကြီး သွား အမှတ်ရ လိုက်တာနဲ့ အဲဒီလိုသွားဖြစ်တယ်၊ အဲလိုကျောင်းတွေ အိမ်တွေ ပိုက်ဆံတွေ သွားသွား အမှတ်မရ ရဘူး၊ **'နာမ်ရုပ်'** လို့ပဲ အမှတ်ရရတယ်၊ အဲဒီလို **'လူတွေ'**မပါဘူးဆိုတဲ့ အယူကို ယူထားရတယ်။

## လူတွေရှိရင် အဝိဇ္ဇာသဝ

**'လူတွေ'**မှာ မျက်စိရှိသလား (မရှိပါဘူးဘုရား)၊ အဲ အဲလို သူတကာ့ သွားမေးလို့ ရှိရင် အဲဒါမယုံဘူး၊ မယုံရင်လည်း မဟန်သေးဘူး၊ လူမရှိဘူး၊ အဲလို မြင်မှ၊ **'လူတွေ'**လို့ကော

www.burmeseclassic.com

www.burmeseclassic.com



ရှိသလား (မရှိပါဘုရား)၊ အဲဒီလိုကိုပြောမှ ပဋိစ္စသမုပ္ပါဒ် အပြော၊ ပဋ္ဌာန်းပြော အပြောမျိုးနဲ့ အဲလိုပြောမှ **'လူ'** မရှိရာရောက်မှ **'အာသဝေါတရား'** ကုန်သွားမှာ၊ **'လောဘ ဒိဋ္ဌိ မောဟ'**၊ **'မောဟ'** က အဝိဇ္ဇာခေါ်တယ်၊ အဲဒီ **'အဝိဇ္ဇာက မသိအပ်သော ယောကျ်ား မိန်းမအစရှိသည်ကို သိတတ်၏'** တဲ့။

မိန်းမလည်း မရှိရဘူး၊ ယောကျ်ားလည်း မရှိရဘူး၊ တရားနာပြီးရင် စိတ်ထဲမှာ မိန်းမ ယောကျ်ားတွေရှိမနေရဘူးတဲ့၊ အဲ စိတ်ထဲမှာ ယောကျ်ားတွေ၊ မိန်းမတွေရှိသလား (မရှိပါဘုရား)၊ အဲ အဲဒီလို စိတ်ထဲမှာမရှိလို့ရှိရင် အာသဝေါတရားက မိန်းမတွေ ယောကျ်ားတွေ လူဆိုတာ အဝိဇ္ဇာသိတော့ **'အဝိဇ္ဇာသဝ'** ခေါ်တယ်၊ 'အဝိဇ္ဇာသဝ'မှ အရင်မဖြုတ်လို့ ရှိရင်တော့ လူတွေရော တိရစ္ဆာန်တွေရော ကာမာသဝတွေရော၊ အဲဒါအရင်ဆုံး **'အဝိဇ္ဇာသဝ'**ကို အရင်ဖြုတ်ထားရတယ်၊ **'အဝိဇ္ဇာသဝ'**ကဘာတုံးဆိုတော့မှ လူတွေ၊ **'အဝိဇ္ဇာသဝ'**ဆိုတာ ဘာတုံး (လူတွေပါဘုရား)။

မိန်းမတွေ ယောကျ်ားတွေရှိလို့ရှိရင် **'ကာမာသဝ'**ခေါ်တယ်၊ ယောကျ်ားတွေ မိန်းမတွေ ကဘာတုံး (ကာမာသဝပါဘုရား)၊ လူတွေက ဘာတွေတုံး (အဝိဇ္ဇာသဝပါဘုရား)၊ အဲလို ဖြစ်တယ်နော်၊ အဲဒါကိုရှာတယ်၊ ဒါကြောင့် **'လူတွေ'**မှာ မျက်စိရှိသလား (မရှိပါဘုရား)၊ အဲဒါ ခဏ ခဏ ကိုယ့်ကိုယ်ကို ပြန်မေးရတယ်၊ ပဋိစ္စသမုပ္ပါဒ်မှာလည်းရှိတယ်။

**'နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော'**၊ ဖဿက ဝေဒနာ မရောက်ခင်ကတည်းက၊ **'ဝေဒနာ'** ရောက်လို့ရှိရင် တဏှာနားကူးတတ်တယ်၊ ဒါကြောင့် **'နာမ်ရုပ်'**ကလေးနဲ့ အသာလေး နဲ့ နေရတယ်နော်။

**'လူတွေ'**လို့ကောရှိသလား (မရှိပါဘုရား)၊ **'လူတွေ'**လို့ရှိရင် ဘယ်လိုအပြစ်ရောက်သတုံး လို့ဆိုတော့ **'အဝိဇ္ဇာသဝ'**တွေ၊ လူတွေရှိရင် ဘယ်လိုအပြစ်ရောက်သတုံး (အဝိဇ္ဇာသဝတွေပါ ဘုရား)၊ အဲ **'အဝိဇ္ဇာသဝ'** ဖြစ်တတ်တယ်၊ **'အဝိဇ္ဇာသဝ'** ဖြစ်တော့ လိုချင်တတ်တယ်၊ တောင့်တ တတ်တယ်၊ မတောင့်တဘူးလား (တောင့်တပါတယ်ဘုရား)။

ကဲ **'လူတွေ'**မရှိတော့ တောင့်တသေးလား (မတောင့်တပါဘုရား)၊ အဲ **'အဝိဇ္ဇာသဝ'** လည်း မဖြစ်တော့ဘူး၊ အဲလိုမှတ်ထား၊ အဲဒါ **'ရင့်ရင့်ကျက်ကျက် ရဲရဲတင်းတင်းကို အဲဒီလို လုပ်ရမယ်၊ ပျော့ပျော့လေးနဲ့မရဘူး'** (ဟုတ်ပါတယ်ဘုရား)၊ အဲ ပျော့ပျော့လေးနဲ့ မရဘူး။

www.burmeseclassic.com

www.burmeseclassic.com



## လူမရှိသောစိတ်သည် ဝိဇ္ဇာဉာဏ်

ဘာပြုလို့တုံးဆိုတော့ **'လူတွေ'**မှာ မျက်စိတွေရှိသလား (မရှိပါဘုရား)၊ အဲဒီ အမေးက ပဋိစ္စသမုပ္ပါဒ်မှာလည်း **'လူ'**မရှိဘူး၊ ပဌာန်းထဲမှာလည်း **'လူတွေ'** မရှိဘူး၊ အဲဒီ **'အာရုံ'** ကြောင့် ဖြစ်တော့ လောဘတွေ ဒေါသတွေဖြစ်တယ်၊ **'ဟေတုပစ္စည်း'**တွေဖြစ်လာတယ်၊ အဲဒါ **'ဟေတု ပစ္စည်း'**ဆိုတော့ ပဌာန်းနဲ့က ဆက် ဆက်နေတယ်၊ အဲဒီပဌာန်းနဲ့က အဆက်ဖြတ်ပေးရတယ်၊ ဒါမှ ပြတ်သွားမှာ သို့မို့လို့ရှိရင် မပြတ်ဘူး၊ **'လူတွေ'** လို့ကော ရှိသလား (မရှိပါဘုရား)၊ အင်း **'လူ'**မရှိဘူးဆိုတော့ **'လူမရှိသော စိတ်'** ဆိုစမ်း (လူမရှိသောစိတ်)။

စိတ်နဲ့လူမရှိတာနဲ့ မတူဘူး၊ **'လူမရှိသော'** ဆိုတာက မရှိတဲ့ဉာဏ် **'ဉာဏသမ္ပယုတ်'** ပေါ့လေ၊ ဉာဏ် ဉာဏ် ဉာဏ် ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ **'အမောဟ'၊ 'အမောဟ'**၊ အဝိဇ္ဇာ မဟုတ်ဘူး ဝိဇ္ဇာ၊ **'ဝိဇ္ဇာဥဒပါဒိ'** ဆိုတဲ့ ဝိဇ္ဇာ၊ **'လူမရှိသော'** ဆိုစမ်း (လူမရှိသော)၊ အဲ အဲဒါ **'ဒိဋ္ဌိမရှိသော'** ဆိုတာနဲ့ အတူတူပဲ၊ **'ဝိဇ္ဇာဉာဏ်ရှိသော'** အဲလိုဟာမျိုးနော်၊ **'လူမရှိသောစိတ်'** ဟော အဲဒီလို စိတ်ဆိုတာ အာရုံပြုကြည့်လိုက်စမ်း၊ **'လူမရှိသောစိတ်'** ဘယ့်နှယ်နေတုံး၊ ဉာဏ် ဖြစ်နေတယ်၊ **'ဝိဇ္ဇာဥဒပါဒိ'** ဖြစ်နေတယ်။

အဲဒီပွားသည်ရှိသော် **'မောဟ'**ကို ပယ်တယ်ဆိုတာ အဲဒါ **'မောဟမရှိတဲ့စိတ်'** ဖြစ်နေ တယ်၊ **'မောဟ'**မရှိလို့ရှိရင် အဝိဇ္ဇာမရှိဘူး၊ **'အဝိဇ္ဇာ'**မရှိလို့ရှိရင် **'အဝိဇ္ဇာသဝ'** လည်းမရှိဘူး၊ အဲဒါကြောင့် အဲဒီဟာတွေကို ဖြည်းဖြည်းလေးဆိုရတယ်၊ **'လူမရှိသောစိတ်'** ဆိုစမ်း (လူမရှိသော စိတ်)၊ အင်း လူမရှိသောဆိုတာက **'ဝိဇ္ဇာ'**၊ 'ငါ့' စိတ်ထဲမှာ **'လူ'** ရှိနေသလားလို့ ကိုယ့်ကိုယ်ကို စဉ်းစား၊ လူကြီးတွေလည်း စဉ်းစား၊ 'ငါ့' စိတ်ထဲမှာ **'လူတွေ'** ရှိသလား၊ ခွေးတွေ ရှိသလား၊ **'ပဋိစ္စသမုပ္ပါဒ်'** ကိုလည်း လှမ်းလှမ်းကြည့်ရသေးတယ်၊ အဲ **'ပဋိစ္စသမုပ္ပါဒ်ဉာဏ်'**၊ မြတ်စွာဘုရားက သူဘုရားဖြစ်ခါနီးရင် **'ပဋိစ္စသမုပ္ပါဒ်'** ကိုလည်း ဆင်ခြင်တယ်၊ **'ပဌာန်း'** ကိုလည်း ဆင်ခြင်တယ်၊

## လူမရှိသော စိတ်၊ စိတ်မရှိသော လူ

အဲဒီလိုဟာလေးကို ဆင်ခြင် ဆင်ခြင်ပြီးတော့ ဩော် သူဘုရားဖြစ်တုန်းက ဘယ်လို ဘုရားဖြစ်ပါလိမ့်၊ **'လူမရှိသောစိတ်'**၊ ပြီးတော့မှ **'စိတ်မရှိသောလူ'**၊ အင်း စိတ်မရှိသော ဆိုတာက လောဘတွေ ဒေါသတွေကို စိတ်လို့ခေါ်တယ်၊ အဝိဇ္ဇာတွေ လောဘတွေ ဒေါသတွေကို စိတ် ခေါ်တယ်၊ **'အဘိဇ္ဈာ'**နဲ့ **'ဒေါမနဿ'** မရှိတဲ့စိတ်က **'လူမရှိတဲ့စိတ်'** ဟုတ်ကဲ့လား၊ **'လူ မရှိသော စိတ်'** ဆိုရင် လောဘတွေ ဒေါသတွေ မရှိတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



**'လူ မရှိသော စိတ်'** က ဘယ်လိုနေတုံးဆိုတော့ 'နင့်နှယ်ဟယ် စိတ်မရှိတဲ့လူကြီးလိုပဲ။ ပြောမနာ ဆိုမနာ ဆဲမနာ ဆိုမနာနဲ့' တဲ့၊ ဒါတရားဟောလို့ပြောနေတာ၊ တရားက ပထမတန်း ကောင်းနေတဲ့တရား ဟုတ်ကဲ့လား၊ **'လူ မရှိသော စိတ်'** ဆိုနေပေါ့၊ ကိုယ်အိပ်ရာ ဝင်တဲ့အခါ ကျရင် **'လူမရှိသော'**ဆိုတော့ **'ရုပ်နာမ်'** ရောက်နေတယ်၊ လူမရှိရင် ရုပ်နာမ်ရောက်နေတယ်။

**'လူမရှိသောစိတ်၊ စိတ်မရှိသောလူ'**၊ စိတ်မရှိတာက ဟိုစိတ်ကြီးမရှိတော့ **'လောဘနဲ့ ဒေါသ'**၊ **'အဘိဇ္ဈာနဲ့ ဗျာပါဒ'**၊ လိုချင်တာနဲ့ စိတ်ဆိုးတာ စိတ်တိုတာ၊ အဲဒီစိတ်ကို စိတ်ရှိတယ်လို့ ခေါ်တယ်၊ အဲဒီဟာမရှိတော့ **'စိတ်မရှိသောလူ'** ခေါ်ရတယ် (စိတ်မရှိသောလူ)၊ **'စိတ်မရှိသောလူ'** ဆိုတာက 'နင့်နှယ်ဟယ် စိတ်မရှိတဲ့လူလိုပဲ ဆဲမနာ ဆိုမနာနဲ့' ဟုတ်ကဲ့လား၊ အင်း **'လူ'** မရှိတော့ဘူးနော်၊ ဆဲရင် ဘယ်သူ့ ဆဲတာတုံး (နားကို ဆဲတာပါဘုရား)၊ **'လူ'** မရှိဘူးဆိုမှ နားရောက်သွားတာ၊ သို့မဟုတ်ရင် လူရှိရင် **'ငါ့'** ဆဲတယ်ဆိုတော့ **'ငါ'**က နာတာ၊ ဟော **'နား'**က နာတာမဟုတ်ဘူး၊ **'နား'**က ကြားရုံပဲကြားတာ ဟုတ်ကဲ့လား၊ အဲလို အဓိပ္ပာယ် ရောက်အောင် တရားနာ ဟုတ်ကဲ့လား၊ ဒါမှ ပထမတန်း ဟန်တယ်နော်၊ သို့မို့လို့ဆိုရင် ပြီးပြီး သွားရော မလုပ်နဲ့နော် (မှန်ပါ့ဘုရား)။

**ပညတ်မပါသော စိတ်**

**'လူမရှိသောစိတ်၊ စိတ်မရှိသောလူ'**၊ အဲဒါ **'ပရမတ္ထသစ္စာ'**၊ **'ပညတ်မပါသောစိတ်'**၊ **'ပညတ်'** မပါသော ဆိုတာ **'သူတော်ကောင်းတရား'** ပညတ်မပါတာ၊ **'ပညတ်ပါသောစိတ်'**၊ **'ပညတ်'** ပါလို့ရှိရင် အဝိဇ္ဇာပါမှာပေါ့၊ **'အဝိဇ္ဇာ'** ပါရင် ဟို တဏှာတွေဖြစ်တာပေါ့၊ ဆဲလို့ရှိရင် ဘယ်သူ့ဆဲတာတုံး (နားကိုဆဲတာပါဘုရား)၊ အဲ ကဲ့ရဲ့လို့ရှိရင်ကော ဘယ်သူ့ ကဲ့ရဲ့တာတုံး (နားကိုကဲ့ရဲ့တာပါဘုရား)၊ သူအရင်တုန်းကတော့ **'သူ့'**ကဲ့ရဲ့တယ်၊ **'ငါ့'** ကဲ့ရဲ့တယ်နဲ့ ဆိုပြီးတော့ နာတာ၊ အဲဒါမှကို တစ်ခါတည်း **'ငါ့'** ကဲ့ရဲ့တယ် ဆိုပြီး ထဆဲတာပဲ၊ အဲဒါ မင်္ဂလာ မရှိတော့ဘူး။

အခု **'ငါ့'**ဆဲတာမဟုတ်ဘူး၊ **'နား'** ဆဲတာ၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ ကဲ့ရဲ့လို့ ရှိရင်လည်း ဘယ်သူ့ကဲ့ရဲ့တာတုံး (နားကိုကဲ့ရဲ့တာပါဘုရား)၊ အဲလို သူတို့အလှူကြီးက ဘယ်လို လှူသွားတာ ကဲ့ရဲ့တတ်တယ်၊ လှူတဲ့သူကလည်း အဲလိုကဲ့ရဲ့လို့ရှိရင်လည်း **'ငါ့'** ကဲ့ရဲ့တာ မဟုတ်ဘူးလို့ ဆိုရတယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ ကဲ့ရဲ့လို့ရှိရင်လည်း ဘယ်သူ့ကဲ့ရဲ့တာတုံး (နားကိုကဲ့ရဲ့တာပါဘုရား)၊ အဲဒီ **'နား'**ကို ကဲ့ရဲ့တာကို ကိုယ်ကခံပြင်းတယ်ဆိုလို့ရှိရင် အဲ ခံပြင်း

www.burmeseclassic.com

www.burmeseclassic.com



နေတယ်ဆိုရင် **'ငါ့ကို တရားဟောနေတယ်'** ဆိုစမ်း (ငါ့ကိုတရားဟောနေတယ်)၊ ကဲ့ရဲ့တဲ့ သူကို အဲဒီလိုပြောရတယ်။

## ငါ့ကို တရားဟောနေတယ်

အဲလိုပြောတော့ ဘယ်လိုဖြစ်သွားတုံးဆိုတော့ **'ယောနိသော မနသိကာရ'** ဖြစ်သွားတယ်၊ ဘာဖြစ်သွားတုံး (ယောနိသော မနသိကာရ ဖြစ်သွားပါတယ်ဘုရား)၊ ဟိုက သေနတ်နဲ့ ထုနေတယ်၊ ဒီက ကာဗာထဲဝင်ထားလို့ရှိရင် ကျည်ဆံမမှန်တော့ဘူး၊ ဟုတ်ကဲ့လား၊ အဲဒီလို **'ယောနိသော မနသိကာရ'** က **'သမ္မာသင်္ကပ္ပ'** ကနေ **'သမ္မာဒိဋ္ဌိ'** ဖြစ်သွားတယ်၊ **'သမ္မာဒိဋ္ဌိ'** ဖြစ်သွားတော့ အဲဒီမြင်တာကြားတာတွေကို **'သစ္စာလေးပါး'** ခံသွားတယ်၊ အဲဒါ သမ္မာဒိဋ္ဌိနဲ့ သစ္စာလေးပါးခံသွားတယ်၊ နာတဲ့ချိန်မှာဖြစ်တော့ သူ့မှာဘာဖြစ်သွားတုံးဆိုတော့ တစ်ခါတည်းဟို နိဗ္ဗာန်ဖြစ်သွားတယ် (နိရောဓသစ္စာ ဖြစ်သွားပါတယ်ဘုရား)၊ အဲဒါ **'ငါ့ဆဲတာ မဟုတ်ဘူး ငါ့ကို တရားဟောနေတယ်'**လို့ ဆဲတဲ့လူတွေ ကဲ့ရဲ့တဲ့လူတွေကို ရယ်တောင်ရယ်ချင်တယ်၊ အဲဒါ မြတ်စွာဘုရားက 'ဟဲ့ ပုဏ္ဏားတဲ့ မင်းဟာ အိမ်နီးချင်းတွေကို ဟင်းခွက်ပေးဖူးတယ် မဟုတ်လား' တဲ့၊ 'ပေးဖူးပါတယ်ဘုရား'တဲ့၊ 'သူတို့က မယူရင် မင်းဘယ်နှယ့်လုပ်တုံး' ဆိုတော့ 'ကိုယ့်ဟာကိုယ် ပြန်ယူတာပေါ့ဘုရား'တဲ့၊ 'အဲဒီလိုပဲတဲ့ ကိုယ့်ကို ကဲ့ရဲ့တာကို ခံတဲ့လူက မခံပြင်းဘူးဆိုရင် သူ့ဟာသူ ပြန်ယူသွားတယ်'၊ ဟုတ်ကဲ့လား၊ အဲဒီလို မှတ်ထားနော်။

## ပဋိစ္စသမုပ္ပါဒ်၏ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မန

**'မျက်စိမြင်တုံ ရူပါရုံ လှုပ်ပုံမမှတ်ရ မျက်စိကမြင် မနိုင်းယှဉ် ဤတွင်တရားရ'။**

ဘယ်သူက မြင်တာတုံး (မျက်စိကမြင်တာပါဘုရား)၊ ဘယ်သူ့မျက်စိတုံး (ပဋိစ္စသမုပ္ပါဒ်မျက်စိပါဘုရား)၊ အဲသလိုမှ အမြင်မှန်တော့တယ်နော်။

**'နားကကြားတုံ သဒ္ဒါရုံ လှုပ်ပုံမမှတ်ရ နားကကြားလျှင် မနိုင်းယှဉ် ဤတွင်တရားရ'။**

ဘယ်သူ့နားတုံး (ပဋိစ္စသမုပ္ပါဒ်နားပါဘုရား)၊ ဘယ်သူက ကြားတုံး (နားကကြားတာပါဘုရား)၊ အဲသလိုကို လုပ်ရမယ်နော်။

**'နှာခေါင်းကနံတုံ ဂန္ဓာရုံ လှုပ်ပုံမမှတ်ရ နှာခေါင်းကနံလျှင် မနိုင်းယှဉ် ဤတွင် တရားရ'။**

ဘယ်သူကနံတာတုံး (နှာခေါင်းကနံတာပါဘုရား)၊ ဘယ်သူ့ နှာခေါင်းတုံး (ပဋိစ္စသမုပ္ပါဒ်နှာခေါင်းပါဘုရား)၊ အဲ ပဋိစ္စသမုပ္ပါဒ်နှာခေါင်းဆိုတော့ ဘာရယ် ညာရယ် မလုပ်တော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အင်း **'နှာခေါင်း'** ကနံတာ၊ **'ငါ'** က နံတာမဟုတ်ဘူး။

**'လျှာက စားတုံ ရသာရုံ လူ့ပုံမမှတ်ရ၊ လျှာက စားလျှင် မနိုင်းယှဉ် ဤတွင် တရားရ'။**

ဘယ်သူက စားတာတုံး (လျှာကစားတာပါဘုရား)၊ ဘယ်သူ့ လျှာတုံး (ပဋိစ္စသမုပ္ပါဒ် လျှာပါဘုရား)။

အင်း **'လူတွေ'** မရှိတော့ဘူး၊ **'လူတွေ'** မရှိမှ **'အာသဝ'**မရှိဘူး၊ သို့မဟုတ်ရှိရင် **'ငါ့'** ဆိုတယ်၊ **'ငါ့'** ဆဲတယ်၊ **'ငါ'** လှတယ်၊ **'ငါ'** နုတယ်၊ **'ငါ'** ကဘာကြီး ညာကြီးနဲ့ အဲလို ကိုယ့်ကိုယ်ကို ထင်တတ်တယ်၊ အဲ **'ပဋိစ္စသမုပ္ပါဒ်'** ရှိတော့ ကိုယ့်ကိုယ်ကို ထင်သေးလား(မထင်တော့ပါဘုရား)၊ အဲ **'ဒိဋ္ဌိ'**မရှိဘူး၊ **'လောဘ'** လည်းမရှိဘူး၊ **'မောဟ'** လည်းမရှိဘူး၊ ကိုယ့်ကိုယ်ကိုကြီးမှ မရှိဘဲနဲ့ ကဲ မရှိဘူးဆိုတော့ ဘယ်လိုကြီးဖြစ်သွားတုံး၊ လေဟာပြင်ကြီးလို ဖြစ်မသွားဘူးလား (ဖြစ်သွားပါတယ်ဘုရား)၊ ကဲ ဘာစဉ်းစားသေးတုံး (ဘာမှမစဉ်းစားတော့ပါဘုရား)၊ နှာခေါင်းမှမရှိဘဲနဲ့ နှာခေါင်းလည်းမရှိတော့ လူလည်းမရှိတော့ဘူး၊ ဟုတ်ကဲ့လား။

**'ကိုယ်က ထိတုံ ဖောဋ္ဌဗ္ဗာရုံ လူ့ပုံမမှတ်ရ၊ ကိုယ်ကထိလျှင် မနိုင်းယှဉ် ဤတွင် တရားရ'။**

ဘယ်သူက ထိတာတုံး (ကိုယ်ကထိတာပါဘုရား)၊ ဘယ်သူ့ကိုယ်တုံး (ပဋိစ္စသမုပ္ပါဒ် ကိုယ်ပါဘုရား)၊ အဲဒီ ကိုယ်ကြီးကို မရှိတော့ဘူး၊ ကိုင်း--ကဲရှိသေးလား၊ **'ဉာဏ်'** ထဲမှာ ကဲ **'ဉာဏ်'** ထဲမှာ ရှိသေးလား (မရှိတော့ပါဘုရား)၊ အင်း ကိုယ်ကြီးကို မရှိတော့ဘူး၊ အဲသလို စုံချထားပေးရတယ်၊ ကိုယ့်ဟာကိုယ် ဆိုဆိုပေးရတယ်။

အဲလိုဆို ဆိုနေကြတာပဲ မဟုတ်လား၊ **'ပဋ္ဌာန်းတရား'**ခေါ်တယ်၊ ဘာတရားတုံး၊ (ပဋ္ဌာန်းတရားပါဘုရား)၊ အဲဒီ **'ပဋ္ဌာန်းတရား'** ကမှ တစ်ခါတည်း အလွတ်ကို အုပ်ချုပ်သွားတယ်လို့ ဘုရားဟောဖူးတာက ပဋ္ဌာန်း ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)၊ အဲဒီလိုမှတ်ထား၊ အခု **'ပဋ္ဌာန်းတရား'** ဟောနေတယ်လို့ မှတ်ထားနော် (မှန်ပါ့ဘုရား)။

အင်း **'ဖောဋ္ဌဗ္ဗာရုံ'** ဆိုတာက ပထဝီ တေဇော ဝါယော၊ ချောတာ ကြမ်းတာက **'ပထဝီ'**ခေါ်တယ်၊ ချောတာ ကြမ်းတာက၊ အသားက **'ပထဝီ'** ဖြစ်တာ၊ အင်း အဲဒါ မှတ်ထား၊ **'အာပေါ'**က စုဖွဲ့ထားတယ်၊ အင်း **'တေဇော'**က ပူနွေးတယ်၊ **'ဝါယော'**က လှုပ်တယ်၊ တွန်းတယ်၊ တိုးတယ်၊ ဒါတွေကိုပဲ မိန်းမတွေ ယောကျ်ားတွေလို့ ဆိုနေတာ၊ ဟုတ်တယ်မဟုတ်လား၊ အဲဒီတော့ **'အဝိဇ္ဇာ'** ဖြစ်တာပေါ့၊ **'အဝိဇ္ဇာ'** ဖြစ်တော့ တဏှာဖြစ်တာပေါ့၊ **'တဏှာ'** ဖြစ်တော့

www.burmeseclassic.com

www.burmeseclassic.com



**'ဥပါဒါန်'** ဖြစ်တာပေါ့၊ အခု အဲဒီသုံးခုမရှိလို့ရှိရင် **'နောက်ဘဝနဲ့ ဇာတိ ဇရာ မရဏ'** မရှိတော့ဘူးတဲ့၊ အဲလို မှတ်ထားနော်။

**'စိတ်ကကြံတုံ ဓမ္မာရုံ လူ့ပုံမမှတ်ရ၊ စိတ်ကကြံလျှင် မနိုင်းယှဉ် ဤတွင်တရားရ'။**

ဘယ်သူက ကြံတာတုံး (စိတ်ကကြံတာပါဘုရား)၊ ဘယ်သူ့စိတ်တုံး (ပဋိစ္စသမုပ္ပါဒ် စိတ်ပါဘုရား)၊ ကိုယ့်ကိုယ်ကိုတောင် စိတ်မရှိတော့ဘူး၊ ဒါကြောင့် **'လူမရှိသောစိတ် စိတ်မရှိသောလူ'**၊ အဲဒါကို ပြန်ပြန်ပြီး မဝိမလ အဲဒီလိုဟာ အော်အော်ပြီး ပြန်ရေးစမ်း၊ အေး အဲဒီလိုလုပ်၊ အဲဒီတရား အဲဒီမှာဟောတဲ့တရား ဖြစ်ပါသည်လို့နော် (မှန်ပါ့ဘုရား)၊ အဲဒါ စိတ်တောင်မှ ကိုယ့်စိတ် မဟုတ်ဘဲနဲ့နော်၊ **'စိတ်ကကြံတုံ ဓမ္မာရုံ'**၊ **'စိတ်'** ကဘာကြံတုံးဆိုတော့ **'ဓမ္မာရုံ'** ကို ကြံတယ်၊ **'ဓမ္မာရုံ'** က **'လူတွေ'** ဖြစ်နေတယ်၊ အဲဒီလို **'လူ'** ဆိုတာ **'ပညတ်'** ခေါ်တယ်၊ **'ပညတ် ဓမ္မာရုံ'**၊ အဲဒီ **'ပညတ်'** မရှိရင် နိဗ္ဗာန်ရှိတယ်။

## လူမရှိဘဲနဲ့ ပညတ်ကို ခွာလိုက်လို့ရှိရင် နိဗ္ဗာန် ဖြစ်သွားတယ်

**'ပညတ် နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန် ဓမ္မာရုံ'**၊ **'လူ'** မရှိဘဲနဲ့ **'ပညတ်'** ကို ခွာလိုက်လို့ရှိရင် **'နိဗ္ဗာန်'** ဖြစ်သွားတယ်၊ **'လူတွေ'** ဖုံးနေလို့၊ **'လူ'** ဖုံးတယ်ဆိုတာ **'အဝိဇ္ဇာ'** ဖုံးနေလို့၊ **'နိဗ္ဗာန်'**ကို မမြင်တာ၊ **'လူ'** မရှိရင် နိဗ္ဗာန်ကြီးက နဂို ကတည်းက သူ့ဟာသူ ရှိနေတယ်၊ အဲဒါမှတ်ထား။

**ပညတ် နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန် ဓမ္မာရုံ။**

**စိတ် စေတသိက် ကောင်းဆိုးစိတ် မှတ်ပိမ့် ဓမ္မာရုံ။**

ခုနတုန်းက စိတ်ပဲ၊ **'လူမရှိတဲ့စိတ်'**က အဲဒီစိတ်က **'ပညတ်တွေ၊ လူတွေ'**ကို အာရုံ ပြုလိုက်တော့ အဲဒီ **'လူတွေ'**က မကောင်းဘူး၊ ကောင်းတယ်နဲ့ **'ပညတ်'** ကဖြစ်တော့ ကိုယ့်စိတ် ကလည်း မကောင်းဘူး၊ ကောင်းတယ်နဲ့ စိတ်မကောင်း စိတ်ဆိုးတယ်ဖြစ်သွားတယ်၊ အဲဒါ **'လူတွေ'**ကြောင့်လို့ မှတ်ထား၊ ဟုတ်ကဲ့လား၊ **'လူတွေ'**ဆိုတာ **'ပညတ်'** မဟုတ်လား၊ အဲဒါ **'ပညတ်'** ကြောင့် ဟိုက သူတော်ကောင်းတရားက **'ပညတ်မပါတဲ့တရားက သူတော်ကောင်း တရားခေါ်တယ်'** လို့မှတ်ထား၊ အဲလိုမှ ဟန်မှာလို့နော်။

ကဲ---တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## " လောကကြီးသည် မမြဲဘူး တရားတော် "

၁. ၁၂. ၂၀၀၆

### သဿတော လောကောဆိုရင် အယူမှားတယ်

မျက်စိမှိတ်ထားရင် ဘာတွေရှိလဲ မြင်ရတဲ့ဟာတွေမရှိဘူး၊ မျက်စိမှိတ်ထားရင် မြင်ရတဲ့ဟာတွေ မရှိဘူး၊ ကဲ လူတွေရော မရှိဘူးလို့ယူမှ၊ မျက်စိဖွင့်ထားတုန်းရှိတယ်၊ အဲ အဲလိုသိမှ၊ သို့မို့ရင် မဖွင့် ဖွင့်ဖွင့် ရှိနေတယ်လို့ဆိုလို့ရှိရင် မြဲသွားတယ်၊ **'သဿတောလောကော'** ဆိုတာ ဖြစ်သွားတယ်၊ 'လောကော - လောကကြီးသည်၊ သဿတော - မြဲ၏' တဲ့။

မျက်စိဖွင့်တုန်း လူတွေ ရှိတယ်၊ မျက်စိမဖွင့်ရင် လူတွေမရှိဘူး၊ မျက်စိဖွင့်ဖွင့် မဖွင့်ဖွင့် လူတွေ ရှိတယ် လို့ဆိုရင်လည်း အသက်ကရှိတယ်၊ အမိဝမ်းထဲ ဝင်ကတည်းက သေသည့် တိုင်အောင်ရှိတယ်၊ နောက်လည်း ရှိတယ်၊ မြဲတယ်လို့ ဖြစ်သွားရော၊ 'သဿတော လောကော'၊ 'လောကော-လောကကြီးသည်၊ သဿတော-မြဲတယ်' လို့ ဒီလိုဖြစ်သွားရော၊ မျက်စိ ဖွင့်တုန်း ရှိတယ်၊ ဟော မဖွင့်ရင် မရှိတော့ဘူး၊ မှိတ်ထားရင် လူတွေမရှိဘူး၊ ကိုယ့်စိတ်ထဲမှာ၊ **'စိတ်နဲ့ မျက်စိ'**၊ **'စိတ်နဲ့မျက်စိ'** က လူတွေ ဖြစ်နေတယ်၊ ဝမ်းထဲကစိတ်က မျက်စိဖွင့်တုန်း လူတွေ ရှိတယ်၊ မျက်စိမှိတ်လိုက်တဲ့အခါကျတော့ လူတွေမရှိဘူး၊ မျက်စိကလည်း တစ်ခါတည်း ခဏ ခဏမှိတ်၊ လူတွေကလည်း ခဏခဏ မရှိ။

အဲ **'မျက်စိ'** က **'အဆင်း'** မြင်တာကိုး၊ အဆင်းဆိုတာလည်း အဆင်းတို့ အသံတို့ အမှောင်သံလေတို့၊ **'အရိပ်အရောင် အမှောင်သံလေ'** ဆိုတာ ရုပ်ပဲ၊ **'အသံ'** ကလည်း ရုပ်ပဲ၊ အသံရှိတုန်း နားရှိတယ်၊ နားရှိတုန်း အသံရှိတယ်၊ အသံရှိတုန်း နားရှိတုန်း **'သောတလောက'**၊ နားရှိရင် အသံရှိတယ်၊ နားမရှိရင် အသံမရှိဘူး၊ အဲလိုယူမှ မမြဲဘူး၊ **'လောကကြီးဟာ မမြဲဘူး'**၊ ဗကပြဟ္မာကြီးက မြဲတယ်၊ သူမြဲနေတာ ကြာ ကြာလှပေါ့၊ ကမ္ဘာချီပြီး မြဲနေတယ်၊ ဗကပြဟ္မာကြီး က **'မဟာပြဟ္မာနံ ဧကောကပ္ပေါ'** တဲ့၊ အာယုကပ် တစ်ကပ်လုံးတည်တယ်၊ အသက်ရှည်တယ်၊ ဆယ်နှစ်တန်းကနေ အသင်္ချေတန်းထိအောင် အဲဒါ အာယုကပ်ခေါ်တယ်၊ အဲဒီလောက်ကို အသက်ရှည်တယ်၊ မြဲတယ်၊ ဒါကိုသူက နိဗ္ဗာန်ပဲလို့၊ **'သဿတ'** ကို နိဗ္ဗာန်ထင်တတ်တယ်။

### ဒွါရ ခြောက်ပါး၊ အာရုံ ခြောက်ပါးမှာ လောကဖြစ်တယ်

အခုလည်း မျက်စိဖွင့်တုန်း သတ္တဝါတွေရှိတယ်၊ မျက်စိမှိတ်ထားတဲ့အခါကျတော့ သစ်ပင်တွေရော တောတောင်တွေရော မရှိတော့ဘူး၊ ဖွင့်တုန်းရှိတယ်၊ မျက်စိနဲ့ဆိုင်တဲ့ဟာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ သစ်ပင်တွေ တောတောင်တွေကလည်း **'အဆင်း'** တွေ၊ ဒီလိုယူမှ **'အာရုံခြောက်ပါး'** ခွဲရတယ်၊ အဲလို **'အနိစ္စ'** ဆိုတာ၊ **'ဒိဋ္ဌ'** မြင်မှာပေါ့။

**'အနိစ္စလက္ခဏေ ဒိဋ္ဌေ -** အနိစ္စလက္ခဏာကို မြင်သည်ရှိသော်၊ **ဋ္ဌတရဒွယံ -** ဤမှ တစ်ပါးသော ဒုက္ခ၊ အနတ္တလက္ခဏာကိုလည်း မြင်နိုင်တယ်'၊ အဲဒီလို **'ဉာဏ်'** ကလေးနဲ့ မျက်စိဖွင့်တုန်းကို ကားတွေရော ဘာတွေရော သစ်ပင်တွေ ရောရှိတယ်၊ မှိတ်လိုက်တော့ မရှိတော့ဘူး၊ မျက်စိနဲ့ဆိုင်တဲ့ လောကကြီး၊ ဒါကြောင့် သူက **'အဆင်းလောက'**၊ ဒွါရခြောက်ပါး၊ အာရုံခြောက်ပါး၊ ဗကဗြဟ္မာကြီးက တစ်ခါတည်း သူလည်း သတ္တဝါပဲ သူမြဲပုံ၊ ငါ့နောက်မှ လူတွေက ဖြစ်ဖြစ်လာတယ်၊ ငါကအရင် ဖြစ်တယ်၊ အဲဒီ ကုလားတွေ ဟိန္ဒူတွေကျတော့ မဟာဗြဟ္မာခေါ်တယ်၊ ဘုရား 'ပိတာမဟ' ခေါ်တယ်၊ သူက ဖခင်ကြီး၊ သူ့နောက်မှ လူတွေဖြစ်ဖြစ် လာတယ်၊ သူကတော့ မြဲတယ်၊ ပြီးတော့ သူ့အရင်လည်း အဲဒီဗြဟ္မာတွေက ကွယ်ကွယ် သွားတယ်။

အဲဒီအခါကျတော့ **'ဧကစ္စသဿတ'** ဆိုတာ ဖြစ်သွားတယ်၊ သူကတော့ သဿတ - အဲ လူတွေလည်း သက်တမ်းက အသက်တစ်ရာဆိုတော့ တစ်ခါတည်း သေတယ်၊ ဒီလိုယူရင် လည်း အဲဒါ **'သဿတ'** ဖြစ်သွားတယ်၊ ဒါကြောင့် ဒိဋ္ဌိဖြစ်တာတွေက၊ မြဲတယ် ဆိုတဲ့ဟာတွေက သတ္တဝါယူရင် ဒိဋ္ဌိက **'ပုဂ္ဂလဒိဋ္ဌိ'** လည်း ဖြစ်တယ်၊ **'သဿတဒိဋ္ဌိ'**လည်း ဖြစ်တယ်၊ **'ဧကစ္စ သဿတဒိဋ္ဌိ'** လည်းဖြစ်တယ်။

**'မျက်စိရှိတုန်း လူတွေရှိတယ်၊ မျက်စိမရှိရင် လူတွေမရှိဘူး'။**

**'မျက်စိ'**ဆိုတာက အဆင်း၊ **'အဆင်း'**ဆိုတာက ရုပ်၊ ဟော **'ရုပ်'**ဆိုတာက အလင်း၊ **'အလင်း'**ဆိုတာ ရုပ်၊ **'အရိပ်အရောင် အမှောင် သံ လေ'** (အရိပ်အရောင် အမှောင် သံ လေ)၊ အမှောင်ဆိုတာ အလင်းလည်းပါတာပေါ့၊ အလင်းကလည်း **'ရုပ်'**၊ အမှောင်ကလည်း **'ရုပ်'**၊ မျက်စိဖွင့်တုန်း လူတွေရှိတယ်၊ ကဲ အိပ်နေတုန်း မျက်စိမဖွင့်ရင် လူတွေမရှိဘူး၊ နားကြားနေတုန်း လူတွေရှိတယ်၊ မကြားရင် လူတွေမရှိဘူး၊ နှာခေါင်းနံတုန်း လူတွေရှိတယ်၊ မနံရင် လူတွေ မရှိဘူး၊ ဒီလိုယူမှ။

### ရုပ်ကြီးက ပျက်နေတယ်

မျက်စိက အဆင်းရှိတယ်၊ **'စက္ခုလောကေ'** ဆိုလိုက်စမ်း (စက္ခုလောကေ)၊ အဲဒီ ပါဠိ ကလည်းရှာတတ်မှ မရှာတတ်လို့ရှိရင် တရားဆီမရောက်ဘူး၊ **'စက္ခုလောကေ'** (စက္ခု

www.burmeseclassic.com

www.burmeseclassic.com



လောကေ)၊ **'ရူပလောကေ'** (ရူပလောကေ)၊ **'အဆင်း'**ကလည်း လောကကြီးတစ်ခု၊ **'မျက်စိ'** အကြည်ကလည်း လောကကြီးတစ်ခု၊ အဲဒီထင်လာတဲ့ဟာတွေကို သတ္တဝါလို့ထင်တော့ **'သတ္တလောကကြီး'** ဖြစ်သွားတာပေါ့။ ဗကပြဟ္မာကြီးက ငါ မြဲတယ်၊ မြတ်စွာဘုရားက ဒီပြဟ္မာကြီး အယူမှားနေတယ်တဲ့ ၊ ကဲ မြတ်စွာဘုရားအယူနဲ့ ဗကပြဟ္မာကြီးအယူခွဲကြ၊ မခွဲလို့ရှိရင် အဲဒါ ဗကပြဟ္မာကြီးလို ငါတို့မြဲတယ် 'သဿတော လောကော'၊ 'လောကော - လောကကြီးသည်၊ သဿတော - မြဲ၏'၊ အဲဒီ **'သဿတော'** ဆိုတာ **'ခန္ဓာငါးပါးတည်းဟူသော လောက'**ခေါ်တယ်။

**'အဆင်း'** ကလည်း ရုပ်၊ **'မျက်စိ'**ကလည်း ရုပ်၊ ဒါကြောင့် **'စက္ခုရူပံ ရူပက္ခန္ဓော'**၊ ဆိုလိုက်စမ်း (စက္ခုရူပံ ရူပက္ခန္ဓော)၊ အဲ စက္ခုနဲ့ ဟောဒီအဆင်းနဲ့က **'ရူပက္ခန္ဓာ'** တဲ့၊ ဒီလိုသိမှ၊ အဲဒါ **'စက္ခု'** ကလည်း လောကတစ်ခု၊ **'အဆင်း'** ကလည်း လောကတစ်ခု၊ အဲဒါ **'ရုပ်'** ပဲကိုး။ **'ရုပ်'**ဆိုတော့ မျက်စိတစ်မှိတ်မှာ ကုဋေငါးထောင်ဆိုတော့ အဲဒီ **'ရုပ်ကြီး'**က အခုပျက်နေတာ အဲဒီအရိပ်တွေလိုပေါ့၊ **အရိပ်အရောင် အမှောင် သံ လေ** (အရိပ်အရောင် အမှောင် သံ လေ)၊ အဲ အဲဒါအဆင်းပဲ၊ ရုပ်ပဲ။ **'အရောင်'**ကလည်း ပတ္တမြားတို့ နေတို့အရောင်ရှိတယ် မဟုတ်လား၊ နေရဲ့အရောင်၊ အခု လင်းနေတာ ဟို ဟို မီးရဲ့အရောင်၊ အဲ အဲ အဲဒီအရောင်၊ မျက်စိနဲ့ မြင်ရတဲ့ဟာ အဲဒါ **'ရုပ်အရိပ်'**၊ ခု ချောင်းဆိုးတယ်၊ **'လေရဲ့အရိပ်'**၊ ချေတယ် ဘယ်သူ့ရဲ့ အရိပ်တုံး (လေရဲ့အရိပ်ပါဘုရား)၊ လေမရှိဘဲနဲ့ ချေမလား (မချေပါဘူးဘုရား)၊ အဲဒီလို ဉာဏ်ကလေးနဲ့ ရှာမှပေါ့။

## ဉာဏ်ရှိရင် မောဟကို ပယ်တယ်

ရှေးတုန်းက ဆရာတော်တွေက **'အနိစ္စကို ဒိဋ္ဌမြင်၏တကား'**၊ ခုတော့ ဒီလို မဟုတ်တော့ဘူး၊ ဟို **'ရာဂတွေ'**ချည်းပဲ ဖြစ်ဖြစ်နေတယ်၊ **'ထိနမိဒ္ဓ'** ကလည်း ရာဂပဲ တဏှာပဲ၊ **'ဥဒ္ဓစ္စကုက္ကုစ္စ'** ကလည်း တဏှာပဲ၊ အဲ **'သတ္တဝါ'** ရှိလို့ **'တဏှာ'** ရှိတာ။

ဉာဏ်ရှိရင် **'ပညိန္ဒြိယံ ဘာဝေန္တော'**၊ **'ပညိန္ဒြိယံ** - ပညိန္ဒြေကို၊ **ဘာဝေန္တော** - ပွားများသော သူသည်၊ **မောဟံ** - မောဟကို၊ **ပဟာနာတိ** - ပယ်၏'၊ **'ပဇာနာတိ'** က သိ၏၊ **'ပဟာနာတိ'** က ပယ်၏၊ အဲဒီလိုခွဲလိုက်လို့ရှိရင် မောဟကြီး မရှိတော့ဘူးတဲ့၊ သို့မို့ရင် **'မောဟရှိရင် အဝိဇ္ဇာရှိတယ်၊ အဝိဇ္ဇာရှိရင် သင်္ခါရရှိတယ်'** ဆို ဒီလို ပြန်လာတယ်၊ အနိစ္စကောင် ဒုက္ခကောင် ထင်အောင် နှလုံးသွင်း။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိနှစ်လုံးမှာ လူတွေရှိတယ်၊ အဖွားတို့ရှိတယ်၊ အမေတွေရှိတယ်၊ အဒေါ်ရှိတယ်၊ မျက်စိမှိတ်ထားပါလား၊ ရှိသေးလား၊ အဖွားဆိုတာလည်း **'အဆင်းလောကကြီး'**က မြင်တာ၊ **'မျက်စိလောကကြီး'**က မြင်တယ်၊ အဖွားတို့ အမေတို့ ဟုတ်ရဲ့လား **'သင်္ခါရလောက'** ခေါ်တာ၊ အဲဒါ **'ဉာဏ်၊ ဉာဏ်'၊** ဝိပဿနာဆိုတာ **'ဉာဏ်'** ထုတ်ရတာ၊ 'ဉာဏ်' က ဘယ်ထဲမှာရှိတုံး ဆိုတော့ ကိုယ့်ဝမ်းထဲမှာရှိတာ၊ **'သတ္တဝါတွေမရှိမှ ဉာဏ်ရှိတယ်'**၊ သတ္တဝါတွေရှိရင် ဉာဏ်မရှိပြန်ဘူး၊ **'သတ္တဝါတွေ'** ရှိတော့ ရာဂတွေဖြစ်သွား၊ လောဘတွေဖြစ်သွား၊ **'သတ္တဝါတွေ'** မရှိမှ ဉာဏ်ရှိတာ၊ **'သတ္တဝါ'** ရှိတော့ မောဟတွေ အဝိဇ္ဇာတွေရှိရော၊ **'အဝိဇ္ဇာ'** ရှိတော့ တဏှာတွေ ရောရှိတာပေါ့။

အဲဒါ **'သတ္တဝါတွေ'** ရှိလို့၊ အခု **'လူတွေ'** ဆိုရင် မျက်စိကမြင်တယ်၊ **'မျက်စိကမြင် အဆင်းမြင်'**၊ **'အဆင်း'** ဆိုတာကလည်း ရုပ်၊ **'အရိပ်အရောင် အမှောင် သံ လေ'**၊ မီးအရောင်လိုပဲ၊ မီးအရောင်ကလည်း ဟို ဒိုင်နမိုက လည်နေတယ်၊ ဒိုင်နမိုက လည်တော့ တစ်ခါတည်း ဟို ကြေးချောင်းချင်းကလည်း တစ်ခါတည်း ဆက်ပြီး လည်နေတယ်၊ ကွိုင်တွေကလည်း လည်နေတယ်၊ အဲဒါလည်နေတော့ အလင်းကြီးလိုပဲ မျက်စိဖွင့်ထားရင် မြင်နေရသလိုပဲ၊ ခုလည်းလည်တုန်း လင်းနေတာပဲ။ မလည်ဘူးဆိုရင် ရပ်သွားရော၊ အဲဒါကအလင်း။ **'အရိပ်အရောင် အမှောင်သံလေ'**၊ အဲဒါလေးဆိုဆိုနေ --- **'အနိစ္စ လက္ခဏာ'** ပါ ထင်သွားတယ်။

**အနိစ္စလက္ခဏာကို မြင်ရမယ်**

**'အနိစ္စလက္ခဏေ ဒိဋ္ဌေ'**၊ အဲ ပါဠိက နေရာတိုင်း ရရတယ်၊ နေရာတိုင်းမရတော့ ဟိုလိုတွေး ဒီလိုတွေး၊ **'ဝိစိကိစ္ဆာတွေ'**က ဖြစ်ကုန်ရော၊ ယောက်ျားတွေ ရှိလေသလား မရှိလေသလား၊ အဲ မိန်းမတွေလည်း ရှိလေသလား မရှိလေသလား၊ အဲလိုတွေ **'ဝိစိကိစ္ဆာတွေ'** ဖြစ်ကုန်ရော၊ ဟယ် ရှိပါတယ်ဟယ်ဆိုတော့ **'တဏှာတွေ'** ဖြစ်ကရော၊ ယောက်ျားတွေ မရှိဘူး၊ သတ္တဝါမှမရှိဘဲ၊ **'အရိပ်အရောင် အမှောင်သံလေ'**လို့ ထားလိုက်တော့ ဘယ်သတ္တဝါရှိတော့မလဲ၊ အဲ **'အနိစ္စ'**ကို မြင်ချင်လို့ ရှိရင် **အရိပ်အရောင် အမှောင်သံလေ** (အရိပ်အရောင် အမှောင်သံလေ)၊ အဲ အဲ အဲဒါ **'အနိစ္စ'** ပဲ။ **'အဆင်း'** ကလည်း **'အရိပ်'** ပဲ၊ ခု ချောင်းဆိုးတယ်ဆိုတာ **'လေရဲ့အရိပ်၊'** အဲ လေရဲ့ အရိပ်ထွက်တာပေါ့၊ နှာစေးတယ်ဆိုတာ ဆောင်း ဆောင်း အေးလို့ပေါ့၊ အဲ အေးတာ ရုပ်ပဲ အေးလို့နှာစေးတာ၊ အဲလို **'အေးတာ'** ကရုပ်ပေါ့၊ **'နှာစေးတာ'** က အရိပ်ပေါ့၊ အဲအဲလို **'ဉာဏ်'** လေးလည်းထုတ်မှ၊ **'ဉာဏ်'**မထုတ်ရင်တော့ **'လူ'** ပဲဖြစ်တယ်၊ **'လူ'** ပဲဖြစ်တော့

www.burmeseclassic.com

www.burmeseclassic.com



ရာဂပဲဖြစ်တယ်၊ နောက်ကျတော့ ကလေးတွေဖြစ်၊ နောက်တစ်ခါ သတ္တဝါတွေဆက်၊ အဲ အဲလို။ **'အရိပ်အရောင် အမှောင်သံလေ'**။

**မြဲရင် နိဗ္ဗာန်လို့ ထင်သွားတယ်**

**'အနိစ္စ'** အကြောင်း ပြောချင်ရင် အဲသလိုပြော၊ အဲလို **'သတ္တဝါ'** တွေ ရှိနေရင်း မတ်တတ် အနိစ္စပြောရင်၊ ဗကပြဟ္မာကြီးက မယုံဘူး၊ 'အား အရှင်ဘုရား ကြွ ကြွ အရှင်ဘုရား ကြွတာ ကောင်းတယ်၊ အရှင်ဘုရား တပည့်တော်လိုကျင့်ဘုရား' တဲ့၊ အဲ အောင်မယ်သူက 'တပည့် တော်က မြဲတာ ကြာလှပေါ့' တဲ့၊ 'တပည့်တော်က နိဗ္ဗာန်ရောက်နေပြီ'၊ အဲ မြဲရင် **'နိဗ္ဗာန်'** လို့ ထင်သွားတယ်၊ မြဲရင် ဘာလို့ထင်သွားတုံး (နိဗ္ဗာန်လို့ထင်သွားပါတယ်ဘုရား)၊ ဘာကိုထင်တုံး ဆိုတော့ **'သဿတဒိဋ္ဌိ'** ကို **'နိဗ္ဗာန်'**လို့ ထင်သွားတယ်၊ **'သဿတ'** သူမြဲတာကြီးကို **'နိဗ္ဗာန်'** လို့ ထင်သွားတယ်။

အဲဒါ **'သဿတော လောကော'**၊ လူတွေကျမေးတာက အဲဒီကစ မေးတာ၊ လောကကြီး က မြဲသလားဘုရား၊ မြဲရင် နိဗ္ဗာန်ရောက်နေပေါ့ပဲ ဘာလုပ်စရာလိုသေးသလဲ ဘာမှမလိုတော့ ဘူး၊ အဲဒီလို ဟော လောကကြီးဆိုတာ မျက်စိဖွင့်တုန်းရှိတယ်၊ **'မျက်စိလောက'**၊ အဲ မျက်စိ ဖွင့်တုန်းရှိတယ်၊ ဟော အသံက **'နားလောက'**၊ အဲဒီအသံက အသံရှိတုန်း နားရှိတယ်၊ အဲသလို ဒီလို ထိုင်တာကြီး ဘာကြီးလုပ်မနေနဲ့ **'ဖောဋ္ဌဗ္ဗရှိတုန်း ကိုယ်ရှိတယ်'**။

အဲ **'ဖောဋ္ဌဗ္ဗ'** ဆိုတာ ပထဝီ တေဇော ဝါယောကိုခေါ်တာ၊ အဲဒါက သွေးတိုးနေတာ၊ တစ်ခါတည်း ဖြတ်ချလိုက်တာ တစ်ခါတည်းသေရော၊ ရေချိုးမှားသွားတာ၊ တစ်ခါတည်း ခေါင်းက မလှုပ်တော့ဘူး၊ တစ်ခါတည်း တစ်ကိုယ်လုံးသေသွားတယ်၊ ခေါင်းလျှော်တာတွေ ဘာတွေ ဂရုစိုက်၊ ဟို ဒကာမကြီးခေါင်းမှာ အဖုကြီးဖြစ်နေတော့ ခွဲလိုက်တာ တစ်ခါတည်း၊ လက်တစ်ဘက် ခြေထောက်တစ်ဘက် မလှုပ်နိုင်တော့ဘူး၊ ရွှေ့ပေးမှ လှုပ်နိုင်တော့တယ်၊ အဲလို အဲလို၊ ပျင်းပျင်းခွေခွေကြီးမနေနဲ့ တစ်ခါတည်း အဲလို။

ကိုယ့်ဟာကိုယ်လည်း ရှိတယ်မထင်နဲ့၊ ရှိတယ်ထင်ရင် **'ငါ'**လို့ ဖြစ်သွားပြန်ရော၊ ကိုယ့်ဟာကိုယ်ရှိတယ် ထင်ကြတယ်၊ မျက်စိရှိရင်လည်း **'ငါ့မျက်စိ'** လို့ဖြစ်သွားပြန်ရော၊ အဲသလို **'လက်'** ဆိုတာကဘာတုံး (ဒိဋ္ဌိပါဘုရား)၊ **'ငါ့လက်'** ဆိုတာက ဘာတုံး (တဏှာပါဘုရား)၊ အဲ အဲ အဲသလို အဲသလို အဲလိုဟာမျိုးတွေ လေရှူတယ်ဆိုတော့ ထွက်လေကို **'ငါ့လေ'** လို့ ဆိုလို့

www.burmeseclassic.com

www.burmeseclassic.com



ရလား (မရပါဘုရား)၊ ချက်ချင်းပျက်သွားတယ်၊ အဲလို **'အနိစ္စ'** သိအောင် လုပ်ပါတယ်လို့ ဆို ထွက်လေ ဝင်လေသိရင်လည်း နိမိတ်ရအောင် လုပ်နေတာပဲ၊ နိမိတ်ဆိုတာ သူရချင်မှုရတာ၊ **'အနတ္တ'** ကိုး၊ အဲလိုဟာမျိုး။

## ရှစ်ဖြာဓာတ်စု ပေါ်အောင်ရှု

အသံ၊ အသံနဲ့နား၊ **'အရိပ်အရောင် အမှောင်သံလေ'** ထဲမှာ နား၊ အဲဒါ မျက်စိနဲ့ ကိုက်ပြီး လုပ်ထားတာ၊ ရှေးဆရာတော် မိုးညှင်းဆရာတော် လယ်တီတို့ မိုးညှင်းတို့။ **'အရိပ်အရောင် အမှောင်သံလေ၊ နေနှင့်အနံ့ နူးညံ့လှစွာ ရုပ်တို့မှာ ရှစ်ဖြာဓာတ်စု ပေါ်အောင်ရှု'**၊ အဲဒီ အရိပ်အရောင် မီးရောင်ထဲမှာ **'ဓာတ်ရှစ်ပါး'** ရှိတယ်တဲ့၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတွေ တစ်ခုကို သုံးခုက မှီပြီးဖြစ်ရတဲ့ဟာ၊ **'မဟာဘုတ်'** ကို မှီပြီးတော့ **'ဥပါဒါရုပ်'** က ဖြစ်တယ်၊ ခု အဆင်းပေ့ါ၊ မျက်စိနဲ့မြင်ရတဲ့ အဆင်း၊ မဟာဘုတ်မှီပြီး ဥပါဒါရုပ်ဖြစ်တာ၊ အဲဒါက ဥပါဒါရုပ်၊ ဟိုက မဟာဘုတ်၊ **'မဟာဘုတ်'**က ပထဝီ၊ တေဇော၊ ဝါယော။

## လူတွေ သတ္တဝါတွေ မရှိသော အသိသည်သာလျှင် လိုရင်းဖြစ်သည်

ဒီလိုအကြံတွေ ဉာဏ်တွေမရှိဘဲနဲ့ ကြံတော့၊ ဟိုရာဂတွေဖြစ်တော့ မှောင်သွားတာပေ့ါ၊ လူတွေရှိသွားတာပေ့ါ၊ **'လူတွေ သတ္တဝါတွေမရှိသော အသိသည်သာလျှင် လိုရင်းဖြစ်သည်'** ဆိုတာ ဒါတွေဟာ ပထမတန်းလိုက်ရတဲ့ဟာမျိုး၊ ဟော မျက်စိဆိုတာက **'အဆင်း'** ပေ့ါ၊ အရိပ်ကလည်း **'အဆင်း'**ပဲ၊ အရောင်ကလည်း **'အဆင်း'** ပဲ၊ အမှောင်ကြီးကလည်း **'အဆင်း'**ပဲ၊ အမှောင်ကြီးထဲကျ မကြောက်ဘူးလား (ကြောက်ပါတယ်ဘုရား)။

'သန်းကောင်လကွယ် တောအုပ်လယ်၌ ရှစ်နယ်ပတ်ကုံး၊ အပြည့်ချွန်းသည်၊ မိုးလုံး တိမ်တိုက် လျှပ်မကြိုက်သား၊ အမိုက်အပြား၊ အင်လေးပါးထက် နင်ကားရာထောင်၊ မက မှောင်၏'တဲ့ တစ်ခါတည်း လယ်တီဆရာတော်က စပ်ထားတာ။ 'မိုးကြိုးတိုက်ကြီးထဲမှာ၊ အမိုက်ကဲ့ ဘာသာ၊ အမြင်မငွေ့၊ အချိန်ရွေ့နဲ့သာ၊ အလေ့ရှာလျက် အခါနာရီ ရွေ့ရွေ့ငယ်ချီ၊ တိထီ စောင့်ရှောက် ရတုအစဉ် လုလုငယ်နှင့် အသွင်ချုပ်လို့မို့ သုတ်သုတ်ကဲ့ရက်ရေ၊ ဇရာ လက်သာ အသက်သာကြွေတော့မယ်၊ သင်္ခတရုပ်နာမ်ကို အဟုတ်ဉာဏ်မတင်စီးနိုင်ရ ဒီမီးတာဘယ် တကိန်းမှာမှ ငြိမ်းပါ့မယ်လို့.' တဲ့ လယ်တီဆရာတော် ငြီးတာ၊ **'သင်္ခတရုပ်နာမ်ကို အဟုတ်ဉာဏ် မတင်စီးနိုင်ရ ဒီမီးတာ ဘယ်တကိန်းမှာမှ ငြိမ်းပါ့မယ်လို့'** ဆိုပြီး တစ်ခါတည်းစပ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



**အကောင်မထင်ရဘူး**

အဲ **'အရိပ်အရောင်'** ဆိုတာက မျက်စိကမြင်ရတဲ့ **'အဆင်း'**၊ ဟော လူတွေ သတ္တဝါတွေ ဆိုတာ **'မနော'**က မြင်တဲ့အကောင် **'အရိပ်နဲ့အကောင်'**၊ ဟော အကောင်ဆိုရင် **'ဒိဋ္ဌိ'** ဖြစ်သွားပြီ၊ အကောင်မထင်ရဘူး၊ မျက်စိက အကောင်မထင်ရဘူး၊ **'အရိပ်အရောင် အမှောင်သံလေ နေနဲ့ အနံ့'**၊ ဆံပင်တွေကလည်း အနံ့တွေပဲ၊ **'ဓာတ်ရှစ်ပါးသာခွဲလိုက်ပါ ဆံပင်ဟာ ပျောက်သွားပြီ'** ဆိုတော့ ဉာဏ်ထဲမှာ အဆင်းတွေ အသံတွေ၊ နားရှိလို့ ဒီကအသံက ကြားတာ၊ နားကလည်း **'ရုပ်'**၊ အသံကလည်း **'ရုပ်'**၊ ကြားတာ **'ဝိညာဏ်'**။

**'သောတသဒ္ဒ ရူပက္ခန္ဓော'**၊ **'နားကလည်း ရုပ်၊ အသံကလည်း ရုပ်- ရူပက္ခန္ဓာ'**၊ **'သဝနံ ဝိညာဏက္ခန္ဓော'**၊ **'သဝနံ**- ကြားခြင်းသည်၊ **ဝိညာဏက္ခန္ဓော**-ဝိညာဏက္ခန္ဓာမည်၏'။ ကဲ ဘယ်လောက်မြဲတုံး၊ **'ကြားရုံလေး'** ပဲရှိတယ်၊ **'အနိစ္စ'**တဲ့၊ ဒါကြောင့် အနိစ္စကောင်၊ ဒုက္ခကောင်၊ ထင်အောင်နှလုံးသွင်း၊ **'သောတသဒ္ဒ ရူပက္ခန္ဓော သဝနံ ဝိညာဏက္ခန္ဓော'**။

အသံက **'ရုပ်'** တဲ့ ရူပက္ခန္ဓာ၊ နားကလည်း **'ရုပ်'** တဲ့၊ ပသာဒ အကြည်လေးခေါ်တယ်၊ နားထဲမှာ လက်စွပ်ကွင်းကလေးလိုပဲ အခေါင်းကလေးက အဲဒီကွင်းကလေးမှာ အမွေးလေးတွေ ပေါက်နေတယ်၊ ဟို ဧရိယာတိုင်လိုပေ့ါ၊ လေက ဒီကအသံက အဲဟိုနားထဲက အမွေးလေးတွေ ရဲ့ အဖျားကို သွားသွားတိုးတယ်၊ အဲဒါလွှတ်ပြီး အသံက အမြောက်ကြီးနဲ့ ဗုန်းကနဲဆိုရင် အဲဒီနားစည်ကွဲသွားပြီး နောက်မကြားရတော့ဘူး၊ ခု သာမန်အသံကလေးကတော့ မကွဲဘူး။

ဒါပေမယ့် စက်ရုံတွေထဲမှာ အလုပ်လုပ်တဲ့လူတွေ ကြာရင်နားထိုင်းသွားတတ်တယ်၊ အဲဒီနားက လက်စွပ်ကွင်းကလေးလိုပဲ အပေါက်ကလေး၊ အဲဒီအပေါက်ကလေးကို စိုက်စိုက် ပြီးတော့ အမွေးလေးတွေရှိတယ်၊ လေတိုးလို့ရှိရင် အဲဒီဟာနဲ့တိုးပြီး ဟို **'ပသာဒ'** နဲ့ သွားဆက် တယ်၊ ဆက်တဲ့အခါမှာ အဲဒါလေးက **'ကြားတာ'** ဖြစ်သွားတယ်၊ အဲဒါ **'သောတဥ္စ ပဇာနာတိ'** ဆိုရင် နင်တို့ **'နား'**လည်းမသိ ဘာလည်းမသိတော့ **'ငါ့နား'** ဖြစ်သွားတယ်။

**ဥပါဒါရုပ် အဆက်အသွယ်လုပ်**

**'နားနဲ့အသံတွေ့ဆုံပြန် ငါဟန် သူဟန် ထင်ကြသည်'**၊ အဲ **'နားနဲ့ အသံ'** တွေ့တော့ 'အမယ်လေး ရှင်ဘယ်ကလာတုံး ဘာတုံး' နဲ့၊ ချောလို့ မောလို့၊ သူတို့ပြောလိုက်ကြတာတွေကို **'နားနဲ့အသံ'** မှန်းလည်းမသိ။ **'အရိပ်အရောင် အမှောင်သံလေ၊ နေနဲ့အနံ့ နူးညံ့လှစွာ တို့တို့မှာ၊ ရှစ်ဖြာဓာတ်စု ပေါ်အောင်ရှု'**။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ **'အသံ'** ထဲမှာ အသံက ဥပါဒါရုပ်၊ **'အသံ'** က ဘာရုပ်တုံး (ဥပါဒါရုပ်ပါဘုရား)။ **'နား'** ကလည်း ဘာရုပ်တုံး (ဥပါဒါရုပ်ပါဘုရား)၊ **'ဥပါဒါရုပ်အဆက်အသွယ်လုပ် တစ်မုဟုတ် ဝိညာဏ် ဖြစ်သတည်း'**၊ အဲ သူက နေရာတိုင်းပါတယ်၊ နားကလည်း **'ဥပါဒါရုပ်'** ပဲ၊ အသံကလည်း **'ဥပါဒါရုပ်'** ပဲ။

**နားက နိဿယပစ္စည်း**

နားထဲမှာ လက်စွပ်ကွင်းကြီးလိုမာတဲ့နေရာက ပထဝီ၊ တေဇော၊ ဝါယော၊ အဲဒီ အမွေးလေးတွေကလည်း ပထဝီ၊ တေဇော၊ ဝါယောတဲ့၊ သူက **'လေ'** ထဲမှာကိုပဲ ခတ်ရှစ်ပါးရှိတယ်၊ **'လေ'** ထဲမှာ အသံရှိတယ်၊ **'နား'** က ကြားတာနော်၊ အသံရှိမှ **'နား'** က ကြားတာနော်၊ **'လေ'** ထဲမှာ **'အသံ'**၊ ဒီ **'အသံ'** ကနေ တစ်ခါတည်း လှိုင်းလိုသွားတယ်၊ လှိုင်းနဲ့ သွားပြီးတော့၊ **'အသံ'** ဆိုတာ **'ရုပ်'** ဆိုတော့ တုန်ခါတတ်တဲ့သဘောရှိတယ်၊ အဲ တုန်ခါတတ်တယ်ဆိုတာ မြတ်စွာဘုရားဟောသလိုဆို **'နား'**က **'နိဿယ- မှီရာ'**၊ **'နိဿယပစ္စယေန ပစ္စယော'** တဲ့၊ ဟိုက တုံ့ပြန်လိုက်တာ တစ်ခါတည်း ပဲ့တင်သံကြီးလို ဖြစ်သွားတယ်။

ဒုံဆိုပြီးတော့ ကြေးစည်ကြီးသွားခေါက်ပါလား၊ ခေါင်းလောင်းကြီး သွားထိုးလိုက်တော့ ဟိုကအသံက တုံ့ပြန်လာတယ်၊ နင်တို့ **'နား'**နဲ့ ဒီက **'အသံ'**ကလည်း မျက်စိနဲ့ မြင်ရတာ မဟုတ်ဘူး၊ **'လေ'** ပဲ၊ အဲဒါ ဟိုသွားတိုးလိုက်တော့ ဒိန်ဆို ခေါင်းလောင်းကြီး သွားထိုးလိုက်တော့ ဒိန်ဆိုထွက်လာသလို မင်းတို့ **'နား'** ထဲကဟာက ဒီက **'လေ'** နဲ့ သွားတိုးလိုက်တော့ ဒိန်ဆို ထွက်သွားတာ၊ ဒီကမုန်းစရာတွေ ချစ်စရာတွေများပြောလိုက်မယ်ဆိုရင်ဟာ တစ်ကိုယ်လုံးကို တုန်ခါပြီးတော့ အဲ တုန်ခါသွားတယ်၊ ကြေးစည်ကြီးက တုန်မသွားဘူးလား (တုန်သွားပါတယ်ဘုရား)၊ အဲဒါ **'မဟာဘုတ်'** တွေ ဆက် ဆက် ပြီးတော့ ကြေးစည်ကြီးတုန်ခါသွားသလို တစ်ခါ တည်း ချစ်စိတ်တွေ မုန်းစိတ်တွေ ပေါ်သွားတယ်၊ အဲ အဲ အဲလို သိလို့ရှိရင် ချစ်စိတ်တွေ မုန်းစိတ်တွေမပေါ်ဘူး၊ မပေါ်ရင် နိဗ္ဗာန်ရောက်သွားရော၊ အလွန်ကောင်းတဲ့တရားကို ကောင်းမှန်းလည်းမသိ ဆိုးမှန်းလည်းမသိ၊ **'အရိပ်အရောင်'** အဲဒီဟာကျတော့ မပြတ်ရဘူး။

**အရိပ်အရောင် အမှောင် သံ လေ**

**'အရိပ်အရောင်၊ အမှောင် သံ လေ၊ နေနှင့်အနံ့'**၊ ဟော အနံ့ထဲမှာလည်း ခတ်ရှစ်ခု ပါတယ်၊ ကိုင်း နှာခေါင်းနဲ့နံတော့ ပန်းလေး နံလိုက်တယ်၊ ငါးပိလေး နံလိုက်တယ်၊ ဟင်းချက်

www.burmeseclassic.com

www.burmeseclassic.com



စော်လေး မွှေးလိုက်တယ်၊ ခုန ဒကာမကြီး လမ်းကြောင်းသွားတော့ ကြက်သားလေးကြော် နေတာ၊ မွှေးလာလိုက်တာနဲ့ ဟာအရှင်ဘုရား အမှတ်ရလိုက်တာဆိုပြီးတော့ ကြက်သားကြော် လေးဝယ်လာတယ်။ အဲ အနံ့ထဲက အဲလိုဟာမျိုးဖြစ်သွားတယ်၊ အနံ့က တစ်ခါတည်း စားချင်လာတယ်၊ ဟုတ်ကဲ့လား ဟို ငါးကလေးငယ်တာလေး ငါးကလေးငယ်တာလေးကို နောက်ကျောကလေးကို ငါးမျှားချိတ်ကလေးနဲ့ ချိတ်ထားတယ်၊ ဟို ဝေးဝေးကြီး သွားမချိတ်ရဘူး၊ နည်းနည်း ဟို အဖျားလေးချိတ်ရတယ်၊ ဟာ ချိတ်တော့ ငါးကလေးက လှုပ်လှုပ်နဲ့ရေထဲ ကူးနေတယ်၊ အဲဒါ ငါးကြီးကနေပြီးတော့ တစ်ခါတည်း စားချင်လာတယ်။

**'စားချင်ရုံသာ စားချင်ပါ မစားလိုက်ပါနဲ့၊ အဝိဇ္ဇာကြောင့်သာ စားချင်တာ ဝိဇ္ဇာမစားချင်'။**

အဲ အဲ နေရာတိုင်းရတာပဲ၊ အဲဒီငါးကြီးက တစ်ခါတည်း သွားဟပ်လိုက်ကရော၊ အဲဒီနောက်ဟပ်လိုက်တော့ တစ်ခါတည်း သူ့အာခေါင်ထဲ ငါးမျှားချိတ်ကြီးကချိတ်တော့ သူက အနိစ္စ၊ ဒုက္ခမရောက်ဘူးလား (ရောက်ပါတယ်ဘုရား)၊ အဲဒါ ဘာပြုလို့ရောက်တုံး၊ စားချင်လို့ ပေ့ါ၊ စားချင်တာကဘာတုံး (တဏှာပါဘုရား)၊ အဲ နင်တို့တော့ အဲသလို စားချင်ရင် အဲသလို ဖြစ်တတ်တယ်၊ ဘာကြောင့် စားချင်တုံး၊ အစာလို့သိတာ၊ ငါးလို့သိတာ၊ 'အစာ' ကို 'သတ္တဝါ' လို့သိတာ၊ 'ဩဇာ' ကို 'အစာ' ခေါ်တယ်။

**'ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ'**၊ ဟော နင်တို့ ချစ်တာ ကြိုက်တာတွေက အဲဒါ **'ဝဏ္ဏ'** ကလာတာ၊ ဟိုငါးကလေးကို စားချင်တာကလေးကလည်း၊ အဲဒီ အရသာလေးက စားချင်တာ၊ အဲဒါနဲ့ အတူတူပဲ၊ **'ဝဏ္ဏ၊ ဂန္ဓ'**၊ ခုနတုန်းက ကြက်သားနဲ့ ကလေး သူများအိမ်က ဟင်းချက်စော်ကလေးများ မွှေးရင် အလွန်စားချင်တာ။

ဟို မစ္ဆရိယကောသိယသူဌေးကြီး အဲဒီမုန့်ဆီကြော်ကို သူများအိမ် အလည်သွားတော့ စားချင်တာ၊ အဲ စားချင်တာနဲ့၊ ဟို တစ်ခါတည်း သူ နှမျောတာနဲ့၊ အဲလိုနေတော့ သူပိန်ချုံး ပြီးတော့ 'ဘာပြုလို့တုံး ဘာပြုလို့တုံး နေမကောင်းလို့လား' ဒီလိုမေးတော့ 'ငါ ချင်ခြင်းတတ်နေ တာက မုန့်ဆီကြော်စားချင်တယ်'၊ 'မုန့်ဆီကြော်စားချင်တာ ဘာခက်တုံး ဘယ်နှစ်တောင်း ကြော်ပေးရမလဲ'၊ 'အမလေး နင် သူဌေးမ ဖြစ်တာသိပါတယ်၊ အဲဒီလောက်ကြီးမလုပ်ပါနဲ့'၊ 'ဒီလိုဆိုရင် တစ်ရပ်ကွက်လုံး စားလောက်အောင်'၊ 'ဟာ ဒီလိုလည်းမဟုတ်ဘူး'၊

'ဒါဖြင့် တစ်အိမ် သားလုံးစားဖို့ မုန့်ဆီကြော်လေး ကြော်မယ်ဆိုတော့'၊ 'ဟာ မလုပ်ပါနဲ့ နင် သူဌေးမမှန်း သိကြ ပါတယ်'။ 'ဒါဖြင့် ရှင်နဲ့ ကျွန်မနဲ့ နှစ်ယောက်တည်း စားဖို့ကြော်မယ်' ဆိုတော့ 'ဟာ နင်လည်း မစားချင်ပါနဲ့'တဲ့၊ အဲဒီ အဲဒီသူဌေးကြီးက အဲလိုဟာတွေလည်းရှိတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်ထုပ်က အဲဒီ ဇာတ်ထုပ်အမျိုးမျိုးသိရတယ်။ အဲဒါကို ဇေတဝန်ကျောင်းတော်မှာနေတဲ့ မြတ်စွာဘုရားက အဝေးကြီးကနေပြီး သိတယ်၊ 'မောဂ္ဂလာန်' တဲ့၊ 'ငါ ဒီနေ့ ဆွမ်းခံမထွက်ဘူးတဲ့'၊ ရဟန်းငါးရာနှင့်တကွ ဆွမ်းခံ မထွက်ဘူးဆိုတော့ ရှင်မဟာမောဂ္ဂလာန်က 'မြတ်စွာဘုရား ဘာပြုလို့ ဘယ်ဟာကို ရည်ပြီးတော့ မိန့်ပါလိမ့်မတုံး' ဆိုတော့ အဲ ရှင်မဟာမောဂ္ဂလာန်ကလည်း သိတယ်၊ သြော် ဒီဒကာကြီးက ဘုံခုနစ်ဆင့်မှာ သွားပြီးတော့ ဒယ်အိုးကလေးရယ်၊ သူစားလောက်ရုံ မုန့်အဖြူနဲ့ ထန်းလျက်အိုးလေးရယ် ထောပတ်ကလေးရယ်ပေါ့လေ။

မုန့်ဆီကြော်၊ ခု တို့စားတဲ့ မုန့်ဆီကြော်မျိုးပေါ့၊ အဲ ဟိုပေါ်မှာ သွားကြော်မလို့ တစ်ခါတည်း လှေကားကြီးတွေနဲ့တက်ပြီး လင်မယားနှစ်ယောက်တည်း မီးဖိုလေးနဲ့ တက်သွားတယ်၊ မီးဖိုလေးကို ဒကာကြီးက မ တယ်၊ ဒကာမကြီး က ဆီကြော်ဖို့ဟာလေး မ တယ်၊ နှစ်ယောက်တည်းတက်သွားပြီး မုန့်ဆီကြော် ကြော်နေတာ၊ တစ်ခါတည်း ရှင်မဟာမောဂ္ဂလာန်က သြော် မြတ်စွာဘုရား ဒါ မြင်လို့ပြောတာကိုး၊ အဲလို သိတဲ့ လူချင်းကျတော့ ပြဿနာက အလွန်ရှင်းတာ၊ အဲ နင်တို့ကျတော့ **'အရိပ်အရောင် အမှောင် သံ လေ'** မှန်းလည်း မသိတော့ ရာဂတွေချည်း ဖြစ်ဖြစ်နေတာ၊ ဒီတော့ **'အရိပ် အရောင် အမှောင် သံ လေ'** လေးကို ဆိုဆိုပေးဒါပဲရှိတယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။

**အဝိဇ္ဇာကြောင့်သာ စားချင်တာ ဝိဇ္ဇာမစားချင်**

**ဥပါဒါရုပ် အဆက်အသွယ်လုပ် တစ်မုဟုတ် ဝိညာဏ်ဖြစ်သတည်း။** အဲ အဲဒီက စားချင်တာက ဘယ်သူတုံး--- လျှာ --- ဟုတ်လား။ **'စားချင်ရုံသာ စားချင်ပါ မစားလိုက်ပါနဲ့၊ အဝိဇ္ဇာကြောင့်သာ စားချင်တာ ဝိဇ္ဇာမစားချင်'။**

ကဲ စားလိုက်တော့ ဝါးလိုက်တော့ လျှာထဲ ကောင်းသလား၊ ထွေးကြည့်လိုက်တော့လည်း တကယ့်ကြက်သားကြီးတွေ အကောင်းစားကြီးတွေ ဝါးပြီးတော့လည်း မကောင်းဘူး၊ အဲဒါ **'အရိပ်အရောင်'**လေးကို မှတ်ထား၊ မင်းတို့ ရွှေလမှာ အရိပ်အရောင်ပြတယ် ဖိုးလနတ်သား၊ **'အရိပ်အရောင်'** ဆိုတာ အဲလို **'ဥပါဒါရုပ်တွေ'**က ပြတာ - **'ဥပါဒါရုပ်'**၊ အဲဒီ မုန့်ဆီကြော်ကြီး ရှင်မဟာမောဂ္ဂလာန်က တစ်ခါတည်း ပြူတင်းပေါက်က သွားပြီးရပ်တာ၊ ဆွမ်းရပ်တယ်၊ တစ်ခါတည်း ကြော်ပြီဆိုတော့ အဲ ဆွမ်းရပ်တဲ့ အရှင်မဟာမောဂ္ဂလာန်ကိုလည်းမြင်ရော တစ်ခါတည်း 'မုန့်ကလေးငယ်ငယ်လေး လုပ်ပါဟ အကြီးကြီး မလုပ်ပါနဲ့၊ ချ တစ်စက်ကလေးချ တစ်ခါတည်း ဒီလောက်ကလေးကို လှူလိုက်ရင် သူပြန်သွားရင် အေးသွားရော၊ သို့မှ မလှူရင်

www.burmeseclassic.com

www.burmeseclassic.com



ပြန်မှာမဟုတ်ဘူး’၊ ဒကာကြီးက ပြောတာ။

ဒါနဲ့ မုန့်စက်ကလေးချလိုက်တော့ မုန့်ကြီးက အကြီးကြီးဖြစ်သွားတယ်၊ ဒယ်အိုးကြီးလောက် အကြီးကြီးဖြစ်သွားရော၊ ‘ဟ ဒါကြီးက ကြီးလွန်းတယ်၊ ယူထားအုံး ယူထားအုံး၊ နောက်တစ်ခါ ဒို့ထက်ငယ်ငယ်’ ဒကာမကြီးလုပ်လို့ကတော့ အငယ်လေးမရဘူး၊ ‘ပေးစမ်းနင်က မလုပ်တတ်လို့ ငါလုပ်စမ်းမယ်’ ဆိုတော့ သူကလည်း သူလုပ်မယ် ကြံတော့ တစ်စက်ကလေးချလိုက်တာ မုန့်ကြီးက တစ်ခါတည်း ဧရာမအကြီးကြီး ဖြစ်သွားပြန်တာပဲ၊ တစ်ခါမုန့်ကြီးက တောင်းထဲမှာ ကပ်နေတာ၊ အဲဒါခွာတော့ ခွာလို့မရဘူး၊ တစ်ခါတည်း မောနေတာ။

## ကသိုဏ်းတွေကို အလွန်ရေလည်ရတယ်

ဒီကလည်း ရှင်မောဂ္ဂလာန်က မီးခိုးတွေ လွှတ်ထားလိုက်တာ မီးခိုးတွေနဲ့ဆိုတော့ တစ်ခါတည်း မျက်ရည်တွေလည်း ရွှဲလို့ စားချင်စိတ်တွေ ပျောက်သွားတယ်တဲ့၊ အဲဒီ ဒကာကြီးစားချင်စိတ်တွေ ပျောက်သွားတော့ သူတို့ တစ်ခါတည်း အဲဒီမုန့်ကြီးကလည်း ခွာလို့မရဘူး၊ ဒီတော့မှ ရှင်မဟာမောဂ္ဂလာန်က တရားဟောတာကိုး၊ အဲ အဲသလို တရားကလည်း **‘ဒါနံသဂ္ဂသသောပါနံ’** ပေါ့၊ လှူရတာ အလွန်အကျိုးကြီးတဲ့ အကြောင်း။

အဲ အဲဒီမုန့်တောင်းကြီးလည်း သူတို့ မ မနိုင်ဘူး မုန့်တွေက အများကြီးဖြစ်နေပြီ၊ အဲအဲဒါ ‘ငါဘုဉ်းပေးဘို့ အလှူခံလာတာမဟုတ်ဘူး၊ မြတ်စွာဘုရား ဇေတဝန် ကျောင်းတော်မှာရှိတယ်၊ အဲ အဲဒါ မြတ်စွာဘုရားက ဒီနေ့ ဆွမ်းခံမထွက်ဘူး၊ မြတ်စွာဘုရားလှူဖို့ အလှူခံလာတာ၊ သင်တို့ ကျောင်းကိုလိုက်ခဲ့ပါ’ လို့ သူက ပြောတဲ့အခါ ‘ ဟာ ကျောင်းကဝေးတယ်ဘုရား’ ၊ ‘ဟာ ဝေးပေမယ်လို့ လှေကားအဆင်း ရောက်လိမ့်မယ်လို့ပဲ မှတ်ထား တစ်ခါတည်းလိုက်ခဲ့’ ဆိုတော့ တစ်ခါတည်း လိုက်သွားတော့ တန်ခိုးနဲ့ခေါ်လိုက်တာ၊ အဲဒါက မြေကြောရှုံ့လိုက်တာလို့ခေါ်တယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။

အဝေးကြီးက အနီးဖြစ်အောင် လုပ်နိုင်တယ်၊ မဟုတ်ဘူးလား (တင်ပါ့ဘုရား)၊ ဟောဒီမြေကြီးကို ရေဖြစ်အောင် လုပ်နိုင်တယ် **‘အာပေါ ကသိုဏ်း’** ဝင်စားရတယ်၊ **‘ကသိဏာဂ္ဂါဒိုင်က’** ခေါ်တယ်၊ ကသိုဏ်းတွေကို အလွန် ရေလည်ရတယ်၊ ဟို ကိုရင်လေး တစ်ခါတည်း တာဝတိံသာကို ရောက်သွားတော့၊ နတ်သမီးတွေက ပြောင်ကြ လှောင်ကြတယ်။ ‘ဟယ် ကိုရင်လေးကလည်းခေါင်းမှာ ဒက်တွေ ဘာတွေနဲ့’ ကိုရင်ကလေးက တစ်ခါတည်း ဟို ပိသုကာပေါ့၊ ထိပ်ဖူးကြီးကိုဒီလိုခတ်တာ မရဘူး၊ ပေး မရလေ အောက်က နတ်သမီးလေး တွေက အော်လေပဲ၊ ညာလေပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ရှက်ပြီး သူ့ဆရာဆီ ပြန်လာပြီး 'တပည့်တော် ဒီလို လုပ်လို့မရဘူး' ဒီလိုလျှောက်တော့ 'ဟာ မင်း'ဆိုပြီး နွားချေးခဲကလေး ရေထဲချပေးလိုက်တာ၊ 'ဟာ သိပြီဘုရားလို့' ဆိုပြီး တစ်ခါတည်း အဲဒီနားရှိသမျှကို 'ရေလို့' ဖန်ဆင်းလိုက်တယ်။ 'ရေလို့' ဆိုလိုက်ရင် ရေဖြစ်သွားတယ်၊ ဒီလို၊ **'ဝိကုဗ္ဗနိဒ္ဓိ'** ခေါ်တယ်။

အဲဒါ တစ်ခုတည်းက တစ်ရာ တစ်ထောင် ဖန်ဆင်းနိုင်တယ်၊ စစ်တပ်ကြီး ဖန်ဆင်းနိုင်တယ်၊ အဲဒါ **'မနော'**၊ **'မနော'** ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ တစ်ထောင်ကြီးက တစ်ခုတည်း ဖြစ်အောင် ဖန်ဆင်းနိုင်တယ်၊ ဟိုက လက်ပစ်ဗုံးတွေ ဘာတွေ ကျည်ဆံတွေ ဘယ်လောက်လာလာ 'သဲမှုန့်ဆို' သဲမှုန့်ဖြစ်သွားတယ်၊ ဒီမရောက်ရဘူးဆို မရောက်ရဘူး၊ မြတ်စွာဘုရား ကြည့်ပါ့ပါလား ဟို 'နန္ဒောပနန္ဒ' တို့၊ 'အာဠာဝက'တို့နဲ့ တိုက်တာတွေဟာ အဲလို ဈာန်နဲ့ သူတို့က လက်နက်နဲ့၊ သည်က ဈာန်နဲ့ အဲလို လွှတ်လိုက်လို့ရှိရင် ဒီအဝတ္ထုတွေလည်း 'ရေ' ဖြစ်ဆို အဏုမြူတွေက 'ရေ' ဖြစ်သွားတယ်၊ အဲဒီ ဟိုကချနေတဲ့ အချိန်နဲ့ ဂျပန်မှာ၊ ဝင်းကနဲဆိုပြီးတော့ တစ်ခါတည်း လူတွေဘာတွေ ပျောက်သွားတာ၊ ပြာတွေ ဖြစ်ကုန်ရော၊ ရေထဲထည့်စိမ်လည်း မရဘူး၊ အသားတွေ အကုန်ပဲ့ကုန်တာ၊ အဏုမြူဆိုတာ ရောင်ခြည်ပဲ။ **'အရိပ်အရောင် အမှောင်သံလေ နေနှင့်အနံ့ နူးညံ့လှစွာ ရုပ်တို့မှာ ရှစ်ဖြာဓာတ်စု ပေါ်အောင်ရှု'။**

**သမုဒယပယ်ရင် နိဗ္ဗာန်ရောက်တယ်**

**ဥပါဒါရုပ် အဆက်အသွယ်လုပ် တစ်မုဟုတ် ဝိညာဏ်ဖြစ်သတည်း။**

ဟိုက**'နား'** နဲ့၊ ဒီက**'အသံ'** နဲ့လုပ်တဲ့အခါကျတော့ အဲဒါ အသံကလည်း **'ဥပါဒါရုပ်'** နားကလည်း **'ဥပါဒါရုပ်'**၊ အဲဒီလို နှစ်ခုလုပ်တဲ့အခါကျတော့ ကြားတာကြီး ဖြစ်သွားတယ်။ **ဥပါဒါရုပ် အဆက်အသွယ်လုပ် တစ်မုဟုတ် ဝိညာဏ်ဖြစ်သတည်း။ ဝိညာဏ်ဖြစ်ရာ ခန္ဓာမှာ ဥပါဒါနက္ခန္ဓာ ခေါ်သတည်း။ ဒုက္ခသစ္စာ ဖြစ်သတည်း။**

အဲ အဲဒါတွေ **'ဒုက္ခသစ္စာ'** ဖြစ်ပြီးတော့ လိုချင်တာ မရှိတော့ဘူး၊ ဟုတ်ကဲ့လား၊ အဲ လိုချင်တာမရှိတော့ **'သမုဒယ'** ပယ်လိုက်တယ်၊ တစ်ခါတည်း အဲဒီနေရာ **'နိဗ္ဗာန်'** ရောက်သွားတာပဲ၊ **'လူတွေ'**ဆိုတဲ့ **'သညာ'** ကို ပယ်မှုဖြစ်သတည်း။ ကဲ --- တော်ကြတော့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



## “ မပြုပြင် မစီရင်ရတာ နိဗ္ဗာန် တရားတော် ”

၂. ၁၂. ၂၀၀၆

### အကြောင်းနှင့်တကွ ဖြစ်တဲ့အကျိုး

**‘သပစ္စယ’** ဆိုတာက အကြောင်းနဲ့တကွဖြစ်တဲ့ အကျိုးပေ့ါ၊ သူ့သဒ္ဒါနက်ပေ့ါ၊ အကြောင်းနှင့်တကွဖြစ်တဲ့ အကျိုး၊ သူလည်း **‘စိတ် စေတသိက် ရုပ်’**ပါပဲ၊ သူကြားတယ်၊ ကြားတာဟာ ဒီက **‘အသံနဲ့နား’** ကြောင့်၊ နားက ပသာဒရုပ်၊ အသံကလည်း အကြောင်း အဲဒါကြောင့် ကြားတာဖြစ်တယ်၊ **‘သပစ္စယ -** အကြောင်းနှင့်တကွဖြစ်တဲ့အကျိုး**’** ရတယ်၊ **‘သဒ္ဒ’** အသံရော ရတယ်၊ **‘သောတ’** နားရောရတယ်၊ **‘သောတဝိညာဏ်’**ဆိုတဲ့ သုံးခုလည်း ရတယ်။ အဲဒီလို **‘သပစ္စယ’** လို့ဆိုလိုက်ရင် **‘သပစ္စယ’** ဆိုတာ **‘အကြောင်းနှင့်တကွဖြစ်တဲ့ အကျိုး’**၊ အဲ အဲဒါ ယူရတာ။

မျက်စိရော ဒီလိုပဲ၊ မျက်စိရယ်၊ အဆင်းရယ်၊ မြင်တာရယ်၊ **‘အကြောင်း’** က အဆင်းနဲ့ မျက်စိအကြည် ဟော စက္ခုအကြည် ကိုယ်နိုင်သလောက် လုပ်ရတယ်။ အလင်းဖြင့် အလင်း၊ အာကာသဆို အာကာသ၊ မြင်တာလည်း ဒီလိုပဲ **‘အကြောင်းနှင့်တကွ ဖြစ်တဲ့အကျိုး’** ရတယ်၊ အကြောင်းနဲ့ အကြောင်းအကျိုးလို့ဆိုတော့ ဟော သိပြီးသားလူကတော့ ရှုလို့ ရတယ်၊ အကြောင်းအကျိုးလို့၊ ‘အကြောင်းနှင့်တကွ ဖြစ်တဲ့အကျိုး’ ကို အဲဒါ **‘တဒ္ဒ’** ခေါ်တယ်။ **‘ပစ္စယေနသဟ -** ပစ္စယေနအကြောင်းနှင့်၊ **သဟ -** တကွ’ ဆိုတာ အကြောင်းရော ပါတယ်၊ လူနှစ်ယောက်လာနေသလိုပေ့ါ၊ အကြောင်းလည်းပါတယ်၊ အကျိုးရောပါတယ်၊ ‘အကြောင်း ရော အကျိုးရော လာကြတယ်ဟေ့’ ဒီလိုပေ့ါ၊ အကြောင်းနှင့်တကွ ဖြစ်တဲ့အကျိုး။

### အဝိဇ္ဇာဖြစ်တာ ပညတ်အာရုံကြောင့်

**‘မနော’**လည်း ဒီလိုပဲ၊ **‘မနောနဲ့ဓမ္မ’**၊ ဓမ္မာရုံကို၊ **‘ပညတ်နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန် ဓမ္မာရုံ’**၊ ဟော မနောကျတော့ ပညတ်၊ နိဗ္ဗာန်မဟုတ်ရင် ပညတ်၊ ပညတ်ထင်ရင် ကိလေသာ တွေ ဘာတွေ ပါလာတယ်။ ပညတ်က နာမည်တို့ သဏ္ဌာန်တို့၊ အဲဒါ **‘မနောပညတ်’**၊ **‘အာရုံပညတ်’**။

**‘အာရုံပညတ် ထိုနှစ်ရပ် အဝိဇ္ဇာဖြစ်ကြောင်းမှတ်’**၊ **‘အဝိဇ္ဇာ’** ဖြစ်တာ အာရုံကြောင့်၊ **‘အာရုံ’** က **‘ပညတ်အာရုံ’** ဖြစ်နေတာ၊ ပညတ် ဆိုတာ လူတွေ၊ နာမည်တွေ၊ သဏ္ဌာန်တွေ၊ အလုပ်အကိုင်တွေပေ့ါ၊ အဲ အဲဒါ ပညတ်၊ **‘ပညတ်နဲ့ မနော’**နဲ့၊ ပညတ်နဲ့ မနောနဲ့က **‘အကြောင်း’**၊ ပြီးတော့ **‘မနောဝိညာဏ်’** ဆိုတော့ စိတ် ဖြစ်သွားတယ်၊ အဲဒီမနောက ဘာတုံးဘုရားဆိုတော့မှ

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြင်တာ၊ **'ဆင်ခြင်စိတ် ဘဝင်စိတ် ထိုနှစ်စိတ် မှတ်ပိမ့် မနောဖြစ်သတည်း'**။

**အဝိဇ္ဇာဖြစ်ရင် သင်္ခါရဖြစ်ပြီ**

အဲဒီ **'မနော'** က ဆင်ခြင်လိုက်တာ၊ မနောနဲ့ ပညတ်နဲ့၊ **'ပညတ်'** က အာရုံ၊ မနောက မျက်စိလိုပဲ၊ ဝမ်းထဲက ဆင်ခြင်တဲ့ဟာ **'အာရုံပညတ်'** လို့လည်းရတယ်၊ အဲ **'ပညတ်'** ဆိုရင် သူက အဝိဇ္ဇာဖြစ်ပြီ၊ **'အဝိဇ္ဇာ'** ဖြစ်လို့ရှိရင် သင်္ခါရတွေဖြစ်တာပေါ့။ အဲဒီလို ဖြစ်နေလို့ရှိရင် ကြားနေလို့ရှိရင် **'သောတအလျဉ်'** လို့ခေါ်တယ်။ အဲဒါ **'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'** လို့ ဆိုလိုက်ရင် ရပ်သွားတယ်၊ တစ်လုံးတည်းဆိုရတယ်။ **'အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော'** ဆိုတော့ ပညတ် ပါလို့ ရှိရင် အဝိဇ္ဇာပါတယ်။ **'အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော'**ဆိုတာ ပညတ်မှန်းသိတော့ ဟော ရပ်သွားတယ်။

**မနော ပရမတ်၊ စိတ်ဓာတ် မဂ္ဂင် နိဗ္ဗာန်ဝင်။**
**မနော ပညတ်၊ စိတ်ဓာတ် ဝိညာဏ် သံယောဇဉ်။**
**မနော ပညတ်၊ စိတ်ဓာတ် ဝိညာဏ် ဆုံလျှင် ဖဿဖြစ်သတည်း။**

**'မနောနဲ့ ပညတ်'** ဂရုစိုက်ရတယ်၊ **'ပညတ် နိဗ္ဗာန် ထိုနှစ်တန်'** လို့ဆိုတော့ ပညတ် မဟုတ်ဘူးဆိုလို့ရှိရင် အဲလို နိရောဓဖြစ်သွားလို့ရှိရင် ပညတ်တွေ ချုပ်သွားလို့ရှိရင် အဲ အဲဒါ နိရောဓ၊ **'ပညတ်မရှိဘူး'** ဆိုရင် **'အသင်္ခတနိဗ္ဗာန်'**၊ **'ပညတ်မပါတဲ့ စိတ်'** ဆိုရင် **'သင်္ခတ'**၊ **'ပညတ်'** ပါရင် နာမည်ပါတော့ အဲဒါ **'စေတသိက်'** လို့ခေါ်တယ်။

**မနောနဲ့ ပညတ်တွဲရင် စိတ်ဆိုးသွားတယ်**

အဲ ပညတ်နဲ့ စိတ် စေတသိက်၊ ပညတ် စေတသိက် စိတ်၊ အဲ အဲဒါတွေ **'သပစ္စယ'** ခေါ်တယ်၊ **'အကြောင်းနှင့်တကွဖြစ်တဲ့အကျိုး'**၊ ဟော ရာဂတွေ ဒေါသတွေ ဖြစ်တယ်၊ စိတ်ဆိုးတယ်၊ ဟော အဲဒါ အကြောင်းနှင့်တကွဖြစ်တဲ့အကျိုး၊ **'မနောပညတ်'** ကြောင့် ဖြစ်တာ တွေဖြစ်တော့ စိတ်ဆိုးတာ၊ မနောနဲ့ ပညတ်နဲ့တွဲလို့ရှိရင် စိတ်ဆိုးသွားတယ်၊ ပညတ်က နာမည်တို့ သဏ္ဌာန်တို့၊ အဲ စိတ်ဆိုးတာနဲ့ အကြောင်းနှင့်တကွ ဖြစ်တဲ့အကျိုးကို အဲလို ယူရတယ်။

အဲဒါ **'သပစ္စယဓမ္မာ'** ဓမ္မာကျတော့ သတ္တဝါမဟုတ်ဘူးတဲ့၊ စိတ်တွေ စေတသိက်တွေ သင်္ခတတရားတွေပေါ့၊ အဲဒါ **'သပစ္စယာ'** အဲလို သွားတယ်။ **'သပစ္စယာ - အကြောင်းနှင့် တကွဖြစ်တဲ့အကျိုး'**၊ သူက သူ့သဒ္ဒါရဲ့အနက်က အဲဒီလို ခွဲတယ်၊ **'သင်္ခတ'**ကျတော့ သူက

www.burmeseclassic.com

www.burmeseclassic.com



**'သခ်ရောန္တီတိ သခ်တာ'** လို့ ဝိဂြိုဟ်ဆိုပြီး **'သခ်တ'**မှာ မူလက **'သံကရ'** ရှိတယ်။ အဲဒီမှာ 'က' ကို 'ခ' ပြုပြီးတော့ **'သခ်တ'**လို့ဖြစ်သွားတာ။ နောက်တစ်မျိုးကတော့။

**'သံဂမ္မ** - ပေါင်း၍၊ **ကတ** - ပြုပြင်စီရင်အပ်ကုန်၏။ **ကြတိတသ္မာ** - ထို့ကြောင့်၊ **သခ်တံ-** သခ်တ' တဲ့၊ သူက အနက်ကတော့ **'ပေါင်း၍ ပြုပြင်စီရင်အပ်တဲ့ဟာ'**၊ အာရုံနဲ့ စိတ်နဲ့ပေါင်း အဲ အဲဒီလို ပေါင်းမှ ပေါင်းမှ ပေါင်းတဲ့ဟာတွေက **'အဇ္ဈတ္တ'** နဲ့ **'ဗဟိဒ္ဓ'**နဲ့ပေါင်း၊ အဲ သခ်တမှာ **'သင်'** ကပေါင်းတာ၊ သခ်တမှာ **'သင်'** က- **'သံဂမ္မ'**အနက်၊ **'သံဂမ္မ'** ပေါင်း၍ စု၍ပေ့ါ၊ ပေါင်း၍စု၍ အဇ္ဈတ္တနဲ့ ဗဟိဒ္ဓနဲ့လည်းပေါင်းတယ်၊ စုတယ်။

ရွှေတိဂုံဘုရားကြီး ဟော အဲဒီဥစ္စာပေါင်းလိုက်တာ ဟောဒီစိတ်နဲ့ မနောနဲ့ ရွှေတိဂုံ ဘုရားကြီးနဲ့ ပေါင်းလိုက်တယ်၊ **'သံဂမ္မ'** - ပေါင်းပြီးတော့ ပြုပြင်စီရင်လိုက်တယ်၊ ရွှေတိဂုံ ဘုရားကြီးဟာ ဘယ်သူတည်သွားလဲ၊ ဘယ်နှစ်ခုနှစ်က တည်တယ်၊ မင်းအဆက်ဆက် ကိုးကွယ်ကြတယ်၊ အဲ အဲလို ဖြစ်သွားတယ်။ အဲ အဲ အဲဒါ သခ်တ၊ **'သခ်တတော'** ဆိုပြီးတော့ ကိုယ့်ကိုယ်ကို **'သခ်တ'**အားဖြင့်လည်း ရှုရတယ်၊ လူတွေ ယောကျ်ားတွေ မိန်းမတွေ မဟုတ်ဘူး၊ **'သခ်တ'** ပဲ ဒီလိုရှုရတယ်။

### ပေါင်းပြီးပြုပြင်စီရင်တာကို သခ်တခေါ်တယ်

အဲ အဲဒါ **'အဇ္ဈတ္တ'**၊ **'ဗဟိဒ္ဓ'**၊ **'အတိတ်'** ဟော အတိတ်ကဟာလေးတွေ အောက်မေ့ တယ် လေးတန်း၊ ငါးတန်းကဟာလေးတွေဖြစ်ဖြစ် ဟိုပြီးခဲ့တဲ့ဟာတွေကို အောက်မေ့တယ်၊ ဒီ **'အတိတ်နဲ့ မနောနဲ့'**ပေါင်းလိုက်တာ၊ သင်္ဂမ္မ ဆိုတာဖြစ်သွားတယ်၊ **'သင်္ကတ'** **'ကတ'** က ကကြီးကို ခကွေးပြုလိုက်တော့ **'သခ်တ'** ဖြစ်သွားတယ်၊ **'ကတ'** က ပြုပြင်စီရင်တာ၊ ပေါင်းပြီး တော့ အလုပ်လုပ်တယ်ပေ့ါ၊ ပြုပြင်စီရင်တယ်၊ ပြုပြင်စီရင်တယ်ဆိုတာ အတိတ်ကဟာလေး အမှတ်ရတယ်၊ ပေါင်းပြီးတော့ ပြုပြင်စီရင်လိုက်တာ။ **'အတိတ်'** က **'အာရုံ'**၊ ခုဟာက **'ပစ္စုပ္ပန်'** က **'မနော'**၊ အတိတ်နဲ့ မနောနဲ့၊ အတိတ်က အာရုံ၊ မနောက စိတ်ပေ့ါ၊ **'မနော'** လို့ပဲခေါ်တယ်၊ သူ့ကို မနောဝိညာဏ်လို့မခေါ်ဘူး။ **'မနောပညတ် စိတ်ဓာတ်ဝိညာဏ်'** ဟော ဒီလို မနောက။

**'ဘဝင်စိတ် ဆင်ခြင်စိတ် ထိုနှစ်စိတ် မှတ်ပိမ့် မနောဖြစ်သတည်း'၊** **'မနဉ္စ ပဋာနာတိ'**တဲ့၊ **'မနော'** သိရတယ်၊ အဲဒါတွေက ပေါင်းမှုဖြစ်တယ်၊ ခန္ဓာလည်း အတူတူပဲ၊ ပေါင်းတာကို **'ခန္ဓာ'**ခေါ်တယ်၊ ပေါင်းမှုဖြစ်တာကို ပေါင်းပြီးပြုပြင်စီရင်တာကို **'သခ်တ'**ခေါ်တယ်။ အဲ အဲဒီလို အဲဒီလို၊ **'သခ်တ'** ပေါင်းပြီးတော့ အလုပ်လုပ်တယ်၊ စီရင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### ကိလေသာမဖြစ်ရင် အသင်္ခတ ဖြစ်သွားတယ်

ခုနတုန်းက ရွှေတိဂုံဘုရားကြီးဖူးသလိုပေါ့၊ အဲဒါ **'သင်္ခတ'**၊ ခုလည်း အတိတ်ကဟာတွေ အောက်မေ့တယ်၊ အရောင်းအဝယ်တွေ အောက်မေ့တယ်၊ အဲဒါ**'သင်္ခတ'**။ ဘာလုပ်လုပ် **'သင်္ခတ'**၊ အကုသိုလ်လည်း **'သင်္ခတ'**ပဲ၊ ကုသိုလ်လည်း **'သင်္ခတ'**ပဲ။

သင်္ခတတော၊ မာရာမိသတော၊ **'မာရာမိသတော'** ဆိုတာ မာရ်မင်းရဲ့အစာဆိုတော့ အဲ ကိလေသာတွေ ဖြစ်တတ်တယ်။ အဲ **'သင်္ခတ'** ဆိုရင်၊ **'သင်္ခတ'** မို့လို့ ကိလေသာဖြစ်တာ၊ ကိလေသာမဖြစ်လို့ရှိရင် **'အသင်္ခတ'** ဖြစ်သွားတယ်။ ကိလေသာမဖြစ်ရင် ပညတ်မဖြစ်ဘူး၊ ပညတ်ဖြစ်ရင် ကိလေသာ ဖြစ်တယ်၊ အဲ ပညတ်ဆိုတာ နာမည်သဏ္ဌာန်ခေါ်တယ်၊ ဖြစ်ရင်လည်း **'သင်္ခတ'**လို့ ရှုရမယ်။

ကိလေသာရှိရင် **'မာရာမိသတော'** လို့ ရှုလိုက်တယ်။ မာရ်မင်းရဲ့ အစာခေါ်တယ်။ မာရ်မင်းဆိုတာ သေမင်း၊ **'ခန္ဓမာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ်၊ ဒေဝပုတ္တမာရ်၊ ကိလေသမာရ်'**၊ ဟော မာရ်ဆိုတာက သတ်တတ်တဲ့ဟာကို မာရ်ခေါ်တယ်။ အဲ **'မာရ'**၊ **'မာရ'** ကို **'မရပါဏစာဂေ၊ မရတီတိ မရဏံ'**၊ သတ်တတ်တာ၊ **'မရဏ'** ဆိုတာသတ်တတ်တာ၊ သေသွားတယ်၊ သတ်တတ်တာ **'မရဏ'** ခေါ်တယ်၊ အဲဒါသေခြင်း၊ သတ်လို့ သေသွားတယ်၊ သတ်တာကလည်း စိတ်စေတသိက်ပဲ၊ သေတာကလည်း စိတ် စေတသိက်ပါပဲ။ ဟော လူကြီး--လူကြီးဆိုတော့ ပညတ်ဖြစ်သွားတယ်၊ လူကြီးသေသွားတော့ ငိုသွားတယ်၊ သောကတွေဖြစ်သွားတယ်၊ **'သင်္ခတ'** သေတယ်ဆိုတော့ မငိုဘူး သင်္ခတမှန်းသိတယ်၊ ဩော် သင်္ခတဆိုတာ ဒီလိုပါလား၊ ဒီလိုပဲ ဖြစ်တတ်တယ်လို့သိတာ၊ အဲဒီလို မှတ်ထား။ အနာဂါမ်တွေ ရဟန္တာတွေတို့ကျတော့ မငိုဘူး၊ သောတာပန် ရှင်အာနန္ဒာကျတော့ ငိုတယ်။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော့ သူဘယ်သူ့ကို လုပ်ကျွေးရပါမတုံး၊ အဲဒါ အတိတ်တွေပေါ့။

### ဟုတွာ အဘာဝတော အနိစ္စံ

ဟို ဟို အပြင်ဘက်က အာရုံတွေနဲ့ မပေါင်းနဲ့။ ထွက်လေ ဝင်လေဖြစ်ဖြစ်လုပ်၊ သွားတယ် လာတယ်ဖြစ်ဖြစ်လုပ်၊ ဝေဒနာဖြစ်ဖြစ်လုပ်၊ **'အနုပဿနာတွေ'**ပေါ့၊ **'အနုပဿနာ'** ဆိုတာက မမြဲဘူးလို့ ရှုတဲ့ဟာမျိုးကို **'အနုပဿနာ'** လို့ ခေါ်တယ်။ **'သင်္ခတ'** ဆိုရင်လည်း မမြဲဘူးဟော မမြဲဘူး၊ မမြဲဘူးဆိုတာက **'ဟုတွာ အဘာဝတော အနိစ္စံ'**၊ **'ဟုတွာ'** ဖြစ်ပြီးရင် မရှိတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



**'အဘာဝ'** ဖြစ်သွားတယ်။ ဟို ဘုရားကြီးအာရုံပြုတယ်၊ ဟိုဘုရားကြီးဆီ ရောက်သွားတယ်၊ ဘုရားကြီးမဟုတ်ဘဲ အိမ်ပြန်ရောက်ဆို ဟော အိမ်ပြန်ရောက်ပြန်ပြီ၊ အဲဒီတော့ အာရုံပြုတာတွေရော စိတ်တွေရောမမြဲဘူး၊ အဲ **'သင်္ခတ'** ကမမြဲဘူး။ အဲဒီ **'သင်္ခတ'** ကျော်သွားတယ်၊ ကျော်လွန်တယ်ခေါ်တယ် **'သင်္ခတာ တီတော'** တဲ့။

**'သစေသင်္ခတာတီတော ဘဝိဿတိ'** တဲ့။ တကယ်လို့ **'သင်္ခတ'**ကို ကျော်သွားသည် ဖြစ်အံ့၊ အဲ ပွားနေရင်းမတ်တတ်၊ လောကကြီးမေ့သွားတယ်။ လောကကြီးမဖြစ်တော့ဘူး၊ သင်္ခတမဖြစ်တော့ဘူး၊ **'သင်္ခတ'**က ပေါင်းစုပြီးတော့ ဖြစ်တာကို အဲဒါ ဉာဏ်တော်တော်ကောင်းမှ သင်္ခတပေါင်းစုတယ်၊ ပေါင်းစုတယ် သူက သင်္ခတ၊ သင်္ခတလို့ဆိုရတယ်။ **'သင်္ခတတော'** လို့ **'တောလေးဆယ်'** မှာပါတယ်။

ဒါ --- ဒါ **'လူတွေ'** မဟုတ်ဘူး၊ **'သင်္ခတ'** ပေါင်းစုလို့ ဖြစ်နေတဲ့ဟာတွေ အောက်ဆီဂျင်နဲ့ ဟိုက်ဒရိုဂျင်နဲ့ပေါင်းတော့ ဘာတွေဖြစ်တုံး၊ အဲ ရေတွေဖြစ်သလို အဲ ပေါင်းစုပြီးမှ ဖြစ်တဲ့ဟာမျိုး၊ အဲဒီ ရေတွေ သမုဒ္ဒရာတွေလည်း **'သင်္ခတ'**ပဲ၊ မီးလည်း ထင်းနဲ့ ထင်းအဆီနဲ့ပေါင်းလို့ မီးဖြစ်သွားတာပဲ၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ အဲ ပေါင်းရင် **'သင်္ခတ'** ဖြစ်သွားတာပဲ။ အဲ မီးနဲ့ ထမင်းနဲ့ ရေနဲ့ချက်စားလည်း အဲဒါလည်း **'သင်္ခတ'** ပဲ၊ ဒီရုပ်နဲ့ နာမ်နဲ့လည်း ပေါင်းနေတယ် အဲဒါလည်း **'သင်္ခတ'**ပဲ၊ အဝတ်တွေ ဘာတွေကလည်းပေါင်းလို့ ချည်တွေပေါင်းသွားလို့ လုံချည်တွေဖြစ်သွားတာပေ့ါ၊ အဲ ပေါင်းတဲ့ဟာက အလွန်ဉာဏ်တွေ ထုတ်နိုင်ဖို့ပဲလိုတယ်။

**သင်္ခတကို ကျော်လွန်တာ ခန္ဓာကို ကျော်လွန်သွားတာကို ခေါ်တယ်**

**'သင်္ခတာတီတော- သင်္ခတကိုကျော်လွန်သည်'၊** သင်္ခတကိုကျော်လွန်တာ **'စိတ် စေတသိက် ရုပ်'** ကို ကျော်လွန်တယ်၊ ခန္ဓာကို ကျော်လွန်သွားတာကို ခေါ်တယ်။

**'သင်္ခတာတီတော**- သင်္ခတကိုကျော်လွန်သည်၊ **သစေဘဝိဿတိ**-အကယ်၍ ဖြစ်ငြားအံ့'။ ဒါ **'သင်္ခတ'** ခေါ်တာ၊ အနိစ္စ၊ သူက မမြဲမှ မမြဲဘဲကိုး၊ မမြဲတော့ သူ့လည်း ကျော်လွန်ရမှာပေ့ါ၊ မဟုတ်ဘူးလား။ **'သင်္ခတ'**ချည်းနေရင်တော့ သင်္ခတချည်း ဖြစ်တာပေ့ါ၊ အဲ စိတ်တွေ စေတသိက်တွေ ရုပ်တွေဖြစ်တာကို **'သင်္ခတ'** ဖြစ်နေတယ်လို့ ဆိုရတာပေ့ါ။ အဲဒီအဖြစ်ကို ကျော်လွန်သွားတယ်။ အဲ အဲလို ဉာဏ်တွေ ဉာဏ်တွေထုတ် ဟုတ်ရဲ့လား၊ ကြားဖူးရင် ဉာဏ်ထုတ်၊ ကြားဖူးတာက **'ပရိယတ္တိဉာဏ်'**၊ ဒါ ပရိယတ္တိ သင်ပေးနေတာ။

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာက **'သင်္ခတ'**၊ အဖြစ်ကို ကျော်လွန်သွားတာက **'အသင်္ခတ'**၊ **'ပဋိပတ္တိဉာဏ်'** ကတော့ ကိုယ်အိပ်နေရင်း သွားရင်း လာရင်း အလုပ်လုပ်ရင်း၊ စိတ်ကူးရင်လည်း အဲဒါ ဖြစ်တာ၊ **'သင်္ခတ'** ပေါင်းတယ်၊ ပေါင်းရင် **'သင်္ခတ'**၊ ပေါင်းရင် ပြုပြီ၊ မပေါင်းရင် မပြုဘူး၊ ယောက်ျားလေးနဲ့ မိန်းကလေး အဲဒါပေါင်းရင်ပြုပြီ၊ အဲဒါ **'သင်္ခတ'**၊ အလွန်ဉာဏ်ကျယ်တယ်၊ ပြီးလိုက်တာ **'သင်္ခတ'** ခေါ်တယ်၊ အဲဒီဉာဏ်ပျောက်ပြီးတော့ လူတွေ၊ ယောက်ျားတွေ၊ မိန်းမတွေ ဖြစ်သွားတယ်။

အဲ **'သင်္ခတ'** ဉာဏ်ပျောက်သွားရင် ဘာရောက်သွားတုံး (လူတွေ၊ ယောက်ျားတွေ၊ မိန်းမတွေ ရောက်သွားပါတယ်ဘုရား)။ အဲဒီလူတွေ ယောက်ျားတွေ မိန်းမတွေ ဖြစ်သွားတာကို **'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'** လို့ခေါ်တာ၊ ဘာခေါ်တုံး (အဝိဇ္ဇာပစ္စယာ သင်္ခါရာပါဘုရား)။ အဲ အဲဒါ **'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'** လို့ ဆိုလိုက်ရင်လည်း အဲဒီဟာတွေ ပိတ်သွားတယ်၊ ဟုတ်ရဲ့လား (တင်ပ့ါဘုရား)။ အဲ အဲဒါတွေလည်းဖြစ်တယ်၊ လူတွေဖြစ်တာကို။

### မပြုပြင် မစီရင်ရတာ 'အကတ'ကို နိဗ္ဗာန်ခေါ်တယ်

ဒါကြောင့်မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်ကို 'အနုလုံ၊ ပဋိလုံ' ဆင်ခြင်တယ်ဆိုတာ အဲဒါမျိုး၊ ဟော **'သင်္ခတ'** ကလည်း အာရုံကြောင့်ဖြစ်တာ၊ ပေါင်းလို့ ဖြစ်တာ၊ ဘာလို့သင်္ခတ ခေါ်တုံး (ပေါင်းလို့ဖြစ်တာ)။ အဲ အဲ ပေါင်းလို့ ဖြစ်တာ၊ ဖြစ်တယ်ဆိုတာ ပြုပြင်စီရင်တာပေ့ါ၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ ကတညူ အကတညူမှာလည်း ဒီ **'ကတ'** ပါတာပဲ။

**'မပြုပြင်မစီရင်ရတာ'** ကို သိတာ၊ အဲဒီတော့ **'အကတ'**ဆိုတာ **'နိဗ္ဗာန်'**ခေါ်တယ်။ **'အကတံ၊ အဂန္တံ၊ အဘူတံ'** နဲ့၊ အဲလိုဟာတွေဟာ ကျမ်းဂန်မှာ တစ်ခါတည်း ပထမတန်းနှံ့စပ်၊ ရည်မွန် ကျင်လည်၊ ပင်လယ်ကြီးကူးခတ်သလို တစ်ခါတည်း ရေကူးကျင်လည်နေသလို အဲ ပိဋကတ်ကြီးတွေမှာလည်း အဲဒီလို ရေကူးကျင်လည်သလို ကျင်လည်နေတာ၊ အဲဒီလိုကြည့် စာတွေဖတ် ဟောတာတွေလိုက်နားထောင် ဘယ်သူကဘယ်လိုပြောလည်း ဘာပြောလည်း အကြံအစည်ကလည်း အဲလိုဖြစ်တာ။

### မပေါင်းမစု ပြားမှုမရှိ နိဗ္ဗာန်ဟူ၍သိ

အဲဒါ ပေါင်းတယ်၊ ထမင်းစားတာလည်း ပေါင်းလို့ဖြစ်တာပဲ၊ **'သင်္ခတ'** ပဲ၊ ထမင်းနဲ့လျှာ ကြီးနဲ့ မပေါင်းဘူးလား (ပေါင်းပါတယ်ဘုရား)။ လျှာကဘာတုံး **'ပသာဒ'** ၊ ချိုတာ၊ ချဉ်တာ မပေါ်ဘူးလား (ပေါ်ပါတယ်ဘုရား)။ ထမင်းစားတာလည်း **'သင်္ခတ'** ၊ ရေသောက်တာလည်း (သင်္ခတပါဘုရား)။ အခု တရားနာတာလည်း ဘာတုံး (သင်္ခတပါဘုရား)။ ဒီက တရားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဟိုကနားနဲ့ပေါင်းပြီးတော့ ဟော ကြည်ညိုတဲ့ သဒ္ဓါတရားတွေဖြစ်နေတယ်။ အဲဒါ **'သင်္ခတ'**ပဲ၊ နိဗ္ဗာန်ကျတော့ ဒီလိုမဟုတ်ဘူး။ **'မပေါင်းမစု ပြားမှုမရှိ နိဗ္ဗာန်ဟူ၍သိ'**။

လူတွေ ဘာတွေတို့ အရောင်းအဝယ်တို့သိပြီး ဟိုအပြစ်တင် ဒီအပြစ်တင် ဟိုစိတ်ဆိုး ဒီစိတ်ဆိုးတာကတော့ **'သင်္ခတ'** တဲ့။ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ **'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'** ဖြစ်သွားတယ်။ အဲဒါ **'အဝိဇ္ဇာပစ္စယာ သင်္ခတံ အဘိသင်္ခရောန္တီတိ သင်္ခါရ'** ဖြစ်သွားတာ၊ ဘာကြောင့်ဖြစ်တုံးဆိုတော့ အဝိဇ္ဇာကြောင့်ဖြစ်သွားတယ်၊ ဘာကြောင့်ဖြစ်တုံး (အဝိဇ္ဇာကြောင့် ဖြစ်သွားပါတယ်ဘုရား)။ အင်း ဒါ ပထမတန်းကောင်းသွားတယ်။

**သင်္ခတ မရှိဘဲနဲ့ သင်္ခါရ မဖြစ်ဘူး**

**'အဝိဇ္ဇာ'** ဖြစ်ချင်လို့ရှိရင် ဘယ်သူ့ကိုလုပ်လိုက်တာတုံးဆိုတော့ **'သင်္ခတ'** ကို လုပ်လိုက်တာ၊ **'သင်္ခတ'**ကို ဘယ်သူကလုပ်လိုက်တုံးဆိုတော့-**'အဝိဇ္ဇာ'**က လုပ်လိုက်တယ်။ **'အဝိဇ္ဇာ'**က လူတွေပေါ့၊ ယောကျ်ား၊ မိန်းမ ပညတ်တွေ၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။

**'အဝိဒိတံ** -မသိရမည့်တရား' လို့ မသိရမည့်ဟာတွေ သူသွားသိရင် ဒါ **'အဝိဇ္ဇာ'** ဖြစ်သွားတယ်။ **'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'** လို့ဆိုတော့ အဝိဇ္ဇာက ဘယ်သူ့ပြုပြင်တုံးဆိုရင် သင်္ခတကို ပြုပြင်တာ၊ ဒါကြောင့် သင်္ခါရဖြစ်သွားတယ်။ ဒါ **'သင်္ခတ သင်္ခါရ'** ခေါ်တယ်။ သင်္ခတ မဖြစ်ဘဲနဲ့ သင်္ခါရမဖြစ်ဘူး၊ **'သင်္ခတမရှိဘဲနဲ့ သင်္ခါရ မဖြစ်ဘူး'** အဲလိုမှတ်ထား။ ဒီပါဠိ ကတော့ **'အဝိဇ္ဇာပစ္စယာသင်္ခါရာ'**လို့ ဒီလိုသွားတာ။ **'အဝိဇ္ဇာပစ္စယာ သင်္ခတံ အဘိသင်္ခရောန္တီတိ'** လို့ဆိုရင် **'သင်္ခတ'**လို့ ခေါ်တယ်။ **'သင်္ခတံ အဘိသင်္ခရောန္တီတိ သင်္ခါရာ'**။

**အာရုံ ပညတ် ထိုနှစ်ရပ် အဝိဇ္ဇာ ဖြစ်ကြောင်းမှတ်**

**'အဝိဇ္ဇာပစ္စယာ သင်္ခတံ အဘိသင်္ခရောန္တီတိ သင်္ခါရာ'**၊ **'အဝိဇ္ဇာပစ္စယာ** - အဝိဇ္ဇာဟူသော အကြောင်းကြောင့်၊ **သင်္ခတံ** - သင်္ခတကို၊ စိတ် စေတသိက် ရုပ်ကို၊ **အဘိသင်္ခရောန္တိ** - ပြုပြင်တတ်ကုန်၏'။ ဒီနေရာ **'သင်္ခတံ'** ဆိုတာ စိတ်စေတသိက်ကိုရတယ်၊ စိတ်ကိုပြုပြင်လိုက်တာ၊ ဟော ဘုရားကနေပြုပြင်တော့ ဟိုကောင်မလေးတွေဆီ ယောကျ်ားလေးတွေဆီရောက်သွားတော့ စိတ်ကို တစ်ခါတည်း ဟိုဟာက ဘုရားကြီး၊ ဟိုဟာက လမ်းပေါ်ကကောင်မလေး တွေ မော်တော်ကားလေးတွေ အဲဒီလိုရောက်သွားတော့ အဲဒီဟာ **'သင်္ခတ'** ကို ပြုပြင်လိုက်တော့ မော်တော်ကားလေးတွေ ဘာလေးတွေ **'ပညတ်တွေ'** ဖြစ်သွားတယ်၊ ဟုတ်ကဲ့လား

www.burmeseclassic.com

www.burmeseclassic.com



(တင်ပ့ါဘုရား)။ **'လူတွေ'** ဖြစ်သွားလို့ရှိရင် **'သင်္ခါရ'** ဖြစ်သွားတယ် ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ အဲလို **'လူတွေ'** ဆိုတာကလည်း အာရုံ - **'ပညတ်အာရုံ'** ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ အဲ **'ပညတ်အာရုံ'**က **'အဝိဇ္ဇာ'**ကြောင့်ဖြစ်တယ်။ **'အာရုံ ပညတ် ထိုနှစ်ရပ် အဝိဇ္ဇာဖြစ်ကြောင်းမှတ်'**။

**ကုသိုလ်လည်း သင်္ခါရ၊ အကုသိုလ်လည်း သင်္ခါရ**

**'အဝိဇ္ဇာ'**ကလည်း **'သင်္ခတ'**ပါပဲ။ သင်္ခတမို့လို့ သူတို့ ပြုပြင်ပြောင်းလဲနေတာပေ့ါ၊ အဲ **'ပညတ်နဲ့ စိတ်နဲ့'**သွားပေါင်းလိုက်တော့ အဝိဇ္ဇာကြီးသွားဖြစ်တယ်-မောဟ၊ **'အဝိဇ္ဇာ'** ဆိုတာ **'မောဟ'**၊ အဲဒါကို မြတ်စွာဘုရားက ပဋ္ဌာန်းကို **'ဟေတုပစ္စယော'**နဲ့ သွားလုပ်တာ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ သူကတော့ **'ဓမ္မိဿရ'** ခေါ်တယ်။ ဘာတဲ့တုံး (ဓမ္မိဿရ ခေါ်ပါတယ်ဘုရား)။ **'ဓမ္မိဿရ၊ ဓမ္မဿာမိ'** ဟုတ်ကဲ့လား (တင်ပ့ါဘုရား) **'တရားပိုင်ရှင်ကြီး'** သူက ဘာဟောဟော တရားဖြစ်သွားတယ်၊ ဟုတ်ကဲ့လား။

**'ဓမ္မိဿရ ဓမ္မဿာမိ မုနိထွတ်ထား မြတ်စွာဘုရား'၊** အဲလို ခေါ်ရင်လည်း ကုသိုလ်ရတယ်၊ ဒါလည်း **'သင်္ခတ'**ပဲ။ ကုသိုလ်လည်း **'သင်္ခါရ'** ဖြစ်သွားတယ်။ အကုသိုလ်လည်း **'သင်္ခါရ'** ဖြစ်တယ်။ ဒါကြောင့် **'ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ'** ဆိုစမ်း(ပုညာဘိသင်္ခါရ၊ အပုညာဘိ သင်္ခါရ)၊ အဲဒါ အဝိဇ္ဇာကြောင့် ဖြစ်သွားတယ်။ အဲဒါ ဘယ်သူပြုပြင်လိုက်သလဲဆိုရင် **'သင်္ခတံ**- သင်္ခတတရားကို၊ စိတ် စေတသိက် ရုပ်ကို၊ **အဘိသင်္ခရောန္တိ** - ပြုပြင်တတ်ကုန်၏'။

ဘာပြုလို့ ပြုပြင်တတ်တုံးဆိုတော့ အဝိဇ္ဇာကြောင့် ပြုပြင်တတ်တယ်။ ဓမ္မစကြာကျတော့ **'ဝိဇ္ဇာ ဥဒပါဒိ'၊ 'ဉာဏံ ဥဒပါဒိ'** ကျတော့ မပြုပြင်တော့ဘူး၊ အဲ အဲဒီအခါကျတော့ နိဗ္ဗာန် ရောက်သွားတယ်၊ ဉာဏ်ဖြစ်သွားပြီ မပြုပြင်တော့ဘူး ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ ဉာဏ်က **'သမ္မာဒိဋ္ဌိဉာဏ်'** မှ၊ အဲ အဲလို တရားဆိုတာ အဲလို လှည့်တယ်၊ တစ်ခုပြောလိုက်လို့ ရှိရင် အကုန်စုံရတယ်၊ ဒါမှ **'သင်္ခတ'** လို့ ပြောလိုက်လို့ရှိရင် အကုန်စုံရတယ်၊ ဟောတဲ့လူ ကလည်း အကုန်စုံပြီးသိတယ်။ ရှေးတုန်းကလည်း သင်္ခတလို့၊ **'သင်္ခတာ ဓမ္မာ'** ဆိုစမ်း (သင်္ခတာ ဓမ္မာ)၊ အဲလို ဟောလိုက်တာ အကုန်လုံး တရားရကုန်တယ်။

**'သင်္ခတာ ဓမ္မာ'၊ 'သင်္ခတာ** - ပေါင်း၍ ပြုပြင်စီရင်အပ်ကုန်သော၊ **ဓမ္မာ နိဿတ္တ နိဇ္ဇီဝ သဘာဝါ**-သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ **သံဝိဇ္ဇန္တိ**- ရှိကုန်၏'။

www.burmeseclassic.com

www.burmeseclassic.com



## သတ္တဝါမဟုတ်တဲ့ တရားသည် အရှိတရား

အဲ **'သတ္တဝါ'**မဟုတ်တဲ့ တရားရှိတယ်ဆိုတာ **'အရှိတရား'**ကို သိရတာ၊ ခုတော့ အဲဒီဟာတွေ အရှိတွေပယ်ပြီးတော့ လူတွေ ဘာတွေ ယောက်ျားတွေ ပစ္စည်းဥစ္စာတွေနဲ့ ထမင်းစကား ဟင်းစကားတွေနဲ့ပြောရတော့ အဲဒီဟာတွေ ဟို မြေကြီးထဲဖုံးထားတဲ့ ရွှေအိုးကြီးလို ဖြစ်နေတယ်။ အဲလိုကြောင့် ဒီဟာ ဖော်ပေးရတာ။ **'ဣဟ သင်္ခတာ'**၊ **'သင်္ခတာ** - ပေါင်း၍ ပြုပြင်စီရင်အပ်ကုန်သော၊ **ဓမ္မာ နိဿတ္တ နိဇ္ဇီဝ သဘာဝါ -** သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်' ဒီကိုယ်ကြီးက **'ရုပ်'** နော်၊ ခုစကားပြောနေတာ **'ရုပ်'**၊ အဲ စကားအတွင်းထဲမှာ **'စိတ် စေတသိက်'** ရှိတယ်၊ စကားအတွင်းထဲမှာ ဘာရှိတုံး (စိတ် စေတသိက်ရှိပါတယ်ဘုရား)။ စကားအတွင်းထဲဆိုရင် စကားမဖြစ်ခင် စကားမဖြစ်ခင် ဆိုတော့ ရှေးပေါ့၊ ရှေ့နဲ့နောက်ကို ခေါ်တယ်။ စိတ် ဖြစ်ပြီးသွားရင် စကားပျက်သွားတယ်၊ **'ဖြစ်တယ်၊ ပျက်တယ်'**၊ **'ဖြစ်တယ်၊ ပျက်တယ်'** မောင်းသံကြီးလိုပဲ၊ ဖြစ်တာ ပျက်တာကို **'သင်္ခတ'** ခေါ်တယ်။ မဖြစ် မပျက်တာကို **'နိဗ္ဗာန်'** ခေါ်တယ်။ အဲ 'ရုပ်နာမ် ဖြစ်ပျက်၊ ပြတ်လျက်ငြိမ်းသည်' ဆိုတဲ့ ဟာမျိုးပေါ့။ **'သင်္ခတာ** - ပေါင်း၍ ပြုပြင်စီရင်အပ်ကုန်သော'။

အခု အိမ်ပြန်မယ်ဆိုရင် 'အိမ်နဲ့ စိတ်နဲ့'ပေါင်း၊ အဲ ဈေးသွားမယ်ဆိုရင် 'ဈေးနဲ့ စိတ်နဲ့' ပေါင်း၊ အလုပ်သွားမယ် 'အလုပ်နဲ့ စိတ်နဲ့'ပေါင်း၊ ပညာသင်တော့ 'ပညာနဲ့ စိတ်နဲ့'ပေါင်း၊ အဲဒါတွေကို **'သင်္ခတ'**ခေါ်တယ်။ မြတ်စွာဘုရားတရားက မလွတ်ရဘူး၊ 'စိတ် စေတသိက် ရုပ်'တွေက လူတွေဖြစ်နေတာကိုး၊ သူက အကုန်သိတာကိုး၊ **'သဗ္ဗညုတဉာဏ်နဲ့၊ အနာဝရဏဉာဏ်နဲ့'**၊ ဟိုတချို့ လူတွေများ မြဲနေတာ၊ ဗကပြဟ္မာကြီးတို့များမြဲလို့ တစ်ခါတည်း မသေဘူးလို့မှတ်နေတာ၊ မသေရင်သူက နိဗ္ဗာန်မှတ်နေတာ၊ အသက်က ရှည်တာကိုး၊ ရှည်တာ ကလည်း သူက ကုသိုလ်ကောင်းမှုက အသက်ရှည်စေတယ်။

**'အာယု** - အသက်ရှည်တယ်၊ **ဝဏ္ဏော** - အဆင်းလှတယ်၊ **သုခံ** - ချမ်းသာတယ်၊ **ဗလံ**- ခွန်အားကောင်းတယ်' အဲဒါမလိုချင်ဘူးလား (လိုချင်ပါတယ်ဘုရား)။ လိုချင်တော့ အဲဒါကြောင့် သူ့အသက်တွေ ရှည်နေတာပေါ့၊ အာယုက မြဲပြီးရှည်နေတာ။

## အဝိဇ္ဇာ သင်္ခါရတို့သည် အတိတ်ကာလ

အဲ မနေ့က ဒီနေ့က ဟိုနေ့က ဟာ နေ့တွေပြောင်းသွားတာ နေ့အများကြီးဖြစ်တာကို အသက်ရှည်တယ်လို့ခေါ်တယ်။ အဲဒီနေ့ကလည်း နာရီပေါ့၊ ၂၄နာရီ အများကြီးကလည်း မိနစ်

www.burmeseclassic.com

www.burmeseclassic.com



တွေပေ့ါ။ မိနစ်တွေမှာလည်း စက္ကန့်တွေက အများကြီး၊ အဲ အဲဒါကျတော့ **'ကာလ'** လို့ခေါ်တယ်။ 'ကာလ' ကို 'ပစ္စုပ္ပန်'၊ 'ကာလ' က အဲ 'ကာလ' ကလည်း ရွေ့လျားတတ်သောကြောင့် သူ့ကို 'ကာလ' လို့ ခေါ်တယ်၊ အဲ အဲဒါ အတိတ် အချိန်။ အချိန်ဆိုတာကလည်း **'သဘာဝ'** မရှိဘဲနဲ့ အချိန်မရှိဘူး၊ ဒါကြောင့် **'အဝိဇ္ဇာသင်္ခါရာ အတီတော အဒ္ဓါ'၊ 'အဝိဇ္ဇာသင်္ခါရာ** - အဝိဇ္ဇာသင်္ခါရ တို့သည်၊ **အတီတောအဒ္ဓါ** - အတိတ်ကာလတို့မည်ကုန်၏'။ ကဲ **'အဝိဇ္ဇာနဲ့ သင်္ခါရ'** အတိတ် ကာလတဲ့ဗျား၊ **'အဝိဇ္ဇာ'**က မောဟ၊ **'သင်္ခါရ'** ကတော ကုသိုလ် အကုသိုလ်၊ ဟော ဒါထားတော့၊ အဝိဇ္ဇာက ဘာတုံး (မောဟပါဘုရား)။ သင်္ခါရက ဘာတုံး (ကုသိုလ်အကုသိုလ်ပါဘုရား)။ အဲဒီဟာကို **'အတိတ်'** ခေါ်တယ်။

**သဘာဝကို ကာလ ခေါ်တယ်**

အဲဒီ **'အဝိဇ္ဇာနဲ့ သင်္ခါရ'** က **'သဘာဝ'**၊ အဝိဇ္ဇာနဲ့ သင်္ခါရကဘာတုံး (သဘာဝပါဘုရား)၊ **'အတိတ်'** ဆိုတာ ဘာတုံး (ကာလပါဘုရား)၊ သဘာဝမရှိဘဲနဲ့ ကာလရှိသလား (မရှိပါဘူး ဘုရား)၊ အဲ **'သဘာဝ'** ကို **'ကာလ'** ခေါ်တယ်၊ ဟော နာရီလေး မလှုပ်ဘူးလား စက္ကန့်တံ ကလေးက (လှုပ်ပါတယ်ဘုရား)၊ ဘာပြုလို့လှုပ်တုံး ဟို ဓာတ်ခဲမပါဘူးလား (ပါပါတယ် ဘုရား)၊ အဲဓာတ်ခဲက အပူကြောင့်လှုပ်တယ်၊ အဲဒီ တေဇောနဲ့ ဝါယောကို **'ကမ္မဇမဂ္ဂဓာတ်'** ခေါ်တယ်၊ ဝါယောက လှုပ်တယ်၊ ပေ့ါပါးတယ်၊ တေဇောကလည်း ပေ့ါတယ်၊ သူတို့နှစ်ခုက တည့်တယ်။

အဲ **'တေဇောနဲ့ ဝါယော'** က လှုပ်တယ်၊ အဲဒီလှုပ်တာက စက္ကန့်ဖြစ်သွားတယ်၊ ဒကာကြီး တို့လည်း တေဇောမပါဘူးလား (ပါပါတယ်ဘုရား)။ ဒကာကြီးတို့လည်း ဝါယော မပါဘူးလား (ပါပါတယ်ဘုရား)။ ဝါယောက သွေးမတိုးဘူးလား (တိုးပါတယ်ဘုရား)။ ဘာပြုလို့ သွေးတိုးတုံး၊ ကိုယ်ငွေ့ကြောင့် သွေးတိုးတယ်၊ **'ဥသ္မူပ ဂတံ ဇီဝိတံ'** လို့ရှိတယ်။ **'ဥသ္မူပဂတံ'** ဆိုလိုက်စမ်း (ဥသ္မူပဂတံ)၊ **'ဥသ္မာဥပဂတံ'** (ဥသ္မာဥပဂတံ)၊ **'ဇီဝိတံ'** (ဇီဝိတံ)၊ အဲ အဲလိုဟာလေးတွေလည်း သိအုံးမှ၊ အဲ သိရင် ပထမတန်း အလွန်ကောင်းတယ်၊ အလွန်ဟန်တယ်။

**အာယု၊ ဥသ္မာ၊ ဝိညာဏ်**

**'ဥသ္မူပဂတံ ဇီဝိတံ'၊ 'ဇီဝိတံ** - အသက်သည်၊ **ဥသ္မူပဂတံ** - ကိုယ်ငွေ့နှင့်စပ်၍နေ၏'။ **'ဥသ္မူပနိဗဒ္ဓံ'** လို့လည်းဖြစ်တယ်၊ ကိုယ်ငွေ့ကြောင့် အဲဒီအသက်ကရှိနေတာ၊ လွတ် ကိုယ်ငွေ့ ကြီးတင်းလိုက်ရင်လည်း **'ဒဟတေဇော'** ဆိုပြီး ကိုယ်ပူတွေကျအောင်ဟယ် ဘာဟယ်ဆိုပြီး တော့ ရေခဲတင်တာတွေ ဘာတွေလုပ်ရတယ်၊ ဥသ္မူပ - ဥသ္မူပ--ဥသ္မာ+ ဥပဂတံ **'ဥသ္မာ'** က

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ငွေ့ကိုခေါ်တယ်။ ကိုယ်ငွေ့ဆိုတာ **'ဥသ္မာတေဇော'** မရှိဘူးလား (ရှိပါတယ်ဘုရား)။

**'ဥသ္မာတေဇော သန္တပ္ပနတေဇော ဒဟတေဇော ပါစကတေဇော'**၊ တေဇော လေးခု၊ အဲဒါက ခတ်ခဲပဲ၊ အဲဒါက ဘာတုံး (ခတ်ခဲပါဘုရား)။ သွေးမတိုးဘူးလား (တိုးပါတယ်ဘုရား)။ အဲဒါက လက်တံကလေးတွေ ဒုတ် ဒုတ် ဒုတ် အဲလိုသွားတဲ့ဟာလေးတွေကလည်း အဲလိုလည် သွားတဲ့ဟာက စပ်သွားလို့ **'သန္တတိ'** ဖြစ်သွားတယ်၊ ဟုတ်ကဲ့လား၊ **'သန္တတိမဖြစ်ရင် တိုးရုံ တိုးတယ်'**၊ ကားမှာ ဝူး ဝူးနဲ့မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ တိုးတဲ့ဟာနဲ့ ဝူး ဝူး ဝူးနဲ့ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ တိုးတဲ့ဟာနဲ့ ဝူးဝူးလို့ဖြစ်တာ အဲဒါ **'သန္တတိ'** ဖြစ်သွားပြီ။

**'ဥပစယရုပ် သန္တတိရုပ် ဇရတာရုပ် မရဏတာရုပ်'**၊ အဲဒါ **'လက္ခဏာရုပ်'** ခေါ်တယ်။ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ ခု သွေးမတိုးဘူးလား (တိုးပါတယ်ဘုရား)။ ဘယ်သူ့ကြောင့်တုံး (တေဇောကြောင့်ပါဘုရား)။ အဲ တေဇောက ခတ်ခဲ၊ အဲဒီတော့ သွေးတိုးတာ တစ်ခါတိုး၊ နှစ်ခါတိုး၊ သုံးခါတိုး၊ လေးခါတိုး ခုနစ်ခါတိုးတော့ လေတစ်ခါ ရှူပေ့ါ၊ မဟုတ်ဘူးလား၊ အဲဒီလေ ရှူတာလည်း **'ဥသ္မာ'** က၊ **'ဝိညာဏဇုပဂတံ'** အသက်ကလည်း အဲဒီဝိညာဏ်ကို လေရှူတာက စိတ်၊ စိတ္တဇရုပ်၊ လေက ဘာလို့ရှူလဲ (စိတ္တဇရုပ်မို့ပါဘုရား)။

**'ဘဝင်စိတ် ဆင်ခြင်စိတ် ထိုနှစ်စိတ် မှတ်ပိမ့်မနောဖြစ်သတည်း'**၊ အဲဒါကြောင့် ရှူတာ၊ လူသေကောင်ရှူသေးလား (မရှူတော့ပါဘူးဘုရား)။ လူသေကောင်မှာ **'ဆင်ခြင်စိတ် ဘဝင်စိတ်'** တောင် မရှိတော့ဘူး၊ လူရှင်ကတော့၊ **'ဘဝင်စိတ် ဆင်ခြင်စိတ် ထိုနှစ်စိတ် မှတ်ပိမ့် မနောဖြစ်သတည်း'**။ အဲဒီ **'မနော'** ရှိလို့လည်း **'ဇီဝိတရုပ်'** က လှုပ်တာလေး ဖြစ်နေတာ၊ **'ဇီဝိတရုပ်'**က တေဇောလေးပေ့ါ ၊ သူက မပုပ်မသိုးအောင် စောင့်ရှောက်တာကို ဇီဝိတခေါ် တယ်။ ဟင်းချက်ကို နွေးထားသလိုပေ့ါ၊ ရေခဲသေတ္တာကြီးလိုဟာ၊ မပုပ်အောင်လုပ်ထားတာ၊ အဲဒါ-**'တေဇော'**ပဲ။ တေဇောရုပ်က အသက်ဖြစ်သွားတယ်။ တေဇောရှိလို့ရှိရင် မသေဘူး၊ ကိုယ်ငွေ့တွေရှိလို့ရှိရင် မပုပ်ဘူး၊ ကိုယ်ငွေ့မရှိဘူးဆိုရင် ပုပ်သွားတယ်၊ ရုပ်က ပုပ်သွားတယ်၊ ဇီဝိတရုပ် မရှိတော့ဘူး၊ ဟိုက **'ဇီဝိတနာမ်'**၊ ကိုယ်ငွေ့က **'ဇီဝိတရုပ်'**၊ ပြီးတော့ ဇီဝိတနာမ်၊ အဲလိုစကားပြောနိုင်အောင် စောင့်ရှောက်ပေးထားတာ **'ဇီဝိတနာမ်'** ခေါ်တယ်။ **'ဇီဝိတိန္ဒြေ'** မရှိဘူးလား(ရှိပါတယ်ဘုရား)။ အဲလိုလေး ဗဟုသုတရှိရတယ်။ ကဲ -- တော်ကြအုံးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# “ မတီးကမမြည် တီးမှမြည်သံ တရားတော် ”

၃. ၁၂. ၂၀၀၆

## စည်ကြီးကလည်း လက်ခတ်နဲ့တီးမှ မြည်တယ်

တရားသံ၊ စောင်းသံ၊ လက်ခတ်သံနဲ့ပေါင်းရတယ်၊ စည်ဆိုရင် စည်နဲ့ လက်ခတ်နဲ့ ပေါင်းရတယ်။ **‘စည်တီးမှန်ပြင်’** တဲ့၊ စည်တီးမှန်ပြင်၊ စည်ဆိုရင် လက်ခတ်ကြီးနဲ့ လက်ကြီးနဲ့ ပုတ်ရတယ်၊ ဒိန်းဆို မြည်လာအောင် လက်ခတ်ကြီးနဲ့ပုတ်ရတယ်၊ **‘စည်တီးမှန်ပြင်၊ နှမ်းသွင်အိပ်မက်’**၊ စည်ကြီးကလည်း လက်ခတ်ကြီးနဲ့ တီးရတယ်၊ တီးတော့မှမြည်လာတယ်။ **‘မတီးကမမြည် တီးမှမြည်သံ စည်သံ မောင်းသံ ခေါင်းလောင်းသံကဲ့သို့ပါတကား’**၊ **‘မတီးကမမြည် တီးမှမြည်သံ’**၊ မတီးရင် စည်ကြီးက ငြိမ်ပြီးနေတယ်။ ခန္ဓာကိုယ်ကြီးကလည်း အဲဒီလိုပဲ ပတ္တလားကြီးလို မှတ်ထား၊ ပတ္တလားအိမ်ကြီး ပတ္တလားအိမ်ကြီးထဲမှာ အပြားလေးတွေ စီထားတယ်၊ စည်ကြီးကတော့ တစ်လုံးတည်းပေါ့၊ အဲဒီလို မမြည်ဘူးဆိုရင် ငြိမ်နေတယ်၊ ကားကြီး စက်ရပ်ထားသလိုပေါ့၊ စက်မနှိုးဘဲနဲ့ ရပ်ထားသလို အဲသလို စကားပြောတယ် သွားတယ်၊ လုပ်စရာကိုင်စရာ လုပ်တယ်ဆိုမှ၊ ဟော ကားကြီးကသွားရော ပျက်နေပြန်ရင်လည်းမသွားပြန်ဘူး။

မြတ်စွာဘုရားကတော့ ဟို စောင်း သောဏသူဌေးသားကို စောင်းနဲ့ ဥပမာပေးတယ်။ ကြိုးလျော့ရင် သူက ဝီရိယ၊ သမာဓိမျှဖို့ မှန်မှန်လေး ရှုသွားတယ်၊ လျော့ပြီးတော့လည်း မရှုနဲ့၊ နာတဲ့အခါမှာ မှန်မှန်ရှု မှန်မှန်ရှု အဲ မှန်မှန်ရှုတယ်၊ **‘နားကြားတယ်’**ဆိုရင် ဒီကအသံရှိမှ ကြားတယ်၊ ဟော**‘မျက်စိ’** ကလည်း အလင်းရှိမှမြင်တယ်၊ **‘နှာခေါင်း’** ကလည်း အနံ့ရှိမှနံတယ်။ အင်း **‘မတီးက မမြည်’**တဲ့၊ နှာခေါင်းကြီးလည်း ဒီအတိုင်းပဲ၊ အနံ့မလာရင် မနံဘူး၊ **‘မတီးက မမြည်’**တဲ့၊ နှာခေါင်းကြီး၊ နားကလည်း ဒီလိုပဲ၊ အသံမရှိ မကြားဘူး၊ ကြားချင်ပါတယ်ဆိုလို့ မကြားဘူး၊ အဲ **‘သဘာဝ’**၊ မော်တော်ကားတို့ သင်္ဘောတို့သွားတဲ့အခါ လူတွေမောင်းတော့မှ သွားတယ်၊ ကားလည်း ‘နာမ်နဲ့ရုပ်’လိုပဲ၊ သူကသွားတယ်။ ‘နာမ်’က ဟိုလှည့် ဒီလှည့် လှည့်တယ်။

## ‘ မတီးရင် မမြည် ’ ဆိုတာက ‘ဝိပါက်ခန္ဓာ’

ဟော ကိုယ့်ကိုယ်ကိုကြည့် **‘ကာယာနုပဿနာ’** ဆိုတာ ကိုယ့်ကိုယ်ကို သိအောင် သတိထားပြီး အမှတ်ပြုတာ၊ **‘သတိနဲ့ အမှတ်ပြုတာ’**၊ အဲ အဲဒါ ခန္ဓာ၊ **‘တီးမှမြည်သံ’** အဲဒီ အသံလိုပဲ၊ တီးမှမြည်တယ်တဲ့၊ မြည်တဲ့ဟာက **‘ခန္ဓာငါးပါး’**၊ စည်ကြီးတို့ စောင်းကြီးတို့ ပတ္တလားကြီးတို့၊ **‘ခန္ဓာအိမ်ကြီး’** ကတော့ အဲဒီဟာကတော့ သူကရိုးရိုးပဲ၊ သူက စားတယ်၊ စားမှ ရှင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



စည်ကြီးလို ပတ္တလားကြီးလိုပဲ၊ ခန္ဓာအိမ်ကြီးလည်း သွားတယ်၊ ထိုင်တယ်ဆိုတဲ့ ဟာကြီးကတော့ အဲဒီလိုပဲ ပတ္တလားအိမ် **'မတီးတော့မမြည်'**၊ **'တီးမှမြည်'** တဲ့ဟာကိုမှ ခန္ဓာဖြစ်သွားတယ်။ **'မြည်'**တဲ့ဟာက ခန္ဓာ၊ အဲဒါကို မပေါင်းဘဲနေလို့ရှိရင် **'မပေါင်းမစု ပြားမှုမရှိ နိဗ္ဗာန်ဟူ၍သိ'**။

အာရုံနဲ့ သွားမပေါင်းလို့ရှိရင် သူကငြိမ်ငြိမ်လေးနေတယ်၊ **'ဝိပါက်ခန္ဓာ'** ခေါ်တယ်၊ အဲဒါကို **'နဂိုခန္ဓာ'** လို့လည်း ခေါ်တယ်။ ခန္ဓာနှစ်မျိုး၊ **'တီးမှမြည်'** တဲ့အခါမှာ ခန္ဓာကတစ်မျိုး၊ **'မတီးရင်မမြည်'** ဆိုတဲ့ ခန္ဓာကြီးကတစ်မျိုး၊ နဂိုရှိတဲ့ ခန္ဓာကြီး၊ ဟိုကပစ်ချလိုက်တာ **'ဝိပါက်ခန္ဓာ'** လို့ ခေါ်တာပေါ့၊ ဟို မအေ့ဝမ်းထဲရောက်ခါစကဆိုရင် မွစိနောက်ကလေး၊ နောက်တစ်စတစ်စ ကြီးကြီး ကြီးကြီးလာတယ်။ ရေကြည်က အမြှုပ်၊ အမြှုပ်က အခဲ၊ အခဲက သားတစ်နဲ့၊ နောက် ခက်မငါးဖြာနဲ့ အဲလိုကြီးကြီးလာတာ၊ အပြင်လေနဲ့ တွေ့လိုက်တော့မှ ပိုပြီး ကြီးကြီးလာတယ်။

**'မတီးကမမြည် တီးမှမြည်သံ စည်သံမောင်းသံ ခေါင်းလောင်းသံကဲ့သို့ပါတကား'**၊ အဲ အဲလို မှတ်ထား၊ ဟို ခန္ဓာကို ဘယ်လိုမှန်းသိအောင်၊ ဒီခန္ဓာက **'ဝိပါက်ခန္ဓာ'** ခေါ်တယ်။ အဲလို မတီးဘဲနဲ့ အသာနေတဲ့ဟာက ခန္ဓာတစ်မျိုး၊ **'ပဋ္ဌက္ခန္ဓာ'** ခေါ်တယ်။

**' တီးမှမြည် ' ဆိုတာက ဥပါဒါနက္ခန္ဓာ**

အဲ တီးမှ မြည်သံတွေက **'ဥပါဒါနက္ခန္ဓာ'** ခေါ်တယ်။ အဲလို ကွဲမှ၊ **'ခန္ဓာနှစ်ခု'** ရှိမှန်း သိသွားပြီ။ **'မတီးကမမြည် တီးမှမြည်သံ စည်သံမောင်းသံ ခေါင်းလောင်းသံကဲ့သို့ပါတကား'**။ အဲလို ဆင်ခြင်ရတယ်။ စားတာလည်း တီးလိုက်လို့ မြည်တဲ့ဟာပဲ ချိုတယ်၊ ငန်တယ်၊ အသံက လည်း ကြားလိုက်လို့ရှိရင် အသံက တီးလိုက်တာပဲ၊ နားထဲကြားတယ်ဆိုတာ မြည်သွားတယ်။ အဲလို ခန္ဓာ၊ အဲဒါ **'ဥပါဒါနက္ခန္ဓာ'** ခေါ်တယ်။

**'ဥပါဒါရုပ် အဆက်အသွယ်လုပ် တစ်မုဟုတ် ဝိညာဏ် ဖြစ်သတည်း'**၊ **'ဥပါဒါနက္ခန္ဓာ'** အချင်းချင်း၊ ဒီက အသံက **'ဥပါဒါရုပ်'**၊ ဟိုကလည်း **'ဥပါဒါရုပ်'**၊ **'ဥပါဒါရုပ်'** ဆိုတာက ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ၊ **'မဟာဘုတ်'** ဆိုတာက ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ **'ဝဏ္ဏ'** က အဆင်း၊ **'သဒ္ဒ'** က အသံ၊ **'ဂန္ဓ'** က အနံ့၊ **'ရသ'** က အရသာ၊ **'ဖောဋ္ဌဗ္ဗ'** ထိတယ်၊ ပြီးတော့ **'မနော'** ထဲကျတော့လည်း ပညတ်တွေ၊ **'မနောကြီး'**က 'မှန်ကြီး' လိုပေါ့။ ပက်လက်အိပ်တဲ့အခါ မိုးပေါ်ကြည့်ရင် ဘာမှမမြင်ဘူး၊ လှဲထားလိုက်လို့ရှိရင်တော့။ **'မတီးကမမြည် တီးမှမြည်သံ စည်သံမောင်းသံ ခေါင်းလောင်းသံကဲ့သို့ပါတကား'**၊ အဲ မတီးက မမြည်တဲ့၊ ပတ္တလားကြီး လိုဟာကြီး စောင်းကြီးလိုဟာကြီးပေါ့။ ခန္ဓာအိမ်ကြီးက အဲဒါသူလည်း ခန္ဓာပဲ၊ သူက ဟိုဘဝက

www.burmeseclassic.com

www.burmeseclassic.com



ဒီဘဝက မွေးဖွားပြီး ကလေးလေးတွေ သုံးနှစ်၊ လေးနှစ် ကိုးနှစ် ဆယ်နှစ်၊ အဲဒီအခါကျမှ **'ဥပါဒါနက္ခန္ဓာတွေ'** ဖြစ်မှန်းသိတာပေါ့။

**ဥပါဒါနက္ခန္ဓာ၊ အနုပါဒါနက္ခန္ဓာ**

အဲ အဲ မျက်စိမြင်တွေ နားကြားတွေဟာ **'ဥပါဒါနက္ခန္ဓာတွေ'**ခေါ်တယ်၊ အာရုံမကပ်ရင် မမြည်ဘူး၊ အာရုံကပ်မှ မြည်လာတယ်၊ အဲဒါ **'ဥပါဒါနက္ခန္ဓာ'** ၊ **'ပဉ္စုပါဒါနက္ခန္ဓာ'**၊ အဲဒီမှာ မြင်တာတို့ ကြားတာတို့က **'ခန္ဓာငါးပါး'** ခေါ်တယ်။ မြင်တာတွေ ကြားတာတွေက ဘယ်နှစ်ပါး ဖြစ်တုံး (ခန္ဓာငါးပါးပါဘုရား)။ ဟောဒီလို စောင်းအိမ်ကြီးလို၊ ပတ္တလားအိမ်ကြီးလို ဒီခန္ဓာအိမ်ကြီး ကလည်း ငါးပါးပဲ၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ အဲဟို အသံကတော့ အသံလည်း **'ခန္ဓာငါးပါး'** ပဲတဲ့၊ သူက **'ဥပါဒါနက္ခန္ဓာ'** ခေါ်တယ်။ ဒီလို စောင်းအိမ်ကြီးလို ခန္ဓာအိမ်ကြီးက **'ပဉ္စက္ခန္ဓာ'**လို့ ခေါ်တယ်။ မြတ်စွာဘုရားတို့ ခန္ဓာကျတော့ **'အနုပါဒါနက္ခန္ဓာ'** ခေါ်တယ်။ မြင်တဲ့ ကြားတဲ့ ဟာတွေကို **'ဥပါဒါနက္ခန္ဓာ'** လို့လည်းခေါ်တယ်။ အဲဒီလို ခွဲမှ ဉာဏ်တွေ ဖြစ်လာတယ်။ မခွဲလို့ရှိရင် တစ်လုံးတည်းဆို အတ္တတွေ ဖြစ်တယ်။ မြင်တာလည်း **'ငါ'**၊ ကြားတာလည်း **'ငါ'**၊ ဒီကိုယ်ကြီးလည်း **'ငါ'**၊ ဘာဆိုလည်း **'ငါ'**၊ ဒီကိုယ်ကြီးက သူ့လုပ်ငန်း သူလုပ်တယ်၊ ထမင်း ဆာရင် စားတယ်၊ ရေငတ်ရင် သောက်တယ်၊ ကျင်ကြီး ကျင်ငယ်စွန့်တယ်၊ ရေချိုးတယ် ချေးတွေ ဘာတွေပွတ်တယ် အဲဒါတွေဟာ **'ပဉ္စက္ခန္ဓာ'** တဲ့၊ ဟိုဟာက **'ဥပါဒါနက္ခန္ဓာ'** တဲ့။

**'ဥပါဒါနာနံခန္ဓာ ဥပါဒါနက္ခန္ဓာ'** ပေါ့၊ **'ဥပါဒါနာနံဟိတာ-** ဥပါဒါန်တို့၏အကျိုး၊ ဥပါဒါန်တို့၏ အစီးအပွား'၊ ကြားတယ်၊ ဥပမာ ဆဲဆိုလိုက်တယ်၊ ဆဲလိုက်တယ်ဆိုတော့ **'ငါ့'** ဆဲတယ်လို့ဆိုရင် ဥပါဒါနက္ခန္ဓာ၊ **'နား'** ဆဲတယ်ဆိုရင် ဟော ဥပါဒါနက္ခန္ဓာ မဟုတ်တော့ဘူး၊ အဲဒီလို **'ဉာဏ်'**၊ **'ဉာဏ်'** ခွဲတာ၊ **'နား'** က ရှိတဲ့ ခန္ဓာ၊ **' ငါ '** က အပို၊ အပို ကြားတဲ့ဟာအပေါ်မှာ **'ငါ'** လို့ ဖြစ်လာတယ်၊ **' ငါ '** က ဒိဋ္ဌိမို့လို့ ဥပါဒါနက္ခန္ဓာတဲ့၊ **' ငါ '** က ဒိဋ္ဌိဖြစ်သွားတယ်၊ အဲဒါ ဥပါဒါနက္ခန္ဓာ။ **' ငါ '** မဖြစ်ဘူးဆိုလို့ရှိရင် အဲဒါ နိဗ္ဗာန်ရောက်သွားတယ် **'အနုပါဒါနက္ခန္ဓာ'**၊ ဟော အဲလိုဖြစ်သွားတယ်၊ **'ငါ'** မဖြစ်ဘူးဆိုရင် **'နား'** ဆဲတယ်၊ **'နား'**က ကြားတာပေါ့၊ နားက ကြားတာက **'အသံနဲ့ နား'** တွေ့လိုက်လို့ရှိရင် ကြားသွားတယ်၊ အဲဒီ ကြားတဲ့ဟာ ကြားရုံ တင်ကြားရင် ကိစ္စမရှိဘူး၊ **' ငါ့ '** ဆဲတယ်၊ **'ငါ '** ကြားတယ်ဆိုမှ ဒိဋ္ဌိ ဖြစ်သွားတယ်တဲ့။ အဲဒါကို **'ဥပါဒါနက္ခန္ဓာ'** ခေါ်တယ်။ ဒိဋ္ဌိတို့ လောဘတို့ ဒေါသတို့ အဲဒီ **'နား'**က ကြားတဲ့အခါမှာ ဖြစ်သွားတယ်တဲ့၊ အဲသလိုခွဲမှ နားကကြားတာ ကောင်းမှန်းသိတယ်။

www.burmeseclassic.com

www.burmeseclassic.com



**'နားကကြားတုံ သဒ္ဒါရုံ လူပုံ မမှတ်ရ၊ နားကကြားလျှင် မနိုင်းယှဉ် ဤတွင် တရားရ'**။ အေး **'နား'** ကဆိုတာ အဲဒီလိုမှတ်ထား။

**သက်ရှိခန္ဓာ၊ သက်မဲ့ခန္ဓာ**

**'မတီးကမမြည် တီးမှ မြည်သံ စည်သံမောင်းသံ ခေါင်းလောင်းသံကဲ့သို့ပါတကား'**။ တီးလိုက်လို့ မြည်သွားတဲ့ ခေါင်းလောင်းသံ၊ အဲဒီဟာမှ တစ်ခါတည်း 'ငါ့'တီးတယ်၊ 'ငါ့' တီးတယ် လို့၊ ဟို စည်ကြီးကလည်း မဆိုဘူး၊ ပတ္တလားကြီးကလည်း 'ငါ့' တီးတယ်လို့ မဆိုဘူး၊ သက်ရှိ ခန္ဓာတွေကျတော့ 'ငါ့'တီးတယ်၊ 'ငါ့' ဆိုတယ်၊ အဲ သက်ရှိက ဖြစ်သွားတယ်။ဘာက ဖြစ်သွားတုံး (သက်ရှိကဖြစ်သွားပါတယ်ဘုရား)။ **'သက်ရှိခန္ဓာ'**နဲ့ **'သက်မဲ့ခန္ဓာ'** အဲဒီလို နှစ်ဆင့် ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ အေး ဒီလို ခွဲမှကိုး။

**တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည်**

လောဘ၊ ဒေါသတွေက အလွန်ကပ်တာ။ လောဘ၊ ဒေါသဆိုတာ **'ဥပါဒိန္နကခန္ဓာ'** ဆိုတော့ ကပ်တာ၊ **'တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည်'** ဆိုတာ၊ ဒိဋ္ဌိဆိုတာ တဏှာ တဏှာဒိဋ္ဌိ၊ လောဘကလည်း တဏှာ၊ ဒိဋ္ဌိဆိုတာကလည်း လောဘမူစိတ်ကလာတာ၊ မာန ကလည်း လောဘမူစိတ်ကလာတာပဲ၊ ဒေါသမူစိတ်က ဒေါသလာတယ်၊ မောဟမူစိတ်က မောဟလာတယ်။ အဲဒါကို **'ဟေတု'**လို့ ဟောတာ။ လောဘ ဒေါသ မောဟတွေက ရေသောက် မြစ်တွေဖြစ်နေလို့၊ အဲဒီ ရေသောက်မြစ်ကြီးကို ဖယ်ရမှာကိုး၊ ဖယ်ရမှာဆိုတော့ **'မတီးကမမြည် တီးမှမြည်သံ စည်သံမောင်းသံ ခေါင်းလောင်းသံကဲ့သို့ပါတကား'**၊ အဲဒါ အခြေတည်လိုက်တာ၊ အခြေတည်လိုက်တယ်ဆိုတာ ဇာတ်ပွဲကြီးသွားတဲ့အခါ ပန္နက်ရိုက်လိုက်သလိုပေါ့၊ အိမ်တွေ ဘာတွေ ဆောက်တဲ့အခါမှာ ပန္နက်ရိုက်ရသလိုပဲ၊ ခုလည်း အဲဒီလိုပဲ အခြေတည်လိုက်တာပေါ့။

အဲဒီမှာ မြည်တဲ့အသံက မြတ်စွာဘုရားတို့ကျတော့ မြည်တဲ့အသံအတိုင်းပဲ၊ **'ငါ့'** တီးတယ်လို့ ဆိုသလား (မဆိုပါဘူးဘုရား)။ **'ငါ'** က အသံထွက်တယ်လို့လည်း ဆိုသလား (မဆိုပါဘူးဘုရား)။ **'ငါ့'** ကို မကောင်းမကန်းတီးတယ်လို့ကော ဆိုသလား (မဆိုပါဘူးဘုရား)။ ကောင်းကောင်း ကန်းကန်း တီးတယ်လို့တော့ဆိုသလား (မဆိုပါဘူးဘုရား)။ အဲဒီ **'ငါ့ကို'** ပါလာတယ်တဲ့၊ **'ဥပါဒိ န္နကခန္ဓာသမား'** က ဘာပါလာတုံး ('ငါ့ကို' ပါလာပါတယ်ဘုရား)။ **'အနုပါဒိန္နကခန္ဓာသမား'**က ဘာမပါတုံး ('ငါ့ကို' မပါပါဘုရား)။ အဲလို ခွဲတာကွ၊ ပထမတန်းနဲ့ ပြောရမယ်ဆိုလို့ရှိရင် ပထမ တန်းသိ၊ ပထမတန်းကောင်း၊ ပထမတန်း ငြိမ်သက်' ဒီလိုပြောရမှာ၊ အဲဒါလေးကို မှတ်ထား။

www.burmeseclassic.com

www.burmeseclassic.com



**ရာဂဖြစ်ဖို့ ဘယ်သူက တီးတုံး**

**'မတီးကမမြည် တီးမှမြည်သံ စည်သံမောင်းသံ ခေါင်းလောင်းသံကဲ့သို့ပါတကား'**၊ ဟော ခု ရာဂမဖြစ်ဘူးလား၊ ဖြစ်သလား (မဖြစ်ပါဘူးဘုရား)၊ ဟော ကြံလိုက်တဲ့ အခါကျတော့ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲဒီ တီးလိုက်လို့ အဲဒါဘယ်သူတီးတာတုံးဆိုတော့ **'ငါ'** ကတီးတာ၊ ရာဂဖြစ်ဖို့ ဘယ်သူက တီးတုံး ('ငါ' က တီးပါတယ်ဘုရား)၊ ဒေါသ ဖြစ်ဖို့ကျတော့ ဘယ်သူကတီးတုံး ('ငါ' က တီးပါတယ်ဘုရား)၊ မောဟ ဖြစ်ဖို့ကျတော့ ဘယ်သူက တီးတုံး ('ငါ' က တီးပါတယ်ဘုရား)။

အဲ လောဘ ဒေါသ မောဟ အဲဒီကထွက်လာတယ်၊ အဲ **'မတီးကမမြည်'**တဲ့။ ဟိုဟာတွေ ကျတော့ **'တီးလို့မြည်'**တဲ့။ အသံလေးက အသံလေးထွက်လာရင် သူ့ကိစ္စက ပြီးသွားတာ၊ ဒါပေမယ့် လောဘ၊ ဒေါသ၊ မောဟတွေက တစ်ခါတည်း သူက အစွဲအလမ်းတွေနဲ့ကိုး၊ အဲဒီတော့ **'အပို'** လိုဖြစ်သွားတယ်၊ **'အပိုခန္ဓာတွေ'** ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ ဆဲတယ်၊ နဂိုက ဆဲတာ ရှိသလား (မရှိပါဘုရား)။ နဂိုက ရာဂ ရှိသလား (မရှိပါဘူး ဘုရား)။ မောဟလည်း နဂိုက မရှိဘူး၊ **'ဣဿာမစ္ဆရိယတွေ'** လည်း နဂိုက မရှိဘူး၊ ကြည့်လိုက် မြင်လိုက်တဲ့အခါကျမှ ရှိလာတယ်၊ ဟုတ်ကဲ့လား၊ ကြည့်လိုက် မြင်လိုက်တဲ့အခါကျတော့ ကြည့်တယ် ဟော ဣဿာ မစ္ဆရိယ ဖြစ်ပြီဆိုပါတော့၊ ဖြစ်တာက အရင်ဖြစ်တာ၊ ဖြစ်တဲ့စိတ်နဲ့ ဟို ရှုလို့မရဘူး၊ ဖြစ်တာကို နောက်က လိုက်ပြီးသိရတယ်၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။

**မတီးကမမြည် တီးမှမြည်သံ**

အဲ အဲလို သိလိုက်လို့ရှိရင် အခုမရှိဘူး နောင်လည်းမရှိဘူးဆိုရင် ဟော ဒေါသကုန်တဲ့ အနာဂါမ်တို့ ရဟန္တာတို့ ဘာတို့ဆိုတာက အဲဒီလို ဒေါသ နောင်မဖြစ်တာကို ခေါ်တယ်။ ရာဂတို့ ရော ဒေါသတို့ရော မဖြစ်ဘူးဆိုလို့ရှိရင် **'အနာဂါမ်'** ဖြစ်တယ်၊ နည်းနည်းလေးဖြစ်တော့ ဖြစ်တယ်။ ဟို အရင်ကလို သိပ်မဖြစ်ဘူးဆိုလို့ရှိရင် **'သကဒါဂါမ်'** ဖြစ်တယ်၊ **'ငါ '** ဆိုတဲ့ ဒိဋ္ဌိမဖြစ်ရင်လည်း **'သောတာပန်'** ဖြစ်တယ်၊ ဟုတ်ပြီမဟုတ်လား (တင်ပ့ါဘုရား)။ **'မတီးကမမြည် တီးမှမြည်သံ စည်သံ မောင်းသံ ခေါင်းလောင်းသံ ကဲ့သို့ပါတကား'**။ အဲဒါလေးအတိုင်းယူပြီး ကြံ၊ အဲဒီလိုပဲ ဒီ သောဏသူဌေးသားဟာ တစ်ခါတည်း သူက အပြင်းအထန် အားထုတ်တာကိုး၊ ဟာ လွတ်လို ချင်တာကိုး၊ တရားဆိုတာလည်း လွတ်မလိုချင် ရဘူး။ ဖြည်းဖြည်း ဖြည်းဖြည်းလုပ်ရတယ်၊ လွတ်လိုချင်လွန်းလို့ လွတ်လုပ်ပြန်တော့လည်း တစ်ခါတည်း ပျံ့လွင့်သွားတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**စောင်းကလည်း လက်နဲ့ခတ်မှ အသံမြည်တယ်**

ဒီ သောဏသူဌေးသားဆိုတာက သူကခြေဖဝါးကတောင် အမွေးပေါက်တယ်၊ မြေကြီး မကျရဘူး။ အောက်က ကော်ဇောတွေနဲ့ ကတ္တီပါတွေခင်းလို့ အောင်မယ် ဟိုတစ်ယောက် လက်က ဟိုတစ်ယောက်လက်၊ ဒီတစ်ယောက်လက်က ဒီတစ်ယောက်လက်နဲ့ အဲဒီလို လူချမ်း သာ၊ အဲဒါ ဘာပြုလို့တုံးဆိုတော့ အဲ အခင်းတွေ လှူခဲ့လို့တဲ့၊ ထူးထူးဆန်းဆန်း ခြေဖဝါးကအမွေး ပေါက်သတဲ့၊ နူးညံ့တာ ကော်ဇောကြီးရဲ့ အမွေးလိုပေါ့၊ သူက နူးညံ့နေတာ ထူးဆန်းတော့ လူတိုင်းကြည့်ချင်တယ်၊ ရှင်ဘုရင်ကတောင် ကြည့်ချင်တယ်၊ ဟုတ်မှ ဟုတ်ရဲ့လားကွ အဲဒီ သဘောနဲ့ပေါ့၊ သူက ဘုရားတရားကို နာရော၊ သူကတော့ စည်သံမောင်းသံမဟုတ်ဘူး၊ သူက စောင်းသံ စောင်းကလည်း လက်နဲ့ခတ်မှ ဒီလိုမြည်တာပဲ၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။ သူလည်း အသံထွက်တယ်၊ မတီးရင် သူ့အသံထွက်သေးလား (မထွက်ပါဘူးဘုရား)။ မထွက်ဘူး သူက တီးမှထွက်တယ်၊ အဲ စောင်းသံရောပါတာပေါ့။

အဲ သူက နောက်က တရားနာတာ ခုနတုန်းကဟာ ကြားသွားတယ်၊ ဟို **'စည်သံ မောင်းသံ ခေါင်းလောင်းသံကဲ့သို့'** ရာဂ ဒေါသ မောဟတွေကလည်း ရှိသေးတာကိုး၊ အဲဒါ ဘယ်လိုဖြစ်လို့ဖြစ်မှန်းမသိဘူး၊ အခု အဲလိုပြောလိုက်တော့ ဩ် ရာဂ ဆိုတာက တီးလိုက်တော့ဖြစ်တဲ့ဟာမျိုး၊ ရာဂဆိုတာ ဘယ်လိုဖြစ်တာတုံး (တီးလိုက်တော့ ဖြစ်တဲ့ဟာမျိုးပါ ဘုရား)။ ကဲ မတီးရင်ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)။ **'မတီးက မမြည်'** ဆိုတာ သူက စာထဲပါတယ်၊ **'စည်တီးမှန်ပြင်၊ နှမ်းသွင်အိပ်မက်'၊** နှမ်းကိုလည်း ကြိတ်မှ ဆီထွက်တယ်၊ အဲလိုဟာမျိုး၊ **'အိပ်မက်'** လည်း ဒီလိုပဲ၊ **'ဥပါဒါန်'**ရှိမှမက်တယ်။

အဲ အဲလိုဟာတော့ သူ့မှာက နေရတာက ကျဉ်းကြပ်လို့ ဟာ အဖေ အမေက ရဟန်းပြုဘို့ ခွင့်မပေးဘူး၊ 'ဆွမ်းခံစားလို့မဖြစ်ဘူး ဘာညာနဲ့' ပြောတော့ 'ဟာ ကျုပ်ကတော့ ရဟန်းမပြုရရင်တော့ ထမင်းမစားတော့ဘူး' လို့ ဆိုပြီးတော့ တစ်ခါတည်း နေလိုက်တာက နှစ်ရက် သုံးရက် လေးငါးခြောက်ရက် ဖြစ်သွားတော့ သူငယ်ချင်းတွေက လာပြောရတယ်၊ သူ့အဖေ အမေကို 'ဒီကောင်က စိတ်ဓာတ်အလွန်ပြင်းထန်တဲ့ကောင် ဒီကောင် နောက်တစ်ခါ ထမင်းမစားဘဲနေရင် သေလိမ့်မယ်၊ ရဟန်းပြုတာကမှ မျက်ခွက်လေး ဘာလေးမြင်ရလိမ့်ဦးမယ် တကယ်လို့ သေသွားရင် မျက်နှာလေးတောင်မြင်ရမှာ မဟုတ်တော့ဘူး၊ ခွင့်ပေးလိုက်ပါ' လို့ တောင်းပန်ကြတော့မှ ခွင့်ပေးပါတယ်လို့ဆိုမှ သူ တစ်ခါတည်းထတယ် ထမင်းစားတယ်။ အဲဒီလိုနဲ့ ရဟန်းပြုပြီးတဲ့အခါ သူငယ်ချင်းတွေကလည်းပေါတော့ ဟိုကလာ ဒီကလာနဲ့ နောက်

www.burmeseclassic.com

www.burmeseclassic.com



မလာအောင်ဆိုပြီး ဘယ်သွားတုန်းဆိုတော့ 'ယင်းတိုက်တော' တဲ့၊ ယင်းတိုက်တော ဆိုတာ သိလား (မသိပါဘုရား)။ ဟို သကြားလက်ဝါးပင်၊ သကြားလက်ဝါးပင်ဆိုတာ သိလား (မသိပါဘုရား)။ ဆူးတွေနဲ့ လက်ဝါးကြီးလိုပဲ တစောင်းပင်ခေါ်တယ်။ အဲဒါကို 'ယင်းတိုက်တော' လို့ခေါ်တာ၊ အဲဒီ 'ယင်းတိုက်တော' သွားပြီးတော့ တရားအားထုတ်တယ်၊ လမ်းလျှောက်တယ်၊ အဲဒီတုန်းက ဖိနပ်စီးခွင့် မပြုသေးဘူး၊ ရဟန်းတွေ ဖိနပ်မစီးရသေးဘူး၊ မြတ်စွာဘုရားက သူလည်းဖိနပ်မစီးဘူး၊ ရှင်ဘုရင့်သားဖြစ်ပေမယ်လို့ တောထဲမှာ ဖိနပ်မစီးဘူး၊ သူလည်း ဆင်းဆင်းရဲရဲပေါ့၊ အဲဒီ အရှင်သောဏဟာ အဲဒီလို စင်္ကြံလျှောက်တရားအားထုတ်တော့ ဝီရိယလွန်ကဲပြီး မနားမနေ အားထုတ်လိုက်တာ ခြေထောက်ကတောင် သွေးတွေထွက်တယ်တဲ့။ သူစဉ်းစားတယ် တဲ့၊ 'ငါ ဒီလောက် ကြိုးစားအားထုတ်တာတောင် တရားမရဘူး၊ လူထွက်ပြီးတော့မှ ကုသိုလ် ကောင်းမှုတွေ ပြုရတော့မှာပဲလေ' လို့ စိတ်က အဲဒီလို ကြံတယ်။

**မြင်ပြီး ကြားပြီးနောက် ဥပါဒါနက္ခန္ဓာ မဖြစ်ရင်**

တရားက အားထုတ်လို့မရနိုင်လို့ ဒီလိုအကြံဖြစ်တာကိုး။ ခုနက **'စည်သံ မောင်းသံ ခေါင်းလောင်းသံ'** ပြင်းပြင်းကြီးတီးရင် ပြင်းပြင်းကြီး မြည်တာပေါ့၊ ပြင်းပြင်းကြီးတီးလိုက်ရင် ဘယ်လိုမြည်တုံး (ပြင်းပြင်းကြီး မြည်ပါတယ်ဘုရား)။ အသံကောင်းတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ လျော့နေပြန်တော့လည်း အသံကမကောင်းဘူး။ အဲ မြတ်စွာဘုရားက **'စောင်းဥပမာ'** နဲ့ပေးတယ်၊ စောင်းဥပမာနဲ့ပေးတာ အဲဒါ သူတို့က ဝီရိယပြင်းလွန်းလို့၊ လျော့လွန်းလို့နဲ့ ဒီလောက်ပဲ သိကြတယ်။ အဓိပ္ပါယ်က စင်စစ်ကတော့ အဲဒီ ဖြစ်တယ်ဆိုတာ တီးမှမြည်တယ်၊ မတီးရင် မမြည်ဘူး ဆိုပြီးတော့မှ အဲဒီလို ဉာဏ်တွေ ဖြစ်သွားတာ၊ ဟုတ်ရဲ့လား (တင်ပါ့ဘုရား)။

**'မတီးကမမြည် တီးမှ မြည်သံ စည်သံမောင်းသံ ခေါင်းလောင်းသံကဲ့သို့ပါတကား'**၊ အဲလိုလေး အဲဒါလေး အရင်းတည်ပြီးတော့ကို အဲဒီ မြင်တာတွေ၊ ကြားတာတွေ ဘာတွေက တော့ မြင်မှာပေါ့၊ ကြားတဲ့ဟာတွေကလည်း ကြားမှာပဲ ဟုတ်ဖူးလား၊ အဲ ကြားပြီးတဲ့ နောက်မှာ အဲဒီ ဥပါဒါနက္ခန္ဓာ ဆိုတာ **'တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည်'** လို့မဖြစ်ဘူးဆိုလို့ရှိရင် ပထမတန်းဖြစ်သွားတယ်တဲ့၊ အဲ အဲလိုမှတ်၊ ကဲ--- တော်ကြအုံးစို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " ပညာဖြင့်ရှု မမြဲမှု တရားတော် "

၄. ၁၂. ၂၀၀၆

## ရုပ်မမြင်ဘဲ လူတွေလို့မြင်တော့ မိစ္ဆာဒိဋ္ဌိ ဖြစ်သွားတယ်

**'ရာဂ'**မကောင်းတာ ဘာကြောင့်လဲဆိုရင် **'သညာ'** မကောင်းလို့ပေါ့၊ ပခုံးကြီးတွေ၊ လက်ကြီးတွေ၊ ကိုယ်ကြီးတွေကျတော့ တကယ့်လူကြီးမှတ်ပြီးတော့ ကြောက်သွားတယ်၊ လူကြီးဆိုတာ ဘယ်လောက်ကြီးတုံးဆိုတော့ မုန်ညင်းစေ့ထဲကို မြတ်စွာဘုရားကျတော့ မုန်ညင်းစေ့ထဲ ဝင်နိုင်တယ်၊ အဲဒါ လူကြီး သတ္တဝါကြီး နတ်ကြီး၊ ကိုယ့်ကိုယ်ကို ခေါင်းကြီးရယ် ခြေထောက်ကြီးရယ် လက်ကြီးရယ်လို့ မထားနဲ့၊ ထားလို့ရှိရင် ရာဂ ဒေါသတွေဖြစ်တယ်။

**ဘဂဝါ ကုစ္ဆိန္တော သာသပ ဂဗ္ဘေပိ၊**

**ဣတော စိတော စက်မတိ။**

**မြတ်စွာဘုရားဆိုတာ မုန်ညင်းစေ့ထဲကို စကြႋလျှောက်နိုင်တယ်။**

ကဲ အဲလိုဆိုတော့ လူကြီးက ဘယ်လောက်ကြီးတုံး၊ မုန်ညင်းစေ့ထဲ ဝင်တယ်ဆိုတော့ အဏုမြူလေးလောက်ပဲရှိတယ်၊ ဘယ်လောက်ရှိတဲ့တုံး (အဏုမြူလောက်ပဲ ရှိပါတယ်ဘုရား)။ ဟို လူတွေကို မျက်စိနဲ့မြင်တာ မမှန်ဘူး၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ အဲဒါ **'ရုပ်'** မမြင်ဘူး၊ **'လူတွေ'**လို့မြင်တော့ **'မိစ္ဆာဒိဋ္ဌိ'** ဖြစ်သွားတယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ အဲလို ပျောက်အောင်ကြည့်ရတယ်။ ဟို ဗကပြဟ္မာကြီးတို့ ဟော ဟောဒီမြေကြီးအောက်ထဲဝင်သွားတယ်၊ အပ်ဖျား လောက်ကလေးရှိတယ်၊ သူ့ကိုယ်ကြီးကို အပ်ဖျားလောက်ကလေး ဖန်ဆင်းပြီး ဒီလိုစိုက်ထိုး လိုက်တာ တစ်ခါတည်း ဟိုမြေကြီးအောက်ရောက်သွားတယ်၊ မြတ်စွာဘုရား သူနဲ့တူတူ ပုန်းတမ်းလို တန်ခိုးဣဒ္ဓိပါဒ်တွေ ပြုလုပ်တယ်။ အဲဒီတော့ လူတွေ ဘာတွေဟာ ဘယ်လောက် ကြီးတုံးမေးရင် အပ်ဖျားလောက်ရှိတယ်၊ လူတွေ ဘယ်လောက်ကြီးတုံး (အပ်ဖျားလောက် ရှိပါတယ်ဘုရား)။ အဲ အဲလောက်ရှိတယ်လို့ အဲလို မှတ်ထား။

ဟိုနေ့က ထွန်းဖေဆိုလား ဘယ်သူဆိုလား၊ သူ သေသွားတော့ ဟော မအေ့ဝမ်းထဲ ဝင်ချင်တော့ ထမင်းပွဲထဲကို ရောက်သွားတယ်။ ထမင်းပွဲထဲနေလိုက်တာ တစ်ခါတည်း မအေ့ဝမ်း ထဲရောက်သွားတယ်၊ အဲဒီလိုဟာတွေ၊ နောက် အမေ့ဝမ်းထဲရောက်ပြီးကြာတော့ ကြီးလာ တာပေါ့၊ အဲ အဲလိုကျမှ ငါထင်ပြီး ငိုကြ ရယ်ကြတာတွေ အဲလိုဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**ပထဝီ အာပေါ် တေဇော ဝါယောဓာတ်တွေဟာ ဉာဏ်နဲ့ ကြည့်လိုက်တော့ လူရှိသေးလား**

**'ကက္ခဠ လက္ခဏံ ပထဝီဓာတု'၊ 'ကက္ခဠ လက္ခဏံ**- ကြမ်းတမ်းသော လက္ခဏာသည်၊ **ပထဝီဓာတု**- ပထဝီဓာတ် မည်၏'။ အဲ ကြမ်းတမ်းတဲ့ လက္ခဏာ၊ နူးညံ့တဲ့ လက္ခဏာတွေက **'ပထဝီဓာတ်'** တဲ့။ အဲ ခု မကြားဘူးလား (ကြားပါတယ်ဘုရား)။ အဲ ကြားတာနဲ့ နားနဲ့ဟာ **'ခန္ဓာငါးပါး'**၊ ကြားတာနဲ့ နားနဲ့ကဘာတုံး (ခန္ဓာငါးပါးပါဘုရား)။ ကဲ မြင်ရသလား (မမြင်ရပါဘုရား)။ ဘယ်လောက် ကြီးတုံးသိလား (မသိပါဘုရား)။ အဲ ခုနတုန်းက မုန့်ညင်းစေ့ထဲကို ဝင်သွားနိုင်တဲ့ဟာမျိုး ဖြစ်သွားတယ်။ အဲဒါ ဉာဏ် --- ဉာဏ်။

**'ကက္ခဠ လက္ခဏံ**- ကြမ်းတမ်းသော လက္ခဏာသည်၊ **ပထဝီဓာတု**- ပထဝီဓာတ်မည်၏။ **အနိစ္စေ**- မမြဲ'။ အဲဒီ **'ပထဝီဓာတ်ကလေးက မမြဲဘူး'** တဲ့။ 'Atom' လေးကို လှုပ်ပတ်နေတာ၊ ငြိမ်နေရင်လည်း မလှုပ်ဘူး၊ ခုလို ထိုင်နေရင်လည်း ဒုတ် ဒုတ် ဒုတ် အဲ သွေးတိုးတာ၊ လှုပ်ပတ်တယ်၊ သွေးတွေက တိုးတယ်၊ တွန်းတိုးတာက **'ဝါယော'**၊ ဟုတ်ရဲ့လား (တင်ပါ့ဘုရား)။

**'ဝိတ္ထမ္ဘနလက္ခဏံ**- တွန်းတိုးသော လက္ခဏာသည်၊ **ဝါယောဓာတု**- ဝါယောဓာတ် မည်၏'။ အဲ တွန်းတိုးနေတာ အထက်နဲ့အောက်၊ ခြေဖဝါးကခေါင်း၊ ခေါင်းကနေ ခြေဖဝါး ရောက်အောင် အဲလို တွန်းတိုးနေတာကို **'ဝါယောဓာတ်'** ခေါ်တယ်။ အခု တို့အသံထဲမှာ **'လေ'** မပါဘူးလား (ပါပါတယ်ဘုရား)။ အဲဒါ **'ဝါယောဓာတ်'** ပေါ့၊ မြင်ရသလား (မမြင်ရပါဘူး ဘုရား)။ အဲ အဲ အဲဒီဓာတ်က **'လူ'** ဖြစ်သွားတယ်တဲ့။

**'အာဗန္ဓနလက္ခဏံ**- ဖွဲ့သောလက္ခဏာသည်၊ **အာပေါဓာတု**- အာပေါဓာတ်မည်၏'။ အဲ ပထဝီနဲ့ ဝါယောနဲ့ မကွာအောင် **'အာပေါဓာတ်'** က ဖွဲ့ထားတယ်။ **'အဝိနိဗ္ဘောဂ'** ဆိုတာ ခွာလို့မရဘူး၊ ဓာတ်လေးပါး ဓာတ်ရှစ်ပါး ခွာလို့မရဘူး၊ အဲ အဲလို **'ဉာဏ်'** နဲ့ ကြည့်ရတယ်။ အဲဒီပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ်တွေဟာ**'ဉာဏ်'**နဲ့ ကြည့်လိုက်တော့ **'လူ'** ရှိသေးလား (မရှိပါဘုရား)။

**'ယဒါ ပညာယ ပဿတိ'၊ 'ယဒါ**- အကြင်အခါ၌၊ **ပညာယ**- ပညာဖြင့်၊ **ပဿတိ**- ရှု၏'။ အဲဒါက **'ဓာတ်တွေရဲ့ လက္ခဏာ'** ကို **'ပညာ'** နဲ့ **'ရှု'** တာ။

**သေလာပထဝီ ပံသုပထဝီ**

**'ကက္ခဠလက္ခဏံ ပထဝီဓာတု'**၊ အဲ ကိုယ်ထဲမှာ ဒူးစမ်း ကြည့်တော့လည်း မာတာကြီး

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဘူးလား (တွေ့ပါတယ်ဘုရား)။ အဲ ကြမ်းတမ်းတဲ့ ခက်ထန်တဲ့ဟာက **'ပထဝီဓာတ်'** တဲ့၊ ပါးတွေ နဖူးတွေကိုင်ကြည့် ပျော့တာက၊ **'ပထဝီဓာတ်'** က နူးညံ့ရင်ပျော့တယ်၊ မြေကြီးကိုက **'သေလာပထဝီ ပံသုပထဝီ'** နဲ့ မြေကြီးကိုက နှစ်မျိုးရှိတယ်။ **'သေလာပထဝီ၊ ပံသုပထဝီ'**၊ ပံသုပထဝီဆိုတာ မြေကြီးကို ခေါ်တယ်၊ ဘာကိုခေါ်တုံး (မြေကြီးကိုခေါ်ပါတယ်ဘုရား)။

**'သေလာပထဝီ**- ကျောက်ပထဝီ၊ **ပံသုပထဝီ**- မြေပထဝီ'၊ ဟို သဲမှုန့်တွေ သမုဒ္ဒရာထဲမှာလည်း သဲမှုန့်တွေရှိတယ်၊ အဲဒါ **'ပံသုပထဝီ'** ခေါ်တယ်။ ရွှံ့တွေဘာတွေနဲ့စိုလို့ ကျောက်ခဲတွေနဲ့ ဟိုကုန်းခေါင်ခေါင်ကမြေကြီးကို **'သေလာပထဝီ'** လို့ ခေါ်တယ်။ အဲဒါကို 'ကြမ်းတမ်းတဲ့ လက္ခဏာ ပထဝီဓာတ်' လို့ခေါ်တယ်၊ အဲ ကိုယ့်ခန္ဓာကိုယ်မှာလည်းရှိတယ်။ **'ပထဝီဓာတ်'** လို့ဆိုလိုက်လို့ရှိရင် **'သတ္တဝါတွေ'** ပျောက်သွားတယ်။

**ပညာနဲ့ ရှုလိုက်တော့ လူတွေမရှိတော့ဘူး**

**ဓာတ်ရှစ်ပါးသာ ခွဲလိုက်ပါ ဆံပင်ဟာပျောက်သွားသည်။**

**ဓာတ်ရှစ်ပါးသာခွဲလိုက်ပါ ခေါင်းဟာပျောက်သွားသည်။**

**ဓာတ်ရှစ်ပါးသာခွဲလိုက်ပါ လက်ဟာပျောက်သွားသည်။**

အဲဒီလိုပျောက်သွားတာကို **'ဉာဏ်'** နဲ့ကြည့်၊ **'ဉာဏ်'** နဲ့ကြည့်တော့ သူက တစ်ခုခုမှီဖြစ်တော့ ပျက်နေတယ်၊ အဲဒီပျက်တာကို **'အနိစ္စ'** လို့ခေါ်တယ်။ ပျက်တာကို ဘာလို့ခေါ်တုံး (အနိစ္စလို့ခေါ်ပါတယ်ဘုရား)။ ကိုင်း **'လူတွေ'** မြင်သေးလား (မမြင်တော့ပါဘုရား)။ **'ယဒါ**- အကြင်အခါ၌၊ **ပညာယ**- ပညာဖြင့်၊ **ပဿတိ**- ရှု၏'။ အဲ **'ပညာ'** နဲ့ **'ရှု'** လိုက်တော့ **'လူတွေ'** မရှိတော့ဘူး။ အတ္တဆိုတဲ့ **'ငါ'** မရှိတော့ဘူး၊ မျက်စိနဲ့ကြည့်တော့ **'လူတွေ'**ရှိတယ်လို့ ဒီလိုထင်ရတယ်၊ နားနဲ့ကြားတာတောင်မှ အသံဆိုတာ မမြင်ရဘူး၊ မမြင်ရတော့ သေသွားပြီလို့ဆိုလိုက်တော့ တစ်ခါတည်း သူကတော့မြင်ရတယ် ဘေးလူကတော့ မမြင်ရဘူး၊ နှင်းမေ သူက 'အမေ ကျုပ် မသေဘူးလေ ဒီမယ်လေ' လို့ဆိုပေမယ့် မအေကြီးက သူ့အသံ မကြားဘူး၊ ဘဝခြားတဲ့အခါကျတော့ အဲလို မမြင်ရတော့ဘူး၊ မမြင်ရတော့ မရှိဘူးလားလို့ဆိုလို့မရဘူး၊ ဘာကြောင့်လဲဆိုရင် သူကရှိတယ်၊ ရွာအပြင် ထွက်သွားလိုက်တော့ မနှစ်ကသေပြီးသအဲ့ ကောင်ကလေးနဲ့ သွားတွေ့တယ်။

အဲ **'ကမ္မယန္တ** - ကံတည်းဟူသော ယန္တရား' လို့ခေါ်တယ်၊ အဲဒါနဲ့ လှည့်ပတ်နေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲသလိုလည်း မှတ်ထားအုံး။ ဟို တခြားဘာမှ မဆိုတတ်လို့ရှိရင် **'ယဒါ ပညာယ ပဿတိ'** သူက ပညာနဲ့ ကြည့်တော့ **'လူတွေ'** ရှိသေးလား (မရှိပါဘူးဘုရား)။ အဲ အဲလို စာမေးပွဲခန်းထဲ ဝင်သွားတာပဲဖြစ်ဖြစ် ဟို ရန်သူတောထဲဝင်သွားတာပဲဖြစ်ဖြစ် **'ယဒါ ပညာယ ပဿတိ'**လို့ ဆိုသွား ဟော ဘာမှ မကြောက်တော့ဘူး၊ ကဲ ကြောက်သေးလား (မကြောက်တော့ပါဘုရား)။

ဟိုကိုယ်က မုန်ညင်းစေ့ထဲတောင်ဝင်နိုင်သေးတာ မသေဘူး၊ နိဗ္ဗာန်ရောက်သွားမှ သေတာ။ ယခုသေတာက သေပေမယ့်လည်း ယခုသာ သေတာကို **'ဝိညာဉ်ကြီး'** ကို သတ်လို့ သေတာမှ မဟုတ်ဘဲ **'တဏှာ'**ကိုသတ်မှသေတာ၊ ခန္ဓာကြီးကို လူကြီးကို ကဲ ငြိုးလို့ မုန်းလို့ ခုတ်လိုက်၊ သတ်လိုက်လို့သေသွားပြီ သေပေမယ့် ခန္ဓာကြီးကမသေဘူး။ ဒီဘက်လူကြီးကတော့ သေသွားတာပေ့ါ တုံးလုံးကြီး မသွားနိုင်ဘူး၊ ဒါပေမယ့် ဟို ဝိညာဉ်ကတော့ မသေဘူး၊ အဲ ဟိုဘဝရောက်သွားပြန်ရော၊ အဲသလို အဲသလို။ ဒါကြောင့်---

**'ယဒါ ပညာယ ပဿတိ'၊ 'ယဒါ**- အကြင်အခါ၌၊ **ပညာယ** - ပညာဖြင့်၊ **ပဿတိ**- ရှု၏**'၊ 'ပညာ'** နဲ့ **'ရှု'**တော့ ဒီလို ခေါင်းတွေ၊ ကတုံးတွေ၊ အဝတ်တွေ၊ မယ်သီလတွေ ဘာတွေ ဒီလိုမရှိဘူး၊ သူက မုန်ညင်းစေ့ထဲကိုဝင်နိုင်တယ်။ အဲဒါ မြတ်စွာဘုရားက **'ဓာတ်'** ပေါ်အောင် သူက တန်ခိုးနဲ့လုပ်လုပ်ပြတာ၊ သူက ရှေ့ကသွားတဲ့လူကိုး။ သြော် မျက်စိနဲ့မြင်တော့ ဘီလူးကြီး မြင်တော့ မကြောက်ဘူးလား (ကြောက်ပါတယ်ဘုရား)။ **'ပညာ'** နဲ့ကြည့်တော့ ကြောက်သေးသလား (မကြောက်တော့ပါဘူးဘုရား)။ ပဥ္စာဝုဓ မင်းသားလေး တစ်ခါတည်း တောကြီးထဲကို ဝင်သွားတော့၊ မင်းသားလေးက တက္ကသိုလ်က ပြန်လာတာ 'မင်းသားလေး ဒီတောထဲကိုမဝင်နဲ့'၊ 'ဟာ ဝင်မယ် ဒီကသွားမှလမ်းဖြောင့်တယ်'၊ 'မဟုတ်ဘူး တောဝမှာ ဘီလူးကြီးရှိတယ်၊ ဘီလူးကြီးက ထန်းပင်လောက်ကြီးရှိတာ၊ အဲ မသွားနဲ့'၊ 'သွားမယ်၊ ငါ့ လက်နက်တွေပါတယ်'၊ အဲဒါဘုရားလောင်း၊ သွားတော့တွေ့တာပါပဲ။

တစ်ခါတည်း 'နင်လားဟဲ့ ဘီလူး' ဆိုပြီး မြားနဲ့ပစ်လိုက်တာ၊ ဟို မြားက ကိုယ်ထဲမစူးဘူး အမွေးတွေတင်ကပ်နေတယ်၊ မြားတွေကုန်တာပဲ မြားလေးငါးရာပေ့ါ၊ အမယ် မြားကုန်ပေမယ့် မလျှော့သေးဘူး၊ တစ်ခါတည်း လေးကြီးနဲ့ရိုက်တာ၊ လေးကြီးနဲ့ရိုက်တော့လည်း လေးကြီးက အမွေးကပ်နေတယ်၊ သူဆွဲလို့မရဘူး။ ဟာ ခြေထောက်နဲ့ပြေးကန်တော့လည်း ခြေထောက်ကြီး ကလည်း ကပ်နေတယ်။ လက်နဲ့သွားရိုက်တော့လည်း ဒီအတိုင်းပဲ ကပ်နေတယ်။ ဟင်း နေရရိုးလား ဆိုပြီး ခေါင်းနဲ့သွားတိုက်တော့ ဟို တစ်ခါတည်း ခေါင်းကြီးပါကပ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးကြီးက 'ကဲ ဘာတတ်နိုင်သေးတုံး'တဲ့၊ အဲဒီအခါကျတော့ ဘုရားလောင်းက 'သင်ဘီလူး ငါ့ကိုစားလိုက် စားလိုက်ရင် ငါ့ထဲမှာ 'အမြုတေ' ဆိုတာရှိတယ်။ အဲဒါက နင်အစာကြေမှာမဟုတ်ဘူး။ အစာမကြေရင် နင်လည်းသေ ငါလည်းသေ ဘာမှမထူးဘူး၊ ကဲ စားချင်စားတော့' ဆိုတော့ 'အင်း သူပြောတာ ဟုတ်တယ် ထင်ပ့ါ' ဆိုပြီး မစားဝံ့ဘူး၊ တစ်ခါတည်း 'အောင်မယ်လေး ကြွပါတော့ ကြွပါတော့' လို့ပြောတော့ 'ငါကမကြွသေးဘူး သင့်ကိုငါးပါးသီလ ပေးရအုံးမယ်' ဆိုပြီး ဘီလူးကြီးကို ငါးပါးသီလပေးတယ်။

အဲ တို့ဘုရားအလောင်းက ဘယ်လောက်သတ္တိကောင်းတယ် မှတ်သလဲ၊ ငါတို့လို ဆိုသေကုန်မှာ ဘီလူးကြီးဆိုတာနဲ့ပဲ သွေးဆုတ်သွားတယ်။ ခွေးက ကျားမြင်လို့ရှိရင် တစ်ခါတည်း ခါးကျိုးသွားတယ်။ ကျားရယ် ခွေးရယ် ခါးရယ် သုံးခု။ မသွားနိုင်တော့ဘူး သူ့ဟာသူ ကျိုးသွားတယ်။ အဲ 'ဓာတ်ခိုက်တာ' ခေါ်တယ်။ ဘီလူးနဲ့လူလည်း ဒီလိုပဲ ဓာတ်ခိုက်တာ၊ အဲ အဲလို အဲလို လေ့ကျင့်ရတယ်၊ ဒါမျိုးလေးတွေလည်း အကုန်သိရတယ်။

**သဗ္ဗေသင်္ခါရာ အနိစ္စာ**

ဩော် ခန္ဓာဆိုတာ မုန်ညင်းစေ့ထဲတောင်ဝင်နိုင်တယ်၊ **'ခန္ဓာဆိုတာ သဘောလေး လက္ခဏာလေးရှိတာပါပဲကလား'**၊ အဲလို သိရတယ်၊ ဟို မျက်စိကြီးနဲ့မြင်နေလို့ လူကြီးတွေ ခေါင်းကြီးတွေ သူဌေးကြီးတွေ သူကြွယ်ကြီးတွေ ပညာတတ်ကြီးတွေ ဘာကြီးတွေ ဒီလိုမဟုတ်ဘူး၊ **'ယဒါ ပညာယ ပဿတိ'** ပညာနဲ့ ရှုလိုက်တော့ **'သဗ္ဗေသင်္ခါရာ အနိစ္စာ'**၊ အဲ **'အနိစ္စ'** ကို ပညာနဲ့ရှုရမှာတဲ့၊ ခုဟာကမရှုဘဲ မျက်စိကြီးနဲ့ ရှုတော့ လူတွေမြင်လည်းကြောက်၊ ခွေးတွေမြင်လည်းကြောက်၊ နွားတွေမြင်လည်းကြောက်၊ ကားတွေမြင်လည်း အကုန်ကြောက်သွားတယ်။ ကားကြီးနဲ့တိုက်လို့ ဒီလူကြီးက စင်သွားတယ်၊ မှောက်လျက်ကြီး၊ စင်သွားပေမယ့် ဟော သူ ဟိုပေါ် ရွှေတိဂုံဘုရားပေါ် ရောက်နေတယ်၊ ဒီတိုင်းပဲ တစ်ခါတည်း ရောက်သွားတယ်၊ ရွှေတိဂုံဘုရားပေါ် ရောက်တော့ သူ့ညီမလေးနဲ့ သူ့ရည်းစားကို သွားတွေ့တော့ သူက နှုတ်ဆက်တယ်၊ 'ဟား နင်တို့ဘယ်ကလာတုံး ဘာတုံးနဲ့'၊ ဟိုကကြားလည်း မကြားဘူး၊ သူ့လည်း မမြင်ဘူး၊ ဘယ်မြင်ပ့ါမလဲ သူက မုန်ညင်းစေ့ပဲ၊ သူကဘာတုံး (မုန်ညင်းစေ့ပါဘုရား)။ အဲလို မှတ်ထား ဒါပေမယ့် မုန်ညင်းစေ့က ဟို လူကြီးကို သွားမြင်နေတယ်၊ ဟို လူကြီးက မုန်ညင်းစေ့ထက်ငယ်လို့ မမြင်တာပေ့ါ။ ဘာလို့ မမြင်တာတုံး (မုန်ညင်းစေ့ထက်ငယ်လို့ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



### ခန္ဓာငါးပါး ကြည့်

အဲ အဲဒါ **'ဝိညာဏ်'** ရောရှိတယ်၊ **'ရုပ်'** လည်းရှိတယ်။ ဝိညာဏ်ကလေး အဲဒီအပေါ်မှာ ရုပ်လည်းပါသွားတယ်၊ ရုပ်ပါသွားတော့ကို အရိပ်ကလေးပါသွားသလိုပေါ့၊ အဲ အဲလို ရုပ်လည်း ပါသွားတယ်၊ ရုပ်ပါသွားတော့ ဟို သူ့ညီမလေးနဲ့ သူ့ရည်းစားကို မြင်တယ်၊ မြင်တာက ဘာခန္ဓာ တုံး--- **'ဝိညာဏက္ခန္ဓာ'**၊ မြင်တာက ဘာခန္ဓာတုံး (ဝိညာဏက္ခန္ဓာပါဘုရား)၊ စကားပြောတာက ဘာခန္ဓာတုံး (သင်္ခါရက္ခန္ဓာပါဘုရား)၊ ဟာ နင်တို့လာကြသလား ဘာလားနဲ့ သူကနှုတ်ဆက် တယ်၊ ငါလည်း လိုက်လာတာပဲ ဟနဲ့ ဘာနဲ့ သူ့ကိုယ်သူ ကားတိုက်မှန်းမသိဘူး။

**'သညာလည်းပါတယ်၊ ဝေဒနာလည်းပါတယ်၊ ရုပ်လည်းပါတယ်၊ သင်္ခါရလည်းပါတယ်၊ ဝိညာဏ်လည်းပါတယ်'**၊ အဲဒါ **'ယဒါ ပညာယ ပဿတိ'** နဲ့ ရှုပုံ ရှုပုံ၊ အဲ နောက်ဘဝဆိုတာ လည်း အဲဒါမျိုး၊ **'ယဒါ ပညာယ ပဿတိ'**၊ **'ယဒါ**- အကြင်အခါ၌'၊ အဲဒီ **'အကြင်အခါ'** ဆိုတာ **'အနိယမ'** ဘယ်အခါလို့ မဆိုဘူး၊ အဲ 'ဖြစ်နိုင်တဲ့အခါ'နဲ့ 'ဖြစ်နိုင်ခြေရှိတဲ့အခါ'၊ အဲဒီအခါကို **'အကြင်အခါ'** လို့ပြောတာ။

**'ယဒါ**-အကြင်အခါ၌၊ **ပညာယ**-ပညာဖြင့်၊ **ပဿတိ**- ရှု၏။ **ပဿတိ**- မြင်၏**'**၊ မြင်လည်း မြင်ရတယ်၊ ရှုလည်း ရှုရတယ်၊ အဲလို မှတ်ထား။ 'ဝိညာဏ်လည်းပါတယ်၊ ရုပ်လည်းပါတယ်၊ သညာလည်းပါတယ်၊ သင်္ခါရလည်းပါတယ်၊ ဝေဒနာလည်းပါတယ်'။ အဲ **'ခန္ဓာငါးပါး'** ကြည့်။

### ခန္ဓာဆိုတာ ပေါင်းတာ စုတာ

**'ယဒါ ပညာယ ပဿတိ'** ဆိုတာ ဟို ဂျက်လေယာဉ်ကြီးစီးတဲ့အခါ ဟိုနောက်က အခိုးတွေ မထွက်ဘူးလား (ထွက်ပါတယ်ဘုရား)။ အဲ သူကတွန်းပြီး မသွားဘူးလား (သွားပါ တယ်ဘုရား)။ ရှေ့လေယာဉ်ပျံကြီးကို တွန်းပြီးနောက် ကန်ထုတ်လိုက်တာ တွန်းလိုက်တာ အဲဒါ ပြေးတာခေါ်တယ်။ အဲလိုပဲ ခန္ဓာကြီးကပြေးတယ်။ ရုပ်လည်းပါတယ်၊ ဝေဒနာလည်း ပါတယ်၊ အဲဒီ **'ခန္ဓာ'** က **'လူ'** ပေါ့၊ **'လူ'**ဆိုတာ ခန္ဓာကို ခေါ်တာ၊ **'ခန္ဓာ'**ကိုဖွဲ့တော့ လူဖြစ်သွား တယ်၊ **'ခန္ဓာ'** ဆိုတာဖွဲ့တာ၊ **'ခန္ဓာ'** ဆိုတာ ပေါင်းတာစုတာ၊ **'မပေါင်းမစု ပြားမှုမရှိ နိဗ္ဗာန်ဟူ၍သိ'**၊ အဲ ခုနတုန်းက **'ယဒါ ပညာယ ပဿတိ'** လို့ ရှုတာက မြင့်မိုရ်တောင်ကြီးပေါ်ရောက်သွားတယ်။ နတ်ပြည်နဲ့မဝေးဘူးလား (ဝေးပါတယ်ဘုရား)။ ဝေးပေမယ့် အလျှုတွေ လှူတဲ့လူ၊ ခုလို တရားနာတဲ့ လူတွေ မရောက်နိုင်ဘူးလား (ရောက်နိုင်ပါတယ်ဘုရား)။ ယူဇနာပေါင်း ရှစ်သောင်းလေးထောင်ဝေးတဲ့ **'တာဝတိံသာ'** ရောက်သွားတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



## ဧရဲပြည် နတ်ပြည်ရောက်သွားတယ်

အဲ ငရဲကလည်း အဝေးကြီးပဲ၊ အဲ ဟို အကုသိုလ်တွန်းပို့လိုက်တာ၊ ဂျက်လေယာဉ်ပျံကြီးကို မီးခိုးနဲ့တွန်းပို့လိုက်တယ် မဟုတ်ဘူးလား၊ အဲ အဲလို ရောက်သွားတယ်၊ ဂျက်လေယာဉ်ပျံထက် မြန်သေးတယ်။ ဒါကြောင့် 'နင့်အမေတို့' ဘာတို့ ဆဲပြီးတော့မသေနဲ့၊ သေလို့ရှိရင် စိတ်ဆိုးလို့ သေလို့ရှိရင် အဲဒီငရဲရောက်သွားတယ်၊ ဟုတ်ကဲ့လား၊ သာဓု သာဓု သာဓု လို့ဆိုပြီးသေ၊ ဟော နတ်ပြည်ရောက်သွားပြန်ရော။ အဲ အဲလို ဘဝမျိုးတွေ။

**'ယဒါ**- အကြင်အခါ၌၊ **ပညာယ**- ပညာဖြင့်၊ **ပဿတိ**- မြင်၏**'**။ အဲ ရှုတဲ့အခါမှာ မြင်တယ်တဲ့၊ တာဝတိံသာ ရောက်သွားပြီ၊ ဒီက မအေ ဖအေတွေ ကတော့ ဆွမ်းသွတ်မလို့ ဘာလုပ်မလို့နဲ့၊ ဟိုလုပ်ဒီလုပ်နဲ့ သက်န်းတွေဝယ် ဘာတွေဝယ် ဟိုကတော့ ဟိုနတ်ပြည်မှာ ရောက်သွားပြီ။ 'ဟာ မင်းလာသလား'၊ 'လာတယ်၊ လာဆိုဗျာ ကျုပ်က ဘုရားတရားနဲ့ ဘယ်လို နေတာပဲ'၊ ဘယ်လိုတရားနာတယ်၊ **'သဗ္ဗေသင်္ခါရာ အနိစ္စာ'** ဆိုတဲ့ တရားကိုနာတယ်။

အဲဒီ နတ်ပြည်ရောက်သွားတဲ့ ရုပ်ပုံလေးက ဘယ်လောက်ကြီးတယ်မှတ်တုံး၊ ခုနပြောတဲ့ ခန္ဓာလေးက မုန်ညင်းစေ့လောက်ရှိတဲ့ ခန္ဓာလေး၊ ဒါပေမယ့် ပုံကဂျက်လေယာဉ်ပျံကြီးလိုပေ့ါ၊ နောက်က တွန်းအားနဲ့၊ သူ့ဓာတ်ဆီကတစ်မျိုး၊ နောက်တွန်းပြီး ရွေ့ပြေးတာ၊ အဲလိုပဲ **'သင်္ခါရ'**က တွန်းပြီးပို့လိုက်တာ၊ **'စေတနာ'**ဆိုတာ သင်္ခါရက္ခန္ဓာ၊ အဲ သူက ကုသိုလ်ရှိတာကိုး၊ ကုသိုလ်က စေတနာခေါ်တယ်။ အဲဒီစေတနာက ဂျက်လေယာဉ်ပျံ၊ ဂျက်ဓာတ်ဆီလိုပေ့ါ၊ အဲဒါနဲ့ တွန်းပို့လိုက်တာ အဲဟို နတ်ပြည်ရောက်သွားတယ်၊ အဲဒါကို မြတ်စွာဘုရားက **'စုတူပပါတဉာဏ်'** တဲ့၊ **'စုတူပပါတဉာဏ်**- စုတိ ပဋိသန္ဓေကို သိသောဉာဏ်**'**။

## အဘိဉာဉ်ဉာဏ်

ဟို ခုနတုန်းက ကောင်ကလေး ဝမ်းလျှားမှောက်ကလေး စက်ဘီးကလေးနဲ့ အဲဒါ စုတိသွားတယ်၊ အဲ ရွေ့သွားတာကို **'စုတိ'** တဲ့၊ ဘုရားကြီးပေါ်သွားကပ်တာ **'ဥပပါတ'** တဲ့၊ ဘုရားကြီးပေါ်သွားရောက်တာဘာတုံး ( ဥပပါတပါဘုရား)။

**'စုတူပပါတ'**၊ စုတိ + ဥပပါတ။

**'ဒီက သေသွားတော့ စုတိ၊ တာဝတိံသာ ဥပပါတ'** အင်း ပေါင်းလိုက်တော့ **'စုတူပပါတ**- စုတိ ပဋိသန္ဓေ'၊ အဲဒါကို အဘိဉာဉ်ခေါ်တယ်။ **'အဘိဉာဉ်ဉာဏ်'** ဆိုတာ အဲလိုဉာဏ်မျိုး။

www.burmeseclassic.com

www.burmeseclassic.com



**'အဘိဓမ္မာညာဏ်'** ဖြစ်လို့ရှိရင် နိဗ္ဗာန်ရောက်တယ်။ သြော် **'စုတိ ပဋိသန္ဓေ'** ဆိုတာ ဒီလိုပါပဲ ကလား၊ ငရဲကြီးရှိတယ်၊ ကိုယ်မမြင်ဖူးဘူး၊ ကိုယ်မမြင်ဖူးတော့ မကြောက်ဘူး။ မကြောက်တော့ အမေတွေ ဘာတွေကို ဆဲတာပေါ့၊ တစ်ခါတည်း ရိုင်းရိုင်းစိုင်းစိုင်းပြောတာ ဆဲတာနဲ့အတူတူပဲ။ အဲလိုဆဲတော့ ဟို အဝေးကြီးပဲ အောက်ထဲ အဝေးကြီး၊ အဲဒီကို ဘယ်သူက လွှတ်လိုက်တုံး ဆိုတော့ အဲဒီကံက လွှတ်လိုက်တာ၊ ဆဲတဲ့ကံက လွှတ်လိုက်တာ၊ အဲဒီရောက်သွားတယ်။ ဒါ့ကြောင့် သတ္တဝါတို့ သံသရာတို့ဆိုတာက အဲလိုဟာမျိုးလို့ခေါ်တယ်။

**'ကက္ခဋလက္ခဏ်-** ကြမ်းတမ်းသောလက္ခဏာသည်၊ **ပထဝီဓာတု-** ပထဝီဓာတ်မည်၏**'**။ အဲဒီ ကြမ်းတာက အရင်ကြမ်းတမ်းတာနဲ့ နောက်ကြမ်းတမ်းတာ မတူဘူး၊ အဲဒီ မတူတာကို **'ဝိပရိဏာမ'** လို့ခေါ်တယ်၊ ရှေ့နောက်ပေါ့၊ ဟို ဂျက်လေယာဉ်ပျံကြီးနဲ့ တူတယ်။ အခုတော့ စက်ရပ်ထားတဲ့ကားကြီးလိုပေါ့၊ ထိုင်နေတယ်၊ စက်ကတော့ ဒုန်းဒုန်း ဒုန်းဒုန်းနဲ့ပေါ့၊ ရပ်ထား တော့လည်း မသွားဘူးပေါ့၊ မောင်းမှ ဟိုဟာလေး ဆွဲလိုက်တဲ့အခါကျမှ ရှေ့ပြေးတယ်၊ ရှေ့တွန်း လိုက်ရင်လည်း နောက်ဆုတ်သွားတယ်၊ အဲ အဲလိုပေါ့။

### ဖြစ်ပြီး၍ မရှိခြင်းကြောင့် အနိစ္စမည်၏

ဒါ့ကြောင့် **'ယဒါ ပညာယ ပဿတိ'** ဆိုတာ ပညာက အတော်လိုတယ်၊ အဲလို ကြားဖူး ဖို့ရန်လိုသည် မှတ်ထားနော်။ **'သဗ္ဗေသင်္ခါရာ အနိစ္စာ'**ဆိုတာက အဲဒီ **'ပထဝီဓာတ်'** ကလေးတွေ ကို **'အနိစ္စ'** လို့ခေါ်တယ်၊ မမြဲဘူး။

**'ဟုတွာ အဘာဝတော အနိစ္စံ'၊ 'ဟုတွာ-** ဖြစ်ပြီး၍၊ **အဘာဝတော-** မရှိခြင်းကြောင့်၊ **အနိစ္စံ-** အနိစ္စမည်၏**'**၊ ခုနတုန်းက **'ပထဝီဓာတ်'** ကလေးပေါ့၊ ကြမ်းတမ်းတဲ့လက္ခဏာလေးက ဖြစ်ပြီးသွားပြီ၊ ဖြစ်ပြီးသွားရင် မရှိတော့ဘူး။ ဟော နောက်အသစ်ရောက်လာရော၊ အဲ အဲလိုဟာမျိုး။

**'ဟုတွာ-** ဖြစ်ပြီး၍၊ **အဘာဝတော-** မရှိခြင်းကြောင့်၊ **အနိစ္စံ-** အနိစ္စမည်၏**'**၊ အဲ **'အနိစ္စ'** ဆိုတာ **'ဟုတွာ အဘာဝတော'** ကိုခေါ်တယ်။ ဖြစ်ပြီးရင် မရှိတာကို ခေါ်တယ်။ မရှိတော့ ရင်လည်း နောက်ထပ် အသစ်အသစ် ဖြစ်ပေါ်လာတယ်။ ခုထိုင်နေတာ လည်း အသစ် အသစ်တွေ ဖြစ်ဖြစ်နေတယ်၊ အဲသလို အဲသလို Atom လေးတွေပေါ့၊ တစ်နေရာတည်းစုပြီး လှည့်နေတာမဟုတ်ဘူး၊ အရင် Nucleus နေရာ- နောက် Nucleus၊ အရင် Proton နေရာ-

www.burmeseclassic.com

www.burmeseclassic.com



နောက် Proton၊ အဲလို ရှေ့နဲ့နောက် လှည့်နေတာ၊ ဟုတ်ကဲ့လား (တင်ပဲ့ါဘုရား)။ ဒီလိုရှိုးပြပြီး ဒီလိုပုံကြီးနဲ့ လှည့်ဝိုင်းနေတာမဟုတ်ဘူး၊ ရှေ့နဲ့နောက်။

**'ယဒါ**- အကြင်အခါ၌၊ **ပညာယ**- ပညာဖြင့်၊ **ပဿတိ**- မြင်၏'၊ အဲဒါ **'ပညာနဲ့ မြင်ပုံ'**တဲ့။ ဘယ်လိုမြင်တုံးဆိုတော့ **'ဟုတွာ**- ဖြစ်ပြီး၍၊ **အဘာဝတော**-မရှိခြင်းကြောင့်၊ **အနိစ္စံ**- အနိစ္စမည်၏'။ ဖြစ်ပြီးရင်မရှိတော့ဘူးတဲ့။ ဖြစ်ပြီးရင်မရှိတော့ ဘာခေါ်သလဲ (အနိစ္စပါဘုရား)။ ခု ကြားပြီးရင်ရှိသေးသလား (မရှိတော့ပါဘုရား)။ နောက်တစ်ခါ မကြားဘူးလား (ကြားပါတယ် ဘုရား)။ အဲ အဲလိုဟာမျိုးခေါ်တယ်၊ ရှေ့နဲ့နောက် ဂျက်လေယာဉ်ပျံကြီးသာ မှတ်ထား၊ ဂျက်လေယာဉ်ပျံလိုပဲ။

ဒီက စုတိဆိုရင် ဟိုပဋိသန္ဓေကို ရောက်သွားရော၊ ဟုတ်ကဲ့လား (တင်ပဲ့ါဘုရား)။ စုတိစိတ်နှင့် ပဋိသန္ဓေဟာ တုသိတာရောက်မယ်ဆိုရင် မိုင်ပေါင်းရှစ်သောင်းလေးထောင် နှစ်ပြန်ဆောင်၊ သုံးပြန်ဆောင်၊ လေးပြန်ဆောင်၊ တုသိတာတို့၊ ယာမာတို့၊ ဟို မယ်တော် မိနတ်သားကြီး တုသိတာရောက်သွားတယ်မဟုတ်လား။ အရိမေတ္တေယျ ဘုရားလောင်းလည်း တုသိတာ မဟုတ်လား၊ အဲ အဲဒါ ဂျက်လေယာဉ်ထက် မြန်သေးတယ်။

**'ဟုတွာ အဘာဝတော အနိစ္စံ'၊ 'ဟုတွာ**- ဖြစ်ပြီး၍၊ **အဘာဝတော**- မရှိခြင်းကြောင့်၊ **အနိစ္စံ**- အနိစ္စမည်၏'။ အဲဒီ မယ်တော်မာယာကြီး သေသွားတယ်ဆိုပါတော့၊ နတ်ရွာစံ သွားတယ် ဆိုပါတော့ အဲဒီထဲမှာ မယ်တော်မာယာ ရှိသေးလား (မရှိတော့ပါဘုရား)။ **'ဟုတွာ**- ဖြစ်ပြီး၍၊ **အဘာဝတော**- မရှိဘူး' ဆိုလို့ရှိရင် 'ဟိုမှာဖြစ်ပြီးတော့- ဒီမှာ မရှိတာ'ကို ခေါ်တယ်၊ 'ဟုတွာ အဘာဝက'- ဟိုမှာသွားဖြစ်ရင် ဒီမှာ မရှိတာကိုခေါ်တယ်၊ ဟုတ်ရဲ့လား (တင်ပဲ့ါဘုရား)။ ဟို တုသိတာဖြစ်ပြီးတော့ ဒီမှာရှိလား (မရှိပါဘုရား)။ ဟုတွာ- ဟိုမှာဖြစ်ရင် ဒီမှာမရှိဘူး ဟုတ်ရဲ့လား။

## ပေါင်း၍ ပြတာက သန္တတိ

အခု အမေရိကန်အာရုံပြုလိုက်စမ်း၊ အမေရိကန်ကို အာရုံပြုလိုက်ရင် အဲဒီ **'စိတ်'** ကလေးက အမေရိကန်မှာဖြစ်ပြီး ဒီမှာမရှိဘူး၊ အမေရိကန်နဲ့ အဲဒီ **'မနော'**နဲ့ ရှိနေတယ်၊ ဟုတ်ရဲ့လား (တင်ပဲ့ါဘုရား)။ အဲ အဲလိုလည်း သိရတယ်၊ အဲဒါ ပေါင်းလိုက်တာခေါ်တယ်။ ဘာခေါ်တုံး (ပေါင်းလိုက်တာပါဘုရား)။ အမေရိကန်နဲ့ ဒီကစိတ်နဲ့ ပေါင်းလိုက်တာ၊ အဲဒါကို

www.burmeseclassic.com

www.burmeseclassic.com



**'သခ်တ'**မှာ သံက ပြောတယ်၊ **'သင်္ခမ္မ**- ပေါင်း၍၊ **ကတံ**- ပြုသည်**'၊** 'ပြုသည်' ဆိုတာ 'ဖြစ်သည်' ပေ့ါ။ ဟိုက အမေရိကန် က သူငယ်ချင်းနဲ့ ဒီကသူငယ်ချင်းနဲ့ ဟာ ဒီကစိတ်နဲ့ သွားပေါင်းလိုက်တာ၊ အဝေးကြီး အဲဒါ **'ဒူရ'** လို့ခေါ်တယ်၊ ဘာခေါ်တုံး (ဒူရလို့ခေါ်ပါတယ်ဘုရား)။ အဲဒါ အဝေး အင်္ဂလိပ်ကလည်း အဝေးကို 'Away' လို့ပဲခေါ်တယ်၊ အဲဒီ အဝေးနဲ့ အနီး၊ 'Away' နဲ့ ' Near' အဲလိုချည်းသွားတယ်၊ ဟိုမှာ ရောက်ပြီးတော့ ဒီမှာမရှိဘူး၊ တစ်စိတ်တည်းနဲ့ အသက်ရှင်တယ်၊ ဟုတ်ရဲ့လား (တင်ပ့ါဘုရား)၊ **'ဒွိဟိ စိတ္တေဟိ'** စိတ်နှစ်စိတ်နဲ့ အသက်မရှည်ဘူးတဲ့၊ အဲသလို ဟာမျိုး၊ ဒါကတော့ ဗဟုသုတနဲ့ပေ့ါလေ နောင်ကျတော့ ဟန်သွားလိမ့်မယ်၊ ဒီလို ဟောဖူးတယ်။

## ပြုပြင်ပြောင်းလဲတာက သင်္ခါရ

အဲ **'အနိစ္စ'**က အဲဒီလို၊ **'ပညာ'**က **'အနိစ္စ'** ကိုသိတာ၊ အဲဒါ ဘာတွေတုံးဘုရားဆိုရင် **'ဟုတွာ အဘာဝတော-**ဖြစ်ပြီးလို့ မရှိတာကို အနိစ္စ**'** ခေါ်တော့ အဲဒီ **'အနိစ္စတွေ'**က ဘာတွေတုံး ဘုရာ့ဆိုမှ **'သင်္ခါရာ'**တဲ့၊ ဘာတွေတုံး (သင်္ခါရာ)၊ သင်္ခါရဆိုတာ ပြုပြင်ပြောင်းလဲတာကို 'သင်္ခါရ'၊ 'သခ်တ'ကလာတာပါပဲ၊ Atomတို့ အဏုမြူတို့ဆိုတာ ပြုပြင်ထားတာ မဟုတ်လား၊ ဒကာကြီး တို့လည်း ပြုပြင်ထားတာ၊ ထမင်းတို့ ဘာတို့နဲ့ မပြုပြင်ဘူးလား (ပြုပြင်ပါတယ်ဘုရား)။ အဝတ်တွေ ဘာတွေလျှော်၊ ဘာလုပ်လိုက် ညာလုပ်လိုက်နဲ့ နေ့တိုင်း ပြုပြင်တယ်၊ လမ်းသွားတယ်၊ ညောင်းရင် ထိုင်တယ်၊ ထတယ်ဆိုတာလည်း ပြုပြင်တာပဲ။ အဲဒီပြုပြင်တဲ့ 'သင်္ခါရ'၊ **'သင်္ခါရာ**- ပြုပြင်သော သင်္ခါရတို့သည်'၊ ကားသွားပြင်လိုက်၊ ဟော ထမင်းမစားရသေး ဘဲနဲ့ အိမ်ပြန်လိုက်၊ အိမ်ကျမှ စားလိုက်၊ အဲလိုဟာတွေပေ့ါ၊

**'သင်္ခါရာ**- ပြုပြင်သော သင်္ခါရ တို့သည်၊ **အနိစ္စာ**- ဖြစ်ပြီး၍ မရှိကုန်'။

အဲ **'မရှိတာကြီး'**ကို ကြည့်ရတယ်၊ ဒီ **'ရှိ'**နေတဲ့ ဒူးတွေ ပေါင်တွေ ခါးတွေကို မကြည့်နဲ့ **'မရှိတာကြီး'**ကို ကြည့်လိုက်တော့မှ အဲဒါမှ နိဗ္ဗာန်က **'ယဒါ ပညာယ ပဿတိ'** ဆိုပြီး အဲဒီ အနိစ္စထဲမှာ နိဗ္ဗာန်ကြီးကရှိတယ်၊ ဟုတ်ကဲ့လား၊ အဲသလို မြင်အောင် ပြောရတာ၊ မြင်သွားတယ် မဟုတ်လား (တင်ပ့ါဘုရား)။ ဒီကလူတွေ မရှိတော့ဘူးလေ၊ **'လူ'**မရှိတော့ တဏှာလည်း မရှိတော့ဘူးလေ၊ ရာဂလည်း မရှိတော့ဘူးလေ၊ အဲ မရှိတော့မှ တစ်ခါတည်း **'ဟုတွာ အဘာဝတော'** ဟုတ်ကဲ့လား၊ ဒီ့ပြင်လွမ်းနေမယ်၊ သံယောဇဉ်ရှိနေမယ်ဆိုရင်တော့ သူက နိဗ္ဗာန်မရောက်ဘူး၊ အဲဒီကတော့ သူနေလို့မဖြစ်ဘူး ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။

**'ဟုတွာ**- ဖြစ်ပြီး၍၊ **အဘာဝတော**- မရှိခြင်းကြောင့်၊ **အနိစ္စံ**- အနိစ္စမည်၏'။

www.burmeseclassic.com

www.burmeseclassic.com



**'အနိစ္စ'** ဆိုတာ ခေါင်းတွေ၊ ခြေတွေ၊ လက်တွေမထားရဘူးနော်၊ ဟို **'သင်္ခါရ'** လေးကိုခေါ်တာ၊ ကြံတာလေး၊ စည်တာလေး၊ မြင်တာလေး၊ ကြားတာလေး၊ အခု မကြားဘူးလား (ကြားပါတယ် ဘုရား)။ အဲဒီကြားတာဟာ **'သင်္ခါရ'**၊ ဘာပြုလို့ကြားတုံးဆိုတော့ ဒီကအသံနဲ့ ဟိုကနားနဲ့ ဒီကအသံကလည်း ပြုပြင်ပြီး လွှတ်လိုက်တာ စိတ်ကူးစိတ်သန်းနဲ့ သူကပြောတာ၊ ဟိုက နားကလည်း ကမ္မဇရုပ်ကလည်း နားမပင်းဘူးပေါ့၊ နားကောင်းတယ်ပေါ့၊ အဲဒါကြားတယ်၊ အဲလို ပြုပြင်ပြီးတော့ ကြားတာလေး ဖြစ်သွားတယ်၊ အဲဒါကို **'သင်္ခါရ'** လို့ခေါ်တယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။

**'သင်္ခါရာ**-ပြုပြင်သောသင်္ခါရတို့သည်၊ **အနိစ္စာ**-ဖြစ်ပြီး၍မရှိကုန်'။

**ဟုတွာ အဘာဝတော အနိစ္စံ**

အဲဒီ **'သင်္ခါရ'** က တစ်ခုတည်းမဟုတ်ဘူး၊ **'သဗ္ဗေ - အလုံးစုံသော'** လူတွေရော၊ နတ်တွေရော၊ ပြဟ္မာတွေရော၊ လောကကြီးရော အကုန်လုံးခေါ်တယ်။ အဲဒီ **'သဗ္ဗေ'** က အကြွင်း အကျန် မရှိဘူး၊ သူရောဒီလိုပဲ ကိုယ်ရော ဒီလိုပဲ။

**'သဗ္ဗေ** - အလုံးစုံကုန်သော၊ **သင်္ခါရာ** - ပြုပြင်သမျှ သင်္ခါရတို့သည်၊ **အနိစ္စာ** - ဖြစ်ပြီး၍ မရှိကုန်၊ **ယဒါ** - အကြင်အခါ၌၊ **ပညာယ** - ပညာဖြင့်၊ **ပဿတိ** - မြင်၏'။

မမြင်သေးလို့ရှိရင် **'အထ'** မသွားနဲ့ **'အထနိဗ္ဗိန္ဒတိဒုက္ခေ'** လို့ ဆိုတာရှိတယ်၊ အခု ပြောပြီးသလောက်သာရှုအုံး **'ဟုတွာ'၊** မနေ့က ဘာနဲ့ ထမင်းစားတုံး **'ဟုတွာ'**၊ အဲဒါ ဖြစ်ပြီးပြီ မရှိတော့ဘူး၊ မနေ့က ကြံတာတွေလည်း ဒီလိုပဲ **' ဟုတွာ အဘာဝတော'**၊ ခုနက ကြံတာလည်း ဒီလိုပဲ **'ဟုတွာ အဘာဝတော'**၊ အခုထိုင်နေတာလည်း **'ဟုတွာ အဘာဝတော'**။

**'ဟုတွာ** - ဖြစ်ပြီး၍၊ **အဘာဝတော** - မရှိခြင်းကြောင့်၊ **အနိစ္စံ** - အနိစ္စမည်ကုန်၏'။

ဟိုတုန်းက အတ္တာတွေလည်း ဒီလိုပဲ။ ဟို အမေရိကန်သမ္မတတွေဖြစ်ပြီး မရှိတော့ဘူး။ အဲဒီလို မရှိလိုက် ရှိလိုက်နဲ့ အသစ်အသစ်တွေ ဖြစ်နေတယ်တဲ့။ အဲလို မှတ်ထားနော်။

ကဲ--- တော်ကြဦးစို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



## " ဓမ္မာနုပဿနာ – ဉာဏ်ပထျာ တရားတော် "

၅. ၁၂. ၂၀၀၆

### မောဟမရှိရင် အဝိဇ္ဇာ မရှိတော့ဘူး

**'မနော'**နဲ့ ဆိုတာကို **'ဓမ္မာရုံ'** လို့ခေါ်တယ်၊ မျက်စိနဲ့ဆိုတာမဟုတ်ဘူး မနောနဲ့ဆိုတယ်၊ ဟို ဘာပြုလို့တုံးဆိုတော့ **'အာရုံရဲ့သဘောမှန်ကို မသိတာက မောဟစေတသိက်'** ခေါ်တာကိုး၊ အဲဒီမောဟကို ရှင်းပစ်နေရတယ်၊ မောဟကို ရှင်းလိုက်တော့ **'အသမ္မောဟ သမ္ပဇဉ်'** တဲ့၊ မောဟမရှိတော့ဘူး၊ မောဟမရှိရင် အဝိဇ္ဇာမရှိတော့ဘူး၊ အဝိဇ္ဇာမရှိလို့ရှိရင် အဲ ငြိမ်းအေးခြင်း နိဗ္ဗာန်ရောက်သွားတယ်။

**'မနော'** မှာ **'ပညတ်'** က ဖုံးနေတာကိုး၊ **'မနောနဲ့ဆုံ ဓမ္မာရုံ အကုန် ပညတ်ပါ'**၊ အဲလို ဆိုရတယ်၊ 'မနောနဲ့ဆုံ ဓမ္မာရုံ အကုန်ပညတ်ပါ'၊ အိပ်မက်ထဲက 'အိပ်မက်အာရုံ'၊ အိပ်မက် အာရုံကလည်း 'ပညတ်'ပဲ၊ အဲ သူ့အာရုံပြုတာကတော့ **'မနော'**၊ 'ဘဝင်စိတ် ဆင်ခြင်စိတ် ထိုနှစ်စိတ် မှတ်ပိမ့်မနော ဖြစ်သတည်း'၊ ဘဝင်စိတ်နဲ့ ဆင်ခြင်စိတ်ကို **'မနော'** လို့ခေါ်တယ်။

**'ဘဝင်စိတ် ဆင်ခြင်စိတ် ထိုနှစ်စိတ် မှတ်ပိမ့်မနော ဖြစ်သတည်း'**။

### မနောကိုလည်း သိရမယ်

အဲ **'ဓမ္မာနုပဿနာ'** က မနောကိုလည်းသိရမယ်လို့ဆိုတာကိုး။ **'ဓမ္မာနုပဿနာ'** က မနောလည်း သိရမယ်၊ ဝမ်းထဲက မနောကိုလည်းသိရမယ်တဲ့၊ ဝမ်းထဲက **'မနောရဲ့အာရုံ'** ကိုလည်း သိရမယ်၊ အဲ အဲဒီလို **'မနဉ္စပဇာနာတိ -** မနောကိုလည်း သိရမယ်' လို့ပြောတယ်။ အဲဒီ မြတ်စွာဘုရားက ပြောတာ။

**'ဓမ္မေစ -** ဓမ္မာရုံတို့ကိုလည်း၊ **ပဇာနာတိ -** သိ၏**'**။ **'ဓမ္မာရုံ'** ဆိုတာ **'ပညတ်ဓမ္မာရုံ'**၊ ကသိုဏ်း နိမိတ်တွေကလည်း ပညတ်ပဲ၊ အဘိညာဉ်တန်ခိုးရဲ့ အာရုံတွေကလည်း ပညတ်ပဲ၊ မနောရဲ့အာရုံ ဝမ်းထဲအာရုံတွေကလည်း ပညတ်ပဲ၊ ဆင်ခြင်တဲ့ဟာတွေလည်း အဲဒါ **'မနော'** ခေါ်တယ်။

**'ဘဝင်စိတ် ဆင်ခြင်စိတ် ထိုနှစ်စိတ် မှတ်ပိမ့် မနောဖြစ်သတည်း'**။

ဆင်ခြင်တဲ့ဟာကလည်း မနော၊ အိပ်မက်ထဲမှာလည်း တစ်ခါတစ်ခါဆင်ခြင်တယ်တယ်၊ အဲ အဲဒါ **'မနော'** ခေါ်တယ်။ အဲဒါ **'မနဉ္စ -** မနောကိုလည်း၊ **ပဇာနာတိ -** သိ၏'။

www.burmeseclassic.com

www.burmeseclassic.com



**'မနော'** ကို မသိရင် **'ငါ'** လို့မှတ်တတ်တယ်၊ **'မနော'** ကို မသိတာက အဝိဇ္ဇာ၊ **'ငါ'**လို့ မှတ်တာက ဒိဋ္ဌိ။

**နာမည်တွေ သဏ္ဍာန်တွေပါရင် ပညတ်**

အဲ ဓမ္မာနုပဿနာက **'မနဉ္စ -** မနောကိုလည်း၊ **ပဇာနာတိ -** သိ၏'၊ 'ဘယ်သွားအုံးမယ်' ဟော ဝမ်းထဲတွင်ဖြစ်တဲ့ဟာ ဝမ်းထဲတွင်ဖြစ်ပြီးတော့ ပါးစပ်ကထွက်လာတယ်၊ ဘယ်သွား အုံးမယ်၊ ဘယ်သွားရမယ်နဲ့ အဲဒါ ဝစီထွက်တာက **'ဝစီဝိညတ်ရုပ်'**။

လောကကြီး အကြောင်း၊ တိုင်းပြည်အကြောင်း၊ မြို့ရွာအကြောင်း အဲဒါတွေ **'ပညတ်'**၊ နာမည်တွေ သဏ္ဍာန်တွေ ပါလာပြီဆိုရင် အဲဒါ **'ပညတ်'**၊ အစိုးရအကြောင်း၊ ဘာအကြောင်း အဲ အဲဒါတွေ **'ပညတ်'**၊ စကားပြောတာကလည်း **'မနော'** နဲ့မှ ပြောလို့ဖြစ်တယ်၊ မျက်စိနဲ့ စကားပြောလို့ မဖြစ်ဘူး၊ မျက်စိက **'ရုပ်'**ကို မဖြစ်စေတတ်ဘူး၊ ဖောင်းတယ် ပိန်တယ်ဆိုတာ ကလည်း **'ပညတ်'** ပဲ၊ ဗိုက်ကြီးမြင်ရင် **'ပညတ်'**။

**သဘောရောက်မှ ပရမတ်**

လှုပ်တာကလေးကျမှ **'ပရမတ်'**၊ တိုးတာတွန်းတာ လှုပ်တာကလေးကမှ **'ပရမတ်'**၊ ဗိုက်ကြီးတို့ ထိုင်တယ်တို့ဆိုရင်လည်း သဏ္ဍာန်တွေက **'ပညတ်'**၊ အတွင်းက တိုးတိုးနေတာက မီးခိုးလို တိုးတိုးနေတာက အဲဒါကမှ **'ပရမတ်'**၊ **'ဝါယောလက္ခဏာ'** လေးတွေ တွန်းတွန်း တိုးတိုးနေတာ အဲဒါ **'ဝါယော'**၊ အငွေ့လို ပူတာလေးတွေ ရှိန်းရှိန်း ရှိန်းရှိန်း ပူတာလေးတွေ၊ ဖျားလို့ပူတာလေးတွေ၊ အပြင်းပူတာလေးတွေ၊ ရေခဲတင်လောက်အောင် ပူတာတွေ၊ အဲ အဲဒီကတော့ **'ပရမတ် တေဇော'**။

ဟော နာမည်မပါရဘူး၊ ပူတယ် Hot သဘောရောက်မှ **'ပရမတ်'**၊ တွန်းတိုးတဲ့ သဘောရောက်မှ **'ပရမတ်'**၊ နာမည်က **'ပညတ်'**၊ အဲ အဲဒါ **'မနောရဲ့အာရုံ'**၊ ပထဝီဆိုတဲ့ အဲဒီ ချောကြမ်းတာလေးက **'ပထဝီ'**၊ အသားဆိုတာက **'ပညတ်'**၊ အသားတွေ မနောနဲ့ အာရုံပြုလို့ ရတယ်၊ အဲဒါ ပညတ်၊ ကာမစိတ်ရဲ့ အာရုံကလည်း ပညတ်ပဲ၊ အဲဒါကြီးကလည်း ပုံပေါ်လာ တယ်၊ ကာမစိတ်၊ **'ကာမ မနော'** လို့ခေါ်တာပေါ့၊ အဲဒါ ကာမစိတ်၊ လိင်စိတ်တို့ ဆိုတာတွေပေါ့၊ အဲ အဲဒါ ကာမ၊ အဲဒါ **'မနောရဲ့ အာရုံ'**။

www.burmeseclassic.com

www.burmeseclassic.com



**ဓမ္မာရုံကိုလည်း သိရမယ်**

**'မနဉ္စ ပဇာနာတိ-** မနောကိုလည်း သိရမည်' **'ဓမ္မေစ-** ဓမ္မာရုံ' ဆိုတာလည်း၊ မနောရဲ့ အာရုံဆိုတာလည်း **'ပညတ်'**၊ အဲဒါလည်း အာရုံ ပဲ၊ **'ဓမ္မေစ-** ဓမ္မာရုံတို့ကိုလည်း၊ **ပဇာနာတိ -** သိ၏'။ အဲဒါပညတ် **'အာရုံပညတ် ထိုနှစ်ရပ် အဝိဇ္ဇာဖြစ်ကြောင်းမှတ်'** တဲ့၊ အဲ **'ပညတ်အာရုံ'** တွေဆိုလျှင် အဝိဇ္ဇာဖြစ်ပြီလို့မှတ်။

**'ဓမ္မေစ-** ဓမ္မာရုံတို့ကိုလည်း၊ **ပဇာနာတိ-** သိ၏'၊ အဲဒီ **'မနောရဲ့အာရုံ'**မှန်သမျှ အကုန်သိ၊ **'မနောရဲ့အာရုံ'**တွေက ပညတ်တွေများတယ်၊ **'ပညတ်နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန် ဓမ္မာရုံ'** အဲဒါလည်း နိဗ္ဗာန်ကလည်း ဓမ္မာရုံ၊ ပညတ်ကလည်း ဓမ္မာရုံ၊ အဲ မနောရဲ့အာရုံ။

**'ပညတ် နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန်ဓမ္မာရုံ'**။

**မနော အာရုံ နှစ်ပါးဆုံ အကုန်သံယောဇဉ် စွဲသတည်း**

**'ပညတ်'** ဆိုတာ နာမည်တို့ သဏ္ဌာန်တို့ကိုခေါ်တယ်။ နာမည်တို့ သဏ္ဌာန်တို့ဟာ ပညတ်ပေါ့၊ အဲဒါကြောင့် **'နာမသဏ္ဌာန် မရောက်ရန် အမှန် သတိပြု'**၊ ရောက်ရင် ရောက်တယ်။ ဒါ **'ပညတ်အာရုံ'**၊ အဲဒီသိတာက **'မနော'**၊ အဲဒီ **'မနောနဲ့ပညတ်'**ကို အကြောင်းပြုပြီးတော့ ဟို သံယောဇဉ်ဖြစ်လာတယ်၊ ငြိတွယ်မှု၊ မနောနဲ့အာရုံပေါ့။

**'မနော အာရုံ နှစ်ပါးဆုံ အကုန် သံယောဇဉ် စွဲသတည်း'** တဲ့။

သံယောဇဉ်ဆိုတာက လောဘတို့၊ ဒေါသတို့၊ မာနတို့၊ ဣဿာတို့၊ မစ္ဆရိယတို့၊ ကုက္ကုစ္စတို့၊ ထိနတို့၊ မိဒ္ဓတို့ အဲဒါ သံယောဇဉ်တွေပဲ၊ အဲ နိဗ္ဗာန်ဆိုတာကတော့ အဲဒီ သံယောဇဉ် မရှိတာကို ခေါ်တယ်။ သံယောဇဉ်ကလည်း **'ပညတ်'** ရှိမှ သံယောဇဉ်ဖြစ်တယ်၊ **'ပညတ်'**မရှိရင် သံယောဇဉ်မဖြစ်ဘူး၊ အဲပညတ်နဲ့သံယောဇဉ်၊ ပညတ်ရှိရင် သံယောဇဉ်ရှိတယ်။

**သံယောဇဉ် မရှိတာ နိဗ္ဗာန် ခေါ်တယ်**

**'ပညတ်'**မရှိရင် သံယောဇဉ်မရှိဘူး၊ သံယောဇဉ်မရှိလို့ရှိရင်လည်း ဟော နိဗ္ဗာန်ရောက်သွားတယ်၊ သံယောဇဉ်မရှိတာ **'နိဗ္ဗာန်'** ခေါ်တယ်။ သံယောဇဉ်က ဘယ်ကလာတုံး ဆိုတော့ ဒိဋ္ဌိကလည်း သံယောဇဉ်။

**'လက်'** ဆိုတာက ဒိဋ္ဌိ၊ **'ငါ့လက်'** ဆိုတာက တဏှာ။

www.burmeseclassic.com

www.burmeseclassic.com



**'ခေါင်း'**က ဒိဋ္ဌိ၊ **'ငါ့ခေါင်း'** ဆိုတာက တဏှာ။

**'မျက်ခွက်'**က ဒိဋ္ဌိ၊ **'ငါ့မျက်ခွက်'** ဆိုတာက တဏှာ။

**'ရင်ဘတ်'** ကလည်း ဒိဋ္ဌိ၊ **'ငါ့ရင်ဘတ်'** ဆိုတာက တဏှာ။

**'ခြေထောက်'** ကလည်း ဒိဋ္ဌိ၊ **'ငါ့ခြေထောက်'** ဆိုတာက တဏှာ။

အဲ အဲဒါ ပညတ်။ **'တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည်'**၊ အဲ တဏှာ ဒိဋ္ဌိတို့ဖြစ်မှ ကာယကံ၊ ဝစီကံ၊ မနောကံ ဖြစ်လာတယ်။

**'လူ'** ဆိုတော့ ဒိဋ္ဌိ၊ **'ငါ့လူ'** ဆိုတော့ တဏှာဖြစ်သွားတယ်။

**'လူမျိုး'** ဆိုတော့ ဒိဋ္ဌိ၊ **'ငါ့လူမျိုး'** ဆိုတော့ တဏှာဖြစ်သွားတယ်။

**'ပိုက်ဆံ'** ဆိုတော့ ဒိဋ္ဌိ၊ **'ငါ့ပိုက်ဆံ'**ဆိုတော့ တဏှာဖြစ်သွားတယ်။

**'တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည်'**၊ အဲ --- တဏှာ ဒိဋ္ဌိပါတဲ့ကံ။

**တဏှာ ဒိဋ္ဌိမပါဘူးဆိုရင်လည်း နိဗ္ဗာန်ပဲ**

တဏှာ ဒိဋ္ဌိက ဟော ဝမ်းထဲက စေတနာ၊ **'တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည်'**၊ **'ကံ'**ဆိုတာက ကာယကံ၊ ဝစီကံ၊ မနောကံ။ **'မနောကံ'**ဆိုတာ အဲဒါ ဝမ်းထဲက စေတနာရတယ်၊ အဲဒီစေတနာထဲမှာ တဏှာ ဒိဋ္ဌိပါလာတယ်။ အဲ **'တဏှာ ဒိဋ္ဌိ'** မပါဘူးဆိုရင်လည်း နိဗ္ဗာန်ပဲ၊ အဲဒီဟာတွေကို အရင်သိရတယ်။ ဝါယော- ရုပ်လို့ဆိုတော့ **'ငါ့ရုပ်'** လို့ဆိုလို့မရဘူး၊ ဟို ရုပ်ထဲမှာ လက်မပါဘူး၊ **'ပညတ်နဲ့ ရုပ်နဲ့'** အဲဒီလိုခွဲရတယ်။ ဤဟာရုပ်၊ ဤဟာ ဝေဒနာ၊ ဤဟာ ပညာ၊ ဤဟာသင်္ခါရ၊ ပူတာလေးတွေ နွေးတာလေးတွေပေါ့၊ တွန်းတိုးတာလေးတွေ၊ အမာခံလေးတွေ ပေါ့။ Nucleus လို၊ Molecules လို ဟာလေးတွေ။

**'ဤဟာရုပ်'**၊ **'ဤဟာ ရုပ်ဖြစ်ကြောင်း'** လို့ဆိုတော့ အပြင်ဘက်ကျတော့ ဤရုပ်က **'တေဇော'**ကြောင့်ဖြစ်တာ၊ အပူအအေးကြောင့် အပြင်ဘက်က ရုပ်ဖြစ်တယ်။ ဒီကိုယ်ကြီး ကျတော့ **'ကံ၊ စိတ်၊ ဥတု၊ အာဟာရ'** ကြောင့် ရုပ်ဖြစ်တယ်။ **'အဝိဇ္ဇာ'** ကြောင့်လည်း ရုပ်ဖြစ်တယ်၊ **'တဏှာ'** ကြောင့်လည်း ရုပ်ဖြစ်တယ်၊ **'ဥပါဒါန်'** ကြောင့်လည်း ရုပ်ဖြစ်တယ်၊ **'ကံ'** ကြောင့်လည်း ရုပ်ဖြစ်တယ်၊ **'အာဟာရ'** ကြောင့်လည်း ရုပ်ဖြစ်တယ်၊ များလွန်းလို့ရှိရင်လည်း တစ်ခုလောက် မှတ်မိလို့ရှိရင် မဆိုးပါဘူး၊ ဒါမှ အကြောင်း အကျိုးသိမှုလည်း **'ဝိစိကိစ္ဆာ'** က ကွာတာကိုး။

www.burmeseclassic.com

www.burmeseclassic.com



## အကြောင်းအားလျော်စွာ ဖြစ်နေတာ မှတ်ပါသဘာဝ

**'ဓမ္မော'** ကို **'သဘာဝေါ'** လို့ဖွင့်တယ်၊ 'သဘာဝ' ဆိုတာ အကြောင်းအားလျော်စွာ ဖြစ်တာကို သဘာဝလို့ခေါ်တယ်။ ဒီက ဆဲရင် ဆဲသံကြားတယ်၊ သီချင်းဆိုရင် သီချင်းဆိုသံ ကြားတယ်၊ တုံးခေါက်ရင် တုံးခေါက်သံကြားတယ်၊ ကားလာရင် ကားသံကြားတယ်။

**'အကြောင်းအားလျော်စွာ ဖြစ်နေတာ မှတ်ပါသဘာဝ'**။

အဲ ဖြစ်တာကို သိရတယ်၊ ဖြစ်တာသိရင် **'ဥဒယဉာဏ်'** လို့ဖြစ်သွားတယ်၊ အကြောင်း အားလျော်စွာ'အကြောင်းလည်း သိရတယ်၊ ဖြစ်တာလည်းသိရတယ်'၊ **'အကြောင်း အားလျော်စွာ ဖြစ်နေတာ မှတ်ပါသဘာဝ'** တဲ့၊ ဟော နားကြားတယ်၊ ကြားတာက 'သဘာဝ'က ကြားတာ။ ဖြစ်တာကို သိလို့ရှိရင် **'ဥဒယဉာဏ်'** ပျက်တာကို သိလို့ရှိရင် **'ဝယဉာဏ်'**၊ အဲ အဲဒါကြောင့် ကြားရင် ကြားတယ်၊ **'ကြားတယ်'** လို့ဆိုတာက **'မနော'**၊ **'ကြားတာ'** က **'နား'** အဲလိုကွဲသွားတယ်။

## အနိစ္စက ဉာဏ်ရဲ့ အာရုံ

**'အကြောင်းအားလျော်စွာ ဖြစ်နေတာ မှတ်ပါသဘာဝ'**၊ အကြောင်းအားလျော်စွာ ဖြစ်တာကို သိရင် **'ဥဒယဉာဏ်'** ၊ ပျက်တာကို သိရင် **'ဝယဉာဏ်'**၊ ပြီးတော့ ပျက်တယ်၊ ပျက်တယ်လို့ ပျက်တာတွေချည်း သိနေရင် **'ဘင်ဉာဏ်'**၊ အဲဒီဟာကို **'အနိစ္စ'** လို့ခေါ်တယ်။

အဲဒီတော့ **'ဘင်ဉာဏ်'**ရောက်မှ အနိစ္စကိုသိတယ်၊ **'အနိစ္စ'** ဆိုတာက ဖြစ်ပြီးရင်မရှိဘူး၊ ဖြစ်ပြီးရင် အရင်ဟာမရှိတော့ဘူး၊ နောက်ကအသစ်၊ သံချွန်လေး ဘောပင်လေး ထိပ်မှာ မုန့်ညင်းစေ့ ကလေးချလိုက်တော့ တင်မနေသလိုပဲ၊ အဲဒီ ဖြစ်ပြီးတော့ ပျက်သွားတယ်တဲ့၊ အဲ အဲဒါလည်း **'ဓမ္မာရုံ'** ခေါ်တယ်။ အဲဒါကျတော့ **'အသင်္ခတ သမ္ဘဝဥ်'** ဆိုတော့ **'မောဟမရှိတဲ့ ဉာဏ်ရဲ့အာရုံ'** ခေါ်တယ်။ အနိစ္စကျတော့ ဉာဏ်ရဲ့အာရုံခေါ်တယ်။ **'အနိစ္စက ဉာဏ်ရဲ့အာရုံ'**၊ အဲဒီလောက် ဆိုလည်း မဆိုးဘူး။

ကဲ--- တော်ကြအုံးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# “သစ္စာလေးတန် အနက်မှန် တရားတော်”

၆. ၁၂. ၂၀၀၆

## ဒုက္ခက လောကီ၊ လောကီက လောဘ

**‘မုတ္တော သောဘဂ၀ါ’**၊ **‘မုတ္တော’**ဆိုတာ **‘ဒုက္ခသစ္စာ’** မှ လွတ်တော်မူပြီ၊ အဲ အဲလိုက သာပြီးသေချာတယ်၊ **‘ဒုက္ခသစ္စာ’** ဆိုတာဘာတုံး ဘုရား့ဆိုတော့ **‘လောကီ’** ခေါ်တယ်။ လောကီက ဖြစ်တတ် ပျက်တတ်တယ်၊ လောကီစိတ်၊ အဲဒီဟာတွေမှ မြတ်စွာဘုရားသည် **‘မုတ္တော-** လွတ်တော်မူပြီ**’**တဲ့၊ **‘သောဘဂ၀ါ-** ထိုမြတ်စွာဘုရားသည်၊ **မုတ္တော-** ဒုက္ခသစ္စာမှ လွတ်မြောက်တော်မူပြီ’။ ဒုက္ခရော သမုဒယရောပေါ့၊ ဒုက္ခပါရင် သမုဒယပါတယ်၊ ဒုက္ခက လောကီ၊ လောကီက လောဘ။ အင်း အဲဒါပါရင် ဒုက္ခဖြစ်ပြီ၊ သွားချင်ပြီ၊ လာချင်ပြီ၊ အဲဒါလည်း လောဘပါတာပဲ။ ပန်းသီးလေးက တစ်လုံးတည်းနဲ့ပေမယ့် ဟန်ချင်ဟန်သွားတာ၊ **‘မုတ္တော’** က လွတ်မြောက်တယ်ဆိုတာ သံသရာတည်းဟူသောထောင်မှ ဘာမှဆိုပေမယ့် စင်စစ်တော့ **‘ဒုက္ခသစ္စာ’** မှ လွတ်မြောက်တာ၊ **‘ဒုက္ခသစ္စကမ္မဋ္ဌာန်း’။**

**‘ဤဟာဒုက္ခသစ္စာ’**၊ အဲဒီ ဒုက္ခသစ္စာဆိုတာဘာတုံးဆိုရင် လောကီ၊ **‘ဒုက္ခသစ္စာ’** ဆိုတာ ဘာတုံး (လောကီပါဘုရား)။ သူ့အကြောင်းက **‘သမုဒယ’**၊ **‘လောဘ’**၊ သူ့အကြောင်းက ဘာတုံး (လောဘပါဘုရား)။

## လူတွေရှိရင် လောဘရှိတယ်

**‘လောဘ’** ဆိုတာ ဘာတုံးဆိုတော့ လူတွေ၊ လောဘဆိုတာဘာတုံး (လူတွေပါဘုရား)။ အဲ လူတွေရှိရင် လောဘရှိတယ်၊ ဉာဏ်က ဒီလိုသွားမှ မသွားလို့ရှိရင် ဟိုရှာ ဒီရှာ၊ ဉာဏ်ရှိတော့ သိပ်မရှာရဘူး။ လောဘဆိုတာ ဘာတွေတုံး (လူတွေပါဘုရား)။ လူတွေရှိရင် လောဘရှိတာပေါ့၊ လူတွေမရှိရင် လောဘမရှိဘူး၊ လူတွေဆိုတာ လောကီ၊ လူတွေဆိုတာ ဘာတုံး (လောကီပါဘုရား)၊ လူတွေ နတ်တွေ ခွေးတွေ ဝက်တွေ ကြက်တွေ ငှက်တွေဆိုတာ လောကီ၊ နိဗ္ဗာန်မှာ ဒါတွေ ရှိသလား (မရှိပါဘူးဘုရား)။ အေး အဲလို အဲလို **‘ဉာဏ်’** ဆိုတာ **‘ပိုင်းခြား’** ရတယ်။

## မနောက ပညတ် အာရုံပြုတယ်၊ ဉာဏ်ကမှ နိဗ္ဗာန် အာရုံပြုတယ်

**‘မုတ္တော- ဒုက္ခသစ္စာမှ လွတ်မြောက်တော်မူပြီ’**၊ သံသရာမှဆိုတာလည်း ဒုက္ခသစ္စာပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



သံသရာမှ လွတ်မြောက်တော်မူပြီ၊ အချုပ် အနှောင်တွေ သံယောဇဉ်တွေမှ လွတ်မြောက်တော်မူပြီ၊ **'မုတ္တော'**ဆိုတာ လွတ်မြောက်တာ၊ **'မုတ္တ'** သဒ္ဒါက လွတ်မြောက်ခြင်း အနက်ကို ဟောတယ်။ **'လွတ်မြောက်တယ်'** ဆိုတာ လောကီကလွတ်မြောက်တာ၊ ဟော ကိုယ့်ဟာကိုယ် အသာလေးနေကြည့်၊ လောကီဘာစိတ် ကူးတုံး၊ လောကီဆိုတာ စိတ်ကူးတာ တွေးတောတာ၊ အောက်မေ့တာ အမှတ်ရတာ၊ အဲဒါ **'မနော'** ခေါ်တယ်။ **'မနော'**က **'ပညတ်'** အာရုံပြုတယ်၊ **'ဉာဏ်'**ကမှ **'နိဗ္ဗာန်'**အာရုံပြုတယ်၊ ဉာဏ်ကတော့ **'သမ္မာဒိဋ္ဌိ'** ဆိုတော့ ပညာပေါ့။

### မြတ်စွာဘုရားတို့ကျတော့ ပညာနဲ့ရှုတယ်

**'ယဒါ ပညာယ ပဿတိ'**၊ မြတ်စွာဘုရားတို့ကျတော့ **'ပညာ'**နဲ့ ရှုတယ်၊ သတိပဋ္ဌာန်က **'သတိ'**နဲ့ ရှုရတယ်၊ သမ္မပ္ပဓာန်က **'ဝီရိယ'**ပါရတယ်၊ ဗောဇ္ဈင်တို့ မဂ္ဂင်တို့က **'ဉာဏ်'** ပါရတယ်၊ ဣဒ္ဓိပါဒ်က **'စိတ်တွေ'** ပါရတယ်၊ **'ဆန္ဒတွေ'** ပါရတယ်။

**'သောဘဂဝါ- ထိုမြတ်စွာဘုရားသည်၊ မုတ္တော-ဒုက္ခသစ္စာမှ လွတ်မြောက်တော်မူပြီ'**။

**'ဒုက္ခသစ္စာမှ လွတ်မြောက်တယ်'**ဆိုတော့ သူ့မယ် **'နိရောဓသစ္စာ'** ရောက်သွားတာပဲ၊ ဒကာမကြီးတို့လည်း ဟော အဲဒီဟာက ဒုက္ခသစ္စာ၊ ဟိုသွားရမယ်၊ ဒီသွားရမယ်၊ ဘုရားဖူးသွားချင်တယ်၊ ဘယ်သွားရမယ်ဆိုတာတွေက အဲဒါ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

### လောကီတွေမှ လွတ်ချင်သလား

**'ဝိမုတ္တစိတ္တံ ဝိမုတ္တစိတ္တန္တိ ပဇာနာတိ၊ အဝိမုတ္တစိတ္တံ အဝိမုတ္တစိတ္တန္တိ ပဇာနာတိ'**။

သတိပဋ္ဌာန်လည်းပါတယ်၊ စိတ္တာနုပဿနာလည်းပါတာပေါ့၊ အဲ ပါဠိတွေ ဘာတွေကလည်း အလွတ် ဟိုကရ ဒီကရနဲ့ အလွန်ရ ရတယ်၊ သို့မဟုတ် ခုနလို ဟိုဒကာကြီး ပြောသလို ရှာရ တာပေါ့၊ ဟိုရှာ ဒီရှာ ရှာရတော့ ဆင်းရဲတာပေါ့၊ အဲဒီလို ဘုရားဖူးတွေ သွားတာတွေ လာတာ တွေ လောကီတွေမှ မလွတ်သေးဘူး၊ ခေတ္တကိုလွတ်ချင်သလား၊ မလွတ်ချင်ဘူးလား၊ လွတ်တော့ လွတ်ချင်တယ် ဒါပေမယ့် မလွတ်သေးဘူး၊ ကိုယ့်ဟာကိုယ် သိရတယ်။

### လောကီတွေမှ မလွတ်သေးဘူး

**'အဝိမုတ္တစိတ္တံ အဝိမုတ္တ စိတ္တန္တိ ပဇာနာတိ'**၊ **'ဒုက္ခသစ္စာ'** မှ မလွတ်သေးသော **'စိတ်'**ကို၊ ဟိုကတော့ ရာဂ ဒေါသမှ မလွတ်သေးသော စိတ်ကို၊ ရာဂ ဒေါသမှ လွတ်ရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



လောကီကလွတ်တာပါပဲ။ အဲ အဲဒီတော့ **'ဒုက္ခနဲ့သမုဒယ'** က မလွတ်ဘူး၊ အဲဒါ **'အဝိမုတ္တစိတ္တ'** ခေါ်တယ်၊ ဘာခေါ်တုံး (အဝိမုတ္တစိတ္တပါဘုရား)။ အဲ ရာဂတွေ ဘာတွေက မလွတ်သေးဘူး၊ ရာဂဆိုတာလည်း လောကီပါပဲ၊ လောကီက မလွတ်သေး ရင် **'အဝိမုတ္တစိတ္တ'** ဟုတ်ကဲ့လား၊ ဒုက္ခသစ္စာ မလွတ်သေးဘူး၊ လောဘကလည်း မလွတ်သေး ဘူး၊ လူတွေဆိုတဲ့ နာမည်တွေ ပညတ်တွေကလည်း မလွတ်သေးဘူး။

## ဤဟာ ဒုက္ခသစ္စာ

စိတ်က ကူးချင်သေးတယ်၊ ဟိုအလုပ်ကလည်း ရှိသေးတာကိုး၊ စားရဖို့ ဝမ်းရေးကလည်း ရှိသေးတယ်နဲ့ လူမှုရေး သူမှုရေးနဲ့ အဲလိုဟာတွေက အများကြီး၊ အဲ **'လောကီ'** ဆိုတာ ဒုက္ခသစ္စာ၊ လောကီဆိုတာဘာတုံး (ဒုက္ခသစ္စာပါဘုရား)။ ဘာပြုလို့ သစ္စာတုံးဆိုတော့ မှန်လို့-**'သစ္စာ'**၊ မမှန်ဘူးလား ဒုက္ခက (မှန်ပါတယ်ဘုရား)။ အဲ အဲဒါ ဒုက္ခသစ္စာ ခေါ်တယ်။

**ဤဟာဒုက္ခသစ္စာ** ဆိုလိုက်စမ်း (ဤဟာဒုက္ခသစ္စာ)။ အဲ အဲသလို ဒါကို **'သစ္စကမ္မဋ္ဌာန်း'** ခေါ်တယ်။ အဲဒါကို **'ပိတ်ဆို့'**တာ၊ **'ပညာရှိတွေ'**ရဲ့ **'အလျဉ်'**ကို ပိတ်ဆို့တဲ့ နေရာမှာလည်း အဲဒီလိုရှုရတယ်၊ အဲဒါ ဒုက္ခသစ္စာ။

## စိတ်ထဲကို လူမရှိမှ ရာဂကလည်း မရှိတာ

လောကီဆိုရင် အုတ်တိုက်တွေပြင်ရတယ်၊ အိမ်တွေပြင်ရတယ်၊ အလုပ်တွေ အကုန် လုပ်ရတယ်၊ အဲဒီလောကီက လောဘ **'သမုဒယသစ္စာ'**၊ လူတွေကလည်း လူဆိုရင် **'သမုဒယသစ္စာ'**၊ လူရှိရင် ရာဂကလည်း ရှိတတ်တယ်၊ **'စိတ်'**ထဲကို **'လူ'** မရှိမှ **'ရာဂ'**ကလည်း မရှိတာ၊ အဲ အဲလို **'ဉာဏ်'** **'ဉာဏ်'**၊ ဒါက **'ဉာဏ်'** နဲ့ သွားရမယ့်အလုပ်၊ သံသရာလွတ်အောင်က ဘာနဲ့သွားရလဲ (ဉာဏ်နဲ့သွားရပါတယ်ဘုရား)။

**'ယဒါ ပညာယ ပဿတိ'** ဆိုတဲ့အတိုင်း ပညာနဲ့ရှု၊ တလှုပ်လှုပ် တရွရွနဲ့ နေတာတွေပဲ၊ ရင်ခေါင်းတွေရှု၊ ကိုယ့်ကိုယ်ကိုကြီးကိုလည်း ပထဝီလို့ထား၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ အဲ ဟို အရိုးအသားတွေကတော့ **'ပညတ်'**ဖြစ်တယ်။ ပထဝီ၊ တေဇော၊ အရိုးအသားတွေက **'ပထဝီတွေ'**၊ သွေးတွေက **'အာပေါတွေ'**၊ ထွက်လေ ဝင်လေတို့ သွေးတိုးတာတွေတို့က **'ဝါယောတွေ'**၊ ကိုယ်ငွေ့တွေ အပူရှိန်တွေက **'တေဇောတွေ'**။

www.burmeseclassic.com

www.burmeseclassic.com



## ဤဟာ မဟာဘုတ်

အဲ ကိုယ့်ကိုယ်ကိုကြည့်ရင် တွေ့တာပဲ။ အဲ အဲဒါကြောင့် **'မဟာဘူတာနံ သမုဒယဥ္စ'**၊ **'မဟာဘုတ်'** ဖြစ်နေတယ်၊ ခုထိုင်နေတာ **'မဟာဘုတ်'** ဖြစ်နေတယ်။ ခုနတုန်းက ဒုက္ခသစ္စာဆိုလည်း အဲဒီထဲ စာရင်းဝင်တယ်။ **'မဟာဘုတ်'** ရှိလို့ ရှိရင် အဲဒီဒုက္ခက ရှိရမယ်။ **'မဟာဘုတ်'** ဆိုတော့ နည်းနည်းဒုက္ခလျော့သွားတာပေါ့။ အသားတွေ အသွေးတွေက **'လူ'**ဆိုရင်တော့ ဒုက္ခကဖြစ်ပြီ၊ အဲ လူပြီးတော့ သုံးဆယ့် နှစ်ကောဋ္ဌာသ၊ အသားတွေ အသွေးတွေက ဒုတိယ၊ နောက်အသားတွေ အသွေးတွေက **'မဟာဘုတ်'**၊ **'မဟာဘုတ်'** ရောက်သွားတယ်၊ **'မဟာဘုတ်'** ရောက်သွားတော့မှ **'မဟာဘူတာနံ သမုဒယဥ္စ'**၊ ဟော ခေါင်းလေးငုံ့ပြီးတော့ ကိုယ့်ကိုယ်ကို ကြည့်ရတယ်၊ တခြားသွားကြည့်လို့ မရဘူး၊ တခြားသွားကြည့်ရင် **'ရုပ်'** နဲ့ကြည့်လို့တော့ရတယ်၊ **'အဆင်း'** ဆိုတာလည်း ဥပါဒါရုပ်တွေ၊ **'မဟာဘုတ်၊ ဥပါဒါရုပ်'** ရောက်တော့မှ ရုပ်ဖြစ်တာ။

## ဤဟာ ရုပ်

ဒါကြောင့် **'ဤဟာရုပ်'**၊ ကိုယ့်ကိုယ်ကို ငုံ့ကြည့်လိုက်တော့ ဘာတွေ့တုံးဆိုတော့ မဟာဘုတ်၊ **'မဟာဘူတာနံ-** မဟာဘုတ်တို့၏**'**၊ အဲဒါ **'မုတ္တော သောဘဂ္ဂဝါ'**၊ အဲ လွတ်မြောက်ဖို့ **'မဟာဘုတ်'** ရောက်တော့ နည်းနည်းလွတ်မြောက်ချင်လာပြီ၊ **'လူ'**ကလွတ်ချင်လာပြီ၊ **'လူ'** ကလောကီ ဆိုတော့ **'ဒုက္ခသစ္စာ'** ထဲပါတယ်၊ **'ပထျာ-** ဖြန့်တယ်**'** ဆိုတာ **'ဉာဏ်'** က အဲလို **'ဖြာ'**ရတယ်။ **'မုတ္တော သောဘဂ္ဂဝါ'**၊ **'သောဘဂ္ဂဝါ-** ထိုမြတ်စွာဘုရားသည်၊ **မုတ္တော-** ဒုက္ခသစ္စာမှ လွတ်မြောက်တော်မူပြီ**'**၊ **'ဒုက္ခသစ္စာ'**၊ ဒုက္ခသစ္စာဆိုတာ ဘာတုံးဆိုတော့ လောကီ၊ ဒုက္ခသစ္စာ ဆိုတာ ဘာတုံး (လောကီပါဘုရား)၊ **'လောကီစိတ် ဧကာသီတိ'** လို့ ပြောလို့ရှိရင် ဟို မမှတ်နိုင်ဘဲ နေမှာစိုးလို့၊ လောကီစိတ် ဧကာသီတိဆိုတာ- လောကီစိတ် (၈၁) ပါးပြောတာ၊ အဲ အဲဒါ ဒုက္ခသစ္စာ၊ လောကီစိတ်တွေက လွတ်ရင်လည်း ချမ်းသာတာပါပဲ။

## ဉာဏ်ကို ဖြန့်ရတယ်

အဲ အဲလို ကြံ ကြံကြည့်ရတယ်၊ **'မုတ္တောသောဘဂ္ဂဝါ'**၊ ပါဠိလေး တစ်လုံးသိလိုက်လို့ရှိရင် အကုန် **'ပထျာ-** ဖြန့်သွားတယ်**'**၊ အဲဒီဖြန့်သွားတဲ့အခါမှာ အဲဒီနေရာမှာ အရှင်သာရိပုတြာမှာ **'ယေဓမ္မာ ဟေတုပ္ပဘဝါ'** လို့ ဆိုလိုက်တာနဲ့ တစ်ခါတည်း ဖြန့်သွားတယ်၊ အေး အဲလို မှတ်ထား၊ **'မုတ္တော သောဘဂ္ဂဝါ'**၊ **'သောဘဂ္ဂဝါ-** ထိုမြတ်စွာဘုရားသည်၊ **မုတ္တော-** ဒုက္ခသစ္စာမှ

www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက်တော်မူပြီ’၊ ဒုက္ခသစ္စာဆိုတာ လောကီ၊ **‘ဒုက္ခသစ္စာ’** ဆိုတာဘာတုံး (လောကီပါဘုရား)။ **‘လောကီ’** ဆိုတာဘာတုံး (လူတွေပါဘုရား)။ လူတွေဆိုတာ **‘လောဘ’**၊ လူရှိရင် လောဘရှိတယ်။

**လောကီမဟုတ်ရင် လောကုတ္တရာ**

အဲ အဲသလို လူနဲ့ လောဘကတော့ ညီအကိုလိုတော်နေတယ်၊ အဲဒါကြောင့် ဝမ်းထဲမှာ **‘လောဘ’** မရှိအောင်၊ **‘လူ’** မရှိအောင်နေရင် လောကီ ရှိသေးသလား (မရှိတော့ပါဘူးဘုရား)။ လောကီမဟုတ်ရင်ဘာတုံး **‘လောကုတ္တရာ’**၊ **‘သောဘဂ၀ါ**- ထိုမြတ်စွာဘုရားသည်’၊ အဲဒါလေးဆိုဆိုနေ တချို့ကထောင်ကျမှာတွေ ခု တော်တော်ကြောက်နေကြတယ်၊ ငါ မနေ့က အဲဒီဒကာကြီးကို အဲဒီဟာပေးတာ၊ အဲ အဲဒါနဲ့ တရားပေါ်သွားတယ်၊ **‘မုတ္တော သောဘဂ၀ါ’** လို့ ရွတ်ကွာလို့ ငါက အဲဒါကို ရွတ်ခိုင်းတာ၊ ရွတ်ခိုင်းတာ ပထမတန်းကောင်းသွားတဲ့ တရားကြီး ဖြစ်သွားတယ်။ **‘မုတ္တော သောဘဂ၀ါ’၊ ‘သောဘဂ၀ါ-** ထိုမြတ်စွာဘုရားသည်၊ **မုတ္တော-** ဒုက္ခသစ္စာမှ လွတ်မြောက်တော်မူပြီ’။

**အနဝဇ္ဇ သုခ**

**‘မုတ္တော သောဘဂ၀ါ’**၊ **‘သောဘဂ၀ါ** - ထိုမြတ်စွာဘုရားသည်၊ **မုတ္တော** - ဒုက္ခသစ္စာမှ လွတ်မြောက်တော်မူပြီ’။ အဲလို သာသာလေး ဆိုရတယ်၊ သူက ထောင်ကကျမယ့်ဟာက ထွက်ချင်နေတာ၊ အမှုလေးတွေက **‘သာဝဇ္ဇ’** ဖြစ်နေလို့ရှိရင် ဒုက္ခဖြစ်တယ်၊ အပြစ်ရှိရင် ကြောက်လာတယ်။ ဒါကြောင့် **‘အနဝဇ္ဇ’**ဆိုရင် ဒကာကြီး ကိစ္စမရှိဘူး၊ အပြစ်မရှိရင် **‘အနဝဇ္ဇသုခ’**၊ အပြစ်မရှိရင် ထောင်တွေ ဘာတွေ မကြောက်ရဘူး၊ အပြစ်ရှိရင် ထောင်တွေ ဘာတွေ ကြောက်ရတယ်။ **‘အနဝဇ္ဇ’** က သုခ၊ **‘အနဝဇ္ဇ’**ကဘာတုံး (သုခပါဘုရား)။ **‘သာဝဇ္ဇ’** ကဘာတုံး (ဒုက္ခပါဘုရား)။ **‘သာဝဇ္ဇ’** ဆိုတာ အပြစ်နှင့်တကွ၊ ကိုယ့်စိတ်ထဲအပြစ်တွေရှိနေရင် ဆင်းရဲတယ်၊ အပြစ်မရှိဘူးဆိုရင် ချမ်းသာနေတယ်၊ အဲဒါ လောကီက အပြစ်ရှိတတ်တယ်၊ အဲဒီလို ဉာဏ်တွေ ဖြာရတယ်။

**မုတ္တော သောဘဂ၀ါ**

**‘သောဘဂ၀ါ-** ထိုမြတ်စွာဘုရားသည်၊ **မုတ္တော-** ဒုက္ခသစ္စာမှလွတ်မြောက်တော်မူပြီ’။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ဒုက္ခသစ္စာက မလွတ်သေးဘူးလေ၊ မြတ်စွာဘုရားက လွတ်မြောက်တော်မူပြီ တဲ့၊ ဝမ်းသာတဲ့လူကြီး သွားအောက်မေ့တော့ ကိုယ်လည်းဝမ်းသာရတာပေါ့၊ ကိုယ့်မှာ မလွတ် မြောက်လို့ ဆင်းရဲနေတယ်မဟုတ်လား၊ **'သောဘဂဝါ-** ထိုမြတ်စွာဘုရားသည်၊ **မုတ္တော-** ဒုက္ခသစ္စာမှ လွတ်မြောက်တော်မူပြီ' အဲ အဲဒါလေး အနက်ကလေးကလည်း အဲဒါလေးပဲလုပ်။

## လောဘရှိရင် သမုဒယသစ္စာဖြစ်တယ်

နောက်တော့ ဉာဏ်တွေက **'ဒုက္ခသစ္စာ'** ဆိုတာ ဘာတုံးဆိုတော့ လောကီ၊ ဒုက္ခသစ္စာ ဆိုတာဘာတုံး (လောကီပါဘုရား)။ **'လောကီ'** ဆိုတာဘာတုံးဆိုတော့ လူတွေ၊ လူတွေဆိုတော့ လောဘမရှိဘူးလား(ရှိပါတယ်ဘုရား)။ အဲဒါက သမုဒယသစ္စာ။ လောကီရှိရင် **'သမုဒယသစ္စာ'** ဖြစ်တယ်၊ လောကီစိတ်ဟာ သမုဒယသစ္စာအကြောင်း၊ ဟုတ်ရဲ့လား၊ လောဘဆိုတာ လိုချင် တာပေါ့၊ ဘာမဆိုလိုချင်တာပဲ။ ထမင်းလည်း ကောင်းကောင်းစားချင်တယ်၊ မျက်စိကြည့်လည်း ကောင်းကောင်းကြည့်ချင်တယ်၊ ဘယ်တော့မှ သူ ဒုက္ခကို မတွေးဘူး၊ ကောင်းတာပဲ သူသဘော ကျတယ်၊ အဲ **'သဘောကျရင်'** လောဘဖြစ်ပြီ၊ **'သဘောမကျရင်'**လည်း ဒုက္ခဖြစ်ပြီ၊ အဲ အဲဒီလို **'မဇ္ဈိမပဋိပဒါ'**ကို မြတ်စွာဘုရားက သွားနေတယ်။

## ဖြစ်ခြင်း ပျက်ခြင်းကို ဒုက္ခသစ္စာလို့ ခေါ်တယ်

**'လောကီ'** ဆိုတာ ဘာတွေတုံး - ဒုက္ခသစ္စာ၊ **'ဒုက္ခသစ္စာ'**ဆိုတာ ဘာတွေတုံး **'လောကီ'**၊ ဒုက္ခသစ္စာဆိုတာ ဘာတွေတုံး (လောကီပါဘုရား)။ **'လောကီ'**ဆိုတာ ဖြစ်ခြင်း ပျက်ခြင်းရှိတာ၊ လောကီဆိုတာဘာတုံး (ဖြစ်ခြင်း ပျက်ခြင်းရှိတာပါဘုရား)။ ဖြစ်ခြင်း ပျက်ခြင်းရှိလို့ ခုနပြောပြီး ဟော ခု ပျက်သွားပေါ့၊ **'ဖြစ်ခြင်း ပျက်ခြင်း'**ကို **'ဒုက္ခသစ္စာ'** လို့လည်းခေါ်တယ်။ ဖြစ်ခြင်း ပျက်ခြင်းကို ဘာခေါ်တုံး (ဒုက္ခသစ္စာလို့ခေါ်ပါတယ်ဘုရား)။ **'ဒုက္ခသစ္စာ'**ဆိုရင် အလွန်လောကီ မှာ ပြောလို့မဆုံးတော့ဘူး။ မြတ်စွာဘုရားက အဲဒီလောက် ဉာဏ်ကောင်းတာ၊ ဒုက္ခသစ္စာတွေ ပြောပြလိုက်တာကို ဟာ စာရွက်ကြီးနဲ့ တစ်ရွက်မကဘူး။

## လောကီဆိုတာ ဒုက္ခသစ္စာ

ငရဲကလည်း **'ဒုက္ခ'**၊ မျက်စိနာရင် **'ဒုက္ခ'**၊ မအေသေရင် **'ဒုက္ခ'**၊ သားသမီးသေရင် **'ဒုက္ခ'**နဲ့

www.burmeseclassic.com

www.burmeseclassic.com



**'ဒုက္ခတွေ'** လျှောက်ပြောလိုက်တာ မကုန်တော့ဘူး၊ ဇာတိဖြစ်ရင် **'ဒုက္ခ'**နဲ့ ဟာ - **'ဒုက္ခသစ္စာ'**၊ **'ဇာတိပိဒုက္ခသစ္စာ'**၊ ဟော ဒါလေးလည်းရတာပဲ၊ **'လောကီ'**ဆိုတာဘာတုံးဆိုတော့ **'ဇာတိ'** ဖြစ်တာပဲ၊ ဖြစ်တာနဲ့ပျက်တာ၊ အဲဒါကို **'ဇာတိ နိဗ္ဗိဒါယ ဝိရာဂါယ ပဋိပန္နော ဓမ္မာနုဓမ္မပဋိပန္နော'** 'လောကုတ္တရာ အားလျော်စွာ ကျင့်တဲ့ပုဂ္ဂိုလ်' လို့ဆိုရတယ်။

**'သောဘဂဝါ** - ထိုမြတ်စွာဘုရားသည်၊ **မုတ္တော** - ဒုက္ခသစ္စာမှ လွတ်မြောက်တော်မူပြီ'။

ဒီလိုရွတ်နေရင် ကိုယ်လည်း အဲဒီ **'ဒုက္ခသစ္စာ'**ဆိုတာ ဘာတုံးလို့ မတွေးရတော့ဘူး။ **'လောကီ'** ဆိုတာ ဒုက္ခသစ္စာ၊ လောကီဆိုတာဘာတုံး (ဒုက္ခသစ္စာပါဘုရား)။ **'လူတွေ'** ဆိုတာ ကတော့ ဘာတွေတုံး၊ လူတွေကလည်း ဒုက္ခသစ္စာပဲ၊ လူတွေ မတွေးဘူးလား (တွေးပါတယ် ဘုရား)။ မကြံဘူးလား (ကြံပါတယ်ဘုရား)။ စိတ်မကူးဘူးလား (ကူးပါတယ်ဘုရား)။ မလိုချင်ဘူး လား (လိုချင်ပါတယ်ဘုရား)။

## လူမရှိသော စိတ်

အဲ လူတွေဆိုရင် အကုန်လျှောက်ဖြစ်ကုန်တယ်။ ဒါကြောင့် ဒီက **'လူမရှိသောစိတ်'** ဆိုရင် ကဲ တစ်ခါတည်း ရောက်မသွားဘူးလား (သွားပါတယ်ဘုရား)။ အဲလို ဉာဏ်တွေ အလွန် ကောင်းတယ်။ အဲဒါလေး ဆိုဆိုပေး၊ **'လူမရှိသောစိတ်'** ဆိုစမ်း (လူမရှိသောစိတ်)၊ ကဲ **'ဒုက္ခသစ္စာ'** ရှိသေးသလား (မရှိတော့ပါဘူးဘုရား)။ အဲ **'ဝိမုတ္တစိတ်ကြီး'** ဖြစ်သွားတယ်။ ဉာဏ်တွေကလည်း ပြောမှသိတယ်။ ဟိုစိတ်ရောက် ဒီစိတ်ရောက်နဲ့ဆိုတော့ အဲဒါလောကီတွေ ဖြစ်သွားတယ်။

**'လူတွေ'**ဟာ ဘာတွေတုံး (လောကီပါဘုရား)။ **'လောကီ'**ဆိုတာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။ **'ဒုက္ခသစ္စာ'**ဆိုတာ ဘာတွေတုံး (လူတွေပါဘုရား)။ **'လူတွေ'** ဆိုတာ ဘာကြောင့်ဖြစ်တုံး (လောဘကြောင့်ပါဘုရား)။ **'လောဘ'**က သမုဒယသစ္စာ၊ အဲဒီလိုအာရုံပြု ရတယ်၊ လူတွေကို အာရုံမပြုနဲ့။ **'လောဘ'** က ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)။ **'လူတွေ'**က ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

## လူတွေမှ မလွတ်မြောက်တဲ့ စိတ်

**'အဝိမုတ္တစိတ္တံ**- လောကမှမလွတ်မြောက်တဲ့စိတ်'၊ အဲ လောကမှ မလွတ်မြောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို **'အဝိမုတ္တစိတ်'**လို့ ခေါ်တယ်။ လူတွေမှ မလွတ်မြောက်တဲ့စိတ်ကို ဘာစိတ်ခေါ်တုံး (အဝိမုတ္တစိတ်ပါ ဘုရား)။ အဲဒီ **'အဝိမုတ္တစိတ်'** ဖြစ်ရင် အဲ ဟို **'လောဘတွေ'** ကဖြစ်မှာ၊ **'ဒေါသ'** လည်းဖြစ်မယ်၊ **'မောဟ'** လည်းဖြစ်မယ်၊ **'မာန'** လည်းဖြစ်မယ်၊ **'အဝိဇ္ဇာ'** လည်းဖြစ်မယ်၊ **'တဏှာ'** လည်းဖြစ်မယ်၊ **'ဥပါဒါန်'** လည်းဖြစ်မယ်၊ ဖြစ်လို့မဆုံး တစ်မိုးချုန်းပဲ၊ ဘာပြုလို့တုံးဆိုတော့ **'အဝိမုတ္တ'** ဖြစ်လို့၊ ဘာပြုလို့တုံး (အဝိမုတ္တ ဖြစ်လို့ပါဘုရား)။

**'အဝိမုတ္တစိတ္တံ အဝိမုတ္တစိတ္တန္တိ ပဇာနာတိ'၊ 'အဝိမုတ္တစိတ္တံ** - လူတွေမှ မလွတ်မြောက်သောစိတ်ကို၊ **အဝိမုတ္တစိတ္တန္တိ** - လူတွေမှမလွတ်မြောက်သော စိတ်ဟူ၍၊ **ပဇာနာတိ** - သိ၏'။

ဟိုကတော့ ရာဂ၊ လောဘမှ မလွတ်မြောက်သောစိတ်ဆိုတာက လောဘတွေ မြင်တာပေါ့၊ တို့က ဖော်ဖော်ပေးတာ။ တရားတို့ စာပေတို့ဆိုတာ ဒီလို ဒီလို **'လူတွေ'** လို့ပါတာ မဟုတ်ဘူး၊ ဒီက **'လူတွေ'** က ဖော်ပြောမှ သိမှာမို့လို့ ဖော်ပြောရတာ၊ **'အဝိမုတ္တစိတ္တံ'** လို့ဆိုရင် ဟော နိဗ္ဗာန်ရောက်သွားပြီ၊ **'လူတွေ'**က မရှိတော့ဘူး၊ အခုတော့ **'လူတွေ'** ရှိလျက်သားနဲ့ **'အဝိမုတ္တစိတ်'** ကို ပြောနေရတာ၊ **'လူတွေ'** ရှိလား (မရှိပါဘုရား)။ **'ရုပ်နာမ်'** ပဲရှိတာ၊ **'ဒုက္ခသစ္စာ'** ခေါ်တယ်၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

**မိမိစိတ်ကို မိမိကောင်းစွာ ဆောက်တည်ရခြင်းသည်လည်းကောင်း**

ဟော တစ်ခုခု ဖြစ်ပြီ၊ စိတ်ဖြစ်ပြီ၊ ဆင်းရဲစရာကလေးဖြစ်ပြီ၊ **'သာဝဇ္ဇလေး'** နဲ့ အပြစ်နဲ့ တကွဖြစ်လို့ **'ဒုက္ခသစ္စာလေး'** ဖြစ်ပြီဆိုရင် အဲဒါ တို့မင်္ဂလသုတ်ထဲမှာလည်း **'အတ္တသမ္မာ ပဏိဓိစ'** ဆိုတဲ့ စိတ်ပါတယ်၊ **'အတ္တသမ္မာပဏိဓိစ**-မိမိစိတ်ကို မိမိကောင်းစွာ ဆောက်တည်ရခြင်းသည် လည်းကောင်း**'**၊ အဲဒါ ငယ်ငယ်တုန်းကရတဲ့ဟာ အဲဒီဟာနဲ့ စိတ်ကလေးကို တစ်ခါတည်း ဆောက်တည် လိုက်ရင် အဲဟို လောကီတွေ မရှိတော့ဘူး။ လောကုတ္တရာစိတ် (ဝါ) ဝိမုတ္တစိတ် ဖြစ်သွားတယ်။ အရင်စိတ်က **'ဒုက္ခသစ္စာ'**၊ အရင်စိတ်ကဘာတုံး (ဒုက္ခသစ္စာပါဘုရား)၊ နောက်စိတ်က **'နိရောဓသစ္စာ'**၊ နောက်စိတ်ကဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)။ **'မဂ္ဂ'** ဖြစ်လို့ နိရောဓ ဖြစ်သွားတယ်တဲ့။ သစ္စာလေးပါးက အဲဒီဟာ၊ အဲဒီမှာရှိတယ်။ အရင်ဖြစ်တဲ့ စိတ်သာသိလိုက်၊ အရင်ဖြစ်တဲ့ စိတ်ကလောကီစိတ်၊ အရင်ဖြစ်တဲ့စိတ်က ဘာစိတ်တုံး (လောကီစိတ်ပါဘုရား)။ လောကီစိတ်က ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။ အဲဒီ ဒုက္ခသစ္စာ ကို တစ်ခါတည်း **'ဤဟာဒုက္ခသစ္စာ'**၊ အဲလိုသိလိုက်တဲ့ အခါကျတော့ တစ်ခါတည်း နိရောဓ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီးတော့ **'မဂ္ဂ'**ဖြစ်သွားတယ်တဲ့၊ ဟုတ်ရဲ့လား (တင်ပါ့ဘုရား)။ အဲဒီလို **'သစ္စကမ္မဋ္ဌာန်း'**က အလွန်လွယ်တာ၊ **'ဓမ္မာနုပဿနာ'**က ပထမတန်းလွယ်တာတွေ၊ အဲ လွယ်တာတွေကို ခက်အောင်ချည်း သွားသွားလုပ်တယ်၊ လုပ်တော့ ခက်ခက်သွားတာပေါ့။

## လူတွေမရှိရင် ပရမတ္ထသစ္စာ

ကဲ အခု စိတ်ထဲမှာ ရှင်းမနေဘူးလား (ရှင်းပါတယ်ဘုရား)။ **'လူတွေ'**ရော စိတ်ထဲရှိလား (မရှိပါဘူးဘုရား)။ ဒုက္ခသစ္စာမှမရှိဘဲ လူတွေဘယ်ရှိပါ့မတုံး၊ **'လူတွေ'** ရှိရင် ဒုက္ခသစ္စာ၊ လူတွေရှိရင်ဘာတုံး (ဒုက္ခသစ္စာပါဘုရား)။ ဒါ **'နိပ္ပတ္တိ ပရမတ္ထ ဝသေန'**၊ **'ပရမတ္ထ'** သက်သက်ကိုပြောနေတယ်တဲ့ ဟုတ်ရဲ့လား (တင်ပါ့ဘုရား)။ **'လူတွေ'**ဆိုတာက **'ပညတ်'** ဖြစ်တယ်။ လူတွေဆိုတာဘာတုံး (ပညတ်ပါဘုရား)။

အဲဒီ **'လူပညတ်'**ရှိလို့ **'ကလေးပညတ်'** ဖြစ်တာ၊ **'လူပညတ်'** ရှိရင် ဘာဖြစ်တုံး (ကလေးပညတ်ပါဘုရား)၊ ရိပ်မိရဲ့လား၊ အဲဒါ ဒကာကြီးနဲ့ ဒကာမကြီးက လူတွေလေ၊ အဲ **'လူပညတ်'** ဒကာကြီးနဲ့ ဒကာမကြီးနဲ့က လူပညတ်ဆိုတော့ ကလေးလေးလည်း လူကလေးမဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)၊ အဲလိုဖြစ်ဖြစ်သွားတော့ သရက်ပင်နဲ့ သရက်သီးလို အဲ သလိုဖြစ်တာ၊ အဲ **'နိရောဓသစ္စာ'** ကျတော့ အဲဒါမျိုး သရက်ပင်ကြီးမရှိတော့ဘူး၊ သရက်ပင်မရှိရင် သရက်သီးရှိသေးလား (မရှိပါဘူးဘုရား)။ ကိုင်း လူမရှိရင် ကလေးရှိသေးသလား (မရှိတော့ပါဘုရား)။ အဲ အဲလိုမျိုး။ ဒါကြောင့် **လူမရှိသောစိတ်** (လူမရှိသောစိတ်)။

## ဒုက္ခသစ္စာမှ လွတ်မြောက်တော်မူပြီ

**'မုတ္တော သောဘဂဝါ၊ မောစနာယ ဓမ္မံ ဒေသေတိ'**၊ **'သောဘဂဝါ**- ထိုမြတ်စွာဘုရားသည်၊ **မုတ္တော**- ဒုက္ခသစ္စာမှ လွတ်မြောက်တော်မူပြီ၊ **မောစနာယ**- ဒုက္ခသစ္စာမှ လွတ်ခြင်းအကျိုးငှာ၊ **ဓမ္မံ**- တရားကို၊ **ဒေသေတိ**- ဟောတော်မူ၏**'**။

အဲ အဲဒါလေးနဲ့ဆိုရင် ဟို **'လောကီ'** ကလည်း ဒုက္ခကလွတ်တယ်၊ **'လောကုတ္တရာ'** ကလည်း လွတ်တယ်။ တရားက အဲဒီလို **'ပဋ္ဌာ-ဖြန့်နိုင်တယ်'** တဲ့။ကဲ တော်ကြအုံးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## " ပစ္စုပ္ပန်မှာ ရုပ်နာမ်ရှိတယ် တရားတော် "

၇. ၁၂. ၂၀၀၆

**ပစ္စုပ္ပန်ဆိုတာ ကာလ၊ ရုပ်နာမ် ဆိုတာက သဘာဝ**

**'မနောကိုလည်း သိရမယ်'**၊ **'မနော'**နဲ့ **'မနောဝိညာဏ်'**နဲ့ မတူဘူး။ **'မနောနဲ့ အတိတ်'**၊ **'ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ'**၊ ဟို **'ရုပ်နာမ်'**ဆိုတာ ပစ္စုပ္ပန်မှာရှိတယ်။ အခုကြားတာ ပစ္စုပ္ပန်ပေ့ါ၊ အဲ အဲဒါရုပ်နာမ်ပဲ ကြားတာ၊ **'ရုပ်နာမ်'**ဆိုရင် **'ပစ္စုပ္ပန်'**ပဲရှိတယ်၊ ပစ္စုပ္ပန်ဆိုတာ **'ကာလ'**၊ ရုပ်နာမ်ဆိုတာက **'သဘာဝ'**၊ ကာလနဲ့ သဘာဝ၊ **'ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ'**တဲ့၊ ဝမ်းထဲက မနော၊ အာရုံကအတိတ်၊ အာရုံဆိုတာက (၁၁)ပါးရှိတယ်။ **'အတိတ်'** ကလည်း အာရုံပဲ၊ **'ပစ္စုပ္ပန်'** ကလည်း အာရုံပဲ၊ အဲ အာရုံဆိုလို့ရတယ် - **'ပစ္စုပ္ပန်အာရုံ'**၊ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတာ **'ပစ္စုပ္ပန်အာရုံ'** ။

ဟော မျက်စိတွေ၊ နားတွေ၊ နှာခေါင်းတွေ၊ လျှာတွေ၊ ကိုယ်တွေ၊ အဲ အဲဒါတွေက ပသာဒရုပ်တွေ၊ ဓမ္မာရုံတွေ **'ပစ္စုပ္ပန်ဓမ္မာရုံ'**၊ **'ပစ္စုပ္ပန်အာရုံ'** ခေါ်တယ်။ **'ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ'**တဲ့၊ **'ပစ္စုပ္ပန်'** ထဲမှာ **'ရုပ်နာမ်'** ရှိတယ်။ ပစ္စုပ္ပန်က **'ကာလ'**လည်းဖြစ်တယ်၊ **'ရုပ်နာမ်'**လည်း ဖြစ်တယ်၊ ကာလကပစ္စုပ္ပန်၊ အာရုံကလည်း ပစ္စုပ္ပန်အာရုံ၊ ကြားတာတွေ၊ မြင်တာတွေ၊ နံတာတွေ ပေ့ါ၊ ထိတာတွေ၊ စားတာတွေ အဲဒါ **'ပစ္စုပ္ပန်အာရုံ'** ခေါ်တယ်။ တစ်ခုစီ တစ်ခုစီကျတော့ ဟော **'မျက်စိ'**က ရူပါရုံ အဆင်း၊ **'နား'**က သဒ္ဒါရုံ အသံ၊ **'နှာခေါင်း'**က ဂန္ဓာရုံ အနံ့၊ **'လျှာ'**က ရသာရုံ၊ ချိုချဉ်၊ ငန်၊ ဖန် အဲဒါ ရသာရုံ၊ ပြီးတော့ ထိတဲ့ဟာက ဆူးနဲ့ထိရင် နာတယ်၊ အဝတ်နူးနူး ညံ့ညံ့လေးနဲ့ ထိရင်ကောင်းတယ်၊ ချောတယ်ပေ့ါ၊ အဲဒါ ဖောဋ္ဌဗ္ဗာရုံ **'ပစ္စုပ္ပန်အာရုံ'**။

မျက်စိကလည်း ပစ္စုပ္ပန်အာရုံ၊ နားကလည်း ပစ္စုပ္ပန်အာရုံ၊ ပစ္စုပ္ပန်ဆိုတာက ကာလ၊ အာရုံက အာရုံပဲ၊ ပစ္စုပ္ပုန်ရူပါရုံ၊ ပစ္စုပ္ပန်နဲ့ ရူပါရုံနဲ့ တွဲတယ်၊ **'ပစ္စုပ္ပန်ရူပါရုံ၊ ပစ္စုပ္ပန်သဒ္ဒါရုံ၊ ပစ္စုပ္ပန်ဂန္ဓာရုံ၊ ပစ္စုပ္ပန်ရသာရုံ၊ ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ'**၊ အသီးသီး မျက်စိက ရူပါရုံ၊ နားက သဒ္ဒါရုံ၊ အနံ့က ဂန္ဓာရုံ၊ နှာခေါင်းအာရုံ ခေါ်တာပေ့ါ။ အရသာက လျှာအာရုံ၊ အတွေ့အထိက ကိုယ်အာရုံ၊ အသီးသီး အဲဒါ **'ပစ္စုပ္ပန်အာရုံ'** ခေါ်တယ်။

**ပဉ္စဝိညာဏ်၊ မနောဝိညာဏ်**

**'ပစ္စုပ္ပန်ကို ရုပ်နာမ်'** ဆိုတော့ ဖြစ်ပြီးပျက်သွားတယ်။ ခြင်ကလေး နား နား ဝီဆို

www.burmeseclassic.com

www.burmeseclassic.com



အဲဒါပစ္စုပ္ပန်ပဲ၊ အဲဒီ **'ငါးပါးလုံး'**ကို သိတာက **'မနော'**၊ 'ရူပါရမ္မဏံ၊ သဒ္ဒါရမ္မဏံ၊ ဂန္ဓာရမ္မဏံ၊ ရသာရမ္မဏံ၊ ဖောဋ္ဌဗ္ဗာရမ္မဏံ မနောဓာတုယာ' ဆိုတော့ **'မနောဓာတ်'** ဖြစ်သွားတယ်။ ငါးပါးလုံးကို အာရုံပြုနိုင်တာက မနော၊ တစ်ပါးတစ်ပါးကို အာရုံပြုနိုင်တာက ဟော စက္ခုဝိညာဏ် စတာတွေက **'ပဥ္စဝိညာဏ်'** ခေါ်တယ်။ **'ပဥ္စဝိညာဏ်၊ မနောဝိညာဏ်'** အဲလိုမှတ်။ အဲဒီအတိတ်၊ အနာဂတ်တွေကို အာရုံ ပြုနိုင်တာကလည်း **'မနော'**ပဲ၊ အတိတ်တွေ အနာဂတ်တွေ အဝေးအနီးတွေ အဲဒါ အာရုံပြုနိုင် တာကလည်း **'မနော'**ပဲ၊ အယုတ်တွေ၊ အမြတ်တွေ၊ အနီးတွေ၊ အဝေးတွေ၊ နူးညံ့တာတွေ၊ ကြမ်းတမ်းတာတွေ၊ အဲဒါတွေ အာရုံပြုနိုင်တာက **'မနော'**ပဲ။ **'ရုပ်နာမ်'** ဆိုရင် ပစ္စုပ္ပန်ပဲရှိတယ် **'ပစ္စုပ္ပန္န တစ်ခုမျှ၌ လောကအထု အကုန်စု၏'**။

အခု **'ပစ္စုပ္ပန်'** လို့ဆိုလိုက်ရင် အကုန်ရတယ်၊ **'လောက'** အမေရိကန်၊ တရုတ် အဲ ပစ္စုပ္ပန်တွေပေါ့၊ ဘာအကြောင်း ညာအကြောင်း ဘာဖြစ်ဖြစ် စာသင်တာဖြစ်ဖြစ် **'ပစ္စုပ္ပန္န တစ်ခုမျှ၌ လောကအထု အကုန်စု၏'** တဲ့၊ ရာဂတွေရော၊ ဒေါသတွေရော ပစ္စုပ္ပန်ထဲ အဲဒါတွေ အကုန်ဝင်တယ်။ အဲဒါ **'ကာလ'**ခေါ်တယ်။ ပစ္စုပ္ပန်က **'ကာလ'**၊ ဟို ရုပ်နာမ်က **'သဘာဝ'**၊ သဘာဝနဲ့ ကာလနဲ့က အဲလို ယှဉ်တယ်။ သဘောက တမျိုးစီ၊ **'သဘာဝ'**ကတော့ သဘာဝပဲ၊ **'ကာလ'**ကတော့ အဲဒီ သဘာဝရှိမှ ကာလရှိတယ်၊ သဘာဝမရှိရင် ကာလမရှိတော့ဘူး။

**ပစ္စုပ္ပန္န တစ်ခုမျှ၌ လောကအထု အကုန်စု၏။**
**ပစ္စုပ္ပန်ပျက် တစ်ခုပျက်နှင့် လောကအထု အကုန်ပျက်၏။**

အဲ ဘယ်ပြည်က ဘာအကြောင်းဖြစ်ဖြစ် ဟိုဖိလစ်ပိုင်က ရွှံ့တွေမြုပ်သွားပြီ၊ တစ်လောကလုံးက အသံတွေကြား၊ တစ်လောကလုံး ပစ္စုပ္ပန်ထဲစုသွားတယ်။ အဲ လောကဆိုတာကလည်း လူတွေပေါ့၊ လူတွေဆိုတာကလည်း ရုပ်နာမ်ပေါ့၊ **'ပစ္စုပ္ပန်ရုပ်နာမ်'**။

အသံတွေကလည်း **'ပစ္စုပ္ပန်ရုပ်နာမ်'**။
မြင်တာတွေကလည်း **'ပစ္စုပ္ပန်ရုပ်နာမ်'**။
ကြားတာတွေကလည်း **'ပစ္စုပ္ပန်ရုပ်နာမ်'**။

**ပစ္စုပ္ပန်ရုပ်နာမ် အနိမိတ္တ အနိစ္စ**

**မြင်ကြားစသည့် ကြံသိသမျှ သင်္ခါရက အနိမိတ္တ အနိစ္စဧကန် ဒုက္ခမှန်သည်**
**ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ ပရမတ္ထသစ္စာသဘော ပညာဇောပင်။**

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် **'မြင်ကြားစသည့် ကြံသိသမျှ သင်္ခါရက အနိမိတ္တ'**၊ အနိမိတ္တဆိုတာ ဒီလို လက်တွေ ခြေတွေလို့ မမြင်ရဘူး၊ သိတော့သိရတယ်။ **'အနိစ္စ ကေန်၊ ဒုက္ခမှန်သည်'** တဲ့၊ အဲ အနိစ္စတဲ့၊ **'အနိမိတ္တ အနိစ္စ'**ခေါ်တယ်။ မမြင်ရတဲ့ အနိစ္စ၊ ပစ္စုပ္ပန်တွေလေ၊ **'အနိစ္စ ကေန် ဒုက္ခမှန်သည်၊ ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ'** တဲ့၊ အဲ **'ပစ္စုပ္ပန်'** သိရင် ရုပ်နာမ် သိတယ်၊ ပစ္စုပ္ပန် ပစ္စုပ္ပန်နဲ့ဆို။

**'ပစ္စုပ္ပန် ရုပ်နာမ်၊ အနိမိတ္တ အနိစ္စ'**၊ **'ပစ္စုပ္ပန်လေး'**ကလည်း အနိစ္စဖြစ်သွားတယ်။ ဘာပြုလို့ အနိစ္စတုံးဆရာဆိုလို့ရှိရင် **'သဘာဝလေးတွေ'** မို့လို့ ရုပ်နာမ်က **'သဘာဝ'** ခေါ်တယ်။ ရုပ်နာမ်က ဘာတုံး (သဘာဝပါဘုရား)။ အဲ **'သဘာဝ'** က ရုပ်နာမ်ခေါ်တယ်။

## သဘာဝနဲ့ ရုပ်နာမ်ကို မသိလို့ လောကီတွေ ဖြစ်ကုန်တယ်

ခု အသံက **'သဘာဝ'** ပေါ့၊ သူက ရုပ်၊ ကြားတာက နာမ်၊ နာမ်မရှိဘဲနဲ့ ရုပ်လည်း မရှိဘူး၊ ရုပ်ရှိပေမယ့် နာမ်မရှိရင်လည်း အလကားပဲ၊ အခုန ရုပ်နဲ့ နာမ်နဲ့တွဲနေတော့ **'အသံက ရုပ်၊ ကြားတာက နာမ်၊ ရုပ်နာမ်'**၊ ပြီးတော့ ပစ္စုပ္ပန်၊ ပစ္စုပ္ပန်သိရင် ရုပ်နာမ်သိတယ်၊ ရုပ်နာမ်သိရင် ပစ္စုပ္ပန်သိတယ်၊ **'ပစ္စုပ္ပန်နဲ့ ရုပ်နာမ်'** အဲသလို၊ အဲလိုမသိတာကတော့ **'အဝိဇ္ဇာ'**၊ မသိလို့ **'ငါ'** ဖြစ်တာကတော့ **'ဒိဋ္ဌိ'**၊ လိုချင်ပြန်တာက **'တဏှာ'**၊ အဲလို **'သဘာဝနဲ့ ရုပ်နာမ်'** ကို အဲလိုမသိ လို့ အဲဒီလိုချင်တာတို့ ဘာဖြစ်တာတို့ ညာဖြစ်တာတို့ အဲဒီ လောကီတွေဖြစ်ကုန်တယ်။

## မနောက အတိတ်လည်းသိတယ်၊ ပစ္စုပ္ပန်လည်းသိတယ်

မျက်စိတွေ၊ နားတွေက **'ပစ္စုပ္ပန်'**ကိုသာ အာရုံပြုနိုင်တယ်၊ **'အတိတ်'**ကို အာရုံမပြု နိုင်ဘူး။ **'မျက်စိတွေ၊ နားတွေ၊ နှာခေါင်းတွေ၊ လျှာတွေ၊ ကိုယ်တွေ'**ပေါ့၊ ငါးခု အဲဒီ ငါးခုက **'ပစ္စုပ္ပန်'**သာ အာရုံပြုနိုင်တယ်၊ **'အတိတ်'** ကို အာရုံမပြုနိုင်ဘူး။ **'မနော'** ကတော့ မနေ့က ချိုလိုက်၊ ချဉ်လိုက် စားတာကိုသိတယ်၊ **'မနော'** က မနေ့က နေခဲ့တဲ့ဟာကို သိတယ်၊ ကြားခဲ့တဲ့ ဟာကို သိတယ်၊ မနေ့ တမြန်နေ့ကပေါ့လေ၊ အတိတ်က ကလေးထဲက လေးတန်းထဲက **'အတိတ်ကိုသိတာကမနော'**၊ အဲဒီ **'မနော'**က ပစ္စုပ္ပန်လည်း သိတယ်၊ အတိတ်လည်း သိတယ်။

ဒါပေမယ့် အဲဒီအတိတ်ကြီးကလည်း ပစ္စုပ္ပန်ဖြစ်လာတယ်။ မနေ့ကဟာကို အခု အောက်မေ့တယ်၊ မနေ့ကဟာကို အခုအောက်မေ့တော့ အခုကြီးဖြစ်လာတာပေါ့၊ အခုက ဘာတုံး (ပစ္စုပ္ပန်ပါဘုရား)။ အခုဆိုတာက **'ဣဓ'** ပေါ့၊ Now ပေါ့၊ ဟို အတိတ်တွေကလည်း

www.burmeseclassic.com

www.burmeseclassic.com



Now ဖြစ်လာတယ်၊ 'ယခု' ဖြစ်လာတာပေါ့၊ အဲဒါကျတော့ **'မနောရဲ့အာရုံ'** (မနောရဲ့အာရုံ)၊ **'မနောအာရုံ'** က အတိတ်ကို အာရုံပြုနိုင်ပြီး ပစ္စုပ္ပန်လာဖြစ်တယ်၊ ရိပ်မိရဲ့လား (ရိပ်မိပါပြီ ဘုရား)။ အခိပ္ပါယ်က **'မနော'**က **'အတိတ်'**ကို အာရုံပြုလိုက်တယ်၊ ဖြစ်တော့ ပစ္စုပ္ပန်လာ ဖြစ်တယ်၊ အဲဒါ **'မနော'**။

လေးတန်းကဟာကို သွားအောက်မေ့လိုက်တာက မျက်စိ၊ နား မဟုတ်ဘူး--- **'မနော'**၊ လေးတန်း ငါးတန်းကဟာကို သွားအောက်မေ့လိုက်တာက အတိတ်၊ အဲဒီ အတိတ်တွေက မျက်စိ နားတွေမဟုတ်ဘူး၊ **'မနော'**။ ဒါပေမယ့် Now ဆိုတဲ့ အခု ဖြစ်သွားတယ်၊ လေးတန်း ငါးတန်းကဟာ အောက်မေ့လိုက်တာက အတိတ်ကဟာပေမယ့် အခုဖြစ်သွားတယ်၊ Now ဆိုတာ ယခု၊ အဲဒါသူက အတိတ်လည်းအာရုံပြုနိုင်တယ်၊ ပစ္စုပ္ပန်လည်းဖြစ်တယ်၊ သူကကာလ နှစ်ကာလ။

**ကုသိုလ်၊ အကုသိုလ် ဖြစ်ပြီဆို၊ သူ့ကို မနောဝိညာဏ်မှတ်**

ပြီးတော့ အဲဒီအထဲမှာ ရာဂတွေ၊ ဒေါသတွေဆိုတဲ့ အကုသိုလ်တွေ ဝင်လာပြီဆိုရင် အဲဒါ **'မနော'**မဟုတ်ဘူး၊ **'မနောဝိညာဏ်'**၊ ကုသိုလ်တွေ အကုသိုလ်တွေဖြစ်လာရင် အဲဒါ ဘာတုံး (မနောဝိညာဏ်ပါဘုရား)။ **'စက္ခုဝိညာဏ်'၊ 'မနောဝိညာဏ်'** အဲ အဲဒီလို။

**မျက်စိကမြင် မြင်ရုံမြင် ဆင်ခြင် မနောမှတ်။**

**ကုသိုလ် အကုသိုလ်ဖြစ်ပြီဆို သူ့ကို မနောဝိညာဏ်မှတ်။**

အဲဒါ ဘယ် **'ကာလ'** တုံးဆိုလို့ရှိရင် ပစ္စုပ္ပန်ဖြစ်သွားတယ်။ ကုသိုလ် အကုသိုလ်လည်း **'မနော'**က အတိတ်ကဟာ အာရုံပြုလိုက်တယ်၊ ဒါပေမယ့် ပစ္စုပ္ပန်ဖြစ်လိုက်တယ်၊ နောက် ကုသိုလ် အကုသိုလ်ဖြစ်လိုက်တာလည်း အခု ဖြစ်လိုက်တယ်၊ Now ဖြစ်သွားတယ်၊ **'အခု'** ဖြစ်သွားတယ်။ **'ပစ္စုပ္ပန္နတစ်ခုမျှ၌ လောကအထုအကုန်စု၏'**။ အဲ **'မနောဝိညာဏ်'** ဖြစ်တာလည်း အခု Now ဖြစ်သွားတယ်၊ အတိတ်ကဟာက ယခုဖြစ်သွားတာပေါ့၊ အဲသလို အဲသလို အဲဒီ **'ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ'**၊ ရုပ်နာမ်သိချင်ရင် ပစ္စုပ္ပန်ကို ကြည့်ရတယ်။

**မပျက်စီးခင် သိလိုက်ရင် ဤတွင် ပစ္စုပ္ပန်**

အခု ထိုင်တယ်၊ **'ထိုင်တယ်'** ဆိုလိုက်စမ်း(ထိုင်တယ်)၊ အဲဒါ ပစ္စုပ္ပန်ပဲ၊ **'ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ'** တဲ့၊ အဲဒီ ပစ္စုပ္ပန်ကလေးနဲ့နေမယ်ဆိုလို့ရှိရင် အတိတ်ကဟာဖြစ်ခဲ့ပြီးတာက

www.burmeseclassic.com

www.burmeseclassic.com



ရာဂတွေ ဒေါသတွေလည်းဖြစ်တာပေါ့၊ အဲဒီ အတိတ်ကဟာတွေ သွားပြီးအာရုံမပြုဘဲ ပစ္စုပ္ပန်နဲ့သာ နေမယ်ဆိုလို့ရှိရင် အဲဒီရုပ်နာမ်ကလေးဟာ ကြာကြာမနေဘူး၊ ပစ္စုပ္ပန်က **'ဥပါဒ်၊ ဌီ၊ ဘင်'** ပဲရှိတာ၊ ပစ္စုပ္ပန်နဲ့ပဲ နေမယ်ဆိုလို့ရှိရင် ပစ္စုပ္ပန်ဆိုတာက **'အသံကုပ္ပံ-** မပျက်စီးမီ၊ **အသံဟီရံ-** မပြောင်းရွှေ့မီ၊ မပြောင်းရွှေ့ခင်၊ မပျက်စီးခင်ကလေးကို **'ပစ္စုပ္ပန်'**ခေါ်တယ်။ မပြောင်းရွှေ့ခင်၊ မပျက်စီးခင် ဟုတ်ရဲ့လား (တင်ပ့ါဘုရား)၊ **'မပျက်စီးခင် သိလိုက်ရင် ဤတွင် ပစ္စုပ္ပန်'**၊ အဲ ပစ္စုပ္ပန် သိတယ်၊ အခုကြားတယ်၊ ကြားနေတုန်း သိတာ၊ **'မပျက်စီးခင် သိလိုက်ရင် ဤတွင် ပစ္စုပ္ပန်'**၊ အဲဒါတွေ ဆိုဆိုနေရတယ်၊ ကြားတုန်းကို မပျက်စီးခင် ကြားတယ်လို့ သိလိုက်ရတယ်။

**အနိမိတ္တ အနိစ္စ၊ သဘာဝ အနိစ္စ**

အဲ သိတာက **'သဘာဝ'**၊ ကြားတာက **'ကာလ'**၊ ကာလထဲမှာ အဲဒီ သဘာဝရှိတယ်၊ 'ကာလနဲ့သဘာဝ' အဲဒီလို၊ အဲ နာရီဟာ ကာလကိုသိဖို့ အချိန်ကိုသိဖို့ သိတယ်ဆိုကတည်းက နာရီဟာ **'အကြောင်း'** ကာလ၊ **'သိတာ'** ကဘာတုံး **'အကျိုး'** ဖြစ်သွားတယ်၊ အဲသလိုမှတ်ထား။ **'ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ အနိမိတ္တ အနိစ္စ'**၊ **'အနိမိတ္တ'** ဆိုတာ အကောင်အထည်မရှိဘူး၊ ဒြပ်မရှိဘူး၊ အဲ သဘာဝကလေးပဲရှိတယ်၊ အဲဒါကြောင့်မို့လို့ သူက **'အနိစ္စ'** ချည်းပဲဖြစ်နေတယ်။

ကြားလိုက်ရင်လည်း **'အနိစ္စ'**၊ မြင်လိုက်ရင်လည်း **'အနိစ္စ'**၊ နံလိုက်ရင်လည်း **'အနိစ္စ'**၊ ထိလိုက်ရင်လည်း **'အနိစ္စ'**၊ ကြံလိုက်ရင်လည်း **'အနိစ္စ'**၊ အဲ အဲဒါ **'အနိမိတ္တ အနိစ္စ၊ သဘာဝ အနိစ္စ'**၊ ကဲ ဒီလို မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)။ သဘာဝတွေ၊ အဲဒီလို အနိစ္စအဖြစ်နဲ့ သဘာဝကို သိရဲ့လားဆို မသိတော့မှ **'အဝိဇ္ဇာ'** ဖြစ်တော့၊ **'လူ'** ဖြစ်သွားတော့ အဝိဇ္ဇာ ဖြစ်သွားတာပေါ့၊ ဟုတ်ရဲ့လား (တင်ပ့ါဘုရား)။ သဘာဝကို မသိဘူး၊ **'သဘာဝ'** က အနိစ္စ၊ ဒါပေမယ့် **'လူ'** လို့သိတော့ **'အဝိဇ္ဇာ'** ဖြစ်သွားတယ်၊ လူလို့သိသွားမှ **'ရာဂ ဒေါသ'** ဖြစ်တယ်။

**ဤဟာ အာသဝ**

**'သဘာဝ'** သိရင် ရာဂ ဒေါသ မဖြစ်ဘူး၊အဲလို ဉာဏ်တွေထုတ်ရတယ်။ အဲဒီ **'ပစ္စုပ္ပန်'** ပဲ၊ ဘေးတွေ ရန်တွေ ဒုက္ခတွေ ဘာဖြစ်ဖြစ် အဲဒီ **'ပစ္စုပ္ပန်'** သာရှု၊ **'အတိတ်တွေ'** ဘာတွေ သွားမလုပ်နဲ့၊ တစ်ခါတည်း သေတော့မှာလားဟဲ့လို့ သွားမလုပ်နဲ့၊ သေတော့မှာလားဟဲ့လို့ ဆိုလို့ရှိရင် အဲဒါ **'အနာဂတ်'**၊ မသေသေးဘဲနဲ့ သူကသေတော့မှာလားဟဲ့ သေတော့မှာလားဟဲ့ ဆိုတာ **'ပစ္စုပ္ပန်'** လား၊ **'အတိတ်'** လား၊ ဘယ်ဟာမှ မဟုတ်ဘူး **'အနာဂတ်'**၊ အဲဒီအနာဂတ်

www.burmeseclassic.com

www.burmeseclassic.com



ကာလကြီးကို သွားပြီးမသေသေးဘဲနဲ့၊ သေတော့မှာလားဟဲ့လို့ဆိုတော့ မစိုးရိမ်ဘူးလား (စိုးရိမ်ပါတယ်ဘုရား)။ အဲဒါ **'အာသဝ'** ဖြစ်သွားတယ်။ အဲဒါကြောင့် **'ဤဟာ အာသဝ'၊** အဲ အာသဝ ဖြစ်ရင်လောဘ၊ ဒိဋ္ဌိ၊ မောဟ၊ **'မောဟ'**က အဝိဇ္ဇာ၊ **'လောဘ'**က လိုချင်တာ၊ **'ဒိဋ္ဌိ'** က ထင်တာ၊ လူလို့ထင်တာပေါ့၊ **'လူ'**လို့ ထင်ကိုမထင်ဘူး၊ ယူကို ယူနေတယ်၊ လူလို့ ယူနေတယ်။

**ရှိတာက ရုပ်နာမ်**

အဲဒီရုပ်နာမ်ကို၊ ရှိတာက ရုပ်နာမ်၊ ရှိတာကဘာတုံး (ရုပ်နာမ်ပါဘုရား)။ အဲဒါ ရုပ်နာမ်ဆိုတာ **'အတ္ထိ ပစ္စယော'**ခေါ်တယ်၊ အတ္ထိပစ္စယော၊ **'ရူပါရမ္မဏ် စက္ခုဝိညာဏ် ဓာတုယာ တံသမ္ပယုတ္တကာနဥ္စဓမ္မာနံ အတ္ထိပစ္စယေနပစ္စယော'** ဆိုတာအဲဒါ၊ အဲဒါလေးရှိတယ်၊ **ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ** ဆိုစမ်း (ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ)၊ အဲ **'ရုပ်နာမ်'**ကို သိချင်လို့ရှိရင် ပစ္စုပ္ပန်ကို သိရတယ်၊ ပြီးတော့ လောကအထူ။ **'ပစ္စုပ္ပန္န တစ်ခုမျှ၌ လောကအထူ အကုန်စု၏'**၊ အဲ ဘာပဲဖြစ်ဖြစ် 'တဲ့'ဆိုရင် လောကမှာ **'ပစ္စုပ္ပန်'** ဖြစ်သွားတယ်။ အတိတ်တွေကလည်း **'ပစ္စုပ္ပန်'** ဖြစ်သွားတယ်။ 'Now' ဖြစ်သွားတယ်။

**ပြောင်းတာကို သင်္ခါရခေါ်တယ်**

**'အနိမိတ္တ အနိစ္စကေန် ဒုက္ခမှန်သည် ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ'**။

အဲ **'အနိမိတ္တ'** ဆိုတာက **'မြင်ကြားစသည့်'** ဆိုလိုက်စမ်း (မြင်ကြားစသည့်) မြင်တာရော ကြားတာရော အစရှိသောဆိုတော့ နံတာရော၊ ထိတာရော၊ စားတာရောပါတယ်။ ကြံတာတွေ လည်းပါတာပေါ့။

**'မြင်ကြားစသည့် ကြံသိသမျှ သင်္ခါရက အနိမိတ္တ'**။

အဲဒါကို **'သင်္ခါရ'** ခေါ်တယ်တဲ့၊ ပြောင်းသွားလို့၊ ပြောင်းတာကို **'သင်္ခါရ'** ခေါ်တယ်၊ **'သံဟီရံ'** ခေါ်တယ်။ ပြောင်းသွားတယ်၊ **'သင်္ခါရ'**ဆိုတာ ပြောင်းရွှေ့တယ်လေ၊ အဲဒီ **'သင်္ခါရ'**က ဒီလို **'အကောင်အထည်'** မရှိဘူးတဲ့၊ မြင်တာ အကောင်အထည်ရှိသလား (မရှိပါဘုရား)၊ ဒါပေမယ့် နာမ်၊ သူက ရုပ်ကို အာရုံပြုတယ် ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ အဲဒီဟာကျတော့ လူတွေမပါသေးဘူး၊ **'မြင်ကြားစသည့် ကြံသိသမျှ'**၊ ကြံပြီးသိတာ၊ ရိပ်မိရဲ့လား၊ ကိုယ့်ဟာကိုယ် ကြံပြီးသိတာ၊ ကဲ ဘယ်သူမြင်တုံး၊ ဘယ်သူမှ မမြင်ဘူး၊ ကိုယ့်ဟာကိုယ်ပဲ သိတယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**'မြင်ကြားစသည့် ကြံသိသမျှ သင်္ခါရက'**၊ အဲဒါသင်္ခါရတဲ့၊ အဝိဇ္ဇာကြောင့်ဖြစ်တာပါပဲ၊ **'အဝိဇ္ဇာပစ္စယာသင်္ခါရာ'**၊ သူလည်း သင်္ခါရပဲ။

**အကောင်အထည်မရှိတာကို အနိမိတ္တ ခေါ်တယ်**

**'အနိမိတ္တ'**၊ မြတ်စွာဘုရားက **'အနိမိတ္တဉ္စ ဘာဝေဟိ'** ဆိုတာ **'အကောင် အထည်မရှိတာ'** ကို **'အနိမိတ္တ'** ခေါ်တယ်။ အကောင်အထည်မရှိတာ ဘာခေါ်တုံး (အနိမိတ္တပါဘုရား)။ အဲ ဒြပ် ဒြပ်တွေမရှိတာ၊ ဒြပ်ရှိရင်သညီပေါ့၊ အဲ **'အကောင်အထည်မရှိတာ'** ကို **'အနိမိတ္တ'** ခေါ်တယ်၊ ဟို 'နိမိတ်မရှိ နမာမရှိ' မဟုတ်ဘူးနော်၊ အကောင်အထည် မရှိတဲ့ဟာကို **'အနိမိတ္တ'** ခေါ်တယ်။

နိဗ္ဗာန်ဆိုတာလည်း အဲသလို အကောင်အထည်မရှိဘူး။ တစ်ခါတည်း အဲဒါ **'သဘာဝ'** ရောက်သွားတယ်၊ သို့မဟုတ်လို့ရှိရင် ဒီထဲက **'လူ'** ချည်းပဲဖြစ်နေတာ၊ **'သဘာဝ'** ကို မတွေး တတ်ဘူး၊ မြင်တာသဘာဝ။ **'မြင်တာ'** ဘာတုံး (သဘာဝပါဘုရား)။ **'ကြားတာ'**ကော ဘာတုံး (သဘာဝပါဘုရား)။ ကဲ ကြားတာ အကောင်အထည်ရှိသလား (မရှိပါဘူးဘုရား)။ အဲ အဲဒါကြောင့် **'အနိမိတ္တ'** ခေါ်တယ်။ အကောင်အထည်မရှိဘူးဆိုတော့ ဒြပ်မရှိဘူးပေါ့၊ သဏ္ဌာန်မရှိဘူးပေါ့၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ အဲဒါမှ **'ပရမတ်'** ဖြစ်သွားတယ်။

**'ကြံသိသမျှ သင်္ခါရက အနိမိတ္တ'**၊ အဲဒီလိုလေး ဆို ဆို နေရင်ကိုပဲ **'လူတွေ'** က ပျောက် သွားတယ်။ **'လူတွေ'** မပျောက်ဘူးလား (ပျောက်ပါတယ်ဘုရား)။ **'လူတွေ'** ပျောက်သွားရင် ရာဂဖြစ်သေးလား (မဖြစ်တော့ပါဘုရား)။ အဲလို နိဗ္ဗာန်ရောက်တယ်၊ အလွန့် အလွန် ဟန်တဲ့ ဟာမျိုး၊ **'မြင်ကြားစသည့် ကြံသိသမျှ သင်္ခါရက အနိမိတ္တ'**၊ **'အနိမိတ္တ'** ဆိုတာ အကောင်အထည် မရှိတာ၊ **'အနိမိတ္တ'** ဆိုတာဘာတုံး (အကောင်အထည် မရှိတာပါဘုရား)။ ဟော ဒကာကြီး မမွေးခင်က အကောင်အထည်ရှိလား (မရှိပါဘုရား)။ သေပြီးတော့ကော အကောင်အထည် ရှိလား (မရှိပါဘုရား)။

**အနိမိတ္တဉ္စ ဘာဝေဟိ – နိမိတ်မရှိအောင် ပွားရမယ်**

အဲဒီလိုပဲ **'ဖြစ်ပြီးပျက်'**သွားရင် **'အကောင်အထည်မရှိ'** တော့ဘူး၊ အခုဟာကြီးကတော့ **'သဿတကြီး'** လူဖြစ်နေတယ်၊ **'နိမိတ္တ'** ဖြစ်နေတယ်။ နိမိတ္တကို သဘာဝလို့ မယူဘူး၊ နိမိတ္တကို မြတ်စွာဘုရားက **'အနိမိတ္တဉ္စ** - နိမိတ်မရှိအောင်ပွားရမယ်' တဲ့။ **'ရာဟုလ** - ချစ်သားသည်းချာ ရာဟုလာ၊ **အနိမိတ္တဉ္စ**-အကောင်အထည်မရှိသောအနိမိတ္တဘာဝနာကို၊ **ဘာဝေဟိ**-ပွားလော့'။

www.burmeseclassic.com

www.burmeseclassic.com



**အနိမိတ္တာဘာဝနာဆိုတာ အနိစ္စာဘာဝနာ ခေါ်တယ်**

**'အနိစ္စ'** ဆိုရင် **'အကောင်အထည်'**မရှိတော့ဘူး။ **'အနိစ္စ'** ဆိုရင် ဖြစ်ပျက်တာနဲ့ အနိစ္စပဲရှိတော့တယ်။ အနိစ္စ ဖြစ်ပျက်၊ အကောင်အထည်မရှိဘူး။ အဲဒါကို **'အနိမိတ္တာဘာဝနာ'**၊ **'အနိမိတ္တာဘာဝနာ'** ဘယ်လိုပွားလဲ (အကောင်အထည်မရှိဘူးလို့ ပွားပါတယ်ဘုရား)။ အကောင်အထည်မရှိလို့ရှိရင် ခေါင်းထဲ မျက်လုံးထဲကို **'မထင်'** ရဘူး၊ ခေါင်းထဲ မျက်လုံးထဲ ထင်လို့ရှိရင် ရာဂရင်လည်း ဖြစ်မယ်၊ ဒေါသရင်လည်း ဖြစ်မယ်၊ မောဟရင်လည်း ဖြစ်မယ်။ မျက်စိထဲ အကောင်အထည်ကြီးထင်နေတယ်လေ၊ သူက အလုပ်လုပ်ရင်လည်း အကောင်အထည် ထင်နေတာ။ ရာဂဖြစ်ရင်လည်း အကောင်အထည် မထင်ဘူးလား (ထင်ပါတယ်ဘုရား)။ **'အကောင်အထည်မထင်'** တဲ့ ဘာဝနာပွားတဲ့။

**အနိစ္စ ဘာဝနာ**

**'အကောင်အထည်မထင်'** တဲ့ ဘာဝနာဆိုတာက **'အနိစ္စဘာဝနာ'၊** ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ အကောင်အထည်မထင်တဲ့ ဘာဝနာက အနိစ္စလို့ ပွားရမှာ၊ ဘာ ဘာဝနာတဲ့တုံး (အနိစ္စဘာဝနာပါဘုရား)။ အဲ အဲဒီဟာ **'ယာနတ္တယေဟိ** - ယာဉ်သုံးပါးအပေါင်းတို့ဖြင့်၊ **နိဗ္ဗာနံ**- နိဗ္ဗာန်ကို၊ **ပပ္ပေါတိ** - ရောက်စေတော်မူ၏**'**။

အဲ **'အနိစ္စ'** ဖြင့် နိဗ္ဗာန်ရောက်စေတယ်ဆိုတာ အဲဒီဟာကို ပြောတာ၊ နိမိတ်မရှိတော့ဟို မိန်းမသဏ္ဌာန် ယောက်ျားသဏ္ဌာန်တွေကို **'နိမိတ်'** လို့ ခေါ်တယ်။ အဲဒါ နိမိတ်မရှိတော့ ရာဂဖြစ်သေးသလား (မဖြစ်ပါဘူးဘုရား)။ မဖြစ်တော့ သူနိဗ္ဗာန်မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)။ အဲ အဲဒါကို **'နိဗ္ဗာန်'** ခေါ်တယ်။

**ပရမတ္ထသစ္စာဆိုတာ သဘာဝသစ္စာ**

**'အနိမိတ္တ နိဗ္ဗာန်'** အဲ အဲဒီရောက်အောင်ပို့ရတယ်၊ **'အနိမိတ္တ'** ဆိုတာ နိဗ္ဗာန်။

**အနိစ္စဇောန် ဒုက္ခမှန်သည် ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ**

**ပရမတ္ထသစ္စာသဘော ပညာဇောပင်**။

အဲ အဲဒါ **'ပညာဇော'**တဲ့၊ **'ပရမတ္ထသစ္စာ'** ခေါ်တယ်။ **'သဘာဝသစ္စာ'** လို့လည်း ခေါ်တယ်။ ဘာခေါ်တုံး (သဘာဝသစ္စာလို့ခေါ်ပါတယ်ဘုရား)။ အဲ သဘာဝသစ္စာ အဲလို မြင်နေတော့ သူ့ဝမ်းထဲ ရာဂရှိအုံးမလား (မရှိတော့ပါဘူးဘုရား)။ အဲဒါကို **'အရိယသစ္စာ'**လို့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်။ ဟို မင်္ဂလသုတ်မှာလေ **'အရိယသစ္စာနဒဿနံ'** လို့ မပါဘူးလား (ပါပါတယ်ဘုရား)။

**'အရိယသစ္စာန ဒဿနံ၊ ဧတံ မင်္ဂလမုတ္တမံ'**၊ **'အရိယသစ္စာ'** ဆိုတာ ပရမတ္ထသစ္စာကို မြင်တော့၊ **'ပရမတ္ထသစ္စာ'** ဆိုတာ သဘာဝသစ္စာ။

**'မြင်ကြားစသည့် ကြုံသိသမျှ သင်္ခါရက အနိမိတ္တ'**။

နိမိတ် အကောင်အထည်မရှိ တော့ဘူး၊ မြင်တာ ကြားတာ နိမိတ်မရှိဘူး၊ မျက်စိထဲက မထင်စေနဲ့ ဟုတ်ရဲ့လား။ ဟိုခေါင်းထဲ ထင်တာက **'မနော'**၊ မျက်စိကမြင်တာက **'မျက်စိ'**၊ အဲဒါ **'အကောင်အထည်မရှိတဲ့ ဘာဝနာ'** ခေါ်တယ်၊ ဘာ ဘာဝနာ ခေါ်တုံး (အကောင် အထည်မရှိတဲ့ ဘာဝနာပါဘုရား)။ **'သဘာဝ'** အကောင်အထည်ရှိသလား (မရှိပါဘူးဘုရား)။ အဲဒါ သဘာဝရောက်သွားတယ်၊ ဘာသစ္စာတုံး (သဘာဝသစ္စာပါဘုရား)။

**သဘာဝသစ္စာမြင်တဲ့ ပုဂ္ဂိုလ်ဟာ ရာဂ ဒေါသ မရှိတော့ဘူး**

အဲဒီ **'သဘာဝသစ္စာ'** မြင်တဲ့ ပုဂ္ဂိုလ်ဟာ ယောကျ်ားတွေ မိန်းမတွေ မမြင်တော့ဘူး။ သူ့မှာ ရာဂ ဒေါသက မရှိတော့ဘူး။ ယောကျ်ားတွေ မိန်းမတွေ မြင်မှသာလျှင် အဲဒါ **'နိမိတ်'** ခေါ်တယ်၊ ရာဂက **'ရာဂနိမိတ်'**၊ ဒေါသက **'ဒေါသနိမိတ်'**၊ မောဟက **'မောဟနိမိတ်'**၊ အဲဒီ ရာဂ၊ ဒေါသ၊ မောဟတွေက နိမိတ်ကိုပြုတတ်တယ်။ ရာဂ၊ ဒေါသ၊ မောဟ မရှိရင် အဲဒီ နိမိတ်ကို မပြုတတ်ဘူး၊ ရိပ်မိရဲ့လား (ရိပ်မိပါပြီဘုရား)။

ဟာ **'ပထမတန်း ကောင်းခန်း အလွန်၊ လူတွင် ရုပ်ချော'** ဆိုတာ၊ **'သဘာဝသစ္စာ၊ သမုတိသစ္စာ၊ အရိယသစ္စာ'**၊ အခုနေ စကားပြောတဲ့အခါ ဘယ်သူ ဟုတ်တယ်၊ ဘယ်သွားတယ်၊ ဘာ ညာ စသည် အဲဒီလိုလုပ်တာက **'သမုတိသစ္စာ'**၊ လောက အပြောအဆိုတွေပေါ့။ **'သဘာဝ သစ္စာ'** ဆိုတာ အဲဒီ မိန်းမတွေ၊ ယောကျ်ားတွေ မရှိတော့ဘူး သဘာဝပဲရှိတော့တယ်။

**မျက်စိကမြင် မြင်ရုံမြင်၊ ဆင်ခြင် မနောမှတ်။**

**ကုသိုလ် အကုသိုလ် ဖြစ်ပြီဆို၊ သူ့ကို မနောဝိညာဏ်မှတ်။**

အဲသလိုဖြစ်သွားတာ အဲသလိုဖြစ်တော့ ကဲ မျက်စိကမြင်တာ၊ နားကကြားတာတွေက **'သဘာဝ'** ဖြစ်သွားတယ်၊ အကောင်အထည်မရှိတော့ဘူး ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ **'အနိစ္စ'** ဖြစ်သွားတယ်။ အဲဒီတော့ သူ့ကို **'သဘာဝသစ္စာ'** ရောက်သွားတော့ သူ့စိတ်ထဲမှာ ယောကျ်ား တွေ မိန်းမတွေက **'သမုတိသစ္စာ'** လို့ဆိုပြီး သိပြီးတော့ မရှိတော့ဘူးလေ၊ သြော်သစ္စာဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



လည်းအနိစ္စပဲ၊ **'အနိစ္စဇာကေန် ဒုက္ခမှန်သည် ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ'**၊ အဲဒါလေး ဆိုဆိုနေရတယ်။ အဲဒီပစ္စုပ္ပန်လေးက မြဲသလား(မမြဲပါဘူးဘုရား)။ မမြဲတော့**'အနိမိတ္တ ဘာဝနာ'**ခေါ်တယ်။

**သမုတိသစ္စာ၊ သဘာဝသစ္စာ၊ အရိယသစ္စာ**

ဟိုသမုတိသစ္စာက လူတွေ ယောက်ျားတွေ မိန်းမတွေက **'သမုတိသစ္စာ'** ဆိုတော့ အဲဒီသစ္စာအတိုင်း စိတ်ကိုထားမယ်ဆိုလို့ရှိရင် ရာဂ ဒေါသတွေက လွတ်ပ့ါမလား (မလွတ်ပါဘူးဘုရား)။ အခု **'သဘာဝသစ္စာ'** ရောက်တဲ့အခါကျတော့ ရာဂ ဒေါသ မလွတ်ဘူးလား (လွတ်ပါတယ်ဘုရား)။ အဲ လွတ်သွားတယ်၊ ရာဂ ဒေါသလွတ်သွားတော့ သူ့စိတ်ထဲမှာ ရာဂ ဒေါသတွေဖြစ်သေးသလား (မဖြစ်ပါဘူးဘုရား)။ အဲဒါကို **'အရိယသစ္စာ'**။

**'အရိယသစ္စာန ဒဿနံ'** ဆိုစမ်း (အရိယသစ္စာန ဒဿနံ)။

မင်္ဂလသုတ် ခုမှရောက်တယ်။ ကလေးငယ်ငယ်တုန်းက သင်ခဲ့တဲ့ မင်္ဂလသုတ်၊ **'အရိယသစ္စာ'** ဆိုတာ သူတကာ့ကို မငြိုးတာ အရိယသစ္စာဆိုတာ ဘာတုံး (သူတကာ့ကို မငြိုးတာပါဘုရား)။ သူတကာကော ရှိသေးသလား (မရှိတော့ပါဘူးဘုရား)။ သူတကာ့ကို ချစ်တယ်ဆိုတဲ့ ရာဂလည်းမရှိတော့ဘူး၊ သူတကာ့ကို မုန်းတယ်၊ ငြိုးတယ် အဲလိုဟာတွေရှိလို့ရှိရင် **'သဘာဝ သစ္စာ'** တွေ မရောက်သေးဘူး အဲလိုမှတ်။

**မြင်ကြားစသည့် ကြံသိသမျှ သင်္ခါရက၊**

**အနိမိတ္တ အနိစ္စဇာကေန် ဒုက္ခမှန်သည်၊**

**ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ၊**

**ပရမတ္ထသစ္စာသဘော ပညာဇောပင်။**

အဲဒါ **'ပညာ'**တဲ့၊ **'လောကီသစ္စာ'**၊ **'သမုတိသစ္စာ'** ဆိုတာက မမှန်ဘူးတဲ့၊ လူတွေသေသွားရင် လူတွေက မရှိတော့ဘူး၊ စကားပြောပြီးသွားရင်လည်း အဲလိုဟာတွေ ပညတ်တွေ မရှိတော့ဘူး၊ ဟုတ်ရဲ့လား၊ ကဲ--- တော်ကြအုံးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " ခံစားဝေဒနာ ခွဲစိတ်ပြာ တရားတော်"

၈. ၁၂. ၂၀၀၆

## သုခဝေဒနာနှင့် ယှဉ်တဲ့ သဘောတရား

**'သုခါယ-** သုခဖြစ်သော၊ **ဝေဒနာယ-** ဝေဒနာနှင့်'၊ **'သုခ'** ဖြစ်သော ဝေဒနာတဲ့၊ **'သုခဖြစ်တဲ့ ဝေဒနာ'** ရယ်၊ သူနဲ့ယှဉ်တဲ့ဟာက **'သမ္ပယုတ္တ'** ခေါ်တယ်၊ ဝေဒနာက ခံစားတာ ကောင်းတာ၊ ကောင်းလို့ သဘောကျတာ၊ အဲဒါက **'သမ္ပယုတ္တ ဓမ္မ'** ခေါ်တယ်။

**'သုခါယ- သုခဖြစ်သော၊ ဝေဒနာယ- ဝေဒနာနှင့်'။**

အဲဒီလိုဆိုရင် သုခဝေဒနာ ခံစားတယ်လို့ဆိုရင် သုခဝေဒနာကို သိပေးတယ်၊ သုခဝေဒနာဘယ်လိုဖြစ်တယ်၊ သုခဝေဒနာဖြစ်ရင် ဘယ်လိုဖြစ်သတုံး၊ အဲလိုကျတော့ သုခဝေဒနာနှင့် ယှဉ်တဲ့ သမ္ပယုတ်တရားတွေ။**'သုခဝေဒနာ'**က သုခကို ခံစားတယ်၊ **'သူနဲ့ယှဉ်ဘက် သမ္ပယုတ်တရား'** က သဘောကျတယ်၊ သူနဲ့ယှဉ်တာက **'ဤဟာ သုခဝေဒနာ'** ဟုတ်ရဲ့လား (တင်ပါ့ဘုရား)။ **'သမ္ပယုတ္တာ** - သမ္ပယုတ်တရား'၊ သူက နှစ်မျိုးခွဲရတယ်၊ သုခဖြစ်တဲ့အခါမှာ သုခကတော့ ချမ်းသာတာ၊ **'ခံစားတာ'**က တစ်မျိုး၊ သုခဖြစ်တော့ **'သုခနဲ့ယှဉ်တဲ့ သဘောတရား'**က တစ်မျိုး၊ အဲလို နှစ်မျိုးမှတ်၊ အဲလို နှစ်မျိုးရှိကြောင်းကို သုခက သိပ်မထင်ရှားဘူး။

## ဒုက္ခဝေဒနာနှင့် ယှဉ်တဲ့ သဘောတရား

**'ဒုက္ခာယ - ဒုက္ခဖြစ်သော'၊** အင်း ဒုက္ခဖြစ်နေတဲ့ အခါကို ဂရုစိုက်၊ အပိုဒုက္ခ၊ စိတ်၏ဒုက္ခ၊ ဒုက္ခဝေဒနာ။ **'ဒုက္ခာယ -** ဒုက္ခဖြစ်သော၊ **ဝေဒနာယ** - ဝေဒနာနှင့်'၊ အင်း **'ဒုက္ခ'** က တစ်ခု၊ **'ဝေဒနာ'** က တစ်ခု၊ အဲ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာခံစားတယ်၊ ဒုက္ခဝေဒနာခံစားတယ်လို့ အဲသလိုသိမှ **'ဒုက္ခဝေဒနာနှင့် ယှဉ်တဲ့သဘောတရား'** ကိုသိတယ်။

## ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာ ဓမ္မာ

ဒုက္ခဝေဒနာနှင့် ယှဉ်တော့ မကောင်းဘူး၊ စိတ်ဆိုးတယ်၊ သဘောမကျဘူး၊ ဟို ဖြစ်သွားတာဟာ ဒုက္ခဝေဒနာ **'ခံစားတာ'**နဲ့၊ **'သူနဲ့ ယှဉ်ဖော်ယှဉ်ဖက်ဖြစ်တဲ့တရား'**လို့ နှစ်ခု ရှိတယ်မှတ်၊ **'ဒုက္ခာယ-** ဒုက္ခဖြစ်သော၊ **ဝေဒနာယ-** ဝေဒနာနှင့်၊ **သမ္ပယုတ္တာ -** အညီအညွတ် ယှဉ်ကုန်သော'၊ **'သမ္ပယုတ္တာ'** ဆိုတာက အဲ ဒုက္ခဝေဒနာနဲ့ယှဉ်တဲ့အခါကို အဲဒါကို ဂရုစိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခဝေဒနာ ခံစားတယ်။ ဒုက္ခဝေဒနာကို ခံစားတယ်လို့ ဒုက္ခဝေဒနာကို ခံစားတော့မှ တစ်ခါ သဘောမကျတာတို့ မနှစ်ခြိုက်တာတို့ ပြောချင်တာတို့ ဆိုချင်တာတို့ ဒေါသအိုးပေါက်ကွဲတယ်နဲ့ လူတွေက အဲဒီလိုဆိုကြတယ်။ အဲဒါ **'ဝေဒနာနှင့်ယှဉ်တဲ့ သမ္ပယုတ်တရား'** ခေါ်တယ်။

**'ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ'**၊ ပြန်ဆိုလိုက်စမ်း (ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ)၊ အဲ အဲဒီ သမ္ပယုတ္တာက ယှဉ်တဲ့သဘောတရားတွေကလည်း နိယတ္တ၊ နိဗ္ဗိဝိ-သတ္တဝါ မဟုတ်ဘူးတဲ့။

**စေတသိက ဒုက္ခက မနောက အကြောင်းဖြစ်တယ်**

ဒကာကြီးတို့ကတော့ ဒေါသကလည်း **'ငါ့'** ဒေါသ၊ ဒေါသပေါက်ကွဲတာလည်း **'ငါ'** ပေါက်ကွဲတယ်၊ အဲ ဒေါသ၊ ဒေါသပေါက်ကွဲတယ်၊ ဒေါသက ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာနဲ့ ယှဉ်ဖော်ယှဉ်ဖက်က သမ္ပယုတ္တတရားခေါ်တယ်။ **'ဒုက္ခာယ ဝေဒနာယ သမ္ပယုတ္တာဓမ္မာ'**၊ ဘုရားရဟန္တာတို့မှာ **'စေတသိကဒုက္ခ'** မဖြစ်ဘူးတဲ့၊ **'ကာယိယဒုက္ခ'** ဖြစ်တယ်တဲ့။ အဲဒါ ဂရုစိုက်၊ စိတ်ဒုက္ခက **'စေတသိကဒုက္ခ'** ခေါ်တယ်။ အဲဒီ **'စေတသိကဒုက္ခ'**က **'မနော'** က အကြောင်း ဖြစ်တယ်။

**'မနောမူလံ စေတသိကဒုက္ခာနံ'**၊ **'မနော**-မနောသည်၊ **စေတသိကဒုက္ခာနံ**-စေတသိက ဒုက္ခတို့၏၊ **မူလံ-** အကြောင်းရင်းတည်း'။ အဲ မြတ်စွာဘုရားတို့မှာ **'စေတသိကဒုက္ခ'** မရှိဘူး၊ **'မနော'**က သူ့ကို ဝေဒနာ ခံစားတာပဲလို့ အဲသလို သိရခြင်းအကျိုးရှိတယ်။

**'ဒုက္ခာယ ဝေဒနာယ'၊ 'ဒုက္ခာယ-** ဒုက္ခဖြစ်သော၊ **ဝေဒနာယ-** ဝေဒနာနှင့်**'။**

ဒုက္ခ ဖြစ်တာက ဘယ်လိုနေရာမှာ ဒုက္ခဖြစ်တုံး၊ အဲဒါ **'ကာယိကဒုက္ခ၊ စေတသိကဒုက္ခ'** နှစ်မျိုးရှိတယ်။ **'ဒုက္ခဝေဒနာ ခံစားတယ်'**၊ အဲဒါ **'ဝေဒနာနုပဿနာ'** ရှုရတယ်။ **'ဝေဒနာနုပဿနာ'** ရှုတဲ့အခါကျတော့ **'ဒုက္ခ'**ကဘယ်လိုဟာ၊ **'ဒုက္ခဝေဒနာ'**က ဘယ်လိုဟာ၊ ဒုက္ခဝေဒနာ ဖြစ်ပြီးတော့ ဒေါသတွေပေါက်ကွဲတာက ဒေါသတို့ ဣဿာတို့ မစ္ဆရိယတို့ ကုက္ကုစ္စတို့က အဲဒါ **'ဒုက္ခတွေနဲ့ယှဉ်တဲ့တရားတွေ'** တဲ့၊ **'ဒုက္ခနဲ့ ယှဉ်တဲ့တရားတွေ'** က ဘာတွေတုံး (ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စပါဘုရား)။ အဲ ဣဿာက ပြူစူရင်လည်း သူ ဒုက္ခဝေဒနာဖြစ်တယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ မစ္ဆရိယ ဝန်တိုရင်လည်း သူ့မှာဒုက္ခ ဖြစ်တယ်။

ဟော မြတ်စွာဘုရားတို့ အရိယာတို့ကျတော့ ဝန်လည်းမတိုဘူးတဲ့၊ မပြူစူလည်း မပြူစူဘူးဆိုတော့ ဣဿာလည်းမရှိဘူးတဲ့ ဟုတ်ရဲ့လား၊ အဲဒါ ဒေါသပေါက်ကွဲတာ၊ ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကွဲတယ်ဆို ဝုန်းဒိုင်းဆိုပြီးတော့ ထုထက်ပစ်လိုက်လို့ ဒေါသပေါက်ကွဲတာကတစ်မျိုး၊ ဝမ်းထဲကတင် ဒုက္ခဖြစ်နေတဲ့ဟာကတော့ ဗျာပါဒတို့ ဒေါသက ဖြစ်တဲ့ဟာ။ တနုံ့နုံ့ခံပြင်းနေတယ် သဘောမကျဘူး မကြိုက်ဘူးဆိုတာ အဲဒါဒုက္ခဝေဒနာရဲ့ သမ္ပယုတ်တရားတဲ့၊ သမ္ပယုတ်တရားကိုလည်း သမ္ပယုတ်တရားမှန်းသိရတယ်။

**'ဒုက္ခာယ** - ဒုက္ခဖြစ်သော၊ **ဝေဒနာယ-** ဝေဒနာနှင့်၊ **သမ္ပယုတ္တာ**- အညီအညွတ်၊ **ဧကုပ္ပါဒ-** အစရှိသောအားဖြင့်ယှဉ်ကုန်သော**'**။

**ဒုက္ခဝေဒနာက တစ်ခု** (ဒုက္ခဝေဒနာက တစ်ခု)၊ **ဒုက္ခဝေဒနာနှင့်တကွ ဖြစ်သောတရားက တစ်ခု** (ဒုက္ခဝေဒနာနှင့်တကွ ဖြစ်သောတရားကတစ်ခု)၊ အဲသလို နှစ်ခုမှတ်ထားရတယ်၊ **'ဒုက္ခာယ** - ဒုက္ခဖြစ်သော၊ **ဝေဒနာယ-** ဝေဒနာနှင့်**'**၊ အဲဒီဝေဒနာကတော့ ဝေဒနာက ဝေဒနာပဲ၊ ဒါပေမယ့် ဒုက္ခဖြစ်သောဆိုတာ **'သော'** ကတော့ ဝိသေသနရတယ်၊ ဒီဝေဒနာ ဘာပြုလို့ဖြစ်တုံးဆိုတော့ ဒုက္ခဖြစ်လို့ ဖြစ်တဲ့ ဝေဒနာ၊ ဒုက္ခက အထူးပြုတဲ့ **'ဝိသေသန'**၊ ဝေဒနာက **'ဝိသေသျ'** ခေါ်တယ်။ အထူးပြုအပ်တဲ့အရာဖြစ် သွားတယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။

**တကွဖြစ်ခြင်း၊ တကွချုပ်ခြင်း၊ အာရုံတူ၊ မှီရာတူ**

**'ဒုက္ခာယ** - ဒုက္ခဖြစ်သော၊ **ဝေဒနာယ** - ဝေဒနာနှင့်၊ **သမ္ပယုတ္တာ** - အညီအညွတ်၊ **ဧကုပ္ပါဒ** - အစရှိသောအားဖြင့် ယှဉ်ကုန်သော**'**။

သမ္ပယုတ္တတရားယှဉ်တယ်ဆိုလို့ရှိရင် **'ဧကုပ္ပါဒ-** တကွဖြစ်ခြင်း၊ **ဧကနိရောဓ -** တကွချုပ်ခြင်း၊ **ဧကာရမ္မဏ** - တူသောအာရုံ၊ **ဧကဝတ္ထုက** -တူသောမှီရာ**'**၊ အာရုံနဲ့လည်း အဲဒီဒုက္ခဝေဒနာဟာ သူ့ရဲ့ယှဉ်ဘက် သမ္ပယုတ်တရားနဲ့ တူရမယ်။ အထက်အရာရှိက ငေါက်လိုက်တယ်၊ စိတ်ဆိုးလိုက်တယ်ဆိုရင် ကိုယ့်ဟာလေး တစ်ခုတစ်ခု ပျောက်သွားတယ်၊ ဘာလုပ်လိုက်တယ်၊ မညီညွတ်ဘူးဆိုပါတော့ အဲသလိုဆို ဒုက္ခဖြစ်တယ်။

ဒုက္ခဖြစ်တယ်ဆိုတာ၊ ဒုက္ခဖြစ်တာက တစ်ခု၊ ဝေဒနာဖြစ်တာက တစ်ခု၊ ဝေဒနာနဲ့ယှဉ်တဲ့ ပြောတာ၊ ဆိုတာ၊ ပေါက်ကွဲတာက တစ်ခု၊ သုံးခုမှတ်ထား၊ ဒုက္ခကတစ်ခု၊ ဝေဒနာကတစ်ခု၊ အဲ ပေါက်ကွဲတာက တစ်ခု၊ အဲသလို သုံးခု၊ သုံးခုဆိုတော့ မပေါက်ကွဲတော့ဘူးတဲ့၊ ဟို ဘုရား ရဟန္တာတွေကျတော့ မပေါက် ကွဲတော့ဘူး၊ မပေါက်ကွဲတော့ဘူးဆိုလို့ရှိရင် ဒုက္ခ ဝေဒနာတွေ ခံစားနေရပေမယ့် သူ့မှာ အဲဒီ ဒုက္ခနဲ့ယှဉ်တဲ့တရားတွေ မရှိတော့ဘူး၊ အဲဒီလိုဆိုရင် အဲဒီဝေဒနာ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဒီတွင်ချုပ်သွားတယ်၊ သို့မို့ဆိုလို့ရှိရင် အဲဒီဒေါသနဲ့ယှဉ်တဲ့တရားက တစ်နေကုန် ခံပြင်းနေတော့တယ်။

**နဖူးစမ်းမိတိုင်း မဟောသဓာကို စိတ်ဆိုးနေတယ်**

ဟိုကေဝဋ္ဋပုဏ္ဏားကြီးလိုပေ့ါ၊ နဖူးစမ်းမိတိုင်း စမ်းမိတိုင်း မဟောသဓာကို စိတ်ဆိုးနေတယ်၊ နဖူးစမ်းမိတိုင်း စမ်းမိတိုင်း ဘာဖြစ်နေတုံး (မဟောသဓာကို စိတ်ဆိုးနေပါတယ်ဘုရား)။ မဟောသဓာက တစ်ခါတည်း ဂုတ်နှိမ်တဲ့ပြီးတော့၊ ဟို ခါးတောင်းကြိုက်ကြီးကိုဆွဲ၊ ခါးတောင်းကြိုက်ကြီးက အမြီးကိုဆွဲပြီးတော့၊ ဂုတ်နှိမ်ထားပြီး 'ဟာ သားလောက်ရှိတဲ့ ကလေးတွေကို ရှိမခိုးပါနဲ့တဲ့'၊ ဘာပြုလို့လဲဆိုတော့ ရှိခိုးရင်အရှုံးကိုး၊ သူတို့မေးကြ ဆိုကြတယ်၊ ဘယ်သူကနိုင်တယ်၊ ဘယ်သူကရှုံးတယ်ကိုး၊ အဲ--- ရှုံးလိုက်လို့ရှိရင် ရှုံးတဲ့လူက ရှိခိုးရမှာ။

ဒီတော့ ပြဿနာကမမေးရသေးဘူး၊ ပညာရှိချင်းကိုး၊ ပညာရှိချင်း ဘယ်သူကမှန်တယ်၊ ဘယ်သူကမှားတယ်ဆိုတာ ဒီလိုမမေးရသေးဘူး၊ တစ်ခါတည်း ဝိဒေဟရာဇ်မင်းကြီးက မေးတယ်၊ 'မဟောသဓာ ဘာလိုတုံး'၊ 'ဟာ ကျွန်တော်မျိုး ပြည်တန်ပတ္တမြားလိုပါတယ်'။ 'အဲလိုရင် ယူသွား ယူသွား' အဲ သူက လွှတ်လိုက်တယ်၊ သူက အေးပြီးရောကိုး၊ လွှတ်လိုက်တော့ တစ်ခါတည်း ပတ္တမြားကြီးယူလာ၊ ဧည့်သည်လာလို့ရှိရင် အိမ်သည်က လက်ဆောင်လေး ဘာလေးပေးရင် ဟိုက အလွန်လိုချင်တယ် ပုဏ္ဏားကြီးက 'ဧည့်သည်လာလို့ရှိရင် တစ်ခါတည်း အိမ်သည်ကလက်ဆောင်တွေ ဘာတွေပေးရတာ၊ အခု ကျုပ်ဧည့်သည်လာတယ်'။

အဲလို စကားခေါ်တော့ 'ဟာ ရပါတယ် ရပါတယ် ဟောဒီမှာ ဟောဒီမှာ ကြည့်ပါ' ဆိုတော့ ပတ္တမြားကြီးက နီရဲနေတာကိုး၊ အလွန်လှတာကိုး၊ 'ကဲ ကဲ လက်ဝါးခံ လက်ဝါးခံ' ဆိုတော့ လက်ဝါးခံလိုက်တယ်၊ တစ်ခါတည်း အဲဒီလက်ကြားထဲကနေ ပေါက်ချလိုက်တာ အဲဒီပတ္တမြားက မဟောသဓာခြေရင်းမှာလာကျတယ်။

ဒီတော့ သူ့တပည့်ကကောက်ထားပြီးတော့၊ အဲဒီအခါမှာ ကေဝဋ္ဋပုဏ္ဏားကြီးက အဲဒီပတ္တမြားကို လိုက်ကောက်တာ၊ လိုက်ကောက်တော့ မဟောသဓာခြေရင်း ရောက်သွားတာပေ့ါ၊ ဒီလိုကုလားထိုင်ကြီးနဲ့ ထိုင်တော့၊ ခြေရင်းရောက်သွားတော့ တစ်ခါတည်း အဲဒီ ဂုတ်နှိမ်တဲ့ပြီး မကောက်နိုင်အောင်ပေ့ါ၊ ခါးတောင်းကြိုက်ကြီးမြှောက်ပြီးတော့ ဂုတ်နှိမ်တဲ့၊ ပြီးတော့ အဲဒီနဖူးနဲ့မြေကြီးနဲ့ ပွတ်လိုက်တာ တစ်ခါတည်း သွေးတွေထွက် ပေါက်ပြဲနေတာပေ့ါ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပေါက်ပြသွားရင် အလွန်စပ်တဲ့ဟာကိုး။ ဒီတော့ တစ်ခါတည်း ဟို 'သားလောက်ရှိတဲ့ ကလေးလေးကို ရှိမခိုးပါနဲ့ ရှိမခိုးပါနဲ့' တဲ့။

'ဟော ကေဝဋ္ဋအမတ်ကြီးက ရှိခိုးနေတယ်၊ ရှိခိုးနေတယ်' လို့ ပရိတ်သတ်တွေ ကြားအောင်ပြောတယ်။ ဟို ကေဝဋ္ဋအမတ်ကြီးရဲ့ တပည့်တွေကလည်း 'ဒို့ဆရာကြီးက ဟိုမှာ ရှိခိုးနေတယ်' ရှုံးပြီဆိုပြီးတော့၊ 'ဟေ ပြေးကြစို့'ရဲ့ဆိုပြီး တစ်ခါတည်း ပြေးလိုက်တာ ဒီက မဟောသဓာပရိတ်သတ်တွေကလည်း အတင်းလိုက်တာကိုး။ 'ဟေး လိုက်ကြဟ လိုက်ကြဟ' ဆိုပြီး အပြေးလိုက်ကြတာကိုး ဒီအခါမှာမဟောသဓာက သူ့ကိုတစ်ခါတည်း မြှောက်ပစ်ချလိုက်တာကိုး၊ တစ်ခါတည်း **'တစ်ဥသဘာ'** လောက် ရောက်သွားတယ်တဲ့၊ တစ်ဥသဘာဆိုတာ နွားဝက်ချိန်းသံကြားတဲ့ နေရာမျိုး၊ ဒီကနွားဝက်ချိန်းသံဆို ဟိုကကြားတယ်၊ အဲ အဲလောက် ရောက်သွားတယ်။

ဒီတော့မှ သူ့ပရိတ်သတ်နောက်ကိုလိုက်ပြီး 'မဟုတ်ဘူး၊ မဟုတ်ဘူး မဟောသဓာက လိမ်တာ' ဒီလိုပြောပေမယ့် မရဘူး၊ ဟိုကအတင်းပြေးတော့တာပဲ၊ ဒါနဲ့ အမတ်ကြီးရော့ ရော့လို့ဆိုပြီး မြင်းပေးလိုက်တဲ့အခါကျမှ တစ်ခါတည်း သူကမြင်းနဲ့စီးပြီးတော့ ဟို မှီလောက်တဲ့ နေရာကျမှ မဟောသဓာကမဟုတ်တာ ပြောလွှတ်လိုက်တာ၊ တကယ်မဟုတ်ဘူးတဲ့၊ ဒီက ငံ့တာ သူ့ရှေ့ကျသွားလို့ သူကဖိပြီးတော့ နဖူးနဲ့မြေကြီးနဲ့တိုက်တယ်တဲ့၊ ဒီတော့ ဝေးသွားပြီဆိုတော့လည်း ပြန်မလာနိုင်တော့ဘူး၊ အဲဒီတွင် တစ်ခါတည်း ဝိုင်းထားတဲ့ စစ်တပ်ကြီးက တစ်ခါတည်း ထွက်ပြေးရတာ လက်နက်တွေကောက်လို့ မဆုံးဘူးတဲ့။

တိုင်းပြည်မှာ ပညာရှိအလွန်လိုတယ်၊ ပြောတဲ့ဆိုတဲ့အခါမှာ ရဖို့ ပြုဖို့တွေ အဲ အဲလိုဟာ၊ ဟိုကဝိုင်းထားတာနဲ့ ကျုံးတွေမြောင်းတွေနဲ့ ဟို မိကျောင်းတွေလည်း လွှတ်ထားတာ၊ တက်မယ်ဆိုရင်လည်း မိကျောင်းတွေကကိုက်လို့မတက်နိုင်ဘူး။ တံတိုင်းကြီးကလည်း အကျယ်ကြီး၊ အကြီးကြီးလုပ်ထားပြီး တံတိုင်းပေါ်မှာရွှံ့တွေပုံပြီး စပါးတွေစိုက်ထားတယ်။ ကြာရိုးကြာစွယ်တွေကိုလည်း ဝါးလုံးကြီးနဲ့ရှည်ရှည်ကြီးထောင်ထားတယ်၊ ဟာ မြို့ထဲမှာ ပွဲတွေကလည်း တခြိမ့်ခြိမ့်နဲ့ပေါ့၊ သူက ဝိုင်းလို့မရဘူး၊ ဝိုင်းလို့မရတော့မှ တစ်ခါတည်းပညာရှိချင်း စကားပြောကြပါ၊ ဒီဘက်ကလည်း စားနပ်ရိက္ခာတွေ ကုန်နေပြီ၊ ဟိုဘက်လည်း မဝင်နိုင်ဘူး။

ဆင်းရဲတဲ့လူတွေ ထုတ်ထားတော့လည်း ချမ်းသာတဲ့လူတွေကို မြို့ရိုးအတွင်း သွင်းရတယ်။ ဆင်းရဲတဲ့လူတွေ မစားနိုင်တဲ့လူတွေ အဲဒီ မြို့အပြင်ဘက်ထုတ်ရတယ်။ ထုတ်တော့

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်မှာ သူ့လည်းမရှိ၊ ကိုယ့်လည်းမရှိ၊ သိမ်းစရာ အိမ်လည်းမရှိ၊ စားနပ်ရိက္ခာသိမ်းဖို့ဆိုတာလည်း မရှိဘဲကိုး၊ လူချမ်းသာတွေမရှိတော့ သူတို့မှာ စားစရာကမရှိဘူး။ အဲဒါနဲ့ ပညာရှိချင်း စကားပြောကြပါလို့ပြောတော့၊ မဟောသဓာက အဲသလို လုပ်လွှတ်တာနဲ့ ထွက်ပြေးရော၊ မရပြန်ဘူး။

ဝိဒေဟရာဇ် တိုင်းပြည်ကြီးကို ခြသေ့်စောင့်တဲ့ မြို့ကြီးနဲ့ တူသတဲ့၊ ပညာရှိတစ်ယောက်တည်းစောင့်တာ အပြင်ဘက်မယ် ဆင်းရဲတဲ့လူတွေကို ထုတ်ထားတယ်၊ တစ်နေ့လုပ်မှ တစ်နေ့စား။ ဒီတော့ အပြင်ဘက်က စစ်တပ်ကြီးက သူတို့ဆီ ယူလို့မရဘူး။ ဒီတော့ သူတို့မှာ စားစရာကမရှိဘူး။ 'သံ' ကလည်း အဆက်ကလည်း လိုက်ပြီးမပို့နိုင်ဘူး။ ကဲ ဝိုင်းထားတော့လည်း သူတို့မှာ စားနပ်ရိက္ခာကုန်၊ အဲဒီတော့ အဲဒီနဖူးစမ်းမိတိုင်း၊ စမ်းမိတိုင်း၊ မဟောသဓာကို စိတ်ဆိုးနေတယ်တဲ့။

**'ဒုက္ခာယ-** ဒုက္ခဖြစ်သော၊ **ဝေဒနာယ-** ဝေဒနာနှင့်၊ **သမ္ပယုတ္တာ-** အညီအညွတ်ယှဉ်ကုန်သော**'**။

အဲဒါ အရင်ရွတ်စဉ်နဲ့ အာရုံတူတယ်၊ အပြစ်တူတယ်၊ ဝတ္ထုတူတယ်၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ အာရုံတူတယ်၊ ဝတ္ထုတူတယ်၊ စိတ်ဆိုးတယ်၊ အဲ စိတ်ဆိုးတာက ဒုက္ခဝေဒနာ။

## ငါမရှိဘူး၊ စိတ်ဆိုးတာလည်း မရှိဘူးဆိုရင် အနာဂါမ်ဖြစ်တယ်

ဒုက္ခဝေဒနာက တစ်မျိုး၊ **'ကာယိကဒုက္ခ၊ စေတသိကဒုက္ခ'၊** ဆူးနဲ့ထိုးမိမယ်၊ တုတ်နဲ့ထိုးမိမယ်ဆိုလို့ရှိရင် နာတဲ့ဟာက အဲဒါ **'ကာယိကဒုက္ခ'** ခေါ်တယ်။ စိတ်ထဲက စိတ်ဆိုးနေတာက **'စေတသိကဒုက္ခ'** ခေါ်တယ်။

ဆူးကြောင့်ထိုးမိတာက ဘာဒုက္ခတုံး (ကာယိကဒုက္ခပါဘုရား)။

စိတ်ထဲဆိုးနေတာက ဘာဒုက္ခတုံး (စေတသိကဒုက္ခပါဘုရား)။

အဲ အဲလိုကွဲရတယ်၊ မကွဲလို့ရှိရင် **'ငါ'** စိတ်ဆိုးတယ်နဲ့ ဖြစ်တာပဲ၊ စိတ်ဆိုးတာတောင်မှ **'ငါ'** ဖြစ်သွားတယ်၊ အဲ **'ငါ'** မရှိဘူး၊ စိတ်ဆိုးတာလည်း မရှိဘူးဆိုရင် အနာဂါမ်ဖြစ်တယ်။ အဲ အဲဒါပထမတန်းကောင်းတဲ့တရား ကို ဟောလို့၊ ဒါ အဘိဓမ္မာတရား၊ ပရမတ္ထတရားခေါ်တယ်။ **'ဒုက္ခနဲ့၊ ဒုက္ခနဲ့ယှဉ်တဲ့တရား'** သိပြီလား (မှန်ပ့ါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည် ရှိကုန်၏**

အဲ ဒုက္ခဝေဒနာ၊ ဒုက္ခဝေဒနာက ခံစားတာနော်။

**'ဒုက္ခာယ**- ဒုက္ခဖြစ်သော၊ **ဝေဒနာယ-**ဝေဒနာနှင့်၊ **သမ္ပယုတ္တာ-** အညီအညွတ်ယှဉ်ကုန်သော**'**။

**'ဓမ္မာ နိဿတ္တ နိဇ္ဇီဝ သဘာဝါ -** သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်ကုန်သော သဘောတရားတို့သည်၊ **သံဝိဇ္ဇန္တိ-** ရှိကုန်၏**'**။

**ငါခံစားတယ် – မဆိုနဲ့**

အဲဒါ သတ္တမဟုတ်ဘူးတဲ့၊ ဘုရားဟောတာက သတ္တဝါဟုတ်ရဲ့လား (မဟုတ်ပါဘူးဘုရား)။ ဒကာကြီးတို့ကရော ဟုတ်သလား မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ ဟို အဲဒီ **'ဝေဒနာ'** ခံစားတာလေ၊ **'ငါ'** ခံစားတယ် မဆိုဘူးလား (ဆိုပါတယ်ဘုရား)။ အဲ အဲဒါ သတ္တဝါဖြစ်သွားတယ်။ **'ငါ'**ခံစားတယ်မဆိုနဲ့ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ ဒုက္ခဖြစ်သလိုပဲ သုခလည်း ဒီလိုပဲ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ **'သုခ'**က တစ်မျိုး၊ **'သောမနဿ'**က တစ်မျိုး၊ ဟုတ်ရဲ့လား၊ (တင်ပ့ါဘုရား)။ **'ဒုက္ခ'**က တစ်မျိုး၊ **'ဒေါမနဿ'**က ဝေဒနာ၊ **'ဒုက္ခ'**က ကာယိက၊ ဒုက္ခကဘာတုံး (ကာယိကပါဘုရား)။

**'ကိုယ်'** ၌ဖြစ်တာကဒုက္ခ--- **'ကာယိကဒုက္ခ'**

**'စိတ်'** ၌ဖြစ်တာက ဒေါမနဿ--- **'စေတသိကဒုက္ခ'**

ကွဲပြီလား၊ လမ်းကြောင်းသွားတော့ မမောဘူးလား (မောပါတယ်ဘုရား)။ ကားပျက်တဲ့အခါ ဘီးပေါက်သွားတဲ့အခါကျတော့ စိတ်မဆင်းရဲဘူးလား (ဆင်းရဲပါတယ်ဘုရား)။ အဲ အဲလိုပေါ့။

**'စိတ်ဆင်းရဲတာက ဒေါမနဿ'**၊ **'ကိုယ်ဆင်းရဲတာက ဒုက္ခ'**၊ အဲ အဲလိုမှတ်မှ ဒုက္ခမှန်း၊ သုခမှန်းသိတယ်၊ သုခမပြောဘူး၊ သုခကလည်း ဒီလိုပဲ၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။

ကဲ တော်ကြအုံးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " တဏှာမှထွက်မြောက် နိဗ္ဗာန်ရောက် တရားတော် "

၉. ၁၂. ၂၀၀၆

## နိဗ္ဗာန်ဆိုတာ– ဝါနတော နိက္ခန္တတ္တာနိဗ္ဗာနံ

'နိဗ္ဗာန်ကို ရ ရပါလို၏အရှင်ဘုရားလို့' ဟို ဩကာသကန်တော့ချိုးမှာ မဆိုဘူးလား (ဆိုပါတယ်ဘုရား)။ နိဗ္ဗာန်ဆိုတာ **'ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ'**၊ ဟို **'တဏှာမှ ထွက်မြောက်တာ နိဗ္ဗာန်'** ပဲ၊ တဏှာဆိုတာ မျက်စိကလည်း ဖြစ်တတ်တယ်၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ **'နိဗ္ဗာနံ**- နိဗ္ဗာန်ကို ရပါလို၏အရှင်ဘုရား' လို့ သူတို့ကန်တော့တယ် မဟုတ်လား (ကန်တော့ပါတယ်ဘုရား)။ ဘယ်နေရာဖြစ်ဖြစ် ကန်တော့နေကြတာပဲ၊ နိဗ္ဗာန်ကို ရပါလို၏အရှင်ဘုရားတဲ့၊ ရပါလို၏သာဆိုတယ် သူတို့ကမကြံကမကြံဘူး၊ ဘယ်လိုလို့လဲ မသိဘူး။ ဒါကြောင့် နိဗ္ဗာန်ဆိုတာ **'ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ'**။

## တဏှာဆိုတာ သံသိဗ္ဗတိ ဝိနန္ဓတိ

**'ဝါနတော-တဏှာမှ'**၊ **'တဏှာ'**ဆိုတာ **'သံသိဗ္ဗတိ ဝိနန္ဓတိ'**၊ **'သံသိဗ္ဗတိ-** ချုပ်စပ်တတ်၏၊ **ဝိနန္ဓတိ**-ဖာထေးတတ်၏'၊ 'အတိတ်ဘဝနဲ့ ပစ္စုပ္ပန်ဘဝ၊ ပစ္စုပ္ပန်ဘဝနဲ့ အနာဂတ်ဘဝကို၊ အပ်ချုပ်သမားကဲ့သို့ ချုပ်တတ်၊ စပ်တတ်၊ ဖာတတ်ထေးတတ်သော သဘ္တိကြောင့်၊ ဝါနဟု ဆိုအပ်သော တဏှာမှ'၊ **'တဏှာ'**ဆိုတာ ဟို အပ်ချုပ်သမားလိုပဲတဲ့။ ဒီလိုဟာနဲ့ စပ်ဖာသလိုပဲ၊ ဒီဘဝနဲ့ ဟိုဘဝ၊ ဟိုဘဝနဲ့ ဒီဘဝကို အဲလိုချုပ်တတ် စပ်တတ်သောကြောင့် အဲလိုအပ်ချုပ်သမားလို ချုပ်တတ် စပ်တတ်လို့ သူ့ကို **'ဝါန'**လို့ခေါ်တယ်။ **'သံသိဗ္ဗတိ၊ ဝိနန္ဓတိ'**၊ **'သံသိဗ္ဗတိ-** ချုပ်စပ်တတ်၏၊ **ဝိနန္ဓတိ**-ဖာထေးတတ်၏'၊ **'ဣတိတသ္မာ**- ထို့ကြောင့်၊ **ဝါနံ**- ဝါနမည်၏'။ အဲ **'တဏှာ'**ဟာ ဝါနခေါ်တယ်။ **'မချုပ်စပ်ချင်'**လို့ရှိရင် အဲဒီ ဝါနကို၊ တဏှာကို ရှောင်လိုက်၊ **'ချုပ်စပ်ချင်'** ရင်တော့ တဏှာမရှောင်နဲ့ပေ့ါ။ တဏှာက **'ပစ္စုပ္ပန်ဘဝနှင့် အနာဂတ်ဘဝ'**၊ **'အတိတ်ဘဝနှင့်ပစ္စုပ္ပန်ဘဝ'**၊ ဘဝတွေကို ချုပ်တတ်စပ်တတ်ဖာတတ်ထေးတတ်သောကြောင့် သူ့ကို **'ဝါန'**လို့ ခေါ်တယ်။ ဝါနဟုဆိုအပ်သောတဏှာမှ၊ **'ဝါနတော နိက္ခန္တတ္တာ နိဗ္ဗာနံ'**၊ **'ဝါနတော**-တဏှာမှ၊ **နိက္ခန္တတ္တာ**-ထွက်မြောက်သည်၏အဖြစ်ကြောင့်၊ **နိဗ္ဗာနံ**- နိဗ္ဗာန်မည်၏'။

## လူဟု မယူ၊ နာမ်ရုပ် ယူ

ဒီ **'တဏှာ'**မှ ထွက်မြောက်တယ်ဆိုတာလည်း တခြားမှမဟုတ်ဘဲနဲ့၊ ဟို **'လူတွေ'**ကို **'စိတ်ကရှောင်'**လိုက်ရတယ်၊ လူမရှိဘူးဆိုတာ၊ ဟုတ်ရဲ့မဟုတ်လား (တင်ပ့ါဘုရား)။ လူလိုချင်တာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား (တင်ပါ့ဘုရား)။ တဏှာဆိုတာ လူလိုချင်တာ၊ အဲဒီတဏှာကို ရှောင်လိုက်ရင် ဒါ နိဗ္ဗာန်ရောက်သွားတာပဲ၊ မဟုတ်ဘူးလား (တင်ပါ့ဘုရား)။ လူတွေရှိနေလို့။

**လူဟုမယူ နာမ်ရုပ်ယူ ထိုသူဥပါဒါန်ကင်းသတည်း။**

**ဥပါဒါန်ကင်း ကံတွေကင်း ဇာတိ စသည်ပါကင်းသတည်း။**

သူက 'ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ'ဆိုတာ အဲ ကာယကံတွေလည်းကင်းတယ်။ အဲဒီ **'လူဟုမယူနာမ်ရုပ်ယူ'** လိုက်တာနဲ့ပဲ။

**လူဟုမယူ နာမ်ရုပ်ယူ ထိုသူ ဥပါဒါန်ကင်းသတည်း။**

**ဥပါဒါန်ကင်း ကံတွေကင်း ဇာတိ စသည်ပါကင်းသတည်း။**

ဟိုက 'ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ၊ ခပ်သိမ်းသောအပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ'၊ ဟို **'မနောကံ'**ထဲမှာ အဘိဇ္ဈာတွေ မရှိဘူးလား (ရှိပါတယ်ဘုရား)။ အဘိဇ္ဈာတို့၊ ဗျာပါဒတို့၊ မိစ္ဆာဒိဋ္ဌိတို့က အဲဒါ လူကလာတာ၊ ဘယ်ကလာတုံး (လူကလာတာပါဘုရား)။ အဲ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိက လူကလာတာပေါ့၊ ဟော **'လူဟုမယူ နာမ်ရုပ်ယူ'** လိုက်တော့ ရှိသေးသလား (မရှိတော့ပါဘုရား)။ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သဗ္ဗဒေါသ ခပ်သိမ်းသော အပြစ်တို့ကို ပျောက်ပါစေခြင်းအကျိုးငှာ၊ ပြီးတော့မှ ဘုရားရတနာ၊ တရားရတနာ၊ အဲဒီ **'လူဟုမယူတဲ့ဟာက တရားရတနာ'** ပဲ၊ အဲဒီ တရားရတနာကို ဆည်းကပ်လိုက်တော့ **'လူဟုမယူ'** တော့ဘူး၊ **'နာမ်ရုပ်'** ပဲယူတော့တယ်။

## မနောသုစရိုက် ဖြစ်တော့ နိဗ္ဗာန်ရောက်သွားတယ်

အဲဒီ **'နာမ်ရုပ်'** ပဲယူတော့ ကာယကံ၊ ဝစီကံ၊ မနောကံဆိုတာက **'ဥပါဒါနပစ္စယာ ကမ္မဘဝေါ'** ဆိုစမ်း (ဥပါဒါနပစ္စယာ ကမ္မဘဝေါ)၊ ဥပါဒါန်ကြောင့် ကံဖြစ်တာ၊ လူဟု ယူထားတာ ဥပါဒါန်ပေါ့၊ ဒိဋ္ဌိပေါ့၊ မိစ္ဆာဒိဋ္ဌိပေါ့၊ **'အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ'**၊ အဲဒါ **'မနောဒုစရိုက်'**၊ အဲဒါဘာတုံး (မနောဒုစရိုက်ပါဘုရား)။ အဲဒီ မနောဒုစရိုက်က မကင်းနိုင်ဘူး။ **'အနဘိဇ္ဈာအဗျာပါဒ သမ္မာဒိဋ္ဌိ'**၊ အဲဒါက **'မနော သုစရိုက်'**၊ **'လူဟုမယူရင်'** အနဘိဇ္ဈာဖြစ်သွားတာပဲ၊ သမ္မာဒိဋ္ဌိလည်း ဖြစ်သွားတာပဲ၊ ဒီတော့ကော **'မနောသုစရိုက်'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ အဲ **'မနောသုစရိုက်'** ဖြစ်တော့ **'နိဗ္ဗာန်'** ရောက်သွားတယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ ကဲ --- တော်ကြအံ့တို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



## " အဝိဇ္ဇာကင်း နိဗ္ဗာန်ချဉ်း တရားတော်"

၁၀. ၁၂. ၂၀၀၆

### ရာဂကင်းတယ်ဆိုတာ ရာဂဖြစ်စရာ စိတ်မကူးတာ

**'ဝီတရာဂေါ -** ရာဂကင်းတယ်' ဆိုတာ သိရဲ့လား။ ရာဂဖြစ်စရာ အကြောင်းမရှိလို့ ရာဂကင်းတာပေ့ါ၊ **'ဝီတရာဂေါ'**၊ ရာဂကင်းတယ်ဆိုတာ ရာဂဖြစ်စရာ စိတ်မကူးတာ အဲဒီစိတ် မရှိတာပေ့ါ၊ ဒါကို **'ဝီတရာဂေါ'** လို့ ခေါ်တယ်။ တောထဲသွားလည်း **'ဝီတရာဂေါ'** ၊ မြို့ထဲသွား လည်း **'ဝီတရာဂေါ'**၊ ဝီတရာဂေါ ရာဂကင်းလို့ရှိရင်၊ **'အဘီရု'** မကြောက်ဘူးတဲ့၊ မလန့်ဘူးတဲ့၊ အောင်မယ်လေး လန့်လိုက်တာနဲ့ ခွေးနောက်ကလိုက်လာ မလန့်ဘူးလား (လန့်ပါတယ်ဘုရား)။

### ရာဂကင်းတယ်ဆိုတော့ သတ္တဝါလည်းမရှိဘူး၊ လူလည်းမရှိဘူး

**'ဝီတရာဂေါ၊ ဝီတဒေါသော၊ ဝီတမောဟော'၊** မောဟောက သတ္တဝါရှိတယ်။ ခွေးလိုက် လာလည်းပဲ လန့်လိုက်တာပဲ၊ ကျားလိုက်လာတာလည်းပဲ လန့်လိုက်တာပဲ၊ မလန့်ဘဲနေပ့ါမလား ဘုရာ့နဲ့ ပြောလိမ့်မယ်၊ ဟို သူ့မှာ **'ရာဂ'** ကင်းတယ်ဆိုတော့ သတ္တဝါလည်း မရှိဘူး၊ လူလည်း မရှိဘူး၊ ကိုယ့်ကိုယ်ကြီးလည်း မရှိတော့ဘူးလေ၊ **'ဝေဒနာ'** ရှိတယ်ပေ့ါ၊ **'သညာ'** ရှိ တယ်၊ **'ရုပ်'** ရှိတယ်၊ **'ဝိညာဏ်'** ရှိတယ်၊ မြင်တာတွေ ကြားတာတွေက ဝိညာဏ်၊ ဝိညာဏ်ရှိတယ်၊ ဝေဒနာ ရှိတယ်ပေ့ါ၊ သညာရှိတယ်၊ အဲဒီဝေဒနာသညာတွေက ဟို မြတ်စွာဘုရားကျတော့ ဘာမှ မဟုတ်တော့ဘူး။

### လူမရှိရင်လည်း ငါမရှိတော့ဘူး

အဲဒါ **'ရုပ်တွေ'** ရှိတယ်။ **'ရုပ်တွေ'** ကလည်း အူတွေ၊ အဆုတ်တွေကိုး။ အူတွေ၊ အဆုတ်တွေ၊ အသားတွေ၊ အရေတွေ၊ မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ ရာဂ ဒေါသ ရှိတဲ့လူကျတော့ သူ့ကိုအမွှန်းတင်ရတယ်၊ ချောအောင်၊ လှအောင်၊ မဟုတ်ဘူးလား (တင်ပ့ါ ဘုရား)။ သူ့ကျတော့ **'ဤဟာရုပ်'**၊ ကိုင်း ဘယ့်နှယ်လုပ်ပ့ါမလဲ **'ရုပ်ကြီး'** သနပ်ခါးမလိမ်းချင်ဘူး၊ အဲဒါ **'ငါ'**မရှိလို့၊ **'လူ'** မရှိရင်လည်း **'ငါ'** မရှိတော့ဘူး၊ လူရှိတော့ ငါရှိတယ်၊ အဲလိုပေ့ါ၊ ဒါက တော်တော်စိတ်ရင့်မှ မရှိတာ၊ သို့မို့ **'ငါမရှိဘူး'**ဆိုရင် မကြိုက်ဘူး၊ **'ငါရှိတယ်'** ဆိုမှ ကြိုက်တယ်၊ **'ငါ'** ဆိုတာလည်း လူတို့ ယောကျ်ားတို့ မိန်းမတို့ သတ္တဝါတို့ အဲ သူဟောတဲ့တရားထဲမှာလည်း သတ္တဝါဆိုတာက မပါဘူး၊ သုတ္တန်ထဲကျတော့ ထည့်ထည့်ပြောရတယ်၊ အဲ သူ့ဇာတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေပေါ့၊ သူ အတိတ်ဘဝတုန်းက ဖြည့်ခဲ့တဲ့ ပါရမီတွေ ပြောရတယ်၊ ဒါမှလည်း နည်းနည်း မြိုင်ဆိုင်သွားတယ်၊ ခုနတုန်းက ဝတ္ထုကြောင်းလေး ပြောလိုက်တော့ ရီလာတယ်ပေါ့၊ အဲလို။

**ဤဟာ ဝိညာဏ်၊ ဤဟာ ဝိညာဏ်ဖြစ်ကြောင်း**

ဤဟာ ဝိညာဏ်၊ ကြားတာက ဝိညာဏ်၊ ဝိညာဏ်ဖြစ်ကြောင်းကျတော့ နားနဲ့အသံ။ နားနဲ့အသံက - ကြားကြောင်း၊ နားနဲ့အသံကဘာတုံး (ကြားကြောင်းပါဘုရား)။ အဆင်းနဲ့မျက်စိ- **'မြင်ကြောင်း'**၊ အနံ့နဲ့နှာခေါင်း - **'နံကြောင်း'**၊ လျှာနဲ့အရသာ - **'စားကြောင်း'**၊ နံတာက **'ဝိညာဏ်'**၊ အနံ့နဲ့နှာခေါင်းက **'ရုပ်'**၊ စားတာက **'ဝိညာဏ်'**၊ လျှာနဲ့အရသာက **'ရုပ်'**၊ ဤဟာရုပ်၊ လျှာကို ရုပ်မှန်းသိတာကိုး။ ခုတော့ လျှာကို ရုပ်လို့လည်းမသိဘူး၊ အစားပဲ၊ အစာဆိုတော့၊ အစာမရှိရင် လည်းသေမှာကိုး။ ဒီတော့ငန်းငန်းတက်၊ ငန်းငန်းတက်ဆိုတာစားချင်တယ်၊ ဆာတယ်၊ အဲသလို။

**မောဟက အဝိဇ္ဇာခေါ်တာပေါ့**

**'ဝီတရာဂေါ၊ ဝီတဒေါသော၊ ဝီတမောဟော'**၊ အဲဒီ **'မောဟော'** က အရေးကြီးတယ်။ မောဟောက လူတွေ၊ သတ္တဝါတွေ ဖြစ်တာ၊ **'မောဟ'** က **'အဝိဇ္ဇာ'** ခေါ်တာပေါ့၊ **'အဝိဒိတံ'** မသိအပ်တဲ့ဟာတွေကို အဲဒီစိတ်က သိတယ်၊ မိန်းမတွေ၊ ယောက်ျားတွေ **'ရာဂ'** ဖြစ်ဖို့သိတယ်၊ **'ဒေါသ'** ဖြစ်ဖို့သိတယ်၊ **'မောဟ'** ဖြစ်ဖို့သိတယ်။ **'အဝီတ ရာဂေါ၊ အဝီတ ဒေါသော၊ အဝီတ မောဟော၊ အဘီရု၊ အဆမ္ဘီ'**၊ မကြောက်ဘူး၊ မလန့်ဘူး၊ ကိုယ်ခက်ထရော်မရှိဘူး၊ ကြက်သီး မွေးညင်းမထဘူး၊ ခေါင်းကြီး ကြီးမလာဘူး၊ အဲဒီလို ကြောက်စရာကြီးနဲ့တွေ့ပေမယ်လို့ မကြောက်ဘူး။ ဆင်ကြီးတွေ ဆင်ကြီးတွေကလည်း သူတို့အချင်းချင်း ရန်ဖြစ်တာပဲ၊ မြွေကြီး တွေလည်း အချင်းချင်း ရန်ဖြစ်တာပဲ၊ ကိုက်ကြ သတ်ကြတာပဲ၊ တစ်ကောင်နဲ့ တစ်ကောင် မခံချင်ဘူး။ လူကြီးတွေလည်း သတ်ချင်၊ ဘာပြုလို့တုံးဆိုတော့ **'သတ္တဝါ'** ရှိနေတယ်။

အဲဒီသတ္တဝါထဲမှာ ခန္ဓာရှိတော့ ဝိညာဏက္ခန္ဓာ၊ ရုပ်ခန္ဓာ၊ ဤဟာရုပ်လို့ဆိုရတယ်၊ ကိုယ်ကောင်ကြီးရော၊ ခေါင်းကြီးရော၊ ခြေကြီးရော၊ လက်ကြီးရော ရုပ်၊ အဲဒါ **'သဏ္ဌာန်ရုပ်'** ခေါ်တယ်။ **'အနိမိတ္တ'**ဆိုတာ အဲဒီသဏ္ဌာန်မရှိအောင် ဉာဏ်ထုတ်ရတာ၊ သဏ္ဌာန်မရှိအောင် အနိမိတ္တဆိုတာက **'မြင်ကြားစသည့် ကြံသိသမျှ'**၊ ဟော မြင်တာတွေ ကြားတာတွေ၊ အနံ့ ကြားတာတွေ နိမိတ်မရှိဘူး၊ **'မြင်ကြားစသည့် ကြံသိသမျှ သင်္ခါရ'** - သင်္ခါရဆိုတာ ဟို ဝါးလုံးနှစ်ခု ပေါင်းလိုက်တော့ မြည်တာပေါ့၊ မြည်အောင်လုပ်ထားလိုက်တော့ မြည်တယ်။

www.burmeseclassic.com

www.burmeseclassic.com



### မြင်တာ ကြားတာတွေကို သင်္ခါရခေါ်တယ်

အဲ မြည်အောင်လုပ်ထားတာက **'သင်္ခါရ'** ခေါ်တယ်။ လုပ်ထားတာကို သင်္ခါရ၊ **'ကာယသင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ'** နဲ့ ရှိသေးတာ၊ အဲ လုပ်ထားလို့ မြည်တာ၊ အဲဒါ သင်္ခါရ၊ နားကလည်း ဒီလိုပဲ၊ မျက်စိကလည်း ဒီလိုပဲ၊ အဲ မြင်တာ ကြားတာတွေကို **'သင်္ခါရ'**လို့ ခေါ်တယ်။ **'မြင်ကြားစသည့် ကြံသိသမျှ သင်္ခါရက'**၊ 'တွေး'လိုက်တော့ 'ကြံ'သွားတာပေါ့၊ အသံ ရှိတော့ ကြားလာတာပေါ့၊ ဟော အသံမရှိတော့ ပျက်သွားတာပေါ့၊ ရှိတုန်းကို **'အတ္ထိပစ္စည်း'** ခေါ်တယ်။ **'နတ္ထိပစ္စယော'**ဆိုရင် မကြားတော့ဘူး။ **'အတ္ထိပစ္စယော'**ဆိုတာ အသံရှိတော့ ကြားတယ်။

### နားကကြားတယ်ဆိုရင် စိတ်ဆိုးသေးလား

ဟိုက **'နိဿယပစ္စယော'** လို့ဆိုတယ်။ နိဿယ၊ အတ္ထိ၊ ရှိလို့ ကြားတာ၊ နားရှိလို့သာ ကြားရတယ်ဆိုသလိုပဲ၊ နားကရှိနေတော့ ကြားရတယ်။ ကလေးတွေဆူလည်း ကြားနေရတာ၊ မကြားချင်လည်း ကြားနေရတာ၊ အဲ အဲဒါ **'အနတ္တ'**၊ မကြားချင်တာက **'ငါ'** ဖြစ်လို့ မကြားချင်တာ၊ **'ငါ'**မရှိတော့ သူ့ဟာသူ ကြားတယ်၊ အဲ အဲလိုဖြစ်သွားတယ်။ စိတ်ထဲမှာ စိတ်ထဲမှာ၊ **'နား'**က ကြားတယ်၊ အဲလို ဖြစ်သွားတော့ တရားဖြစ်သွားတယ်။ အခု ဒါကြောင့် နားက ကြားတယ်၊ **'ငါ'**က ကြားတယ်ဆိုရင် စိတ်ဆိုးတယ်။ **'ငါ'**ကကြားရင် ဘာတုံး (စိတ်ဆိုးတယ်)၊ **'နား'**ကကြားတယ်ဆိုရင် စိတ်ဆိုးသေးလား (မဆိုးပါဘူးဘုရား)။

အဲသလို စိတ်မဆိုးရင် ဒေါသရှိသလား (မရှိပါဘုရား)။ အဲဒါ **'ဝီတဒေါသော'** ခေါ်တယ်။ ဒေါသကင်းတာ၊ မြတ်စွာဘုရားတို့ကျတော့ သူ ဒီလိုလုပ်လို့ ကင်းသွားတာ၊ ကဲ မြတ်စွာဘုရား သူတောထဲနေတော့ ကြောက်သေးသလား (မကြောက်ပါဘူးဘုရား)။ မကြောက်ဘူး၊ တောထဲပဲ နေတာ၊ ဂိဇ္ဈကုဋ်တောင်ကြီးပေါ်၊ အမြင့်ကြီး တော်တော်တက်ရတယ်၊ ပြီးတော့ ချောက်ကြီးနဲ့၊ **'နား'**က ကြားတယ်၊ အဲလိုဆိုရတယ်။ **'ငါ'** ကြားတယ်၊ **'ငါ'** ကြားတယ်၊ ဒီလိုမဆိုရဘူး။ သူက **'နားလေး'** ပဲ၊ ဒီက **'အသံ'** ပဲထွက်တယ်။ ဒီက **'အသံ'**၊ **'နား'** နားဖြစ်အောင်လုပ်တာ၊ နားက လက်စွပ်ကွင်းကလေးလို၊ ဘေးက အမွေးလေးတွေပါတယ်။ အဲဒီအမွေးလေး တွေကို လေတိုးတော့၊ ဒီက ဟိုအသားလေးတွေကို ထိတယ်၊ အဲဒါ **'သောတပသာဒ'** နား အကြည်လေး ခေါ်တယ်။ အဲဒါလေးက 'ကြား'သွားတယ်။ အဲဒါလေးက ကြားအောင်လုပ်တာ၊ **'နား'**ကလေး လုပ်ထားတာကို သူက **'သင်္ခါရ'**လို့ ခေါ်တယ်။ အဲဒီလို **'နား'**ကလေး လုပ်ထားတာ မှန်းသိတော့ **'နား'**က ကြားတယ်၊ အဲဒီလိုဖြစ်သွားတယ်။ ဘယ်သူက ကြားတုံး (နားကကြားပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



## ရုပ်နာမ်က ကြားတယ်ဆိုတော့ ဒေါသ မထွက်ဘူး

အဲဒါကို **'ငါက'** ဆိုတော့ လူဖြစ်သွားတယ်။ **'အနတ္တ'** ဆိုတော့ **'လူ'**မဟုတ်ဘူး၊ **'နား'** **'ငါ'**မဟုတ်ဘူးဆိုတော့ **'လူ'**မဟုတ်ဘူး ပြောတာနဲ့ အတူတူပဲ၊ **'သင်္ခါရ'**က ဟုတ်တယ်၊ သူက **'ရုပ်'** ပဲ၊ **'နား'**ထဲမှာ လက်စွပ်ကွင်းလို အမွေးလေးတွေနဲ့ အဲ လေနဲ့ထိ သွားတယ်၊ **'တိဏ္ဏံ သင်္ဂတိ ဖဿော'** ဆိုတာဖြစ်သွားတယ်။ **'ဖဿပစ္စယာ ဝေဒနာ'** ဆိုတာ ဖြစ်သွားတယ်။ အဲဒီ ဝေဒနာတွေဖြစ်တော့ **'ခန္ဓာ'** ဆိုတာ **'စု'** သွားတယ်။ အဲဒီတော့ **'ရုပ်နာမ်'** က ကြားတယ်ဆိုတော့ သူက ဒေါသမထွက်ဘူး။ အဲဒါကြောင့် **'ဝီတဒေါသော'** လို့ ဒေါသမထွက်တော့ဘူး။

အိမ်ထဲတင် ဒေါသမထွက်တော့၊ အိမ်ထဲတင် ပျော်နေတာပေ့ါ။ ဒေါသထွက်တော့ ဟော အိမ်ကထွက်သွားရော၊ ကလေးတွေက ဆူပါတယ်ဟယ်ဆိုပြီး ထွက်သွား၊ ကလေး ဆိုတော့ ဆူမြဲဆူနေတာပဲ၊ သူတို့မှာ ငြိမ်နေလို့ မဖြစ်ဘူး၊ လှုပ်နေရတာ။ **'ဝီတဒေါသော'** ဟော သူက အဲလိုကြားတဲ့အခါ ဒေါသမရှိရင် ဟို **'ရာဂ'**ကလည်း မရှိဘူး၊ **'ရာဂ'**ကလည်း ဟို ဆန့်ကျင် ဘက်ရှိမှ မိန်းမတွေက ယောကျ်ားတွေလို့ နှလုံးမသွင်းရဘူး၊ မိန်းမတွေက ယောကျ်ားတွေလို့ နှလုံးသွင်းလိုက်ရင် ရာဂဖြစ်သွားတယ်။ ယောကျ်ားတွေကလည်း မိန်းမတွေလို့ နှလုံးသွင်း လိုက်ရင် ဟို **'ရာဂ'** ဖြစ်သွားတယ်။

## ဤဟာရုပ်လို့ ဆိုလိုက်လို့ရှိရင် ရာဂမရှိတော့ဘူး

အဲဒီရာဂက မိန်းမတွေက **'ဣတ္ထိဘာဝရုပ်'**၊ ယောကျ်ားတွေက **'ပုရိသ ဘာဝရုပ်'**၊ **'ဤဟာရုပ်'** လို့ ဆိုလိုက်လို့ရှိရင် ရာဂမရှိတော့ဘူး။ အဲဒါကြောင့် **'ဝီတရာဂေါ-**ရာဂကင်းတယ်**'**၊ ဝီတရာဂေါ-ရာဂကင်းတယ်ဆိုတော့ ဝေးဝေးနေနိုင်တာပေ့ါ၊ အင်း ရာဂမကင်းဘူးဆိုတော့ အတူ တူနေတာပေ့ါ၊ အဲ အဲလိုဟာမျိုး၊ **'ဝီတရာဂေါ'**ဆိုစမ်း (ဝီတရာဂေါ)၊ မြတ်စွာဘုရား ဝီတရာဂေါ ရာဂကင်းတယ်၊ ဘာပြုလို့ ရာဂကင်းလဲလို့ ဒကာကြီးတို့က မကြံဘူး။ မြတ်စွာဘုရားကျတော့ ဟို တောထွက်လာကတည်းက တစ်ခါတည်း နန်းတော်ကိုတစ်ခါမှ မအောက်မေ့တော့ဘူးတဲ့။

အဲ ဘုရားဖြစ်ချင်တဲ့စိတ်က၊ တောထွက်လာတယ်။ မြင်းကြီးစီးပြီးတော့ နန်းတော်ထဲက ထွက်လာတယ်။ ရဟန်းပြုတယ်၊ ခြောက်နှစ် ဒုက္ကရစရိယာကျင့်တယ်။ အဲဒါ ယသောရောတို့ ဘာတို့ကို သိပ်ကိုအမှတ်မရဘူးတဲ့။ ကိုင်း အဲသလို အဲသလို၊ ဒကာကြီးတို့ဆိုတာ ဟို မန္တလေး သွားလည်း အိမ်အမှတ်ရ၊ ဘယ်သွားလည်း အိမ်အမှတ်ရ၊ အဲဒါ ဘာပြုလို့တုံးဆိုတော့ **'နိက္ခမပါရမီ'** ခေါ်တယ်။ တစ်ခါတည်း ဇနက္ကမင်းကြီးဖြစ်တုန်းက တစ်ခါတည်း သိဝလိဒေဝီ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း မောင်နှမ တစ်ဝမ်းကွဲကိုး။ သီဝလိဒေဝီက အရိဋ္ဌဇနက္ကရဲ့သမီး၊ သူက ပေါလဇနက္ကရဲ့ သား၊ ဇနက္ကမင်းသား။ နောက်တော့ ဟို ဒကာမကြီးက လိုက်လိုက်လာတယ်၊ တောထွက်ပါ တယ်၊ ဟာ သူကလည်း ရှောင်ပြေးတယ်၊ အဲလိုဟာ၊ ဇနက္က တောထွက်ခန်းထဲမှာလေ။**'နိက္ခမ ပါရမီ'** အဲ မယားကကင်းတယ်၊ အလေ့အကျင့်တွေ ဖြစ်လာတယ်၊ ဘာပြုလို့ အဲဒီလို ဖြစ်တာတုံး ဆိုတော့ ပါရမီက အလေ့အကျင့် ဖြစ်သွားတယ်။ တကယ်လို့ဆို အစား ဆင်းရဲတယ်၊ အနေ ဆင်းရဲတယ်။ ဟိုကတော့ နန်းတော်ကတော့ အစားလည်း မဆင်းရဲဘူး၊ အနေလည်း မဆင်း ရဲဘူး။ ဒါပေမယ့် ဘုရားကဖြစ်ချင်တယ်။ ဒါကြောင့် အဲဒီ အနုအလှအပတွေ ကို အကြမ်းအတမ်း နဲ့ တစ်ခါတည်း လဲသွားရတာ၊ အဲဒီတော့ အမှတ်မရဘူး။

အဲဒါ အမှတ်မရတာကလည်း အဲဒီတုန်းကတည်းက **'သတ္တဝါ'** မရှိဘူး။ နောက်ပိုင်း ကျတော့ သူ ဗုဒ္ဓဂယာရောက်မှ အဲ ဒုက္ကရစရိယာကျင့်ပြီးလို့ အဲဒီ လဲပြီးတည်းက အင်း ဒီလို မဖြစ်သေးဘူး၊ ငါ့ထက်ကျင့်တဲ့ လူမရှိတော့ဘူး၊ ဒီဟာ အကျင့်ဆုံးပဲ သူမို့လို့ မသေတာကိုး၊ ဒို့ပြင် လူဆိုသေမှာပေါ့၊ ချက်နဲ့ နောက်ကျောနဲ့ အဲဒီကပ်နေတာပဲ၊ အဲဒါ ခြောက်နှစ်ကျင့်တယ်။ နောက် ရာဂ ဒေါသမကုန်ဘူးဆိုတာက လောဘရယ်၊ ဒိဋ္ဌိရယ်၊ မောဟရယ်၊ အဲဒါ **'အာသဝေါ တရား'** ခေါ်တယ်။ **'လောဘရယ် ဒိဋ္ဌိရယ် မောဟရယ်'**၊ အဲဒါ **'အာသဝ'** ခေါ်တယ်။ အဲဒါက ဗောဓိပင်ကျမှ ကုန်မှာကိုး၊ **'မောဟ'**ဆိုတာက အဝိဇ္ဇာ၊ ဟို **'အဝိဇ္ဇာပစ္စယာသင်္ခါရာ'** လို့ဆိုတာတွေ မသိဘူး။ ကျင့်တာပဲ၊ ကိလေသာ ကုန်လိမ့်မယ်။

ဒီလိုပဲ၊ ဒီခန္ဓာကိုယ်ကြီးမှာ ကိလေသာတွေ ရှိတယ်။ အဲဒီလို အားထုတ်လိုက်လို့ရှိရင် ကိလေသာတွေကုန်လိမ့်မယ်၊ ဒီလိုထင်တာ။ **'လူတွေ'** ရှိနေတော့ အဲဒီရာဂကရှိတာပေါ့၊ လူတွေရှိတာကိုး။ အဲဒီ **'လူတွေ'** ရှိတယ်လို့ထင်တာ **'မောဟ'**လို့ ခေါ်တယ်။ **'အဝိဇ္ဇာ'** ဖြစ်တယ်။ လူတွေပဲ အာရုံပြုတယ်၊ မိန်းကလေးတွေက ယောကျ်ားတွေ အာရုံပြုတယ်၊ အဲဒါမှ ရာဂက မကုန်ဘူး။ သူကကျင့်ပေမယ့် ရာဂကမကုန်ဘူး၊ **'အဝိဇ္ဇာ'**မရှိမှ ရာဂက ကုန်တယ်။ အဝိဇ္ဇာက လူဖြစ်နေတာ၊ ကိုယ့်ကိုယ်ကို လူမဖြစ်ရဘူး၊ မိန်းမလည်း မဖြစ် ရဘူး၊ ယောကျ်ားလည်း မဖြစ်ရဘူး၊ **'ရုပ်'** လို့ဖြစ်ရမှာ။

### ရုပ်အရိပ် နာမ်အရိပ် ကံအရိပ်

အဲ မြင်လို့ရှိရင် **'ဝိညာဏ်'**၊ ဟိုအပြင်ဘက်ဟာက **'အရိပ်'** - ရုပ်ရိပ်၊ အပြင်ကဟာတုံး (အရိပ်ပါဘုရား)။ ကင်မရာနဲ့ ဓာတ်ပုံရိုက်လိုက်တော့ ရုပ်အရိပ်ကြီး အထဲထဲ ဝင်မသွားဘူးလား

www.burmeseclassic.com

www.burmeseclassic.com



(ဝင်သွားပါတယ်ဘုရား)။ အဲ မီးနဲ့ထိုးလိုက်တော့ ရုပ်အရိပ်၊ မျက်စိမြင်တာ ဘာတုံး **'ရုပ်အရိပ်'**၊ လူကြီး၊ ယောက်ျားကြီး၊ မိန်းမကြီးလို့ မသိလိုက်ဘူးလား (သိလိုက်ပါတယ်ဘုရား)။ အဲဒါ **'နာမ်အရိပ်'၊** အဲဒါ ဘာအရိပ်တုံး (နာမ်အရိပ်ပါဘုရား)။ အဲ သိလိုက်တာ နာမ်အရိပ်၊ အဲ သူက ချောတယ်၊ လှတယ်၊ မချောဘူး၊ မလှဘူး၊ ဆင်းရဲတယ်ဆိုရင် ဘာအရိပ်တုံး - **'ကံအရိပ်'၊** ဘာအရိပ်တုံး (ကံအရိပ်ပါဘုရား)။

ဟိုသစ်ပင်ကြီးက အရိပ်ထွက်သလို၊ သစ်ပင်ကြီးကတော့ တစ်ရိပ်ထွက်တာ၊ သူကတော့ **'သုံးရိပ်'**ထွက်တယ်၊ ဘယ်နှစ်ရိပ် ထွက်တုံး (သုံးရိပ်ထွက်ပါတယ်ဘုရား)။ မျက်စိထဲဝင်တာက ရုပ်အရိပ်၊ တကယ့် ကျောင်းကြီး၊ ထရံကြီး မဟုတ်ဘူး။ ကျောင်းကြီး၊ ထရံကြီးရဲ့အရိပ်က မျက်စိထဲဝင်တာ မီးခြစ်ဆံခေါင်းလောက်ကလေးရှိတယ်။ အဲဒီမှာ ဇောက်ထိုးကလေးပဲ ထင်တယ်၊ နောက်ကျမှ တစ်ခါ - ရိပ်ထင်မှောင်ခန်း၊ အရိပ်ထင်တဲ့ မှောင်ခန်းထဲက ဟောဟို ဟောဟို အနက်ကြီး၊ အဲဒီအနက်ကြီးက ဟိုထဲကဟာတွေ မြင်ရတယ်။ ဟိုအနက်ကြီးထဲက မှန်ဘီဒိုကြီးက ဟောဟိုထဲဆို ဟိုဘုရားကြီးကို မြင်ရတယ်၊ အဲဒီ အမှောင်ခန်းကြီးပေါ့ နောက်စေ့ မှာပါတယ်၊ နောက်စေ့မှာပါတော့ လူကြီးထင်သွားတယ်၊ တကယ့်လူကြီး မှတ်သွားတယ်။

**'ဤဟာသညာ'**၊ လူကြီးမမှတ်ဘူးလား (မှတ်ပါတယ်ဘုရား)။ ကုလားထိုင်လို့ရော မမှတ်ဘူးလား (မှတ်ပါတယ်ဘုရား)။ **'သညာ'**လို့ မသိဘူး၊ **'ငါ'**လို့သိတော့ မှားသွားရော၊ ကုလားထိုင်လို့မှတ်တာ ဘာတုံး (သညာပါဘုရား)။ မြင်တယ် ဟော မြင်တာက **'ရုပ်အရိပ်'**၊ မြင်တာက ဘာတုံး (ရုပ်အရိပ်ပါဘုရား)။ ကုလားထိုင်လို့ မှတ်လိုက်တာက (သညာပါဘုရား)။ သညာက နာမ်မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ **'နာမ်ရိပ်'**၊ ကုလားထိုင်က ဘာတုံး၊ နာမ်ရိပ်။

အဖိုးများများပေးရတော့ မကောင်းဘူးလား (ကောင်းပါတယ်ဘုရား)။ အဖိုးနည်းနည်း ပေးတော့ ကောင်းသေးလား (မကောင်းပါဘူးဘုရား)။ အဲ **'ကံရိပ်'**၊ အဖိုးများများ ပေးနိုင်တာက ပိုက်ဆံရှိတာကိုး၊ အဲဒါ ကံရိပ်။ **'ရုပ်ရိပ်၊ နာမ်ရိပ်၊ ကံရိပ်ပေါ်လာ အဲဒါ ဘယ်မှာလဲ သတ္တဝါ'**၊ အဲ **'သတ္တဝါ'** မရှိတော့မှ မောဟ မရှိတော့ဘူး၊ **'မောဟ'** မရှိတော့ သတ္တဝါမရှိတော့ ရာဂက မျက်စိလည်သွားတယ်၊ **'ရာဂ'** က သတ္တဝါရှိမှ ဖြစ်တာကိုး။ ရာဂက သတ္တဝါရှိမှဖြစ်တာ။မောဟက တစ်ခါတည်း မရှိတော့ဘူးဆိုတော့၊ အဲဒီရာဂက မရှိနိုင်တော့ဘူး၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ ရိပ်မိရဲ့လား (ရိပ်မိပါပြီဘုရား)။ **'အရိပ်သုံးပါး နားမလည် ဂျီသူငယ် ကျားစာဖြစ်တယ်'**၊ ကျား ဆိုတာက လောဘ၊ ဒေါသ၊ မောဟတွေက ကျားရဲ့အစာတွေ။ လောဘ၊ ဒေါသ၊ မောဟ

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ ကျားအစာအဖြစ် မခံရဘူး။ **'ဝီတရာဂေါ'** ဟိုတုန်းကတည်းက ရာဂကို ဘယ်လိုကုန်အောင်လုပ်ရမယ်ဆိုတာ မသိဘူး၊ ဟာ မသိတော့ တောထဲထွက်လည်း ရာဂ အောက်မေ့တာကိုး။ သားတွေမြင်တာပေါ့၊ ဒီလို အရိပ်မှန်းမသိဘူး၊ မျက်စိက ထင်လိုက်တာပဲ၊ ဒကာကြီးတို့မျက်စိထဲ ဒီကုလားထိုင်ကြီး မထင်ဘူးလား(ထင်ပါတယ်ဘုရား)။ ထင်လို့ မြင်တာပေါ့၊ ဟိုက အကြည်မရှိရင် ထင်သေးသလား (မထင်တော့ပါဘူးဘုရား)။ အဲဒီ ကုလားထိုင်ကြီးလည်း ဟိုထဲဝင်သွားသလား (မဝင်ပါဘူးဘုရား)။ အရိပ်ပဲဝင်တယ်၊ ဟိုထဲ ဘာဝင်တုံး (အရိပ်ပဲဝင်ပါတယ်ဘုရား)။ **'အရိပ်'** ဘာပြုလို့ဝင်တုံးဆိုတော့ **'အလင်း'** ရှိလို့။

**'အရိပ်'** ဘာပြုလို့ဝင်တုံး (အလင်းရှိလို့ပါ ဘုရား)။ အလင်းရှိလို့ 'ချပ်' ဆို အခု မီးတွေလင်းလာတယ်၊ အခု ဓာတ်ပုံတွေက မဟုတ်ဘူးလား (တင်ပ့ါဘုရား)။ အဲ အဲဒါ သစ်ပင်ကြီး၊ နေက အရှေ့ကထွက်လာတော့ အနောက်ဘက်မှာ အရိပ်မထင်ဘူးလား (ထင်ပါတယ်ဘုရား)။ သစ်ပင်ရဲ့အရိပ်၊ သစ်ပင်ရဲ့အရိပ်က ဘယ်မှာထင်တုံး၊ မြေကြီးမှာ ထင်တယ်၊ သစ်ပင်ရဲ့အရိပ်က ဘယ်မှာထင်တုံး(မြေကြီးမှာထင်ပါတယ်ဘုရား)။ သစ်ပင်ကြီးကတော့ ဘယ်သူ့အရိပ်တုံးဆိုတော့ **'မျိုးစေ့ရဲ့အရိပ်'**၊ သစ်ပင်ကြီးက ဘယ်သူ့အရိပ်တုံး (မျိုးစေ့ရဲ့အရိပ်ပါဘုရား)။

**မောဟမရှိအောင် လုပ်တဲ့ဉာဏ်**

ဟော **'သရက်မျိုးစေ့'** ကြောင့် သရက်ပင်ကြီး ဖြစ်လာတယ်**။** သရက်မျိုးစေ့ကြောင့် ဘာဖြစ်တုံး (သရက်ပင်ကြီးဖြစ်လာပါတယ်ဘုရား)။ သရက်စေ့မရှိလို့ရှိရင် သရက်ပင် ပေါက်သေးသလား (မပေါက်ပါဘူးဘုရား)။ ဉာဏ် ဉာဏ်၊ အဲဒီဉာဏ်က **'မောဟ'** မရှိအောင်လုပ်တဲ့ဉာဏ်၊ **'ဉာဏ်'** ဆိုတာ ဘာလုပ်ရလဲ (မောဟမရှိအောင် လုပ်ရပါတယ်ဘုရား)။ သရက်စေ့ကြီးကော မြေကြီးပေါ် မစိုက်ဘူး၊ ကျောက်ခဲပေါ် စိုက်တယ်ဆိုရင် ရှင်သေးလား (မရှင်ပါဘူးဘုရား)။

အဲဒီသရက်စေ့လည်း ဘယ်သူ့အရိပ်တုံးဆိုတော့ **'ပထဝီ အာပေါ တေဇော ဝါယော'**၊ အဲဒီ မျိုးစေ့ကြီးက ဓာတ်လေးပါးကြောင့် မျိုးစေ့ကြီး ဖြစ်လာတယ်။ အဲဒီမျိုးစေ့က အာပေါများလို့ သရက်သီးကချိုတယ်။ အာပေါများလို့ သရက်သီးက ဘာဖြစ်တုံး (ချိုပါတယ်ဘုရား)။ **'အာပေါ'** များလို့ အဲဒီ သရက်ပင်လေးက အချိုပင်လေး ပေါက်လာပြီးတော့ မြေကြီးမှာ **'အရိပ်'** ထင်တယ်၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ ချိုတာဟာ ဘယ်သူ့အရိပ်တုံး **'အာပေါရဲ့အရိပ်'**၊ အာပေါဆိုတာ မြင်ရရဲ့လား (မမြင်ရပါဘူးဘုရား)။ အဲဒါ အရိပ်၊ **'ရုပ်ရိပ်'**၊ အာပေါဆိုတာက အစိုမဟုတ်လား၊ များရင်တော့ စည်းလို့ပဲ၊ များရင် ဘာလုပ်သလဲ (စည်းလို့ပါဘုရား)။ မျှလို့ ရှိရင်တော့ ဘာဖြစ်တုံး၊

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့လို့ ဖွဲ့စည်းတာ၊ သရက်စေ့ထဲမှာ အာပေါပါတယ်။ အဲဒီ အာပေါ အရိပ်၊ သရက်စေ့ကြီး ဖြစ်သွားတယ်တဲ့၊ အာပေါရိပ်က ဘာဖြစ်တုံး (သရက်စေ့ ဖြစ်သွားပါတယ်ဘုရား)။

**ဓာတ်ရိပ်**

အဲဒါ **'ဓာတ်ရိပ်'** မဟုတ်လား (တင်ပ့ါဘုရား)။ အဲဒီမြင်ရတဲ့ဟာက ဓာတ်ရိပ်၊ **'ဓာတ်'** ဆိုတာ မြဲသလား (မမြဲပါဘူးဘုရား)။ သရက်ပင်ကြီးက ဘာဓာတ်တုံး (အာပေါဓာတ်ပါ ဘုရား)။ အင်း ရှောက်ပင်ကြီး၊ သံပုရာပင်ကြီးတို့က **'တေဇောဓာတ်'**၊ ချဉ်လို့ရှိရင် တေဇောဓာတ်၊ ချဉ်လို့ရှိရင် ဘာဓာတ်တုံး (တေဇောဓာတ်ပါဘုရား)။ ခါးလို့ရှိရင် **'ဝါယောဓာတ်'**၊ ခါးလို့ရှိရင် ဘာဓာတ်တုံး (ဝါယောဓာတ်ပါဘုရား)။ ကြက်ဟင်းခါးသီးတွေ၊ မခါးဘူးလား (ခါးပါတယ်ဘုရား)။ အဲဒါ **'ဝါယောဓာတ်'**၊ ဝါယောဓာတ်ကနေ ဘာဖြစ်သွားတုံး၊ ကြက်ဟင်းခါးသီး ဖြစ်သွားတယ်။ ကြက်ဟင်းခါးသီးက ဘာဖြစ်တုံး၊ ကြက်ဟင်းခါးပင် ပေါက်သွားတယ်၊ ကြက်ဟင်းခါးပင်ပေါက်တော့ ဝယ်မချက်ဘူးလား (ချက်ပါတယ်ဘုရား)။ ချက်တော့ ဟို စားတော့ လူကြီးဖြစ်သွားတယ်။ အဲဒါ ကြက်ဟင်းခါးသီးဆိုတာက **'သညာ'**၊ ကြက်ဟင်းခါးသီးဆိုတာက ဘာတုံး (သညာပါဘုရား)။ ခါးတာက ဘာတုံး (ဝါယောဓာတ်ပါဘုရား)။ ကြက်ဟင်းခါးသီးဆိုတာက ဘာတုံး (သညာပါဘုရား)။ **'ဤဟာသညာ'**။

အဲဒီ **'ခန္ဓာတွေ'** ဖြစ်ပြီဆိုရင် အဝိဇ္ဇာတဏှာကြောင့်ဖြစ်တာ။ **'အရိပ်'**ကို အရိပ်မှန်း သိပြီလား (သိပါပြီဘုရား)။ ယောကျ်ားတွေဆိုတာ ဘာတုံး (အရိပ်ပါဘုရား)။ ချောတယ်၊ လှတယ်ဆိုတာ ဘာအရိပ်တုံး **'ကံရိပ်'**။ ချောတယ်၊ လှတယ်ဆိုတာ ဘာတုံး (ကံရိပ်ပါဘုရား)။ ယောကျ်ားတွေ၊ မိန်းမတွေဆိုတာ ဘာတွေတုံး (နာမ်ရိပ်ပါဘုရား)။ သညာရှိလို့ နာမ်ရိပ်၊ သူတို့ရဲ့ပုံကြီးက ရုပ်ရိပ်၊ **'သညာ'** က **'နာမ်ရိပ်'**၊ သညာက ဘာတုံး (နာမ်ရိပ်ပါဘုရား)။ ချောတယ်၊ လှတယ်က ဘာတုံး (ကံရိပ်ပါဘုရား)။ အဲ ကံရိပ်တဲ့ အဲလိုမှတ်ထား။

**သဗ္ဗေ သင်္ခါရာ အနိစ္စာ**

**'ရုပ်'** ဆိုတာအရိပ်၊ အရိပ်ပဲရှိတော့ **'အနိစ္စမိတ္တ'**၊ **'သင်္ခါရက အနိစ္စမိတ္တ'**၊ အဲလိုပဲ အရိပ် မရှိဘူးတဲ့၊ **'အနိစ္စမိတ္တ'** အကောင်အထည် ဆိုတဲ့ဟာ၊ အရိပ်နိမိတ်မရှိဘူး၊ ဟို ဖြစ်ပျက်နေတာ ရှိတယ်တဲ့၊ ဘာတဲ့တုံး (ဖြစ်ပျက်နေတာပဲရှိပါတယ်ဘုရား)။ ဒါကြောင့် **'သဗ္ဗေသင်္ခါရာ အနိစ္စာ'** လို့ဆိုတာ၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို အရင်းလိုက်တဲ့အခါမှာ အဲဒီတော့ အနိစ္စထဲမှာ လူတွေ ယောက်ျားတွေ ရှိသေးသလား (မရှိတော့ပါဘူးဘုရား)။ အဲဒါကို **'ဝီတမောဟော'**။ ယောက်ျားတွေ၊ မိန်းမတွေ မရှိတော့ ရန်ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)။ **'ဝီတဒေါသော'**။ ယောက်ျားတွေ၊ မိန်းမတွေမရှိတော့ ရာဂရှိသေးသလား (မရှိတော့ပါဘူးဘုရား)။ **'ဝီတရာဂေါ'**။ **'ဝီတရာဂေါ၊ ဝီတဒေါသော၊ ဝီတမောဟော၊ အဘီရု အဆမ္ဘီ အနုတြာသီ အပလာယီတိ'**။ အဲ **'အနုတြာသီ'** က မလန့်တာ ခေါ်တယ်။ ခွေးနောက်ကလိုက်လာရင် အောင်မယ်လေး လန့်လိုက်တာ၊ ကားကြီး က တိုက်မယ်လုပ်လည်း ဟယ် လန့်လိုက်တာ ကားကြီးက အနားရောက်လာရင် ဟယ် လန့်လိုက်တာ၊ အဲဒီလို လန့်သွားတယ်တဲ့၊ ဟုတ်ရဲ့လား (တင်ပ့ါဘုရား)။

**'ရာဂ၊ ဒေါသ၊ မောဟ'**၊ မရှိတော့ မလန့်ဘူး၊ မလန့်တော့ကော သေတော့ သူ့စိတ်ထဲမှာ ရာဂလည်းမရှိဘူး၊ ဒေါသလည်းမရှိဘူး၊ မောဟလည်းမရှိတော့ သေတော့ ဘယ်ရောက်သွားတုံး ဆိုတော့ ချုပ်သွားတယ်။ သေတော့ ဘယ်ရောက်သွားတုံး (ချုပ်သွားပါတယ်ဘုရား)။ ဘာပြုလို့ ချုပ်တုံးဆိုတော့ လောဘလည်းမရှိလို့။

**'ဝီတရာဂေါ ဝီတဒေါသော ဝီတမောဟော'**၊ အဲ **'ဝီတမောဟော'**က **'လူ'**မရှိအောင်၊ **'အရိပ်'**မရှိအောင် လုပ်ရတယ်နော်။ **'မြင်ကြားစသည့် ကြံသိသမျှ သင်္ခါရက အနိမိတ္တ၊ အနိစ္စကေန် ဒုက္ခမှန်သည် ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ'**။ ကဲ **'ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ'**တဲ့၊ သားကလေးဆိုရင် ဘာလေးတုံး **'ဝိညာဏ်'**၊ သားလေး ဆိုရင် ဘာလေးတုံး (ဝိညာဏ်ပါဘုရား)။ ဘာခန္ဓာတုံး **'သညာက္ခန္ဓာ'** (သညာက္ခန္ဓာပါဘုရား)။ အဲ သညာက္ခန္ဓာ၊ သညာက္ခန္ဓာကို သားလေးလို့ မခေါ်ဘူးလား (ခေါ်ပါတယ်ဘုရား)။ အဲဒါ ဘာရိပ်တုံး **'နာမ်ရိပ်'**၊ သားလေးက ပိုက်ဆံတွေမပေးဘူးလား (ပေးပါတယ်ဘုရား)။ ပေးတော့ သဘောမကျဘူးလား (သဘောကျ ပါတယ်ဘုရား)။ အဲဒါ **'ကံရိပ်'**၊ ဘာရိပ်တုံး (ကံရိပ်ပါဘုရား)။ သားလေးလို့ သိတာက **'နာမ်ရိပ်'**၊ သူ့မျက်ခွက်ကလေးထင်တာက **'ရုပ်ရိပ်'** မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)၊ အဲလို။

**'ဝီတရာဂေါ၊ ဝီတဒေါသော၊ ဝီတမောဟော၊ အဘီရု'**၊ **'အဘီရု'** ဆိုတာ မကြောက် တာကို ခေါ်တယ်။ ပရိသတ်ထဲသွားလည်း မကြောက်ဘူး၊ တောထဲသွားလည်း မကြောက်ဘူး၊ မီးပုံထဲဆင်းရင်ရော မကြောက်ဘူး။ မီးပုံက ဟိုကလည်း မီးပုံကြီး၊ ဒီကလည်း မီးပုံကြီး မဟုတ်ဘူးလား (ဟုတ်ပါတယ်ဘုရား)။ **'တေဇော'** မပါဘူးလား (ပါပါတယ်ဘုရား)။ ဟိုမီးပုံထဲ ရောက်သွားတော့ ဒီမီးပုံကြီး ဖြစ်သွားတာပဲ၊ နဂိုတည်းက မီးပုံကြီး မဟုတ်ဘူးလား (ဟုတ်ပါတယ် ဘုရား)။ မီးပုံအချင်းချင်း ကြောက်သေးလား (မကြောက်ပါဘူးဘုရား)။ အဲဒီလို ကိုယ်ကလည်း

www.burmeseclassic.com

www.burmeseclassic.com



မီးပုံဖြစ်အောင် လုပ်ရတယ်။ ကိုယ်ကလည်း သေနတ်ဖြစ်အောင်လုပ်ရတယ်။ ကိုယ်ကလည်း သေနတ်၊ ဟိုကလည်း သေနတ်ဆိုတော့ ဟော မကြောက်တော့ဘူး၊ မကြောက်အောင် စစ်သားတွေကျတော့ တစ်ခါတည်း ဝီရိယထားရတယ်၊ ချွေးထွက်များမှ သွေးထွက်နည်းမှာကိုး၊ ရင်ကော့ထားပြီး ဝီရိယရှိတော့ မကြောက်တော့ဘူး၊ ဟို သေမှာလည်း မကြောက်ဘူး၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ ငါ့တိုင်းပြည်အတွက်လို့ဆိုပြီး အဓိဋ္ဌာန်ပြုထားတော့ သေမှာလည်း မကြောက်တော့ဘူး၊ သေမှာ မကြောက်ပေမယ့် **'ငါ'**သေမှာလို့ဆိုရင်တော့၊ ဟိုတပ်ထဲက အမိန့်မပေးဘဲနဲ့ ဟိုတပ်ထဲက မထွက်ဘဲနဲ့ တချွေ့ဖြစ်နေတယ်။ ထမင်းတွေစားလိုက် ဂျောင်းဂျောင်း ဂျောင်းဂျောင်း လုပ်လိုက်နဲ့၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။

**သတ္တဝါရှိသေးရင် မောဟရှိတယ်**

အဲ အဲလိုသိမှ နိဗ္ဗာန်ရောက်တယ်။ အဲ စစ်သားလည်း အဲဒီ **'သတ္တဝါ'** မရှိဘူးဆိုတဲ့ အသိ သိထားရင် နိဗ္ဗာန်ရောက်တယ်၊ ဟုတ်ရဲ့လား (တင်ပ့ါဘုရား)။ **'သတ္တဝါ'** ရှိတယ်ဆို ရာဂ၊ ဒေါသမရှိဘူးလား (ရှိပါတယ်ဘုရား)။ အဲဒီတော့ **'ဝီတမောဟော'**၊ မောဟကင်းတယ် ဆိုတာ မောဟရှိရင် ဒို့ပြင်ဟာတွေဖြစ်တော့တာပေ့ါ၊ မောဟဆိုတော့ **'အဝိဇ္ဇာ'**ခေါ်တယ်။ **'အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော'**၊ အဲ **'သင်္ခါရ'** ချုပ်သွားတယ်။ **'အဝိဇ္ဇာ နိရောဓာ သင်္ခါရ နိရောဓော'** ဆိုတာ ကြားနေတယ်ဆိုရင် **'ဝီတမောဟော'**၊ ဝီတမောဟောနဲ့ အတူတူပဲ၊ မောဟက ဟို ဘယ်ကြည့်မတုံးဆိုရင် ကိုယ့်ဟာကိုယ်ကြည့်၊ ကိုယ့်ဟာကိုယ် ခေါင်းနားဖြစ်ဖြစ်၊ နှာခေါင်းနား ဖြစ်ဖြစ်ကြည့်၊ အဲ **'သတ္တဝါ'** ရှိသေးလို့ရှိရင် **'မောဟ'** ရှိတယ်၊ သတ္တဝါရှိရင် ဘာရှိတုံး (မောဟရှိတယ်)။ ဒါကြောင့်

**'အဝိဇ္ဇာရှိ လူတွေရှိ လှုပ်၏ စိတ်ထဲမှာ၊ အဝိဇ္ဇာမရှိ လူတွေမရှိ ငြိမ်း၏ စိတ်ထဲမှာ'**။

အဲလို ချပေးရတာက **'ဝီတမောဟော'** ဖြစ်အောင်လို့၊ မောဟကင်းအောင်လို့၊ မောဟကင်းရင်၊ အဝိဇ္ဇာကင်းရင်လည်း နိဗ္ဗာန်ပဲ။

**မောဟကင်းရင်၊ အဝိဇ္ဇာကင်းရင် နိဗ္ဗာန်ပဲ**

**'အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓော နိဗ္ဗာနံ'**၊ ဟော နိရောဓ ဖြစ်သွားရင် နိဗ္ဗာန်ဖြစ်သွားတယ်။ ဝမ်းထဲမှာ တစ်နာရီ လောက်ထိုင်နေ **'သတ္တဝါတွေ'**ရှိလား၊ ဟို ဖောင်းလိုက်၊ ပိန်လိုက်လုပ်နေပေမယ့် **'သတ္တဝါ'** ရှိနေရင် မဖြစ်ဘူး။ ဖောင်းလိုက်၊ ပိန်လိုက် လုပ်တာကလည်း သတ္တဝါမရှိအောင်လုပ်မှ။ ဒါကြောင့် ဖောင်းလိုက်၊ ပိန်လိုက်လုပ်တဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



သတ္တဝါမရှိအောင် လုပ်ရတယ်။ **'ဖောင်းတာက ရုပ်၊ သိတာက နာမ်၊ ရုပ်နာမ်'၊ 'ဣမသ္မိံ** - ဤရုပ်နာမ်သည်**၊ သတိ** - ရှိခဲ့သော်**၊ ဣဒံ** - ဤမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်သည်၊ **ဟောတိ** - ဖြစ်၏**'**။ အဲ ဒီဖောင်းလိုက်၊ ပိန်လိုက်ကြီးရှိလို့ မျက်စိတွေ နားတွေနဲ့ မြင်ရ ကြားရတာ၊ လူသေကောင် ဖောင်းသေး ပိန်သေးလား (မဖောင်းပိန် ပါဘူးဘုရား)။ အဲဒီလို ဉာဏ်နဲ့ရှုရတယ်၊ ဉာဏ်နဲ့မရှုရင် ဒီနေ့လည်း ဖောင်းပိန်၊ မနက်ဖြန်လည်း ဖောင်းပိန်၊ အဲလို အဲ ဖောင်းပိန်လည်း မရှိဘူး၊ သတ္တဝါလည်း မရှိဘူးတဲ့၊ အဲလိုထိအောင်လုပ်မှ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ အဲဒါ ဉာဏ်ပေ့ါ၊ ဘာတုံး (ဉာဏ်ပါဘုရား)။ **'ဖောင်းတာ'** က ဘာတုံး (ရုပ်ပါဘုရား)။ **'သိတာ'** က ဘာတုံး (နာမ်ပါဘုရား)။ **'ရုပ်နာမ်'** (ရုပ်နာမ်)။

**ဖောင်းတာက ရုပ်၊ သိတာက နာမ်၊ ရုပ်နာမ်**

အဲ ဖောင်းတဲ့၊ ပိန်တဲ့ဟာ ရှိလို့ရှိရင် မျက်စိတွေ၊ နားတွေရှိတယ်တဲ့။ ဖောင်းတဲ့ ပိန်တဲ့ဟာ ရှိလို့ရှိရင် ဘာရှိတုံး (မျက်စိတွေ၊ နားတွေရှိပါတယ်ဘုရား)။ အဲ လူသေကောင် ဖောင်းတာ၊ ပိန်တာ ရှိသေးသလား (မရှိတော့ပါဘုရား)။ သူ့မျက်စိ မြင်ရသေးလား (မမြင်ပါဘူးဘုရား)။ အဲ အဲလိုလည်း ကြံပေးရတယ်။ သို့မို့ဆိုလို့ရှိရင် ဘာပြုလို့ ဖောင်းတာလည်း၊ ဘာကြီး ထင်တယ်၊ ညာကြီးထင်တယ် ဖြစ်သွားရော၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ အခုနည်းက မကောင်းဘူးလား (ကောင်းပါတယ် ဘုရား)။ ဖောင်းတာ၊ ပိန်တာ ဘာလို့လုပ်ရတုံးဆိုတော့ ဖောင်းတာက ဘာတုံး (ရုပ်ပါဘုရား)။ သိတာကဘာတုံး (နာမ်ပါဘုရား)။ အဲလို ဖောင်းတာ ပိန်တာ ရုပ်နာမ်ဆိုရင် သွားတာကလည်း ရုပ်၊ ထိုင်တာကလည်း ဘာတုံး (ရုပ်ပါဘုရား)။ သိတာက ဘာတုံး (နာမ်ပါ ဘုရား)။ မှတ်တဲ့ဟာတွေက နာမ်၊ **'ရုပ်နာမ်'**။

**'ဣမသ္မိံ** - ဤရုပ်နာမ်သည်**၊ သတိ** - ရှိခဲ့သော်**၊ ဣဒံ** - ဤမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်သည်၊ **ဟောတိ** - ဖြစ်၏**'**။ မျက်စိတွေ၊ နားတွေဖြစ်ရင် ဘာတွေတုံး (နာမ်ရုပ်ပါ ဘုရား)။ နာမ်ရုပ်တွေ၊ မျက်စိတွေ၊ နားတွေရှိရင် ဘာတွေရှိတုံး (နာမ်ရုပ်တွေရှိပါတယ်ဘုရား)။ နာမ်ရုပ်ဆိုတာ ဖောင်းတယ်၊ ပိန်တယ် မဟုတ်လား (တင်ပ့ါဘုရား)။ ဖောင်းတာ ပိန်တာရှိရင် မျက်စိတွေ၊ နားတွေရှိတယ်။ ဖောင်းတယ်၊ ပိန်တယ်ရှိရင် ဘာရှိတုံး (နာမ်ရုပ်တွေရှိပါတယ် ဘုရား)။ မျက်စိတွေ၊ နားတွေရှိရင် ဘာလို့မှတ်ရမတုံး (နာမ်ရုပ်လို့ မှတ်ရပါမယ်ဘုရား)။ ကဲ **'လူတွေ'** ရှိသေးသလား (မရှိတော့ပါဘူးဘုရား)။ **'လူတွေ'** မရှိရင် ရာဂရှိသေးသလား (မရှိတော့ပါဘူးဘုရား)။ ဒေါသရော ရှိသေးသလား (မရှိတော့ပါဘူးဘုရား)။ အဲဒီလိုဆိုရင် ဖောင်းတယ် ပိန်တယ် ငါပြောသလိုမှတ်ရင် ကဲ ပထမတန်းမကောင်းဘူးလား (ကောင်းပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရား)။ အဲဒီလို **'ဓမ္မာနုပဿနာ'** က ပထမတန်းဖြစ်တယ်ဆိုတာ အဲဒီအပေါ်မှာ ကြည့်ပြီး သိနိုင်တယ်၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။

**ဖောင်းပိန်လည်း အနိစ္စ**

**'ဖောင်းတာ'** က မြဲသလား (မမြဲပါဘူးဘုရား)။ **'မှတ်တာ'**ကရော မြဲသလား (မမြဲပါဘူး ဘုရား)။ သူက **'ဖြစ်ပျက်'** မသိဘူးလား (သိပါတယ်ဘုရား)။ အဲ **'ဖြစ်ပျက်'** သိလို့ရှိရင် **'အဝိဇ္ဇာ'** မရှိဘူးတဲ့၊ အဲ ရင်ခေါင်းကို အဲသလို ကြည့်ရတယ်။ ဗိုက်ကြီးက ဖောင်းသွားတယ်၊ **'ဖောင်း'** ပြီးတော့ မရှိတော့ဘူး၊ **'ပိန်'** ပြီးရင်လည်း မရှိတော့ဘူး ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ ဖောင်းတယ်လို့ **'သိ'** ပြီးလည်း မရှိတော့ဘူး၊ ပိန်တယ်လို့ **'သိ'** ပြီးတော့လည်း မရှိတော့ဘူး၊ မရှိတာ ဘာခေါ်တုံး၊ **'အနိစ္စ'**၊ **'ဟုတွာ အဘာဝတော အနိစ္စံ'**၊ **'ဟုတွာ** -ဖြစ်ပြီး၍၊ **အဘာဝတော**- မရှိခြင်းကြောင့်၊ **အနိစ္စံ** - အနိစ္စမည်၏'။ ဖြစ်ပြီးရင် မရှိတာဘာခေါ်တုံး (အနိစ္စပါဘုရား)။ အဲဒီ **'အနိမိတ္တ အနိစ္စဇောန် ဒုက္ခမှန်သည် ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ'**၊ ဖောင်းတယ်၊ ပိန်တယ် ဆိုတာ ရုပ်နာမ်တဲ့၊ သိတာကနာမ်၊ ဖောင်းတာကရုပ် မဟုတ်ဘူးလား (တင်ပ့ါဘုရား)။ **'အနိမိတ္တ'** ဆိုတာ ဖောင်းတာကြီးကို သိရုံပဲသိရတယ်၊ ဟို ဗိုက်ကြီး မထင်ရဘူး၊ လှုပ်တာပဲ သိရတယ်၊ **'ဝါယော'** ရောက်သွားတယ်။

**ဖောင်းတယ် ပိန်တယ် ဆိုတာ သဘာဝသစ္စာ**

**'အနိစ္စဇောန် ဒုက္ခမှန်သည် ပစ္စုပ္ပန်ကို ရုပ်နာမ်ပြောရ၊ ပရမတ္ထသစ္စာသဘော ပညာဇောပင်'**။ အဲဒါ **'သဘာဝသစ္စာ'** တဲ့၊ ဖောင်းတယ်၊ ပိန်တယ်ဆိုတာ **'သဘာဝသစ္စာ'**၊ လှုပ်တာ ကလေးပဲသိရတယ်။ ဗိုက်တွေ၊ မျက်ခွက်တွေ၊ ဘာတွေ မပေါ်ရဘူး။ မျက်ခွက်တွေ ဘာတွေလည်း မပေါ်ဘူးဆိုတော့ **'အနိမိတ္တ'** ဖြစ်သွားတယ်။ နိဗ္ဗာန်ရောက်သွားတယ်တဲ့၊ ဟုတ်ရဲ့လား (တင်ပ့ါဘုရား)။ ဟာ ယောက်ျားတွေ၊ မိန်းမတွေ ထင်လိုက်ရင် မလန့်ဘူးလား (လန့်ပါတယ်ဘုရား)။ အဲ လန့်တော့ **'မောဟ'** ရှိသေးတယ်၊ ဟုတ်ရဲ့လား (တင်ပ့ါဘုရား)။

**'ဝီတရာဂေါ၊ ဝီတဒေါသော၊ ဝီတမောဟော၊ အဘီရု၊ အဆမ္ဘီ၊ အနုတြာသီ၊ အပလာယီတိ'**၊ ရာဂ ဒေါသ မောဟတွေ မရှိလို့ရှိရင် မလန့်တော့ဘူး မထိတ်တော့ဘူး၊ ကြက်သီးမွေးညင်းလည်း မထတော့ဘူးတဲ့။ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ ကဲ---တော်ကြအုံးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## " ခန္ဓာငါးပါးသိခြားက မှတ်ရသောတာပန် တရားတော်"

၁၁. ၁၂. ၂၀၀၆

**ခန္ဓာငါးပါးသာ ရှိနေပါ သတ္တဝါဟု ခေါ်ရသည်**

ရထားကလည်း အဆောက်အဦး၊ အိမ်တွေကလည်း အဆောက်အဦး၊ သူ့အဆောက်အဦးနဲ့ သူ၊ 'အဆောက်အဦးသာ ရှိနေပါ၊ ကားဟုခေါ်ရသည်'၊ 'အဆောက်အဦးသာ ရှိနေပါ၊ ရထားဟုခေါ်ရသည်'၊ ရထားလည်း အင်္ဂါအဆောက်အဦးပေ့ါ၊ အဲဒီလိုပဲ **'ခန္ဓာငါးပါးသာ ရှိနေပါ၊ သတ္တဝါဟုခေါ်ရသည်၊ လူဟု ခေါ်ရသည်'**။ ရထားအဆောက်အဦးမရှိဘဲနဲ့ ရထားဟု မခေါ်ရဘူး။ ကားလည်း ဒီလိုပဲ၊ သူ့အင်္ဂါ အဆောက်အဦးမရှိဘဲနဲ့ ကားဟုမခေါ်ရဘူး။ အိမ်လည်း ဒီလိုပဲ၊ အိမ်လည်း အဲသလို အဆောက်အဦးတွေရှိမှ အိမ်ဟုခေါ်ရတယ်။ 'အဆောက်အဦးသာရှိနေပါ၊ အိမ်ဟု ခေါ်ရသည်'။

အိမ်အဆောက်အဦး၊ အုတ်တိုက် အဆောက်အဦး၊ မော်တော်ကား အဆောက် အဦး၊ လွယ်အိပ် အဆောက်အဦး၊ ကုလားထိုင်ကလည်း သူ့အဆောက်အဦးနဲ့သူ ရှိရတယ်၊ အဲဒီ အဆောက်အဦးကို ရထားလို့ခေါ်ရတယ်။ စားပွဲလည်း သူ့အဆောက်အဦးနဲ့သူ၊ ကုလား ထိုင်၊ ကုတင်၊ မော်တော်ကား၊ အဆောက်အဦးဖြစ်သွားလို့ သူ့ကို အိမ်အဆောက်အဦးကို အိမ်လို့ ခေါ်တယ်၊ ရထားအဆောက်အဦးကို ရထားလို့ခေါ်တယ်၊ ကားအဆောက်အဦးကို ကားလို့ ခေါ်တယ်၊ ကွန်ပျူတာအဆောက်အဦးကို ကွန်ပျူတာလို့ခေါ်တယ်၊ အဲလို ခေါ်တယ်။ အဲ လူ့အဆောက်အဦးကတော့ ခန္ဓာငါးပါးတဲ့။ **'ခန္ဓာငါးပါးသာရှိနေပါ သတ္တဝါဟု ခေါ်ရသည်'**။

ခန္ဓာငါးပါးကို သတ္တဝါလို့ခေါ်တယ်။ အဆောက်အဦးကတော့ ဟို **'ရုပ်'**ပေ့ါ၊ ရထားတို့ ဘာတို့ကတော့ သူက နာမ်မရှိတော့ သစ်သားအဆောက်အဦး၊ သစ်သားကို အဆောက်အဦး လုပ်ထားတယ်၊ လှည်း၊ ကားပုံစံပေ့ါ။ လူတွေကျတော့ **'ရုပ်'** က အဆောက်အဦးပေ့ါ၊ လက်ကြီး တွေ၊ ခြေကြီးတွေ၊ ခေါင်းကြီးတွေ၊ ပေါင်ကြီးတွေ အဲဒါတွေက အဆောက်အဦး၊ ရုပ်အဆောက် အဦး၊ ဟို လှည်းတွေ ဘာတွေကျတော့ အဆောက်အဦးနဲ့ပဲ လူကတက်ပြီး မောင်းသွားရော။ **'အဆောက်အဦးသာရှိနေပါ ကားဟု ခေါ်ရသည်'**။ အဲဒါမှတ်ထား၊ အဆောက်အဦး ရှိတာကို အဆောက်အဦးက ပြောင်းလဲသွားတော့ အခေါ်ပြောင်းလဲသွားတယ်။

**စိတ္တာပစ္စယ ဥတုဇရုပ်**

လူကျတော့လည်း သတ္တဝါတွေကျတော့လည်း၊ ရုပ်က အဆောက်အဦး၊ အဲဒီ ဟားတို့ လှည်းတို့ ဘယ်သူကလုပ်လို့ဖြစ်တုံးဆိုတော့ အဲဒီ လူတွေက လုပ်လို့ဖြစ်တာ **'စိတ္တ ပစ္စယ**

www.burmeseclassic.com

www.burmeseclassic.com



**ဥတုဇရုပ်'** လို့ခေါ်တယ်။ **'စိတ္တပစ္စယ'** စိတ်ကြောင့် ဥတုဖြစ်တဲ့ဟာကို ဥတုက အသားတွေ၊ အုတ်တွေ၊ ဘာတွေဆိုတာ လူ့စိတ်ကြောင့်ဖြစ်တဲ့ အဆောက်အဦးကို အိမ်လို့ခေါ်တယ်။ **'စိတ္တပစ္စယ ဥတုဇရုပ်'** ၊ သူကတစ်ခုတည်းပဲ၊ လူတွေစိတ်နဲ့ လုပ်ထားတာ၊ အဲဒီ လှည်းတို့ ကုလားထိုင်တို့ စားပွဲတို့ အဲဒါ အဆောက်အဦး ပုံစံအတိုင်း ဟို နာမည်ဖြစ်လာရတယ်။

**'အဆောက်အဦးသာရှိနေပါ ရထားဟု ခေါ်ရသည်'**၊ အဲဒါ ရထား အဆောက်အဦး၊ အိမ် အဆောက်အဦး၊ **'ဒဗ္ဗသမ္ဘာရော'** လို့ခေါ်တယ်၊ **'ဒဗ္ဗ'** က- ဒြပ်၊ **'သမ္ဘာရ'** က- အဆောက်အဦး၊ ဒြပ် အဆောက်အဦးလို့ခေါ်တယ်။ ရထားကတော့ ဘီးတွေ၊ ဝင်ရိုးတွေ၊ လှည်းသံတွေ၊ ကားသံတွေပေါ့။ ရှေ့နောက်နဲ့သွားတာ ကားသံ၊ ဘီးထဲထိုးတာက ဝင်ရိုး၊ လှည်းသံ၊ ကားသံ၊ ထမ်းပိုး ကျတော့ နွားကတာကို ထမ်းပိုးလို့ခေါ်တယ်။ အဲဒီအဆောက်အဦးရှိလို့ရှိရင် လှည်းဆိုတာ ဖြစ်သွားတယ်။ **'အဆောက်အဦးသာရှိနေပါ လှည်းဟု ခေါ်ရသည်'**။

**ရုပ်ခန္ဓာတစ်ပါး နာမ်ခန္ဓာလေးပါး**

အဆောက်အဦးကိုကြည့်ပြီး လူတွေကခေါ်ကြတယ်၊ နာမည်တွေ အဲသလို။**'ခန္ဓာငါးပါး သာရှိနေပါ လူဟုခေါ်ရသည်'**၊ လှည်းတွေကျတော့ ခန္ဓာတစ်ပါးတည်းဖြစ်တယ်။ လှည်းတွေ၊ မော်တော်ကားတွေ ရုပ်အဆောက်အဦး၊ ရုပ်ခန္ဓာတစ်ခုတည်းပေါ့၊ သတ္တဝါတွေ၊ လူတွေကျတော့ **'နာမ်ခန္ဓာ'**က လေးပါးဖြစ်သွားတယ်၊ နာမ်ခန္ဓာလေးပါး၊ ဟိုက **'ရုပ်'** လို့ဆိုတော့ မဟာဘုတ် လေးပါး၊ ဥပါဒါရုပ် နှစ်ဆယ့်လေးပါး၊ အဲလိုဆိုတော့ ရုပ်နှစ်ဆယ့်ရှစ်ပါး ဖြစ်သွားတယ်။

လှည်းမှာလည်း အဆင်းတို့ အသံတို့ အနံ့တို့ အရသာတို့ ရှိတာပဲ။ အဲ လှည်းမှာလည်း ရှိတယ်၊ ကားမှာလည်းရှိတယ်၊ အဲ ဓာတ်ရှစ်ပါး၊ ဓာတ်ရှစ်ပါးပေါင်းလိုက်တော့ လှည်းတို့ ကားတို့ဆိုတာဖြစ်သွားတယ်၊ အဲ အဲလိုသိရတယ်။ လူလည်း **'ရုပ်'** ကတော့ ဓာတ်ရှစ်ပါးပဲ၊ **'နာမ်'**ကတော့လေးပါး။ **'သိတာက နာမ်၊ နာမ်က လေးပါး၊ ထိုင်တာက ရုပ်၊ အဋ္ဌကလာပ်ရုပ် ရှစ်ပါး'**။ ထိုင်တာလေးပေမယ့် **'အဋ္ဌကလာပ်ရုပ်ရှစ်ပါး'**ကိုး။ ဟို **'ကမ္မဇရုပ်တွေ'** ဘာတွေကျတော့ အဲဒါတွေကရှိသေးတယ်။ မျက်စိတွေ၊ နားတွေ၊ နှာခေါင်းတွေ၊ အဲဒါ ကလာပ်ငါးပါး၊ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ အဲဒါက ကလာပ်ခေါ်တယ်။ ဣတ္ထိဘာဝ၊ ပုမ္ဘာဝ၊ **'အာဟာရဇရုပ်'** လည်းပါတယ်၊ **'ကံ'**ကြောင့်ဖြစ်တဲ့ ရုပ်ရောပါတယ်၊ **'စိတ်'**ကြောင့်ဖြစ်တဲ့ ရုပ်ရောပါတယ်၊ **'ဥတု'**ကြောင့်ဖြစ်တဲ့ ရုပ်ရောပါတယ်၊ သတ္တဝါတွေကျတော့ **'စတုသမုဋ္ဌာနိကရုပ်'**။ ရုပ်ကလည်း အဲလိုသိတယ် တစ်စတစ်စပေါ့၊ သို့မို့ရင် လူတွေဘာတွေနဲ့ **'သိတာကနာမ်၊ နာမ်ခန္ဓာလေးပါး'** **'ရုပ်ခန္ဓာ'**

www.burmeseclassic.com

www.burmeseclassic.com



ရုပ်ခန္ဓာဆိုတာ ရူပက္ခန္ဓာခေါ်တယ်။ **'ဝိညာဏက္ခန္ဓာ'** က နောက်ဆုံး ဖြစ်နေတယ်။ စင်စစ် ဝိညာဏက္ခန္ဓာ၊ သုံးခုဖြစ်ပြီးတော့မှ ဖဿဆိုတာက **'သင်္ခါရက္ခန္ဓာ'**၊ အစဉ်အတိုင်းသွားရတယ်။

**'ရူပက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ'**၊ အဲလို နာမ်ခန္ဓာ လေးပါး။ **'တိဏ္ဏံသင်္ဂတိဖဿော' 'စက္ခုဉ္စပဋိစ္စ ရူပေစဉပ္ပဇ္ဇတိ'** က **'ရူပက္ခန္ဓာ'**၊ **'စက္ခုဝိညာဏ်'** ဆိုတော့ သုံးခုဖြစ်သွားတယ်။ **'တိဏ္ဏံ သင်္ဂတိ ဖဿော'** ကျတော့ **'ဖဿ'** ဖြစ်သွားတယ်။ **'သင်္ခါရက္ခန္ဓာ'** ပြီးတော့မှ၊ **'ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ'** ဆိုတော့ ခန္ဓာလေးပါး ဖြစ်သွားတယ်။ အဲလိုနေရတယ်၊ သားကလေး၊ သမီးကလေးဆိုတော့ **'သညာက္ခန္ဓာ'**၊ ဘာဖြစ်သတဲ့ဟဲ့ ညာဖြစ်သတဲ့ဟဲ့ ဆိုတာကတော့ **'ဝေဒနာက္ခန္ဓာ'**၊ သူကဖျားတယ်၊ နာတယ်၊ အဲဒါ **'သင်္ခါရက္ခန္ဓာ'**၊ **'ဝေဒနာက္ခန္ဓာ'** အဲလိုခွဲရတယ်၊ မခွဲလို့ရှိရင် ပြားသွားတယ်၊ စိတ်တွေ ပြားပြီးတော့ ဘာလုပ်ရမှန်း မသိဘဲ ဖြစ်တတ်တယ်၊ ဂရုစိုက်ရတယ်။

### ရှိတာကခန္ဓာငါးပါး ခေါ်တာကသတ္တဝါ

**'အဆောက်အဦးသာရှိနေပါ လှည်းဟု ခေါ်ရသည်။ ခန္ဓာငါးပါးသာရှိနေပါ သတ္တဝါဟု ခေါ်ရသည်'**။ **'သတ္တဝါ'** ခေါ်ရတာ ခန္ဓာငါးပါးရှိလို့တဲ့၊ **'ခန္ဓာငါးပါး'** မရှိရင် သတ္တဝါ မခေါ်ရဘူး။ အဲဒါခန္ဓာငါးပါးကို ခေါ်နေတာက သတ္တဝါ။ **'ရှိတာကခန္ဓာငါးပါး ခေါ်တာကသတ္တဝါ'**၊ အဲလို မှတ်ထား၊ **'ခေါ်တဲ့ဟာ'**ကိုလိုက်တော့ ရာဂ၊ ဒေါသဖြစ်တယ်၊ **'ရှိတဲ့ဟာ'**ကို လိုက်တဲ့အခါကျတော့ ရာဂ၊ ဒေါသမဖြစ်ဘူး၊ အဲလို ဂရုစိုက်ရတယ်။ **'ရှိတာကခန္ဓာငါးပါး ခေါ်တာကသတ္တဝါ'** အဲလို ခွေး ခွေးလိုက်တယ်ဆိုတော့ ကြောက်သွားတယ်။ ခွေးဆိုတာ ခေါ်တာ၊ ရှိတာက ခန္ဓာငါးပါး၊ အဲ အဲလို မှတ်ထား၊ **'ဆင်ကြီး'**၊ ဆင်ကြီးဆိုတော့ **'ဆင်ကြီးကခေါ်တာ'**၊ **'ရှိတာကခန္ဓာငါးပါး'**၊ အဲ စွယ်စုံဆင်ကြီးနဲ့ အစွယ်မပါတဲ့ ဆင်ကြီး မတည့်ဘူး။ အစွယ်ပါတဲ့ ဆင်ကြီးက တစ်ခါတည်း အစွယ်မပါတဲ့ ဆင်ကြီးကို **'ဟိုင်း'**လို့ခေါ်တယ်၊ ရာဟုပေါ့၊ အစွယ်ပါတဲ့ ဆင်ကတော့ ဗုဒ္ဓဟူး။

တစ်ခါတည်း သူတွေ့ပြီဆို တောင်ကြီးဆီသွားပြီး အစွယ်ကြီးကို နှစ်ထားရတယ်၊ အဲ ဟို ဟိုင်းဆင်ကြီးက အစွယ်ကြီးကို လိန်လိန်ချိုးတယ်၊ မချိုးနိုင်အောင် တစ်ခါတည်း တောင်ကြီး ထဲမှာ အစွယ်ကြီးတွေကို စိုက်စိုက်ထားရတယ်။ ဟာ ဟိုင်းကြီးက ဒေါသထွက်တယ်၊ ရေစပ် နားက ကျောက်ခဲကြီးကိုကိုင်ပြီးတော့ ဝုန်းဆို ခေါင်းကြီးကိုပေါက်ချလိုက်တော့ ခေါင်းကြီးက သွေးတွေထွက်၊ ဟာ ဆင်ကြီးနာလိုက်တာ နာလို့အပြင်ဘက်ထွက်လာ၊ အပြင်ဘက်ထွက် လာတော့ ဟိုင်းကြီးက အစွယ်ကြီးကိုချိုးလိုက်တာ အစွယ်တစ်ချောင်း ကျိုးသွားရော။ ဟာ သွေးတွေနဲ့ ကြည့်နေပြီးတော့ ဟို အစွယ်မပါတဲ့ ဆင်ကြီးကို တစ်ခါတည်း အစွယ်ပါတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆင်ကြီးက ဘေးကြီးထိုးလိုက်တာ ပေါက်သွားပြန်ရော ဟာ တောင်အောက်ထဲ လိမ့်ဆင်းသွား ကြပြန်ရော၊ အနိစ္စ ဒုက္ခ တွေဖြစ်သွားပြန်ရော၊ အဲဒါ ဆင်ကြီးတွေက ဒီ့ပြင်နေရာ မသေဘူးတဲ့၊ ဆင်သင်းချိုင်းဆိုတာ ရှိတယ်တဲ့၊ အဲဒီ ဆင်သင်းချိုင်းဆီ လိုက်သွားလို့ရှိရင် အစွယ်တွေရတယ်၊ အဲလိုဟာမျိုး။ အနိစ္စကောင် ဒုက္ခကောင် အဲလို **'သတ္တဝါ'** ဖြစ်တယ်။ **'သတ္တဝါ'** ဖြစ်လို့ အခု လူတွေဖြစ်ပြီးတော့ နေတော့၊ လူတွေမှာလည်း မြို့တွေမှာဖြစ်တဲ့ လူတွေ ဆိုရင်သက်သာတယ်၊ သို့မို့လို့ဆိုလို့ရှိရင် မသက်သာဘူးတဲ့။

**'အာဟာရ ပရိယေသန'** အာဟာရရှာမှီးရတာလည်း မသက်သာဘူး။ ပြီးတော့ ဒီလို လှလှပပ ငြိမ်းငြိမ်းချမ်းချမ်း မနေနိုင်ဘူး၊ ခုလိုအချိန်ဆိုလို့ရှိရင် ဈေးသွားရပြီ၊ ကိုယ့်မပါလို့ရှိရင် သူများဆီက ယူပြီးရောင်းရတယ်၊ ဟင်းရွက်ရောင်း၊ အဲဒီ အမြတ်ကလေးနဲ့ အိမ်မှာဆန်လေးဝယ်၊ အဲဒါလေးကို ချက်ပြီးစား အဲဒီလိုနေတယ်။ **'ခန္ဓာငါးပါး'** ရှိလို့ **'ရုပ်ခန္ဓာ'** ရှိတော့ ထမင်းက မစားဘဲ မနေနိုင်ဘူး။ ထမင်းစားရတယ်၊ ထမင်းစားရရုံတွင်မကဘူး၊ ဖျားတဲ့နာတဲ့ အခါကျတော့ ဆေးစားရတယ်၊ ဆေးလည်းထည့်မှ။ ရုပ်က **'ရူပက္ခန္ဓာ'** ခေါ်တယ်။ ရူပက္ခန္ဓာမကောင်းတော့ **'ဝေဒနာက္ခန္ဓာ'** ကျတော့ နာတယ်၊ ပြီးတော့ ဆေးတွေဘာတွေကျတော့ **'သညာက္ခန္ဓာ'**၊ မှားရင် လည်း နာတာထဲပါသွားတယ်၊ ပြီးတော့ **'သင်္ခါရက္ခန္ဓာ'** က ပြုပြင်တယ်၊ အဲဒါ **'သင်္ခါရက္ခန္ဓာ'** ခေါ်တယ်၊ သိတာက **'ဝိညာဏက္ခန္ဓာ'**၊ ခန္ဓာငါးပါးပဲ။ **ကာံနုသတ္တောတိ ပစ္စေတိ** -ဘယ်ဟာကို သတ္တဝါလို့ခေါ်သနည်း။ အဲဒီ **'ခန္ဓာငါးပါးကို သတ္တဝါလို့ခေါ်ရတာ'** တဲ့။ **'ရှိတာ'** ကတော့ ခန္ဓာငါးပါး၊ **'ခေါ်တာ'** ကတော့ သတ္တဝါလို့ ခေါ်တယ်။

### ခန္ဓာငါးပါးချုပ်ရင် နိဗ္ဗာန်ရောက်တယ်

အဲဒီ **'သတ္တဝါ'** လို့ခေါ်တဲ့ နောက်လိုက်ပြီးတော့ ရာဂ ဒေါသဖြစ်တယ်တဲ့၊ အရှိဖြစ်တဲ့ **'ခန္ဓာငါးပါး'** နောက်လိုက်ရင် ရာဂ ဒေါသ မဖြစ်ဘူးတဲ့၊ အဲဒီ **'ခန္ဓာငါးပါး'** ချုပ်ရင် နိဗ္ဗာန်ရောက် တယ်တဲ့၊ အရှိမဟုတ်ဘဲနဲ့ အခေါ်လိုက်လို့ရှိရင်တော့ ရာဂ၊ ဒေါသဖြစ်တယ်လို့ အဲလို မှတ်ရ တယ်။ သတ္တဝါတို့၊ လူတို့၊ နာမည်တို့ဆိုတာ **'အခေါ်'**တဲ့၊ အဲဒီ အခေါ်လိုက်တော့ **'ပညတ်'** ဖြစ်သွားပြီးတော့ ရာဂ၊ ဒေါသတွေ ဖြစ်တယ်တဲ့။ **'အရှိ'** က ခန္ဓာငါးပါးဆိုတော့ ကိလေသာ မဖြစ်ဘူးတဲ့။ **'ခန္ဓာငါးပါး သိပြောက မှတ်ရသောတာပန်'**၊ အဲ ခန္ဓာငါးပါးသိရင် သောတာပန် ဖြစ်တယ်တဲ့၊ ကဲ --- တော်ကြအုံးစို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



## “ ဟိုဘက်ကမ်းနှင့် ဒီဘက်ကမ်း တရားတော် ”

၁၂. ၁၂. ၂၀၀၆

### သတိပဋ္ဌာန် ဘယ်သူပွားပွား ဟန်တယ်

သတိပဋ္ဌာန်က ဘယ်သူပွားပွား၊ ဒကာကြီးတွေလည်း ဟန်တယ်။ တချို့ဒကာကြီးတွေမှာ ဟန်တယ်၊ ပျော့ပျော့ပြောင်းပြောင်း ဖော့ဖယောင်းလို အနံ့မထွက်၊ ဒကာမကြီးတွေလည်း ဟန်တယ်၊ **‘သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဗောဓိပက္ခိယ’**။ **‘သတ္တမမ္မေစ ဗောဇ္ဈင်္ဂေ’** ဗောဇ္ဈင်ခုနစ်ပါးတဲ့၊ **‘မာရသေနာ ပမဒ္ဒနေ’** တဲ့၊ မာရ်မင်းရဲ့ စစ်သည်တွေကိုလည်း နှိမ်နင်းနိုင်တယ်ဆိုတာ မစ္ဆု၊ အဘိသင်္ခါရ၊ အဲဒါ ကုသိုလ်အကုသိုလ်တွေကို **‘အဘိသင်္ခါရ’** ခေါ်တယ်၊ **‘မစ္စု’** က သေမင်းလည်း ခေါ်တယ်။ ကိလေသာတွေကိုလည်း မာရ်မင်းရဲ့ စစ်သည်တွေကိုလည်း နှိမ်နင်းထားတော့၊ ပုပ်တယ်ပြုတယ်ဆိုတာက ဟိုရှုပ်ပုပ်တွေ အကုသိုလ်တွေကိုး၊ ဒီကသတိပဋ္ဌာန်၊ သမ္မပ္ပဓာန်တွေက အဲဒါတွေမရှိအောင် ဆေးထိုးထားသလိုပဲ၊ အဲလိုသိမှ တော်တော် အဖိုးတန်တယ်၊ ဘုရားတစ်ဆူ ပေါ်မှ အဲဒီ **‘ဗောဓိပက္ခိယတရား’** ဆိုတာပေါ်တာ။ **‘ဗောဇ္ဈင်’** ဆိုတာလည်းပေါ်တာ။

**‘ဗောဇ္ဈင်’** ပွားတဲ့ လူတွေဟာ မသေဘူးလို့ဆိုလို့ရှိရင်လည်းရတယ်။ ဘာပြုလို့လည်း ဆိုတော့၊ **‘မစ္စု’** သေခြင်းက မာရ်မင်းရဲ့စစ်သည်ခေါ်တယ်၊ **‘မာရသေနာ ပမဒ္ဒနေ’၊ ‘ဗုဇ္ဈိတွာ ယေစိမေသတ္တာ’** အဲဒီ သတ္တဝါတွေဟာ ဗောဇ္ဈင်ပွားတဲ့ ပုဂ္ဂိုလ်တွေဟာ သူတကာတွေကိုလည်း ရက်ရက်စက်စက် မသတ်ဘူး၊ **‘တိဘဝါ မုတ္တာ ကုတ္တမာ’** ဘုံသုံးပါးမှလည်း လွတ်တယ်တဲ့။

### ဗောဇ္ဈင်က မန္တာန်လည်းမည်တယ်၊ ဆေးလည်းမည်တယ်

**‘အဇာတိ မဇရာဗျာဓိ အမတံ နိဗ္ဗယံ ဂတာ’** တဲ့၊ မသေတဲ့နေရာတို့ ဘေးမရှိတဲ့နေရာတို့ ရောက်ပြီတဲ့၊ အဲ သူတို့ကတော့ ပါဠိလို မပြောတတ်ဘူး၊ ပါဠိတွေထဲမှာ အဲဒါတွေက ပါတယ်၊ ပါတော့ လူတွေကျတော့ ပါဠိကမကျွမ်းကျင်တော့ ဘာကြောင့် မပုပ်တယ်၊ ဘာကြောင့် ဘာဖြစ်တယ်ဆိုတာ မသိဘူး၊ ဟော **‘ဗောဇ္ဈင်’**သာပွားလိုက်၊ တော်တော့် ရောဂါလေး တောတွေမှာ ဆိုလို့ရှိရင် ဆရာဝန်မခေါ်ရဘူး။

အဲ အဲလိုတစ်ခါတည်း သူ့ဟာနဲ့သူပဲ၊ တစ်ခါတည်း ဗောဇ္ဈင်နဲ့ပဲ၊ **‘ဤဟာရုပ်’**၊ ရုပ် ရုပ်နဲ့၊ **‘ရုပ်’** ဆိုတာ **‘ဖြစ်တာ ပျက်တာ’**ပဲ၊ ရုပ်ဆိုတာ လူမဟုတ်ဘူး၊ ဒကာကြီးတို့ မေးတာကတော့ ဘယ်သူဖြင့် မပုပ်ဘူး၊ ဘယ်သူဖြင့် ဘာဖြစ်တယ်၊ **‘ရုပ်’** ကို အဲဒါ တစ်ခါတည်း **‘ဤသစ္စေန ကြမံမန္တံ’** ဆိုတာ ဒါပဲ၊ အဲ ဗောဇ္ဈင်က မန္တာန်လည်း မည်တယ်၊ ဆေးလည်း မည်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**စွန်းလွန်းဆရာတော်က ဝီရိယသမား**

အခု ထိုင်တယ် ပေါ့၊ **'ထိုင်တာကရုပ်၊ သိတာက နာမ်'**၊ ထိုင်တယ် အဲ အဲဒါ **'သတိပဋ္ဌာန်'** ခေါ်တယ်၊ **'ထိုင်တယ်ဟ'** လို့ ဆိုလိုက်လို့ရှိရင် အဲဒါ **'သမ္မပ္ပဓာန်'** ခေါ်တယ်၊ ဝီရိယတွေနဲ့ **'ထိုင်တယ်ဟ'** စွန်းလွန်းဆရာတော်က **'ဟ'** ပါတယ်၊ **'ထွက်တယ်ဟ'** နဲ့၊ ဒါ ဝီရိယသမား၊ ပညာသမားကနောက်မှ ဖြစ်တာ၊ သူက အစကတည်းက ဝီရိယနဲ့ စာလည်း မတတ်ဘူး၊ ဟို ကကြီးခကွေးတောင် တကယ်မရတာ၊ ဟုတ်တယ် သူက ယပ်ဆွဲတာပဲ၊ ဖအေကြီးကတော့ ဘာလုပ်တယ် မသိဘူး၊ အဲ စာရေးတို့ ဘာတို့လုပ်ရတာပေါ့၊ အဲဒီခေတ်က ဒီလိုပန်ကာတွေ ဘာတွေ မရှိဘူး၊ ယပ်ဆွဲတယ်ဆိုတာ ဒီလိုကြီးလေ (သိပါတယ်ဘုရား)၊ ဟိုမှာ စက်သီးတပ်၊ ဒီပေါ်လည်းတပ် ဒီကနေဆွဲရတယ်၊ အောက်ကစာရေးကြီးက စားပွဲ ကုလားထိုင်နဲ့ ပေါ့၊ အဲ သူ မအိုက်အောင် ယပ်ဆွဲပေးရတာ။

ဘယ်လောက်ကြာသလဲဆိုရင် (၁၅)နှစ်အရွယ်လောက်ကနေ အသက် (၂၅)နှစ် အရွယ်လောက်ထိအောင်ပေါ့၊ အဲ အဲဒီအသက်အစိတ်လောက်ကျမှ မရွှေရီနဲ့ အိမ်ထောင်ကျ တာ၊ အဲဒီကျမှ တောင်သူလုပ်ရတာ တစ်ခါတည်း လယ်ထွန် အဲဒီလိုနဲ့ (၄၂)နှစ် အရွယ် ရောက်သွားတယ်၊ (၄၂)နှစ်ဆိုတော့ စနေဂြိုလ်ထဲရောက်သွားတယ်၊ တနင်္လာသား (၄၀) က ကျော်ရင် စနေထဲရောက်တယ်။

ဒကာမကြီးလည်း (၄၆)ကကျော်ရင် စနေထဲရောက်တယ်၊ အဲ အဲဒီအချိန်မှာ ဂရုစိုက် ရတယ်၊ စနေနဲ့ တနင်္ဂနွေက မိတ်ပဲ၊ ဒါပေမယ့် စနေဆိုတော့ အပူပေါ်လာတတ်တယ်၊ စနေ ဆိုတာ မီးတောက်၊ ဘာမှမဟုတ်ဘဲနဲ့ တစ်ခါတည်း ဆေးလုံးတွေ အများကြီး စားပစ်လိုက်တာ၊ ကြီးတယ် ငယ်တယ်လည်း မမှတ်ဘူး၊ အဲ အဲဒါဖြစ်ပဲ့မလား ဖြစ်ပဲ့မလား၊ ဒီလိုမေးတော့ ဟိုကလည်းဖြစ်ပါတယ် ဖြစ်ပါတယ်ပေါ့၊ ဒီပုလင်းထဲကဒီဆေးပဲနဲ့ အဲလိုဟာတွေဟာ ဖြစ်ဖြစ် လာတတ်တယ်။ အဲဒါဂရုစိုက်၊ အဲ ဆေးသမားမို့လို့ ဆေးရောဂါဖြစ်သွားတာ၊ ကိုယ်လုပ်တဲ့ဟာနဲ့ ဖြစ်တတ်တယ်။ မြွေအလမ္ပာယ်သမားကလည်း အဲဒီ အလမ္ပာယ်နဲ့ သေတတ်တယ်။ အဲလိုဟာမျိုး မုဆိုးလည်းဒီလိုပဲ၊ ကျားနဲ့ဘာနဲ့ သေတတ်တယ်၊ ကျားကလည်းချောင်းနေတာ။

**'အဇာတိ မဇရာဗျာဓိ'** တဲ့၊ မအိုဘူး မနာဘူး မသေဘူး၊ မသေဘူးဆိုတာ မပုပ်ဘူးပေါ့၊ ထင်းချောင်းကြီးလိုဖြစ်သွားတယ်။ ဟို ထွက်ရပ်ပေါက်သလိုပေါ့၊ တစ်ခါတည်း ဇော်ဂျီဖိုဝင်သား တွေ ဆေးလုံးပေါက်လိုက်တာ တစ်ခါတည်း ဒီဓာတ်လုံးကလေးက သုံးလသားလောက် ဖြစ်သွားတယ်၊ အဲ့ဒါဖြစ်သွားတာကို မရှင်ဘဲနဲ့ သေသွားတယ်၊ အဲဒါကြောင့် ဇော်ဂျီဖိုဝင်သားလို့

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီးတော့ဖြစ်သွားတယ်၊ မွေးတယ်၊ အဲဒါကို 'ဗျတ်ဝိနဲ့ဗျတ္တ'က တွေ့သွားတယ်၊ ဟိုက ရှင်ဘုရင်ဆီသွားတုန်း ကျောက်ဖျာကြီးကို ထွေပစ်ကစားလိုက်တာ အဲ သူလည်းမသေသေးပဲ။

**သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်တွေက မသေသေး**

ဒီ **'သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်တွေ'**ကလည်း မသေသေးပဲ၊ အဲဒီလိုထိုင်တယ်၊ သွားတယ်၊ မြင်တယ်ပေ့ါ၊ သတိထားကြည့်တယ်၊ လက်ကွေးတယ်၊ ဆန့်တယ်၊ ဟို **'သတိပဋ္ဌာန်'** ပါဠိထဲ ပါတဲ့အတိုင်းပေါ်တာ၊ ဖြစ်တယ်၊ ပျက်တယ်၊ သပိတ်နဲ့အပေါက်လိုပဲ၊ အပေါက်ရှိရင် သပိတ် ရှိတယ်၊ သပိတ်ရှိရင် အပေါက်ရှိတယ်၊ **'အခု'** လို့ဆိုရင် အဲဒါ **'သင်္ခါရ'**၊ **'အခု'** ဆိုတာ **'ဖြစ်တယ်၊ ပျက်တယ်၊ အနိစ္စ'** ပြီးသွားပြီ၊ အဲ အဲ့ဒါ သတိပဋ္ဌာန်ပဲ၊ အဲလိုမရှိတော့ မပုပ်ဘူး။

**'ကိလေသာ'** ဆိုတာ ဆိုးသွမ်းညစ်နွမ်းတယ်၊ အဲဒါတွေက ပုပ်တယ်၊ ဘုရား ရဟန္တာ တွေက သူတို့မှာအဲလိုဟာမရှိဘူး၊ ဝေဒနာ၊ ရုပ် ထိုင်တာတွေက ရုပ်၊ ရုပ်ပြီးတော့ ဝိညာဏ်၊ ဝိညာဏ်ပြီးတော့ ဖဿ၊ သင်္ခါရခေါ်တယ်၊ **'ရုပ်'** ပြီးရင်ဝိညာဏ်။ **'ဝိညာဏ်'** ပြီးတော့ သင်္ခါရ၊ **'သင်္ခါရ'** ပြီးတော့မှ သညာ၊ **'သညာ'** ပြီးတော့မှ ဝေဒနာ၊ အဲဒီနောက်ဆုံး သညာမပါစေနဲ့၊ သညာက **'အနိစ္စသညာ'** ပဲကောင်းတယ်၊ လူတွေ ယောကျ်ားတွေမှတ်တာက ဘာလဲ သညာပဲ။ သညာက **'လောကီ'**ဖြစ်တယ်။

ဝေဒနာ၊ ဝေဒနာလည်း **'သာမိသ ဝေဒနာ'**ခေါ်တယ်၊ **'လောကီဝေဒနာ'၊** မာရ်မင်း၏ အစာဖြစ်တဲ့ ဝေဒနာ။ ရာဂ ဒေါသကလည်း ဝေဒနာပဲ၊ **'သင်္ခါရုပေက္ခာနဲ့ အနုလောမ'**က ဖြစ်တာ၊ ပျက်တာသိတယ်၊ ငြိမ်ပြီးတော့ဖြစ်တာ၊ပျက်တာသိတယ်၊ **'ဖြစ်တာ'**က **'သင်္ခတတရား'**၊ **'ဂေါတြဘူ'** ကျတော့ **'မဖြစ်တာ'**သိတယ်၊ အဲဒါ **'အသင်္ခတ တရား'**၊ မဖြစ်ဘူးဆိုတာကတော့ မသေဘူးပေ့ါ၊ နိဗ္ဗာန်ရောက်တဲ့ ပုဂ္ဂိုလ်က မသေဘူး၊ မသေတော့ မပုပ်ဘူး။

အဲ အဲသလို စာနဲ့ပေနဲ့ပြောလိုက်လို့ရှိရင် တစ်ခါတည်းဖြစ်သွားတယ်၊ မင်းတို့ကျတော့ စာစကား မပြောတတ်လို့ အဲဒါ တရားပွားတဲ့ ပုဂ္ဂိုလ်ကမသေဘူး၊ အဲ အဲလိုမှတ်ထား၊ မသေလို့ ရှိရင်မပုပ်ဘူး။အဲဒီလို ထိုင်တယ်၊သွားတယ်သတိလေးနဲ့ပေ့ါ၊ အိပ်တယ်၊ စဉ်းစားတယ်၊ **'နာမ်'** ဖြစ်လို့ရှိရင် နာမ်ဖြစ်တဲ့ဟာကို နောက်ကလိုက်သိ၊ သူကဖြစ်နေတုန်းမသိဘူး၊ **'ဖြစ်ပြီး'**မှ သိတယ်၊

အဲ နောက်ကလိုက်သိ၊ တစ်ကို နှစ်နဲ့သိ၊ သိပြီးသားဟာကို၊ သောက်တယ်ဆို သောက်တယ်လို့သိ၊ အဲ အဲလိုသိသိပေးရတယ်၊ အဲဒီလို သတိနဲ့ပွား၊ အဆိပ်တွေ ဘာတွေ

www.burmeseclassic.com

www.burmeseclassic.com



တောင်ကျတယ်၊ အခု အဲဒီလို စိုက်စိုက်စူးစူးလုပ်လိုက်ရင် ရောဂါတွေ ဘာတွေ သူ့ဟာသူ အန်ထွက်တတ်တယ်၊ ဆေးမကုရဘူး။ ဂါထာတွေက စွမ်းတယ်။

**'ဩသဓဥ္စမန္တံ'**၊ **'ဩသဓဥ္စ**-ဆေးလည်းမည်တယ်။ **မန္တဉ္စ** - မန္တာန်လည်း မည်တယ်'။

ထိုင်တယ် သွားတယ် လုပ်တယ် ရှုတယ် ရှိုက်တယ်၊ အဲဒါတွေက မန္တာန်မန်းမှုတ်တာနဲ့တူတယ်၊ ဘေးရန်ကင်းတယ်၊ မြွေကြီးနဲ့တွေ့ပေမယ်လို့ ဟိုက တုတ်နဲ့ရိုက်တဲ့လူသာ ကိုက်ချင်တာ၊ မာန်ဖီတာ၊ တုတ်နဲ့မရိုက်ဘူး၊ ကိုင်း မင်းလည်း မင်းရဲ့လမ်းသွားကွာ ငါ့လည်း ရန်မရှာနဲ့ မင်းလည်းရန်မရှာဘူးကွာ ဘာကွနဲ့ဆိုလို့ရှိရင် သူ့ဟာသူရှောင်သွားတာ၊ အဲလို ပြောလည်းရတယ်၊ အဲဒီဟာ ဆေးလည်းဖြစ်၊ မန္တာန်လည်း ဖြစ်သွားတယ်။

## သတိရှိတယ် ပညာရှိတယ် ဝီရိယရှိတယ်

ဟို ကြောက်ကြောက်လန့်လန့်နဲ့ဆိုရင် ဖြဲချောက်တတ်တယ်၊ မကြောက်နဲ့ သေဘေးတွေခေါ်တယ်၊ အဲဒီလိုကြုံလာလို့ရှိရင် ဟိုတစ်နေ့က ဒကာကြီးဟောခဲ့တယ်၊ ညကြီးမင်းကြီး အဲလိုအချိန်ကြီးပေါ့၊ (၇) နာရီ၊ (၈) နာရီ၊ ဒကာကြီးက ဆရာဝန်က လက်လွှတ်လိုက်ပြီ၊ ပိန်ခြောက်ပြီး အရိုးပေါ်အရေပဲရှိတော့တယ်၊ မစားနိုင်ဘူး၊ အရည်ပဲ သောက်နိုင်တော့တယ်၊ **'ဝီရိယရှိတယ်'**၊ ဝီရိယရှိတယ်ဆိုလည်း ဗောဇ္ဈင်ပွားတာပဲ၊ **'သတိရှိတယ်'**၊ အဲဒီလိုဆိုရတယ်၊ **'ပညာရှိတယ်'** ကိလေသာမရှိဘူး၊ ကိလေသာရှိရင် ပညာမရှိလို့ ကိလေသာ ရှိတာ။

**'က္လမေဟိ** - ဤသုံးပါးတို့ဖြင့်၊ **ဒိဗ္ဗ** - နတ်၌ဖြစ်သော၊ **အရိယာဘူမိ** - အရိယာဘုံသို့ **ဩက္ကမ္မ** - သက်ရောက်၍' ဆိုတော့ အနာဂါမ်တောင်ဖြစ်သွားတယ်၊ ဒီက ဝေဒနာကို သတိမစိုက်ဘူး၊ ဝေဒနာကို သတိစိုက်ရင် **'ဝေဒနာပစ္စယာ တဏှာ'** ဖြစ်မှာကိုး၊ မရှုနိုင်ဘူး။ မရှိုက်နိုင်ဘူးနဲ့ အဲဒီလိုဝေဒနာကို ဂရုမစိုက်ရဘူး၊ **'သတိရှိတယ်၊ ပညာရှိတယ်၊ ဝီရိယရှိတယ်'**၊ အဲ အဲဒီ သုံးခုရှိရတယ်၊ ဝီရိယရှိတယ်ဆိုတာ ဝီရိယသမ္ဗောဇ္ဈင်ရှိတယ် ခေါ်တယ်။

**'ဝီရိယသမ္ဗောဇ္ဈင် သန္တာန်တွင်ရှိမရှိ သိအောင်အားထုတ် တရားအလုပ်'**။

## ဝီရိယရှိရင် ဒိဋ္ဌိပြင်ဟာတွေ အကုန်ထွက်ပြေးကုန်ရော

အဲ ဝီရိယရှိရင် ရှိတယ်လို့ဆိုရတယ်၊ အဲ အဲဒါက **'ဓမ္မာနုပဿနာ'** မှာပါတယ်၊ ဒိဋ္ဌိပြင်မှာမပါဘူး၊ ဒါကြောင့် သူတို့မပွားတတ်တာ၊ ငါတို့ကပွားတတ်တယ်၊ ဝီရိယရှိရင် ရှိတယ်ဆို ဒိဋ္ဌိပြင်ဟာတွေ အကုန်ထွက်ပြေးကုန်ရော၊ ရာဂ ဒေါသတွေ ကိုယ့်နားမလာတော့ဘူး၊ အဲ

www.burmeseclassic.com

www.burmeseclassic.com



**'ဝီရိယသမ္ဗောဇ္ဈင်'** လည်းခေါ်တယ်၊ **'ဝီရိယမဂ္ဂင်'** လည်းခေါ်တယ်၊ **'သမ္မပ္ပဓာန်'** လည်းခေါ်တယ်။ **'ဝီရိယိဒ္ဓိပါဒ်'** ဆိုရင် ဣဒ္ဓိပါဒ်လည်းပါတယ်၊ အဲ ဝီရိယတစ်ခု ရှိလိုက်တာနဲ့ပဲ ဒီပြင်ဟာတွေ အကုန်ထွက်ပြေးကုန်ရော။

တစ်ချို့တောထဲမှာ ဟိုရှေးရှေးတုန်းကဘုန်းကြီးတွေဆိုလို့ရှိရင် မြွေကိုက်လည်း အဲဒီလိုပဲ၊ ဘယ်မှဆေးမကုနိုင်ဘူး၊ ပွားတယ် နာတယ် ဒီလိုလုပ်တာပဲ၊ မြွေဆိပ်တွေ အထက်မတက်ဘူး၊ အောက်ကျသွားတယ်၊ သူကမသေဆေးဆိုတာ **'ဗောဓိပက္ခိယတရားတွေ'** ပါတယ်၊ အခု ထိုင်တယ်၊ ခံစားတယ်၊ သိတယ်၊ အဲ အဲလိုလုပ်နေတာ၊ စွန်းလွန်းဆရာတော်ကြီးက **'သိတယ်'** ပဲ သူလုပ်တယ်၊ **'ထိတာကို သိမှုနဲ့ သတိပြု'**နေလိုက်တာပဲ၊ သူ့မှာ သို့မို့ဆိုလို့ရှိရင် သူ့မှာ တနလ်ာသား စနေရောက်နေတယ်၊ ၄၂ နှစ်၊ အဲဒီမှာ ရွာထဲက လူတွေကလည်း ရောဂါတွေနဲ့ ဆေးလည်း မရှိဘူး၊ ဒီလို ဆရာဝန်လည်း မပေါ်ဘူး၊ ရပ်ဆရာ၊ ရွာဆရာ ဒါလောက်ပဲရှိတယ်။

ဘာဖြစ်ဖြစ် နန်းတွင်းလျှာပွတ်ဆေး၊ ဇာတိဝက်ဆေး၊ အဲ အဲဒါလေးတွေပဲ၊ ဆရာဆယ်ဆိုတာဘိုးကြီးအို အသက် (၈၀)လောက်ရှိတယ်၊ မျက်ခုံးမွေးကြီးကလည်းဖြူလို့၊ အဲ သူ့ကိုလှည်းနဲ့သွားခေါ်ရတယ်၊ အဲ လိုက်လာ၊ ဇာတိဝက်တို့ နန်းတွင်းလျှာပွတ်တို့ တိုက်လိုက်လျှင် ရောဂါပျောက်သွားတယ်၊ **'ဗောဇ္ဈင်'** သာပွား ကောင်းတာတွေဖြစ်တယ်၊ **'ဘူတံ- ဟုတ်မှန်သည်'**ကို၊ ထိုင်နေတာ ဟုတ်မှန်သလား၊ ထိုင်တယ်၊ လက်ကွေးရင် ကွေးတယ်၊ ဆန့်ရင် ဆန့်တယ်၊ အဲ အဲဒါ အဝတ်ဝတ်ရင် ဝတ်တယ်၊ အင်္ကျီဝတ်ရင် ဝတ်တယ်၊ ဟိုဟာ ကျင်ကြီးကျင်ငယ် စွန့်တာတွေတောင်မှ အကုန်ပါတယ်၊ စွန့်တယ် စွန့်တယ် စွန့်ချင်တယ်၊ အကုန်လုပ်ရတယ်။

**ဖြစ်သမျှကို စိတ်ထဲကဆို အပို လို မထား**

**'ထိမှု သိမှု သတိပြု'**၊ အဲဒါတွေ ဆေးတွေပဲ အဲဒီဆေးတွေနဲ့ဆိုတော့ သန့်ရှင်းပြီးတော့ မပုပ်ဘူး၊ (၉)ရက် (၁၀)ရက်၊ တစ်ခါတည်း လက်တွေကွေးလို့ဆန့်လို့လည်းရတယ်၊ ဝေဒနာ ခန္ဓာကိုယ်ဖြစ်တာကို ဆိုရတယ်၊ အဲဒါကြောင့် ကျုပ်စပ်ထားတာ **' ဖြစ်သမျှကို စိတ်ထဲကဆို အပို လို မထား '**၊ အဲ အောင့်ရင် အောင့်တယ်၊ နာရင် နာတယ်၊ ကိုက်ရင် ကိုက်တယ်၊ ခဲရင် ခဲတယ်၊ **'သုခဖြစ်စရာ ဖဿကြောင့် သုခဝေဒနာခံစားတယ်၊ ဒုက္ခဖြစ်စရာ ဖဿကြောင့် ဒုက္ခဝေဒနာခံစားတယ်'**၊ အခုဆိုရင် **'ဥပေက္ခာ ဖြစ်စရာ ဖဿကြောင့် ဥပေက္ခာဝေဒနာတွေ ခံစားတယ်'**၊ အဲဒါ **'ဝေဒနာနုပဿနာ'**၊ စိတ်ကလည်း ကြံတယ် ကြံတယ်၊ ဖြစ်တာတွေကို အကုန်လျှောက်ပြီး **'ရှေ့ကဖြစ် - နောက်က ဆို'**၊ အဲဒါ ပွားတာ၊ မန္တာန်တွေ ရွတ်တာနဲ့တူတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးတွေဘာတွေ ဘာမှမရှိအောင် သူ့ကိုလည်း ငြိုးတဲ့စိတ်တွေမထားတော့ ကိုယ့်ကိုလည်း မငြိုးဘူးပေါ့။ အဲ အဲလို၊ **'ရှေ့ကဖြစ်တာက ဝေဒနာ၊ နောက်က သိတာကဉာဏ်'**၊ ဟော အဲဒီလို။

**ရူပါရုံ သဒ္ဒါရုံ ခြောက်အာရုံ ခေါ်တုံ ဟိုဘက်ကမ်း**

**'ရူပါရုံ သဒ္ဒါရုံ ခြောက်အာရုံ'** ဒကာကြီးမရသေးဘူး (မှန်ပါ့ဘုရား)။

**'ရူပါရုံ သဒ္ဒါရုံ ခြောက်အာရုံ ခေါ်တုံ ဟိုဘက်ကမ်း'**၊ အဲဒါ **'သတိ'**ပဲ၊ လူတွေ ဘာတွေ ထင်မှာစိုးလို့ လူတွေဘာတွေထင်ပြီး ရာဂတွေ ဘာတွေဖြစ်မှာစိုးလို့ အပြင်ဘက်ကဟာတွေက **'အာရုံ'**၊ အာရုံမှန်းမသိတော့ ဒီလို မှတ်တတ်တယ်၊ အနံ့က **'ဂန္ဓာရုံ'**၊ အရသာက **'ရသာရုံ'**၊ အတွေ့အထိက **'ဖောဋ္ဌဗ္ဗာရုံ'** မနောက **'ဓမ္မာရုံ'** အဲ ခြောက်အာရုံက ဟိုဘက်ကမ်းနဲ့တူတယ်တဲ့၊ ဘယ်ဘက်ကမ်းနဲ့ တူသတဲ့တုံး (ဟိုဘက်ကမ်းနဲ့ တူပါတယ်ဘုရား)၊ **'ဟိုဘက်ကမ်း'** လို့ထားတော့ ရာဂဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ အဲ **'ဟိုဘက်ကမ်း'** လို့ ထားရတယ်။

**မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မန ခြောက်ဒွါရ ခေါ်ကြ ဒီဘက်ကမ်း**

**မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မန ခြောက်ဒွါရ ခေါ်ကြ ဒီဘက်ကမ်း။**

ဟို စိတ်ကူးတာတွေကို **'ဒီဘက်ကမ်း'**၊ အိမ်က အလုပ်တွေ ဘာတွေက **'ဟိုဘက်ကမ်း'**၊ **'ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း'** နဲ့တွေ့ပြီးတော့ အဲဒါ အလုပ်တွေလုပ်ကြတယ်၊ **'ဟိုဘက်ကမ်းကြီး'** ထဲလည်း အလုပ်မလုပ်နိုင်ဘူး၊ **'ဒီဘက်ကမ်းကြီး'** ထဲလည်း အလုပ် မလုပ်နိုင်ဘူး၊ အဲ အဲလိုလည်း သိရတယ်၊ အဲဒါ ကိုယ့်ဉာဏ်နဲ့ကို သိရတာ။

**ကမ်းပါးကိုမှူ၊ ငါမယူ၊ ထိုသူ အပူကင်းသတည်း**

အိမ်ဆိုတာ **'ဟိုဘက်ကမ်း'**၊ အလုပ်တွေ၊ သားတွေ၊ သမီးတွေက **'ဟိုဘက်ကမ်း'**၊ ဒီက စိတ်ကူးတာ စဉ်းစားတာတွေက **'ဒီဘက်ကမ်း'**။

**'ဟိုဘက်ကမ်း'** ကို လူတွေလို့သွားလုပ်ထားတော့ သံယောဇဉ်တွေ ဖြစ်ကုန်တာပေါ့၊ မျက်စိနားတွေဆိုတဲ့ မနောထဲ၊ ဝမ်းထဲကစိတ်တွေက **'ဒီဘက်ကမ်း'**။

**ရူပါရုံ သဒ္ဒါရုံ ခြောက်အာရုံ ခေါ်တုံ ဟိုဘက်ကမ်း။**

**မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မန ခြောက်ဒွါရ ခေါ်ကြ ဒီဘက်ကမ်း။**

**ကမ်းပါးကိုမှူငါမယူ ထိုသူ အပူကင်းသတည်း။**

အဲ အပူကင်းတော့ နိဗ္ဗာန်ရောက်သွားတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



**အာရုံ – အာရုံအတိုင်းထား၊ မနော – မနောအတိုင်းထား**

**'ဒရထ**- ပူလောင်ခြင်း၊' **'ဝိဂတဒရထ'** ဆိုတာ ပူလောင်ခြင်းကင်းတယ်တဲ့၊ **'ဝိသံယောဂ'** ဆိုတာ ယှဉ်ခြင်းလည်း ကင်းတယ်တဲ့။ အာရုံတွေနဲ့ သွားမယှဉ်ဘူး၊ အာရုံတွေနဲ့ သွားမယှဉ်တော့ ရာဂ၊ ဒေါသတွေမဖြစ်ဘူး၊ ဟိုအာရုံ - အာရုံ အတိုင်းထား၊ မနော-မနောအတိုင်းထား၊ အဲ အဲလိုဖြစ်သွားတယ်၊ အာရုံမှန်းသိတယ်။ ဒါကြောင့် **'မျက်စိမြင်တုံ ရူပါရုံ'** (မျက်စိမြင်တုံ ရူပါရုံ)။

အဲ မြင်လိုက်တာကို ရူပါရုံလို့မှတ်၊ ဘာပြုလို့ ရူပါရုံဖြစ်တုံး မျက်စိကမြင်လို့၊ ဘယ်သူ့ မျက်စိတုံး၊ **'နာမ်ရုပ် ရဲ့မျက်စိ'**၊ အဲ အဲသလိုဖြစ်သွားတယ်၊ ဘယ်သူက မြင်တုံး၊ **'မျက်စိ'**က မြင်တယ်၊ **'ငါ'**ကမြင်တာ မဟုတ်ဘူး။

လူကမြင်တာလား၊ အရင်က မသိခင်က လူကို လူကမြင်တယ်၊ ဒီလိုဆိုတာပေါ့၊ မျက်စိကမြင်တာ ၊ မမှန်ဘူးလား (မှန်ပါတယ်ဘုရား)၊ မှန်တာတွေဆိုတော့ ဆေးဖြစ်သွားတာပေါ့၊ အဲ ရာဂတည်းဟူသော ရောဂါကြီးကို ဆေးနဲ့ကုလိုက်တာ၊ အဲ အဲဒီရောဂါမရှိတော့ဘူး၊ အဲဒီ ရာဂရောဂါက အရင်ကကုရာနတ္ထိဆေးမရှိဘူး၊ ရာဂနာတွေ၊ ဒေါသနာတွေ၊ ကိလေသာနာ တွေ၊ အခုတော့ ဆေးတွေရှိနေပြီ၊ ဆေးတွေရှိပေမယ့် ဆေးတွေကွယ်ပျောက်နေတာ။

**အင်းခန်းတော့ လယ်တီ၊ လယ်တီတော့ ထွန်ဆင်း**

**'အင်းခန်းတော့ လယ်တီ'** ဆိုတော့၊ အင်းခန်းဆရာတော်ကြီးတို့လို တစ်ပါးတလေပဲ၊ တစ်ပြည်လုံးသံဃာတစ်သိန်း နှစ်သိန်းလောက်ရှိတဲ့ဟာ တရားက တစ်ပါးတလေပေါ်တတ် တယ်၊ တို့ စွန်းလွန်းဆရာတော်ကြီးပေါ်သွားတယ်ဆို စွန်းလွန်းဆရာတော်ကြီးနောက် ဘယ်နှစ်ယောက်မှလိုက်တယ် မကြားဘူး၊ ဟိုနားကျွန်းတော၊ ကျွန်းတော ဦးဝိနယလည်း အဲလိုပဲ ရှူတာပဲ၊ ဗိုလ်စကြာလည်း အဲဒီလိုပဲ၊ အင်း နည်းနည်းတော့ဖြစ်မှာ။ အထင်ကရ ဖြစ်သွားလို့ **'အင်းခန်းတော့လယ်တီ'** ၊ **'လယ်တီတော့ထွန်ဆင်း'** တဲ့။

**'အင်းခန်းဆရာတော်'**ဆိုတာရဟန္တာဖြစ်တယ်လို့ ကျော်ကြားတယ်၊ **'သီလတွေ'** ဘာတွေ ကောင်းတယ်၊ ကျော်ကြားတယ်၊ **'သီလ'** နဲ့ **'ပညာ'**တို့ကလည်း **'သမ္မပ္ပဓာန်'** ထဲမှာ ပါတယ်၊ **'သီလတွေ'**ဆိုတော့ **'ပါဏာတိပါတ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာမေရယ'** တွေဆိုတာလူတွေလုပ်နေကျပဲ၊ အမြဲတမ်း အရက်ရင်လည်းသောက်တယ်၊ **'မုသာဝါဒ'** လိမ်လည်း ပြောတယ်၊ မုသားမပါ လက်ာမချောဆိုပြီးတော့၊ ကုန်းလည်းတိုက်တယ်၊ လောကီတွေချည်းပဲ။

www.burmeseclassic.com

www.burmeseclassic.com



လောကီမှာ လူတွေက(၉)တန်း၊ (၁၀)တန်း၊ တို့(၄)တန်းတုန်းက (၁၃)တန်းအထိရှိတယ်၊ တစ်ပြည်လုံးမှ (၁၃)တန်းရှိတယ်၊ ဦးရေပေ့ါ၊ ငါးဆယ်ကျော်သွားတယ်၊ အဲဒါက **'ပါဏာတိပါတ'** လည်း စားစရာမရှိတော့ လုပ်ကြရတယ်၊ ပုတက်တွေ၊ ဖွတ်တွေ ရောင်းရတယ်၊ **'အဒိန္နာဒါနာ'** သူများဥစ္စာလည်း ခိုးတာပဲ စားစရာမှ မရှိဘဲ၊ ဒီလိုမလုပ်ရင် ဘယ်ကလာရပ့ါမတုံး အခင်းတွေ စိုက်ထား၊ လစ်ပြီဆိုရင် ပဲတွေခူး၊ အိမ်ကျမှ ပြုတ်စားရတယ်၊ သူ့မှာ အခင်းကလည်း မရှိဘဲကိုး၊ **'ကာမေသု မိစ္ဆာစာရ'** ကလည်း သွားနေရင်း အဲလိုပဲ၊ နောက်ပြီး ပိုက်ဆံလေး နည်းနည်းရှိရင် အရက်ကလည်း သောက်ချင်သေးတယ်၊ အရက်သောက်ရအောင်လည်း ပိုက်ဆံကလည်း ရှာရသေးတယ်၊ ခိုးရသေးတယ်။

အဲဒီအချိန်မှာ လူတွေကလည်းသေတယ်၊ ဝမ်းကျတယ်ဆိုရင် အကုန်သေကုန်ရော၊ တစ်ခါတည်း ပြုတ်လောက်ခမှန်းသွားတယ်၊ အင်းတွေကလည်းပိတ်သွားပြီး၊ မြစ်ကြောင်းကြီးကလည်းပိတ်သွားပြီဆိုရင် ငါးတွေကလည်း ဟာ အဲဒီအင်းထဲမှာ ဖမ်းလို့လွယ်တယ်။ ငါးသလောက်တွေ ဘာတွေ ဟား နောက် အဲဒီနားမှာတစ္ဆေတွေကလည်း ပေါပြန်ရော၊ အဲဒီအထဲမှာ သွားတယ်လာတယ်နဲ့၊ သတိနဲ့နေတဲ့လူတွေကျတော့ အဲဒီသတိက ဆေးလည်းမည်တယ်၊ မန္တာန်လည်းမည်တယ်၊ ရောဂါလည်းမရဘူး၊ ကားလည်း ဖြည်းဖြည်းမောင်း၊ ကိုယ့်ဟာကိုယ် ပြုတာသိပါစေ၊ မြန်မှန်းသိ။

### သာမည လက္ခဏာ၊ သဘာဝ လက္ခဏာ

**'မျက်စိမြင်တယ်'**ဆိုတာ ရူပါရုံကိုမြင်တာ၊ **'ရူပါရုံ'**ကအဆင်း၊ **'အဆင်း'**ဆိုတာ မဟာဘုတ်ကိုမှီရတယ်၊ အဲဒါ ဖြစ်ပြီးပျက်သွားတယ်၊ သပိတ်မှာ အပေါက်ပါသလိုပဲ၊ အနိစ္စ ဒုက္ခ အနတ္တက **'သာမညလက္ခဏာ'**၊ မြင်တဲ့ဟာက ဝိညာဏ်ရယ် အဆင်းရယ်က **'သဘာဝလက္ခဏာ'**၊ ဟော သဘာဝခေါ်တယ်၊ အဲဒါတွေက ဖြစ်ပျက်ပြီးနေတာ၊ ပြောတယ်ဆို **'ပြော'**တဲ့ဟာကလည်း **'ဖြစ်ပျက်'** ပြီးနေ၊ **'ကြား'**တဲ့ဟာကလည်း **'ဖြစ်ပျက်'** ပြီးနေတယ်။

**'သင်္ခါရ'**ရှိရင် ဖြစ်ပျက်ကရှိတယ်၊ သင်္ခါရနဲ့ဖြစ်ပျက်၊ ဖြစ်ပျက်နဲ့သင်္ခါရ၊ **'နားကြားတာ'**က သင်္ခါရ၊ **'ဖြစ်ပျက်တာ'**က သာမည၊ သဘာဝ - သင်္ခါရ၊ အဲဒါကို **'သဗ္ဗေသင်္ခါရာ အနိစ္စာ'**လို့ ခေါ်တယ်၊ ငုံ့ကြည့်တော့လည်း လှည့်ပတ်တယ်၊ ထွက်လေ ဝင်လေလည်းဖြစ်တယ်၊ ဒကာကြီး မပူနဲ့၊ ထွက်လေ ဝင်လေလုပ်၊ သားတွေ သမီးတွေ ဘာတွေ စိတ်မကူးနဲ့၊ အဲ **'ပညာရှိသယ်'**လို့ဆို၊

www.burmeseclassic.com

www.burmeseclassic.com



ပညာရှိရင် သားတွေ သမီးတွေနဲ့ ပစ္စည်းတွေ၊ ဘာတွေ၊ ပညာရှိတယ်ဆိုရင် မရှိတော့ဘူး၊ နတ်တွေလည်းမရှိတော့ဘူး၊ **'ပညာ'** ရှိရင် **'ခန္ဓာငါးပါး'** ပဲ ရှိတော့တယ်။

**'နာမရူပပရိစ္ဆေဒဉာဏ်'**တဲ့၊ ဉာဏ်ပဲရှိတော့တယ်၊ နာမ်နဲ့ ရုပ်နဲ့ပိုင်းခြားရင် နာမရူပပရိစ္ဆေဒဉာဏ်။ အဲ နာမ်နဲ့ ရုပ်ကား အဝိဇ္ဇာ၊တဏှာ၊ ဥပါဒါန်၊ကံကြောင့် ဖြစ်တယ်လို့ဆိုရင် ဟော **'ပစ္စယပရိဂ္ဂဟဉာဏ်'**၊ အဲဒါတွေ အတိတ်ကလည်း ဒီလိုပဲ၊ အနာဂတ်ကလည်း ဒီလိုပဲ၊ ခု ပစ္စုပ္ပန်လည်းဒီလိုပဲလို့ ပစ္စုပ္ပန် အတိတ် အနာဂတ်နဲ့ သုံးသပ်တာကို **'သမ္မသနဉာဏ်'၊** အဖြစ်ကိုမသိဘူး ပျက်တာတွေပဲသိနေရင် အဲ ရင်ခေါင်းထဲမှာ အဲဒါ **'ဘင်္ဂဉာဏ်'** ဟာ ပျက်ပျက်နေတော့ တစ်ခါတည်း ကမ်းပါးကြီးတွေပြိုသလိုဖြစ်နေရင် အဲဒါ ကြောက် ကြောက်လာတယ်၊ သေမှာလားဟ ဘာလားဟ နဲ့ အဲဒါ **'ဘယဉာဏ်'**။

**ထိတာတွေ၊ သိတာတွေ မရှိရင် နိဗ္ဗာန်ရောက်သွားတယ်**

အဲဒီနောက် **'အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်'**၊ **'ပဋိသင်္ခါဉာဏ်ရယ်၊ သင်္ခါရုပေက္ခာ ဉာဏ်'**ရယ်၊ အဲဒါကလည်း အတူတူပဲ၊ သူကတော့ ဖြစ်တာပျက်တာ မြင်ရင်းနဲ့ ငြီးငွေ့ပြီးနေတော့တာ၊ အဲနောက်မှ **'သင်္ခါရုပေက္ခာဉာဏ်'** ရယ်၊ **'အနုလောမဉာဏ်'** ရယ်၊ **'ဂေါတြဘူဉာဏ်'**ရယ်၊ ဉာဏ်ခြောက်ဉာဏ်၊ **'မုဉ္စိတုကမျတာဉာဏ်ရယ်၊ ပဋိသင်္ခါဉာဏ်ရယ်၊ သင်္ခါရုပေက္ခာရယ်'**ကအလယ်ဉာဏ်သုံးဉာဏ်၊ **'သင်္ခါရုပေက္ခာဉာဏ်ရယ်၊ အနုလောမဉာဏ်ရယ်၊ ဂေါတြဘူရယ်'** အဲဒါကအဆုံးဉာဏ်၊ **'သိခါပတ္တ ဝိပဿနာဉာဏ်'** အထွဋ်အထိပ်ရောက်တယ်။

အဲ ထိတာတွေ သိတာတွေက ထိတာလည်းမရှိတော့ဘူး၊ သိတာလည်းမရှိတော့ဘူး ဆိုရင် အဲဒါ ဉာဏ်ဆုံးသွားတယ်၊ ဖြစ်တာမရှိဘူး၊ အဲ အဲလိုဖြစ်သွားတယ်၊ အဲဒီကျမှ နိဗ္ဗာန် ရောက်သွားတယ်၊ အဲဒီ ထိတယ် သိတယ်နဲ့ လျှောက်ဆိုနေ တော်ကြာ ထိတာတွေ သိတာတွေ မရှိရင် **'နိဗ္ဗာန်'** ရောက်သွားတယ်၊ အဲလိုမှတ်ရတယ်။

ကဲ --- တော်ကြအုံးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " တဏှာမကူး တရားထူး တရားတော် "

၁၃. ၁၂. ၂၀၀၆

## သဠာယတနဆိုတာ အာယတန ခြောက်ပါး

**'သဠာယတန'** ဆိုတာ မျက်စိတို့နားတို့, 'သ' က ခြောက်ခုကိုပြောတာ၊ 'ဆ'ကို 'သ' ပြုထားလို့ 'သ' က ခြောက်ခုဆိုတာ ဟောနိုင်တယ်၊ သဒ္ဒါမှာ **'သဆသဟဝါ'** လို့ရှိတယ်၊ သဒ္ဒါသုတ်စဉ်ပေါ့ အဲဒီသုတ်နဲ့ 'ဆ'ကို 'သ' ပြုပြီးတော့ သဠာယတနလို့ဖြစ်နေတာ၊ ဒါကြောင့် 'သ'ကို ခြောက်ခုလို့အနက်ဆိုတယ်၊ သဠာယတနလို့ခေါ်တယ်၊ မျက်စိတွေ နားတွေ သဠာယတန၊ ပြီးတော့ **'တိဏ္ဏံ သင်္ဂတိ ဖဿော၊ သဠာယတနပစ္စယာ ဖဿော'**၊ သဠာယတနပစ္စယာ ဖဿော က ဆေးတွေ ဘာတွေ အစားမှားတဲ့အခါ ထိတ်လန့်ပြီး မသွားဘူးလား (သွားပါတယ်ဘုရား)၊ အဲလိုထိတ်လန့်သွားတယ်၊ အဲဒါ **'မန'**၊ **'မနောသမ္ဖဿ'** ခေါ်တယ်။

**'သဠာယတန'** လို့သိပေး၊ သဠာယတနဆိုတာ အာယတနခြောက်ပါး၊ **'သဠာယတန'** ဆိုတာဘာတုံး (အာယတနခြောက်ပါးပါဘုရား)။ **'သဠာယတနပစ္စယာ ဖဿော'**၊ သဠာယတန ကြောင့် ဖဿဖြစ်တာတဲ့ ဖဿပြီးဝေဒနာပေါ့၊ အဲဒီတွင် ပစ္စုပ္ပန်မှာဆုံးသွားပြီ၊ **'ဖဿ'**၊ **'ဝေဒနာ'** ဟို ထိတ်တယ် လန့်တယ်ဆိုတာကို **'တဏှာ'** ဖြစ်သွားလို့ ဒေါသပေါ့၊ **'ဒေါသ'**ဆိုတာ **'တဏှာ'** ဖြစ်သွားတယ်၊ **'ဝေဒနာပစ္စယာ ဒေါသော'** ဝေဒနာကြောင့် ဒေါသဖြစ်သွားတယ်၊ ထိတ်လန့်သွားတယ်၊ အဲ အဲသလို ပြာပြီးတော့သွားတယ်။

## မထိတ်မလန့်ဘူး၊ မကြောက်ဘူးဆိုရင် ဟန်သွားတယ်

တချို့များ ပျားတုတ်တာတို့ မြွေကိုက်တာတို့ ဘာဖြစ်တာတို့ သစ်ပင်ပေါ်က ကျတာတို့ ကားတွေဘာတွေတိုက်တာတွေ အဲ အဲလိုဟာမျိုး ထိတ်လန့်သွားတယ်၊ အဲဒါ **'သဠာယတန ပစ္စယာ ဖဿော'** ပဲ၊ သဠာယတနပစ္စယာ ဘာတုံး (ဖဿောပါဘုရား)၊ အဲ ထိတ်လန့်သွားတယ်၊ ကျွဲကြီးက ကားကြီးကို ခွေ့ပစ်လိုက်တာ၊ ပိန်ရှုံ့သွားတယ်၊ ထိတ်လန့်သွားတယ်၊ ဖဿက **'မနောသမ္ဖဿ'** ခေါ်တယ်။ အဲဒါ မထိတ်မလန့်ဘူးဆိုလို့ရှိရင် ဒေါသတွေမဖြစ်ဘူး၊ ဒေါသလည်း မဖြစ်ဘူး၊ မောဟလည်းမဖြစ်ဘူးဆိုလို့ရှိရင် အဲဒီ **'သဠာယတနပစ္စယာ ဖဿော'**၊ **'ဖဿ ကမ္မဋ္ဌာန်း'** ခေါ်တယ်၊ အဲဒါမထိတ်မလန့်ဘူး၊ မကြောက်ဘူး၊ အဲဒီလိုဆိုလို့ရှိရင် ဟန်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ပစ္စုပ္ပန်အကျိုးကနေ ပစ္စုပ္ပန်အကြောင်းဖြစ်သွားတယ်**

**'ဝေဒနာပစ္စယာ'**မှာ တဏှာက အဲ ဒေါသက ကြောက်တာတွေ၊ ကြောက်တာတွေရော၊ လန့်တာတွေရော၊ **'အဘီရု အဆမ္ဘီ'** ၊ ဖြန်းကနဲထပြီးတော့ လန့်သွားပြီးတော့ အဲဒီနားတွင် ခုန်တတ်တယ်၊ အဲဒါ **'ဒေါသဇော'** ခေါ်တယ်၊ အဲဒါကြောင့် တစ်ခါတည်း အသက်ပါ ထွက်သွားတတ်တယ်၊ အသက်ထွက်သွားတယ်လို့ ဒီလိုဆိုသွားတယ်၊ စင်စစ် **'ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာတဏှာ'**၊ ဥပါဒါန်တွေဖြစ်သွားတယ်၊ အဲဒါ တဏှာ၊ ဥပါဒါန်တွေက ဘာတုံးဆိုမှ တစ်ခါတည်း **'ပစ္စုပ္ပန်အကြောင်း'** ဖြစ်သွားတယ်၊ **'ပစ္စုပ္ပန်အကျိုး'** ကနေ **'အကြောင်း'** ဖြစ်သွားတယ်၊ အဲဒီလိုမှတ်ရတယ်။

အရင်ကတော့ ဝေဒနာပဲ၊ ဖဿ ဝေဒနာပဲ၊ အဲဒီ ဖဿဝေဒနာက သဠာယတနတွေကြောင့် **'သဠာယတနပစ္စယာ ဖဿော'**၊ ဟော **'ဖဿပစ္စယာ ဝေဒနာ'**၊ အဲ ပစ္စုပ္ပန်အကျိုးထဲမှာပါတယ်၊ ဝေဒနာပစ္စယာမှ အင်း **'ယံပိဿဥပ္ပဇ္ဇတိ သုခံဝါ ဒုက္ခံဝါ'**၊ အဲဒီ ဖဿကိုစွဲပြီးတော့ သုခတွေရော ဒုက္ခတွေရောဖြစ်တယ်တဲ့၊ ဖဿ ဝေဒနာတို့ဖြစ်တယ်၊ အဲ ဝေဒနာဖြစ်တဲ့အခါမှာ ဝေဒနာနဲ့ တဏှာ၊ ဟို **'တဏှာ'**က ပညတ်ပါတယ်၊ တဏှာက လောဘမူ ဖြစ်သွားတယ်၊ ပြီးတော့ သူက **'သင်္ခါရက္ခန္ဓာ'** ခေါ်တယ်၊ **'ဤဟာသင်္ခါရ'** လို့ဆို၊ ဟော **'ဤဟာ သင်္ခါရ'** ၊ သူက ပြုပြင်တော့မှာ၊ သူက သင်္ခါရ။

**ပစ္စုပ္ပန်အကျိုးမှာ ပစ္စုပ္ပန်အကြောင်းမဆက်တော့ဘူး**

ဝေဒနာပြီးရင် ပြုပြင်တယ် ဝေဒနာကို တစ်ခါတည်း **'ဝေဒနာက္ခန္ဓာ'**လို့ ဆိုလိုက်လို့ရှိရင် သူက မပြုပြင်သေးဘူး၊ ဖဿကြောင့်ဖြစ်တဲ့ ဝေဒနာပဲ၊ ဖဿကြောင့်ဖြစ်တဲ့ ဝေဒနာ၊ ဝေဒနာက ဟို တဏှာ အဲဒါနဲ့ခွဲရတယ်၊ ဝေဒနာတော့ဖြစ်တယ်၊ **'တဏှာမဖြစ်ဘူး'**ဆိုရင် အဲဒါ ပစ္စုပ္ပန်အကျိုးမှာ ပစ္စုပ္ပန်အကြောင်းမဆက်တော့ဘူး။

ဟော အကြောင်းမဆက်တော့ အဲဒီ တစ်ခါတည်း **'ဝေဒနာနိရောဓာ တဏှာနိရောဓော နိဗ္ဗာနံ '** ဆိုပြီးတော့ အဲဒီ **'ဝေဒနာချုပ်'** တဲ့ နေရာမှာ **'နိဗ္ဗာန်'** ရှိတယ်လို့ ကဲ အဲဒီလိုမှတ်ရတယ်။

နိဗ္ဗာန်ဆိုတာက ဘာတုံးဆိုရင် ဝေဒနာချုပ်တော့ **'ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော'**။

www.burmeseclassic.com

www.burmeseclassic.com



## ပညတ်မပါသော ဖဿ၊ ပညတ်မပါသော ဝေဒနာ

**'ဝေဒနာချုပ်တယ်'** လို့ဆိုတဲ့ဟာက ဘယ်လိုဟာတုံးဘုရာ့ဆိုတော့ တဏှာတို့ ဥပါဒါန်တို့ မဖြစ်တာကိုခေါ်တယ်၊ တဏှာတို့ ဥပါဒါန် တို့က ပညတ်ပါလာတယ်၊ **'ပညတ်'** ပါတော့ တဏှာ ဥပါဒါန်ဖြစ်တယ်၊ **'ပညတ်'** မပါတော့ အဲဒီ ဝေဒနာချုပ်တယ်တဲ့။

**'ပညတ်မပါသော ဝေဒနာ၊ ပညတ်ပါသော ဝေဒနာ၊ ပညတ်မပါသော ဖဿ၊ ပညတ်ပါသော ဖဿ'**။ ဥပမာ ဘာလုပ်လိုက် လို့ ဘာဖြစ်သွားတယ်ဆိုရင် အဲဒါ **'ပညတ်'**ပါတယ်၊ ပြီးတော့ ဘယ်လိုဖြစ်သွားတယ်၊ အဲဒီလို စဉ်းစားတာတွေက **'ပညတ်'**ပါတယ်၊ ဘာဖြစ်ဖြစ် သူက **'ဖြစ်ပြီးတော့ ပျက်သွားတာပဲ'** လို့ဆိုရင် အဲဒီ **'သင်္ခါရကို ဥပေက္ခာပြုလိုက်တယ်'** တဲ့။

## ဝေဒနာကလည်း ဖြစ်ပြီးတော့ ပျက်သွားတာပဲ

အဲဒီ **'သင်္ခါရ'**က ဖြစ်ပြီးရင်ပျက်သွားတာပဲ၊ ရှေ့မရှိတော့ဘူး၊ **'ဖဿ'**ကလည်း ဖြစ်ပြီးတော့ ပျက်သွားတာပဲ၊ **'ဝေဒနာ'**ကလည်း ဖြစ်ပြီးတော့ပျက်သွားတာပဲဆိုတော့ **'တဏှာ မကူးဘူး'** ခေါ်တယ်၊ တဏှာမကူးတော့ ဝေဒနာတွင် ချုပ်သွားတယ်၊ ဒါကြောင့် **'ဖဿနိရောဓာ ဝေဒနာနိရောဓော'၊ 'ဝေဒနာနိရောဓာ'၊ 'ဝေဒနာချုပ်သွားတယ်'** ဆိုရင် အဲဒီ **'တဏှာ'** မရောက်ဘူး ဆိုလို့ရှိရင် အဲဒီနေရာမှာ **'နိဗ္ဗာန်'** ရှိတယ်၊ လန့်တာတွေ ထိတ်တာတွေ ကာမစ္ဆန္ဒတွေ ဘာတွေ အဲဒါတွေက တဏှာတွေခေါ်တယ်၊ ကာမစ္ဆန္ဒတွေ၊ ဗျာပါဒတွေ၊ ထိနမိဒ္ဓတွေ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စတွေ အဲဒါ **'မနောသမ္ဖဿ'**ကြောင့် ဖြစ်တဲ့ဟာတွေ၊ ဝေဒနာပြီးတော့ တဏှာကူးတဲ့ဟာတွေကိုး။

## ဖြစ်ပေါ်တာ မရှုရင် ချုပ်တာ မသိဘူး

သူက **'တဏှာ'**ဆိုတော့ လောဘဆိုတော့လည်း **'သင်္ခါရက္ခန္ဓာ'**ခေါ်တယ်၊ **'ဝေဒနာ'**က **'ဝေဒနာက္ခန္ဓာ'**၊ လောဘတို့ ဒေါသတို့က သင်္ခါရက္ခန္ဓာ၊ အဲဒီ ဝေဒနာကနေ သင်္ခါရက္ခန္ဓာကို သတိနဲ့ ဤဟာ ဝေဒနာ၊ ဤဟာ ဖဿ၊ ဤဟာ ဃာနသမ္ဖဿ၊ အဲ ဖဿဆိုတာ **'သင်္ခါရ'** ပဲ၊ ဤဟာ ဃာနသမ္ဖဿ၊ ဤဟာ ဇိဝှါသမ္ဖဿ၊ ဤဟာ ကာယသမ္ဖဿ၊ အဲဒီလို ဖြစ်ပေါ်တဲ့ ဟာတွေကို ရှုရတယ်၊ ဖြစ်ပေါ်တဲ့ဟာ ရှုရပါသော်ကော။

**'ဖြစ်ပေါ်'**တဲ့ဟာက ဖြစ်တာ၊ **'ရှု'**လိုက်တော့ ချုပ်တာ၊ ရှုလိုက်လို့ရှိရင် **'ချုပ်'** သွားတယ်။ **'ဖြစ်ပေါ်'** တဲ့ဟာကို **'မရှု'** လိုက်လို့ရှိရင် **'မချုပ်'**ဘူး၊ ချုပ်တာမှန်းလည်းမသိဘူး၊ အဲလို ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



လို့ရှိရင် တဏှာ ဥပါဒါန်တွေ ဆက်တယ်။ အဲ **'ဖဿ၊ ဝေဒနာ'**ကနေပြီးတော့ **'တဏှာ၊ ဥပါဒါန်'** မဆက်ဘူးဆိုလို့ရှိရင် အဲဒါ **'ပဋိစ္စသမုပ္ပါဒ်အကျိုး'** ကရပ်သွားတယ်၊ **'အကြောင်း'** မပေါ်တော့ဘူးဆိုရင် အဲဒါလည်း **'နိဗ္ဗာန်'** ရောက်တယ်၊ အဲ အဲဒီလိုဟာလေးတွေ ဂရုစိုက်ရတယ်။

**'ဣမသ္မိံ** - ဤသဠာယတနသည်၊ **သတိ** - ရှိခဲ့သော်၊ **ဣဒံ** - ဤဖဿဝေဒနာသည်၊ **ဟောတိ** - ဖြစ်၏'။

**'ဣမသ္မိံ** - ဤသဠာယတနသည်၊ **အသတိ-** မရှိခဲ့သော်၊ **ဣဒံ-** ဤဖဿ ဝေဒနာသည်၊ **နဟောတိ** - မဖြစ်'။

**'သဠာယတန'** ဆိုတာ အာယတနခြောက်ပါး၊ မျက်စိဆိုရင် **'စက္ခုပသာဒ'**ခေါ်တယ်။ နားဆိုရင် **'သောတပသာဒ'** ခေါ်တယ်၊ ပသာဒက အကြည်၊ နှာခေါင်းဆိုရင် **'ဃာနပသာဒ'** ခေါ်တယ်၊ လျှာဆိုရင် **'ဇိဝှါပသာဒ'** ခေါ်တယ်၊ ကိုယ်ဆိုရင် **'ကာယပသာဒ'**ခေါ်တယ်။

**'မန'**ကျတော့ ဟဒယဝတ္ထုခေါ်တယ်၊ **'မနော'**ခေါ်တယ်၊ အဲဒီဟာ အဲဒီမနောထဲမှာ ရှိတာကတော့ **'မနောသမ္ဖဿ'**ခေါ်တယ်၊ အဲဒါကတော့ စိတ်ကူးတွေ တွေးတောတာတွေ အောက်မေ့တာတွေ၊ အမှတ်ရတာတွေနဲ့ ဖြစ်လာတဲ့ 'ဖဿ'တဲ့၊ အဲ တွေးတောတာထဲမှာ ဖဿ ပါတယ်၊ ဖဿ၊ ဝေဒနာ၊ စိတ်ကူးတာတွေ၊ အောက်မေ့တာတွေ၊ အမှတ်ရတာတွေ၊ အဲ အဲဒါတွေက **'မနော'**နဲ့ ဆိုင်တယ်တဲ့၊ **'မနော'** နဲ့ ဆိုင်ရင် အဲဒါ **'မနာယတန'** ခေါ်တယ်၊ အဲဒါ ဘာခေါ်တုံး (မနာယတနပါဘုရား)။

## သမုဒယသစ္စာ မပေါ်ရင် နိရောဓသစ္စာ

အဲ **'မနာယတန'** ကလည်း **'တဏှာဥပါဒါန်'**ပါတယ် မပါဘူးဆိုတာတော့ အဲဒီနေရာ သိရတယ်။ **'တဏှာဥပါဒါန်'** ပါလို့ရှိရင် **'ဤဟာသမုဒယသစ္စာ'**လို့ ဆိုရတယ်၊ တဏှာ ဥပါဒါန် ပါရင် ဘယ်လိုဆိုမလဲ (ဤဟာသမုဒယသစ္စာပါဘုရား)၊ **'ဖဿနဲ့ဝေဒနာ'**ဆိုရင်တော့ **'ဤဟာ ဒုက္ခသစ္စာ'**ဆိုလိုက်စမ်း (ဤဟာဒုက္ခသစ္စာ)၊ အဲဒါ **'သစ္စကမ္မဋ္ဌာန်း'** ခေါ်တယ်၊ အဲလို ဆိုလိုက်တော့ ဒုက္ခသစ္စာမှန်း၊ သမုဒယသစ္စာမှန်း သိသွားတယ်၊ ဒုက္ခသစ္စာလို့ သမုဒယသစ္စာလို့ သမုဒယ မပေါ်လာတော့ဘူး ဆိုလို့ရှိရင် **'ဤဟာ နိရောဓသစ္စာ'**၊ သမုဒယသစ္စာမပေါ်လာတော့ မပေါ်လာတဲ့ဟာကို နိရောဓသစ္စာခေါ်တယ်၊ **'သမုဒယချုပ်တယ်'** ခေါ်တယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



အဲ ဟို **'သဠာယတနတွေ'**ကတော့ **'ဖြစ်ပျက်'**တာ၊ သဠာယတနတွေကတော့ဖြစ်ပြီး ပျက်သွားတယ်၊ ဖြစ်ပြီးပျက်သွားလို့ ငါတွေ သူတွေဆိုတဲ့ **'ပညတ်တွေ'** မပေါ်လာဘူး ဆိုလို့ရှိရင် **'နိရောဓသစ္စာ'** ဖြစ်တယ်၊ သမုဒယမပေါ်ရင် ဒုက္ခလည်းမရှိဘူး၊ ဒုက္ခမရှိတာကိုပင်လျှင် နိရောဓသစ္စာလို့ခေါ်တယ်၊ ဒုက္ခမရှိရင် ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)၊ နိရောဓသစ္စာ ဖြစ်သွားတာက ဘာပြုလို့တုံးဆိုတော့ **'မဂ္ဂသစ္စာ'**ကြောင့်ဆိုပြီးတော့ အဲဒီလိုသစ္စာလေးပါးကို အဲဒီလို ရှုရတယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။

အဲလို ဖဿတို့ ဝေဒနာတို့ပေါ်တဲ့အခါမှာ အဲဒီ **'ပညတ်'** ဆိုတာ ထိတ်တာ၊ လန့်တာ တို့ ဘယ်နှယ့်တုံး ဘာတုံး အဲဒီလို ပြာပြာသလဲနဲ့ အဲဒီလို **'ဝေဒနာပစ္စယာ'**၊ ပြီးတော့ ဝေဒနာ မဟုတ်လို့ရှိရင် အဲဒီဟာဖြစ်တတ်တယ်၊ ဒါကြောင့် **'ဝေဒနာခံစားတယ်၊ ဤဟာဝေဒနာ၊ ဤဟာ ဝေဒနာဖြစ်ကြောင်း'**။

အဲ **'ဝေဒနာဖြစ်ကြောင်း'** ကတော့ ဖဿပေါ့၊ ဖဿတို့ သဠာယတနတို့က ဝေဒနာ ဖြစ်ကြောင်း ဖြစ်တယ်၊ **'ဝေဒနာ'**က **'ဝေဒနာက္ခန္ဓာ'**၊ **'ဝေဒနာဖြစ်ကြောင်း'**က ဖဿဆိုတော့ **'သင်္ခါရက္ခန္ဓာ'**ခေါ်တယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။

### နိဗ္ဗာန်က ဝေဒနာနဲ့ တဏှာကြားထဲမှာ ရှိတယ်

ရုပ်တွေရော ဘာတွေရော၊ **'သဠာယတန'**ကြောင့် ဖဿဖြစ်တာကိုး၊ **'ဖဿ'**ကြောင့် ဝေဒနာဖြစ်တာကိုး၊ **'ဝေဒနာ'**ကြောင့်လည်း တဏှာဖြစ်တာကိုး၊ အဲဒါ ဝေဒနာကနေ တဏှာ မဖြစ်ဖို့ အဲဒီလို ဗဟုသုတလေးနဲ့ရှိထားလို့ရှိရင် တဏှာမဖြစ်ဘူးတဲ့၊ **'တဏှာ'** မဖြစ်တဲ့ဟာကို **'နိရောဓသစ္စာ'** လို့ခေါ်တယ်၊ တဏှာမဖြစ်ရင် ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)၊ အဲ ဒကာကြီးတွေလိုချင်တဲ့ နိဗ္ဗာန်က အဲဒီဟာကို ခေါ်တယ်၊ ဝေဒနာနဲ့ တဏှာကြားထဲမှာ ရှိတယ်၊ **'တဏှာမကူးရဘူး'**၊ အဲဒီလိုမှတ်နော်။

ကဲ --- တော်ကြအုံးစို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " သပိတ်ကြီးနှင့် အပေါက်သုံးပေါက်ပမာ ရှုအပ်စွာ တရားတော် "

၁၅. ၁၂. ၂၀၀၆

## ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်

**'ဘုံသုံးပါး'** ဆိုတာက အခုဟာကို **'ကာမဘုံ'** လို့ခေါ်တယ်၊ ဟိုနတ်ပြည် ခြောက်ထပ်က လည်းကာမဘုံပဲ၊ ငရဲကလည်း ကာမဘုံပဲ၊ **'ကာမ'**ကဆယ့်တစ်ဘုံရှိတယ်၊ **'ရူပ'**ကဆယ့်ခြောက်ဘုံ ရှိတယ်၊ (၁၁) နဲ့ (၁၆)၊ ဘုံပေါင်း (၂၇)ဘုံ၊ **'အရူပ'** က လေးဘုံ ပေါင်းလိုက်တော့ သုံးဆယ့်တစ်ဘုံ။

**'ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ အဲ **'ဒုက္ခသစ္စာ'**ဆိုတာ **'ဖြစ်တာ'**ကိုခေါ်တယ်၊ အခု**'နားကြားတာ'**လည်း ဖြစ်တာပဲ၊ **'မျက်စိမြင်တာ'** လည်း ဖြစ်တာပဲ၊ အဲဒီ **'ဖြစ်တာလေး'**မှာ တစ်ခါတည်း **'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'** သုံးခုပါတယ်၊ ဖြစ်တာထဲမှာ ဘာပါတုံး (အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးခုပါပါတယ်ဘုရား)။

## သပိတ်ကြီးမှာ အပေါက်သုံးပေါက်ပါတယ်

အဲ အဲ သပိတ်ကြီးမှာ အပေါက်သုံးခုပါသလိုပဲ၊ အခုကြားတယ်နော် (တင်ပါ့ဘုရား)၊ ကြားတော့ **'ဖြစ်'**မသွားဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲ **'ဖြစ်'**တဲ့နေရာမှာ **'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'** ပါတယ်၊ ဟိုက ဖြစ်ပျက်ဆိုတာ နှစ်ခုတည်းတွင်ပါသွားတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတယ်၊ **'သပိတ်ကြီး'**မှာ **'အပေါက်သုံးခု'**ရှိတယ်၊ အပေါက်သုံးပေါက်ရှိလို့ရှိရင် သပိတ်ကြီးလို့သိရမယ်။ သပိတ်ကြီးလို့ သိပြီးလို့ရှိရင် အပေါက်သုံးပေါက်ရှိတာကို သိရမယ်၊ အခုကြားတဲ့ဟာ **'ဖြစ်တာ'** ပဲ။ သပိတ်ကြီးမှာ အပေါက်သုံးပေါက်ပါတယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတယ်၊ မြင်တာမှာလည်း အဲဒီ **'ဖြစ်တာ'**ပဲ၊ **'ဖြစ်'**တော့လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတယ်။

**'ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ ဘုံသုံးပါးမှာ ဖြစ်လို့ရှိရင် ဒုက္ခသစ္စာလို့မှတ်၊ ဘယ်သူဘယ်ဝါတွေဆိုတာ လောကီ ဇာတ်ထုပ်ခေါ်တယ်နော် (တင်ပါ့ဘုရား)၊ လူတွေ ဘာတွေလို့ မလုပ်နဲ့၊ ကြားတယ် (အဟမ်း)အခု ချောင်းဆိုးတယ်ဆိုတာ **'ဖြစ်တာ'**ပဲ၊ **'ဖြစ်'** ပြီးတော့ **'ပျက်'**သွားတာပဲ၊ သပိတ်ကြီး ဖြစ်သွားတယ်။

## သပိတ်ကြီးက သင်္ခါရ၊ အပေါက်သုံးပေါက်က အနိစ္စ၊ ဒုက္ခ၊ အနတ္တ

သပိတ်ကြီးက အပေါက်သုံးပေါက်ပါတယ်၊ သပိတ်ကြီးက ဘာပါတုံး (အပေါက်သုံးပေါက်

www.burmeseclassic.com

www.burmeseclassic.com



ပါပါတယ်ဘုရား)၊ အဲ အပေါက်သုံးပေါက်ပါတော့ တစ်ခါတည်း သူက အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ပဌမအပေါက်က အနိစ္စ၊ ဒုတိယအပေါက်က ဒုက္ခ၊ တတိယအပေါက်က အနတ္တ၊ အဲ **'သပိတ်ကြီး'**က **'သင်္ခါရ'**၊ သပိတ်ကြီးက ဘာတုံး (သင်္ခါရပါဘုရား)၊ အဲ **'သင်္ခါရ'** ဆိုရင် **'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'** ရှိတယ်၊ သင်္ခါရဆိုရင် ဘာရှိတုံး (အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှိပါတယ်ဘုရား)။ အဲ **'ကြားတာ'**က အနိစ္စ၊ ဒုက္ခ၊ အနတ္တမရှိဘူးလား (ရှိပါတယ်ဘုရား)။

**'မြင်တာ'**လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ **'နံတာ'**လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊

**'စား'**တဲ့ဟာလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ **'ထိ'**တဲ့ဟာလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊

**'ကြံ'**တဲ့ဟာလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊

အဲဒါ ဘုံသုံးပါးမှာဖြစ်လို့တဲ့၊ အဲဒီဟာ**'မဖြစ်ဘူး'**ဆိုတော့ သပိတ်ကြီးလည်း မရှိတော့ဘူး၊ အပေါက်သုံးပေါက်လည်းမရှိတော့ဘူး၊ အဲဒီဟာ **'နိဗ္ဗာန်'** ခေါ်တယ်။ အဲ အဲဒါ **'ဂေါတြဘူ'**နဲ့ကျမှ အာရုံပြုနိုင်တယ်၊ အဲ ဟို **'သင်္ခါရုပေက္ခာနဲ့ အနုလောမ'**ကဖြစ်တာနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တပဲ အာရုံပြုနိုင်တယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အာရုံပြုရင် သူကမဖြစ်တဲ့ဟာ မပျက်တဲ့ဟာကို လောကုတ္တရာကို အာရုံမပြုနိုင်ဘူး၊ **'လောကုတ္တရာ'** အာရုံပြုနိုင်တာက ဂေါတြဘူက အာရုံပြုနိုင်တယ်၊ ဂေါတြဘူက **'မဖြစ်'** တဲ့ဟာကို အာရုံပြုတာ **'နိဗ္ဗာန်'**၊ ဟော အဲလို မဖြစ်တဲ့ဟာလည်း အာရုံပြုရော အဲဒီ **'ပုထုဇဉ်'**က **'သောတာပန်'** ဖြစ်သွားတယ်။

အဲဒါ **'ဂေါတြဘူ'**က **'ဂေါတ္တံ-ပုထုဇဉ်အနွယ်ကို'**၊ ပုထုဇဉ်လို အပြောအဆိုတွေ၊ အနေအထိုင်တွေ အစားအသောက်တွေ အမူအရာတွေ ပုထုဇဉ်လို ကြမ်းကြမ်းတမ်းတမ်း မလုပ်တော့ဘူး၊ သူကနူးညံ့သွားတယ်၊ အဲ အသွားနူးညံ့တယ်၊ သတိပါတာကိုး၊ အသွားနူးညံ့ တယ်၊ အလာနူးညံ့တယ်၊ စကားပြောလည်း နူးညံ့တယ်၊ ဟို ဟို စကားပြောတော့လည်း သည်းခံတဲ့အခါလည်း နည်းနည်း သူကခံနိုင်ရည်ရှိသွားတယ်။ စကားလည်း အနိုင်နဲ့ပြောလည်း သည်းခံနိုင်တဲ့ အရည်အချင်းရှိသွားတယ်။ အဲ ဂေါတြဘူက လောကုတ္တရာ ရောက်သွားတယ်။

### ဂေါတြဘူက လောကုတ္တရာ ရောက်သွားတယ်

**'ဂေါတ္တံ** - ပုထုဇဉ် အနွယ်ကို၊ **အဘိဘဝတိ** - လွှမ်းမိုးတတ်၏၊ **ဣတိတသ္မာ** - ထို့ကြောင့်၊ **ဂေါတြဘူ** - ဂေါတြဘူမည်၏'။

အဲဒီနောက်မှာတော့ မဂ်ဖိုလ်တွေရောက်သွားတယ်တဲ့၊ **'စိတ္တက္ခဏလေး'** နဲ့ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့၊ အဲဒီလို မှတ်ထားနော် (တင်ပ့ါဘုရား)၊ အဲ အဲဒီဟာလေးက သိလွယ်အောင်ဆိုလို့ရှိရင် **'ဖြစ်တာ'** ကိုသိရတယ်။ **'ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**။

အဲ ဘုံသုံးပါးမှာ ဖြစ်တယ်ဆိုလို့ရှိရင် **'ဒုက္ခသစ္စာ'**လို့ မှတ်လိုက်တဲ့၊ သူက အိုတတ်၊ နာတတ်၊ သေတတ်တာကိုး၊ နတ်ဘဝရောက်လည်း အိုလိုက်၊ လူ့ဘဝ ငရဲဘဝရောက်လည်း အိုတတ်၊ နာတတ်၊ သေတတ်တယ်၊ ပြိတ္တာဖြစ်လည်း အိုတတ်၊ နာတတ်၊ သေတတ်၊ အဲဒီက မလွတ်ဘူး။

## လောဘရှိရင် လိုချင်တယ်၊ ယူချင်တယ်

ဒါကြောင့် အဲဒီသေခါနီးရောက်လို့ရှိရင် **'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'**၊ အဲဒါလေး နာနာရွတ်၊ **'ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**။ အဲ ဘုံသုံးပါး မှာဖြစ်ရင် ဒုက္ခသစ္စာ - အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ အဲဒီလို ရွတ်နေတဲ့အခါကျတော့ အဲဒီဘုံသုံးပါးက လွတ်သွားတယ်၊ အဲဒီ လွတ်သွားတော့မှ **'ဂေါတြဘူ'**ဆိုတာ အဲလိုလွတ်သွားတာ၊ **'လောကုတ္တရာ'** ခေါ်တယ်၊ အဲလို မှတ်ထားနော် (တင်ပ့ါဘုရား)။

အဲ **'ဒုက္ခသစ္စာ'** ဖြစ်ပြီဆိုရင် သူက**'သမုဒယသစ္စာ'**ကပါတယ်၊ **'သမုဒယသစ္စာ'** ဆိုတာက **'လောဘ'**ခေါ်တယ်၊ လောဘဆိုတာ ယူချင်တာခေါ်တယ်၊ လောဘဆိုတာ လိုချင်တာတို့ ယူချင်တာတို့၊ လောဘရှိရင် လိုချင်တယ်၊ ယူချင်တယ်၊ အာရုံကောင်းကောင်းလေး မြင်ရင် လိုချင်တယ်၊ ရချင်တယ် ယူချင်တယ်၊ အဲ အဲဒါ ဘာပြုလို့ ရချင်လိုချင်တုံးဆိုတော့ လူတွေ၊ နတ်တွေ၊ ပိုက်ဆံတွေ၊ ဥစ္စာတွေ **'လောကီတွေ'** ပေ့ါ၊ အဲဒါဖြစ်လို့ လောဘက လိုချင် တယ်တဲ့၊ နတ်တွေကလည်း နတ်ချမ်းသာတွေရှိတာပဲ၊ သူတို့လည်း လိုချင်တာပဲ၊ အဲ လိုချင်လို့ရှိရင် **'သမုဒယသစ္စာ'** မှတ်တဲ့။

## သမုဒယသစ္စာ လိုချင်တာ သူ့မှာရှိတယ်မှတ်

**'ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ အင်း **'တဏှာသမုဒယောဘဝေ'**တဲ့၊ **'လောဘ'** ကိုခေါ်တယ်၊ **'လောကီ'** လည်းခေါ်တယ်၊ သူက လောကီဆိုတော့ လူတွေပေ့ါ၊ သူက လောကီ ဆိုတော့ လူတွေ၊ နတ်တွေ၊ လိုချင်စရာတွေ ဖြစ်သွားတယ် လောကီ၊ **'လိုချင်စရာ'**က **'ဒုက္ခသစ္စာ'**၊ **'လိုချင်တာ'**က **'သမုဒယသစ္စာ'**၊ လိုချင်သလား မလိုချင်သလားဆိုတာ ကိုယ့်ဟာကိုယ်

www.burmeseclassic.com

www.burmeseclassic.com



သိရတယ်၊ ကိုယ့်ဟာကိုယ်သိလို့ **'မလိုချင်'**တော့ဘူးဆိုလို့ရှိရင် **'နိဗ္ဗာန်'** ရောက်တယ်၊ **'လိုချင်တယ်'** ဆိုတော့ **'ဖြစ်'**သွားတယ်။ ဖြစ်တာဘာပြုလို့ဖြစ်တုံးဆိုတော့ လိုချင်လို့ ဖြစ်သွားတယ်၊ လောဘရှိလို့ ဖြစ်သွားတယ်၊ အဲဒါ လောဘဘာပြုလို့ရှိတုံးဆိုတော့ ပိုက်ဆံတွေ၊ လူတွေ၊ ယောက်ျားတွေ၊ မိန်းမတွေ၊ နတ်တွေလို့ဆိုပြီးတော့ လောကီကို အာရုံပြုတော့ လိုချင်သွားတယ်၊ နောက်နောက်ကလည်း အဲဒီလို လိုချင်လို့ ဖြစ်ခဲ့တယ်လို့မှတ်။ **'ဖြစ်'**တဲ့ဟာက **'ဒုက္ခသစ္စာ'**၊ **'လိုချင်တာ'**က **'သမုဒယသစ္စာ'**။

**'သမုဒယသစ္စာ၊ လိုချင်တာ သူ့မှာရှိတယ်မှတ်'**၊ သမုဒယသစ္စာ လိုချင်တာရှိနေရင် သမုဒယသစ္စာရှိတယ်တဲ့၊ **'သမုဒယသစ္စာ လိုချင်တာ သူ့မှာရှိတယ်မှတ်'**၊ ကိုယ့်လည်း ရှိတတ်တယ်၊ အဲဒီလိုမရှိဘူးဆိုမှ အဲဒီ ခုနတုန်းက ဘုံသုံးပါးမှာ မဖြစ်မှာ။ အဲ သမုဒယရှိလို့ လိုချင်နေရင်တော့ အဲလိုဖြစ်အုံးမှာပဲတဲ့။

**'သမုဒယသစ္စာ လိုချင်တာ'**၊ **'သမုဒယသစ္စာ'** ဆိုတာက လိုချင်တာကို ခေါ်တယ်တဲ့၊ လူ့ဘဝကြီးလည်းလိုချင်၊ ယောက်ျားလည်းလိုချင်၊ မိန်းမလည်းလိုချင်၊ ပိုက်ဆံလည်းလိုချင်၊ အလုပ်လည်းလိုချင်တယ်၊ ချမ်းလည်းချမ်းသာချင်တယ်၊ သူ့မှာလိုချင်လို့မဆုံး တစ်မိုးချုန်း၊ လှလည်းလှချင်တယ်၊ ဂုဏ်လည်းရှိချင်တယ်၊ ရာထူးလည်းရချင်တယ်၊ အဲဒီလို ဟာတွေပေါ့၊ အဲ သေခါနီးကျတော့ မရချင်နဲ့၊ ခုတော့ ရချင်လည်းရ၊ ဒါပေမယ့်အဆက်ပါ မသွားအောင် လုပ်ရမယ်။ **'သမုဒယသစ္စာလိုချင်တာ သူ့မှာရှိတယ်မှတ်'**။

**ဘုံသုံးပါးမှာ မဖြစ်တာ နိရောဓသစ္စာမှတ်**

အဓိပ္ပါယ်ကလည်း ရှည်ရှည်ကြီးရေးထားနော်၊ သူ့မှာ ဘာတွေလိုချင်တုံး၊ လိုချင်လို့ရှိရင် လောဘ၊ လောဘဆိုတာ လူတွေ၊ ယောက်ျားတွေ၊ မိန်းမတွေ၊ ပိုက်ဆံတွေ၊ လောကီတွေ၊ ရာထူးတွေပေါ့၊ **'လိုချင်စရာ'** က **'ဒုက္ခသစ္စာ'**၊ **'လိုချင်တာ'**က **'သမုဒယသစ္စာ'**တဲ့၊ အဲလို မှတ်ရတယ်တဲ့။

**'သမုဒယသစ္စာလိုချင်တာ သူ့မှာရှိတယ်မှတ်၊ ဘုံသုံးပါးမှာမဖြစ်တာ နိရောဓသစ္စာမှတ်'**။

အဲ ဘုံသုံးပါးမှာမဖြစ်တာ နိရောဓသစ္စာခေါ်တယ် တဲ့၊ အခု ကြားနေရင်း မတ်တတ် **'လောဘ'**လည်း မဖြစ်ဘူး၊ **'ဒေါသ'**လည်း မဖြစ်ဘူး၊ **'မောဟ'** လည်း မဖြစ်ဘူးဆိုရင်သူက **'နိရောဓသစ္စာ'** ခေါ်တယ်တဲ့၊ ဟို ဒီခန္ဓာကြီးကတော့ သူက နောက်က ပေးလိုက်လို့ဖြစ်လာတယ်၊

www.burmeseclassic.com

www.burmeseclassic.com



နောက်က ပေးလိုက်လို့ဖြစ်တာ၊ အခုပေးလို့ ဒီခန္ဓာဖြစ်တာမဟုတ်ဘူး၊ နောက်ဘဝက ပေးလိုက်လို့ ဖြစ်လာတာ၊ အင်း အဲဒီလိုမှတ်။

**'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ **'ဖြစ်တဲ့နေရာ'** ဟာ ဘုံသုံးပါးပဲဖြစ်တယ်၊ **'လောကုတ္တရာ'** က ဘုံသုံးပါး မဟုတ်တော့ဘူး၊ လောကုတ္တရာဆိုတော့ သူ့မှာဖြစ်စရာ နေရာ မရှိဘူး၊ ဒါကြောင့် **'နိရောဓသစ္စာ'**လို့ ခေါ်တယ်၊ ဘုံသုံးပါးမှာဆိုတာက ဟော ခု လူ့ဘုံ ဆိုတာလည်း ကာမဘုံပဲ၊ အဲဒါ ငရဲဘုံရောပါတယ်၊ ကာမသုဂတိ ခုနစ်ဘုံရော၊ ခုနစ်ဘုံနဲ့ အပါယ်လေးဘုံနဲ့ပေါင်းတော့ ဆယ့်တစ်ဘုံ၊ အဲဒါ ကာမဆယ့်တစ်ဘုံ ခေါ်တယ်။

ဟော နား မကြားဘူးလား (ကြားပါတယ်ဘုရား)၊ အဲဒါလည်း ကာမဘုံ ခေါ်တယ်၊ ကြားလို့ဖြစ်တာ၊ ဘုံထဲမှာ နားကကြားတာဟာ ဖြစ်သွားတာ၊ **'ဖြစ်ပြီ'** လို့ဆိုရင် သူက သပိတ် ကြီးမှာ အပေါက်သုံးပေါက်ပါသလို၊ ဟော အပေါက် သုံးပေါက်က အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အဲ သပိတ်ကြီးဆိုတာက ကြားတဲ့ဟာ၊ သပိတ်ကြီးဆိုတာက ဘာတုံး (ကြားတဲ့ဟာပါဘုရား)၊ အဲ အဲ ကြားတဲ့ဟာ၊ အဲဒါကို **'သင်္ခါရ'**ခေါ်တယ်၊ ဘာခေါ်တုံး (သင်္ခါရခေါ်ပါတယ်ဘုရား)၊ ဒါမှ သင်္ခါရမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ **'ကြားတာ'**ကလည်း **'မမြဲ'**လို့၊ ကြားတာကလည်း သပိတ်ကြီး အပေါက်ပါနေလို့၊ ကြားတာကဘာတုံး (သပိတ်ကြီး အပေါက်ပါနေလို့ပါဘုရား)၊ အဲ သပိတ်ကြီး အပေါက်ပါနေလို့ **'မမြဲဘူး'**၊ ဟုတ်ရဲ့လား (တင်ပါ့ဘုရား)။

### ဝါယော အဆက်ဆက် ဝါယော သန္တတိ

ဟို စက်ာပူကပြောလိုက်တဲ့ လေသံကြီးလေ ဒီနားထဲ ရောက်လာရောလေ၊ ဟော ဟိုက ပြောလိုက်တာက တစ်ခါတည်း **'ဒူရ'**ခေါ်တယ်၊ အဝေးကြီးကနေပြီးတော့ ဒီမှာ လာပြီး ကြားတယ်လေ၊ အဲ အဲဒါ **'ပထဝီတွေ'**၊ **'ဘုတ်အဆက်ဆက်'** မဟာဘုတ်ဆက်တယ်၊ ဥပမာ သမုဒ္ဒရာကြီးလို ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းနဲ့ရောက်တာ၊ အဲဒါ **'ရေအဆက်ဆက်'**၊ **'အာပေါ သန္တတိ'**၊ လေလည်း စက်ာပူနဲ့ နားနဲ့ စက်ာပူကစကားပြောတာနဲ့ ဒီကနေတာနဲ့က 'ဝါယော အဆက်ဆက်'၊ ဒီက **'ဝါယောသန္တတိ'**၊ ဟော ရေကတော့ ရေများတယ်၊ လေကတော့ လေများတယ်၊ ရေလည်းပါတယ်။ မဟာဘုတ်လေးပါး ရေလည်း ပါတယ်၊ အောက်ထဲမှာလည်း ဟိုရေထဲမှာလည်း လေပါတယ်။

**'အဋ္ဌကလာပ်ရုပ် ရှစ်ခု'**ပါတယ်၊ **'ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ'**၊ အဲဒါက **'ဥပါဒါရုပ်'** ခေါ်တယ်၊ **'ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော'**၊ အဲဒါ **'မဟာဘုတ်'**ခေါ်တယ်၊ ဟော အခု ဟိုအဝေးကြီးက

www.burmeseclassic.com

www.burmeseclassic.com



အသံကြီးက အဲဒါ လေကလည်း **'လှိုင်း'**လိုပဲ၊ ရေက **'လှိုင်း'** ရှိမှသွားတာ၊ မြွေကြီးတွေကလည်း တွန့်လိမ်ပြီးမှ သွားတာ၊ မြွေကြီးတွေကဘာပြုလို့တုံးဆိုတော့ သူတို့က ခြေထောက်မပါဘူး၊ နံရိုးနဲ့ ဟိုနံရိုးနဲ့ ဒီနံရိုးနဲ့ ထောက်လိုက်တော့ မြွေကြီးက 'ရှဲ' ဆိုတဲ့ မသွားနိုင်ဘူး၊ ဟော လိမ်ကောက်ပြီး အဲလို သွားတယ်၊ အဲဒါ နံရိုးတွေနဲ့ ထောက်ထောက်သွားလို့၊ တစ်ခါကျမှ နောက်ဆုံးကျမှ 'ရှဲ' ဆိုတဲ့သွား လိုက်တာကတော့နံရိုးတစ်ချောင်းတည်းနဲ့ ပစ်သွားလိုက်သလို ပြေးသွားလိုက်သလိုထောက်ပြီးတော့ မြန်အောင်သွားလိုက်လို့ လိုက်လိုက်တာ အဲဒါကြောင့် မြန်သွားတာ၊ မြွေကြီးကလည်း တွန့်တယ်၊ တွန့်လိမ်ပြီးတော့ သွားတယ်။

အဲ ရေတွေကလည်း လှိုင်းကြီးတွေလို မောက်လိုက်နိမ့်လိုက်၊ မောက်လိုက်နိမ့်လိုက် အဲ သူတို့သွားရင် မောက်လိုက်နိမ့်လိုက် မောက်လိုက်နိမ့်လိုက်သွားတယ်၊ လေကလည်း အဲလို မောက်လိုက်နိမ့်လိုက် မောက်လိုက်နိမ့်လိုက်၊ လေကလည်း ဟိုကလာတဲ့လေနဲ့ ဒီကလေနဲ့ မောက်လိုက်နိမ့်လိုက်သွားတယ်၊ မဟာဘုတ်၊ အဲဒါ **'မဟာဘုတ်'**လို့ ဆိုလို့ရှိရင် အပေါက် သုံးပေါက်ပါတယ်၊ မဟာဘုတ်ဆိုရင် ဘာတုံး (အပေါက်သုံးပေါက်ပါဘုရား)၊ **'လေ'**ကဘာတုံး **'သင်္ခါရ'**၊ လေကဘာတုံး (သင်္ခါရပါဘုရား)၊ အေး စကားပြောတဲ့လေ၊ အဲ အဲဒါ ဘုံသုံးပါးမှာ မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ **'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**။

**ယောက်ျားတွေ ၊ မိန်းမတွေမှန်း သိတာက 'အဝိဇ္ဇာ'**

အဲ အဲလို **'မမြဲတာ'**ရယ်၊ သပိတ်ကြီး အပေါက်သုံးပေါက်ပါတာ၊ အဲဒါမျိုးကို ဥပေက္ခာ ပြုနိုင်မှ **'သင်္ခါရုပေက္ခာ'** ဖြစ်ပြီပေါ့၊ အဲဒီကမှ **'အနုလောမ'**ဖြစ်ပြီးတော့၊ အဲဒါဖြစ်ပျက်က **'အနုလောမ'**ဖြစ်တယ်၊ **'မဖြစ်တာ'**ရောက်မှ **'ဂေါတြဘူ'** ရောက်သွားတယ်၊ မဖြစ်တာ ရောက်ရင် ဂေါတြဘူက **'မဖြစ်တာ'**ကို အာရုံပြုတော့ ပုထုဇဉ်အနွယ်ကိုလွှန်သွားတယ်တဲ့။

**'ဂေါတ္တံ'** - ပုထုဇဉ်အနွယ်ကို၊ **အဘိဘဝတိ** - လွှမ်းမိုး၍ဖြစ်တတ်၏။ **ဣတိတသ္မာ** - ထို့ကြောင့်၊ **ဂေါတြဘူ** -ဂေါတြဘူမည်၏'။ ဟော အဲလိုဆိုရင် **'သင်္ခါရ'** မှန်းသိတယ်၊ သို့မို့ ဆိုလို့ရှိရင် ဟိုက လူကြီးကိုစိုးမင်း၊ တို့ ဒီကလည်း လူကြီး၊ အဲ လောကီတွေဖြစ်နေတယ်၊ အဲ အဲဒါ လောကီတွေဖြစ်တယ်တဲ့။

**ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်။ သမုဒယသစ္စာ လိုချင်တာ သူ့မှာရှိတယ်မှတ်။**

သမုဒယသစ္စာဆိုတာ လိုချင်တယ်၊ ပြောချင်တယ်၊ ဆိုချင်တယ်၊ ရချင်တယ်ပေါ့လေ၊ ဟိုကလည်း လူတွေ ဒီကလည်း လူတွေ၊ လောဘဆိုတာ လူတွေ လိုချင်တာတွေ ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့၊ အဲဒီ **'လိုချင်တာ'**ဟာ **'သမုဒယသစ္စာ'**ခေါ်တယ်လို့ အဲ အဲလို သိရတယ်၊ အရင်တုန်းက မသိခဲ့လို့ အဲဒီလို လူကြီးဖြစ်တယ်လို့ အဲလိုမှတ်၊ သစ္စာလေးပါးကိုမသိတော့ အဝိဇ္ဇာဖြစ်သွားတယ်လို့ အဲလိုမှတ်၊ ယောကျ်ားတွေ မိန်းမတွေမှန်းသိတာက **'အဝိဇ္ဇာ'** ခေါ်တယ်လို့။

**အာရုံက လူဆိုတော့မှ လောဘဖြစ်တယ်**

ခုနတုန်းက မဟာဘုတ်ဆက်တယ်လို့ **'သန္တတိ'**ခေါ်တယ်၊ ရေကလည်း မဟာဘုတ်၊ လေကလည်း မဟာဘုတ်၊ အမေရိကန်နဲ့ ဒီနဲ့လည်း တဆက်တည်းပဲ၊ ဟိုနတ်ပြည်ရောက်သွားတယ်၊ ငရဲပြည်ရောက်သွားတယ်ဆိုတဲ့ သတ္တဝါကြီးကလည်း လူကြီးကလည်း အာရုံနဲ့ ဆက်လိုက်တာ တစ်ခါတည်း ငရဲပြည်ရောက်၊ တစ်ခါတည်း အာရုံနဲ့ဆက်လိုက်တာ တစ်ခါတည်းနတ်ပြည်ရောက်၊ အဲ အဲဒါလည်း အဲလိုပဲ သုံးဆယ့်တစ်ဘုံက အိုလိုက်နာလိုက်နဲ့ အဲလိုလည်နေတာကိုး။

**ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်။ သမုဒယသစ္စာ လိုချင်တာ သူ့မှာရှိတယ်မှတ်။**

သူကလောဘဆိုတာ လိုချင်တဲ့ဟာကိုခေါ်တယ်။ လူမဟုတ်ဘူး။ သူက **'အာရုံ'**က**'လူ'** ဆိုတော့မှ လောဘဖြစ်တယ်၊ **'အာရုံ'** က **'လူ'** ဆိုရင်ဘာဖြစ်တုံး (လောဘဖြစ်ပါတယ်ဘုရား)။

**'အာရုံ'** က **'ပိုက်ဆံတွေ'** ဆိုရင် လောဘဖြစ်တယ်။

**'အာရုံ'** က **'အဝတ်အထည်တွေ'** ဆိုရင် လောဘဖြစ်တယ်။

**'အာရုံ'** က **'ပထဝီတွေ'** ဆိုရင် လောဘဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)။

**'အာရုံ'** က **'ဝါယော'** လို့ဆိုရင် လောဘဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)။

**'အာရုံ'** က **'သင်္ခါရတွေ'**ဆိုရင် လောဘဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)။

**'အာရုံ'** က **'အနိစ္စ'** လို့ဆိုရင် လောဘဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)။

အဲ လောဘ မဖြစ်တော့ လောကီမဖြစ်တော့ **'လောကုတ္တရာ'** ဖြစ်သွားတယ်တဲ့။ **'နိရောဓောနာမ နိဗ္ဗာနံ'**။

**လောကကြီးမှ လွန်လေရာ မဂ္ဂသစ္စာမှတ်**

**ဘုံသုံးပါးမှာမဖြစ်တာ နိရောဓသစ္စာမှတ်**။

**'နိရောဓောနာမ နိဗ္ဗာနံ'**၊ **'နိရောဓော** - ချုပ်ခြင်းသည်၊ **နိဗ္ဗာနံနာမ** - နိဗ္ဗာန်မည်၏'။

www.burmeseclassic.com

www.burmeseclassic.com



ချုပ်တယ်ဆိုတာ ဘုံသုံးပါးမှာ မဖြစ်တာကိုခေါ်တယ်တဲ့၊ ဟော ခုနတုန်းက **'ရေလှိုင်းကြီး'** လည်း မဖြစ်တော့ဘူး၊ **'လေလှိုင်းကြီး'**လည်း မဖြစ်တော့ဘူး၊ **'လောဘ'**လည်း မဖြစ်တော့ဘူး၊ အဲ လောဘကလည်း **'လူ'**ထင်လို့ လောဘဖြစ်တယ်၊ **'ပိုက်ဆံ'**ထင်လို့ လောဘဖြစ်တယ်၊ **'အိမ်'** ထင်တော့လည်း လောဘဖြစ်တယ်၊ **'သား'**ထင်တော့လည်း လောဘဖြစ်တယ်၊ **'သမီး'** ထင်တော့လည်း လောဘဖြစ်တယ်တဲ့။ သူက အဲလို ဖြစ်တာက လွန်သွားမှ **'လောကုတ္တရာ'** ဖြစ်သွားတယ်တဲ့၊ လောကုတ္တရာ ဆိုတာ **'မဂ္ဂေါ - မဂ္ဂသစ္စာ'**။

**လောကကြီးမှလွန်လေရာ မဂ္ဂသစ္စာမှတ်**။

ခုန **'ပထဝီ၊ တေဇောကြီး'**ကလည်း လွန်သွားတယ်၊ အဲဒါ **'သင်္ခါရလောက'**၊ ပထဝီ တေဇောက ဘာတုံး (သင်္ခါရပါဘုရား)၊ လူတွေက ဘာတုံး **'သတ္တလောက'**၊ လူတွေက ဘာတုံး (သတ္တလောကပါဘုရား)၊ အဲ သင်္ခါရလောကနဲ့ သတ္တလောက ဖြစ်သွားတော့၊ **'အဝိဇ္ဇာ'**က **'သင်္ခါရလောက'**ကဖြစ်သွားတယ်၊ ဟုတ်ကဲ့လား (တင်ပါ့ါဘုရား) အဲ အဲလိုမှတ်၊ ဒီလောက်ဆိုရင် ဒီလောက်သိရင် မဆိုးဘူးလို့၊ ဟုတ်ကဲ့လား (တင်ပါ့ါဘုရား)။

**ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်။**

**သမုဒယသစ္စာ လိုချင်တာ သူ့မှာရှိတယ်မှတ်။**

**ဘုံသုံးပါးမှ ချုပ်လေရာ နိရောဓသစ္စာမှတ်။**

ဘုံသုံးပါးမှ ချုပ်တာ နိရောဓသစ္စာ ဖြစ်သွားတယ်။

**ဒုက္ခံ တေဘူမကံ ဝဋ္ဋံ**

**'ဒုက္ခံ တေဘူမကံ ဝဋ္ဋံ'** အဲဒါလေးကို သိထား၊ **'တေဘူမကံ - ဘုံသုံးပါး၌ဖြစ်သော'**၊ ဖြစ်တာကိုရတယ်၊ ဘုံသုံးပါး၌ဆိုတာက နေရာ၊ '၌' ပေးရင် နေရာ၊ အာဓာရဟုမှတ်တဲ့၊ တို့ အင်္ဂလိပ်မှာလည်း '၌' ပေးလို့ရှိရင် နေရာရတယ်၊ အဲ နေရာ နေရာရှိမှဖြစ်တယ်၊ ဟုတ်ကဲ့လား (တင်ပါ့ါဘုရား)။

**ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်**။

အဲ ဘုံသုံးပါး၌ '၌' နဲ့ 'မှာ' နဲ့ အတူတူပဲ။ ဘယ်မှာဖြစ်သလဲ၊ ဘယ်ကလာသတုံး၊ ဘယ်မှာတုံးနဲ့၊ ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်။

အဲ **'ဒုက္ခံ တေဘူမကံ ဝဋ္ဋံ'** လို့ခေါ်တယ်၊ **'ဘုံသုံးပါးမှာ ဖြစ်တဲ့ဟာ'**၊ ဖြစ်တယ်ဆိုရင် နားကမကြားဘူးလား၊ အဲ အဲ နားကကြားတဲ့ဟာ။

www.burmeseclassic.com

www.burmeseclassic.com



**ဥပေက္ခာဆိုတော့ မဖွဲ့မပင့်ပဒါ ကျနေတယ်**

သပိတ်ကြီးမှာ အပေါက်ကြီးသုံးပေါက်ပါတယ်၊ သပိတ်ကြီးမှာ အပေါက်ဘယ်နှစ်ပေါက်ပါတုံး (သုံးပေါက်ပါပါတယ်ဘုရား)။ သုံးပေါက်က **'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'**၊ သုံးပေါက်က ဘာတုံး (အနိစ္စ၊ ဒုက္ခ၊ အနတ္တပါဘုရား)။ သပိတ်ကြီးဆိုတာ ဘာတုံး (ကြားတာပါဘုရား)။ ကြားတဲ့ဟာ သပိတ်ကြီး၊ အဲဒီသပိတ်ကြီးကြားတာမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ အပေါက်ကြီး သုံးပေါက်ပါတယ်။ အဲလိုသိသွားရင် **'သင်္ခါရုပေက္ခာ'** ဖြစ်နိုင်တယ်။ **'ဆဠင်္ဂုပေက္ခာ'**လည်း ဖြစ်သွားနိုင်တယ်။ တစ်ခါတည်း ခြောက်ပါးသောအာရုံမှာ ဥပေက္ခာ ဖြစ်သွားနိုင်တယ်။ အဲဒါ ဥပေက္ခာဆိုတာ အလွန်ရင့်တာ။

**သုခါဝေဒနာ ဧကော အန္တော၊ ဒုက္ခာဝေဒနာ ဒုတိယော အန္တော၊**

**ဥပေက္ခာဝေဒနာ မဇ္ဈေ။**

**'သုခ'**ဆိုရင်လည်း အစွန်းတစ်ဘက်ရောက်တယ်။ **'ဒုက္ခ'**ဆိုရင်လည်း အစွန်းတစ်ဘက် ရောက်တယ်။ **'ဥပေက္ခာ'** ဆိုတော့ မဖွဲ့မပင့်ပဒါကျနေတယ်၊ အဲ အဲ အဲလိုမှတ်ထား။

**သုံးဆယ့်တစ်ဘုံမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်။**

အဲ ဖြစ်လေရာဟာ ဒုက္ခသစ္စာဆိုတော့ အဲဒီသုံးဆယ့်တစ်ဘုံမှာ မလိုချင်ဘူး၊ ဟုတ်လား၊ မလိုချင်တော့မဖြစ်ဘူး၊ အရင်တုန်းကတော့ **'ဒုက္ခသစ္စာ'**မှန်း ဟိုနောက်ဘဝက မသိခဲ့လို့ အခုအဲလိုလိုချင်တာ လူတွေဖြစ်တယ်၊ **'လိုချင်စရာ'**ရယ်၊ **'လိုချင်တာ'**ရယ်၊ လိုချင်စရာက **'လူ'**၊ လိုချင်တာက **'လောဘ'**၊ လိုချင်စရာက လူတွေ၊ လိုချင်တာက လောဘ၊ အဲလို မှတ်ထားနော်၊ ဘာပြုလို့တုံးဆိုတော့ အပေါက်ကြီးသုံးပေါက်ပါမှန်းမသိလို့၊ သပိတ်ကြီးမှန်းလည်း မသိလို့၊ ဟုတ်လား၊ **'သင်္ခါရ'**မှန်းလည်းမသိလို့တဲ့၊ မသိတာက**'အဝိဇ္ဇာ'** ခေါ်တယ်နော်၊ ဟော **'မဟာဘုတ်'** ဆိုတာ **'အဆက်ဆက်'**၊ အဝေးကြီးကဟာ ကြားနိုင်တယ်၊ ရေတွေကလည်း အဆက်ဆက်၊ **'ဥဒကသန္တတိ**-ရေအဆက်ဆက်'၊ **'ဝါယောသန္တတိ** - လေအဆက်ဆက်'၊ အဲလို ကြားတာ။

တယ်လီဖုန်းတွေ ကြားတာလည်း အခုကြားသလိုပဲလို့မှတ်၊ ကြားတဲ့ဟာ ဘာကြီးတုံး၊ သပိတ်ကြီး၊ ကြားတဲ့ဟာ ဘာကြီးတုံး (သပိတ်ကြီးပါဘုရား)၊ သပိတ်ကြီးမှာ အပေါက်ဘယ်နှစ်ပေါက်ပါတုံး (သုံးပေါက်ပါပါတယ်ဘုရား)၊ အဲဒီသပိတ်ကြီးက ဘာခေါ်တုံး - **'သင်္ခါရ'**

**'သပိတ်ကြီး'** က ဘာခေါ်တုံး (သင်္ခါရပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**'အပေါက်ကြီးသုံးပေါက်'** က ဘာတုံး (အနိစ္စ၊ ဒုက္ခ၊ အနတ္တပါဘုရား)။

အဲ အဲလို **'မျက်စိ'**ကလည်း သပိတ်ကြီးတဲ့၊ **'နား'**ကလည်းသပိတ်ကြီး၊ **'နှာခေါင်း'**ကလည်း သပိတ်ကြီး၊ **'ကိုယ်ကြီး'** ကလည်း သပိတ်ကြီးပဲ။ ပြီးတော့ အထဲထဲက ဝမ်းထဲက **'မနော'**ကလည်း သပိတ်ကြီးပဲ၊ အဲ သပိတ်ကြီးဆိုတာ အပေါက်ကြီး သုံးပေါက်ပါတယ်၊ အဲဒီအပေါက်ကြီး သုံးပေါက်က **'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'**။ သပိတ်ကြီးက **'သင်္ခါရ'** ကြားတာခေါ်တယ်။

သပိတ်ကြီးကဘာတုံး (သင်္ခါရပါဘုရား)၊ ကြားတာ၊ မြင်တာ၊ ထိတာတွေ စိတ်ကူးတာတွေ၊ အဲ စိတ်ကူးလို့ရှိရင် သပိတ်ကြီး သပိတ်ကြီးနဲ့ အဲလို ဆိုလိုက်၊ ဆိုလိုက်ပြီးတော့ အဲဒီမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တပါတယ်၊ အဲလိုဆိုရင် **'အနုလောမဉာဏ်'**ရောက်သွားတယ်၊ ငရဲမကျတော့ဘူး၊ တမ္ဗဒါဌိကကို ရှင်သာရိပုတြာ ဟောလိုက်တာ တစ်ခါတည်း၊ အဲဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို၊ **'မျက်စိ'**ကလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ **'နား'**ကလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတော့၊ နိဗ္ဗာန်ဖြစ်သွားတော့ နိစ္စ၊ သုခ၊ အနတ္တ၊ ဟော **'နိရောဓသစ္စာ'** ဖြစ်သွားတယ်တဲ့။

**ပညတ်တွေဆိုရင် လိုချင်တယ်၊ ပညတ်မပါအောင် ရှုလိုက်ရင်**

**သုံးဆယ့်တစ်ဘုံမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်။**

**ဘုံသုံးပါးမှာမဖြစ်တာ နိရောဓသစ္စာမှတ်။**

အဲဒါဖြစ်တာဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သပိတ်ကြီးလို့သာ မှတ်ထား၊ **'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ အင်း **'သမုဒယသစ္စာ လိုချင်တာ'**၊ သမုဒယသစ္စာဆိုတာ လိုချင်တာပေါ့၊ **'သမုဒယသစ္စာ'**ဆို **'လိုချင်တာ'**၊ အဲဒါ လိုချင်တော့ **'ဒုက္ခဖြစ်ကြောင်း'** မှတ်ရတာပေါ့၊ သမုဒယသစ္စာ လိုချင်တာက ဘာပြုလို့လိုချင်တုံးဆိုတော့ **'လူတွေ'** ဖြစ်သွားရင် လိုချင်တယ်၊ **'မိန်းမ'**ဖြစ်သွားရင် လိုချင်တယ်၊ **'ယောကျ်ား'** ဖြစ်သွားရင် လိုချင်တယ်၊ **'ပိုက်ဆံတွေ'**ဆိုရင် လိုချင်တယ်၊ **'အိမ်တွေ'** ဆိုရင် လိုချင်တယ်၊ ပညတ်တွေ။

**'ပညတ်တွေ'** ဆိုရင် လိုချင်တယ်၊ ပညတ်မပါအောင် ရှုလိုက်ရင် တစ်ခါတည်းနဲ့ ပျောက်သွားတယ်၊ ပညတ်တွေကြောင့် မြတ်စွာဘုရားကလည်း **'ပညတ်နဲ့နိဗ္ဗာန်'** သိရမယ်လို့ပြောတယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ **'လိုချင်တာ'**က လောဘ။

**သမုဒယသစ္စာလိုချင်တာ ဒုက္ခဖြစ်ကြောင်းမှတ်။**

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုချင်တာကလည်း မလိုချင်ပါနဲ့လို့ဆိုလို့မရဘူး၊ တစ်ခါတည်း လိုချင်စရာရှိရင် လိုချင်နေတာပဲ၊ အဲဒါဘာပြုလို့ လိုချင်သတုံးဆိုတော့ **'လူတွေ'** ဖြစ်နေလို့၊ **'ပိုက်ဆံတွေ'** ဖြစ်နေလို့၊ **'ပညတ်တွေ'** ဖြစ်နေလို့၊ အဲလိုမှတ်ထားနော် (တင်ပ့ါဘုရား)။

**ဘုံသုံးပါးမှာမဖြစ်တာ နိရောဓသစ္စာမှတ်။**

ဘုံသုံးပါးမှာမဖြစ်တာ နိရောဓ၊ **'နား'** မရှိတော့ဘူး၊ **'မျက်စိ'** ကလည်း မရှိတော့ဘူး၊ နိရောဓသစ္စာကိုး၊ နိဗ္ဗာန်ရောက်သွားတယ်၊ မြတ်စွာဘုရားက ဟို ရှေးတုန်းကဟာကြီး ထားပစ်ခဲ့တာ၊ တကယ့် မြတ်စွာဘုရားကြီးကလည်း နိရောဓသစ္စာဖြစ်သွားပြီ။

အဲ ခု မြတ်စွာဘုရား နိရောဓသစ္စာရောက်သွားပြီ၊ ဒီမှာ အစားကလေး ထားပစ်ခဲ့တာ သူ **'နိရောဓသစ္စာ'** ရောက်သွားပြီ၊ အဲ ဒကာမကြီးတို့လည်း သိလို့ရှိရင် အဲဒီ **'နိရောဓသစ္စာ'** ရောက်သွားမယ်။

**လောကုတ္တရာဟူသည်မှာ လောကီအလွန်မှတ်**

**ဘုံသုံးပါးမှာမဖြစ်တာ နိရောဓသစ္စာမှတ် ။**

အဲ အဲ ဘုံသုံးပါးဆိုတာ ဘယ်သူတုံးလို့ဆိုတော့ ဟော ကာမဘုံ ဆိုတော့ လူတွေပေ့ါ၊ တိရစ္ဆာန်ဘုံတော့ တိရစ္ဆာန်တွေပေ့ါ၊ တိရစ္ဆာန်တွေလည်း ဘုံသုံးပါးမှာ ဖြစ်နေတာ၊ သူတို့လည်း ဒုက္ခသစ္စာ၊ သူက နွားဖြစ်လိုက်၊ ခွေးဖြစ်လိုက်၊ ဝက်ဖြစ်လိုက်၊ လူဖြစ်လိုက်၊ **'တေဘူမကဲ ဝဋ္ဋံ'** ခေါ်တယ်၊ **'ဒုက္ခံ တေဘူမကံ ဝဋ္ဋံ'** ၊ **'ဖြစ်တာတွေ'**က **'ဝဋ္ဋတရား'**ပေ့ါ၊ ဖြစ်တာတွေက ဘာ တရားတုံး (ဝဋ္ဋတရားပါဘုရား)၊ **'ဖြစ်တာတွေ'**က ဘာတွေတုံး **'သင်္ခါရတွေ'**၊ ဖြစ်တာတွေက ဘာတွေတုံး (သင်္ခါရတွေပါဘုရား)၊ **'သင်္ခါရတွေ'** က ဘာနဲ့တူတုံး - **'သပိတ်ကြီး'** နဲ့ တူတယ်။

သပိတ်ကြီးမှာ အပေါက်ကြီးမပါဘူးလား (ပါပါတယ်ဘုရား)၊ အဲ သပိတ်ကြီးမှာ **'အပေါက်'**ပါလို့ ငါတို့မှာ **'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'** ဖြစ်တယ်လို့၊ ဒီတော့ အဲဒီအပေါက်ပေါ် **'ငြီးငွေ့'**တာပေ့ါ၊ အဲ ငြီးငွေ့တော့ **'မဖြစ်'**တော့ဘူး၊ ဟော **'မဖြစ်'**တော့ **'မလိုချင်'**တော့ **'နိဗ္ဗာန်'** ရောက်သွားတယ်၊ လောကုတ္တရာ---**'မဂ္ဂေါ လောကုတ္တရော မတော'** တဲ့၊ လောကုတ္တရာ ဆိုတာက လောကီလို မဖြစ်တာပဲ၊ မဖြစ်ကြောင်းပဲ။

**မဂ္ဂသစ္စာဟူသည်မှာ လောကုတ္တရာမှတ်။**

**လောကုတ္တရာဟူသည်မှာ လောကီအလွန်မှတ်။**

www.burmeseclassic.com

www.burmeseclassic.com



လောကီကသာ ဒုက္ခသစ္စာ ခေါ်တာကိုး၊ ဟို လောကုတ္တရာကျတော့ ဒုက္ခသစ္စာ မခေါ်တော့ဘူး။ **'မဂ္ဂေါ လောကုတ္တရော မတော'** တဲ့ လောကုတ္တရာဟာ လောကကြီးက လွန်သွားတာကိုး။ **'မဂ္ဂေါ** - မဂ္ဂသစ္စာ' လို့ခေါ်တယ်တဲ့။

**လောကကြီးမှလွန်လေရာ သပိတ်ကြီးမှလွန်လေရာ မဂ္ဂသစ္စာမှတ်**။

သပိတ်ကြီးက လွန်ကြောင်း၊ **'ကြားတာ'**က အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ **'သပိတ်ကြီး'**လို့ ဖြစ်နေတယ်၊ **'မြင်တာ'**ကလည်း **'သပိတ်ကြီး'**လို့ဆိုတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အဲ မြင်ပြီးတော့လည်း အနိစ္စဖြစ်သွားတယ်၊ နံပြီးတော့လည်း သပိတ်ကြီးက အပေါက်က သုံးပေါက်ပါတာကိုး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ကြားတာ မြင်တာတွေဟာ သပိတ်တွေနော်။

## ဂေါတြဘုဆိုတာ ပုထုဇဉ်အနွယ်ကို လွန်သွားတယ်

အဲဒီ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတော့ အဲဒီလောကီကြီးလွန်သွားတော့ အဲဒီ **'သင်္ခါရုပေက္ခာ'** နဲ့ **'အနုလောမ'**ကနေပြီး **'ဂေါတြဘူ'**ရောက်သွားတယ်၊ **'ဂေါတြဘူ'** ရောက်သွားတော့ အဲဒီ **'မဖြစ်တာ'** ကို မြင်တယ်၊ အဲ မဖြစ်တာ၊ ပြုတ်ဆို ရပ်သွားတယ်၊ အဲဒီတော့ ဖြစ်တာတွေက ရပ်သွားတတ်တယ်၊ ငိုက်သွားပြီးတော့လည်း ဖြစ်တတ်တယ်၊ မငိုက်ဘဲနဲ့လည်း ဖြစ်တတ်တယ်၊ ထိနမိဒ္ဓများလို့ရှိရင်လည်း ငိုက်ကျတတ်တယ်၊ ထိနမိဒ္ဓမဟုတ်ရင်လည်း သူက လမ်းသွားရင်းလည်း သူ့ဟာသူ ရပ်တတ်တယ်၊ အဲဒါတွေလည်း ဂရုစိုက်။

**'ဂေါတ္တံ** - ပုထုဇဉ်အနွယ်ကို၊ **အဘိဘဝတိ** - လွှမ်းမိုး၍ ဖြစ်တတ်၏'။

**'ဣတိတသ္မာ** - ထို့ကြောင့်၊ **ဂေါတြဘူ** - ဂေါတြဘူမည်၏'။

အဲ **'ဂေါတြဘူ'**ဆိုတာ ပုထုဇဉ်အနွယ်ကို လွန်သွားတယ်၊ သူက ပုထုဇဉ်မဟုတ်ဘူး အရိယာဆိုတော့ အရိယာမဂ်တို့၊ အရိယာဖိုလ်တို့၊ အရိယာအဖြစ်ကို ပြုတတ်သောကြောင့် အဲဒါကို **'အရိယသစ္စာ'**လို့ခေါ်တယ်။

တပည့်တော်တို့၏ တရားနာရသောကုသိုလ်သည်၊ ဝဋ်တရားကို ကျော်လွန်၍ ဝဋ်တရားမှ လွတ်မြောက်သော နိဗ္ဗာန်ကို၊ မဖြစ်တရားကို၊ လောကီချုပ်သောတရားကို ရပါလို၏ အရှင်ဘုရား။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



## " ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ် တရားတော် "

၁၆. ၁၂. ၂၀၀၆

### ဖြစ်ရာကို 'ဘုံ' ခေါ်တယ်

ဘုံသုံးပါးမှာ၊ ဘုံသုံးပါးဆိုတာ **'ဘဝန္တိ ဧတ္ထာတိ ဘူမိ'** တဲ့၊ **'ဖြစ်ရာ'**ခေါ်တယ်၊ **'ဘုံဆိုတာဖြစ်ရာ'**ခေါ်တယ်၊ ဘုံဆိုတာဖြစ်ရာ **'စိတ်တွေ၊ စေတသိက်တွေ၊ ရုပ်တွေ'** ဖြစ်တဲ့နေရာကို **'ဘုံ'** လို့ခေါ်တယ်။ ခုတော့ သတ္တဝါတွေလို့ မြင်နေတော့ သတ္တဝါတို့ဖြစ်ရာကလည်း ဘုံပေါ့၊ စင်စစ်စိတ်တွေ စေတသိက်တွေ **'သင်္ခတတရားတွေ'** ပေါ့၊ ဖြစ်ရာကို ဘုံခေါ်တယ်။ ခု နားက နားလည်း ဖြစ်တဲ့နေရာဆိုတော့သူလည်းဘုံပေါ့၊ နားတွေရော၊ နှာခေါင်းတွေရော၊လျှာတွေရော။

**'ဘဝန္တိ ဧတ္ထာတိ ဘူမိ'၊ 'ဧတ္ထ** - ဤနေရာ၌၊ **သတ္တာ** - သတ္တဝါတို့သည်၊ **ဘဝန္တိ** - ဖြစ်တတ်ကုန်၏။ **ဣတိတသ္မာ-** ထိုသို့ သတ္တဝါတို့၏ဖြစ်ရာဖြစ်သောသတ္တိကြောင့်၊ **ဘူမိ** - ဘုံမည်၏**'**။ ဖြစ်ရာကို ဘုံခေါ်တယ်၊ အဲဒါပြီးတော့ **'ကာမဘုံ'၊ 'ရူပဘုံ'**တဲ့၊ အဲဒီလို၊ **'အရူပဘုံ'** ဆိုတာ အဲဒါ စိတ်ကိုစွဲပြီးတော့၊ **'ကာမာဝစရစိတ်**-ကာမဘုံ'၊ **'ရူပါဝစရစိတ်-**ရူပဘုံ'၊ ကာမဘုံမှာ ကျင်လည်တတ် ကျက်စားတတ်တဲ့စိတ်ကို ဟော ကာမာဝစရစိတ်လို့ ခေါ်တယ်၊ ကာမဘုံ၌ ကျင်လည်တတ်ဖြစ်တတ်တဲ့တရားကို ကာမာဝစရစိတ်ခေါ်တယ်၊ ကာမဆယ့်တစ်ဘုံ၌ ကာမဘုံဆိုတာ ခုတော့ သုဂတိဘုံဖြစ်နေတော့ ငရဲဘုံတွေ ဘာတွေ မမြင်ရဘူး၊ အရင်တုန်းကတော့ မြင်ရတယ်။

အဲ **'အပါယ** - ချမ်းသာကင်းသောသူတို့၏နေရာ**'** တဲ့၊- အပါယ်ခေါ်တယ်၊ လူ့ဘုံတုန်းက မေ့လျော့ပြီးတော့ ကာမဂုဏ်တွေလိုက်စား၊ ကုသိုလ်တွေမေ့၊ အဲ အဲဒါ ချမ်းသာကင်းတဲ့ ဘုံရောက်သွားတယ်၊ အဲဒါ စိတ်နဲ့ရောက်သွားတာ၊ စိတ်က ကျင်လည်တတ် ဖြစ်တတ်တယ်၊ အဲဒါကြောင့် ကာမာဝစရဘုံ၊ ကာမစိတ်ခေါ်တယ်။

### ကာမာဝစရစိတ်၊ ရူပါဝစရစိတ်

အခု ဟော ကြားတယ်၊ အဲဒီစိတ်က ကြားပြီး စဉ်းစားတယ်၊ အဲဒါ မြင်ပြီး စဉ်းစားတယ်၊ အဲဒါ **'ကာမာဝစရစိတ်'**လို့ ခေါ်တယ်၊ ကာမဘုံ၌ ကျင်လည်တတ် ဖြစ်တတ်တာကို၊ ကာမာဝစရစိတ်လို့ခေါ်တယ်။ **'ရူပါဝစရစိတ်'** ကျတော့ **'ဝိတက်တွေ၊ ဝိစာရတွေ'** မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



**'နီဝရဏတွေ'** မရှိဘူး၊ အဲဒါကျတော့ ရူပါဝစရစိတ်ခေါ်တယ်၊ နီဝရဏ အရင်မရှိရဘူး၊ နီဝရဏမရှိရဘူး၊ နီဝရဏမရှိဘဲနဲ့ ဝိတက် ဝိစာရတွေ မရှိတဲ့ဟာကျတော့ သူက ရူပါဝစရစိတ် ဖြစ်သွားတယ်။ အဲ အဲသလို နီဝရဏလည်း မရှိဘူး၊ ဝိတက် ဝိစာရတွေမရှိဘူး၊ ဟော ပီတိ နောက်ကျတော့ ပီတိလည်းမရှိဘူး၊ နောက်ကျ **'သုခ၊ ဧကဂ္ဂတာလေး'** နဲ့နေတယ်ဆို အဲဒါကျ **'ရူပါဝစရစိတ်'** ဖြစ်တယ်။

**အရူပါဝစရစိတ်**

နောက်ကျတော့ ဘာတွေမှ နှလုံးမသွင်းဘဲ၊ **'နာနတ္တာကာရံ အ မနသိကာရာ'** 'အထူးထူးသော အခြင်းအရာတို့ကို နှလုံးမသွင်းဘဲနဲ့ နေတာ'၊ **'ရုပ်'**ကို သူကလွန်မြောက် သွားတယ်၊ ရုပ်ကိုလွန်မြောက်သွားတယ်၊ **'အရူပ'**ဆိုတာ စိတ်နဲ့ချည်းနေတယ်၊ စိတ်ကလေး က ငြိမ်းချမ်းပြီးနေတယ်၊ သူက **'သန္တမေတံ၊ ပဏီတမေတံ၊ ယဒိဒံ ဥပေက္ခာ'**၊ ဥပေက္ခာလေးနဲ့ ငြိမ်ကောင်းနေတယ်၊ အိပ်ခါနီးလိုပေါ့။

**'နေဝသညာ'** ဆိုတာ သညာ ကြမ်းတမ်းကြီးက လူတွေ ဘာတွေကို သူ မအောက်မေ့ ဘူး၊ မသိဘူး၊ သိမ်မွေ့တဲ့ သညာကလေးနဲ့ နေတယ်၊ အဲဒါအရူပဘုံ၊ သူက သုခစျာန် ကလေးနဲ့ အဲလိုဆိုရင် ခွါလို့မရတော့ဘူး၊ ခွါလို့မရတတ်တော့ နိဗ္ဗာန်ကျတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ သွားရမှာ၊ အဲဒီမရောက်တော့ဘူး၊ အရူပဘုံနဲ့တင်နေတော့တယ်၊ တို့ ဒေဝီလ ရသေ့ကြီးလိုပေါ့၊ အာဠာရ၊ ဥဒကရသေ့ကြီးတို့ဟာ အဲဒီ အရူပဘုံမှာ၊ အဲ **'အရူပေ အဝစရတီတိ အရူပါဝစရံ၊** အဲဒီအရူပဘုံမှာ ကျင်လည်တတ် ဖြစ်တတ်တဲ့စိတ်၊ အဲ အရူပါဝစရစိတ်လို့ ခေါ်တယ်၊ ဟော ဒါကြောင့် တေဘူမကဆိုတာ အဲ အဲဒီဘုံကိုခေါ်တယ်။

**'တေဘူမကံ**-ဘုံသုံးပါး၌၊ **ပဝတ္တံ**-ဖြစ်သော၊ **ဝဋ္ဋံ**-ဝဋ်တရားသည်၊ **ဒုက္ခံ**-ဒုက္ခသစ္စာမည်၏'၊ **'ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်'** ခုနတုန်းက ဘုံသုံးပါး၊ **'ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ'**၊ သူကဖြစ်ရာ၊ အခု နားကြားတယ်၊ နားကြားတာကလည်း ဖြစ်တာပဲ၊ မျက်စိက မြင်တယ်၊ အဲ မျက်စိကလည်း ဖြစ်တာပဲ၊ အဲဒါက တို့ ကာမဘုံခေါ်တယ်၊ ဖြစ်တာလေးကို ဒုက္ခသစ္စာခေါ်တယ်၊ အဲ ကြားတယ် ကြားတယ်ဆိုတာ အကောင်းမမှတ်နဲ့၊ သူက**'ကြား'** ပြီးတော့ သူက **'ပျက်'**လို့ **'ဒုက္ခသစ္စာ'**လို့ခေါ်တယ်၊ အဲ ကြားရင် **'ဤဟာဒုက္ခသစ္စာ'**လို့ဆိုရတယ်၊ ဘယ်လိုဆိုမလဲ (ဤဟာ ဒုက္ခသစ္စာ)၊ အင်း အဲဒါမှ နောင်မှာ ကာမဘုံမှလွန်မယ်။ သို့မို့ဆိုလို့ရှိရင် ကာမဘုံ၊ မလွန်ဘူး၊ သူက ဒုက္ခသစ္စာမှန်းမသိလို့ကိုး။

www.burmeseclassic.com

www.burmeseclassic.com



**ဖြစ်တာက ဒုက္ခသစ္စာ**

ကြားတာမြင်တာတွေက ဖြစ်တာခေါ်တယ်၊ သူက **'ပဝတ္တံ - ဖြစ်သော'**လို့ဆိုတာကိုး၊ **'ပဝတ္တံ'** - နိမိတ်'၊ **'ဝုဋ္ဌာနဂါမိနီဝိပဿနာ'** က အဲဒီ **'ပဝတ္တံ'** - နိမိတ်'မှ ထမှ၊ မဖြစ်မှ **'ဝုဋ္ဌာနဂါမိနီ'** ဖြစ်တယ်။

**'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**။

အဲ **'ဖြစ်'**တဲ့ဟာကို **'ဒုက္ခသစ္စာ'** ခေါ်တယ်၊ အောင်မာ၊ ဝေဒနာလည်း ဖြစ်တာပဲ၊ သူ့လည်း သုခဝေဒနာဖြစ်တုံး **'ဤဟာ ဒုက္ခသစ္စာ'**ဆို၊ ဒုက္ခသစ္စာကို သူက ဒုက္ခသစ္စာမှန်း မသိဘူး၊ **'သုခ'** ဖြစ်ပြီးတော့ ဖောက်ပြန်ပြီးတော့ **'ဝိပရိဏာမ'** ဆိုပြီးတော့ **'ဥပေက္ခာကြီး'** သွားဖြစ်တယ်။ ပြီးတော့ ဗျာပါဒတွေလည်း သွားဖြစ်ချင်ဖြစ်တာပါပဲ။ အဲဒါ အဲဒါ ဖြစ်တဲ့ဟာက။

**'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**။

အဲ ဘာဖြစ်ဖြစ် **'ဒုက္ခသစ္စာ'** လို့သာဆိုလိုက်၊ ဘာပြုလို့တုံး ဆိုတော့ **'ဖြစ်ပြီးပျက်'**လို့၊ ဥပေက္ခာဖြစ်ရင်လည်း ဖြစ်ပြီးတော့၊ **'ဒုက္ခသစ္စာ'**ဆိုတာက ပဝတ္တိ လက္ခဏာ၊ **'ပဝတ္တိ' -** ဖြစ်တဲ့ လက္ခဏာ **'ဒုက္ခသစ္စာ'**၊ ဟိုနိဗ္ဗာန်ကျတော့ **'အပဝတ္တိ'-** မဖြစ်တဲ့ဟာက **'နိရောဓသစ္စာ'**ခေါ်တယ် မဖြစ်တာကို အဲ ထိုင်နေပေမယ်လို့ စကားပြောပေမယ်လို့ ဟိုကနိဗ္ဗာန်ကို နှလုံးသွင်းပြီဆိုလို့ရှိရင် သူမကြားဘူး၊ အဲ အဲလို ဟာမျိုး၊ အဲ မကြားဘူး မဖြစ်ဘူး၊ **'ဖြစ်တာက ဒုက္ခသစ္စာ'** - ဆိုလိုက်စမ်း (ဖြစ်တာက ဒုက္ခသစ္စာ)။

**သာမညလက္ခဏာ၊ သဘာဝလက္ခဏာ**

အဲဒါ ဖြစ်တာ ဘာပြုလို့ဖြစ်တုံးဆိုတော့ အဲဒါ **'သင်္ခါရ'** မို့လို့ဖြစ်တာ၊ ဘာပြုလို့ဖြစ်တုံး (သင်္ခါရမို့လို့ဖြစ်တာပါဘုရား)၊ အဲ **'ဖြစ်တယ်'**ဆိုရင် **'သင်္ခါရ'**သာမှတ်၊ **'သင်္ခတ'**လို့မှတ်၊ ဖြစ်ရင် သင်္ခတလို့လည်းခေါ်တယ်၊ **'ဖြစ်တာ'**က **'သဘာဝလက္ခဏာ'**၊ ဟို **'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'** ဆိုတဲ့ဟာ က **'သာမညလက္ခဏာ'**ခေါ်တယ်၊ ဖြစ်ပြီဆိုမပြဘူးဆိုတဲ့ဟာက **'သာမညလက္ခဏာ'** ခေါ်တယ်။

အဲဒီ **'ဖြစ်တယ်'**ဆိုတဲ့ **'စိတ်၊ စေတသိက်၊ ရုပ်တွေ'**က **'သင်္ခတလက္ခဏာ'** ခေါ်တယ်၊ ဒါလည်း အသီးသီး၊ မျက်စိကမြင်တာ မြင်တဲ့ လက္ခဏာ၊ နားက ကြားတဲ့လက္ခဏာ၊ အဲဒါက **'ပစ္စတ္တ လက္ခဏာ'** ခေါ်တယ်၊ စိတ်ကူးတာက **'စိန္တနလက္ခဏာ'**၊ ကိုယ်နဲ့ လက်နဲ့ ထိတာက **'ဖုသန လက္ခဏာ'**၊ အဲ အဲဒါက **'သဘာဝလက္ခဏာ'**ခေါ်တယ်၊ **'ပထဝီ'**က ကျောကြမ်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာ၊ **'ဝါယော'**က လှုပ်တဲ့လက္ခဏာ၊ အဲ အဲ အဲလိုဟာ အဲဒါကို **'သဘာဝလက္ခဏာ'** ခေါ်တယ်၊ ဘာခေါ် (သဘာဝလက္ခဏာခေါ်ပါတယ်ဘုရား)။ အဲ သဘာဝ လက္ခဏာ။

အဲဒီဟာကို အဲဒါက သပိတ်ကြီးမှာ အပေါက်ကြီးသုံးပေါက်ရှိတယ်တဲ့၊ အပေါက်သုံးပေါက်မြင်ရင်လည်း သပိတ်ကြီးကိုမြင်ရမယ်၊ သပိတ်ကိုမြင်ရင်လည်း အပေါက်သုံးပေါက်ကို မြင်ရမယ်၊ အဲ အဲ အဲဒီလိုဟာ၊ ဥပမာ - **'သင်္ခါရ'** မြင်လို့ရှိရင် **'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'** မြင်ရမယ်၊ ဟို နားကြားတာလေ အဲဒါသင်္ခါရမို့ကြားတာ-သောတဝိညာဏ်၊ **'အသံ'** ကရုပ်၊ သင်္ခတရုပ်က အဲ အဲဒါ **'သာမညဝါ သဘာဝေါဝါ'** လက္ခဏာနှစ်ခု ဖြစ်တယ်၊ သင်္ခတနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ သုံးခု၊ သပိတ်ကြီးမှာ အပေါက်ကြီးသုံးပေါက် အဲ အဲ အဲလို မှတ်ထား၊ **'ကြားတာ'**က သဘာဝ၊ **'မြင်တာ'**ကလည်း သဘာဝ။

### သင်္ခါရတွေပဲလို့ ဥပေက္ခာထားနိုင်အောင်ကျင့်တာက – သင်္ခါရုပေက္ခာ

အဲ သပိတ်ကြီးမှာ အပေါက်သုံးပေါက်ရှိသလို သူ့မှာလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရှိတယ်၊ မြင်စ၊ မြင်လယ်၊ မြင်ဆုံး။ ကြားစ၊ ကြားလယ်၊ ကြားဆုံး။ အဲသလို သုံးခုရှိတယ်၊ အဲဒါ ကြားဆုံးက ဇာတိ၊ ဇရာ၊ မရဏခေါ်တယ်၊ ပဋိစ္စသမုပ္ပါဒ်လို့ဆိုရင် အဲ **'ကြား'**လို့ရှိရင် စိတ်မဆိုးနဲ့၊ အဲ စိတ်မဆိုးအောင်ကျင့်တာ၊ **'မြင်'**လို့ရှိရင်လည်း စိတ်မဆိုးအောင်ကျင့်တာ။ အဲ သတိပေါ့။ **'သတိ'** က စိတ်မဆိုးအောင်ကျင့်တာ၊ မြင်လို့ရှိရင်လည်း စိတ်မဆိုးအောင် ကျင့်တာ၊ ပြီးတော့ ရာဂမဖြစ်အောင်ကျင့်တာ၊ **'မြင်'**လို့ရှိရင်လည်း **'အနိစ္စ၊ ဒုက္ခ'**၊ ဒေါသ မဖြစ်အောင်ကျင့်တာ၊ အဲ သင်္ခါရတွေပဲလို့ ဥပေက္ခာထားနိုင်အောင် ကျင့်တာကို **'သင်္ခါရုပေက္ခာ'** လို့ခေါ်တယ်၊ အဲဒါကျတော့ **'သင်္ခါရုပေက္ခာ'** နဲ့ **'အနုလောမ'** ဖြစ်သွားတယ်၊ သူက ဖြစ်တာ ပျက်တာနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သူကမြင်တယ်။

**'ဂေါတြဘူ'**ကျမှ ဟို နိဗ္ဗာန်ကိုမြင်တယ်၊ အဲဒါ မှတ်ထား၊ အဲဒါ **'ဝုဋ္ဌာနဂါမိနီ'** ဟို ဉာဏ်ကောင်းတဲ့လူ၊ ကံကောင်းတဲ့လူတွေမှ အဲဒီလို ပြောလိုက်တာနဲ့ ရောက်သွားတတ်တယ်၊ ရှင်သာရိပုတြာဟောလိုက်တာ တမ္ဗဒါဌိက လူသတ်တဲ့ဒကာကြီး တစ်ခါတည်းကို အဲဒီရောက် သွားတယ် ငရဲမကျတော့ဘူး၊ အဲ အနိစ္စ ဒုက္ခသာဆိုလိုက် ငရဲမီးတွေမြင်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တသာ ဆိုလိုက်၊ တစ်ခါတည်း ငရဲမီးတွေပျောက်ပြီးတော့ တစ်ခါတည်း နတ်ပြည်တွေ ဘာတွေ ရောက်သွားတတ်တယ်၊ သင်္ခါရဆိုတာ အဲလို **'ဘုံသုံးပါးမှာဖြစ်လေရာဒုက္ခသစ္စာမှတ်'**။

www.burmeseclassic.com

www.burmeseclassic.com



**ဤဟာ ဒုက္ခသစ္စာ၊ ဤဟာ ဒုက္ခသစ္စာဖြစ်ကြောင်း**

အဲ မျက်စိတွေ မြင်တာ၊ နားတွေကြားတာတွေကို **'ဤဟာဒုက္ခသစ္စာ'** လို့ ဆိုရတယ်၊ ဒါမှ နိရောဓသစ္စာရောက်မှာကိုး၊ **'နိရောဓသစ္စာ'**ကိုသွားဖို့ ဒုက္ခသစ္စာကို ဒုက္ခသစ္စာမှန်း သိရတယ်၊ ဒုက္ခသစ္စာကိုသိမှ သမုဒယကလည်း ပယ်မှာကိုး၊ ဒုက္ခသစ္စာမသိဘူး၊ လူတွေ၊ ယောက်ျားတွေ၊ မိန်းမတွေဆိုတာက အဲဒါ ဒုက္ခသစ္စာကိုမသိဘဲနဲ့ ဖြစ်သွားတယ်။

ဒုက္ခသစ္စာကို မသိဘဲနဲ့ ဖြစ်သွားတော့ အဲဒီမိန်းမတွေ၊ ယောက်ျားတွေဆိုပြီးတော့ လိုချင်တယ်၊ အဲ လိုချင်တယ် **'အာဒါန'** ကလာတာ၊ **'အာဒါန'** ဆိုတာက **'တဏှာ'**ခေါ်တယ်၊ ယူတာကို ခေါ်တယ်၊ ယူတာကို တဏှာလို့ခေါ်တယ်၊ အဲဒါ ယူချင်တယ်၊ အဲ အဲဒါ **'သမုဒယ သစ္စာ'** ခေါ်တယ်၊ အဲဒါမှာ **'တဏှာ သမုဒယောဘဝေ'** ဆိုတာ အဲဒါ **'ဖြစ်'**တဲ့ဟာ **'ဒုက္ခသစ္စာ'**၊ အဲဒီ **'တဏှာ'**က **'ဖြစ်ကြောင်း'** ဖြစ်သွားတယ်။

**'တဏှာ'**က ယူချင်တယ်၊ ယူချင်တော့ရတယ်၊ ရတော့ဖြစ်သွားတယ်၊ အဲ **'အာရုံ'**ကို ယူတယ်၊ **'စိတ်'**ကလည်း အာရုံကိုယူတယ်၊ အာရုံရှိမှ နေတတ်တော့ အာရုံမှန်းလည်းမသိဘူး၊ လူတွေလို့သိတာကိုး၊ အဲဒါ **'အာဒါန'** ယူတဲ့ဟာ၊ ယူပြီဆိုရင် လောဘဖြစ်ပြီ၊ ယူချင်တယ်ဆိုရင် **'သမုဒယသစ္စာ'**ဆိုတာ ယူတာလိုချင်တာကို ခေါ်တယ်၊ လောဘ ဒါကြောင့် သူ့ကိုတဏှာ လို့ခေါ်တယ်၊ အဲ **'သမုဒယသစ္စာ'**လို့ခေါ်တယ်၊ ရ ဒုက္ခဖြစ်တော့မှာမို့။

**'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ အဲဒါဘာပြုလို့ဖြစ်တုံးဆိုတော့ သူက ဖြစ်ချင်တယ်၊ လိုချင်တာကို သူမှတ်တာက ဒုက္ခသစ္စာလို့ မမှတ်ဘူး၊ လူတွေလို့ ယောက်ျားတွေ မိန်းမတွေလို့ အဲလို မှတ်တယ်၊ အဲ ဖြစ်တာပဲ သဘောကျတယ်၊ ဒုက္ခပဲ သူက သဘောကျသလို ဖြစ်နေတယ်၊ ဖြစ်တာကို မသိလိုက်လို့ အရာရာမှာဖြစ်သည့်ဟာ ဖြစ်ပြီးတော့ ပျက်သွားတယ်။

**အဿာဒ၊ အာဒီနဝ၊ နိဿရဏ**

ဟို အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတာက **'အာဒီနဝ'** တရားခေါ်တယ်၊ **'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'** မြင်မှ **'အပြစ်'** မြင်တယ်၊ ရာဂကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့မလုပ်လိုက်လို့ရှိရင် သူက တပ်မက်သွားတယ်၊ သူ့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလုပ်လိုက်လို့ရှိရင် မတပ်မက်တော့ဘူး၊ အဲဒါ အာဒီနဝ၊ သုခ၊ သောမနဿက **'ရူပဿ အဿာဒေါ'** ဖြစ်တယ်။

သုခဖြစ်တယ် သောမနဿဖြစ်တယ်ဆိုရင် အဲဒါ ရုပ်မှာ ရုပ်ကို၊ ဟော ဝေဒနာကို

www.burmeseclassic.com

www.burmeseclassic.com



မျက်စိမြင်ရတာတွေကို၊ ကြားရတာတွေကို အဲဒါတွေကို သုခ သောမနဿ ဖြစ်နေမယ်ဆိုလို့ရှိရင် အဲဒါ **'အဿာဒတရား'** ခေါ်တယ်တဲ့၊ **'သာယာတာ'** ခေါ်တယ်၊ အဲဒီသုခတွေ ဒုက္ခတွေ ဖြစ်ရင်လည်း **'အနိစ္စ၊ ဒုက္ခ'** လုပ်ပစ်မှ **'အာဒီနဝ'** ဖြစ်သွားတယ်။ **'အနိစ္စ၊ ဒုက္ခ'** မလုပ်ရင် **'အာဒီနဝ'** မဖြစ်ဘူး၊ **'အဿာဒ'** ဖြစ်သွားတယ်၊ အဲ အဲလိုမှတ်ထား၊ သုခ သောမနဿလို့ ရှုလိုက်လို့ရှိရင် ဘာဖြစ်သတုံး၊ (အဿာဒဖြစ်သွားပါတယ်)၊ အဿာဒဆိုတာ သာယာတဲ့ဟာ ဖြစ်သွားတယ်။ **'သုခ သောမနဿ'** ဖြစ်တာကို ဘာခေါ်သတုံး (အဿာဒခေါ်ပါတယ်ဘုရား)။

**'အဿာဒ'** ဆိုတာ ဘာတုံး (သာယာတာပါဘုရား)၊ အဲ သာယာတယ်ဆိုတာ အဲဒါ တဏှာဖြစ်သွားတယ်၊ အဲဒါ **'အဿာဒတရား'** ခေါ်တယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတာဘာတုံး **'အာဒီနဝ'**၊ ရုပ်တွေ နာမ်တွေရဲ့ သင်္ခတတရားရဲ့ အာဒီနဝလို့ခေါ်တယ်၊ အဲ အဲဒါ **'နိဗ္ဗိန္ဒတိ - ငြီးငွေ့၏'**၊ အဲဒါမှ ငြီးငွေ့သွားတယ်။

## ဆန္ဒရာဂကို ပယ်လိုက်လို့ရှိရင် နိဿရဏလို့ခေါ်တယ်

အဲလိုဆိုရင် ပျော်နေရင် မငြီးငွေ့ဘူး။ အဲ ဝဋ်တရားထဲမှာ ပျော်နေတယ်၊ သုခ သောမနဿတွေနဲ့ ပျော်နေတယ်၊ ပျော်နေရင် **'အဿာဒ'** ခေါ်တယ်၊ အဿာဒဖြစ်နေရင် မလွတ်မြောက်နိုင်ဘူး၊ အဲ အဲလိုမှတ်ထား၊ သုခ သောမနဿ က **'အဿာဒတရား'** ခေါ်တယ်။ **'ဆန္ဒရာဂ ပဟာနံ ဆန္ဒရာဂဝိနယော၊ အယံ ရူပဿ နိဿရဏံ'** လို့ခေါ်တယ်၊ ဆန္ဒရာဂကို ပယ်လိုက်လို့ရှိရင် **'နိဿရဏ'**လို့ခေါ်တယ်၊ **'ထွက်မြောက်ရာ'** လို့ခေါ်တယ်၊ အဲ ဆန္ဒရာဂကို ဂရုစိုက်ရတယ်၊ နိဿရဏ နိဗ္ဗာန်သွားရှာတယ်ဆို တခြားသွားရှာလို့မရဘူး၊ **'ဆန္ဒရာဂ ဝိနယာ ပဟာနံ ဆန္ဒရာဂဝိနယော'** တဲ့၊ အဲ အဲဒါ ဆန္ဒရာဂဆိုတာက ဟို သုခ သောမနဿလေးကို အဲဒါလေးတောင်မှ ဆန္ဒ မရှိတော့ဘူး။ အဲ အဲဒီ နိဗ္ဗာန် ရောက်တယ် ဆိုရင် အဲ အဲ အဲလိုဟာမျိုး၊ ဆန္ဒဆိုကတည်းက အဲဒီ **'ရာဂ'**ဆိုကတည်းက သူက**'ပညတ်'**ပါနေပြီ၊ အဲဒီဟာ **'ပညတ်'**ကို မသိရင်လည်း ဆန္ဒရာဂက ဖြစ်တာပဲ။

အဲဒီ **'ဆန္ဒရာဂ'** ဘာကြောင့်ဖြစ်သတုံးဆိုရင် **'ပညတ်'**ကြောင့်ဖြစ်တယ်၊ လူတို့ မိန်းမတွေတို့၊ ယောကျ်ားတွေတို့ အဲလို နာမည်တွေပေါ့၊ နာမည်သဏ္ဌာန်တွေက အဲဒီ ဆန္ဒရာဂကိုဖြစ်စေတယ်။ သုခ သောမနဿက **'အဿာဒ** -သာယာဖွယ်**'**၊ အဲ သုခ၊ သောမနဿ ကို ဆန္ဒရာဂ၊ ဆန္ဒမရှိဘူး၊ ရာဂမရှိဘူးဆိုရင် ဒါ **'နိဿရဏ-** ထွက်မြောက်တာ**'** ဖြစ်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ထွက်မြောက်ရာ ရှာတဲ့ပုဂ္ဂိုလ်တွေ။ အဲဒီဟာ ဆန္ဒရာဂက ဘယ်လိုဖြစ်ပြန်တုံးဆိုတော့ အဲဒီ သုံးဆယ့်တစ်ဘုံကို တစ်ခါတည်း လိုချင်တယ်။ တဏှာက အဲ **'တဏှာ သမုဒယောဘဝေ'** တဲ့၊ ဟော သမုဒယဆိုတာက အဲဒါ ဖြစ်ချင်တယ်၊ သူက **'အာဒါန** - လိုချင်တယ်**'**၊ လောဘကိုး၊ သူက လောဘဆိုတော့ လိုချင်တယ်၊ အဲဒါ **'သမုဒယသစ္စာ'**။ သူကဘာပြုလို့ လိုချင်ပြန်သတုံး ဆိုတော့ သုခသောမနဿက ဖြစ်နေတယ်၊ အဲဒါကြောင့် လိုချင်ပြန်တယ်၊ သုခသောမနဿ ဖြစ်လို့ရှိရင် သမုဒယကို မပယ်နိုင်ဘူး၊ ဒုက္ခမှန်းလည်း မသိဘူး။

## ဖြစ်တာမရှိတာကို နိရောဓသစ္စာခေါ်တယ်

ဖြစ်တာပျက်တာဒုက္ခသစ္စာလို့သိ၊ **'လူတွေ'** ဘာတွေလို့မသိနဲ့၊ **'လူတွေ'** ဘာတွေလို့သိရင် လောဘရှိတယ်၊ **'လူ'** ရှိရင် လောဘရှိပြီလို့မှတ်၊ **'လူ'**မရှိရင် လောဘမရှိဘူး၊ ဟော တစ်ခါတည်း အဓိပ္ပါယ်ကပေါ်သွားတယ်၊ ဒါ့ကြောင့် **'လူမရှိသော စိတ်'** လို့ ဒီလို ချပေးထားတာက အဲဒီလို အဓိပ္ပါယ်ပေါ်အောင်၊ လူရှိရင်လောဘရှိတယ်၊ လူရှိရင်ငွေ၊ မော်တော်ကား၊ အုတ်တိုက်၊ အဲဒါ ဘာပြုလို့တုံး၊ လူရှိလို့၊ ခုန ဒုက္ခသစ္စာထဲမှာ လူရှိသလားဆိုတော့ ဒုက္ခသစ္စာထဲမှာ**'လူ'** မပါဘူး။

**'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ **'ဒုက္ခမသိ လူလို့သိ လောဘရှိပြီမှတ်'**။

ဒုက္ခက ဟို ဖြစ်ပြီး ပျက်သွားတယ်၊ **'ဒုက္ခမသိ လူလို့သိ လောဘရှိပြီမှတ်'**၊ လူလို့ ပယ်လိုက်ရင်လည်း သမုဒယပယ်လိုက်ရင်လည်းဟော နိရောဓကလူလို့ မရှိတော့ဘူး၊ အဲ အဲလို တစ်ခါတည်း **'ဒုက္ခမသိ လူလို့သိ လောဘရှိပြီမှတ်'**။ အဲ **'လောဘ'**ဆိုတာ **'သမုဒယသစ္စာ'** ကိုခေါ်တယ်တဲ့၊ သူကလိုချင်တယ်တဲ့၊ လိုချင်ရင်တော့ ငါ့ဝမ်းထဲမှာ လိုချင်သလားဆိုတာ ကိုယ့်ဟာကိုယ် သိရတယ်။

အဲဒါ **'ဤဟာသမုဒယသစ္စာ'**၊ အဲဒါမှ မလိုချင်ပြီဆိုလေး လုပ်လိုက်တာနဲ့ပဲ သမုဒယက ပယ်သွားတယ်။ သမုဒယက အဲလိုပယ်သွားတယ်၊ **'ဉာဏ်'**ကလေးနဲ့၊ **'ဉာဏ်'** ကလေးနဲ့ မြတ်စွာ ဘုရားက ရှေ့ရောက်သွားတော့၊ အဲလို မြတ်စွာဘုရားက **'သစ္စာလေးပါး'**ကို ဟောလိုက်တာ၊ ဖြစ်တာမရှိတာကို **'နိရောဓသစ္စာ'** ခေါ်တယ်၊ **'လူ'**လို့မရှိလို့ရှိရင် ဖြစ်တာလည်း မရှိတော့ဘူး။

ရာဂက အင်း အရင်က ပြောတတ်တယ်၊ ဒီလိုမပြုဘဲနဲ့ ဖြစ်ရဲ့လားဘုရားဆိုပြီး ရှေးတုန်းကဖြစ်ပုံ၊ အဲဒါ သစ္စာလေးပါးတရားခေါ်တယ်။ မြတ်စွာဘုရား လက်ထက်ဆိုရင် အဲသလိုသိရတယ်၊ သစ္စာလေးပါး၊ သို့မို့ရင် **'လူတွေ'**ချည်းပဲသိတာ၊ လူတွေချည်းပဲ မျက်စိက

www.burmeseclassic.com

www.burmeseclassic.com



လူတွေမြင်တော့ လူတွေချည်းပဲသိတယ်၊ ဟဲ့ **'လူတွေ'** မဟုတ်ဘူး၊ ဒါ **'သဏ္ဌာန'** ခေါ်တယ်၊ သပိတ်ကြီးနဲ့ တူတယ်၊ သပိတ်ကြီးမှာ အပေါက်သုံးပေါက်ပါတယ်။

သပိတ်ကြီးက သင်္ခတ၊ စိတ် စေတသိက် ရုပ် - **သဘာဝလက္ခဏာ**။

အပေါက်ကြီးက အနိစ္စ၊ ဒုက္ခ၊ အနတ္တ - **သာမညလက္ခဏာ**။

ဟို နားကကြားတယ်၊ မျက်စိကမြင်တယ်၊ လျှာက စားတယ်၊ စိတ်ကကူးတယ်ဆိုတာတွေက**'ပစ္စတ္တလက္ခဏာ'**ခေါ်တယ်တဲ့၊ အသီး အသီး လက္ခဏာမှာ ကိုယ့်လက္ခဏာနဲ့ကိုယ်ရှိတာ။

## ဒုက္ခမသိ လူလို့သိ လောဘရှိပြီမှတ်

အားလုံးလည်း **'အနိစ္စ'** ပါပဲကွာလို့ဆိုရင် အဲဒါမှ **'သာမည'** ခေါ်တယ်၊ **'သမာနသဘာဝ'** မဟုတ်ဘူး။ သူကတူတဲ့ဟာ တူတဲ့ဟာကို **'သမာန'** ခေါ်တယ်။ အနိစ္စ၊ ဒုက္ခတွေ အကုန်လုံးဘာဖြစ်ဖြစ် အနိစ္စ၊ ဒုက္ခတွေ အတူတူပဲဆိုတာကို **'သာမည'** ခေါ်တယ်။ **'သမာနသဘာဝေါသာမည်'** ရဟန်းမဟုတ်ဘူး၊ တူတာကို ပြောတာ၊ **'ဒုက္ခမသိလူလို့သိ လောဘရှိပြီမှတ်'**၊ အဲ အဲဒါ သမုဒယ၊ လူတွေလို့ဆိုလို့ရှိရင် ဟိုကဘာလူမျိုး ဒီကဘာလူမျိုးလို့ဆိုလို့ရှိရင် ဟာ ရန်တွေဖြစ်ချင်ကြပြီ၊ တိုက်ချင်ခိုက်ချင်ကြတယ်၊ အဲလိုဟာမျိုးဖြစ်တယ်။ မြတ်စွာဘုရားက ဖြစ်တဲ့ဟာ-ဒုက္ခသစ္စာ၊ **'ဥပ္ပါဒေါဒုက္ခံ'** ကိုး၊ ဇာတိပိဒုက္ခာ၊ ဒါ ဒုက္ခသစ္စာလို့ခေါ်တယ်၊ **'လူတွေ'**လို့ မခေါ်ဘူး။

အဲသလိုလေးပဲ ယူလိုက်ရုံပဲ အဲဒါ **'သစ္စဉာဏ်'** ခေါ်တယ်၊ **'လူတွေ'** လို့ မယူဘဲနဲ့ **'ဒုက္ခသစ္စာ'**လို့ ယူလိုက်ရုံလေးပဲ။ အဲလိုမယူလို့ရှိရင် ဟိုဟာကယူတဲ့ဟာ၊ **'အနာဒါန်'** မယူလို့ရှိရင် အဲဒါ **'နိဗ္ဗာန်'** ဖြစ်သွားတယ်၊ လူတွေ ယောက်ျားတွေလို့ မယူဘဲနေလိုက်ရုံပဲ၊ အဲ နိဗ္ဗာန်က အဲလိုကို ဖြစ်သွားတယ်၊ ယူတော့ ဒုက္ခသစ္စာကြီးရဲ့ ပဋိစ္စသမုပ္ပါဒ်ဖြစ်သွားတာပေါ့၊ **'ဇာတိပိဒုက္ခာ'**ဆိုတော့၊ ဇာတိရှိရင် ဇရာ မရဏရှိတယ်၊ ဇရာ မရဏရှိရင် ခန္ဓာရှိတယ်၊ ဟို မြင်တဲ့ဟာ ကြားတဲ့ဟာ **'ခန္ဓာ'**ပဲ၊ **'ခန္ဓာ'**ဆိုတော့ ဒုက္ခသစ္စာလို့ သိရမှာပေါ့။

**'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်၊ ဒုက္ခမသိ လူလို့သိ လောဘရှိပြီမှတ်'**။

## ဖြစ်တာမရှိ ချုပ်တာရှိ နိရောဓ ဟုသိ

အဲ **'လောဘ'** မရှိလို့ရှိရင်တော့ မယူဘူးတဲ့၊ လောဘမရှိမှ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ အဲဒီလောဘလည်းမရှိပြီဆိုတော့ ဖြစ်တာလည်း မရှိတော့ဘူး၊ ချုပ်တာပဲ ရှိတော့တယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



**'နိရောဓောနာမနိဗ္ဗာနံ'** တဲ့၊ **'နိရောဓော-** ချုပ်ခြင်းသည်၊ **နိဗ္ဗာနံနာမ** - နိဗ္ဗာန်မည်၏'။

ရာဂလည်း ဖြစ်တာမရှိဘူး၊ **'ဒုက္ခမသိ လူလို့သိ လောဘရှိပြီမှတ်'** ဒေါသလည်းဖြစ်တာမရှိဘူး၊ မျက်စိကလည်း ဖြစ်တာမရှိဘူး၊ နားကလည်း ဖြစ်တာမရှိဘူး၊ အဲလို ဖြစ်တာမရှိမှ **'နိရောဓ'** ခေါ်တယ်။

**'နိရောဓော-** ချုပ်ခြင်းသည်၊ **နိဗ္ဗာနံနာမ-** နိဗ္ဗာန်မည်၏'။ အဲ မျက်စိကမြင်လည်း ဘာချုပ်တုံး၊ လောဘချုပ်တယ်၊ မျက်စိကမြင်ရင် လောဘ ချုပ်တယ်၊ ဒေါသချုပ်တယ်၊ မောဟချုပ်တယ်၊ အဲဒီ မျက်စိနဲ့ နိဗ္ဗာန်ဖြစ်သွားတယ်။ အဲဒါသစ္စာ သိတာပေါ့၊ ဒုက္ခသစ္စာသိတာ။ **'နိရောဓောနာမနိဗ္ဗာနံ -** ချုပ်ခြင်းသည် နိဗ္ဗာန်မည်၏ '။

လောဘမဖြစ် **'လောဘမဖြစ် ချုပ်သည်ဖြစ်'**၊ လောဘမရှိတော့ ချုပ်တာဖြစ်သွားတယ်တဲ့၊ ဟို သွားချင်ပါတယ်ကွာ ဟိုဟာလိုချင်ပါတယ်ကွာ မလိုချင်တော့ပါဘူးကွာဆိုရင် မသွားတော့ဘူး၊ အဲဒီလို သဘောပေါ့။ ဒုက္ခက ဟို **'ဖြစ်'**တဲ့ဟာထဲမှာက လောဘဒေါသမပါတော့ဘူး၊ မြင်တာပဲ ရှိတော့တယ်။ အဲဒီလိုဆိုတော့ ချုပ်တာသာ သူသိတော့တယ်၊ လောဘလည်း မဖြစ်တော့ဘူး။ **'ဖြစ်တာမရှိ ချုပ်တာရှိ နိရောဓဟုသိ၊ ဒုက္ခသမုဒယချုပ်လေက နိရောဓဟုသိ'။**

## လူလို့သိရင် ဒုက္ခသစ္စာ၊ သမုဒယသစ္စာဖြစ်တယ်

မျက်စိမြင် ကားလေးလှလိုက်တာကွာလို့သွားမလုပ်နဲ့၊ အဲ အဲဒါ လိုချင်သွားပြီလို့သာ မှတ်လိုက်တော့၊ လှလိုက်တာကွာဆိုတာက **'အဆင်း'**ကိုပြောတာ၊ လှလိုက်တာကွာ ဆိုတာက ဘာပြောတာတုံး (အဆင်းကို ပြောတာပါဘုရား)။ အဆင်းက ကားလား၊ ငွေလား၊ ရုပ်ပဲ။ အဆင်းက ကားလား၊ သိန်းလေးဆယ်လား (ရုပ်ပါဘုရား)။ အဲဒါ **'ရုပ်'**ကို ကားလို့ဆိုတော့ မလိုချင်ဘူးလား (လိုချင်ပါတယ်ဘုရား)။ အဲဒါ လှလိုက်တာကွာ။

**'ဒုက္ခမသိလူလို့သိ လောဘဖြစ်ပြီမှတ်'။**

လွယ်လွယ်ကလေးပဲ လူလို့သိတာ။ **'ဒုက္ခသစ္စာ'** ဖြစ်ရင် ပျက်တယ်လို့ မသိဘဲနဲ့ ကားတို့ လူတို့၊ သိန်းလေးဆယ်တို့ ဘာတို့၊ အုတ်တိုက်ကြီးတို့၊ ဘာတို့ အဲဒါတွေက လောဘဖြစ်လာတယ်တဲ့၊ လောဘဆိုတာ အဲဒီဒြပ်ကို လူတွေလို့ရှိနေရင် လောဘသမုဒယ ရှိတယ်တဲ့၊ လူတွေဟို့ စိတ်ထဲမှာမကူးလို့ရှိရင် လောဘလည်း မရှိဘူးတဲ့။ ဟုတ်တယ် မဟုတ်လား (တင်ပါ့ဘုရား)၊ အဲ အုတ်တိုက်ကြီးနဲ့ သိန်းလေးဆယ်နဲ့ လူနဲ့ဘာထူးတုံး (မထူးပါဘူးဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**'အုတ်တိုက်ကြီး'**လည်း မလိုချင်ဘူးလား (လိုချင်ပါတယ်ဘုရား)။

**'ကားကြီး'**ကော (လိုချင်ပါတယ်ဘုရား)။

**'လူ'**ရော (လိုချင်ပါတယ်ဘုရား)။

အုတ်တိုက်လည်း မဟုတ်ဘူး၊ သိန်းလေးဆယ်လည်း မဟုတ်ဘူး၊ လူလည်းမဟုတ်ဘူး ဆိုရင် ကဲ လိုချင်သေးလား (မလိုချင်တော့ပါဘူးဘုရား)၊ အဲ အဲလိုပဲ **'လူ'**လို့ အရင်ရှိထားလို့ အဲဒါတွေ လိုချင်သွားတယ်တဲ့။

## လူလို့ မသိရင် မဂ္ဂသစ္စာဖြစ်တယ်

**'လူ'**လို့သိလို့ရှိရင် ဒါ ဒုက္ခသစ္စာ၊ သမုဒယသစ္စာဖြစ်တယ်၊ သမုဒယသစ္စာမဖြစ်ရင် မဂ္ဂနော် **'မဂ္ဂေါ လောကုတ္တရော မတော'** တဲ့။

**'လောကုတ္တရာ ဟူသည်မှာ မဂ္ဂသစ္စာမှတ်'**။

အဲဒါ ဘာခက်တုံး၊ **'လောကုတ္တရာ'**ဆိုတာ လောကကြီးလူတွေက လွန်သွားတာကို လောကုတ္တရာခေါ်တယ်။ လူလို့ မမြင်တော့ဘူး၊ ယောကျ်ား၊ မိန်းမလို့ မမြင်တော့ဘူး၊ နတ်ပြည် လို့လည်းမမြင်တော့ဘူး၊ သူကသုံးဆယ့်တစ်ဘုံကိုး။ သုံးဆယ့်တစ်ဘုံကကျော်လွန်လိုက်တာ ဟာ တစ်ခါတည်း လောကုတ္တရာဖြစ်သွားတယ်။ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ အဲ အဲလိုမှတ်။

**'လောကုတ္တရာ ဟူသည်မှာ မဂ္ဂသစ္စာမှတ်'**။

ဒါကြောင့် **'မဂ္ဂေါလောကုတ္တရော မတော'**ဆိုတာ သင်္ဂြိုဟ်ထဲပါတယ်။ **'လောကုတ္တရော-** လောကုတ္တရာကို၊ **မဂ္ဂေါ -** မဂ္ဂသစ္စာဟူ၍၊ **မတော-**ဆိုအပ်၏**'** -ဆိုတာ လူတွေ မပါတော့ဘူး။ လူတွေကို လောကီလို့ခေါ်တာကိုး။ လူတွေကိုဘာခေါ်တုံး (လောကီလို့ခေါ်ပါတယ်ဘုရား)။ အဲ **'လူ'**လို့သိရင် ဘာဖြစ်မတုံး၊ **'သမုဒယသစ္စာ'**၊ အဲ အဲလို ဖြစ်တယ်၊ **'လူ'**လို့ မသိလို့ရှိရင် ဘာတုံး၊ **'မဂ္ဂသစ္စာ'**၊ အဲလို လူလို့သိလို့ရှိရင် ဟိုချစ်ရ ဒီချစ်ရ၊ ဟိုမုန်းရ ဒီမုန်းရနဲ့ ဒီလိုမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ အဲ အဲလို ဖြစ်သွားတယ်။ ကဲ --- တော်ကြအုံးစို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " တေဘူမက သင်္ခါရ တရားတော် "

၁၇. ၁၂. ၂၀၀၆

**( ဆရာတော်ဘုရားကြီး၏ သက်တော် – ၈၅ နှစ်မြောက်မွေးနေ့ )**

**'ဣမသ္မိံ သတိ' ဆိုတော့ 'နာမ်ရုပ်' ရောက်သွားတယ်**

**'နာမ်ရုပ်'**ရောက်တော့ လူတွေပျောက်သွားတယ်။ **'ဣမသ္မိံ သတိ'** ဆိုတော့ ဘာတွေရောက်တုံး (နာမ်ရုပ်ရောက်ပါတယ်ဘုရား)။ **'နာမ်ရုပ်'** ရောက်တော့ ဘာတွေ ပျောက်သွားတုံး (လူတွေပျောက်သွားပါတယ်ဘုရား)။ **'လူတွေ'**မရှိဘူးလို့ အဲဒီလိုလုပ်ရတယ်၊ **'သတ္တဝါ'** တွေမရှိဘူးလို့ **'နာမရူပသ္မိံ'**၊ ဒါ ပဋိစ္စသမုပ္ပါဒ်။ ရောက်လွယ်တယ်၊ သင်္ခါရပေက္ခာ ထိအောင် ရောက်သွားတယ်၊ **'ဣမသ္မိံ သတိ'** တုန်းက နာမ်ရုပ်ရောက်သွားတယ်။ **'ဣမသ္မိံ သတိ'** တုန်းက ဘယ်ရောက်သွားလဲ (နာမ်ရုပ်ရောက်သွားပါတယ်ဘုရား)။

**'သိတာကနာမ်၊ ထိုင်တာကရုပ်၊ နာမ်ရုပ်'**။

နာမ်ရုပ်ရောက်သွားတော့ လူတွေပျောက်သွားတယ်။ **'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ မြင်တာတွေ ကြားတာတွေက ဘုံသုံးပါးမှာ ဖြစ်တဲ့အရာတဲ့။ **'ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ ဟော မြင်တာတွေ ကြားတာတွေက အဲဒါ ဘုံသုံးပါးမှာဖြစ်တဲ့အရာ ဖြစ်သွားတယ်။

**'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ အဲဒီဒုက္ခသစ္စာဖြစ်တဲ့အရာကြီးက ဘာတွေတုံး ဆိုတော့ **'တေဘူမကသင်္ခါရ'** ဆိုတော့ သူက သပိတ်ကြီးနဲ့တူတယ်တဲ့။ ဘာနဲ့တူတုံး (သပိတ်ကြီးနဲ့တူပါတယ်ဘုရား)။ အပေါက် သုံးပေါက်ပါတဲ့ သပိတ်ကြီးနဲ့တူတယ်တဲ့။ ဘာနဲ့တူတုံး (အပေါက်သုံးပေါက်ပါတဲ့ သပိတ်ကြီးနဲ့ တူပါတယ်ဘုရား)။ အပေါက်သုံးပေါက်က အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အဲ လက္ခဏာယာဉ် အဲ သူနဲ့သွားတာ။ နိဗ္ဗာန်ကို - **'အနိစ္စတော၊ ရောဂတော၊ ဂဏ္ဍတော၊ သလ္လတော'** နဲ့ တောလေးဆယ်ရှိတယ်။

**'ရောဂတော'** ကလည်း ရောဂါဖြစ်စရာကြီး ဒါကြီးက၊ **'ဂဏ္ဍတော'** ဆိုရင် အနာတွေလည်း ပေါက်တတ်တယ်၊ **'သလ္လတော'** ဆိုရင် မြှားငြောင့်နဲ့ ထိုးသလိုပဲ၊ ယယ်လို့ကြီးလို့ရှိရင် ဟိုကထိုး ဒီကထိုးနဲ့ လေတွေပိတ်ပြီး မဆင်းလို့ရှိရင် မလှည့်လို့ရှိရင် သူကထိုးတယ်၊ **'ပလောကတော'** ပျက်စီးတတ်တယ်၊ သူက ပျက်စီးတတ်တယ်။ အဲဒါကြောင့် **'တေဘူမက သင်္ခါရ'** လို့ခေါ်တယ်။ ဘာလို့ခေါ်လဲ (တေဘူမက သင်္ခါရလို့ ခေါ်ပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**'တေဘူမက သင်္ခါရ' ဆိုတာ ဒုက္ခသစ္စာ**

အဲ **'တေဘူမက သင်္ခါရ'** ရောက်သွားလို့ရှိရင် မျက်စိတွေ နားတွေ ပျောက်သွားတယ်။ **'တေဘူမက သင်္ခါရ'** ရောက်ရင် ဘာတွေပျောက်လဲ (မျက်စိတွေ နားတွေ ပျောက်ပါတယ်ဘုရား)။ မျက်စိတွေ နားတွေလို့ အမှတ်မထားနဲ့ သူလည်း အပေါက်သုံးပေါက်ပါတဲ့ သပိတ်ကြီးလိုပဲတဲ့၊ သူလည်း ဘာတုံး (အပေါက်သုံးပေါက်ပါတဲ့ သပိတ်ကြီးလိုပါဘုရား)။ အဲ မျက်စိတို့ နားတို့ နှာခေါင်းတို့လို့ ဒီလိုမယူနဲ့တော့၊ သူလည်း အပေါက်သုံးပေါက် ပါတဲ့ သပိတ်ကြီးလိုပဲတဲ့၊ သူလည်းဘာတုံး (အပေါက်သုံးပေါက်ပါတဲ့ သပိတ်ကြီးလိုပါဘုရား)။ ဘာပြုလို့တုံးဆိုတော့ သူက **'တေဘူမက သင်္ခါရ'** ဖြစ်နေတယ်။ ဘာပြုလို့တုံး (တေဘူမက သင်္ခါရဖြစ်နေလို့ပါ ဘုရား)။ **'တေဘူမက သင်္ခါရ'**ဆိုတာ **'ဒုက္ခသစ္စာ'**ခေါ်တယ်။ ဘာခေါ်တုံး (ဒုက္ခသစ္စာ ခေါ်ပါတယ်ဘုရား)။

**'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ အဲလိုဆို **'သစ္စဉာဏ်'** ရောက်သွားတယ်။ **'ဣဒံ ဒုက္ခန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ'** ဆိုတာ ဓမ္မစကြာခေါ်တယ်။ အဲဒါ အရင်တုန်းက ငါ **'ဒုက္ခသစ္စာ'** လို့ မသိဘူးတဲ့။ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။ လူတွေ ဘာတွေ မျက်စိတွေ နားတွေလို့ပဲ ဒီလိုပဲ သိနေတယ်တဲ့၊ ဘာတွေလို့ပဲသိလဲ (မျက်စိတွေ နားတွေလို့ သိပါတယ်ဘုရား)။ အဲ မျက်စိတွေ၊ နားတွေ၊ လူတွေ၊ ယောကျ်ားတွေ မိန်းမတွေ နာမည်တွေ ဒီလိုပဲသိတယ်၊ နင်တို့လိုပါပဲတဲ့၊ ဒီလိုပဲ သိနေတယ်တဲ့ နင်တို့နဲ့ မထူးပါဘူးတဲ့၊ ဟုတ်ကဲ့လား။

ဗောဓိပင်နဲ့ ရွှေပလ္လင်မရောက်ခင်တုန်းကပေ့ါလေ၊ မျက်စိတွေက လူတွေမြင်၊ နားတွေက အသံတွေကြား၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ နှာခေါင်းတွေက အနံ့တွေနံ၊ လျှာတွေက အရသာတွေစား၊ ကိုယ်ကြီးက ဟော ထိစရာတွေထိ၊ စိတ်ကလည်း ဟိုကြံ ဒီကြံနဲ့၊ သစ်ပင်တွေကြံ၊ လူတွေကြံ၊ ငွေတွေကြံ၊ အုတ်တိုက်တွေကြံ၊ အဲ အဲလိုကြံတာ၊ အဲဒါ ကြံတာကို **'တေဘူမက သင်္ခါရ'**လို့ မသိဘူးတဲ့။ အဲ ကြံတယ်လို့ပဲ သိတာပေ့ါတဲ့။အဲဒါတွေကို **'တေဘူမက သင်္ခါရ'**လို့ခေါ်တယ်။ **'တေဘူမက သင်္ခါရ'** ဆိုတာ ဒုက္ခသစ္စာလို့ မသိဘူးတဲ့။

**မျက်စိတွေ၊ နားတွေဆိုတာက ဒုက္ခသစ္စာ**

**'ဣဒံ ဒုက္ခန္တိ မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ'**၊ အဲဒါ ဓမ္မစကြာမှာ ဗာရာဏသီမှာ တရားဦးဟောတဲ့ဟာတဲ့။ ဒီ မျက်စိတွေ နားတွေ ဆိုတာက **'ဒုက္ခသစ္စာ'**တဲ့၊ မျက်စိတွေ နားတွေက ဘာတွေတုံး (ဒုက္ခသစ္စာ

www.burmeseclassic.com

www.burmeseclassic.com



ပါဘုရား)။ ဘာပြုလို့တုံးဆိုတော့ **'တေဘူမက သင်္ခါရ'** ဖြစ်နေလို့။ ဘာပြုလို့တုံး (တေဘူမက သင်္ခါရ ဖြစ်နေလို့ပါဘုရား)။ **'တေဘူမက'** ဆိုတာ **'ဘုံသုံးပါး'** ခေါ်တယ်။ **'ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ'**။ အဲ မျက်စိတွေ နားတွေကရှိတယ်၊ ဘုံတွေ၊ အဲဒါတွေကို ငါတို့က မျက်စိတွေနဲ့ ဟိုကြည့် ဒီကြည့်၊ **'ငါတွေ'**ကလည်းမျိုးစုံ။

ဟာ ဇရဲပြည်ရောက်တော့လည်း ခေါင်းကြီးက ချိုကြီးတွေနဲ့ ဘာကြီးတွေနဲ့၊ လည်ပင်း မပါတာကြီးတွေ၊ ခေါင်းမပါတာကြီးတွေ၊ အကုန်အမျိုးစုံ၊ ဒါထက် ကြောက်စရာတွေရော ရွံစရာတွေရော၊ ဟို ရင်ဘတ်က မျက်စိတွေထွက်နေတယ်၊ သူတကာ့ကို လည်ပင်းကို ဖြတ်တဲ့သူ တွေပေါ့၊ ဟော ရင်ဘတ်ကို ဓားနဲ့ထိုးတဲ့လူတွေ၊ ဟော သွေးတွေစီးလို့ တစ်ခါတည်း ကျနေတယ်၊ ကိုယ့်သွေးကို ကိုယ်သောက်ရတယ်၊ စားစရာက မရှိဘူး၊ အဲလိုဟာမျိုး တွေ။ ခုလူတွေကတော့ သုဂတိဘုံရောက်နေလို့၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ သုဂတိဘုံ ရောက်တဲ့အပြင်၊ အဲဒီ ဘုရားပွင့်တာနဲ့ကြုံတော့ သစ္စာလေးပါးနဲ့ကလည်း မကုန်သေးဘူး၊ ခေတ်မကုန်သေးလို့ ကြားရတယ်။ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။

အဲ သင်္ခါရရောက်တော့ **'တေဘူမက သင်္ခါရ'**ရောက်တော့ အပေါက် သုံးပေါက်ပါတဲ့ သပိတ်ကြီးနဲ့တူနေတယ်တဲ့။ အပေါက်သုံးပေါက်ပါတဲ့ ဘာနဲ့တူလဲ (သပိတ်ကြီးနဲ့ တူပါတယ် ဘုရား)။ မျက်စိက မြင်တာလည်း အပေါက်သုံးပေါက်၊ မျက်စိက **'မြင်တာ'**လည်း ဘာတုံး (အပေါက်သုံးပေါက်ပါဘုရား)။ နားက**'ကြားတာ'**လည်း ဘာတုံး (အပေါက်သုံးပေါက်ပါဘုရား)။ အဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ငါပြောတုန်းက အသံရှိတုန်း ကြားလိုက်တယ်၊ အသံလည်းမရှိရော မကြားတော့ဘူး၊ အဲဒါ အပေါက်သုံးပေါက်ဆိုတော့ကို ဘယ်သူရယ်၊ ငါရယ်လို့မလုပ်ရဘူး။

**'သင်္ခါရ'**ကို ဥပေက္ခာပြုလိုက်တော့ **'သင်္ခါရုပေက္ခာ'** ဖြစ်သွားတယ်။ **'အနုလောမ'**ဆိုတာ **'သင်္ခါရ'**ကို ဥပေက္ခာပြုနိုင်တယ်လေ။ **'လူ'**ဆိုတော့ ပြောပါခင်ဗျာ၊ လုပ်ပါခင်ဗျာနဲ့ အဲဒီလို လုပ်ရတယ်။ **'သင်္ခါရ'**ဆိုတော့ ဥပေက္ခာပြုလိုက်တော့ ငြိမ်သွားတယ်၊ **'ဥပေက္ခာ'** ပြုတယ်ဆိုတော့ **'ငြိမ်'**သွားတယ်။ လူတွေဆိုတော့ ထိုင်ပါခင်ဗျာ၊ ကြွပါခင်ဗျာနဲ့၊ အဲလို အဲလို မဆိုပြန်ရင်လည်း သူတို့က မကောင်းစရာ၊ အဲလိုဖြစ်သွားတယ်။ လူတွေဆိုတော့ လူတွေရောက်သွားတယ်၊ သင်္ခါရ ပဲရောက်သွားတယ်။ သင်္ခါရပဲရောက်သွားတော့ သပိတ်ကြီး အပေါက်ကြီးနဲ့ တူသွားတယ်။

**'သင်္ခါရ' ဆိုတာ မျက်စိတွေ၊ နားတွေကိုခေါ်တယ်**

**'သင်္ခါရက သပိတ်ကြီး'**၊ **'သင်္ခါရ'**ဆိုတာ မျက်စိတွေ နားတွေကိုခေါ်တယ်။ သင်္ခါရဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ခေါ်တုံး (မျက်စိတွေ နားတွေကို ခေါ်ပါတယ်ဘုရား)။ အဲ မျက်စိတွေ နားတွေ ဟောဒီ ကိုယ်ကြီးရောပါတယ်။ ကိုယ်ကြီးကလည်း ပျက်နေတယ်၊ **'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'** ပဲ။ သူတို့လည်း အပေါက်သုံးပေါက်နဲ့ပဲ။ **'တူရိယာတွေ'**လည်း ဘာတွေတုံး (အပေါက်သုံးပေါက်ပါဘုရား)။ ကဲ **'ဟိုတယ် ဆိုင်တွေ'** ကရော ဘာတွေတုံး (အပေါက်သုံးပေါက်ပါဘုရား)။ **'ဘောလုံးပွဲတွေ'** ကလည်း ဘာတွေတုံး (အပေါက်သုံးပေါက်ပါဘုရား)။ မျက်စိနဲ့ကြည့်လို့ မြင်ရတာကိုး။ မျက်စိနဲ့ ကြည့်လို့ မြင်ရတာတွေဟာ **'တေဘူမက သင်္ခါရ'** ခေါ်တယ်။ အဲဒီ တေဘူမက သင်္ခါရက ဒုက္ခသစ္စာခေါ်တယ်။ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ **'တေဘူမကသင်္ခါရာ'** (တေဘူမကသင်္ခါရာ) အဲဒါ ပါဠိလိုခေါ်တယ်။ မြန်မာလိုက မျက်စိတွေ နားတွေ သူက၊ အဲဒါ တေဘူမက သင်္ခါရပဲလို့ အဲလိုမှတ်နော်၊ **'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**။

**'ဒုက္ခသစ္စာ'**မှတ်တယ်ဆိုတာ မျက်စိနဲ့ကြည့်လို့ မျက်စိလို့မမှတ်နဲ့၊ နားနဲ့ ကြားရင် နားလို့မမှတ်နဲ့တော့၊ နှာခေါင်းနဲ့နံလည်း နှာခေါင်းလို့ မမှတ်နဲ့တော့၊ သူက**'အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ'**ပဲ ဖြစ်တော့တယ်။ ထမင်းစားရင်လည်း **'အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ'**ပဲတဲ့။ ဘာပြုလို့တုံးဆိုတော့ အပေါက်ကြီးသုံးပေါက်ပါလို့တဲ့၊ ဘာပြုလို့တုံး (အပေါက်ကြီး သုံးပေါက်ပါလို့ပါဘုရား)။ ဘယ်ဟာကအပေါက်ကြီးသုံးပေါက်ပါတုံး (သပိတ်ကြီးကပါဘုရား)။

## မျက်စိက သပိတ်ကြီး၊ မြင်တာက အပေါက်သုံးပေါက်

သပိတ်ကြီးက အပေါက်သုံးပေါက်ပါသလို၊ **'မျက်စိ'**ကလည်း အပေါက်ကြီးသုံးပေါက်ပါတယ်။ မျက်စိက အပေါက်ဘယ်နှစ်ပေါက်ပါတုံး (အပေါက်ကြီးသုံးပေါက် ပါပါတယ်ဘုရား)။ သုံးပေါက်က **'အနိစ္စ၊ ဒုက္ခ၊ အနတ္တ'** ခေါ်တယ်။ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ **'မျက်စိ'** ကိုတော့ **'သပိတ်ကြီး'** လို့ခေါ်တယ်။ မျက်စိကိုတော့ ဘယ်လိုခေါ်လဲ (သပိတ်ကြီးလို့ ခေါ်ပါတယ်ဘုရား)။ အဲ သပိတ်ကြီးလို့ခေါ်တယ်၊ အဲဒါ မှတ်ထား။ မြတ်စွာဘုရားကို ရှေးက အဋ္ဌကထာဆရာတို့က နာမည်ပေးတာ။ အဲဒီနေရာရောက်လို့ရှိရင်၊ အဲဒီ အပေါက်ကြီးသုံးပေါက် ပါတဲ့ သပိတ်ကြီးပဲလို့ ဆိုတော့ ဘယ်သူကဘာကြီးပဲ၊ ဘယ်သူက ဘယ်လိုဂုဏ်ကြီးနဲ့၊ ဘယ်သူက ဝန်ကြီး၊ ဘယ်သူက ဘာကြီးနဲ့လို့ ဒီလိုရှိသေးလား (မရှိပါဘူးဘုရား)။ မရှိတော့ တန်းတူ ဖြစ်သွားတော့ 'သင်္ခါရ' ကို 'ဥပေက္ခာ' မပြုနိုင်ဘူးလား (ပြုနိုင်ပါတယ်ဘုရား)။

ဟော လူတွေဆိုတော့ ဝန်ကြီးလာတယ်ဆိုတော့ ထပေးရသေးတယ်၊ ဘာပြုပေးရသေးတယ်။ အဲ **'သင်္ခါရုပေက္ခာ'** - ဥပေက္ခာကျတော့ **'ငြိမ်ငြိမ်လေး'** ပဲဖြစ်သွားတယ်။ ဥပေက္ခာ

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ ဘယ်လိုဖြစ်သွားတုံး (ငြိမ်ငြိမ်လေးပဲဖြစ်သွားပါတယ်ဘုရား)။ ဒါ့ကြောင့် **'သင်္ခါရုပေက္ခာ'**၊ အဲဒီငြိမ်ငြိမ်လေးဆိုတော့ **'သင်္ခါရ'**က **'ငြိမ်ငြိမ်လေး'**ဆိုတော့ **'နိဗ္ဗာန်'**ကလည်း **'ငြိမ်ငြိမ်လေး'**၊ သင်္ခါရက ငြိမ်ငြိမ်လေးဆိုတော့ ဘာတုံး (နိဗ္ဗာန်ကလည်း ငြိမ်ငြိမ်လေးပါဘုရား)။ အဲဒီတော့ ဟို ဟို နိဗ္ဗာန်နဲ့ မလျော်ဘူးလား (လျော်ပါတယ်ဘုရား)၊ အဲဒါကြောင့် **'အနုလောမ'** လို့ခေါ်တယ်။

**'အနုလောမ'** ရောက်လို့ရှိရင် ငြိမ်ငြိမ်ကလေးနေတယ်၊ **'သင်္ခါရ'** ငြိမ်ငြိမ်လေးနေရတယ် ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ မြင်ရုံလေး မြင်၊ ကြားရုံလေး ကြား၊ အဲလိုဆိုရင် သင်္ခါရက ငြိမ် သွားတယ်၊ **'ငြိမ်'**တော့ **'သန္တံ'**၊ နိဗ္ဗာန်ကလည်း ငြိမ်တယ်လို့ဆိုတော့ နိဗ္ဗာန်နဲ့လျော်သွားတယ်။ ဟို မျက်စိတွေ၊ နားတွေလို့ မမှတ်နဲ့တော့။ မျက်စိတွေ၊ နားတွေလို့ဆိုတာက လူတွေလည်း ခေါ်တယ်။ သူက **'တေဘူမက သင်္ခါရ'** ဖြစ်နေတယ်။ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ ဒီက ဟို **'တေဘူမက သင်္ခါရ'**ကို လျော်အောင်လုပ်ရမှာကိုး၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)။ မျက်စိတွေ၊ နားတွေဆိုတော့ **'ငါ့'**မျက်စိ၊ **'သူ့'**မျက်စိကလည်း ရှိသေးတယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ **'ငါ့'**နား **'သူ့'**နားလို့လည်း ရှိသေးတယ်။ အဲဒါ **'တေဘူမက သင်္ခါရ'** ခေါ်တယ်နော်။

**'ဒုက္ခသစ္စာ' လို့ဆိုလိုက်တော့ မျက်စိတွေ နားတွေမရှိတော့ဘူး**

**'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ အခုဟာ ကာမဘုံခေါ်တယ်၊ အဲ ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာဆိုတော့ မျက်စိတွေလည်းမရှိဘူး၊ နားတွေလည်းမရှိဘူး။ **'ငါ့'**မျက်စိလို့ လည်း မရှိဘူး၊ **'သူ့'**မျက်စိလို့လည်း မရှိဘူး။ အဲ ဒုက္ခသစ္စာဖြစ်သွားတယ်။ မြတ်စွာဘုရားကတော့ **'ဤဟာ ဒုက္ခသစ္စာ'** တဲ့၊ အဲ မျက်စိတွေ၊ နားတွေမရှိဘူး။ **'ဣမသ္မိံ သတိ'**တုန်းက **'နာမ်ရုပ်'** ဆိုတော့ **'လူတွေ'**မရှိဘူး။ အခုဟာကတော့ **'ဒုက္ခသစ္စာ'**လို့ဆိုလိုက်တော့ မျက်စိတွေ နားတွေ မရှိတော့ဘူး။ သူက ဟို **'ဖြစ်တာ ပျက်တာ'**ဆိုတော့ သပိတ်ကြီးနဲ့ အပေါက်သုံးပေါက်ပဲ ရှိတော့ တယ်။ သပိတ်ကြီးမှာ အပေါက်သုံးပေါက်ပါတယ်တဲ့၊ သပိတ်ကြီးမှာ ဘာပါတုံး (အပေါက် သုံးပေါက်ပါပါတယ်ဘုရား)။ အပေါက်သုံးပေါက်က အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ သပိတ်ကြီးက **'မျက်စိ'**၊ သပိတ်ကြီးကဘာတုံး (မျက်စိပါဘုရား)။ **'နားကြီး'**က ဘာတုံး (သပိတ်ကြီးပါဘုရား)။ ကြားတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ မပါဘူးလား (ပါပါတယ်ဘုရား)။ သူလည်း အပေါက်ကြီးသုံးပေါက်နဲ့ပဲ။

**'နား'** မှာ အပေါက်ကြီးဘယ်နှစ်ပေါက်ပါတုံး (သုံးပေါက်ပါပါတယ်ဘုရား)။

**'နှာခေါင်း'** မှာကောအပေါက်ကြီးဘယ်နှစ်ပေါက်ပါတုံး (သုံးပေါက်ပါပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**'လျှာ'** မှာကော အပေါက်ကြီး ဘယ်နှစ်ပေါက်ပါတုံး (သုံးပေါက်ပါပါတယ်ဘုရား)။

**'ကိုယ်ကြီး'** မှာကော ဘယ်လောက်ပါတုံး (သုံးပေါက်ပါပါတယ်ဘုရား)။

**'စိတ်'** ကလည်း ဘာတုံး (အပေါက်ကြီးသုံးပေါက်နဲ့ပါဘုရား)။

ထိုင်နေပေမယ့် သွေးတွေကတိုး၊ ဘာကလှုပ်၊ ညာကလှုပ်နဲ့ သူလည်း စိတ်ကလည်း အပေါက်ကြီးသုံးပေါက်ပါတယ်။ စိတ်ကလည်း အပေါက်ကြီးသုံးပေါက်ပါတယ်။ နားက ဘာကြီးတုံး၊ နားက မကြားဘူးလား (ကြားပါတယ်ဘုရား)။ နားကဘာကြီးတုံး (သပိတ်ကြီးပါဘုရား)။ သပိတ်ကြီးနဲ့ အပေါက်နဲ့မတူဘူးနော်။

**'နား'** က ဘာတုံး (သပိတ်ကြီးပါဘုရား)။ **'ကြားတာ'** က ဘာတုံး (အပေါက်ပါဘုရား)။

**'မျက်စိ'** က ဘာတုံး (သပိတ်ကြီးပါဘုရား)။ **'မြင်တာ'** က ဘာတုံး (အပေါက်ပါဘုရား)။

ဉာဏ်တွေ လွတ်ကောင်းတာ။ အဲဒီ မြင်တာကိုက အပေါက်ကြီးသုံးပေါက်ပါတယ်။ သပိတ်ကြီးနဲ့ အပေါက်သုံးပေါက်၊ ဘုရားလက်ထက်က အဲဒီလိုရောက်သွားတယ်နော်။ မျက်စိက ဘာတုံး (သပိတ်ကြီးပါဘုရား)။ မြင်တာကဘာတုံး (အပေါက်သုံးပေါက်ပါဘုရား)။ အပေါက်ကြီးသုံးပေါက်က အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အပေါက်ကြီးသုံးပေါက်ကဘာတုံး (အနိစ္စ၊ ဒုက္ခ၊ အနတ္တပါဘုရား)။ အဲလို မှတ်ထား။ အဲဒီမြင်တာ ကြားတာတွေက သပိတ်ကြီးနဲ့ အပေါက်ကြီးသုံးပေါက်ပဲလို့ဆိုတော့ **'ဥပေက္ခာ'**မထားနိုင်ဘူးလား (ထားနိုင်ပါတယ်ဘုရား)။

## အာရုံဆီကိုလိုက်တာ သင်္ခါရခေါ်တယ်၊ ရောဂဖြစ်တယ်

အဲ **'အာရုံ'** ဆီကို မလိုက်နဲ့၊ **'သပိတ်ကြီးနဲ့ အပေါက်ကြီးသုံးပေါက်'**။

မြင်တာက ဘာတုံး (သပိတ်ကြီးနဲ့ အပေါက်ကြီးသုံးပေါက်ပါဘုရား)။

ကြားတာကဘာတုံး (သပိတ်ကြီးနဲ့ အပေါက်ကြီးသုံးပေါက်ပါဘုရား)။

နံတာက ဘာတုံး (သပိတ်ကြီးနဲ့ အပေါက်ကြီးသုံးပေါက်ပါဘုရား)။

သပိတ်ကြီးနဲ့ အပေါက်ကြီးသုံးပေါက်။ သူက **'တေဘူမက'** - ဘုံသုံးပါး ဖြစ်သွားတယ်။ **'ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**။ မျက်စိတွေ နားတွေ မဟုတ်တော့ဘူး။ ပျောက်သွားတယ်။ **'ဣမသ္မိံ သတိ'**တုန်းက **'ရုပ်နာမ်'** ဆိုတော့ **'လူတွေ'** ပျောက်သွားတယ်။ အခု မျက်စိတွေ နားတွေ မရှိတော့ဘူး၊ **'ဒုက္ခသစ္စာ'** ဖြစ်သွားတယ်။ သပိတ်ကြီး အပေါက်ကြီး ဖြစ်သွားတယ်။ ဘာကြီးဖြစ်သွားလဲ (အပေါက်ကြီးဖြစ် သွားပါတယ်ဘုရား)။ **'ဘုံသုံးပါးမှာ ဖြစ်လေရာ**

www.burmeseclassic.com

www.burmeseclassic.com



**ဒုက္ခသစ္စာမှတ်**၊ အဲ ဟို ကြားတာ ဘာတွေတုံး (အပေါက်ကြီးသုံးပေါက်ပါဘုရား)။ ဘယ်သူ့မှာ အပေါက်ကြီးသုံးပေါက်ပါတုံး (မြင်တာ ကြားတာမှာပါဘုရား)။ အဲဒါ မျက်စိဆိုတာ ဘာတုံး (သင်္ခါရပါဘုရား)။ **'သင်္ခါရ ဒုက္ခသစ္စာ ကြီး'** သူကအပေါက်ကြီး သုံးပေါက်နဲ့နော် (တင်ပ့ါဘုရား)၊ အဲလိုမှတ်ထား၊ ဒီတော့မှ **'အာရုံ'**ဆီကို သိပ်မလိုက်တော့ဘူး။ အပေါက်ကြီးမှန်းသိတော့ **'အာရုံ'** ဆီမလိုက်တော့ဘူး။ **'အာရုံ'**ဆီကို လိုက်တာ **'သင်္ခါရ'**ခေါ်တယ်။ **'ရာဂ'** ဖြစ်တယ်။

## အာရုံဆီကိုမလိုက်ရင် ရာဂမဖြစ်ဘူး

'အာရုံ' ဆီကိုမလိုက်ရင် ရာဂမဖြစ်ဘူး။ ကြားရုံပဲ ကြားသွားတယ်။ **'အာရုံ'** ဆီလိုက်တာနဲ့ ကြားရုံကြားတာနဲ့ ဘယ်လိုကွာတုံးဆိုတော့ **'နားထောင်တယ်'၊ 'နားမထောင်ဘူး'၊ 'နားထောင်တယ်'** ဆိုတာ အာရုံဆီလိုက်တာ။ နားထောင်တယ်ဆိုတာဘာတုံး (အာရုံဆီလိုက်တာပါဘုရား)။ **'နားမထောင်ဘူး'**ဆိုတာ (အာရုံဆီ မလိုက်တာပါဘုရား)။ အဲ မြတ်စွာဘုရားကြီးကို ဆဲတယ်။ ဆဲတဲ့အသံနောက်မလိုက်ဘူး၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ အဲဒါ နားမထောင်ဘူးနဲ့ အတူတူပဲ၊ **'အာရုံဆီကိုလိုက်တယ် နားထောင်တယ်'**၊ အဲဒါ အတူတူပဲ၊ **'အာရုံဆီကို မလိုက်ဘူး နားမထောင်ဘူး'**။

သပိတ်ကြီး၊ အပေါက်ကြီးသုံးပေါက်ကိုသာ ရှုတယ်၊ ကြားနေရင်းမတ်တတ် ဟို **'အသံ'** က **'လှိုင်း'**ကိုကွ၊ လှိုင်းဆိုတော့ အပေါ်တက်လိုက်၊ အောက်ကျလိုက်။ အဲဒါလှိုင်း၊ အသံဆိုတာဘာတုံး (လှိုင်းပါဘုရား)။ **'လှိုင်း'** ဆိုတာ **'ရုပ်'**ပဲမဟုတ်လား (ဟုတ်ပါတယ်ဘုရား)။ အသံဆိုတာဘာတုံး (လှိုင်းပါဘုရား)။ နားကကော၊ နားကလက်စွပ်ကွင်းကလေးလိုပဲ၊ အဲဒီမှာ အမွေးလေးတွေနဲ့၊ ဧရိယာတိုင်လို့ပေ့ါ၊ အဲဒါအမွေးလေးတွေနဲ့၊ အဲဒါလေတိုးတာ၊ နား အသားသွား သွားထိတယ်၊ အဲဒါက မြည်တယ်။

သပိတ်ကြီးမှာ အပေါက်ဘယ်လောက်ပါတုံး (သုံးပေါက်ပါပါတယ်ဘုရား)။ အဲဒါ ဘယ်ဟာတုံးဆိုတော့ **'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာ မှတ်'**၊ အဲဒီ **'ဒုက္ခသစ္စာ'**မှန်သမျှ အပေါက်ကြီး သုံးပေါက်ပါတာပဲ၊ ဒုက္ခသစ္စာ မှန်ရင်ဘာတုံး (အပေါက်ကြီးသုံးပေါက် ပါပါတယ်ဘုရား)။ **'အပေါက်ကြီးသုံးပေါက်'** က **'အနိစ္စ ဒုက္ခ အနတ္တ'**၊ အဲဒါ အပေါက်ကြီးသုံး ပေါက်ပါလာတယ်။ **'သပိတ်ကြီး'**က **'သင်္ခါရ'**၊ သပိတ်ကြီးကဘာတုံး (သင်္ခါရပါဘုရား)။ အပေါက်ကြီးကဘာတုံး (အနိစ္စ ဒုက္ခ အနတ္တ ပါဘုရား)၊ အဲဒီ အနိစ္စ ဒုက္ခ အနတ္တက **'သာမည လက္ခဏာ'** ခေါ်တယ်။ အနိစ္စ ဒုက္ခ အနတ္တကဘာခေါ်တုံး (သာမည လက္ခဏာခေါ်ပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**အာရုံတွေကို ဥပေက္ခာထားနိုင်ရင် 'သင်္ခါရုပေက္ခာ'**

ဟိုသပိတ်ကြီးက သဘာဝ၊ သပိတ်ကြီးကဘာတုံး (သဘာဝပါဘုရား)။ **'သဘာဝလက္ခဏာ'**၊ မြင်တဲ့ဟာက သဘာဝလက္ခဏာ၊ ကြားတဲ့ဟာက သဘာဝလက္ခဏာ၊ နံတဲ့ဟာက သဘာဝ လက္ခဏာ၊ အနိစ္စ ဒုက္ခ အနတ္တက **'သာမညလက္ခဏာ'**၊ အဲလိုကွဲသွားတယ်။ ဟော အဲဒါ လက္ခဏာနှစ်ခု၊ သပိတ်ကြီးနဲ့ အပေါက်ကြီးမှာ လက္ခဏာနှစ်ခု၊ သပိတ်ကြီးနဲ့ အပေါက်ကြီးမှာဘာတုံး (လက္ခဏာနှစ်ခုပါဘုရား)။

အဲ မြင်တာ ကြားတာတွေမှာလည်း အဲဒီလို လက္ခဏာနှစ်ခုတဲ့၊ မြင်တာ ကြားတာလည်း ဘာတွေတုံး (လက္ခဏာနှစ်ခုပါဘုရား) သပိတ်ကြီး လိုပဲပေါ့၊ အဲလိုသူက**'အာရုံတွေ'**ကို **'ဥပေက္ခာ'** ထားနိုင်တယ်။ အာရုံတွေကို ဘာလုပ်နိုင်တုံး (ဥပေက္ခာထားနိုင်ပါတယ်ဘုရား)။ အဲဒါကျမှ **'သင်္ခါရုပေက္ခာ'**။

**'သင်္ခါရုပေက္ခာ'**ဆိုတော့ သင်္ခါရကို ဥပေက္ခာပြုနိုင်တယ်၊ သင်္ခါရကိုဘာတုံး (ဥပေက္ခာပြုနိုင်ပါတယ်ဘုရား)၊ ဥပေက္ခာပြုနိုင်တော့ **'ငြိမ်ငြိမ်လေး'** မနေဘူးလား (နေပါတယ်ဘုရား)၊ **'ငြိမ်တာကနိဗ္ဗာန်'**၊ အဲဒီငြိမ်တဲ့နိဗ္ဗာန်ကို သင်္ခါရုပေက္ခာ ကရောက်သွားတော့ **'အနုလောမ'**လို့ ခေါ်တယ်။ ဘာလို့ခေါ်တုံး (အနုလောမလို့ ခေါ်ပါတယ်ဘုရား)။

အဲ **'သင်္ခါရုပေက္ခာ၊ အနုလောမ'**၊ အဲ လောကုတ္တရာနဲ့ လျှော်သွားတယ်။ နိဗ္ဗာန်ကလည်း ငြိမ်ငြိမ်ကလေးပဲ။ နိဗ္ဗာန်ကလည်း လေငြိမ်တဲ့ထဲ မီးထွန်းထားသလို ငြိမ်ငြိမ်လေး၊ ဒီလိုမလှုပ်ဘူး၊ ဒီအရာတွေက လှုပ်နေတယ်။ **'စလတော'** ခေါ်တယ်၊ ဘာခေါ်တုံး (စလတောခေါ်ပါတယ်ဘုရား)။ **'သင်္ခါရ'** ဆိုတာလှုပ်တယ်၊ သွေးကလည်းတိုးနေတယ်မဟုတ်လား၊ မျက်စိတွေ ကြည့်ရင်လည်း လှုပ်နေတာပဲ၊ **'စလတော'** ခေါ်တယ်၊ မငြိမ်ဘူး၊ **'ငြိမ်တာ'**က **'မဖွဲ့မ'**၊ အဲ 'အနိစ္စကောင် ဒုက္ခကောင် ထင်အောင်နှလုံးသွင်း'၊ အနိစ္စ ဒုက္ခ အနတ္တလို့ နှလုံးသွင်းနေရမယ်တဲ့၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။

ကဲ --- တော်ကြဉီးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# "အဘိဓမ္မာ ပရိညာနှင့် ပဟာတဗ္ဗတရားတော်"

၁၉. ၁၂. ၂၀၀၆

## ပူပန်တယ်ဆိုတာ ကိလေသာတရားခေါ်တယ်

**'စိတ်ပူတယ်'**ဆိုတာလည်း **'လူ'** ရှိတယ်၊ လူတွေစိတ်ပူတယ်၊ **'စိတ်'**ကတစ်ခု၊ **'ပူတာ'**က တစ်ခု၊ အဲ စိတ်ပူတယ်၊ ဘယ်သူ့အတွက် ဘယ်ဝ့ါအတွက်နဲ့၊ အဲသလို လျှောက်ပြောတယ်၊ စိတ်ပူတယ်။ **'ပူပန်စေတတ် နှိပ်စက်တတ်တဲ့ ကိလေသာတရားတို့သည်'**လို့ဆိုတဲ့ **'ကိလေသာ တရား'** ကိုသူတို့မသိဘူး။ စိတ်ပူတာသာသိတယ်၊ ဘယ်သူ့ကြောင့် ဘယ်ဝ့ါကြောင့်နဲ့၊ ဘာမရလို့ ဘာဖြစ်လို့၊ သားလေးအတွက် ဘာလေးအတွက်နဲ့ အဲလို စိတ်ပူတာသာ ရှိတယ်၊ ဘာပြုလို့ စိတ်ပူမှန်းလည်းမသိဘူး။

စိတ်ပူတယ်ဆိုတာ အဘိဓမ္မာထဲကတော့ **'သံကိလေသိက'**တဲ့၊ အဲ စိတ်ပူတယ်၊ **'ပူပန်စေတတ် နှိပ်စက်တတ်တဲ့ ကိလေသာတရားတို့သည်'**၊ ပူပန်တယ်ဆိုတာ ကိလေသာ တရားခေါ်တယ်။ မပူပန်ဘူးဆိုတော့ ကိလေသာတရား မဟုတ်ဘူးတဲ့၊ အပြင်သာသူတို့ အာရုံ လိုက်နေတယ်။ ဘယ်လိုကြောင့်လို့ မတွေးလို့၊ ပူရင်ပူတယ်၊ ဘာကြောင့်ပူတယ်၊ ဘာကြောင့် အေးတယ်နဲ့ အဲဒီလို။

စိတ်ပူတယ်ဆို **'ဤဟာ သင်္ခါရ'**လို့ အဲလိုဆိုရတယ်။ စိတ်ဆိုရင် **'ဤဟာ ဝိညာဏ်'**လို့ ဆိုလိုက်ရတယ်။ **'ဤဟာဝိညာဏ်'**၊ ဤဟာ ဝိညာဏ်ဆိုရင် စိတ်မှန်းသိတယ်။ စိတ်ပူတယ်လို့ ဆိုရင် **'ဤဟာသင်္ခါရ'**လို့ဆို။ မြတ်စွာဘုရားလည်း ဆိုတယ်လို့ဆိုတော့ အဲ စိတ်ပူတယ်၊ အဲ စိတ်ဆိုရင် **'ဤဟာဝိညာဏ်'** လို့ဆိုရတယ်။ အဲ အဲ **'ဓမ္မာနုပဿနာ'** ရောက်တော့ မြတ်စွာဘုရား **'ခန္ဓာ'**ရှုလိုက်တာ၊ ဝိညာဏ်က **'ဝိညာဏက္ခန္ဓာ'**၊ သူက အာရုံနဲ့ စိတ်နဲ့တွဲလိုက်တော့ ခန္ဓာ ဖြစ်သွားတယ်၊ ရုပ် ရုပ်ချင်းတွဲလိုက်တာပါ။

**'ဉပါဒါရုပ် အဆက်အသွယ်လုပ် တစ်မှုဟုတ် ဝိညာဏ် ဖြစ်သတည်း'**။

ဉပါဒါရုပ်ချင်း အဆက်အသွယ်လုပ်၊ ဉပါဒါရုပ်၊ ဒီက **'မနော'**၊ ဟိုက **'ပညတ်'**၊ အဲ အဲလိုလည်း သိရတယ်။ စိတ်ပူတယ်ဆိုရင် စိတ်က**'ဤဟာဝိညာဏ်'**၊ ပူတယ်ဆိုတာကတော့ **'ဤဟာသင်္ခါရ'**၊ သင်္ခါရကြောင့်ပူတာ၊ ဟော သင်္ခါရ၊ နိဗ္ဗာန်မှာ သင်္ခါရမရှိတော့မပူဘူး။

## စိတ်က 'ဝိညာဏ်'၊ ပူတာက 'သင်္ခါရ'

အဲသလို စိတ်ပူရင် **'စိတ်ပူတယ်'**နဲ့၊ အဲဒီလူသာပူနေတာ၊ ဘယ်လိုကြောင့် ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်နဲ့ လောကီလိုသာပြောတတ်တယ်၊ လောကုတ္တရာလိုက မပြောတတ်ဘူး၊ အဲဒါကြောင့် မဖြေဖျောက်တတ်ဘူး။ မြတ်စွာဘုရားဖြေဖျောက်နည်းက စိတ်ပူတယ်လို့ဆိုရင် **‘ဤဟာ ဝိညာဏ်’**၊ အဲလိုဆိုလိုက်ရင် ဝိညာဏ်က **‘စိတ်’**၊ ပူတာက **‘ဤဟာသင်္ခါရက္ခန္ဓာ’**။

ပူတယ်ဆိုတာ ကိလေသာတွေကိုး၊ လောဘ ဒေါသ မောဟ မာန ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဒိဋ္ဌိ ဝိစိကိစ္ဆာ အဝိဇ္ဇာ အဲဒါ ကိလေသာကပူတယ်၊ ပူတဲ့ဟာက **‘စေတသိက်’**၊ ဝေဒနာ သညာမဟုတ်တော့ သူက**‘သင်္ခါရက္ခန္ဓာ’** ခေါ်တယ်။ အဲဒါကြောင့် **‘ဤဟာသင်္ခါရ’** လို့ဆိုရတယ်။ ခွဲခြားဆိုလိုက်တော့ စိတ်က **‘ဤဟာဝိညာဏ်’**၊ ပူတာက **‘ဤဟာသင်္ခါရ’**။ အဲ အဲလို ရှုလိုက်ရတယ်။ အဲဒါ**‘ဥပါဒါနက္ခန္ဓာ’** ခေါ်တယ်။ ဒီကဥပါဒါရုပ်ချင်း အဆက်အသွယ် လုပ်လိုက်လို့ **‘ဥပါဒါရုပ် အဆက်အသွယ်လုပ် တစ်မုဟုတ် ဝိညာဏ်ဖြစ်သတည်း’**၊ အဲဒါ လှည့်ကြည့်လိုက်လို့မြင်တဲ့ဟာ။ ဟိုဟာက **‘အဆင်း’**၊ ဒီက**‘မျက်စိ’**၊ အဲဒီက မျက်စိကလည်း အကြည်ကလေး မှန်လိုဟာလေး။ အဲဒါရုပ်၊ **‘ဤဟာရုပ်’**၊ အဲ မလွဲတော့ဘူး။ ဒီကမျက်စိက **‘အကြည်ရုပ်’**၊ ဟိုကရူပါရုံက **‘အဆင်းရုပ်’**၊ အပြင်ဘက်မှာ **‘ရုပ်တွေ’** ပဲများတယ်။ **‘အဋ္ဌကလာပ်ရုပ်’**၊ **‘အဆင်း’** မှာလည်း အဋ္ဌကလာပ်ရုပ်ပါတာပဲ၊ **‘အသံ’** မှာလည်း အဋ္ဌကလာပ်ရုပ်၊ **‘အနံ့’**မှာလည်း အဋ္ဌကလာပ်ရုပ်၊ **‘အရသာ’** မှာလည်း အဋ္ဌကလာပ်ရုပ်၊ **‘ထိတာ’**မှာလည်းရုပ်၊ **‘စားတာ’**မှာလည်းရုပ်ပဲ၊ **‘အရသာ’** ဆိုတာရုပ်ပဲ၊ ထိတာမှာလည်း ပထဝီ တေဇော ဝါယောဆိုတော့ ရုပ်ပဲ။

## ပညတ်မဟုတ်ရင် နိဗ္ဗာန်

ဒါ့ကြောင့် **‘ဤဟာရုပ်’**၊ **‘ဤဟာရုပ်’**ဆိုရင် မမှားဘူး။ အဲဒါလေးတွေ ဆိုရမှာလေးတွေ မမေ့နဲ့။ **‘ဤဟာရုပ်’**လို့ဆိုလိုက်ရင် အဲ မလွတ်တော့ဘူး၊ **‘ဤဟာရုပ်’**၊ အဋ္ဌကလာပ်ရုပ်၊ အဲလို သိမှ၊ အသံ၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဆိုတာ ရုပ်၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတာရုပ်။

**အပြင်ဘက်မှာရုပ်သာရှိ ကိုယ့်နာမ်ကသွား၍သိ စိတ်မှာဖျက်ဆီးဘိ။**

**‘နာမ်’**ဆိုတာက **‘စေတသိက်’** ကိုခေါ်တယ်။ စေတသိက်က ပညတ်နဲ့ နာမည်နဲ့သွားတွဲလိုက်တာ၊ နာမည်နဲ့ စေတသိက်နဲ့သွားတွဲလိုက်တာ။ အဲဒါ စိတ်မှာပိုတယ်၊ **‘သင်္ခါရက္ခန္ဓာ’** တွေဖြစ်သွားတယ်။ **‘စိတ်မှာပိုတယ်’** စိတ်ကတော့ သိရုံပဲသိတာ။ **‘ဤဟာစိတ်’**၊ ရေပြင်ကြီးလိုပဲ၊ ဇလုံထဲက ရေလိုပဲ၊ ရေကတော့ သိရုံသိလိုက်တာ၊ ကြားလည်းသိလိုက်၊ မြင်လည်းသိလိုက်၊ နံလည်းသိလိုက်၊ အဲ **‘သိရုံ’**သိတာတော့ **‘ဝိညာဏ်’**၊ အစိမ်းတို့ အနီတို့ အပြာတို့ဆိုတာက **‘အဆင်း’**၊ ဟော ရေလေးပုတ်လိုက်တော့ ဗြပ်ဗြပ်ဆိုတာက **‘အသံ’**၊ **‘အနံ့’** ရေကအနံ့ထွက်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



**'အရသာ'**၊ **'ဩဟာရုပ်'**လို့ဆိုလိုက်လို့ရှိရင် ကြားတဲ့ဟာလည်း ရုပ်၊ ဩဟာရုပ်လို့ ကိုယ်က ရှုလိုက်တဲ့ဟာလည်း **'သင်္ခါရက္ခန္ဓာ'**ခေါ်တယ်။ မြတ်စွာဘုရားက အဲလိုနဲ့ ဘုရားဖြစ်တာ။ သူက ပညတ်နဲ့ ပညတ်နာမ်ရုပ်၊ **'ပညတ်နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန် ဓမ္မာရုံ'**၊ **'စိတ်ပူတယ်'**ဆိုတာ အဲဒီ ပညတ်ပါတယ်၊ **'စိတ်အေးတယ်'**ဆိုတာ နိဗ္ဗာန်ပါတယ်။ စိတ်အေးတယ်ဆိုတာ နိဗ္ဗာန်၊ 'ပညတ်' မဟုတ်ရင် **'နိဗ္ဗာန်'**၊ **'နိဗ္ဗာန်'**မဟုတ်ရင် **'ပညတ်'**၊ သူက ဉေ ယျခံတရား၊ သိအပ်တဲ့ တရားကိုး၊ **'သိအပ်တဲ့ တရား'**။

**အဘိညေယျာ ပရိညာနှင့် ပဟာတဗ္ဗ**

**'အဘိညေယျ'**ကို အမှတ်ပြုသဖြင့် သိအပ်တဲ့တရားကို အမှတ်ပြုပြီးသိတယ်။ အဲဒါ အဘိညေယျ၊ တရားကို အဘိညေယျပြုပြီးတော့သိတယ်။ **'ပရိညေယျ'** တရားကို ပိုင်းခြား ပြီးတော့သိတယ်။ **'ပဟာတဗ္ဗ'** တရားကို ပယ်ပြီးတော့လည်း သိရတယ်၊ မျက်မှောက်လည်းပြု ရတယ်။ မျက်မှောက်ပြုပြီးတော့ သိအပ်တဲ့တရားကို မျက်မှောက်ပြုပြီးတော့လည်း သိအပ်တယ်။ အဲ မျက်မှောက်ပြုအပ်တာကတော့ နိဗ္ဗာန်၊ ပညတ် နိဗ္ဗာန်၊ ဟော **'စိတ်ပူတယ်'** ဆို ပညတ်၊ **'စိတ်အေးတယ်'**ဆိုရင် နိဗ္ဗာန်၊ နိဗ္ဗာန် ဒီနေရာရှိသလားဆရာဆိုတော့ မပူတဲ့ **'လောဘ'**မရှိတဲ့ နိဗ္ဗာန်၊ **'ဒေါသ'** မရှိတဲ့နိဗ္ဗာန်၊ မရှိတဲ့ နိဗ္ဗာန်။

မြတ်စွာဘုရားက အရင်ကတည်းက မေတ္တာမပို့ခင်ကတည်းက နိဗ္ဗာန် ဟောပြီးသား။ **'ယန္တ သန္တံ ပဒံ အဘိသမေစ္စ သက္ကော ဉဇူစ သုဟုဇူစ'** နဲ့ နိဗ္ဗာန်ရှိတယ်၊ **'တံ-ထိုနိဗ္ဗာန်ကိုကပ်၍'** နိဗ္ဗာန်ကို အရင်ဟောတယ်။ စိတ်ပူတယ်၊ စိတ်အေးတယ်၊ အဲဒါဂရုစိုက်၊ **'စိတ်ပူ'**ရင် ပညတ်၊ **'စိတ်အေး'**ရင် နိဗ္ဗာန်၊ **'ပညတ်နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန် ဓမ္မာရုံ'**၊ စိတ်အေးတယ်ဆို နိဗ္ဗာန်၊ သူက ပညတ်မပါဘူး။ **'စိတ်'** က **'ပညတ်'**နဲ့ သွားပေါင်းလိုက်တော့ **'စေတသိက်တွေ'** ဖြစ်သွား တယ်။ စိတ်ကတော့ အဲဒီရေဇလုံထဲကရေလိုပဲ၊ ပညတ်နဲ့သွား ပေါင်းလိုက်တော့ **'သင်္ခါရ'**ဆိုတာ အဲမှတ်ထား၊ မှတ်မှလည်းရိပ်မိတယ်၊ သို့မှ်လို့ရှိရင် မရိပ်မိဘူး။

**'ဩဟာသင်္ခါရ'** အဲလိုဆို ၊ ဝေဒနာဖြစ်ရင်လည်း **'ဩဟာဝေဒနာ'**၊ ဝေဒနာနဲ့ သညာ ကတော့ ထင်ရှားပါတယ်။ သညာကတော့ နာမည်ပဲ၊ အမှတ်သညာပြုတယ်၊ **'ဩဟာသညာ'**၊ ဩဟာဝေဒနာနဲ့ ခံစားရင်လည်း ဩဟာဝေဒနာလို့ ဆိုလိုက်၊ မှတ်လိုက်၊ အဲဒါ **'အဘိညေယျ'** ခေါ်တယ်၊ အဘိညေယျတရားကို အဘိညာခေါ်တယ်။ အမှတ်ပြုသဖြင့် သိအပ်တာကို အဘိညေယျလို့ခေါ်တယ်။ အဲဒီတော့မှ **'ပရိညေယျ'** ဆိုတာ ခွဲခြားတာ၊ ဩဟာကရုပ်၊ ဩဟာကဝေဒနာနဲ့၊ အဲလို ခွဲခြားလို့သိရင်လည်း ပရိညေယျ ခေါ်တယ်၊ **'အဘိညေယျာ**

www.burmeseclassic.com

www.burmeseclassic.com



**ပရိညာနှင့် ပဟာတဗ္ဗ**၊ ဒီထဲမှာ **'ပညတ်'**ပါလာလို့ လောဘပါလာတယ်၊ ပညတ်ပါတယ်၊ အဲ လောဘက **'ပဟာတဗ္ဗတရား'**၊ ဟော ပယ်ရတယ်၊ ဝမ်းထဲမထားရဘူး။ **'ပညတ်'**နဲ့ တွဲတော့ လိုချင်တာဖြစ်လာတယ်၊ အဲဒီ **'လိုချင်တာ'**ကို **'လောဘ'** ခေါ်တယ်။

**ဤဟာရုပ်၊ ဤဟာဝိညာဏ်၊ ဤဟာသင်္ခါရ**

**'ပညတ်'**က **'အဆင်း'**ကလေးကို လှလိုက်တာဟယ်၊ အဆင်းက**'ရုပ်'**ပဲ၊ **'အသံလေး'**က လည်းကောင်းလိုက်တာဟယ်ဆိုလို့ရှိရင်လည်း ဘယ်သူ့အသံပဲလို့ဆိုရင် ပညတ်နဲ့ ရောသွားတယ်၊ အရောင်ဆိုးသလိုဖြစ်သွားရင် **'ဤဟာသင်္ခါရ'**၊ အဲ အဲလိုဆို ဘုရားလက်ထက်ကလည်း ဘုရားက ဒီလိုသင်ပေးတာ။ သူက ဤဟာရုပ်၊ ခု အသံကြားရင် ရုပ်လို့သာဆိုလိုက် မလွဲဘူး။

**'ဤဟာရုပ်'**၊ **'ဤဟာဝိညာဏ်'** ကြားတာကို ဝိညာဏ်လို့ဆိုလိုက်၊ ကြားရင် **'ဤဟာဝိညာဏ်'**လို့ဆို၊ အဲလိုသူက အဲလိုဆိုပြတော့ ဘာပြုလို့ဆိုပြတုံးဆိုတော့ အဘိဓေယျဆိုတာ အဲဒါဆိုတဲ့ဟာ **'အဘိဓေယျ'**ခေါ်တယ်၊ အဲလိုအမှတ်ပြုပြီးမှသိတယ်၊ အဲဒါ **'အဘိဓေယျတရား'**ခေါ်တယ်။ အမှတ်မပြုလို့ရှိရင်တော့ ဟို နာမည်တွေလျှောက်သိတာပဲ၊ လူတွေ ယောက်ျားတွေ မိန်းမတွေ ဘယ်သူတွေ ကိုဖိုးညိုတို့ မတောတို့ အဲလို လူနာမည်တွေ လျှောက်သိနေတယ်၊ အဲဒါ အဲလိုသိရင် အဘိဓေယျတရားမဟုတ်ဘူး။ ဒါ **'ကိလေသာတရားတွေ'**ပေါ့၊ ကိလေသာဖြစ်မယ့် **'ပညတ်တရားတွေ'** ခေါ်တယ်။ အဲဒီ သံသရာမှ ထွက်ချင်ပြီ လို့ဆိုရင် **'ဤဟာရုပ်'**၊ **'ဤဟာ သင်္ခါရ'**၊ အဲဒါတွေက ဘယ်ကလာတုံးဆိုတော့ **'ပညတ်'**က လာတယ်၊ **'ပညတ်'**ဆိုတာ နာမည်၊ **'နာမည်တွေ'** က သင်္ခါရတို့ ဝေဒနာတို့ဆိုတာ ဖြစ်တယ်။

အဲလိုခွဲ **'နာမည်'**ဆိုတာ ပညတ်၊ ပညတ်ဆိုတာက နာမည်မှည့်တဲ့ဟာကို ပြောတာ၊ ကုလားထိုင်ပုံကို ကုလားထိုင်လို့ခေါ်တယ်၊ စားပွဲပုံကို စားပွဲလို့ခေါ်တယ်၊ ဗီရိုပုံကို ဗီရိုလို့ခေါ်တယ်၊ လူပုံကို လူလို့ခေါ်တယ်၊ ယောက်ျားပုံကို ယောက်ျားလို့ခေါ်တယ်၊ မိန်းမပုံကို မိန်းမလို့ခေါ်တယ်၊ ပုံကိုခေါ်တာ၊ အဲဒါပုံကြီးက အဲဒါ ဖျက်ဆီးပစ်လိုက်ရင် အဲဒီပုံ မရှိရင် ခေါ်လို့ရသေးသလား (မရပါဘူးဘုရား)။ အဲလိုကွာတယ်၊ ဉာဏ်က အဲလိုသုံးတာ၊ ဟိုရုပ်ထဲ ရွာထဲကျတော့ ဒီပြင်လောကီတွေပြောနေရတော့ အဲဒါတွေမေ့နေလို့။ ဒါကြောင့် မမေ့နဲ့လို့ဆိုတာက အဲလိုဟာကို မမေ့နဲ့လို့။ စိတ်ပူတယ် ဟော စိတ်ပူတယ်၊ ဒါ **'အဘိမ္မော'** နဲ့ဆိုရင် စိတ်က စိတ်၊ အဲဒီစိတ်ကို **'ဤဟာဝိညာဏ်'** လို့ ဆိုရတယ်၊ **'စိတ်'**ကစိတ်၊ **'ငါ့စိတ်'** မဟုတ်ဘူး၊ ဟိုအမှတ်ပြုပြီးတော့ သိရင်သာ၊ 'အမှတ်' မပြုလိုက်လို့ရှိရင် 'ငါ့စိတ်' ဖြစ်သွားတယ်။ ငါပူတယ်လို့ပဲ ဒီလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတယ်၊ ဒီလိုမဟုတ်ဘူး 'စိတ် ပူတယ်'၊ အဲ စိတ်ပူရင် **'ဣြဟာဝိညာဏ်'**လို့ ခေါ်တယ်။ အဲဒါ လူ့ဘုံမို့လို့ စိတ်ပူသွားတယ်။ ငရဲဘုံကျတော့ ပူလို့ချည်းပဲ။ စားဖို့သောက်ဖို့ ကိုယ့်ကိုယ်ကို လည်း အရေးကလည်း ကြီးသေးတာကိုး။ ကိုယ်ရှိတာ၊ ခန္ဓာရှိတော့။ စိတ်ပူတယ်၊ ပူတဲ့ဟာကို **'ဣြဟာ သင်္ခါရ'** လို့ဆို။ **'သင်္ခါရ'**ဆိုတာက ပူတယ်ဆိုကတည်းက စိတ်ကဆိုးချင်တယ်။ ပူနေတုန်း တစ်ယောက်က မလာရင် ဘယ်သွားနေပါလိမ့်မတုံး ဘာတုံးညာတုံး အဲဒါဒေါသတွေဖြစ်၊ အဲဒါ စိတ်ပူတာ၊ဒေါသ ဖြစ်ရင်လည်း**'ဣြဟာသင်္ခါရ'**လို့ဆို၊ ပူတာကသင်္ခါရ၊ သောကလည်းပူတယ်၊ ပရိဒေဝပူတယ်၊မရှိ ရင်ပူ။ ဆန်မရှိဘူး၊ ပိုက်ဆံမရှိဘူး၊ ပူစရာတွေ၊ အဲဒါ **'ပညတ်တွေ'** ခေါ်တယ်၊ အဲဒီပညတ်ကြောင့်။

**စိတ်နဲ့ အာရုံ**

ဒါကြောင့် **'စိတ် စေတသိက် ကောင်းဆိုးစိတ် မှတ်ပိမ့်ဓမ္မာရုံ'** တဲ့။ 'စိတ် စေတသိက် ကောင်းဆိုးစိတ် မှတ်ပိမ့်ဓမ္မာရုံ' ဆိုတာက အဲဒါလေးစပ်ထားတာ၊ အဲဒါ အလကား မဟုတ်ဘူး။ အဲ စိတ် စေတသိက်တွေ ဖြစ်သွားတယ်၊ ကောင်းဆိုးစိတ်၊ အဲဒါ **'သင်္ခါရက္ခန္ဓာ'** ခေါ်တယ်။

**စိတ် စေတသိက် ကောင်းဆိုးစိတ် မှတ်ပိမ့် ဓမ္မာရုံ။**

**ပညတ် နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန် ဓမ္မာရုံ။**

**ပသာဒ သုခုမ ထိုနှစ်ဝ မှတ်ကြ ဓမ္မာရုံ။**

စိတ်နဲ့ အာရုံခေါ်တယ်၊ စိတ်က စိတ်ပူတယ်ကို၊ စိတ်က အဲဒီ ဓမ္မာရုံတွေကြောင့် ပူလာတယ်။ **'ပညတ်ဓမ္မာရုံတွေ'** ကြောင့် ပူလာတယ်၊ စိတ်အေးတယ်ဆိုတာ ပညတ် မဟုတ်ဘူး။ သူက တရားအလုပ်၊ စိတ်အေးတယ်ကိုးဆိုတာ သူက နိဗ္ဗာန်နဲ့နီးသွားတယ်၊ သင်္ခါရုပေက္ခာတွေ ဘာတွေ ရောက်သွားတယ်။ သပိတ်အပေါက်ကြီးလိုပေ့ါ၊ သပိတ်ကြည့်ရင် အပေါက်ကြီး သုံးပေါက်ပါတယ်၊ အဲဒီ ခန္ဓာရှိလို့ရှိရင်လည်း အပေါက်သုံးပေါက်ပါတယ်။ **'အနိစ္စ ဒုက္ခ အနတ္တ'**၊ အဲလို **'သိ'**ပြီး **'ပယ်'** လိုက်တာ ၊ **'သိ ပယ်'** အဲလိုဖြစ်သွားတယ်။ အဲဒါ စိတ်ပူ၊ စိတ်ပူတာကို သရုပ်ခွဲနေတာ။ သူတကာ့ပြောလို့လည်း နားလည်ချင်မှ နားလည်မှာ။ ကိုယ့်ဟာ ကိုယ်လုပ်မှ ကိုယ့်ဟာကိုယ်နားလည်၊ နားလည်ပြီးတော့ **'အဘိညေယျ'** အသိအမှတ်ပြုပြီးတော့၊ **'ပရိညေယျ'** က ပိုင်းခြားပြီးတော့၊ **'ဘာဝေတဗ္ဗ'**က ပွားပြီးတော့၊ **'သစ္ဆိကာတဗ္ဗ'**က မျက်မှောက်ပြုပြီးတော့၊ **'ပဟာတဗ္ဗ'**က ပယ်ရတယ်။ လောဘတို့၊ ဒေါသတို့၊ မောဟတို့ဆိုတာ ပယ်ရတယ်၊ဟော **'ပဟာတဗ္ဗ'** ခေါ်တယ်။ **'ပယ်အပ်တဲ့တရား'**၊ ပယ်ပြီးမှသိတယ်၊ ပွားရင်လည်း ပယ်တာပဲ၊ လမ်းသွား

www.burmeseclassic.com

www.burmeseclassic.com



ရင်းလည်းလုပ်ရတယ်။ ကားမောင်းရင်းလည်းလုပ်ရတယ်။ အဲဒါ အဘိညာကိစ္စ၊ **'အဘိညေယျာ ပရိညာနှင့် ပဟာတဗ္ဗ သစ္ဆိကဟု မဂ္ဂ ဘာဝနာ လေးသစ္စာကို ဆရာမဆို အလိုလိုလျှင် မင်္ဂဖိုလ် နှိုင်းထောက် မဖောက်မပြန် ဧကန်သိတတ် ကြောင်းတစ်စပ်ကြောင့် သမ္မာသမ္ဗုဒ္ဓေါ သမ္မာသမ္ဗုဒ္ဓ-မည်တော်မူ၏'**။ အဲဒါ ဘုရားနာမည်နဲ့ ဂုဏ်တော်နဲ့ အကိုက်ပဲ။

အဲ **'အဘိညေယျ'**ဆိုတာ အဲဒါ စိတ်ပူတာကိုး။ **'ဤဟာဝိညာဏ်'**၊ ပူတာကျတော့ **'ဤဟာသင်္ခါရ'**၊ အဲလိုလုပ်လိုက်တော့ စိတ်ပူတာပျောက်သွားတယ်၊ အေးသွားတယ်။ အဲဒါ **'ပညတ်'**မရှိလို့ အေးသွားတာ၊ ပညတ်ကြောင့် ပူတယ်၊ ပူတယ်ဆို ပညတ်ပါတယ်။ အဲဒါကို---

**'အဘိညေယျ'**က အမှတ်ပြုပြီးတော့ သိတယ်။

**'ပရိညေယျ'** က ပိုင်းခြားတယ်။

**'ပဟာတဗ္ဗ'**က ပူတာတွေကို ပယ်လိုက်တယ်။

**'ဘာဝေတဗ္ဗ'**က ဤဟာရုပ်လို့ဆိုလိုက်တယ်။

**'သစ္ဆိကာတဗ္ဗ'**က အေးတာလေးတွေ မျက်မှောက်ပြုလိုက်တယ်။

အဲဒါလေးက ပွားကတည်းက တစ်ခါတည်းပါသွားတယ်။ အဲဒါကြောင့် **'ဝိပဿနာ'** ဆိုတာ အဘိညာဉ်၊ ဝိဇ္ဇာရှစ်ပါးထဲမှာ ဝိပဿနာပါတယ်။ အဲဒါကြောင့် ဝိပဿနာဆိုတာ အလွန် ညာဏ်ကောင်းတယ်။ အလွန်ညာဏ်ကောင်းမှ တရားတွေတက်တယ်၊ စိတ်ပူတာတွေ မရှိတော့ ဘူး။ ပူတာမရှိတော့ ကိလေသာတွေ မရှိတော့ဘူးပေါ့။ အဲဒါ ဘုရားဖြစ်သွားတယ်တဲ့၊ အဲလို ဟာမျိုး။ အဘိညေယျာဆိုတာက **'အဘိညေယျာ'**၊ အဘိညေယျာဆိုတာ ဤဟာဝိညာဏ်၊ ဤဟာရုပ်၊ ဤဟာဝေဒနာလို့ အဲလိုရှုတာကို အဘိညေယျာခေါ်တယ်။ **'အဘိညေယျာ'**၊ ဟော အဲဒါကို အဘိညေယျာခေါ်တယ်။ **'ပရိညာနှင့်'**၊ **'ပရိညာ'**ဆိုတာ ဤဟာရုပ်၊ ဤဟာက နာမ်၊ ဤဟာကဝေဒနာ၊ ဤဟာသင်္ခါရ၊ ဤဟာဒုက္ခသစ္စာ၊ ဤဟာဘာလို့ အဲဒီလိုပိုင်းခြားလိုက် တာကို၊ ဤဟာဒုက္ခသစ္စာ ဤဟာသမုဒယသစ္စာ လုပ်ရတယ်၊ သစ္စာလေးပါးနဲ့ခွဲရင် လေးပါး ရှိတယ်။ ခန္ဓာငါးပါးနဲ့ခွဲရင် ငါးပါးရှိတယ်။ အာယတန ဆယ့်နှစ်ပါးနဲ့ ပြောရင် ဆယ့်နှစ်ပါးပဲ ရှိတယ်၊ ဘာမှမရှိဘူး။ အဲဒီ ဆယ့်နှစ်ပါးတည်းရှိတာ။

### ဗာဟိရာ ယတန

အင်း မနေ့က ထူးထူးဆန်းဆန်း ရှင်နာဂသိန်ကို မိလိန္ဒမင်းကြီးက 'အရှင်ဘုရား နိရောဓော နာမနိဗ္ဗာနံ မဟုတ်ဘူးလား၊ နိရောဓော - ချုပ်ခြင်းသည်၊ နိဗ္ဗာန်နာမ - နိဗ္ဗာန်မည်၏

www.burmeseclassic.com

www.burmeseclassic.com



လို့ ဆိုတယ်မဟုတ်လား'တဲ့၊ 'ဟုတ်တယ်'။ 'ဆရာ ဘယ်လိုချုပ်တုံး'၊ သူကမေးတာ။ **'နိရောဓော နာမ နိဗ္ဗာနံ'**၊ **'နိရောဓော** - ချုပ်ခြင်းသည်၊ **နိဗ္ဗာနံနာမ** - နိဗ္ဗာန်မည်၏'။ ဘယ်လိုချုပ်တုံး၊ အာယတနတွေတဲ့၊ သူက ပြောချင်တာနှစ်ခုတည်းပါ၊ အာယတန ဆိုတာသိလား-အာရုံ။ **'ရူပါရုံ သဒ္ဒါရုံ ခြောက်အာရုံ ခေါ်တုံ ဗာဟိရ၊ ရူပါရုံ သဒ္ဒါရုံ ခြောက်အာရုံ ခေါ်တုံ ဟိုဘက်ကမ်း'**။

အဲဒါ **'ဗာဟိရာယတန'** ခေါ်တယ်။ ခုနတုန်းက အတ္တမျိုးမဟုတ်ဘူး။ ဟုတ်ကဲ့လား၊ (တင်ပ့ါဘုရား)။ **'ရူပါရုံ သဒ္ဒါရုံ ခြောက်အာရုံ ခေါ်တုံ ဗာဟိရ'**၊ 'ဗာဟိရာယတန' ခေါ်တယ်။ ဘာတဲ့တုံး (ဗာဟိရာယတန ခေါ်ပါတယ်ဘုရား)။ ဗာဟိရာယတန- အာယတနခေါ်တယ်။ လူတွေ ဘာတွေ ယောကျ်ားတွေ မိန်းမတွေမဟုတ်ဘူး၊ မျက်စိနဲ့ မြင်တာက **'ရူပါယတန'**၊ နားနဲ့ ကြားတာက **'သဒ္ဒါယတန'**၊ နှာခေါင်းနဲ့ နံတာက **'ဃာနာယတန'**၊ လျှာနဲ့ စားတာက **'ဇိဝှါယတန'**၊ ကိုယ်နဲ့ ထိတာက **'ကာယာယတန'**၊ မိန်းမထိတာ ယောကျ်ားထိတာမဟုတ်ဘူး၊ ဖောဋ္ဌဗ္ဗာရုံကိုထိတာ။ ပထဝီ တေဇော ဝါယောကို၊ နွေးနွေးလေးရယ် လှုပ်လှုပ် တွန်းတွန်း တိုးတိုးလေးရယ်၊ အဲဒါထိတာ။ အဲဒါ ငါးပါးက ကြွင်းတဲ့ဟာကျတော့ **'ဓမ္မာယတန'** ပေါ့၊ ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန၊ အဲဒါက **'ဗာဟိရာယတန'**။

ဗာဟိရာယတန ခြောက်ပါးရှိပါသည်၊ ခြောက်ပါးဟူသော်ကား-ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတန၊ ဤသို့လျှင် ဗာဟိရာယတန ခြောက်ပါးရှိပါသည်၊ အဲလိုချပေးမှ သင်ပေးမှသိတယ်၊ သို့မို့မသိဘူး။ အဲဒါက **'အာယတန'** လို့ခေါ်တယ်။ ဒီတိုက်တာတွေ ဘာတွေမဟုတ်ဘူး၊ ကုတင်မဟုတ်ဘူး၊ ကုလားထိုင်မဟုတ်ဘူး။ ဒါ မျက်စိနဲ့ မြင်တဲ့ **'ရူပါယတန'**၊ အသံကြားလိုက်ရင်တော့ **'သဒ္ဒါယတန'** ပဲ၊ အဲလိုဆိုရတယ်။ အဲလိုမှတ်ထား။

**အဇ္ဈတ္တိကာယတန**

**မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မန ခြောက်ဒွါရ ခေါ်ကြ အဇ္ဈတ္တ။**

**မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မန ခြောက်ဒွါရ ခေါ်ကြ ဒီဘက်ကမ်း။**

အဲ**'အဇ္ဈတ္တိကာယတန'**ခေါ်တယ်။ သံပေါက်မို့လို့ဖြတ်လိုက်ရတာ၊ ကာရန်ကိုက်အောင်လို့ **'မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မန ခြောက်ဒွါရ ခေါ်ကြ အဇ္ဈတ္တိကာယတန'**၊ မျက်စိတွေ နားတွေကို **'အဇ္ဈတ္တိကာယတန'**ခေါ်တယ်တဲ့။ ငါတို့ ယောကျ်ားတို့ မိန်းမတို့ မဟုတ်ဘူးတဲ့၊ အဲလိုပြောတာ၊ **'အာယတနဆယ့်နှစ်ပါး'**၊ အဲဒါနဲ့ပဲ နိဗ္ဗာန်ရောက်နိုင်တယ်။ အဲဒီဆယ့်နှစ်ပါးတို့ကို

www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ လူမိုက်တွေက အလွန်နှစ်သက်တယ်တဲ့။ မနှစ်သက်ဘူးလား (နှစ်သက်ပါတယ်ဘုရား)။ **'ဒွါဒသသု-**ဆယ့်နှစ်ပါးသော အာရုံတို့၌၊ **အဘိနန္ဒတိ** - နှစ်သက်တယ်'တဲ့။ အဲဒီ ဆယ့်နှစ်ပါးသော အာယတနတို့မှာ၊ **'အဘိနန္ဒတိ**- နှစ်သက်တယ်'တဲ့၊ မနှစ်သက်ဘူးလား (နှစ်သက်ပါတယ်ဘုရား)။ အဲ မပွားရင် နှစ်သက်တာပဲ၊ လူဖြစ်သွားတာကိုး၊ ဒါတွေမရှိရင်လည်း ဒုက္ခကရောက်တာကိုး၊ လူ့ဒုက္ခ ဘာဒုက္ခနဲ့ခေါ်တာ မဟုတ်ဘူး၊ လူ့ဒုက္ခမဟုတ်ဘူး၊ ဒါ ဒုက္ခသစ္စာ။

**'ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ မျက်စိတွေ၊ နားတွေဆိုတာ မရှိဘူး၊ အဲဒါတွေ **'ဒုက္ခသစ္စာ'**လို့ခေါ်တယ်။ ခု အဲဒီ **'အာယတန ဒုက္ခသစ္စာ'**လို့ ဆိုလိုက်လို့ရှိရင် မျက်စိတွေ နားတွေ မရှိတော့ဘူး၊ အဲဒါ ဒုက္ခသစ္စာ။ **'ဤဟာဒုက္ခသစ္စာ'**၊ အဲဒီလို **'အဘိဉေယျ'**လုပ်မှ ဒါ ဒုက္ခသစ္စာမှန်းသိတယ်။ အဲလို မဆိုလို့ရှိရင် **'လူ'**လို့ပဲသိတာပဲ၊ ယောကျ်ားလို့ပဲ သိတာပဲ၊ မိန်းမလို့ပဲ သိတာပဲ၊ အဲဒါက**'အဝိဇ္ဇာသိ'**၊ ဘာသိခေါ်တုံး (အဝိဇ္ဇာသိပါဘုရား)။ **'ဣတ္ထိသိ၊ ကာမလောဘသိ၊ ဒေါသသိ၊ မောဟသိ'**၊ အဲဒီယောကျ်ားတွေ မိန်းမတွေလို့သိရင် ဒေါသနဲ့သိတာ၊ လောဘနဲ့ သိတာ၊ မာနနဲ့သိတာ၊ ရာဂနဲ့သိတာ။ **'မာနစကားပြောတယ်၊ ရာဂစကားပြောတယ်၊ ဒေါသစကားပြောတယ်'**။ အဲဒါ လူတွေ လို့ဆိုထားလို့ ခုနတုန်းက မမှတ်လိုက်လို့ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ အဲလိုခွဲခြမ်းရတယ်။ စိတ်ပူတယ်က ထွက်လာတဲ့တရားတွေပေါ့။ အဲဒီတရားတွေကို **'အဘိနန္ဒတိ -** အလွန်နှစ်သက်တယ်' တဲ့၊ မနှစ်သက်ဘူးလား (နှစ်သက်ပါတယ်ဘုရား)၊ **'အဘိဝဒတိ'** ကလည်း နှစ်သက်ပြီးတော့ သဘောကျနေတာ တပြောတည်းပြောနေတယ်ဆိုတာက သဘောကျတာကိုခေါ်တယ်။ **'အဘိဝဒတိ** - တပြောတည်းပြောနေတယ်၊ အလွန်ပြောတယ်' ဆိုတာ။

**စိတ္တနိမ္မိတ၊ စိတ္တကတ၊ စိတ္တသင်္ခါရ**

ဟိုက နန္ဒိက**'အဘိနန္ဒိ -** အလွန်နှစ်သက်တယ်'ဆိုတာ **'အဘိဝဒတိ** -အလွန်သဘောကျတယ်'ပေါ့၊ မဟုတ်ဘူးလား (တင်ပါ့ဘုရား)။ ကိုယ့်ကိုယ်ကိုကြည့် သဘောမကျဘူးလား (ကျပါတယ်ဘုရား)။ ကိုင်း အရင်တုန်းက ဟိုထေရီမတွေက ကိုယ့်ကိုယ်ကို သဘောကျသေးလား (မကျပါဘူးဘုရား)၊ မြတ်စွာဘုရားက ရူပနန္ဒာကို၊ သူက တရားဟောတော့လည်း သူကရုပ်ပုံလေး ဖန်ဆင်းပြတယ်မဟုတ်လား (ပြပါတယ်ဘုရား)။ နောက်ပြီးတော့ ဆယ့်ခြောက် နှစ်အရွယ်က အလှဆုံး၊ (၁၆)နှစ်အရွယ်ပြီးတော့ (၂၀)အရွယ် ထိုးပြလိုက်တယ် ဓာတ်ရှင်ပြသလို ပေါ့၊ ခုကင်မရာတို့ ဘာတို့ ပြသလိုပေါ့၊ ကွန်ပျူတာတို့ပြသလို၊ ပြီးတော့ ဒီကစိတ်၊ ဒီက နိမ္မိတရုပ်၊ **'နိမ္မိတ'**ဆိုတာက **'စိတ်က ဖန်ဆင်းတဲ့ရုပ်'**၊ မင်းတို့ကော ဟို ဟိုစိတ်ထဲမှာ အာရုံပြုပြီး မကြည့်

www.burmeseclassic.com

www.burmeseclassic.com



ဘူးလား၊ ကောင်မလေးတွေမရှိဘဲနဲ့ တစ်ခါတည်း အာရုံပြုပြီး မကြည့်ဘူးလား၊ အဲဒါ **'စိတ္တနိမ္မိတ'** ခေါ်တယ်၊ **'စိတ္တကတ'** ၊ စိတ်နဲ့ပြုပြင် ဖန်ဆင်းပြီးတော့ စိတ်ကူးတယ်လေ၊ ဟိုဆေးခြောက်တွေ ဆေးတွေရှူတယ်၊ မဟုတ်လား အခု အခုဆေးတွေလေ အဲဒီဆေးတွေရှူပြီး အဲဒီ အာရုံတွေ မြင်တယ်၊ နတ်သမီးလေးတွေလိုပဲ၊ ဟာ ချောလိုက် လှလိုက်တာလေးတွေ၊ အဲဒါ ဘာအာရုံတုံး ဘုရားတဲ့၊ ငါ့မေးတယ် ဟ မင်းဟာက **'ပညတ်အာရုံ'**ပေါ့၊ အင်း ငါတို့က ဖြေနိုင်တယ်။

သူ့မှာတော့ ရုပ်ချောပြီး၊ အဲဒါလေး ဟိုဝမ်းထဲက သဘောကျနေတယ်။ အဲဒါကြောင့် ဆေးကမဖြတ်နိုင်ဘူး။ အဲဒီဟာလေးတွေ မြင်နေလို့ ပိန်လို့ ထမင်းလည်းမစားဘူး၊ အဲဒါကြီးက ဆေးတွေသောက်၊ စီးကရက်တွေသိပ်သောက် မူးတော့ မှိုင်းပြီးတော့ အဲဒါတွေပဲ ကြည့်နေတာ၊ အိပ်ခါနီးတော့စိတ်ကူးတယ်မဟုတ်လား (စိတ်ကူးပါတယ်ဘုရား)။ အဲ **'စိတ္တနိမ္မိတ'**ခေါ်တယ်၊ ဘာခေါ်တုံး (စိတ္တနိမ္မိတခေါ်ပါတယ်ဘုရား)။ **'စိတ်ကဖန်ဆင်းတယ်'**။ ဖန်ဆင်းတယ်ဆိုတာ **'စိတ်က အလုပ်လုပ်တယ်'**၊ အဲလိုသိမှသာ **'စိတ္တသင်္ခါရ'**၊ စိတ်ကပြုပြင်တဲ့ဟာတွေ အဲလို အဲလို သိရတယ်၊ မသိတော့ ငါကောင်းတယ်ဆိုပြီး ငါလုပ်နေတယ်၊ အဲလိုဟာမျိုးတွေ ဆရာသမားရဲ့ အဆုံးအမကိုမခံရတော့ အဲဒီကိုယ်ထင်သလိုလုပ်နေတာ အဲလိုဟာ။

**'အဘိနန္ဒတိ** - အလွန်နှစ်သက်၏၊ **အဘိဝဒတိ** - အလွန်သဘောကျ၏'၊ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)။ **'လူတွေ'** မဟုတ်ဘူးနော် (မှန်ပါဘုရား)။ အေး အဲဒါ အာယတန **'အပြင်အာယတန'**၊ သိပြီမဟုတ်လား (သိပါပြီဘုရား)၊ **'အတွင်းအာယတန'** သိပြီမဟုတ်လား (သိပါပြီဘုရား)၊ အဲဒါတွေကို ပြောနေတာ၊ အဲဒါကို နှစ်သက်တယ်တဲ့။ ဗာလာလူမိုက်တို့သည် အဲဒါကို နှစ်သက်လို့ရှိရင် ဗာလာလူမိုက်တို့သည်တဲ့၊ အဲဒါ ရှင်နာဂသိန်ကပြောတာ၊ ဟို ရဟန္တာကြီး၊ ဟိုက မိလိန္ဒမင်းကြီးကလည်း ပထမတန်း၊ မိလိန္ဒမင်းကြီးကို 'ဟဲ့ ကောင်လေး ဟိုအမှိုက်သွန်လိုက်စမ်း' ဆိုတော့ မကြားချင်ယောင်ဆောင်သွားတယ်။ ပျင်းတာကိုး၊ မသွန်ချင်ဘူး။ ကဲဆိုပြီး တစ်ခါတည်း တံမြက်စည်းရိုးနဲ့ ခေါက်လိုက်တာ တစ်ခါတည်း ငိုရော၊ ကိုရင်လေးငိုပြီးတော့ မလုပ်ချင်လုပ်ချင်နဲ့ တစ်ခါတည်း အမှိုက်တွေ သွားစွန့်ပစ်ရတယ်။ အမှိုက်တွေသွားစွန့်ပစ်လိုက်တော့မှ ရေထဲကျတော့ 'ဝေါ' ဆိုပြီး လှိုင်းထတော့မှ 'ငါ့ပညာတွေ အဲလောက်ကြီးပါစေသတည်း' ပေါ့လေ။ ကိုရင်ဆူပန်တဲ့ဟာကို ဦးပဥ္စင်းလေးကကြားပြန်တော့ 'သူလည်းဖြေနိုင်တဲ့သူ ဖြစ်ပါစေသတည်း' နဲ့၊ အဲလိုလုပ်လိုက်တာ တစ်ခါတည်း မိလိန္ဒနဲ့ ရှင်နာဂသိန်ပေါ်လာတာ။ ဆုတောင်းတွေနဲ့ ပေါ်လာတာ။ **'အဇ္ဈောသာယ** - သက်ဝင်၍၊ **တိဋ္ဌတိ** - တည်၏'၊ အဲဒီဟာလေးပဲ စိတ်ဝင်စားတယ်။ စိတ်ဝင်စားတယ်ဆိုတာ **'အဇ္ဈောသာယ တိဋ္ဌတိ**-စိတ်ဝင်စား၏'၊

www.burmeseclassic.com

www.burmeseclassic.com



ပါဠိုကလည်း ဒီလို အနက်တွေ လည်းဖြစ်တယ်။ အောင်မာ သဘောကျမှ စိတ်ဝင်စားနေတယ် မဟုတ်လား။ ဆေးခြောက်တွေ ဆေးတွေစားတာ သဘောကျလို့ မဟုတ်လား (ဟုတ်ပါတယ် ဘုရား)၊ မူးပြီးတော့ တစ်ခါတည်း အိပ်ချင်ကာနီးလိုဖြစ်ပြီးတော့ **'သန္တမေတံ ပဏီတမေတံ ယဒိဒံ ဥပေက္ခာ'** ဆိုတာ အောင်မာ အဘိညာဥ်ဆန်ဆန်ကလေးရယ် အိပ်ခါနီးဖြစ်တဲ့ အာရုံကလေး၊ အကြာကြီးဖြစ်တယ်။

ဟာ သူတကာတွေအိပ်သွားတယ်၊ သူကမအိပ်ဘူး၊ အဲဒီအာရုံကလေးနဲ့ပဲ၊ ဟာ လှလိုက်တာ၊ ဒီကစိတ်ကပြုံးဆိုရင် ဟိုကလည်း ပြုံးတာပဲ၊ အဲသလိုပဲ သူက ဘယ်လိုလေးဆို ဟာ ဟိုကလည်း ဘယ်လိုလေးပဲ၊ အဲ မြတ်စွာဘုရားနားကို ယပ်ခတ်ခိုင်းထားတဲ့ ကောင်မလေး ကလည်း အဲဒီလို မြတ်စွာဘုရားက စိတ်ကလုပ်လိုက်တာ၊ **'စိတ္တနိမ္မိတ** - စိတ်ကဖန်ဆင်းတာ'၊ အဲဒီနား ဟို ဟိုကြားထဲမှာ ရူပနန္ဒာလေးကလာပြီး ဘုရား တရားနာတယ်။ တရားနာတာ သူက ခပ်ကွယ်ကွယ်လေး၊ ဒီကမြင်မှာစိုးတယ်။ ဟို မောင်ကြီးတော်တာပေါ့၊ မြင်မှာစိုးတယ်၊ ဒီက အနိစ္စ ဒုက္ခ အနတ္တလို့ ဟောနေလည်းမနာချင်ဘူး။ မနာချင်ဘဲနဲ့ နာရမယ်လို့ အမိန့်နဲ့ ထုတ်ထားတော့ လာနာတာ။

အဲ လာနာတော့မှ ဒီမှာတစ်ခါတည်း (၁၆)နှစ်သမီးလေး၊ (၁၆)နှစ်က အချောဆုံး အရွယ်ခေါ်တယ်။ နောက်ကျတော့(၂၀) ဖြစ်သွားတဲ့အခါကျတော့ ကြီးသွားတော့၊ (၁၆)နှစ်သမီး ထက် သိပ်မချောတော့ဘူး။ နောက်ကျတော့ မျက်ခွက်ကအဖုလေးဘာလေးပေါက်တယ်၊ နှမ်းစေ့လောက်ကလေးတွေ၊ မုန့်ညင်းစေ့လောက်ကလေးတွေ ဟို မှဲ့လေးတွေ ဘာလေးတွေ ပေါ့၊ မှဲ့လေးတွေ ဝက်ခြံကလေးတွေတို့ဟာ နောက်ကျ (၂၀)က (၃၀)၊ ဟာ သားသမီးရတဲ့အရွယ် တွေပြ၊ နောက်ကျ အိုတဲ့အရွယ်တွေပြလိုက်တော့၊ ဟို ရုပ်က ဒီအတိုင်းသွားတယ်ဆိုတာ မြတ်စွာဘုရားက ဒီလိုပြောတာ။ **'ဤဟာရုပ်'**၊ အဲလိုဆိုရတယ်။

အဲ သူ့ကိုသူကြည့်ပြီး ဟာ ဟိုအရင်တုန်းက ချောတုန်းကများ လှတုန်းကများ သူဟိုက နေပြီး အဲဒီကောင်မလေးကို ပွေ့ချင်သေးတယ်၊ သူ့နားမှာ ယူပြီးပွေ့လိုက်သေးတယ်။ အဲ အဲ အဲဒီကောင်မလေးကို ဟိုနားကနေ သူ့နားရောက်သွားတယ်။ အဲဒါစိတ်၊ စိတ် ဖန်ဆင်းတာ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)၊ လောကီဆိုတာ ဘာလုပ်တာတုံး (စိတ္တနိမ္မိတပါဘုရား)။

**'စိတ္တနိမ္မိတ၊ စိတ္တကတ၊ စိတ္တသင်္ခါရ၊ စိတ္တနိမ္မိတ'**၊ လောကီကောင်းတယ်ဆိုတာ အဲဒီစိတ်က ဖန်ဆင်းတာတဲ့။ လောကီကောင်းတယ်ဆိုတာ ဘာတုံး (စိတ်က ဖန်ဆင်းတာပါ ဘုရား)။ အဲ အဲ စိတ်ကမလုပ်ရင် ကောင်းသေးလား (မကောင်းပါဘူးဘုရား)။ အဲလိုဟာမျိုး စိတ်က ကောင်းနေတော့ ကောင်းနေတာ ခေါ်တယ်။ **'ဒွါဒသာနိ** -တစ်ဆယ့်နှစ်ပါးကုန်သော၊

www.burmeseclassic.com

www.burmeseclassic.com



**အာယတနာနိ** - အာယတနတို့ကို၊ **အဘိနန္ဒတိ** - အလွန်နှစ်သက်၏**'**။ ဒကာမကြီးတို့ကို ပြောတာမဟုတ်ဘူး၊ တစ်ဆယ့်နှစ်ပါးသော အာယတနတွေ ဒကာမကြီးတို့ အဲဒီထဲဝင်သွားပြီ၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ လူတွေမဟုတ်တော့ဘူး။

**တစ်ဆယ့်နှစ်ပါးသော အာယတနတွေကို မနှစ်သက်ရင် နိဗ္ဗာန်ရောက်တယ်**

**'ဒွါဒသာနိ** -တစ်ဆယ့်နှစ်ပါးကုန်သော၊ **အာယတနာနိ** - အာယတနတို့ကို၊ **အဘိနန္ဒတိ**- အလွန်နှစ်သက်၏၊ **အဘိဝဒတိ** -အလွန်သဘောကျ၏၊ **အဇ္ဈောသာယ တိဋ္ဌတိ** - စိတ်ဝင်စား၏**'**၊ 'တစ်ဆယ့်နှစ်ပါးသော အာယတနတို့ကို စိတ်ဝင်စား၏' တဲ့။

**'တဒါ** -ထိုအခါ၌၊ **တဏှာ**- တဏှာသည်၊ **ဥပ္ပဇ္ဇတိ** - ဖြစ်၏၊ **တဏှာပစ္စယာ**- တဏှာဟူသောအကြောင်းကြောင့်၊ **ဥပါဒါနံ**- ဥပါဒါန်သည်၊ **ဟောတိ** - ဖြစ်၏၊ **ဥပါဒါနပစ္စယာ**- ဥပါဒါန်ဟူသောအကြောင်းကြောင့်၊ **ကမ္မဘဝေါ**-ကမ္မဘဝသည်၊ **ဟောတိ**-ဖြစ်၏၊ **ဘဝပစ္စယာ**- ကမ္မဘဝဟူသော အကြောင်းကြောင့်၊ **ဇာတိ** - စိတ်ဖြစ်ခြင်းသည်၊ **ဟောတိ** - ဖြစ်၏**'**၊ အဲလို **'စိတ်'** က ဖြစ်သွားတယ်တဲ့၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ အဲဒါ **'အာယတန'**ကို **'စိတ်'** ဖြစ်သွားတာ။ **'တာနိ**-ထိုတစ်ဆယ့်နှစ်ပါးကုန်သော အာယတနတို့ကို၊ **နာဘိနန္ဒတိ** - မနှစ်သက်၊ **နာဘိဝဒတိ** - သဘောမကျ၊ **နဇ္ဈောသာယတိဋ္ဌတိ**- စိတ်မဝင်စား၊ **တဿ** - ထိုပုဂ္ဂိုလ်အား၊ **တဏှာ** - တဏှာသည်၊ **နိရုဇ္ဈတိ** - ချုပ်၏**'**။

**တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိ နိရောဓာ ဇရာ မရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ**။ အဲဒီတစ်ဆယ့်နှစ်ပါးသော အာယတနတွေကို အဲဒီလိုမနှစ်သက်ဘဲ နေလိုက်လို့ရှိရင် နိဗ္ဗာန်ရောက်တယ်တဲ့ ၊ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)။ **'လူတွေ'** မဟုတ်ဘူးနော်။

**ရူပါရုံ သဒ္ဒါရုံ ခြောက်အာရုံ ခေါ်တုံ ဗာဟိရာယတန**။

**မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မန ခြောက်ဒွါရ ခေါ်ကြ အဇ္ဈတ္တိကာယတန**။

အဲဒီဟာတွေကို **'မနှစ်သက်'**လို့ရှိရင်၊ **'ငြီးငွေ့'**လို့ရှိရင် အဲဒါ **'နိရောဓသစ္စာ'** ဖြစ်သွားတယ်တဲ့၊ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)။ ကဲ --- တော်ကြအုံးစို့ ။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## "ဝေဒနာစေတသိက် နှင့် ဝေဒနာနှင့်ယှဉ်သောစိတ် တရားတော်"

၂၀ ‧ ၁၂ ‧ ၂၀၀၆

**သုခဝေဒနာ**

ဝေဒနာက ဝေဒနာတစ်ခု၊ အဲဒီဝေဒနာက ဒုက္ခတွေရော၊ ဥပေက္ခာတွေရော၊ ဒေါမနဿတွေရောရှိလို့ အဲဒါနဲ့ ကွဲပြားအောင်လို့ **'သုခါယ** - သုခ ဖြစ်သော'၊ အဲဒီ - **'သော'** လေးတပ်မှသြော် ဒုက္ခလည်းမဟုတ်၊ ဥပေက္ခာလည်း မဟုတ်၊ ကြောက်လန့်တာလည်း မဟုတ်၊ ဒေါမနဿလည်းမဟုတ် သူက သုခဖြစ်သကိုး။ နှစ်မြို့တာ၊ **'သုခါယ**-သုခဖြစ်သော၊ **ဝေဒနာယ**-ဝေဒနာနှင့်'၊ တစ်ခုတည်းရတယ်၊ **'သော'** နဲ့ဆိုတော့ ဂုဏ်လည်း ဂုဏ်ကလေးနဲ့ လူချမ်းသာ၊ ချမ်းသာသောသူ၊ အဲဒါ ပြည့်ဝတယ်။ **'မရှိဆင်းရဲ'** ဆင်းရဲရင်၊ မရှိပြီဆိုရင် ဆင်းရဲတယ်၊ အဲ အဲဒီလိုမှတ်ထား၊ ရှိတယ်ဆိုတော့ ပြည့်ဝတယ်၊ ချမ်းသာတယ်၊ ပေါများတယ်၊ ဒီလို လူတွေ ခေါ်ကြတယ်။ အဲဒီထဲမှာ ချမ်းသာတယ်ဆိုတာ ပေါများတယ်၊ စိတ်ကပြည့်ဝသွားတယ်၊ စိတ်က ဖူလုံတယ်၊ သူက ပြည့်ဖြိုးသွားတယ်၊ အဲဒါ **'သုခါယ -** သုခဖြစ်သော' ဆိုရင် အဝန်းအဝိုင်း၊ အခြံအရံတွေ ဂရုစိုက်ရတယ်၊ သုခဖြစ်တာ ဘယ်လိုဖြစ်တုံး၊ သုခက ဒီလိုပဲ ကောင်းသွားတယ်၊ ချမ်းသာတယ်၊ ပြည့်ဖြိုးတယ်၊ ပီတိ နှစ်သက်စရာတွေလည်း ပေါတယ်၊ သုခက အဲဒီလို ဖြစ်တယ်၊ သုခက အဲဒီလိုဖြစ်တဲ့ ဝေဒနာပဲ။

**သုခဝေဒနာနှင့် ယှဉ်သောစိတ်**

ဝေဒနာက - ဖဿပြီးရင် ဝေဒနာပေါ့၊ ဝေဒနာနဲ့ **'သမ္ပယုတ္တ** - ယှဉ်ကုန်သော'၊ သုခဝေဒနာနဲ့ ယှဉ်တယ်တဲ့။ **'ကာယိကသုခ'** ကတစ်မျိုး၊ **'စေတသိကသုခ'**က တစ်မျိုး၊ ကိုယ်နဲ့တူတဲ့ချမ်းသာ၊ စိတ်နဲ့တူတဲ့ ချမ်းသာခွဲရတယ်၊ ဒါမှ ကိုယ်ချမ်းသာ၊ စိတ်ချမ်းသာ အဲဒီမှာဖြစ်တဲ့ သုခတွေက **'သုခဖြစ်သော'**၊ စိတ်တွေ ပြည့်ဖြိုးတယ်၊ ပြည့်ဝတယ်၊ ပေါများတယ်၊ သူ့စိတ်ထဲမှာ ဘာမှမလိုဘူး၊ ဆင်းရဲသူတွေကျတော့ လိုချင်တယ်၊ ဆင်းရဲတယ်ဆိုတော့ **'မရှိဆင်းရဲ'** အဲဒီလိုခေါ်တယ်။ သုခဝေဒနာတွေက ချမ်းသာတယ်ဆိုတော့ ပြည့်စုံတယ်၊ အဲဒါကို သုခခေါ်တယ်။ အဲဒီ အဲဒီဝေဒနာနဲ့ သမ္ပယုတ္တယှဉ်ကုန်သောလို့ ဆိုရတယ်၊ **'ဝေဒနာ'**က စေတသိက်၊ **'ယှဉ်တာ'**က စိတ်၊ အဲဒီစိတ်ကလေးက တစ်ခါတည်း ကောင်းသွားတယ်၊ ရေ ရေဇလုံထဲမှာ ကြည်နေသလိုပေါ့၊ သူကကောင်းသွားတယ်၊ အာရုံကလည်းကောင်းသွားလို့ပေါ့၊ စိတ်ကလည်း ကောင်းသွားတယ်၊ သုခကလည်းကောင်းသွားတယ်၊ ဝေဒနာက အဲဒါကြောင့် **'သုခါယ**-သုခဖြစ်သော၊ **ဝေဒနာယ**-ဝေဒနာနှင့်တကွ ယှဉ်တယ်'၊ သုခက ဘယ်မှာ ဖြစ်သတုံးဆိုတော့ ကိုယ်မှာဖြစ်တယ်၊ ကာယိကသုခ၊ ကာယဝိညာဏ်စိတ်၊ ကိုယ်မှာ ချမ်းသာတယ်၊ အရိပ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



နေရတယ်၊ အဲဒီလို သုခနဲ့ ယှဉ်တဲ့အခါကျတော့ သောမနဿ - **'သုခ သောမနဿ'**။ **'သုဋ္ဌုမနော**- ကောင်းသော မနောစိတ်၊ **သုမနော**-ကောင်းသောစိတ်'၊ စိတ်ကောင်းလေးပေါ့၊ **'စိတ်ကောင်း ကြည်လင်'** - စိတ်ကောင်းဆိုတာ ကြည်လင်တယ်၊ **'သုခ သောမနဿ'** ခေါ်တယ်။ **'စိတ်ကောင်း ကြည်လင်'** ရေဇလုံထဲက ရေလိုပဲ၊ ရေသန့်ဘူးထဲက ရေလိုပေါ့၊ အဲဒီလို စိတ်ကြည်လင်သွားတယ်။ အဲဒါ စိတ်ကောင်းကြည်လင်သွားတယ်၊ သောမနဿလည်း ဖြစ်တယ်၊ မျက်နှာက လည်းပြုံးလာတယ်၊ ရယ်လာတယ်၊ **'သုဋ္ဌုမနော-** ကောင်းသောမနောစိတ်သည်၊ **သုမနော**-ကောင်းသောစိတ်'၊ ကောင်းသောစိတ်နဲ့နေလာတော့ သုခဝေဒနာ ဖြစ်သွားတယ်။

**ကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်**

**'ယဿ** - အကြင်ပုဂ္ဂိုလ်အား၊ **သုမနော** - ကောင်းသောစိတ်သည်'၊ အဲဒီ ကောင်းသောစိတ်ရှိသူကျတော့ ပုဂ္ဂိုလ်ရတယ်။ **'ယဿ** - အကြင်ပုဂ္ဂိုလ်အား၊ **သုမနော** - ကောင်းသောစိတ်သည်၊ **အတ္ထိ** -ရှိ၏။ **ဣတိတသ္မာ** - ထိုကောင်းသောစိတ်ရှိသောသတ္တိရှိသောကြောင့်၊ **သုမနော**-သုမနမည်၏'။ အရင်တစ်ချက်က သုမနော-ကောင်းသောစိတ်၊ နောက်တစ်ချက်က ကောင်းသောစိတ်ရှိသောပုဂ္ဂိုလ်၊ အဲဒီလိုနှစ်ခုရတယ်။ ကောင်းသောစိတ်ကတစ်မျိုး၊ ကောင်းသောစိတ်ရှိတဲ့ ပုဂ္ဂိုလ်ကတစ်မျိုး၊ အဲဒီလို ခွဲသွားတယ်။ အရင်ကောင်းသောစိတ်ချည်းပဲ ကျတော့ စိတ်ပဲရတယ်၊ အဲဒီ စိတ်ကလည်း ရုပ်မရှိဘဲနဲ့ စိတ်လည်း မဖြစ်နိုင်ဘဲကို၊ ဒါကြောင့် **'ကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်'** အဲဒီလိုဖြစ်သွားတယ်။ **'သုမနဿ** - ကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်၏၊ **ဘာဝေါ** - ဖြစ်ကြောင်း ဖြစ်ရာသည်၊ **ဘာဝ** - ဖြစ်သည်'။ အဲဒီလို ဘာဖြစ်လို့ ကောင်းသောစိတ်ရှိသတုံးဆိုတော့မှ တစ်ခါတည်း ကောင်းသောစိတ်ရှိသောပုဂ္ဂိုလ်ဒြပ်ကို ညွှန်ပြတတ်သော **'စေတသိက သုခသောမနဿ'** ခေါ်တယ်။ **'မာနသိက'** ကလည်း စိတ်၌ဖြစ်တဲ့ ဝေဒနာရတယ်၊ ကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်ဒြပ်ကို ဟောပြတတ်သော - **'မာနသိက သုခဝေဒနာ'**ရတယ်။

**စိတ်ကောင်းကြည်လင် ဝမ်းမြောက်လျှင်**

**'ကောင်းသောစိတ်ရှိတဲ့ ပုဂ္ဂိုလ်'** က အဲဒီမှာ **'စိတ်'**၌ ဖြစ်တဲ့ **'ဝေဒနာ'**ရတယ်။ အဲဒီဝေဒနာကြောင့် သူ့မှာစိတ်ကောင်းလေးဖြစ်နေတယ်၊ ဒါကြောင့် စိတ်ကောင်းပြီး ကြည်လင်သွားတယ်၊ **'သောမနဿ'** ဖြစ်တဲ့အခါမှာ - စိတ်ကောင်းကြည်လင်ပြီးတော့ ဝမ်းမြောက်ပါတယ်ဘုရား။ ဒီက ကောင်းတာလေးပြောလိုက်တော့ ဟိုက သဘောကျတော့ လက်ခုပ်တွေတီးကြတယ်၊ အဲဒါ စိတ်ကောင်းကြည်လင် ဝမ်းမြောက်တာဖြစ်သွားတယ်။ **'သုမနဿဘာဝေါ'** ကျမှ **'သောမနဿ'** ဆိုတာ ဖြစ်သွားတယ်၊ အဲဒါ ဝေဒနာဖြစ်သွားတယ်။ သောမနဿနဲ့ သုခနဲ့ အဲဒီလိုစပ်လာတယ်၊ **'သောမနဿ'**ဆိုတာက **'ကောင်းသောစိတ်ရှိသော ပုဂ္ဂိုလ်ဒြပ်'** ကိုညွှန်ပြတတ်တယ်၊ **'မာနသိကသုခဝေဒနာ'** ကိုရတယ်၊ အဲဒီဝေဒနာလေးက သုခဝေဒနာ၊ သုခဝေဒနာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်တဲ့ပုဂ္ဂိုလ်ဆိုတော့ သူ့မှာပျော်ရွှင်လို့မဆုံးပေါ့၊ သမာဓိလည်း ရှိတယ်၊ ချမ်းလည်းချမ်းသာတယ်၊ **'သုဋ္ဌုမနော'** ဆိုတော့ ချမ်းသာတဲ့အခါမှာ သမာဓိရှိတယ်၊ ဆင်းရဲနေတဲ့အခါမှာ ဥဒ္ဓစ္စတွေဖြစ်နေတော့ အကုသိုလ်တွေဖြစ်နေလို့ သူ့မှာ သမာဓိမရှိဘူးတဲ့။

ကောင်းသောစိတ်ရှိတဲ့ ပုဂ္ဂိုလ်၊ သုခဝေဒနာရှိတဲ့ ပုဂ္ဂိုလ်မှာ စိတ်တည်တတ်တယ်တဲ့၊ သမာဓိရှိတယ်တဲ့၊ အဲဒါ **'ကေဂ္ဂတာ'** ရှိတယ်။ ခုနတုန်းက ရေထဲမှာစမ်းတဲ့ ကိရိယာလေးလိုပဲ။ အဲဒီလိုစမ်းလိုက်တော့ သုခဝေဒနာထဲမှာ ဒါတွေရှိပါသလား၊ **'ဝေဒနာယ သမ္ပယုတ္တဓမ္မာ'** ဝေဒနာကတော့ သုခဝေဒနာခံစားတာပဲ၊ သူနဲ့ သမ္ပယုတ်ဖြစ်တာတွေကတော့ သမာဓိတွေရော၊ **'မာနသိကာရတွေ'** ကလည်း ကောင်းတယ်၊ **'ဝိတက်တွေ'** ဘာတွေလည်းမရှိဘူး၊ အကြံအစည်လည်းမရှိဘူး၊ ချမ်းချမ်းသာသာလေးနေရတယ်၊ ဘာဖြစ်လို့တုံးဆိုတော့ သမာဓိကမှ တည်တည်တံ့တံ့နဲ့ ကြည်ကြည်ခန့်ခန့်နဲ့ဖြစ်သွားတော့ **'ဝေဒနာနဲ့ယှဉ်တဲ့ သမ္ပယုတ္တတရားတွေ'**တဲ့၊ သမာဓိခေါ်တယ်၊ သမာဓိဖြစ်လာတယ်၊ **'သုခဝေဒနာနဲ့ယှဉ်တဲ့ တရားတွေ'**ပဲ။

## ဒုက္ခဝေဒနာနှင့်ယှဉ်သောစိတ်

ဆင်းရဲတဲ့သူတွေက နေပူထဲနေရတယ်၊ အိမ်ကလည်း မလုံ့တလုံနဲ့ မိုးရေထဲနေရတယ်၊ အဲဒါ **'ကာယိကဒုက္ခ'**၊ ပြီးတော့ ဒုက္ခဝေဒနာနဲ့ ယှဉ်တဲ့တရားတွေကျတော့ **'ဒုဋ္ဌုမနော ဒုမနော'** **'ဒုဋ္ဌုမနော** - မကောင်းသော မနောစိတ်သည်၊ **ဒုမနော** - မကောင်းသောစိတ်' ဆိုမှတော့ စိတ်ဆိုးတယ်၊ မာန်ဆိုးတယ်၊ အပြစ်မြင်တယ် **'ဒုဋ္ဌုမနော ဒုမနော'**၊ **'ဒုမနဿ'** က မကောင်းတဲ့ စိတ်ရှိသော ပုဂ္ဂိုလ်တဲ့၊ ပုဂ္ဂိုလ်ရတယ်၊ **'ဒေါမနဿ'** ကျမှ မကောင်းသောစိတ်ရှိတဲ့ပုဂ္ဂိုလ်ဒြပ်ကို ညွှန်ပြတတ်တယ်၊ သူက စိတ်၌ဖြစ်သော ဒုက္ခဝေဒနာရတယ်။ **'ဒုဋ္ဌု** - မကောင်းသော၊ **မနော**- စိတ်သည်၊ **ဒုမနော** - မကောင်းသောစိတ်။ **ယတ္ထ** - အကြင်ပုဂ္ဂိုလ်အား၊ **ဒုမနော** - မကောင်းသောစိတ်သည်၊ **အတ္ထိ** - ရှိ၏။ **တသ္မာ** - ထို့ကြောင့်၊ **ဒုမနော** - မကောင်းသောစိတ်၊ **ဒုမနဿ**- မကောင်းသော စိတ်ရှိတဲ့ ပုဂ္ဂိုလ်၏၊ **ဘာဝေါ** - အဖြစ်သည်၊ **ဘာဝ** - ဖြစ်သည်'။ **'မကောင်းသော စိတ်ရှိတဲ့ ပုဂ္ဂိုလ်၏အဖြစ်'** ဆိုတာ ဘာလဲဆိုတော့ မကောင်းစိတ်ရှိတဲ့ ပုဂ္ဂိုလ်ဒြပ်ကို ညွှန်ပြတတ်တယ်၊ သူက **'မာနသိက ဒုက္ခဝေဒနာ'** ကိုရတယ်။ မကောင်းသော စိတ်ရှိတဲ့ ပုဂ္ဂိုလ်နဲ့ ဒုက္ခဝေဒနာနဲ့အတူတူပဲ၊ **'ဒုက္ခာယ** - ဒုက္ခဖြစ်သော၊ **ဝေဒနာယ** - ဝေဒနာနှင့် လျော်ညီသော' မကောင်းသောစိတ်ရှိတဲ့ ပုဂ္ဂိုလ်ရတယ်။ သူ့မှာ ဒေါမနဿ ဝေဒနာတွေ၊ ဒုက္ခဝေဒနာတွေ ရှိတယ်။ အဲဒါကြောင့် သူ့မှာ၊ မကောင်းသောစိတ်ရှိတဲ့ ပုဂ္ဂိုလ်မှာ စိတ်ဆိုး မာန်ဆိုးကြီးနဲ့ ဖြစ်ပြီးတော့၊ ဆဲလိုက်တာ၊ ဘာပြုလိုက်တာနဲ့၊ ရန်ဖြစ်လိုက်တာနဲ့၊ လာခဲ့ကွာနဲ့ ဘာကွနဲ့၊ စစ်ဖြစ်တယ်ဆိုရင် မကောင်းတဲ့စိတ်တွေနဲ့၊ တိုက်တာတွေနဲ့၊ ခိုက်တာတွေနဲ့၊ ရန်ဖြစ်တာ တွေနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အတိုက်အခံတွေနဲ့ မကောင်းတာတွေဖြစ်နေပြီဆိုရင် မကောင်းတဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်တဲ့။ **'မကောင်းတဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်'**ကို ညွှန်ပြတတ်တဲ့စိတ်၌ဖြစ်တဲ့ **'ဒုက္ခဝေဒနာ'**ကို ရတယ်။ မကောင်းတဲ့စိတ်ရှိတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်လိုဟာတုံးဆိုတော့ **'စိတ်'** ၌ဖြစ်တဲ့ **'ဒုက္ခဝေဒနာ'** ရတယ်။ ဝေဒနာက ခံစားတယ်၊ ဘယ်မှာဖြစ်တုံးဆိုတော့ စိတ်၌ ဖြစ်တယ်၊ အဲဒီလိုရတယ်။ ဒါကို **'စိတ်ရှိသောလူ'** လို့ခေါ်တယ်။ ဒါကြောင့် သူမကောင်းတဲ့စိတ်ရှိသောပုဂ္ဂိုလ်၊ ဘာဖြစ်လို့ စိတ်ဆိုးတုံး၊ လာခဲ့ကွ ဘာဖြစ်မယ် ညာဖြစ်မယ်ဆိုတာ၊ ပုဂ္ဂိုလ်စရိုက်တွေကို တစ်ခါတည်းဖော်ပြီး ဆဲခြင်းပေါ့လေ၊ သူက လုပ်နေတော့၊ ပုဂ္ဂိုလ်သတ္တဝါတွေကို သူကအာရုံပြုတယ်။ **'စိတ်မရှိသောလူ'** ကျတော့ အဲဒီ ဒုက္ခဝေဒနာတွေ မရှိဘူး၊ ဒေါမနဿတွေ စိတ်ဆိုးတာတွေ မရှိဘူး။ ဒီကတော့ ပုဂ္ဂိုလ် သတ္တဝါတွေကို အာရုံမပြုဘူး၊ ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးဆိုတော့၊ အဲဒီမှာတွင် အဲဒီစိတ်တွေ မရှိဘူး၊ အဲဒီလို လုပ်ပြတတ်ရတယ်။ အဲဒီစိတ်တွေမရှိတော့ စိတ်ကောင်းရှိရတယ်၊ **'စိတ်ကောင်းကြည်လင် ဝမ်းမြောက်လျှင်'** ဖြစ်သွားတယ်။

**သုခဝေဒနာနှင့် ယှဉ်သောစိတ်၊ ဒုက္ခဝေဒနာနှင့် ယှဉ်သောစိတ် ခွဲခြမ်း နိုင်ရမယ်**

**'သောမနဿ'** ဆိုတာ - စိတ်ကောင်းကြည်လင်ပြီးတော့ ဘောပွဲတွေ ဘာတွေနိုင်ပြီ၊ သဘောကျပြီဆိုရင် လက်ခုပ်တွေ ဘာတွေ တီးသွားတယ်၊ သောမနဿခေါ်တယ်။ မကောင်းတဲ့ဟာကျတော့ **'ဒေါမနဿ'** ခေါ်တယ်။ **'ဒေါမနဿ'** ဆိုတော့ စိတ်မှာ ဒုက္ခဝေဒနာ ရှိနေရင် မကောင်းဘူး၊ စိတ်မှာ မကောင်းတဲ့ဝေဒနာယှဉ်ရင် **'ဒေါမနဿဝေဒနာ'** ဖြစ်တယ်။စိတ်မှာ ကောင်းတဲ့ ဝေဒနာယှဉ်ရင် **'သောမနဿဝေဒနာ'** ဖြစ်တယ်။ အဲဒီလို ဝေဒနာနဲ့ စိတ်နဲ့ ကွာတယ်။ မကောင်းတာနဲ့ ကောင်းတာကို အဲဒီလိုခွဲလိုက်တယ်တဲ့၊ မကောင်းတာမဖြစ်ရင် မဆင်းရဲဘူး၊ ဟော - ဆင်းရဲတယ်ဆိုတော့ ငရဲတို့ အပါယ်တို့ အဲဒီလိုဆင်းရဲတယ်။ တကယ့်စိတ်ကောင်းရှိတဲ့ ပုဂ္ဂိုလ်ကျတော့၊ အနာဂါမိမဂ်ဖိုလ်တွေကျတော့ ဒေါသတွေ ထွက်စရာရှိရင် မထွက်ဘူးတဲ့၊ ဘာဖြစ်လို့တုံးဆိုတော့ သူက အဲဒီလိုစိတ်တွေကို ဒါက **'ဒုက္ခဝေဒနာနဲ့ ယှဉ်တဲ့စိတ်'**၊ ဒါက **'သုခဝေဒနာနဲ့ ယှဉ်တဲ့စိတ်'**၊ ဒုက္ခဝေဒနာနဲ့ ယှဉ်တဲ့စိတ်က မကောင်းဘူးဆိုတော့ မကောင်းမှန်း သိတယ်။ မကောင်းမှန်းသိတော့ သိတဲ့ဟာက **'ဝိဇ္ဇာ'**၊ ဒီတော့ သူ့မှာမကောင်းတဲ့စိတ်မဖြစ်ဘူးတဲ့၊ ကိုယ့်ကိုယ်ကို အဲဒီလို စိတ်ထဲမှာခွဲခြမ်းရတယ်တဲ့။ ခွဲခြမ်းနိုင်ပြီဆိုရင် ပညာရှိ ဖြစ်သွားတယ်။ အဲဒီလို ပညာရှိတွေ ဖြစ်ကြစေကုန်သတည်း။ ကဲ --- တော်ကြဦးစို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " အာရုံကိုသိ မကပ်ငြိ လွတ်၏သံသရာ တရားတော် "

၂၁. ၁၂. ၂၀၀၆

## အသက်ဆိုတာ ဓမ္မသန္တတိ

ပထဝီ အာပေါ တေဇော ဝါယောက စတာ၊ အာပေါ ဝါယော၊ **'အဒ္ဓုနော** - ရှည်လျား လှစွာသောကာလကို၊ **အစ္စယေန** - ကျော်လွန်သဖြင့်' ပျက်နေတဲ့ ကမ္ဘာကြီးက တစ်ကမ္ဘာ၊ တစ်ကမ္ဘာလုံးပျက်နေတယ်။ တည်နေတဲ့ ကမ္ဘာကြီးကလည်း၊ မိုးတွေရွာပြီးလို့ စဲသွားပြီး စကြဝဠာ တစ်ခုလုံး ဟို ရေတွေ ပြည့်နေတယ်။ အဲဒီရေတွေ ပြည့်ပြီး တစ်စတစ်စ အနယ်တွေ ထိုင်ပြီးတော့ ရေကျသွားတယ်၊ မြေကြီးရောက်အောင်ကျသွားတယ်။ အထက်ပေါ် (၁၃)မိုင်လောက်တက် နေတဲ့ရေတွေ၊ တစ်ကမ္ဘာလောက်ကြာမှကျသွားတယ်။ **'အာယုကပ်'**၊ ဆယ်နှစ်တန်းကနေ အသင်္ချေယျတန်းရောက်အောင် အဲဒါကို အာယုကပ် ခေါ်တယ်။ အာယုကပ်လေးကပ်မှ အသင်္ချေခေါ်တာကိုး။ အဲဒီ အာယုကပ်ပေါင်း (၆၄)ကပ်ကျမှ တစ်ကမ္ဘာခေါ်တယ်။

အသက်၊ အသက်ဆိုတာက၊ အသက်ရှည်တယ်လို့ လူတွေကထင်တာ။ စင်စစ် **'ဓမ္မသန္တတိ'** အစဉ်တွေ၊ **'သဘာဝအစဉ်တွေ'**ခေါ်တယ်။ **'ဓမ္မသန္တတိ'** - **'ဓမ္မ'**က သဘော၊ **'သန္တတိ'** က အစဉ်၊ ဓမ္မသန္တတိ ခေါ်တယ်၊ **'တရားသဘောအစဉ်'**။ အခု ဟိုနားရွာလေးမှာ ပဋိသန္ဓေ နေတာနဲ့၊ တာဝတိံသာရောက်တာနဲ့ဟာ အတူတူပဲ၊ အာရုံပြုလိုက်တော့၊ ဟို ရောက်သွား တာလေးတစ်ခု၊ တာဝတိံသာပြုတာလည်း ရောက်တာပဲ၊ ဟိုနားရွာကလေးတွေကို အာရုံပြု တာလည်းရောက်တာပဲ၊ တာဝတိံသာနဲ့ ဟိုနား။

## ဓာတ်ရှစ်ပါး ပေါင်းနေတယ်

အဲဒါ စတာက ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောက ရေတွေကြီးတာက မီးတွေ၊ ပထဝီတွေ၊ လေတွေ၊ ဟော **'သုံးပါး'**ကြောင့် **'တစ်ပါး'**ဖြစ်နေတာ၊ ရေတွေကြီးနေတယ်၊ ရေတွေဆိုတာလည်း **'ဓာတ်ရှစ်ပါး'**ပဲ။ ဟိုက်ထရိုဂျင်တို့၊ နိုက်တြိုဂျင်တို့၊ အောက်ဆီဂျင်တို့ ကာဗွန်တွေရော အကုန်ပါတာပဲ။ အဲဒီ ရှစ်ခု၊ အဲဒီဟာ နုတ်လိုက်ရင် ရေကမရှိတော့ဘူး။ **'ဓာတ်ရှစ်ပါးသာနုတ်လိုက်ပါ ရေဟာမရှိပြီ'** လို့ဆိုရင် ဓာတ်ရှစ်ပါးကြီးပေါင်းပြီး ရေတွေ ဖြစ်နေ တာ။ ဆံပင်လည်း အတူတူပဲ၊ အမွေးလည်း အတူတူပဲ၊ ဓာတ်ရှစ်ပါး ပေါင်းနေတာ။ အဲ အသားလည်း အတူတူပဲ၊ အရေလည်း အတူတူပဲ၊ အရိုးလည်း အဲဒီဓာတ်ရှစ်ပါး ပေါင်းနေတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ရေကြီးပေါင်းသလို ပေါင်းလို့။ အသားတို့ အရိုးတို့ ခုနဓာတ်တွေသာ မပေါင်းရင် ရေမဖြစ်သလို ပေါ့၊ ဓာတ်ခွဲတဲ့ကိရိယာနဲ့ ရေထဲချလိုက်တော့ တစ်ခါတည်း အဲဒီ ရေထဲ ရှိသမျှ ဓာတ်တွေ အကုန်ပါရော။ **'နိုက်တြိုဂျင်'** က ရေတွေ၊ ဩဇာတွေ၊ မြေတွေ၊ သစ်ပင်တွေ အဲဒီနိုက်တြိုဂျင် ကြောင့်၊ **'ဟိုက်ထရိုဂျင်'** က လေတွေ၊ **'အောက်ဆီဂျင်'** က မီးတွေ၊ **'ဓာတ်ရှစ်ပါး'** ဆိုတာ ရေ၊ မြေ၊ လေ၊ မီး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာပဲ၊ အဲဒါ ပထဝီ အာပေါ တေဇော ဝါယောက မြင်ရတာက 'ရေတွေ' မြင်ရတယ်၊ 'မြေတွေ' မြင်ရတယ်၊ 'မီးတွေ' မြင်ရတယ်၊ 'အဆင်းတွေ' ဖြစ်သွားတယ်၊ အဆင်းတွေက ရုပ်တွေ၊ အဆင်းတွေဖြစ်သွားတယ်၊ 'အသံတွေ' ဖြစ်သွားတယ်၊ 'အနံ့တွေ' ဖြစ်သွားတယ်။

အဲဒီမဟာဘုတ်က အဲဒါ **'ပထဝီ'** များရင် ဆိမ့်တယ်၊ **'အာပေါ'**များရင် ချိုတယ်၊ **'ဝါယော'** များရင် ငန်တယ်၊ ခါးတယ်၊ အဲ **'တေဇော'**များရင် ချဉ်တယ် စပ်တယ်။ အဲလို အရသာခြောက်ပါး ကလည်း အဲဒီတေဇော ဝါယောက ထွက်တာပဲ။ ပထဝီ တေဇော ဝါယောထဲ အဲဒီအတံ ကလေးချလိုက်ရင်၊ အဲဒီအဆင်း အသံ အနံ့ အရသာတွေအကုန် အဲဒီဓာတ်ခွဲပြီး ကိရိယာ တွေထဲ အကုန်ပေါ်လာတယ်။ နောက်ကျမှ **'ဝိညာဏက္ခန္ဓာ'** ဆိုတာကလည်း ဝိညာဏ်ဆိုတာ ကလည်း အဲဒီကမ္ဘာကြီးထဲမှာရှိတဲ့ ရေတွေလိုပဲ၊ လေတွေလိုပဲ၊ **'ဝိညာဏံ အနန္တံ'** တဲ့၊ ဝိညာဏ်ကြီးကလည်းအနန္တကြီးပဲ၊ အခုသိတဲ့ ဝိညာဏ်ကြီးကြည့်ပါလား၊ ချဲ့လိုက်တော့ အမေရိကန်ရောက်လိုက်၊ တရုတ်ရောက်လိုက်၊ ဂျပန်ရောက်လိုက်၊ သိတဲ့နေရာတွေ အကုန် လျှောက်ရောက်တယ်။

**အာရုံနဲ့စိတ် ငြိကပ်တတ်သောကြောင့် သတ္တဝါခေါ်တာ**

အဲဒီဓာတ်လေးပါးရယ်၊ ဝိညာဏ်ကြီးရယ်၊ အာကာသရယ် ဓာတ်ခြောက်ပါး၊ ဟော ဝိညာဏ်ကြီး လျှောက်သွားနေတာကရယ်၊ အာကာသရှိလို့ လျှောက်သွားနေတာ ဓာတ်ခြောက်ပါး **'ဓာတ်ခြောက်ပါး'** ရှိတယ်လို့ ပက္ကုသာတိမင်းကြီးကို မြတ်စွာဘုရားဟောလိုက်တာ တစ်ခါတည်း အနာဂါမ်ဖြစ်သွားရော လူတွေမဟုတ်ဘူး၊ ဓာတ်ခြောက်ပါး။

ဒါ့ကြောင့် **'သတ္တဝါမဟုတ်၊ မဟာဘုတ်'**တဲ့၊ အဲ ဓာတ်ခြောက်ပါး ဖြစ်သွားတယ်။ အဲဒီ မျက်စိတွေ၊ ဝိညာဏ်တွေပေါ်တော့ အခု **'ဝိညာဏ်'**က ဒီက**'မျက်စိ'** ကြည့်တာလေးနဲ့ ဟိုဘက်က **'အဆင်း'** နဲ့ ပြီးတော့ **'နား'**ကလည်း **'အာကာသ'**အပေါက်ကလေးနဲ့၊ မျက်စိကလည်း

www.burmeseclassic.com

www.burmeseclassic.com



**'အလင်း'** နဲ့ သူကမှ ဝိညာဏ်ကလေးက အဲဒီရုပ်ကလေးထဲက ဖြစ်လာတယ်၊ **'အရှိ'**မဟုတ်ဘူး၊ အခု အသံပေ့ါ၊ ဝါယောဖြစ်တယ်၊ လှုပ်တာကိုး၊ လှုပ်မှ အသံဖြစ်တယ်၊ မလှုပ်ရင် အသံမဖြစ်ဘူး၊ ပါးစပ်ကလေး ဖြစ်ဖြစ်လှုပ်ရတယ်၊ ဝမ်းထဲ **'စိတ်ကလေး'** ကလည်း နိုးလာရင် လှုပ်ရတယ်၊ ဝမ်းထဲက သိတတ်တဲ့ စိတ်ကလေး မရှိဘူး။ **'ဘဝင်'**ချည်းတည်းဆိုရင် သူကအိပ်မက်မမက်ဘူး၊ **'စိတ်'**နဲ့ သိနေပြန်ရင်လည်း အိပ်မက် မမက်ဘူး။ မျောက်မြီးငိုက်သလို အဲလိုငိုက်ပြီးတော့ အိပ်ပျော်သွားတာလည်း မဟုတ်ဘဲနဲ့၊ စိတ်လည်း မဟုတ်ဘဲနဲ့ အဲဒီအနေမှ အိပ်မက်မက်တယ်။ အိပ်မက်မက်တဲ့ဟာက နိမိတ်ကြောင့်မက်တဲ့၊ ဘုရားလောင်းအိပ်မက်မှတစ်ပါး၊ နိမိတ်ကြောင့် ဖြစ်တဲ့ အိပ်မက်တစ်ပါးတည်း မှန်တယ်၊ အဲဒါ **'အာရုံနဲ့ စိတ်နဲ့'** ငြိကပ်တတ်သောကြောင့် သတ္တဝါခေါ်တာ၊ မငြိကပ်ရင် သတ္တဝါ မဟုတ်ဘူး။ ခုန ခေတ်ခြောက်ပါးပဲ။

**အာရုံနဲ့စိတ် ကွဲအောင်ကြိတ် တိဟိတ် မဂ်ခေါ်ပေ။**
**အာရုံနဲ့တွဲ စိတ်ကိုခွဲ မနည်းကြိုးစားလေ။**
**အာရုံကိုသိ မကပ်ငြိ လွတ်၏ သံသရာ။**

အာရုံကိုမငြိကပ်ဘဲသာနေလိုက်၊ အာရုံကိုငြိကပ်တယ်ဆိုတာ နမ်းချင်တယ်၊ ကပ်ချင်တယ်၊ အဲ ငြိကပ်တယ်၊ သူက ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောမှန်းလည်းမသိတော့ ငြိကပ်တာပေ့ါ။

## ဉာဏ်ထဲမှာ သတ္တဝါပျောက်သွားတဲ့အခါ မငြိကပ်တော့ဘူး

အရည်က **'အာပေါ'**ပဲဖြစ်သွားတယ်၊ **'အာပေါ'** ဆိုတော့ ချိုတယ်လို့ ဖြစ်သွားတယ်၊ အာပေါများလို့ ချိုတယ်၊ သွေးတဲ့၊ သူကလည်းသွေး ဟိုကလည်းသွေးဆိုတော့ ချိုတယ်။ ဒါ့ကြောင့် မိချိုလို့ မှည့်ထားတယ်၊ အဲ အဲဒါကို ကောင်းတယ်ဆိုရင် သုခဝေဒနာလို့ဆိုပြီးတော့ ဝေဒနာနဲ့ယှဉ်သွားတယ်၊ **'ဝေဒနာ'** နဲ့ **'စိတ်'** နဲ့လည်း **'ယှဉ်'** သွားတယ်၊ အဲဒါကို နှစ်သက်တဲ့ ကြိုက်တဲ့၊ **'ငြိကပ်'** တဲ့ပုဂ္ဂိုလ်ကို **'သတ္တဝါ'** လို့ခေါ်တယ်၊ **'မငြိကပ်'** ရင် **'သတ္တဝါ'** မဟုတ်တော့ဘူး၊ အနာဂါမ်ဖြစ်သွားတယ်။ ခုနတုန်းက ပထဝီနဲ့ အာပေါ၊ တေဇော၊ ဝါယော၊ ဝိညာဏ်၊ အာကာသတွေဖြစ်သွားပြီး သတ္တဝါပျောက်သွားတဲ့အခါ၊ **'ဉာဏ်'** ထဲမှာ **'သတ္တဝါ'** ပျောက်သွားတဲ့ အခါ မငြိကပ်တော့ဘူး၊ အဲလို မငြိကပ်လို့ရှိရင် အနာဂါမ်။

**'ဆဓာတုယောဘိက္ခု အယံ ပုရိသော'**၊ ဘိက္ခု - ရဟန်း၊ ပက္ကုသာတိမင်းကြီးကိုလည်း ဗိမ္ဗိသာရမင်းကြီးက သတင်းပေးလိုက်တာ၊ ဟာ ငါတို့ဆီ ဘုရားပွင့်တယ်။ ဗိမ္ဗိသာရမင်းကြီးက

www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်မှာ၊ ဟိုက ပက္ကုသာတိမင်းကြီးက တက္ကသိုလ်မှာ၊ တက္ကသိုလ်ဆိုတာ အာဖဂန်နစ္စတန်နိုင်ငံမှာ၊ မမြင်ဘူးဘဲနဲ့ သူငယ်ချင်းဖြစ်နေတာ၊ လက်ဆောင်တွေ ဟိုက ပေး ဒီကပေးနဲ့ ဟိုက အကောင်းတွေပေးလိုက်တာ၊ တက္ကသိုလ်ကပေးလိုက်တာ။ ဒီက ဟင် သူ့ထက်ကောင်းတဲ့ဟာ ပေးမဟယ်လို့ ဆိုတဲ့ပြီးတော့ အင်း **'ဣဓ လောကေ ဗုဒ္ဓေါ ဥပ္ပန္နော'** ဒီလောကကြီးမှာ ဘုရားပွင့်နေပြီ၊ **'ဓမ္မေန သံဃေန'** တရားနဲ့ သံဃာနဲ့ ဟာ တစ်ခါတည်း ကြက်သီးတွေ မွေးညင်းတွေ ထပြီးတော့ ထမင်း (၇)ရက်မစားဘဲ နေနိုင်တယ်၊ အဲဒီ ပီတိတွေနဲ့ ဟာ တရားနာရတော့မယ်၊ ကျွတ်တော့မယ်။

သူက အရင်တုန်းကတည်းက ကျွတ်ချင်နေတဲ့လူတွေကိုး။ ကဿပဘုရား လက်ထက်ကတည်းက ကျွတ်ချင်နေတဲ့ပုဂ္ဂိုလ်၊ ဘယ်လိုလုပ်လို့ ကျွတ်ရမှန်းမသိလို့၊ ခုနထဲက **'မူရင်း'** ပြန်လိုက်ရတယ်၊ မူရင်း ဘယ်သူကလာ၊ ဖအေ မအေတွေ လုပ်မနေနဲ့၊ ပထဝီ၊ တေဇော၊ ဝါယောက လာတယ်၊ **'မသိတာ'**ကြောင့်လာတယ်၊ ပထဝီ၊ တေဇော၊ ဝါယောပါပဲ။ အခုစကားပြောတာဟာ လှုပ်တာ ဝါယောပေ့ါ။ အသံကလှုပ်တာ မှီပြီးဖြစ်ရတဲ့ဟာ၊ တုံးခေါက်လည်း ဒုံ ဒုံနဲ့ မြည်တယ်၊ ကြေးနောင်ခေါက်လည်း ကြေးနောင်သံ၊ မောင်းထုရင် မောင်းသံ၊ ကြေးစည်ထု ကြေးစည်သံ၊ ဗုံတီး ဗုံသံ၊ အဲ အဲသလို ဒီပါးစပ်က လျှာတွေက ပြင်ပေးလို့ အသံက ဖြစ်သွားတယ်၊ စကားဖြစ်သွားတယ်၊ မပြင်ရင် အဲ အဲနဲ့ ဒီလိုပဲနေတယ်၊ အဲဒါကို 'အ အ' လို့ခေါ်တယ်၊ 'မူဂ' တဲ့၊ သူက စကားသာမပြောတတ်တယ် သိတော့သိတယ်။

**စိတ် စေတသိက် ကွဲအောင်ကြိုတ် တိဟိတ် မဂ်ခေါ်ပေ**

သိတာက **'ဝိညာဏဓာတ်'**၊ အပေါက်အကြားက **'အာကာသဓာတ်'**၊ မာတာ ပျော့တာက **'ပထဝီဓာတ်'**၊ လှုပ်တာရှားတာက **'ဝါယောဓာတ်'**၊ စိုအောင် စွတ်အောင် လုပ်တာက **'အာပေါဓာတ်'**၊ အခြေခံက ပထဝီဓာတ်၊ အာကာသဓာတ်၊ ဝိညာဏ်ကလည်း အိပ်ခါနီးမှာ ဘယ်မှမသိဘူး၊ ဘယ်သူ့မှ နှလုံးမသွင်းတော့ဘူးဆိုရင် အဲဒါ **'ဝိညာဏဓာတ်'**၊ နှလုံးသွင်းတယ် ဘာတယ်ဆိုတာ **'နာမ်ဓာတ်'**၊ နာမ်ဓာတ်ခေါ်တယ်၊ ခံစားတယ်၊ မှတ်သားတယ်၊ သညာတွေပေ့ါ။ ဝေဒနာတွေ၊ သညာတွေ၊ ဝိတက်တွေ၊ နာမ်ဓာတ်ခေါ်တယ်။ စေတသိက်တွေ၊ စေတသိက်မို့ နာမ်ဓာတ်ရောက်အောင် **'စိတ်နဲ့စေတသိက် ကွဲအောင်ကြိုတ်'**။

**'ဝိညာဏဓာတ်'**က သိရုံသိတယ်၊ **'နာမ်ဓာတ်'** က ပညတ်နှင့်တကွလာတယ်။ **'နာမ်'**က ဟော စက်ဘီးပူက ဖုန်းလာတယ်၊ စက်ဘီးသွားမယ်လို့ဆိုလို့ရှိရင် အဲဒါ **'နာမ်ဓာတ်'**၊ **'ပညတ်နဲ့**

www.burmeseclassic.com

www.burmeseclassic.com



**နာမ်'** ဖြစ်သွားတယ်။ သွားမယ်၊ အဲဒီနာမ်၊ **'စိတ်'**ကတော့ စိတ်၊ သိနေတဲ့စိတ်၊ နိုးလို့သိနေတဲ့စိတ်၊ စင်္ကြံပူသွားမယ်၊ ထမင်းချက်မယ်၊ အဝတ်လျှော်မယ်၊ ဘာလုပ်မယ်ဆိုတာက **'နာမ်ဓာတ်'**၊ အဲဒါစေတသိက်တွေ၊ ဒါ့ကြောင့် **'စိတ် စေတသိက် ကွဲအောင်ကြိတ် တိဟိတ် မဂ်ခေါ်ပေ'။**

နာမ်ဓာတ်တွေ၊ နာတယ်ဆိုတာ **'ဝေဒနာဓာတ်'** ခေါ်တယ်။ ဝေဒနာဆိုတာ နာမ်ဓာတ်၊ လူတွေဘာတွေ အမှတ်ရတာက သညာ၊ စာသင်လို့ အမှတ်ရတဲ့ဟာတွေ ကလည်း **'သညာ'** ပဲ၊ အဲဒါ **'နာမ်ဓာတ်'** ၊ **'နာမ်သင်္ခါရ'** လို့ခေါ်တယ်။ **'နာမ်သင်္ခါရ၊ ရုပ်သင်္ခါရ၊ စိတ်သင်္ခါရ'** ၊ အကုန်ပေါင်းလိုက်တော့ **'အကုန်သင်္ခါရ'** ဖြစ်သွားတယ်။

### သညာနာမ်ဓာတ်၊ တံလျှပ်သဏ္ဌာန်

အဲဒီ သင်္ခါရတွေက **'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ'**လို့၊ နာမ်က အဝိဇ္ဇာက မခွဲခြမ်းတော့ **'လူ'**လို့သိသွားတယ်၊ အဲ **'အဝိဇ္ဇာ'**က နာမ်၊ မခွဲခြမ်းတော့၊ အဝိဇ္ဇာက မခွဲခြမ်းဘူး၊ သူက အမှောင်ဓာတ်၊ မခွဲခြမ်းတော့ အလင်းမပါဘူး၊ သိတာ မပါဘူး၊ လူဆိုလူပဲ သိတယ်၊ လူလို့သိတာ၊ နွားလို့၊ ခွေးလို့သိတာ အဲဒါ သညာ၊ သညာနာမ်ဓာတ်။ **'သညာနာမ်ဓာတ်၊ တံလျှပ်သဏ္ဌာန်'၊** တံလျှပ်နဲ့တူတယ်၊ သညာ တံလျှပ်သဏ္ဌာန်၊ ရေတွေလို့ ထင်ရတယ်။ လေလှိုင်းတွေပေါ့၊ မြူမှုန်တွေ ထနေတာ၊ လယ်ကွင်းကြီးထဲ နွေခေါင်ခေါင်ကြည့်တော့ ရိပ်ရိပ် ရိပ်ရိပ်နဲ့ အဲဒါကို ရေလို့မှတ်တယ်။ သမင်တွေ သားကောင် တွေက၊ သူက ရေငတ်နေတဲ့လူ၊ ရေငတ်နေတဲ့လူက ရေလို့မှတ်တယ်၊ ရေမငတ်ဘူးဆိုရင် ရေလို့မှတ်မှာမဟုတ်ဘူး။ **'ရေငတ်'** တော့ အဲဒီ **'တံလျှပ်တွေ'** ကို **'ရေ'** လို့ ဒီလိုမှတ်တယ်။

အဲလိုပဲ သတ္တဝါကလည်း **'တဏှာ'**ကငတ်တော့ အဲဒါ **'လူ'**လို့ထင်တယ်။ ဒီကလည်း **'အငတ်'**၊ ဟိုကလည်း ရေမဟုတ်ဘဲနဲ့ **'တံလျှပ်'၊ 'အာရုံက တံလျှပ်'** ဖြစ်တယ်၊ **'လူ'** ဖြစ်သွားတယ်။ **'သညာ တံလျှပ် နာမ်ဓာတ်'**၊ အဲဒီသညာက တရိပ်ရိပ်နဲ့နေတဲ့ဟာ တံလျှပ်လို့ထင်တယ်။ ဒီကလည်း ယောကျ်ား မိန်းမကလည်း သညာ၊ အဲဒီ သညာက နာမ်ဓာတ်၊ **'သညာ နာမ်ဓာတ်'** က ဟို တံလျှပ်နဲ့ နွေခေါင်ခေါင်မှာ ဟိုထဲ ကြည့်လိုက်တဲ့အခါကျတော့ ရိပ်ရိပ် ရိပ်ရိပ်နဲ့ ရေလို့ ထင်ရတယ် ရေလှိုင်းလို့ထင်ရတယ်။ တံလျှပ်နဲ့ တူတယ်၊ ရေမဟုတ်ဘူး။ ဒါပေမယ့် ရေငတ်နေတဲ့ သားသမင်က၊ အဲဒါတွေ ရေလို့ထင်ပြီး လိုက်တယ်၊ ဟာ ပြေးလေ လိုက်လေ လိုက်ရှာ၊ လိုက်ရှာ တော့ ရေမတွေ့ဘူး၊ တံလျှပ်ထဲ ရောက်သွားတာကိုး၊ ငတ်လျက် သားကြီးနဲ့ သေသွားတယ်၊ မသောက်ရဘဲနဲ့ ရေငတ်ပြီးတော့ သေသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲလိုပဲ သတ္တဝါတွေ **'အာရုံတွေ'** ကို **'လူ'**လို့ထင်သွားတယ်။ ဒီက ဘာပြုတုံး၊ **'တဏှာ'**က **'ငတ်'**နေတာ၊ ဝေဒနာ တဏှာ ရေငတ်တဲ့ လူလိုပဲ၊ ရေငတ်တဲ့ သားသမင်လိုပေါ့၊ ငတ်တော့အဲဒီ ရေလေးလို့ထင်တာ၊ ရေလေးလို့ထင်ပြီး အဲဒါ ရေတွေ ဆိုပြီးတော့ လိုက်လိုက်တာ၊ ရေမဟုတ်ဘူး၊ ရေသောက်ရတာမဟုတ်ဘူး။ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်တွေဖြစ်သွားတယ်။ တဏှာ၊ ဥပါဒါန်တွေလည်း နာမ်ဓာတ်ပဲ။ **'သညာနာမ်ဓာတ် တံလျှပ်သဏ္ဌာန်'**၊ သညာက နာမ်ဓာတ်ခေါ်တယ်။ နာမ်ဓာတ်က နွေခေါင်ခေါင်မှာ လယ်ကွင်းထဲမှာကြည့်တော့ လှုပ်လှုပ် လှုပ်လှုပ်၊ တံလျှပ်ခေါ်တယ်။ အဲဒီတံလျှပ်ကို ဒီကသမင်တို့ ရေငတ်တဲ့သတ္တဝါတွေက အဲဒီ တံလျှပ်ကို ရေလို့ထင်တယ်၊ ရေလို့ထင်ပြီးတော့ ရေသောက်ဖို့ဆိုပြီးတော့ အဲဒီ လိုက်လိုက် လိုက်လိုက်သွား၊ ရေမတွေ့ဘူး၊ ရေမှ မရှိဘဲနဲ့၊ တံလျှပ်တွေဆိုတာ၊ သူရေ ငတ်ရင်း မတ်တတ်ပဲသေသွား။

## ဥပါဒါန်မရှိတာကို နိဗ္ဗာန်ခေါ်တယ်

အဲဒီသတ္တဝါတွေလည်း အဲဒီ သညာအတိုင်း၊ **'သညာ'**က **'ဝိပလ္လာသ'**၊ ဒါ မိန်းမ၊ ဒါယောကျ်ား၊ ဒါက နွားမ၊ ဟိုက နွားထီးနဲ့ ကျားမ ကျားထီး၊ ကြွက်မ ကြွက်ထီး၊ ကြောင်မ ကြောင်ထီးနဲ့၊ အဲလို သညာက အဲဒီလိုလုပ်လိုက်တော့ ရေငတ်သလိုပဲ၊ သူက **'တဏှာ'** ကလည်းငတ်တာပေါ့၊ **'မြင်'**တော့ တဏှာဖြစ်တယ်၊ **'ကြား'**တော့ တဏှာဖြစ်တယ်၊ အဲဒီလို လိုက်တာလိုက်တာ၊ လိုက်ရင်း မတ်တတ်တဏှာက မကုန်ဘူး၊ လူကတော့ သေသွားတယ်၊ တဏှာကတော့ မကုန်တော့ ဟိုဘဝရောက်သွားတယ်။ အဲဒါ တဏှာမကုန်တော့ ဥပါဒါန်လည်း မကုန်ဘူး။ အရှင် နာဂသိန်ကတော့ အဲဒါ **'အနုပါဒါန် အကျိုးငှာ'** ရဟန်းဝတ်တယ်တဲ့၊ တရားထိုင်တယ်ဆိုတာ အနုပါဒါန်၊ ဥပါဒါန်မရှိဖို့၊ ဥပါဒါန် မရှိဖို့ဆိုတာ သတ္တဝါမထင်ဖို့၊ ယောကျ်ား မိန်းမ မထင်ဖို့၊ အဲလိုကျမှ နာမ်ဓာတ်က သညာက **'အနိစ္စသညာ'** ဖြစ်သွားတယ်၊ သညာမဟုတ်တော့ဘူး၊ သမင်တွေက 'တံလျှပ်'ကို 'ရေသညာ' ထင်သလိုပေါ့၊ လူတွေကလည်း သတ္တဝါတွေကလည်း အမလို့ခေါ်တာ၊ အမ ကြွက်မ ခွေးမ၊ အမကလည်း ဟို ကြောင်ထီး၊ ခွေးထီး၊ တံလျှပ်တွေဖြစ်သွားတယ်။ တံလျှပ်တွေဖြစ်တော့ မျောက်မ မျောက်ထီး၊ တံလျှပ်ကို ရေထင်ပြီးလိုက်တော့၊ ဥပါဒါန်မရှိဖို့ရာ နိဗ္ဗာန်ကို ကြည့်တာ၊ အနုပါဒါန် မတွေ့ဘဲနဲ့ ဥပါဒါန်နဲ့တွေ့နေတာကိုး။ ဒါကြောင့် သူ အနုပါဒါန်ကို မရောက်ဘူး။ **'အနုပါဒါန်'**ဆိုတာ ဥပါဒါန်မရှိတာကို နိဗ္ဗာန်ခေါ်တယ်။ အဲဒါ အစွဲအလမ်း မထားနဲ့၊ ဥပါဒါန်လွတ်အောင်၊ **'ကာမုပါဒါန် ဒိဋ္ဌုပါဒါန်'**ဆိုတာ 'ငါ'ပေါ့၊ **'အတ္တဝါဒုပါဒါန်'** လည်း 'ငါ'ပဲ၊ ဒိဋ္ဌိပဲ၊ **'သီလဗ္ဗတုပါဒါန်'**

www.burmeseclassic.com

www.burmeseclassic.com



လည်း ဒိဋ္ဌိပဲ၊ လောဘနဲ့ ဒိဋ္ဌိရတယ်၊ အဲဒါ **'အဝိဇ္ဇာ'** ကြောင့်ဖြစ်တယ်၊ **'လောဘ ဒိဋ္ဌိ မောဟ'** မရှိလို့ရှိရင် အဲဒါ ဥပါဒါန်မရှိဘူး၊ **'ဥပါဒါန်'** မရှိရင် အနုပါဒါန် ဆိုတာဖြစ်သွားတယ်၊ အနုပါဒါန် ဖြစ်သွားလို့ရှိရင် သတ္တဝါတွေ မဖြစ်တော့ဘူး၊ သတ္တဝါတွေ ဖြစ်တာက **'ဥပါဒါန်လမ်းစဉ်'**တဲ့၊ သတ္တဝါတွေမဖြစ်တာက **'အနုပါဒါန်လမ်းစဉ်'**တဲ့။ **'သညာနာမ်ဓာတ် တံလျှပ်သဏ္ဍာန်၊ အနိစ္စပဲ မမြဲကေန်၊ မကင်းဘဲမို့ ဆင်းရဲပူပန်၊ အနတ္တမှတ်ကြ ဝေကန်'**၊ 'သညာနာမ်ဓာတ်'က ဥပါဒါန် ဖြစ်သွားတယ်တဲ့။ အဲဒီသညာကို **'အနိစ္စ'** ပြောင်းလိုက်ရတယ်၊ အနိစ္စက တစ်ခါတည်း သပိတ်ကြီးမှာ အပေါက်သုံးပေါက်ပါသလို အဲဒီ မျက်စိတွေမှာလည်း နားတွေမှာလည်း အပေါက် သုံးပေါက်ပါတယ်၊ နှာခေါင်းမှာလည်း အပေါက်သုံးပေါက်၊ ကိုယ်ကြီးမှာလည်း အပေါက် သုံးပေါက်၊ စိတ်မှာလည်း အပေါက်သုံးပေါက်၊ စိတ်မှာလည်း အနိစ္စ ဒုက္ခ အနတ္တ၊ ကိုယ်ကြီးမှာ လည်း အနိစ္စ ဒုက္ခ အနတ္တ။

**'သညာ နာမ်ဓာတ် တံလျှပ်သဏ္ဍာန်'**၊ အနိစ္စပဲဆိုတော့ သပိတ်ပေါက်ကြီး ရောက်သွား တယ်၊ **'ရုပ်နာမ်'** မှာ သပိတ်ပေါက်ကြီးပါတယ်၊ အဲလိုမှတ်၊ အာယတန၊ မျက်စိတွေ၊ နားတွေ၊ ရုပ်နာမ်က မျက်စိတွေ၊ နားတွေပါလို့ရှိရင် **'ရုပ်နာမ်'** ဖြစ်သွားတယ်။ လူတွေ မပါဘူး၊ အဲဒီ **'ရုပ်နာမ် အနိစ္စ'** လို့ဆိုတော့ **'ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ ဖြစ်တဲ့အရာဟာ ဒုက္ခသစ္စာဆိုတော့ မျက်စိတွေ၊ နားတွေ၊ နှာခေါင်းတွေ မပါတော့ဘူး၊ မရှိတော့ဘူး၊ **'ဒုက္ခသစ္စာ'** ဆိုတာ **'ဖြစ်တာနဲ့ပျက်တာ'** ပဲရှိတော့တယ်။ ခုနက ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝိညာဏဓာတ်၊ အာကာသဓာတ်၊ **'ဓာတ်ခြောက်ပါး'** ဆိုတော့ လောကကြီးက ဖြစ်တာနဲ့ ပျက်တာပဲ ရှိတော့တယ်။ လူတွေ၊ ယောက်ျားတွေ၊ မိန်းမတွေနဲ့ ဥပါဒါန်မစွဲလို့ရှိရင် **'အနုပါဒါန် လမ်းစဉ်'** လို့ခေါ်တယ်။

### မဟာဘုတ်သုံးပါးစွဲပြီး တစ်ခုသောမဟာဘုတ်ဖြစ်ရတယ်

အဲဒီ ဒီကမ္ဘာကြီးက ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောက ဘုရားဖန်ဆင်းတယ်ဆိုတာ ကိုး။ ဘုရားကလည်း နေတွေမဖန်ဆင်းခင် သစ်ပင်တွေဖန်ဆင်းတယ်ဆိုတော့ အဖန်ဆင်းက မှားသွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေတွေ၊ လတွေ အရင်ဖန်ဆင်းမှ၊ နေရောင် လရောင်ရှိမှ သစ်ပင်တွေကရှင်တာကိုး။ သစ်ပင်ရှင်တာကို ဖန်အုပ်ဆောင်းထဲအုပ်လိုက်တော့ လေမရတော့ အောက်ဆီဂျင်မရတော့ တစ်ခါတည်း သစ်ပင်က ညှိုးညှိုးသွားပါကလား။ အဲဒါ သူက ဖန်ဆင်းတာက သစ်ပင်တွေ၊ တောတောင်တွေ အရင်ဖန်ဆင်းလိုက်တော့ နေတွေ နောက်မှ

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဆင်းတော့ မှားသွားတော့ လောကဓာတ်ဆရာကြီးတွေက ဖန်ဆင်းတဲ့ဘုရားကိုသိပ်မယုံဘူး။ အဲဒါကြောင့် ဗုဒ္ဓဂေါတမက ခုန ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ရေတွေကြီး နေတယ်။ မီးတွေလောင်တယ်။ တစ်ခါတည်း ဓာတ်သုံးပါးကြောင့်၊ ရေတွေကြီးတာလည်း ဓာတ်သုံးပါးကြောင့်၊ မီးတွေလောင်တာလည်း ဓာတ်သုံးပါးကြောင့်၊ မြေကြီးပဲတတည်တည်း တည်တံ့နေတယ် ဆိုတာလည်း ဓာတ်သုံးပါးကြောင့်၊ **'တိဏ္ဏန္နံ မဟာဘူတာနံ ပဋိစ္စ ဧကံ မဟာဘူတံ'**ကိုး။

မဟာဘုတ်သုံးပါးစွဲပြီးတော့ တစ်ခုသော မဟာဘုတ်ဖြစ်ရတယ်။ တစ်ခုသော မဟာဘုတ်မှီပြီးတော့ သုံးခုသောမဟာဘုတ်ဖြစ်ရတယ်နဲ့ ပဋ္ဌာန်းက အညမညတို့၊ သဟဇာတတို့က လာတော့ ကမ္ဘာမြေကြီးက ရေ၊ မြေ၊ လေ၊ မီးကြောင့် သူ့ဟာသူဖြစ်တာ၊ သုံးခု အကြီးအသေးလိုက်ပြီးတော့၊ အဲဒါဘုရားက ဖန်ဆင်းလိုက်တာက သစ်ပင်တွေ အရင်ဖန်ဆင်းလိုက်တော့ နေရောင်ရှိမှ သစ်ပင်ကအသက်ရှင်တယ်။ လောကဓာတ်ဆရာတွေက သစ်ပင်ကလေး ဖန်ပေါင်းချောင်နဲ့ အုပ်ထားလိုက်တော့ လေတွေ အောက်ဆီဂျင်တွေမရလို့ သစ်ပင်လေးကို ယိုင်လို့၊ ဒီက ဖန်ပေါင်းချောင်နဲ့ မအုပ်တဲ့သစ်ပင်ကတော့ တစ်ခါတည်း လန်းပြီးတော့ တက်သွားတယ်။ ဖန်ပေါင်းချောင်နဲ့ အုပ်ထားတဲ့အပင်ကတော့ ညှိုးခွေပြီးတော့ သေသွားတယ်။

အဲဒါကြောင့် ဘုရားက သစ်ပင်ကို အရင်ဖန်ဆင်းတယ်၊ သစ်ပင်တောတောင် ဖန်ဆင်းလိုက်တယ်ဆိုတော့ အဲဒါ အဖန်ဆင်းမှားသွားတယ်၊ သိပ္ပံဆရာက တွေ့သွားတယ်၊ နေတွေလတွေကို သူကနောက်မှဖန်ဆင်းတာကိုး။ သတ္တဝါတွေက ပြဟ္မာတွေဆိုတော့ အရင်ရေကျတာနဲ့ ရောက်လာတယ်၊ ရေတွေက အကြာကြီး ကြီးနေတော့ သန့်ရှင်းပြီးတော့ အဲဒီရေတွေက အနံ့တွေထွက်လာတယ်။ မြေဆီမြေလွှာတွေက၊ ရွှေတွေလောင်၊ ရေနံတွေလောင်၊ မြေကြီးတွေလောင်၊ အောက်ဆီဂျင်တွေလောင်၊ မီးတွေက အကုန်လောင်တာကိုး၊ အကုန်လောင်တော့ တစ်ခါတည်း မွှေးကြိုင်သွားတာ၊ အဲဒီ မြေကြီးအနံ့က ဟို အထက်ရောက်တယ်။ အရင်တုန်းကတော့ ပြဟ္မာကြီးတွေကစျာန်နဲ့ ကောင်းကင်မှာ ကျက်စား သွားလာနေတာပါပဲ၊ နောက်တော့ အာရုံငါးပါးပေါ်လာတော့မှ စျာန်လျှောသွားတယ်၊ မရှိတော့ဘူး၊ လူတွေဖြစ်သွားတယ်။ ကဲ --- တော်ကြဦးစို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



## "ကာယသင်္ခါရ ဝစီသင်္ခါရ စိတ္တသင်္ခါရ တရားတော်"

၂၃. ၁၂. ၂၀၀၆

**ဇီဝအတ္တ**

မှန်မှန်ရှူပေး အထွက်နဲ့ အဝင်မှန်မှန်၊ ဆေးရုံမှာ ဆေးထိုးတဲ့အခါကျတော့၊ ဆေးနာတဲ့အခါကျတော့ မှန်မှန်ရှူ လေမှန်မှန်ရှူ ဒီလိုခိုင်းတယ်၊ ဟုတ်တယ်။ မှန်မှန်ရှူရင် သက်သာတယ်၊ အောင့်ပြီးတော့ အံကြိတ်နေမယ်ဆိုရင် နာတယ်၊ လေမှန်မှန်ရှူတော့ ဂဏန်းရေတယ်၊ တစ် နှစ် သုံး လေး ငါးနဲ့ အဲလိုရှူလိုက်၊ ရေလိုက်လို့ရှိရင် လေမှန်တယ်၊ ငါး ခြောက် ရှစ် ကိုး တစ်ဆယ်ထိအောင် အထက်၊ တစ်ဆယ်ထက်ပိုမရှူ ငါးထက်အောက် မလျော့ဘဲမှန်မှန်ရှူတာ၊ နောက်ကျတော့ မဆိုရတော့ဘူး၊ အထွက်အဝင် မှန်သွားတယ်၊ အဲဒါ **'ကာယသင်္ခါရ'**၊ ကာယသင်္ခါရထဲကို သူက ဇီဝဆိုပြီး အသက်ရှိတယ်လို့ ထင်တယ်၊ ဇီဝဆိုတာ အသက်ဆိုတော့ **'ပညတ်'** ဖြစ်သွားတယ်။ အသက်ဆိုတော့ အထွက်နဲ့ အဝင်နဲ့ အစပ်ဖြစ်တယ်၊ အဲဒါ အသက်ရှည်တယ်၊ **'ဇီဝအတ္တ'** ခေါ်တယ်။

**ကာမာဝစရစိတ်**

ကုသိုလ်စိတ်ရှစ်ပါး၊ ဝိပါက်စိတ်ရှစ်ပါး၊ ကြိယာစိတ်ရှစ်ပါး၊ ရှစ်သုံးလီ (၂၄)၊ အဲဒါ **'ကာမာဝစရစိတ်'**ခေါ်တယ်။ ကုသိုလ်စိတ်ရှစ်ပါး၊ ကုသိုလ်ဖြစ်ရင်လည်း အဲဒီ ကုသိုလ် စိတ်နဲ့ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်၊ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်၊ **'သမ္ပယုတ်နဲ့ ဝိပ္ပယုတ်နဲ့'** ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ်၊ လေရှူနေတာ၊ ပုဂ္ဂိုလ်တွေ သတ္တဝါတွေမပါမှ **'ဉာဏသမ္ပယုတ်'** ဖြစ်တယ်၊ ပုဂ္ဂိုလ်တွေ သတ္တဝါတွေပါရင် **'ဉာဏဝိပ္ပယုတ်'** ဖြစ်တယ်၊ ကုသလာဓမ္မာ ကုသိုလ်သဘောပေါ့၊ အဲဒါ ရှိတယ်။ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက၊ သသင်္ခါရိက၊ နောက်တစ်ခါ သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက၊ သသင်္ခါရိကဆိုတော့လေးခုဖြစ်သွားတယ်။ နောက်တစ်ခါ ဥပေက္ခာသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက သသင်္ခါရိက၊ **'အသင်္ခါရိက'**က မတိုက်တွန်းဘဲနဲ့ဖြစ်တာ၊ **'သသင်္ခါရိက'** က တိုက်တွန်းမှုဖြစ်တာ၊ ကုသိုလ်တို့ အကုသိုလ်တို့ အဲသလို၊ ဝိပါက်ကလည်းရှစ်ပါး၊ ကုသိုလ် အကုသိုလ် မဖြစ်လို့ရှိရင် ဝိပါက်၊ သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်၊ ဉာဏ်နဲ့ ယှဉ်လို့ရှိရင် ပုဂ္ဂိုလ်တွေ သတ္တဝါတွေ မပါဘူး၊ ရုပ်တွေ နာမ်တွေကို ရှုတယ်၊ ဉာဏဝိပ္ပယုတ်ကျတော့ လူတွေ ဘာတွေ ယောက်ျားတွေ မိန်းမတွေ ရှုတယ်၊ ရုပ်တွေ နာမ်တွေ မရှုဘူး။

www.burmeseclassic.com

www.burmeseclassic.com



**ကာမသောဘဏစိတ် (၂၄)ပါး (ကာမာဝစရစိတ်)**

၁။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်
၂။ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်
၃။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်
၄။ သောမနဿ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်
၅။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိကစိတ်
၆။ ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် သသင်္ခါရိကစိတ်
၇။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ်
၈။ ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် သသင်္ခါရိကစိတ်

ကုသိုလ်စိတ်ရှစ်ပါး + ဝိပါက်စိတ်ရှစ်ပါး + ကြိယာစိတ်ရှစ်ပါး = ၂၄ပါး (၈ × ၃ = ၂၄ပါး)

**ဉာဏဝိပ္ပယုတ် အကုသိုလ် လောကီကိုသာ အာရုံပြုစမြဲ။**

**ဉာဏသမ္ပယုတ် အဘိညာဉ် အရဟတ္တဖိုလ်ကြဉ် အကုန်အာရုံပြုစမြဲ။**

**အကုသိုလ်စိတ်**

ဟော အကုသိုလ်က လောဘမူစိတ်၊ သောမနဿသဟဂုတ်၊ ဒိဋ္ဌိဂတသမ္ပယုတ် ဒိဋ္ဌိဂတသမ္ပယုတ်ဆိုတာ 'ငါငါသူသူ လူပဲ နတ်ပဲ အထင်လွဲလျက်' ဆိုတဲ့ဟာတွေက ဒိဋ္ဌိဂတသမ္ပယုတ် ခေါ်တယ်။ 'မျက်စိ' နဲ့ မြင်တယ် ငါငါ သူသူ၊ နားနဲ့ကြားတာလည်း ငါငါသူသူ၊ အဲဒါ ဒိဋ္ဌိဂတသမ္ပယုတ် ခေါ်တယ်၊ ဒိဋ္ဌိဂတဝိပ္ပယုတ်ကလည်းလေးခု၊ အဲ အဲဒါတွေ ဖြစ်နေတယ်၊ ငါငါ သူသူလို့ မထင်နဲ့၊ ထင်ရင် ဒိဋ္ဌိဂတသမ္ပယုတ် ဖြစ်တယ်၊ ပြီးတော့ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ်၊ ဟော အဲဒါ ဒိဋ္ဌိဂတဝိပ္ပယုတ်၊ အဲဒါ အကုသိုလ်က ရှစ်ခု။

**လောဘမူစိတ် ရှစ်ပါး**

၁။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်
၂။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်
၃။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်
၄။ သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်
၅။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်

www.burmeseclassic.com

www.burmeseclassic.com



၆။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်

၇။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်

၈။ ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိကစိတ်

'ငါငါ သူသူတွေ'ရှိတော့ ဒေါမနဿတွေ ဒေါသတွေ မောဟတွေ ရှိပြန်တယ်။ အဲ လောဘက ငါငါ သူသူ ရှိတယ် 'ဒိဋ္ဌိဂတသမ္ပယုတ်'၊ 'ဒိဋ္ဌိဂတသမ္ပယုတ်' ရှိတော့ ဒေါသတွေ မောဟတွေကလည်း ရှိလာပြန်တယ်။ အဲဒီတော့ ဒေါသမူက နှစ်ခု၊ မောဟမူက နှစ်ခု၊ **'မောဟမူ'** က ဥဒ္ဓစ္စ ဝိစိကိစ္ဆာ၊ **'ဒေါသမူ'** ကတော့ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ်၊ သူက ဒေါသနဲ့ ယှဉ်တယ်၊ ဒေါသနဲ့ယှဉ်ပြီးတော့ အသင်္ခါရိက သသင်္ခါရိက လုပ်လိုက်ကွာ ရိုက်လိုက်ကွာနဲ့ မရိုက်နဲ့ကွာ၊ သူတကာ တိုက်တွန်းမှ ရိုက်တာရယ်၊ သူတကာ မတိုက်တွန်းဘဲ ရိုက်တာရယ်၊ အဲဒါ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်၊ လက်သီးနဲ့ထိုးတာ၊ ထိုးလိုက်ကွာ ဆိုမှ ထိုးတာရယ်၊ ထိုးလိုက်ကွာမဆိုဘဲထိုးတာရယ်၊ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ်၊ 'လူတွေ' ဆိုတာက **'မောဟ'**။

**ပုထုဇဉ်စိတ်**

**ဒေါသမူစိတ် နှစ်ပါး** ၁။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိကစိတ်
၂။ ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်

**မောဟမူစိတ် နှစ်ပါး** ၁။ ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်စိတ်
၂။ ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စ သမ္ပယုတ်စိတ်

ငါ့ဟာယူသကွ သူ့ဟာယူသကွဆိုတာက လောဘ၊ လောဘရယ်၊ ဒေါသရယ်၊ လူတွေ လို့ထင်တာက မောဟရယ်၊ အဲဒါက အကုသိုလ်က (၁၂)ခု၊ (၁၂)ခုနဲ့ (၁၆)ခုနဲ့ ပေါင်း (၂၈)ခု၊ (၂၈)ခုနဲ့ (၁၇)ခုနဲ့ ပေါင်း (၄၅)။

အကုသိုလ်စိတ် လောဘမူ(၈) + ဒေါသမူ(၂) + မောဟမူ (၂) = ၁၂ပါး

ကုသိုလ်စိတ် (၈)ပါး + ဝိပါက်စိတ် (၈)ပါး = ၁၆ပါး

အဟိတ်စိတ် (၁၇)ပါး (ဟသိတုပ္ပါဒ်စိတ် မပါ) = ၁၇ပါး

ပုထုဇဉ်စိတ် စုစုပေါင်း = ၄၅ပါး

ပုထုဇဉ်တွေ အဲဒီဟာတွေက၊ အဲဒီစိတ်တွေနဲ့ ဖြစ်တယ်၊ အဲဒီထဲမှာ **'ဝိပါက်စိတ်'**၊

www.burmeseclassic.com

www.burmeseclassic.com



ထွက်လေဝင်လေကို ဖြစ်စေတတ်တဲ့ စိတ်က ဝိပါက်စိတ်၊ မသေမချင်း မသေဘဲနဲ့လည်း သူက ရှေ့ဘဝတွေနဲ့ဆက်တယ်၊ **‘စိတ်’** ဆိုတော့ သူက **‘သိ’**နေတယ်၊ စိတ်ဆိုတော့ သိနေတယ်၊ လူသေကောင်ကျတော့ အဲဒီ သိနေတာ မရှိဘူး၊ ဟော အိပ်နေတုန်းလည်း သိနေတာပဲ၊ အဲဒီ လူကတော့၊ ခွေးတွေရောပေါ့၊ ဝက်တွေရောပေါ့၊ သေမှ သေတာက ဒီဘဝမှာသာ သေတာ ဟိုဘဝမှာ မသေဘူး။ အဲလို ဒီဘဝနဲ့ ဟိုဘဝ၊ **‘သဿတ’** ဆိုတာ အဲဒီလို ဆက်နေတယ် မြဲတယ်နဲ့၊ ဟော အခုကြားတယ်၊ အခုပျက်တယ်၊ အဲလိုမှ၊ အခုပြောတယ်၊ အခုပျက်တယ်၊ အဲလိုမျိုး၊ ‘ဖြစ်တယ် ပျက်တယ်’၊ ‘ချမ်းတယ်’၊ ချမ်းတာ ‘ဖြစ်တယ် ပျက်တယ်’ ပဲ။

**အဿာသ ပဿာသာ ကာယသင်္ခါရာ**

သပိတ် အပေါက်ကြီးလိုပေါ့၊ သင်္ခါရတွေခေါ်တယ်၊ ထွက်တယ် ဝင်တယ်ကလည်း အဲဒီလိုပဲ၊ ဟို စိတ်ကရှိနေတာကိုး။ ထွက်တယ် ဝင်တယ်ဖြစ်နေတယ်။ အဲ ထွက်တယ်၊ ဝင်တယ် အဲဒါက **‘ကာယသင်္ခါရ’** ခေါ်တယ်။ **‘အဿာသ ပဿာသာ ကာယသင်္ခါရာ’**၊ ထွက်လေ ဝင်လေကို **‘ကာယသင်္ခါရ’** ခေါ်တယ်။ သူရှိမှ အသက်ရှင်တယ်၊ သူမရှိရင် အသက် မရှင်တော့ဘူး။ ကိုယ်ကို ပြုပြင်တတ်တဲ့တရား၊ အဲဒါ **‘အဿာသ ပဿာသ’** ခေါ်တယ်၊ ထွက်လေဝင်လေ၊ အဲဒါကို **‘ပညတ်’**မပါအောင်ရှုနေ၊ ဟော တော်တော်လေးကြာတော့ ပညတ် မပါတော့ သူက အရှုက မမှန်ဘဲနဲ့ ရပ်သွားတတ်တယ်၊ ပညတ်ကတော့ အာရုံပေါ့၊ ထွက်လေ ဝင်လေကလည်း ပညတ်ပဲ၊ **‘ပရမတ်’** ကတော့ နေရာမရွေ့ဘူး၊ **‘နေရာ’** မရွေ့ဘဲနဲ့ ပျက်မှ အဲဒါ ပရမတ်ပျက်၊ အသာလေးကုတ်၊ ယားလို့ကုတ်လိုက်တယ်။

**‘နေရာ’** မရွေ့ဘဲ ပျက်တဲ့ဟာ **‘ပရမတ်’**၊ **‘နေရာ’** ရွေ့တယ်ဆိုရင် **‘ပညတ်’**၊ မြင်တဲ့ဟာ ကြားတဲ့ဟာ အဲဒါ ‘ပစ္စုပ္ပန်ကလေးနဲ့ပရမတ်’၊ ချမ်းတာ အေးတာလည်း ပစ္စုပ္ပန်ကလေးနဲ့ ပရမတ်၊ ပူတယ်၊ ငရဲတွေကျတော့ ပူတာတွေက ထင်ရှားတယ်။ လောကန္တရိက်ငရဲဆိုရင်၊ ရှုရှား၊ ဆိုက်ဘေးရီးယား၊ လက်ကလေးတွေ၊ နှာခေါင်းလေးတွေ၊ နားတွေကြွေ ကြွေကျတယ်၊ **‘တေဇော’** မီး၊ ရေခဲလိုပဲ၊ ဆိုက်ဘေးရီးယား တစ်ခါတည်း တစ်ကျွန်းသမား တွေဆိုရင် အဲဒီ ဆိုက်ဘေးရီးယားပို့လိုက်တယ်။ တစ်ခါတည်း လုံအောင်နေ၊ မနေရင် သူ့ဟာသူ အသားလေး တွေ ကြွေ ကြွေကျတာနဲ့ သေသွားရော။ တစ်ကျွန်းသမားတွေ ဆိုက်ဘေးရီးယား ပို့လိုက်ရင် သေကုန်ရော။ အဲလိုပဲလောကန္တရိက်ငရဲဆိုတာ လောကကြီးရဲ့အကြား၊ လောကကြီးက သပိတ်ကြီးမှောက်ထားသလိုပဲ၊ တောင်ဝင်ရိုးစွန်း၊ မြောက်ဝင်ရိုးစွန်းဆိုတော့ ဒီက တောင်ဝင်

www.burmeseclassic.com

www.burmeseclassic.com



ရိုးစွန်း၊ ဟိုဘက်ကျွန်းက မြောက်ဝင်ရိုးစွန်း သပိတ်ကြီးသုံးလုံးမှောက်ထားသလို၊ အဲဒီ အလယ်ခေါင်က ဟို အောက်က ရေတွေခံနေတယ်၊ အဲဒီရေတွေက နေတွေ မရောက်ဘူး၊ နေတွေလတွေ မရောက်ဘူး၊ မှောင်လို့ အဲဒါ လောကန္တရ ခေါ်တယ်။ 'လောကန္တရိက်ငရဲ' အဲဒီမှာ တံတိုင်းကြီးတွေလိုနေတယ်၊ တံတိုင်းကြီးတွေကာထားသလို၊ အဲဒီမှာ လက်ဝါးကြီး တွေနဲ့တင်၊ ဆွဲစရာမရှိဘူး၊ ကိုင်စရာမရှိဘူး၊ လက်ဝါးကြီးနဲ့ ကပ်ပြီးတော့ အတင်း ကပ်ကုတ် နေတာ၊ တော်ကြာ ညောင်းသွားပြန်တော့ ပြုတ်ကျလိုက်တာ အဲ အောက်က လောကကြီးကို ခံတဲ့ရေတွေထဲရောက်သွားရော၊ အဲ ဆိုက်ဘေးရီးယားက ရေလိုပဲ၊ တစ်ခါတည်း ပြုတ်ပြုတ် ပြုတ်ပြုတ်နဲ့ ခြေထောက်တွေ ဘာတွေပါ အကုန်လုံးကြွေကျ သေကုန်ရော၊ မရှိတော့ဘူး၊ အဲ နောက်တစ်ခါ ပြန်ရှင်ပြီး ပြန်ပြီးတော့ အဲဒီ တံတိုင်းကြီးပေါ် တက်ရပြန်ရော။

အဲလို 'ပဉ္စာနန္တရိယကံ' တွေ လုပ်တဲ့ပုဂ္ဂိုလ်တွေမှာ ဟို ဒီကမ္ဘာကြီး မီးလောင်ရင်တောင်မှ အဲဒီကမ္ဘာကို ပြောင်းရွှေ့ပြီးခံကြတယ်တဲ့။ သတ္တဝါတွေ ဒါကြောင့် မမိုက်ရဘူး၊ မိုက်တူးဆိုတာက ဘာမှမသိဘဲ မိုက်တဲ့လူတွေကတော့ လူငယ်တွေ (၃၅)၊ ဗလဒသက (၃၅) (၄၀) အောက်မှာ မိုက်တတ်တယ်၊ (၄၀)ကျော်မှ နည်းနည်းသက်သာတယ်၊ ဆင်ခြင်တတ်တယ်၊ မိန်းမတွေလည်း ဒီလိုပဲ ငယ်ငယ်ဆိုမိုက်တတ်တယ်၊ အသားတွေ အသွေးတွေက အားပေးတယ်၊ စိတ်ကလည်း မြန်တယ်၊ ပြီးတော့ ဒီလိုအကြားအမြင်လည်း မရှိဘူးဆိုလို့ရှိရင် 'ငါ'ကလည်း ထင်သေးတယ်။

## မြင်တယ် ဆင်ခြင်တယ် ကုသိုလ် အကုသိုလ်

'မျက်စိ' မြင်တယ်၊ 'ငါ'ထင်တယ်၊ မျက်စိက မြင်ပြီးရင် 'မနော'ကလည်း ရောက်သွား တယ်၊ 'မျက်စိ'ကမြင် 'မနော'က ဆင်ခြင်၊ အဲဒီမနောနဲ့ မျက်စိက ငါမြင်ပြီးရင် မင်းကဆင်ခြင်၊ ငါဆင်ခြင်ပြီးတော့ မင်းကမြင်နဲ့ ဒီလို တစ်ယောက်တစ်ယောက် အပေးအယူတွေမရှိဘူး၊ **'သဘာဝ'**က မျက်စိမြင်ပြီးရင် ဆင်ခြင်တာပဲ၊ အဲဒါဘာပြုလို့တုံးဆိုတော့ **' နိန္နတ္တာ၊ ဒွါရတ္တာ'**တဲ့၊ **'နိန္နတ္တာ -** ကိုင်းရှိုင်းသည်၏အဖြစ်ကြောင့်'၊ မြင်ပြီးရင် အဲဒီ ဆင်ခြင်ဖို့ ဆင်ခြင်ရင် **'မနော'** ဖြစ်သွားပြီ၊ အကုသိုလ်လည်းဖြစ်လိုက်တယ်၊ အဲဒါကလည်း **'နိန္နတ္တာ'**၊ မိုး မိုးရွာတယ် ဆိုလို့ရှိရင် ရေတွေဟာ အဲဒီအောက်ထဲဆင်းသွားတယ်၊ အဲ ဆင်းသွားတယ်၊ အဲလို စီးကျသွား တယ်၊ အဲ **'နိန္နတ္တာ'** နိမ့်တဲ့နေရာစီးသွားတယ်၊ အဲဒီလို **'နိန္နတ္တာ'**၊ **'ဒွါရတ္တာ'** အပေါက်ကလည်း အဲဒီမှာရှိနေတော့ 'အပေါက်ရှိတဲ့ နေရာစီးနေတယ်'၊ ရေတို့လို ဆီတို့လိုပေါ့၊ ပြီးတော့ **'သမုဒါစိဏ္ဏတ္တာ'** အလေ့အကျင့်ကလည်း ဖြစ်နေပြီ၊ 'မြင်တာ၊ ဆင်ခြင်တာ၊ ကုသိုလ် အကုသိုလ်' ပုံးခုံ၊ စက္ခုနဲ့

www.burmeseclassic.com

www.burmeseclassic.com



မနော ၊ နားနဲ့ မနော၊ နှာခေါင်းနဲ့ မနော၊ လျှာနဲ့မနော၊ ကိုယ်နဲ့မနော၊ ကာယကြီးနဲ့ မနော၊ အဲ မနော ရောက်ရောက်သွားတယ်၊ အဲဒါ ဖြစ်နေကျမို့ **'သမုဒါစာရ'** ဆိုတာ ဖြစ်နေကျ အလေ့အကျင့်လို ဖြစ်နေတယ်၊ အလေ့အကျင့်လိုမဖြစ်အောင် **'မြင်တယ်၊ ဆင်ခြင်တယ်၊ ကုသိုလ် အကုသိုလ်'**၊ ဟော ကုသိုလ် အကုသိုလ်က **'မနောဝိညာဏ်'** ဖြစ်သွားပြီ၊ မြင်တယ်၊ ဆင်ခြင်တယ်၊ ကုသိုလ် အကုသိုလ်။

**မျက်စိကမြင် မြင်ရုံမြင်၊ ဆင်ခြင်မနော ဖြစ်သတည်း။**
**ကုသိုလ် အကုသိုလ်ဖြစ်ပြီဆို သူ့ကို မနောဝိညာဏ်မှတ်။**

မြတ်စွာဘုရားတို့ကျတော့ မြင် မြင်တယ်၊ ဆင်ခြင်တယ်တင်ဖြစ်သွားတယ်၊ ကုသိုလ် အကုသိုလ် မဖြစ်ဘူး၊ အဲလို ကုသိုလ် အကုသိုလ်မရောက်ရင် **'မနောဝိညာဏ်'** အထိ မရောက်ဘူး၊ အဲလို **'သတိနဲ့သမ္ပဇဉ်နဲ့'** ဒါကြောင့် **'ကုသလာကုသလံ ဇဟံ -** ကုသိုလ် အကုသိုလ် ကိုလည်း စွန့်တယ်'၊ စွန့်တော့မှ သူတို့မှာ ပဋိသန္ဓေမနေတော့ဘူး။

## လိုချင်ရင်လောဘ

အခု လူတွေကျတော့ ကုသိုလ်လိုချင်တယ်၊ **'လိုချင်'** တဲ့ဟာကျတော့ **'လောဘ'** ပါသွား တယ်၊ **'လိုချင်တာ'**ကလည်း အဲဒီ နိဗ္ဗာန်ဖို့ ပဋိသန္ဓေမနေဖို့ လိုချင်တယ် ဆိုရင်ကောင်းတယ်၊ ပဋိသန္ဓေမနေဖို့၊ အာသဝေါတရားကုန်ဖို့၊ လောဘ ဒိဋ္ဌိ မောဟကုန်ဖို့၊ အဲလို လိုချင်ရတယ်၊ ကုသိုလ်ဆိုရင်၊ သို့မို့ လူချမ်းသာ နတ်ချမ်းသာဆိုရင် အဲဒီ မျောပြန်ရော၊ တေဇောဖြစ်လည်း ချမ်း၊ ငရဲတေဇောက ပူ၊ ငရဲတေဇောက အေး။ လောကန္တရိက် ငရဲကအေး၊ ဟာ ပြာပူငရဲကပူ၊ အဲဒီပြာပူငရဲဟာကြီးက ကာယသုခ ရှိတယ်၊ ကာယသုခက ဟို ချမ်းသာတယ်၊ အဲဒီချမ်းသာ တာက ခံစားသလောက် သူတကာ့ မယားတို့ ဘာတို့ယူတယ် သူတကာ့ မယားနဲ့ အတူပြုတယ်၊ အဲဒီပေးဆပ်ရတာ ဒီကချမ်းသာသလောက် အဲဒီငရဲမှာ ပူတော့တာပဲ၊ **'အကြွေး ဆပ်တာ'** ခေါ်တယ်။ ဟိုသူဌေးသားတွေ ကဿပဘုရားလက်ထက်က သူဌေးသားတွေ၊ သူတကာ့ မယားတွေနဲ့ပဲ နေတာပဲ၊ ပိုက်ဆံကပေါတော့ နောက်ကျတော့ အဲဒီ **'လောဟကုမ္ဘီ'** တဲ့၊ **'လောဟ'** ဆိုတာ ကြေးအိုးခေါ်တယ်၊ ကြေးနီတွေ ကျိုထားတဲ့ဟာတွေထဲ အဲဒါတွေကျသွားတာ။ ဒီက ကောင်းသလောက် ဟိုမှာသွားဒုက္ခရောက်တယ်၊ လူတုန်းကကောင်းသလောက်၊ လူတုန်းက သူကကောင်းတယ်လို့ထင်တာကိုး၊ အဲဒီ မိန်းမတွေနဲ့ ယောကျ်ားတွေနဲ့ နေတာကို၊ အဲလိုကြီး ပျော်နေတာ၊ တဟီးဟီးတဟားဟားနဲ့ပေါ့၊ အဲလိုပူတယ်၊ ပူနေတာ၊ အဲဒါ ကြွေးဆပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဒုက္ခမှန်းသိတဲ့အခါ မလိုချင်တော့ဘူး**

အခုလည်း ဒီ ကမ္ဘဋ္ဌာန်းတွေ ဘာတွေ လုပ်တယ်၊ ထိုင်ရတာကလည်း ညောင်းတယ်၊ ညောင်းတယ်၊ ထမင်းရှာစားရတာလည်း၊ ထမင်းစားရတာလည်း ဝါးရတာကလည်း အကြာကြီး ဝါးမှ တစ်ခါမျိုရတယ်၊ ဝါးတယ် ဝါးတယ် ဝါးတဲ့ပြီးတော့ မျိုတယ် စားချင်တယ် စားချင်တယ်၊ စားချင်တယ် နှိုက်တယ် လှမ်းတယ်၊ ဝါးတယ် ဝါးတယ် မျိုတယ်၊ ထမင်းတစ်လုပ်ကို ဒုက္ခတွေက တော်တော်များတာကိုး၊ အဲလို ဒုက္ခမှန်းသိတဲ့အခါကျတော့မှ အဲဒီလောဘဘက်က မလိုချင်တော့ဘူး၊ အဲသလို။

ခုနတုန်းက (၄၅) ခု မူတည်ပြီးတော့ ကုသိုလ်ကရှစ်ခု၊ ဝိပါက်ကရှစ်ခု၊ အကုသိုလ်က (၁၂)ခု၊ (၁၂)ခုနဲ့ (၁၆) နဲ့ပေါင်းတော့ (၂၈)၊ အဲဒါ ကုသိုလ်နဲ့ အကုသိုလ်က (၂၈)၊ အဟိတ် (၁၈)ထဲမှာ ဟသိတုပ္ပါဒ်က မဖြစ်ဘူး၊ ဘုရားမှ ဖြစ်တယ်၊ (၁၈)ထဲမှာ တစ်ခုလျှော့လိုက်တော့ (၁၇)ခု ကျန်တော့တယ်၊ အဲဒီ (၁၇) ခုက ခုနဟာနဲ့ပေါင်းလိုက်တော့ (၄၅) ခုဖြစ်သွားတယ်၊ (၄၅) ခုမှာ ဉာဏသမ္ပယုတ်၊ ဒွိဟိတ် နုတ်လိုက်လို့ရှိရင်၊ ဉာဏသမ္ပယုတ်လေးခု နုတ်ရင် တစ်ခါတည်း (၄၁) ပဲရှိတော့တယ်။

အဲ ငရဲတွေဘာတွေကျတော့ ကုသိုလ်စိတ်ရှစ်ခုနုတ်လိုက်၊ ဟာ ဝိပါက်စိတ် ရှစ်ခု နုတ်လိုက်တော့ မကျန်တော့ဘူး၊ အဲဒီဟာနဲ့အော်ပြီး ဒေါသမူတွေနဲ့ အော်ပြီးနေရတာ၊ **'ဒေါသမူ၊ မောဟမူ'**၊ ကျွတ်ချင်တယ်၊ အဲဒီအပူကြီး ငရဲကြီးမှလွတ်ချင်တယ်၊ သူက အကုသိုလ်ကံ မကုန် မချင်းက မလွတ်ရဘူး၊ လွတ်ချင်တယ်ဆို လောဘကဖြစ်နေတော့ ဟာ စိတ်ဆိုးတယ်၊ **'လောဘ ဒေါသ မောဟတွေ'** နဲ့ချည်းနေတော့ မလွတ်ပြန်ဘူး၊ တစ်ခါတည်း ထပ်ထပ်တိုးတယ်၊ နှစ်တိုး လိုပေါ့၊ ထောင်ထဲမှာ တစ်ခါတည်း ထောင်ထဲကျတော့ ကောင်းကောင်းမနေဘူး၊ သူတကာ့ ဟိုသွားရိုက်လိုက် ဒီသွားရိုက်လိုက်နဲ့၊ အဲဒီထောင်ထဲမှာလည်း တိုးတယ်၊ အဲလို နှစ်တိုးလို့ လွတ်ရက်မရှိသလို၊ ငရဲ အဲဒီတွေ ဘာတွေလည်း လွတ်ရက်မရှိဘူး၊ သူတို့ကျ ဒုက္ခဖြစ်တယ်၊ လွတ်ရက်မရှိဘူး။

**တိရစ္ဆာန်နဲ့ ငရဲကကြွေးဆပ်တယ်ခေါ်တယ်**

တို့လူ့ဘုံကျတော့ဟော တိရစ္ဆာန်ဘုံကျတော့လည်း အဲ သူတကာ့ ဘာတွေ ညာတွေနဲ့ ဆိုတော့ ကြွေးတွေဘာတွေနဲ့ဆိုတော့ အဲ **'ကြွေးဆပ်ရတဲ့သဘော'**၊ အဲ မြင်းတွေ၊ ဟို ရထားတွေ၊ မြင်းရထားတွေ၊ လှည်းတွေ နွားတွေ ရုန်းရတယ်၊ ဘာပြုရတယ် ဆိုတာလည်း ကြွေးဆပ်ရတဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘော၊ လူတွေကတော့ အဲဒီ ကံကောင်းလေး ထောက်မပြီးတော့ လူချမ်းသာလေး ဖြစ်နေတဲ့ သဘော၊ အဲဒါလေးက အဲဒီအောက် မရောက်အောင်၊ အောက်ရောက်သွားရင် 'တိရစ္ဆာန်' နဲ့ 'ငရဲ' က ကြွေးဆပ်တယ် ခေါ်တယ်၊ အခုလည်း အဲသလိုပဲ လူကတော့ နည်းနည်း သက်သာတဲ့ သဘော၊ အကုသိုလ်တွေ မရှိဘူး၊ ဒိဋ္ဌိတွေဆိုတာက လူတွေမဟုတ်ဘူး၊ ကုသိုလ် အကုသိုလ် ဝိပါက် ကြိယာတွေ အဲဒီလိုဆိုမှ ကုသိုလ်တွေ၊ အကုသိုလ်တွေ၊ လွတ်သွားပြီ လို့ဆိုမှ အဲ သုဂတိ ဒုဂ္ဂတိက လွတ်သွားတာကိုး၊ အဲဒါကို **'အရိယာ'** လို့ခေါ်တယ်။

**'လိုချင်တာ'**လည်း ဂရုစိုက်ရတယ်၊ ဟို ငရဲပြည်ကျတော့ ငရဲက လွတ်ချင်တယ်၊ အဲလွတ်ချင်ပေမယ့် အကုသိုလ်ကံကမကုန်သေး မလွတ်ရ၊ လွတ်ချင်တာ မလွတ်ရတော့ ဒေါသထွက်၊ ငရဲမှာ အဲဒီ **'လောဘ ဒေါသ မောဟ'**၊ လူတွေမှာလည်း အဲဒီလို လွတ်ချင်တယ်၊ လောဘရှိပြန်လည်း မဖြစ်ပြန်၊ ဒေါသတွေဖြစ်ပြန်၊ မောဟတွေနဲ့ အဲလို လောဘ ဒေါသတွေ မောဟတွေ မဖြစ်အောင်နေရတယ်ပြုရတယ်၊ မျက်စိနဲ့မြင်လည်း လောဘတွေ၊ ဒေါသတွေ မဖြစ်အောင် မောဟကတော့ သတ္တဝါ၊ အသက်တို့၊ အဲသလို။ မောဟ၊ လောဘ၊ ဒေါသ၊ မရရင် စိတ်ဆိုးပြန်တယ်၊ လောဘ ဒေါသ မောဟ၊ အဲဒါကိုက **'ဉာဏသမ္ပယုတ်'** ဟော ဉာဏ်နဲ့ ယှဉ်တယ်၊ အဲ ဉာဏ်နဲ့ယှဉ်သွားတယ်၊ ထွက်လေ ဝင်လေ ဟော ထွက်လေ **'သိတယ်'**၊ ဝင်လေ **'သိတယ်'**၊ အဲ **'သိတာက နာမ်'**၊ **'ထွက်လေ ဝင်လေနာမ်နှစ်တွေ'**၊ နာမ်က **'နာမ်'**၊ ထွက်လေ ဝင်လေက **'ရုပ်'**၊ ဟော **'နာမ်ရုပ်'** ဖြစ်သွားတယ်၊ နာမ်ဖြစ်သွားတယ်၊ ထွက်လေ ဝင်လေက၊ **'ကာယသင်္ခါရ'** ခေါ်တယ်။

**ဝိတက္က ဝိစာရာ ဝစီသင်္ခါရာ**

ဝိတက် ဝိစာရတွေကတော့ **'ဝစီသင်္ခါရ'**ခေါ်တယ်၊ စကားပြောချင်တယ်၊ ဝိတက် ဝိစာရက အာရုံတွေလွင့်တယ်၊ အာရုံတွေ ရောက်ရောက်သွားတယ်၊ အဲဒါ ဝိတက် ဝိစာရ ခေါ်တယ်၊ အဲဒါ ဘာပြုလို့တုံးဆိုတော့ စကားပြောချင်တယ်၊ ဟော အိမ်နီးနားချင်း ကိုယ့်အိမ် တစ်ယောက်တည်းနေတော့ ပျင်းတော့ အိမ်နီးနားချင်းဆီအလည်သွားတယ်၊ သူငယ်ချင်းဆီ အလည်သွားတယ်၊ ဘာပြုလို့ အလည်သွားတုံး စကားပြောချင်လို့၊ အဲဒါ ဝိတက် ဝိစာရက ရှိတော့ စကားပြောချင်တယ်၊ ဝိတက် ဝိစာရမရှိရင် စကားမပြောချင်ဘူး။ **'ဝိတက္က ဝိစာရာ ဝစီသင်္ခါရာ'**၊ ပါးစပ်က လှုပ်လှုပ် လှုပ်လှုပ်နဲ့ စကားပြောချင်တယ်၊ **'ဝစီသင်္ခါရ'** က ဝိတက် ဝိစာရ ခေါ်တယ်၊ 'ငါ'မဟုတ်၊ 'သင်္ခါရ' ဆိုရင် အဝိဇ္ဇာကြောင့်ဖြစ်တာပဲမှတ်။ **'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'**၊ ဟော ထွက်လေဝင်လေကလည်း ကာယသင်္ခါရ **'အဿာသ ပဿာသာ ကာယ**

www.burmeseclassic.com

www.burmeseclassic.com



**သင်္ခါရာ'**၊ ဘာပြုလို့ **'ကာယသင်္ခါရ'** ခေါ်သတုံးဆိုတော့ တစ်ခါတည်း အဲဒီကာယကြီးကို ဖြစ်စေတတ်တဲ့၊ ထွက်လေ ဝင်လေရှိမှ ကာယဖြစ်တယ်၊ ဆေးရုံမှာလည်း အဲဒီ ဂွမ်းကလေးနဲ့ နှာခေါင်းနားတို့ တို့ကြည့်တယ်၊ လှုပ်လှုပ်သွားရင် ထွက်လေ ဝင်လေ ရှိသေးတယ်၊ မသေသေးဘူး၊ ထွက်လေ ဝင်လေ မရှိဘူးဆိုရင် ဆရာဝန်က ခေါင်းရမ်းတယ်၊ အဲ ထွက်လေ ဝင်လေ မရှိတော့ဘူး၊ အဲလိုမရှိတော့တဲ့အခါမှာ ထွက်လေ ဝင်လေနား ဂရုစိုက်နေ၊ ထွက်လေ ဝင်လေ ချုပ်သွားပြီဆိုရင် သိတာလည်း ချုပ်သွားပြီ၊ ဒီနားတွင် ချုပ်သွားတယ်ဆိုရင် **'နိဗ္ဗာန်'** ရောက်သွားတယ်၊ သို့မဟုတ်လို့မချုပ်ဘူးဆိုရင် ဒို့ပြင်ရောက်သွားတယ်။ အိမ်လည်သွားချင် တယ်၊ အဲ ဝိတက် ဝိစာရက စကားပြောချင်လို့။

**'ဝိတက္က ဝိစာရာ ဝစီသင်္ခါရာ'၊** အိမ်လည်သွားချင်တယ်ဆိုရင် အဲဒီ နှာခေါင်းနားမှာ စိတ်မရှိတော့ဘူး၊ စိတ်မရှိတော့ အိမ်လည်ထွက်သွားတယ်ဆိုတော့ အဲဟို နေရာမှာ စကားပြောနေတယ်၊ 'ဟဲ့ နင် မနှစ်က သေပါတယ်'၊ 'အေး ဟုတ်တယ်၊ အခု နင်လည်း သေပြီ'၊ နှင်းမေတို့ သေမှန်းမသေမှန်း မသိဘူး၊ ဒီကဘေးကတော့ ဂွမ်းကလေးနဲ့ ခံကြည့်တော့ သူ့မှာ မရှိဘူး၊ သူက ဘယ်ရောက်သွားတုံးဆိုတော့ ဒို့ပြင်ရွာထဲရောက်သွားတယ်၊ မနှစ်က သေတဲ့လူနဲ့ သွားတွေ့တယ်၊ အဲဒါ နှာခေါင်းနားက ထွက်သွားလို့ အဲ ဝိတက် ဝိစာရဖြစ်တော့ အိမ်လည် သွားလိုက်တာ အဲဒီရောက် သွားတယ်၊ ဒါ့ကြောင့် မထွက်စေနဲ့ **'ထိမှု သိမှု သတိပြု'** ဆိုတာ။

အဲလို နှာခေါင်းနား တစ်ခါတည်းတွေ့ဆွဲတာ၊ ပွတ်ဆွဲတဲ့လူလိုပေ့ါ ပွတ်လုံးလုပ်တာ ဟာ တစ်ခါတည်း ကြိုးကလေးနဲ့အောက်နင်းလိုက်ရင် အဲဒီ ဒုတ်ကလေးက သစ်သားကလည် တယ်၊ အဲဒီနေရာကို ဆောက်နဲ့ထိထား၊ ဆောက်နဲ့ထိသွားမှ နင်းလိုက်တော့၊ အဲ ချောသွား တယ်၊ အဲ ပွတ်ဆွဲတဲ့လူဟာ ထိတဲ့နေရာကို သိထားရတယ်၊ နှာခေါင်းနဲ့ လေနဲ့ ထိတဲ့နေရာကို သိရတယ်၊ နှာခေါင်းနဲ့ လေနဲ့တိုးတော့ ထိတယ်၊ ထိတော့ သတိပြုတယ်၊ စွန်းလွန်းဆရာ တော်ကြီး အဲဒီ **'ထိမှု သိမှု'** နဲ့ပဲ နိဗ္ဗာန်ရောက်သွားတယ်၊ ဟ ထိတယ် ထိတယ်ဟနဲ့ အဲလို လုပ်ရတယ်၊ အားနဲ့ဘာနဲ့ အားထည့်ရတယ်၊ ဦးသန်းရွှေ ပြောသလို အားထည့်မှ ဝီရိယ ဖြစ်သွားတယ်၊ အားမထည့်ဘဲနဲ့ ဆိုရင် အဲဒီအိမ်လည်ထွက်ထွက်သွားတယ် စကားပြောချင်လို့ အဲလို၊ အဲဒါ **'ဝိတက္က ဝိစာရာ ဝစီသင်္ခါရာ'**။

**သညာဝေဒနာ – စိတ္တသင်္ခါရာ**

**'သညာဝေဒနာ စိတ္တသင်္ခါရာ'**၊ **'သညာဝေဒနာ**-သညာဝေဒနာတို့သည်၊ **စိတ္တသင်္ခါရာ**- စိတ်ဖြစ်အောင် ပြုပြင်တတ်ကုန်၏၊ **ဝိတက္ကဝိစာရာ** - ဝိတက်ဝိစာရတို့သည်၊ **ဝစီသင်္ခါရာ -**

www.burmeseclassic.com

www.burmeseclassic.com



စကားပြေအောင် ပြုတတ်ကုန်၏၊ **အဿာသ ပဿာသာ ကာယသင်္ခါရာ**-ထွက်လေ ဝင်လေတို့သည် ကိုယ်ကိုပြုပြင်တတ်ကုန်၏၊ **ကာယပဋိဗဒ္ဓါ** - ကိုယ်နှင့်စပ်ကုန်၏'။ထွက်လေ ဝင်လေက **'ကာယပဋိဗဒ္ဓါ'**တဲ့၊ **'ကာယပဋိဗဒ္ဓါ'** ဆိုတာ ကိုယ်နဲ့စပ်တယ် ဆိုတော့၊ အဲ ထွက်လေ ဝင်လေမရှိရင် အဲဒီကိုယ်ကြီးမရှိဘူးတဲ့၊ ကိုယ်ဆိုတာဘယ်သူတုံး ဆိုတော့ အဲဒီ **'ထွက်လေ ဝင်လေ'** တဲ့၊ **'ကာယပဋိဗဒ္ဓါ'**၊ **'ဝိတက် ဝိစာရ'** ကလည်း **'ဝစီပဋိဗဒ္ဓါ'**၊ သညာဝေဒနာကတော့ သညာကတော့ ဟော ဘယ်သူက သူငယ်ချင်းက ဟိုသူငယ်ချင်းမကဘယ်သူ၊ ကျောင်းနေဘက် ဘာနဲ့အမှတ်ရတယ်၊ ဘယ်သူနဲ့ နှုတ်ဆက်ဖူးတယ်၊ မနေ့က နှုတ်ဆက်တယ် အဲဒါသညာ၊ ဝေဒနာက ခံစားတဲ့ဝေဒနာ၊ အဲဒီ **'သညာ ဝေဒနာ'** ရှိလို့ရှိရင် **'စိတ်ကို ပြုပြင်တတ်တယ်'**တဲ့၊ **'စိတ်'** ရှိတယ်၊ **'သညာဝေဒနာ'** မရှိရင် **'စိတ်'** မရှိတော့ဘူး၊ အဲလို မှတ်ထား။

**'သညာဝေဒနာ'**က ဘာသင်္ခါရတုံး (စိတ္တသင်္ခါရပါဘုရား)။

**'ဝိတက်ဝိစာရ'**က ဘာသင်္ခါရတုံး (ဝစီသင်္ခါရပါဘုရား)။

**'ထွက်လေ ဝင်လေ'** ဘာသင်္ခါရတုံး (ကာယသင်္ခါရပါဘုရား)၊

အေး အဲလို အဲဒါ သင်္ခါရသုံးပါး၊ အဲဒီ သင်္ခါရသုံးပါးကိုနိုင်မှ။

## ကိုယ်စောင့်စိတ် နှုတ်စောင့်စိတ် စိတ်စောင့်စိတ်

**'ထွက်လေ ဝင်လေ'**က ဘာနဲ့စပ်တုံး၊ ကိုယ်ကြီးနဲ့စပ်တယ်၊ ကာယနဲ့စပ်တယ်၊ ထွက်လေ ဝင်လေကဘာနဲ့စပ်တုံး (ကာယနဲ့ စပ်ပါတယ်ဘုရား)၊ **'အဿာသ ပဿာသာ ကာယသင်္ခါရာ'**၊ **'ကာယပဋိဗဒ္ဓါ-**ကိုယ်နှင့်စပ်တယ်'၊ ထွက်လေ ဝင်လေရှိတော့ သွေးကလည်းတိုးတယ်၊ အသက် ဆိုတဲ့ဟာကလည်းရှင်တယ်၊ 'ကိုယ်ငွေ့ရယ် ဝိညာဏ်ရယ် အသက်ရယ်'လို့ သူက ထွက်လေ ဝင်လေပါပဲ၊ ထွက်လေ ဝင်လေရယ် ကိုယ်ငွေ့ရယ်။

အခု **'ထွက်လေ ဝင်လေ'**ကို ဖြစ်စေတတ်တဲ့စိတ်ရယ်၊ **'ကိုယ်စောင့်စိတ်'** ဘာစောင့်စိတ် (ကိုယ်စောင့်စိတ်ပါဘုရား)။ ဝိတက်နဲ့ ဝိစာရက **'နှုတ်စောင့်စိတ်'၊** ဝိတက်နဲ့ ဝိစာရကဘာတုံး (နှုတ်စောင့်စိတ်ပါဘုရား)။ သညာနဲ့ ဝေဒနာက **'စိတ်စောင့်စိတ်'**၊ **'သညာဝေဒနာ'** ကရှိရင် **'စိတ်'** ရှိတယ်၊ သညာဝေဒနာရှိရင် စိတ်ရှိတယ်လို့မှတ်ထား ဟုတ်ကဲ့လား၊ **'သညာဝေဒနာ'** မရှိရင် **'စိတ်'**မရှိတော့ဘူး၊ အဲဒါမှ **'နိရောဓသမာပတ်'**ကို ဝင်စားတဲ့ပုဂ္ဂိုလ်တွေကျတော့ **'စိတ်'** မရှိဘူး၊ **'စိတ္တဇရုပ်တွေ'** ချုပ်နေတယ်၊ **'ထွက်လေ ဝင်လေ'**ကော ချုပ်တယ်၊ **'သညာ ဝေဒနာ'** ကောမရှိဘူး၊ အဲဒီလို ချုပ်တယ်၊ အဲဒါ နိရောဓသမာပတ်ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**'သညာဝေဒနာတွေ'** ရှိတယ်ဆိုရင် **'စိတ်'**ရှိတယ်၊ **'ထွက်လေ ဝင်လေ'** ရှိရင် **'ကိုယ်'**ရှိတယ်၊ **'ဝိတက် ဝိစာရ'**ရှိရင် **'နှုတ်'**ရှိတယ်၊ **'ဒုတိယဈာန်'**ကျတော့ ဝိတက်ဝိစာရမရှိဘူး၊ နှုတ်မရှိဘူး၊ **'တုဏှီဘူတော'**- မမြွက်သံခြေ ဆိတ်ဆိတ်ငြိမ်သက်နေတဲ့အခါကျတော့ ဝိတက် ဝိစာရ မရှိတဲ့ဟာကိုခေါ်တယ်၊ ဝိတက်ဝိစာရမရှိရင် စကားမရှိတော့ဘူး၊ ဝိတက် ဝိစာရမရှိရင် ဘာမရှိတော့တုံး (စကားမရှိတော့ပါဘူးဘုရား)၊ စကားဆိုတာ ဝိတက်ဝိစာရနဲ့ ကြံကြံပြီးပြောတာ။

**'ဝိတက္ကေတွာ ဝိစာရေတွာ-** ကြံ၍၊ စဉ်းစား၍၊ **ဝါစံ-** နှုတ်ကို၊ **နိစ္ဆာရေတိ-** မြွက်ဆို၏**'** ကြံပြီးတော့ စည်ပြီးတော့ စကားပြောတယ်၊ နေပါအုံးဟဲ့ နေပါအုံးဟဲ့၊ ငါစကား ပြောပါအုံးမယ်။ ဘာဟဲ့နဲ့၊ သူကစကားပြောလောကြီးတာခေါ်တယ်၊ နင်နေပါအုံး ငါပြောပါအုံး မယ်နဲ့ အဲဒါက စကားပြောလောကြီးတယ်၊ ပြောပါစေဆိုပြီး နားထောင်နေရတယ်၊ နားထောင်နေမှ ပညာရတယ်၊ သူတကာ့ စကားနားထောင်နိုင်ရင် ပညာရတယ်၊ ကိုယ်ကချည်းပဲပြောရင်တော့ ပေးရတာပေါ့၊ အဲလိုမှတ်ထား။

## သညာဝေဒနာရှိရင် ဘဝဖြစ်သွားတယ်

**'ထွက်လေ ဝင်လေ'** ရှိလို့ရှိရင် **'ကိုယ်'** ရှိတယ်၊ ထွက်လေ ဝင်လေရှိလို့ရှိရင်ဘာတုံး (ကိုယ်ရှိပါတယ်ဘုရား)၊ အဲဒီကိုယ်ကြီးကလေ ဟော ရေသီးသွားတယ်၊ ရေဝင်လွဲသွားတယ်၊ ရေသီးသွားတယ်ဆိုတာ အသက်ကမရှူနိုင်တော့ဘူး၊ အဲဒီနေရာကျတော့ မျက်လုံးကြီး ပြူးပြီးတော့ ဟော တစ်ခါတည်း သေသွားတယ်၊ ထွက်လေ ဝင်လေ မရှိလို့၊ ထွက်လေ ဝင်လေ၊ ဟင်းချက်တွေလည်း ပြုပ်သီးပါတဲ့ ဟင်းချက်ကို သောက်ကြည့်လို့ရှိရင်လည်း သီးသွားပြီဆိုရင် ထွက်လေဝင်လေ မရှိတော့ဘူး၊ မရှိရင်သေသွားရင် ဟိုကနှိပ် ဒီကဆွဲ ထွက်လေဝင်လေ ပြန်ဖြစ်အောင်လုပ်ရတာ ဗိုက်ကလေးကိုနှိပ်ချီဖောင်းချီနဲ့လုပ်၊ အဆုတ်ကိုနှိပ်ချီဖောင်းချီ၊ ထွက်လေ ဝင်လေဖြစ်လာမှ အသက်က ရှင်လာတော့တယ်၊ သို့မို့လို့ရှိရင် အဲဒီကိုယ်ကြီးလည်း သေရော၊ အဲဒီထွက်လေ ဝင်လေလည်းမရှိဘူး၊ ကိုယ်ငွေ့ကြီးကလည်း မရှိဘူး၊ ဟောဒီ ဝိညာဏ်ကလည်း မရှိဘူး။ အဲလို ဝိညာဏ်။

**'ဉဿွာ ကာယဝိညာဏံ ယဒါကာယံ ဇဟန္တိမံ'** တဲ့၊ ကိုယ်ငွေ့ရယ်၊ အဲဒီထွက်လေ ဝင်လေရယ်၊ အဲဒီဝိညာဏ်ရယ် မရှိဘူးဆိုရင် သေသွားတယ်တဲ့၊ သေသွားတဲ့အခါကျတော့ သညာက ဟာ ငါ့သူငယ်ချင်းတွေကို အမှတ်ရတယ်၊ အဲလို အမှတ်ရတဲ့အခါကျတော့ သညာဖြစ်သွားတယ်။ သညာဝေဒနာ၊ အမှတ်ရရင် ဘာဖြစ်တုံး (သညာဝေဒနာပါဘုရား)၊ **'သညာ**

www.burmeseclassic.com

www.burmeseclassic.com



**ဝေဒနာ'**က သူကဘာသင်္ခါရတုံး (စိတ္တသင်္ခါရပါဘုရား)။ **'စိတ္တသင်္ခါရ'**ဆိုတာ သညာဝေဒနာ ရှိတဲ့နေရာ အဲဒီ ပဋိသန္ဓေလေးက ရောက်သွားတယ်၊ ဘာလေးရောက်သွားတုံး (ပဋိသန္ဓေလေး ရောက်သွားပါတယ်ဘုရား)၊ အဲဒါ **'ဘဝ'** ဖြစ်သွားတယ်ခေါ်တယ်၊ အဲလိုဟာတွေကို သိရတယ်။

**သညာဝေဒနာ မရှိရင် ဘဝမဖြစ်**

ဒီတော့ **'ဘဝ'**မဖြစ်ချင်လို့ရှိရင် အဲဒီ **'သညာ ဝေဒနာ'**တွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ ရှုလိုက်တော့ ဟောသညာဝေဒနာဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)။ **'မဖြစ်'**တော့ ဘယ်ရောက်သွားတုံး (နိဗ္ဗာန်ရောက်သွားပါတယ်ဘုရား)၊ အဲ အဲလို **'နိဗ္ဗာန်'** ရောက်ချင်လို့ ရှိရင် သညာဝေဒနာကို အနိစ္စ၊ ဒုက္ခ၊ အနတ္တနဲ့ရှု။ အဲဒါ **'အဝိဇ္ဇာ တဏှာ ဥပါဒါန်တွေ'** က **'သညာဖြစ်ကြောင်း'**တဲ့။ 'ဤဟာသညာ ဤဟာသညာဖြစ်ကြောင်း'။

**'သညာဝေဒနာ စိတ္တသင်္ခါရာ'**၊ **'သညာဝေဒနာ**- သညာဝေဒနာတို့သည်၊ **စိတ္တသင်္ခါရာ**- စိတ်ဖြစ်အောင် ပြုပြင်တတ်ကုန်၏'၊ အဲသလို မသိတော့ဘူးဆိုရင် အဲလို **'ဘဝ'**သွားတတ်တယ်၊ ဒီလိုသိရင် **'ဘဝ'** မသွားဘူး၊ သညာဆိုတာက ငါ့သူငယ်ချင်းပဲရှိတယ်ဟာ၊ ငါ့ဆွေမျိုးတွေပဲ ရှိတယ်၊ အဲလိုသွားချင်တာ၊ အခုအိမ်တစ်ယောက်တည်းနေတော့ စကားပြောချင်တယ်၊ စကား ပြောချင်တော့ အိမ်လည်တယ်၊ ဟော အိမ်မလည်တော့ တချို့မြို့ပတ်ပြီးကားတွေ ဘာတွေ စီးသွားတယ်၊ ပျော်သွားအောင်၊ မြို့ပတ်ကားတွေ သွားစီးတယ်၊ အဲလိုဟာမျိုး၊ အဲ အဲဒါက စကားပြောချင်တာက **'ဝိတက် ဝိစာရ'**၊ စကားပြောချင်တယ်။

**'ဝိတက္က ဝိစာရာ**- ဝိတက်ဝိစာရတို့သည်၊ **ဝစီသင်္ခါရာ**- စကားဖြစ်အောင် ပြုတတ် ကုန်၏'၊ အဲဒါ 'ငါပြုတယ်'လို့ အဲလို မသိလို့ရှိရင် 'ငါပြုတယ်'လို့ဖြစ်တယ်၊ အဲလိုသိလို့ရှိရင် 'ငါ' မရှိတော့ဘူး၊ 'ငါ' ပြုတာမဟုတ်တော့ဘူး၊ သူ့သင်္ခါရနဲ့သူ၊ အဲဒီ 'သင်္ခါရ'ဆိုတာကတော့ မမြဲဘူးဆိုတာ သိထားမှ၊ သို့မို့ဆိုရင် အဲဒီသင်္ခါရနဲ့ပျော်နေတော့ ဘဝကြီးကို ပျော်နေတယ် ခေါ်တယ်၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။

**ထွက်လေ၊ ဝင်လေတို့သည် ကိုယ်နှင့်စပ်ကုန်၏**

**'အဿာသ ပဿာသ**- ထွက်လေ ဝင်လေတို့သည်၊ **ကာယပဋိဗဒ္ဓါ**- ကိုယ်နှင့် စပ်ကုန်၏၊ **တသ္မာ**- ထို့ကြောင့်၊ **ကာယသင်္ခါရာ**-ကာယ သင်္ခါရတို့မည်ကုန်၏။ (ဝါ) ကိုယ်ကို ပြုပြင်စီရင်တတ်ကုန်၏'၊ အဲ ထွက်လေ ဝင်လေရှိလို့ အဲဒီကိုယ်ကြီးက ရှင်နေတာ၊ အဲဒီ ထွက်လေ ဝင်လေကြီးကို **'ကာယသင်္ခါရ'**ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**'အဿာသ ပဿာသာ ကာယသင်္ခါရာ'**၊ **'ကသ္မာ ကာယသင်္ခါရာ**-အဘယ့်ကြောင့် ကာယသင်္ခါရတို့ မည်ကုန်သနည်း၊ **ကာယ ပဋိဗဒ္ဓေန** - ကိုယ်နဲ့စပ်သောကြောင့်၊ **ကာယသင်္ခါရာ**- ကာယသင်္ခါရတို့မည်ကုန်၏**'**။ ထွက်လေ ဝင်လေ 'ငါ'အသက်ရှင်တယ်ဆိုပြီးတော့ 'ငါ'ဆိုပြီးတော့ မာနကြီးမနေနဲ့၊ ထွက်လေ ဝင်လေလေးက ရေသီးလိုက်ရုံနဲ့လည်း သေနိုင်တယ်၊ ပြုပ်သီးပါတဲ့ ဟင်းချက်သောက်လိုက်လို့ ဟင်းသီးရင်လည်း သေနိုင်တယ်၊ လေကမရှူတော့ တစ်ခါတည်း မျက်လုံးကြီးပြူးပြီးတော့ သေသွားတယ်၊ သေသွားရင်လည်း ဘာမှ သောကမရှိဘူးဆိုလို့ရှိရင် ဘာမှကိစ္စမရှိဘူး၊ အမယ်လေးလုပ်ပါအုံး လုပ်ပါအုံးနဲ့ အဲလိုသွားလုပ်ရင်သာ ဒုက္ခရောက်တယ်။

**အဝိဇ္ဇာကြောင့်သာ ပြောချင်တာ ဝိဇ္ဇာမပြောချင်**

**'ဝိတက္က ဝိစာရာ ဝစီသင်္ခါရာ'**၊ **'ဝိတက္က ဝိစာရာ** - ဝိတက် ဝိစာရတို့သည်၊ **ဝစီသင်္ခါရာ**- ဝစီသင်္ခါရတို့မည်ကုန်၏၊ **ကသ္မာ** - အဘယ့်ကြောင့်၊ **ဝစီသင်္ခါရာ** - ဝစီသင်္ခါရတို့ မည်ကုန်သနည်း။ **ဝိတက္ကေတွာ** - ကြံဆ၍၊ **ဝိစာရေတွာ** - စဉ်းစား၍၊ **ဝါစံ** - စကားကို၊ **နိစ္ဆာရေတိ** - မြွက်ဆိုတတ်၏။ **တသ္မာ** - ထို့ကြောင့်၊ **ဝိတက္ကဝိစာရာ** - ဝိတက်ဝိစာရတို့သည်၊ **ဝစီသင်္ခါရာ**- ဝစီသင်္ခါရတို့မည်ကုန်၏**'**။

အဲဒီလို မသိလို့ရှိရင် 'ငါ' ဖြစ်သွားတတ်တယ်၊ ဝိတက္က ဝိစာရ 'ငါ'လို့ ထင်တတ်တယ်၊ ဝိတက်ဝိစာရကို 'ငါ'လို့ စွဲသွားလို့ရှိရင် စကားကပြောချင်တယ်။ ဟာ ဘလစ် ဘလစ် သောကြာသမီးတို့ စကားတွေကအလွန်ပြောတယ်၊ စကားပြောချင်တယ် 'သူ' ရှိတယ် 'ငါ' ရှိတယ်ဆိုတာ အဲဒါအဝိဇ္ဇာရှိလို့ ပြောချင်တာ။

**ပြောချင်ရုံသာ ပြောချင်ပါ မပြောလိုက်ပါနဲ့။**

**အဝိဇ္ဇာကြောင့်သာ ပြောချင်တာ ဝိဇ္ဇာမပြောချင်။**

'သူ'မရှိ 'ငါ'မရှိတော့ မပြောချင်တော့ဘူး၊ အဲဒီဟာပဲ၊ တရားရသွားတယ်၊ စကား မပြောချင်တော့ဘူးဆိုရင် တရားရသွားတယ်၊ သူက ငါဆိုပြီးတော့ ပြောချင်တာကိုး၊ ဝိတက် ဝိစာရကလည်း 'ငါ'လို့ ထင်တာကိုး၊ ပြောချင်တာက တစ်ခါတည်း 'သူငါ'ရှိတဲ့ **'ဒိဋ္ဌာနုသယ'** ခေါ်တယ်၊ **'ဒိဋ္ဌိအနုသယ'**၊ အနုသယဆိုတာ ဒိဋ္ဌိတွေကိန်းနေတာ ငါသူတွေကိန်းနေတာ၊ အဲဒီတော့ စကားကပြောချင်လာတယ်၊ အိမ်မှာနေရတာ ပျင်းသွားတယ်၊ ဟာ စာအုပ် ကလေး ဖြစ်ဖြစ် ဖတ်လိုက်မှ၊ ဟော စာအုပ်ဖတ်လိုက်တာလည်း အဲဒါ ဝိသုဒ္ဓိခန်းထဲဝင်သွားတာပဲ၊ အိမ်လည်တာနဲ့ စာရင်တော့ တော်သေးတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## သညာဝေဒနာ အမှတ်ရပြီးတော့ခံစားတယ်

**'သညာဝေဒနာ-**သညာဝေဒနာတို့သည်'၊ **'သညာ'**က အမှတ်ရတာ၊ **'ဝေဒနာ'**က ခံစားတယ်၊ အမှတ်ရပြီးတော့ခံစားတယ်၊ အဲဒါ သညာဝေဒနာခေါ်တယ်။ **'သညာဝေဒနာ** - သညာဝေဒနာတို့သည်၊ **စိတ္တသင်္ခါရာ** - စိတ္တသင်္ခါရတို့မည်ကုန်၏**'**။ ဟို နိရောဓသမာပတ် ဝင်စားတဲ့ပုဂ္ဂိုလ်မှာ သညာလေးဖြစ်လာတယ်၊ အဲဒီ သညာလေးဖြစ်လာတော့မှ ဟို နိရောဓ သမာပတ်ကထပြီးတော့ တရားတွေ ဘာတွေ ဟောရတယ်၊ သူတို့က **'ဤဟာသညာ'**မှန်း သိတယ်၊ ဟို တို့ပုထုဇဉ်တို့ကတော့ သညာကို ငါ၊ သညာလို့ ငါလို့သိနေတော့ သူက မကျွတ်ဘူး၊ အဲလို **'သညာ'**ဟာ 'ငါ'မဟုတ်ဘူး၊ **'ဤဟာသညာ'**။ သူက အဝိဇ္ဇာတဏှာကြောင့် ဖြစ်တဲ့ သညာလို့ ဆိုလိုက်လို့ ရှိရင် အဲဒီသညာ မဖြစ်တော့ဘူး၊ အဲလို သိရတယ်။

'ဤဟာသညာ၊ ဤဟာသညာဖြစ်ကြောင်း'၊ အဲ **'သညာ'**ဆိုတာ **'ခန္ဓာ'**၊ သညာဆိုတာ ဘာတုံး(ခန္ဓာပါဘုရား)၊ **'ခန္ဓာ'**ဆိုတာ **'အတိတ် အနာဂတ် ပစ္စုပ္ပန်'**နဲ့စုရတယ်၊ စုမှခန္ဓာဖြစ်တယ်၊ အတိတ်ပါရတယ်၊ အနာဂတ်ပါရတယ်၊ ပစ္စုပ္ပန်ပါရတယ်၊ အဲဒါမှ သညာဖြစ်တယ်၊ **'အဇ္ဈတ္တ'**ပါ ရတယ်၊ **'ဗဟိဒ္ဓ'**ပါရတယ်၊ အဲဒါမှ သညာဖြစ်တယ်၊ **'ဒူရ အာသန္န** - အဝေးအနီး**'** ပါရတယ်၊ **'အမြတ်အယုတ်'** ပါရတယ်၊ အဲဒါမှ သညာ ဖြစ်တယ်၊ အဲဒီဟာမပါရင် သညာမဖြစ်ဘူး၊ ဟော အဲလို 'သညာဖြစ်ကြောင်း'၊ 'သညာမဖြစ်ကြောင်း' ကို သိရင်လည်း အဲဒါ **'နိရောဓသမာပတ်'** ဝင်စားတယ်ဆိုတာ အဲလိုဟာတွေသိမှ။

## ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်

**'ခန္ဓာ'** သိတော့ သောတာပန်ဖြစ်သွားတော့ ခန္ဓာချုပ်တာ မပူတော့ဘူး၊ သို့မို့လို့ဆိုရင် ခန္ဓာချုပ်မှဖြင့် အမယ်လေး ငါသေတော့ ဘယ်ရောက်မှာတုံး ဘာတုံးနဲ့ အဲလို ပူတတ်တယ်၊ အဲ **'ခန္ဓာကို ငါမကပ်နဲ့'**၊ **'သညာ'**လည်းခန္ဓာပဲ၊ **'ဝေဒနာ'**လည်းခန္ဓာပဲ၊ **'ရုပ်'**လည်းခန္ဓာပဲ၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)၊ **'သညာကို ငါမကပ်နဲ့ ငြိမ်းရာမှာ ရပ်'**၊ သညာတို့ ဝေဒနာတို့ မရှိတဲ့ဟာ နိဗ္ဗာန်ပဲ၊ အဲဒီဟာကို ရပ်ရတယ်၊ ခန္ဓာကို ရပ်ထားရတယ်၊ ဟုတ်ရဲ့လား (တင်ပ့ါဘုရား)။ **'ခန္ဓာကို ငါမကပ်နဲ့ ငြိမ်းရာမှာ ရပ်၊ ဒုစရိုက်ကို ရှောင်ကြဉ်ပါ'**။ အဲဒီထဲမှာ ဒုစရိုက်မှန်းသိရတယ်။ **'မနောဒုစရိုက်'**မှာ - အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ၊ အဲဒါ **'မနောဒုစရိုက်'** ဟုတ်ကဲ့လား (တင်ပ့ါဘုရား)၊ **'ကာယဒုစရိုက်'** က ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသု မိစ္ဆာစာရာ၊ အဲဒါ **'ကာယဒုစရိုက်'**၊ အဲဒါ ဝေရမဏီကျမှ သီလဖြစ်တယ်၊ ဝေရမဏီမရှိတဲ့သူမှာ

www.burmeseclassic.com

www.burmeseclassic.com



သီလမဖြစ်ဘူး၊ ပါဏာတိပါတာက ဝေရမဏီ ဖြစ်သွားတယ်၊ ပါဏာတိပါတာဆိုရင် ဒုစရိုက် ဖြစ်သွားတယ်၊ ပါဏာတိပါတာ၊ အဒိန္နာဒါနာ၊ ကာမေသုမိစ္ဆာစာရာ၊ အဲဒါ ကာယဒုစရိုက် ခေါ်တယ်၊ အဲဒါ ကာယသုစရိုက်က ဝေရမဏီ လုပ်လိုက်တာပဲ၊ 'ပါဏာတိပါတာ ဝေရမဏီ၊ အဒိန္နာဒါနာ ဝေရမဏီ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏီ'၊ အဲလိုဆိုရင် **'ကာယသုစရိုက်'**၊ မိမိမှာရှိနေတယ်ဆိုပြီးတော့ မပူနဲ့၊ ငါ့မှာ ကာယသုစရိုက်တွေ ရှိတယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ ဟိုဟာ**'ကာယဒုစရိုက်'**က ဘယ်သွားမတုံး ဆိုရင် ဒုဂ္ဂတိ၊ ကာယဒုစရိုက်က ဘယ်သွားမတုံး (ဒုဂ္ဂတိပါဘုရား)၊ **'ကာယသုစရိုက်'**က ဘယ်သွားတုံး (သုဂတိပါဘုရား)၊ သုဂတိသွားတယ်၊ အဲလိုမှတ်ထားနော်၊ သို့မို့လို့ရှိရင် ကာယဒုစရိုက်ချည်းပဲ၊ ဒုဂ္ဂတိချည်းပဲ မမှတ်နဲ့၊ ရှောင်ရင် သုဂတိ ဖြစ်သွားတယ်။

**'ဝစီဒုစရိုက်'**၊ 'မုသာဝါဒါ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပါ'၊ 'မုသာဝါဒါ ဝေရမဏီ၊ ပိသုဏာဝါစာ ဝေရမဏီ၊ ဖရုသဝါစာ ဝေရမဏီ၊ သမ္ဖပ္ပလာပါ ဝေရမဏီ'၊ **'ဝေရမဏီ'**ဆိုတာ **'ဝိရတိ'**ခေါ်တယ်၊ အဲဒါ သီလခေါ်တယ်၊ အဲဒါ **'သုစရိုက်'** ခေါ်တယ်၊ အဲဒီ **'သုစရိုက်'**နဲ့ **'သုဂတိ'**ခေါ်တယ်၊ သုဂတိရောက်တယ်၊ ဒုစရိုက်လုပ်နေပြီးတော့ သုဂတိ ရောက်ပါတယ်ဆိုတာ ငါဘုရားမမြင်ဘူးတဲ့၊ **'သုစရိုက်'**သာလုပ်နေ **'သုဂတိ'**တော့ တစ်ခါတည်း မထင်ဘဲနဲ့ ရောက်သွားရော။ 'အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ'၊ အဲဒါက **'မနောဒုစရိုက်'**တဲ့၊ အဲ သူ့ကျတော့ 'မနောဒုစရိုက်' ဖြစ်တဲ့အတွက်ကြောင့် 'ဝေရမဏီ' နဲ့မလာဘူး၊ ဒါပေမယ့် ဝေရမဏီ လုပ်လိုက်ရင်လည်း ကောင်းပါတယ်၊ 'အဘိဇ္ဈာ' ဆိုတာက သူတစ်ပါးကို ရှေးရှုကြံတာ၊ အဘိ + ဈာ ၊ 'ဈာ' က- ကြံတာ၊ 'အဘိ'က-ရှေးရှုတာ၊ သူတစ်ပါး စည်းစိမ်ကို ရှေးရှုတာ၊ သူတကာ့စည်းစိမ်ကို ရအောင်ဘယ်လိုလုပ်မတုံး၊ အဲလို ရှေးရှုတာကို အဘိဇ္ဈာ၊ 'အဘိ' က ရှေးရှုတာ၊ 'ဈာ' ကကြံတာ၊ **'အဘိဇ္ဈာ**-ရှေးရှုကြံတာ'။

အဲဒါ အဘိဇ္ဈာဖြစ်ရင် သူတစ်ပါးစည်းစိမ်ရှေးရှုကြံတယ်၊ ရအောင်ဘယ်လိုလုပ်မတုံးနဲ့ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ သူ့ကို ဘယ်လိုဖြုတ်မတုံးနဲ့၊ အဲလိုဟာတွေပေါ့။ **'ဗျာပါဒ-**ကြောင့်ကြနေတာ'၊ ငါ့ကုသိုလ်မလုပ်ရသေးဘူးလို့ ဆိုရင်လည်း အဲဒါလည်း ကြောင့်ကြတတ်တယ်၊ 'ငါ့'ကုသိုလ် မလုပ်ရသေးပါလားဆိုပြီးတော့ အဲလိုကြောင့်ကြနေရတယ်၊ အကုသိုလ်ကို လည်းလုပ်ပြီးပြီ၊ အကုသိုလ်ကို 'ငါ့'လုပ်ထားပါကလားလို့လည်း အဲလိုကြောင့်ကြတယ် ကြက်သတ်ထားပါကလား၊ အရက်သောက်ထားပါကလား၊ ဟိုမကောင်းတာတွေ လုပ်ထားပါကလားလို့ဆိုရင်လည်း အဲဒါ ဗျာပါဒ ဖြစ်တတ်တယ်၊ ကုသိုလ်မလုပ်ရသေးလို့ရှိရင်လည်း ဗျာပါဒ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တတ်တယ်၊ အဲဒါဗျာပါဒခေါ်တယ်။ **'မိစ္ဆာဘိနိဝေသော** - မှားသောအားဖြင့် နှလုံးသွင်းခြင်းသည်၊ **မိစ္ဆာဒိဋ္ဌိ** - မိစ္ဆာဒိဋ္ဌိမည်၏'၊ မှားသောအားဖြင့် နှလုံးသွင်းတယ်ဆိုလို့ရှိရင် **'သမ္မာဒိဋ္ဌိ'**မဟုတ်တာကို နှလုံးသွင်းတယ်၊ **'သမ္မာဒိဋ္ဌိ'**က ဘာတုံးဆိုတော့ 'ဤဟာဒုက္ခသစ္စာ၊ ဤဟာ သမုဒယသစ္စာ၊ ဤဟာနိရောဓသစ္စာ၊ ဤဟာမဂ္ဂသစ္စာ'၊ အဲဒါက **'သမ္မာဒိဋ္ဌိ'**၊ အဲဒီသမ္မာဒိဋ္ဌိ မဟုတ်လို့ရှိရင်တော့ အဲဒါ **'မိစ္ဆာဘိနိဝေသော** - မှားသောနှလုံးသွင်းခြင်းသည်၊ **မိစ္ဆာဒိဋ္ဌိ-** မိစ္ဆာဒိဋ္ဌိမည်၏'။ **'မှားသော နှလုံးသွင်းခြင်း'** ဆိုတာ ငါ့သမီးတို့၊ ငါ့သားတို့၊ ငါ့မယားတို့၊ ငါ့ပိုက်ဆံတို့၊ ဘာတို့ ညာတို့ပေါ့လေ၊ ဟိုလျှောက်နှလုံးသွင်း၊ ဒီလျှောက်နှလုံးသွင်း။ **'သမ္မာဒိဋ္ဌိ'** က ဤဟာဒုက္ခသစ္စာ။

**'ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ ဘုံသုံးပါးမှာဖြစ်တာဟာ ဒုက္ခသစ္စာဆိုတော့ မျက်စိတွေ နားတွေရော မရှိတော့ဘူး၊ ဖြစ်တာကို **'ဒုက္ခသစ္စာ'** ကောက်ပစ်လိုက်တယ်၊ ဘာကို ဒုက္ခသစ္စာကောက်တုံး (ဖြစ်တာကို ဒုက္ခသစ္စာ ကောက်ပါတယ်ဘုရား)၊ ဘာပြုလို့ ဖြစ်တာကို ဒုက္ခသစ္စာကောက်တုံးဆိုရင် **'ဇာတိပိ ဒုက္ခသစ္စာ'၊ 'ဥပ္ပါဒေါဒုက္ခံ'** ၊ **'ဥပ္ပါဒေါ'** ဖြစ်တာကို ဒုက္ခသစ္စာကောက်တယ်၊ အဲဒီ ဖြစ်တာက ဘယ်က ဖြစ်တုံးဆိုတော့ ဟို မျက်စိတို့၊ နားတို့၊ နှာခေါင်းတို့၊ လျှာတို့က ဖြစ်တာပေါ့၊ အဲဒါတွေကို ဖြစ်တာကို ဒုက္ခသစ္စာလို့ ယူလိုက်၊ ဖြစ်ပြီးရင် ပျက်တယ်၊ အဲဒီ ဖြစ်တာကို ဒုက္ခသစ္စာလို့ ယူလိုက်တော့ မျက်စိတွေက ဖြစ်တတ်တယ်၊ မျက်စိတွေက ဘာလုပ်တတ်တုံး (ဖြစ်တတ်ပါတယ်ဘုရား)၊ နားကကော (ဖြစ်တတ်ပါတယ်ဘုရား)၊ မျက်စိတွေ ဘာတွေ မရှိရင်ဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)။

## ဣန္ဒြေတို့ကို ခြိုးခြံစွာ ကျင့်ရခြင်းသည်လည်းကောင်း

**'တပေါစ** - ဣန္ဒြေတို့ကို ခြိုးခြံစွာကျင့်ရခြင်းသည်လည်းကောင်း'၊ အဲဒါ ဣန္ဒြေတို့ကို ခြိုးခြံစွာ ကျင့်လိုက်တော့မဖြစ်တော့ဘူး၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ အဲဒါ **'ဂုတ္တ'** လို့ခေါ်တယ်။ 'ဣန္ဒြေတို့ကို လုံခြုံရခြင်းသည်လည်းကောင်း'၊ **'မနိန္ဒြေ'** ရှိတယ်၊ အဲဒီ မနိန္ဒြေလုံခြုံလိုက်ရင် **'ဂုတ္တ'** ဖြစ်သွားတယ်၊ မြို့ထဲမှာဘဏ်ကြီးရှိတယ်၊ အဲဒီဘဏ်မှာ အစောင့်ရှိတယ်၊ အဲဒါ လုံခြုံတယ်၊ မြို့ပြင်ဘက်ကတံခါးတွေရှိတယ်၊ အဲဒါ မလုံခြုံပေမယ့် သိပ်ကိစ္စမရှိဘူး၊ ဟို ဘဏ်တိုက်က လုံခြုံတယ်ဆိုရင် ဘဏ်တိုက်မှာ အခိုးမခံရဘူး၊ အပြင်ဘက်ကတော့ လုံခြုံတယ်၊ ဘဏ်တိုက်မှာ လုံခြုံခြင်းမရှိဘူးဆိုရင် ဟော သူ့မှာအခိုးခံရတယ်၊ ငါးခုက **'အပြင်ဣန္ဒြေ'**၊ မနောက **'အတွင်းဣန္ဒြေ'**၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ **'တပေါစ** - ဣန္ဒြေတို့ကို ခြိုးခြံစွာကျင့်ရခြင်းသည်လည်းကောင်း'၊ အဲဒါ **'ဂုတ္တ'**ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီဟာဘာတွေတုံးဆိုတော့ ဣန္ဒြေဆိုတာ 'စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ၊ မနိန္ဒြေ'၊ အဲဒါ **'ဣန္ဒြေခြောက်ပါး'** ခေါ်တယ်၊ အဲဒီ ဣန္ဒြေခြောက်ပါးပြီးတော့ သုခ ဒုက္ခဖြစ်တာလည်း ဒီဟာကြောင့်ဖြစ်တာပဲ။ 'သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေ'၊ အဲဒါကလည်း **'ဝေဒနာဣန္ဒြေ'** ခေါ်တယ်၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။ ဇီဝိတိန္ဒြေ- အဲဒါကို **'အသက်'** ခေါ်တယ်၊ ဣတ္ထိန္ဒြေ - အဲဒါကို **'ဣတ္ထိဘာဝရုပ်'** ခေါ်တယ်၊ ပုရိသိန္ဒြေ - အဲဒါကို **'ပုရိသဘာဝရုပ်'** ခေါ်တယ်။ မိန်းမတွေ ယောကျ်ားတွေကလည်း အဲဒါ **'ဣန္ဒြေ'** ခေါ်တယ်၊ **'ဣန္ဒြိယရုပ်'**ခေါ်တယ်၊ ငါတွေ သူတွေမလုပ်တာ အဲဒီလို ဆရာက စာရင်းလေးပြ မထားလို့။ ရုပ်ကို ငါ ယောကျ်ား၊ ငါမိန်းမနဲ့ အဲလို ထင်တတ်တယ်။ အဲဒါ **'ဣန္ဒြေ'** လို့ ထင်လိုက်လို့ရှိရင် အဲဒါလွတ်သွားတာပဲ။ အဲ အဲဒါက **'လောကီဣန္ဒြေ'** တွေပေ့ါ။

ပြီးတော့မှ **'လောကုတ္တရာ'** ကျတော့ 'သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ'၊ အဲဒါ **'ဝိပဿနာဣန္ဒြေ'** ခေါ်တယ်၊ သဒ္ဓါတရားရှိရတယ်၊ ဝီရိယရှိရတယ်၊ သတိ ရှိရတယ်၊ သမာဓိ၊ ပညာငါးခု၊ ပြီးတော့ အဲဒီငါးခုရှိတော့ ဆရာ့ဘာအကျိုးရှိမှာတုံးလို့ဆိုမှ **'အနညာတညဿာမိတိန္ဒြေ'**၊ **'အနညာတံ** -မသိအပ်သေးသောသစ္စာလေးပါးကို၊ **တညဿာမိ-** သိအောင်အားထုတ်အံ့'။ အဲဒါတွေက အကျိုးချက်ချင်း ချက်ချင်းရောက်သွားတယ်၊ မသိအပ် သေးသောဣန္ဒြေဆိုတာက 'သစ္စာလေးပါးကမသိအပ်သေးတဲ့ဣန္ဒြေ'ခေါ်တယ်၊ သောတာ ပတ္တိမဂ် ကို ခေါ်တယ်၊ **'သောတာပတ္တိမဂ်'** က မသိအပ်သေးသော ဣန္ဒြေခေါ်တယ်။

**လောကီဣန္ဒြေ ဆယ့်လေးပါး**

**ဒွါရဣန္ဒြေ ခြောက်ပါး**
- စက္ခုန္ဒြေ
- သောတိန္ဒြေ
- ဃာနိန္ဒြေ
- ဇိဝှိန္ဒြေ
- ကာယိန္ဒြေ
- မနိန္ဒြေ - အတွင်းဣန္ဒြေ

**အသက်ဣန္ဒြေ တစ်ပါး**
- ဇီဝိတိန္ဒြေ

**ဝေဒနာဣန္ဒြေ ငါးပါး**
- သုခိန္ဒြေ
- ဒုက္ခိန္ဒြေ
- သောမနဿိန္ဒြေ
- ဒေါမနဿိန္ဒြေ
- ဥပေက္ခိန္ဒြေ

**ဘာဝိန္ဒြေ နှစ်ပါး**
- ဣတ္ထိန္ဒြေ
- ပုရိသိန္ဒြေ

www.burmeseclassic.com

www.burmeseclassic.com



**လောကုတ္တရာ က္ခန္ဓာ ရှစ်ပါး**

| **ဝိပဿနာ က္ခန္ဓာ ငါးပါး** | **အရိယာက္ခန္ဓာ သုံးပါး** |
|---|---|
| - သဒ္ဓိန္ဒြေ | - အနညာတညဿာမီတိန္ဒြေ |
| - ဝီရိယိန္ဒြေ | - အညိန္ဒြေ |
| - သတိန္ဒြေ | - အညာတာဝိန္ဒြေ |
| - သမာဓိန္ဒြေ | |
| - ပညိန္ဒြေ | |

လောကီက္ခန္ဓာ (၁၄) ပါး + လောကုတ္တရာ က္ခန္ဓာ (၈) ပါး = က္ခန္ဓာ (၂၂) ပါး

**ဖြစ်တာကို ဒုက္ခသစ္စာခေါ်တယ်**

အဲ **'သောတာပတ္တိမဂ်'**သိအောင် ဘယ်လိုလုပ်မတုံးလို့ဆိုတော့မှ 'မသိအပ်သေးတဲ့ က္ခန္ဓာ' ကိုသိအောင် **'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ အခုဆိုတာလည်း **'ကာမဘုံ'** ပဲ၊ အဲဒါမှလည်း ဖြစ်တာ၊ **'မျက်စိ'** က မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ **'နား'** ကကော (ဖြစ်ပါတယ်ဘုရား)၊ **'နှာခေါင်း'** ကကော (ဖြစ်ပါတယ်ဘုရား)၊ ဘယ်မှာဖြစ်သတုံး (ဘုံသုံးပါးမှာ ဖြစ်ပါတယ်ဘုရား)၊ **'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**။

ဖြစ်တာကို **'ဒုက္ခသစ္စာ'** ဆိုတော့ လူတွေ ဘာတွေရှိသေးသလား (မရှိတော့ပါဘူးဘုရား)၊ အဲဒီတော့လောဘရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲဒါ **'သမုဒယသစ္စာ'** ပယ်လိုက်တာပဲ၊ ရိပ်မိသွားရဲ့လား (ရိပ်မိပါပြီ ဘုရား)၊ ဖြစ်တာဟာ ဒုက္ခသစ္စာကိုး၊ မျက်စိက ဖြစ်တယ် မဟုတ်ဘူးလား (တင်ပ့ါဘုရား)။

**'ဘုံသုံးပါးမှာဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ ဘုံသုံးပါးဆိုတော့ ကာမဘုံကြီးပေ့ါ၊ ဖြစ်တာတွေက ဘယ်ကဖြစ်တုံးဆို **'မျက်စိ'**က ဖြစ်တယ်၊ ဘယ်ကဖြစ်တုံး (မျက်စိကဖြစ်ပါတယ်ဘုရား)၊ **'နား'**ကကော (ဖြစ်ပါတယ်ဘုရား)၊ **'မျက်စိ'** ကဖြစ်တယ်၊ ဖြစ်တာကို ဘာသစ္စာခေါ်တုံး (ဒုက္ခသစ္စာ ခေါ်ပါတယ်ဘုရား)၊ ဒါဆိုရင် လူတွေ ဘာတွေရှိသေးလား (မရှိပါဘူးဘုရား)၊ အဲ လူတွေ ဘာတွေလို့ မရှိတော့ဘူး၊ **'ဒိဋ္ဌိ'** ဆိုတဲ့အယူပေ့ါ၊ **'ဒိဋ္ဌိ ဝိစိကိစ္ဆာ'** မရှိဘူး၊ ဟုတ်ရဲ့လား (တင်ပ့ါဘုရား)၊ လူတွေရှိမှ **'ဒိဋ္ဌိ'** ရှိတယ် ဟုတ်ရဲ့လား (တင်ပ့ါဘုရား)၊ **'ဒုက္ခသစ္စာ'** ပါဆိုတော့ လူတွေရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲဒါ **'ဒုက္ခသစ္စာ'** သိတာပဲ၊ လူတွေမရှိတာကို ဒုက္ခသစ္စာသိတယ်၊ လူတွေရှိတော့ လောဘ မရှိဘူးလား (ရှိပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**ဒုက္ခသစ္စာဆိုတော့ လူမရှိတော့ဘူး**

**'လူမရှိသော စိတ်'၊ 'လူ'** ရှိတော့ ဘာဖြစ်သတုံး၊ **'သမုဒယသစ္စာ'** ဖြစ်တယ်၊ လူရှိတော့ ဘာသစ္စာဖြစ်တုံး (သမုဒယသစ္စာဖြစ်ပါတယ်ဘုရား)၊ အခု **'ဒုက္ခသစ္စာ'** ပါဆိုတော့ **'လူ'** ရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲဒီတော့ ဘာကုန်သွားတုံး (သမုဒယသစ္စာကုန်သွားပါတယ်ဘုရား)၊ **'သမုဒယသစ္စာ'** ကုန်သွားတယ်၊ **'လောဘ'** ကုန်သွားတယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ လောဘကုန်တော့ မငြိမ်းဘူးလား (ငြိမ်းပါတယ်ဘုရား)၊ အဲဒါ **'နိရောဓသစ္စာ'** ရောက်သွားတယ်၊ လောဘကုန်တော့ **'သမ္မာဒိဋ္ဌိ'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲဒါ **'မဂ္ဂသစ္စာ'** ပေါ့၊ ဒုက္ခသစ္စာတစ်ခုတည်းသိလိုက်လို့ရှိရင်ပဲ ဒို့ပြင်ဟာတွေ အကုန်လုံးသိသွားတယ်တဲ့၊ **'သစ္စာလေးပါး'** သိသွားတယ်။

**'အနညာတညဿာမိတိန္ဒြေ'၊ 'အနညာတံ** - မသိအပ်သေးသော သောတာပတ္တိမဂ်ဉာဏ်ကို၊ **ညဿာမိ** - သိအောင်အားထုတ်အံ့၊ **ဣတိ** - ဤသို့ဖြစ်သော ဣန္ဒြေသည်၊ **အနညာတညဿာမိတိန္ဒြေ** - အနညာတညဿာမိတိန္ဒြေမည်၏'၊ **'သောတာပတ္တိမဂ်ဉာဏ်'** ဆိုတော့ **'သစ္စာလေးပါး'** သိသွားတယ်၊ နောက်ကျတော့ကို လောဘတွေ၊ ရာဂ၊ ဒေါသတွေ နည်းသွားလိမ့်မယ်တဲ့၊ နောက်ကျတော့ **'ငြိကပ်ခြင်း'** မရှိဘဲ ဖြစ်သွားလိမ့်မယ်တဲ့၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ ဖြစ်တဲ့အရာဟာ ဒုက္ခသစ္စာဆိုတော့ကိုး ကဲလုပ်တာဘာတုံး၊ ဖြစ်တာမဟုတ်လား(တင်ပါ့ဘုရား)၊ နောက်လုပ်ချင်တာတွေ ပါးပါး သွားလိမ့်မယ်၊ အဲဒီတော့မှ **'သကဒါဂါမိမဂ်'** တွေဖြစ်တယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ အဲလို မှတ်ထားနော်။

**'ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**၊ အဲဒါလေး ဆိုဆိုပေး၊ အဲဒါ ဖြစ်တာကို **'ဒုက္ခသစ္စာ'**လို့၊ 'ငါ' ဖြစ်သလား မဖြစ်ဘူးလား မဖြစ်ဘူးဆိုတော့ **'နိရောဓသစ္စာ'** ရောက်သွားတာပေါ့၊ လူတွေလို့ ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ အဲလိုဟာ။

'တပည့်တော်တို့၏ ကုသိုလ်သည်'၊ အဲ ဆုတောင်းမတောင်းရပါဘူး ဆုတောင်းက နိဂုံးချုပ်တာ ခေါ်တာပါ၊ 'အနညာတညဿာမိတိန္ဒြေဟူသော၊ သောတာပတ္တိမဂ်ဉာဏ်အကျိုးငှာ ဖြစ်ပါစေသတည်း'။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



## "တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် တရားတော်"

၂၄. ၁၂. ၂၀၀၆

### ဝိညာဏ်၊ နာမ်၊ ရုပ်

**'နာမ်'**ကသိမ်မွေ့တယ်၊ **'ရုပ်'**ကသိလွယ်တယ်၊ **'နာမ်'**က အသိခက်တယ်၊ **'ရုပ်'**က သိလွယ်တယ်၊ ဒီ **'နာမ်ရုပ်'**နဲ့ပဲ ပဋိသန္ဓေနေသလားတဲ့၊ **'နာမ်ရုပ်'**၊ သိတာက **'နာမ်'**၊ ထိုင်တာတွေ သွားတာတွေ လှုပ်တာတွေက **'ရုပ်'**၊ ချောတာတွေ ကြမ်းတာတွေ ဖွဲ့တာတွေ ယိုတာရုပ် ခေါ်တယ်၊ 'သိလွယ်တာကရုပ် အသိခက်တာကနာမ်'၊ ဟော နာမ်က သိတော့သိတယ်၊ **'နာမ်ရုပ်'**။ **'နာမ်နဲ့ ကံ'**၊ ဒါက **'နာမ်'**၊ ဒါက **'ကံ'**၊ ပြောချင်တယ် ပြောချင်တယ်၊ ပြောတယ် ပြောတယ်၊ ဆိုတာက **'ဝစီကံ'**၊ စိတ်ကကြံတာက **'မနောကံ'**၊ ကိုယ်ကလုပ်တာက **'ကာယကံ'**၊ အဲဒီကျမှကွဲသွားတယ်၊ **'နာမ်နဲ့ကံ'**၊ ဟော **'ကံ'**ကလည်း **'စေတနာ'**ပဲ၊ **'နာမ်'**ကလည်း **'နာမ်တရား'**ပဲ၊ လှည့်ချင်တယ်။ ယားတယ် ဝေဒနာ၊ ယားတော့ကုတ်ချင်တယ်၊ ဖျောက်ချင်တယ်၊ ယားတော့၊ ဝေဒနာ၊ ကုတ်ချင်တယ်၊ **'နာမ်'**က ဖြစ်လာတယ်၊ ကုတ်ချင်တယ်၊ ကုတ်လိုက်တယ်။ နာမ်ကဖြစ်တဲ့ဟာ၊ နာမ်နှင့်ကံ၊ **'နာမ်'**က တစ်ခါတည်း **'တဏှာ'**၊ လိုချင်တာလည်း နာမ်ကဖြစ်တာ။ **'တဏှာ၊ ဥပါဒါန်'**၊ **'အစွဲအလမ်း'** ဆိုတာလည်း နာမ်ကဖြစ်တာပဲ၊ နာမ် ဟော တဏှာ ဥပါဒါန်။

**'ကံ'** ဆိုတာလည်း အဲဒီနာမ်ကပဲ နာမ်ပဲ၊ နာမ်အုပ်စု **'ဝိညာဏ်'**ကလည်း နာမ်ပဲ၊ ဝိညာဏ်ကသိတဲ့ဟာ ကြားတာ၊ မြင်တာ၊ အဲဒါတွေက**'နာမ်'**၊ **'နာမ်'**ဆိုရင် အဲဒီဟာ သိရတယ်၊ **'ဝိညာဏ်'**ကလည်း နာမ်၊ ကြားတာမြင်တာတွေ နာမ် ဝိညာဏ်နာမ်၊ ကြားတာ၊ မြင်တာ၊ စိတ်ကူးတာ၊ နံတာ၊ ပေါင်နဲ့လက်နဲ့ထိတာ၊ အဲဒါ ထိတာက **'ရုပ်'**၊ သိတာက**'နာမ်'**၊ လက်လက်ချင်းက မသိဘူး-ရုပ်၊ မသိတာက **'ရုပ်'**၊ သိလိုက်တာက **'နာမ်'**၊ **'နာမ်နဲ့ ရုပ်'**၊ **'ဝိညာဏ်၊ နာမ်'**၊ ရုပ်မထည့်နဲ့အုံး၊ ဝိညာဏ်ရယ်၊ နာမ်ရယ်၊ ဖဿရယ်၊ ဝေဒနာရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ်၊ ကံရယ် ဒါက **'နာမ်အုပ်စု'**၊ ဝိညာဏ်ရယ်၊ နာမ်ရယ်၊ ဖဿရယ်၊ ဝေဒနာရယ်၊ တဏှာရယ်၊ ဥပါဒါန်ရယ်၊ ကံရယ်၊ ခုနစ်ခု၊ **'ရုပ်'** ကတစ်ခု၊ ရုပ်တစ်ခုနှင့်နာမ်ခုနစ်ခု၊ ပေါင်းရှစ်ခု၊ ပစ္စုပ္ပန်မှာ ရှစ်ခု၊ ဝိညာဏ်ရယ်၊ ဝိညာဏ်က မြင်တာတွေ၊ ကြားတာတွေ၊ နံတာတွေ၊ ထိတာတွေ၊ ဝမ်းထဲက ကြံတာ သိတာတွေ အဲဒါ **'ဝိညာဏ်'**၊ **'နာမ်'**၊ ဟော **'နာမ်'**က ဖဿတို့၊ ဝေဒနာတို့၊ တဏှာတို့၊ ဥပါဒါန်တို့၊ ကံတို့ အဲဒါကနာမ်၊ ဝိညာဏ် ဟော ဝိညာဏ်က သိတဲ့ဟာ၊ ထိုင်တာလည်း သိတယ်၊ နှာခေါင်းလေထွက်တာလည်း သိတယ်၊ ထိတာလည်း သိတယ်၊ ဘာမှတိုသိတယ်

www.burmeseclassic.com



သူက **'ဝိညာဏ်၊ 'နာမ်'**၊ နာမ်က ဖဿတို့ ဝေဒနာတို့ ဟော **'သညာ'**လည်း နာမ်ပေါ့၊ **'တဏှာ'** ကလည်း နာမ်ပဲ၊ **'ဥပါဒါန်'**ကလည်း နာမ်ပဲ၊ **'ကံ'** ကလည်း နာမ်ပဲ၊ ကံက စေတနာရတယ်၊ **'ဥပါဒါန်'**က ဒိဋ္ဌိပဲ၊ **'တဏှာ'**က လောဘရတယ်၊ **'ဝေဒနာ'**က ခံစားတာရတယ်၊ **'ဖဿ'**က အာရုံနဲ့တွေ့တာရတယ်၊ 'ဝိညာဏ်၊ နာမ်'၊ ရုပ်က ထွက်လေ ဝင်လေတို့ ထိုင်တာတို့ သွားတာတို့ လှုပ်တာတို့ **'နာမ်အုပ်စု'** က ဝိညာဏ်၊ နာမ်၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံဆိုပြီး အဲလို ကံထိအောင် ခုနစ်ခုရတယ်။ **'ရုပ်'**ကတော့ နာမ်မှတစ်ပါး သွားတာလာတာတွေပေါ့၊ ကူးတာ ဝိညာဏ်၊ ဝိညာဏ် နာမ် ဖဿ ဝေဒနာ တဏှာ ဥပါဒါန် ကံ အဲဒါက **'ဝိညာဏ်၊ နာမ်၊ ရုပ်'**က မျက်စိတို့၊ နားတို့၊ နှာခေါင်းတို့၊ လျှာတို့၊ အဲ ကိုယ်တို့၊ ဟဒယဝမ်းထဲက ဟဒယနှလုံး **'ရုပ်'**၊ အဲဒီအပေါ်မှာ ဖြစ်တာက **'နာမ်'**၊ **'နာမ်နဲ့ရုပ်'**၊ အဲလိုသိတယ် **'နာမ်'**၊ ထိုင်တယ် **'ရုပ်'**၊ အဲဒီ နာမ်ရုပ်တို့၊ ဖဿတို့၊ ဝေဒနာတို့၊ တဏှာတို့၊ ဥပါဒါန်တို့၊ ကံတို့ကို ခုလို **'သတ္တဝါ'**လို့ ဖြစ်သွားတယ်။

### အကြောင်းက ငါးခု၊ အကျိုးက ငါးခု

တဏှာရယ်၊ ဥပါဒါန်ရယ်၊ ကံရယ်၊ အဲဒါက **'လူ'**ဘက်ကို ရောက်သွားတယ်၊ တဏှာ၊ ဥပါဒါန်၊ ဖဿ၊ ဝေဒနာ နာမ်တွေ၊ ပဋိစ္စသမုပ္ပါဒ်အနေနဲ့ခွဲတာ **'ပစ္စုပ္ပန်'**မှာ ရှစ်ပါးရတယ်၊ **'နာမ်ရုပ်'** ရောထည့်ရင် ရှစ်ပါးရတယ်၊ **'မဇ္ဈေ အဋ္ဌ'**၊ **'ပစ္စုပ္ပန္နော အဒ္ဓါတိ တယောအဒ္ဓါ၊ မဇ္ဈေအဋ္ဌ'**ရတယ်။ အဋ္ဌက ဝိညာဏ်က စရေရတယ်၊ အကျိုးငါးခု-ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ၊ အကြောင်းသုံးခု-တဏှာ၊ ဥပါဒါန်၊ ကံ၊ အဲဒီရှစ်ခုရတယ်၊ အကျိုးကငါးခု၊ အကြောင်းကသုံးခု၊ ရှစ်ခုထဲမှာဆိုရင် ပေါင်းလိုက်တော့မှ၊ အကျိုးက ငါးခု၊ အကြောင်းက ငါးခု၊ ဟော ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတာ၊ ဝေဒနာထိအောင် အဲဒါ အကျိုး ငါးခု၊ အဝိဇ္ဇာရယ် တဏှာရယ် ဥပါဒါန်ရယ် ကံရယ် သင်္ခါရတစ်စိတ်ရယ်ပေါ့၊ အဲဒီငါးခု အကြောင်းငါးခု ထွက်သွားတယ်။ သိတာက **'နာမ်'**၊ နူးညံ့တာက **'နာမ်'**၊ သိမ်မွေ့တာက **'နာမ်'**၊ သိလွယ်တာက **'ရုပ်'**၊ သူတို့ **'ဩဠာရိကရုပ်'**လို့ခေါ်တယ်၊ ထိုင်တာတွေ သွားတာတွေ လှုပ်တာတွေ ရှိုးတာတွေ၊ **'နာမ်'**ကသိမ်မွေ့တယ်၊ ဒါ့ကြောင့် **'သိတယ် သိတယ်'**နဲ့၊ စွန်းလွန်းဆရာတော်လို **'သိတယ် သိတယ်'** နဲ့ လုပ်ပါများတော့ သိတယ်ကိုသိသွားတယ်၊ **'သိတယ် သိတယ်'**ဆိုတာ အရာရာမှာ သိတယ်၊ **'အရာရာမှာ သိသည့်ဟာ ခန္ဓာဝိညာဏ်မှတ်'** ဆိုတော့ ခံစားတာလည်း **'သိတယ်'**၊ စွဲလမ်းတာလည်း **'သိတယ်'**၊ အရင်တုန်းက သိတာက ခံစားတာကို သိတယ်၊ စွဲလမ်းတာတွေ

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ မသိဘူး၊ သိပေးရတယ်၊ သိမှသိတယ် သိတယ်နဲ့၊ အဲလို ထွက်လေလည်း **'သိတယ်'**၊ ဝင်လေလည်း **'သိတယ်'**၊ ကားကွေ့မယ်ဆိုလည်း မောင်းတယ်၊ ဖြည်းတယ်ဆိုတာ **'သိတယ်'**၊ နှေးတယ်လို့လည်း **'သိ'**၊ မြန်တဲ့ဟာလည်း **'သိ'**၊ သူက အရာရာသိရတာကိုး၊ စိတ်ဆိုးတာလည်း **'သိ'**၊ စွဲလမ်းတာလည်း **'သိ'**၊ ခံပြင်းတာလည်း **'သိ'**၊ အကုန်လျှောက်သိရတယ်၊ လက်က နွားစာစဉ်းလည်း **'သိ'**၊ ရေခပ်တယ် ရေထမ်းတယ်လည်း **'သိ'**တာပဲ၊ ထမ်းပိုးကိုင်တယ်လည်း **'သိတယ်'**၊ စွန်းလွန်းဆရာတော်ကြီးသိတာ ရေခပ်တယ်၊ သူက တောင်သူ လုပ်တာကိုး၊ တောင်သူလုပ်သမျှတွေ အကုန် **'သိ'**၊ မရွှေရီကြီး ဆူအောင့်တာလည်း **'သိ'**၊ သူတရားထိုင်နေရင် တစ်ခါတည်း ကြမ်းတွေကို ကုတင်ပေါ်ကကြမ်းတွေကို ဆွဲဆွဲနုတ်၊ ကြမ်းလေး နည်းနည်းလေး နဲ့လည်း ပေထိုင်နေတာပဲ၊ ဘာပြုလို့နုတ်တုံးဆိုတော့ ထရိုက်အောင်လို့၊ စိတ်ဆိုးအောင်လို့ လုပ်တာ ဒကာမကြီးက၊ ထရိုက်အောင်လို့ လုပ်တယ်တဲ့၊ 'မရိုက်ပါဘူးဗျာ' ဒကာကြီးက ပြောတယ်၊ 'မရိုက်ပါဘူးဗျာ'၊ နွားချည်ထားရက်သားနဲ့ 'ဟော နွားကြီးလွတ်သွားပြီ၊ လုပ်ပါအုံး လုပ်ပါအုံး' နဲ့ တစ်ခါတည်း ထိုင်ရာက ထရသေး၊ ထပြီး နွားကြီးသွားပြီးတော့ ချည်ထားရ သေးတယ်၊ ဒကာမကြီးကြောင့် လုပ်ရတဲ့အလုပ်တွေ၊ အဲဒါတွေကလည်း **'သိတယ်'**။

**အရာရာမှာ သိသည့်ဟာ ခန္ဓာဝိညာဏ်မှတ်**

**'အရာရာမှာ သိသည့်ဟာ ခန္ဓာဝိညာဏ်မှတ်'** ဆိုတော့ သူကသိတဲ့ဟာ ဝိညာဏ် **'ဝိညာဏက္ခန္ဓာ'**လို့ ကောက်တယ်၊ **'ငါ'**လို့ မကောက်ဘူး၊ အဲလို ကွာသွားတယ်၊ **'သိတယ်'** **'သိတယ်'**လို့ ဆိုရတယ် ကားမောင်းရင် **'သိတယ်'**၊ လှည့်ရင် **'သိတယ်'**၊ မြန်ရင်လည်း **'သိတယ်'**၊ ဘရိတ်အုပ်တာလည်း **'သိတယ်'**၊ ကားရှေ့က ဖြတ်မောင်းတာလည်း **'သိတယ်'**၊ ကိုယ့်နားတိုက် သွားမယ့် လုပ်တာလည်း **'သိတယ်'**၊ သိရုံတင်သိတာရယ်၊ စိတ်မဆိုးဘူး၊ အဲ ကားမောင်းရင်း မတ်တတ်တရားရတာ၊ ဒါတောင်မှ ကားမောင်းတယ်၊ ကားမောင်းတယ်၊ ကားမောင်းတယ်၊ **'သိတယ်'**၊ မြန်တာလည်း **'သိတယ်'**၊ ဘရိတ်အုပ်တာလည်း **'သိတယ်'**၊ အနားကပ်ပြီးမောင်းပြီး ကျော်တက်တာလည်း **'သိတယ်'**၊ မပြင်းဘူး၊ ကားကို ကွေ့ပြီးတော့ ကိုယ့်ရှေ့ကဖြတ်ထိုးပြီးတော့ ဟိုဘက်ကွေ့လိုက်တယ်၊ ကံကောင်းလို့ မတိုက်မိတယ်၊ ဒါလည်း **'သိတယ်'**၊ စိတ်မဆိုးဘူး၊ စိတ်ဆိုးရင်လည်း **'သိတယ်'**၊ အဲ စိတ်မဆိုးဘဲ သိရုံပဲသိနေတယ်ဆိုရင် **'ဝိညာတေ ဝိညာတမတ္တံ'**၊ **'ဝိညာတေ** - သိသည်ရှိသော်၊ **ဝိညာတ မတ္တံ** - သိခါမျှသည်၊ **ဘဝိဿတိ** - ဖြစ်လတ္တံ့' ဆိုတော့ **'သိရင် သိခါမျှ'** ဖြစ်လို့ရှိရင် အဲဒါ တရားရတာ၊ ကားမောင်းရင်းတရားရတယ်၊ မြွေတွေတာတွေကို

www.burmeseclassic.com

www.burmeseclassic.com



မနင်းရဘူး၊ တောတွေမှာ မြွေတွေက ဖြတ်ဖြတ်ကူးတယ်၊ ခွေးတွေကူးတယ်၊ ကားရပ်ပြီး ထားရတယ်၊ မောင်းတယ် **'သိတယ်'**၊ မဆိုးရဘူး၊ ပါဏာတိပါတတွေ မလုပ်ရဘူး၊ အဒိန္နာဒါနာတွေ သူက မီးပွိုင့်တို့ဘာတို့ ကျော်မတက်ရဘူး၊ သူက မီးတိုင်တွေကို သွားမတိုက်ရဘူး၊ အဲဒါ **'သိတယ်'**၊ ကားမောင်းရင်းမတ်တတ်၊ အလုပ်လုပ်ရင်လည်း ဘယ်သူကဘယ်လောက်ပေးရမယ် **'သိတယ်'**။

**စိတ်မဆိုးရင် တရားရတယ်**

စွန်းလွန်းဆရာတော်ကြီးလည်း သူက လူ့ဘဝတုန်းက ရေခပ်တာဆိုတော့ ရေခပ်တာ ငင်တာ **'သိတယ်'**၊ လောင်းတာ **'သိတယ်'**၊ နွားစာစဉ်းတာ **'သိတယ်'**၊ နွားတွေကျွေးတာ နယ်ဖတ်ကျွေးတာ **'သိတယ်'**၊ လွတ်သွားတာ **'သိတယ်'**၊ အထွန်သွားတာ **'သိတယ်'**၊ ပျိုးကြဲတာ **'သိတယ်'**၊ ပြန်လာတာ **'သိတယ်'**၊ ထမင်းဆာတာ **'သိတယ်'**၊ နွားတွေကျွေးဖို့ **'သိတယ်'**၊ မရွှေရီကြီးက တစ်ခါတည်း ကြမ်းတွေဆွဲနုတ်တာ **'သိတယ်'**၊ မရိုက်ဘူး၊ စိတ်မဆိုးဘူး၊ အဲဒီလိုစိတ်မဆိုးရင် တရားရတယ်။ ကားမောင်းရင်လည်း ဒီလိုပဲ ဒကာမကြီးတို့ ဈေးဝယ်ထွက် စိတ်မဆိုးဘူး ဆိုလို့ရှိရင် စိတ်ဆိုးတာက **'ဥပါဒါန်'** ဖြစ်သွားတယ်၊ စိတ်မဆိုးဘူးဆိုတော့ **'တဏှာ၊ ဥပါဒါန်'** မရှိတော့ဘူး၊ အလွယ်လေးပဲ အိမ်နေရင်းလည်း ဒီလိုပဲ၊ ကလေးတွေဆူတယ်၊ လှေကားပေါ် ဝုန်းဝုန်းတက်တယ်၊ **'သိတယ်'**လို့ပဲဆိုရတယ်၊ စိတ်မဆိုးဘူးဆိုရင် အိမ်နေရင်းလည်း **'စိတ် မဆိုးရင်'** တရားရတယ်၊ ဒါ့ကြောင့်---

**စိတ်ဆိုးစိတ်ညစ် ကိုယ့်ကြောင့်ဖြစ် ပယ်ပစ် သူတကာ**

**စိတ်ညစ်ပယ်ချိုး စိတ်မဆိုး ရောက်ရိုးနိဗ္ဗူတာ**။

အဲဒါ **'သိတယ်'၊ 'သိတယ်'**ဆိုတာနဲ့ **'သိကမ္မဋ္ဌာန်း'**ခေါ်တယ်၊ **'ထိ သိ ကမ္မဋ္ဌာန်း'** ခေါ်တယ်၊ **'ထိတာ'**က ဖဿ၊ **'သိတာ'**က ဝိညာဏ်၊ ထိတာက ဘာတုံး (ဖဿပါဘုရား)၊ သိတာက ဘာတုံး (ဝိညာဏ်ပါဘုရား)၊ စိတ်မဆိုးရင် **'ပဋိစ္စသမုပ္ပါဒ်'** ပြတ်သွားတယ်၊ တဏှာကနေဖြတ်လိုက်တာ၊ တဏှာ ဥပါဒါန်က ဖြတ်တာ အဲလိုပြတ်သွားတယ်၊ အိမ်နေရင်းမတ်တတ် **'ပဋိစ္စသမုပ္ပါဒ်'** ပြတ်တယ်၊ **'ထိတာ'**နဲ့ **'သိတာ'**ပဲ၊ လှေကားပေါ် ဒုန်းဒုန်းတက် ဟို ကလေးချင်း ရန်ဖြစ်တယ်၊ ရန်ဖြစ်တော့ ကိုယ့်နားထဲ လာထိတာပဲ၊ **'ကြားတယ်'**ဆိုတာ **'ထိတာ'**ခေါ်တယ်၊ 'သိတယ်' - **'ထိတယ်'၊ 'သိတယ်'**၊ အဲ စိတ်မဆိုးဘူး၊ လက်ကလေးဆွဲတဲ့ပြီးတော့ ဖင်ပိုလေး 'ဘန်း' ဆို မရိုက်လိုက်ဘူး၊ အဲ အဲလို ဆိုလို့ရှိရင် ဥပါဒါန်မဖြစ်တော့ဘူး၊ တဏှာ ဥပါဒါန်က

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးတာနဲ့ ရိုက်တာကို၊ ရိုက်တာက **'ကံ'** ဖြစ်သွားတယ်၊ ဆဲရင်လည်း **'ကံ'** ဖြစ်၊ စကားပြောရင်လည်း **'ကံ'**ဖြစ်သွားတယ်၊ အဲဒီထဲတွင် ခွဲရတယ်၊ အဲဒီထဲမှာ ဆိုးတာက စိတ်ဆိုးတာ ဒေါသဖြစ်တာရယ်၊ ရိုက်တာက **'ကံ'** ဖြစ်တာ၊ ဆဲတာက **'ကံ'** ဖြစ်တာရယ်၊ အဲ **'ဥပါဒါန်နဲ့ ကံ'** မဖြစ်ဘူးဆိုရင် အိမ်နေရင်း မတ်တတ်တရားရတယ်၊ သို့မို့တရားထဲသွားပြီးတော့ အဲဒါ အိမ်ပြန်လာတော့ တစ်ခါတည်း တရားကမရပြန်ဘူး၊ အဲဒီတော့ **'ပဋိစ္စသမုပ္ပါဒ်'** ထဲတင် ဝိညာဏ်ရယ်၊ နာမ်ရုပ်ရယ်၊ သဠာယတနရယ်၊ ဖဿရယ်၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံ။

**နာမ်ရုပ်က ကံကိုဖြစ်စေတယ်**

ဟော **'တဏှာ၊ ဥပါဒါန်၊ ကံ'** မဖြစ်ဖို့ပဲ၊ ဟိုဟာကကျတော့ သိတယ် သိတယ်နဲ့သွား၊ **'တဏှာ ဥပါဒါန် ကံ'** က အဲဒါ **'ကံ'**ကတော့ရိုက်တယ်ပေါ့၊ ရန်ဖြစ်တယ်၊ **'တဏှာ ဥပါဒါန်'**က ကံဖြစ်သွားတယ်၊ ဒီ **'နာမ်ရုပ်'**က **'ကံ'**ကို ဖြစ်စေတယ်တဲ့၊ **'သိတာကနာမ်၊ ထိုင်တာကရုပ်'**၊ 'အရှင်ဘုရား ဒီနာမ်ရုပ်က ပဋိသန္ဓေနေသလား' တဲ့ဆိုတော့ ဒီနာမ်ရုပ်က ကံကိုဖြစ်စေတယ်၊ ဒီနာမ်ရုပ်ကဘာတုံး (ကံကိုဖြစ်စေပါတယ်ဘုရား)၊ အဲဒီကံကနေပြီးတော့ ပဋိသန္ဓေသွားဖြစ်တယ်တဲ့၊ **'ကံ'**မဖြစ် ရင် **'နာမ်ရုပ်'**တင်ပဲနေတယ်၊ 'ကံ မဖြစ်သေးဘူးဆိုလို့ရှိရင် ပဋိသန္ဓေ မနေတော့ဘူး'၊ အဲ အဲလို ခွဲခြမ်းရတယ်၊ မြင်တယ် မြင်တယ် ဟော မြင်တယ်ဆိုပြီးတော့ ဒကာမကို မြင်တယ် ဒကာကို မြင်တယ်၊ **'မြင်တယ်'**၊ **'မြင်တယ်'**၊ မြင်တာတင်နေရင် အဲဒါ **'နာမ်ရုပ်'**ပဲ၊ သားစိတ်မယားစိတ်ကူးလိုက်တယ်ဆိုလို့ရှိရင် အဲဒါ **'ကံ'** စိတ်ဖြစ်သွားပြီ၊ နာမ်ကနေ **'ကံ'** သွားဖြစ်တယ်။

**'တဏှာ၊ ဥပါဒါန်၊ ကံ'**၊ အဲလို မဖြစ်ဘူးဆိုလို့ရှိရင် အဲဒီနားတင်တရားရတယ်၊ ကားမောင်းရင်း ဘာရင်း မတ်တတ် ရှေးတုန်းကဒီလိုပဲ၊ တရားဟောလိုက်တယ်၊ ဟောလိုက်တယ်ဆိုလို့ရှိရင် **'တဏှာ၊ ဥပါဒါန်၊ ကံ'** မဖြစ်ဘူး၊ တရားရတယ်၊ **'တဏှာ၊ ဥပါဒါန်၊ ကံ'**၊ ဖြစ်တယ် မဖြစ်ဘူးဆိုတာက ကိုယ့်ဟာကိုယ် သိတယ်၊ **'ကံ'**ဆိုတာက 'အဟောသိကံ' လိုပဲ၊ 'ပြောကာမတ္တ' လေးရယ်၊ သူ့ထဲမှာ ဆဲချင်တာတွေ ဘာတွေ အကုသိုလ်မပါဘူး၊ အဲ ကံပေမယ့် **'တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည်'** - တဏှာ ဒိဋ္ဌိတို့ကပ်မှ ကံဖြစ်တယ်။

**'တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည်'**၊ **'ကံ'**ဆိုတာ တဏှာ ဒိဋ္ဌိကပ်မှ ကံဖြစ်တယ်၊ **'တဏှာ ဒိဋ္ဌိ'**မပါရင် ကံမဖြစ်ဘူး၊ ကံမဖြစ်ရင်အကျိုး သူတစ်ပါးသတ်တယ် ဘာတယ်ဆိုတာကလည်း တဏှာဒိဋ္ဌိ၊ အဲဒီ **'တဏှာ ဒိဋ္ဌိ'** ဘာပြုလို့ဖြစ်သတုံးဆိုတော့ မြင်လို့ဖြစ်တယ်၊ ဘာပြုလို့ဖြစ်တုံး (မြင်လို့ဖြစ်ပါတယ်ဘုရား)။ မြင်တာက အာရုံပြုလို့ မြင်တာ။

www.burmeseclassic.com

www.burmeseclassic.com



**တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည်**

**'အာရုံပြုသောအားဖြင့် တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည်'**၊ အဲဒီ **'အာရုံ'** ပြုမှ ကားမောင်းသွားတယ်၊ သူတကာ့ကားကျော်တက်သွားတယ်ဆိုရင် အဲလို **'အာရုံ'** ပြုလို့ **'ကံ'** ဖြစ်သွားတယ်၊ **'တဏှာ ဒိဋ္ဌိ'** ဖြစ်သွားတယ်၊ သူ့ကား ကိုယ့်ကား ဖြစ်သွားတယ်၊ သူ့ကား ကိုယ့်ကားဆိုတာက **'တဏှာ ဒိဋ္ဌိ'**၊ **'အာရုံ'** ပြုလိုက်တယ်၊ သူ့ကားက ရှေ့က ဖြစ်သွားတယ်၊ ကျော်တက်သွားတယ်၊ အဲဒါ အာရုံပြုတာ၊ **'အာရုံပြုသောအားဖြင့် တဏှာ ဒိဋ္ဌိတို့သည်'**၊ အဲဒါ သူ့ကား ကိုယ့်ကား ဖြစ်သွားတယ်၊ သူမရှိရဘူး 'I and You' ပဲ သူကိုယ်ဆိုတာ 'I You' ပဲ၊ 'I and You' ပဲ၊ ငါနဲ့ ငါမြင် တယ်၊ I and Youပဲ၊ I နဲ့ you မရှိရဘူး။

**'မျက်စိကမြင် မနှိုင်းယှဉ် ဤတွင်တရားရ'**၊ သူ့ကား ကိုယ့်ကား မလုပ်တာကို **'မနှိုင်းယှဉ်ဘူး'** လို့ခေါ်တယ်၊ သူ့ကား ကိုယ့်ကားလုပ်ရင် **'နှိုင်းယှဉ်တယ်'**ခေါ်တယ်၊ သူ့ကားက ကျော်တက်တယ်၊ ဘေးကဖြတ်ပြီးတော့ ရှေ့က ဖြတ်ကူးလိုက်တယ်၊ သူကမြန်တာကိုး၊ ဒီက နှေးနှေးလေးမောင်းနေတာ၊ ဟိုကလည်း လွတ်လိမ့်မယ် ထင်ပြီးတော့ တစ်ခါတည်း ဖြတ်ချလိုက်တာ ဝုန်းဆိုကွေ့လိုက်တာ တစ်လှည့်တည်းလှည့်ရတာ၊ အင်း ဒီကတော့ အိအိ အိအိနဲ့ မောင်းတုန်း ဟိုကဖြတ်ကူးသွားတယ်၊ အဲဒီမှာ စိတ်ဆိုးတာ၊ သူ့ကားကဖြတ်ကူးတယ်၊ ငါ့ကားကို တိုက်မိလို့ရှိရင်ကွာ ဘာကွာနဲ့ အဲဒီလို သူ့ကား ကိုယ့်ကားလို့ **'နှိုင်းယှဉ်'** သွားလို့။

**'မျက်စိကမြင် မနှိုင်းယှဉ်'**၊ **'မနှိုင်းယှဉ်ဘူး'** ဆိုတာ သူ့ကား ကိုယ့်ကားလို့ မနှိုင်းယှဉ်ဘူးလို့ ခေါ်တယ်၊ ဖြတ်ကျော်တက်တာလည်း မဟုတ်ဘူး၊ ဟို **'ဝါယော'** ပဲ၊ **'ရုပ်'**ပဲ၊ **'နာမ်ရုပ်'** ဘာတုံး (နာမ်ရုပ်ပါဘုရား)၊ နာမ်ရုပ်ဖြစ်တာ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ **'အသိ'** က လိုက်လိုက်ရတယ်၊ ဒါ့ကြောင့် **'သိတယ်၊ သိတယ်'** နဲ့ စွန်းလွန်းဆရာတော်ကြီးက နွားကျောင်းရင်း၊ ယာထွန်ရင်း မတ်တတ်၊ အဲဒီလို အနာဂါမ်ဖြစ်သွားတယ်၊ အနာဂါမ်ဖြစ်ပြီး 'မောင်ရင်ပေါ်ချောက်' ရောက်တော့မှ ရဟန္တာဖြစ်သွားတယ်၊ **'လူ'** တည်းကကိုက အနာဂါမ်ဖြစ်တယ်၊ ဒကာကြီး တို့လည်း စိတ်မဆိုးရင် အနာဂါမ်ဖြစ်တယ်၊ ဒကာမကြီးတွေကို ချစ်တယ် မုန်းတယ်။ အဲ ဥပေက္ခာ သိရတယ်၊ ချစ်ချင်ရင် **'သိတယ်၊ သိတယ်'** နဲ့ အဲဒီလိုလုပ်၊ ကဲ --- တော်ကြအုံးစို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



## “အာရုံခြောက်ပါးတွင် မနှစ်သက်လျှင် ဤတွင် ပဏ္ဍိတ တရားတော် ”

၂၅. ၁၂. ၂၀၀၆

**နာမ်ကညွတ်တယ်**

ဟို အနိစ္စ၊ ဥဒယ ဝယ နားကြားပြီးတော့ **‘ဥဒယ’** က ဖြစ်တာ **‘ဝယ’**က ပျက်တာ၊ အဲဒါ **‘အဒ္ဓုဝ’**၊ **‘အဒ္ဓုဝ’** ဆိုတာ မမြဲတာ၊ **‘ဥဒယ**-ဖြစ်တာ’၊ **‘ဝယ**-ပျက်တာ’၊ **‘ဥဒယ’**က ဖြစ်တာ သိတဲ့ဉာဏ်၊ **‘ဝယ’**က ပျက်တာသိတဲ့ဉာဏ်၊ ထွက်တဲ့လေနဲ့ သိတာနဲ့ **‘နာမ်ရုပ်’**၊ ထွက်တဲ့လေက **‘လေ’**၊ သိတာက **‘နာမ်’၊ ‘နာမ်ကညွတ်တယ်’**၊ ထွက်လေဝင်လေဆီ ညွတ်တယ်၊ ဖောင်းတယ် ပိန်တယ် ဗိုက်ဆီညွတ်တယ်၊ ခြေသည်းလေးတွေ၊ ခြေသည်း လက်သည်း အဲလိုဆို ဆိုကြည့် ညွတ်မှန်းသိရတယ်၊ သွား၊ ဟော အဲဒါ နာမ်ကလေးတွေ ညွတ်တာပဲ၊ လက်သည်း၊ သွား၊ အရေ၊ ဟော အရေရောက်ရင် ခြေသည်း လက်သည်းက နာမ်တွေ မရှိတော့ဘူး၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ ခြေသည်းဆိုတာ **‘နာမ်’** က ညွတ်သွားတယ် ရောက်သွားတယ်၊ **‘စိတ်’**က ရောက်သွားတယ်၊ အဲဒါ ဝိတက်ကလေးတွေပေါ့၊ ဝိတက် ဝိစာရလေးတွေ၊ ခြေသည်း၊ သွား၊ အရေ၊ ထိုင်တယ်၊ ထိတယ်၊ ထိတဲ့နေရာလေး ရွှေ့ပေးရင်လည်း အဲဒါညွတ်တာ၊ ထိတယ် ပခုံးထိတယ်၊ လက်မောင်းထိတယ်၊ တတောင်ဆစ်ထိတယ်၊ လက်ဖျားထိတယ်၊ **‘ထိတယ်၊ သိတယ်’**၊ အဲဒါလေးတွေက **‘အနိစ္စ’**ကလေးတွေပေါ့၊ ဝိပဿနာ သို့မဟုတ်လို့ရှိရင်လည်း ရင်ချို့၊ ရင်ချို့ထားတယ်ဆိုရင်လည်း လှုပ်လှုပ် လှုပ်လှုပ်နဲ့။

**လက်ပံတန်းရင်ချို့ စိတ်ကိုစိုက် ရှုလိုက် ဓာတ်တရား**

**ဒွတ္တိံသာစုံ ရတနာပုံ၊ ကြည့်ရှုံ ဝေဘူထား။**

**‘ကြည့်ရှုံဝေဘူထား’**၊ ဝေဘူကတော့ ကြည့်ရှုံကလေးလုပ်နေတာနဲ့ ထွက်လိုက် မွေးကတည်းက ဟာ ထွက်လိုက် ဝင်လိုက်၊ ဝင်တာ သိတယ်၊ အဲဒီ ဝင်တာတွေ ထွက်တာတွေက ဖြစ်တာတွေ ပျက်တာတွေက နှိပ်စက်တာကို **‘ဒုက္ခ’**လို့ ခေါ်တယ်၊ မနှိပ်စက်ပါနဲ့လို့ ဆုတောင်းလို့ မရဘူး၊ အဲဒါ **‘အနတ္တ’** လို့ခေါ်တယ်၊ မိလိန္ဒမင်းကြီးက အရှင်နာဂသိန်ကို ‘အရှင်ဘုရား နိဗ္ဗာန်ကို ဘယ်လိုလုပ်ရမတုံး’၊ **‘နိရောဓောနာမ နိဗ္ဗာနံ’၊ ‘နိရောဓော-** ချုပ်ခြင်းသည်၊ **နိဗ္ဗာနံနာမ-** နိဗ္ဗာန်မည်၏**’**တဲ့၊ ‘အရှင်ဘုရား ချုပ်ခြင်းသည် နိဗ္ဗာန်မည်တယ် မဟုတ်ပါလားဘုရား’တဲ့၊ **‘ထွက်လေ’** ချုပ်သွားတယ်၊ **‘သိတာလေး’** ချုပ်သွားတယ်၊ အဲဒါ **‘ဘင်’** ကချုပ်တာ၊ **‘နိရောဓော နိရောဓသစ္စံ’**၊ **‘နိရောဓော** -ချုပ်ခြင်းသည်၊ **နိရောဓသစ္စံ -** နိရောဓသစ္စာ မည်သလော’ဘင်က ချုပ်တာ၊ ချုပ်တာသာမည်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**အပြင်အာယတန အတွင်းအာယတန**

'လူမိုက်တွေ' ဟာတဲ့၊ **'အဇ္ဈတ္တိကာယတန ဗာဟိရာယတန-** အဇ္ဈတ္တိက ဗာဟိရ ဖြစ်ကုန်သော၊ **အာယတနေ** - အာယတနတို့၌' တဲ့၊ အတွင်းကဖြစ်တာ **'အဇ္ဈတ္တိက'** ခေါ်တယ်၊ အပြင်ကဖြစ်တာ **'ဗာဟိရ'** ခေါ်တယ်၊ အဲဒီအာယတနတို့၌တဲ့၊ **'အဇ္ဈတ္တိက ဗာဟိရ'** နှစ်ပါး၊ အဇ္ဈတ္တိက က ခြောက်ပါး၊ ဗာဟိရကလည်း ခြောက်ပါးဆိုတော့ ဆယ့်နှစ်ပါး၊ အဲဒါ အာယတန ဆယ့်နှစ်ပါးခေါ်တယ်၊ အဲဒါတို့၌ **'အဘိနန္ဒတိ** - အလွန်နှစ်သက်တယ်' တဲ့။ အာယတန ခြောက်ပါး - အပြင်ခြောက်ပါး အတွင်းခြောက်ပါး ၊ **'အပြင်'** က ရူပါယတန၊ သဒ္ဒါယတန၊ ဂန္ဓာယတန၊ ရသာယတန၊ ဖောဋ္ဌဗ္ဗာယတန၊ ဓမ္မာယတနလို့ခေါ်တယ်၊ ခြောက်ပါး။ **'အတွင်း'**က စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတနလို့ ခေါ်တဲ့ ခြောက်ပါး။ **'ဗာလာ -** လူမိုက်တို့သည်၊ **အဇ္ဈတ္တိကာယတန ဗာဟိရာယတန** - အဇ္ဈတ္တိက ဗာဟိရ ဖြစ်ကုန်သော၊ အတွင်းအပြင်၌ ဖြစ်ကုန်သော၊ **အာယတနေ** - အာယတန တို့၌၊ **အဘိနန္ဒတိ**- အလွန်နှစ်သက်တယ်' တဲ့၊ အလွန်နှစ်သက်တယ်၊ **'အပြင်ဘက်'** ရူပါရုံ ကို လည်း အဲဒီ နှစ်သက်တယ်၊ **'အတွင်း'**က မျက်စိတွေ နားတွေကိုလည်း နှစ်သက်တယ်၊ အဲဒါ ဂရုစိုက်၊ 'အဇ္ဈတ္တိက ဗာဟိရဖြစ်ကုန်သော အာယတနတို့၌' **'အဘိနန္ဒတိ** - အလွန်နှစ်သက် တယ်'၊ သိပ်မနှစ်သက်နဲ့၊ အလွန်နှစ်သက်တယ်ဆိုတာ သိပ်နှစ်သက်တယ်ဆိုတာနဲ့ အတူတူပဲ၊ ပျော်တယ် သူကလည်း သဘောကျတယ် နှစ်သက်တယ်။

**'ဗဟိဒ္ဓ'-** ရူပါရုံ သဒ္ဒါရုံနဲ့ပေါ့၊ **'အဇ္ဈတ္တ'** မှာလည်း အလွန် နှစ်သက်တယ်၊ ဗဟိဒ္ဓကိုလည်း အလွန်နှစ်သက်တယ်၊ အတွင်းအဇ္ဈတ္တိကာယတန ခြောက်ပါး၊ အပြင်ဗာဟိရာယတန ခြောက် ပါးခေါ်တယ်။ ခန္ဓာပြီးတော့ အာယတန၊ အဲဒီ အာယတနကို လည်းခန္ဓာဖွဲ့ရတယ်၊ 'အဇ္ဈတ္တိက ဗာဟိရာယတနတို့၌'တဲ့၊ **'အဘိနန္ဒတိ -** အလွန်နှစ်သက်တယ်' တဲ့၊ နှစ်သက်တော့ **'တဏှာ'** ဖြစ်တယ်တဲ့၊ **'ဗာဟိရာယတန'** ရူပါရုံ သဒ္ဒါရုံတွေကိုလည်း အလွန် နှစ်သက်တယ်၊ နှစ်သက်လို့ ရှိရင်တော့ ဒါ **'တဏှာ'**ဖြစ်တာပဲ၊ တဏှာဖြစ်လို့ရှိရင် **'ဥပါဒါန်'** ဖြစ်တာပဲ၊ ဥပါဒါန် ဖြစ်လို့ရှိရင် **'ကံ'**ဖြစ်တာပဲ၊ ကံဖြစ်လို့ရှိရင် ဟို **'ဇာတိ'** ဖြစ်တာပဲ၊ ဇာတိဖြစ်လို့ရှိရင် **'ဇရာ မရဏ'** ဖြစ်တာပဲ၊ **'သောက ပရိဒေဝတွေ'** လည်းဖြစ်တယ်၊ အဇ္ဈတ္တိက ဗာဟိရာယတနကို နှစ်သက်နေလို့။

**အာယတနမှန်းသိရင် မနှစ်သက်ဘူး**

**'ပဏ္ဍိတ-**ပညာရှိသောပုဂ္ဂိုလ်တို့သည်၊ **အဇ္ဈတ္တိကာယတန ဗာဟိရာယတန** -အဇ္ဈတ္တိက၊ ဗာဟိရ ဖြစ်ကုန်သော၊ **အာယတနေ**-အာယတနတို့၌၊ **နာဘိနန္ဒတိ** - မနှစ်သက်ဘူး'။

www.burmeseclassic.com

www.burmeseclassic.com



အာယတနမှန်းသိတယ်။

ဒီက **'မျက်စိ'** ကလည်း အာယတန၊ ဟိုက **'ရူပါရုံ'** ကလည်း အာယတနပဲ။

ဒီက **'နား'** ကလည်း အာယတန၊ ဟိုက **'အသံ'** ကလည်း အာယတနပဲ။

ဒီက **'နှာခေါင်း'** ကလည်း အာယတန၊ ဟိုက **'အနံ့'** ကလည်း အာယတနပဲ။

ဒီက **'လျှာ'** ကလည်း အာယတန၊ ဟိုက **'အရသာ'** ကလည်း အာယတနပဲ။

ဒီက **'ကိုယ်'** ကလည်း အာယတန၊ ဟိုက **'ကိုယ်'** ကလည်း အာယတနပဲ။

ဒီက **'မန - စိတ်'** ကလည်း အာယတန၊ ဟိုက **'ဓမ္မာရုံ'** ကလည်း အာယတနပဲ။

အဲလို **'အာယတန'**တို့၌ သိတဲ့အခါကျတော့ **'မနှစ်သက်ဘူး'**တဲ့၊ အာယတနကို နှစ်သက်တာမဟုတ်ဘူး၊ အာယတနဆိုရင် မနှစ်သက်ဘူး၊ ရူပါရုံ သဒ္ဒါရုံတွေဆိုရင် နှစ်သက်တယ်၊ မျက်စိတွေ၊ နားတွေဆိုရင် နှစ်သက်တယ်၊ အဲလိုဆိုရတယ်၊ မနှစ်သက်ဘူးဆိုလို့ရှိရင် ဟော **'တဏှာ'**ချုပ်တယ်၊ **'တဏှာနိရောဓာ၊ ဉပါဒါန နိရောဓော'**တဲ့၊ ဉပါဒါန်ချုပ်တယ်၊ **'ဉပါဒါန နိရောဓာ ကမ္မဘဝနိရောဓော၊ ကမ္မဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏ နိရောဓော၊ ဇရာမရဏ နိရောဓာ'**၊ ဟော**'သောက ပရိဒေဝတွေ'** ရော အကုန်ချုပ်ကုန်တော့တယ်၊ အဲဒါ **'နိရောဓော'** ခေါ်တယ်တဲ့၊ **'နိရောဓနိဗ္ဗာန်'** ဆိုတာ အဲဒီဟာပဲ။ **'မနှစ်သက်'**ရင် ချုပ်ပြီးတော့၊ **'နှစ်သက်'**ရင် မချုပ်ဘူး။

**'အာရုံခြောက်ပါးတွင် နှစ်သက်လျှင် ဤတွင် ဗာလမှတ်'**၊ အင်း **'ဗာလ'**ဆိုတာ လူမိုက်တဲ့၊ လူမိုက်တွေဟာတဲ့၊ အဲဒီ **'အာရုံခြောက်ပါး'** ၌လည်း နှစ်သက်တယ်တဲ့၊ **'အဇ္ဈတ္တိကာယတန'** - မျက်စိ၊ နား၊ နှာတွေလည်း နှစ်သက်တယ်တဲ့၊ အရှင်ဘုရားတဲ့၊ **'နိရောဓောနာမ**-နိရောဓော ချုပ်ခြင်းသည်၊ **နိဗ္ဗာန်နာမ**-နိဗ္ဗာန်မည်ပါသလား'တဲ့၊ ဟုတ်ပါတယ်တဲ့၊ 'ချုပ်ခြင်းသည် နိဗ္ဗာန်မည်ပါတယ်'တဲ့၊ 'ဘယ်လိုနိဗ္ဗာန်မည်ပါသလဲ' ဆိုတော့ လူမိုက်တွေဟာ **'အာရုံခြောက်ပါး'** မှာလည်း နှစ်သက်တယ်တဲ့၊ အဲဒီ မျက်စိ၊ နား၊ နှာ ဆိုတဲ့ **'အဇ္ဈတ္တိကာယတနခြောက်ပါး'** မှာလည်း နှစ်သက်တယ်တဲ့၊ နှစ်သက်လို့ရှိလို့ရှိရင်တဲ့ **'တဏှာ'** ဖြစ်တယ်တဲ့၊ တဏှာဖြစ်ရင် **'ဉပါဒါန်'** ဖြစ်တယ်တဲ့၊ ဉပါဒါန်ဖြစ်ရင် **'ကံ'** ဖြစ်တယ်တဲ့၊ အဲဒါလေးပဲ၊ အဇ္ဈတ္တိကာယတနလည်း မြင်တယ်လို့သာဆိုလိုက်၊ ကြားတယ်လို့သာ ဆိုလိုက်၊ သိပ်မနှစ်သက်နဲ့။ ရူပါရုံ သဒ္ဒါရုံတွေကို လည်း သိပ်မနှစ်သက်နဲ့၊ **'အဘိနန္ဒတိ-**အလွန်နှစ်သက်၏' လို့ဆိုတယ်၊ အာရုံခြောက်ပါးကို **'အဘိနန္ဒတိ** - အလွန်နှစ်သက်၏' တဲ့၊ အလွန်နှစ်သက်တယ်ဆိုတော့ကို **'တဏှာ'** ဖြစ်တယ်၊ **'တဏှာပစ္စယာဉပါဒါနံ ဉပါဒါနပစ္စယာဘဝေါ'** လို့ဆိုတာ ဖြစ်သွားတယ်၊ အတွင်းအာယတန ခြောက်ပါး၊ အပြင်အာယတနခြောက်ပါး၊ အင်း အလွန် နှစ်သက်တယ်၊ အပြင်ကတော့ အာရုံ

www.burmeseclassic.com

www.burmeseclassic.com



ခြောက်ပါးပေ့ါ၊ ဒီကအတွင်းကတော့ အဇ္ဈတ္တိကခြောက်ပါးပေ့ါ၊ အဇ္ဈတ္တိက ခြောက်ပါးလည်း မနှစ်သက်နဲ့၊ အလွန်မနှစ်သက်နဲ့၊ **'အဇ္ဈတ္တိက ခြောက်ပါးတွင် နှစ်သက်လျှင် ဤတွင် ဗာလမှတ်'၊** သူက **'ဗာလာ** - လူမိုက်တို့သည်' လို့ အဲဒီလိုပြောတယ်၊ **'ဗာလာ** - လူမိုက်တို့သည်' ဆိုတော့ အပြင်အာယတနကိုလည်း နှစ်သက်တယ်၊ အတွင်းအာယတနကိုလည်း နှစ်သက်တယ်၊ အဲဒီ နှစ်သက်နေလို့ရှိရင် **'တဏှာ'** ဖြစ်တယ်၊ တဏှာဖြစ်ရင် **'ဥပါဒါန်'** ဖြစ်တယ်၊ ဥပါဒါန်ဖြစ်ရင် **'ဘဝ'** ဖြစ်တယ်ဆိုတာ မချုပ်ဘူးတဲ့။

**အာရုံခြောက်ပါးတွင် မနှစ်သက်လျှင် ဤတွင် ပဏ္ဍိတ**

အဲဒီ အပြင်အာယတနတို့၌လည်း မနှစ်သက်ဘူး၊ ဟော မနှစ်သက်ဘူးဆိုတာ သိပ်ပြီး မလိုက်စားဘူး၊ အဲ -အဲလိုဖြစ်သွားတယ်၊ **'အာရုံခြောက်ပါးတွင် မနှစ်သက်လျှင် ဤတွင် ပဏ္ဍိတ'၊** **'ပဏ္ဍိတ'**ဆိုတာ ပညာရှိ၊ အပြင်အာရုံ ခြောက်ပါးမှန်းသိလို့ သိပ်မနှစ်သက်ဘူး၊ ဟုတ်ကဲ့လား အာရုံခြောက်ပါးမှန်းမသိရင် နှစ်သက်တယ်၊ အာရုံခြောက်ပါးကို သိပ်မနှစ်သက်ဘူးဆိုရင် အာရုံခြောက်ပါးမှန်းသိရတယ်၊ သိရင် သိပ်မနှစ်သက်ဘူး၊ သိပ်မနှစ်သက်ရင် ပဏ္ဍိတတဲ့၊ ပညာရှိ ခေါ်တယ်၊ **'အာရုံခြောက်ပါးတွင် နှစ်သက်လျှင် ဤတွင် ဗာလမှတ်'**၊ နှစ်သက်လို့ရှိရင် လူမိုက် ဖြစ်တယ်၊ ကိုယ့်ကိုယ်ကို အာရုံခြောက်ပါးမှာ သိပ်နှစ်သက်နေသေးတယ်ဆိုလို့ရှိရင် ဗာလ ဖြစ်တယ်တဲ့၊ **'ဗာလ'** ဆိုတာ မစဥ်းစားတဲ့ဟာ။

**'အာရုံ ခြောက်ပါး'** ဆိုတာလည်း **'ရုပ်'**၊ **'ရုပ်'**ဆိုတော့အသံက ရုပ်၊ အနံ့လည်း ရုပ်၊ အဆင်းကလည်း ရုပ်၊ ရုပ်ဆိုတော့ **'ဖြစ်ပျက်'** နေတယ်၊ **'အဒ္ဓုဝ'** ခေါ်တယ် မမြဲဘူး၊ အာရုံ ခြောက်ပါး **'မြဲတယ်'** ဆိုမှ **'အတ္တ'** ဖြစ်သွားတယ်။ **'အတ္တ'** ဖြစ်သွားရင် **'လူမိုက်'** ဖြစ်သွားတယ်။ အာရုံခြောက်ပါး **'မမြဲဘူး'**လို့ဆိုတော့ **'အနတ္တ'** ဖြစ်သွားတယ်။ **'အနတ္တ'** ဖြစ်သွားရင် **'ပညာရှိ'** ဖြစ်သွားတယ်၊ အာရုံခြောက်ပါး အဲလိုမှတ်၊ **'အပြင်ဘက်မှာရုပ်သာရှိ'**၊ ဟော **'ရုပ်'**ပဲ၊ ဟို 'အသံ' ဆိုတာလည်း **'ရုပ်'** ပဲ၊ ဟော **'ပျက်'**သွားပြီ၊ 'အနံ့'ကလည်း **'ရုပ်'**ပဲ၊ တစ်ရှူပဲခံတယ်၊ ရုပ်ကလည်း **'ပျက်'**သွားပြီ၊ မျက်စိကလည်း ဖွင့်တုန်းပဲ၊ မြင်လိုက်တယ်၊ ပြီးတော့ **'ပျက်'**သွားပြီ၊ အရသာလည်း ဒီလိုပဲ၊ လျှာပေါ်တွင် **'ပျက်'**သွားပြီ၊ အဲလို **'ရုပ်'**၊ အပြင်ဘက်မှာ ဟို ရုပ်တွေ ရုပ်တွေဆိုတာက မျက်စိတစ်မှိတ်လျှပ်တစ်ပျက် မခံဘူး၊ အဲလို မမြဲဘူး၊ **'အဒ္ဓုဝ'**ခေါ်တယ်။

**အပြင်ဘက်မှာ ရုပ်သာရှိ ကိုယ့်နာမ်က သွား၍သိ စိတ်မှာဖျက်ဆီးဘိ**

အပြင်ဘက်ရုပ်၊ ဟော **'အပြင်ဘက်မှာ ရုပ်သာရှိ ကိုယ့်နာမ်က သွား၍သိ'**၊ ကိုယ့်နာမ်က သွား၍သိတော့ ဘယ်သူပဲ ဘယ်ဝါပဲလို့ ဖြစ်သွားတယ်၊ အရက်ပဲ၊ စားသောက်ဆိုင်ပဲ၊ ဈေးပဲ၊ ဈေးကြီးက သူ့ဟာသူနေတော့ **'ရုပ်ကြီး'**ပဲ၊ စားသောက်ဆိုင်ကြီးကလည်း **'ရုပ်ကြီး'** ပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်နာမ်က စားသောက်ဆိုင်လို့ သွားသိတော့ စားစရာတွေ သောက်စရာတွေရှိတယ်လို့ သွားသိလိုက်တော့ စားသောက်ဆိုင်ကြီး ဖြစ်သွားတယ်၊ စင်စစ်တော့ **'ရုပ်ကြီး'** ပဲ၊ လူတွေက မလုပ်တော့လည်း ထမင်းပွဲ ဟင်းပွဲတွေက သူ့ဟာသူ ငြိမ်နေတယ်၊ စားသောက်ဆိုင်က **'ရုပ်ကြီး'**။

**'အပြင်ဘက်မှာ ရုပ်သာရှိ ကိုယ့်နာမ်ကသွား၍သိ စိတ်မှာ ဖျက်ဆီးဘိ'** ဟာ ဒါ **'ရုပ်'**၊ ဒါက **'နာမ်'**၊ အဲဒါ **'အနိစ္စ'**လို့ဆိုလို့ရင် ဟော ဖျက်ဆီးပစ်လိုက်တာပဲ၊ အဲဒီ ဖျက်ဆီးပစ်လိုက်တော့ **'တဏှာ'**မရှိတော့ဘူး။ **'တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာမရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ'**၊ အဲလို ဖြစ်သွားတယ်တဲ့။ **'အပြင်ဘက်ကရုပ်တွေ'**၊ ရုပ်ဆိုတာက 'ဖြစ်ပျက်' ပြီးနေတဲ့ **'ရုပ်တွေ'**ပေါ့၊ ဟို မီးခိုးလေးလို မီးကြီးခဲလေး သွားလက်နဲ့တို့လိုက်၊ အင် ဆို ပူပြီးတော့ ချုပ်သွားတယ်၊ လက်ကလေး နောက်ဆုတ်သွားတယ်၊ အမြဲတမ်း ပူနေတယ်ဆိုရင် အမြဲတမ်း ဒုက္ခရောက်နေတယ်၊ ငရဲကျတော့ အမြဲတမ်းပူနေတယ်၊ လက်နဲ့မီးသွားထိုး၊ ဒီကတော့ ပူတော့နောက်ဆုတ်တယ်၊ မပူတော့ဘူး၊ ငရဲကျတော့ လက်နဲ့ ထိုးထားသလို ထိုးတော့ ခိုင်းသလိုလုပ်ရတယ်၊ ဟော လုပ်လိုက်တော့ ဟော ပူလို့ချည်းနေတယ်၊ အဲဒါ **'အဇ္ဈတ္တိကာယတန'**၊ ဟိုက ငရဲမီးက အပြင်ဘက်၊ အပြင်ဘက်ငရဲမီးက ပူတာရှိတယ်၊ ပူတာဟာ **'ရုပ်'**၊ ငရဲဆိုတာလည်း **'ရုပ်'**ပဲ၊ နတ်ပြည်ဆိုတာလည်း **'ရုပ်'**ပဲ၊ အဲ ကောင်းလိုက်တာ ဆိုတာလည်း **'ရုပ်'** ပဲ။

**'အပြင်ဘက်မှာရုပ်သာရှိ ကိုယ့်နာမ်က သွား၍သိ စိတ်မှာ ဖျက်ဆီးဘိ'**၊ ဩော် **'စိတ်'**က ဒါမဟုတ်ဘူး၊ ဟိုဟာက **'ရုပ်'**၊ ဒီဟာက **'နာမ်'**၊ နာမ်ဆိုပြီးတော့ မနှစ်သက်ပဲနေလိုက်လို့ရှိရင် **'တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ ဇာတိနိရောဓော'**၊ အဲဒီနေရာလေးက **'ရုပ်'**မှန်းသိပြီး မနှစ်သက်ဘဲ နေလိုက်တာပဲ၊ ရုပ်မှန်းသိပြီး မနှစ်သက်ဘဲနေတာ လူမှန်းသိတယ်၊ အရက်မှန်းသိတယ်၊ ဝက်အူတောင့်တွေ ဘာချောင်းတွေ ကောင်းတယ်ဆိုတာ သိတော့သွားချင်တယ်၊ သွားချင်တော့ တဏှာဖြစ်တယ်၊ မသွားချင်တော့ တဏှာမဖြစ်ဘူး၊ တဏှာဖြစ်တယ်၊ မဖြစ်ဘူးဆိုတာ အဲဒီဟာပဲ၊ ရုပ်မှန်းမသိဘူး၊ စားသောက်ဆိုင်လို့သိတယ်၊ ဘောလုံးပွဲလို့သိတယ်၊ ကလပ်လို့သိတယ်၊ သူငယ်ချင်းတွေက ဖိတ်ထားတာတွေ ဖိတ်ထားတာလို့ သိတယ်၊ အလှူပွဲလို့ သိတယ်၊ မင်္ဂလာဆောင်လို့သိတယ်။ စင်စစ် အပြင်ဘက်မှာ **'မျက်စိ'** နဲ့ မြင်ရင် ဘာတုံး (အဆင်းပါဘုရား)၊ **'နား'** နဲ့ ကြားရင် ဘာတုံး (အသံပါဘုရား)၊ **'နှာခေါင်း'** နဲ့ နံရင် ဘာတုံး (အနံ့ပါဘုရား)၊ **'လျှာ'** နဲ့ စားရင် ဘာတုံး (အရသာပါဘုရား)၊ **'ကိုယ်'** နဲ့ ထိရင် ဘာတုံး (ဖောဋ္ဌဗ္ဗာရုံပါဘုရား)၊ ဖောဋ္ဌဗ္ဗာရုံဆိုတာ ပထဝီ တေဇော ဝါယော

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်။ အဲဒါ ရုပ်တွေပဲ၊ **'အပြင်ဘက်မှာ ရုပ်သာရှိ'၊** မင်္ဂလာဆောင်တို့၊ ထမင်းပွဲတို့၊ ဘုန်းကြီးဆွမ်းကျွေးတို့၊ ဘာတို့ အဲလိုပါတယ်၊ ဒါပေမယ့်သိရမှာက အာရုံ ခြောက်ပါးပဲ။

**အာရုံခြောက်ပါးတွင် နှစ်သက်လျှင် ဤတွင် ဗာလမှတ်။**

**အာရုံခြောက်ပါးတွင် မနှစ်သက်လျှင် ဤတွင် ပဏ္ဍိတ။**

အာရုံခြောက်ပါးနှစ်သက်တာနဲ့ မနှစ်သက်တာကို **'ပဏ္ဍိတ'** နဲ့ **'ဗာလ'** ခွဲတော့တာပဲ။

**ဥပါဒါန်မရှိရင် နောက်ဘဝ ပဋိသန္ဓေမနေဘူး**

**'ဗာလ'**ဆိုရင် နှစ်သက်ပြီ၊ **'နှစ်သက်'**လို့ရှိရင် တဏှာ ဥပါဒါန်တွေဖြစ်ပြီး မနှစ်သက်ဘူး၊ သိပ်**'မနှစ်သက်'**ဘူးဆိုလို့ရှိရင် တဏှာ ဥပါဒါန်တွေမရှိဘူး၊ ဘာလို့မရှိတုံးဆို **'ရုပ်'**မှန်းသိလို့ **'နာမ်'**မှန်းသိလို့၊ ဘာလို့မရှိတုံး (ရုပ်မှန်းသိလို့ နာမ်မှန်းသိလို့ပါဘုရား)၊ **'အပြင်ဘက်'** က ဘာတုံး **'ရုပ်'**၊ **'အတွင်းဘက်'** ကဘာတုံး **'နာမ်'၊ 'အဇ္ဈတ္တိက နာမ်'**ခေါ်တယ်၊ နာမ်ဆိုပေမယ့် သူက သူလည်း ရုပ်ပဲ၊ ဟိုကရူပါရုံ ဒီကမျက်စိ၊ ဟိုက **'ရူပါရုံ'**၊ ဒီက **'မျက်စိ'**၊ အဲဒါ ဘာတုံး (ရုပ်ပါဘုရား)၊ အဲ ရုပ်၊ မြင်တဲ့ဟာကျမှ **'နာမ်'**၊ မြင်တဲ့ဟာကျ ဘာတုံး (နာမ်ပါဘုရား)၊ အဲလိုဖြစ်သွားတယ်။ ဟိုက **'အသံ'**၊ ဒီက **'နား'**၊ **'အဲဒါရုပ်'**၊ **'ဤဟာရုပ်'**လို့ ဆိုဆိုသွားရင်လည်း ဖြစ်တယ်၊ **'အဲဒါရုပ်'** အပြင်ဘက်က ဟင်းချက်စော်တွေ အနံ့တွေ မနံဘူးလား (နံပါတယ်ဘုရား)၊ အပြင်ဘက်က **'အနံ့'**၊ အတွင်းက **'နှာခေါင်း'**၊ **'နှာခေါင်းနဲ့အနံ့'**၊ **'အဲဒါရုပ်'**၊ နံတာက **'နာမ်'**၊ အဲလို ခွဲလိုက်တော့မှ ပညာရှိဖြစ်သွားတယ်။ **'ပညာရှိ'** ဖြစ်သွားရင် **'တဏှာ'**မဖြစ်ဘူး၊ တဏှာမဖြစ်လို့ရှိရင် အဲဒီနေရာ **'နိဗ္ဗာန်'** ရောက်သွားတယ်၊ **'တဏှာနိရောဓာ ဥပါဒါနနိရောဓော'**၊ အဲဒီ သူတကာတွေက အလွန်စားချင်တယ်ကလေးတွေခေါ်သွားတယ်၊ အလျှုတွေ ဘာတွေပေ့ါလေ၊ အဲလို အလွန်နှစ်သက်တယ်ဆိုရင် အဲဒါ **'ဗာလ'**၊ ဟာ မဖြစ်လို့ မဖြစ်လို့ သွားရတယ်ဆိုရင် အဲဒါနည်းနည်း**'ပဏ္ဍိတ'** ဖြစ်သွားတယ်၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)၊ ခွဲတတ်ပြီလား (ခွဲတတ်ပါပြီဘုရား)။

**'ဗာလ'**ဖြစ်တဲ့လူဟာ အဲဒီလို **'နိရောဓ'** မသိဘူးတဲ့၊ **'ပညာရှိ'** တဲ့သူဟာ အဲဒီ **'နိရောဓ'** သိတယ်တဲ့၊ တဏှာချုပ်ရင် ဥပါဒါန်ချုပ်တာပဲတဲ့၊ **'တဏှာ'** ချုပ်ရင် ဘာတုံး (ဥပါဒါန် ချုပ်ပါတယ်ဘုရား)၊ **'ဥပါဒါန်'** ချုပ်ရင် ဘာတုံး **'ဘဝချုပ်တယ်'**၊ အဲဒါသည်ပင်လျှင် **'နိဗ္ဗာန်'**ပဲတဲ့။ အဲဒါ ရှင်နာဂသိန်ပြောတာ အရှင်ဘုရား နောက်ဘဝ ပဋိသန္ဓေ နေအုံးမလားဆိုရင် **'ဥပါဒါန်'** ရှိရင် နေတယ်တဲ့၊ **'ဥပါဒါန်'** မရှိရင်မနေဘူးတဲ့၊ သူကပြောတာ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## “ဥပစိလေးပါးတို့ရဲ့ စွန့်လွှတ်ရာနေရာ တရားတော်”

၂၇ ၊ ၁၂၊ ၂၀၀၆

**မမြဲတာရှိရင် မြဲတာရှိတယ်**

**‘တံ ပနေတံ’** - မြဲတာရှိလို့ မမြဲတာရှိတယ်၊ မမြဲတာရှိလို့ရှိရင် မြဲတာရှိတယ်၊ အဲသလို ဟို နိဗ္ဗာန်ကမြဲတာ ရောက်သွားတယ်၊ ခေါင်းတွေဘာတွေတို့က မမြဲတာ၊ ဒုက္ခရောက်လို့ရှိရင် ဘယ်ဟာ နိဗ္ဗာန်မှန်းမသိဖြစ်နေတတ်တယ်၊ အဲဒါ **‘ငြိမ်းချမ်းတာ’** ရှိလို့ **‘ဆင်းရဲတာ’** ရှိတယ်။ ဆင်းရဲတာက **‘ဒုက္ခသစ္စာ’**၊ ငြိမ်းချမ်းတာက **‘နိရောဓသစ္စာ’**၊ အဲလိုတဖက်လှည့် လှည့်ပြီးတော့ **‘အနုမာန’** မျက်စောင်းထိုးရတယ်၊ နောက်ကျ **‘သစ္စိကရဏ’** မျက်မှောက်ပြုသွားတဲ့အခါကျတော့ အဲဒီ မဖြစ်တာကြီးထဲ၊ မြဲတာကြီးထဲ ရောက်သွားတယ်၊ **‘နိဗ္ဗာန်’**မရောက်ရင်တော့ မမြဲတာတွေ ချည်း ဖြစ်နေမှာပဲ။ ဒါကြောင့် **‘နိဗ္ဗိန္ဒ-ငြီးငွေ့တယ်’**၊ ဟာ မီးပုံကြီးထဲဖြတ်သွားတဲ့ လူလိုပေါ့၊ အဲလို အန္တရာယ်ထဲ ဖြတ်သွားတဲ့လူလိုပဲ၊ အန္တရာယ်တွေ့တယ်၊ အိုတယ် နာတယ် သေတယ် အန္တရာယ်တွေပေါ့။

ပြီးတော့ **‘တောလေးဆယ်’**က **‘အနိစ္စတော၊ ဒုက္ခတော’**၊ မမြဲဘူးဆင်းရဲတယ်၊ **‘ရောဂတော’**၊ **‘သလ္လတော** - မြားငြောင့်နဲ့ထိုးသလို’၊ ဒီလိုခံရတယ်၊ အဲဒီ **‘စတံသန္တံ-ဤဟာ ငြိမ်သက်တယ်’**၊ ဤနိဗ္ဗာန်ကငြိမ်သက်တယ်။ **‘စတံ ပဏီတံ-** ဤနိဗ္ဗာန်က မွန်မြတ်တယ်’၊ အဲ **‘ယဒိဒံ သဗ္ဗသင်္ခါရ သမထော’**၊ **‘သဗ္ဗသင်္ခါရသမထော-** အလုံးစုံသောသင်္ခါရငြိမ်းအေးခြင်းသည်’။ ငြိမ်းအေးခြင်းသည်ပေါ့၊ အခု နှလုံးတွေကလည်း လှုပ်နေတယ်၊ **‘အဒ္ဓုဝတော’** မမြဲဘူး၊ ဟော မြေလျှင်တွေလည်း မမြဲဘူး၊ ရေတွေလည်းမမြဲဘူး၊ ဟာ ရေတွေလည်း လှုပ်နေတာပဲ၊ စီးနေတာပဲ လှုပ်နေတာပဲ။

ဒီသတ္တဝါတွေလည်း အဲလိုပဲ ကိုယ်ငွေ့တွေရော၊ လေရှူတာတွေရော၊ အဲဒါတွေ၊ ရုပ်တွေ၊ ဟို လူတွေဆိုပြီးတော့ အာရုံငါးပါးနဲ့ ပျော်နေတာ၊ အာရုံငါးပါးဆိုတာလည်း ရုပ်တွေ၊ အဲဒါတွေမပျော်မှ သူနဲ့ပျော်နေလို့လည်း ကိစ္စပြီးပြီလားဆိုတော့ မပြီးဘူး၊ နတ်တွေလည်း ပျော်တာပဲ၊ ကာမဂုဏ်တွေနဲ့ ပျော်တာပဲ၊ ဒါပေမယ့် အိုတဲ့ထဲ နာတဲ့ထဲ၊ သေတဲ့ထဲ ရောက်ရောက် သွားတယ်၊ အဲဒီ **‘ကာမဂုဏ်တွေ’** က မမြဲဘူး။ သူလည်း **‘ကာမဂုဏ်အနိစ္စ၊ ကာမဂုဏ်ဒုက္ခ’**နဲ့ ဆိုရတယ်၊ မြင်တာလည်း **‘အနိစ္စ’**၊ **‘ရုပ်’**လို့ဆိုရင်လည်း **‘အနိစ္စ’**ပဲ၊ **‘ဒုက္ခ’** ပဲ၊ **‘အနတ္တ’**ပဲ၊ မြတ်စွာဘုရားက အဲဒါတွေ့ပြီးတော့မှ အဲလို **‘မမြဲတာ’** ရှိရင်လည်း **‘မြဲတာ’** ရှိတယ်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အဲလိုဆင်ခြင်ရတယ်၊ မမြဲတာရှိလို့ရှိရင် မြဲတာရှိတယ်၊ ဆင်းရဲတာရှိလို့ရှိရင်လည်း ချမ်းသာတာ ရှိတယ်၊ မီးသုံးပါး- **'တိဝဂ္ဂိ'**တဲ့၊ သုံးပါးသောမီးဆိုတာ ရာဂ၊ ဒေါသ၊ မောဟ၊ **'မီး'** ရှိလို့ရှိရင် မရှိတဲ့ နေရာရှိတယ်၊ အဲလို ဉာဏ်က နိဗ္ဗာန်နဲ့ ဆင်ခြင်ရတယ်၊ **'ရောဂါ'** ရှိလို့ရှိရင် ရောဂါမရှိတဲ့ နေရာရှိတယ်၊ ပါဠိလိုက **'တော်သန္တံ၊ တော် ပဏီတံ၊ ယဒိဒံ သဗ္ဗသင်္ခါရသမထော'**၊ **'သဗ္ဗသင်္ခါရ သမထော'**ဆိုတာက 'အလုံးစုံသောသင်္ခါရတွေ ငြိမ်းအေးတဲ့နေရာ'ကို ကြံတာတွေးတာ၊ ထွက်လေ ဝင်လေတွေ ပြော သွေးတိုးတာတွေ ယားတာ ကုတ်တာတွေပေ့ါ၊ မနေနိုင် မထိုင်နိုင် ငြိမ်မနေနိုင်တာတွေပေ့ါ၊ အဲဒါတွေ ငြိမ်းအေးတဲ့ နေရာတွေ ရှိတယ်၊ **'သဗ္ဗသင်္ခါရ သမထော'** လို့ဆိုတယ်၊ အင်း ထွက်လေ ဝင်လေတွေရောငြိမ်းအေးတယ်။ အကြံအစည်တွေလည်းမရှိဘူး၊ **'သဗ္ဗသင်္ခါရသမထော'** ခေါ်တယ်။

### ဥပဓိလေးပါးတို့ရဲ့ စွန့်လွှတ်ရာနေရာ

**'သဗ္ဗူပဓိပဋိနိဿဂ္ဂေါ'**၊ **'ဥပဓိ'** ဆိုတာ ခန္ဓာဥပဓိ၊ ကိလေသာဥပဓိ၊ အဘိသင်္ခါရဥပဓိ၊ မစ္စုဥပဓိ၊ အင်း ကုသိုလ် အကုသိုလ်တွေကို **'အဘိသင်္ခါရ'** ခေါ်တယ်၊ ဟို ကုသိုလ် အကုသိုလ်တွေပေ့ါ၊ ဈာန်ကုသိုလ်တွေ ဘာတွေပေ့ါလေ၊ ကြီးကျယ်တဲ့ ကုသိုလ်တွေကို **'အဘိသင်္ခါရ'** ခေါ်တယ်၊ အဲ ဈာန်တွေနဲ့ဘာလုပ်၊ ဟိုသွား ဒီသွားနဲ့ပေ့ါ၊ ဟိုလုပ်ဒီလုပ်၊ လောကီတွေလုပ်နေတာ၊ အဲဒါ **'အဘိသင်္ခါရ သမထော'**၊ **'အဘိသင်္ခါရ'** ခေါ်တယ်၊ အဲဒါ **'အဘိသင်္ခါရုပဓိ'** လို့လည်း ခေါ်တယ်၊ အဲဒါတွေ ငြိမ်းအေးမှ ဈာန်တွေ ဘာတွေပေ့ါ။ လောကီတွေ ငြိမ်းအေးပြီးတော့ ဟို ကြာ ရေထဲနေပေမယ့် ကြာရွက်မှာ ရေမတင်ဘူးတဲ့၊ အဲသလိုပဲ ကိုယ့်သန္တာန်မှာ 'ရာဂ၊ ဒေါသ၊ မောဟ' မီးတွေ မရှိတဲ့နေရာက **'နိဗ္ဗာန်'**၊ 'ရာဂ ဒေါသ မောဟ' ရှိတဲ့ နေရာက **'လောကီ-** ဒုက္ခသစ္စာ'၊ အဲလို ဉာဏ်ကလေးက ခွဲရတယ်။ အလုံးစုံသော သင်္ခါရတို့၏ ငြိမ်းအေးရာ၊ ဥပဓိ တို့၏ ငြိမ်းအေးရာ။

**'သဗ္ဗုပဓိ ပဋိနိဿဂ္ဂေါ'**ဆိုတာ **'သဗ္ဗုပဓိ**-ဥပဓိလေးပါးတို့ရဲ့၊ **ပဋိနိဿဂ္ဂေါ** - စွန့်လွှတ်ရာ'၊ ခန္ဓာကြီးရောမရှိဘူး-**'ခန္ဓုပဓိ'၊ 'ကိလေသုပဓိ**-ကိလေသာလည်းမရှိဘူး'၊ ကိလေသာလည်း စွန့်ထားတယ်၊ ဥပဓိ ခန္ဓာက **'ခန္ဓုပဓိ'** ခေါ်တယ်၊ သူက အနိစ္စ၊ ဒုက္ခ၊ အနတ္တကြီး၊ မမြဲတဲ့ဟာကြီး၊ မမြဲတဲ့ဟာ အဲဒါ **'ခန္ဓုပဓိ'** ခေါ်တယ်၊ **'အဘိသင်္ခါရုပဓိ'** က အဲဒီ ကုသိုလ်တွေ ဟို ဈာန်တွေနဲ့ ဟိုသွားဒီသွား၊ ဟိုဘဝ အောက်မေ့လိုက်၊ ဒီဘဝ အောက်မေ့လိုက်၊ ဈာန်ကုသိုလ်တွေပေ့ါ၊ အဲဒါ အဘိသင်္ခါရ၊ **'အဘိသင်္ခါရုပဓိ'** - ဥပဓိခေါ်တယ်၊ စွဲလမ်းစရာ စွဲလမ်းတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟို ရဟန္တာဖြစ်ပြီးတော့ ပွားများရင်တော့ မစွဲလမ်းဘူး၊ ပုထုဇဉ်တွေ အဲဒီ ဈာန်ကစား လို့ရှိရင်တော့ စွဲလမ်းတတ်တယ်၊ မြင်းတွေ၊ တိရစ္ဆာန်တွေ ခွေးတွေ လောကကြီးက မမြင်ဘူး တာတွေမြင်၊ ကြောက်စရာတွေကြောက်၊ လန့်စရာတွေမြင်ရင် လန့်နဲ့ ငရဲတွေရော၊ ဘာတွေရော၊ **'ဥပဓိလေးပါး'** ခန္ဓုပဓိ၊ ကိလေသုပဓိ၊ အဘိသင်္ခါရုပဓိ၊ မစ္စုပဓိ၊ ဟော သေခြင်းတရားလည်း ရှိတယ်၊ ဒီခန္ဓာကိုယ်ကြီးရှိရင် **'သေခြင်းတရား'** ရှိတယ်။ **'နိဗ္ဗာန်'** က သေခြင်းတရားမရှိတာကို ဤလေးပါးကုန်တယ်တဲ့။

**'သဗ္ဗူပဓိ ပဋိနိဿဂ္ဂေါ**- အလုံးစုံသော ဥပဓိလေးပါးတို့ရဲ့ စွန့်ရာ**'၊** စွန့်ရာ **'နိဗ္ဗာန်'** ခေါ်တယ်။ **'ဝိရာဂေါ နိရောဓော'**၊ **'ဝိရာဂေါ** - ရာဂကင်းတဲ့နေရာ၊ **နိရောဓော** -ချုပ်ငြိမ်းတဲ့နေရာ'၊ အဲဒီနေရာတွေက **'သန္တံ** - ငြိမ်သက်တယ်၊ **ပဏီတံ** - မွန်မြတ်တယ်'၊ **'နိရောဓော နိဗ္ဗာန်'** ပေါ့လေ၊ နိဗ္ဗာန်က အများကြီးပဲ။ **'နိဗ္ဗာန်'**က မွန်မြတ်တယ်၊ ငြိမ်သက်တယ်၊ အဲလိုနှလုံးသွင်းမှ မဖြစ်တာကို ဒီခန္ဓာကြီးက လွန်သွားတယ်၊ ဖြစ်တာကြီးက အဲလို **'အနိစ္စ ဒုက္ခ အနတ္တ'** ဆိုတာ **'ပဝတ္တနိမိတ်'** ခေါ်တယ်၊ ခန္ဓာကြီးက ထိလည်း ဖြစ်တယ်၊ ကြားလည်းဖြစ်တာပဲ၊ နံလည်း ဖြစ်တာပဲ၊ ခြင်ကိုက်တာလည်း ဖြစ်တာပဲ၊ ပဝတ္တနိမိတ် ခေါ်တယ်၊ ကြားတာကလည်းဖြစ်တာပဲ၊ နံတာကလည်း ဖြစ်တာပဲ၊ စိတ်ကူးရင်လည်းဖြစ်တာပဲ၊ အဲဒီ **'ပဝတ္တ နိမိတ်'** ခေါ်တယ်။

အဲဒီနိမိတ်မှ ထမြောက်တာမှ **'ဝုဋ္ဌာနဂါမိနီ'** လို့ခေါ်တယ်၊ **'ဝုဋ္ဌာန** - ထမြောက်တာ'၊ အသိတွေ ဘာတွေ ဝိညာဏ်တွေကမမြဲဘူး၊ ခန္ဓာခေါ်တယ်၊ လှုပ်တာက ဝါယောခေါ်တယ်၊ ရုပ်ခေါ်တယ်၊ အဲဒီဟာတွေ ခန္ဓာငါးပါးကြီးက လွတ်မြောက်ရာလို့ **'သဗ္ဗူပဓိ ပဋိနိဿဂ္ဂေါ'** ဆိုတာ 'အလုံးစုံသော ဥပဓိတို့ရဲ့ လွတ်မြောက်ရာ'၊ အဲလိုလေးတွေ ဆိုဆိုပေးရင် အမှတ်ရတယ်၊ အဲဒါတွေမှ ငြိမ်းအေးတယ်။

## ခန္ဓာက စွဲလမ်းစရာဖြစ်လို့ ဥပဓိခေါ်တယ်

ဟို ရာဂ ဒေါသ မောဟတည်းဟူသော မီးသုံးပါးမရှိရာ ဟော **'မီးသုံးပါး'** ရှိတဲ့နေရာရှိလို့ ရှိရင်၊ **'မီးသုံးပါး'** မရှိတဲ့ နေရာကလည်းရှိလိမ့်မယ်၊ အဲလို နိဗ္ဗာန်ကို 'အနုမာန'နဲ့ အဲလို ရှုရှုပေး၊ **'အနိစ္စ'**၊ မမြဲတဲ့နေရာရှိတာက မြဲတဲ့နေရာရှိလို့ မမြဲတဲ့နေရာတွေ ဖြစ်နေတယ်၊ ဒီလောကကြီးက မမြဲဘူး၊ လောကုတ္တရာကျတော့ မြဲသွားတယ်၊ အဲလိုပေါ့၊ ဒါကြောင့် **'ဘုံသုံးပါးမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်'** ဆိုတာ ဖြစ်တာတွေဟာ **'ပဝတ္တနိမိတ်'** ခေါ်တယ်၊ ကြားတာလည်းဖြစ်တာပဲ၊ နံတာလည်း ဖြစ်တာပဲ၊ သွေးတိုးတာတို့၊ အပူငွေ့တို့၊ ထွက်လေ ဝင်လေတို့ အဲဒါတွေက

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာပဲ။ ဖြစ်တာတွေကို ငြီးငွေ့တယ်ဆိုရင် ဝိပဿနာဉာဏ်ပေါ့။ လွတ်လိုချင်တယ်ဆိုရင် **'မုဉ္စိတုကမျတာဉာဏ်'**၊ ငြီးငွေ့တယ်ဆိုရင် **'နိဗ္ဗိန္ဒဉာဏ်'**၊ **'ပဋိသင်္ခါဉာဏ်'** ဆိုတာကတော့ လွတ်အောင်အားထုတ်တယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရောဂ၊ ဂဏ္ဍ၊ သလ္လနဲ့ ပရ- စူဇကာကြီးလိုပဲ ကိုယ့်အလိုအတိုင်း မဖြစ်ဘူး၊ **'တောလေးဆယ်'** လိုဟာတွေ ကျက်ပြီးတော့ အဲလိုဟာတွေ ပွားရတယ်၊ အဲဒီတော့မှ အဲဒီခန္ဓာမရှိမှ၊ **'ဥပဓိ'**ဆိုတာ **'ခန္ဓာ'**ခေါ်တယ်၊ သူကစွဲလမ်းစရာကြီး ခြေထောက်တွေ၊ ပေါင်တွေ၊ လက်တွေ၊ ခြေတွေ၊ မျက်ခုံးတွေ လျှာတွေ၊ သွားတွေပေါ့လေ၊ အဲဒါ စွဲလမ်းစရာကြီး၊ လျှာကလည်း စွဲလမ်းတယ်၊ လျှာမကောင်းရင်လည်း တစ်ဒုက္ခ၊ စကား မပြောနိုင်ဘူး၊ လည်ချောင်းတွေကလည်း စွဲလမ်းစရာကြီး၊ ကင်ဆာ၊ လည်ချောင်းကင်ဆာ ပေါက်တယ်ဆိုရင် ဒုက္ခရောက်ပြီ၊ နှာခေါင်းကင်ဆာ၊ ဟာ တချို့ မျက်စိတွေ ဘာတွေထဲလည်း ဘာပေါက်တယ် ညာပေါက်တယ်နဲ့ အဲလိုဆိုရင် အဲဒါ စွဲလမ်းစရာဖြစ်လို့ အဲဒါ **'ဥပဓိ'** ခေါ်တယ်တဲ့။

ခန္ဓာကြီးက **'ခန္ဓူပဓိ'** ခေါ်တယ်၊ စွဲလမ်းစရာ မျက်လုံး၊ စွဲလမ်းစရာ ပါးတွေကို အဖု ပေါက်တယ်ဆိုရင်ပဲ စွဲလမ်းစရာ၊ ကင်ဆာတွေ လျှောက်ဟိုပေါက် ဒီပေါက်နဲ့ အဲဒါတွေကလည်း စွဲလမ်းစရာတွေဖြစ်တယ်၊ နိဗ္ဗာန်တွေက ဒါတွေမျိုး မရှိဘူးလို့ဆိုပြီးတော့ အဲဒီလို နိဗ္ဗာန်နဲ့တလွဲ တခြားကို ဆင်ခြင်လိုက်တဲ့အခါကျတော့ အဲဒီ ဖြစ်တဲ့နေရာကြီး ရပ်သွားတတ်တယ်၊ အဲဒါ **'ပဝတ္တနိမိတ်'**မှ ထတယ်၊ **'ဝုဋ္ဌာနဂါမိနီ ဝိပဿနာ'** ခေါ်တယ်၊ အဲဒါ **'နိဗ္ဗာန်'** ပဲလို့ဆိုတဲ့ပြီး၊ ဟို အိပ်ပျော်တာမဟုတ်ဘူး၊ ထိုင်နေရင်း မတ်တတ်၊ မအိပ်ချင်ပဲနဲ့ ရပ်သွားတဲ့ဟာ အဲလို ဖြစ်တယ်။

## ပစ္စယပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ်

ပြီးတော့ ပီတိတွေကောင်းနေရင်လည်း ရပ်နေတတ်တယ်၊ တချို့စျာန်သမားတွေလည်း ရပ်တယ်၊ **'စျာန်တွေ'** ရပ်တာ၊ **'ပီတိ'**ကြောင့် ရပ်တာလည်းရှိတယ်၊ **'ဥပေက္ခာ'**ကြောင့် ရပ်တာ ရှိတယ်၊ **'သမာဓိ'**ကြောင့်ရပ်တာရှိတယ်၊ **'ဝိပဿနာ'**ကြောင့်ရပ်မှ။ ခုနတုန်းက ဆင်းရဲတယ်၊ အနိစ္စ ဒုက္ခ အနတ္တ၊ နိဗ္ဗာန်ပဲအေးတယ်ဆိုတဲ့ပြီးတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ ရပ်သွားတာ ကို ခေါ်တယ်၊ အနိစ္စ ဒုက္ခ အနတ္တ၊ ဖြစ်တာ ပျက်တာက **'ဥဒယဗ္ဗယဉာဏ်'**တဲ့၊ အဲ ဖြစ်တာ ပျက်တာကို သိရတယ်၊ **'သမ္မသန'**- အတိတ်ကလည်း ဒီလိုပဲ၊ ပစ္စုပ္ပန်လည်း ဒီလိုပဲ၊ အနာဂတ် ဖြစ်ရင်လည်း ဒီလိုပဲလို့ဆိုပြီးတော့ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်တွေကိုလည်း ပွားရတယ်၊ ဖြစ်ခြင်း ပျက်ခြင်းကိုလည်း ပွားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲ **'ဖြစ်ကြောင်း'** ဖြစ်တဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန်တွေကိုလည်း ပွားရတယ်၊ အဲ အဝိဇ္ဇာကြောင့်ဖြစ်တာ၊ တဏှာကြောင့်ဖြစ်တာ၊ ဥပါဒါန်ကြောင့်ဖြစ်တာ၊ ကံကြောင့်ဖြစ်တာ၊ ဖဿကြောင့်ဖြစ်တယ်၊ နာမ်ရုပ်ကြောင့်ဖြစ်တယ်၊ အာဟာရကြောင့်ဖြစ်တယ်လို့ ဖြစ်တဲ့ဟာတွေကိုလည်းဆင်ခြင်ရတယ်၊ ဖြစ်ကြောင်းက **'ပစ္စယပရိဂ္ဂဟဉာဏ်'** လို့ ခေါ်တယ်၊ ဉာဏ်ဆယ်ပါး။

ပြီးတော့မှ **'ဘင်ဉာဏ်'** ဆိုပြီးတော့ ပျက်တာတွေမြင်တယ်၊ အဲဒီခေါင်းမူးတာတွေ ဘာမူးတာတွေ၊ ထိုင်နေရင်းမတ်တတ် မူးသွားနောက်သွားတာတွေ၊ လဲသွားတာတွေဖြစ်သွားတာတွေ၊ အော်ကလီဆန်တာတွေ ဘာတွေ အဲလိုဟာတွေဖြစ်တယ်၊ အဲဒါတွေထက် သေမယ်လို့တောင်ဖြစ်တယ်၊ အဲဖြစ်တာပဲ၊ သေချင်သေဟဲ့ ဆိုပြီးတော့ အဲဒီ **'ခန္ဓာနဲ့ နိဗ္ဗာန်နဲ့'** လဲရတယ်။

## နိရူပဓိဆိုတာ ခန္ဓာမရှိတာ

**'ဥပဓိ'** ဆိုတာ ခန္ဓာ၊ **'နိရုပဓိ'** ဆိုတာ ခန္ဓာမရှိတာ။ နိဗ္ဗာန်နဲ့လဲတာ၊ **'နိရုပဓိ'**ဆိုတာ နိဗ္ဗာန်ခေါ်တယ်၊ ခန္ဓာနဲ့အဲလို လဲရတယ်၊ ခန္ဓာကို စွန့်လိုက်ရပြီးတော့ကား နိဗ္ဗာန်ထဲရောက်သွားတယ်၊ **'အနုပဝိဋ္ဌော'** နိဗ္ဗာန်သို့ ရောက်သွားတယ်၊ ဆရာပြောသမျှကို လုပ်တယ်တဲ့၊ အဲဒါ **'သမ္မာပဋိပန္နော'**- ကောင်းစွာကျင့်တဲ့ပုဂ္ဂိုလ်ဟာ **'နိဗ္ဗာနံသစ္ဆိကရောတိ'** ဆိုတာက ပါဠိလိုဖြစ်သွားတယ်၊ အဲဒီ ရပ်သွားတာကြီး၊ မဖြစ်သွားတာကြီးကို သိသွားတယ်တဲ့၊ အဲလိုဟာဖြစ်အောင် အဲလိုလေး ဆင်ခြင်ပြီးတော့ ယူရတယ်။

လောကကြီးဆိုတာက 'မမြဲဘူး'၊ အိုတာတွေ၊ နာတာတွေ၊ သေတာတွေ၊ စိုးရိမ်တာတွေ၊ ပူဆွေးတာတွေ၊ သားသမီးတွေရော၊ ဘာတွေရော ဒီလိုဟာတွေရှိတယ်၊ အဲဒါ လျှော်လှုပ်တာတို့ မုန်တိုင်းတွေနဲ့ ရေတွေနဲ့ မြုပ်ပစ်လိုက်တာတို့၊ တစ်ခါတည်း မြေကြီး လျှော်လှုပ်ပြီးတော့ ပတ်ကြားအက်ကြီးထဲဝင်သွားတာ၊ ဟာ မြေကြီးက ဖိချလိုက်တာ သေသွားတာပဲ၊ အဲဒါကြီးက သေပြီးတော့ အဲလိုသေတာတွေ သေခဲ့တဲ့ဘဝတွေကလည်း မနည်းဘူး၊ ဒါပေမယ့် အဲလိုမသိဘူး၊ အဲလိုဖြစ်ဖြစ်သွားတယ်တဲ့၊ အဲလိုလည်း ရှုရှုပေးရတယ်လို့ မှတ်တဲ့။

ကဲ---တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## "အကြည်ပေါ်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကိုသိရမှာ တရားတော်"

၃၁. ၁၂. ၂၀၀၆

### ငါလို့မသိဘဲ နာမ်လို့ သိရမယ်

**'နာမ်ရုပ်'** သွားလိုတာတွေက **'နာမ်'** လှေနဲ့ ဒီလိုပေါ့ တက်မကြီးကိုင်သွားလို့ ဘယ်သွားချင်တယ်၊ အဲဒါ လူက နာမ်နဲ့တူတယ်၊ ဟို သွားချင်တယ်၊ **'နာမ်'** အမှတ်တမဲ့ဆိုတော့ နာမ်လို့ မသိဘူး၊ ငါလို့သိတတ်တယ်၊ စင်စစ်က **'နာမ်'**ကိုသိဖို့ **'ငါ'**လို့မသိဘဲနဲ့ နာမ်လို့သိဖို့ ငါကလည်း နာမ်ပဲ၊ ငါက **'ဒိဋ္ဌိနာမ်'** ဖြစ်နေတယ်၊ ငါလို့မသိဖို့ သွားချင်တယ်ဆိုရင် သွားချင်တယ်ဆိုတာကို သိပေးဖို့ **'လှေနဲ့လူ'**လိုပဲ၊ လူက **'နာမ်'** လှေကြီးကတော့ ဆိပ်ကမ်းဆိုက်ထားရင် သူ့ဟာသူ နေတာပဲ။ လူက တက်လှော်တော့မှ ဘယ်သွားချင်တယ်၊ ဆန်ချင်တယ်၊ သွားချင်တယ်၊ ဟိုဘက်ကမ်းသွားချင်တယ်၊ ဟိုရွာသွားချင်တယ်၊ အဲဒါက လူ၊ **'လှေနဲ့လူ'** အဲလိုမှတ်ထား၊ သွားချင်တယ်၊ သွားမယ်၊ ယားတယ်၊ ကုတ်ချင်တယ်၊ အဲ ယားတယ်ဆိုတာက **'ဝေဒနာတွေ'** ခြင်ကိုက်တယ် သညာတွေ၊ ခြင်ကသညာ၊ ယားတာကဝေဒနာ၊ အဲ ယားတာက ဖောက်ပြန်တာ၊ ယားတာက ရုပ်ဖောက်ပြန်သွားတာ၊ ခြင်က နှုတ်သီးနဲ့ ထိုးလိုက်တယ် အသားထဲ၊ အသားထဲ ထိုးလိုက်တယ်၊ ပသာဒထဲထိုးလိုက်တော့ အဲ **'ရုပ်'**က ဖောက်ပြန်သွားတယ်။

**'ရုပ်'**ကဖောက်ပြန်သွားတော့ ယားသွားတယ်၊ အဲဒီ ယားသွားတဲ့အခါမှာ ခံပြင်းသွားတယ်၊ ကုတ်ချင်လာတယ်၊ အဲဒါ **'သညာ'** ယားတာရော ဘာရော၊ ရုပ်ကဖောက်ပြန်တယ်၊ အဲဒီကျမှ **'ခန္ဓာငါးပါး'** ဖြစ်သွားတယ်၊ ခြင်ကိုက်တယ်၊ ခြင်ဆိုတာကသညာ၊ **'သညာ'**ဆိုတာ သတ္တဝါဖြစ်သွားတော့ **'ဒိဋ္ဌိ'** ဖြစ်သွားတယ်၊ ခြင်ကိုက်တယ်လို့ မထားရဘူး၊ ဖောက်ပြန်တယ် ယားတယ်ဆိုရင်တော့ ရုပ်တို့ ဝေဒနာတို့ **'ရုပ်၊ ဝေဒနာ၊ သညာ'** ခြင်ကိုက်တယ် ဖြစ်သွားတယ်၊ ရုပ်၊ ဝေဒနာ၊ သညာ။ ခြင်ကိုက်တော့ ကုတ်ချင်လာတယ်၊ **'သင်္ခါရ'** တစ်ခါတုန်းက ခြင်က နှုတ်သီးနဲ့ ထိုးလိုက်တာ အသားထဲ၊ ပသာဒထဲထိုးလိုက်တော့ စပ်သွားတယ်၊ နာသွားတယ်၊ အဲလိုဟာမျိုး၊ နှုတ်သီးနဲ့ထိုးလိုက်တယ်၊ သူက သူ့နာမည်က 'သူစိမုခ' တဲ့၊ 'သူစိမုခ' ဆိုတာ 'သူစိ'က အပ်၊ 'မုခ' က ပါးစပ်၊ ခံတွင်း၊ အပ်နဲ့တူတဲ့ခံတွင်းတဲ့၊ သူကတစ်ခါတည်း ထိုးချလိုက်တာ။

ကျုပ်တို့ ဟို အရင်တုန်းက ဆန်အိတ်တွေမှာ ထိုးထိုးကြည့်တဲ့ဟာမျိုးလိုပေါ့၊ အဲလို ထိုးထိုးကြည့်တော့ ဆန်တွေပါလာတယ်၊ နုတ်လိုက်တော့ အဲဒီကျမှ ဒီကဆန်ကောင်းတယ်

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူး၊ အဲ အဲလို ခြင်က နှုတ်သီးနဲ့ထိုး၊ အရင်က သိဖူးလို့သိတာ၊ ပြီးတော့ ခြင်ယောင်ဆောင်ပြီးကိုက်တဲ့ ဒီပြင်အကောင်တွေကလည်းရှိသေး၊ သူက ခြင်မှတ်တယ်၊ အဲဒါထဲမှာရုပ်၊ ခြင်ကိုက်တာက ရုပ်ဖောက်ပြန်သွားတယ် **'ရုပ်'**၊ ယားတားတား ဖြစ်သွားတယ် **'ဝေဒနာ'**၊ ပြီးတော့ ခြင် **'သညာ'**၊ ကိုက်တော့ကုတ်ချင်တယ် **'သင်္ခါရ'**။ အစတုန်းကတည်းက သိတဲ့ဟိုဟို **'ဝိညာဏ်'**ကတော့ ပါသွားပြီ၊ ဝိညာဏ်က အရင်ဖြစ်တာကိုး၊ **'တိဏ္ဏံ သင်္ဂတိ ဖဿော'** တဲ့၊ ဟို နာမ်က ဒီလိုဆိုတယ်၊ အသားက ပသာဒနဲ့ ခြင်ကအာရုံနဲ့ ထိုးချလိုက်တာ ဝိညာဏ်၊ ဝိညာဏ်ကသိတယ်၊ သိတာက **'ဝိညာဏ်'**၊ ဖင်ထိုးလိုက်တယ်၊ အဲဒါက **'ဖဿ'**၊ နာမ်ခန္ဓာတစ်ခါတည်းပါသွားတယ်၊ ကုတ်ချင်တယ် **'သင်္ခါရ'**၊ ကုတ်တယ်က **'ရုပ်'** ဖြစ်သွားတယ်၊ လှုပ်တာပေါ့၊ ဟိုက ပျောက်သွားတယ်၊ အဲဒါက သာမည ခြင်ကိုက်တာ။

## ခန္ဓာငါးပါး သိပြားက သောတာပန်

နွားခွေ့တာတို့ ဘာတို့ အကြီးအကျယ်ကျတော့ အကြီးအကျယ်ပေါ့၊ မေ့သွားအောင်ဖြစ်သွားတယ်၊ အဲလိုဟာမျိုးကျတော့ ပညတ်ကိုကျော်ရတယ်၊ **'ပညတ္တိံ သမတိက္ကမိတွာ'** ဆိုတော့ ခြင်လည်းကျော်ရတယ်၊ ခြေသလုံးတို့ ပေါင်တို့ဆိုတာလည်းမရှိရဘူး၊ နဖူးတို့ ဘာတို့ဆိုတာ **'ပညတ္တိံ'** ပညတ်ကိုကျော်ရမယ်ဆိုတာ ခုန ခြင်ကိုက်တဲ့ နဖူးတို့၊ ပခုံးတို့၊ ဒူးတို့ဆိုတာ မရှိရဘူး၊ ကျားကိုက်တဲ့ ဘုန်းကြီးတို့၊ ဒူးရိုက်ချိုးတဲ့ ဘုန်းကြီးတို့၊ အဲဒီဟိုဟာမျိုးတွေကျတော့ **'ဝေဒနာ'**တွေက ဟို **'စိတ်ကို ပြုပြင်တတ်တယ်'**၊ စိတ်ဆိုးအောင် လုပ်တတ်တယ်။

ဝေဒနာက ပြီးတော့ ရာဂဖြစ်အောင်လည်း လုပ်တတ်တယ်၊ ဝေဒနာနဲ့သညာက ဒူးတို့၊ ပေါင်တို့၊ ခါးတို့ကို ကျားကိုက်တယ်၊ ကျားတို့ ခါးတို့ မလုပ်ရဘူး မြွေတို့၊ **'ပညတ္တိံ -** ပညတ်ကို၊ **သမတိက္ကမိတွာ** - ကျော်လွန်၍**'** ဆိုတာဟာ ဒူးတွေဘာတွေ၊ ဒူးမှန်းလည်းမသိရဘူး၊ ခြင်ကိုက်မှန်းလည်းမသိရဘူး၊ အဲဒါ ယားတာလေးက အဲ ဖောက်ပြန်တယ် ရုပ်၊ ဝေဒနာဖြစ်တယ်၊ သညာဖြစ်တယ်၊ ဤဟာသညာ၊ ဤဟာရုပ်၊ အဲဒီခြင်ကိုက်တာလေးထဲမှာ အဲလိုခွဲရတယ်၊ ညောင်းတာလေးတွေ ဒူးနာတာလေးတွေ - ပြင်ချင်တာလေးတွေ အဲ အဲဒါလေးတွေခွဲမှ၊ ခန္ဓာကို ဉာဏ်နဲ့ရောက်သွားတယ်။ အဲဒါ 'ဖြစ်ပျက်' ဘာမှမလုပ်နိုင်ရင် 'သိတယ်' 'သိတယ်'၊ အဲဒါ သိတယ် ထိတယ် နာရင် နာတယ်ပေါ့၊ အဲဒီလောက်လေးနဲ့ဆိုရင် ငါးခုကွဲ ကွဲသွားတယ် နာရင်လည်းငါးခု၊ သွားချင်ရင်လည်းငါးခုပဲ၊ **'ခန္ဓာငါးပါး'** ပဲ၊ ခုထိုင်နေရင်လည်း ခန္ဓာငါးပါးပဲ၊

www.burmeseclassic.com

www.burmeseclassic.com



**'လူ'** ပျောက်သွားအောင် ခန္ဓာငါးပါးရောက်တော့မှ၊ **'ခန္ဓာငါးပါးသိပြားက သောတာပန်'**၊ ရှေးတုန်းက ခန္ဓာငါးပါး သိအောင် တရားထိုင်ရတာ၊ ဘုရားလက်ထက်က **'ရူပံ ဘိက္ခဝေ'** နဲ့၊ 'ရူပံဘိက္ခဝေ'လို့ဆိုရင် အဲဒီ ခြင်ကိုက်လိုက်လို့ ဟော ယားသွားတယ်၊ အသားထဲ သွေးနှုတ်သီးက ထိုးလိုက်တယ်။ အဲ **'ရူပံဘိက္ခဝေ'** အဲ တစ်လုံးတည်း ဆိုရတယ်၊ 'ရူပံဘိက္ခဝေ' မြတ်စွာဘုရားက ဟောလိုက် တယ်၊ ရူပံ ရုပ် ဤဟာရုပ် ဟော သူတို့လက်ထက်က ဘုရားလက်ထက်က **'ရူပံ'** ရူပံ၊ **'ရူပံ အနတ္တာ၊ ရူပံ အနိစ္စံ'**၊ အဲဒါ ဒူးတွေပေါင်တွေမဟုတ်ဘူး၊ ခြင်က နှုတ်သီးကလည်း ရုပ်ပဲထိုးလိုက်တာ၊ တွန်း တိုးလိုက်တာ **'ဝါယော'**၊ ဒူးတို့ ပေါင်တို့က **'ပသာဒရုပ်'**။

**'ဘူတပ္ပသာဒဝိသယာ'** ဟော မမေ့ရဘူး၊ **'ဘူတ'** က-ဘူတရုပ်၊ **'ပသာဒ'** က- ပသာဒရုပ်၊ **'ဝိသယာ'**က - အာရုံရုပ်၊ အင်း 'ဘူတပ္ပသာဒဝိသယာ'၊ ဟော ဒါမှ ရုပ်မှန်းသိသွားတယ်။ **'ဘာဝေါ ဟဒယ'**၊ **'ဘာဝေါ'** က ဣတ္ထိဘာဝ ပုမ္ဘာဝရုပ်၊ **'ဟဒယ'** က ဟဒယဝတ္ထုရုပ်၊ ဟဒယဝတ္ထု ရုပ်ထဲက **'မနော'** ဖြစ်တယ်။ **'ယံရူပံ နိဿာယ'**- နိဿယ၊ နိဿယပစ္စည်းဖြစ်သွားတယ်၊ **'မနောအကြည်'**မှာ နာမ်မှီလာတယ်၊ မနောအကြည်မှာ နာမ်မှီတယ်။ ခုသိတာတွေက ကြားတာတွေက၊ ကြားတာတွေကတော့ **'နားအကြည်'**မှာ နာမ်မှီ လာတယ်၊ ငါလည်းမပါ အဲလိုဆို ရှုရတယ်၊ **'ကာယအကြည်'** မှာ ဒူးတွေနာတယ်၊ လက်တွေရောညောင်းတယ်၊ လက်လို့မရှိဘူး၊ ကာယအကြည်ပဲရှိတယ်၊ ကာယအကြည်မှာနာမ်မှီလာ၊ ပါးတွေ ဘာတွေ နဖူးတွေ ခြင်ကိုက်တယ်၊ ညောင်းတယ်ယားတယ်၊ အဲဒါတွေပေါ့၊ စိတ်ကူးတယ်ဆိုတော့ **'မနောအကြည်မှာ နာမ်မှီလာ ငါလည်းမပါ'**၊ ငါလည်းမပါဘူး၊ အဲဒါက **'ချုပ်တာကို သိရမှာ'**၊ ချုပ်ချုပ်သွားတဲ့ ဟာတွေကို သိရမှာ၊ အဲလိုတွေ ရှုရတယ်။

### အကြည်ပေါ်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကိုသိရမှာ

ကိုယ်ပေါ်မှာဆိုရင် **'ကာယ'**အပေါ်မှာ ထိတာလေးသိလိုက်တဲ့အခါ **'နာမ်မှီ'**လာတယ်၊ ခြင်ကိုက်တယ်၊ ယားတယ်၊ ခါးအောင့်တယ်နဲ့၊ အေးတယ်နဲ့၊ ရင်ထဲက အေးတယ်ဆိုတာလည်း အဲဒါပဲ၊ နာမ်မှီလာတယ်၊ ပါးစပ်ထဲမှာ အေးတယ်၊ အေးတာ **'တေဇော'**၊ အေးတယ်လို့ သိတာက **'နာမ်'**၊ **'ကာယဝိညာဏ်'** ခေါ်တယ်၊ ညောင်းတဲ့ဟာလည်း ဒီလိုပဲ **'ကာယအပေါ်မှာ နာမ်မှီလာ'** နာမ်ကသိတဲ့ဟာပေါ့၊ သိတာက **'ဝိညာဏ်'**၊ ခံစားတာက **'ဝေဒနာ'**၊ မှတ်တာက **'သညာ'**၊ ပြုပြင်တာက **'သင်္ခါရ'**၊ နာမ်ကလျှော့၊ လျှော့ကြီးပေါ်မှာ လူရပ်သွားတယ်၊ တက်မကြီးကိုင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ယက်လိုက်တဲ့အခါ သွားရော၊ လေ့ချည်းထဲဆို ဒီတိုင်းပဲ၊ **'မျက်စိအကြည်မှာ နာမ်မှီလာ'**၊ အခုကြားတယ်၊ တရားနာလို့ ကြားတဲ့ဟာလည်း၊ **'နားအကြည်မှာ နာမ်မှီလာ'**၊ ဟော နာမ်ကဆိုတာ ဝိညာဏ်ရယ် ဖဿရယ်၊ **'တိက္ခံသင်္ဂတိဖဿော'**၊ **'တိက္ခံ'**က နားကျတော့ နားရယ် အသံရယ်ပေ့ါ၊ **'နားအကြည်မှာ'**-အသံရှိတော့ **'နာမ်မှီလာ'**၊ ကြားတာမှီလာတယ်၊ ကြားတာမှီတော့ ကြားလို့ကောင်းတယ် မကောင်းတယ်ဆိုတာ **'ဖဿ'**ရောပါတယ်၊ **'ဝေဒနာ'** ရော ပါတယ်ပေ့ါ၊ ကြားတာက **'ခန္ဓာငါးပါး'**၊ ဝိညာဏ်ရောပါတယ်၊ ဝေဒနာရောပါတယ် သညာက **'သညာက္ခန္ဓာ'**ပေ့ါ၊ ဝိညာဏ်က **'ဝိညာဏက္ခန္ဓာ'**၊ ဝေဒနာက **'ဝေဒနာက္ခန္ဓာ'**၊ ဖဿတို့ စေတနာတို့ နှလုံးသွင်းတာတို့က ဟော **'သင်္ခါရက္ခန္ဓာ'**၊ အဲလိုဖြစ်သွားတယ်။ **'နားအကြည်မှာ နာမ်မှီလာ'**၊ နာမ်မှီလာတယ်၊ ကြားတဲ့ဟာက နာမ်ဖြစ်သွားတယ်၊ ကြားတာက ပသာဒ။ နားမထိုင်းတဲ့သူ ထိုင်းတာက မကြည်ဘူး၊ မကြည်လို့ ထိုင်းတာ၊ **'နားအကြည်မှာ နာမ်မှီလာ ငါလည်းမပါ'** ငါမပါမှ၊ အဲဒါ **'ဒိဋ္ဌိ'**မပါဘူး၊ **'ငါလည်းမပါ၊ ချုပ်တာကိုသိရမှာ'**၊ ကြားပြီးရင် ချုပ်သွားတယ်၊ ချုပ်တာကိုသိရမယ်၊ ကြားပြီးရင် ချုပ်တယ်၊ မြင်ပြီးရင်လည်း ချုပ်တယ်။

**'မျက်စိအကြည်မှာ၊ နာမ်မှီလာ၊ ငါလည်းမပါ၊ ချုပ်တာကိုသိရမှာ'**။

အဲဒါ **'ဝိပဿနာ'** အဲဒါ ဝိပဿနာပေ့ါ၊ **'လေးခု'** ဖြစ်သွားတယ်။ ထိုင်တယ်ဆိုတာ ထိတယ်ပေ့ါ၊ ထိုင်တာကလည်း **'ကာယအကြည်မှာ'**၊ ထိတာကကျတော့ **'နာမ်မှီလာ'**၊ **'ငါလည်းမပါ'** အဲဒါက ဒိဋ္ဌိမပါတော့ဘူး၊ **'ချုပ်တာကို သိရမှာ'** ထိပြီးရင်ချုပ်သွားတယ်၊ ခြင်ကိုက်ပြီးလည်းချုပ်သွားတယ်၊ ကြားပြီးရင်လည်း ချုပ်သွားတယ်၊ မြင်ပြီးလည်း ချုပ်သွားတယ်၊ အဲဒါကို **'နိရောဓော'**၊ **'နိရောဓော'** လို့ မြတ်စွာဘုရား ကရှုတယ်၊ နိရောဓောဆိုတာ မကြားဖူးဘူး၊ ဟော မကြားဖူးဘူးလို့ အသံကလည်းဆုံးရော ကြားတဲ့နားကလည်း မရှိတော့ဘူး၊ အဲဒါ **'နိရောဓ'**ခေါ်တယ်၊ **'တဒင်္ဂနိရောဓ'** ခေါ်တယ်၊ **'ဥပါဒ်'** အစွန်း၊ **'ဘင်'** အစွန်းဆိုတာ အဲလိုဟာမျိုး ခေါ်တယ်၊ နိရောဓ ချုပ်တာကို သိပြီဆိုရင် ဟော **'အနိစ္စ'**လည်း သိသွားတယ်။

**'အနိစ္စ'** သိသွားရင် **'သဿတ'** ပျောက်သွားတယ်၊ အဲလိုပဲ ဖြစ်တာပဲလို့ဆိုတော့ 'ဥစ္ဆေဒ' လည်းပျောက်သွားတယ်၊ သြော် **'အကြည်ပေါ်မှာ နာမ်မှီတာ'** ကိုပဲ လူတွေ ဘာတွေ ပြောဆိုနေတာတွေ ဖြစ်သွားတယ်၊ ဝမ်းထဲက ကြံတာကျတော့ **'မနောအကြည်မှာ'**၊ ပြောချင်တာလေး တွေဆိုချင်တာလေးတွေပေ့ါ၊ မနောထဲက**'မနောဒွါရ'**မှာ၊ **'မနောအကြည်မှာ နာမ်မှီလာ ငါလည်း မပါ ချုပ်တာကိုသိရမှာ'**၊ အဲဒါ နိရောဓပဲ၊ အဲဒါ **'ဝိပဿနာ'** ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**မျက်စိအကြည်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကိုသိရမှာ။**
**နားအကြည်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကို သိရမှာ။**
**နှာခေါင်းအကြည်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကိုသိရမှာ။**
**လျှာအကြည်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကိုသိရမှာ။**
**ကိုယ်အကြည်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကိုသိရမှာ။**
**မနောအကြည်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကိုသိရမှာ။**

**နိရောဓ ဓမ္မာနုပဿီ ဝိဟာရတိ**

**'နိရောဓာနုပဿီ အဿာသိ ဿာမီတိ သိက္ခတိ'** - ဆိုပြီး ထွက်လေ ဝင်လေလည်း အဲဒီလို **'ချုပ်တာကို သိရတယ်'**၊ အဲဒါမှ ဉာဏ်ကောင်းသွားတယ်၊ အဲဒါ ဘယ်မှာတုံးဆိုတော့ **'အဗျာကတ'** အဗျာကတ ခေါ်တယ်။ **'ဝိပါက်'** ခေါ်တယ်။ **'မျက်စိ'**ကလည်း ဝိပါက်၊ **'ကြားတာ'** ကလည်း ဝိပါက်၊ မဆဲချင်လို့ ရှိလို့ရှိရင် ဝိပါက်ပဲ၊ ဆဲချင်လာမှ အကုသိုလ်ဖြစ်သွားတယ်၊ ခံပြင်းတာတို့ ဆဲချင်တာတို့ အဲဒီလိုမဖြစ်ဘူးဆိုရင် တရားရပြီ၊ အဲလိုမှတ်၊ စိတ်ထဲက နင့်ကနဲ ခုကနဲ ခံပြင်းသွားတယ်၊ ဆဲချင်သွားတယ်၊ အဲဒီဟာတွေက အကုသိုလ်ခေါ်တယ်။

**'အဗျာကတ သဘာဝ'**၊ **'အဗျာကတ'**ဆိုတာက **'ဝိပါက်'**ခေါ်တယ်၊ ကုသိုလ် အကုသိုလ် မဟုတ်တဲ့ဟာကို ခေါ်တယ်။ **'နား'**ကကြားတယ်၊ **'ဝိပါက်'**က ကြားတာ၊ **'ငါ'**က ကြားတာ မဟုတ်ဘူး၊ ဝိပါက်က ကြားတာ ငါကကြားတယ်လို့မမှတ်ရဘူး၊ **'ငါ'**က ကြားတယ်ဆိုရင် **'ဒိဋ္ဌိ'**ဖြစ်သွားတယ်၊ **'ဝိပါက်'**က ကြားတယ်ဆိုတော့ **'သဘာဝ'** ဖြစ်သွားတယ်၊ တပည့်တော်မ ကြားတယ်မဟုတ်ဘူး၊ ငါကကြားတယ် မဟုတ်ဘူး၊ **'အဗျာကတ'** က ကြားတယ်၊ **'အဗျာကတ'** ဆိုတာ ဝိပါက်၊ **'ဝိပါက်'**ဆိုတာက ကုသိုလ် အကုသိုလ် ဖြစ်တတ်တယ်။ သူက မဖြစ်ဘူး ဆရာလို့ဆိုရင် **'ကုသလာ ကုသလံဇဟ်'** ဆိုတာ ဟော ကုသိုလ် အကုသိုလ်မဖြစ်ဘူးဆရာလို့ ဆိုလို့ရှိရင် နိဗ္ဗာန်ရောက်သွားတယ်။

**'မျက်စိအကြည်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကိုသိရမှာ'**။

ချုပ်တာလည်း သိပေးလိုက်ရသေးတယ်၊ နားကြားလို့သိသွားတယ်၊ အသံလည်း မရှိတော့ဘူး၊ နားလည်း မရှိတော့ဘူး၊ အဲဒါ - နိရောဓာ နုပဿီ၊ **'ချုပ်တာ'** ကိုသိရင် **'နိရောဓာ နုပဿီ'**၊ **'ဖြစ်တာ'**ကို သိရင် **'သမုဒယ ဓမ္မာနုပဿီ'**။ **'သမုဒယ ဓမ္မာနုပဿီ၊ နိရောဓ ဓမ္မာနုပဿီ၊**

www.burmeseclassic.com

www.burmeseclassic.com



**ဝေဒနာသုဝိဟာရတိ၊ ကာယသ္မိံဝိဟာရတိ'**၊ **'ကာယ'**ထဲမှာ အဲဒါတွေကို **'ဖြစ်တာ၊ ပျက်တာတွေ'** ကို ရှုနေရတယ်လို့ အဲလို အဲလိုပြောတာ၊ အဲဒီထဲမှာ **'လူ'**လည်းမပါတော့ဘူး၊ အဲဒီထဲမှာ သွားတဲ့ လာတဲ့အထဲမှာ ကားတွေ ဘာတွေနဲ့ သွားတဲ့လာတဲ့အထဲမှာ၊ စိတ်ဆိုးတာ မဖြစ်ဘူး စိတ်အဝှါ ပြုတာ မဖြစ်ဘူးဆိုရင် အဲဒါ အစတော့ နည်းနည်းသည်းခံတယ်၊ နောက်တော့ အကုန်သည်း ခံနိုင်သွားတယ်၊ အဲလို မှတ်ထား၊ အဲဒီ လေးခုကို ဆို ဆို နေရမယ်။ ဟော မြင်လိုက်လို့ရှိရင် **'ချုပ်'**၊ ဟော ကားက ရှေ့ကတက်သွားပြီ၊ ဘေးကသွားတယ်၊ နောက် ရှေ့က တက်သွားတယ် ဆိုရင် ဟော ရှေ့ရောက်သွားပြီဆိုပြီးတော့၊ သူက **'ချုပ်တာ'**၊ အရင်ကဟာ **'ချုပ်တာ'**။

**'သမုဒယ ဓမ္မာနုပဿီ၊ နိရောဓ ဓမ္မာနုပဿီ၊ ဝေဒနာသု ဝိဟာရတိ၊ ကာယသ္မိံ ဝိဟာရတိ'**၊ **'အတီတံ ရူပံ'**၊ **'အတီတံ**-အတိတ်ဖြစ်သော၊ **ရူပံ**-ရုပ်သည်၊ **အတီတေယေဝ**-အတိတ်၌ သာလျှင်၊ **နိရုဒ္ဓံ** - ချုပ်ပြီ'။ ဟော ကိုယ့်ကားရှေ့ကတက်သွား၊ ကိုယ့်ကားဘေးကနေတက်သွား၊ ကျော်တက် သွားတယ်၊ ဟော ကိုယ့်ထက် ရှေ့ရောက်သွားတယ်ဆိုရင် နောက်ကဟာတွေ အရင်က ဟာတွေ က ချုပ် ချုပ် ပြီး ရှေ့ရောက် ရောက်သွားတယ်၊ ရှေ့ရောက်တယ်ဆို နောက်ကဟာ ချုပ်တာပဲ၊ ကားသွားရာ၊ လူချင်းပြိုင်ရင်လည်း လူချင်းသွားရင်လည်း ကိုယ်က ရှေ့ရောက်တယ်၊ ရှေ့ရောက် တော့ ဝမ်းမသာနဲ့၊ နောက်ကချုပ်တာ၊ **'ရုပ်'**ကျတော့ **'နိဿယပစ္စည်း'** ဖြစ်သွားတယ်။ **'နာမ်'** ကျတော့ **'အနန္တရပစ္စည်း'** ဖြစ်သွားတယ်။ ရှေ့ကချုပ် ရှေ့ကချုပ်တော့ အသစ်အသစ် ဖြစ်သွား တယ်၊ **'အဟောင်း အဟောင်း'** ချုပ်ပြီးတော့ **'အသစ်အသစ်'** ဖြစ်တယ်၊ အဲဒါ ခေါ်တယ်။

ဖြစ်တာကို **'သမုဒယ'** လို့ခေါ်တယ်။ ချုပ်တာကို **'နိရောဓ'** လို့ခေါ်တယ်။ **'နိရောဓာ နုပဿီ၊ ကာယသ္မိံ ဝိဟာရတိ'**၊ ဟော ချုပ်တယ်ဆိုတာ **'ကိုယ်ကြီး'** ပါ ချုပ်ချုပ်သွားတယ်၊ **'စိတ်'**မှာ လည်း ချုပ်တာပဲ **'ဝိညာဏသ္မိံ'** လို့ ဆိုလိုက်ရုံပဲ၊ **'နိရောဓာနုပဿီ**-ချုပ်ခြင်းကို ရှုလေ့ရှိသည်ဖြစ်၍၊ **ဝိညာဏသ္မိံ** -ဝိညာဏ်၌၊ **စိတ္တသ္မိံ**- စိတ်၌၊ **ဝိဟာရတိ** - နေ၏'။ စိတ်၌ စိတ်၌လည်း ချုပ်တာပဲ။

**'မနောအကြည်မှာ၊ နာမ်မှီလာ၊ ငါလည်းမပါ၊ ချုပ်တာကို သိရမှာ'**။

အဲဒီ လေးခုဆို ဆို ပေးရတယ်။ သွားရင်း လာရင်း၊ ချုပ်တာ ရှေ့သွားလည်း ရှေ့က ညာက ရှေ့တက်လိုက်တယ်ဆိုလို့ ရှိရင် ဟော နောက်တစ်ခါ ဘယ်တက်ပြီဆိုရင် ညာချုပ်ပြီ၊ ညာတက်ပြီဆို ဘယ်ချုပ်ပြီ၊ ဘယ်ရုပ် ဘယ်ရုပ် ဟို ခြေထောက်ကြီး မဟုတ်ဘူး၊ လှုပ်တဲ့ရုပ် ပြောတာ၊ ဘယ်ရုပ် **'ရုပ်'**ချုပ်တာ။ **'နိရောဓာနုပဿီ၊ ရူပသ္မိံ ဝိဟာရတိ'**၊ **'နိရောဓာနုပဿီ** - ချုပ်ခြင်းကို ရှုလေ့ရှိသည်ဖြစ်၍၊ **ရူပသ္မိံ** - ရုပ်၌၊ **ဝိဟာရတိ** - နေ၏'။ **'ချုပ်တယ်'** ဆိုတာ ရုပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီးတော့လည်း နေရတယ်၊ **'ဝေဒနာ'**လည်း ချုပ်တာပဲ၊ အဲဒီလှည့်တာ သွားတာတွေရော **'အသစ်ဖြစ်ရင် အဟောင်းချုပ်တယ်'**၊ အသစ်ဖြစ်ရင် ဘာဖြစ်သတုံး (အဟောင်းချုပ်ပါတယ် ဘုရား)၊ အဲဒီ အသစ်အဟောင်းပြောင်းတာကို သိရတယ်၊ အသစ်အဟောင်း ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ အသစ်အဟောင်းနဲ့ **'ငါတို့'**လို့ဆိုလိုက်ရင် **'ငါ'** က ဟောင်းသွားပြီ၊ **'တို့'**က သစ်သွားပြီ၊ အဲလိုဟာမျိုး၊ အဲဒီအသစ်အဟောင်းကလည်း အဲလိုဟာမျိုး၊ **'နားအကြည်မှာ'**၊ နားကအခုမကြားသေးဘူး အသံ ပြောရင် ကြားလာ တယ်၊ နားက အရင်က နိဿယ ခေါ်တယ်၊ **'နိဿယပစ္စယေန ပစ္စယောတွေ'**၊ နှာခေါင်းတွေ၊ လျှာတွေ၊ စိတ်တွေကိုဟောတာ၊ အဲဒါ **'နိဿယပစ္စယေန ပစ္စယော'** ဆိုတာ။

**ဝိပဿနာဉာဏ် ပဋ္ဌာန်းဉာဏ် ကေန်တူသည်မှတ်**

**'နိဿယ'** က **နားအကြည်မှာ၊ နာမ်မှီလာ**၊ အဲဒါ နားအကြည်မှာက **'နိဿယပစ္စည်း'** ခေါ်တယ်။ **'နိဿယ** - မှီရာဖြစ်၍ ကျေးဇူးပြုတယ်' တဲ့၊ သူကအကြောင်း **'မှီရာဖြစ်၍ ကျေးဇူး ပြုတယ်'**၊ အဲလို ပဋ္ဌာန်း၊ ဝိပဿနာဆိုတာ ပဋ္ဌာန်းဉာဏ် ရောက် ရောက်သွားတယ်လို့ အဲလိုမှတ်။ **'ဝိပဿနာဉာဏ် ပဋ္ဌာန်းဉာဏ် ကေန်တူသည်မှတ်'**၊ ဝိပဿနာဉာဏ်နဲ့ ပဋ္ဌာန်းဉာဏ်နဲ့ တူရတယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ **'ဝိပဿနာဉာဏ် ပဋ္ဌာန်းဉာဏ် ကေန်တူသည်မှတ်'**၊ အဲဒါမှ ဉာဏ်ကောင်းတော့ အဲဒီလို ဉာဏ်ကောင်းတော့ မြတ်စွာဘုရားမှာတော့ ရောင်ခြည်တော်တွေ ထွက်တယ်၊ နင်တို့လည်း စိတ်ထဲမှာ ည ည ရွတ်ရင် အဲလို မျက်စိတွေက ဘာတွေက ဝင်းဝင်း ဝင်းဝင်း ထွက်တတ်တယ်၊ အဲလိုဟာတွေမှတ်ထား။

**'ဝိပဿနာဉာဏ် ပဋ္ဌာန်းဉာဏ် ကေန်တူသည်မှတ်'**၊ **'နားအကြည်မှာ နာမ်မှီလာ'**။ မှီတယ်ဆိုတာ နိဿယခေါ်တယ်။ နားအကြည်က ဟိုနားအကြည်ခေါ်တယ်၊ လက်စွပ်ကွင်း လောက်ရှိတယ်၊ လက်စွပ်ကွင်းလောက်မှာ အမွေးလေးတွေက အတွင်းကပေါက်နေတယ်၊ အဲဒီ အသံလှိုင်းက အဲဒီထဲသွားပြီးတော့လှုပ်တယ်၊ အဲဒီ အမွေးဖျားလေးတွေလှုပ်တော့ ပသာဒသွား ထိတယ်၊ အဲဒါလေးကကြားတယ်။ **'နားအကြည်မှာ'**၊ အဲဒါက **'နိဿယ'**၊ **'နာမ် မှီလာ'**၊ အဲဒါက **'နိဿိတ'**၊ **'မှီရာ'**ကဘာတုံး (နိဿယ ပါဘုရား)၊ **'မှီတတ်တာ'** ကဘာတုံး (နိဿိတပါဘုရား)။

**မှီရာရှိမှ မှီတာရှိတယ်**

နာမ်မှီလာတော့ ဘယ်သူကကျေးဇူးပြုသတုံးဆိုရင် **'မှီရာ'** ရှိမှ **'မှီတာ'** ရှိတယ်၊ မှီရာ

www.burmeseclassic.com

www.burmeseclassic.com



ရှိရင် ဘာရှိတုံး (မှီတာရှိရပါတယ်ဘုရား)။ မှီရာမရှိရင် မှီတာရှိရဲ့လား (မရှိပါဘုရား)။ မျက်စိအကြည် နားအကြည်မရှိရင် မြင်တာတို့ ကြားတာတို့ မရှိဘူး၊ မျက်စိအကြည် နားအကြည်မရှိရင် ဘာတွေမရှိတုံး (ကြားတာတို့ မြင်တာတို့ မရှိပါဘုရား)။ မြင်တာတွေ ကြားတာတွေမရှိဘူးတဲ့၊ မြင်တာတွေ ကြားတာတွေရှိတာ **'အကြောင်းအကျိုး'** ရှိလို့။ မြတ်စွာဘုရားက **'အကြောင်းအကျိုး'** ပဲလို့ပြောတယ်၊ **'လူတွေ'**လို့ ဘာတွေလို့ မဟောဘူး၊ ဟုတ်ကဲ့လား (တင်ပဲ့ါဘုရား)။ အဘိဓမ္မာမှာ ဟုတ်ကဲ့လား (မှန်ပဲ့ါဘုရား)၊ အဲလို မှတ်ထားနော်။

**'မျက်စိအကြည်မှာ၊ နာမ်မှီလာ၊ ငါလည်းမပါ'** အဲလို ပဋ္ဌာန်းကို သိတော့မှ **'ငါ'**မပါဘူးဆိုတာသိတယ်၊ **'စက္ခာယတနံ၊ စက္ခုဝိညာဏဓာတုယာ၊ နိဿယပစ္စယေန ပစ္စယော'**၊ လွယ်အောင် တစ်ခုချပေးရတယ်။ **'စက္ခာယတနံ'**က မျက်စိအကြည်ခေါ်တယ်။ **'သောတာယတနံ'** က နားအကြည်ခေါ်တယ်။ **'အာယတန'** ဆိုတာ ဖြစ်ရာခေါ်တယ်၊ **'သဉ္ဇာတိဒေသော'** လို့ခေါ်တယ်၊ ဖြစ်ရာခေါ်တယ်၊ ဌာနတို့ ဌာနီတို့လို့ ကြားဖူးတယ်၊ အဲလိုဟာမျိုးပေါ့၊ **'မျက်စိအကြည်မှာ နာမ်မှီလာ'**၊ အဲဒါ **'နိဿယ'** ရှိလို့မှီတဲ့ဟာ **'စက္ခုဝိညာဏ်'** ကလေး၊ **'သောတဝိညာဏ်'** ကလေးဖြစ်လာတယ်တဲ့၊ ဝမ်းထဲက မနောကလည်း **'မနောဝိညာဏ်'** ခေါ်တယ်။

**'မနောအကြည်မှာ၊ နာမ်မှီလာ၊ ငါလည်းမပါ၊ ချုပ်တာကိုသိရမှာ'**။

အဲဒါ ဝိပဿနာက အဲဒီပဋ္ဌာန်းဖြစ်သွားတယ်တဲ့၊ ဝိပဿနာက ဘာဖြစ်သွားတုံး (ပဋ္ဌာန်းဖြစ်သွားပါတယ်ဘုရား)။ **'ဝိပဿနာဉာဏ် ပဋ္ဌာန်းဉာဏ် ကေန်တူသည်မှတ်'**၊ အဲလို ပဋ္ဌာန်းဉာဏ်ကြားခဲတယ်၊ လက်လေး လှုပ်လိုက်လို့ လေလေးတိုက်လိုက်လို့ သိလိုက်တဲ့ဟာကလည်းဒီလိုပဲ။

**'ကာယအကြည်မှာ၊ နာမ်မှီလာ၊ ငါလည်းမပါ၊ ချုပ်တာကို သိရမှာ'။**

## ဖြစ်တာရှိလို့ ချုပ်တာရှိတယ်

အဲဒါကျတော့ **'နိရောဓာနုပဿီ** - ချုပ်တာကိုသိရမှာ'၊ ဘယ်သိတုံးဆိုတော့ ကိုယ်ဆိုရင် **'ကာယသင်္ခါရ ဝိဟရတိ'**၊ စိတ်ဆိုရင် **'စိတ္တသင်္ခါရ ဝိဟရတိ'**၊ ဝေဒနာဆိုရင် **'ဝေဒနာသုဝိဟရတိ'**ပေါ့၊ ဟော **'သင်္ခါရေသုဝိဟရတိ'**နဲ့၊ ဖြစ်တဲ့နေရာကိုဖြစ်တဲ့နေရာပဲ ပျက်သွားတယ်တဲ့။ ဖြစ်တဲ့နေရာ ဘာဖြစ်သွားတုံး (ပျက်သွားပါတယ်ဘုရား)။ အေး အဲလို ပျက်သွားတယ်ဆိုတော့ အဲလိုမှတ်ထားနော်၊ ဟို ဒေါသတွေ ဘာတွေကို ပဋ္ဌာန်းရောက်သွားရင် ဒေါသတွေ၊ လောဘတွေ ဖြစ်စရာမရှိတော့ဘူး၊ ပဋ္ဌာန်းရောက်သွားရင် ဖြစ်စရာမရှိတော့မှ မြတ်စွာဘုရားမှာ တစ်ခါတည်း ရောင်ခြည်တော်တွေ လွှတ်တယ်။ အထက်ပိုင်းက မီးတွေချည်းပဲ၊ အောက်ပိုင်းက ရေတွေချည်းပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ရေနဲ့မီးနဲ့ အစုံခေါ်တယ်၊ **'ယမကပြာဋိဟာ'**၊ **'ယမက'** ဆိုတာ အစုံကို ဟောတယ်၊ ဒွယနှစ်ခု ယမကနဲ့ ဒွယနဲ့ အတူတူပဲ နှစ်ခုနှစ်ခု ဖြစ်တာ၊ **'ပါဋိဟာရိယ'** က တန်ခိုး ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ **ယမကပြာဋိဟာ**၊ ပြာဋိဟာက တန်ခိုး၊ အစုံအစုံ တန်ခိုးခေါ်တယ်၊ **'တန်ခိုးအစုံ'** ခေါ်တယ်။

မျက်လုံးတစ်ဖက်က ရေတွေ၊ မျက်လုံးတစ်ဖက်က မီးလျှံတွေ။

နားတစ်ဖက်က ရေတွေ၊ နားတစ်ဖက်က မီးလျှံတွေ။

နှာခေါင်းတစ်ဖက်က ရေတွေ၊ နှာခေါင်းတစ်ဖက်က မီးလျှံတွေ။

ခါးအောက်က ရေတွေ၊ ခါးအထက်က မီးလျှံတွေ။

ရေနဲ့မီး ကသိုဏ်းက အဲလိုစုံအောင်ဆိုတာ၊ အဲလိုဘုရား တရားတို့ကို ရှင်မဟာမောဂ္ဂလန်နဲ့ ဘုရားတို့က စုံစုံလွှတ်တတ်တယ်၊ လုပ်တတ်တယ်၊ ရှင်မဟာမောဂ္ဂလန် တောင် မစုံပါဘူး၊ ရှင်မဟာမောဂ္ဂလာန်က မီးခိုးဆို မီးခိုးချည်းပဲ လွှတ်ချလိုက်တာ၊ ဟာ သူ့ချည်းလွှတ်မှာ လားဆိုမှ တစ်ခါပိတ်လိုက်တယ်၊ အဲလို မြတ်စွာဘုရားကတော့ ရေမီးအစုံ ဖြစ်တယ်၊ ရေတွေ မီးတွေအစုံ၊ ကိုယ်တစ်ခြမ်းက ရေတွေဆို၊ ကိုယ်တစ်ခြမ်းက မီးလျှံ၊ ဒါ သူတကာတွေမမြင်ဖူးတော့ သူ့ကြည့်လိုက်တော့ ကြည့်တာနဲ့ပဲ အဲဒီ **'နီဝရဏတွေ'**က မရှိတော့ဘူး။

ခု မျက်စိတွေ နားတွေ နှာခေါင်းတွေ စိတ်တွေမှာလည်း ရာဂ၊ ဒေါသတွေ မကပ်တော့ဘူး၊ ဟော တစ်ခါတည်း နိဗ္ဗာန်ရောက်သွားရော ရှေးက အခုလည်း အဲသလိုတူအောင် လွှတ်ပြီးပြတတ်လို့ရှိရင် လူတွေစိတ်ထဲမှာ ဟန် ဟန်သွားတယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ အဲလိုမှတ်ထားနော်၊ **'နှာခေါင်းအကြည်မှာ'**၊ ပြီးတော့ကော (နာမ်မှီလာ)၊ ပြီးတော့ကော (ငါလည်းမပါ)၊ ပြီးတော့ကော (ချုပ်တာကိုသိရမှာ)၊ အဲလိုလေး ဆိုဆိုပေး၊ ကိုယ့်ဟာကိုယ် လုပ်တော့ ကိုယ့်ဟာကိုယ်သိတယ်၊ သို့မို့ရင် မသိဘူး၊ ချုပ်တာကိုသိတော့ ဖြစ်တာကိုလည်း သိတာပေါ့၊ ဖြစ်တာက နိဿယပစ္စည်းက **'နိဿယ'**က **'အကြောင်း'**၊ ဟော ဖြစ်ပြီးတော့ ပျက်သွားတာက၊ **'ချုပ်တာ'**က **'အကျိုး'**ပေါ့၊ ဖြစ်တာနဲ့ ပျက်တာ ဖြစ်တာရှိလို့ ပျက်တာရှိတာ၊ **'ဖြစ်တာ'**ရှိလို့ **'ချုပ်တာ'**ရှိတာ၊ **'ဖြစ်တာ'**မရှိရင် **'ချုပ်တာ'**မရှိဘူး။

အဲလို ဟို လေမုန်တိုင်းကြီးတိုက်သွားတယ်၊ ဖြစ်တာရှိတော့ ဟော မီနီ မီနာဆိုလား၊ အဲဒီ လေမုန်တိုင်း လူတွေသေသွားတယ်၊ ချုပ်သွားတယ်၊ လေမုန်တိုင်းတိုက် လိုက်တော့ ဟိုဟာကြီးက ဖြစ်တာရှိရင် ချုပ်တာရှိတယ်၊ မီနာမီ လေမုန်တိုင်းချလို့ သေတယ်လို့ လူတွေက

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲသိတာ၊ မဟုတ်ဘူး၊ မြတ်စွာဘုရားက ဖြစ်တာသိရတယ်၊ ချုပ်တာသိရတယ်၊ မီနာမီ လေမုန်တိုင်းတိုက်ရင် ဟာ လူတွေသေမယ်၊ ချုပ်တာ ဖြစ်တာချုပ်တာ၊ ဒီကမ္ဘာကြီးကလည်း **'ဖြစ်တာ၊ ချုပ်တာ'** ပဲ သိတယ်။ အကြမ်းဖက်တယ်ဆိုလည်း ဖြစ်ရင်ချုပ်၊ ကားဗုံးဖေါက်တယ် ဆိုလည်း ဖြစ်ရင်သေတာပဲရှိတယ်၊ ဖြစ်တာနဲ့ ချုပ်တာကိုခေါ်တယ်တဲ့၊ ဒါကြောင့် **'ဖြစ်ချုပ်'** ဆိုတာက **'ဥဒယဝယဉာဏ်'** လို့ခေါ်တယ်၊ **'လူတွေ'**မဟုတ်ဘူး၊ **'သတ္တဝါ'** မဟုတ်ဘူးလို့၊ အဲဒီ ကမ္ဘာကြီးကိုပေါ့၊ လူတွေပျောက်သွားလို့ရှိရင် **'အဲဒါဒုက္ခသစ္စာ'**၊ ဒုက္ခသစ္စာဆိုတာ တစ်လောက လုံး သုံးဆယ့်တစ်ဘုံ။

**'သုံးဆယ့်တစ်ဘုံမှာ ဖြစ်လေရာ ဒုက္ခသစ္စာမှတ်'**။

အဲလို **'ဒုက္ခသစ္စာ'** ဆိုတာ၊ လူတွေမရှိတော့ သမုဒယတွေပယ်ပြီးတော့ **'နိရောဓ'** ရောက်သွားတယ်။ အဲလို ဉာဏ်က ထုတ်ပေးရတယ် ဟုတ်ကဲ့လား (တင်ပ့ါဘုရား)၊ လေမုန်တိုင်း တိုက်တယ်ဆိုတာ မကြားဘူးလား (ကြားပါတယ်ဘုရား)၊ ကြားတယ်လို့ဆိုရင်လည်း

**'နားအကြည်မှာ၊ နာမ်မှီလာ၊ ငါလည်းမပါ၊ ချုပ်တာကိုသိရမှာ'** ။

### ကိလေသာထွက်ပေါက်

ဝိပဿနာနဲ့ ပဋ္ဌာန်းနဲ့ မှီတယ်ဆိုရင် **'နိဿယပစ္စည်း'**၊ အမှီခံရတယ်ဆိုရင် ဟော **'နိဿယပစ္စည်းရဲ့ ပစ္စယုပ္ပန်'** ခေါ်တယ်။ **'ပစ္စည်း၊ ပစ္စယုပ္ပန်'** ကို **'အကြောင်း၊ အကျိုး'** လို့ ခေါ်တယ်လို့မှတ်ထား၊ အဲလို သိသွားတော့ လူတွေမရှိတော့ဘူး၊ ပဋ္ဌာန်းဉာဏ်ရောက်သွားတော့ **'လူတွေ'**မရှိတော့ဘူး၊ အဲဒီတင် စိတ်ထဲမှာပေ့ါပြီးတော့ တစ်ခါတည်းလူတွေကို မအောက်မေ့ဘူး၊ ကိုယ့်ကို ဟို တစ်ခါတည်း ဆင်းရဲအောင်လုပ်တဲ့လူလည်း အပြစ်မတင်ဘူး၊ ချမ်းသာအောင် လုပ်တဲ့လူလည်း ဘာမှမလုပ်ဘူး၊ အဲလို စိတ်ထဲမှာ အဲလိုတွေ ဖြစ်တတ်တယ်တဲ့၊ အဲလို မှတ်ထား၊ သို့မို့လို့ရှိရင် ဝိပဿနာလုပ်တဲ့ အကျိုးက ဘာရှိတုံး၊ အဲလိုစိတ်ထဲမှာဘာမှ အပြစ်တွေမရှိဘဲ အကောင်းချည်းပဲ ဖြစ်တတ်တယ်၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။

ဒ့ါကြောင့် **'ကိုယ်အကြည်မှာ နာမ်မှီလာ ငါလည်းမပါ ချုပ်တာကိုသိရမှာ'**။

အဲဒီ ချုပ်တာက နားအကြည်တို့ ဘာတို့က**'အဗျာကတ'**ကိုး၊ အဗျာကတတရား ကုသိုလ် အကုသိုလ် မဟုတ်ဘူး၊ အဲဒါ **'အဗျာကတသဘာဝ'**။ အဲဒီ **'အဗျာကတသဘာဝ'**မှ အဲဒါ အဲဒီနေရာက **'ထွက်ပေါက်'**ကို ရှာရတာတဲ့၊ **'ထွက်ပေါက်'**က ဘယ်ရှိတုံးဆို အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



**'နားတွေ'**က ရှိတယ်၊ **'မျက်စိတွေ'**က ရှိတယ်၊ ထွက်ပေါက်က ဘယ်လိုတုံးဆိုတော့၊ သူက လျှာထုတ် ပြောင်တယ်။ ဟော ကိုယ်က ဘယ့်နှယ်မှ မရှိဘူး၊ သူကဆဲတယ်၊ ကိုယ်ကဘယ့်နှယ်မှ မရှိဘူး၊ အဲဒါ နားကနေ ထွက်ပေါက်ရောက်တော့ အဲဒါ **'ဝိမုတ္တိ'**ဆိုတော့၊ ကိလေသာတွေက ဘယ်ကထွက်သွားတုံး ဆိုတော့ နားကထွက်သွားတယ်၊ ခံပြင်းသေးလား နင့်ဆဲလိုက်မယ်ဆို ခံပြင်းတယ်ဘုရားဆိုရင်တော့ ထွက်ပေါက် မရသေးဘူး၊ မခံပြင်းဘူးဆိုရင် အဲဒါထွက်ပေါက် ဖြစ်သွားတယ်၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)။

အဲဒီအတိုင်းပဲ **'နား'**က ထွက်ပေါက်၊ **'မျက်စိ'**က ထွက်ပေါက်၊ နိဗ္ဗာန်တွေကို တခြားကို မပြုရဘူး၊ ဒါ ပဋ္ဌာန်းဉာဏ်ထဲရောက်သွားတယ်၊ ဟုတ်ရဲ့လား။ **'စက္ခာယတနံ၊ စက္ခုဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ'**၊ ဒါကဝေဒနာတွေ သညာတွေ သင်္ခါရတွေကို ပြောတာ။ **'စက္ခုဝိညာဏ'** ဆိုတာက မြင်တဲ့ဟာကိုပြောတာ၊ ဟိုဟာက မြင်ကောင်းမကောင်းတွေကို ပြောတာ၊ **'စက္ခာယတနံ'**၊ အဲဒါက မျက်စိအကြည်မှာဆိုတာနဲ့ အတူတူပဲ၊ **'စက္ခုဝိညာဏ ဓာတုယာ'**၊ အဲဒါက နာမ်မှီလာတာနဲ့ အတူတူပဲ။

**'စက္ခုဝိညာဏဓာတုယာ၊ တံ သမ္ပယုတ္တကာနဥ္စ ဓမ္မာနံ၊ နိဿယပစ္စယေန ပစ္စယော'**၊ **'နိဿယပစ္စယေန**- မှီရာဟူသောအကြောင်းဖြင့်**'**တဲ့၊ **'မှီရာ'**ဆိုတာ **'အကြောင်း'** ဖြစ်သွားတယ်၊ **'နိဿယပစ္စယေနပစ္စယော ဥပကာရကော** - ကျေးဇူးပြုသည်**'** တဲ့၊ ထမင်းစားပါအုံး ဘာအုံးနဲ့ ဧည့်ခံလို့ ဘာပြုလို့ ကျေးဇူးပြုလိုက်တာပေ့ါ၊ အဲလို ကျေးဇူးပြုလိုက်တာနဲ့ အဲဒီမှာ မြင်တာလေး ဖြစ်သွားတယ်လို့မှတ်၊ အဲ **'ငါ'**မြင်တာ မဟုတ်ဘူးလို့။

**'ဝိပဿနာဉာဏ် ပဋ္ဌာန်းဉာဏ် ကေန်တူသည်မှတ်'**။

အဲလို တူလိုက်လို့ရှိရင် **'ငါ'** ပြုတ်သွားတယ်၊ **'သက္ကာယဒိဋ္ဌိတွေ'** ပြုတ်သွားတယ်တဲ့၊ ယောကျ်ားတွေ မိန်းမတွေ ဟုတ်ရဲ့လား (တင့်ပါဘုရား)၊ အဲဒီတော့ ယောကျ်ားတွေ၊ မိန်းမတွေ အကြောင်းတွေ မစဉ်းစားဘူးဆိုတော့ စိတ်တွေက မလွတ်လပ်ဘူးလား (လွတ်လပ်ပါတယ် ဘုရား)၊ ဩော် လွတ်လပ်တယ်ဆိုတော့ **'ဝိမုတ္တိနိဗ္ဗာန်'** ဆိုတာ အဲလိုဟာမျိုး။

ကဲ---တော်ကြအုံးစို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



## “ လောင်စာသိမ်း မီးငြိမ်း ပြည်နိဗ္ဗာန်တရားတော် ”

**ဝေဒနာဟာ ငါ မဟုတ်ဘူး**

**‘ဝေဒနာ’** ကို **‘ဝေဒနာ’**လို့ နှလုံးမသွင်းရဘူး။ **‘အနိစ္စ ဒုက္ခ အနတ္တ’**လို့ နှလုံးသွင်းရတယ်။ ဝေဒနာကို နှလုံးသွင်းရင် ဝေဒနာက သက်သာရာကို တောင့်တတတ်တယ်။ ဝေဒနာက သက်သာရာကို တောင့်တတော့ **‘တဏှာ’** ဖြစ်တယ်။ ဝေဒနာကို မခံနိုင်ဘူးဆိုတော့လည်း **‘ဒေါသ’** ဖြစ်သွားတယ်။ ဝေဒနာဟာ **‘ငါ’**မဟုတ်ဘူး၊ ဝေဒနာဟာ **‘သင်္ခါရ’**၊ **‘အနိစ္စ၊ ဒုက္ခ၊ အနတ္တ’**လို့ ဆိုလိုက်တော့ ဝေဒနာပျောက်သွားပြန်တယ်။

**ပညတ်မပါရင် တဏှာမဖြစ်တော့ဘူး**

တောမီးကြီးလောင်လာတယ်။ တောမီးကြီးလောင်လာတော့ ရေစပ်လည်း ရောက်ရော အဲဒီ တောမီးကြီးငြိမ်းမသွားဘူးလား၊ ငြိမ်းသွားတယ်။ အဲဒီလိုပဲ **‘တဏှာ’**မဖြစ်တဲ့၊ **‘အဝိဇ္ဇာ’** မဖြစ်တဲ့ နေရာမှာ သူဟာသူ **‘ငြိမ်း’**သွားတယ်။ ဝေဒနာကနေ တဏှာကို မကူးတော့ဘူး။ အဲဒီလိုမှတ်ထား၊ ဝေဒနာနဲ့ တဏှာ ခြားထားနော်၊ **‘တဏှာ’** ဖြစ်တော့မယ်ဆိုရင် ပညတ်ပါလာတယ်၊ **‘ပညတ်’** ပါမှ တဏှာဖြစ်တယ်၊ **‘ပညတ်’** မပါရင် တဏှာ မဖြစ်တော့ဘူး။

**အာရုံနှင့်တွဲ စိတ်ကိုခွဲ**

နောက်ပြီး **‘အာရုံ’**ပေါ့။ အဲဒီအာရုံက **‘စိတ်’**ဖြစ်သွားတယ်။ အဲဒီအာရုံကိုစိတ်နဲ့ တွဲရတယ်။ ဝဋ္ဋဒုက္ခဆိုတာ ပိုက်ဆံရှိလည်း များတာပဲ၊ မရှိလည်းများတာပဲ၊ နိဗ္ဗာန်ရောက်အောင် သွားပါတော့မယ်ဆိုရင် **‘တဏှာ’**မရှိတဲ့ နေရာရောက်သွားတယ်။ **‘တဏှာ’**မရှိတဲ့နေရာကို ရောက်ချင်ရင် အဲဒီဝေဒနာကို ဂရုစိုက်ရတယ်နော်။ **‘ဝေဒနံ ဉပ္ပါဒေတွာ** - ဝေဒနာကိုခွာ၍’ ဆိုတာက **‘ဝေဒနံ အ မနသိကရိတွာ**-ဝေဒနာကို နှလုံးမသွင်းမူ၍’ လို့ ဆိုလိုတယ်။ **‘ဝေဒနာ’**က ခြင်ကိုက်တယ်၊ ဒူးနာတယ်၊ ခါးနာတယ်၊ ခေါင်းကိုက်တယ်လို့ ဖြစ်တယ်။ အဲဒီခြင်ကိုက်တာ၊ ဒူးနာတာ၊ ခါးနာတာ၊ ခေါင်းကိုက်တာတွေ မပါရဘူး။ အဲဒါတွေကို နှလုံးမသွင်းရဘူး။ အဲဒါတွေက **‘ပညတ်’** ဖြစ်တယ်။

**ဝေဒနာလို့ နှလုံးမသွင်းဘဲ အနိစ္စ ဒုက္ခ အနတ္တ လို့ နှလုံးသွင်းရမယ်**

**‘ဝေဒနံ**- ဝေဒနာကို၊ **ဉပ္ပါဒေတွာ**- ခွာ၍၊ **အ မနသိကရိတွာ**-နှလုံးမသွင်းမူ၍၊ **ဝိပဿနံ**- ဝိပဿနာကို၊ **ဝမေန္တော** - ပွားသည်ရှိသော်၊ **အရဟတ္တံ** - အရဟတ္တဖိုလ်သို့၊ **အာပါပုဏိ**- ဆိုက်ရောက်ပြီ’။ ဉတ္တရသာမဏေလေးဟာ မျက်နှာသစ်နေတုန်းမှာ သူခိုးတွေက သာမဏေရဲ့

www.burmeseclassic.com

www.burmeseclassic.com



သပိတ်ထဲ ခိုးလာတဲ့ ပစ္စည်းတွေထည့်ခဲ့တယ်။ အဲဒီလိုထည့်ခဲ့တော့ သူခိုးဖမ်းတဲ့ လူတွေက သာမဏေကို အထင်လွဲပြီး သူခိုးထင်ပြီးဖမ်းဆီးသွားတယ်။ သာမဏေကို တံကျင်လျှိုပြီးကင်ပြီး သတ်တော့မယ်လုပ်တော့ မြတ်စွာဘုရား ကြွတော်မူလာပြီး ယခုလိုဖြစ်ရတာဟာ ရှေးဘဝက ကံကြောင့် ဖြစ်ရတယ်။ **'ဝေဒနာ'** ကို နှလုံးမသွင်းနဲ့ **'အနိစ္စ ဒုက္ခ အနတ္တ'** လို့ နှလုံးသွင်းရမယ်။

### သင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ

**'အနိစ္စာ ဒုက္ခာ အနတ္တာ'** လို့ ဟောတော်မူပါတယ်။ သာမဏေလေးက **'သင်္ခါရ'** ကို ပွားတယ်။ လူတွေ၊ မြားတွေကို ဂရုမစိုက်ဘူး။ နာနေတာတွေကိုလည်း ဂရုမစိုက်ဘူး။ သင်္ခါရရှိလို့ နာတာပဲလို့ ပွားများတယ်။ **'ခန္ဓာငါးပါး'** ဆိုတာလည်း သင်္ခါရပဲ။ **'အဝိဇ္ဇာ တဏှာ ဉပါဒါန်'** ဆိုတာလည်း သင်္ခါရပဲ၊ သင်္ခါရရှိလို့ တဏှာ ဉပါဒါန်ဖြစ်တာပေါ့။ ကြမ်းပိုးတွေ ခြင်တွေကိုက်ရင် ကြမ်းပိုးတွေ ခြင်တွေလို့ မမှတ်နဲ့ **'သဗ္ဗေသင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ'**လို့ ပွားများ၊ အဲဒီလို ပွားများလိုက်တော့ **'ဝေဒနာ'**က **'တဏှာ'**ကို မကူးတော့ဘူး။

တဏှာဆိုတာ **'ပညတ်'**ပါမှကူးတာ ပညတ်မပါဘဲ အနိစ္စ ဒုက္ခ အနတ္တနဲ့ ကူးလိုက်တော့ ဒီဘက်ကနေ ဟိုဘက်နိဗ္ဗာန်ရောက်သွားရော၊ **'ဝေဒနာ'**မဖြစ်တဲ့ နေရာရောက်သွားရော၊ **'တဏှာ ဉပါဒါန်'**လည်း မဖြစ်တော့ဘူး၊ **'ဉပါဒါန်'**က **'လူတွေ'** ဖြစ်နေတယ်။ ခွေး၊ ဝက်၊ ကြက်၊ ငှက်တို့ ဖြစ်နေတယ်။ **'ဉပါဒါန်'** ပြီးတော့ **'ဘဝ'**မဟုတ်တော့ဘူး။ **'ဉပါဒါနပစ္စယာ ကမ္မဘဝေါ၊ ဘဝပစ္စယာ ဇာတိ'** အဲဒါတွေ မဖြစ်တော့ဘူး။ လျှို့ခဲ့ တန်းခဲ့တာတွေက အဲဒီ **'ဘဝ'**နဲ့ **'ဇာတိ'** ပြတ်ဖို့ပဲ၊ **'သင်္ခါရ'** ကို နှလုံးသွင်း အောက်မေ့ရတယ်၊ အမှတ်ရရတယ်။

### ဝေဒနာ မရှိတာ နိဗ္ဗာန်ပဲ

အိမ်နီးချင်းလူတွေ ဘာတွေ ယောက်ျား မိန်းမတွေက **'ငါ့'**ပြောတယ်ဆိုပြီး မမှတ်ရဘူး နော်။ လူတွေ ဘာတွေမှတ်တယ်ဆိုရင် **'ငါ့'**ကိုပြောတယ်၊ **'သူ့'**ကိုပြောတယ်နဲ့ အတိတ်ကို အောက်မေ့ရင် အကုသိုလ်ဖြစ်တတ်တယ်နော်။ **'သဗ္ဗေသင်္ခါရာ အနိစ္စာ ဒုက္ခာ အနတ္တာ'**လို့ မှတ်ရင် အောင့်တာ နာတာတွေ မရှိတော့ဘူး။ လက်ကလေးကို မဆိတ်ဘဲ 'မ' လိုက်တော့ ဝေဒနာမရှိတော့ဘူး။ **'ဝေဒနာ'**မရှိတာဟာ **'နိဗ္ဗာန်'** ပဲ။ **'ဝေဒနာ'**ဟာ ရေစပ်နားရောက်တော့ မီးတွေငြိမ်းသလို **'ငြိမ်း'**သွားတယ်။ **'တဏှာ'**လည်း အဲဒီလိုပဲ **'ငြိမ်း'**သွားတယ်။

### လောင်စာသိမ်း မီးငြိမ်း ပြည်နိဗ္ဗာန်

ဆိုစမ်း--- **လောင်စာသိမ်း မီးငြိမ်း ပြည်နိဗ္ဗာန်** (လောင်စာသိမ်း မီးငြိမ်း ပြည်နိဗ္ဗာန်)။

www.burmeseclassic.com

www.burmeseclassic.com



**'ခန္ဓာ'**က လောင်စာ၊ **'တဏှာ'**က မီး၊ **'ခန္ဓာ'**မရှိရင် လောင်စာမရှိတော့ဘူး။ ခေါင်းကိုက်တယ်ဆိုတာ ဝေဒနာ၊ **'ဝေဒနာ'**က ခန္ဓာ၊ **'ခန္ဓာ'**က လောင်စာ၊ **'လောင်စာသိမ်း'** လိုက်တော့ **'မီးငြိမ်း'**တယ်။ **'တဏှာ ဥပါဒါန် ကံ'**၊ **'တဏှာ'** ရှိမှ **'ငါ'** ရှိတယ်။ **'တဏှာ'** မရှိရင် **'ငါ'** မရှိတော့ဘူး။ **'ပညတ်တွေ'** မထားနဲ့ ယောက်ျားတွေ၊ မိန်းမတွေလို့ မမှတ်နဲ့။ အဲဒီလို မမှတ်တော့ စိတ်ကလည်း မကူးတော့ဘူး။ စိတ်မကူးတော့ ရာဂတွေ ငြိမ်းနေတယ်။ ကဲ အားလုံးဆိုစမ်း---

**ပုဂ္ဂိုလ်မပါ ဓမ္မသာ ဓမ္မစကြာဖြစ်သတည်း။**
**ပုဂ္ဂိုလ်ပါလျှင် သူငါဝင် ဤတွင် ဒိဋ္ဌိဖြစ်သတည်း။**
**ဒိဋ္ဌိဖြစ်လျှင် ချစ်မုန်းဝင် ဤတွင် လောကဖြစ်သတည်း။**

လောကဆိုတာ ချစ်တာမုန်းတာတွေရှိတယ်။ နိဗ္ဗာန်ရောက်တော့ ချစ်တာ မုန်းတာတွေ မရှိတော့ဘူး။

**ခန္ဓ သန္တာနော ပုဂ္ဂလော**

ခန္ဓာအစဉ်ဖြစ်မှ ပုဂ္ဂိုလ်ဖြစ်တယ်၊ **'ခန္ဓာနံ ခန္ဓပညတ္တိ ပုဂ္ဂလာနံ ပုဂ္ဂလ ပညတ္တိ'**။ ကြားတယ် ကြားတာက **'ခန္ဓာ'**၊ ကြားပြီးနောက် ကြိုက်တာ၊ သဘောမကျတာတွေ ဖြစ်သွားတယ်။ အဲဒါ **'အစဉ်'**ခေါ်တယ်။ **'ခန္ဓ သန္တာနော ပုဂ္ဂလော'**၊ **'ခန္ဓသန္တာနော** - ခန္ဓာအစဉ်သည်၊ **ပုဂ္ဂလော** - ပုဂ္ဂိုလ်မည်၏**'**။ **'ခန္ဓာအစဉ်'** ဖြစ်သွားရင် ပုဂ္ဂိုလ်ဖြစ်သွားတယ်။ **'ခန္ဓာအစဉ်'** မဖြစ်ရင် ပုဂ္ဂိုလ်မဖြစ်ဘူး။ **'ပုဂ္ဂိုလ် မဖြစ်ရင်'** အဝိဇ္ဇာ တဏှာမဖြစ်ဘူး။ အဲဒါနိဗ္ဗာန်ရောက်သွားတယ်။

**'ခန္ဓာနံ ခန္ဓပညတ္တိ'**၊ 'အာရုံနဲ့ ဒွါရ' ပေါင်းလိုက်တော့ 'ခန္ဓာ' ဖြစ်သွားတယ်။ အသံနဲ့ နားနဲ့ပေါင်းလိုက်တော့ ကြားတာဖြစ်သွားတယ်။ အဲဒါက **'ပေါင်းစုတဲ့ခန္ဓာ'** လို့ခေါ်တယ်။ **'ခန္ဓသန္တာနော** -ခန္ဓာအစဉ်သည်၊ **ပုဂ္ဂလော**-ပုဂ္ဂိုလ်မည်၏**'**။

'ခန္ဓာအစဉ်' ဟာ ပုဂ္ဂိုလ်ဖြစ်သွားတယ်။ ကြားတာကခန္ဓာ၊ ကြားပြီးတော့ ကောင်းတာ ဆိုးတာကို လက်ခံစဉ်းစားတဲ့ သမ္ပဋိစ္ဆိုန်းတို့ သန္တီရဏတို့ ဝုဋ္ဌောတို့ ဇောတို့ဆိုတာ ရာဂ ဒေါသ ဖြစ်စရာရှိရင်ဖြစ်သွားတယ်။ အဲဒီလို ဖြစ်သွားတော့ ပုဂ္ဂိုလ်ဖြစ်သွားတယ်။ ပုဂ္ဂိုလ်မဖြစ်ရင် နိဗ္ဗာန်ရောက်တယ်။

**'ခန္ဓာနဉ္စ ပဋိပါဋိ၊ အဗ္ဗောစ္ဆိန္နာ၊ ပဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ'**။ **'ခန္ဓာနဉ္စ**- ခန္ဓာတို့၏၊ **အဗ္ဗောစ္ဆိန္နာ**-မပြတ်၊ **ပဝတ္တမာနာ**-ဖြစ်သော၊ **ပဋိပါဋိ**-အစဉ်ကို၊ **သံသာရောတိ** - သံသရာဟူ၍၊ **ဝုစ္စတိ**- ဆိုအပ်၏**'**။

www.burmeseclassic.com

www.burmeseclassic.com



**ဝိပဿနာဉာဏ်ကို ကံဖြတ်တဲ့ အလုပ်လို့ခေါ်တယ်**

**'ခန္ဓာအစဉ်'**မပြတ်ဖြစ်နေတာကို **'သံသရာ'**လို့ ခေါ်တယ်။ အဲဒီ**'သံသရာ'** ဖြစ်တာထဲမှာ ပျော်နေရင်၊ **'သံသရာ'**လည်တယ်လို့ခေါ်တယ်။ ကြားတာမြင်တာက **'ခန္ဓာ'**၊ မြင်ပြီးကြားပြီး ပျက်သွားတာကို မြင်ရင် **'ပုဂ္ဂိုလ်'**ကို မမြင်တော့ဘူး။ **'ပုဂ္ဂိုလ်'**ကို မမြင်တော့ရင် ရာဂ ဒေါသ မဖြစ်တော့ဘူး။ အဲဒီလို မဖြစ်တာကို **'သံသရာ'**ပြတ်တယ်လို့ခေါ်တယ်။ စိတ်ကူးတယ်ဆိုတာ **'ခန္ဓာ'**ဖြစ်တာပဲ၊ **'အစဉ်'** ဖြစ်သွားရင် နေ့တွေဖြစ်သွားတယ်။ အဲဒါက အချိန် ကာလရယ် ဌာနရယ် သဘာဝရယ်ဆိုတာက၊ စိတ်ကြံတွေး မြင်ကြားတယ်ဆိုတာက **'သဘာဝ'**။ အဲဒီ သဘာဝက **'အချိန်'**ထဲမှာဖြစ်တယ်။ ကြားတယ်ဆိုတာ **'အချိန်'**မပါဘဲ မဖြစ်ဘူး။ အဲဒီ **'အချိန်'**မပါဘူး ဆိုတော့မှ **'ကာလဝိမုတ်'** ဆိုတဲ့ နိဗ္ဗာန်ဖြစ်သွားတယ်။ ပြီးတော့ **'ကိလေသဝိမုတ်၊ ခန္ဓဝိမုတ်'**၊ **'ကိလေသာ'** မဖြစ်ဘူးဆိုရင် ကိလေသဝိမုတ်၊ **'ခန္ဓာ'**မဖြစ်ရင် ခန္ဓဝိမုတ်။

**'မြင်ကြည်ဆင်းသံ ဥပါဒ်ဌီဘင် စစဉ်အိုသေ'**၊ အမြင်ကို မစွဲနဲ့၊ အမြင်ကိုစွဲရင် ဥပါဒါန ပစ္စယာ ကမ္မဘဝ။ ငါက ကုသိုလ်လုပ်တယ်ဆိုရင် အစွဲပါသွားတယ်။ အစွဲပါသွားတော့ လူချမ်းသာတွေ နတ်ချမ်းသာတွေဖြစ်တာပေါ့။ နိဗ္ဗာန်ကျတော့ **'အစဉ်'**ပြတ်သွားရော၊ **'အစဉ်'** ဖြတ်တာကို **'ကံ'** ဖြတ်တာလို့ခေါ်တယ်။ **'ဝိပဿနာဉာဏ်'** ကို **'ကံ'** ဖြတ်တဲ့ အလုပ်လို့ခေါ်တယ်။

**ခန္ဓာအစဉ် ဖြတ်တဲ့နည်း**

**မြင်ရင် မြင်တယ် မှတ်ကြကွယ် မှတ်ကြကွယ် သတိပဋ္ဌာန်နည်းကလွယ်။**
**ကြားရင် ကြားတယ် မှတ်ကြကွယ် မှတ်ကြကွယ် သတိပဋ္ဌာန်နည်းကလွယ်။**
**ကြံရင် ကြံတယ် မှတ်ကြကွယ် မှတ်ကြကွယ် သတိပဋ္ဌာန်နည်းကလွယ်။**
**စဉ်းစားရင် စဉ်းစားတယ် မှတ်ကြကွယ် မှတ်ကြကွယ် သတိပဋ္ဌာန်နည်းကလွယ်။**

အဲဒါက **'အစဉ်'**ဖြတ်တဲ့နည်းနော်၊ **'သတိ'**နဲ့ဖြတ်တာ၊ **'သတိ'** ထဲမှာ **'သမ္မာဒိဋ္ဌိ'** ပါသွားတော့ သမုဒယပြတ်သွားတယ်။ **'သမုဒယ'** ပြတ်သွားတော့ ဒုက္ခသစ္စာ သိသွားတယ်။ **'ခန္ဓာ'**ဟာ ဒုက္ခသစ္စာ၊ ငါ ယောက်ျား မိန်းမလို့ ထင်တာက ဒုက္ခသစ္စာ၊ **'ဒုက္ခသစ္စာ'** ကို သိတော့ သမုဒယကို ပယ်နိုင်တယ်။ **'သမုဒယ'** ပြတ်သွားတော့မှ ယောက်ျားရော မိန်းမရောဆိုတာ မရှိတော့ဘူး။ ဒုက္ခငြိမ်းရာကို **'စိတ်နဲ့ဉာဏ်'** က ညွတ်သွားတယ်။ **'ညွတ်'**သွားတော့မှ တစ်ခါတည်း နိဗ္ဗာန်ရောက်သွားတယ်၊ **'မဂ္ဂသစ္စာ'** ဖြစ်သွားတယ်။ ကိုယ့်ကိုယ်ကို တစ်နေ့တစ်နေ့ ငါ့မှာ ကုသိုလ်တွေများလား၊ အကုသိုလ်တွေများလားလို့တွေးပါ။ ကုသိုလ်တွေများသွားရင် သတ္တဝါတွေ များသွားတယ်။ **'သတ္တဝါနဲ့ သင်္ခါရ'**၊ ကြားတာ မြင်တာတွေက **'သင်္ခါရ'** နော်၊ **'သတ္တဝါ'**ဘက်ကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်အရောက်နည်းရင် **'သင်္ခါရ'** ဘက်ကို စိတ်အရောက်များမယ်။ **'သင်္ခါရ'**ဘက်ကို စိတ်အရောက်များရင် **'အနိစ္စ ဒုက္ခ အနတ္တ'**ဘက်ကို အရောက်များမယ်။ စိတ်ထဲမှာ သတ္တဝါတွေ ယောကျ်ားတွေ မပါတော့ ရင်ထဲမှာအေးတယ်၊ အဲဒါမျိုးကို **'နိဗ္ဗာန်'**ခေါ်တယ်။ **'သတ္တဝါ'**မပါဘဲ နေမှ စိတ်ထဲ အေးတယ်၊ အဲဒါကို **'နိရောဓသစ္စာ'**လို့ ခေါ်တယ်။ **'သတ္တဝါတွေ'**ကို **'ခန္ဓာအစဉ်'**လို့ ခေါ်တယ်။ **'ခန္ဓာအစဉ်'** ရှိမှ သတ္တဝါဖြစ်တယ်။ **'အစဉ်'** မရှိလို့ ခန္ဓာပြတ်သွားတော့ နိဗ္ဗာန်ရောက်သွားတယ်။

**မျက်စိကမြင် မနှိုင်းယှဉ် ဤတွင်တရားရ။**

**ချစ်ရင်ဒုက္ခ ချုပ်မှ နိဗ္ဗာန်။**

**ခန္ဓာဆိုတာ ဖြစ်တဲ့သဘော နိဗ္ဗာန်ဆိုတာ ချုပ်တဲ့သဘော။**

**အကျိုးငါးပါးက အကြောင်းငါးပါးကို မဆက်ရင် အဲဒီနေရာမှာ သောတာပန်ဖြစ်သွားတယ်**

မျက်စိနဲ့ မြင်ပြီး ဆက်မတွေးဘဲနေရင် **'ပုဂ္ဂိုလ်'** မဖြစ်ဘူး၊ ပုဂ္ဂိုလ်မဖြစ်ရင် **'အဝိဇ္ဇာ'** မဖြစ်ဘူး၊ အဝိဇ္ဇာမဖြစ်ရင် **'တဏှာ'** မဖြစ်ဘူး၊ အကျိုးငါးပါး- ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ။ အကြောင်းငါးပါး-အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ဖဿ၊ အကျိုးငါးပါးက အကြောင်းငါးပါးကို မဆက်ရင် အဲဒီနေရာမှာ **'သောတာပန်'** ဖြစ်သွားတယ်။ ကာမရာဂတွေ နည်းသွားရင် **'သကဒါဂါမ်'**ဖြစ်သွားတယ်၊ ကာမရာဂတွေ ပြတ်တောက်သွားရင် **'အနာဂါမ်'** ဖြစ်သွားတယ်။ မာနတွေ ထိနမိဒ္ဓတွေမရှိတော့ရင် **'ရဟန္တာ'** ဖြစ်သွားတယ်။

**'ထိနမိဒ္ဓါဘိဘူ-** ထိနမိဒ္ဓကို လွှမ်းမိုးနိုင်သော ရဟန်း ပုဂ္ဂိုလ်သည်၊ **သဗ္ဗာဒုဂ္ဂတိယော-** အလုံးစုံသော ဒုဂ္ဂတိတို့ကို၊ **ဇဟေ** - ပယ်စွန့်နိုင်၏'၊ **'ထိနမိဒ္ဓ'**ကို လွှမ်းမိုးနိုင်ရင် မသေတော့ဘူး၊ **'ထိနမိဒ္ဓ'**ကို လွှမ်းမိုးနိုင်အောင်လုပ်ရမယ်။ **'အဝိဇ္ဇာ တဏှာ ဥပါဒါန်'**က သုံးခု၊ **'ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ'** က ငါးခု၊ သုံးနဲ့ ငါးနဲ့ပေါင်းတော့ ရှစ်ခု၊ ရှစ်ခုက **'ပစ္စုပ္ပန်ကာလ'** ခေါ်တယ်။ **'ဝေဒနာ'**ကို အဝိဇ္ဇာ တဏှာဘက် မကူးရဘူး။ မကူးရင် ဘုရားဖြစ်တာ၊ သောတာပန်လည်း အဲဒီနေရာ ဖြစ်တာ၊ သကဒါဂါမ် အနာဂါမ်လည်း အဲဒီနေရာဖြစ်တာ။ ဘာဖြစ်လို့လဲ ဆိုတော့ ဝေဒနာမှာပဲနေတာ **'အဝိဇ္ဇာ'** မရောက်ဘူး။ **'အဝိဇ္ဇာ'**ဆိုတာ ပုဂ္ဂိုလ်သတ္တဝါတွေကို ခေါ်တာ။ ပညတ်နဲ့ အဝိဇ္ဇာနဲ့ ရာဂဒေါသနဲ့ အတူတူပဲ။ **'ရာဂ ဒေါသ ဖြစ်လေရာ ပညတ်တွေလည်းပါရပါ'**၊ **'ဖဿပစ္စယာ'**- ဝိညာဏ်ကြောင့် ဖဿဖြစ်သည်၊ **'ဝိညာဏ်ပစ္စယာ'** - ဒွါရကြောင့် ဝိညာဏ်ဖြစ်သည်။ စက္ခုဒွါရကို **'ပသာဒ'**လို့ ခေါ်တယ်။ ပသာဒရုပ်က ကြည်တော့ မြင်တာတွေ ဖြစ်သွားတယ်။ မြင်တာတွေက ဝိညာဏ်၊ ကြည်တာတွေက ပသာဒ။ **'ဒွါရပစ္စယာ'** ကံကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဒွါရဖြစ်သည်။ **'ကံ'** ဆိုတာ ကာယကံ ဝစီကံ မနောကံ ကုသိုလ်ကံ အကုသိုလ် ကံနော်။ **'ကံပစ္စယာ'**- ကိလေသာကြောင့် ကံဖြစ်သည်။ **'ကိလေသာ'**က ဒိဋ္ဌိနှင့် တဏှာ၊ ဒိဋ္ဌိက**'ငါ'**၊ တဏှာက **'ငါ့'** ဥစ္စာ၊ အဲဒါ **'တဏှာ ဒိဋ္ဌိ'** ကြောင့် ကံဖြစ်တယ်။ ငါ ရဟန်းခံမယ်။ အဲဒါ **'ငါ'** မဟုတ်ဘူးနော်။ **'သစ္စာနုလောမိကဉာဏ်'** ခေါ်တယ်။ သစ္စာမှာ နွယ်တဲ့ဉာဏ်၊ ပြီးတော့မှ **'သစ္စဉာဏ် ကိစ္စဉာဏ် ကတဉာဏ်'**။

**ကိလေသာတွေဟာ ပညတ်ကြောင့် ဖြစ်တယ်**

**'ကိလေသပစ္စယာ'** - **'ပညတ်'** ကြောင့် ကိလေသာ ဖြစ်သည်။ **'ကိလေသာ'** ဖြစ်တာ ပညတ်ကြောင့်၊ သူရယ် ငါရယ် ယောကျ်ားရယ် မိန်းမရယ် လူ့ပြည် နတ်ပြည်ရယ်လို့ရှိတယ်။ အဲဒါတွေဟာ **'ကိလေသပစ္စယာ'** - ရာဂ ဒေါသ မောဟဆိုတာ ကိလေသာတွေ၊ အဲဒီ ကိလေသာတွေဟာ **'ပညတ်'**ကြောင့်ဖြစ်တယ်။ **'ပညတ်'** ဖယ်ထားလိုက်ရင် **'ကိလေသာ'** မဖြစ်တော့ဘူး။ **'ကိလေသာ'** မဖြစ်တော့ရင် **'ကံ'**မဖြစ်တော့ဘူး။ **'ကံ'** မဖြစ်တော့ရင် **'ဒွါရ'** မဖြစ်တော့ဘူး။ **'ဒွါရ'** မဖြစ်တော့ရင် **'ဝိညာဏ်'** မဖြစ်တော့ဘူး၊ **'ဝိညာဏ်'** မဖြစ်တော့ရင် **'ဖဿ'** မဖြစ်တော့ဘူး။ **'ဖဿ'** မဖြစ်တော့ရင် **'ဝေဒနာ'** မဖြစ်တော့ဘူး၊ **'ဝေဒနာ'** မဖြစ်တော့ရင် **'အဝိဇ္ဇာ'** ချုပ်ပြီး နိဗ္ဗာန်ရောက်သွားတယ်။ အဲဒီလို အပြန်အလှန်လေးတွေကို သိထားနော်။

**'သုခပစ္စယာ'**- ဖဿကြောင့် သုခဝေဒနာခံစားသည်၊ **'ဖဿပစ္စယာ'**- ဝိညာဏ်ကြောင့် ဖဿဖြစ်သည်၊ **'ဝိညာဏ်ပစ္စယာ'** - ဒွါရကြောင့် ဝိညာဏ်ဖြစ်သည်၊ **'ဒွါရပစ္စယာ'**- ကံကြောင့် ဒွါရဖြစ်သည်၊ **'ကံပစ္စယာ'**- ကိလေသာကြောင့် ကံဖြစ်သည်၊ **'ကိလေသပစ္စယာ'** - ပညတ်ကြောင့် ကိလေသာဖြစ်သည်။ **'ကိလေသာ'** မဖြစ်ရင် ကံမဖြစ်၊ **'ကံ'** မဖြစ်ရင် ဒွါရမဖြစ်၊ **'ဒွါရ'** မဖြစ်ရင် ဝိညာဏ်မဖြစ်၊ **'ဝိညာဏ်'** မဖြစ်ရင် ဖဿမဖြစ်၊ **'ဖဿ'** မဖြစ်ရင် ဝေဒနာမဖြစ်၊ **'ဝေဒနာ'** မဖြစ်ရင် အဝိဇ္ဇာမဖြစ်၊ **'ကံ'** ဟာ ကိလေသာကြောင့်ဖြစ်တယ်။ **'ကိလေသာ'** ဟာ ပညတ်ကြောင့် ဖြစ်တယ်၊ ပညတ်ဆိုရင် ကုသိုလ်ကံတွေဖြစ်မယ်။ ကုသိုလ်ကံတွေဖြစ်ရင် လူချမ်းသာမကြီးတွေ နတ်ချမ်းသာမကြီးတွေဖြစ်မယ်။ လူမိဖုရားကြီးတွေ၊ နတ်မိဖုရားမကြီးတွေဖြစ်လိုက်၊ နတ်သား နတ်သမီးတွေ မွေးလိုက်နဲ့၊ နတ်သား နတ်သမီးတွေကို ချစ်တယ်၊ သံယောဇဉ်ဖြစ်တယ်၊ သုခပစ္စယာ ဖဿကြောင့် သုခဝေဒနာခံစားသည်။ ဟို ငရဲကြတော့ ဒုက္ခပစ္စယာ ဖဿကြောင့် ဒုက္ခဝေဒနာ ခံစားသည်။ **'ဖဿပစ္စယာ'** - ဝိညာဏ်ကြောင့် ဖဿဖြစ်သည်။ ဥပေက္ခာပစ္စယာ ဖဿကြောင့် ဥပေက္ခာဝေဒနာ ခံစားသည်၊ မျက်စိတွေ နားတွေဟာ **'ကံ'** ကြောင့်ဖြစ်တယ်။ ကံဟာ **'ကိလေသာ'** ကြောင့် ဖြစ်တယ်။ မသိရမည့်ဟာသိတော့ ရာဂ ဒေါသ ဖြစ်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



မောဟလည်း ဖြစ်တာပေါ့။ **'ကိလေသာ'** မဖြစ်ရင် ဖဿမဖြစ်ဘူး။ ပါးစပ်ကပြော ကိုယ်ကလုပ်၊ စိတ်ကကြံတာတွေဟာ **'ကံ'** ပေါ့။

အဲဒီ **'ကံတွေ'** ဟာ ဘာကြောင့်ဖြစ်တာတုံး၊ **'ကိလေသာ'** ကြောင့်၊ ငါတွေ သူတွေဟာ **'ဒိဋ္ဌိ'**၊ ငါနဲ့သူနဲ့ ချစ်ရင် **'တဏှာ'**၊ ငါနဲ့သူနဲ့မုန်းရင် **'ဒေါသ'** ဖြစ်တယ်။ ငါနဲ့တူတယ်ဆိုပြီးထင်ရင် **'မောဟ'** ဖြစ်တယ်။ ငါဆိုတာ **'ပညတ်'**၊ **'ပညတ်'** မရှိရင် **'တဏှာ'**မရှိတော့ဘူး။ **'တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဇာတိနိရောဓော'**၊ ဒီဘဝ နောက်ဆုံးထား။

**ဒုက္ခသိမှ သမုဒယပယ် နိရောဓဝယ် မြင့်တက်မဂ်စိတ်**

**'အဝိဇ္ဇာ သင်္ခါရာ အတီတောအဒ္ဓါ၊ ဇာတိ ဇရာ မရဏံ အနာဂတောအဒ္ဓါ၊ မဇ္ဈေ အဋ္ဌ ပစ္စုပ္ပန္နောအဒ္ဓါတိ၊ တယောအဒ္ဓါ'**။ ပစ္စုပ္ပန်ကရှစ်ခု ဟိုက ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဒီက အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ အဲဒီ ဒီဘက်က အဝိဇ္ဇာ တဏှာ ဥပါဒါန်ထဲ မရောက်ရင် အေးသွားပြီ။ အဝိဇ္ဇာ တဏှာ ဥပါဒါန်ဆိုတာ **'ပညတ်'** ပဲ။ ဝဋ်ဆင်းရဲကို ငြီးငွေ့မှ **'နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ'**၊ **'နိဗ္ဗိန္ဒံ**-ငြီးငွေ့သည်ရှိသော်၊ **ဝိရဇ္ဇတိ**-တပ်မက်ခြင်းကင်း၏၊ **ဝိရာဂါ**-တပ်ခြင်းကင်းသည်ရှိသော်၊ **ဝိမုစ္စတိ**-လွတ်မြောက်၏။ **ဝိမုတ္တသ္မိံ**-လွတ်မြောက်သည်ရှိသော်၊ **ဝိမုတ္တမိတိ**-လွတ်မြောက်ပြီဟူ၍၊ **ပဇာနာတိ**-သိ၏'။ လွတ်မြောက်တယ်ဆိုတာကို သိသွားတယ်။

**'ဇာတိ -** ပဋိသန္ဓေနေရခြင်းသည် **ခီဏာ -** ကုန်ပြီ၊ **ဗြဟ္မစရိယံ -** မြတ်သောအကျင့်ကို၊ **ဝုသိတံ -** ကျင့်သုံးအပ်ပြီ၊ **ကရဏီယံ -** ပြုဖွယ်ကိစ္စ တစ်ဆယ့်ခြောက်ချက်မဂ်ကိစ္စကို၊ **ကတံ**-ပြုအပ်ပြီ၊ **ဣတ္ထတ္တာယ -** ဤမဂ်ဖိုလ်အကျိုးငှာ၊ **အပရံ -** တစ်ပါးသောပြုဖွယ်ကိစ္စသည်၊ **နတ္ထိ**-မရှိတော့ပြီ'၊ **'ဒိဋ္ဌိ'**ကြောင့်လည်း ပညတ်ဖြစ်ရတယ်။ **'နာမသညာ္တန်မရောက်ရန် အမှန်သတိပြု'** **'သမ္မာဒိဋ္ဌိ'**က နိဗ္ဗာန်ကို ရောက်စေတယ်။ ဒါကြောင့် **' ဒုက္ခသိမှ သမုဒယပယ် နိရောဓဝယ် မြင့်တက် မဂ်စိတ်'** နိဗ္ဗာန်ကို ချက်ချင်းသွားတာ မဂ်စိတ်ပဲ။ ပညတ်မပါဘူး။ အဲဒါ **'နိရောဓသစ္စာ'** မှန်းသိသွားတယ်။ **'ပညတ်'**က ကိလေသာ၊ **'ပရမတ်'**က နိဗ္ဗာန်ဖြစ်သွားတယ်။ ဒါကြောင့်- **'သ သဒ္ဓမ္မ ဂဏုတ္တမံ**-သူတော်ကောင်းတို့တည်ရာ ပရမတ္ထဖြင့်မြတ်သောတရား၊ နတ်လူ အပေါင်းတို့ထက်မြတ်သော၊ နုတ်အပ်ပြီးသော အဝိဇ္ဇာရှိသော၊ အရိယာပုဂ္ဂိုလ် အပေါင်းနှင့်တကွ ဖြစ်တော်မူသော'ဆိုတော့ **'ပညတ်'**ကို နုတ်လိုက်ရင် **'အရိယာ'** ဖြစ်သွားတယ်။ **'လူမရှိသောစိတ်'** ဆိုတာ၊ သားမယားမရှိတော့ ငွေမပေးရတော့ဘူး။ **'စိတ်မရှိသောလူ'** ဆိုတာ ဆဲတာကို ခံနိုင်တာ **'စိတ်မရှိတဲ့လူ'**ပဲ၊ ဒေါသစိတ်မရှိတာ နိဗ္ဗာန်ပဲ။ ဒါ **'ငါ'** ဆဲတာမဟုတ်ဘူး။ **'နား'** ဆဲတာ။

www.burmeseclassic.com

www.burmeseclassic.com



**ဆန္ဒက သမုဒယသစ္စာ၊ ဆန္ဒကြောင့် ဖြစ်လာတာက ဒုက္ခသစ္စာ**

မြတ်စွာဘုရားကို ရဟန်းတစ်ပါးက လျှောက်တယ်၊ **'သံခိတ္တေန ဓမ္မံ ဒေသေတိ'**- 'အကျဉ်းအားဖြင့် တရားဟောတော်မူပါ'လို့ လျှောက်တယ်။ အရှင်ဘုရားထံမှ တရားကြားနာရသည် ရှိသော်၊ **'အာတာပီပဟိတ္တော'**- 'တရားအားထုတ်ပါ့မယ်ဘုရား' လို့ လျှောက်တယ်။ ဒီတော့ **'ယံ အနိစ္စံ တတ္ထ ဆန္ဒော ပဟာတဗ္ဗော'**တဲ့။ **'ယံ**-အကြင်တရားသည်၊ **အနိစ္စံ**- အမြဲမရှိ၊ **တတ္ထ**- ထိုအမြဲမရှိသော တရား၌၊ **ဆန္ဒော**- ဆန္ဒကို၊ **ပဟာတဗ္ဗော**- ပယ်အပ်၏**'**တဲ့။

အမြဲမရှိသောတရား၌ ဆန္ဒကို ပယ်ရမယ်တဲ့၊ အဲဒါ အတိုဆုံးတရားပဲ၊ **'ရူပံ**- ရုပ်သည်၊ **အနိစ္စံ**-မမြဲ။ **ဝေဒနာ**-ဝေဒနာသည်၊ **အနိစ္စံ**-မမြဲ။ **သညာ**- သညာသည်၊ **အနိစ္စံ** - မမြဲ။ **သင်္ခါရာ**-သင်္ခါရတို့သည်၊ **အနိစ္စံ**-မမြဲ။ **ဝိညာဏံ**-ဝိညာဏ်သည်၊ **အနိစ္စံ**-မမြဲ။ **တတ္ထ** - ထိုခန္ဓာငါးပါး၌၊ **ဆန္ဒော** - ဆန္ဒကို၊ **ပဟာတဗ္ဗော**-ပယ်အပ်၏။ **ရာဂေါ**-ရာဂကိုလည်း၊ **ပဟာတဗ္ဗော**-ပယ်ထိုက်၏**'**။ **'ခန္ဓာငါးပါး'** က မမြဲဘူး၊ မမြဲတော့ လူတွေဘာတွေလည်း မဟုတ်တော့ဘူး။ လောကလည်း မဟုတ်တော့ဘူး။ မဂ္ဂနဲ့ နိဗ္ဗာန်ပဲ ဟောတော့တယ်။ **'ဆန္ဒ'**က သမုဒယသစ္စာ၊ **'ဆန္ဒ'**ကြောင့် ဖြစ်လာတာက ဒုက္ခသစ္စာ၊ လူတွေဘာတွေက **'ခန္ဓာငါးပါး'** ပဲ၊ **'ခန္ဓာ'** မရှိရင် ဒုက္ခမရှိတော့ဘူး။ **'ယံ ဒုက္ခံ တတ္ထ ဆန္ဒော ပဟာတဗ္ဗော'**၊ **'ယံ** -အကြင်တရားသည်၊ **ဒုက္ခံ** - ဆင်းရဲ၏၊ **တတ္ထ**- ထိုဆင်းရဲဖြစ်သောတရား၌၊ **ဆန္ဒော**- ဆန္ဒကို၊ **ပဟာတဗ္ဗော**- ပယ်ထိုက်၏**'**။

**ဓမ္မာရုံကိုလည်း သိရမယ်**

**'ပညတ်နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန်ဓမ္မာရုံ'** ပညတ်ကလည်း ဓမ္မာရုံပဲ၊ နိဗ္ဗာန်ကလည်း ဓမ္မာရုံပဲ။ **'စိတ် စေတသိက် ကောင်းဆိုးစိတ် မှတ်ပိမ့်ဓမ္မာရုံ'** စေတသိက်က ဒေါသ၊ ဒေါသဖြစ်ရင် ကြမ်းတမ်းတယ်။ **'ပသာဒ သုခုမ ထိုနှစ်ဝ မှတ်ကြဓမ္မာရုံ'** မျက်စိ၊ နား၊ နှာ၊ လျှာတို့ဆိုဟာ 'ပသာဒရုပ်'လို့ ခေါ်တယ်။ 'မျက်စိ'ကလည်း သူကကြည့်တယ်၊ 'နား'ကလည်းနားထောင်တယ်၊ **'ဓမ္မာရုံ'** ဖြစ်သွားတော့ သူ့ကိုပြန်ပြီးအာရုံပြုသွားတယ်။ ဣတ္ထိဘာဝဆိုတာလည်း **'ဓမ္မာရုံ'**ပဲ၊ ပုမ္ဘာဝဆိုတာ လည်း **'ဓမ္မာရုံ'** ပဲ၊ ကိုင်တဲ့ကာယဝိညတ်၊ ပြောတဲ့ဝစီဝိညတ်ဆိုတာလည်း **'ဓမ္မာရုံ'**ပဲ၊ ပေါ့ပါးတဲ့ဟာ နူးညံ့တဲ့ဟာလည်း **'ဓမ္မာရုံ'**ပဲ။ **'ဥပစယ သန္တတိ ဇရတာ အနိစ္စတာ'**ဆိုတာကရုပ်ရဲ့ လက္ခဏာတွေ၊ အစဖြစ်ခြင်း အစဉ်ဖြစ်ခြင်း အိုခြင်း သေခြင်းဆိုတာက ရုပ်ရဲ့လက္ခဏာတွေပဲ။

**မနောကိုလည်း သိရမယ်**

**'ဆင်ခြင်စိတ် ဘဝင်စိတ် ထိုနှစ်စိတ်'**၊ အာဝဇ္ဇန်းနှင့်တကွဖြစ်တဲ့ ဘဝင်စိတ်ကို မနောလို့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်။ ဘဝင်စိတ်ဆိုတာ မဆင်ခြင်ရင် အိပ်တယ်၊ ဆင်ခြင်နေရင် မအိပ်ဘူး။ **'ဆင်ခြင်စိတ် ဘဝင်စိတ် ထိုနှစ်စိတ် မှတ်ပိမ့်မနော ဖြစ်သတည်း'**၊ **'မနဉ္စ**-မနောကိုလည်း၊ **ပဇာနာတိ**-သိ၏'ဆိုတာ ဓမ္မာရုံကအဲလိုမနောကိုသိတာ။ **'ဓမ္မေ စ**-ဓမ္မာရုံကိုလည်း၊ **ပဇာနာတိ**-သိ၏။ **ယဉ္စ တဒုဘယံ**-ထိုနှစ်ပါးစုံကို၊ **ပဋိစ္စ**- စွဲ၍၊ **သံယောဇနဉ္စ**- သံယောဇဉ်ကိုလည်း၊ **ပဇာနာတိ**-သိ၏'။

**သံယောဇဉ်ကိုလည်း သိရမယ်**

**'ကြံ ကြည် ရုံ သံ ဥပါဒ် ဋ္ဌိ ဘင် စ စဉ် အို သေ ဤလေးထွေ သိလေတရား ဖြစ်သတည်း'**။ အဲဒါတွေ သိလို့ရှိရင် တရားဖြစ်သွားတယ်။ **'မနော'**လည်းသိတယ်။ **'ဓမ္မာရုံ'**လည်းသိတယ်၊ **'သံယောဇဉ်'**လည်းသိတယ်၊ သံယောဇဉ်မဖြစ်ရင် တရားရသွားတာပဲ။

**ဖြစ်ခြင်းသည် သင်္ခါရ၊ မဖြစ်ခြင်းသည် နိဗ္ဗာန်**

မျက်စိကမြင်ဖန်များ၊ နားကကြားဖန်များတော့ ငြီးငွေ့တာပဲ။ **'နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ** - ငြီးငွေ့ရင် တပ်မက်ခြင်းကင်းတယ်၊ **ဝိရာဂါဝိမုစ္စတိ**- တပ်မက်ခြင်းကင်းရင် လွတ်မြောက်တယ်'။ လွတ်မြောက်ရင် နိဗ္ဗာန်ရောက်သွားတယ်။ အဲဒီလိုမှတ်ထား၊ **'ဥပ္ပါဒေါသင်္ခါရာ'**၊ **'ဥပ္ပါဒေါ**-ဖြစ်ခြင်းသည်၊ **သင်္ခါရာ**- သင်္ခါရတို့မည်ကုန်၏'၊ နားကြားတာက သင်္ခါရပဲ၊ **'အနုပ္ပါဒေါနိဗ္ဗာနံ'**၊ **'အနုပ္ပါဒေါ** - မဖြစ်ခြင်းသည်၊ **နိဗ္ဗာနံ**- နိဗ္ဗာန်မည်၏'၊ မဖြစ်တာဟာ နိဗ္ဗာန်ပဲ။ **'သမုဒယ ဓမ္မာနုပဿီ စိတ္တသ္မိံ ဝိဟရတိ'**၊ **'စိတ္တသ္မိံ**- စိတ်၌၊ **သမုဒယဓမ္မာနုပဿီ-** ဖြစ်ခြင်းကို ရှုလေ့ရှိသည် ဖြစ်၍၊ **ဝိဟရတိ**- နေ၏'။ စိတ်ထဲမှာ ဖြစ်တာကို ရှုလေ့ရှိပြီးနေတယ်တဲ့။ ဖြစ်တာဟာ **'သင်္ခါရ'**၊ သင်္ခါရဆိုတာ ဖြစ်တာ၊ **'အနိစ္စာ ဝတ သင်္ခါရာ'** ဆိုတာ အဲဒီ သင်္ခါရက အနိစ္စဖြစ်သွားတာ။

**ဖြစ်တယ်ဆိုတာ တဏှာရှိလို့ ဖြစ်တာ**

**'သင်္ခါရာ**- သင်္ခါရတို့သည်၊ **အနိစ္စာ**- အနိစ္စတို့မည်ကုန်၏၊ **အနိစ္စာ**- အနိစ္စတို့သည်၊ **သင်္ခါရာ**-သင်္ခါရတို့မည်ကုန်၏'။ သင်္ခါရနဲ့ အနိစ္စ အတူတူပဲ။ **'ဥပ္ပါဒဝယ ဓမ္မိနော'**၊ **'ဥပ္ပါဒ**-ဖြစ်ခြင်းတို့သည်၊ **ဝယဓမ္မိနော**-ပျက်ခြင်းလျှင်အဆုံးရှိကုန်၏၊ ဖြစ်ခြင်းပျက်ခြင်းသဘောရှိကုန်၏၊ **ဥပ္ပဇ္ဇိတွာ**- ဖြစ်ကုန်ပြီး၍၊ **နိရုဇ္ဈန္တိ**- ချုပ်ကုန်၏'။ **'ဥပ္ပါဒ'**-ဖြစ်ပြီဆိုရင်၊ **'ဥပ္ပါဒေါ ဒုက္ခံ'** အရဖြစ်တာ လေးကဒုက္ခ၊ အဲဒီဒုက္ခထဲမှာ သမုဒယရှိတယ်။ သမုဒယဆိုတာ တဏှာကို ခေါ်တယ်။ ဒါကြောင့် ဖြစ်တယ်ဆိုတာ တဏှာရှိလို့ဖြစ်တာ၊ **'နိဗ္ဗာန်'** ကျတော့ **'အနုပ္ပါဒ'**နဲ့ တစ်တွဲ၊ **'တဏှာ'**နဲ့ **'ဥပ္ပါဒ'**နဲ့ တစ်တွဲ၊ **'ဖြစ်တာ'**က ဒုက္ခသစ္စာ၊ **'သမုဒယ'** ကြောင့် ဒုက္ခဖြစ်တယ်။ ကံကြောင့် နားဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဖြစ်ခြင်းပဲ။ ဖြစ်ပျက် နှိပ်စက်တာကို ဒုက္ခလို့ခေါ်တာ၊ ကြားပြီး ဖြစ်ပြီးတော့ ပျက်သွားတယ်။ **'ဖြစ်ပျက်နှစ်တန် နှိပ်စက်ဟန်ကြောင့် တစ်ရံမစဲ လွန်ဆင်းရဲ၏'** တဲ့၊ အဲဒါ **'ပီဠန'** ခေါ်တယ်။

**ဖြစ်ချင်လို့မှ ပယ်စွန့်မှ ချုပ်မှု ထိုဒုက္ခ၊ ဤလေးခုဖြစ်မှ သောတာပန်**

ဖြစ်ပျက်နှိပ်စက်တာကို **'ပီဠန'** လို့ခေါ်တယ်။ နှိပ်စက်တာကိုရှာလိုက်တော့ **'သင်္ခတဋ္ဌော**-သင်္ခတတရားတဲ့။ **'သင်္ခတ'** ဆိုတာ စိတ် စေတသိက် ရုပ်၊ **'ရုပ်'**ဆိုတာ လှုပ်ရှားပြီး နေတယ်။ **'သင်္ခတတရား'** က နှိပ်စက်တယ်၊ နှိပ်စက်တော့ပူတယ်၊ **'တပေါ်'** ပူပန်တယ်၊ **'အနုပ္ပါဒေါ'** - မဖြစ်တော့ဘူးဆိုတော့ ငြိမ်သက်တယ်၊ ငြိမ်သက်တော့ မနှိပ်စက်ဘူး၊ **'ဇာတိ'**-ဖြစ်တယ်လို့ဆိုရင် **'ဇာတိပိ ဒုက္ခာ'** - ဖြစ်တာက ဒုက္ခ သစ္စာ၊ **'ပုရိမတဏှာ'** သည် သမုဒယသစ္စာ။

**'ဖြစ်ချင်လို့မှ ပယ်စွန့်ပြု ချုပ်မှု ထိုဒုက္ခ၊ ဤလေးခုဖြစ်မှ သောတာပန်'**။

**အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာသုံးပါးမှ လွတ်သော တရားမရှိဘူး**

ဖြစ်ချင်လို့ရှိရင် **'ပညတ်'**ပါတယ်။ ရာဂ တဏှာတွေ၊ ဖြစ်လိုမှုတွေဖြစ်ပြီဆိုရင် **'ပညတ်'** ပါတယ်။ **'ပညတ်'** ဖြစ်လို့ တဏှာဖြစ်တယ်။ **'တဏှာ'** ဖြစ်တော့ ကံဖြစ်တယ်။ **'ကံ'** ဖြစ်တော့ ရာဂဖြစ်တယ်။ **'ရာဂ'** ဖြစ်တော့ ဝိညာဏ်ဖြစ်တယ်။ **'ဝိညာဏ်'** ဖြစ်တော့ဖဿဖြစ်တယ်။**'ဖဿ'** ဖြစ်တော့ဝေဒနာဖြစ်တယ်။ **'ဝေဒနာ'** ဖြစ်တော့ဝေဒနာခံစားတယ်လို့သိတယ်၊ အသက်လျှင် အဆုံးရှိသောဝေဒနာခံစားတယ်။ သေရတာဟာလည်းဒုက္ခကြီးပဲ၊ **'မရဏံပိဒုက္ခံ'** တဲ့၊ **'တိလက္ခဏ ဝိနိမုတ္တော၊ ဓမ္မောနာမံ နတ္ထိ'**၊ **'တိလက္ခဏ ဝိနိမုတ္တော**-အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ သုံးပါးမှ လွတ်သော၊ **ဓမ္မော**-တရားသည်၊ **နတ္ထိ**-မရှိ'။ **'အနိစ္စ ဒုက္ခ အနတ္တ'** လက္ခဏာသုံးပါးမှ လွတ်သော တရားမရှိဘူးတဲ့။ **'ဝေဒနာ'**ကိုနှလုံးမသွင်းရဘူး၊ **'ဖြစ်ခြင်းပျက်ခြင်း'**ကို နှလုံးသွင်းရတယ်။

(ဆုပေး) မဂ်ဖိုလ်နှင့် နိဗ္ဗာန်ကိုရတော်မူကြကုန်ပြီးသော ဘုရားအစရှိသော အရိယာ သူတော်ကောင်းတို့၏ဂုဏ်ကို အာရုံပြု၍ ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမျှော်မာန်လျှော့ ကန်တော့လိုက်ရသော ကောင်းမှုကြောင့် မိမိတို့သည် ငါးကနေပြီး သုံးသို့ မကူးသော သူတော်ကောင်း သူမြတ်လောင်းများ ဖြစ်ကြပါစေကုန်သတည်း။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



# "ပရမတ်ကိုမမေ့ရင် သေတယ်မမည်ဘူး တရားတော်"

## သူတော်ကောင်းတို့တရား

**'ဓမ္မာနုပဿနာ'**က စုံလည်းစုံတယ်၊ ရလည်းရလွယ်တယ်ကွ။ ပညတ်နဲ့ပရမတ်မှာ ဘယ်ကစတုန်းဆိုရင် **'အသဒ္ဓမ္မ ဂရုတ္တမံ'**- သူတော်ကောင်းတို့ တရားကို မသိလို့ရှိရင် သံသရာရှည်တယ်။ **'သူတော်ကောင်းတို့တရား'**နဲ့ စလိုက်တာ။ **'သူတော်ကောင်းတို့တရား'**ဆိုရင် ပရမတ်ပါသွားပြီ။ ပရမတ္ထအားဖြင့် ထင်ရှားရှိသောတရားဆိုရင် ပရမတ္ထတရားက စိတ် စေတသိက် ရုပ် နိဗ္ဗာန်။ ပရမတ္ထလို့ ဆိုလို့ရှိရင် **'နိဗ္ဗတ္တိတ ပရမတ္ထ ဝသေန-** ပညတ်မဖက် သက်သက်သော ပရမတ္ထ**'**၊ ဒီလိုလာတာကိုးကွ။

## ပညတ် ပရမတ်အကြောင်း

**'နာမသဏ္ဌာန်မရောက်ရန် အမှန်သတိပြု'**။ ပညတ်ဆိုတာ နာမည်နဲ့သဏ္ဌာန်ကို ခေါ်တယ်၊ 'နာမသဏ္ဌာန်မရောက်ရန် အမှန်သတိပြု'၊ နာမည်က နာမပညတ်၊ သဏ္ဌာန်က သဏ္ဌာနပညတ်၊ သဏ္ဌာန်က **'သမူဟ'** က လာတာပေါ့ကွ။ **'သမူဟ'**က ပရမတ်ကလာတာ။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်ကြီးလေးပါး ပေါင်းပါများတော့ **'သမူဟ'** ဖြစ်သွားတယ်။ **'အဋ္ဌကလာပ်ရုပ်တွေ'**ပေါ့ကွာ၊ **'ပထဝီ'**ဆိုတာက ချောတာ ကြမ်းတာ၊ **'ကြမ်းချောခုခံ'** ကြမ်းတာ ချောတာက လက္ခဏာ၊ ခုတာက **'ပထဝီ'** ဆိုတာက အောက်ကအခံပဲ၊ သူ့အပေါ်မှာပဲ မှီရတယ်။ သူကလည်း သူတကာအပေါ်မှာ မှီရတယ်၊ တစ်ခုပေါ်မှာ သုံးခုမှီရတယ်။

တစ်ခုသော မဟာဘုတ်ကို စွဲပြီး သုံးခုသော မဟာဘုတ်ဖြစ်တယ်။
သုံးခုသော မဟာဘုတ်ကိုစွဲပြီး တစ်ခုသော မဟာဘုတ်ဖြစ်တယ်။
နှစ်ခုသော မဟာဘုတ်ကိုစွဲပြီး နှစ်ခုသော မဟာဘုတ်ဖြစ်တယ်။

**'ရုပ်'**ဆိုရင် **'မဟာဘုတ်ရုပ်'**ရယ်၊ **'ဥပါဒါရုပ်'**ရယ်။ **'ဥပါဒါရုပ်'**က- ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ သြဇာ လေးခု၊ ဝဏ္ဏက အဆင်း၊ ဂန္ဓက ဘယ်ဟာလေးမဆို နမ်းကြည့် အနံ့ရှိတယ်၊ ပထဝီမြေကလည်း ဂန္ဓပဲ။ မုန့်နမ်းကြည့်ကြည့် ဘာနမ်းကြည့်ကြည့် အနံ့ရှိတယ်။ ထင်ရှားတဲ့အနံ့နဲ့ သိမ်မွေ့တဲ့ အနံ့ပေါ့။ အနံ့ဆိုတာ ဂန္ဓပဲ၊ ဂန္ဓဆိုတာ **'ဥပါဒါရုပ်'** ပဲ။ **'နှာခေါင်းက နံတုံ ဂန္ဓာရုံပဲ'** နာမည်တွေ လူတွေ ဘာတွေလို့ထင်ရင် **'ပညတ်'**၊ ဂန္ဓာရုံက **'ပရမတ်'**။ ပရမတ် ပညတ်စွဲတော့ ပညတ်တွေမရှိဘူးဆိုတော့ **'ပရမတ်'** မှာ ရာဂဒေါသ မဖြစ်ဘူးကွ။ ရာဂဒေါသဖြစ်ရင် ပညတ်

www.burmeseclassic.com

www.burmeseclassic.com



ပါပြီကွ။ ဒါကြောင့် **'ရာဂဒေါသ ဖြစ်လေရာ ပညတ်တွေလည်းပါရပါ'** လို့ စပ်ထားတယ်။ **'နှာခေါင်းက နံတုံ ဂန္ဓာရုံ'** ဆိုတော့ ဂန္ဓာရုံ ပရမတ်၊ အဲဒီ**'ဂန္ဓာရုံ'**က ဘယ်သူ့ကို မှီရသတုံးဆိုတော့ **'မဟာဘုတ်'**ကို မှီရတယ်၊ 'ပထဝီ အာပေါ တေဇော ဝါယော'ကို **'မဟာဘုတ်'**ခေါ်တယ်။ **'မဟာဘုတ်'**ကို **'မဟာတံဘူတာ'**၊ **'မဟာတံ-** အကြီးအကျယ်ဖြစ်၍၊ **ဘူတာ-** ဖြစ်သတည်း။' အကြီးအကျယ် ဖြစ်သည့်စကြာဝဠာ၊ တော၊ တောင်၊ ကမ္ဘာတွေ အကုန်ဖြစ်တယ်။ ကြီးကျယ်တဲ့ သမုဒ္ဒရာကြီး တွေ၊ မြေကြီးတွေ၊ တောတောင်တွေဖြစ်တာ **'မဟာဘုတ်'**တဲ့။ အဲဒီ **'မဟာဘုတ်'** ရှိလို့ရှိရင် အဲဒီမဟာဘုတ်က ငယ်တာလေးကစတာနော်။

**'လက္ခဏာ'** ဆိုတာက သူ့ရဲ့ အမှတ် အသားပဲ။ ကြမ်းတာ၊ ချောတာက **'ပထဝီ'**ရဲ့ အမှတ်အသား။ ကြမ်းတာ၊ ချောတာက ခုခံခြင်း ကိစ္စရှိတယ်။ သူကအခုအခံပဲရှိတယ်။ ပထဝီမပါဘဲနဲ့ ဒီပြင်ဟာတွေ မဖြစ်ဘူး။ အဲဒီ **'ပထဝီ'** အာပေါ၊ တေဇော၊ ဝါယောကို မှီရတယ်။ အနံ့ဆိုရင် **'နှာခေါင်းက နံတုံဂန္ဓာရုံ'** ပဲ။ ဘယ်ဟာပဲနမ်းကြည့်ကြည့် ကျွန်းသားလေး နမ်းကြည့် လည်း အနံ့ရှိတာပဲ။ ပန်းပွင့်လေး နမ်းကြည့်လည်း အနံ့ရှိတာပဲ။ ပန်းပွင့်လေးက မွှေးတယ်လို့ နင်တို့က ဒီလိုဆိုတယ်။ ပန်းပွင့်လေးက မွှေးတာ မဟုတ်ဘူး။ ဂန္ဓာရုံက မွှေးတာ။ အဲဒီဂန္ဓာရုံက ဘယ်သူ့မှီသတုံးဆိုတော့ မဟာဘုတ်ကို မှီတယ်။ ဝတ်ဆံတွေက ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတွေ။

ပရမတ်၊ ပညတ်နိုင်တဲ့သူက မဟုတ်ဘူး ဟုတ်တယ်ဆိုတာ သိရတယ်။ မိန်းမက မွှေးတယ်။ ယောကျ်ားက မွှေးတယ်လို့ဆိုတာ မဟုတ်ဘူး။ **'အနံ့'**က မွှေးတယ်ဆိုမှ **'ပရမတ်'** ရောက်တာ။ မိန်းမက မွှေးတယ်၊ ယောကျ်ားက မွှေးတယ်ဆိုရင် ရာဂ၊ ဒေါသ ဖြစ်ကုန်တာပေ့ါ။ ဒါကြောင့် ပရမတ်၊ ပညတ်ကွဲရတယ်။ အစက ဒါကြောင့် ငါက **'နာမသဏ္ဌာန် မရောက်ရန် အမှန်သတိပြု'** လို့ ဆိုတာပေ့ါ။ ပန်းဆိုတာ သဏ္ဌာန်ဖြစ်သွားတာပေ့ါ။ ဆံပင်ဆိုတာ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ၊ ဆံပင်နမ်းကြည့်လည်း နံတာပဲ။ နံတယ်ဆိုတာလည်း ပထဝီ၊ တေဇော ရှိလို့၊ ပထဝီ၊ တေဇောစသည်က **'မဟာဘုတ်'**၊ နံတာက **'ဥပါဒါရုပ်'**။

**'ဥပါဒါ'**ဆိုတာ 'စွဲ၍ဖြစ်တာကို ဥပါဒါ' လို့ခေါ်တယ်။ ဓာတ်ရှစ်ခုပေါင်းလိုက်ရင် ဆံပင်လို့ ဖြစ်သွားတယ်။ ရှစ်ခုကို တစ်ခုစီခွဲလိုက်ရင် ဆံပင်မရှိတော့ဘူး။ အဲဒါ ဓာတ်ခွဲတယ်ခေါ်တယ်။ လူတွေဘာတွေ မရှိတော့ဘူး။ ဓာတ်ရှစ်ခုခွဲလိုက်တော့ ဆံပင်ဟူသောသမုတ်ခြင်းဟာ မရှိတော့ပြီ။ ဆံပင်မရှိရင် ခေါင်းလည်းမရှိတော့ဘူး။ ခေါင်းလည်းမရှိတော့ရင် ယောကျ်ား မိန်းမ

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူး။ ယောက်ျား မိန်းမ မရှိရင် ဘာကိုမှ ရာဂ ဒေါသ မဖြစ်နိုင်ဘူး။ ရာဂ ဒေါသ ဖြစ်တယ်ဆိုတာ ပညတ်ကြောင့်ဖြစ်တာ။

**'နှာခေါင်းက နံတုံ ဂန္ဓာရုံ လူ့ပုံမမှတ်ရ။ နှာခေါင်းက နံလျှင် မနှိုင်းယှဉ် ဤတွင် တရားရ၊' 'မုတေ မုတ မတ္တံ'** နံရင် နံကာမျှပဲ။ ဘယ်သူက နံတယ်။ ဘယ်ဝါက နံတယ်မလုပ်တော့ ဘူး။ **'ပညတ်'**ကို မစွဲလို့ရှိရင် နံရင် နံပြီးပျက်၊ ဖြစ်ပြီးတော့ ပျက်သွား မရှိတော့ဘူး။ ဖြစ်ပြီး တော့ မရှိတော့ဘူးဆိုမှ၊ မရှိတာကို စွဲလမ်းပြီးတော့မှ ကာယကံ ဝစီကံဖြစ်တာ ဒါမှမဟုတ် ကာယကံ ဝစီကံမဖြစ်တာ၊ **'မဖြစ်တာ'**ကိုက အဲဒါလည်း နိဗ္ဗာန်ပဲ။ ကာယကံ ဝစီကံမှမဖြစ်ဘဲ ကိလေသာ ဘယ်နှယ့် ဖြစ်မတုံး။ အဲဒီလို ဉာဏ်က ပထမတန်းရောက်ရတယ်။ နတ်တွေဘာတွေဆိုရင် တစ်ခုတည်းနဲ့ သိန်းချီပြီး ရဟန္တာဖြစ်တယ်။ နှာခေါင်းက နံလျှင် နံကာမျှပဲနေ၊ ဘယ်သူတွေ ဘယ်ဝှာတွေလို့ **'ကံ'** မလုပ်နဲ့ **'ကံ'** ပြုတ်အောင် ကြိုးစားရတယ်။

**'အမှားနဲ့အမှန်၊ ဘုရားဆိုဉာဏ်၊ အမှားကို အမှန်မလုပ်နဲ့၊ တရားဆို နာမ်ရုပ်ကွဲ့၊ ဟန်မလုပ်နဲ့ဟေ့၊ ကံပြုတ်အောင်ကြိုးစားကြ'** လို့ စပ်ထားတယ်။ နံတယ်ဆိုတာက အနံ့ကနံတာ၊ အနံ့က ဥပါဒါရုပ်ကိုး၊ ဥပါဒါရုပ်က မဟာဘုတ်ကို မှီရသကိုး၊ **'ရူပံ ပဇာနာတိ ဝိဇ္ဇာ'** ရုပ်ကို ရုပ်လို့သိရင် ဒါ **'ဝိဇ္ဇာဉာဏ်'** ဖြစ်တယ်။ **'ရုပ်'**ကို ရုပ်လို့ မသိဘူး။ **'လူ'**လို့သိရင် ရာဂ၊ ဒေါသဖြစ်တာပေါ့။ အလုပ်တွေ အကိုင်တွေ ဖြစ်ပြီးတော့ ပိုက်ဆံတွေရှာရတာပေါ့။ ထမင်းတွေစားဖို့ပေါ့။ အဲဒါက **'ယံကိဉ္စိ ဒုက္ခံ သမ္ဘောတိ သဗ္ဗံတံ အာဟာရပစ္စယော'**၊ အာဟာရကြောင့် ဒုက္ခဖြစ်တယ်။ အဲဒီ အာဟာရကြောင့်လည်း လူတွေထမင်းစားရတာကိုးကွ။

အဲဒီလိုပဲကွ **'မျက်စိ မြင်တုံ ရူပါရုံ'** မျက်စိဆိုတာက နာမည်ပဲ။ မျက်စိက စက္ခု၊ စက္ခုကို မျက်စိလို့ မြန်မာလို နာမည်ပေးတာ။ စက္ခုက မာဂဓနာမည်၊ မျက်စိက မြန်မာနာမည်။ **'အာစိက္ခန္တိဝိယ ဟောဟိ'** စကားပြောရင်မြင်မှ စကားပြောလို့ဖြစ်တယ်။ **'စက္ခု'** ကလည်း ဥပါဒါ ရုပ်၊ ဒီ**'အဆင်း'**ကလည်း ပထဝီ၊ အာပေါ၊ တေဇောကို မှီပြီးဖြစ်ရတဲ့အဆင်း၊ အဆင်းက အစိမ်း၊ အနီ၊ အပြာ၊ အဝါကို ခေါ်တယ်။ အဲဒါကို အဆင်းခေါ်တယ်။ အဲဒီ **'အဆင်း'**ကလည်း ဥပါဒါရုပ်၊ ဒီ**'မျက်စိ'**ကလည်း ဥပါဒါရုပ်၊ အဲဒီ **'အဆင်း ဥပါဒါရုပ်'** နဲ့ **'မျက်စိဥပါဒါရုပ်'** အဆက်အသွယ် လုပ်လိုက်တော့မှ **'ဥပါဒါရုပ် အဆက်အသွယ်လုပ် တစ်မုဟုတ်ဝိညာဏ် ဖြစ်သတည်း'** ဆိုတာ မြင်တယ်ဆိုတဲ့ **'ဝိညာဏ်'**ဖြစ်တာ၊ မင်းတို့ကမြင်တာမဟုတ်ဘူး။ ဒီကစက္ခုက မျက်စိအကြည်၊ ဟိုက အဆင်းက ရူပါရုံ၊ လူတွေမဟုတ်ဘူးနော်၊ ဒါ ပရမတ်ကို ပြောနေတာ။

www.burmeseclassic.com

www.burmeseclassic.com



**မြတ်သောဉာဏ်၏ အာရုံဟာ ပရမတ်ခေါ်တယ်**

**'မျက်စိမြင်တုံ ရူပါရုံ'** ဟာ မျက်စိနဲ့မြင်တာ လူမဟုတ်ဘူး။ ရူပါရုံကို မြင်တာ၊ ဒီလိုမှ ပရမတ်ဉာဏ်မြင်လို့ ခေါ်တယ်။ ဒါမှ **'ပရမတ္ထ ဉာဏဿ အတ္တော ဂေါစရော ပရမတ္ထတော'** **'ပရမတ္ထဉာဏဿ-** မြတ်သောဉာဏ်၏အာရုံဟာ **'ပရမတ်'**ခေါ်တယ်။ ဒါက သဗ္ဗညုတဉာဏ်နဲ့ ဟောတဲ့ဉာဏ်။ ဒါပရမတ္ထခေါ်တယ်။ မျက်စိနဲ့ မြင်တာမဟုတ်။ ဉာဏ်နဲ့ မြင်တာနော်။ ဉာဏ်ဆိုတာက သိတာ၊ ဝိညာဏ်ကလည်းသိတာ၊ သညာကလည်းသိတာ၊ ဒါကြောင့် သိတယ် သိတယ်ဆိုတာကလည်း ခွဲခြားရတယ်၊ ဟုတ်ကဲ့လား။

ဒါကြောင့် **'မျက်စိမြင်တုံ ရူပါရုံ လူ့ပုံ မမှတ်ရ'**၊ အေး လူတွေလို့ မမှတ်နဲ့၊ လူတွေလို့ မှတ်လိုက်လို့ရှိရင် သညာဝိပလ္လာသဖြစ်ပြီ။ စိတ္တ ဝိပလ္လာသဖြစ်ရင် ဒိဋ္ဌိ ဝိပလ္လာသဖြစ်ပြီး၊ ဒိဋ္ဌိ ဝိပလ္လာသဖြစ်လို့ရှိရင် ရာဂတွေပါသွားပြီ။ ဒါကြောင့် **'မျက်စိမြင်တုံ ရူပါရုံ'** ။ ဒါကြောင့် **'ဒိဋ္ဌ-** မြင်အပ်သော ရူပါရုံ၌'လို့ ဒီလိုအနက်ပေးရတယ်။

**'ဒိဋ္ဌ-** မြင်အပ်သောလူ၌'လို့ လူကိုမျက်စိက မြင်တာမဟုတ်ဘူး။ ပညတ်တွေကသာ လူကိုမျက်စိနဲ့ မြင်နေတာ၊ ဟုတ်လား၊ အဲဒီလိုမှတ်ထား။ **'လူ့ပုံမမှတ်ရ'** လူတွေဘာတွေ ပြောတယ်လို့ မမှတ်နဲ့တဲ့။ **'ရူပါရုံ'** ပဲထား အဲတော့ မြင်ရင် မြင်တဲ့ အတိုင်းပဲထားတဲ့ စွဲလမ်းတယ် ဆိုတာ **'တဏှာ ဥပါဒါန်'**ခေါ်တယ်။ စွဲလမ်းတဲ့ ဥပါဒါန်က **'ပရမတ်'**ကြောင့် မစွဲလမ်းဘူး။ **'ပညတ်'**ကြောင့် စွဲလမ်းတယ်။ ပညတ်နဲ့ ပရမတ်ကွဲလို့ရှိရင် မစွဲလမ်းတော့ဘူး။

**'မနှိုင်းယှဉ်' ဆိုတဲ့ စကားဟာ တော်တော်အရေးကြီးတယ်**

**'မျက်စိမြင်တုံ ရူပါရုံ လူ့ပုံမမှတ်ရ၊ မျက်စိကမြင် မနှိုင်းယှဉ် ဤတွင်တရားရ'**။

မျက်စိကမြင် မနှိုင်းယှဉ်ဆိုတာ **'ပရမတ်'**မြင်ရင် မနှိုင်းယှဉ်တော့ဘူး။ နှိုင်းယှဉ်တယ် ဆိုတာ **'ပညတ်'** နဲ့၊ အတိုအရှည်ဆိုတာ **'ပညတ်'**ပေါ့။ အဖြူ အမည်း အဲဒါ 'ပညတ်တွေ'ပေါ့။ လှတယ်၊ ချောတယ် 'ပညတ်တွေ'၊ ပုတယ်၊ ရှည်တယ် 'ပညတ်တွေ'၊ ကြီးတယ် အသက်ငယ် တယ်၊ ဒါတွေက နှိုင်းယှဉ်တာတွေ၊ အဲဒီလို နှိုင်းယှဉ်လို့ရှိရင် တရားမရဘူး။ မနှိုင်းယှဉ်ဘူး ဆိုရင်လည်း စကားဘာပြောမတုံး။ **'ဝစီကံ'** ဘာပြောမတုံး၊ မပြောတော့ဘူး။ **'ကံ'**မရှိတော့ဘူး။

**'ဉာဏ်'**ကြောင့် **'ကံ'**မရှိတာ။ ဟန်မလုပ်နဲ့တော့ **'ကံ'** ပြုတ်အောင် ကြိုးစားကြပေ့။ ကံကိုမဖြစ်တော့ဘူး။ ဉာဏ်ရှိလို့ရှိရင် ဝစီကံတို့ မနောကံတို့ သိတယ် မဟုတ်လား။ ဒဘိဇ္ဈာ၊ ဗျာပါဒမရှိရင် အနာဂါမ်တည်အောင်ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**'မနောကံ'** ပြုတ်အောင် နင်တို့ ကံပြုတ်အောင်၊ **'ဟန်မလုပ်နဲ့ဟေ့ ကံပြုတ်အောင် ကြိုးစားကြတော့'**၊ ဟန်လုပ်လို့ရှိရင် ယောဂီ ယောင်ယောင် ဝိပဿနာလိုက်စားတဲ့ယောင်ယောင် ဘာယောင်ယောင်နဲ့ဆိုပြီး တချို့တွေ အဲဒါမျိုးကြောင့်ရသွားတာ။ တရားတွေဘာတွေ လိုက်ကြရင်းနဲ့ကြည်ညိုဟဲ့ ဘာဟဲ့ ဖြစ်ကြရင်းနဲ့ အဲဒီဟာမျိုး မလုပ်ရဘူး။ **'လှူပုံမမှတ်ရ'**တဲ့၊ **'မျက်စိကမြင် မနှိုင်းယှဉ်'** အဲဒီလို မနှိုင်းယှဉ်ရဘူး။

ယောက်ျားတွေ၊ မိန်းမတွေလို့ အဲဒီလို မနှိုင်းယှဉ်ရဘူး။ **'ပရမတ်'**မှာ ယောက်ျားမိန်းမမှ မရှိဘဲကိုး၊ မဟုတ်ဘူးလား။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောမှာ ဘယ်မှာတုံး ယောက်ျား မိန်းမရှိသလဲ။ စိတ် စေတသိက် ရုပ်မှာ ရှာကြည့်၊ ပညတ်မပါဘူး။ ဒါကြောင့် **'ပညတ် မပါသော စိတ်-ပရမတ်'**လို့ ဆိုထားတာပေါ့။ **'နားကကြားတုံသဒ္ဒါရုံ လှူပုံမမှတ်ရ၊ နားကကြားလျှင် မနှိုင်းယှဉ် ဤတွင်တရားရ'**။ အဲဒါလေးတွေ ဆိုဆိုနေ။ ဆိုနေတာက **'သမ္မာသက်ပွဲ'** ဖြစ်တယ်။

**နှင်းမေလို မဖြစ်စေနဲ့**

နားကကြားတာ **'သဒ္ဒါရုံ'**၊ အခုငါလို့ မမှတ်နဲ့၊ ငါတရားဟောတယ်လို့ မမှတ်နဲ့။ သဒ္ဒါရုံ သဒ္ဒါရုံဆိုတာ အခုကြားပြီး အခုပျက် **'ဖြစ်ပျက်'**၊ **'ဖြစ်ပျက်'**ဆိုတာ အနိစ္စ၊ **'အနိစ္စ'**ဆိုတာ ခန္ဓာ၊ **'ခန္ဓာ'**ဆိုတာ အနိစ္စ၊ အဲဒီလို 'အနိစ္စ အနိစ္စ' လို့ရွတ်မှ၊ မရွတ်တော့ ဘယ်လိုဖြစ်သွားသတုံး ဆိုတော့ ကောင်မလေး တစ်ယောက်၊ အဲဒီလို ရှူတာ ရှိုက်တာ၊ မရှူနိုင် မရှိုက်နိုင်တော့ မောတာပေါ့။ မောတော့ တစ်ခါတည်းသေသွားတယ်။ သေသွားတော့ အမေကြီးက ပွေ့ဖက်ပြီး ငိုတယ်။သားအမိနှစ်ယောက်ပဲ ရှိတာကို။ သူက သေမှန်းမသိသေးဘူး။ နာမည်က နှင်းမေ၊ နှင်းမေက သေပြီ၊ အဲဒါပစ္စုပ္ပန်လောက။ တမလွန်လောကက တမလွန်ဆိုတာ ဘယ်က အနက်ထွက်မှန်းလည်းမသိဘူး။ ပရလောက၊ တစ်ပါးသောလောက၊ အခုဟာက ပစ္စုပ္ပန် လောက၊ အခုစကားပြောနေတာ ပစ္စုပ္ပန်လောကနော်။

မျက်စိက ပစ္စုပ္ပန်လောကပဲရတယ်နော်။ ဟိုဟာက မနောလောက။ အခုအဲဒီ နှင်းမေလေး သေသွားရော၊ သေသွားတော့ အမေကြီးက ငိုနေတာပေါ့။ 'အမေ ကျုပ်မသေဘူး။ ကျုပ်ဒီမှာရှိတယ်'။ အမေက ကြားလည်း မကြားဘူး။ အဲဒီအသံလည်း မကြားဘူး။ သူ့လည်း မမြင်ဘူး။သေတဲ့တုံးလုံးကြီးသာ မြင်တာ။ အဲဒီလို မြင်တော့ အဲတော့ ငါပြောတာ အမေလည်း မကြားပါလား။ သေတယ်လည်း မမှတ်သေးဘူး။ အဲဒါ **'သညာ'**။ အဲဒါ **'သဿတဒိဋ္ဌိ'**၊ ဟုတ်ကဲ့လား။ အဲဒါနဲ့ သူရွာအပြင်ထွက်သွားတော့ ကောင်လေးတစ်ယောက်နဲ့ တွေ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဝင်းထိန်၊ 'ဟဲ့ ဝင်းထိန် နင်နဲ့ငါ ကံမကုန်သေးတော့ ပြန်ဆုံရသေးတာပေ့ါဟာ' နဲ့ပြောတယ်။ 'ဟ နင်မနှစ်က သေပြီမဟုတ်လား'။ 'ဟုတ်တယ် ငါမနှစ် ကသေပြီ၊ နင်လည်း အခုသေနေပြီဟ'။ 'ဟငါဘယ်သေမတုံး၊ ငါအခုရှိတယ်'ဆိုတော့ 'နင့်အိမ်ပြန်သွားကြည့်ပါလား' ဆိုတော့ အဲဒါ အိမ်ပြန်သွားတော့ အဲဒီကောင်မလေးက ပက်လက်လေး၊ သူ့အဝတ်အစားအသစ်ကလေးတွေကို သူ့အလောင်းပေါ် အုပ်ထားတယ်။ ဟာ အဲဒီတော့မှ သူဝမ်းနည်းတယ်။ 'ဟာငါသေပြီထင်ရဲ့'။ အဲဒီတော့မှ သေမှန်းသိတယ်။ အဲဒါဘာတုံးဆိုတော့---

**ဆင်ခြင်စိတ် ဘဝင်စိတ် ထိုနှစ်စိတ် မှတ်ပိမ့်မနော ဖြစ်သတည်း။**

**ပညတ် နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန် ဓမ္မာရုံဖြစ်သတည်း။**

အဲဒါ သူနိဗ္ဗာန်မသိသေးဘူး။ ပရမတ်လည်း မသိသေးဘူး။ သူပညတ်ပဲသိတယ်။ ဒါသူ့အမေ၊ ဒါသူ့အလောင်းကြီးပဲဆိုပြီးတော့ ဝမ်းနည်းပြီးနေတယ်။ သွားစရာ လာစရာလည်း မရှိတော့ ရွာအပြင်ဘက်ထွက်သွားတယ်။ ပြီးတော့ အဲဒီကောင်လေးနဲ့တွေ့တယ်။ အဲဒီကောင်လေးကနည်းနည်း အရုပ်ဆိုးတယ်၊ မနှစ်က သူကသေထားတာ။ ဒါနဲ့ 'နင်လိုက်ခဲ့-လိုက်ခဲ့' ဆိုပြီးတော့ သူ့လည်းအားကိုးစရာမရှိတော့ လိုက်သွားတယ်။ ဟိုကျတော့ ညောင်ပင်အိုကြီးတွေ့ရတယ်။ ဒီဘဝက ညောင်ပင်မဟုတ်ဘူး။ ဟိုဘဝက ညောင်ပင်အိုကြီး။ ဂွဆုံကြီးမှာ လူက ဝဝကြီး၊ တင်းပုတ်ကြီးနဲ့ ကိုင်လို့၊ 'မင်းတို့ အသစ်စက်စက် လာကြသကိုးကွ၊ အေးကွာ လာကွာ'။ 'ကျွန်တော်တို့ နေစရာမရှိလို့ နေရာပေးပါခင်ဗျား'။ 'အေး မင်းတို့ ဟိုကိုင်း သွားနေ'။ ဒီတော့မှ သူတို့ လူမဟုတ်မှန်း သိသွားကြတယ်။ ဒါနဲ့ အဲဒီဘဝက နှင်းမေ ပဲရှိတယ်။ အဲဒါ **'သဿတဒိဋ္ဌိ'**၊ အခုဖြစ်တယ်၊ အခုပျက်တယ်ဆိုတာ မသိဘူး။ အခုဖြစ်တာ အခုပျက်တာ မသိတော့ နိဗ္ဗာန်မရောက်ဘူး။ ဒီလူပဲ ဒီနာမည်ပဲ မှတ်ထားတယ်။ နာမည်က ပညတ်မဟုတ်ဘူးလား။ ဝင်းထိန်ကကော (ပညတ်ပါဘုရား)။ အဲဒါ **'သဿတဒိဋ္ဌိ'**။

**'ယာယံတဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ သဟ ဂတာ တတြ တတြာ ဘိနန္ဒိနီ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝတဏှာ'။**

**'ကာမတဏှာ'**ဆိုတာ မျက်စိတွေ နားတွေ မြင်ရတဲ့ငါးခုအနက် မြင်ရ ကြားရတဲ့ဟာကို **'ကာမတဏှာ'**လို့ ခေါ်တယ်။ ခုနတုန်းက **'မျက်စိမြင်တုံ ရူပါရုံ'**လို့ မစွဲဘဲနဲ့ ယောက်ျားလေး၊ မိန်းကလေးလို့မြင်တာ အဲဒါ **'ကာမတဏှာ'** (မှန်ပါဘုရား)။ ဒီကိုယ်ကြီးကို နှင်းမေပဲလို့ နာမည်မှတ်ထားတဲ့ဟာက **'သဿတ'**တဲ့၊ **'ဘဝ တဏှာ'**ခေါ်တယ်။ ဟို **'ဥစ္ဆေဒဒိဋ္ဌိ'**တော့ ထားတော့ ဟုတ်ကဲ့လား၊ **'ဘဝပြတ်'**တဲ့ဟာ။

www.burmeseclassic.com

www.burmeseclassic.com



**'ပညတ်နိဗ္ဗာန် ထိုနှစ်တန် မှတ်ရန်ဓမ္မာရုံ၊** ဒါပညတ် ဓမ္မာရုံတဲ့၊ ပညတ်ပဲ သိနေတယ်။ သိနေတော့ လူကသေတယ် ဖြစ်သွားတယ်။ ပညတ်ကို မသိဘူး။ အဲဒီ အဘိဓမ္မာတရားတွေကိုမမေ့မလျော့နေတော့ အဲဒါလူမဟုတ်ရင် သေတာမရှိဘူး။ လူဟုတ်မှ သေတယ်။ ဟုတ်လား။

**'အပ္ပမာဒေါ အမတံပဒံ'**ဆိုတာ 'ပရမတ်ကို မမေ့လျော့ရင် သေတယ်မမည်ဘူး'တဲ့။ အခုသူတို့ သေသွားတယ်။ သေသွားတော့ အခုသူတို့ အစာရှာထွက်ရတယ်။ ဝင်းထိန်က ထွက်တယ်။ သူကတော့ မထွက်ရပါဘူး။ အဲဒါနဲ့ အစာရှာစားပြီး အဲဒီဂွဆုံကလူကြီးကို အရင်ပေးရတယ်။ မပေးရင် သူကရိုက်တာ။ တင်းပုတ်နဲ့ ထုတာ၊ သေတာပဲ။ ဘဝကူး ငရဲရောက်။ အဲ နင်တို့ **'ကာမတဏှာ၊ ဘဝတဏှာတွေ'** ဂရုစိုက်။ ပြီးတော့ တစ်နှစ်လောက်ကြာသွားတယ်။ တစ်နှစ်ကြာသွားတော့ ကလေးတွေ ရလာတယ်။ တစ္ဆေကလေးလေးပေါ့။

ဒါနဲ့ နှင်းမေလေးက သူ့အမေကြီးတို့ရွာဆီ ကြည့်လိုက်တော့ သူ့အမေကြီးက သင်္ချိုင်းကုန်းလာပြီးတော့ နှင်းမေအုတ်ဂူမှာ ရပ်ပြီးတော့ငိုတယ်။ 'ညည်းတို့ကိုလည်း ငါဖိတ်ပါတယ်။ ငါပရိတ်တရားနာမလို့၊ မနက်ဖြန်ခါ နင်တို့အဖော်တွေနဲ့လာခဲ့ကြ။ ငါ့ရွာက အပိုင်အဆိုင်တွေကော ငါပြောထားတယ်။ လာနိုင်တဲ့သူ အကုန်လာကြ' လို့ အဲဒီလိုပြောတာ သူကြားတယ်။ သူအဲဒီကို ထွက်သွားတယ်။ ဝင်းထိန်က အစာရှာသွားတယ်။ နှင်းမေက အမေဆီကိုသွားတယ်။ အိမ်နားရောက်တော့ အိမ်စောင့်နတ်၊ ရွာစောင့်နတ်တွေက မတားဘူး။ ဒါနဲ့ ပရိတ်တရားနာတော့ 'မယံ- အကျွန်ုပ်တို့သည်' ဆိုတော့ သူကသိပြီ။ တရားနာတာလည်း ကြားတယ်။ အမျှဝေမယ့် အချိန်ကျတော့ 'ဟော့ နှင်းမေရေ ငါတို့ကိုအမှတ်ရပါဦးဟဲ့' ဆိုပြီးတော့ သူ့ယောကျ်ားက ကလေးလေးချီပြီး လာတဲ့အခါကြတော့ 'သာဓု၊ သာဓု' လို့ ခေါ်မယ်ကြံတုန်း အာခံတွင်းထဲကို အာစေးထည့်သလို မခေါ်နိုင်ဘဲ ဖြစ်ပြီးတော့ အဲဒီဘဝက မကျွတ်မလွတ်ဘဲနဲ့ ယောကျ်ားနောက်လိုက်သွားတယ်။

**'ဘဝတဏှာ'**က တယ်ကြောက်ဖို့ကောင်းတယ်။ အဲဒီလိုပဲ သတ္တဝါတွေဟာ ရောက်ရာနေရာ ခင်ရာဆွေမျိုးနဲ့ **'သံသရာညဏ'**ထဲမှာ ပျော်နေကြတယ်။ တရားလိုက်တယ်ဆိုတာ ပထမတန်းဖြစ်မှ တရားဖြစ်တာ ဟုတ်ရဲ့လား။ ဒါကြောင့် **'နားကကြားတုံ သဒ္ဒါရုံ လူ့ပုံမမှတ်ရ'၊** နှင်းမေလို့ခေါ်ရင် နှင်းမေလို့ တကယ်မထင်နဲ့။ နာမည်က နာမည်ပဲ။ ဟိုဟာက သဗ္ဗညုတဉာဏ်နဲ့ ဟောတဲ့တရား။ တစ္ဆေ၊ ပရလောက၊ တမလွန်လောကတို့ အဲဒီလိုဟာတွေနဲ့ ရှုပ်ပြီးတော့ သတ္တဝါတွေ ဟိုရောက်လိုက် ဒီရောက်လိုက်ဖြစ်နေတာ။ အဲဒါ ပဋိစ္စသမုပ္ပါဒ်ကို မမြင်လို့၊ **'ဝိညာဏ်'**ဆိုတာ ချက်ချင်းဖြစ်ပြီး ချက်ချင်းမပျက်ဘူးလား။ **'ကြား'**ရင် ချက်ချင်းမဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဘူးလား။ မပျက်ဘူးလား။ **'ဖြစ်ပျက်'** ပဲဆိုတာ ဒုက္ခသစ္စာပဲခေါ်တယ်။ **'ဒုက္ခသစ္စာ'**ပဲ သိရတယ်။ နှင်းမေဆိုတဲ့ နာမည်ကို မသိရဘူး။ ဟိုဟာက **'ပညတ် မနော'၊** ဟုတ်တယ် မဟုတ်လား။ အဲဒါ ဘဝသံသရာ **'သဿတ'**ရှည်တတ်တယ်။

ဉာဏ်က **'ပရမတ်ဉာဏ်'**။ ဟိုဟာက **'ကံ'**၊ ဒီကဉာဏ်**'အမှားနဲ့အမှန် ဘုရားဆိုဉာဏ်'**၊ **'ဗုဒ္ဓေါ သဗ္ဗညုတဉာဏော'** ဗုဒ္ဓေါ- ဘုရားဆိုတာ သဗ္ဗညုတဉာဏ်ကို ခေါ်တယ်၊ **'ဓမ္မော လောကုတ္တရောနဝ'** တရားဆိုတာ- လောကုတ္တရာတရား ကိုခေါ်တယ်။ လောကီတွေ မပါဘူး။ ပရမတ်တွေ ဟောရတယ်။ ဓမ္မော လောကုတ္တရော နောက်က **'မဂ္ဂ ဖလဋ္ဌော သံဃောစ'** မဂ်ဖိုလ်၌ တည်တဲ့ပုဂ္ဂိုလ်ကို သံဃာခေါ်တယ်။ အဲဒါမှ ရတနာသုံးပါးအစစ်ခေါ်တယ်။ ဟုတ်တယ်မဟုတ်လား။ အဲဒီလိုမှတ်ထား၊ **'နားကကြားတုံ့ သဒ္ဒါရုံ'၊** နားကကြားလျှင် ဘာလို့မှတ်ရမလဲ (သဒ္ဒါရုံလို့မှတ်ရပါတယ်ဘုရား)။ သဒ္ဒါရုံက မြဲသလား (မမြဲပါဘုရား)။ အဲဒါ **'ရုပ်'**၊ မမြဲတာက **'ရုပ်အနိစ္စ'**လို့ ဆိုရတယ်။ **'သဒ္ဒါရုံ အနိစ္စ'**လို့ဆိုရတယ်။ အဲဒါမှ မှန်တယ်။ ပြီးတော့ **'သောတအနိစ္စ'** အဲဒါမှ မှန်တာပေါ့။ ဟုတ်ရဲ့လား။ **'အနိစ္စ'** ကျမှ **'ခန္ဓာငါးပါး'** ရောက်သွားတယ်။ **'အနိစ္စ'** မဟုတ်ဘဲဆိုရင် သဿတဖြစ်သွားတယ်၊ **'အနိစ္စ'** ဖြစ်မှန်းသိ ပျက်မှန်းသိရင် **'သဿတဒိဋ္ဌိ'** ပြုတ်သွားတယ်။ ဖြစ်တာသိအောင်လုပ်ရင် **'ဥစ္ဆေဒဒိဋ္ဌိ'** ပြုတ်သွားတာပဲ။ အဲဒီလိုမှတ်ထား။

**ပရမတ္ထပုဂ္ဂိုလ်ဆိုတာ**

မင်းတို့ဉာဏ်က လောဘမူစိတ်လောက် အားမပြင်းဘူး။ လောဘမူစိတ်က လောဘတို့ ဒေါသတို့ မောဟတို့က အလွန်အားပြင်းတာ။ နင်တို့က ပညတ်ကို အလွန်ဖက်တွယ်ထားကြတာ။ ပညတ်ကို မဖက်တွယ်ပါနဲ့ဆို ပျင်းသွားပြီ။ ပျင်းပြီးတော့ တရားမလုပ်ချင်တော့ဘူး။

**'ပညတ်'**မှန်းမသိရင် ရာဂဖြစ်တယ်။ **'ပညတ်'** မှန်းသိရင် ရာဂမဖြစ်ဘူး။ **'ပညတ်'**မှန်းသိလိုက်ပြီဆိုရင် ရာဂဖြစ်ရင်လည်းရပ်သွားတာ။ အဲဒီလိုပဲ ရဟန္တာတို့ ဘုရားတို့ဆိုရင် ကြက်တောင်လေး မီးနဲ့တို့လိုက်လို့ရှိရင် တွန့်သွားတယ်။ အဲဒီလိုပဲ **'ပညတ်'** ဆိုလို့ရှိရင် တစ်ခါတည်း သူ့စိတ်ထဲမှာ ပညတ်မပေါ်ဘူး။ **'ပရမတ္ထအာရုံ'** ပဲဖြစ်တယ်။ ဒါကြောင့် ဘုရား၊ ရဟန္တာတို့ကို **'ပရမတ္ထအာရုံ'** လို့ခေါ်တယ်။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



၇. ၇. ၂၀၀၂တွင် ရန်ကုန်မြို့တော်စည်ပင်ဓမ္မာရုံ၌ ဟောကြားတော်မူသော

# "နီဝရဏဖယ်ရှင်း နိဗ္ဗာန်လင်း တရားတော်"

**တရားသဘောတို့ကို ရှုလေ့ရှိသည်ဖြစ်၍ နေ၏**

**'သန္တံ မေ အဇ္ဈတ္တံ ကာမစ္ဆန္ဒံ အတ္ထိမေ အဇ္ဈတ္တံ ကာမစ္ဆန္ဒောတိ ပဇာနာတိ'**။

**'အဇ္ဈတ္တံ**- အဇ္ဈတ္တသန္တာန်၌၊ **သန္တံ**- ထင်ရှားရှိသော၊ **ကာမစ္ဆန္ဒံ**- ကာမစ္ဆန္ဒကို၊ **မေ**- ငါ၏၊ **သန္တံမေ**- သန္တာန်၌၊ **အဇ္ဈတ္တံ**- အဇ္ဈတ္တ၌၊ **ကာမစ္ဆန္ဒော**- ကာမစ္ဆန္ဒသည်၊ **အတ္ထိ**- ရှိ၏။ **ဣတိ**- ဤသို့၊ **ပဇာနာတိ**- သိ၏**'**တဲ့။ ကြားရတဲ့ဟာ၊ နံရတဲ့ဟာ၊ လျက်ရတဲ့ဟာ၊ ထိရတဲ့ဟာတွေမှာ မျက်စိက မြင်ရင်တော့ **'ရူပါရုံ'**ပဲမှတ်၊ နားကကြားရင် **'သဒ္ဒါရုံ'**၊ နှာခေါင်းက နံရင် **'ဂန္ဓာရုံ'**၊ လျှာကစားရင် **'ရသာရုံ'** ပေါ့၊ **'ဖောဋ္ဌဗ္ဗာရုံ'** ဆိုတာက ကိုယ်ကထိတာ၊ အဲဒါ **'အာရုံငါးပါး'** ပေါ့။ ကိုယ်ကထိရင်ဆိုတဲ့ **'ဖောဋ္ဌဗ္ဗာရုံ'**က ပထဝီ၊ တေဇော၊ ဝါယောကိုခေါ်တာ။ ပထဝီ၊ တေဇော၊ ဝါယောဟာ လူလည်းမဟုတ်ဘူး၊ နတ်လည်းမဟုတ်ဘူးတဲ့။

**'ဣတိ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ'**၊ **'ဣတိ ဓမ္မေသု -** ဤကဲ့သို့ ဓမ္မတို့၌၊ တရားသဘောတို့၌၊ **ဓမ္မာနုပဿီ-** တရားသဘော တို့ကို ရှုလေ့ရှိသည်ဖြစ်၍၊ **ဝိဟရတိ-** နေ၏**'** တဲ့။ တရားသဘောတို့၌ဆိုတာ ဘယ်ဟာတုံးဆိုတော့ **'ခန္ဓာ'**ပေါ့။ ခန္ဓာက ဘာတရား သဘောတုံး ဆိုတော့ **'သင်္ခတ'** သဘောရတာပေါ့။ **'သင်္ခတ'** သဘောရောက်ရင် **'အသင်္ခတ'**နဲ့က နီးသွားပြီ လို့ တရားနာပရိတ်သတ်တို့ အဲလို မှတ်ရတယ် (မှန်ပါဘုရား)။ မြင်တဲ့အာရုံကို **'ပရမတ္ထ'**လို့ ခေါ်တယ်။ အဲဒီ 'ပရမတ္ထ' ရောက်ရှိလို့ရင် **'နိပ္ပတ္တိတ ပရမတ္ထ ဝသေန'**တဲ့။ 'ပညတ်မဖက် သက်သက်သော ပရမတ္ထ၏ အစွမ်းအားဖြင့်'တဲ့။ ပညတ်မပါရဘူး၊ နာမည်တွေမပါရဘူး၊ သဏ္ဌာန်တို့ မပါရဘူး။ **'ဆန္ဒ'**ဆိုတာ 'နာမည်'။ **'ကာမစ္ဆန္ဒ'**က ဘာလို့ ဖြစ်သတုံးဆိုတော့ ဆန္ဒက ကာမနဲ့ သွားပေါင်းလိုက်တယ်။ ဒါကြောင့်သူ့မှာ **'ကာမစ္ဆန္ဒ'**ရယ် လို့ဖြစ်သွားတယ်။ တကယ်လို့ ကုသိုလ်နဲ့သာ သွားပေါင်းလိုက်ရင် **'ကုသလာဆန္ဒ'** ဆိုပြီး ဖြစ်မှာပေါ့။ အဲဒီဆန္ဒက ကာမနဲ့ သွားပေါင်းရတယ်။ အဲဒီ ကာမဟာ ဘာတုံးလို့ဆိုတော့ **'ဓမ္မ'** တဲ့ (မှန်ပါဘုရား)။

**ငါ၏အဇ္ဈတ္တသန္တာန်၌ ကာမစ္ဆန္ဒနီဝရဏ ရှိတယ် မရှိဘူး**

ဒီပြင်နေရာကျတော့ မနောတဲ့၊ **'မနဉ္စ ပဇာနာတိ ဓမ္မေစ ပဇာနာတိ'** ဆိုတော့ **'ပဇာနာတိ'** ဆိုတာ သိရတယ်လို့ အဓိပ္ပာယ်ထွက်တယ်။ **'ဓမ္မေစ-** ဓမ္မ အာရုံတို့ကိုလည်း၊ **ပဇာနာတိ-** သိ၏' တဲ့၊ အခုဖြစ်နေတဲ့ မနောကျတော့ အဲလိုသိရတယ်။ **'မေ-** ငါ၏၊ **အဇ္ဈတ္တံ -** အဇ္ဈတ္တ

www.burmeseclassic.com

www.burmeseclassic.com



သန္တာန်၌၊ **ကာမစ္ဆန္ဒော-** ကာမစ္ဆန္ဒသည်၊ **အတ္ထိ-** ရှိ၏။**ဣတိ-** ဤသို့၊ **ပဇာနာတိ-** သိ၏'။ **'ပဇာနာတိ'** ဆိုတော့ ဘာဖြစ်သွားသတုံးဆိုတော့ **'ဉာဏ်'** နဲ့ယှဉ်တဲ့ **'မနော'** ဖြစ်သွားတယ်တဲ့ (မှန်ပါဘုရား)။ အဲဒါကြောင့် 'ကာမစ္ဆန္ဒကိုသိတယ်၊ ကာမစ္ဆန္ဒကိုသိတယ်'လို့ ဆိုပေး (မှန်ပါဘုရား)။ ကာမ မပါဘဲ ဆန္ဒသက်သက်ကို သိရင်လည်း သာကောင်းတာပေ့ါ။ 'ကာမပါတဲ့ ဆန္ဒ'၊ 'ကာမ မပါတဲ့ ဆန္ဒ'၊ ဉပမာ- ဈေးဝယ်သွားချင်တယ်၊ ကျောင်းသွားချင်တယ်၊ အလုပ်သွားချင်တယ်၊ အဲဒီလို ဆန္ဒတော့သိကြတယ်။အဲ ဈေးဝယ် မသွားချင်တဲ့ဆန္ဒ၊ အလုပ်မသွားချင်တဲ့ ဆန္ဒ၊ ကာမဂုဏ် မမှီဝဲချင်တဲ့ ဆန္ဒမျိုးကိုကျတော့ ဆန္ဒရယ်လို့ သိပ်မသိကြဘူးတဲ့ (မှန်ပါဘုရား)။

အဲဒီဆန္ဒကိုလည်း သိအောင်လို့ မြတ်စွာဘုရားက **'နတ္ထိ မေ အဇ္ဈတ္တံ'။ 'မေ-** ငါ၏၊ **အဇ္ဈတ္တံ-** အဇ္ဈတ္တသန္တာန်၌၊ **ကာမစ္ဆန္ဒော-** ကာမစ္ဆန္ဒသည်၊ **နတ္ထိ-** မရှိ'၊ ကာမဖြစ်တဲ့ စိတ်ရှိရင် ရှိတယ်လို့သိတဲ့။ ကာမဖြစ်တဲ့ စိတ်မရှိရင် မရှိဘူးလို့သိတဲ့။ ဖြစ်နေတဲ့ စိတ်သန္တာန်မှာ ဖြစ်နေတဲ့ သဘောအတိုင်း အမှန်သိ သိပေးပါတဲ့ (မှန်ပါဘုရား)။ **'စိတ်'** မှာဖြစ်နေတဲ့ သဘောတရားတိုင်းဟာ **'ဓမ္မ'**ပါပဲ။ **'ဓမ္မကိုလည်း သိရမယ်'**။ သူ့ကြောင့်ဖြစ်တဲ့ **'သံယောဇဉ်ကိုလည်း သိရမယ်'**။ ကိုယ့်သန္တာန်မှာဖြစ်မယ့်ဓမ္မလေးတွေ ဆန္ဒလေးတွေကို **'သန်တဓမ္မ'** လို့ခေါ်တယ်။ အဲဒီဓမ္မလေးကို ရည်ရွယ်ပြီးတော့ **'ဣတိဓမ္မေသု ဓမ္မာနုပဿီ'** တဲ့။ **'သံယောဇဉ်'**ကတော့ **'ကာမဓမ္မတွေ'** ဖြစ်သွားတယ်။ ကာမစ္ဆန္ဒပြီးတော့ **'ဆန္ဒရာဂေါ'**လို့ ဆိုတာရှိသေးတယ်။ ဆန္ဒမှာ ရာဂပါလာပြီးဖြစ်တယ်။ **'ဆန္ဒရာဂေါ'**- အဲဒီဆန္ဒရာဂနဲ့ ပါလာတဲ့ဆန္ဒကို ပယ်လိုက်တော့ **'ဆန္ဒရာဂ ပဟာနံ ဆန္ဒရာဂ ဝိနယော'** လာဖြစ်တယ်။

**အရိယ ဝိဟာရ**

**'တတ္ထ ဆန္ဒံ ဝိရာဇိတွာ၊ ဇဝံ ဒုက္ခံ ပမုစ္စတိ'**။ အဲဒီလို ဆန္ဒတွေလွတ်ကင်းမယ် ဆိုလို့ရှိရင် ဒုက္ခတွေက လွတ်ကင်းမယ်တဲ့။ ရာဂကို အဲလိုဂရုစိုက်ရတယ်။ ဒါကြောင့် **'ဣတိ အဇ္ဈတ္တံဝါ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ'။** အဲဒီလိုနေမယ်လို့ ဆိုလို့ရှိရင် **'အရိယ ဝိဟာရီ'**တဲ့။ ဘာဖြစ်လို့တုံးဆိုတော့ **'အနိဿိတောစ ဝိဟရတိ'** တဲ့၊ **'အနိဿိတော-** မမှီမူ၍၊ **ဝိဟရတိ-** နေတယ်'တဲ့။ ရာဂတွေ ဆန္ဒတွေကို မမှီဘဲနေတယ်တဲ့၊ အဲဒီလိုနေတာ **'အရိယဝိဟာရ'** ခေါ်တယ်တဲ့။ အရိယာပုဂ္ဂိုလ်တို့၏ နေခြင်းပဲတဲ့။

**ဗြဟ္မဝိဟာရ**

**'မာတာယထာ နိယံပုတ္တံ'**၊ မိခင်က သားသမီးတွေအပေါ် အဆိုးမမြင်ဘူး၊ ဆရာက

www.burmeseclassic.com

www.burmeseclassic.com



တပည့်တွေအပေါ် အဆိုးမမြင်ဘူးတဲ့။ အကောင်းမြင်တယ်ပေ့ါ။ အဲလို သတ္တဝါတွေအပေါ်မှာ အဆိုးမမြင်ဘဲ ရှုလို့ရှိရင် မိခင်ရှုတာမျိုးနဲ့တူလို့ အဲဒါကို **'ဗြဟ္မဝိဟာရ'**လို့ ခေါ်တယ်။ ဘာလို့ခေါ်တုံး (ဗြဟ္မဝိဟာရပါဘုရား)။ ဗြဟ္မာကြီးနေတဲ့ပုံကဲ့သို့ နေတဲ့လူတဲ့။ အဲဒီလို နေနိုင်အောင်လည်း ကြိုးစားကြပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူတကာတွေအပေါ်မှာ အဆိုးမမြင်ဘဲ အကောင်းပဲမြင်အောင် ကြိုးစားကြပါ။

**ငါ၏အဇ္ဈတ္တသန္တာန်၌ ဗျာပါဒနီဝရဏ ရှိတယ် မရှိဘူး**

မိမိကိုယ်ကို ဒေါသဖြစ်အောင် မနေနဲ့။ မိမိကို ဒေါသဖြစ်လို့ရှိရင် **'သန္တံ ဝါ သန္တံ အဇ္ဈတ္တံ ဗျာပါဒံ၊ အဇ္ဈတ္တံ ဗျာပါဒံ'** လို့ဆိုပေး (အဇ္ဈတ္တံ ဗျာပါဒံ၊ အဇ္ဈတ္တံ ဗျာပါဒံ)။ ရင်းနှီးအောင် လို့ ဆိုခိုင်းကြည့်တာ။ လူတွေ ပါဠိလေးနဲ့ ရင်းနှီးသွားအောင်လို့၊ ဟုတ်လား (မှန်ပါဘုရား)။

**'သန္တံ အဇ္ဈတ္တံ ဗျာပါဒံ'**၊ **'အဇ္ဈတ္တံ-** အဇ္ဈတ္တသန္တာန်၌'၊ အဇ္ဈတ္တသန္တာန်ဆိုရင် မျက်စိရော၊ နားရော၊ နှာခေါင်းရော၊ လျှာရောပါတယ်။ အဲဒီတစ်ကိုယ်လုံး မနေရာရောပါတယ်။ အားလုံးဟာ အဇ္ဈတ္တတွေပဲ။ အားလုံး ဘာတုံး (အဇ္ဈတ္တတွေပါဘုရား)။ အဇ္ဈတ္တကို ဘာမှန်းမသိဘဲ နေမှာစိုးလို့၊ အဇ္ဈတ္တဆိုတာ တစ်ကိုယ်လုံး၊ ဟုတ်ကဲ့လား။ အဲဒီ **'အဇ္ဈတ္တ သန္တာန်၌'**တဲ့။ **'သန္တံ-** ထင်ရှားရှိသော၊ **ဗျာပါဒံ-** ဗျာပါဒကို'၊ အခုတော့ မရှိသေးဘူး၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)။ **'ဗျာပါ'** ဆိုတာ ဗျာပါတွေ များနေတယ်။ အလုပ်ကိစ္စတွေ များနေတယ်ပေ့ါ။ မြတ်စွာဘုရားက အလုပ်ကိစ္စတွေ နည်းရ မယ်၊ တာဝန်တွေ နည်းရမယ်တဲ့။ **'အပ္ပကိစ္စောစ'** ပေ့ါ။ သူ့မှာ တာဝန်တွေများနေမယ်။ **'ဗျာပါတွေ'** များနေမယ်ဆိုရင်သူ့မှာ ဒေါသတွေ များနေမယ်။

ဒါကြောင့် **'အဇ္ဈတ္တံ-** အဇ္ဈတ္တသန္တာန်၌၊ **သန္တံ-** ထင်ရှားရှိသော၊ **ဗျာပါဒံ-** ဗျာပါဒကို' ဆိုတဲ့ အဲဒီ 'ဒံ'ကလေးဂရုစိုက်ရတယ်။ 'ဒံ'ကလေးကို ဂရုစိုက်ရတယ်။ အဲဒါ အာရုံပဲ၊ ဘာအာရုံ တုံးဆိုတော့ 'ဓမ္မ'တဲ့။ ဗျာပါဒံလည်းရတယ်၊ ဓမ္မေလည်းရတယ်တဲ့။ **'ဓမ္မေစ ပဇာနာတိ'** နဲ့လည်း မကိုက်ဘူးလား (ကိုက်ပါတယ်ဘုရား) **'ဓမ္မေ'**။ အဲဒီ **'ဓမ္မေလေး'**ကို သိပါဆိုမသိကြဘူး။ တစ်ခါတည်း ဆဲချင်ဆဲလိုက်တာပဲ။ ဆိုချင်ဆိုလိုက်တာပဲ။ ငေါက်ချင်ငေါက်လိုက်တာပဲ၊ ဟုတ်တယ်မို့လား (မှန်ပါဘုရား)။ အဲဒါကြောင့် **'ဆဲချင်ရုံသာ ဆဲချင်ပါ မဆဲလိုက်ပါနဲ့၊ အဝိဇ္ဇာ ကြောင့်သာ ဆဲချင်တာ ဝိဇ္ဇာမဆဲချင်'**၊ **'ဝိဇ္ဇာဥဒပါဒိ၊ ဉာဏံဥဒပါဒိ'** လို့ဆိုလို့ရှိရင် မဆဲချင်တော့ဘူး။ အဝိဇ္ဇာကြောင့် သူ့ဆဲချင်တာဖြစ်တာ။ အဲဒီ **'အဝိဇ္ဇာ'**က ဘယ်သူ့အာရုံပြုတုံး ဆိုလို့ရှိရင် ထင်ရှားမရှိတဲ့ လူတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေကို အာရုံပြုတယ်။ **'အဝိဇ္ဇာ'**က ဘယ်သူ့အာရုံပြုတယ်၊ ထင်ရှားမရှိတဲ့ လူတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေကို အာရုံပြုတယ်။

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျား၊ မိန်းမတွေကို အာရုံပြုပြီဆိုရင် **'အဝိဇ္ဇာ'** ဖြစ်ပြီလို့ ဒီလိုသိ၊ ဟုတ်လား(မှန်ပါဘုရား)။ ယောက်ျားတွေ မိန်းမတွေကို ကိုယ့်အာရုံထဲ တစ်ခါတစ်ခါ ရောက်မလာဘူးလား (ရောက်လာပါတယ်ဘုရား)။ ယောက်ျားတွေ မိန်းမတွေကို အာရုံပြုပြီလို့ဆိုရင် ကလေးလေးပဲဖြစ်ဖြစ် ဘယ်သူ့ပဲဖြစ်ဖြစ် အဝိဇ္ဇာဖြစ်ပြီလို့မှတ် (မှန်ပါဘုရား)။

**ဓမ္မနဲ့ နေလေ့ရှိသည်ဆိုတာ**

ယောက်ျားလေး မိန်းကလေးတွေကို အာရုံပြုတော့၊ သမ္မာဒိဋ္ဌိ မဖြစ်တော့ဘဲ၊ အဲဒီအဝိဇ္ဇာက **'သစ္စာလေးပါး'**ကို ဖုံးတယ်လို့ ဆိုတာပေါ့။ ဒါကြောင့် မိမိတို့သန္တာန်မှာ ယောက်ျားတွေ မိန်းမတွေမရှိတာကိုပင် **'ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ'** တဲ့၊ မိမိတို့သန္တာန်မှာ ယောက်ျားတွေ မိန်းမတွေမရှိဘဲ နေနေတာသည်ပင် **'ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ'**တဲ့။ ဓမ္မနဲ့ နေတယ်တဲ့ (မှန်ပါဘုရား)။ ဓမ္မနဲ့ နေလေ့ရှိသည်ဖြစ်၍ဆိုတာ အဲဒါပုဂ္ဂိုလ်ရတယ်။ **'ဓမ္မာနုပဿီ'**ဆိုရင် **'ပုဂ္ဂိုလ်'**ရတယ်။ **'ဓမ္မာနုပဿနာ'**ဆိုရင် **'ဉာဏ်'** ရတယ်နော် (မှန်ပါဘုရား)။

**'ဓမ္မာနုပဿနာရှုပုံလေး'** က ငါ့စိတ်မှာ မနောမှာ ယောက်ျားတွေ မိန်းမတွေနဲ့မနေရင် **'ဝိဇ္ဇာ'**ပေါ့၊ နေရင်သူဟာ **'အဝိဇ္ဇာ'** ဖြစ်သွားပြီလို့ အဲလိုရှု။ အဲဒီ**'အဝိဇ္ဇာ'**က ဘာပြုလို့ဖြစ်တုံး ဆိုတော့ ယောက်ျားတွေ မိန်းမတွေနဲ့နေလို့ အဝိဇ္ဇာဖြစ်သွားတာ (မှန်ပါဘုရား)။

**'ပုဂ္ဂိုလ်မပါ ဓမ္မသာ ဓမ္မစက္ခုဖြစ်သတည်း'** ဆိုရင် ပုဂ္ဂိုလ်သတ္တဝါမရှိဘူး၊ မရှိတော့ ဘာရှိသလဲဆိုတော့ ဓမ္မသက်သက်ပဲရှိတယ် (မှန်ပါဘုရား)၊ ပုဂ္ဂိုလ်မပါဘဲနဲ့ ဒီ**'ပထဝီ ဖဿ'** လေးပဲ ရှုနေရင်တော့ တစ်ခါတည်း အဲဒီအဝိဇ္ဇာဟာ **'ဝိဇ္ဇာကြီး'** ဖြစ်သွားတယ်။ အဲဒီအဝိဇ္ဇာဟာ ဘာဖြစ်သွားတုံး (ဝိဇ္ဇာဖြစ်သွားပါတယ်ဘုရား)။ **'ဝိဇ္ဇာဉာဏ်'** ဖြစ်တော့ ဆဲကောဆဲချင်သေးလား (မဆဲချင်တော့ပါဘုရား)။ မဆဲချင်တော့ရင် အနာဂါမ်ဖြစ်သွားပြီးတော့ သုဒ္ဓါဝါသဘုံကို ရောက်သွားတယ်။ အဲဒါ ပထမတန်းတရားတွေကို နာယူရလို့ အဲလိုမှတ်ထား (မှန်ပါဘုရား)။

**'ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ'၊** အဲဒီလို 'ဓမ္မေသုနဲ့ ဓမ္မာနုပဿီ ဝိဟရတိ'လို့ ဆိုလိုက်ရင်ပဲ အလွန်ထူးဆန်း မြင့်မြတ်သွားတယ်တဲ့ (မှန်ပါဘုရား)။ ဒါကြောင့် ကိုယ့်ကိုယ်ကို **'ဓမ္မာနုပဿီ'** ဖြစ်အောင်လုပ်မယ်။ အဲဒီ **'ဓမ္မာနုပဿီ'**က ဘာဖြစ်တုံးဆိုတော့ ဓမ္မာနုပဿနာ ရှိလို့ဖြစ်တာ။ ဓမ္မာနုပဿီ ဘာပြုလို့ဖြစ်တုံး (ဓမ္မာနုပဿနာရှိလို့ပါဘုရား)။ **'ဓမ္မာနုပဿနာ'** ဆိုတာက ဘာတုံး (ဉာဏ်ပါဘုရား)။ **'ဓမ္မာနုပဿီ'**က ဘာတုံး (ပုဂ္ဂိုလ်ပါဘုရား)။ အဲဒီလို ဂရုစိုက်ရမယ်။ အဲသလို သိရမယ် (မှန်ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**'ဗျာပါဒ'မရှိဘူးဆိုတာနဲ့ 'အဇာတံ' မဖြစ်ဘူးဆိုတာနဲ့တူတယ်**

ပြီးတော့ မြန်မာလို 'ဗျာပါဒရှိသလား'၊ 'ဗျာပါဒမရှိဘူးလား'၊ မရှိရင်ဘယ့်နှယ်နေမယ်။ ငြိမ်နေမယ်။ **'ဗျာပါဒ'** မရှိဘူးဆိုရင်ငြိမ်နေမယ်။ အဲဒီ**'ဗျာပါဒ'**မရှိဘူးဆိုတာနဲ့ **'အဇာတံ'** မဖြစ်ဘူးဆိုတာနဲ့ တူတယ်၊ ဟုတ်ကဲ့လား၊ **'အဇာတံ၊ အကာတံ'** ဆိုတာတွေ မသိဘူးလား။ အဓိပ္ပါယ်က ဖြစ်မလာဘူးတဲ့။ အဲဒါ ဖြစ်မလာတော့ မဖြစ်ဘူးဆိုတော့ **'အဇာတ တရား'**ဆိုတဲ့ **'နိဗ္ဗာန်'** ရှိတယ်တဲ့။ မင်းတို့ ပြောသံကြားတယ်လို့လား (မှန်ပါဘုရား)။

**'အဇာတတရား'** တဲ့။ **'မဖြစ်တာ'** ဘာတုံး (နိဗ္ဗာန်ပါဘုရား)။ အဲဒီလို မှတ်ထား။ အဲလို အဲလို အဓိပ္ပာယ်က နီးလျက်နဲ့ ဝေးဝေးနေတတ်တယ်။ မင်္ဂလသုတ်ကလည်း **'နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံမင်္ဂလ မုတ္တမံ'** လို့ဆိုတယ်။ ဆိုတာက နိဗ္ဗာန်ကို မျက်မှောက်ပြု ရောက်သွားတယ်ဆိုရင် **'အရိယသစ္စာန ဒဿနံ'** ဖြစ်လို့ပဲ ရောက်သွားတာပေါ့။ အဲသလို ဂရုစိုက်နော် (မှန်ပါဘုရား)။

**ပထမတန်းဖြစ်အောင် လုပ်ရမယ်နော်**

**'ကာမစ္ဆန္ဒ နီဝရဏ၊ ဗျာပါဒ နီဝရဏ'** တဲ့၊ **'နီဝရဏ'**ဟာ မကောင်းပါဘူး၊ **'ကာမ'**ကလည်း မကောင်းပါဘူး။ အလယ်ကောင်ဖြစ်တဲ့ **'ဆန္ဒ'**က **'သဒ်တတရား'**နော်။ အဲဒီလို ဂရုစိုက်ရမယ်နော်။ တရားဆိုတာ ထိုးထွင်းရတယ်။ ဓမ္မပဋိသမ္ဘိဒါ ပေါ့။ ခွဲခြမ်းရတယ်၊ Analytical insight မခွဲခြမ်းဘဲနဲ့ စာတွေလျှောက်မဖတ်ရဘူး။ ဘုရားဟောထားတာတွေက သဗ္ဗညုတ ဉာဏ်ကြီးနဲ့ ဟောထားတာ။ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း ဆည်းပူးပြီးရလာတဲ့တရားကို ခင်ဗျားတို့က 'သာမညလေး' လုပ်နေလို့ မဖြစ်ဘူးနော်။ ဟုတ်ကဲ့လား။ ဒီတော့ ပထမတန်းဖြစ်အောင်လုပ်ရမယ်။ အဲဒါလေးတွေကို အိမ်ကျရင်လည်း ဆိုဆိုနေပါ (မှန်ပါဘုရား)။

**'ကာမစ္ဆန္ဒ နီဝရဏ'**၊ ဥပမာ **'ကာမစ္ဆန္ဒ နီဝရဏ'**မှာ ကာမစ်က **'ကာမ'**ဆိုတာ ဘယ်လို အဓိပ္ပာယ်၊ **'ဆန္ဒ'**ဆိုတာ ဘယ်လိုအဓိပ္ပာယ်၊ **'နီဝရဏ'**ဆိုတာ ဘယ်လိုဟာ၊ အဲဒီ**'နီဝရဏ'** မရှိရင်ဘယ်လိုပေါ့။ အဲဒီလို တစ်ခုချင်းစီရဲ့ အဓိပ္ပာယ်ပေါ်အောင် ဖြည်းဖြည်းလေး စဉ်းစားရတယ်။ အဲဒီလို စဉ်းစားတဲ့ဟာက **'စိန္တာမယပညာ'** ခေါ်တယ်။ အဲဒီပညာက အလယ်မင်္ဂဉာဏ်တွေကို သွားကျေးဇူးပြုတယ်။ ကာမရာဂနည်းဖို့ ဗျာပါဒနည်းဖို့ အတွက် သွားကျေးဇူးပြုတယ် ဟုတ်လား။ အဲဒါတွေကို ဂရုစိုက်နော် (မှန်ပါဘုရား)။ အဲဒါ **'ကာမတွေ'** ပဲလို့ သိရုံသိရတယ်။

**'ကာမစ္ဆန္ဒ နီဝရဏ'** တဲ့၊ **'ကာမ'**ဆိုတာ ဘာလဲတဲ့၊ **'ကာမ'**ဆိုတာ **'အာရုံငါးပါး'** ကို ခေါ်တယ်။ အခုမြင်ရတဲ့ဟာတွေက အာရုံတွေ၊ အဲဒီအာရုံတွေကို ဆန္ဒမလုပ်နဲ့တော့။ မြင်ရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ မြင်ရုံပဲထား (မှန်ပါဘုရား)။ ဆန္ဒကြီးထည့်ပြီးတော့ ဘာတွေ့ချင်လိုက်တာ၊ ဘာလုပ်ချင်လိုက်တာ သွားမလုပ်နဲ့ ဟုတ်ကဲ့လား။ အဲဒါ ကာမတွေလို့ သိရုံ သိရတယ်။ ဘယ်လို သိမတုံး (သိရုံသိရပါတယ်ဘုရား)။ ဒါကြောင့် **'ရှုပေစ ပဇာနာတိ'**တဲ့။ အဲဒါ သိရုံသိလို့ ပြောတာပဲ။ တကယ်လို့ သိရုံမသိဘဲနဲ့ သွားပြီးတော့ သူ့ကိုချစ်ခင်နှစ်သက်လိုက်မယ်ဆိုရင် ကာမစ္ဆန္ဒဖြစ်ပြီးတော့ တရားက ဘာတရားဖြစ်သွားမလဲဆိုတော့ **'နီဝရဏတရား'** သွားဖြစ်တယ်နော်။ အခုပဲ မဂ်ဖိုလ်နိဗ္ဗာန်ကို တားမြစ်သွားတယ် (မှန်ပါဘုရား)။ **'နီဝရဏ'** ဆိုတာဘာတုံး (မဂ်ဖိုလ်နိဗ္ဗာန်တွေကို တားမြစ်သွားတယ်)။ အဲဒီ နီဝရဏမရှိအောင်လို့ နေရတယ်။ ဟုတ်ကဲ့လား (မှန်ပါဘုရား)။

**'ဣတိ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ'**၊ မြတ်စွာဘုရားဟောတာက အလွန်ကောင်းတာ။ ဖြည်းဖြည်းလေးနဲ့ ဟောသွားတာ။ ဒကာမကြီးတို့က မကြည့်တတ်လို့ မစဉ်းစားတတ်လို့ ကိုယ့်မှာ ဈေးနဲ့အိမ်၊ အိမ်နဲ့ဈေးပဲ ပြေးပြေးနေရတော့ ဘယ်မှာလာပြီး ဒီဉာဏ်တွေရမလဲ၊ မရဘူးပေါ့။ ဒါကြောင့် ဒီဉာဏ်တွေရအောင် 'ကာမစ္ဆန္ဒနီဝရဏ'၊ 'ဗျာပါဒနီဝရဏ'၊ 'နီဝရဏ'တဲ့၊ ဟောကလေးတွေက ဆူနေ၊ ဈေးကလည်း သွားရဦးမယ်၊ ကြွေးကလည်း လာတောင်းဦးမယ်လို့ စိတ်ပူပင်နေတာ၊ အဲဒါ ဗျာပါဒနီဝရဏ၊ **'ဗျာပါဒ နီဝရဏ'**၊ အဲဒါ ဆိုလိုက်တာနဲ့ပဲ **'ဗျာပါဒနီဝရဏ'** ရှိမှန်းသိသွားတယ်။ ရှိမှန်းသိတော့ အဲဒီဆူပူတာတွေ၊ ဆဲဆိုနေတာတွေ ကြားနေရပေမယ့် အဲဒီ **'ဗျာပါဒ နီဝရဏ'** မဖြစ်ဘူး၊ မရှိဘူးလို့ဆိုရင် အဲဒါ **'နိဗ္ဗာန်'**ရောက်သွားပြီ (မှန်ပါဘုရား)။

## 'ပဇာနာတိ– သိ၏' ဆိုရင် သိရုံပဲသိ

လောကမှာ 'ဗျာပါဒ' ဖြစ်စရာတွေ ပြောပြောတတ်ကြတယ်။ 'ဗျာပါဒ' ဖြစ်စရာတွေ ပြောတယ်ပေါ့။ ပြောပင်ပြောငြားသော်လည်း ဒီကမိမိမှာ 'ဗျာပါဒ' မရှိဘူးဆိုရင် **'နတ္ထိမေ အဇ္ဈတ္တံ ဗျာပါဒေါ၊ နတ္ထီတိ ပဇာနာတိ'** တဲ့၊ **'မေ-** ငါ၏၊ **အဇ္ဈတ္တံ-** အဇ္ဈတ္တ၌၊ **ဗျာပါဒေါ -** ဗျာပါဒသည်၊ **နတ္ထိ-** မရှိ။ **ဣတိ-** ဤသို့၊ **ပဇာနာတိ-** သိ၏'တဲ့၊ မြတ်စွာဘုရား တရားတော်က ပါဠိတော်ရှိတဲ့အတိုင်းပဲ။ **'ပဇာနာတိ-** သိ၏'ဆိုရင် သိရုံပဲသိရတယ်။ **'သိရုံပဲသိ'** (မှန်ပါဘုရား)။ သူ့ **'ဗျာပါဒကြီး'** သွားများမနေနဲ့၊ သွားပြီးတော့ ဆူပူပြီးဆဲဆဲပြီး မနေနဲ့ ဟုတ်ကဲ့လား။ အဲဒါကိုယ့်မှာ **'ဗျာပါဒ'** ရှိရင် ရှိမှန်းသိရုံလေးသိရတယ်။ သွားပြီးမလုပ်ရဘူး။ ထပ်ရှိအောင် သွားမလုပ်ရဘူး။ ရှိတယ်၊ ဖြစ်တယ်လို့ပဲ သိရတယ်(မှန်ပါဘုရား)။ အဲလိုလေး သိသိနေတော့မှ **'ဣတိ ဓမ္မေသု ဓမ္မာနုပဿီ'** ဖြစ်တယ်။ အဲဒီမှာ **'ဓမ္မေသု'** ဆိုတာ လောကုတ္တရာတရားရော၊ လောကီတရားကိုရော **'ဓမ္မေသု'**လို့ခေါ်တယ် (မှန်ပါဘုရား)၊ **'ဓမ္မေသု'**ဆိုတာ အဲဒါလောကီနဲ့ လောကုတ်။

www.burmeseclassic.com

www.burmeseclassic.com



လောကုတ္တရာတရားကို ဘာခေါ်လဲ (ဓမ္မေသုပါ ဘုရား)၊ လောကီတရားကိုရော (ဓမ္မေသုပါ ဘုရား)။ **'ဤဟာလောကီ'၊ 'ဤဟာလောကုတ္တရာ'**၊ လောကီစိတ်ကို **'ဤဟာသဥတ္တရစိတ်'**၊ လောကုတ္တရာစိတ်ကို **'ဤဟာအနုတ္တရစိတ်'**။ အဲသလို လောကီနဲ့ လောကုတ္တရာကိုလည်း ကွဲရတယ်။ အဲဒီလိုခွဲခြမ်းတာမှ ပဋိသမ္ဘိဒါ နဲ့တကွဖြစ်တဲ့ ဘာတွေဖြစ်သွားပြီလို့ ပြောကြတာပေါ့။ အဲဒါဓမ္မာနုပဿနာတို့၊ သတိပဋ္ဌာန် တရားတို့ကို မြတ်စွာဘုရားဟောပြီးတဲ့အဆုံးမှာ ရဟန္တာ သုံးသောင်းလောက် ဖြစ်သွားကြတယ်။ တရားရသွားကြတယ်ပေါ့ (မှန်ပါဘုရား)။

တရားရတယ်၊ မရဘူးဆိုတာလည်း သူများမေးစရာမလိုပါဘူး၊ ကိုယ့်ဟာကိုယ် နီဝရဏ ရှိသလား မရှိဘူးလား၊ ဒါလေးပဲ ဂရုစိုက်ရတယ် (မှန်ပါဘုရား)။ ဒို့ပြင်ဟာတွေ သွားသွား ဂရုစိုက်နေလို့ ပရိသတ်တွေမှာ တရားမရဘူးဖြစ်နေတာ။ ဒီဟာသာ ဂရုစိုက်လိုက်ရင် ဟိုဟာ မရှိဘူးလား၊ ဟုတ်လား။ အဲဒီလိုရှိတာ မရှိတာလေးပဲ ဂရုစိုက်နော် (မှန်ပါဘုရား)။

**ငါ၏ အဇ္ဈတ္တသန္တာန်၌ ထိနမိဒ္ဓ နီဝရဏ ရှိတယ် မရှိဘူး**

**'ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ'**၊ **'ထိနမိဒ္ဓ'**ဆိုတာ ပျင်းရိ ထိုင်းမှိုင်းတာ။ ကိုယ့်ကိုယ်ကို ပျင်းတာလည်း ရှိလို့ရှိမှန်း မသိကြဘူး။ ပျင်းရင် အိပ်ပစ်လိုက်တာပဲ။ ပျင်းတာလေးကို သြော် ဒါ တရားလေးပါလားလို့ **'ဓမ္မေသု ဓမ္မာနုပဿီ'** ဖြစ်အောင်၊ ဟော အဲလိုလေးတော့ သိပေးဦးမှပေါ့ (မှန်ပါဘုရား)၊ ပျင်းနေရင် ဘာဖြစ်တုံး။ **'နီဝရဏ'** ဖြစ်တယ်။ ပျင်းပြီးရင်ကော ဘာဖြစ်တုံး (နီဝရဏပါဘုရား)။ **'နီဝရဏ'** ဆိုတာဘာတုံး **'မဂ်ဖိုလ်ကို တားမြစ်တတ်တယ်'**။ 'တံခါးမင်းတုန်းကြီး'လို၊ 'မင်းတုန်းကြီး' လို တားမြစ်တာပေါ့ (မှန်ပါဘုရား)။ အဲလို မှတ်ထားနော်၊ သို့မဟုတ်လို့ရှိရင် ကိုယ့်ဟာကိုယ် ပျင်းတာကို အပြစ်လို့ မထင်တတ်ဘူး၊ အပြစ်လို့ မမြင်တတ်ဘူး (မှန်ပါ့ဘုရား)။

**ငါ၏ အဇ္ဈတ္တသန္တာန်၌ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ ရှိတယ် မရှိဘူး**

**'ကာမစ္ဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ'**၊ အဲဒါ **'ဣတိ ဓမ္မေသု ဓမ္မာနုပဿီ'** ပဲ။ ဈေးသွားရင်းလည်း **'ဓမ္မေသု ဓမ္မာနုပဿီ-** ဓမ္မကို ဓမ္မအတိုင်းရှုမယ်'လို့ အဲဒါလေးတွေ ဆိုဆိုသွား၊ ဒါမှဘုရားလက်ထက်ကနဲ့တူမှာ။ အခုတော့ ဈေးသွားရင် သတိ လက်လွတ်နဲ့။ သူ့မှာ**'ဗျာပါဒတွေ'** ချည်းများနေတယ်။ ဆိုပြီးသွားတော့ ဘာဘာညာညာ မတွေးတော့ဘူး။ ဟုတ်ကဲ့လား (မှန်ပါဘုရား)၊ **'ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ'**၊ **'ဥဒ္ဓစ္စ'**ဆိုတာ ပျံ့လွင့်တာ၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကို ပျံ့လွင့်မှန်းသိတာပါပဲ။ ပျံ့လွင့်တာ 'ငါ' မဟုတ်ဘူး 'ဓမ္မ'ပဲလို့ သိလိုက်ရင်ကိုပဲ **'ဓမ္မေသု ဓမ္မာနုပဿီဝိဟရတိ'** ဓမ္မာနုပဿနာဖြစ်သွားတယ်။ သိတာနဲ့ကိုပဲ ဓမ္မာနုပဿနာ ဖြစ်သွားတာ။ ဒီလိုမှ မသိရင် **'ဥဒ္ဓစ္စ ကုက္ကုစ္စတွေ'** ဖြစ်လို့ရှိရင် 'ငါ့နှယ်' ကုက္ကုစ္စတွေများလိုက်တာနဲ့ပဲ 'ငါ့နှယ်' ဆိုတာသွားဖြစ်တယ်။ **'ကုက္ကုစ္စ'** ရှိတယ်လို့သိရင် 'ငါ့နှယ်' ဆိုတာမရှိဘူး။ အဲဒီကတည်းက **'ဒိဋ္ဌိ'**က တစ်ခါတည်း ပြုတ်သွားပြီ။ အဲလိုအဲလို ရှုပုံလေး ရှုပုံလေး(မှန်ပါဘုရား)။

**'ဥဒ္ဓစ္စ ကုက္ကုစ္စ'**၊ **'ဥဒ္ဓစ္စ'**ဆိုတာ ပျံ့လွင့်သည်။ ပျံ့လွင့်နေတဲ့စိတ်။ ဘာမှလည်းအရာ မရောက်ပါဘူး။ သူပျံ့လွင့်တာပဲ၊ လွင့်နေတဲ့စိတ်ကိုသိရင် သူ့မှာပထမတန်းဖြစ်တယ်။ လွင့်နေ တော့ သူကဘာဖြစ်တုံးဆိုတော့ **'နီဝရဏ'**သွားဖြစ်တယ်။ ဘာသွားဖြစ်တုံး (နီဝရဏသွားဖြစ် ပါတယ်ဘုရား)။ **'နီဝရဏ'**ဆိုတာ တားမြစ်တဲ့ဟာမျိုး၊ မဂ်ဖိုလ်တို့ကို တားမြစ်တယ် (မှန်ပါဘုရား)။ **'နီဝရဏ'**မဖြစ်တော့ မဂ်ဖိုလ်တွေကိုတားမြစ်သေးသလား (မတားမြစ်တော့ပါဘူးဘုရား)။ မတား မြစ်တော့ သူကဘာဖြစ်သွားတုံးဆိုတော့ သူ့မှာ **'ကင်းဆိတ်တဲ့တရား'** သွားဖြစ်တယ်။ **'ဝိဝေက'** တဲ့။ **'ဝိရာဂ နိဿိတံ၊ ဝိဝေက နိဿိတံ'**၊ အဲဒါတွေဖြစ်သွားတယ်။ **'ဝိရာဂ'** ဆိုတာ မဂ်ဖိုလ်ကို ခေါ်တယ်။ **'ဝိဝေက'**က နိဗ္ဗာန်ရတယ် (မှန်ပါဘုရား)။

**အရှုတွေလွဲနေရင် ဓမ္မာနုပဿနာမဖြစ်ဘူး**

**'နိဿရဏံ ဝိဝေကဥ္စ အသင်္ခတာ မတံ တတ္ထာ'** ဆိုတာ နိဗ္ဗာန်ရဲ့ အနက်တွေပဲ။ **'ဝိဝေက'** ဆိုတာ နိဗ္ဗာန်ရဲ့အနက်တွေ။ **'ဝိဝေက'** ဆိုတာဘာတုံး (နိဗ္ဗာန်ရဲ့အနက်ပါဘုရား)။ အဲဒီနိဗ္ဗာန် တွေကို ကိုယ်ကဝေးအောင် လုပ်ပစ်တတ်တယ်။ ဘာကြောင့်တုံးဆိုရင် **'ဓမ္မာနုပဿနာ- ဓမ္မကို ရှုတဲ့ အနုပဿနာ'**မရှိလို့တဲ့။ လူတွေရှု ဟိုအတ္တတွေ သွားရှု၊ ဘာတွေ ညာတွေ ရာဂဖြစ်စရာတွေ သွားရှုလို့ပေ့ါ။ အဲလို အရှုတွေကလွဲနေတော့ **'ဓမ္မာနုပဿနာ'** ဖြစ်ရဲ့လား (မဖြစ်ပါဘူးဘုရား)။ ဓမ္မာနုပဿနာကော ဟုတ်ကဲ့လား (မဟုတ်ပါဘူးဘုရား)။ ဒါကြောင့် မဟုတ်တာတွေ မရှုနဲ့။

**'မဟုတ်တာအသာနေ၊ ဟုတ်တာရှာဖွေ၊ နာမ်ကြွေငြိမ်ငြိမ်နေ၊ အဲလိုမှ ဒုက္ခအရှိန်သေ'**။

အဲဒါ ဒုက္ခတွေ အရှိန်သေမယ့်နည်းပဲတဲ့ (မှန်ပါဘုရား)။ **'ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏံ'**၊ ပျောသွားလို့ရှိရင်တော့ သိတော့သိတာပေ့ါ။ အခုလို ချချပေးတော့ **'နီဝရဏတွေ'** ကင်းသွား တယ်။ အရင်တုန်းကဆို တရားနာနေရင်းကို ပထမတန်းကုသိုလ်တွေလွှတ်ရတာ (မှန်ပါဘုရား)။ ဒါကြောင့် **'နီဝရဏတွေ'** ကင်းအောင် အဲလိုမှတ်ထား (မှန်ပါဘုရား)။လူတွေမှာ **'ကုက္ကုစ္စတွေ'**က အလွန့်အလွန်ဖြစ်ကြတာ။ ဒီကနေ့လုပ်ခဲ့မိတာ ငါမှားတယ်၊ လုပ်ခဲ့မိတာ ငါ့အမှားပါလား။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီးတော့ ဘာမှလည်းမတတ်နိုင်တော့တဲ့အမှားကို သူ့မှာ မှားနေတယ်၊ ဘာမှလည်း မတတ်နိုင်ဘူး။ အဲဒါ **'ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏ'**။

**ငါ၏ အစွဲတွဲသန္တာန်၌ ဝိစိကိစ္ဆာ နီဝရဏ ရှိတယ် မရှိဘူး**

**'ဝိစိကိစ္ဆာ နီဝရဏ'**၊ ဝိစိကိစ္ဆာ နီဝရဏ ဆိုတာကတော့ သို့လော သို့လော တွေးတော ယုံမှားတာပါပဲ။ အဲသလိုလည်း မဆိုတတ်။ ဆရာသမားက ပြောပေးလို့လည်း မဆိုတတ်နဲ့ (မှန်ပါဘုရား)။

**ငါ၏ အစွဲတွဲသန္တာန်၌ အဝိဇ္ဇာ နီဝရဏ ရှိတယ် မရှိဘူး**

**'အဝိဇ္ဇာ'**က ဘာတုံး **'အဝိဇ္ဇာ နီဝရဏ'**၊ **'အဝိဇ္ဇမာနံ ဣတ္ထိ ပုရိသာဒိံ ဇဝေတီတိ အဝိဇ္ဇာ'** တဲ့။ **'အဝိဇ္ဇမာနံ-** ပရမတ္ထအားဖြင့် ထင်ရှားမရှိသော၊ **ဣတ္ထိ ပုရိသာဒိံ-** မိန်းမ ယောကျ်ားအစ ရှိသည်ကို၊ **ဇဝေတီတိ-** စောတတ်၏။ **ဣတိတသ္မာ-** ထို့ကြောင့်၊ **မောဟော-** ထိုမောဟသည်၊ **အဝိဇ္ဇာ-** အဝိဇ္ဇာမည်၏'၊ **'မောဟ'**ကို အဝိဇ္ဇာလို့ခေါ်တယ်။ မောဟကို ဘာခေါ်တုံး (အဝိဇ္ဇာ ခေါ်ပါတယ်ဘုရား)။ **'အဝိဇ္ဇာ'** ကို ဘာခေါ်တုံး-မောဟ၊ မောဟကို ဘာခေါ်တုံး-အဝိဇ္ဇာ၊ **'မောဟ'** ဖြစ်ရင် လောဘဖြစ်တယ်၊ **'မောဟ'** ဖြစ်ရင် ဒေါသဖြစ်တယ်။ အဲဒီလောဘ ဒေါသနဲ့ သေရင်တော့ ငရဲတို့၊ တိရစ္ဆာန်တို့၊ ပြိတ္တာတို့၊ အသူရကာယ်တို့ဖြစ်တယ်။ အင်းဆက်တို့၊ ငါးတို့၊ လိပ်တို့၊ ဘာတို့ ဖြစ်တာတွေဟာ **'မောဟ'**ကို မောဟမှန်းမသိကြလို့ (မှန်ပါဘုရား)။

**အဝိဇ္ဇာတစ်လုံးတည်းပိုင် တော်တော် ပထမတန်းကောင်း**

**'မောဟ'** ဆိုတာ သတ္တဝါတွေကိုပဲ အာရုံပြုတယ်။ **'မောဟ'** ဆိုတာ ဘာအာရုံပြုသတုံး (သတ္တဝါတွေကိုပဲ အာရုံပြုပါတယ်ဘုရား)။ ခွေးက ခွေးချင်းပဲ အာရုံပြုတယ်၊ ခွေးက တခြားခွေး မြင်ရင် သူ့မှာကိုက်ဖို့ပဲအာရုံပြုနေတယ်၊ မဟုတ်ဘူးလား။ လူကလည်း လူလူချင်းပဲ ရန်ထောင် မလို့ သွားပြီးတော့အာရုံပြုနေတယ်။ အဲဒီလို ရန်မထောင်ကြချင်နဲ့နော်။ ရန်ထောင်ချင်ရင်တော့ လူလူချင်းအာရုံပြုနေပြီ။ ယောကျ်ားကလည်း မိန်းမတွေကို ဟိုအတွာပြုချင်တဲ့စိတ်နဲ့ပဲ အဲသလို အာရုံပြုတတ်တယ်၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)။ အဲဒါ **'ကာမစ္ဆန္ဒ နီဝရဏတွေ'**၊ နောက်ထပ် ဘာလဲဆိုတော့ **'အဝိဇ္ဇာ'**။ အဝိဇ္ဇာက ဘာတုံး (နီဝရဏပါဘုရား)။ အဝိဇ္ဇာဟာ နီဝရဏ။ အဲဒီ **'နီဝရဏ'** ခြောက်လုံးထဲက **'အဝိဇ္ဇာ'** တစ်လုံးတည်းကို ပိုင်နိုင်တဲ့သူဟာ တော်တော် ပထမတန်းကောင်းတဲ့သူ၊ **'အဝိဇ္ဇာနီဝရဏ'**ကို အဲလိုမှတ်ထားနော် (မှန်ပါဘုရား)၊ **'အဝိဇ္ဇာ'**

www.burmeseclassic.com

www.burmeseclassic.com



ဘာအာရုံပြုတတ်သတုံး (ယောက်ျားတွေ မိန်းမတွေကိုအာရုံပြုပါတယ်ဘုရား)။ ရာဂဖြစ်ဖို့ပဲ အာရုံပြုတယ်။ အဲလိုဖြစ်လို့ရှိရင် **'အဝိဇ္ဇာနီဝရဏ'**။

**ဒေါ်လေးမောလေးနဲ့လည်း လုပ်ပေး**

**'ငါ့သန္တာန်မှာ အဝိဇ္ဇာနီဝရဏရှိတယ်၊ ငါ့ သန္တာန်မှာ အဝိဇ္ဇာနီဝရဏမရှိဘူး'**၊ အဲဒီလိုလေး ဒေါ်လေး မောလေးနဲ့လည်းလုပ်ပေး၊ ဒီလိုမှမဟုတ်ရင် ဟိုကိလေသာက နိုင်တတ်တယ်။ ဝီရိယ မပါလို့ရှိရင် ဟုတ်ကဲ့လား၊ ဒါကြောင့် ဝီရိယထားပေးရတယ်နော် (မှန်ပါဘုရား)။ **'အဝိဇ္ဇာ နီဝရဏ'**။ အဝိဇ္ဇာက **'ဝိဒိတံ နဝိန္ဒတီတိ အဝိဇ္ဇာ'** တဲ့၊ **'ဝိဒိတံ-** သိအပ်သောပရမတ္ထတရားတို့ကို၊ **နဝိန္ဒတိ -** မသိတတ်၊ **ဣတိတသ္မာ -** ထို့ကြောင့်၊ **အဝိဇ္ဇာ -** အဝိဇ္ဇာမည်၏**'**တဲ့။

**'အဝိဇ္ဇာ'**ဟာ ဘာတုံး၊ သိအပ်သောပရမတ္ထကိုမသိဘူးတဲ့။ သိအပ်တဲ့ ပရမတ္ထကို မသိဘူး။ **'အဝိဒိတံ-** မသိအပ်သော၊ **ဣတ္ထိပုရိသာဒိံ-** မိန်းမ ယောက်ျား အစရှိသည်ကို**'**၊ ဟော သားကလေးကို သွားသတိရ၊ သမီးလေး သွားသတိရနဲ့။ သတိရတော့ပူတာပေါ့။ ဟိုပူ ဒီပူပေါ့။ အဲဒါ **'အဝိဇ္ဇာနီဝရဏ'**၊ သားကလေးကလည်း ဘာတုံးဆိုတော့ **'အဝိဇ္ဇာနီဝရဏ'** ဖြစ်စေတဲ့ အကြောင်းလေးပဲ။ သမီးလေးလည်း **'အဝိဇ္ဇာနီဝရဏ'** ဖြစ်စေတဲ့ အကြောင်းလေးပဲ (မှန်ပါ ဘုရား)။ သေခါနီးမှာ အဝိဇ္ဇာလေး မရှိဘူးဆိုလို့ရှိရင် အဲဒီလူဟာ နိဗ္ဗာန်တစ်ခါတည်းရောက် တယ်။ သားလေး သမီးလေး စိတ်ထဲမှာမထားနဲ့။ ဒါကြောင့် **'ဓမ္မာနုပဿနာ'** ဆိုတာ **'ဉာဏ်'** နဲ့သုံးပါလို့၊ **'ဉာဏ်'** နဲ့ အနေခိုင်းတာကိုခေါ်တာ ဟုတ်လား။ ဘာနဲ့ အနေခိုင်းတာတုံး (ဉာဏ်နဲ့ အနေခိုင်းတာပါဘုရား)။ **'ဉာဏ်'**နဲ့ အနေခိုင်းတာကို အခုတော့ဖြင့် **'မောဟ'**နဲ့ချည်း သွား သွား နေနေတယ် (မှန်ပါဘုရား)။

**တစ်မြို့လုံးနီးပါး မောဟနဲ့ချည်းပဲ**

အခုလူတွေ လူတွေတော်တော်များများပဲ၊ တစ်မြို့လုံးနီးပါး **'မောဟ'** နဲ့ချည်း မနေ ဘူးလား (နေပါတယ်ဘုရား)။ နေတော့ရန်တွေဖြစ် ဘာတွေဖြစ်နဲ့၊ ရုံးရောက် ဂတ်ရောက်နဲ့၊ ပိုက်ဆံတွေလည်းကုန်နဲ့၊ ကောင်းကိုမကောင်းပါဘူး။ တိုင်းပြည်တွေရော ဘာတွေရော ဘာနဲ့ နေလို့တုံး (မောဟနဲ့နေလို့ပါဘုရား)။ **'မောဟ'** နဲ့နေလို့တဲ့၊ **'မောဟ'** ပြီးလို့ရှိရင် လောဘလည်း ရှိတယ်၊ ဒေါသလည်းရှိတယ်၊ သားလည်းရှိတယ်၊ သမီးလည်းရှိတယ်။ ရန်ဖြစ်မယ့်တိုင်းပြည်နဲ့ နိုင်ငံရေးတွေ ဘာတွေလည်းရှိတယ် ဟုတ်လား။ အဲဒါဘာရှိလို့တုံးဆိုတော့ **'မောဟ'** ရှိလို့ ဘာရှိလို့ တုံးဆိုရင် (မောဟရှိလို့ပါဘုရား)။ **'မောဟ'** ဘာကြောင့်ရှိတုံး (အဝိဇ္ဇာရှိလို့ပါဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**'အဝိဇ္ဇာ'**ဆိုတာ ဘာတုံး (မောဟပါဘုရား)၊ **'အဝိဇ္ဇာ'**ဆိုတာ မသိအပ်တာကို သိတာ။ အဝိဇ္ဇာဆိုတာဘာတုံး (မသိအပ်တာကို သိတာ)၊ **'အဝိဇ္ဇာနီဝရဏ ရှိတယ်၊ အဝိဇ္ဇာနီဝရဏ မရှိဘူး'**၊ အဲဒီနှစ်ခုကို နားလည်ရင်တရားရပြီ။ အဲဒီ နှစ်ခုလေးပဲ ဂရုစိုက်ပါ။ ဒို့ပြင်ဟာတွေ များများ စားစားကြီး လုပ်စရာမလိုပါဘူး (မှန်ပါဘုရား)။

**'အဝိဇ္ဇာနီဝရဏ ရှိတယ်၊ အဝိဇ္ဇာနီဝရဏ မရှိဘူး'**တဲ့၊ မိမိသန္တာန်မှာ ပေါ်လာပြီဆိုရင် ရှိတယ်။ ပေါ်လာပြီဆိုရင်ဖြစ်တယ်။ **'ဇာတတရား'**ခေါ်တယ်။ **'ဇာတတရားလေး'** ပေါ်မလာဘူး ဆိုရင် မဖြစ်တာ။ မဖြစ်တာ **'အဇာတတရား'**။ အဲဒါတွေနဲ့ နိမိတ်တွေကို အာရုံမပြုဘူးလို့ဆိုရင် တစ်ခါတည်း နိဗ္ဗာန်ရောက်သွားတယ်။ အဲဒီလိုလေး နိဗ္ဗာန်ရောက်သွားအောင် တရားလေး နာနာပေးကြ၊ သိသိပေးကြ ဟုတ်ကဲ့လား (မှန်ပါဘုရား)။

**အဝိဇ္ဇာကို ရှိလို့ရှိမှန်းမသိကြဘူး**

ဒီတော့ အဲဒီ **'အဝိဇ္ဇာ'**က တစ်ခါတည်း သူက **'အဝိဇ္ဇမာနံ-** ထင်ရှားမရှိသော မိန်းမ ယောကျ်ား အစရှိသည်ကို**'**တဲ့။ မင်းတို့ ယောကျ်ားတွေ အခုသေသွားရင် ဘာရှိသေးသတုံး ဘာမှမရှိဘူး။ မျက်စိမှိတ်ထားရင် ဘာရှိသေးသတုံး၊ မိန်းမတွေ ရှိသေးသလား (မရှိပါဘူးဘုရား)။ မိန်းမတွေဆိုတာ မျက်စိတွေ နားတွေကိုခေါ်တာ (မှန်ပါဘုရား)။ မျက်စိမရှိဘဲ ဟော ဟို တိုင်ကြီးမှာ မိန်းမတွေရှိလား (မရှိပါဘူးဘုရား)။ မရှိမှ မရှိဘဲနဲ့၊ မိန်းမတွေ မရှိဘူး။ ရှိတယ် ထင်ပြီးတော့ မရှိတဲ့လူတွေကို သဘောကျကျနေကြတယ် ဟုတ်ကဲ့လား (မှန်ပါဘုရား)။ အဲဒါ လူတွေမဟုတ်ဘူးတဲ့ (မှန်ပါဘုရား)။ လူတွေ ယောကျ်ားတွေက ဘယ်က လာသတုံးဆိုတော့ **'အဝိဇ္ဇာ'** က လာတယ်။ ဘယ်ကလာသတုံး (အဝိဇ္ဇာကလာပါတယ်ဘုရား)။ အဲဒီ **'အဝိဇ္ဇာ'**ကို ရှိလို့ရှိမှန်း မသိကြဘူး (မှန်ပါဘုရား)။

**'မေ-** ငါ၏၊ **သန္တံ -** သန္တာန်၌၊ **အဝိဇ္ဇာနီဝရဏံ-** အဝိဇ္ဇာနီဝရဏသည်၊ **အတ္ထိ-** ရှိ၏**'**။ **'အဝိဇ္ဇာနီဝရဏ'** ရှိလို့ရှိရင် ရှိတယ်လို့ ဒီလိုသိသိပေးပါ။ ရှိရဲ့သားနဲ့ မရှိဘူးလို့ ဟန်ဆောင်လို့ လည်း မရပါဘူး၊ ကိုယ့်ကိုယ်ကို အသိဆုံးပဲကိုး၊ သဘောတရားတွေကို ညာလို့မရဘူး။ မြတ်စွာ ဘုရားတရားက အလွန်ပထမတန်းကောင်းတာ (မှန်ပါဘုရား)။

**'အဝိဇ္ဇာနီဝရဏ ရှိတယ်၊ အဝိဇ္ဇာနီဝရဏ မရှိဘူး'**၊ အဲတော့ **'အဝိဇ္ဇာ'**ဟာ တစ်ခါတည်း သူကထင်ရှားမရှိတဲ့ မိန်းမတွေ ယောကျ်ားတွေကို အာရုံပြုတတ်တယ်။ ထင်ရှားရှိတဲ့ ပရမတ္ထတွေ ကို အာရုံမပြုတတ်ဘူး။ **'အဝိဇ္ဇာ'**က အာရုံပြုလိုက်တော့ သူ့ကိုဘာခေါ်တုံးဆိုတော့ သေခါနီး

www.burmeseclassic.com

www.burmeseclassic.com



ကျတော့ **'အဝိဇ္ဇာနီဝရဏ ပရိက္ခိတ္တေန-** အဝိဇ္ဇာဖြင့် ခြံရံတယ်'တဲ့။ သေခါနီးမှာ ယောက်ျားတွေ၊ မိန်းမတွေ၊ ကလေးတွေ၊ လယ်ယာတွေ၊ မြေတွေသတိရပြီဆိုရင် **'အဝိဇ္ဇာခြံရံပြီ'**လို့သိတော့။ အဲလိုသိတော့ **'အဝိဇ္ဇာနီဝရဏ'** မခြံရံတော့ဘူး (မှန်ပါဘုရား)။ **'အဝိဇ္ဇာကြီး'** က ခြံရံထားတာ။ အခုဆန္ဒလေးက **'စေတသိက်'**၊ လောဘလေးက **'စေတသိက်'**၊ **'စေတသိက်'** တရားတွေဟာ **'ဓမ္မ'**တရားလေးတွေ။ အဲဒီ ဓမ္မတရားလေးတွေဟာ **'သင်္ခတ'** ခေါ်ပြီးတော့ ဖြစ်ပြီးပျက်သွားတဲ့ တရားလေး။ ဟို မဖြစ်ပြီးမပျက်တဲ့တရား **'နိဗ္ဗာန်တရား'**ကိုတော့ အဲဒီ **'အဝိဇ္ဇာ'**က အာရုံ မပြုတတ်ဘူး။ အာရုံမပြုတတ်တော့ သူ့ကို **'အဝိဇ္ဇာ ပရိက္ခိတ္တေန'**၊ ဆိုစမ်း **'အဝိဇ္ဇာ ပရိက္ခိတ္တေန'** (အဝိဇ္ဇာ ပရိက္ခိတ္တေန)။ အဲဒီလို ချပေးတာက ဘယ်လိုမှန်းသိအောင်လို့ပါ။

**'အဝိဇ္ဇာခြံရံသော၊ ခြံရံအပ်သော အဝိဇ္ဇာဖြင့်'**၊ အဝိဇ္ဇာက ဝန်းရံနေကြတာ။ ဒို့ပြင်နေရာ သုံးဆယ့်တစ်ဘုံက ထွက်မသွားရအောင်လို့။ ဒို့ပြင်နေရာ မသွားရအောင် အဝိဇ္ဇာကြီးက ခြံရံထားတာ (မှန်ပါဘုရား)။

## အရင်းခံက တဏှာ

**'တဏှာနုသယ မူလကေန'**၊ **'တဏှာက အရင်းခံတယ်'** တဲ့၊ **'တဏှာ'**က အရင်းခံတယ်။ **'အဝိဇ္ဇာ'**က ခြံရံတယ်။ သူက လူတွေဘာတွေလို့သိတော့ကို၊ **'အဝိဇ္ဇာ'**ဆိုတာက ဟိုလူတွေ ဘာတွေလို့ အာရုံပြုတော့ကို၊ ဒီလူရဲ့စိတ်ဟာ **'ထွက်မြောက်ရာ'**ဆိုတဲ့နိဗ္ဗာန်ကို ရောက်နိုင် ပါ့မလား (မရောက်နိုင်ပါဘူးဘုရား)။ လူတွေဆီပဲ ရောက်ရောက်သွားတယ်။ **'ထွက်မြောက်ရာ'** ဆီကို မရောက်တော့ဘူး။ **'အဝိဇ္ဇာ ပရိက္ခိတ္တေန**- အဝိဇ္ဇာခြံရံသဖြင့်'၊ **'အဝိဇ္ဇာ'** ခြံရံလို့ သူ ထွက်မြောက်ရာလမ်း မရှာတတ်ဘူး။ ဒါကြောင့် **'ထွက်မြောက်ရာလမ်း'** ရှာတတ်အောင်လို့ **'အဝိဇ္ဇာနီဝရဏရှိတယ်'**၊ ရှိမှန်းသိအောင် **'ထွက်မြောက်ရာလမ်း'** ရှာတတ်အောင်လို့၊ ဒီလိုမှမဟုတ်ရင် လမ်းမရှာတတ်ဘူး။ အဝိဇ္ဇာနီဝရဏကြီးနဲ့ **'ထွက်မြောက်ရာလမ်း'** ရှာဖို့ ဘယ့်နှယ်ရမတုံး မရဘူးတဲ့။ ဒီဘုံဘဝတွေထဲပဲ ပြန်ရောက်မှာပဲ။ ဒီအဝိဇ္ဇာနီဝရဏရှင်းပြီး ရှာလိုက်မှပဲ **'ထွက်မြောက်ရာ'** ရောက်သွားတယ်တဲ့ (မှန်ပါဘုရား)။

## ထွက်မြောက်ရာကိုရောက်ဖို့ အဝိဇ္ဇာမှန်းသိဖို့လို

**'အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန၊ တဏှာနုသယ မူလကေန၊ သင်္ခါရေန ဇနိယမာနံ'**၊ **'သင်္ခါရလေး'** ဆိုတာက စေတနာ**'ကံ'**ကလေး။ အဲဒီ **'ကံ'**ကလေးက **'ဝိညာဏ်လေး'**ကို ရှို့ထဲကို

www.burmeseclassic.com

www.burmeseclassic.com



ခဲလေးထည့်လိုက်သလို တစ်ခါတည်း အမှေ့ဝမ်းထဲသွားရောက်တယ်၊ နတ်ပြည်တွေဆီ သွားရောက်တယ်၊ တိရစ္ဆာန်ဝမ်းထဲ သွားရောက်တယ်။ အဲဒါ ဘာကြောင့်ဖြစ်တုံးဆိုရင် **'အဝိဇ္ဇာနီဝရဏ'** ရှိမှန်းမသိကြလို့၊ သိလို့ရှိရင် ရောက်စရာဘုံဘဝတွေမရှိတော့ဘူး (မှန်ပါဘုရား)။ ဒါကြောင့် **'အဝိဇ္ဇာနီဝရဏ ရှိတယ်၊ အဝိဇ္ဇာနီဝရဏ မရှိဘူး'**၊ အဲဒီလို ရှိမှန်း မရှိမှန်း သိလို့ရှိရင် အဲဒီတိရစ္ဆာန်ဘဝတွေ၊ အပါယ်လေးဘုံဘဝတွေကနေ လွန်မြောက်တယ်တဲ့။ ထွက်မြောက်ရာကိုလည်း ရောက်တယ်လို့ အဲလို မှတ်ထားကြနော် (မှန်လှပါဘုရား)။

**သင်္ခတ တရားတွေ သိပြီးရင် အသင်္ခတ တရားကို သိမယ်**

နောက်ပြီးတော့ ဆန္ဒတွေ ဥဒ္ဓစ္စတွေက ဘာတွေတုံးဆိုတော့ စေတသိက်တွေ၊ ဘာတွေတုံး (စေတသိက်တွေပါဘုရား)။ **'ဣဿာမစ္ဆရိယ သံယောဇဉ်'**၊ **'ဣဿာမစ္ဆရိယ'** ဆိုတာလည်း စေတသိက်တွေပါပဲ။ **'ဣဿာမစ္ဆရိယ'** က ဘာတုံး (စေတသိက်ပါဘုရား)။ **'ဣဿာမစ္ဆရိယ သံယောဇဉ်၊ ကာမရာဂ သံယောဇဉ်၊ ဗျာပါဒ သံယောဇဉ်၊ ထိနမိဒ္ဓ သံယောဇဉ်'**၊ အဲဒီ **'သံယောဇဉ်တွေ'** က အကုန်စေတသိက်တွေချည်းပဲ။ **'စေတသိက်'**ဆိုတာ **'သင်္ခတတရား'** နော်။ **'သင်္ခတတရားတွေ'**မှန်းသိပြီးတော့ **'အသင်္ခတတရား'** မှန်းသိအောင်လုပ်ဖို့ကို အဲဒီနားမှာပဲ နီးကပ်နီးကပ်နေပြီး ပြောနေရတာနော်။ သို့မဟုတ်လို့ရှိရင် အဲဒီ **'သင်္ခတတရား'** ဆီမရောက်ဘဲ **'လူတွေ'**ဆီရောက်ရောက်ပြီးတော့ လည်လည်နေတာနော်။ **'လူတွေ'**ဆီ ရောက်တာကလည်း **'အဝိဇ္ဇာနီဝရဏ'**တဲ့ ဟုတ်ကဲ့လား။ အဲလိုမှတ်ထားနော်(မှန်ပါဘုရား)။

**သင်္ခတနှင့် သင်္ခါရ**

**'သံယောဇဉ်'**ဆိုတာလည်း အတူတူပါပဲ။ သံယောဇဉ် ဆိုတာထက် **'စေတသိက်'** ဆိုတဲ့ **'သင်္ခတတရား'**ကို ပြောချင်တာပါ။ စေတသိက်ဆိုတာ ဘာတရားတုံး (သင်္ခတတရားပါဘုရား)။ **'သင်္ခတတရား'** ပြောတော့မှ **'သင်္ခတံ အဘိသင်္ခရောန္တီတိ သင်္ခါရာ'**။ **'သင်္ခတ'**ကို **'အဝိဇ္ဇာ'**က ပြုပြင်လိုက်တော့ **'သင်္ခါရ'** ဖြစ်သွားတယ်။ အဲဒါကြောင့် **'အဝိဇ္ဇာ ပစ္စယာ သင်္ခတံ အဘိသင်္ခရောန္တီတိ သင်္ခါရာ'** တဲ့၊ အဝိဇ္ဇာကနေပြီး သင်္ခတဆိုတဲ့ စိတ် စေတသိက် ရုပ်တွေကို ပြုပြင်လိုက်တော့မှ **'သင်္ခါရ'** ဖြစ်သွားတယ်တဲ့၊ အဲဒီ **'သင်္ခါရ'** ဖြစ်တာကို **'ငါ'** လုပ်တယ်၊ **'သူ'** လုပ်တယ်နဲ့ ဆိုကြတယ်။ အဲလိုမဟုတ်ဘူးတဲ့၊ **'ကမ္မဿ ကာရကော နတ္ထိ-** ကံကိုပြုလုပ်တဲ့သူ မရှိဘူး၊ **'ဝိပါကဿစ ဝေဒကော-** အကျိုးကိုခံစားတတ်တဲ့သူ မရှိဘူး**'**တဲ့ ဆိုတာတွေရှိတယ်။ **'အကျိုးဖြစ်တာ'**ကိုသာ ခံစားတယ်လို့ခေါ်တာ။ **'အကျိုးဖြစ်တာ'**ကို ဘာခေါ်သတုံး (ခံစားတယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပါတယ်ဘုရား)။ **'အကျိုး'** ကို ခံစားတာမဟုတ်ဘူး၊ **'အကျိုး'**ကိုခံစားတဲ့ ယောကျ်ားပုဂ္ဂိုလ်၊ မိန်းမပုဂ္ဂိုလ်မရှိဘူး။ ယောကျ်ားပုဂ္ဂိုလ် မိန်းမပုဂ္ဂိုလ်ရှိတယ်ဆိုပြီးတော့ အကျိုးခံစားတယ် ဆိုပြီးတော့ အိမ်ထောင်တွေပြု ဘာတွေပြုနဲ့ အဲဒါတွေမဟုတ်ဘူး။ ဒါ **'ဝိပါကဿေဝ ဝေဒကော-** အကျိုးကိုခံစားတတ်တဲ့ သူမရှိဘူး'တဲ့။ **'အကျိုးဖြစ်တာ'** ကိုသာဆိုတယ်။ **'အကျိုးဖြစ်တာ'** ကို ဘာဆိုတုံး-ခံစားတယ် လို့ဆိုတယ် (မှန်ပါဘုရား)။

သစ်ပင်အသီးသီးတော့ 'သီးတယ်' လို့ဆိုတယ်။ ဝေဒနာဖြစ်တာ **'ဖဿပစ္စယာ ဝေဒနာ'** ဝေဒနာဖြစ်တာပဲ မဟုတ်ဘူးလား။ အဲဒီဖြစ်တာကို ခံစားတယ်လို့ဆိုပြီးတော့ မင်းတို့ကတဏှာ ဖြစ်တာ။ ခံစားတယ်လို့ မဟုတ်လို့ရှိရင် တဏှာမဖြစ်ဘူး၊ ဟုတ်လား (မှန်ပါဘုရား)။ ဒါပေမယ့်လို့ ရှေးကအရိယာတွေက အိမ်ထောင်တွေနဲ့၊ အဲဒါတွေ ဂရုစိုက်၊ အိမ်ထောင်တွေနဲ့ အရိယာ ဖြစ်ကြတာ။ ဒကာမကြီးတို့လည်း ဘာမှမပူနဲ့၊ **'အဝိဇ္ဇာနီဝရဏရှိတယ်'** လို့သာ အဲလိုဆိုလိုက်၊ တစ်ခါတည်း ရသွားရော (မှန်ပါဘုရား)။

**'အဝိဇ္ဇာနီဝရဏရှိတယ်'**၊ **'အဝိဇ္ဇာနီဝရဏ'** ဘာဖြစ်လို့ရှိတုံးဆိုတော့ မျက်စိမှိတ်လိုက်ရင် အဝိဇ္ဇာက စိတ်ထဲမှာ မိန်းမတွေ ယောကျ်ားတွေ ပေါ်ပေါက်လာတယ်။ အဲဒီလို မပေါ်စေနဲ့၊ နှာခေါင်းနား လေနား ဖြစ်ဖြစ် သတိကပ်ထား၊ **'ပထဝိ ဖဿတိ န လဘတိ အဝိဇ္ဇာ'** တဲ့။ **'ပထဝိဖဿတိ-** ပထဝီ ဖဿအစရှိသည်ကို၊ **နလဘတိ-** မစွဲတတ်၊ **ဣတိတသ္မာ-** ထို့ကြောင့်၊ **အဝိဇ္ဇာ-** အဝိဇ္ဇာမည်၏'။ မာတဲ့ ပျော့တဲ့နေရာလေးက ပထဝီလေးပဲ။ ထိတဲ့နေရာလေးက ဖဿလေးပေါ့။ အဲဒါလေးနဲ့ တစ်ခါတည်း ကပ်ဆွဲရတယ်။ **'ဈာယတော-** ကပ်၍ရှုသော၊ **အာတာပီစ**- ပြင်းထန်သောဝီရိယရှိသော၊ **ပြာဟ္မဏော**- မကောင်းမှုကို အပပြုပြီးသော၊ **မေ-** ငါဘုရားအား၊ **ဓမ္မံ**- တရားတို့သည်၊ **ပါတုဘဝန္တိ**- ထင်ရှားဖြစ်ကုန်၏'တဲ့။ အကုသိုလ်လည်း မရှိရဘူး၊ တရားအားထုတ်တဲ့နေရာမှာ အကုသိုလ်လည်း မရှိရဘူး။ အဲဒီသုံးခုတည်းပဲ (မှန်ပါဘုရား)။

**'ဈာယတော**- ကပ်၍ရှုသော၊ **အာတာပီ-** ပြင်းထန်သော ဝီရိယရှိသော၊ **ပြာဟ္မဏဿ-** မကောင်းမှုမရှိသော'၊ စုတေတုန်း **'နီဝရဏ'** မရှိရင် မကောင်းမှုမရှိဘူး၊ **'နီဝရဏတွေ'** ရှိရင်တော့ မကောင်းမှု ရှိတယ်။ အဲဒါကြောင့် **'နီဝရဏတွေ'** ကို အရင်ပြောရတယ်။ တရားကို အလယ်ပြောရတယ်။ **'နီဝရဏတွေ'** ကို အရင်ပြောထားတော့ သူဟာထမင်းချက်ရင်လည်း 'နီဝရဏ' မရှိဘူး။ **'သံယောဇဉ်'**ကလည်း **'ကာမရာဂသံယောဇဉ်၊ ဗျာပါဒသံယောဇဉ်၊ ဘဝရာဂ**

www.burmeseclassic.com

www.burmeseclassic.com



**သံယောဇဉ်၊ ထိနမိဒ္ဓ သံယောဇဉ်၊ ဥဒ္ဓစ္စ ကုက္ကုစ္စသံယောဇဉ်၊ ဝိစိကိစ္ဆာသံယောဇဉ်၊ မစ္ဆရိယ သံယောဇဉ်**၊ အဲဒါ**'သံယောဇဉ်တွေ'** မကောင်းတဲ့ဟာတွေဟာ**'သံယောဇဉ်တွေ'** ဖြစ်သွားတယ်။ အဲဒါဘာတွေတုံးဆိုတော့ အစဆုံးဆိုတဲ့ ဝိစိကိစ္ဆာတို့ ထိနမိဒ္ဓတို့ပေါ့။ အဲဒါတွေဟာ စေတသိက်တွေ။ အဲဒါတွေ ဘာတွေတုံး (စေတသိက်တွေပါဘုရား)၊ **'စေတသိက်တွေ'** ဟာ ဘာတွေတုံး **'သင်္ခတတရား'**၊ **'စေတသိက်တွေ'** ဟာဘာတွေတုံး (သင်္ခတတရားပါဘုရား)၊ **'သင်္ခတတရား'** ဟာ အကြောင်းကြောင့်ဖြစ်တယ်။ **'သင်္ခတတရား'**ဟာ ဘာတုံး (အကြောင်းကြောင့်ဖြစ်ပါတယ် ဘုရား)။ **'သင်္ခတတရား'**ဆိုတာ အကြောင်းကြောင့်ဖြစ်တာ။ အကြောင်းမရှိလို့ရှိရင် အဲဒီ **'ဆန္ဒ'**ထဲ **'ကာမ'** မရှိလို့ရှိရင်မဖြစ်ဘူး။ သူနိဗ္ဗာန်ဖြစ်သွားတာပဲ၊ ဟုတ်တယ်မို့လား (မှန်ပါဘုရား)။

**အကြောင်းကြောင့်ဖြစ်တာ သင်္ခတ**

**'သင်္ခတ'**ဆိုတာ ဘာကြောင့်ဖြစ်တာတုံး၊ **'အကြောင်း'** ရှိလို့ဖြစ်တာ။ **'သင်္ခတ'**ဆိုတာ ဘာဖြစ်တာတုံး (အကြောင်းရှိလို့ဖြစ်တာပါဘုရား)။ **'အကြောင်း'** ကြောင့်ဖြစ်တယ်၊ အဲဒါကို သင်္ခတခေါ်တယ်။ **'နိဗ္ဗာန်'** ကျတော့ အကြောင်းရှိသေးလား (မရှိတော့ပါဘူးဘုရား)။ အကြောင်း မရှိတာ **'နိဗ္ဗာန်'**၊ အကြောင်းမရှိတာဘာတုံး (နိဗ္ဗာန်ပါဘုရား)၊ အဲသလို တရားကို လူတွေစဉ်းစား တတ်အောင်၊ ဆင်ခြင်တတ်အောင်၊ နှလုံးသွင်းတတ် အောင်ဟောမှ အဝိဇ္ဇာတွေကကွာမှာ။ အဝိဇ္ဇာကွာပြီးတော့ တစ်ခါတည်းဟန်မှာ။ သို့မဟုတ်လို့ ရှိရင် ဘာမတွေးတတ် ညာမတွေး တတ်နဲ့ ဖြစ်တတ်တယ် (မှန်ပါဘုရား)။

**'ကာမရာဂ သံယောဇဉ်'**၊ အဲဒီသံယောဇဉ်ရှိရင်လည်း **'ရှိတယ်'**လို့ သိရတယ်၊ မရှိဘူး ဆိုရင်လည်း **'မရှိဘူး'**လို့ သိရတယ်။ ဓမ္မာနုပဿနာက ဘာပြုလို့ ဓမ္မာနုပဿနာခေါ်တုံး ဆိုတော့ **'ဓမ္မ'**ဆိုတာက စေတသိက်၊ **'ဓမ္မ'**ဆိုတာကဘာတုံး (စေတသိက်ပါဘုရား)၊ **'ကာယာနုပဿနာ'**က ကာယကိုဟောတယ်၊ **'ဝေဒနာနုပဿနာ'**က ဝေဒနာကို ဟောတယ်။ **'စိတ္တာနုပဿနာ'**မှာက စိတ်ကိုဟောတယ်။ **'ဓမ္မာနုပဿနာ'**ကျတော့ စေတသိက်ကို သွားဟောတယ်၊ ဟုတ်လား။ အဲသူတို့လည်း ဓမ္မပါပဲ။ **'စေတသိက်'**က ဘာတွေတုံး (ဓမ္မပါဘုရား)။ ဘာ**'ဓမ္မ'**တုံး (သင်္ခတဓမ္မပါဘုရား)။ **'သင်္ခတဓမ္မ'**ဆိုတာဘာတုံး အကြောင်းရှိရင် ဖြစ်တယ် (မှန်ပါဘုရား)။

အခု**'နား'** ကြားတယ်ပေါ့၊ **'အသံ'**ရှိလို့ ကြားတာဖြစ်တယ်။ အသံကိုတော့ မျက်စိနဲ့ မြင်ရသလား (မမြင်ရပါဘူးဘုရား)။ ကဲမြင်လည်း မမြင်ရဘူး၊ အဲဒီလို **'အဘိဓမ္မာ သဘော'**ဆိုတာ အဲလိုဟာမျိုး။ စဉ်းစားပေးရတယ်၊ မစဉ်းစားဘဲ မနေရဘူး။ စဉ်းစားမှ ဉာဏ်ပေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲလိုမှတ်ထားနော် (မှန်ပါဘုရား)၊ **'ဗျာပါဒ သံယောဇဉ်၊ ထိနမိဒ္ဓ သံယောဇဉ်၊ ဥဒ္ဓစ္စ ကုက္ကုစ္စ သံယောဇဉ်၊ ဘဝရာဂ သံယောဇဉ်'**၊ **'ဘဝရာဂ သံယောဇဉ်'** ဆိုတာက ဘဝက ဒီထိုင်နေတာကြီးတွေ မြဲတယ်လို့ထင်တာ။ သဿတဒိဋ္ဌိနဲ့တကွဖြစ်တဲ့ ရာဂကို ဒိဋ္ဌိနဲ့တကွဖြစ်တဲ့ ရာဂကို **'ဘဝရာဂ'**လို့ ခေါ်တယ်။ ထိုင်နေတဲ့ကိုယ် ခုနတုန်းက ထိုင်တာလည်း **'ငါ'** ပဲ။ အခုလည်း **'ငါ'** ပဲလို့ ထင်နေတာ။ အဲဒီလို မဟုတ်ဘူး (မှန်ပါဘုရား)။ ခုနတုန်းက **'ကာမစ္ဆန္ဒ'** ပျောက်ပျက်သွားပြီ၊ **'နား'**က ကြားခဲ့တာလည်း ပျောက်ပျက်သွားပြီ။ သူကဘယ်တော့မှ မြဲတဲ့ဟာ မဟုတ်ဘူး။ အကုန်လုံးပဲ ဟုတ်ကဲ့လား (မှန်ပါဘုရား)။ အဲလိုမှတ်ထား။

## ရူပံဘိက္ခဝေ နတုမှာကံ

**'အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ'**၊ မဖြစ်သေးတဲ့ဟာ သူ့ဟာသူ ဖြစ်လာတယ်တဲ့၊ ဟုတ်ကဲ့လား။ **'ဥပ္ပန္နာစ နိရုဇ္ဈရေ'**၊ အဲလိုတရားပွဲထဲမှာ အဲလိုချချပေးရင် လူတွေတစ်လုံးရရ၊ နှစ်လုံးရရ၊ တစ်လုံးရလည်း အပါယ်ကင်းတယ်။ တစ်လုံးရလည်း ဆို ဆို နေပါ။ ဟိုရှေးရှေးတုန်းက **'ရူပံ ဘိက္ခဝေ နတုမှာကံ'** ဆိုတာနဲ့ပဲ တစ်ခါတည်း တရားရသွားတယ်။ **'ရူပံဘိက္ခဝေ နတုမှာကံ'** တဲ့။ **'ဘိက္ခဝေ-** ရဟန်းတို့၊ **ရူပံ-** ရုပ်သည်၊ **နတုမှာကံ-** သင်တို့ဥစ္စာမဟုတ်ဘူး' လို့၊ ဒီလို**'သဉ်တတရား'**လို့ ဒီလိုပြောလိုက်တာနဲ့ပဲ နိဗ္ဗာန်ရောက်သွားတယ်။ **'သဉ်တတရား'** နော်၊ **'သင်တို့ဥစ္စာမဟုတ်ဘူး'**။ အဲဒီစေတသိက်တွေ ရုပ်တွေ နားကြားတာတွေဟာ **'သင်တို့ဥစ္စာ မဟုတ်ဘူး'**။

**'ရူပံဘိက္ခဝေ နတုမှာကံ၊ ဝေဒနာဘိက္ခဝေ နတုမှာကံ၊ သညာဘိက္ခဝေ နတုမှာကံ သင်္ခါရာဘိက္ခဝေ နတုမှာကံ၊ ဝိညာဏံ ဘိက္ခဝေ နတုမှာကံ'**၊ အဲဒါတွေ နားတွေ ကြားတာတွေ သင်တို့လည်းမဟုတ်ဘူး၊ သင်တို့ဥစ္စာလည်း မဟုတ်ဘူး၊ **'တံပဇဟထ'**တဲ့။ **'တံ-** သင်တို့လည်း မဟုတ်၊ သင်တို့ဥစ္စာလည်း မဟုတ်တာတွေကို၊ **ပဇဟထ-** ပယ်စွန့်ကြ' တဲ့၊ အဲလိုဟောထားတယ် (မှန်ပါဘုရား)။

## ရူပံ– ရုပ်ကိုကြဲဖြန့်ပစ်လော့ ဖျက်စီးပစ်လော့

**'ရာဓ-** ရာဓရဟန်း၊ **ရူပံ-** ရုပ်ကို၊ **ဝိကိရထ-** ကြဲဖြန့်ပစ်လော့'တဲ့။ ဒကာကြီးတို့ ဒကာမကြီးတို့ကျတော့ ရုပ်တွေ ဟိုရောက် ဒီရောက် ရောက်သွားမှာ မကြောက်ဘူးလား (ကြောက်ပါတယ်ဘုရား)။ မြတ်စွာဘုရားကတော့ ကြဲခိုင်းထားတယ်၊ ဟုတ်ကဲ့လား။ ရုပ်ကို ကြဲဖြန့်ပစ်လိုက်တဲ့။ **'ရူပံ ရာဓ ဝိကိရထ'** ဆိုကြည့်စမ်း (ရူပံ ရာဓ ဝိကိရထ) ရင်းနှီးအောင်လို့ ပြောတာ။ **'ဝိကိရထ-** ကြဲဖြန့်ပစ်လော့' တဲ့။ **'ဝိဒ္ဓံသေထ-** ဖျက်ဆီးပစ်လော့'၊ **'ဝိကိဠနံ့ကရောထ-**

www.burmeseclassic.com

www.burmeseclassic.com



မှတ်လွှင့်ပစ်လော့'၊ **'ရာဂဝိနယာယ၊ 'ရာဂဝိနယာယ-** ရာဂကုန်အောင်'တဲ့၊ ရာဂကုန်အောင် ရုပ်ကိုကြဲဖြန့် ပစ်လော့တဲ့။ ရုပ်တွေ ရာဂဖြစ်စေတဲ့ရုပ်တွေ၊ ကိုယ့်မျက်စိထဲမှာ ပေါ်လာပြီ၊ ရာဂပုံသဏ္ဌာန် ပေါ်လာပြီဆိုရင် အဲဒီရုပ်ကိုမှတ်လွှင့်ပစ်လိုက်၊ **'ရူပံရာဓ ဝိကိဏ္ဏာနံကရောထ'၊ 'ရာဓ-**ရာဓရဟန်း၊ **ရူပံ**-ရုပ်ကို၊ **ဝိကိဏ္ဏာနံကရောထ**- မှုတ်လွှင့်ပစ်လိုက်'၊ ကလေးတွေအရုပ်ဆော့ရင်း အရုပ်တွေကို ကြဲဖြန့်ပစ်သလိုပေါ့ဟုတ်လား၊ အဲလိုမှတ်ထား။ ကလေးတွေကစားတဲ့ ကစားစရာလေးတွေကို လုပ်ပစ်လိုက်တဲ့။ ကိုယ့်သန္တာန်မှာ အဲဒီလို ရုပ်မျိုးမထားနဲ့တဲ့။

### ပေါ်ရင်ပေါ်တဲ့ရာဂရုပ်ကို ဖျက်ဆီးပစ်လိုက်

အဲဒါဘယ်ဟာတုံးဆိုတော့ မျက်စိထဲမှာ ရာဂဖြစ်စရာရုပ်တွေ ပေါ်တတ်တယ်။ ပေါ်ရင် ပေါ်တဲ့ ရာဂရုပ်ကို ဖျက်ဆီးပစ်လိုက်။ ပေါ်လာသေးလား ရာဂ (မပေါ်တော့ပါဘူးဘုရား)၊ **'ရာဂ ဝိနယာယ**- ရာဂကုန်ခြင်းအကျိုးငှာ၊ **ရူပံ** - ရုပ်ကို၊ **ဝိကိရထ** - ကြဲဖြန့်ပစ်လော့' မျက်စိထဲ မှိန်းနေလို့ရှိရင် ဟိုအတိတ်ဟာတွေ၊ အနာဂတ် ပစ္စုပ္ပန် အဲလိုတွေ မထားရဘူးတဲ့နော်။

**'ရူပံရာဓ ဝိဒ္ဓံသေထ'**၊ **'ရာဓ-**ရာဓရဟန်း၊ **ရူပံ**-ရုပ်ကို၊ **ဝိဒ္ဓံသေထ**- ဖျက်ဆီးပစ်လော့'၊ တစ်ခုခုဆိုတာပေါ့၊ ဟိုလိုမရရင်လည်း **'ဝိဒ္ဓံ သေထ'** တစ်ခုခု ဆိုတာကို ရာဂတွေ ကိုယ့်သန္တာန်မှာ ကင်းတယ်။ ဟုတ်သလား။ ရာဂကင်းအောင် ဘယ်လိုလုပ်ရမှန်းမသိကြဘူး။ အဲလိုလုပ်တာ **'ရူပံ ရာဓ'**၊ **'ရာဓ-** ရာဓရဟန်း၊ **ရူပံ**- ရုပ်ကို၊ **ဝိကိရထ**- ကြဲဖြန့်ပစ်လော့၊ **ဝိဒ္ဓံသေထ**- ဖျက်ဆီး ပစ်လော့၊ **ဝိကိဏ္ဏာနံ ကရောထ**- မှုတ်လွှင့်ပစ်လော့'၊ ဝ လုံးကြီးတင် (ဝိ) အစမှတ်ထားနော်၊ **'ဝိဒ္ဓံသေထ၊ ဝိကိရထ၊ ဝိကိဏ္ဏာနံ ကရောထ'**၊ အဲလိုမှတ်ထား (ဝိ)ချည်းပဲ (မှန်ပါဘုရား)။

**'ရူပံ ရာဓ'**၊ **'ရာဓ**-ရာဓရဟန်း၊ **ရူပံ**- ရုပ်ကို၊ **ရာဂဝိနယာယ**- ရာဂပယ်ဖျောက်ခြင်း အကျိုးငှာ၊ **ဝိကိရထ**- ကြဲဖြန့်ပစ်လော့'တဲ့။ **'ရူပံ** - ရုပ်ကို၊ **ဝိဒ္ဓံ သေထ**- ဖျက်ဆီးပစ်လော့'၊ ခေါင်းထဲမှာပေါ်တဲ့ **'ရုပ်'** ကို ပြောတာနော်။ စိတ်မှာပေါ်တဲ့ **'ရုပ်'**ကို ပြောတာ။ အပြင်က**'ရုပ်'**ကို ပြောတာမဟုတ်။ ခေါင်းထဲမှာပေါ်တဲ့ **'ရုပ်'**ကို ဖျက်ဆီးပစ်တဲ့။ ခေါင်းထဲမှာပေါ်တဲ့ **'ရုပ်'**ကို ဒီအတိုင်းမထားဘူး။ ငါ့သားလေးနှယ်နော်ဆိုပြီး ဘာများဖြစ်ပါလိမ့် ညာများဖြစ်ပါလိမ့်နဲ့ စိုးရိမ်သောက ဖြစ်တာတွေကလည်း ဒီကလာတာတွေ ဟုတ်ကဲ့လား (မှန်ပါဘုရား)၊ **'ရူပံရာဓ ဝိကိရထ၊ ဝိဒ္ဓံသေထ'** ဒီထဲက တစ်ခုခုရအောင်ဆို။ ဖျက်ဆီးပစ်လော့ပေါ့ဟုတ်လား။ **'ဝေဒနာ'** ဝေဒနာကိုလည်း ဖျက်ဆီးပစ်ရမယ်တဲ့။ **'သညာ'**ကိုလည်း ဖျက်ဆီးပစ်ရမယ်။ နာမည်လေး အမှတ်ရလာလို့ရှိရင် ဖျက်ဆီးပစ်ရမယ်။ နာမည်လေး အမှတ်ရလိုက်လို့ ဒီအတိုင်းထားလိုက်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ကိုယ့်မယ် သောကတွေနဲ့ ငိုတာတွေ ဘာတွေဖြစ်တတ်တယ် (မှန်ပါဘုရား)၊ **'အာသဝေါ တရားတွေ'** နဲ့ ငိုတာတွေဖြစ်တာပါ။ **'အာသဝေါတရား'** ဖြစ်တာ၊ **'အာသဝေါတရား'** ရယ်လို့ သူကမသိပါဘူး (မှန်ပါဘုရား)။

**သတ္တဝါလို့ယူရင် အာသဝေါဖြစ်ပြီ**

**'အာသဝေါတရား'** ကဘယ်လိုဖြစ်သလဲဆိုတော့ **'စက္ခုနာ**- မျက်စိဖြင့်၊ **ရူပံ**- ရူပါရုံကို၊ **ဒိသွာ**- မြင်သည်ရှိသော်၊ **အယံ**- ဤရူပါရုံသည်၊ **သတ္တော**- သတ္တဝါသည်၊ **အဿ**- ဖြစ်၏။ **ဣတိ**- ဤသို့၊ **ဂဟဏတော**- ယူသောပုဂ္ဂိုလ်အား၊ **ဒိဋ္ဌာသဝေါ**- ဒိဋ္ဌာသဝသည်၊ **ဥပ္ပဇ္ဇတိ** - ဖြစ်၏'။ ကဲ မျက်စိဖြင့် ရူပါရုံကို မြင်လိုက်တာနဲ့ ဒီဟာ သတ္တဝါပဲ၊ ယောက်ျားပဲ၊ မိန်းမပဲလို့ စိတ်ထဲယူလိုက်တာနဲ့သူ့မယ် **'ဒိဋ္ဌာသဝ'** ဖြစ်ပြီ။ ကဲ ဒီမျက်စိကောင်းသေးရဲ့လား (မကောင်းပါဘူး ဘုရား)။ အဲဒါတွေမှတ်ထား။ ဒါကြောင့် မြတ်စွာဘုရားက **'စက္ခု'**ကို စောင့်စည်းတဲ့၊ ဟိုဟာတွေ ကြည့် ဒီဟာတွေကြည့် မကြည့်နဲ့တဲ့။ တကယ် လူထင်လိမ့်မယ်၊ **'လူတွေ'** မဟုတ်ဘူး။ ဒါကြောင့် **'မျက်စိမြင်တုံ ရူပါရုံ လူ့ပုံမှတ်ရ'**၊ မြတ်စွာဘုရားက **'ရူပါရမ္မဏံ** - ရူပါရုံသည်၊ **စက္ခုဝိညာဏ ဓာတုယာ** - စက္ခုဝိညာဏဓာတ်အား၊ **အာရမ္မဏ ပစ္စယေန**- အာရမ္မဏပစ္စည်းဖြင့်' တဲ့၊ ဒီလိုဆိုရဲ့သားနဲ့ ဒကာမကြီးတို့ ဒကာကြီးတို့က လူတွေ သတ္တဝါတွေပဲလို့ စိတ်ထဲထားနေတယ်။ စိတ်ထဲမထားရဘူး။

**မြတ်စွာဘုရားကို 'သတ္တဝိနာသက' ပုဂ္ဂိုလ်ကြီးလို့ ဆိုကြတယ်**

သတ္တဝါတွေကိုဘာထဲ မထားရဘူး (စိတ်ထဲမထားရပါဘူးဘုရား)။ ဉာဏ်ထဲလည်း မထားရဘူး။ သတ္တဝါရှိတယ်ဆိုတာ ဉာဏ်ထဲမထားနဲ့၊ ဟုတ်ကဲ့လား။ မြတ်စွာဘုရားကို **'သတ္တဝိနာသက'** ပုဂ္ဂိုလ်ကြီးလို့ ဆိုကြတယ်မဟုတ်လား။ **'သတ္တဝါကို ဖျက်ဆီးပစ်တယ်'** လို့ (မှန်ပါဘုရား)။ ကိုယ့်ကိုယ်ကို **'သတ္တဝါ'** ထင်နေရင် **'သတ္တဝါ'** သေရင် ဟိုဘဝ ဒီဘဝရောက်မှာပေါ့။ **'သတ္တဝါ'** မဟုတ်ဘူး၊ **'သတ္တဝါ'** လို့မယူဘူးဆိုတော့ ဘုံဘဝတွေရောက်သေးရဲ့လား (မရောက်ပါဘူးဘုရား)။ **'သင်္ခတ'** ပြီးရင် **'အသင်္ခတ'**၊ **'သင်္ခတ'** ဆိုတာ ဘာတုံးဆိုတော့ အကြောင်းကြောင့် ဖြစ်တယ်။ **'သင်္ခတ'**ဆိုတာ ဘာခေါ်တုံး (အကြောင်းကြောင့် ဖြစ်ပါတယ် ဘုရား)။ ပြီးတော့ **'အသင်္ခတ'**ကျတော့ အကြောင်းမရှိတော့ဘူး၊ ဖြစ်စရာမရှိတော့ဘူး။ အဲသလိုဟာမျိုး။ ဒါကြောင့် **'အဇာတံ'** ခေါ်တယ်၊ အဲဒါ နိဗ္ဗာန်ပေါ့။ **'အဇာတံ အကတံ နိဿရဏံ ပညာယတိ'** တဲ့။

www.burmeseclassic.com

www.burmeseclassic.com



**'ဒါကိုသိမှ အဓိတပ်၊ အဘိဆိုတော့ အပိုက္ခာ၊ အသိမှာတော့ အကုန်စင်သလိုပဲ'** တဲ့၊ စာတွေမှာ အပုံပဲရှိပါတယ်။ အဲလိုမှတ်ထားနော် ဒကာမကြီးတို့၊ နည်းနည်းလေးဖြစ်ဖြစ် ရအောင်လို့ပါ (မှန်ပါဘုရား)၊ **'အဝိဇ္ဇာ နီဝရဏံ၊ အဝိဇ္ဇာသံယောဇဉ်'** အဲဒီလို မြင်လာပြီဆိုရင် ကိုယ့်သန္တာန်မှာ **'သံယောဇဉ်ရှိတယ်၊ သံယောဇဉ်မရှိဘူး'** လို့ သိနေမယ်ဆိုလို့ရှိရင် သေခါနီး အချိန်မှာ သံယောဇဉ်မရှိဘူး။ မရှိဘူး ရှိတယ်လို့ သတိကပ်ထားပြီးတော့ နှာခေါင်းနားကပ်ကပ်ပြီး လေလေးထုတ်၊ လေလေးထုတ်အံ့။

**'နာဟု အဿာသ ပဿာသော၊ ဋ္ဌိတ စိတ္တဿ တာဒိနော'**။

**'ဋ္ဌိတ စိတ္တဿ-** တည်ကြည် သောစိတ်ရှိတော်မူသော၊ **တာဒိနော-**မြေကြီးနှင့်အတူ သည်းခံတော်မူနိုင်သော၊ **တဿ -** ထို မြတ်စွာဘုရားအား၊ **အဿာသ ပဿာသော -** ထွက်လေ ဝင်လေသည်၊ **နာဟု-** မဖြစ်တော့ပြီ'၊ အဲဒါ ဘုရား တရားနဲ့ ရင်းနှီးအောင်လို့ပါ။ မရင်းနှီးဘဲ စိမ်းစိမ်းပြီးနေတော့ ရန်သူကြီးလို ဖြစ်သွား တတ်တယ်။ အဲဒါမစိမ်းကြနဲ့ (မှန်ပါဘုရား)။

## ရာဂကုန်သွားရင် ဒုက္ခကုန်သွားပြီ

**'ရာဂက္ခယာ ဒုက္ခက္ခယော'**၊ **'ရာဂ'** ကုန်သွားရင် ဒုက္ခကုန်သွားတယ်။ **'ဒုက္ခ'**ကုန်ရင် နိဗ္ဗာန်ပဲတဲ့ ဟုတ်လား (မှန်ပါဘုရား)။တရားဟောတယ်ဆိုတာ အဲဒီ **'နိဗ္ဗာန်'** ကိုသိအောင်လို့ တော်တော် ဟော ယူရတာ (မှန်လှပါဘုရား)။ **'ရာဂက္ခယာ ဒုက္ခက္ခယော'**၊ **'ရာဂ'** ကုန်သွားရင် ဒုက္ခကုန်သွားပြီတဲ့၊ **'ကာမရာဂ သံယောဇဉ်'**၊ **'ရှိတယ်'**၊ **'မရှိဘူး'**၊ အဲဒီ မရှိဘူးဆိုတဲ့ **'ဉာဏ်'** ကလေးက တစ်ခါတည်းဖြတ်ဖြတ် ဖြတ်ဖြတ်ပေးလိုက်တာ။

**'ဉာဏ်'** ဓားလေးနဲ့ပေါ့၊ **'ဉာဏ်'** ဓားကလေးနဲ့ ဖြတ်လိုက်တာ နောက်တော့ တစ်ခါတည်း ကို ဘယ်တော့မှ ပေါ်မလာတော့ဘူး၊ (မှန်ပါဘုရား)၊ ပေါ်လာသေးတယ် ဆိုရင်တော့ **'ဉာဏ်'** ဓားကတုံးသေးတယ်၊ ဓားတုံးသေးတယ်၊ အဲလိုမှတ်ထားကြ၊ အဲသလို **'ရာဂက္ခယာ ဒုက္ခက္ခယော'** ဆိုသည့်အတိုင်း ရာဂကုန်၍ အလုံးစုံသော ဒုက္ခအပေါင်းမှ လွတ်ငြိမ်းသော သူတော်ကောင်းများ ဖြစ်ကြပါစေကုန်သတည်း။ အားလုံး သာဓု ခေါ်ကြ။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



၂. ၁. ၂၀၀၆ တွင် စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက် ဓမ္မာရုံ၌ဟောကြားတော်မူသော

## "အချိန်နေရာလွတ်တာ မသေရာ တရားတော်"

**ဣမသ္မိံ သတိ ဣဒံ ဟောတိ။ ဣမသ္မိံ အသတိ ဣဒံ န ဟောတိ။**

**ဣမသ္မိံ** - ဤနာမ်ရုပ်သည်၊ **သတိ** - ရှိခဲ့သော်၊ **ဣဒံ** - ဤမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်သည်၊ **ဟောတိ**- ဖြစ်၏။

**ဣမသ္မိံ** - ဤနာမ်ရုပ်သည်၊ **အသတိ**- မရှိခဲ့သော်၊ **ဣဒံ** - ဤမျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်သည်၊ **န ဟောတိ** - မဖြစ်။

ဤသို့ မြတ်စွာဘုရား မိန့်ကြားတော်မူအပ်သည်နှင့်အညီ မျက်စိတွေ နားတွေ နှာခေါင်းတွေ မရှိရာဖြစ်သော နိဗ္ဗာနသုခကို ရလွယ် ရောက်လွယ်သော သူတော်ကောင်း သူမြတ်လောင်းများ ဖြစ်ကြပါစေသတည်း။

### ဒိဋ္ဌိရှိလို့ ဝိစိကိစ္ဆာ ဖြစ်ရတယ်

**'အပူ'**- အပူခပ်သိမ်း ကင်းငြိမ်းရာဖြစ်သောဆိုတော့ **'ဝိစိကိစ္ဆာတွေ'** လည်း ဆင်းရဲစရာပဲ။ အကြောင်းတို့ အကျိုးတို့သိရင် ဝိစိကိစ္ဆာကင်းတယ်။ **'ဝိစိကိစ္ဆာ'** က ခေါင်းထဲမှာ ကင်းရင်လည်း ချမ်းသာတယ်။ ဒါကြောင့် ဝိစိကိစ္ဆာကင်းအောင်ဆိုပြီးတော့၊ **'ဝိစိကိစ္ဆာ'**တည်းဟူသော ရေကြောင်းကို၊ **'သောတာပတ္တိမဂ်'** တည်းဟူသော လှေလောင်းဖြင့် ကူးမြောက်အပ်တယ်တဲ့။

ဒါကြောင့် ခေါင်းထဲမှာ **'ဝိစိကိစ္ဆာ'** မထားကြနဲ့။ ခေါင်းထဲမှာ စိတ်ထဲမှာ **'ဝိစိကိစ္ဆာတွေ'** ဘာဖြစ်လို့ရှိသတုံး၊ ဘာဖြစ်လို့များသတုံး၊ အဲလိုမေးကြည့်ရင် အဖြေက **'ဒိဋ္ဌိ'** ရှိလို့။ ဒိဋ္ဌိက ဘယ်သူတွေတုံးဆိုတော့ **'ဒိဋ္ဌိ'**က လူတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေ၊ ခွေးတွေ၊ ဝက်တွေ၊ သတ္တဝါတွေ ရှိတယ်လို့ ထင်တဲ့အထင်က **'ဒိဋ္ဌိ'**။

### အဘိဓမ္မာထဲမှာရှာကြည့် 'သတ္တဝါ' ဆိုတာ မပါဘူး

မြတ်စွာဘုရားဟောတဲ့ အဘိဓမ္မာထဲမှာ ရှာကြည့် **'သတ္တဝါ'** ဆိုတာ မပါဘူး၊ ဒါကြောင့် သတ္တဝါအသိနဲ့ စိတ်မကူးကြနဲ့။ အဲဒီလိုဆိုရင် စိတ်ထဲရှင်းသွားတယ်။ အဘိဓမ္မာထဲမှာ သတ္တဝါ မပါဘူးလို့သိရင် တစ်ခါတည်း ဒိဋ္ဌိလည်း မရှိတော့ဘူး၊ ဝိစိကိစ္ဆာလည်း မရှိတော့ဘူး။ ဒါကြောင့် **'နိဿတ္တ နိဇ္ဇီဝ သဘာဝ'** လို့ခေါ်တာ။ လူတွေ ဘာတွေ ယောကျ်ားတွေ မဟုတ်တော့ဘူး၊ ဒါ **'သဘာဝတွေ'**။ ဒါကြောင့် ရှင်သာရိပုတ္တရာတို့ ဟောရင်လည်း **'ယေဓမ္မာ'** ပဲ၊ **'ဓမ္မာ'** ထဲဝင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ **'ဓမ္မာနုပဿနာ'**တဲ့၊ အဲလိုလာတယ်၊ **'ဓမ္မ'**ဆိုရင် **'သဘာဝ'** ပဲ။ **'သဘာဝ'** ဆိုတာက အကြောင်း အားလျော်စွာဖြစ်တာ။ အကြောင်းက ဘာလဲဆိုတော့ ဘေးကဆဲရင်လည်း ဆဲသံ ကြားတာပဲ၊ သီချင်းဆိုရင်လည်း ဆိုသံ ကြားတာပဲ၊ အဲဒါမျိုးပေါ့။ **'အကြောင်းအားလျော်စွာ ဖြစ်နေတာ မှတ်ပါ သဘာဝ'။** ကိုယ့်ကိုယ်ကို လူတွေလို့၊ ယောက်ျားတွေလို့ ၊ မိန်းမတွေလို့ မထင်နဲ့၊ **'သဘာဝတွေ'**လို့ ထင်ရတယ်။ **'သဘာဝ'**ဆိုတာက အကြောင်းအားလျော်စွာဖြစ်တာ။ မျက်စိက ဖွင့်လိုက်ရင် မြင်တာ၊ ဟိုက လျှာထုတ်ပြောင်လိုက်ရင်လည်း မြင်တာပဲ၊ ဆဲရင်လည်း ကြားတာပဲ၊ သီချင်းဆိုရင်လည်း ကြားတာပဲ၊ ကဲ့ရဲ့ရင်လည်း ကြားတာပဲ၊ ချီးမွမ်းရင်လည်း ကြားတာပဲ။

## သဘာဝမကျရင် ဆဲတာကိုလည်း နာတတ်တယ်

ချီးမွမ်းတော့ သဘောကျပြီး၊ ကဲ့ရဲ့ရင်တော့ သဘောမကျဘူး။ အဲလိုဟာတွေက ဘယ်ကလာတာတုံးတဲ့။ ဒါ **'သဘာဝတွေ'** က လာတာမဟုတ်ဘူး။ အဲလို မှတ်ထား (မှန်လှပါ ဘုရား)။ အေး သဘာဝတွေဟာ **'သဘာဝမကျဘူး'** နဲ့ အဲလိုဆိုကြတယ်။ မင်းဟာ သဘာဝမကျ ပါဘူးကွာနဲ့။ သဘာဝမကျရင် ဆဲတာကိုလည်း နာတတ်တယ်။ ငေါက်တာကိုလည်း နာတတ်တယ်။ နာတတ်တာတွေချည်းများနေတယ်။ အဲဒါကြောင့် မငြိမ်မသက်ဘဲ ဖြစ်နေပြီးတော့ နေတော့တယ်။ နိဗ္ဗာန်ဆိုတာကတော့ ငြိမ်သက်တာကိုး။ **'သဘာဝ'** မကျတော့ မငြိမ်သက်ဘဲ ဖြစ်နေတယ်။ ဒါကြောင့် **'နိဗ္ဗာနံ** - နိဗ္ဗာန်ကို ငြိမ်သက်ခြင်း' လို့ခေါ်တယ်။ ငြိမ်သက်တယ် ဆိုတာက ဟို 'လှိုင်းမထတဲ့ ရေအိုင်လို ' ပေါ့။ ခဲနဲ့မပစ်လိုက်ဘူး ဆိုရင် ရေလှိုင်းမထဘူးလိုပေါ့။ အဲလို ငြိမ်နေတယ်။ အဲဒါက **'ဝိပါက ဓမ္မာ'** ခေါ်တယ်။ **'ဝိပါကာ၊ ဝိပါကဓမ္မာ'၊ 'ဝိပါကာ** - အချင်းချင်းထူးကုန်သော' ဘာနဲ့ ဘာနဲ့ထူးတုံး ဆိုတော့ မျက်စိနဲ့ နားနဲ့မတူဘူး။ နားနဲ့ နှာခေါင်း နဲ့လည်း မတူဘူး။ နှာခေါင်းနဲ့ လျှာနဲ့လည်း မတူဘူး။ လျှာနဲ့ဝမ်းထဲက မနောနဲ့လည်းမတူဘူး။ အဲဒါကို အချင်းချင်းထူးတဲ့ မတူတဲ့ဟာကို **'ဝိပါက်'** လို့ ခေါ်တယ်။

## အဲဒါ 'ဝိပါက ဓမ္မာ'

ခွေးနဲ့ ဝက်နဲ့လည်း မတူဘူး။ ကြောင်နဲ့ ကျားနဲ့လည်း မတူဘူး၊ အဲဒါ **'ဝိပါက်'**၊ လူနဲ့ ခွေးနဲ့လည်း မတူဘူး။ အေး အဲဒီလို။ အဲဒါကို ဝိပါက် **'ဝိပါကာ** - အချင်းချင်း ထူးကုန်သော' အချင်းချင်းထူးတာသိပြီ။ မိန်းမတွေ ယောက်ျားတွေနဲ့လည်း မတူဘူး။ ဒါ **'ဝိပါက်တွေ'** ခေါ်တယ်။ **'ဝိပါက်တွေ'** ကို ဟို ဒိုပြင်လို ကြံလို့မရဘူး။ အကြောင်းနဲ့ကြံမှရတယ်။ **'ဓမ္မာ နိဿတ္တ နိဇ္ဇီဝ**

www.burmeseclassic.com

www.burmeseclassic.com



**သဘာဝ**-သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ **သံဝိဇ္ဇန္တိ** - ရှိကုန်၏’။ အဲဒါ **‘ဝိပါကဓမ္မာ’** လို့ခေါ်တယ်။ **‘ကုသိုလ် အကုသိုလ်တို့ရဲ့ အကျိုးတွေ’**တဲ့။ အကျိုးတွေနဲ့ အကြောင်းတွေ။ အဲဒီ့ **‘အကျိုးဖြစ်တာကို ခံစားတယ်’** လို့ခေါ်တယ် (မှန်လှပါဘုရား)။ ခံစားတဲ့ ပုဂ္ဂိုလ် သတ္တဝါမရှိဘူး။ ငါခံစားတယ်။ သူခံစားတယ်ဆိုပြီးတော့ ကြိုက်ကြိုက်ပြီးတော့ ခံစားတာ၊ စင်စစ် ကြိုက်တယ်ဆိုတာတွေက **‘လောဘ’**၊ ငါခံစားတယ်၊ သူခံစားတယ်ဆိုတာက **‘ဒိဋ္ဌိ’**၊ အဲလိုမှန်း မသိတာက **‘မောဟ’** အဲလို ဖြစ်သွားတယ်။ အဲဒါကြောင့် ဒါကို **‘ဟေတုပစ္စယော’**၊ အဲလိုခေါ်တယ်။ **‘ဝိပါကပစ္စယော’**၊ **‘ဟေတုပစ္စယော’**၊ အဲဒီလိုလေး ဆိုဆိုပေး။ လူတွေနဲ့ မြင်ရင်လည်းဆိုပေး။ ဘယ်နေရာသွားသွား၊ ဈေးဝယ်သွားသွား **‘ဝိပါကပစ္စယော’** နဲ့သာဆိုသွား၊ ဟော ဘာဖြစ်ဖြစ် ဘာမှမဖြစ်တော့ဘူး၊ နိဗ္ဗာန် ရောက်သွားရော။ ဒါ **‘ဝိပါကဓမ္မ’** ဖြစ်တယ်။ **‘ဓမ္မ’** က **‘နိဿတ္တ၊ နိဇ္ဇီဝ’** ဖြစ်တယ်။ သတ္တဝါမရှိဘူး၊ အသက်မရှိဘူး။ **‘သတ္တဝါတွေ’** ရှိရင် **‘ဘုံ’** ရှိတယ်။ **‘သတ္တဝါတွေ’** မရှိရင် **‘ဘုံ’** မရှိတော့ဘူး (မှန်လှပါဘုရား)။

### ရောက်သွားတဲ့ဟာမျိုးမဟုတ်ဘူး၊ ချုပ်သွားတဲ့ဟာမျိုး

ဥပမာ - **‘မဂ္ဂသစ္စာ’** ဆိုပါတော့၊ မဂ္ဂသစ္စာ၊ မဂ္ဂင်ဆိုတာက **‘ခရီး’**၊ လမ်းသွားတယ်။ ဥပမာ- မန္တလေးကို သွားတယ်၊ ရောက်တယ်၊ လမ်းရှိတယ်။ ရန်ကုန်သွားတယ်၊ ရောက်တယ်။ လမ်းရှိတယ်။ အမေရိကန်သွားတယ်၊ သွားတာကို **‘ခရီး’** လို့ ခေါ်တယ်။ မဂ္ဂင်က ဒီလိုသွားလို့ ဒီလို ရောက်တယ်လို့ဆိုပေမယ့် မြို့ကြီးတွေ၊ တောတွေ၊ ရွာတွေဆီ ရောက်သွားတဲ့ဟာမျိုး မဟုတ်ဘူး၊ **‘ချုပ်’**သွားတဲ့ဟာမျိုး။ ဘာတဲ့တုံး (ချုပ်သွားတဲ့ဟာမျိုးပါဘုရား)။ ရောက်သွားတဲ့ဟာမျိုး မဟုတ်ဘူး။

### ဘာတွေချုပ်တာတုံး

**‘နိရောဓော နာမ နိဗ္ဗာနံ’**၊ အဲ နိဗ္ဗာန်ကို သွားတယ်။ ‘နိရောဓော ဆိုတာက ချုပ်တယ်’၊ **‘နိဗ္ဗာနံ’** - နိဗ္ဗာန်သည်၊ **နိရောဓောနာမ** - ချုပ်ခြင်းမည်၏’၊ **‘နိဗ္ဗာန်’** ရဲ့ အဓိပ္ပာယ်က ‘ချုပ်ခြင်းမည်၏’တဲ့။ ဘာတွေချုပ်တာတုံးဆိုတော့ ဝမ်းထဲမှာ ဖြစ်တဲ့အပူဓာတ်၊ အလောင်ဓာတ်တွေ ချုပ်ဟာပေါ့။ ဝမ်းထဲမှာဖြစ်တဲ့ဟာတွေ မဖြစ်ဘူး၊ အဲဒီလို **‘သန္ဒိဋ္ဌိက’** ဖြစ်ရမှာ၊ ဝမ်းထဲ မဖြစ်တာတွေဟာ ချုပ်တာပဲ။

### ဖြစ် မဖြစ် ပရမတ္ထအစစ်

**‘ဖြစ် မဖြစ် ပရမတ္ထအစစ်’** ဟော ဖြစ်တာက **‘ဖြစ်ပရမတ်’**၊ **‘ဖြစ်ပရမတ်’**က **‘သင်္ခတ’**

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်။ ကြားရင် ဖြစ်တယ်၊ အဲဒါ အသံကြားရင် ဖြစ်တဲ့ ပရမတ်၊ မဖြစ်တာကလည်း ပရမတ်ပဲ၊ **'အသင်္ခတ'** ပရမတ်ခေါ်တယ်။ **'အဇာတ'** လို့လည်းခေါ်တယ်။ **'ဖြစ် ပရမတ်၊ မဖြစ် ပရမတ်၊ ဖြစ် မဖြစ် ပရမတ္ထအစစ်'**၊ 'မဖြစ်တာတွေ' လိုက်လိုက်ကြည့်ရတယ်။ 'မဖြစ်တာတွေ' လိုက်ကြည့်မှ ငြိမ်းမှာ။ 'ဖြစ်တာတွေ'သာ လိုက်ကြည့်လို့ရှိရင် ဆန်မရှိတာတွေရော၊ ပိုက်ဆံ မရှိတာတွေရော အကုန်လိုက်ကြည့်တော့ မငြိမ်းနိုင်တော့ဘူး။ ဒီတော့ မြတ်စွာဘုရားက နိဗ္ဗာန်ဟောထားလျက်နဲ့ သူတို့စိတ်က ပူတယ်ဆိုတော့ မဟန်ဘူး၊ အဲ **'ဝိပါကဓမ္မာ'**၊ **'ဝိပါက ပစ္စယော'**၊ ဝိပါကပစ္စယော ပြီးတော့ လောဘတွေ ဒေါသတွေဖြစ်တော့ **'ဟေတုပစ္စယော'**၊ အဲသည်လို ဝိပဿနာနဲ့ပဋ္ဌာန်းက အဲလိုဟာမျိုး။ အဲလို **'အကြောင်းအကျိုး'** ကို သိတာကိုပဲ **'ပဇာနာတိ သဟေတုဓမ္မံ'** တဲ့။

**အစဦးဆုံး အကြောင်းအကျိုးကိုသိ**

**'အကြောင်းအကျိုး'**ကို သိလိုက်တော့ လူမဟုတ်တော့ဘူး၊ သတ္တဝါတွေ မဟုတ်တော့ဘူး။ အဲဒါတွေ ပျောက်သွားတယ်။ **'ပဇာနာတိ သဟေတုဓမ္မံ'** ပထမအစဦးဆုံး **'အကြောင်းအကျိုး'**ကို သိရမယ်။ **'အကြောင်းအကျိုး'**ကို မသိဘဲနဲ့တော့ ဟော လူတို့ဘာတို့ သိနေတာ၊ မြင်လိုက်လည်းသိ၊ ကြားလိုက်လည်းသိ၊ ဘယ်သူက ဘယ်လိုတဲ့လို့ ပြောလိုက်လည်းသိ၊ အဲဒါ **'အကြောင်းအကျိုး'** မသိတာခေါ်တယ်။ **'အကြောင်းအကျိုး'** သိလိုက်လို့ရှိရင် ငြိမ်းတယ်၊ နိဗ္ဗာန်ရောက်တယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။ အေး အဲလိုမှတ်ထား၊ 'ဝိပါကာ'။

**'မျက်စိက ဝိပါကာ၊ ဆဲချင်တာက ကိလေသာ'**၊ အဲဒါ မျက်စိက **'ဝိပါကဝဋ်'**ပဲ။ 'ဝဋ်မှ သုံးပါး၊ ဝိပတ္တိတရားလေးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍' လို့ဆိုတယ်။ မျက်စိက ဝိပါကကြီး ဖြစ်နေတယ်၊ အချင်းချင်း ထူးကုန်တယ်၊ 'ကုသိုလ် အကုသိုလ်တို့၏ အကျိုးတရားကြီး' ခေါ်တယ်၊ 'ပသာဒရုပ်' လည်း ခေါ်တယ်၊ 'အဟေတုက' လည်းခေါ်တယ်၊ 'အဟိတ်'ခေါ်တယ်။ 'အဟိတ်' မှာ သူ့မှာ လောဘ ဒေါသ မရှိဘူးခေါ်တယ်။ ဒါ 'အဟိတ်'က ရုပ်ကိုး၊ ဒီတော့ 'ကာမာဝစရ' လည်းခေါ်တယ်၊ 'အဟေတုကသပစ္စယ' လို့လည်းခေါ်တယ်။ 'အကြောင်း' ရှိရင်ဖြစ်တယ်၊ အဲဒီမျက်စိ၊ **'အာသဝံ- အာသဝေါတရား'** နဲ့တကွလည်း ဖြစ်တယ်။

**အဝိဇ္ဇာ မောဟရဲ့အစိပ္ပာယ်**

**'အာသဝေါတရား'** ဆိုတာက လောဘရယ် ဒိဋ္ဌိရယ် မောဟရယ် အဲဒီ သုံးခု မှတ်ထား၊ လောဘရယ် ဒိဋ္ဌိရယ် မောဟရယ်၊ လူတွေဘာတွေ သိနေပြီဆိုလို့ ရှိရင် အဲဒါ **'မောဟ'**ပေါ့။ ကမ္မဋ္ဌာန်းရှုလို့ရှိရင် **'မောဟ'**ကို မောဟမှန်းသိအောင် **'ဤဟာ အာသဝ'** လို့ ဆိုရတယ်။ **'ဤဟာ**

www.burmeseclassic.com

www.burmeseclassic.com



**အာသဝ**’၊ လူတွေ ဘာတွေလို့ထင်ရင် အဲဒါ ဒိဋ္ဌိကိုး၊ မောဟကိုး၊ ပြီးတော့ **‘အဝိဇ္ဇာ’**၊ **‘အဝိဇ္ဇာ’** လို့သာ ပြောကြတာ၊ **‘အဝိဇ္ဇာ’** က စာလို ပါဠိလိုဖြင့် ဟောတော့၊ တော်တော့ဟာ မသိကြဘူး။ ‘**အဝိဒိတံ -** မသိအပ်သော မိန်းမ ယောက်ျား အစရှိ သည်ကို၊ **ဝိန္ဒတိ**-သိတတ်၏။ **ဣတိ တသ္မာ**-ထို့ကြောင့်၊ **အဝိဇ္ဇာ**-အဝိဇ္ဇာမည်၏’တဲ့။

**‘အဝိဇ္ဇာ’** ဆိုတာ မသိအပ်တဲ့ဟာတွေကိုသိတာ အဝိဇ္ဇာခေါ်တယ်။ မသိအပ်တာက မိန်းမ ယောက်ျားတွေ၊ မသိအပ်တာ သိတာက မောဟဖြစ်တယ်။ အဲဒီ**‘မောဟ’**ကို အဝိဇ္ဇာ လို့ခေါ်တယ်။ ဒါကြောင့် **‘ဟေတုပစ္စယော’** မှာ လောဘ၊ ဒေါသ၊ မောဟလို့ ဒီလိုပါတယ်။ **‘အဝိဇ္ဇာ’**လို့ မပါဘူး။ ပဋိစ္စသမုပ္ပါဒ်ကျတော့ **‘အဝိဇ္ဇာ’**က စတယ်။ အဲဒီ **‘မောဟ’**ရဲ့ အကြောင်း အဓိပ္ပာယ်ကို သိလိုက်လို့ရှိရင် **‘ဝိစိကိစ္ဆာတွေ’** ခေါင်းထဲရှင်းသွားတယ်။ဟုတ်ကဲ့လား၊ အဲဒီလို မှတ်ထားနော်။ အဲဒီလိုလေးဝမ်းထဲကို ရှင်းပေးလိုက်တာကို မြတ်စွာဘုရားက **‘တရား’**ခေါ်တယ်တဲ့။ **‘ဟေတုပစ္စယော’**၊ **‘အာရမ္မဏပစ္စယော’**၊ ဟော အာရမ္မဏပစ္စယောက **‘မျက်စိမြင်တုံ’**၊ အဲဒါ ဘာကိုဟောတာတုံးဆိုရင် အာရမ္မဏပစ္စယောကို ဟောတာ၊ **‘မျက်စိမြင်တုံ ရုပ်ပါရုံ လူ့ပုံမမှတ်ရ’**။

**သညာတော့ ဟုတ်တယ်၊ သညာက္ခန္ဓာတော့မဟုတ်**

မျက်စိက မြင်တာတွေဟာ **‘လူတွေပြောတဲ့ပုံ’** လို့မမှတ်နဲ့တဲ့၊ မှတ်လိုက်ရင် ဘာခေါ်တုံး ဆိုတော့ **‘သညာ’** ခေါ်တယ်။ အဲဒီသညာကို **‘ဒိဋ္ဌိသညာ’** လို့ခေါ်တယ်။ **‘သညာက္ခန္ဓာ’** တောင် မမည်ဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ သညာမစစ်လို့၊ **‘သညာ’** တော့ဟုတ်တယ်၊ **‘သညာက္ခန္ဓာ’** တော့ မဟုတ်ဘူး၊ ဟုတ်ကဲ့လား (မှန်လှပါဘုရား)။ ဆိုကြည့်လိုက်ရတယ်၊ လူတွေ ဘာတွေကို အမှတ်ရလို့ရှိရင် **‘သညာက္ခန္ဓာ’** မဟုတ်ဘူးလို့၊ အဲဒါမှ အဘိဓမ္မာနဲ့လျော်စွာ ဖြစ်သွားတယ်။

**‘မျက်စိကမြင်’**၊ ဘယ်သူက မြင်တာတုံး (မျက်စိကမြင်တာပါဘုရား)။ မျက်စိက **‘ရုပ်’**၊ မြင်တာက **‘နာမ်’**၊ ဒီလိုခေါ်တယ်၊ မျက်စိကဘာတုံး (ရုပ်ပါဘုရား)။ မြင်တာက ဘာတုံး (နာမ်ပါ ဘုရား)။ အဲဒီ **‘မျက်စိ’** ထဲ **‘လူ’** ဘယ်မှာတုံး (မရှိပါဘူးဘုရား)။ **‘မျက်စိကမြင်’** အဲဒီလိုလေး ဆိုဆိုသွားရတယ်။ **‘မျက်စိကမြင်တုံ’** လို့ဆိုဆိုသွား။ **‘ဤဟာရုပ်’** လို့ဆိုချင်ဆိုသွား၊ ဘာဖြစ်လို့တုံးဆိုတော့ **‘အဆင်း’** ဆိုတာက **‘ရုပ်’**ကိုး။ **‘အဆင်း’**ဆိုတာ ဒီအလင်းလိုပဲ၊ အလင်း ဆိုတာ **‘မီး’**၊ မီးဆိုတာ **‘ခဏ’**၊ ခဏလေးဆိုတာ **‘အချိန်’**၊ အဲဒီ အချိန်ထဲမှာ ဖြစ်နေတဲ့ **‘သဘာဝ’** တွေကို **‘သတ္တဝါ’** လို့ လူတွေက ခေါ်နေကြတာ။ စင်စစ် **‘သတ္တဝါ’** က မရှိဘူး၊ အနောက်တိုင်းအ လောကဓာတ်ဆရာ တွေလည်း သတ္တဝါဆိုတာ မရှိဘူး၊ **‘ဒြပ်’**တောင်မှ မရှိဘဲနဲ့ ဘယ်လူတွေ ရှိနိုင်ပါ့မတုံး (မှန်ပါ့ဘုရား)၊ အဲလိုမှတ်ထားနော်။

www.burmeseclassic.com

www.burmeseclassic.com



**လူမြင် ပိယရုပ်**

**'မျက်စိကမြင် အဆင်းမြင် လူမြင်ပိယရုပ်'**၊ မျက်စိက မြင်တာက အဆင်းမြင်တာ၊ စိတ်ထဲက လူမြင်လိုက်လို့ရှိရင် အဲဒါ **'ပိယရုပ်'** ဖြစ်သွားတယ်။ လောဘမူ၊ ဒေါသမူနဲ့ ဒိဋ္ဌိတို့ရဲ့အာရုံဖြစ်တဲ့ ရုပ်ဖြစ်သွားတယ်။ အဲဒါကို မြတ်စွာဘုရားက တကယ်သိစေချင်လွန်းလို့ **'အာရမ္မဏပစ္စယော'**လို့ ဟောလိုက်တာ တစ်ခါတည်း နတ်ပြည်မှာ သိန်းသန်းကုဋေချီပြီး တရားတွေရကုန်တယ် (မှန်လှပါဘုရား)။ သူတို့ ရုပ်တွေက ဆေးလိပ်မီးခိုးလို ရုပ်တွေ။

**မျက်စိမြင်တုံ ရူပါရုံ လူ့ပုံမမှတ်ရ မျက်စိကမြင် မနှိုင်းယှဉ် ဤတွင် တရားရ။**

**မျက်စိကမြင် အဆင်းမြင် လူမြင် အာသဝ။**

ဟော လူတွေဘာတွေမှန်း မမြင်အောင် ကြည့်ရတယ်။ မိန်းမတွေက ယောကျ်ားတွေလို့ မမြင်အောင် ကြည့်ရတယ်။ ယောကျ်ားတွေက မိန်းမတွေကို မိန်းမတွေမှန်း မသိအောင် ကြည့်ရတယ်။

**ဝိပါက ကနေ ကိလေသာမဖြစ်ဘူးဆိုလို့ရှိရင်**

**'မျက်စိကဝိပါကာ၊ လိုချင်တာကကိလေသာ၊ ရလိုက်တော့ကမ္မာ'။**

ရလိုက်တော့ ဟိုဟာလုပ် ဒီဟာလုပ်နဲ့ **'ကမ္မာ'** ဖြစ်သွားတာပဲ့။ ကာယကံ၊ ဝစီကံ၊ မနောကံက အဲဒီ **'ဝိပါကဝဋ်'**ကဖြစ်တာ။ **'ဝိပါက'** အဖြစ်က ကိလေသာ ဖြစ်တယ်တဲ့။ အဲဒီ **'ဝိပါက'** ကနေ ကိလေသာမဖြစ်ဘူးဆိုလို့ရှိရင် တရားကောင်းသွားတာပဲ။ ရှေးတုန်းကလည်း ဝိပါကာထဲက ကိလေသာမဖြစ်ဘူးတဲ့။ **'ဝိပါက'** ကို ဝိပါက မှန်းသိတယ်။ အခုဟာက လူတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေလို့ ဒီလိုသိတယ်၊ အဲဒီတော့ ဒီအသိမဟုတ်ဘူးဆိုပြီးတော့ကို 'မဟုတ်ဘူး မဟုတ်ဘူး' လို့ငြင်းရတယ်။ အဲလိုငြင်းမှလည်း မှန်လာတယ်လို့ အဲလိုမှတ်ထား။

**မျက်စိကနေ ခြိုးခြံစွာကျင့်**

**'မျက်စိကဝိပါကာ'**၊ အဲဒီမျက်စိကဘာတွေမြင်တုံးဆို **'စက္ခုနာ ရူပံဒိသွာ နနိမိတ္တဂ္ဂါဟီ'**တဲ့၊ မြတ်စွာဘုရားက **'တပေါစ'** လည်းပါ ပါတယ်။ **'တပေါစ**- ဣန္ဒြေတို့ကို ခြိုးခြံစွာကျင့်ရခြင်းသည် လည်းကောင်း' တဲ့၊ မျက်စိက ကြည့်ချင်တိုင်းမကြည့်ရဘူး။ ရာဂဖြစ်စရာဆိုမကြည့်နဲ့၊ အဲဒီဟာမျိုး၊ အဲဒါကို **'ခြိုးခြံတယ်'** လို့ခေါ်တယ်။ ရာဂဖြစ်စရာတွေလျှောက်ကြည့်နေရင်တော့ ရာဂတွေ ဖြစ်သွားမယ်။

www.burmeseclassic.com

www.burmeseclassic.com



### အန္တရာယ်အသွယ်သွယ် နိမိတ်ကြီး နိမိတ်ငယ်

မျက်စိကကြည့်တော့ နိမိတ်ကြီး နိမိတ်ငယ်တွေကို မြင်မယ်။ **'နိမိတ်ကြီးတွေ'**က မိန်းမတွေ ယောကျ်ားတွေကို ခေါ်တယ်။ အဲဒီယောကျ်ား မိန်းမဆိုတာ ရာဂကိုဖြစ်စေတတ်လို့ သူ့ကို **'နိမိတ်ကြီး'**လို့ခေါ်တယ်။ အဲဒီဟာတွေ မမြင်နဲ့ အဲဒီဟာတွေမြင်ရင် မှားပြီးတော့ ဒို့ပြင် တခြားရောက်ကုန်တယ်။ ပြီးတော့ **'နိမိတ်ငယ်'**က လက်တွေ၊ ခြေတွေ၊ သဏ္ဌာန်တွေ၊ ခေါင်းတွေ၊ မျက်နှာတွေ၊ ရင်ဘတ်တွေ အဲဒါတွေကို နိမိတ်ငယ်လို့ခေါ်တယ်။ ကိလေသာကို အဖန်ဖန်ပြတတ်သောကြောင့် သူ့ကို **'အနုဗျဉ္ဇန'**လို့ခေါ်တယ်။

**'နိမိတ်ကြီး နိမိတ်ငယ် အသွယ်သွယ် မျက်စိဝယ် မမြင်ရ၊ 'တပေါစ**- ဣန္ဒြေတို့ကို ခြိုးခြံစွာကျင့်ရခြင်းသည်လည်းကောင်း၊ **ဗြဟ္မစရိယဉ္စ**- မြတ်သောအကျင့်ကိုကျင့်ရခြင်းသည် လည်းကောင်း'၊ **'ဣန္ဒြိယသံဝရ'** ကျတော့ကို **'တပေါစ'** တည်းကကို တရားကရပြီးသား။ **'ဗြဟ္မစရိယဉ္စ'** ဆိုတာဖြစ်တယ်။ အဲလို ဣန္ဒြေတို့ကို ခြိုးခြံစွာကျင့်မှ မြတ်သောအကျင့်ကို ကျင့်တယ်မည်၏။

### အရိယသစ္စာနဒဿနံ

ပြီးတော့ **'အရိယသစ္စာန ဒဿနံ'**၊ အရိယသစ္စာဆိုတာ အရိယာတို့ သိတဲ့သစ္စာ။ အရိယသစ္စာအရင်က ပရမတ္ထသစ္စာရှိတယ်။ အဲဒီ ပရမတ္ထသစ္စာက **'မြင်ကြားစသည့် ကြံသိသမျှ သင်္ခါရက အနိမိတ္တ'**၊ အဲဒါ အနိမိတ္တတွေ။ နိမိတ်မရှိဘူး။ မြင်တာလေးက နိမိတ်မရှိဘူး အဲလို မှတ်ထား၊ **'မြင်ကြားစသည့် ကြံသိသမျှ'**၊ အဲဒါကြံတာတွေဟာ **'သင်္ခါရ'** ခေါ်တယ်။ ဖြစ်တာ ဖြစ်ပေါ်တာကို သင်္ခါရခေါ်တယ်။ ဒါကြောင့် **'သဗ္ဗေသင်္ခါရာ'**လို့ခေါ်တယ်။ **'သင်္ခတ'**လို့လည်း ခေါ်တယ်။ **'မြင်ကြားစသည့် ကြံသိသမျှ သင်္ခါရက အနိမိတ္တ'**၊ ယောကျ်ား မိန်းမ နိမိတ်တို့လည်း မရှိဘူး၊ လက် ခြေ သဏ္ဌာန်ဆိုတဲ့ နိမိတ်လည်း မရှိဘူး၊ စိတ်ထဲတွင် မရှိဘူး၊ စိတ်ထဲတွင် ရောက်သွားတာ။ စိတ်ထဲတွင် ဂရုစိုက်နော်။ ရှေးရှေးတုန်းကဟာတွေ မထားနဲ့ ဟုတ်ကဲ့လား။

### ပဉ္စုပ္ပန်အသိတစ်လုံး အမြတ်ဆုံး

**'မြင်ကြားစသည့် ကြံသိသမျှ သင်္ခါရက၊ အနိမိတ္တ အနိစ္စကေန် ဒုက္ခမှန်သည်၊ ပစ္စုပ္ပန်ကို ရုပ်နာမ် ပြောရ'**၊ ပစ္စုပ္ပန်ကလေးပဲ ရုပ်နာမ်။ ပစ္စုပ္ပန်ပဲရှိတယ်။ ပူရင် ပူတဲ့ သဘောလေးပဲရှိတယ်၊ သဘောဆိုတာ ပစ္စုပ္ပန်ခေါ်တယ်။ **'ပစ္စုပ္ပန္န တစ်ခုမျှ၌ လောကအထု အကုန်စုငြ်'**၊ အခုပြော

www.burmeseclassic.com

www.burmeseclassic.com



နေတာ ကြားလိုက်တာ ပစ္စုပ္ပန်ကလေးပဲရှိတယ်။ ဒီ့ပြင် မရှိတော့ဘူး။ အဲဒါပစ္စုပ္ပန်ကလေးပဲ၊ **'ပစ္စုပ္ပန္နံ ပူပွဲခံ၊ အနာဂတံ ဘေးကြီးရံ'** စိုးရိမ်တယ်ဆိုလည်း ပစ္စုပ္ပန်ကလေးပဲ၊ ပစ္စုပ္ပန်ကို မစိုးရိမ်ဘူးဆိုရင် မစိုးရိမ်တော့ဘူး။ **'အနာဂတံ ဘေးကြီးရံ'** အခုလိုစိုးရိမ်နေမယ်ဆိုလည်း နောက်လည်း စိုးရိမ်နေရမှာပဲ။ ဒါကြောင့် **'အနာဂတံ ဘေးကြီးရံ အတီတံကား အသုဉ်းထား ဤသို့မှတ်ရာ၏'။**

ပစ္စုပ္ပန်ပဲ လောကကြီးမှာရှိတယ်၊ ပစ္စုပ္ပန်ပဲ။ အဲဒီ ပစ္စုပ္ပန်ဆိုတာလည်း **'ပဋိစ္စ ဥပ္ပန္နံ'** တဲ့။ **'ပဋိစ္စ**- အကြောင်းကိုစွဲ၍၊ **ဥပ္ပန္နံ**- ဖြစ်သည်တည်း။ **ပစ္စုပ္ပန္နံ**- အကြောင်းကိုစွဲ၍ဖြစ်သည်'။ အဲဒီ ကြားတာလေးလည်း အကြောင်းကိုစွဲပြီး ဖြစ်တာလေးကို **'ပစ္စုပ္ပန္နံ'** ခေါ်တယ်။ **'ဖြစ်တာလေး'** က **'သဘာဝ'**၊ **'အချိန်လေး'** က **'ကာလ'**။ အဲဒီစက္ကန့်လေးထဲမှာ ဖြစ်တာလေးနဲ့ စက္ကန့်လေးနဲ့ဟာ အတူတူပဲ။ **'ကာလ'** ထဲမှာ **'သဘာဝလေး'** ဖြစ်တယ်။ အဲဒီသဘာဝလေးထဲမှာ **'ငါ'**မပါနဲ့လို့ **'နာဟံ ကွစိ'**ဆိုတဲ့ ပါဠိဂကရှိတယ်။ အဲဒီထဲမှာ **'ငါ'** မပါဘူးတဲ့၊ ဟုတ်ကဲ့လား။

**'ကြားတာထဲမှာ ငါမပါ မြင်တာထဲမှာ ငါမပါ'** အဲလိုမှ ဒိဋ္ဌိက စင်စင်ကွာတာကိုး။ ဒီတော့မှ ဒိဋ္ဌိစင်တော့မှ ရှင်းတယ်။ **'ငါ့'** ဘယ့်နှယ်နေပါလိမ့်မလဲ၊ **'ငါ'**ကို ထည့်မစဉ်းစားတော့ဘူး၊ အဲဒီ **'ငါ'**ပါလို့ရှိရင် စဉ်းစားတဲ့ဟာတွေက **'ငါ့ဟာကြီး'**ပဲ ပါနေတယ်။ မနေ့ကဘယ်သွားတယ်၊ ငါ့ပိုက်ဆံ မရသေးဘူး၊ ငါ့နှယ် ဘယ်လို အဲလိုစဉ်းစားတာတွေ ပါလာတယ်။ အရိယမဂ်ဆိုလို့ရှိရင် **'အရိယသစ္စာ'**ဆိုရင် အဲလိုဟာတွေမရှိဘူးတဲ့၊ အဲလိုခွဲခွဲခြားခြားလေး သိသိပေးနော်။ သို့မဟုတ်လို့ရှိရင် ရောရောသွားတတ်တယ်။

သူက ဒိဋ္ဌိဂတဝိပ္ပယုတ်ကလည်းရှိသေးတယ်။ အဲဒီ **'ငါတွေ'** ဂရုစိုက်ရတယ်နော်။ **'မျက်စိက ဝိပါကာ'** အဲဒီ မျက်စိကလည်း **'ဝိပါက'**လည်းခေါ်တယ်။ **'က္ကန္ဒြိယ'** လည်းခေါ်တယ်။ ဘယ်လိုခေါ်လဲ (က္ကန္ဒြိယလည်းခေါ်ပါတယ်ဘုရား)။ **'က္ကန္ဒြိယ'** စက္ခုပသာဒက က္ကန္ဓေ။ ဟို မြင်တာကျတော့ **'မနိန္ဒြေ'** ဖြစ်သွားတယ်။ စက္ခုတို့ သောတတို့ ဃာနတို့ ဇိဝှါတို့ ကိုယ်တို့ဆိုတာ **'ကာယိန္ဒြေ'**ခေါ်တယ်။ ပြီးတော့ မြင်တာတွေ ကြားတာတွေကတော့ **'မန'**ခေါ်ပြီး မနိန္ဒြေထဲ သွင်းလိုက်တော့ **'က္ကန္ဓြေခြောက်ပါး'** ဖြစ်သွားတယ်။

### အချိန်နေရာ သဘာဝတွေက လွတ်မြောက်အောင်

အဲဒီ **'က္ကန္ဓြေခြောက်ပါး'** က ဘာတုံးဆိုတော့ စက္ခုက **'ရုပ်'**၊ အဆင်းက **'ရုပ်'**၊ မြင်တာက **'နာမ်'**၊ အသံက **'ရုပ်'**၊ နားက **'ရုပ်'**၊ ကြားတာက **'နာမ်'**၊ **'က္ကန္ဓြေခြောက်ပါး'**ဆိုတာလည်း **'ရုပ်နာမ်'**ပဲရှိတော့တယ်နော်။ **'ရုပ်နာမ်'**ကို လက်မလွှတ်နဲ့၊ အဲဒါမှ ဟိုမြို့တွေ ရွာတွေဆီ

www.burmeseclassic.com

www.burmeseclassic.com



မရောက်ဘူး။ ချုပ်တဲ့နေရာဆီ ရောက်မှာ။ ဒါမှ မဟုတ်ရင် မြို့တွေ ရွာတွေ ဘုံတွေဆီရောက်သွားမှာ။ ခွေးတွေနေတဲ့ နေရာတွေ၊ ဝက်တွေ နေတဲ့ နေရာတွေ၊ ငရဲနေတဲ့ နေရာတွေ အဲဒါ **'နေရာတွေ'** က **'အချိန်'**ထဲမှာ **'သဘာဝ'** ထဲမှာ ရှိတယ်။ အဲဒီထဲမှာ ခွေးနေရာ၊ ဝက်နေရာ၊ ငရဲနေရာ၊ တစ္ဆေနေရာတွေက နေရာခေါ်တယ်၊ အဲဒီနေရာကို **'အာကာသ'** ခေါ်တယ်။

အာကာသနဲ့ Time ဆိုတဲ့ စကြန့်လေးက အချိန်ပဲ။ အဲဒါလေးက **'အနာဒိ အနန္တ'** Infinity ဆိုတော့ တစ်ခါတည်းနှိုင်းယှဉ်လို့မရဘူး။ အဲဒါလေးတွေကို ဉာဏ်ထဲကနေထုတ်မှ စဉ်းစားမှ၊ ကိုယ့်ကိုယ်ကို မထုတ်လို့ရှိရင် **'ကာလ'**ထဲနဲ့ **'နေရာ'**ထဲပဲ တဝဲလည်လည်ဖြစ်ပြီးတော့ ဝဋ်ထဲလည်လိမ့်မယ်၊ ကာလထဲကလည်း မလွတ်ဘူး၊ နေရာထဲကလည်း မလွတ်ဘူး။ဗြဟ္မာကြီးတွေ သုံးဆယ့်တစ်ဘုံကနေ လွတ်အောင်သွားတာ သူတို့မလွတ်ဘူး၊ အဲလိုပဲ တဝဲ လည်လည် ဖြစ်နေတယ်။ သုခလေးတွေ ဘာလေးတွေကို ချမ်းသာတယ်လို့ နိဗ္ဗာန်အဖြစ် မှတ်ချင်မှတ်နေတာ (မှန်လှပါဘုရား)။ အဲလိုမှတ်ထားနော်။

**'သင်္ခတသင်္ခါရာ'**၊ သင်္ခါရဆိုတာဖြစ်တာကိုခေါ်တယ်နော်။ **'ဥပ္ပါဒေါ သင်္ခါရာ'**၊ အခုငြိမ်နေတယ်၊ မဖြစ်ဘူး၊ တော်ကြာကြားလိုက်ရင် **'ဥပ္ပါဒ'** ဖြစ်လာတယ်။ ဖြစ်လာတယ်ဆိုရင် သင်္ခါရပဲ။ **'သင်္ခါရ ဒယောဝ ဝတ္တန္တိ-** သင်္ခါရတို့သည်သာလျှင် ဖြစ်တယ်'လို့ အဲဒီလို့ဆိုရမယ်။ ဘယ့်နှယ်ဆိုမယ် (သင်္ခါရတို့သည်သာလျှင် ဖြစ်ပါတယ်ဘုရား)။ အဲလို နှလုံးသွင်းရတယ်။ အဲလိုဆိုရတယ် **'သင်္ခါရတို့သည်သာလျှင် ဖြစ်တယ်'**လို့၊ **'အဝိဇ္ဇာဒိ ဟေတုဟိ'**၊ **'အဝိဇ္ဇာ-** အစရှိသည်တို့ကြောင့်၊ **သင်္ခါရ-** အစရှိသည်တို့သည်သာလျှင်၊ **ဝတ္တန္တိ-** ဖြစ်ကုန်၏'။ **'ဖြစ်တယ်'**ဆိုတာ **'သင်္ခါရ'**ပဲ။ ဒါကြောင့် မြတ်စွာဘုရားက **'သင်္ခတသင်္ခါရ'** လို့ခေါ်တယ်၊ **'သင်္ခါရတွေ'**က **'ဥပ္ပါဒ'** ကဖြစ်တဲ့ ဟာတွေ။ **'ဓမ္မတွေ'**က **'သဘာဝတွေ'**က ဖြစ်တာ။

ဒါကြောင့် ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလာန်တို့ကတော့ **'ယေဓမ္မာ ဟေတုပ္ပဘာဝါ'** နဲ့အတူတူပဲ။ ပဋိစ္စသမုပ္ပါဒ်ရယ်၊ ပဋ္ဌာန်းရယ်၊ ဟေတုပ္ပဘာဝါရယ်၊ ကံ စိတ် ဥတု အာဟာရရယ် အတူတူပဲ။ အဲဒီဟာတွေမရှိတာကို **'ပစ္စယာနံ ခယံ'**အကြောင်းတွေကုန်တာကို မြတ်စွာဘုရားက သိသွားတယ်တဲ့ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။ အကြောင်းကုန်လို့ရှိရင် နိဗ္ဗာန်ရှိတယ်တဲ့။ အဲလို မှတ်ထားနော်၊ **'ပစ္စယာနံ ခယံ အဝေဒိ'**။ **'ပစ္စယာနံ-** ပစ္စည်းတို့၏၊ **ခယံ-** ကုန်ခြင်းကို'၊ ဒါ **'ဟေတုပစ္စည်း၊ အာရမ္မဏပစ္စည်း'** ဆိုတာတွေလည်း ပစ္စည်းပဲ။ စောစောတုန်းက **'ဝိပါကပစ္စည်း'** ဆိုတာကလည်း ပစ္စည်းပဲမဟုတ်လား၊ မျက်စိတွေက **'ဝိပါက'**ပဲ၊ မျက်စိတွေ ဆိုတာက **'ဝိပါက ပစ္စည်း'**၊ ဟိုအာရုံတွေက **'အာရမ္မဏပစ္စည်း'**။ အာရုံတွေကဘာတုံး (အာရမ္မဏပစ္စည်းပါဘုရား)၊

www.burmeseclassic.com

www.burmeseclassic.com



**'မျက်စိမြင်တုံ့ ရူပါရုံ'**၊ အဲလို ပဋ္ဌာန်းနဲ့သွားလို့ရှိရင်လည်း **'ပဋ္ဌာန်းတရား'**လို့ ဆိုဆို၊ **'ပဋ္ဌာန်းကမ္မဋ္ဌာန်း'** လို့ဆိုဆိုဖြစ်တယ်။ ပဋ္ဌာန်းတရားကို ရွတ်ဆိုလိုက်လို့ရှိရင် တစ္ဆေတွေ ဘာတွေကလည်း မကပ်နိုင်ဘူးတဲ့၊ ခန္ဓာကိုယ်က စေတီထိုက်နေတယ်။ ပဋိစ္စသမုပ္ပါဒ်တို့ ပဋ္ဌာန်းတို့ အဲဒီဟာတွေကို ဆင်ခြင်လည်းဆင်ခြင်၊ ရွတ်လည်းရွတ်၊ ရွတ်မယ်ဆိုလို့ရှိရင် အဲဒီ တိုတိုလေးပဲရွတ်လည်းရတယ်။ ကိုယ့်ရဲ့ စီးပွားရေးရော ဘာတွေရော အကုန်ကောင်း၊ ပြီးတော့ ပဋ္ဌာန်းဆိုတာ မြတ်စွာဘုရား ပွင့်ထွန်းမှ ပေါ်တဲ့ဟာတွေ။

**ပါဠိဟောစဉ် နဲ့ ဖြစ်စဉ်ဟောစဉ်**

**'ဟေတုပစ္စယော'**၊ **'ဟေတုပစ္စယော'**နဲ့ ဆိုတာကတော့ ပါဠိအတိုင်းရွတ်တာ။ အခုက ဖြစ်တဲ့အတိုင်းဟာ **'ပဝတ္တိ'** ဖြစ်စဉ်ခေါ်တယ်။ အဲဒါက **'ပါဠိ ဟောစဉ်'** ခေါ်တယ်။ အခုဟာက **'ဖြစ်စဉ်ဟောစဉ်'**၊ **'စက္ခာယတနံ စက္ခုဝိညာဏ ဓာတုယာ'**၊ **'စက္ခုဝိညာဏ'**ဆိုတာ မြင်တဲ့ဟာကို ခေါ်တယ်။ **'စက္ခာယတနာ'**ဆိုတာ မြင်တာ၊ 'မျက်စိကမြင်' အဲဒါ **'နိဿယပစ္စည်း'** လည်း ဖြစ်တာပဲ၊ **'အတ္ထိပစ္စည်း'** လည်းဖြစ်တာပဲ။ အဲလိုမှတ်ထားနော်၊ ဟော **'စက္ခာယတနံ'**၊ အဲဒါ လူလားဆိုတော့ **'စက္ခာယတနံ'**တဲ့။ စက္ခုပဲ၊ မျက်စိကိုပြောတာ၊ အဲဒီဟာတွေ ပြောရင်လည်း ရတာပဲ။ ခုတော့ မျက်စိလေးတင်ပဲ ပြောလို့က မကုန်နိုင်ဘူး။ မျက်စိကလည်း **'ငါ'** ထင်တာကိုး။ **'စက္ခုံ အတ္တတော သမနုပဿတိ'** လို့ဆိုတော့ မျက်စိလေးပဲ **'ငါ'** ထင်နေတာကရှိသေး။ အခု မျက်စိလေး **'ငါ'**ထင်သေးသလား (မထင်တော့ပါဘူးဘုရား)။

အေး အဲလို **'ငါ'** မထင်တော့မှ **'စက္ခုံ အနတ္တတော အနုပဿတိ'** တဲ့၊ **'အနိစ္စတော အနုပဿန္တော နိစ္စသညာ ပဇဟာတိ'**၊ **'အနိစ္စတော'** လို့ အနိစ္စလို့ရှုတဲ့ ပုဂ္ဂိုလ်အား **'နိစ္စသညာ'**ကို ပယ်၏။ **'ဒုက္ခသညာ'** - ဒုက္ခသညာကို ရှုတဲ့ပုဂ္ဂိုလ်အား **'သုခသညာ'**ကို ပယ်၏။ **'အနတ္တ'**- လို့ ရှုတဲ့ ပုဂ္ဂိုလ်အား **'အတ္တသညာ'**ကို ပယ်၏တဲ့။ မျက်စိလေးကို မျက်စိလေး တစ်လုံးတည်းကို ပြောနေတာ။ ပြီးတော့ **'နိဗ္ဗိန္ဒန္တော**-ငြီးငွေ့သည်ရှိသော်၊ **နန္ဒိံ** - နှစ်သက်ခြင်းကို၊ **ပဇဟာတိ**- ပယ်၏' လို့ဟောတယ်။ **'ရာဂံ** - တပ်မက်ခြင်းကို၊ **ပဇဟာတော** -ပယ်စွန့်သည်ရှိသော်၊ **ဝိရာဂ**- တပ်ခြင်းကင်း၏'တဲ့။ **'အာဒါနံ** -သမုဒယဖြစ်ခြင်းကို၊ **ပဇဟာတော**- ပယ်သည်ရှိသော်'၊ **'အာဒါနံ**- ယူခြင်းကို'၊ မျက်စိကို ငါလို့ မယူလိုက်လို့ရှိရင်လည်း အဲဒါလည်း ပယ်တာပဲ၊ **'ငါ့ဟာ'** ဆို့ စွန့်နိုင်လို့ရှိရင်လည်း ပယ်တာပဲ၊ အဲလို မှတ်ထားနော်၊ အေး ဒါကြောင့် **'မျက်စိကမြင် အစင်းမြင် လူမြင် ပိယရုပ်'**၊ ဟော မျက်စိက မြင်တယ်၊ လူတွေမြင်ပြီဆိုရင် **'ပိယရုပ်၊ သာတရုပ်'** ဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com



လူတွေမမြင်ဘူး၊ အဆင်းပဲမြင်တယ်ဆိုရင် အာသဝေါတောင်ကုန်တယ်တဲ့၊ **'မျက်စိက မြင် အဆင်းမြင် လူမြင် အာသဝ'**၊ အဲဒီလူမြင်တာက ဘာပြုလို့ အာသဝကို ဘယ်လိုကုန်ရမတုံး ဆိုတော့ **'ဇာနတောဟံ ဘိက္ခဝေ ပဿတော အာသဝက္ခယံ ဝဒါမိ နော အဇာနတော နော အပဿတော'** သိတဲ့ပုဂ္ဂိုလ်မှာ အာသဝေါကုန်တယ်၊ သိတဲ့ပုဂ္ဂိုလ်က ဘယ်လိုသိသတုံးဆိုတော့ **'ဒုက္ခန္တိ ပဇာနာတိ'**၊ ဟော **'ဣဒံ ဒုက္ခန္တိ ပဇာနာတိ'**၊ **'ဤဟာ ဒုက္ခ'**လို့ သိရတယ်။

**ခယသ္မိံ ပထမံဉာဏံ**

အဲဒါ ဒုက္ခဆိုတာ ဘယ်လိုသိရသတုံးဆိုတော့- **'ခယသ္မိံ ပထမံ ဉာဏံ'**၊ **'ခယသ္မိံ -** ကုန်ခြင်း၌၊ **ပထမံ** - ပထမ၌၊ **ဉာဏံ -** သိသောဉာဏ်သည်၊ **ခယဉာဏံ -** ခယဉာဏ်မည်၏**'**။ ဒုက္ခသစ္စာကို သိချင်လို့ရှိရင် **'ကုန်တယ်'** ဆိုတဲ့ အဓိပ္ပာယ်ကို အရင်သိရမယ်တဲ့။ ကုန်တယ်လို့ ဆိုတာ **'ခယဋ္ဌေန အနိစ္စံ'**၊ ကုန်တယ်လို့သိတာကို အရင်ဆုံးသိတယ်တဲ့။ မီးတွေထွန်းရင် မကုန်ဘူးလား (ကုန်ပါတယ်ဘုရား)၊ ကားမောင်းသွားရင် ဓာတ်ဆီကော မကုန်ဘူးလား၊ (ကုန်ပါတယ်ဘုရား)၊ ထမင်းတွေစားရင်ကော မကုန်ဘူးလား (ကုန်ပါတယ်ဘုရား)၊ ပိုက်ဆံတွေကော မကုန်ဘူးလား (ကုန်ပါတယ်ဘုရား)။

အကုန်လုံး **'ခယ'**၊ ကုန်တာနဲ့ ပတ်သက်သမျှတော့ အကုန်လုံး **'ဒုက္ခသစ္စာ'**ချည်းပဲ၊ ကုန်တာနဲ့ပတ်သက်ရင် ဘာခေါ်မတုံး (ဒုက္ခသစ္စာပါဘုရား)၊ ကဲ **'ဤဟာ ဒုက္ခသစ္စာ'**၊ အဲလိုလေး ဆိုဆိုပေးရတယ်၊ ဒါမှ ကုန်တတ်တဲ့သဘောတွေဟာ **'ဒုက္ခသစ္စာ'**၊ **'ငါ'** တို့လည်းကုန်တာပဲ။ ငါတို့လည်း ဒုက္ခသစ္စာကြီးဆိုတော့ **'ဒုက္ခသစ္စာ'** မှန်သမျှ လိုချင်သေးလား (မလိုချင်ပါဘူးဘုရား)။ **'သမုဒယ'**ကို ပယ်လိုက်တော့တာပဲ။ ဒါကြောင့် သိဖို့ရာက ပထမဦးဆုံး **'ခယသ္မိံ '** ပဲ၊ **'ခယသ္မိံ-** ကုန်ခြင်း၌၊ **ဉာဏံ -** ဉာဏ်သည်၊ **ပထမံ-** ရှေးဦးစွာဖြစ်သော ဉာဏ်သည်**'**၊ **'ဒုက္ခသစ္စာ'**သိဖို့ရာ ရှေးဦးစွာသိသော ဉာဏ်သည်၊ **'အာသဝေါ'** ကုန်ဖို့ရာ ရှေးဦးစွာသိသော ဉာဏ်ဖြစ်သည်လို့ အဲလို မှတ်ထားကြ။ **'ခယသ္မိံ ပထမံ ဉာဏံ၊ တဒေါ အညာ အနန္တရာ'** တဲ့၊ အေး အဲဒီနောက် မှာတော့ **'တဒေါ အညာ ဝိမုတ္တသ'**တဲ့။ ဝိမုတ္တိသွားတယ်၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။ ဝိမုတ္တိ သွားပြီးတော့မှ **'ခယ'**၊ ကုန်တာသိတာက **'ပထမ'**၊ ပြီးတော့မှ **'သံယောဇဉ်'** ကုန်တာက **'ဒုတိယ'** နောက်ဖြစ်သွားတယ်၊ ကုန်တာလည်းသိရော **'သံယောဇဉ်'** လည်း မရှိတော့ဘူး။ အဲဒီတော့ နိဗ္ဗာန်ရောက်သွားရော ဟုတ်ကဲ့လား (မှန်ပါဘုရား)။ အဲလို လွယ်တဲ့နေရာ အဲဒါတွေရှိတယ်။ ပထမတန်းတွေ အဲလိုမှတ်ထား။

www.burmeseclassic.com

www.burmeseclassic.com



**'ခယသ္မိံ ပထမံ ဉာဏံ'**၊ **'ခယသ္မိံ-** ကုန်ခြင်း၌၊ **ဉာဏံ -** ဒုက္ခသစ္စာကို သိသောဉာဏ်သည်၊ **ပထမံ -** ရှေးဦးစွာတည်း'၊ တစ်ခုသိလိုက်လို့ရှိရင် 'သစ္စာလေးပါး' အကုန်လုံးပါသွားတယ်၊ အဲလိုမှတ်ထား။ နောက် **'ဝိမုတ္တိ'** ဖြစ်တာပဲ။ **'အနိစ္စံ ခယဋ္ဌေန'** လို့ ဆိုဆိုပေး။ **'အနိစ္စံ ခယဋ္ဌေန'**၊ **'ခယဋ္ဌေန-** ကုန်တတ်သောကြောင့်၊ **အနိစ္စံ-** အနိစ္စမည်၏'။ ကဲ လူတွေရှိသေးလား (မရှိတော့ပါဘူးဘုရား)။ လူတွေမရှိရင် **'အနိမိတ္တနိဗ္ဗာန်'** ရောက်သွားတယ်၊ လူတွေမှ အာရုံမပြုဘဲနဲ့ဟာ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။အဲ နောက်တစ်ခါကျတော့ **'ဘယဋ္ဌေန ဒုက္ခာ'**၊ **'ဘယဋ္ဌေန -** ကြောက်တတ်သောကြောင့်၊ **ဒုက္ခာ -** ဒုက္ခမည်၏'။

ဟော လူတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေ၊ ခွေးတွေ၊ ဝက်တွေ၊ သတ္တဝါတွေဆိုတော့ သေမှာမကြောက်ဘူးလား (ကြောက်ပါတယ်ဘုရား)။ အဲ ကြောက်တာကို ဒုက္ခခေါ်တယ်။ မကြောက်လို့ရှိရင် ဒုက္ခရှိသေးလား (မရှိပါဘူးဘုရား)။ 'မကြောက်အောင်' လေ့ကျင့်ရတယ်။ မျက်စိနဲ့ကြည့်ရင်လည်း 'မကြောက်အောင်'၊ အသံကြားရင်လည်း 'မကြောက်အောင်' ဟုတ်ကဲ့လား။ ကဲ ပြောမယ်လို့ ဆိုမယ်လို့ ကြံလိုက်တော့ရော မကုန်ဘူးလား (ကုန်ပါတယ်ဘုရား)။ **'ကုန်တာ'**ကကို **'ရှေးဦးစွာ'** ဖြစ်ဖြစ်သွားတယ်။ ဟော မကြံနဲ့ဦး၊ ကုန်တော့မလို့၊ ကြံလိုက်ရင် ကုန်သွားပြီတဲ့။ အဲဒါ **'ခယဋ္ဌေန အနိစ္စံ'**။ အဲဒါ **'ဒုက္ခသစ္စာ'** ဟုတ်ကဲ့လား။

**'ဥပ္ပါဒေါ ဒုက္ခံ'**၊ **'ဥပ္ပါဒေါ** - ဖြစ်ခြင်းသည်၊ **ဒုက္ခံ** - ဒုက္ခသစ္စာမည်၏'၊ အဲလိုသစ္စာရောက်အောင် ပြောရတယ်၊ သစ္စာရောက်အောင်လည်း ကြံရတယ်၊ အဲတော့မှ သစ္စာရောက်သွားရော။ ကုန်တော့ကုန်ရင် ဒုက္ခရှိသေးလား (မရှိတော့ပါဘူးဘုရား)။ မရှိတော့ ဘယ့်နှယ် လုပ်ဆူမတုံး။ ဆူလို့မရတော့ဘူး။ ဟုတ်ကဲ့လား။ ရာဂ ဒေါသလည်း ဖြစ်သေးသလား (မဖြစ်တော့ပါဘုရား)။ ကုန်ကုန်ပဲ သွားပါတယ်ဆိုတော့မှ ဘာလိုလုပ် ဖြစ်ပါ့မတုံး၊ ကုန်တဲ့ဟာ **'ခယဋ္ဌေန အနိစ္စံ'** အဲဒါတွေ ရွတ်ရွတ်ပေး။

**'ခယဋ္ဌေန အနိစ္စံ'**၊ **'ခယဋ္ဌေန-** ကုန်တတ်သောကြောင့်၊ **အနိစ္စံ-** အနိစ္စမည်၏'။

**'ဘယဋ္ဌေန**- ကြောက်တတ်သောကြောင့်'၊ အဲလိုကြောက်တတ်သောကြောင့် ဒုက္ခမည် လို့ရှိရင် မကြောက်အောင်လုပ်ရတယ်၊ မကြောက်လို့ရှိရင် ဒုက္ခမရှိတော့ဘူး၊ ကြောက်ရင်တော့ ဟိုကြောက်ရ ဒီကြောက်ရဆိုတော့ ဒုက္ခတွေ၊ အခုတော့ ဘာမှမကြောက်တော့ဘူးဆိုရင် ဘာမှဒုက္ခမရှိတော့ဘူး (မှန်ပါ့ဘုရား)။ ဘာဖြစ်လို့ကြောက်တုံးဆိုတော့ ငါသေမှာကြောက်တယ် တဲ့၊ သေတာမဟုတ်ဘူး၊ ဖြစ်ပြီးပျက်တာ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



## သေတယ်ဆိုတာ

သေတယ်ဆိုတာက လူတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေမှ သေတာ၊ **'သဘာဝတွေ'** က သေတာမဟုတ်ဘူး၊ 'ဖြစ်ပြီး ပျက်သွားတာ'၊ အဇ္ဈတ္တမြှုပ်ချလိုက်လည်း 'ဖြစ်ပြီး ပျက်သွားတာ'။ ဟုတ်ကဲ့လား။ သေတာတောင် မရှိတော့ဘူး၊ အမှန် ဖြစ်သွားတယ်။ အဲဒါ ရုပ်တွေ သဘာဝတွေ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။ အခုကနေပြီးတော့ တရားပွဲကြီးပြီးသွားတဲ့အခါ ပြန်သွားရင် အကြောက်တွေမမွေးနဲ့။ အကြောက်တွေမွေးရင် ဒုက္ခတွေဖြစ်မယ်။ **'တပည့်တော်တို့ ဒုက္ခလွတ်ရပါလို၏'** လို့ ဆုတောင်းပေမယ့် ကြောက်နေမှုဖြင့် ဘယ့်နှယ်မှလွတ်လို့ ကယ်ထုတ်လို့ မရဘူး၊ ကိုယ်ဟာကိုယ် မကြောက်ဘူးဆို၊ ဘာဖြစ်လို့မှမကြောက်ဘူး (မှန်ပါ့ဘုရား)။ သေတာလည်း မဟုတ်ဘူး။ ဟုတ်ကဲ့လား။ သေတယ်ဆိုပြီး ကြောက်ကြောက်နေကြတာ။

ဟိုကလည်း စာကလည်း **'ဇာတိ ဇရာ မရဏံ'**လို့ ဆိုတာကိုး။ **'ဇာတိ ဇရာ မရဏံ'** ဆိုတာ **'ဖြစ်ပျက်တာ'**ကိုခေါ်တယ်။ **'ခယဋ္ဌေန'** ကုန်တတ်သောကြောင့် **'အနိစ္စ'** လို့ခေါ်တယ်။ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)၊ ကုန်တတ်သောကြောင့်သာ **'အနိစ္စ'**လို့ခေါ်၊ သေတတ်သောကြောင့်လို့မလုပ်နဲ့၊ ဘယ်သူသေတယ် ဘယ်ဝါသေတယ် ဒါတွေကသမုတိပညတ်တွေ၊ ပညတ်ဆိုတာ မမှန်ဘူး၊ ခေါ်ရုံမှန်တာ။ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။ ပရမတ္ထထဲမှာ **'ဝိပါကဓမ္မာ'** လို့ ဆိုကတည်းက **'သတ္တဝါ'** မပါတော့ဘူး၊ မျက်စိကတည်းကိုက သတ္တဝါတွေ မပါတော့ဘူး (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်ထဲမှာ သူရှိသလား ငါရှိသလား

**'မျက်စိကဝိပါကာ၊ ဆဲချင်တာကကိလေသာ၊ ဆဲလိုက်တာက ကမ္မာ'**၊ မျက်စိက ကိလေသာမဖြစ်လို့ရှိရင် မဆဲချင်တော့ဘူး၊ မဆဲချင်တော့ **'ဆဲချင်ရုံသာ ဆဲချင်ပါ မဆဲလိုက်ပါနဲ့၊ အဝိဇ္ဇာကြောင့်သာဆဲချင်တာ ဝိဇ္ဇာမဆဲချင်'** သိရင်လည်း အလွယ်လေးပဲ။ **'ဝိဇ္ဇာဥဒပါဒိ ဉာဏံဥဒပါဒိ'** ဖြစ်ရင် တရားရသွားတယ်။ ဆဲချင်တာ ဘာဖြစ်လို့ ဆဲချင်သတုံး၊ **'သူ'** ရှိလို့ **'ငါ'** ရှိလို့ဆဲချင်တာ၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ **'နိဗ္ဗာန်'**မှာ **'သူ'** ရှိသေးလား၊ **'ငါ'**ရှိသလား (မရှိပါဘူးဘုရား)။ အဲဒီလိုနေလိုက်လို့ရှိရင် တစ်ခါတည်း နိဗ္ဗာန်ရောက်နေတာ။ တစ်ခါတည်း **'ဆဲချင်တာ'**က လာသေးတယ်၊ ပါးချမယ်ဟဲ့ ဘာဟဲ့ ညာဟဲ့နဲ့။ ဒီလိုမလုပ်နဲ့၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။ **'ခိုးချင်တာတွေ'**ရော၊ **'စားချင်တာတွေ'**ရော၊ **'ဝှက်ချင်တာတွေ'**ရော အဲဒီလို **'ချင်တာတွေ'** ဖြစ်ကုန်တယ်၊ ဟုတ်ကဲ့လား(မှန်ပါ့ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**ဆဲချင်ရုံသာဆဲချင်ပါ မဆဲလိုက်ပါနဲ့**

တချို့ အဲဒါလေးနဲ့ပဲ တရားရတယ်။ 'ဒကာကြီးဘယ်နှယ့်တုံး' 'အရင်တုန်းက စိတ်မထိန်းနိုင်ဘူးဘုရားတဲ့၊ အခုအရှင်ဘုရားစပ်ထားတဲ့ **'ဆဲချင်ရုံသာ ဆဲချင်ပါ မဆဲလိုက်ပါနဲ့'** ကလေးနဲ့ပဲ အဲဒါလေးနဲ့တရားရတယ်'တဲ့၊ ဟုတ်ကဲ့လား (မှန်ပါ့ဘုရား)။

**ပြောချင်ရုံသာပြောချင်ပါ မပြောလိုက်ပါနဲ့၊**
**အဝိဇ္ဇာကြောင့်သာ ပြောချင်တာ ဝိဇ္ဇာမပြောချင်။**

အဲဒီထဲက **'အဝိဇ္ဇာ'**ချုပ်ရင် **'သင်္ခါရ'**ချုပ်ပြီး၊ **'ဝိညာဏ်'**ချုပ်ပြီး **'နာမ်ရုပ်'** ချုပ်သွားတယ်။ သိလိုက်ကဲ့လား အဲဒါ (မှန်ပါ့ဘုရား)၊ ပြောချင်တာ ဘယ်သူ့ပြောချင်တာလည်းဆိုတော့ သူ့ကိုပြောချင်တာ ဟုတ်ကဲ့လား ဆိုတော့။ ပရမတ္ထမှာ **'သူ'** ရှိရဲ့လား (မရှိပါဘုရား)၊ ပြောလို့လည်းမဖြစ်တော့ ပြောချင်သေးလား (မပြောချင်တော့ပါဘုရား)၊ ဟော **'အဝိဇ္ဇာ'** မရှိတော့ဘူး။

**ပြောချင်ရုံသာပြောချင်တာ မပြောလိုက်ပါနဲ့၊**
**အဝိဇ္ဇာကြောင့်သာပြောချင်တာ ဝိဇ္ဇာမပြောချင်။**

ဆဲချင်တာလည်း ဒီလိုပဲ၊ ခိုးချင်တာလည်း ဒီလိုပဲ၊ လိမ်ချင်တာလည်း ဒီလိုပဲ၊ အဲဒီလို ပြောင်းပြီးဆိုလို့ရတယ်။ သတ်ချင်တာလည်းရတယ်၊ ခိုးချင်တာလည်းရတယ်၊ ပိုမကောင်းတာလုပ်ချင်တာတွေလည်းရတယ်။ လုပ်ချင်ပြီဆိုလို့ရှိရင် **'အဝိဇ္ဇာကြောင့် လုပ်ချင်တယ်'**လို့ အဲလိုဆိုပြီး။ အဝိဇ္ဇာတွေသာ မရှိစေနဲ့ မလုပ်ချင်တော့ဘူး။ ဟော ပထမတန်းငြိမ်းသွား ပြီးတော့ ဝိဇ္ဇာဖြစ်သွားတော့ **'ဝိဇ္ဇာဉဒပါဒိ၊ ဉာဏံဉဒပါဒိ'** ဆိုတာက အဲဒါဘယ်ရောက်သွားလဲ ဆိုတော့ **'ဓမ္မစက္ခု'**ရောက်သွားတယ်။ **'ဓမ္မစက္ခု'**ဆိုတာက ပုဂ္ဂိုလ်မပါတော့ဘူး။

**အဲဒါ ဦးဆုံးပေါ်တဲ့ ဓမ္မစကြာတရားပဲ**

**ပုဂ္ဂိုလ်မပါ ဓမ္မသာ ဓမ္မစက္ခုဖြစ်သတည်း။**
**ပုဂ္ဂိုလ်ပါလျှင်သူငါဝင် ဤတွင်ဒိဋ္ဌိဖြစ်သတည်း။**
**ဒိဋ္ဌိဖြစ်လျှင် ချစ်မုန်းဝင် ဤတွင်လောက ဖြစ်သတည်း။**

အဲဒါ ဦးဆုံးပေါ်တဲ့ **'ဓမ္မစကြာတရား'** ပဲ။ **'ဓမ္မစက္ခု'** ဆိုတာ ပုဂ္ဂိုလ်သတ္တဝါ မပါဘူးတဲ့။ အဲဒီလို ဘယ်သူမဆို ကြားဖူးလို့ရှိရင်ပဲ မြန်မာလူမျိုးမှန်သမျှ ပုဂ္ဂိုလ်မပါအောင် ရှုလိုက်လို့ရှိရင် ပျာန်သွားတာပဲ။ အဲလိုပဲ ခိုးချင်လည်း ဒီလိုပဲ၊ မခိုးလိုက်တာနဲ့ပဲ ဟိုဟို ဦးသုခရေးတဲ့ ဘာလေးတုံး (တစ်ပါးသီလပါဘုရား)၊ အဲဒါ မလုပ်ချင်တာနဲ့ပဲ သူ သူဌေးကြီးဖြစ်သွားတယ်၊ ဟုတ်ကဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



သူတကာ့မယားလည်း အဲလို၊ **'လုပ်ချင်ရုံသာလုပ်ချင်ပါမလုပ်လိုက်ပါနဲ့၊ အဝိဇ္ဇာကြောင့်သာ လုပ်ချင်တာ ဝိဇ္ဇာမလုပ်ချင်'**။

အဲဒါ တစ်ပါးသီလတည်းနဲ့ သူဌေးကြီး ဖြစ်သွားတယ်။ အဲလိုလုပ်ချင်တာတွေ၊ မကောင်းတာလုပ်ချင်တာတွေ ပယ်လိုက်လည်း အဲဒါ **'ဝိဇ္ဇာဥဒပါဒိ'**ဖြစ်၊ **'ဉာဏံဥဒပါဒိ'** ဖြစ်ပြီး **'သောတာပတ္တိမဂ်'** ရောက်သွားပြီး **'ဓမ္မစကြာ'**ကို ပိုင်တဲ့ပုဂ္ဂိုလ်ဖြစ်သွားတယ်။ အဲသလို၊ သို့မဟုတ်လို့ရှိရင် ဟိုဟာရှာရ ဒီဟာလုပ်ရနဲ့ (မှန်ပါဘုရား)။ အခုတော့ **'မျက်စိကဝိပါကာ၊ ဆဲချင်တာကကိလေသာ၊ ဆဲလိုက်တာကကမ္မာ'**။ အဲဒါကြောင့် ဟိုလုပ်တဲ့လူက **'အသစ်'**တဲ့၊ ခံရတဲ့သူက **'အဟောင်း'**တဲ့ ဟုတ်ကဲ့လား။ အဲလိုဟာတွေ ဖြစ်ဖြစ်သွားတယ်တဲ့။ အခုတော့ အဲလိုဟာတွေ မရှိဘူးလို့ဆိုတော့ မြတ်စွာဘုရား သာသနာက **'ဓမ္မ စကျွဥဒပါဒိ'**က စတယ်။ သူက **'သဘာဝ'**က စတယ်၊ ပြီးတော့ နိဗ္ဗာန်မှာ ဆုံးတယ်။ နိဗ္ဗာန်ဆိုတာလည်း ဘယ်လိုဟာမျိုးမှန်းလည်းလို့ မသိအောင် မသိဘဲ မနေကြနဲ့။ နိဗ္ဗာန်ဆိုတာ **'သန္တိ'** ခေါ်တယ်။

## ရှာမှီးခြင်းကင်းသွားပြီ

**'အနေဇော သန္တိ မာရုဋ္ဌ'**၊ **'အနေဇော**- ရှာမှီးခြင်းကင်းသည်ဖြစ်၍'၊ မြတ်စွာဘုရားတို့၊ ရှင်သာရိပုတ္တရာတို့၊ ရှင်မဟာမောဂ္ဂလာန်တို့ဟာ **'ရှာမှီးခြင်း'**ကင်းသွားတယ်။ အခု ကိုယ့်စိတ်ထဲမှာ ရှာသေးသလား အဲဒါလိုက်ကြည့်။ **'ရှာမှီးခြင်း'** မကင်းသေးဘူးဆိုရင်လည်း တဏှာမကင်းသေးဘူး။ **'ရှာမှီးခြင်း'**ကင်းသွားပြီဆို **'တဏှာ'**ကင်းသွားပြီ။ လိုချင်တာ၊ ယောကျ်ားလိုချင် ယောကျ်ားရှာရ၊ မိန်းမရှာရ၊ ရွှေရှာရ၊ ဆန်လိုချင် ဆန်ရှာရ၊ အလုပ်လိုချင် အလုပ်ရှာရနဲ့။

မြတ်စွာဘုရားက **'အနေဇော သန္တိ မာရုဋ္ဌ'**၊ **'အနေဇော-** ရှာမှီးခြင်းကင်းသည်ဖြစ်၍'၊ သတ္တဝါတွေ **'ရှာမှီးခြင်း'** မကင်းကြဘူး၊ **'ရှာမှီးခြင်း'**ကင်းပြီဆို ဘာမှမစိုးရိမ်နဲ့၊ ဟော နိဗ္ဗာန်ရောက်သွားပြီ။ သူ့ဟာ သူသေသေမသေသေ၊ စိုးရိမ်မှုတွေမလာနဲ့။ **'ရှာမှီးခြင်း'** ကင်းပြီဆို နိဗ္ဗာန်ရောက်သွားတာပဲ။ **'ရှာမှီးတယ်'**ဆိုတာ **'ဇေ'** ဆိုတာ **'တဏှာ'**ခေါ်တယ်။ သူက **'လူတွေ'**က ရှာတာမဟုတ်ဘူး။ လူတွေမှာ အဲဒီ **'တဏှာ'**ကပ်တော့ ရှာတာဖြစ်သွားတယ်။ **'လူတွေ'** ရှာတာဖြစ်သွားတယ်။ **'တဏှာ'**က ရှာတာ၊ **'တဏှာ'**မရှိရင် ရှာတာမရှိတော့ဘူး။ အဲသလိုလေး မှတ်ထားနော် (မှန်ပါဘုရား)။ **'အနေဇော-** ရှာမှီးခြင်းကင်းသည်ဖြစ်၍၊ **သန္တိ** - ငြိမ်းအေးသော နိဗ္ဗာန်ကို'၊ **'သန္တိ'** ဆိုတာ ငြိမ်းအေးတဲ့ဟာခေါ်တယ်။ ငြိမ်းအေးတာက **'ဥပေက္ခာ'**နဲ့ တူတယ်။ ဥပေက္ခာလေးက ငြိမ်တယ်။ အဲဒီ ဥပေက္ခာလေးက **'ဥပေက္ခာ ပန သန္တတ္တာ'** တဲ့၊ **'ဥပေက္ခာလေး'**

www.burmeseclassic.com

www.burmeseclassic.com



က ငြိမ်သက်တာနဲ့တူတယ်။ ယောဂီတွေလည်း **'ငြိမ်သက်'**မှ ချုပ်တယ်၊ **'မငြိမ်သက်'**ရင်မချုပ်ဘူး။ မငြိမ်သက်ဘဲနဲ့ ချုပ်ချင်နေလို့လည်းမရဘူး။ **'အနေဇော သန္တိ မာရဗ္ဗ'** လေးရအောင် အဲဒါလေး ဆို ဆိုပေး။ ဆိုနေတာနဲ့ပဲ **'ဥပသမာနုဿတိ'** ကလည်းဖြစ်နေတယ်။ **'အနေဇော- ရှာမှီးခြင်း ကင်းသည်ဖြစ်၍'** အဲဒါလေး လိုက်ဆိုတာနဲ့ပဲ ဒါ**'နိဗ္ဗာန်'**ပဲ၊ ဒါ တဏှာမရှိတာပဲ၊ တဏှာရှိနေရင် ရှာမှီးမှာပဲ။ နတ်ပြည်တို့ ရှာချင်ရင် ရှာပေမယ့်လို့ ရှာတာဆီမရောက်ဘဲနဲ့ တခြားရောက်ချင် ရောက်သွားတယ်၊ မရှာမှီးတာ မရှိဘူး။ **'သန္တိ - ငြိမ်းအေးသော နိဗ္ဗာန်ကို'** ငြိမ်းအေးတာကို ခေါ်တယ်။ လှုပ်ရှားတာကို **'သင်္ခတ'** ခေါ်တယ်။

**လှုပ်ရှား မလှုပ်ရှား သတိထား**

လှုပ်ရှားလို့ရှိရင် **'သင်္ခတ'** ခေါ်တယ်။ မလှုပ်ရှားလို့ရှိရင် **'အသင်္ခတ'** ခေါ်တယ်။ ခေါ်တာလေးတွေ သိလိုက်လို့ရှိရင် အလွန်လွယ်တာတွေ။ ဟုတ်ကဲ့လား (မှန်ပါဘုရား)။ လှုပ်ရှားရင် ဘာတုံး (သင်္ခတ)၊ မလှုပ်ရှားရင် ဘာတုံး **'အသင်္ခတ'** ဟုတ်ကဲ့လား (မှန်ပါဘုရား)။

**'ဥပေက္ခာ ပန သန္တတ္တာ၊ သုခ မိစ္စေဝ ဘာသိတာ'၊ 'ဥပေက္ခာနှင့်ယှဉ်ခြင်းသည် ငြိမ်သက်သည်၊ ထိုသို့ငြိမ်သက်ခြင်းသည် ချမ်းသာဟူ၍ ဆိုအပ်၏'**၊ **'ဥပေက္ခာ'**က ငြိမ်လို့တဲ့ **'သုခ'**လို့ ဆိုတယ်။ အဲဒီဟာက ဥပေက္ခာကို **'သန္တ'**လို့ ငြိမ်သက်လို့ သူ့ကို **'သုခ'** လို့ဆိုတယ်။ ဘာကြောင့် **'သုခ'** လို့ဆိုသတုံးလို့ဆိုတော့ မြတ်စွာဘုရားနဲ့ ဗိမ္ဗိသာရမင်းကြီးတို့နဲ့ သုခချင်းပြိုင်ကြတာ ရဟန်းတွေကဟာ 'ရှင်ဘုရင် ဗိမ္ဗိသာရ မင်းကြီးက ချမ်းသာတယ်'၊ 'ဟာ- - မြတ်စွာဘုရားက ချမ်းသာတယ်နဲ့'။ 'မင်းတို့ ဗိမ္ဗိသာရမင်းကြီး တစ်နာရီလောက်မလှုပ်ဘဲ နေနိုင်သလား'တဲ့၊ 'မနေနိုင်ဘူး'။ 'နှစ်နာရီကော မလှုပ်ဘဲ နေနိုင်လား'နဲ့၊ အဲလို အဆင့်ဆင့်မေးပြီး 'တစ်ရက်လုံးလုံး မလှုပ်ဘဲ နေနိုင်သလား'တဲ့။ 'မနေနိုင်ဘူးဘုရား'တဲ့၊ 'ငါဘုရားကတော့ ခုနှစ်ရက်တိုင်အောင် မလှုပ်ဘဲ နေနိုင်တယ်'တဲ့။

အဲလို **'သန္တ'** ကို ငြိမ်သက်တာကို **'နိဗ္ဗာန်'**လို့ခေါ်တယ်။ သမာဓိလေး တည်ပြီးတော့ နေရင်လည်း သူ့ဟာသူ ထိုင်ပြီးတော့ သူ့ဟာသူ ငြိမ်နေတာပဲ။ ငြိမ်သက်တာဟာ နိဗ္ဗာန် ခေါ်တယ်။ ဟုတ်ကဲ့လား (မှန်ပါဘုရား)။ အဲဒါမှ ဈာန်နဲ့ ငြိမ်ရင်လည်း **'ဈာနုပေက္ခာ'** ပေါ့၊ **'သင်္ခါရ'**ကို ဖြစ်ပျက်တာနဲ့ ငြိမ်ရင်လည်း **'သင်္ခါရုပေက္ခာ'** ပေါ့။ အဲဒီ **'သင်္ခါရုပေက္ခာ'** ငြိမ်တာက ကြောက်တာ၊ နှစ်သက်တာတွေကင်းတယ်။ ကြောက်နှစ်သက်ခြင်းကင်းပြီးတော့ ငြိမ်လို့ရှိရင် ဒါ **'သင်္ခါရုပေက္ခာ'** ခေါ်တယ်။ သို့မို့လို့ရှိရင် မြတ်စွာဘုရာက ငြိမ်ပြီးတော့မှ **'နိရောဓော နာမ နိဗ္ဗာနံ'**ဆိုတော့ ချုပ်သွားတယ်၊ နိဗ္ဗာန်ပေါ်တာ။ အဲဒါ **'မဖြစ်တာ'**ကို နိဗ္ဗာန်ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဖြစ်ချင်ဖြစ် မဖြစ်ချင် မဖြစ်**

**ဖြစ် မဖြစ် ပရမတ္ထအစစ်၊ ဖြစ်ချင် ဖြစ် မဖြစ်ချင် မဖြစ်၊ သစ္စာလေးပါး အစစ်။**

အဲဒီ ဖြစ်တာကနေပြီးတော့ ဖြစ်ချင်တော့ ဖြစ်လာတယ်တဲ့။ အဲဒါ သမုဒယသစ္စာက **'ဇေ'** ရှာမှီးတာက ဖြစ်ချင်လာတယ်တဲ့။ ဖြစ်ချင်တာ ဖြစ်တဲ့။ ဟော ဖြစ်တော့ ဖြစ်ချင်တာက သမုဒယသစ္စာ၊ ဖြစ်တာက ဒုက္ခသစ္စာ၊ အေး **'ဖြစ်ချင် ဖြစ်'**။ ဖြစ်ချင်တာက ဘာတုံး (သမုဒယသစ္စာ)၊ ဖြစ်တာက ဘာတုံး (ဒုက္ခသစ္စာ)။

**'ဖြစ်ချင် ဖြစ်၊ မဖြစ်ချင်မဖြစ်၊ သစ္စာလေးပါးအစစ်'**။

အဲဒီလိုလည်း **'သစ္စာလေးပါး'** အစစ်ကို ကြည့်ပြီးတော့လည်းနေရတယ်။ ဟို **'ရှာမှီးတာ'** တွေ ဘာတွေမလုပ်နဲ့။ ဘာလိုချင်တယ် ညာလိုချင်တယ်တွေဟုတ်ရဲ့လား (မှန်ပါဘုရား)။ **'အနေဇော သန္တိ မာရဋ္ဌ နာဟု အဿာသ ပဿာသော'**၊ **'အဿာသ ပဿာသော**- ထွက်လေ ဝင်လေသည်၊ **နာဟု-** မဖြစ်တော့ပြီ'။ မြတ်စွာဘုရားကြီး 'ထွက်လေ ဝင်လေ' မဖြစ်တော့ဘူးတဲ့။ 'ထွက်လေ ဝင်လေ' မဖြစ်ဘူး။ 'ထွက်လေ ဝင်လေ' ကို ဒကာမကြီးတို့က ဖြစ်ချင်တယ်။

**အချိန်မရှိတဲ့ 'အသင်္ခတဓာတ်'**

**'အနေဇော သန္တိ မာရဋ္ဌ အကာလံ မကရီ မုနိ'**၊ **'အကာလံ** - အခါမဟုတ်သည်ကို အချိန်မဟုတ်သည်ကို၊ **မုနိ** - မြတ်စွာဘုရားသည်၊ **အကရီ** - ပြုတော်မူလေပြီ'။ မြတ်စွာဘုရားကြီး ဘယ်ရောက်သွားတုံးဆိုတော့ 'အချိန်မရှိတာ ကိုပြုသွားတယ်' ဟုတ်ကဲ့လား (မှန်ပါဘုရား)။ အချိန်မရှိတာကို ရိပ်မိရဲ့လား (မှန်ပါဘုရား)၊ **'သဘာဝ'** ရှိသေးလို့ရှိရင် အချိန်ရှိတယ်။ **'သဘာဝ'** ရှိရင် အချိန်ရှိတယ်။ **'သဘာဝ'** မရှိရင် အချိန်မရှိတော့ဘူး။ အဲဒီ အချိန်မရှိတဲ့ **'အသင်္ခတဓာတ်'**၊ အချိန် ရှိတာက **'သင်္ခတဓာတ်'**။ အချိန်ရှိတာက ဘာလဲ(သင်္ခတဓာတ်ပါဘုရား)၊ အချိန်မရှိတာ ကဘာလဲ (အသင်္ခတဓာတ်ပါဘုရား)၊ အဲသလို **'ဉာဏ်'**၊ အဲဒါကလည်း မျက်မှောက်ပြုရတယ်၊ ဟုတ်ကဲ့လား။

**သမာဓိဖြစ်နေတော့မှ**

မျက်မှောက်ပြုတယ်ဆိုတာကလည်း **'နိစ္စ-**အမြဲ'၊ **'နိစ္စ**-အမြဲ' သမာဓိလေး လုပ်တယ်ဆို စူးစူးစိုက်စိုက် အပ်နဲ့စိုက်သလို၊ **'နိစ္စ**-အမြဲ'ရှိမှ၊ **'အမြဲ'**ရှိမှ အဲဒါ မျက်မှောက်ပြုရာရောက်တယ်။ **'သမာဓိ'**မရှိဘဲနဲ့ မျက်မှောက်ပြုချင်လို့ မဖြစ်ဘူး။ **'မျက်မှောက်ပြုတယ်'**ဆိုတာ မြတ်စွာဘုရား

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်တော်ကို အောက်မေ့တယ်ဆိုလို့ရှိရင် အမြဲတမ်းအောက်မေ့သလိုပေါ့။ အမြဲရှုနေရတယ်၊ အမြဲရှုနေတော့မှ သမာဓိဖြစ်သွားတယ်။ သမာဓိဖြစ်နေတော့မှ အဲဒီဟာက **'နိစ္စံ- အမြဲ'** ဖြစ်သွားတယ်။ **'နိစ္စံ-** အမြဲ'ရှုနေမှ၊ သမာဓိက အာရုံတစ်ခုတည်း အမြဲရှုနေမှ၊ **'နိစ္စံ'** က မြဲသွားပြီးတော့ တစ်ခါတည်း မျက်မှောက်ပြုရာ ရောက်သွားတယ်။ အဲလိုမှတ်ထား သို့မို့လို့ ရှိရင် မျက်မှောက် မပြုတတ်ဘဲလည်း နေတတ်တယ်။

**'နိဗ္ဗာန သစ္ဆိကိရိယာစ ဧတံမင်္ဂလ မုတ္တမံ'**၊ **'သစ္ဆိ ကိရိယာစ** - မျက်မှောက်ပြုတယ်' ဆိုတာက အတ္တနော၊ သစ္ဆိ၊ **'အစ္ဆိ'** က မျက်စိ၊ **'အတ္တနော အစ္ဆိ သစ္ဆိ-** မိမိမျက်စိ'၊ မိမိမျက်စိနဲ့ တစ်ခါတည်း နှာခေါင်းတို့ နားတို့ ဖြစ်ဖြစ် ခြေသည်းဖြစ်ဖြစ် ဘာဖြစ်ဖြစ် အပ်နဲ့ စိုက်သလို နေရာမရွေ့အောင်စိုက်။ **'နေရာမရွေ့လို့ရှိရင် အစ္စုတိ'**၊ **'အစ္စုတိ ရသံ-** မရွေ့လျောခြင်း ကိစ္စရှိ၏။ **စုတိမရဏာတာ-** ရွေ့လျောခြင်းသည်သေခြင်းမည်၏**'**။

ဟောရွေ့ရွေ့နေတော့ အဲဒါ ခဏခဏ သေတယ်တဲ့။ မရွေ့အောင် တစ်ခါတည်း နှာခေါင်းနားဖြစ်ဖြစ်၊ သွေးတိုးတာ ဘာနားဖြစ်ဖြစ် တစ်ခါတည်း အသေသာစိုက်ထားလိုက်၊ မရွေ့တော့ဘူး၊ ဘယ်ဘဝမှလည်း သွားစရာမရှိတော့ဘူး၊ မလှုပ်တော့ဘူးဆိုရင်ဟာ တစ်ခါတည်း **'နိရောဓ'** ဖြစ်သွားရော (မှန်လှပါဘုရား)။

## အခါမဟုတ်သည်ကို ကြွသွားတယ်

**'အနေဇော သန္တိ မာရဗ္ဘ၊ အကာလံ မကရီ မုနိ'**၊ **'အနေဇော -** ရှာမှီးခြင်းကင်းတော်မူသောမြတ်စွာဘုရားသည်၊ **သန္တိံ** -ငြိမ်းချမ်းသောနိဗ္ဗာန်ကို၊ **အာရဗ္ဘ**-အာရုံပြု၍၊ **အကာလံ**-အခါမဟုတ်သည်ကို၊ အချိန်မဟုတ်သည်ကို၊ **မုနိ-** မြတ်စွာဘုရားသည်၊ **အကရိ-** ပြုတော်မူလေပြီ**'**။

နောက်ထပ် ဘယ်ကြွမတုံးဆိုရင် **'အခါမဟုတ်သည်ကို ကြွသွားတယ်'**။ 'ငါတို့လည်း အခါမဟုတ်သည်ကို ရောက်မှ' အဲသလို ဖြစ်မယ်ဆိုတာကို မှတ်ကြကုန်ရာသတည်း။

တပည့်တော်တို့ ယခုတရားနာရသော ဤကောင်းမှုသည် မြတ်စွာဘုရားပရိနိဗ္ဗာန်စံသကဲ့သို့ **'ထွက်သက်ဝင်သက်မဖြစ်ခြင်း၊ ရှာမှီးခြင်းမဖြစ်ခြင်း၊ အချိန် ကာလမရှိခြင်း'** ဟူသော နိဗ္ဗာန်ကို စံမြန်းနိုင်သော ပုဂ္ဂိုလ်မြတ်များ ဖြစ်ကြပါစေကုန်သတည်း။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



# " နှလုံးသွင်းမှန်ရန် တရားတော် "

၂၃. ၁. ၂၀၀၇ (စက်ာပူနိုင်ငံ)

## ယောနိသော မနသိကာရ နဲ့ စိတ်တွေကို ဖမ်းပြီး ပညာနဲ့ ကိလေသာကို ဖြတ်တယ်

'တရားအားထုတ်တယ်ဆိုတာ နှလုံးသွင်းတာပဲ' ဒကာကြီး (တင်ပါ့ဘုရား)။ ဒကာကြီး ကောက်ရိတ်ပုံ ရိတ်နည်းကိုသိရဲ့လား (သိပါတယ်ဘုရား)။ ဘယ်လိုရိတ်သလဲဆိုတော့ ဘယ်ဘက်လက်နဲ့ ကောက်ပင်တွေကိုကိုင်ဆုပ်(တင်ပါ့)၊ ညာဘက်လက်နဲ့ တံစဉ်နဲ့ ဖြတ်လိုက်တယ်။ ကောက်ရိတ် လိုက်တာပေါ့လေ။ အဲလိုပဲတဲ့။ ယောနိသောမနသိကာရနဲ့ စိတ်တွေကို ဖမ်းထားတယ်တဲ့၊ ဖမ်းဆုပ်ထားတယ်။ ပြီးတော့ ပညာနဲ့ ကိလေသာကို ဖြတ်တယ်၊ ဖြတ်တောက်လိုက်တယ်။ ဥပမာပေါ့ ဒကာကြီးရယ် (တင်ပါ့ဘုရား)။

## ငါ့ကိုတရားဟောနေတယ်

**'ယောနိသော မနသိကာရ'** ဆိုတာက မိမိကို သူတပါးက ဆဲလိုက်လို့ရှိရင် 'ငါ့ကိုတရားဟောနေတယ်'။ ကိလေသာမဖြစ်အောင် နှလုံးသွင်းလိုက်တာပဲ။ အဲဒါ **'ယောနိသော မနသိကာရ'** ပဲ။ ကဲ့ရဲ့လို့ရှိရင်လည်း 'ငါ့ကိုတရားဟောနေတယ်'။ အဲဒါ ကဲ့ရဲ့တဲ့ အသံကြားမှနော် (တင်ပါ့ဘုရား)။ ဆဲသံဆိုသံကြားလို့ရှိရင် 'ငါ့ကိုတရားဟောနေတယ်'။

တချို့ကားမောင်းတဲ့သူတွေ တခြားကားက မိမိကားကို ကျော်တက်သွားရင် မကြိုက်ဘူး မဟုတ်လား (တင်ပါ့ဘုရား)။ ဒီလိုဖြစ်ရင်လည်း 'ငါ့ကိုတရားဟောသွားပြီ'၊ အဲဒီလို နှလုံးသွင်းလိုက်တော့ ဖြစ်မယ့်ဒေါသဟာ မဖြစ်တော့ဘူး ဒကာကြီးရဲ့ (တင်ပါ့ဘုရား)၊ ဖြစ်မယ့်ဒေါသ မဖြစ်ဘူး၊ အဲဒီ **'မဖြစ်တာ'**ဟာ နိဗ္ဗာန်ပဲတဲ့။

## နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ

အဲဒါကို **'သမ္မာဒိဋ္ဌိ'**နဲ့၊ **'ယောနိယော မနသိကာရ'** ဆိုတာ သမ္မာဒိဋ္ဌိပဲ။ အဲဒီ **'သမ္မာဒိဋ္ဌိ'**နဲ့ အဲဒီမဖြစ်တာကို ဒေါသမဖြစ်တာကို အာရုံပြုတယ် (တင်ပါ့ဘုရား)။ **'ဒေါသ'**မဖြစ်တာကို အာရုံပြုတယ်။ အဲဒါသည်ပင်လျှင် **'နိဗ္ဗာန်'** ကို **'သစ္ဆိ- မျက်မှောက်ပြုခြင်း'** ပဲတဲ့ (တင်ပါ့ဘုရား)။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းပဲတဲ့။ **'နိဗ္ဗာန သစ္ဆိကိရိယာစ ဧတံမင်္ဂလ မုတ္တမံ'** ကိုး။ **'နိဗ္ဗာန်'** အကြောင်းကို မိလိန္ဒမင်းကြီးနှင့်အရှင်နာဂသိန်နဲ့ ဟောကြပြောကြတာ။ 'အရှင်ဘုရား နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ'ကိုး၊ သူက တိုက်ရိုက်မေးတာပဲ ဒကာကြီး။ တရားတွေ့ဝေ့လည်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပတ်တွေ ဘာမှမရှိဘူး။ ဝေ့လည်ကြောင်ပတ်တွေ မလုပ်ဘူး။ 'အရှင်ဘုရား နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ဆိုတာ ဘယ်လိုဟာတုံး'။ အဲဒီလိုကိုး။ 'အရှင်ဘုရား ဒါတွေကို ချန်ထားဖို့ မတော်ဘူး'တဲ့။ 'ဒါ လေးနက်အောင်တွေလည်း ပြောနေဖို့လည်း မတော်ဘူးတဲ့။ ဒါတွေ လူတွေက အရင်က လိုချင်တာဘုရား'တဲ့။ ဒီလိုလည်း ပြောတယ်။ ဟာ 'ဒကာကြီး ကောက်ရိတ်တာမြင်ဖူးလား'တဲ့။ သူတို့နှစ်ယောက် ပြောပုံဆိုပုံက၊ သူတို့နှစ်ယောက် ပြောပုံက 'မြင်ဖူးတာပေါ့ဘုရား'၊ 'ဘယ်လိုမြင်ဖူးတုံး'၊ 'ဟော ဘယ်ဘက်လက်က ကောက်ပင်တွေကိုကိုင်၊ ဆုပ်စည်းလိုက်တယ်။ ညာဘက်လက်က တံစဉ်နဲ့ ဖြတ်လိုက်တယ်'။ အဲဒါ ဥပမာနဲ့နှိုင်းရတာကိုး (တင်ပါ့ဘုရား)။ **'ယောနိသော မနသိကာရ'** က စိတ်ကို ကိုင်ထားတယ်တဲ့။ **'ယောနိသော မနသိကာရ'** ဆိုတာ စိတ်ကို ကိုင်ထားတယ်။ **'ယောနိသော မနသိကာရ'** ဆိုတာက ဟို ကိုယ့်အကုသိုလ်ဖြစ်မယ့်ဟာကိုပေါ့။ ကြားတယ်၊ ကဲ့ရဲ့တယ်၊ ဆဲတယ်၊ ကိုယ့်ကို ကဲ့ရဲ့တယ်၊ ဆဲတယ်၊ ဟိုနေ့လည်က ဖြစ်ခဲ့တဲ့ဟာတွေကိုလည်း၊ အဲဒါ **'နှလုံးသွင်း'** မိလို့ရှိရင် ဟိုအရင်က **'နှလုံးသွင်း'** မိလို့ရှိရင် ခံပြင်းတဲ့ဟာတွေ ပေါ်လာတယ် ဒကာကြီး ဟုတ်ကဲ့လား၊ နေ့လည်က ဖြစ်ပျက်တာတွေလေ။ အဲဒါ **'အတိတ်'**ခေါ်တယ်။

**ငါ မပါမှ တရားရ**

**'အတိတ်အာရုံ'**၊ အတိတ်အာရုံဆိုတာ ပညတ်ပဲ ဒကာကြီး။ အတိတ်အာရုံဆိုတာ ပညတ်ပဲ၊ အဲဒါ **'အာရုံ'** ပြုပြီးတော့ ခံပြင်းတာတွေဖြစ်တာပေါ့၊ ခံပြင်းတာတွေဖြစ်တယ်။ မကြိုက်တာ မနာလိုတာတွေ ဖြစ်တယ်ပေါ့။ နေ့လည်ကပြောလိုက် ဆိုလိုက်တာကတော့ 'သူက ငါ့ကိုတရားဟောလိုက်တာပဲ'လို့ ဒီလိုနှလုံးသွင်းလိုက်။ **'သူက ငါ့ကိုတရားဟောလိုက်တာပဲ'**၊ ဒီလိုနှလုံးသွင်း၊ နှလုံးသွင်းတော့ ဒါ ဒေါသ ဖြစ်မယ့်ဟာ မဖြစ်ဘူး ဒကာကြီးရဲ့။ ဒေါသမဖြစ်တာက **'ဒေါသက္ခယော နိဗ္ဗာနံ'** ကိုး။ **'ဒေါသက္ခယော-** ဒေါသမဖြစ်ဘူး'။

ဥပမာ သေခါနီးလည်း အဲဒီဟာလေးတွေနဲ့ နှိုင်းနှိုင်းပြီးလုပ်ရတာပဲ သေခါနီး၊ ရှင်အနုရုဒ္ဓါကလည်း 'ငါ့ရှင် သာရိပုတ္တရာတဲ့၊ ငါဒိဗ္ဗစက္ခုကိုလည်း မြင်တယ်'၊ မြင်တယ်တဲ့။ 'ဒါပေမယ့် ငါရဟန္တာတော့ မဖြစ်သေးဘူး'တဲ့။ အဲဒါမှ 'အရှင်ဘုရားမှာ **'ငါ'** ရှိနေတယ်တဲ့၊ **'ငါ'** ဒိဗ္ဗစက္ခုကို ရတယ်ဆိုတာ **'ငါ'** ရတာမဟုတ်ဘဲနဲ့ **'ငါ'** ရှိနေတယ်။ အဲဒါ မာနကြောင့် မရတာ'တဲ့။ အဲလိုပြောကြတာ ဆိုကြတာတွေ။ **'ငါ'** ပါလို့ ပါမှန်းမသိဘူး ဒကာကြီး။ **'ငါ'** မရှိအောင်လုပ်ရတဲ့ဟာမှာ **'ငါ'** ပါနေတယ်။ ဟုတ်ကဲ့လား။ တရားရှုမှတ်တယ်။ ရှုမှတ်တဲ့ထဲမှာလည်း **'ငါ'**

www.burmeseclassic.com

www.burmeseclassic.com



ပါနေတယ်။ လိုချင်နေတယ်။ **'လိုချင်'**နေတာက လောဘ၊ အထက်မဂ်လိုဟာတွေ ဘာတွေ လိုချင်နေတယ်။ **'ဝိပဿနာဉာဏ်တွေ'** ကို လိုချင်နေတယ်။ လိုချင်နေတာ လောဘ။ **'ငါ့'**နှယ် ဉာဏ်ကလည်း မတက်နိုင်ပါဘူးဆိုလောဘ။ အဲဒါ **'ငါ'** ပါနေတာကြောင့်မရတာ တရား မတက်တာ၊ ဒကာကြီး။ **'တရားဆိုတာက ငါမပါမှရတာ'** ကိုး။

**အလင်းက အရိပ်တွေကို ခေါ် လိုက်တာ**

မြင်တဲ့ဟာလည်း မြင်တယ်။ မြင်တုန်းကို မြင်တယ်လို့ ဆိုလိုက်ရတာပဲ။ မြင်တာက **'မျက်စိ'**ကမြင်တာလေ။ **'မျက်စိ'** က မြင်တာကို **'ငါ'** မြင်တယ်လို့ ဆိုလိုက်လို့ရှိရင် အဲဒါ ငါပါ သွားတယ်။ **'မျက်စိ'**ဆိုတာက ဘယ်ဟာခေါ်တုံးဆိုတော့ **'စက္ခုံ ပဇာနာတိ'**။ **'မျက်စိ'** ဆိုတာ မျက်စိအကြည်လေးကိုခေါ်တာ ဒကာကြီး။ **'အရိပ်'**ထင်တဲ့ နေရာလေး။ ဟော ကျွန်းသား နှစ်လုံးကိုလေ ပွတ်လိုက်တော့လေ ပြောင်နေပါလား။ ဒီလိုလေး ပြောင်နေတော့ **'အရိပ်'** မထွက်ဘူးလား၊ **'အရိပ်'** ထွက်နေတာ၊ အဲဒါ **'စက္ခုအရိပ်'** ထွက်နေတယ်ဆိုတာ **'အရိပ်'** က အထဲထဲဝင်သွားတယ် ဒကာကြီးရေ၊ မျက်စိမြင်တာ အလင်းနဲ့ ထိုးလိုက်တော့ **'အလင်း'**က **'အရိပ်'**ကို ခေါ် လိုက်တာ၊ ဟော ဓာတ်ပုံလိုပဲ၊ **'အလင်း'** က **'အရိပ်'**ကို ခေါ် လိုက်တာ။

မနေ့က မီးပွားမီးပန်းကလည်း **'အလင်း'**ကြောင့်သာ **'အရိပ်တွေ'** ဖြစ်လာတာပဲ ဒကာကြီး၊ **'အလင်း'**က **'အရိပ်တွေ'** ကိုခေါ် လိုက်တာ၊ **'မျက်စိ'** က ကြည်တာကိုး။ အဲဒီမျက်စိ ကြည်တယ်ဆိုတော့ကာ ကြည့်တဲ့သူရဲ့မျက်စိကကြည်တာ။ အဲမျက်စိကြည်တယ် **'စက္ခုံ ပဇာနာတိ'**၊ **'စက္ခုံ** - စက္ခုပသာဒ'ကိုလည်းဆိုတော့ မျက်စိအကြည်ကိုလည်း **'ပဇာနာတိ** - သိ၏**'** တဲ့။ ဒီလိုလာတာကိုး ဒကာကြီးရဲ့၊ အဲ **'စက္ခုပသာဒ-** မျက်စိအကြည်' ထဲကို တစ်ခါတည်း **'အလင်း'** ကထိုးလိုက်တော့ **'အရိပ်'** က ဝင်လာတယ် ဒကာကြီးရ။ ဟို အစိမ်း၊ အပြာ၊ အနီ၊ အဝါတွေ တစ်ခါတည်း ဟိုအတုံထဲက အရိပ်လည်း ထိုးလွှတ်လိုက်တယ်။ ရုပ်ပုံကလည်း အရိပ် ဟော သူကလည်း ကတာကြီး ပေါ် လာတယ်။ ဓာတ်ရှင်လိုပေါ့ ဒကာကြီးရေ။

**'အဆင်းကိုလည်း သိရမည်။ ရူပါရုံကိုလည်း သိရမည်'**။

**'ရူပါရုံ'** ဆိုတာက **'ဝဏ္ဏ'** - အဆင်းပဲ ဒကာကြီး။

**အလင်းထဲမှာလည်း ဓာတ်ရှစ်ပါးရှိတယ်**

**'အဆင်း'**ဆိုတာ **'အရိပ်အရောင်တွေ'** ခေါ် တယ်။ **'အရိပ်အရောင် အမှောင်ပါလေ၊ နေနှင့်အနံ့ နူးညံ့လှစွာ ရုပ်တို့မှာ၊ ရှစ်ဖြာဓါတ်စု ပေါ် အောင်ရှု'** တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အောင်မာ အဲဒီ **'အရိပ်'** ထဲကိုပဲ ခေတ်ရှစ်ပါးရှိတယ်။ ဟောဒီ **'အလင်း'** ထဲမှာလည်း ခေတ်ရှစ်ပါးရှိတယ်။ **'တေဇော'**က သူက အားများလို့ လင်းသွားတာကိုး။ဒီ့ပြင် ခေတ်ရှစ်ပါး လည်းပါတယ်။ ပထဝီရယ် အာပေါတို့ကော တေဇောတို့ကော ဝါယောတို့ရောပေါ့။ အဲဒါက လေးပါး မဟာဘုတ်ကလေးပါး၊ ဥပါဒါရုပ်က ဝဏ္ဏအဆင်းရယ် ဂန္ဓအနံ့ရယ် အနံ့လည်း ပါတယ်ဒကာကြီးရ။ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဥပါဒါရုပ်က လေးပါး။

ဒါကြောင့် မီးတွေဟုန်းဆို အနံ့လေးတွေထွက်လာ နှာခေါင်းကို နံတယ်။ **'အဆင်း'** ကလည်းပါတယ် အရိပ်၊ **'အနံ့'**ကလည်း ပါတယ်၊ **'အရောင်'** ကလည်းပါတော့ အဆင်းနဲ့ အရောင်နဲ့ အတူတူပဲ ဒကာကြီး။ **'အရိပ် အရောင် အမှောင်သံလေ'** - မှောင်တဲ့အထဲမှာလည်း မှောင်တဲ့အထဲ ရောက်သွားတော့လည်း ခေတ်ရှစ်ပါးရှိတာပဲ။ ပထဝီ တေဇော ဝါယော သူကအာပေါများလို့ မှောင်သွားတယ်၊ အေးတယ်။ အဲဒီဟာနဲ့သွား သူက ပဋ္ဌာန်းဆိုလို့ရှိရင် တစ်ခုက သုံးခု၊ တစ်ခုကို စွဲပြီး သုံးခုဖြစ်တာ ဒကာကြီးရ။ တစ်ခုကို စွဲပြီး သုံးခုဖြစ်တယ်။

ဥပမာ - တေဇောကိုစွဲပြီးတော့ ဒီ့ပြင်ခေတ်သုံးပါး ပထဝီတွေ အာပေါတွေ ဝါယောတွေ ဖြစ်သွားတယ် ဒကာကြီးရေ။ **'အာပေါတွေ'** ဖြစ်တော့ ရေတွေလည်း ပါလာတာပေါ့။ **'ရေတွေ'** ပါလာတော့ **'အရောင်တွေ'** လည်း ပါလာတာပေါ့။ အဲဒါ **'ဝဏ္ဏတွေ'** ပဲ။ **'အဆင်းတွေ'** ပဲ။ အဲ **'အရိပ်အရောင်'**။

**'အရိပ်အရောင် အမှောင်သံလေ၊ နေနှင့်အနံ့ နူးညံ့လှစွာရုပ်တို့မှာ၊ ရှစ်ဖြာခေတ်စု ပေါ်အောင်ရှု'** ဆိုတော့ အဲဒီထဲကမှ ဟို **'ဇော်မဟာဘူတံ ပဋိစ္စ တယောမဟာဘူတာ'**၊ အဲဒီလို ပဋ္ဌာန်းလေးတွေ နှလုံးသွင်းရတယ် ဒကာကြီးရ။

အကုန်လုံး **'အနိစ္စတွေ'** ပေါ်အောင်လေ၊ ပဋ္ဌာန်းကို နှလုံးသွင်းမှ **'အနိစ္စ'**ကို ပေါ်တာကိုး။ အဲဒီ **'အဓုဝ'**ဆိုတော့ မမြဲဘူး။ **'အနိစ္စ'**ကလည်း မမြဲဘူး။ **'နိစ္စ'**က ဟို အတ္တဖြစ်သွားတယ် ဒကာကြီးရ။ **'နိစ္စအတ္တ'**ဆိုတာ နိစ္စဆိုတာ လူတွေ ယောကျ်ားတွေ မိန်းမတွေဖြစ်သွားတယ်။ **'အနိစ္စ'** ဆိုတော့ လူတွေ မိန်းမတွေ ယောကျ်ားတွေမရှိဘူး။ အဲ အဲဒီလို အဲဒီလို **'အရိပ်အရောင် အမှောင်သံလေ'**ဆိုတော့လည်း အဲဒီမြင်ရတဲ့ဟာတွေကလည်း **'အရိပ်အရောင် အမှောင်သံလေ'** ဆိုတော့ ဟော **'ခေတ်တွေ'** သာဖြစ်သွားတယ်။ ဟိုလူတွေ ယောကျ်ားတွေ မပါဘူး ဒကာကြီးရဲ့ မဟုတ်ဘူးလား။ **'အရိပ်အရောင် အမှောင်သံလေ၊ နေနှင့်အနံ့ နူးညံ့လှစွာ ရုပ်တို့မှာ'**ဆိုတာ ရုပ်ရှစ်ခုပေါ့။ အဲလိုပဲ ဆံပင်တို့ မွေးညင်းတို့ ခြေသည်း၊ လက်သည်း၊ သွား၊ အရေတို့မှာလည်း ဒီ**'ခေတ်ရှစ်ပါး သာပေါင်းလိုက်ပါ ဆံပင်ဟုခေါ်ရသည်'**။

www.burmeseclassic.com

www.burmeseclassic.com



**ဓာတ်ရှစ်ပါးသာပေါင်းလိုက်ပါ ဆံပင်ဟုခေါ်ရသည်။**
**ဓာတ်ရှစ်ပါးသာခွဲလိုက်ပါ ဆံပင်ဟာမရှိပြီ။**

ပေါင်းလိုက်လို့ အဲလို ဆံပင်ဟုခေါ်ရတဲ့ဟာ ဒကာကြီး၊ လူလည်းအဲဒီလို ပေါင်းလိုက်လို့ လူလို့ခေါ်လို့ရတဲ့ဟာပဲရှိတယ်။ ဒို့ပြင်တကယ် **'အစစ်'**ကိုမရှိဘူး။ အဲဒီလိုမှတ် **'အရိပ်'**လိုပဲ၊ ဟို **'အရိပ်'**ထဲက မျက်ခွက်ကြီးတွေ ထွက်လာတယ်လေ။

**အရိပ်ကို အရောင်ပြတယ်**

အဲဒါ **'အရိပ်အရောင်၊** 'အရိပ်ကိုအရောင်ပြတယ် ဖိုးလနတ်သား'။ အဲလိုဖြစ်သွားတယ်။ 'ကလေးတွေ အငိုတိတ်အောင်'တဲ့၊ 'ကလေးတွေ အငိုတိတ်အောင် အရိပ်ကို အရောင်ပြတယ်'။ ဒကာကြီးတို့ အခုစိတ်ထဲက ဟာတွေက **'အရောင်'** ပြနေတာတွေ။ မျက်စိထဲထင်တဲ့ဟာတွေလေ။ ယောကျ်ားပျို မိန်းမပျိုတွေ ဘာတွေလေ။ အဲဒါ ဘာလို့တုံး ဆိုတော့ကလေးကို အငိုတိတ်အောင်ဆိုတာ ပျော်အောင်လို့ပေါ့။ **'ပုထုဇဉ်တွေ'** ပျော်အောင်လို့ ဒကာကြီးရ။

အုတ်တိုက်ကြီးတွေနဲ့ **'ပျော်တယ်'**။ ဟိုဟာ ဒေါ်လာတွေနဲ့ **'ပျော်တယ်'**ပေါ့။ အဲ ရစရာတွေနဲ့ **'ပျော်တယ်'**။ အဲလိုပေါ့ 'ကလေးကို အငိုတိတ်အောင် အရိပ်ကို အရောင်ပြတယ် ဖိုးလနတ်သား'ဆိုတော့ အဲဒီ **'ဓာတ်ရှစ်ပါးကြီး'**ပေါင်းလိုက်တော့ အခါကျတော့ **'ဆံပင်'** လို့ခေါ်လိုက်ရတယ်။ **'ဓာတ်ရှစ်ပါး'**သာ ခွဲလိုက်ပါတဲ့၊ ဟော **'ဆံပင်'**ဟာ ပျောက်သွားသည်တဲ့၊ ဟော မာတဲ့ဟာ ဆံပင်မှာ စမ်းကြည့်၊ နှိပ်ကြည့်၊ ချေကြည့်၊ မာတာလေးတွေ တွေ့လိမ့်မယ်။ ကြမ်းတာ၊ ချောတာ၊ မာတာ၊ ပျော့တာပေါ့။

အဲ မာတာ ပျော့တာဆိုရင် **'ပထဝီ'**ပဲ။ **'ပထဝီ'** ဖြစ်အောင် သူက **'အာပေါ'**က မာအောင် **'ပထဝီတွေ'**က ရောပြီးတော့ မွှေပြီးတော့ လုံးထားတယ် ဒကာကြီးရဲ့၊ မုန့်မှုန့်လိုပေါ့။ အဲ အဲလိုဆိုတော့ **'အာပေါ'**လည်းပါတယ်။ **'တေဇော'**လည်းပါတယ်။ ဖြောင့်တဲ့ဟာ၊ တန်းတဲ့ဟာ တွေကျတော့ **'ဝါယော'**လည်းပါတယ်။ ပြီးတော့ ဆံပင်ကနက်တော့ **'ဝဏ္ဏ'**လည်းပါတယ်။ ပြီးတော့ ဆံပင်ဟာ အနံ့လည်း ပါတော့ **'ဂန္ဓ'**လည်းပါတယ်။ ဆံပင်ဝါးကြည့်ရင် ခါးတယ် ဒကာကြီး၊ အဲ **'အရသာ'**လည်း ပါတယ်။ **'သြဇာ'**လည်း ပါတာပေါ့။

**အခုဖြစ်ပြီး အခုပျက်တယ်—— ပျက်လို့ချည်းနေတယ်။**

သူ့ကို ဆံပင်တွေ ဘာတွေလုပ်တယ်။ အေး အဲဒီလိုဟာ အဲဒါကြောင့် **'ဓာတ်ရှစ်ပါး'** ထဲမှာ ပထဝီ မာတာပျော့တာ အဲ တစ်ခါတည်း သူက **'နေရာ'** မရွေ့ဘူး ဒကာကြီး။ အခု **'ဖြစ်'**

www.burmeseclassic.com

www.burmeseclassic.com



ပြီး၊ အခုပျက်တယ်၊ ပျက်လို့ချည်းနေတယ်။ အဲဒီလို **'နှလုံးသွင်း'** ရမှာ၊ အဲလို **'နှလုံးသွင်း'** လိုက်မှ **'အတ္တတွေ'** ပျောက်သွားတယ်ဆိုတယ်၊ **'ငါတွေ'** ပျောက်သွားတာ ဒကာကြီးရ။ **'အတ္တတွေ'** ပျောက်သွားတယ်။ **'ငါတွေ'** ပျောက်သွားတယ်ဆိုတာ **'အတ္တနိယတွေ'** ဆိုတဲ့ **'ငါ့ဥစ္စာတွေ'** ပျောက်သွားတာ ဒကာကြီးရ။ အဲလိုဆိုတော့ မြတ်စွာဘုရား စိတ်ထဲမှာ ခတ်နဲ့ ဉာဏ်တွေ ပရမတ်တွေ မပေါက်ဖူးလား (ပေါက်ပါတယ်ဘုရား)။ **'ခတ်ဉာဏ်တွေ၊ ပရမတ်ဉာဏ်တွေ'** ပေါက်တော့ သူ့မှာ ရှင်းရှင်းကြီးနေတယ်။ ပြီးတော့ စိတ်ကလည်း ကြည်ကြည်ကြီးနေတယ်။

ဒါကြောင့် **'တကြည်ထဲကြည်၊ တအေးထဲအေး၊ တငြိမ်းထဲငြိမ်း၊ တလင်းတည်း လင်းတော်မူသော'၊** အဲဒီလို 'မြတ်စွာဘုရားဂုဏ်တော်'ကို အောက်မေ့လိုက်လို့ရှိရင်လည်း အဲဒါ **'ဝိပဿနာ'** ပွားပြီးသားဖြစ်သွားတယ်။ ဉာဏ်ကလည်း အဲလို အဲလို **'မြတ်စွာဘုရားဉာဏ်'** သူက အဲဒါကြောင့်လည်း သူ့မှာ**'အရဟံ'** လူနတ်ဦးခိုက် ပူဇော်ထိုက်တာကလည်း ရာဂ ဒေါသ တွေက မရှိလို့ဟုတ်ကဲ့လား။

**ကိလေသာဟူ တွင်းရန်သူတို့ မပြုဝံ့ရှောင်း ဝေးတော်မူသော အကြောင်းကြောင့်၊ အရဟံ- အရဟာ မည်တော်မူ၏။**

**ကိလေသာဟူ တွင်းရန်သူတို့**

ဟော **'ကိလေသာ'** ဆိုတာ စိတ်ညစ်တတ်တာတွေကိုခေါ်တာကိုး ဒကာကြီးရ။ **'ကိလေသာဟူ တွင်းရန်သူတို့'**၊ အတွင်းကရန်သူဟာ ကိလေသာပဲ။ စိတ်ဆိုးအောင်။ ဒေါသ ဖြစ်အောင်၊ ဒေါသဖြစ်တာက အင်း ကိလေသာပဲ။ **'ဒေါသ'** ဖြစ်အောင် အထဲထဲက ခုနတုန်းက ခတ်ရှစ်ပါးမရောက်ဘဲ နေတာကလည်း အဲဒါက **'မောဟ'** ကလည်း ကိလေသာပဲ ဒကာကြီး။ အဲဒီ **'ကိလေသာ'** တို့မှာ သူ့မှာဝေးနေတယ်ဆိုတာ သူက ဟို **'ခတ္တာရမ္မဏ'**ခေါ်တယ်။ ဟို ဘုရားရဟန္တာ အရိယာပုဂ္ဂိုလ်များ **'ခတ္တာရမ္မဏ-** ခတ်ကိုအာရုံပြုတယ်**'**။

ဒကာကြီးတို့လည်း သွားရင်းလာရင်းနဲ့ **'နှလုံးသွင်း'**၊ ထိုင်တယ် ထိုင်တယ်ဆိုတာလည်း ခတ်ကိုရောက်အောင် **'နှလုံးသွင်း'**၊ မြင်ရင်လည်း ခတ်ရောက်အောင် **'နှလုံးသွင်း'** ဟုတ်တယ် မလား။ **ခတ္တာရမ္မဏ**၊ **ခတုအာရမ္မဏ**၊ ခတ်ကို အာရုံအပြုများတယ်တဲ့ ဟုတ်ကလား။ အဲဒါကြောင့်သူက အဲဒါလေး တစ်လုံးတည်းနဲ့ပဲ။

**ကိလေသာဟူ တွင်းရန်သူတို့ မပြုဝံ့ရှောင်း၊ ဝေးတော်မူသော အကြောင်းကြောင့်၊ အရဟံ- အရဟာ မည်တော်မူ၏။**

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား- **'အရဟံ'**ဆိုသော **'ကိလေသာဟူ'** ဆိုကြည့်စမ်း (ကိလေသာဟူ တွင်းရန်သူတို့ မပြုဝံ့ရှောင်း ဝေးတော်မူသော အကြောင်းကြောင့် အရဟံ- အရဟ မည်တော်မူ၏)။ အဲလို ဆိုလိုက်လို့ရှိရင်လည်း ဝိပဿနာဖြစ်သွားတာပဲ ဒကာကြီးရ။

**စိတ်ကောင်းကြည်လင်ဆိုတာ**

**'ဘုရားဂုဏ်တော်'**နဲ့ကျတော့ **'နီဝရဏတွေ'** ကင်းပြီးတော့ တစ်ခါတည်း အလင်းတွေနဲ့ဟာ နီဝရဏတွေမရှိ ပြီးတော့ တစ်ခါတည်း အဲဒီလိုပဲ **'ဓာတ်'**ကို အာရုံပြုလိုက်တော့ ဟောသူ့စိတ်ထဲမှာ တစ်ခါတည်း သူ့မှာ နောက်ကျူစရာမရှိတော့ဘူး ဟုတ်လား။ ဒါကြောင့် သူက **'တကြည်ထဲကြည်'**တယ်။ ဒါကြောင့် ကျုပ်က **'စိတ်ကောင်းကြည်လင်'** ဆိုတာက အဲလို ဟာမျိုး။ အဲ **'ကိလေသာတွေ'** ဘာဖြစ်လို့ ဝေးတော်မူသတုံးဆိုတော့ **'ဓာတ်'**ကို အာရုံပြုလို့တဲ့။ ကိလေသာတွေ ဘာလို့ဝေးတုံး (ဓာတ်ကိုအာရုံပြုလို့)၊ ဓာတ်ကို **'ဓာတွာရမ္မဏ'** လို့ခေါ်တယ်။

**'ဓာတွာရမ္မဏ**- ဓာတ်ကို အာရုံပြု၊ ဓာတ်လျှင် အာရုံရှိသော'၊ ဆံပင်တွေဟာလည်း ဓာတ်ပဲ။ ဆံပင်တွေဟာ ဘာတုံး (ဓာတ်တွေပါဘုရား)။ **'ဓာတ်ရုပ်ပါး'** ခေါ်တယ်။ ဆံပင်တွေဟာ ဘာတွေတုံး (ဓာတ်ရုပ်ပါး)။ **'ငါ'** ဆံပင်လို့ မဆိုရဘူး၊ ဆံပင်ဟာ ဓာတ်ရုပ်ပါး၊ **'ကိလေသာဟူ'** (ကိလေသာဟူ တွင်းရန်သူတို့ မပြုဝံ့ရှောင်း ဝေးတော်မူသောအကြောင်းကြောင့် အရဟံ-အရဟ မည်တော်မူ၏)။ ဒါလွယ်လွယ်လေးနဲ့ တိုတိုလေးနဲ့ တရားလည်းဖြစ်အောင် ဘာပြုလို့ ငါတို့မှာကိလေသာတွေဖြစ်သတုံး ဆိုလိုက်တော့ သူက ကိလေသာဆိုတာ ပညတ်ကို အာရုံပြုတာကိုး၊ ကိလေသာတို့ အကုသိုလ်ဆိုတာ **'ဉာဏဝိပ္ပယုတ်'** အာရုံပြုတယ်။

**လောကီကို အာရုံပြုလို့ရှိရင် 'ဤဟာဒုက္ခသစ္စာ'**

**'ဉာဏဝိပ္ပယုတ် အကုသိုလ် လောကီကိုသာ အာရုံပြုသတည်း'**၊ လောကီကို အာရုံပြုလို့ရှိရင် အဲဒါ **'ဒုက္ခသစ္စာ'** ဆိုလိုက်။ **'ဤဟာ ဒုက္ခသစ္စာ'**၊ အဲဒါဆို **'သစ္စကမ္မဋ္ဌာန်း'** ဖြစ်သွားတယ်။ လောကီတွေ ဘက်သို့ အာရုံပြုတယ် လောဘဆိုတာရဖို့လမ်းပေါ့၊ ဟုတ်ကဲ့လား၊ လူမှုရေးရောဘာတွေရောပေါ့ စုံလို့ပေါ့၊ **'လောကီ'** ဆိုလို့ရှိရင် ဟို **'ဒုက္ခသစ္စာ'**လို့သာမှတ်၊ သူက **'ဖြစ်ခြင်း ပျက်ခြင်း'**ပဲ ရှိတယ်။ ဒီ့ပြင်ဘာမှမရှိဘူး။ **'လောကီ'**ဆို ဘယ်လိုရှိတယ် (ဖြစ်ခြင်း၊ ပျက်ခြင်းသာ ရှိပါတယ်ဘုရား)။ **'ဖြစ်ခြင်း ပျက်ခြင်း'** စိတ်ကူးတွေမှာသာ ဘယ်လိုရရှိတယ်။ ဘာရရှိမယ်နဲ့ စိတ်ကူးလိုက်တာက **'မနော'**မဟုတ်ဘူးလား။ မျက်စိလိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



## မနောအကြည်က မှန်နဲ့တူတယ်

**'မျက်စိက မျက်စိအကြည်လေး၊ မနောကလည်း မနောအကြည်လေး'၊ 'မနောအကြည်'** က ဘာနဲ့တူတုံးဆိုတော့ **'မှန်'** နဲ့တူတယ်။ **'မနော'**က ဘာနဲ့ တူတုံး (မှန်နဲ့တူပါတယ်ဘုရား)။ **'မှန်'**ကို အရှေ့က ထိုင်ကြည့်တော့ **'အရိပ်တွေ'** မထင်ဘူးလား (ထင်ပါ တယ်ဘုရား)။ ထင်တာက အရိပ်ကြီး၊ နှုတ်ဆက်ကြည့်တော့ သူကပြောသလား (မပြောပါဘူးဘုရား)။ ခေါ်လို့ကောထူး သလား (မထူးပါဘူးဘုရား)။ ခေါ်လို့မထူးဘူး၊ ပြောလို့လည်း ကြားရသလား၊ မကြားဘူး သူက မြင်တဲ့အရိပ်၊ အဲဒီလိုပဲ **'မှန်'**ထဲမှာ၊ **'မှန်'** ကမနော။ မှန်ကဘာတုံး (မနောပါဘုရား)။

အဲ ရှင်အာနန္ဒာမှာ အဲဒီမှန်နဲ့တရားရတာ **'မှန်'**ကမနော။ မနောကို ငါတွေ သူတွေ ထင်တာကိုး၊ **'မနော'** ကို မနောလို့ပဲထား၊ ငါတို့ သူတို့ လာမထင်နဲ့၊ တရားကဟန်တော့တာ။ ဘာပြုလို့တုံးဆိုတော့ **'တရား'** ရစရာအကြောင်းကငါးခု။ **'အာယတန'** သိရင်၊ အာယတနတို့ရဲ့ သဘောမှန်ကို သိလို့ရှိရင်လည်း သူကလည်း တရားရတယ်။ **'မဟာဘုတ်'** ကို သိလို့ရှိရင်လည်း တရားရတယ်။ **'ဥပါဒါနက္ခန္ဓာ'**ကို သိရင်လည်း တရားရတယ်။ ဟုတ်ကဲ့လား အင်း ပြီးတော့ ကော ဖြစ်သမျှတွေဟာ ပျက်တာပဲလို့ **'ဓမ္မစကြာ'** သိရင်လည်း တရားရတာပဲ မဟုတ်လား။ **'ပဋိစ္စသမုပ္ပါဒ်'** သိရင်လည်း တရားရတယ်။

## အာယတနက အလွန်တရားရလွယ်တယ်

အေး အဲလိုလေ ရှေးတုန်းက ရဟန်းတွေ အရှင်ဘုရားက ဘယ်လိုရတုံး၊ အရှင်ဘုရား က ဘယ်လိုရတုံးဆို အဲလိုရတယ်ဆိုတဲ့ အကြောင်းပြောတော့ သူက သဘောမကျလို့ ဘုရားဆီ သွားမေးတာပေါ့။ အဲဒီလိုလေ ပေါက်ပင်ကြီးနဲ့ ဥပမာ ပေးလိုက်သလိုပေါ့။ အဲဒီ **'အာယတန'**၊ မျက်စိတွေ နားတွေဆိုတဲ့ **'အာယတန'**က အလွန်တရားရလွယ်တယ်။

'ခန္ဓာ' က နည်းနည်းခက်သေးတယ်။ 'ခန္ဓာငါးပါး' က ခက်သေးတယ်။ အာယတန ကတော့ မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်း အကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ မနောအကြည်။ အာယတနခြောက်ပါးရှိပါသည်၊ အာယတန ခြောက်ပါးဟူသော်ကား၊ စက္ခာယတန၊ သောတာယတန၊ ဃာနာယတန၊ ဇိဝှါယတန၊ ကာယာယတန၊ မနာယတန၊ **'ဃာနာယတန'** ဆိုတာ နှာခေါင်းခေါ်တယ်။ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)၊ အဲဒါ **'အာယတန'** ခြောက်ပါးရှိတယ်။ အဲဒါ **'အာယတန'** ခြောက်ပါးဆိုတာ **'စက္ခု'** က 'ဝိပါက' ဟုတ်ကဲ့လား။ **'စက္ခု'** ဆိုတာ ဝိပါက၊ **'ဝိပါက'** ဆိုတာ အကျိုးဒကာကြီးရ။ **'ဝိ** - တစ်လုံး၊ **ပါက** - က တစ်လုံး'

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပုဒ်ရှိတယ်။ **'ဝိပါကာ**- အချင်းချင်းထူးကုန်သော' မျက်စိ ကလည်း **'ဝိပါကာ'**၊ နားကလည်း **'ဝိပါကာ'**၊ 'အချင်းချင်းထူးတယ်' ဆိုတာ မျက်စိနဲ့နားနဲ့ မတူဘူး။ နားနဲ့ နှာခေါင်းနဲ့လည်း မတူဘူး။ နှာခေါင်းနဲ့လျှာနဲ့လည်း မတူဘူး။ လျှာနဲ့ ကိုယ်နဲ့ လည်းမတူဘူး။ ကိုယ်နဲ့ မနော အကြည်နဲ့မတူဘူး ဟုတ်ကဲ့လား။ အဲဒါကို **'ဝိပါက'**ခေါ်တယ်။

### ဝိပါကာ – အချင်းချင်းထူးကုန်သော၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော

**'ဝိပါကာ-** အချင်းချင်းထူးကုန်သော၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော' အဲ မျက်စိဆို ဒီဟာ၊ နားဆို ဒီဟာ၊ ကုသိုလ် အကုသိုလ်တို့ရဲ့ အကျိုးတွေတဲ့၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)၊ **'ဝိပါကာ-** အချင်းချင်းထူးကုန်သော၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော၊ **ဓမ္မာ နိဿတ္တာ နိဇ္ဇီဝ သဘာဝါ -** သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ **သံဝိဇ္ဇန္တိ-** ရှိကုန်၏**'**၊ အေး မျက်စိကို မျက်စိလို့ပဲ သိရတယ်။ သတ္တဝါတို့ ယောကျ်ားတွေတို့ မိန်းမတွေတို့ မသိရဘူး။ သိရင်အသိလွဲပြီး ရာဂ၊ ဒေါသတွေဖြစ်တယ်။ မျက်စိလို့ သိလိုက်လို့ရှိရင် ဘာမှ ဖြစ်စရာမလိုဘူး။ ရာဂဒေါသမဖြစ်ဘူး။

**မျက်စိက ဝိပါကာ၊ ဆဲချင်တာက ကိလေသာ၊ ဆဲလိုက်တာက ကမ္မာ။**

**မျက်စိက ဝိပါကာ၊ အပြစ်ပြောချင်တာက ကိလေသာ၊ ပြောလိုက်တာက ကမ္မာ။**

အဲဒါလေးတွေ ပြောလိုက်တော့ **'ဝဋ်ကံ'** ဖြစ်သွားတာပေါ့။ အဲလိုကနေကွဲကွဲသွားတယ်။ ငါတို့ချချပေးတာက အဲဒါ **'ဉာဏ်တွေ'** ကောင်းတယ်။ ဉာဏ်တွေကောင်းတော့ သူ့မှာ စိတ်ဆိုးစရာလည်း မရှိဘူး။ **'ဉာဏ်တွေ'** ကောင်းတော့ စိတ်အတ္တာပြုစရာလည်းမရှိ။ ရာဂ၊ ဒေါသဆိုတာ **'ဉာဏ်'**မရှိမှ ဖြစ်တာကိုး။ အဲလိုကောင်းတယ်။ ဝမ်းထဲတွေ ကောင်းနေတော့တယ်၊ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။

### ဝိပါက ဓမ္မ ဓမ္မာ – အကျိုးကိုဖြစ်စေခြင်း သဘောရှိကုန်သော

**'ဝိပါကာ**- အချင်းချင်းထူးကုန်သော၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော**'**

အဲဒါ မျက်စိတွေ၊ နားတွေ၊ နှာခေါင်းတွေ၊ လျှာတွေ၊ ကိုယ်တွေရတယ်။ ဒါကြောင့်အခု ချမ်းသာတာက ရှေးရှေးတုန်းက ကုသိုလ်ရဲ့ ဝိပါက်၊ သတ်သတ်ထားဦး၊ **'ဝိပါက ဓမ္မ ဓမ္မာ- အကျိုးကိုဖြစ်စေခြင်း သဘောရှိကုန်သော'**၊ အဲဒါက ကုသိုလ် အကုသိုလ်ကိုခေါ်တယ်။ အဲဒါ အကျိုးကိုဖြစ်စေခြင်းသဘော **'ဝိပါက ဓမ္မ ဓမ္မာ-** အကျိုးကိုဖြစ်စေခြင်းသဘောရှိကုန်သော**'**၊ အဲဒါက မျက်စိတို့၊ နားတို့၊ နှာခေါင်းတို့၊ လျှာတို့၊ ကိုယ်ကြီးတို့၊ စိတ်ကြီးတို့ကို **ဖြစ်ခြင်းရဲ့**

www.burmeseclassic.com

www.burmeseclassic.com



**အကြောင်း**'။ အဲဒီ **'အကြောင်းနဲ့အကျိုး'**ကို မသိတော့ ဘယ်သူက ဖန်ဆင်းတယ်။ ဘယ်ဝါက ဖန်ဆင်းတယ်နဲ့ အဲလိုလုပ်တာ။ သုံးခု သုံးခုထဲပဲရှိတယ်။

**ဝိပါက ဓမ္မ ဓမ္မာ-**

(၁) အချင်းချင်းထူးကုန်သော

(၂) ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော

(၃) အကျိုးကို ဖြစ်စေခြင်းသဘောရှိကုန်သော

**'ဓမ္မာ နိဿတ္တ နိဇ္ဇီဝ သဘာဝါ**- သတ္တလည်းမဟုတ်၊ ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ **သံဝိဇ္ဇန္တိ**- ရှိကုန်၏'၊ **'ပရမတ္ထတရား'** ကို သုံးခုစုပြောတာကိုခေါ်တယ်။ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ အဲဒါနဲ့ ကုန်ရော။ **'ပရမတ္ထတရားသုံးခု'**။ ဟော 'ဝိပါက်' က၊ မျက်စိတွေ၊ နားတွေက **'ဝိပါကဓမ္မ'**။ အဲ သူ့ကိုဖြစ်စေတာက **'ကုသိုလ် အကုသိုလ်ရဲ့အကျိုး'**။ ဟော အခုအခု တရားနာလာတာတွေပေ့။ ဆွမ်းတွေကျွေးတာပေ့။ အဲဒါတွေက ကျောင်း အလှူကျောင်းအဖြစ်နဲ့ လှူတာတွေ၊ ကျောင်း အမကြီးတွေဖြစ်ကုန်တယ်။ အဲဒါ ဘာမှတ်လို့တုံး ကျောင်းအမကြီးတွေ ဖြစ်ကုန်တယ်။ အဲဒါ **'ကုသိုလ် အကုသိုလ်အကျိုးကိုဖြစ်စေတဲ့ သဘောရှိတဲ့ တရားတွေ'**လို့အဲလိုမှတ်။ သည်းခံရင် သည်းခံနိုင်လေ 'ကုသိုလ်'ရလေ။ သည်းမခံနိုင်ရင် ဒေါသဖြစ်ရင် အဲဒီကုသိုလ်ထဲ ဒေါသက ရောသွားတယ်။ အရုပ်ဆိုးတတ် တယ်။ ဒေါသ မရောနဲ့။ ဟုတ်ကဲ့လား။ လှတဲ့လူတွေ ကြည့်ရင် သူကဒေါသသိပ်မကြီးတဲ့ လူလို့ခေါ်တယ်။ ကုသိုလ်ထဲမှာ သူကဒေါသမပါဘူး။ ဟုတ်ကဲ့လား (တင်ပါ့ဘုရား)။ **'ဝိပါက ဓမ္မ ဓမ္မာ-** အကျိုးကို ဖြစ်စေခြင်း သဘောရှိကုန်သော'။

အဲဒါ လူတွေနဲ့ ကိုက်အောင် ငါစပ်စပ်ထားတာတွေ၊ အဲဒါ မြတ်စွာဘုရားဟောတာ ငါဟောတာမဟုတ်ဘူး (တင်ပါ့ဘုရား)။ အဲဒါသိအောင်လို့ ဟောဟောပေးတာ၊ ဩော် **'ကုသိုလ် အကုသိုလ် အကျိုး'** ဟာ အကျိုးကိုဖြစ်စေခြင်း၊ ဟော အဲဒီအိမ်ကြီး၊ မီးကြီးတွေ ဘာကြီးတွေက **'အကျိုးတွေ'** ဟုတ်ကဲ့လား။ ပိုက်ဆံတွေ၊ ဒေါ်လာတွေသုံးထောင်၊ **'ဝိပါက ဓမ္မ ဓမ္မာ**- အကျိုးကို ဖြစ်စေခြင်း သဘောရှိကုန်သော'၊ သဘောရှိတယ်။ **'လူတွေ'**၊ **'ငါ'** တို့ကို ဘာလို့မပါဘူး။ အဲဒါ မြတ်စွာဘုရားဟောတဲ့ ဟာ ဟုတ်ကဲ့လား။ **'အကျိုးကိုဖြစ်စေခြင်းသဘော'** တဲ့။ သူက **'ဇနကကံ'** ခေါ်တယ်။ **'ကုသလာ ကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ၊ ကမ္မပစ္စယေန ပစ္စယော'**၊ ပဋ္ဌာန်းတွေက ဘာတွေက **'ဝိပဿနာ'** ခေါ်တယ်၊ ဟုတ်ကဲ့လား၊ အဲဒီ စေတနာလေးဟာ ဆိုလို့ရှိရင် ကဲ လူလား ယောကျ်ားလား မိန်းမလား ဆိုလိုက်တော့သူ့ **'သဘာဝလေး'**ပဲ၊ အဲဒီမျက်စိတွေ

www.burmeseclassic.com

www.burmeseclassic.com



နားတွေက **'ရုပ်နာမ်'**မှာ **'ကံ'** ကိုဖြစ်စေတယ်တဲ့၊ ဟုတ်ကဲ့လား၊ အဲဒီ **'ကံ'**ကမှ အကျိုးတွေဖြစ်စေတာ **'ဝိပါကာ'**၊ **'ဝိပါကာ'**ဆိုရင် အကျိုးရတယ်။

**'ဝိပါကာ**- အချင်းချင်းထူးကုန်သော၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော'၊ မျက်စိနဲ့ နားနဲ့ မတူဘူးလေ။ အဲဒီဟာကို ဆိုလိုက်သဖြင့် **'မျက်စိ'** ကလည်း **'ဝိပါက'** လို့ ဆိုလိုက်တော့ **'လူ'** ပြုတ်သွားတော့ **'ငါ'** မဟုတ်တော့ဘူး၊ **'ဒိဋ္ဌိ'** ပြုတ်သွားတယ်။ အဲလို အဘိဓမ္မာက အခု **'အဘိဓမ္မာခေတ်ကြီး'** ဖြစ်နေပြီ။

တို့ရန်ကုန်မှာ မခင်လှတင်ကလည်းဟာ အဘိဓမ္မာတွေ ဘာတွေချပြီး ဋီကာကျော်တွေချပြီး 'ဟာ နင်တို့ဟာက **'သတ္တဝါ'** မပါအောင်ဟောရတယ်'။ ငါက ဆရာကြီးသွားလုပ်တယ်။ 'လူတွေမပါအောင် ဟောဦးဟ။ ဒါမှ မဟုတ်ရင် နင်တို့ ရာဂတွေဖြစ်၊ ဒေါသတွေ ဖြစ်။ ငါစာတတ်တယ်၊ သူစာတတ်တယ်၊ ငါအောင်တယ်၊ သူအောင်တယ်၊ လုပ်မနေနဲ့'လို့၊ **'ဝိပါကဓမ္မဓမ္မာ**- အကျိုးကိုဖြစ်စေခြင်း သဘောရှိကုန်သော'၊ **'ဓမ္မာ** - နိဿတ္တ နိဇ္ဇီဝ သဘာဝ၊ သတ္တလည်း မဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည်၊ **သံဝိဇ္ဇန္တိ -** ရှိကုန်၏'။

## နေဝ ဝိပါက နဝိပါက ဓမ္မ ဓမ္မာ

အဲဒါနဲ့ဟောတာ နတ်ပြည်မှာအကုန်လုံးကို **'သောတာပန်တွေ'** အကုန်ဖြစ်ကုန်တယ်။ တစ်ခါတည်း **'သဘော'** ရောက်ကုန်တယ်။ ခု အဲဒါလေးတွေနည်းနည်း အတ္တာပြုလို့၊ **'နေဝဝိပါက နဝိပါက ဓမ္မ ဓမ္မာ'**၊ အဲဒီနှစ်ခုတည်းကို တစ်ခုလုပ်လိုက်တာ၊ နှစ်ခုကို တစ်ခုလုပ်လိုက်တာ၊ **'နေဝဝိပါက'**၊ **'နေဝ'** နဲ့ non နဲ့အတူတူပဲ၊ no နဲ့အတူတူပဲ၊ မာနဲ့အတူတူပဲ၊ mis- နဲ့လည်း အတူတူပဲ၊ မ-မ-တွက်တယ်။ **'နေဝဝိပါက နဝိပါက ဓမ္မာ**-အချင်းချင်းထူးကုန်သော၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်ကုန်'၊ ကဲ **'ဉာဏ်'**၊ အဲဒါ မျက်စိတွေလည်း မဟုတ်ဘူးတဲ့ လို့ပြောတာ ဟုတ်တယ်နော် (တင်ပါ့)။ **'အချင်းချင်းထူးကုန်သော၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်ကုန်'**၊ အဲဒါ အကျိုးလည်းမဟုတ်ဘူးဆိုတော့ မျက်စိတွေ နားတွေလည်း မဟုတ်ဘူးတဲ့ ကိုယ်ကြီးလည်းမဟုတ်ဘူး၊ လူတွေလည်းမဟုတ်ဘူး၊ ဘာတွေလည်းမဟုတ်ဘူး၊ ဟုတ်ကဲ့လား၊ **'နဝိပါက ဓမ္မ ဓမ္မာ - အကျိုးကိုဖြစ်စေခြင်း သဘောလည်းမရှိကုန်သော'**၊ **'အကျိုး'** လည်း မဟုတ်ဘူး၊ **'အကြောင်း'** လည်း မဟုတ်ဘူးဆိုတာနဲ့ အတူတူပဲ။ **'ဉာဏ်'**က တစ်ခါတည်း မြတ်စွာဘုရား ပို့ပုံ ပို့ပုံ အဲလို ပို့ပြီးတော့မှ အလုပ်လုပ်လို့ ရှိရင် အလွန်ဟန်တာ ဟုတ်တဲ့လား (တင်ပါ့)။ အဲဒါ မြတ်စွာဘုရား ပို့ပုံ ပို့ပုံ၊ **'နေဝဝိပါက နဝိပါက ဓမ္မ ဓမ္မာ'**၊ **'အချင်းချင်းထူးကုန်သော၊**

www.burmeseclassic.com

www.burmeseclassic.com



**ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်ကုန်၊ အကျိုးကိုဖြစ်စေခြင်းသဘောလည်း မရှိကုန်သော'**၊ အဲဒါ **'နေဝ'** ပါလို့၊ အဲဒါက **'နိဗ္ဗာန်'** ကို ပြောတော့မလို့၊ **'လောကုတ္တရာ'** ကို ပြောတော့မလို့။ **'ဉာဏ်တွေ'**က ဘယ်လောက်စိုက်သွားတယ်ဆိုတဲ့ဟာ **'သဘော'**ကို ဘယ်လောက်ရောက်သွားတယ် ဘာတွေပေါ်သွားအောင်လို့ ဟုတ်ကဲ့လား။ **'သတ္တိလေး'**ကို ပြလိုက်တာ။ **'အဘိဓမ္မာသတ္တိ'** ခေါ်တယ်။ **'သဘာဝသတ္တိ'** လည်းခေါ်တယ်။ **'ပဋ္ဌာန်းသတ္တိ'** လည်း ခေါ်တယ်။ အဲဒါ **'ဟေတုပစ္စည်း'** ဆိုရင်လည်းရတယ်၊ ပဋ္ဌာန်းက ဟုတ်ကဲ့လား၊ ဒါက နည်းနည်းလေးစပေးတာ၊ **'ဉာဏ်တွေ'** ကောင်းအောင်လို့။

ဟို **'စိတ်တွေ'**က မိန်းမပျိုတွေ ယောကျ်ားပျိုတွေထဲကို **'စိတ်'**က ရောက်လွန်းလို့ သမီးတွေ၊ သားတွေ၊ ငွေတွေ၊ အိမ်တွေ၊ တိုက်တွေတာတွေထဲကို **'စိတ်'**က ရောက်လွန်းလို့။ **'သူငါတွေ'** ရောက်လွန်းလို့၊ **'ရောဂါတွေ'** ဟုတ်ကဲ့လား (တင်ပါ့)၊ **'ရောဂါတွေ'** က **'ဝိပါက'**ထဲ ပါတယ်၊ ဟုတ်ပြီလား၊ ဒုက္ခမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ **'နေဝဝိပါက'**၊ နှစ်ပုဒ်ကို တစ်ပုဒ်ထဲ လုပ်လိုက်တာ၊ ဘာတဲ့တုံး (နှစ်ပုဒ်ကို တစ်ပုဒ်ထဲ လုပ်လိုက်တာပါဘုရား)။

**'အချင်းချင်းထူးကုန်သော၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်၊ အကျိုးကို ဖြစ်စေတတ်သောသဘောလည်း မဟုတ်ကုန်သော'၊ 'ကုသိုလ်နဲ့ ဝိပါက်နဲ့'၊ 'အကြောင်း အကျိုး'** ကိုတစ်ခုတည်းလုပ်ချလိုက်တာ။ **'နေဝဝိပါက နဝိပါက ဓမ္မ ဓမ္မာ**-အချင်းချင်းထူးကုန်သော၊ ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်၊ အကျိုးကိုဖြစ်စေတတ်သော သဘောလည်း မဟုတ်ကုန်သော'၊ လျှုတ့်တန်းတဲ့အခါတွေမှာ **'နိဗ္ဗာန်'** ရောက်အောင်တစ်ခါတည်း အဲဒါ ရောက်သွားစေနိုင်တယ် ဟုတ်ကဲ့လား၊ အကျိုးကို နင်တို့ အခုလျှုတာတွေဟာ **'အကျိုးကို ဖြစ်စေတဲ့ သဘော'** ရှိနေတယ်၊ ဟုတ်ကဲ့လား (တင်ပ့ါဘုရား)၊ **'အကျိုးကိုဖြစ်စေချင်တဲ့ သဘော'** မရှိအောင် ဘယ်လိုလုပ်မတုံးဆိုတဲ့ အကြံတွေ ဉာဏ်တွေကလည်း တစ်ခါတည်း ထွက်ချလာတယ်။ ကုသိုလ် အကုသိုလ်လုပ်တော့ အကုသိုလ်ဖြစ်တဲ့အခါမှာ လူတွေ ပုဂ္ဂိုလ်တွေ သတ္တဝါတွေ မပါဘူးလား။ လျှုတဲ့အခါရော ဘုန်းကြီးတွေ ဘာတွေ ဘုရားတွေ အမေတွေ အဖေတွေ မပါဘူးလား (ပါပါတယ်ဘုရား)။ အဲလိုဟာတွေ မပါဘဲနဲ့ သဘာဝလေးတွေ၊ အနိစ္စ ဒုက္ခလေးတွေ၊ ဖြစ်ပျက် နေပုံလေးတွေ၊ မြတ်စွာဘုရားကလည်း သင်္ဗေသင်္ခါရာ အနိစ္စာလေးတွေကလည်း ဟောပြီးသား။ အဝိဇ္ဇာပစ္စယာ သင်္ခါရာလည်းဟောပြီးသား၊ ဖြစ်သမျှတွေဟာ အကုန်ပျက်တာတွေပဲလည်း ဟောပြီးသားမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



**နေဝဝိပါက နဝိပါက ဓမ္မ ဓမ္မာ**

(၁) အချင်းချင်းထူးကုန်သော

(၂) ကုသိုလ် အကုသိုလ်တို့၏ အကျိုးလည်းမဟုတ်

(၃) အကျိုးကို ဖြစ်စေတတ်သော သဘောလည်းမဟုတ်ကုန်သော

**'ဓမ္မာ နိဿတ္တ နိဇ္ဇီဝ သဘာဝါ** - သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ် ကုန်သော သဘောတရားတို့သည်၊ **သံဝိဇ္ဇန္တိ** - ရှိကုန်၏'။

**သတ္တာဝါမရှိသော အသိသည်သာလျှင် လိုရင်းဖြစ်သည်**

**'သတ္တဝါ'** ဆိုရင် သတ္တပညတ်ပါသေးတယ်၊ **'သတ္တဒိဋ္ဌိ'** ခေါ်တယ်၊ ဟိုက **'အစ္စ '** **'အနိစ္စ'** မမြဲတာဆိုတော့ **'သတ္တဝါတွေ'**ဆိုတော့ မြဲသွားတယ်၊ ဖြစ်သွားတယ်၊ အဲဒါကြောင့် **'သတ္တဝါတွေ'** လို့ မြတ်စွာဘုရားက မယူစေချင်ဘူးတဲ့၊ ဟုတ်ကဲ့လား (တင်ပဲ့ါဘုရား)၊ **'သတ္တဝါတွေ'** လို့ မယူချင်ဘူး၊ အာယတနတို့ ခန္ဓာတို့ နာမ်ရုပ်တို့ အဲဒီဟာကိုပဲ ယူစေချင်တယ်။ သိတာက **'နာမ်'**၊ သွားတာ ထိုင်တာတွေက **'ရုပ်'** နဲ့ ဟုတ်ကဲ့လား၊ အဲလိုပေ့ါ။

စားသောက်တာတွေ ဘာချက်နဲ့ ညာချက်နဲ့ ကောင်းလို့ရှိရင် ဒါ **'ကုသိုလ် အကုသိုလ်တို့၏အကျိုး'** ပဲ၊ ဟင်းချက်ကောင်းရင်ဘာတုံး **'ကုသိုလ် အကုသိုလ်တို့၏အကျိုး'**၊ ချမ်းသာရင်လည်း **'ကုသိုလ် အကုသိုလ်တို့၏အကျိုး'**၊ ပိုက်ဆံတွေပေါ **'ကုသိုလ် အကုသိုလ်တို့၏အကျိုး'**၊ ဒီလောက်သာယူစေချင်တယ် ဟုတ်ကဲ့လား၊ ငါတို့ သူတို့ကို မယူစေချင်ဘူး၊ ငါတို့ သူတို့ဆိုတာက လူတွေ ယောကျ်ားတွေ မိန်းမတွေ ဖြစ်သွားတယ်၊ ဟုတ်ကဲ့လား။

လှတယ်ဆိုတာက လူတွေ၊ လူလှတယ်၊ ငါလှတယ်ဆိုတော့ ယောကျ်ားပျိုတွေ၊ မိန်းမပျိုတွေမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ အဲလို ကုသိုလ် အကုသိုလ် တို့၏ အကျိုးတွေပျောက်မကုန်ဘူးလား။ ကံ၊ ကံရဲ့ အကျိုးတွေ ပျောက်မကုန်ဘူးလား။ အဲလိုဆိုတော့ ဉာဏ်မပါပဲ ဖြစ်သွားတာပေ့ါ။ **'ဉာဏ်'** မပါတော့ **'လူ'** ရောက်သွားတော့ မာနတွေ ပြိုင်တာတွေ ဖြစ်သွားတယ်။ ဟုတ်ကဲ့လား (တင်ပဲ့ါဘုရား)။ ပြိုင်တာတွေ ဖြစ်သွားတော့ အကုသိုလ်တွေ ဣဿာ မစ္ဆရိယတွေ ဖြစ်သွားတာပေ့ါ။ ကုသိုလ်လေးက နည်းနည်းလေးပေ့ါ။ ဟိုဟာတွေက များသွားတယ်။ အဲလိုဟာ ရပြီလား (ရပါပြီဘုရား)။ ဆိုစမ်း ရရင် (ဆရာတော်ကြီး မှာတာတွေက များပြားတော့ မရွတ်တတ်တော့ဘူးဘုရား)။ မရွတ်တတ်တော့ဘူးလား။ အချင်းချင်း ထူးကုန်

www.burmeseclassic.com

www.burmeseclassic.com



သော၊ အေး **'အချင်းချင်းထူးကုန်သော ကုသိုလ် အကုသိုလ်တို့၏ အကျိုးဖြစ်ကုန်သော'**။ **'ငါ' 'ငါတို့'** ဟိုဟာတို့ ဘာတို့ ပညတ်တွေသာ ခေါ်ပလေ့စေ။ တကယ် မမှတ်နဲ့ ဟုတ်ကဲ့လား။ ကဲ ဒီလောက် တော်ဦးမယ်ကွာ။ ပြောတာမရလည်း ငါတော့ အထပ်ထပ် အခါခါ ဖြစ်နေပြီ။

**'ငါ' မပါဖို့ အရေးကြီးတယ်**

တစ်ခါတစ်ခါ **'လေရှူ၍သာ လူဖြစ်တာ'** နဲ့ စချင်စပေးလိုက်တယ်၊ **'လေရှူ၍သာ လူဖြစ်တာ၊ လေမရှူ လူမဖြစ်၊ စင်စစ် မှတ်ကုန်ရာသတည်း'**၊ အဲဒါလေးတွေလည်း တစ်ခါ တစ်ခါဟန်တယ်။ လေရှူတာ **'ဝိညတ်'** ထဲပါတယ်။ **'စိတ်'** ကြောင့်ဖြစ်နေတာ။ **'စိတ်'**က **'စိတ်'**က အိပ်နေတုန်းလည်း ဖြစ်နေတာပဲ။ တချို့က **'စိတ်နဲ့ဘဝင်စိတ်'** ကို မသိဘူး။ **'ဘဝင်စိတ်'** ကို မသိတဲ့စိတ်လည်း မဟုတ်ဘူးတဲ့။ Acting ဖြစ်နေတယ်တဲ့။ အနောက်နိုင်ငံပညာရှိတွေက **'စိတ်'**ကို မသိတယ်ဆိုတာ မဟုတ်ဘူးတဲ့။ Acting အလုပ်လုပ်နေတယ်တဲ့၊ အဲ သူကပြောတာ၊ အဲလို (အရှင်ဘုရား ဒါဆိုတော့ ဒီတရားမှတ်နေတုန်းလည်း ဒီလိုပဲလားဘုရား)၊ ဒီလိုပဲ မှတ်မှာပေါ့၊ **'စိတ်'** က ဟိုဟာပြုရင်လည်း အဲဒီအတိုင်း။

**'ငါ'** မပါဖို့ အရေးကြီးတယ်။ မှတ်တဲ့စိတ်ကလည်း သင်္ခါရက သင်္ခါရကိုသာလျှင် ရှုတယ်လို့ ဒီလိုမှတ်မှ၊ ကျုပ်ချပေးတာ ဘာတွေလဲ၊ **'အဇ္ဈတ္တံ ဗဟိဒ္ဓ ထိုနှစ်တန် အဟံ ငါမပါ'** အဲဒီလို ချပေးတာရှိတယ်။ **'အဇ္ဈတ္တံ ဗဟိဒ္ဓ ထိုနှစ်တန် အဟံငါမပါ'**။ ကဲ ဒီဟာမျက်စိက **'အဇ္ဈတ္တ'** မဟုတ်လား၊ ဟိုဟာ ရူပါရုံတွေကလည်း **'ဗဟိဒ္ဓ'** မဟုတ်လား၊ ဒီတော့ ဘယ်မှာ ငါလုပ်လို့ဖြစ်တော့မတုံး။

**'အဇ္ဈတ္တံ ဗဟိဒ္ဓ ထိုနှစ်တန် အဟံ ငါမပါ။ အတိတ် အနာဂတ် ပစ္စုပ္ပန် အဟံ ငါမပါ။ ဌာန ကာလ သဘာဝ အဟံ ငါမပါ'**။ **'ဌာန'** အခုထိုင်နေတာတွေထဲကို **'ငါ'** မပါရဘူး၊ ဌာနပဲ၊ ဒါ ဌာန-ဌာနကြီးပဲ၊ အဲဒါတွေထဲ **'ငါ'** မပါရဘူး၊ **'အဇ္ဈတ္တံ ဗဟိဒ္ဓ ကာလ ဌာန သဘာဝ'**၊ **'သဘာဝ'** ထဲလည်းငါမပါဘူး။ အခု ကြားတာလည်း ဒကာကြီး **'ငါ'** ဆိုလို့မဖြစ်ဘူး။ **'နာဟံကွစနိ'** အဲဒါ **'သဘာဝ'** ပဲ။ ကြားတာဟာ **'သဘာဝ'**။ ဒါကြောင့်မို့ **'ကြားတတ်တဲ့ သဘာဝ ဟာ အနတ္တ'**၊ ကြားတတ်တဲ့**'သဘာဝ'**ကို **'ငါ'** လို့ ဆိုခြင်းငှာမသင့်ဘူး။ အဲဒီကြားတတ်တဲ့ သဘော တရားကြီး အကြင်ဟေတုအကြောင်း ပစ္စယအကြောင်းကလည်း မမြဲဘူးတဲ့။ ထို **'အကြောင်း'** က မမြဲတဲ့ဟာ **'အကျိုး'**လည်း ဘယ်မြဲ မတုံး၊ ကြားတာက အကျိုး၊ အဲဒီလို ဖြစ်သွားတယ်၊ အဲဒါကြောင့် **'အဇ္ဈတ္တံ ဗဟိဒ္ဓ ထိုနှစ်တန်'**။ **'အဇ္ဈတ္တ'**-ဒီ **'အဇ္ဈတ္တ'**၊ ဒကာကြီးတို့ မျက်စိတွေ၊

www.burmeseclassic.com

www.burmeseclassic.com



နားတွေ၊ နှာခေါင်းတွေက **'အဇ္ဈတ္တ'** ခေါ်တယ်။ **'အဇ္ဈတ္တရုပ်'** ခေါ်တယ်။ **'အဇ္ဈတ္တ'**၊ အဲဒါ **'အဓိအတ္တ'** ဆိုတာ **'အတ္တ'** လွန်ကဲတယ်။ ငါလို့အထင် အများဆုံးတွေကို **'အဇ္ဈတ္တ'**လို့ခေါ်တယ်၊ မျက်စိတို့ နှာခေါင်းတို့ **'ငါ' 'ငါ့စိတ်'** လို့ သူက အဓိကအားဖြင့် တွေးယူတတ်လွန်းလို့ သူကို **'အဇ္ဈတ္တ'** လို့ခေါ်တယ်၊ **'အဓိအတ္တ'** လို့ ပုဒ်ဖြတ်ရတယ်၊ အဲဒီလို သေချာတဲ့နည်းက **'အတ္တ'** လွန်ကဲတယ်ပေါ့၊ **'အတ္တ'** ကို စွဲပြီးတော့ **'အဇ္ဈတ္တ'** ဖြစ်သွားတယ်၊ **'ဗဟိဒ္ဓ'** ဆိုတာက မျက်စိနဲ့ မြင်ရတဲ့ ဟာတွေလေ၊ ဒကာကြီးတို့ပေါ့၊ အဲဒါတွေပေါ့။

**' အဇ္ဈတ္တံ ဗဟိဒ္ဓံ ထိုနှစ်တန် အဟံငါမပါ၊ အတိတ် အနာဂတ် ပစ္စုပ္ပန် အဟံငါမပါ '**။

ဒကာကြီးတို့ မူလတန်းတုန်းက ကောင်မလေး၊ ကောင်လေးတွေနဲ့ ပျော်ပါးခဲ့တာတွေ အမှတ်မရဘူးလား။ အဲဒါတွေ **'အတိတ်'** ကဟာတွေ။ **'အတိတ်'**ဆိုတာ **'ကာလ'** ပဲ။ **'ကာလ'** ဆိုတာအချိန်ပဲ။ **'အချိန်'** ဆိုတာက ဟို **'သဘာဝ'** ရှိမှ အချိန်ဖြစ်တယ်။ **'သဘာဝ'** မရှိရင် အချိန်မဖြစ်ဘူး။ **'သဘာဝ'** ကိုစွဲပြီး အချိန်ဖြစ်တာဒကာကြီး။ အဲဒါကြောင့် နာရီလေးတွေ ဘာတွေစတာ။ ကျုပ်တို့ကတော့ သဲနာရီ၊ ရေနာရီတွေနဲ့စတာ။ သူတို့ကတော့ ဒီလို ဒီလက်တွေနဲ့ သွေးထိုးတာနဲ့နာရီစတာ ဟုတ်ကဲ့လား။ အဲ **'အတိတ်'** ဆိုတာကလည်း ကာလ ကိုခေါ်တာ ဒကာကြီး၊ ကျုပ်တို့ **'အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ အဝိဇ္ဇာသင်္ခါရာ အတီတောအဒ္ဓါ'**။

**'အဝိဇ္ဇာ သင်္ခါရာ'** ဆိုတာ အတိတ်ကာလတဲ့၊ ဆရာဘာပြုလို့ **'အဝိဇ္ဇာ သင်္ခါရာ'** ကို အတိတ်ကာလလို့ ဆိုသတုံး။ **'သဘာဝ'** မရှိဘဲနဲ့ ကာလဆိုတာမရှိဘူးတဲ့။ ကဲ **'သဘာဝ'** က **'သင်္ခတသဘာဝ'** နော်။ **'အသင်္ခတသဘာဝ'** မဟုတ်ဘူး။ **'အသင်္ခတသဘာဝ'** က **'မဖြစ်'** တဲ့သဘောဟုတ်ကလား။ **'သင်္ခတသဘာဝ'** က **'ဖြစ်'** တဲ့သဘော၊ အဲဒီထဲမှာ **'သဘာဝ'** ကြောင့် သာလျှင် **'ကာလ'** ဆိုတာဖြစ်တာ။

**မြင်တာ ကြားတာလည်း ငါမပါရဘူး**

ဒါကြောင့် ကာလ **'အတိတ် အနာဂတ် ပစ္စုပ္ပန် အဟံ ငါမပါ'**၊ ဟို **'ဒူရ အာသန္နတွေ'** တော့ ထားတော့၊ ပြီးတော့ **'ဌာနကာလ သဘာဝ၊ အဟံငါမပါ'**၊ ဟော ဒီထိုင်နေတာထဲကို **'ငါ'** မပါရဘူး၊ အခုမြင်နေတာထဲ **'ငါ'** မပါရဘူး၊ ကြားနေရတဲ့အထဲ **'ငါ'** မပါရဘူး၊ အဲဒါနေ အခုကြားတယ်မဟုတ်လား၊ **'နေရာ'** ရှိတယ်၊ ကြားတဲ့ **'နေရာလေး'** ရှိတယ်၊ **'နား'**-နားအေ ဒကာကြီးကြားတဲ့ **'နေရာလေး'** ပဲ၊ အဲဒါ **'ဌာနလေး'**ပဲ၊ အဲဒီ **'ဌာနလေး'** ကို **'ငါ'** မပါတော့ **'ငါ'** မရှိတာ၊ ဘာပြုလို့တုံးဆိုတော့ **'ဌာနလေး'** က သောတပသာဒလေးပေါ့၊ ကြားတဲ့ **'နေရာ**

www.burmeseclassic.com

www.burmeseclassic.com



**လေး’** က ကြားတဲ့ **‘နေရာ’**ကို **‘ငါ’** လို့ဆိုခြင်းငှာ မသင့်ဘူး၊ ဘာပြုလို့တုံး ဒီက **‘အသံ’** မရှိဘဲနဲ့ ဒကာကြီးကြားလို့ကို မဖြစ်ဘူး။ **‘လေဟာ’** ဆိုတဲ့ **‘အာကာသ’** မရှိဘဲနဲ့လည်းကြားလို့မဖြစ်ဘူး။ အဲဒါကြောင့် **‘ဌာနကာလ သဘာဝ’** တဲ့။ **‘ကာလ’** အချိန်ကိုလည်း **‘ငါ’** လို့ဆိုခြင်းငှာ မသင့်ဘူး။ **‘အချိန်’** ကို တားလို့ရသလား။ (မရပါဘူးဘုရား)။ တားလို့မရလို့ သေတဲ့ဟာလည်း အချိန်ထဲ သေသွားတယ်။ အဲဒီမြတ်စွာဘုရားက **‘အကာလံ မကရိ မုနိ’**၊ မြတ်စွာဘုရားက ‘ကာလမရှိခြင်းကို ပြုသွားတယ်’ ဆိုတာ ကျုပ်ဟောတာ ပထမတန်းဟောတာတွေ။

**‘နာဟု အဿာသ၊ ပဿာသော’** ဒီလိုလာတာ ဒကာကြီးရဲ့ **‘အဿာသ ပဿာသော** - ထွက်လေ ဝင်လေသည်၊ **နာဟု** - မဖြစ်တော့ပြီ’တဲ့။ မြတ်စွာဘုရားကြီး ပရိနိဗ္ဗာန်စံတော့ **‘ဌိတ စိတ္တဿ တာဒိနော** - မြေကြီးနဲ့အတူ သည်းခံတော်မူနိုင်သော’ ဘယ်လိုပဲ နာလည်း နာနာ၊ နာလည်း နာသည်ဖြစ်ဖြစ်၊ ကဲ့ရဲ့တာလေး၊ ချီးမွမ်းတာလေးဖြစ်ဖြစ်၊ လောကဓံလေး ရတာတွေ မရတာတွေ ဖြစ်ဖြစ် အဲဒါတွေကို **‘တာဒိ’**လို့ခေါ်တယ်။ အဲဒါတွေကို သည်းခံနိုင်ရင် **‘တာဒိဂုဏ်’** လို့ခေါ်တယ်။ လောကဓံတွေရှေ့ သည်းခံနိုင်တယ်၊ **‘ဌိတစိတ္တဿ** - တည်ကြည်သော စိတ်ရှိတော်မူသော’ စိတ်ကမလှုပ်ဘူး၊ စိတ်က မလှုပ်တော့၊ လှုပ်တာက ဒေါသခေါ်တယ်။ လှုပ်တယ်ဆိုတာ **‘စလတော’** ခေါ်တယ်။ **‘ပဘင်္ဂုတော’** မမြဲဘူး။ **‘အဓုဝတော’** အဲလိုခေါ်တာကိုး။ **‘တာဒိနော** - မြေကြီးအတူ သည်းခံတော်မူနိုင်သော’ မြေကြီးအတူက တံတွေးထွေးလည်းခံကြတာပဲ။ တုတ်နဲ့ထိုးလည်း ခံကြတာပဲ။ ဓားနဲ့ခုတ်လည်းခံတာပဲ။ အဲဒီလို သည်းခံနိုင်တယ်။

**ရှုမှီးခြင်းကင်းတာကို တဏှာကင်းတယ်ခေါ်တယ်**

**ဌိတစိတ္တဿ** - တည်ကြည်သောစိတ်ရှိတော်မူသော၊ **တဿ** - ထိုမြတ်စွာဘုရားအား၊ **အဿာသပဿာသော** - ထွက်လေဝင်လေသည်၊ **နာဟု** - မဖြစ်တော့ပြီ။ ဘာပြုလို့ **‘ထွက်လေ ဝင်လေ’** မရှိတော့ ဘယ်သွားတုံး၊ **‘ထွက်လေ ဝင်လေ’** မရှိရင် သူတကာတွေဟိုရောက် ဒီရောက်တယ်မဟုတ်လား။ သူက **‘အနေဇော သန္တိမာရဗ္ဘ’**၊ **‘အနေဇော’** ဆိုတာ **‘နဧဇ’**၊ **‘ဧဇ’** ဆိုတာတဏှာ၊ **‘ရှုမှီးခြင်း’**ကင်းတာကို တဏှာကင်းတယ်ခေါ်တယ်၊ **‘ဧဇ’** ကတဏှာ၊ **‘တဏှာ’** ဆိုတာ ရှုမှီးတာ၊ **‘ရှုမှီးခြင်း’** ကင်းတာကို **‘အနေဇော’**ခေါ်တယ်။ ‘ရှုမှီးခြင်း ကင်းတော်မူသော မြတ်စွာဘုရားသည် ထွက်လေဝင်လေ မရှိတော့ပြီ’။ အနားနား ထိုင်နေတဲ့ သူကကြည့်တာ။ အဲဒါဘာကို အာရုံပြုသတုံးဆိုတော့ **‘သန္တိမာရဗ္ဘ’**။ **‘သန္တိ’**- ငြိမ်းချမ်းသော နိဗ္ဗာန်ကို’၊ **‘မဖြစ်’**သဖြင့် **‘မဖြစ်’** အေး အေးတာ နိဗ္ဗာန်ခေါ်တယ် ဟုတ်ကဲ့လား။ **‘ဒေါသတွေ’** မဖြစ်ဘူး။ **‘လောဘတွေ’**

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး။ **'မာနတွေ'** မဖြစ်ဘူး။ **'ကြသော မစ္ဆရိယတွေ'** လည်း မဖြစ်ဘူး။ **'မဖြစ်'** အေး အေးတာကို **'သန္တိ'** ခေါ်တယ်။ တစ်ခါတည်း **'နိဗ္ဗာန်ကို အာရဗ္ဘအာရုံပြု၍'**၊ **'အကာလံ -** အခါမဟုတ်သည်ကို အချိန် မရှိသည်ကို၊ **မုနိ-** မြတ်စွာဘုရားသည် **အကရိ -** ပြုတော်မူလေ၏'။ တစ်ခါတည်း သေတတ် အောင် ကျုပ်ဟောလိုက်တာပဲ ပထမတန်း။ အဲဒါ **'နိဗ္ဗာန်'** ကို အာရုံပြုပြီးတော့မှသေ။ ဒါမှ **'နိဗ္ဗာနံ အာရဗ္ဘ ရာဂက္ခယော ခီဏန္တိ'**၊ **'နိဗ္ဗာန်'** ကို အာရုံပြုမှ **'နိဗ္ဗာန်'** ကြောင့်သာလျှင် ရာဂတွေ ကုန်တယ်။ ရာဂကုန်တယ် ဆိုတာ **'နိဗ္ဗာန်'** ကို အာရုံပြုမှ ကုန်တဲ့ဟာမျိုး၊ ဟုတ်ကဲ့လား။

**နာဟု အဿာသ ပဿာသော၊ ဌိတ စိတ္တဿ တာဒိနော၊**

**အနေဇော သန္တိမာရဗ္ဘ၊ အကာလံ မကရီ မုနိ။**

**'ဌိတစိတ္တဿ** - တည်ကြည်သောစိတ်ရှိတော်မူသော၊ **တာဒိနော** - မြေကြီးနဲ့အတူ သည်းခံတော်မူနိုင်သော၊ **တဿ** - ထိုမြတ်စွာဘုရားအား၊ **အဿာသ ပဿာသော**-ထွက်လေ ဝင်လေသည်၊ **နာဟု** - မဖြစ်တော့ပြီ၊ **အနေဇော** - ရှာမှီးခြင်းကင်းတော်မူသော မြတ်စွာ ဘုရားသည်၊ **သန္တိံ** - ငြိမ်းချမ်းသော နိဗ္ဗာန်ကို၊ **အာရဗ္ဘ -** အာရုံပြု၍၊ **အကာလံ -** အခါ မဟုတ်သည်ကို အချိန်မဟုတ်သည်ကို၊ **မုနိ -** မြတ်စွာဘုရားသည်၊ **အကရိ -** ပြုတော်မူလေ၏'။

## မြေကြီးနှင့်အတူ သည်းခံနိုင်အောင် အသက်ရှိတုန်းက လေ့ကျင့်သွားရမည်

ဒါကြောင့် **'အကာလံ မကရီ မုနိ'**၊ **'အကာလ'** ဆိုတာ အဲဒီအခါမရှိတာ နိဗ္ဗာန်ပဲ။ **'သန္တိ'** အဲဒါ **'အဖြစ်'** မရှိဘူးပေါ့။ **'ဖြစ်'** တော့ **'ကာလ'** ထဲမှာ ဖြစ်တာမဟုတ်လား။ အဲဒါ နောက်ဆုံး ပရိနိဗ္ဗာန်စံတာကို ဟောတယ်။ လူတွေ သေတတ် နေတတ်ဖြစ်သွားတာပေါ့။ သည်းခံပြီးတော့ ဟုတ်ကဲ့လား။ မြေကြီးနဲ့အတူ သည်းခံနိုင်အောင် အသက်ရှိတုန်းက လေ့ကျင့် သွားရမယ်။ ဒကာကြီးတို့လည်း လေ့ကျင့်ပြီးတော့ အဲလိုသွားမှ အဲလိုဟန်မှာပေါ့။ သာဓု ဆိုလိုက်စမ်း (သာဓု သာဓု သာဓု ပါဘုရား)။ အေး သွား သွား သွား။ အဲဒါတွေ လူတွေ အများကြီး သိသွားရင်ကောင်းမယ် ဒကာကြီးရ၊ ဒါမှဘယ်လိုနေမယ်၊ ဘယ်လိုစားမယ်၊ **'စိတ် ထားတတ်တော့ မြတ်သွားတယ်'**။

ကဲ - - -တော်ကြဉီးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



၂၀. ၄. ၂၀၀၇ တွင် စမ်းချောင်းမြို့နယ် ကံမြင့်ကျောင်းတိုက် ဓမ္မာရုံ၌
ဟောကြားတော်မူသော

## "ရာဂစသည့် ဆယ့်တစ်မီး ငြိမ်းပြီး ထိုနိဗ္ဗာန်တရားတော်"

ရာဂစသည့် ဆယ့်တစ်မီးတဲ့၊ မီးငြိမ်းတဲ့ဟာကို နိဗ္ဗာန်ခေါ်တာပေါ့၊ လိုက်ဆိုစမ်း **'ရာဂစသည့် ဆယ့်တစ်မီး ငြိမ်းပြီး ထိုနိဗ္ဗာန်'** (ရာဂစသည့် ဆယ့်တစ်မီး ငြိမ်းပြီး ထိုနိဗ္ဗာန်)၊ **'ရာဂ'** စတဲ့ ဆယ့်တစ်မီးတွေ ငြိမ်းတယ်တဲ့။ **'ရာဂတွေ'**က ဘာပြုလို့ဖြစ်သတုံးတဲ့။ **'ရာဂတွေ'** ကတော့ ဒီ **'အတ္တဘော'** ကြောင့် ဖြစ်တယ်တဲ့၊ ဒီကိုယ်ကြီး ရှိရင် ရာဂဖြစ်တယ်။ **'ရာဂေါစ ဒေါသောစ ကုတောနိဒါနာ'**။ ရာဂတွေ ဒေါသတွေဟာ အဘယ်ကြောင့်ဖြစ်သနည်း၊ ရာဂတွေ ဒေါသတွေ မဖြစ်ကြဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲဒါ ဘာကြောင့်ဖြစ်သတုံးတဲ့၊ မြတ်စွာဘုရား ဟောတာ ကတော့လွယ်လွယ်ပါပဲ၊ **'ဣတောဇာ'** တဲ့၊ **'ဣအတ္တဘော'**ကြောင့်ဖြစ်တယ်တဲ့။ ရာဂတွေ၊ ဒေါသတွေ၊ ဘာကြောင့်ဖြစ်သတုံး၊ **'ဣအတ္တဘော'** ကြောင့်ဖြစ်တယ်တဲ့။ အဲလိုမှတ်ထား။

**'အတ္တဘော'** မရှိစေနဲ့၊ စိတ်ထဲ ဉာဏ်ထဲမှာ၊ လူတွေလည်း မရှိစေနဲ့၊ ယောက်ျား မိန်းမလည်းမရှိစေနဲ့၊ ဒီအသိကို အရင့်အရင်က ကြိုတင်သိထားရမယ်။ **'ပဋိကိစ္စေဝမယာ အာနန္ဒာ သမ္မဒက္ခတာ'**၊ 'အာနန္ဒာ-ငါကြိုတင်ဟောခဲ့တယ် မဟုတ်လား' တဲ့၊ အေး အဲဒီလို **'အတ္တဘော'** ဖြစ်ရင် ရာဂဖြစ်လိမ့်မယ်ဆိုတာ ကြိုတင်သိရတယ် (မှန်လှပါဘုရား)။ ကြိုတင်သိတော့ ရာဂမဖြစ်ဘူးပေ့ါ။ **'အတ္တဘောလည်းမရှိဘူး'**။ ဒီဟာ **'အတ္တဘော'**ဆိုရင် ဟိုဟာလည်း **'အတ္တဘော'**။ ဒီက **'ငါ့ကိုယ်'** ဆိုရင်၊ ဟိုက **'သူ့ကိုယ်'** ဖြစ်သွားတယ်။ ဒါကြောင့် **'သူ့ကိုယ်'**လည်း မရှိဘူး။ **'ငါ့ကိုယ်'** လည်းမရှိဘူး ဟုတ်ကဲ့လား။ ဒီဟာကြီးဟာ ဒီက**'အတ္တဘော'** က **'ငါ့ကိုယ်'** ဆိုတော့၊ ဟိုက **'သူ့ကိုယ်'** ပေါ့။ အဲဒီလို စိတ်ထဲမှာ ဖြစ်တတ်တယ်။ ရှိလည်း ရှိတတ်တယ်။

အဲဒီလိုဟာတွေ မရှိရဘူးတဲ့ ဟုတ်ကဲ့လား။ စိတ်ထဲမှာမရှိရဘူး။ ကြိုတင်ပြီးတော့ သိရမယ်။ မြတ်စွာဘုရားရဲ့တရားက **'ရာဂ'**ကိုငြိမ်းစေတယ်၊ **'ရာဂ'** မရှိအောင်ပြုစေတယ်။ **'ရာဂ'** မရှိတာ ဘာဖြစ်လို့မရှိတုံးတဲ့။ ဒီကိုယ်ကြီးတွေမရှိလို့ **'ရာဂ'** မရှိတာ။ **'ရာဂ'** မဖြစ်စေတာ။ မိန်းမတွေ ယောက်ျားတွေ မရှိလို့၊ မြတ်စွာဘုရားက **'နိဿတ္တာ နိဇ္ဇီဝ သဘာဝါ'** တဲ့။ **'သတ္တဝါတွေ'** လည်းမရှိ၊ **'အသက်'** လည်း မရှိဘူးတဲ့ ဟုတ်ကဲ့လား။ အဲဒီလို မရှိဘူးဆိုတာကို ကြိုတင် သိရတယ်။ အဲဒီလို ကြိုတင်ပြီးသိထားတော့ တကယ်မရှိတဲ့ ပုဂ္ဂိုလ် သတ္တဝါတွေသိ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး စိတ်ကူးမတုံး (စိတ်မကူးပါဘုရား)။ မရှိတော့ စိတ်မကူးတော့ သူ့ရာဂ ဖြစ်ဦးမလား (မဖြစ်ပါဘုရား)။ **'ရာဂေါစ ဒေါသောစ ကုတောနိဒါနာ'**၊ 'ရာဂသည်လည်းကောင်း၊ ဒေါသသည် လည်းကောင်း အဘယ်ကြောင့်ဖြစ်သနည်း'၊ **'ရာဂေါစ ဒေါသောစ ဣတောဇာ'**၊ **'ရာဂေါစ** - ရာဂသည်လည်းကောင်း၊ **ဒေါသောစ** - ဒေါသသည်လည်းကောင်း၊ **ဣတောဇာ-** ဤအတ္တ ဘောကြောင့် ဖြစ်တယ်'တဲ့။ **'အတ္တဘော'** ဆိုတာ **'အတ္တဘာဝ'** ပဲ၊ **'အတ္တ'** တည်းဟူသော **'ခန္ဓာကိုယ်'** ပဲ၊ အတ္တဘောဆိုရင် **'ကိုယ့်အတ္တဘော'** လည်း မရှိရဘူး၊ **'သူတကာ့ အတ္တဘော'** လည်းမရှိရဘူး၊ ရာဂမဖြစ်ချင်နဲ့။

**ရာဂစသည့် ဆယ့်တစ်မီး ငြိမ်းပြီး ထိုနိဗ္ဗာန်။**

**'ရာဂစသည့် ဆယ့်တစ်မီး ငြိမ်းတာ နိဗ္ဗာန်'** ဆိုတော့ **'ရာဂ'** ဘာလို့ဖြစ်သလဲဆိုတာ သိရမှာပေါ့။ သိပြီးအရင်၊ အရင်သိထားလို့ ရှိရင် မဖြစ်အောင် နေလိုက်လို့ရှိရင် မဖြစ်တော့ဘူး။ အဲဒါ ရာဂစသည့် ဆယ့်တစ်မီး ငြိမ်းတဲ့ဟာပဲ၊ ဟုတ်တယ်မို့လား။ အေး သို့မို့လို့ရှိရင် နောက်မှ ဖြစ်တယ်လို့ မှတ်မနေနဲ့။ ရာဂတွေက **'အတ္တဘော'** မရှိရင် မဖြစ်ဘူးဆိုတော့ **'အတ္တဘော'** က ကိုယ့် ဉာဏ်ထဲမှာ မရှိဘူးလို့ဆိုရင် အဲဒီရာဂက ဖြစ်စရာအပေါက်မရှိဘူး။ ဒါကြောင့် **'ရာဂ စသည့် ဆယ့်တစ်မီး ငြိမ်းပြီး ထိုနိဗ္ဗာန်'**။ အဲဒီလို ငြိမ်းပြီးတယ်လို့၊ ငြိမ်းပြီးသားလို့ အဲလိုဆိုရမယ်။

**ပျင်းခြင်းပျော်ခြင်း ဘာကြောင့်ဖြစ်**

**'အာရတီ ရတီစ ကုတောနိဒါနာ'**၊ **'အာရတီစ** - ပျင်းခြင်းသည်လည်းကောင်း၊ **ရတီစ**- ပျော်ခြင်းသည်လည်းကောင်း၊ **ကုတောနိဒါနာ** - အဘယ်ကြောင့်ဖြစ်သနည်း'။ မြတ်စွာဘုရား ကတော့ **'ဣတောဇာ'** ပဲ၊ **'ဤအတ္တဘော'** ကြောင့်ဖြစ်တယ်၊ **'ဤအတ္တဘော'** ရှိလို့ရှိရင် ဒါဟာ **'သူ့အတ္တဘော'** ရှိတယ်၊ **'သူ့အတ္တဘော'** ရှိရင် သူက ယောကျ်ားကြီး၊ သူက မိန်းမကြီးဖြစ်တယ်၊ သူက ယောကျ်ားကြီး၊ သူက မိန်းမကြီးဖြစ်ရင် သူက **'လူ'** လို့ဖြစ်သွားတယ်၊ **'လူ'** ဖြစ်မှ ယောကျ်ား မိန်းမရှိတာ၊ **'လူ'** မဖြစ်ရင် ယောကျ်ား မိန်းမ မရှိဘူး၊ ဒါကြောင့် **'လူ'** ဆိုတာ မရှိဘူးဆိုတာကို အရင်က သိရတယ်။ အဲဒီလိုသိတော့ ဒီရာဂ ဒေါသတွေက ဘယ်ကလာပြီးတော့ အပေါက်ရှာ မတုံး။ ဘယ်ကမှအပေါက်ရှာလို့ မရဘူးတဲ့၊ အဲလိုမှတ်ထား၊ မြတ်စွာဘုရားကတော့ **'ဣတောဇာ'** တဲ့၊ **'ဤအတ္တဘော'**၊ အတ္တဘောဆိုတာ **'အတ္တသဘာဝေါ အတ္တဘော'**၊ **'မိမိ'** ကိုယ်ကြီးပဲ၊ **'မိမိ'** ရှိရင် သူတစ်ပါးရှိတယ်၊ **'သူတစ်ပါး'** ရှိရင် မိမိရှိတယ်၊ **'မိမိ'** ရှိရင် ယောကျ်ားရှိတယ်၊ **'မိမိ'**

www.burmeseclassic.com

www.burmeseclassic.com



ရှိရင် မိန်းမရှိတယ်၊ အဲလို၊ **'သူငါ'** လည်းမရှိရဘူး၊ မရှိမှ **'ရာဂစသည့် ဆယ့်တစ်မီးငြိမ်းပြီး ထိုနိဗ္ဗာန်'** တဲ့။ ရာဂနဲ့အတူ ဒေါသရော မောဟရော အကုန်ငြိမ်းတယ်တဲ့။

## ဖြစ်တာက သူငါ ရှိလို့ဖြစ်တာ

ပြီးတော့ **'ဇာတိ'**၊ **'ဇာတိ'** ဆိုတာ ဖြစ်တဲ့ဟာ၊ ဖြစ်တဲ့ဟာဆိုတာ **'အတ္တဘော'** ရှိလို့ ဖြစ်တာ၊ **'သူငါ'** ရှိလို့ဖြစ်တာ၊ စိတ်ကူးကြည့် **'သူ'** မရှိရင် ဒီက **'ငါ'** က စိတ်ကူးလို့မဖြစ်ဘူး၊ အဲဒီစိတ်ကူးတယ်ဆိုတာ ဖြစ်တာ၊ ဖြစ်တာဟာ **'ဒုက္ခသစ္စာ'**၊ ဖြစ်တာဟာဘာလဲ (ဒုက္ခသစ္စာပါ ဘုရား)။ ဖြစ်တာကိုး၊ **'ဇာတိပိ ဒုက္ခသစ္စာ'**၊ အဲဒီဇာတိပိ ဖြစ်တာက **'သူငါ'** ရှိလို့ဖြစ်တာ၊ **'သူငါ'** မရှိရဘူး၊ **'သူငါ'** ဆိုတာလည်း **'အတ္တဘော'** ကြောင့်ဖြစ်တာ၊ **'အတ္တဘော'** ကို ဉာဏ်ထဲမထား ရဘူး။ အတ္တဘောဆိုတာ မျက်စိနဲ့မြင်တာ။ မျက်စိနဲ့မှ မြင်နိုင်တာ၊ ဉာဏ်နဲ့မဟုတ်ဘူး။ **'ဉာဏာသဿ ဂေါစရော ပရမတ္ထော'** တဲ့။ ပရမတ်ဆိုတာ ဉာဏ်နဲ့မှ သိရတဲ့ဟာမျိုး၊ ဟုတ်ပြီလား။ အေး နောက်ပြီး မျက်စိမြင် နားကြားတွေကို မယူရဘူး။

**'မျက်စိမြင် နားကြား စိတ်မသွား၊ သူကား ဒုက္ခအေးသတည်း'၊** မျက်စိမြင်၊ နားကြား တွေကို စိတ်က သွားမရောက်စေနဲ့၊ ရောက်လို့ရှိရင် မျက်စိက **'လူ'** မြင်တာကိုး၊ **'လူ'** မြင်တော့ အဲဒီအကြောင်းပဲပြောတာပဲ၊ ဒါမှမဟုတ် အိမ်လည်သွားပြီးတော့သွားပြောတာ (မှန်လှပါဘုရား)၊ ပျော်တာ ပျင်းတာဟာ အဲဒီ **'အတ္တဘော'** ကြောင့်ဖြစ်တယ်။ အဲဒီ **'အတ္တဘော'** ရှိလို့ရှိရင် ရာဂဒေါသဖြစ်တယ်။ ရာဂဒေါသဖြစ်လို့ရှိရင် **'ရာဂစသည့် ဆယ့်တစ်မီး ငြိမ်းပြီး ထိုနိဗ္ဗာန်'** အဲဒါ မအောင်ဘဲ ဖြစ်သွားတယ်တဲ့။ ရာဂစလို့ ရာဂစသည့် ဆယ့်တစ်မီး ငြိမ်းရင် နိဗ္ဗာန်ပဲ၊ အဲသည့် **'ဇာတိ'** ဆိုတဲ့ **'အဖြစ်'** လည်းငြိမ်းမှာ။ **'အဖြစ်'** ဆိုတာလည်း **'သူငါ'** ရှိလို့ ဖြစ်တာ။ **'သူငါ'** ရှိတော့ စကားပြောတာ (မှန်လှပါဘုရား)။

## သူတွေ ငါတွေ ရှိလို့ ပြောချင်တာ

**ပြောချင်ရုံသာ ပြောချင်ပါ မပြောလိုက်ပါနဲ့၊**
**အဝိဇ္ဇာကြောင့်သာ ပြောချင်တာ ဝိဇ္ဇာမပြောချင်။**

အဲဒီ မပြောချင်တဲ့စိတ်နဲ့ **'ဝိဇ္ဇာ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ'** ဆိုတဲ့ **'မဂ္ဂစကြာ'** ရောက်သွားပြီး တော့ကာ **'သစ္စဉာဏ်'** ရသွားတယ်။ အဲဒါ ပြောချင်တာ၊ ဘာဖြစ်လို့ ပြောချင်တာလဲ၊ **'သူ'** ရှိလို့ **'ငါ'** ရှိလို့ပြောချင်တာပဲ။ ဒကာကြီးတို့ အဲလိုစဉ်းစားရင်ဖြစ်တယ်။ စဉ်းစားတာက

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ်။ **‘ဓမ္မဝိစယ သမ္ဗောဇ္ဈင်’** ခေါ်တယ်။ ပြီးတော့ သမ္မာဒိဋ္ဌိ၊ **‘သမ္မာသက်ပ္ပ ဂေါစရော’** ဆိုတာက **‘သမ္မာသက်ပ္ပရဲ့ အာရုံ’** ဖြစ်ရတယ်။ **‘သမ္မာသက်ပ္ပအာရုံ’** ဆိုရင် လူတွေ ယောက်ျားတွေ မိန်းမတွေ မရှိဘူး။ **‘သမ္မာသက်ပ္ပရဲ့ အာရုံ’** က **‘နာမ်နဲ့ရုပ်’** ပဲ ရှိတယ်။ သိတာက **‘နာမ်’**၊ ထိုင်တာက **‘ရုပ်’** ပဲ၊ အဲဒါပဲ။ ဟော သိမှလည်း ထိုင် ဖြစ်တယ်။ မသိတဲ့အခေါင်းထဲ ရောက်သွားပြီး မီးထဲရောက်သွားပြီဆို မသိတော့ မထိုင်နိုင်တော့ဘူး။ **‘ရုပ်’** ရှိမှလည်း ထိုင်နိုင်တယ်။ **‘ရုပ်’** မရှိရင် မထိုင်နိုင်တော့ဘူး။ သိတာက **‘နာမ်’**၊ ထိုင်တာက **‘ရုပ်’**၊ အဲဒါ **‘နာမ်ရုပ်’၊** အဲဒီ **‘နာမ်ရုပ်တွေ’** ရှိရင် မျက်စိတွေ နားတွေရှိတယ်။ မျက်စိတွေ နားတွေ ဆိုတာက **‘သဠာယတန’** ခေါ်တယ်။

**‘မျက်စိနားသာ မြင်လေပါ သူဟာ လူမဟုတ်ပြီ’**။ **‘လူ’** လို့ ကြည့်လိုက်လို့ရှိရင် အဲဒါ **‘မိစ္ဆာဒိဋ္ဌိ’** နဲ့ကြည့်တာ။ **‘လူ’** မဟုတ်ပြီလို့ ကြည့်လိုက်တာက **‘သမ္မာသက်ပ္ပ’** နဲ့ ကြည့်တာ။ သူ့နောက်မှာ **‘သမ္မာဒိဋ္ဌိ’** လိုက်တယ်။ ဟုတ်တယ်မို့လား။ သိတာက **‘နာမ်’** ထိုင်တာက **‘ရုပ်’** **‘နာမ်ရုပ်’၊ ‘နာမ်ရုပ်’** ဆိုတော့ **‘နာမရူပ ပစ္စယာ သဠာယတနံ’၊ ‘နာမ်ရုပ်’** ကြောင့် မျက်စိတွေ၊ နားတွေ၊ နှာခေါင်းတွေ၊ လျှာတွေ၊ ဟောဒီ ကိုယ်ကြီးရော၊ ဝမ်းထဲကရော အဲဒါ **‘သဠာယတန’** ခေါ်တယ်။ သူက **‘ဖဿာယတန’** ဖြစ်တာလို့ ခေါ်တယ်။ အဲဒါဖြစ်လာလို့ရှိရင် ငါဘုရားက **‘သစ္စာလေးပါး’**ကို ပညတ်တယ်တဲ့၊ အဲလို ပြောထားတာ၊ **‘ဝေဒနာတွေ’** ပါလာလို့ရှိရင် အဲဒါ ခဏထားဦး။

**နဂိုကတည်းကိုက လူမရှိတဲ့အသိကို ပိုင်နေမှ**

**‘မျက်စိနားသာ မြင်လေပါ သူဟာ လူမဟုတ်ပြီ’**။

**‘လူတွေ’**လို့ မကြည့်နဲ့တဲ့။ မျက်စိ နားတွေဆိုတာ **‘သဠာယတန’** ခေါ်တယ်။ မျက်စိ နားပါရင် **‘နာမ်ရုပ်’** ပဲတဲ့။ **‘လူ’** လို့မှတ်ရင် ဒိဋ္ဌိဖြစ်သွားတယ်။ အဲဒါ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဝါယမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိတွေနဲ့ တရားအား ထုတ်ရင်လည်း တရားမရဘူးလို့၊ အဲလိုမှတ်ထား။ ‘နဂိုကတည်းကိုက **‘လူ’** မရှိတဲ့အသိကို ပိုင်နေမှ’၊ ဟိုမှာ ထိုင်တာက **‘ရုပ်’**၊ သိတာက **‘နာမ်’** နဲ့ ရှုမှတ်ပြီး အိမ်ပြန်လာတော့ **‘နာမ်ရုပ်’** ပျောက်ပြီး **‘လူတွေ’** ရောက်သွားပြန်ရော။ အဲလိုဖြစ်တော့ **‘ရာဂ’** ကလည်း မကုန်နိုင်။ **‘ရာဂစသည့် ဆယ့်တစ်မီး’** ကလည်း မကုန်နိုင်ဘဲဖြစ်နေတယ်တဲ့။ အခုတော့ တစ်ခါတည်း **‘ရာဂ’** ကုန်အောင် တစ်ညတည်းနဲ့ ကုန်အောင်ချရမယ် ဟုတ်တဲ့လား။ လူတွေဆိုတာ **‘ဖြစ်တာ’** မဟုတ်လား၊ မျက်စိမြင်ရင် **‘ဖြစ်တာ’** ခေါ်တယ်၊ မျက်စိက မြင်တာကို

www.burmeseclassic.com

www.burmeseclassic.com



ဘာခေါ်တုံး (ဖြစ်တာပါဘုရား)၊ ဒါမှ **'ဇာတိပိဒုက္ခာ'**၊ မြတ်စွာဘုရားဟောတာပေါ့။ သို့မို့ဆို **'ဇာတိပိဒုက္ခာတွေ'** ဘယ်ရောက်ကုန်သတုံး၊ ဝေးကုန်ပြီး **'ဒုက္ခသစ္စာ'** မသိဘဲ ဖြစ်နေမယ်။ ဒီတော့ မျက်စိမြင်တယ်လို့ဆိုတော့ **'မျက်စိမြင်'** မြင်တာက မြင်တာပေါ့။

**'မြင်တယ်'** လို့အသိဟာ လူတကာလည်းသိတာပဲ။ **'ဖြစ်တာ'**သိမှ။ **'မျက်စိကမြင် သံယောဇဉ် ဉာဏ်တွင်သိ၍ ပယ်ရမည်'**။ တစ်ခါတည်းကို ရောက်သွားတာ၊ မြတ်စွာဘုရားက **'စက္ခုဉ္စ ပဇာနာတိ၊ ရူပေစ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ၊ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ'**၊ **'သံယောဇဉ်'** ပယ်သိရမယ်၊ တစ်ခါတည်း သိသွားရမယ်၊ **'မျက်စိ ကမြင် သံယောဇဉ်'** မျက်စိကမြင်၊ မြင်တယ် မြင်တယ်လို့ ဆိုတာထက် မျက်စိကမြင်တယ်လို့ဆိုမှသာပြီး ကောင်းသွားတယ်၊ မြင်တယ်လို့ ဆိုတော့ ဒီပြင့် ကြားဝင်နိုင်သေးတာပေါ့၊ **'မျက်စိက မြင်တယ်'** လို့ဆိုမှ မျက်စိက မြင်တာ မဟုတ်ဘူးလား၊ အဲဒါ **'သစ္စဉာဏ်'**၊ **'မျက်စိက မြင်တယ်'** လို့ဆိုတော့ လူလည်း မဟုတ်ဘူး၊ ယောက်ျားလည်း မဟုတ်ဘူး၊ မိန်းမလည်းမဟုတ်ဘူး။

## လူကမြင်တာလား မျက်စိကမြင်တာလား

**'လူ'** ကမြင်တာလား၊ **'မျက်စိ'** ကမြင်တာလား (မျက်စိကမြင်တာပါဘုရား)၊ အဲဒါ **'လူ'** မရှိတော့ဘူး၊ **'မျက်စိကမြင်တယ်'** ဆိုတော့ **'နာမ်ရုပ်'** ကြောင့် မြင်တယ် ဖြစ်သွားတယ်၊ ဟုတ်ပြီလား၊ **'မျက်စိ'** ကမြင်တယ်လို့ ဒီလိုသိနေလိုက်လို့ရှိရင် ဘယ် ရာဂ၊ ဒေါသ လာဦးမတုံး၊ မျက်စိက မြင်တယ်လို့ မသိဘဲနဲ့၊ **'ငါ'** ကမြင်တယ်လို့ သိလို့သာ ရာဂ၊ ဒေါသကလာတာ၊ ဒါကြောင့် **'မျက်စိကမြင် မြင်ရုံမြင် ဆဲချင်ကိလေသာ'**၊ မျက်စိကမြင်ရင် မြင်ရုံမြင်လိုက်ရင် တရားရတယ်၊ ဆဲချင်ရင် **'ကိလေသာ'** ဖြစ်သွားတယ်။

မျက်စိကမြင်တာက **'ဝိပါကဝဋ်'**၊ ဆဲချင်တာက **'ကိလေသဝဋ်'**၊ ဆဲလိုက်တာက **'ကမ္မဝဋ်'**၊ **'ဝဋ်သုံးပါး'** တစ်ခါတည်း မရှိတော့ဘူး၊ **'မျက်စိကမြင် မြင်ရုံမြင်၊ ဆဲချင်ကိလေသာ၊ ဆဲလိုက်တော့ ကမ္မာ'**၊ မျက်စိမြင်တာကနေပြီး **'ဝဋ်သုံးပါး'** ဖြစ်သွားတယ်တဲ့၊ ဒါကြောင့် မျက်စိ မြင်ရင် မြင်ရုံလေးထားမှ၊ သို့မို့ဆို ကိလေသာဖြစ်ပြီး **'ဖြစ်ကြော'** ရှည်တတ်တယ်၊ **'ဖြစ်ကြော'** မရှည်ရဘူး၊ မြန်မြန်ပြီးရမယ်။

## မဖြစ်တာက နိရောဓသစ္စာ

လူတွေဘာတွေဆိုတာ စိတ်ကူးတာ၊ စိတ်ကူးတော့ စိတ်တွေအများကြီး ဖြစ်တယ်။ စိတ်အများကြီး မဖြစ်စေနဲ့၊ **'မဖြစ်တာ'** က **'နိရောဓသစ္စာ'** ခေါ်တယ်နော်။

www.burmeseclassic.com

www.burmeseclassic.com



**'မဖြစ်တာ'**က ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)။

**'ဖြစ်တာ'**က ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

**'ဖြစ်ကြောင်း'** က ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)။

**'လူ'** ရှိလို့ သမုဒယဖြစ်တာ၊ **'လူ'**မရှိလို့ရှိရင် သမုဒယမဖြစ်ဘူး၊ ရိပ်မိလား (မှန်လှပါဘုရား)။ **'လောဘ၊ လောဘ'** နဲ့ ပြောပြောနေတော့ ကိုယ့်ဟာကိုယ် ဘယ်လိုဖြစ်လို့ ဖြစ်မှန်းလည်းမသိကြဘူး။ ဩော် **'လောဘ'**ဆိုတာ လိုချင်တာပါလား။ ပိုက်ဆံမလိုချင်ဘူးလား၊ ထမင်းလည်းမစားချင်ဘူးလား။ ဘာလိုလို လိုချင်လို့ရှိရင် **'လောဘ'** ပဲ။ အင်္ကျီမလိုချင်ဘူးလား။ လိုချင်လို့ရှိရင် **'လောဘ'** ရှိတယ်။

## မြတ်စွာဘုရားက အခက်ကြီးတွေ ဟောထားတာမဟုတ်ပါဘူး

**'လောဘ'** ဆိုတာ **'လူတွေ'** ရှိလို့၊ ဒါကြောင့် **'လူ'** မရှိရဘူး။ နဂိုကတည်းက **'လူ'** မရှိဘူးလို့ ဆိုလိုက်လို့ရှိရင် အဲဒီ **'လောဘ'** ဖြစ်ဦးမလား။ **'လူ'** မရှိရင် သားသမီးလည်း မရှိဘူး၊ ယောကျ်ားလည်း မရှိဘူး။ မိန်းမလည်း မရှိဘူး။ အဲဒီလို မရှိဘူးဆိုမှ ဘယ့်နှယ်လုပ်လို့ဖြစ်မတုံး။ တရားပွဲကြီး တော်တော်ကျေနပ်သွားပြီ။ လွယ်လည်း လွယ်အောင် သိလည်းသိလွယ်အောင် ဟောရတာ။ မြတ်စွာဘုရားက အခက်ကြီးတွေ ဟောထားတာမဟုတ်ပါဘူး။ **'ဝေနေယျ'** အားလျော်စွာ ဟောဟောသွားတာပါ။ မြတ်စွာဘုရား ဟောပြီးသွားလို့ရှိရင် **'ဝေနေယျတွေ'** တရားတွေ ရရသွားတယ်။ မြတ်စွာဘုရားက လွယ်လွယ်လေးဟောတာပဲ။

## သံယောဇဉ်ဆိုတာဘာလဲ

**'သံယောဇဉ်'** ဆိုတာ ဘာလဲလို့ မြတ်စွာဘုရား ဟောတာက 'နွားနီနဲ့ နွားနက်' တဲ့။ နွားနီနဲ့ နွားနက်ကို ကြိုးနဲ့ချည်ထားတော့ နွားနီက နွားနက်ရဲ့ **'သံယောဇဉ်'** လား။ ဒါမှမဟုတ် နွားနက်က နွားနီရဲ့ **'သံယောဇဉ်'** လား၊ မေးတော့ နွားနီက နွားနက်ရဲ့ **'သံယောဇဉ်'** လည်း မဟုတ်ပါဘူး။ နွားနက်ကလည်း နွားနီရဲ့ **'သံယောဇဉ်'**လည်း မဟုတ်ပါဘူး။ **'ကြိုး'**ကသာ **'သံယောဇဉ်'** ပါတဲ့ (မှန်ပါဘုရား)။ အဲသလိုပဲ မျက်စိကလည်း **'သံယောဇဉ်'** မဟုတ်၊ အဆင်း ရူပါရုံကလည်း **'သံယောဇဉ်'** မဟုတ်၊ ထိုနှစ်ခုကို မှီပြီး စွဲပြီးဖြစ်တဲ့ **'နှလုံးသွင်း'** မှားတဲ့ စိတ်ကိုမှ **'သံယောဇဉ်'** လို့ ခေါ်တယ်။ မျက်စိနဲ့အဆင်းက **'သံယောဇဉ်'** မဟုတ်ပေမယ့် **'သံယောဇနိယ'** တော့ ဟုတ်တယ်။ **'သံယောဇဉ်'** နဲ့ **'သံယောဇနိယ'** နဲ့ ကွဲရမယ်၊ မျက်စိက **'သံယောဇဉ်'**

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရာ သူက **'ဖြစ်တဲ့နေရာ'**။ **'ဇာတိပိဒုက္ခာ'** က သူကြည့်ရတယ်။ သူက **'ဖြစ်တဲ့နေရာ'**။ သူက **'မဖြစ်'** ရင် **'နိရောဓသစ္စာ'**။ အဲသလို အလွန်နီးစပ်တဲ့ဟာမျိုး။

**အရိယသစ္စာဆိုတာ**

**'ဖြစ် မဖြစ် ပရမတ္ထအစစ်'**၊ အဲဒါ **'ဖြစ်'** တာနဲ့ **'မဖြစ်'** တာဟာ **'ပရမတ္ထ'** ရောက်သွားရမယ်။ **'လူတွေ'**ဘာတွေ မရောက်နဲ့။ **'ပရမတ္ထ'** ရောက်သွားရင် တရားရသွားတယ်။ **'သဘာဝသစ္စာ'** ခေါ်တယ်။ ပြီးမှ **'အရိယသစ္စာ'**။ အရိယာရဲ့ အဖြစ်ကို ပြုတတ်သောကြောင့် **'အရိယသစ္စာ'**။ **'အရိယသစ္စာ'** ဘယ်လိုဖြစ်တာတုံး ဘုရားဆိုတော့မှ **'စိတ်ဖြူစင်တာ'**၊ **'စိတ်ဖြူစင်တာ'**ခေါ်တယ်။ **'သစိတ္တ ပရိယောဒပနံ'** ဆိုတာ **'အရိယသစ္စာ'**ခေါ်တယ်၊ စိတ်က ဘယ်လို **'ဖြူစင်'**သတုံး ဆိုတော့ **'လူတွေ'** မဟုတ်တော့ **'ရာဂ'** မရှိဘူးလေ၊ အဲလိုဆိုတော့ **'ဖြူစင်တာ'**ပေါ့၊ **'ရာဂ'** မရှိတော့မှ သမ္မာဒိဋ္ဌိစတဲ့ **'အရိယမဂ္ဂင်'** တို့က ရောက်လာတာ။ အဲဒီလိုလေး ရှင်းရှင်းကလေး၊ လွယ်လွယ်လေးနဲ့ တိုတိုလေးနဲ့ အဲဒီလိုမှတ်၊ ခက်ခက်ကြီးတွေဆိုလည်း ခက်သွားလို့ တော်ကြာ ခက်သွားတတ်တယ်။

သိတာက **'နာမ်'**၊ ထိုင်တာက **'ရုပ်'**၊ **'နာမ်ရုပ်'**၊ **'နာမ်ရုပ်'** ရှိလို့ရှိရင် မျက်စိတွေ နားတွေ ရှိတယ်၊ မျက်စိတွေ နားတွေရှိရင် ဘာလို့မှတ်ရမတုံး၊ **'နာမ်ရုပ်'**လို့ မှတ်ရမယ်၊ အခုထိုင်နေတဲ့ ပရိသတ်ကြီး ကဘာကြီးတုံး (နာမ်ရုပ်တွေပါဘုရား)၊ မြို့ထဲမှာလည်း မျက်စိတွေ နားတွေ မရှိဘူးလား (ရှိပါတယ်ဘုရား)။ သူတို့လည်း ဘာတွေတုံး (နာမ်ရုပ်တွေပါဘုရား)၊ တောထဲမှာ ရောမျက်စိတွေ နားတွေမရှိဘူးလား (ရှိပါတယ်ဘုရား)၊ သူတို့ရောဘာတွေတုံး (နာမ်ရုပ်တွေပါဘုရား)၊ နတ်ပြည်ရော ဘာတို့ညာတို့မှာလည်း မျက်စိတွေ နားတွေမရှိဘူးလား (ရှိပါတယ်ဘုရား)၊ သူတို့လည်း ဘာတွေတုံး (နာမ်ရုပ်တွေပါဘုရား)။ ရေထဲမှာလည်း ဘာတွေတုံး (နာမ်ရုပ်တွေပါ ဘုရား)၊ **'နာမ်ရုပ်'**ဆိုတော့ ကဲ ငါးဝယ်ချင်သေးလား (မဝယ်ချင်ပါဘူးဘုရား)၊ လွယ်လွယ်ကလေးပဲ၊ **'နာမ်ရုပ်'** ပါဆို ငါးဝယ်ချင်သေးလား(မဝယ်ချင်တော့ပါဘုရား)၊ ကဲ မဝယ်ချင်တော့ ပိုက်ဆံကုန်လည်း သက်သာသေးတယ်၊ **'သမုဒယ'**လည်း ပယ်လိုက်သေးတယ်။

**အခုလို ဝိမုတ္တိဃုဂခေတ်မှာ တရားလိုက်တာ**

**'နာမ်ရုပ်'** ဆိုတာ **'ဒုက္ခသစ္စာ'** ဖြစ်သွားပြီလေ။ ဖြစ်လို့ ပျက်လို့ **'နာမ်ရုပ်'** လို့ ခေါ်တာ။ အခု **'နာမ်ရုပ်'**လို့မသိဘဲ **'လူ'**လို့သွားသိတော့ **'သမုဒယ'** ဖြစ်တယ်၊ ဒါလေးပဲ၊ **'သစ္စာ'**ဆိုတာလည်း

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားလက်ထက်က လွယ်လွယ်ပဲ၊ အခုလည်းဒီလိုဝိမုတ္တိယုဂခေတ်မှာ တရားလိုက်တာ လွယ်လွယ်လေးနဲ့ အဲလိုဖြစ်အောင်လုပ်ကြ၊ ဝမ်းထဲမှာ ရာဂဒေါသမရှိရင် ဒါ အေးသွားတာပဲ။

**'ရာဂစသည့် ဆယ့်တစ်မီး ငြိမ်းပြီး ထိုနိဗ္ဗာန်'**၊ **'ရာဂတွေ'** ဘာတွေက သူ့ဟာသူရှိချင်ရှိ မရှိချင်နေ။ **'မဖြစ်'**ဘဲနေရင် နိရောဓသစ္စာ မဟုတ်လား၊ **'ရာဂ'** ကတော့ **'ဖြစ်'** ရင် မနေနိုင်ဘူး ဘုရားတဲ့၊ မဟုတ်ဘူး **'ရာဂ'**ဆိုတာ သူက **'ဖြစ်'**တယ်မဟုတ်လား၊ **'ဖြစ်'** ရင် သူက **'ဒုက္ခသစ္စာ'** ဖြစ်သွားပြီ၊ ဟုတ်လား၊ အဲဒါ **'ရာဂစသည့် ဆယ့်တစ်မီး'** ဆိုတာ အဲဒါခေါ်တယ်။ ကဲ **'ရာဂ'** မဖြစ်ရင် ဘာသစ္စာထိုက်နေသတုံး (နိရောဓသစ္စာပါဘုရား)။ တစ်ခါတည်း အဲဒါ **'နိရောဓသစ္စာ'**၊ **'ရာဂ မဖြစ်တာ'** နိရောဓသစ္စာ။

**ဒါပထမတန်းဖြစ်တဲ့တရားတွေ**

သစ္စာဆိုတာ **'သစ္စာ ဝိနိမုတ္တော ဓမ္မောနာမံနတ္ထိ'**တဲ့၊ **'သစ္စာ'**က မလွတ်စေရဘူး၊ အဲဒါ 'သစ္စဉာဏ်' တို့ 'ကိစ္စဉာဏ်' တို့၊ ဒါ ပထမတန်းဖြစ်တဲ့ တရားတွေ၊ မျက်စိတွေ နားတွေ မြင်ရင် ဘာလို့မှတ်ရမယ် (နာမ်ရုပ်လို့ မှတ်ရပါမယ်ဘုရား)၊ **'နာမ်ရုပ်'** လို့မှတ်ရမယ်။

**'မျက်စိနားသာ မြင်လေပါ သူဟာ လူမဟုတ်ပြီ'**။

မျက်စိနားမြင်တော့ သူဟာ **'လူ'** မဟုတ်ဘူးလို့ သိလိုက်တော့ သူ့မှာ **'ရာဂ'** ဖြစ်သေးလား (မဖြစ်ပါဘုရား)၊ **'မဖြစ်'** ရင်ကိုဘဲ **'နိရောဓသစ္စာ'** ဖြစ်နေပြီ၊ အဲဒီလို တောက်လျှောက် **'မဖြစ်'**၊ သေရင်လည်း**'မဖြစ်'**၊ ဘယ်တော့မှ **'မဖြစ်'**ဘူး၊ ဘယ်ဘဝမှ **'မဖြစ်'**ဘူးဆိုရင် နိဗ္ဗာန်ရောက် သွားတာပေ့ါ၊ ဟုတ်ရဲ့လား တရားက လွယ်လွယ်၊ ဟိုဟာက စာတွေ ဆိုတာတွေကရှိတယ်၊ ဟုတ်ရဲ့လား၊ ဒကာကြီး ဒကာမကြီးတို့ ဆိုတာ အဲလို ဟောမှသိလွယ်တယ်။

**'သိတာ'** က နာမ် ၊ **'သိတာ'** မရှိဘူးလား၊ **'အရာရာမှာ သိသည့်ဟာ ခန္ဓာဝိညာဏ်မှတ်'**၊ မြင်လည်း သိတယ်၊ ကြားလည်း သိတယ်၊ **'သိ'** ဆိုရင် ဒါခန္ဓာ **'ဝိညာဏက္ခန္ဓာ'**၊ အဲဒီ ဝိညာဏ်ကို ဝိညာဏ်အမြင်အတိုင်း မထားရဘူး။ 'ဝိညာဏ်ခြောက်ဖြာ သူ့ရှိန်ဝါကြောင့် ငါငါသူသူ လူပဲ နတ်ပဲ အထင်လွဲလျက် ငရဲအပါယ် အသွယ်သွယ်လျှင် ဝဋ်နွယ်ရှည်လျား တမားမားသည် ခြောက်ပါးဝိညာဏ်စွမ်းရည်တည်း' တဲ့။

**'နာမ်ရုပ်'** ထဲမှာ အဲဒီ **'ဝိညာဏ်'** ပါတယ်။ အဲဒီဟာကို **'ဤဟာ ဝိညာဏ်'** လို့ဆို၊ **'ဣတိ ဝိညာဏံ'** - ဤဟာဝိညာဏ်၊ **ဣတိဝိညာဏဿ သမုဒယော** - ဤဟာဝိညာဏ် ဖြစ်ကြောင်း၊ **'ဣတိဝိညာဏဿ အတ္ထင်္ဂမော** - ဤဟာဝိညာဏ်ချုပ်ကြောင်း၊' မြတ်စွာဘုရား

www.burmeseclassic.com

www.burmeseclassic.com



ရှုတာလို့တောင် ငါပြောထားသေးတယ်၊ လူတွေရှုတတ်အောင်လို့ ပြောတာ **'ဤဟာ ဝိညာဏ်'** လို့ (မှန်လှပါဘုရား)၊ **'ဝိညာဏ်ဖြစ်ကြောင်း'**ကလည်း ဒီ **'ဒွါရ'** နဲ့ **'အာရုံ'**ပဲ၊ **'အဝိဇ္ဇာတွေ' 'တဏှာတွေ'** အဲဒါ **'ဝိညာဏ်ဖြစ်ကြောင်း'** ခေါ်တယ်၊ သိတာက **'နာမ်'**၊ ထိုင်တာက **'ရုပ်' 'နာမ်ရုပ်'**၊ သိတာက ခုနက **'ဝိညာဏ်'**၊ **'ဝိညာဏ်'** ဆိုတာက **'ဧကံ ခန္ဓံ ပဋိစ္စ တယောခန္ဓာ'**၊ နောက်မှ ကျဲကျဲနဲ့ နည်းနည်းလေး သွားရတယ်၊ **'ဝိညာဏ်'** သိတဲ့ အခါမှသိလို့ ဘယ်သူ့ သိတာ တုံးဆိုတော့ မှတ်လို့သိတာက **'သညာ'** ခေါ်တယ်။ အမှတ်ပြုပြီး သိတာက **'သညာ'** ခေါ်တယ်၊ အဲလို ကိုယ့်ဟာကိုယ်ရှုရင်း မတ်တတ်၊ ရှုရင်းမတ်တတ် သိသွားတယ်။ မြတ်စွာဘုရားလည်း စာတွေ ပေတွေ မပါသေးဘူးနော်။ မြတ်စွာဘုရား ဘုရားဖြစ်တာလည်း ကြည့်လေ၊ သူ့ဟာသူ တောထဲမှာ ဒုက္ကရစရိယာ သွားကျင့်တယ်၊ ပြီးတော့ သူ့ဟာသူ ဗောဓိပင်ရောက်ခဲ့တယ်၊ ဗောဓိပင်မှာလည်း ထိုင်တယ်၊ ထိုင်ပြီးတော့ အဲလိုဖြစ်တယ်၊ **'နာမ်ရုပ်'**ပဲ၊ **'နာမရူပမေဝ ဣဒတ္ထိသစ္စာတော'**တဲ့ (မှန်လှပါဘုရား)။

**'သစ္စာ'** အားဖြင့်တော့ **'နာမ်ရုပ်'** သည်သာလျှင် ရှိတယ်လို့ ဒီလိုထားလိုက်လို့၊ ဒီလို စိတ်ထဲက **'နာမ်ရုပ်'**သည်သာလျှင် ရှိတယ်လို့ ဆိုလိုက်လို့ရှိရင်လည်း အကုန် ကိစ္စငြိမ်းသွားတဲ့ ဟာမျိုးပဲ၊ ဝေးဝေးကြီးမဟုတ်ဘူးလေ၊ **'နာမ်ရုပ်'** ချည်းပဲရှိတယ်ဆို ဘာတွေဖြစ်လာဦးမှာတုံး။ **'ဖြစ်'** လာရင် ဒုက္ခသစ္စာပဲ ရှုလိုက်၊ ဟုတ်တယ်မဟုတ်လား၊ **'ဖြစ်ကြောင်း'** ကတော့ သမုဒယ၊ **'မဖြစ်'**ပြီဆို နိရောဓသစ္စာ၊ **'မဖြစ်ကြောင်း'**က သမ္မာဒိဋ္ဌိ၊ ဟိုဟာက **'သမ္မာသင်္ကပ္ပ ဂေါစရော'** က ရုပ်နာမ်၊ 'သမ္မာသင်္ကပ္ပ ဂေါစရော' ထားဦး၊ နောက်တစ်ခါမှ။

မျက်စိတွေ ဘာတွေဖြစ်လို့ရှိရင် ဘယ်လိုအောက်မေ့ရမတုံး (နာမ်ရုပ်လို့ အောက်မေ့ ပါမယ်ဘုရား)၊ လူလို့ ယောက်ျားလို့ မိန်းမလို့ သွားမအောက်မေ့နဲ့၊ အဲဒါ အောက်မေ့လို့ရှိရင် 'မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယမ၊ မိစ္ဆာသမာဓိ' ဖြစ်၊ အဲဒါနဲ့ပဲ 'မိစ္ဆာသင်္ကပ္ပ' ဖြစ်ရင် 'မိစ္ဆာဝါယမ' တွေလုပ်တော့မှာပေါ့၊ ဒါ ဘယ်သူပြောစရာလိုသေးတုံး၊ 'မိစ္ဆာသင်္ကပ္ပ' သာကြံရင် မိန်းမတွေ၊ ယောက်ျားတွေသာကြံရင် 'မိစ္ဆာဝါယမ'က တစ်ခါတည်းလုပ်တော့မှာပဲ။

အဲဒါဆယ့်နှစ်ပါး ရှိတယ်လေ၊ မဂ္ဂင်ရှစ်ပါးထဲကို လေးပါးထည့်ရတယ်၊ လေးပါးထည့် လိုက်လို့ရှိရင် 'မိစ္ဆာသင်္ကပ္ပ' ဖြစ်တယ်။ 'မိစ္ဆာသင်္ကပ္ပ' က 'သမ္မာသင်္ကပ္ပ' နဲ့ ဆန့်ကျင်ဘက်၊ မိစ္ဆာသင်္ကပ္ပဆို လူတွေအာရုံပြုပြီ၊ ကဲ လူတွေ အာရုံပြုရင် ဘယ်လိုလုပ်မတုံး၊ သူ 'မိစ္ဆာဝါယမ' ဆိုတော့ သူတို့ ခွေးတို့ နွားတို့လို လုပ်တော့မှာပေါ့၊ စိတ်ထဲမှာ၊ စိတ်ထဲမှာ ဒါကစိတ်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရင် မနောကံ။ စိတ်ထဲမှာဖြစ်ရင် ဘာကံတုံး (မနောကံပါဘုရား)။ လုပ်လိုက်ရင် ဘာကံတုံး (ကာယကံပါဘုရား)။ စကားပြောလိုက်ရင် ဘာကံတုံး (ဝစီကံပါဘုရား)။

**'ကံသုံးပါးမှာ ဒု မပါ သူဟာ မိထွေးတော်ဖြစ်သတည်း။'**

ကဲ ဘယ်လောက်လွယ်ထားသတုံး၊ ကံသုံးပါးဆိုတော့ ကာယကံ၊ ဝစီကံ၊ မနောကံ ဟုတ်တယ်မို့လား၊ ကံသုံးပါးမှာ **'ဒု'** မပါ၊ **'ဒု'** မပါဆိုတာ **'ဒုစရိုက်'** မရှိရင်ကိုပဲ တရားရတယ်၊ ရှေးတုန်းက၊ ကဲ ဒကာမကြီးတွေ ဒီလို မကြားဖူးပါဘူး၊ ဒီမှာ ၉၀၀-၁၀၀၀ ရှိပြီ၊ တရားနာလို့၊ ကဲ ဟိုမှာ **'ဒုစရိုက်'** မပါတဲ့ဟာနဲ့ပဲ သုဒ္ဒေါဒနမင်းကြီးလည်း တရားရတယ်။ မိထွေးတော် ဂေါတမီလည်း **'ဒုစရိုက်'** မပါတာနဲ့ပဲ တရားရတယ်၊ **'ဒုစရိုက်'**ထဲမှာ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတွေမရှိဘူးလား (ရှိပါတယ်ဘုရား)၊ 'မိစ္ဆာဒိဋ္ဌိ' ဆိုတာ လူတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေကို ကြံတာဟာ 'မိစ္ဆာသက်ပ္ပ'၊ သူတကာတွေ၊ မိန်းမတွေ၊ ယောကျ်ားတွေ၊ သားသမီးတို့ ပိုက်ဆံမရှိဘူးတို့၊ ဟိုလူက ဒီလိုတို့ အဲဒါကြံတာတွေဟာ ဘာသက်ပ္ပတုံး (မိစ္ဆာသက်ပ္ပပါဘုရား)၊ 'မိစ္ဆာသက်ပ္ပ' ဆိုတော့ 'မိစ္ဆာဝါယမ'၊ ရန်မထောင် ချင်ဘူးလား၊ သူတကာ့ မရိုက်ချင်ဘူးလား၊ အဲလိုဖြစ်တယ်၊ အဲဒါ 'မိစ္ဆာမဂ္ဂင်' လို့ သိထားလိုက်ရင် မလုပ်ဘဲနေရင်ပြီးမှာပဲ။

အဲဒါ **'ကံသုံးပါးမှာ ဒု မပါ သူဟာ မိထွေးတော်ဖြစ်သတည်း'**။

ဒါက မိထွေးတော်လို့ ဆိုတာ တကယ်တော့ ခီဏာသဝ ရဟန္တာမကြီးဖြစ်သွားတယ် မဟုတ်ဘူးလား၊ အဲဒါသာ ဂရုစိုက်၊ ကံသုံးပါးမှာ ကာယကံ၊ ဝစီကံ၊ မနောကံထဲမှာ **'ဒုစရိုက်'** က အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ၊ **'မိစ္ဆာဒိဋ္ဌိ'** ဖြစ်ရင် ဒိဋ္ဌိပေ့ါ၊ လောဘက **'အဘိဇ္ဈာ'** ဖြစ်လို့ရှိရင် လောဘပေ့ါ၊ **'ဗျာပါဒ'** ဖြစ်လို့ရှိရင် ဒေါသပေ့ါ၊ အဲဒါမဖြစ်လို့ရှိရင် ဒါ ဟန်နေတဲ့သဘောပဲ။ ရှေးတုန်းက အဲလိုဟာလေးတွေနဲ့ပဲ သွားတာ၊ သုံးခုနဲ့ သွားတာ၊ ဒါကြောင့် သူတို့တရားရ လွယ်တယ်။ ဒီကတော့ အများကြီးဆိုတော့ လိုက်ရတာ အများကြီးဖြစ်ပြီးတော့ မရနိုင်ဘဲ ဖြစ်နေတယ်။ အခု ရလွယ်အောင် **'ကံသုံးပါးမှာ ဒု မပါ သူဟာ မိထွေးတော်ဖြစ်သတည်း'**။

မိထွေးတော် ဂေါတမီကို ဒို့ပြင်ဘိက္ခုနီမတွေက မနာလိုလို့၊ သူတို့မဖြစ်ဘူး ဘိက္ခုနီမ၊ ငါတို့ကဖြစ်တာ ဘာညာ၊ သူက ကမ္မဝါမဖတ်ဘူး ဘာဘူး ပြောတဲ့နေရာမှာ မြတ်စွာဘုရားက ငါပေးပြီးသားတဲ့၊ ကံသုံးပါးထဲမှာ **'ဒုစရိုက်'** မပါလို့ရှိရင် မကောင်းမှုမရှိတော့ဘူးတဲ့၊ အေး အဲလို လွယ်လွယ်လေးပဲ။ ကိုယ့်ဟာကိုယ်မှတ်၊ ကံသုံးပါးထဲမှာ **'ဒုစရိုက်'** မပါနဲ့၊ သေခါနီးကျမှ ဟိုလူတွေ အားကျ၊ ကျွဲတွေ၊ နွားတွေ၊ ပိုက်ဆံတွေ၊ ဆွေမျိုးတွေ၊ ရပ်တွေ၊ ရွာတွေ သတိရနဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေ **'သမ္မာဒိဋ္ဌိ'** ထဲမှာ မရှိဘူး၊ **'ပရမတ္ထ'** ထဲမှာလည်း ရှာတွေ ရပ်တွေမရှိဘူး၊ မရှိတာတွေကိုလည်း သိဦးမှ၊ သို့မို့ စိတ်က ဒီပြင်ရှာရောက်လို့လည်း လူဝင်စားတွေ ဘာတွေဖြစ်လိုက်၊ ကြွေးတွေ ဘာတွေ တင်ပြီးလည်း နွားတွေဖြစ်လိုက်၊ ခွေးတွေဖြစ်လိုက်၊ မဖြစ်ဘူးလား၊ အဲဒါ ကံသုံးပါးမှာ **'ဒု'** ပါလို့ **'ကံသုံးပါး မှာ ဒု မပါ သူဟာ မိထွေးတော်ဖြစ်သတည်း'**၊ လွယ်လွယ်လေး မှတ်ထား။ ဟ ငါ့ကံ သုံးပါးထဲ **'ဒု'** ပါသွားလား မပါဘူးလား စစ်ကြည့်၊ 'မပါဘူး' ဆို ဒါဟန်သွားတာပဲ။ အဲဒါ ကံသုံးပါးမှာ ကာယကံ၊ ဝစီကံကရော ဘာပြုလို့ရှိသတုံးဆိုတော့ **'လူတွေ'** ရှိလို့။ လူတွေ၊ ယောက်ျားတွေ မိန်းမတွေရှိတော့ စကားကို ပြောချင်နေတာ (မှန်ပဲ့ဘုရား)။ ဒါကြောင့်

**ပြောချင်ရုံသာ ပြောချင်ပါ မပြောလိုက်ပါနဲ့၊**

**အဝိဇ္ဇာကြောင့်သာ ပြောချင်တာ ဝိဇ္ဇာမပြောချင်။**

တကယ်လို့ စကားလည်းမပြောချင်တော့ဘူး၊ အိမ်လည်လည်း မသွားချင်တော့ဘူး၊ ဟိုအတင်း ဒီအတင်းလည်း မပြောချင်တော့ဘူးဆိုရင် သူ **'ဝိဇ္ဇာဥဒပါဒိ၊ ဉာဏံဥဒပါဒိ'** ဆိုတဲ့ ဓမ္မစကြာတရားရနေတယ်၊ အခုတော့ ပျင်းတာပေါ့။ **'အာရတိ ရတီစ ကုတောနိဒါနာ'၊ 'အာရတီစ-**ပျင်းခြင်းသည်လည်းကောင်း၊ **ရတီစ-** ပျော်ခြင်းသည်လည်းကောင်း၊ **ကုတောနိဒါနာ-** အဘယ်ကြောင့် ဖြစ်သနည်း'။

**'အာရတီစ** - ပျင်းခြင်းသည်လည်းကောင်း၊ **ရတီစ** - ပျော်ခြင်းသည်လည်းကောင်း'၊ ဘောလုံးပွဲသွားတော့ မပျော်ဘူးလား (ပျော်ပါတယ်ဘုရား)။ ဘောလုံးပွဲက ဘယ်သူတွေ ကန်တာတုံး (လူတွေကန်တာပါဘုရား)၊ အဲဒါ **'အတ္တဘော'** ကြောင့်ဖြစ်တယ်၊ **'သူငါ'** ကြောင့် အတ္တဘောကြောင့်ဖြစ်တယ်၊ **'သူငါ'** ဆိုတာ ယောကျ်ား မိန်းမရှိလို့ဖြစ်တယ်၊ ယောကျ်ား မိန်းမဆိုတာ **'လူ'** ရှိလို့ ဖြစ်တယ်၊ ကဲ **'နာမ်ရုပ်'** လို့ဆိုတော့ ဖြစ်သေးလား၊ **'မဖြစ်ရင်'** ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)။ **'မဖြစ်ကြောင်း'**က ဘာသစ္စာတုံး (မဂ္ဂသစ္စာပါဘုရား)။ အဲလို တစ်ခါတည်း တရားနာရင်း မတ်တတ်သိပြီးတော့ ပြောသွားရတယ်။

**'ဥဒဂ္ဂစိတ္တံ ပသန္နစိတ္တံ'** တဲ့၊ ဒီလို ဖြစ်သွားတယ်။ ရှင်ကောဏ္ဍညလို ရှေးတုန်းက ရှေးတုန်းက၊ ရှေးတုန်းက နည်းအတိုင်း မှတ်ထားနော်။ ရှေးတုန်းက အဲလိုပဲလို့မှတ်ထား ဟုတ်ပြီလား။ **'မျက်စိကသာ မြင်လေပါ သူဟာ လူမဟုတ်ပြီ'**၊ **'လူ'** မဟုတ်တော့ ရာဂဖြစ်သေးလား၊ ဒေါသနဲ့ကော ဘယ်သူ့ကို ရန်ထောင်မတုံး။ **'မဖြစ်'** ရင် ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)။ **'မဖြစ်ကြောင်း'**က ဘာသစ္စာတုံး (မဂ္ဂသစ္စာပါဘုရား)။ ကိုယ့်မှာ

www.burmeseclassic.com

www.burmeseclassic.com



မဂ္ဂသစ္စာရှိရင် **'သတိသမ္ဗောဇ္ဈင်္ဂေါ် အတ္ထိပိ ပဇာနာတိ'** ဆိုတာတွေလည်းရှိတယ်။ ဗောဇ္ဈင်ပိုင်းကျတော့ပါတယ်။ အဲဒါက ဓမ္မာနုပဿနာ။ **'သတိ'**၊ **'ရှိ'** ရင် ရှိတယ်လို့သိရတယ်။ **'မရှိ'** ရင် မရှိဘူးလို့သိရတယ် (မှန်ပါ)။ **'သတိသမ္ဗောဇ္ဈင်္ဂေါ် ခေါ ကဿပ မယာသမ္မဒက္ခာတာ'** ဆိုတာတွေလည်းရှိတယ်။ သတိမေ့နေရင် အဲဒါတွေဖြစ်တတ်တယ်။ ဗောဇ္ဈင်တွေက **'ရှိ'** တယ်ဆို ရှိတယ်လို့သိ။ **'မရှိ'** ရင် မရှိဘူးလို့သိရတယ်။ အဲဒါက **'ဗောဇ္ဈင်ပဗ္ဗ'** မှာ။ အခုက **'အာယတနပဗ္ဗ'** ကျတော့ မျက်စိ ကိုလည်း မျက်စိလို့သိရတယ်။ ငါလို့မသိနဲ့။ လူ့မျက်စိလို့မသိနဲ့။ မျက်စိမှန်တယ်လို့လည်း မသိနဲ့ မျက်စိလို့ပဲသိ။

**'စက္ခုံပိ ဒုက္ခသစ္စာ'** နဲ့ ဟောလိုက်တာလည်းရှိသေးတယ် (မှန်လှပါဘုရား)။ စက္ခု ပြီးတော့ **'မျက်စိနားသာ မြင်လေပါ သူဟာ လူမဟုတ်ပြီ'**။ **'လူ'** မဟုတ်ရင် ဘာတုံးဆိုတော့ **'နာမ်ရုပ်'** ။ ဘယ်ဟာက နာမ်တုံး၊ သိတာက **'နာမ်'**။ ဘယ်ဟာက ရုပ်တုံး၊ ထိုင်တာက **'ရုပ်'**။ ထိုင်တာက **'ဝိညတ်ရုပ်'** ခေါ်တယ်။ မြတ်စွာဘုရားက **'ဣတိရူပံ ဣဒံရူပံ ဧတ္တကရူပံ နက္ကတောဘိညော'** တွေနဲ့ ဆက်ဆက်ပြီး တစ်စတစ်စ သိသိသွားရတယ်။ ထိုင်တာက ဘာရုပ်လဲ၊ **'ဝိညတ်ရုပ်'** ပဲ။ စကားပြောတာက **'ဝစီဝိညတ်ရုပ်'** ပဲ။ **'ဣတိရူပံ** - ဤဟာရုပ်' လို့ဆိုတာနဲ့ပဲ တော်တော်ဟန်တယ်။ **'ဣတိရူပံ** - ဤဟာ ရုပ်'။

တရားနာတဲ့သူတွေ ဘာတွေတုံး (ရုပ်တွေပါဘုရား)။ အဲဒါနဲ့လည်းပြီးတာပဲ၊ စိတ်မကူး တာရုပ်တွေလို့ ဒီလိုဆိုလိုက်ရင် ဟောသလိုလေး ငြိမ်ပြီးတော့ ဟောသလိုလေး ဘာမှကို မဖြစ်ဘူး၊ စိတ်မကူးဘူး၊ အဲဒါ **'ဤဟာရုပ်'**လို့ ဝိပဿနာလေးရှုလိုက်တာနဲ့ပဲ **'ဝိပဿနာ'** ဆိုတာ ကလည်းအဘိညာဉ်ထိုက်တယ်၊ **'အဘိညာဉ်'**ထဲမှာ ဝိပဿနာပါတယ်။ အဲဒါ **'နိရောဓ သစ္စာ'** လို့ဆို၊ အဲဒီအတိုင်းသွားပြီး **'လူ'** မဟုတ်ဘူးလို့ဆို၊ ကဲ ဘယ်ဘဝကူးမှာတုံး၊ **'နာမ်ရုပ်'**နဲ့ သာနေ။ မြို့ထဲမှာလည်း မျက်စိတွေ နားတွေ မရှိဘူးလား (ရှိပါတယ်ဘုရား)။ သူတို့လည်း ဘာတွေတုံး (နာမ်ရုပ်တွေပါဘုရား)။ တောထဲမှာရော မျက်စိတွေ နားတွေ မရှိဘူးလား (ရှိပါတယ်ဘုရား)။ သူတို့လည်း ဘာတွေတုံး (နာမ်ရုပ်ပဲရှိပါတယ်ဘုရား)။ အဲဒါက အရေးကြီးဆုံးပဲ၊ လူတွေမှာ မျက်စိရှိတယ်ဆိုရင် ဘုရားဟောက **'နာမရူပပစ္စယာ သဠာယတနံ'** လို့ဆိုတယ်။

## ဒါက တော်တော်အရေးကြီးတဲ့ပုစ္ဆာ

အခုလူတွေမှာ မျက်စိရှိတယ်ဆိုရင် အဲဒီ **'နာမရူပပစ္စယာ သဠာယတနံကြီး'** ပျောက်သွား တယ်၊ အဲဒါ ပဋိစ္စသမုပ္ပါဒ်ကို ယုံမှားရာကျသွားတော့ ပုထုဇဉ်က မလွတ်ဘဲ ဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခု ပုထုဇဉ်ကလွတ်အောင်လို့ ပြန်မေးမယ်။ **လူတွေမှာ မျက်စိတွေ နားတွေရှိသလား** (မရှိပါဘုရား)၊ **'နာမ်ရုပ်'**မှာသာ မျက်စိတွေ နားတွေရှိတယ်လေ၊ အဲဒီလိုပြောနိုင်ရင် Ph.D ဘွဲ့ပေးတယ်၊ ဒါ ကျုပ်ကသာပေးတာပါ၊ ဒို့ပြင်က မပေးပါဘူး၊ ဒါက တော်တော်အရေးကြီးတဲ့ ပုစ္ဆာ။

**လူတွေမှာ မျက်စိတွေ နားတွေရှိသလား** (မရှိပါဘုရား)၊ ရှိရင်တော့ Ph.D ဘွဲ့မရသေးဘူး၊ ဒေါက်တာဘွဲ့မရသေးဘူး၊ မေးကြည့် အဲဒါ **'ရှိပါတယ်'** ကြားလို့ရှိရင် မဟန်သေးဘူး၊ **'လူ'** မှမရှိဘဲ မရှိတဲ့ဟာကို ပုစ္ဆာလုပ်ထားတာ ဟုတ်တယ် မဟုတ်လား၊ အဲဒါ ပဟေဠိခေါ်တယ်၊ မြတ်စွာဘုရားရှင်လက်ထက်ကလည်း ဒီလို ပုစ္ဆာတွေရှိတယ်။

**လူတွေမှာ မျက်စိတွေ နားတွေ ရှိသလား** (မရှိပါဘုရား)။ **လူရယ်လို့ကော ရှိသလား** (မရှိပါဘုရား)။ **'လူမရှိသောစိတ်'**၊ ကဲ ဒါဘယ်လိုနေမယ်ထင်တုံး၊ **'လူမရှိသောစိတ်'** ဟုတ်ရဲ့လား၊ အတွေးတွေဘာတွေ မပေါ်တော့ဘူး၊ အတွေးတွေ ဘာတွေဟာ **'ဝီရိယ'** မရှိတာကို အတွေးခေါ်တယ်၊ **'ဝီရိယ' -** ပဋ္ဌဒွါရာဝဇ္ဇန ဒွိပဉ္စဒွါရာဝဇ္ဇန သမ္ပဋိစ္ဆိုင်း သန္တီရဏ အာဝဇ္ဇန်းတွေ ဘာတွေ၊ ဆင်ခြင်တာတွေက **'ဝီရိယ'** မရှိလို့ အဲလိုဖြစ်တာ၊ **'ဝီရိယ သမ္ဗောဇ္ဈင်'** ရှိရင် အဲဒီလို လူတွေ၊ မိန်းမတွေ၊ ယောက်ျားတွေ ရှိတဲ့ဟာတွေ မတွေးဘူး။ ဟုတ်ကဲ့လား၊ ဗောဇ္ဈင်က ဝမ်းထဲ မွေးရတယ်၊ ဟုတ်ရဲ့လား၊ အဲလိုမှတ်ထားနော်။

**'လူမရှိသောစိတ်'** (လူမရှိသောစိတ်)၊ အဲဒီစိတ်က ဘာသွားပြီး ရာဂတွေ ဘာတွေ သွားလုပ်လို့ရမတုံး (မရပါဘူးဘုရား)၊ အဲလိုမရတော့ ရာဂတွေ ဘာတွေဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)။ **'မဖြစ်တာ'** ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)။ **'ဇာတိ မရဏံ ဟောတိ'** တဲ့၊ ဒါ **'ဖြစ်'**လို့ရှိရင် သေတာပျက်တာပဲ၊ **'မဖြစ်'** ရင် **'အဇာတိ အမရဏံ ဟောတိ'** တဲ့၊ စာတွေက အပုံပဲရှိတယ်။ ဒါပေမယ့် ဆိုင်ရာဆိုင်ရာလေးတွေ ပြောရတယ်၊ ဒါမှလည်း ပရိသတ်လည်း မငြီးဘူး၊ ပျော်လည်းပျော်တယ် ဟုတ်ကဲ့လား။

**'လူမရှိသော စိတ်'** (လူမရှိသောစိတ်)၊ **Mind without Man** ---ဆိုလိုက်စမ်း (Mind without Man)၊ ဟော ဒီလိုပြန်လိုက်တော့ **'လူမရှိသော စိတ်'** (လူမရှိသော စိတ်)၊ အဲလိုကျမှ **'စိတ်မရှိသောလူ'** (စိတ်မရှိသောလူ)၊ ဟော 'နင့်နဲ့ ဟယ် စိတ်မရှိတဲ့လူကြီးလိုပဲ ဆဲမနာ ဆိုမနာနဲ့'။ ဆဲရင် ဘယ်သူ့ဆဲတုံး (နားကိုဆဲတာပါဘုရား)၊ လျှာထုတ်ပြောင်ရင် ဘယ်သူ့ပြောင်တုံး (မျက်စိကိုပြောင်တာ)၊ မျက်စိက ဘယ်သူ့မျက်စိတုံး (နာမ်ရုပ်ရဲ့မျက်စိပါဘုရား)၊ **'နာမ်ရုပ်'** ရဲ့မျက်စိ၊ **'လူ'** မျက်စိရှိရဲ့လား (မရှိပါဘုရား)၊ **'လူ'** ဆိုတော့ ဒေါသထွက်တယ်၊ **'လူ'** မရှိရင်

www.burmeseclassic.com

www.burmeseclassic.com



ဒေါသမထွက်ဘူး။ **'ရာဂစသည့် ဆယ့်တစ်မီး ငြိမ်းပြီး ထိုနိဗ္ဗာန်'**၊ ကားနဲ့သွားသော်လည်းကောင်း၊ ဈေးဝယ်သွားသော်လည်းကောင်း အဲလိုလေး ဆိုဆို ပေးလို့ရှိရင် ဈေးဝယ်တဲ့လူလည်း **'နိဗ္ဗာန်'** ရောက်တယ်၊ ဈေးရောင်းတဲ့လူလည်း **'နိဗ္ဗာန်'** ရောက်တယ်။ ဒီလိုမဟုတ်ရင် ဈေးဝယ်တဲ့လူနဲ့ ဈေးရောင်းတဲ့လူနဲ့ ရန်ဖြစ်နေတတ်တယ်၊ မဟုတ်လား၊ ရန်ဖြစ်တာ လူတွေရှိတော့ ဖြစ်တာပေ့ါ၊ အဲလို ဘာညာနဲ့၊ ဟဲ့ကောင်မ ဘာညာနဲ့၊ ဒါက လူတွေကို ခေါ်တဲ့နာမည်၊ ဒါတွေမရှိရဘူး၊ ဟုတ်ကဲ့လား (မှန်လှပါဘုရား)။

**'စိတ်မရှိသောလူ'**၊ အဲဒါမှလျှာထုတ်ပြောရင် ဘယ်သူ့ကို ပြောင်တာ (မျက်စိကိုပြောင်ပါတယ်ဘုရား)၊ ဘယ်သူ့မျက်စိတုံး (နာမ်ရုပ်ရဲ့မျက်စိ)၊ ဘာကြောင့် ဖြစ်တုံးလို့မေးရင်ရသေးတယ်၊ ဟုတ်ကဲ့လား၊ **'လူ'** မှာ မျက်စိရှိရဲ့လား (မရှိပါဘူးဘုရား)၊ **'လူတွေ'**လို့ကော ရှိရဲ့လား (မရှိပါဘူးဘုရား)၊ ကဲ **'လူ'** ရယ်လို့မရှိဘဲနဲ့ ပြောင်တာကို ငါ့ပြောင်တာလို့ သွားလုပ်တော့ ဒေါသမထွက်ဘူးလား (ထွက်ပါတယ်ဘုရား)၊ **'လူ'** ရှိတာကို 'မိစ္ဆာသက်ပ္ပ' တဲ့၊ 'မိစ္ဆာမဂ်' ဝင်သွားတာ (မှန်ပါ့ဘုရား)၊ အဲဒီ 'မိစ္ဆာမဂ်'မှန်း သိလိုက်လို့ရှိရင် မဝင်တော့ဘူး၊ အဲဒီလို မဝင်တော့ **'ငြိမ်း'** နေလိုက်တာ။ မြတ်စွာဘုရားကြီးကျတော့ ဆွမ်းခံသွားလည်း **'ငြိမ်း'**၊ ထိုင်နေရင်းမတ်တတ်လည်း **'ငြိမ်း'**၊ ဘာဖြစ်ဖြစ် **'ငြိမ်း'**နေတာပဲ မဟုတ်ဘူးလား (မှန်ပါဘုရား)၊ ဒကာမကြီးတို့ကျတော့ တစ်ယောက်တည်းနေရင် ပျင်းတယ်၊ စကားပြောဖော်ရှိတဲ့ဆီ သွားတယ်၊ အဲလို၊ အဲဒါ နာမ်ရုပ်သာမှတ်ထားနော် (မှန်လှပါဘုရား)။

**မျက်စိကိုလည်းသိရမည်၊ အဆင်းကိုလည်းသိရမည်၊ သံယောဇဉ်ကိုလည်း သိရမည်၊ သုံးခုသိလျှင် နိဗ္ဗာန်ခွင် လျှင်လျှင်ပြေးတော့သည်။**

အဲဒီမျက်စိမြင်တာထဲမှာ **'သံယောဇဉ်'** မဖြစ်ဘူးဆိုရင် ဘာခေါ်သတုံး၊ **'မဖြစ်တာ'**လေ၊ **'အဇာတိ'**၊ **'အဇာတိ'**။ **'အဇာတိ မ ဇရာ ဗျာဓိ' အမတံ နိဗ္ဗာယံ ဂတာ ဓေမာဒိ ဂုဏူပေတံ'**တွေ မရှိဘူးလား စာတွေမှာ (ရှိပါတယ်ဘုရား)၊ မျက်စိကလည်း **'သံယောဇဉ်'** မဖြစ်ဘဲ နေရင်ရတယ်၊ နားတွေ နှာခေါင်းတွေကရောပေ့ါ၊ ပထမတန်း ကျကျနနလေး စိတ်ကူးပေးလိုက်စမ်း။

**သံယောဇဉ်မရှိတာနဲ့ မနှိုင်းယှဉ်တာ ဘာထူးသတုံး**

အလွန်ဉာဏ်ကောင်းတဲ့ တို့မြန်မာပြည်သားတွေ ဘာလို့ဒီလိုအကုသိုလ်တွေဖြစ်နေရမလဲ၊ ဟုတ်ကဲ့လား (မှန်လှပါဘုရား)၊ အဲဒါကြောင့်မို့ 'မိစ္ဆာသက်ပ္ပ' တို့မှန်း သိပေး၊ ဒါက 'မိစ္ဆာသက်ပ္ပ'၊ ဒါက 'သမ္မာသက်ပ္ပ' လို့ အဲလိုသိပေးနော် (မှန်လှပါဘုရား)။ **'မျက်စိ ကမြင်**

www.burmeseclassic.com

www.burmeseclassic.com



**မနှိုင်းယှဉ်**၊ မျက်စိက **'ရူပါရုံ'** ကိုမြင်တော့ ဘာကိုနှိုင်းယှဉ်မှာတုံး (မနှိုင်းယှဉ်ပါဘုရား)၊ **'လူ'**ကို မြင်ရင်သာ ဟိုကချောတယ်၊ ဒီကမချောဘူး၊ ဟိုကပုတယ်၊ ဒီက အေးတယ်နဲ့ **'နှစ်ခု'** ရှိမှ နှိုင်းယှဉ်တာ၊ **'နှစ်ခု'** မရှိရင် မနှိုင်းယှဉ်ဘူး၊ **'ဧကောဓမ္မော'** ဖြစ်သွားတယ် (မှန်လှပါဘုရား)၊ အဲဒါ ပထမတန်း ဖြစ်သွားတာ။ **'မျက်စိကမြင် မနှိုင်းယှဉ် ဤတွင် တရားရ'**။ **'သံယောဇဉ်'** မရှိတာနဲ့ **'မနှိုင်းယှဉ်'** တာနဲ့ ဘာထူးသတုံး (အတူတူပါပဲဘုရား)၊ အတူတူပါပဲ၊ ကဲ သူတကာက လျှာနဲ့ထုတ်ပြောင်ရင် ဆဲချင်သေးသလား (မဆဲချင်ပါဘူးဘုရား)၊ ဆဲချင်တာ က **'ဖြစ်'** သေးလား (မဖြစ်တော့ပါဘူးဘုရား)။

**'ဖြစ်'**တာက ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)။

**'ဖြစ်ကြောင်း'** က ဘာသစ္စာတုံး (သမုဒယသစ္စာပါဘုရား)။

**'မဖြစ်'** ရင် ဘာသစ္စာတုံး (နိရောဓသစ္စာပါဘုရား)။

**'မဖြစ်ကြောင်း'** က ဘာသစ္စာတုံး (မဂ္ဂသစ္စာပါဘုရား)။ အဲသလို **'သစ္စာလေးပါး'** ကိုလည်း နေရာတိုင်းနေရာ တိုင်းမှာ ဖော်ပြရတယ် (မှန်လှပါဘုရား)၊ အဲဒီလို မျက်စိကလည်း **'သစ္စာလေးပါး'** ရှိတာပဲ၊ နားကလည်း **'သစ္စာလေးပါး'** ရှိတာပဲ။ **'မျက်စိကိုလည်း သိရမည်'**၊ **'သိရမည်'** လို့ဆိုတာက **'စက္ခုဥ္စ ပဇာနာတိ'** ဆိုတာ **'ပရိညေယျ'** ကိုဟောတာ။ **'အဘိညေယျာ ပရိညာနှင့် ပဟာတဗ္ဗ သစ္ဆိကဟု မဂ္ဂဘာဝနာ လေးသစ္စာကို ဆရာမဆို အလိုလိုလျှင်'** ဆိုတာ **'သမ္မာသမ္ဗုဒ္ဓ ဂုဏ်တော်'**၊ ဒါက အနက်။ **'ပဇာနာတိ'** ဆိုတာလေ (မှန်ပါဘုရား)။

**မျက်စိကိုလည်း သိရမည်၊ အဆင်းကိုလည်း သိရမည်၊ 'အဆင်း'** ဆိုတာဘာတုံး သိရဲ့လား **'ဝဏ္ဏဓာတ်'**၊ **'ဝဏ္ဏဓာတ်'**ဟာ လူလား၊ ယောကျ်ားလား (မဟုတ်ပါဘူးဘုရား)၊ အဲဒီထဲကကိုက **'လူမဟုတ်သောစိတ်'** ဆိုတာက အဲဒါတယ်မှန်တဲ့ စိတ်လည်းဖြစ်နေတယ်၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)၊ အဲဒါတွေကို အသေးစိတ်သိသိပေး၊ သိလေ ဟန်လေ၊ သိလေ ဟန်လေပဲ၊ **'လူ'** မဟုတ်ဘူးဆိုတဲ့အသိက အလွန်အဖိုးတန်တယ်၊ မြတ်စွာဘုရားက **'သတ္တဝါ မရှိဟူသော အသိသည်သာလျှင် လိုရင်းဖြစ်တယ်'**တဲ့။ အဲဒါဘာလို့လိုတုံး ဆိုတော့ ဒီလို 'ဒေါက်' လို့ဆိုလိုက်တော့ ဒီက 'ဒေါက်'လို့ အသံမကြားဘူးလား (ကြားပါတယ်ဘုရား)၊ နားထဲ ရောက် သွားရင် အဲဒါ **'အရူပနာမ်'** ဖြစ်သွားတယ်၊ ဒီမှာက 'ဒေါက်' လို့ ဆိုလိုက်တာက **'ရုပ်'**-အသံ။ **'သပ္ပတိ သောတဝိညာဏံ ဘာဝံဂစ္ဆတီတိ သဒ္ဒေါ'** တဲ့၊ **'ယောသဘာဝေါ -** အကြင်သဘော တရားသည်၊ **သောတဝိညာဏ ဘာဝံ -** သောတ ဝိညာဏ်၏အဖြစ်ကို၊ **ဂစ္ဆတိ -** ရောက်တတ်

www.burmeseclassic.com

www.burmeseclassic.com



၏'၊ **'မဟာဘုတ်လေးပါး'** ကိုက **'သောတဝိညာဏ်'** သွားဖြစ်တယ်၊ ဒါကြောင့် **'ဝိညာဏ'**နဲ့ **'ဓာတ်ငါးပါး'** ဖြစ်သွားတယ်၊ **'အာကာသ'** နဲ့ မြတ်စွာဘုရားက ဟောလိုက်တော့ **'ဓာတ်ခြောက်ပါး'** ဖြစ်သွားတယ်၊ ပက္ကုသာတိမင်းကြီးဟာ တစ်ခါတည်း **'အနာဂါမ်'** ဖြစ်သွားတယ်၊ **'လူ'** မဟုတ်ဘဲ ဖြစ်သွားတယ်၊ **'အနာဂါမ်'** ဖြစ်သွားတော့ ဘာခေါ်သတုံး၊ **'လူ'** မဟုတ်ဘဲ ဖြစ်သွားတယ်၊ လူဟုတ်ရင် ရာဂ၊ ဒေါသတွေဖြစ်မှာပေါ့ (မှန်လှပါဘုရား)၊ အဲလို ဒကာကြီးတို့က လွှတ်ဂရု စိုက်ပေး၊ နာရုံတင်မဟုတ်ဘူး၊ ပထမတန်းလည်း ကြံပေး (မှန်လှပါဘုရား)။ ကြံပေးမှ **'သမ္မာ သက်ပွ'** ဖြစ်တယ်၊ မကြံဘဲနဲ့များ ဟောလိုက်တိုင်း ဒီလိုထိုင်နေ၊ **'သမ္မာသက်ပွ'** မဖြစ်ဘူး၊ **'သမ္မာသက်ပွ'** မဖြစ်ရင် **'သမ္မာဒိဋ္ဌိ'** မဖြစ်ဘူး၊ **'သမ္မာဒိဋ္ဌိ'** မဖြစ်လို့ရှိရင် **'နာမ်ရုပ်'** မရောက်ဘူး၊ **'နာမ်ရုပ်'** မရောက်ရင် ဖြစ်ပျက်တွေ မမြင်ဘူး၊ ဟုတ်ကဲ့လား (မှန်လှပါဘုရား)၊ ဘယ်နှစ်နာရီ ထိုးပြီတုံး၊ ရှစ်နာရီခွဲတော့မှာ၊ ဟောရင် ပထမတန်းတွေ တော်တော်ရှိသေးတာ၊ ဟုတ်ကဲ့လား။

**နားကကြားတုံ သဒ္ဒါရုံ လူပုံမမှတ်ရ၊ နားကကြားရင် မနိုင်းယှဉ် ဤတွင် တရားရ။**
**နားကိုလည်း သိရမည်၊ အသံကိုလည်း သိရမည်၊ သံယောဇဉ်ကိုလည်း သိရမည်။**
**သုံးခုသိလျှင် နိဗ္ဗာန်ခွင် လျင်လျင်ပြေးတော့သည်။**

အဲဒါက **'ဓမ္မာနုပဿနာ'** က **'သဘောတရားတွေ'** ကို ပြောတာနော်၊ လူတွေ ဘာတွေကို ပြောတာမဟုတ်ဘူး၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)၊ လူတွေ ဘာတွေကို **'အရှိ'** မထားရဘူး၊ စိတ်ထဲကို **'မရှိဘူး၊ မရှိဘူး'** နဲ့လည်း ဆိုနေရတယ် (မှန်လှပါဘုရား)၊ သို့မို့ ဟိုအပေါက်က ဝင်လာ၊ ဒီအပေါက်က ဝင်လာ၊ **'မနောပေါက်'** တော့ ငြိမ်းမနေဘူးလား (ငြိမ်းနေပါတယ်ဘုရား)၊ အဲလိုဟာ **'ဖြစ်ရာ'**ခေါ်တယ်၊ **'မနောပေါက်'** က ဖြစ်ရာ၊ **'ဒုက္ခသစ္စာ'** ဒီကသိရတယ်၊ စွန်းလွန်း ဆရာတော်က **'ကာယပေါက်ကြီး'**က ကြည့်တာ၊ ဒါကြောင့် သူ့ခမျာမှာ တစ်ခါတည်း ချွေးတွေ တလုံးလုံးနဲ့ မဟုတ်ဘူးလား (မှန်ပါဘုရား)။ **'ဓမ္မာနုပဿနာ'**က **'မနောပေါက်'**က ကြည့်လည်း ရတယ်၊ **'မျက်စိပေါက်'**က ကြည့်လည်းရတယ်၊ အာယတနကိုတဲ့ **'သမုဒယဥ္စ အတ္ထင်္ဂမဥ္စ ယထာဘူတံ ပဇာနာတိ'** တဲ့။ **'တ္တေကေန မေဝ** - ဤမျှလောက်သာလျှင်၊ **ဘိက္ခုနော** - ရဟန်း၏၊ **ဒဿနံ** - အမြင်သည်၊ **သုဝိသုဒ္ဓံ** - ကောင်းစွာစင်ကြယ်ပြီ၊ **ဟောတိ** - ဖြစ်၏**'** တဲ့။ အဲဒီ မျက်စိတွေ နားတွေကို **'အမြင်စင်ကြယ်'**ရင်လည်း ဒါလည်း ပထမတန်းပဲတဲ့၊ ဟုတ်ကဲ့လား (မှန်ပါဘုရား)၊ ကဲ တော်ကြဦးစို့ (သာဓု သာဓု သာဓု)။ ကဲ -ရေစက်ချရမှာဆို။ တရားပွဲ မတည်တာ ကောင်းပါတယ်၊ အားလုံး လိုက်ဆို။ **'ဘန္တေ**-အရှင်ဘုရား၊ **ကမ္မံပုညံ** - ဤညတရားပွဲ

www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ခြင်းကြောင့်ဖြစ်သော ကုသိုလ်သည်၊ **အာသဝက္ခယံ** - အိုးပေါက်မှ ရေယိုကျသကဲ့သို့ ဒွါရခြောက်ပါးမှ တဖွားဖွား တဒီးဒီး ယိုစီးတတ်သော၊ လောဘ ဒိဋ္ဌိ မောဟတို့၏ ကုန်ရာ ကုန်ကြောင်းဖြစ်သော နိဗ္ဗာန်ကို၊ လောဘတို့ ဒိဋ္ဌိတို့ မောဟတို့ဆိုတာက လူတွေကို သိတဲ့ အသိမျိုး။ **'မောဟ'**ဆိုတာ **'အဝိဒိတံ ဝိန္ဒတီတိ အဝိဇ္ဇာ'၊** မသိအပ်သော မိန်းမ၊ ယောကျ်ား အစရှိသည်ကို သိသောကြောင့် မောဟကို **'အဝိဇ္ဇာ'** လို့ခေါ်တယ် (မှန်လှပါဘုရား)။ လူတွေလို့ သိရင် **'အဝိဇ္ဇာ'** ဖြစ်ပြီလို့ ဆိုရလိမ့်မယ်။ **'ဤဟာ အာသဝ'** (ဤဟာအာသဝ)၊ **'အာသဝေါတရား'** မှန်းသိရင် ဝမ်းထဲမှာ အာသဝေါမဖြစ်ဘူး။ **'အာသဝေါ တရား'** မှန်း မသိရင်ဖြစ်တယ်။ ဒါကြောင့် လောဘ ဒိဋ္ဌိ လူတွေကိုအမှတ်ရပြီး အောက်မေ့ပြီး ဟိုအပြစ်ကို ဒီအပြစ်ကို ဆိုလို့ရှိရင် 'ဤဟာအာသဝ၊ ဤဟာအာသဝဖြစ်ကြောင်း၊ ဤဟာ အာသဝချုပ်ရာ'၊ အဲလိုလည်း ရှုရှုပေးရတယ်။

'ဤဟာဒုက္ခသစ္စာ၊ ဤဟာသမုဒယသစ္စာ၊ ဤဟာမဂ္ဂသစ္စာ'။

အဲသလိုလည်း ဆို ဆို ပေးရတယ်။

'ဤဟာရုပ်၊ ဤဟာရုပ်ဖြစ်ကြောင်း၊ ဤဟာရုပ်ချုပ်ကြောင်း'၊

'ဤဟာဝေဒနာ၊ ဤဟာဝေဒနာဖြစ်ကြောင်း၊ ဤဟာဝေဒနာချုပ်ကြောင်း'။

**'ဝေဒနာချုပ်ကြောင်း'** ကလည်း အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံတွေကလည်း လူတွေ ရှိလို့ပါပဲ၊ **'အဝိဇ္ဇာ'**ကြောင့်ဆို မမှားတော့ဘူး။ **'အဝိဇ္ဇာ'**ဆိုတာလည်း လူတွေသိတဲ့ အသိမျိုး။ **'က္ကမံပုညံ** - ဤတရားပွဲ ကျင်းပပေးရသော ကောင်းမှုသည်၊ **အာသဝက္ခယံ** - ဘုံအားဖြင့် ဘဝဂ်၊ ဓမ္မအားဖြင့် ဂေါတြဘူတိုင်အောင်'၊ အစီစိ ကလည်း ဘုံထဲပါတယ်။

အဲဒီတော့ **'အာသဝေါ တရား'** ဆိုတာ ရောက်တဲ့ဟာတွေကို ပြောတာ၊ 'ဂေါတြဘူ' ကျတော့ မရောက်နိုင်တော့ဘူးပေါ့၊ 'မဂ်ဖိုလ်' ဖြစ်သွားတယ်၊ 'မဂ်ဖိုလ်' ဆိုတာ 'ဉာဏ်'၊ 'ဉာဏ်' ဆိုတာက ဘယ်ဟာတုံးလို့ဆိုတော့၊ **'ဉာဏဝိပ္ပယုတ် အကုသိုလ် လောကီကိုသာ အာရုံပြုသတည်း'၊ 'ဉာဏဝိပ္ပယုတ်'**က လူတွေ ဘာတွေလို့ ဖြစ်သွားပြီးတော့ **'အကုသိုလ်'**လည်း ဖြစ်ပြန်ပြီ ဆိုရင် အဲဒါ **'လောကီ'** ပဲ အာရုံ ပြုတယ်၊ အဲဒါ **'လောကီ'** အာရုံပြုလို့ရှိရင် **'ဒုက္ခသစ္စာ'** ပဲ၊ သစ္စာဆိုတာလွယ်လွယ်လေးပဲ။ **'ဉာဏဝိပ္ပယုတ် အကုသိုလ် လောကီကိုသာ အာရုံပြုသတည်း'၊** သူတို့တရားနာရပါစေဆိုတဲ့ စေတနာနဲ့ ကျင်းပတာက ကုသိုလ်ကောင်းမှုရတယ်။ **'ဤဟာ အာသဝေါတရား'၊ 'ဤဟာအာသဝေါတရား'** ကုန်တယ် မရှိဘူးလို့ ဆိုလိုက်လို့ရှိရင်

www.burmeseclassic.com

www.burmeseclassic.com



ဒါပထမတန်းတရား ဖြစ်သွားတယ်၊ 'ပထမတန်းကုသိုလ်ကြီး' လွှတ်ဖြစ်သွားတယ် (မှန်လှပါဘုရား)၊ သာမန်လေးဖြစ်တာမဟုတ်ဘူး၊ နည်းနည်းလေးမဟုတ်ဘူး၊ အလွန့်အလွန် ကောင်းတဲ့ ကုသိုလ်လို့မှတ်ရမယ် (မှန်လှပါဘုရား)။ တပည့်တော်တို့၏ ကုသိုလ်သည်၊ အမျိုးထား၍ ကျင်းပရသော ကုသိုလ်သည်၊ **'နာမ သဏ္ဌာန် မရောက်ရန် အမှန်သတိပြု'**၊ နာမည်တွေ သဏ္ဌာန်တွေရောက်ရင် ကုသိုလ်တော့ရတယ် (မှန်လှပါဘုရား)၊ အကုသိုလ်လည်း ဖြစ်တတ်တယ်၊ ဒါကြောင့် နာမည်တွေ သဏ္ဌာန်တွေကို ကျုပ်က သိပ်မသုံးဘူး၊ ဟုတ်ကဲ့လား (မှန်လှပါဘုရား)။ **'ရာဂဒေါသ ဖြစ်လေရာ ပညတ်တွေလည်း ပါရပါ'**။ နာမည်တို့ သဏ္ဌာန်တို့ မပါနဲ့၊ အခု မျက်စိကမြင်တာက **'ပညတ်'** ပါသွားလို့ **'လူ'**ဖြစ် သွားတာ၊ ပညတ်မပါရင် **'ရူပါရုံ'** ပဲရှိတယ်၊ မြတ်စွာဘုရားတို့က **'ပရမတ်'**ပဲ၊ မြတ်စွာဘုရားတို့က ဒါတွေမြင်ရင် **'ရူပါရုံတွေ'** ပဲ မြင်တာပဲ (မှန်လှပါဘုရား)၊ ဒါမှ **'ပရမတ်'** ဖြစ်တယ်။

ဤကောင်းမှုကို **'အာသဝေါကုန်ကြောင်း'** ဖြစ်သော တရားပွဲစီရင်သော ကုသိုလ်ကို၊ **မယံ** -တပည့်တော် တပည့်တော်မတို့သည်၊ **ကရောမ** - ပြုပါကုန်၏၊ **ဣမံ** - ဤကောင်းမှုသည်၊ **အာသဝက္ခယံ** - လူတွေဘာတွေ မရှိတာကမှ အာသဝေါကုန်တာ၊ လူတွေဘာတွေကိုလည်း သိထားရတယ်၊ အဲလိုသိတော့မှ **'လူ'** ဆိုတာ **'အာသဝေါတရား'**ထဲပါတယ်၊ ပညတ်ကိုး၊ ပညတ်ဆိုတာ **'ရာဂစသည့် ဆယ့်တစ်မီး ငြိမ်းပြီး ထိုနိဗ္ဗာန်'**ကို မရောက်ဘူး (မှန်လှပါဘုရား)။

**'ရာဂတွေ'** မရှိမှကိုး၊ လူတွေဘာတွေဆိုတော့ ရာဂရှိတတ်တယ်၊ ဒါကြောင့် **'ရာဂပျောက်တရား၊ ဒေါသပျောက်တရား'** ခေါ်တယ် (မှန်လှပါဘုရား)။ တပည့်တော်၏ ကောင်းမှုသည် **'ရာဂပျောက်၊ ဒေါသပျောက်'** ဖြစ်သော **'နိဗ္ဗာန်'** အကျိုးငှာ လျှုဒါန်းပါကုန်၏၊ ဤကောင်းမှုကို အမိအဘ၊ ဆရာသမားတို့အား အစထား၍ ဝေနေယျတို့အားလည်း အမျှပေးဝေပါကုန်၏။

အကျွန်ုပ်တို့ကဲ့သို့ အာသဝေါကုန်ခန်းသော၊ ကုန်ခန်းကြောင်းဖြစ်သော ကုသိုလ်ကိုပြု၍ **'ကုန်ခန်းခြင်း'** ဟူသော အကျိုးကိုရ၍ **'ရာဂစသည့် ဆယ့်တစ်မီး ငြိမ်းပြီးသောပုဂ္ဂိုလ်များ'** ဖြစ်ကြပါစေကုန်သတည်း။

ကဲ---တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com



## "အာသဝေါပယ်ဖျောက်တရားတော်"

၁၅. ၈. ၂၀၀၇

### သတိဖြင့် အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်နေရမယ်

**'သတော ဘိက္ခဝေ ဘိက္ခု'**၊ **'သတော**- သတိရှိသည်ဖြစ်၍'၊ သတိကတော့ ကုသိုလ်ပေ့ါ၊ ဘုရား ရဟန္တာတို့ကျတော့ ကြိယာခေါ်တယ်၊ ပုထုဇဉ်လူသားတို့ကျတော့ ကုသိုလ်။ **'သတော** - သတိရှိသည်ဖြစ်၍၊ **အဘိဇ္ဈာ ဒေါမနဿံ** - အဘိဇ္ဈာ ဒေါမနဿကို၊ **ဝိနေယျ** - ပယ်ဖျောက်၍၊ **ဝိဟရတိ** - နေ၏'၊ **'သတိ'** ရှိပြီးတော့ **'အဘိဇ္ဈာ ဒေါမနဿ'**ကိုလည်း မရှိစေရဘူးတဲ့၊ **'အဘိဇ္ဈာ ဒေါမနဿ'** ဆိုတာက **'အဘိဇ္ဈာ'** က လောဘ၊ **'ဒေါမနဿ'** က ဗျာပါဒ၊ **'ဒေါမနဿ'** ဆိုတာက ဒေါသ၊ လောဘ ဒေါသကို **'ဝိနေယျ**- ပယ်ဖျောက်၍ နေရ၏'။ 'သတိရှိသည်ဖြစ်၍ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်နေရမယ်' တဲ့။

### သူငါရှိလို့ ရှိရင် အဘိဇ္ဈာ ဒေါမနဿ ရှိသွားတယ်

အဓိပ္ပါယ်ကတော့ **'သတိ'** ရှိရမယ်။ **'သူငါ'** ရှိလို့ရှိရင် **'အဘိဇ္ဈာ ဒေါမနဿ'** ရှိသွားတယ်။ **'သူငါ'** ရှိလို့ရှိရင် လူတွေ ယောကျ်ားတွေ မိန်းမတွေရှိရင် **'အဘိဇ္ဈာ ဒေါမနဿ'** မရှိအောင် တော်တော်စောင့်ရှောက်နေရတယ်။ စိတ်ထဲမှာလူတွေရှိနေလို့ရှိရင်၊ **'သတော**-သတိရှိသည် ဖြစ်၍'၊ **'သတိ'** ရှိတဲ့အခါကျတော့ **'အဘိဇ္ဈာ ဒေါမနဿ'** မဖြစ်အောင် နေနိုင်တယ်၊ လူတွေ ယောကျ်ားတွေ မိန်းမတွေမရှိမှလည်း **'အဘိဇ္ဈာ ဒေါမနဿ'** က ပျောက်မှာကိုး၊ လူတွေ ဒေါမနဿတွေ မရှိအောင်ကတော့ **'သတိ'** ရှိရမယ်ဆိုတော့ **'သတိရဲ့အာရုံ'**။

**'သတောဘိက္ခဝေ ဘိက္ခု'**၊ **'သတိ'** ရှိရတယ်ဆိုတာ ထွက်လေ ဝင်လေကလည်း သတိ ရှိတာပါပဲ၊ **'ထွက်လေ ဝင်လေ'** နဲ့ချည်းပဲ နေမယ်ဆိုရင်လည်း **'သတောဝ'**မှာ **'အဘိဇ္ဈာ ဒေါမနဿ'** ပဲ၊ **'ဒေါမနဿ'**က စိတ်ဆိုးတတ်တယ်၊ **'လောဘ'**က လိုချင်တတ်တယ်၊ အဲဒါ **'သတိ'** နဲ့မှ ပယ်ဖျောက်နေနိုင်တယ်၊ **'သတိရဲ့အာရုံ'** ကတော့ သတိပဋ္ဌာန်၊ **'ထွက်လေ ဝင်လေ'** ပဲရှုနေမယ်၊ **'လူတွေ'**လည်း ပျောက်နေမယ်ဆိုရင် **'အဘိဇ္ဈာ ဒေါမနဿ'**ပျောက်တယ်၊ **'အဘိဇ္ဈာ ဒေါမနဿ'**ကိုက ရုပ်လို့ နာမ်လို့ မသိဘူး၊ လူလို့သိတယ်၊ လောဘနဲ့ ဒေါသကိုက လူလို့သိတယ်။

အဲလိုခဲ့မှ ပါဠိတော်က နည်းနည်းလေး၊ မြတ်စွာဘုရားတို့က ဉာဏ်ကောင်းတော့ ရှေးရှေးတုန်းကသူတွေက ဉာဏ်ကြီးတော့ **'အဘိဇ္ဈာ ဒေါမနဿ'** ကို ပယ်ဖျောက်နေရမယ် ဆိုတော့၊ **'လောဘနဲ့ဒေါသ'**ကို ပယ်ဖျောက်နေရမယ်၊ လောဘနဲ့ ဒေါသကလည်း **'လူ'** မရှိမှ၊ **'နာမည်တွေ'** မရှိမှ၊ **'သဏ္ဌာန်တွေ'** မရှိမှ၊ ဒါမှ **'လောဘ ဒေါသတွေ'** ပယ်ဖျောက်နေနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အရောင်းအဝယ်နဲ့နေရင်လည်း **'လောဘ ဒေါသ'** ပယ်ဖျောက်နေရမယ်ဆိုတော့ လူတွေ ဖျောက်ပြီး စျေးရောင်း။

**မျက်စိကမြင်ရုံ နားကကြားရုံ**

**'ဒေါမနဿ'** စိတ်ဆိုးတယ်ဆိုတော့၊ **'အသံတွေ'**က စိတ်ဆိုးတတ်တာကို၊ **'အသံ'** ကိုနားက ကြားတယ်၊ စိတ်ဆိုးတာက **'ဒေါသ'**၊ မြတ်စွာဘုရား အနေခိုင်းတာက **'လောဘနဲ့ ဒေါသ'** ပယ်ဖျောက်ပြီး နေရမယ်၊ **'လောဘနဲ့ ဒေါသ'** ပယ်ဖျောက်နေနိုင်ပြီဘုရားလို့ ဆိုရင်တော့ အဲဒါ ပထမတန်းပဲ။ ပယ်နိုင်အောင်ဆိုတာကတော့၊ မျက်စိကမြင်တာ နားကကြားတာ အဲဒါ **'ဝိပါက်'**၊ သူက မျက်စိက **'မြင်ရုံ'**၊ နားက **'ကြားရုံ'** သာဆိုရင် **'ဒေါသ'**မထွက်ဘူး၊ **'လောဘ'**လည်း မဖြစ်ဘူး၊ ကြားရုံ၊ အဲ့လို သူငယ်ချင်းချင်းလည်း နောက်ကြ၊ ပြောင်ကြဆိုရင်လည်း **'ကြားရုံ'**၊ **'မြင်ရုံ'**။

**သတိက ကာယာနုပဿနာ**

အဲဒါ **'သတော-**သတိရှိသည်ဖြစ်၍**'**၊ **'သတိ'**က **'ကာယာနုပဿနာ'**၊ **'ထွက်လေ ဝင်လေ'** ကြောင့် အသက်ရှင်တယ်၊ ပြီးတော့ ဝမ်းထဲက အူတွေ၊ အသည်းတွေ၊ ဆံပင်မွေးညင်းတွေ၊ လက်သည်းခြေသည်းတွေ၊ အရိုး၊ အသားတွေ အဲလိုထင်ရင်လည်း **'ကာယ'** ပဲ၊ သွားတယ်၊ လာတယ်၊ ဣရိယာပုထ် လေးပါးကလည်း **'ကာယ'** ပဲ၊ ထိုင်တယ်ဆိုတာလည်း **'ကာယ'** ပဲ၊ အဲဒါ **'သတိရှိသည်ဖြစ်၍'** ပဲ။ **'သတိ'** ရှိပြီးတော့ အဘိဇ္ဈာ၊ ဒေါမနဿဖြစ်စေတတ်တဲ့ **'မိစ္ဆာဒိဋ္ဌိ'**၊ ဒိဋ္ဌိက လူတွေ ဖြစ်တတ်တယ်၊ ယောကျ်ားတွေ၊ မိန်းမတွေဖြစ်တတ်တယ်၊ အဲဒါ **'ဒိဋ္ဌိ'** ဘယ်သူက ဖြစ်သတုံး ဆိုတော့မှ အဝိဇ္ဇာကဖြစ်တယ်၊ **'အဝိဇ္ဇာ'**က ဒိဋ္ဌိဖြစ်တယ်၊ **'ဒိဋ္ဌိ'**က လူဖြစ်တယ်၊ **'လူ'** ဖြစ်တော့ လောဘဖြစ်တယ်၊ လိုချင်တယ်။

**ဤဟာ အာသဝ**

**'လောဘ ဒိဋ္ဌိ မောဟ'**၊ အဲဒါက **'အာသဝေါတရား'**ခေါ်တယ်၊ **'လောဘ ဒိဋ္ဌိ မောဟ'**၊ **'လောဘ ဒိဋ္ဌိ မောဟ'** အဲသလို ဆိုဆိုပေးနေရတယ်၊ ပွားတော့ ပွားတယ် အရာမထင်ဘဲ ဖြစ်နေတယ်၊ ပွားလိုက်ရင် တစ်ခါတည်းပွား၊ တစ်ခါတည်း အရာထင်၊ **'အာသဝေါတရား'**က လောဘ၊ ဒိဋ္ဌိ၊ မောဟ၊ **'မောဟ'** ကလူ၊ ဒါကြောင့် မျက်စိသိပ်ဖွင့်တာ မကောင်းဘူး၊ မျက်စိက လူတွေ မိန်းမတွေ ယောကျ်ားတွေ မြင်တတ်တယ်၊ အဲဒါကြောင့် **'ဣန္ဒြိယသံဝရ'** ဟောရတာ၊ စင်စစ်ကတော့ လောဘရယ် ဒိဋ္ဌိရယ် မောဟရယ် မရှိရင် အာသဝေါကုန်တာပဲ၊ **'အာသဝေါ'**

www.burmeseclassic.com

www.burmeseclassic.com



ကုန်ရင် ဘုရား၊ ရဟန္တာဖြစ်တာပဲ။ စင်စစ်က လွယ်လွယ်လေးပဲ၊ လောဘ၊ ဒိဋ္ဌိ၊ မောဟ၊ အဲဒါ **'အာသဝေါတရား'** ခေါ်တယ်။ **'မောဟ'**က **'လူ'**၊ အဲဒါ ဒိဋ္ဌိဖြစ်သွားတယ်၊ လှုပ်တာ၊ ထိုင်တာ **'လူ'**မဟုတ်ဘူး၊ အဲလိုမှ၊ **'သိတာက'နာမ်'၊ ထိုင်တာက'ရုပ်'၊ 'နာမ်ရုပ်'** ထိုင်တယ်၊ **'ထိုင်တယ်'** ဆိုတာ **'နာမ် ရုပ်'** ထိုင်တယ်၊ တရားထိုင်တာလည်း **'နာမ်ရုပ်'**ထိုင်တာပဲ၊ သိတာက **'နာမ်'**၊ ထိုင်တာက **'ရုပ်'**၊ အဲဒါမှ လူပျောက်မှ ယောကျ်ား၊ မိန်းမပျောက်မှ **'ဒိဋ္ဌိ'** က ပျောက်မှာကိုး။ **'ဒိဋ္ဌိ'** ပျောက်မှ မောဟကလည်းပျောက်မှာ။ စင်စစ်သူက **'မောဟ'** က စတာကိုး၊ လောဘ၊ ဒိဋ္ဌိ၊ မောဟ၊ လူလို့ထင်နေပြီဆိုရင် **'ဤဟာ အာသဝ'**လို့ဆို။

## လူလို့ထင်ရင် ဒိဋ္ဌာသဝ

**'လူ'**လို့ထင်ရင် ဘာလဲဆိုတော့ **'လောဘ ဒိဋ္ဌိ မောဟ'**ကို လူလို့ထင်တော့ **'အာသဝ'** ဖြစ်တယ်၊ **'ဒိဋ္ဌာသဝ'** ဖြစ်တယ်၊ လူလို့ထင် ဘာအာသဝလဲ၊ **'ဒိဋ္ဌာသဝ'** ဖြစ်တယ်၊ ယောကျ်ား မိန်းမဖြစ်ရင်လည်း **'ဒိဋ္ဌာသဝ'**၊ လူလို့ ဘယ်သူကထင်သလဲဆိုတော့ မောဟက ထင်တာ၊ ပဋိစ္စသမုပ္ပါဒ် အပြောက **'အဝိဇ္ဇာ'**၊ လူတွေ ဘာတွေပြောတာက **'မောဟ'**၊ အဲဒါကအပြော နည်းတယ်၊ အာသဝကို ငါတို့ပဲ အပြောများတယ်။ **'ဣမေ အာသဝါ'**၊ **'ဣမေ-** ဤလောဘ ဒိဋ္ဌိ မောဟတို့သည်၊ **အာသဝါ-** အာသဝေါ တရားတို့ မည်ကုန်၏**'**။

လောဘ၊ ဒိဋ္ဌိ၊ မောဟတို့က **'မူလ'** ဖြစ်နေတယ်၊ အဲဒါတွေကို ပယ်ဖျောက်ရမှာ၊ **'သတိ'** က လောဘ၊ ဒိဋ္ဌိ၊ မောဟကို ပယ်ဖျောက်ရမှာ၊ **'သတိ'** က လူ၊ လူလို့ဆိုရင် ဒိဋ္ဌိ၊ ဒိဋ္ဌိရယ်၊ လောဘရယ်၊ **'လူ'**ဆိုရင် လောဘဖြစ်လာတယ်၊ **'လူ'**လို့ထင်စေတာ မြင်စေတာက **'မျက်စိတွေ'**၊ မျက်စိတွေက လူလို့ထင်စေတယ်၊ အဲဒါ **'မောဟ'** အားပေးကြီး။ မျက်စိတွေ၊ နားတွေ၊ နှာခေါင်းတွေ၊ လျှာတွေက **'မောဟ'** ကို အားပေးတယ်ဆိုတော့၊ မျက်စိက **'လူ'** မြင်တယ်၊ နားက **'လူသံ'** ကြားတယ်၊ နှာခေါင်းက **'လူနံ့'** နံတယ်၊ ကိုယ်နဲ့ထိတော့ လည်း **'လူ'**ကိုထိတယ်၊ မနောက စိတ်အကြံကလည်း **'လူ'**လို့ကြံတယ်။

## ဣန္ဒြိယ သံဝရသီလ စောင့်ရတယ်

**'မောဟ'** ကိုအားပေးတာကတော့ မျက်စိ၊ နား၊ နှာခေါင်းတွေ၊ သူ့ကို **'ဣန္ဒြိယ သံဝရသီလ'**၊ အဲဒါစောင့်ရတယ်၊ အဲဒါ **'တပေါစ'** ထဲလည်းပါပြီးသား၊ မဂ်လသုတ်မှာ လွယ် လွယ်ပဲ၊ ပြောလည်းပြောတတ်အောင်၊ ဆိုလည်းဆိုတတ်အောင်၊ လုပ်လည်း လုပ်တတ်အောင် ငါတို့ကသင်ပေးတယ်၊ ပထမတန်း၊ **'လောဘ၊ ဒေါသ၊ မောဟတွေ'** ကို အားပေးတာက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာတွေက အားပေးတယ်၊ အဲဒါကိုယ်ဟာကိုယ် သိဖို့ကောင်းတာပေါ့။ **'ဣမေ**

www.burmeseclassic.com

www.burmeseclassic.com



**အာသဝါ**၊ **'ကာမေ** - ဤလောဘ ဒိဋ္ဌိ မောဟတို့သည်၊ **အာသဝါ** - အာသဝေါ တရားတို့မည်ကုန်၏'။ **'အာသဝေါတရား'**တို့ မည်ကုန်တယ်ဆိုတာ စီးယိုကျတာ၊ သန္တာန်ပေါ့၊ အရက်လိုပဲ၊ ဘယ်အခါသောက် သောက်မူးတာပဲ၊ **'အာသဝေါ'**ဆိုတာ ထုံတယ်၊ ထုံတယ် ခေါ်တာမူးတာပဲ၊ အရက်သောက်လိုက်ရင် မူးသွားတယ်၊ အရက်နဲ့တူတယ်၊ အရက်သောက် ချင်တယ်၊ **'လူ'**လို နေချင်လို့၊ **'လူ'**လို ကာမဂုဏ် အဘိဇ္ဈာ၊ လောဘလုပ်ချင်လို့၊ **'လူ'**လို ဆဲချင်လို့ အရက်သောက်တယ်၊ အရက်သောက်တော့ **'လောဘ'**နဲ့ **'မောဟ'** ဖြစ်တယ်၊ **'ဒိဋ္ဌိ'** လည်းဖြစ်တယ်၊ **'ငါ'** ဖြစ်တယ်၊ အဲဒီလောဘ၊ ဒိဋ္ဌိ၊ မောဟ အာသဝကို အားပေးတာက မျက်စိတွေ၊ နားတွေ၊ နှာခေါင်းတွေက အားပေးတယ်၊ ကိုယ့်ဟာကိုယ်ပဲ ဂရုစိုက်။

**လူမရှိတာကို သိတဲ့ သတိမျိုးပဲ**

**'လူ'**လို့ထင်တာက**'မောဟ'**၊ လူဆိုတော့ **'လောဘ'** ဖြစ်၊ **'ရာဂ'** ဖြစ်၊ **'အဘိဇ္ဈာ'** ဖြစ်၊ **'ဗျာပါဒ'** ကြောင့်ကြလည်းဖြစ်တယ်၊ **'လောဘ'** လိုချင်တဲ့ တဏှာလည်းဖြစ်တယ်၊ မိန်းမတွေနဲ့ ယောကျာ်းတွေ အဲဒါ **'လောဘ'**၊ မိန်းမတွေ ယောကျာ်းတွေဆိုတာက **'ဒိဋ္ဌိ'**၊ လိုချင်တာက **'လောဘ'**၊ **'အဘိဇ္ဈာ'** ခေါ်တယ်၊ သတိပဋ္ဌာန်နည်းအားဖြင့် **'အဘိဇ္ဈာ'** ခေါ်တယ်၊ ပြီးတော့ ကြောင့်ကြ၊ စားဖို့သောက်ဖို့ လုံးပန်းရတယ်၊ ကြောင့်ကြရ၊ အဲဒါ **'ဗျာပါဒ'**၊ အဲဒါဒေါသ၊ အဲဒါ **'လူ'**ရှိလို့၊ အဲဒီလူတွေ ဘာတွေကို **'အာသဝ'**အားပေးတာက အရက်ကအားပေးသလို မျက်စိ၊ နား၊ နှာခေါင်း၊ လျှာတွေက မြင်ရင်လည်း **'လူကြီး'**၊ ကြားရင်လည်း **'လူသံ'**။

အဲဒါ မျက်စိက မြင်ရင် **'လူ'** မရှိဖို့၊ **'ဗျာပါဒ'** မရှိဖို့၊ အဲဒါတွေ မရှိဖို့ ဘယ်လိုတုံး ဘုရားဆိုတော့မှ **'သတောဘိက္ခဝေ ဘိက္ခု'**၊ ပါဠိတွေကရှိပြီးသား၊ သတိရှိရမယ်၊ သတိရှိရမယ်ဆိုတာက **'ကာယာနုပဿနာ သတိ'** ဆိုတာ **'လူ'**မရှိတာကို သိတဲ့ သတိမျိုးပဲ၊ အသား၊ အရေ၊ အရိုးလို့ဆိုလိုက်ရင် **'လူ'**မရှိတော့ဘူး၊ **'လူ'**မရှိမှ လောဘမရှိမှာ၊ **'လောဘ'**မရှိမှ ဒေါသလည်း မရှိမှာ၊ အဲဒါမှ **'သတိ'**၊ ထွက်လေ ဝင်လေလေးနဲ့ဘုရား **'လူ'** မရှိအောင်ဖြစ်ပါလား ဖြစ်ရင်လုပ်၊ သွားတာ လာတာလေးနဲ့ **'လူ'**မရှိအောင်ဖြစ်ပါလား ဆရာ့၊ အဲဒါလုပ်၊ အဲဒါ သတိပဋ္ဌာန်ပဲ။ အရိုး၊ အသားအရေ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရေ ရိုးတွင်းခြင်ဆီ၊ အညို့၊ အတက်၊ အဲသလိုနဲ့ **'လူ'**ပျောက်ပါလား၊ ပျောက်ရင် အဲဒီနည်းလုပ်၊ ဆံပင် မွေးညင်းနဲ့ပျောက်ရင် ဆံပင် မွေးညင်းလုပ်၊ ဘာဖြစ်လို့တုံးဆိုတော့ **'သတော ဘိက္ခဝေ ဘိက္ခု'**၊ **'သတော**-သတိရှိသည်ဖြစ်၍**'**ဆိုတာ၊ ဘာဖြစ်လို့ သတိရှိရမလဲဆိုတာ၊ **'လူ'**ပျောက်

www.burmeseclassic.com

www.burmeseclassic.com



အောင်လုပ်တာ၊ ဒါမှ **'ဒိဋ္ဌိ'**ပျောက်မှာ၊ **'ဒိဋ္ဌိ'** ပျောက်တယ်၊ **'လူ'**ပျောက်တယ်ဆိုမှ လောဘ၊ ဒေါသပျောက်မှာ။

**လူပျောက်မှ အဘိဇ္ဈာ ဒေါမနဿ ပျောက်မှာ**

ထွက်လေ ဝင်လေလေးနဲ့ မပျောက်သေးဘူး ဆရာဆိုရင်၊ လုပ် အူသိမ်၊ အူမ၊ အသည်း၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက် အဲသလို လုပ်နိုင်တယ်၊ မံသံ အသား၊ နှာရု အကြော၊ အဋ္ဌိ အရိုး အဲဒါနဲ့ **'လူ'**ပျောက်မလား၊ **'လူ'** ပျောက်တဲ့နည်းနဲ့ လုပ်သွားတယ်ဆိုရင်၊ သွားတာက **'ရုပ်'**၊ သွားတယ်ဆိုတာက **'စိတ်'**၊ **'ရုပ်နာမ်'**၊ လူပျောက်တဲ့နည်းနဲ့သာလုပ်၊ အဲဒါ **'သတော ဘိက္ခဝေ ဘိက္ခု'** ပဲ၊ အဲဒါ **'လူ'**မပျောက်ဘူးဆိုရင် သတိမရှိဘူး၊ ဒါကြောင့် **'သတော ဘိက္ခဝေ ဘိက္ခု'**၊ သတိရယ်၊ ဝီရိယရယ်၊ ပညာရယ်ပေါ့၊ အဲဒါ **'လူ'**ပျောက်မှ **'အဘိဇ္ဈာ ဒေါမနဿ'** ပျောက်မှာ။

**'ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿ'**၊ အဲဒီ **'လောက'**ဆိုတာလည်း **'ဥပါဒါနက္ခန္ဓာ'** ကို ခေါ်တယ်၊ **'ဥပါဒါနက္ခန္ဓာ'**၊ **'လောက'** ဆိုတာ မျက်စိမြင်၊ နားကြားတာကို ခေါ်တာ၊ မျက်စိက မြင်တယ်၊ နားကကြားတယ်၊ နှာခေါင်းက နံတယ်၊ အဲဒီခန္ဓာကို **'ဥပါဒါနက္ခန္ဓာ'** ခေါ်တယ်၊ မျက်စိမြင် နားကြားတာတွေကို **'လူ'** လို့မမှတ်နဲ့ **'ဥပါဒါနက္ခန္ဓာ'**၊ အဲဒါ **'ဥပါဒါနက္ခန္ဓာ'** ဆိုတာ နားဆိုတာက ဖြစ်ပျက်၊ အနိစ္စ ဒုက္ခ၊ **'နား'** က အနိစ္စ ဒုက္ခ၊ **'မျက်စိ'** အနိစ္စ ဒုက္ခ၊ အဲဒါ **'ဥပါဒါ နက္ခန္ဓာ'**၊ အဲဒါ **'လူ'**ဖျောက်လိုက်တာပဲ၊ **'မျက်စိ'**က အနိစ္စ ဒုက္ခဖြစ်သွား၊ **'လူ'** မရှိတော့ဘူး၊ အဲဒီတင် **'နိဗ္ဗာန်'** ရောက်သွားတယ်၊ ပထမတန်း ရောက်သွား၊ ဉာဏ်က အလွန်ကောင်းတာ။

**'မျက်စိ'** က အနိစ္စ ဒုက္ခဆိုရင် လူမပျောက်ဘူးလား (ပျောက်ပါတယ်ဘုရား)။

**'နား'**က အနိစ္စ ဒုက္ခဆိုရင် လူမပျောက်ဘူးလား (ပျောက်ပါတယ်ဘုရား)။

**'နှာခေါင်း'**က အနိစ္စ ဒုက္ခဆိုရင် လူမပျောက်ဘူးလား (ပျောက်ပါတယ်ဘုရား)။

**'လူ'** ပျောက်ရင် ဘာပျောက်သလဲ၊ **'ဒိဋ္ဌိ'** မပျောက်ဘူးလား (ပျောက်ပါတယ်ဘုရား)။

**'လူ'** ကပြောတတ်၊ ဆိုတတ်၊ လုပ်တတ်၊ ကိုင်တတ်မှ အလုပ်မှာကျွမ်းကျင်တယ်၊ ဆန်ရောင်း ဆန်ဝယ်တွေ အဲသလို လုပ်ကိုင်တတ်ရင် ကျွမ်းကျင်သလို၊ ပိုက်ဆံရသလို၊ ဒီ **'ကမ္မဋ္ဌာန်း'**ကို လုပ်တတ် ကိုင်တတ်ရင် အကျိုးရတယ်၊ **'လူ'** ပျောက်မှချမ်းသာမှာကိုး၊ ဟို **'အဘိဇ္ဈာ'**မရှိမှ၊ တို့က သင်ရုံသင်ပေးနိုင်တယ်၊ **'လူ'**ပျောက်အောင်က ကိုယ်ဟာကိုယ်လုပ်မှ ဖြစ်မှာ၊ **'လူ'**ပျောက်မှ အဘိဇ္ဈာပျောက်မှာကိုး၊ **'လူ'** ပျောက်ရင် ဘာပျောက်တုံး (အဘိဇ္ဈာ ပျောက်ပါတယ်ဘုရား)၊ **'အဘိဇ္ဈာ'** ဆိုတာ ဘာတုံးသိလား - လောဘ၊ **'လောဘ'**ကို ရာဂလို့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်၊ ဘာခက်တာ မှတ်လို့ မိန်းမတွေမြင်ရင် ယောက်ျားတွေက သားမယားဖြစ်ချင်တယ်၊ မိန်းမတွေကလည်း လင်သားလုပ်ချင်တယ်၊ အဲဒါတွေကထုံလာတယ်၊ **'ထုံလာတယ်'**၊ အဲတာ ဘာတုံး **'အာသဝ'**။ မိန်းမတွေမြင်ရင် လိုချင်မနေဘူးလား၊ ယောက်ျားတွေမြင်ရင်လည်း လိုချင်နေတာပဲ၊ နှစ်ယောက်တည်း ဘာတည်းနဲ့ သီချင်းတွေဘာတွေလိုပေါ့၊ အဲဒါဘာခေါ်တုံး **'အာသဝ'**၊ ဒီလိုသိမှ သူ့ဖျောက်နိုင်တယ်၊ မသိရင် မဖျောက်နိုင်ဘူး၊ **'အာသဝ'**၊ ဘာ အာသဝတုံး **'ဒိဋ္ဌာသဝ'**၊ **'လူ'**လို့ထင်ရင် **'ဒိဋ္ဌာသဝ'**၊ **'ရာဂတွေ'** ဘာတွေ လုပ်ချင်ရင် ဘာအာသဝတုံး **'ကာမာသဝ'**၊ သူ့ကိုစိတ်ဆိုးရင် ဘာအာသဝတုံး **'ဒိဋ္ဌာသဝ'**ပါပဲ၊ **'ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ'** လို့ပဲပါတော့ **'ဒေါသ'** ဒီထဲမပါပေမယ့် ဒေါသလည်းပါလို့ရတယ်၊ အဲလို ဂရုစိုက်ရတယ်၊ **'လူ'**ပျောက်မှ ဒိဋ္ဌိပျောက်မှာ၊ **'လူ'**ပျောက်ရင် သောတာပန်ဖြစ်သွားပြီ၊ **'လောဘ'** ပျောက်ရင် သကဒါဂါမ်၊ အနာဂါမ် ဖြစ်သွားပြီ။

### အဘိဇ္ဈာ ဒေါမနဿ ပျောက်ရင် အနာဂါမ်ဖြစ်သွားတယ်

**'လူ'**ပျောက်ရင် ဘာဖြစ်တုံး ဆရာဆိုရင် **'အဘိဇ္ဈာ ဒေါမနဿ'** ပျောက်တယ်၊ **'အဘိဇ္ဈာ ဒေါမနဿ'** ပျောက်ရင် ဘာဖြစ်တုံးဆရာဆိုရင် **'အပယ်လေးပါး'**ကွယ်ပြီ၊ **'လူ'**လည်းကွယ်ပြီ၊ **'နတ်'**လည်းကွယ်ပြီ၊ တစ်ခါတည်း **'ပြဟ္မာကြီး'** ဖြစ်သွားတယ်၊ **'အနာဂါမ်'** ဖြစ်သွားတယ်၊ **'သုဒ္ဓါဝါသပြဟ္မာ'**ခေါ်တယ်၊ **'သုဒ္ဓါဝါသပြဟ္မာ - သန့်ရှင်းစင်ကြယ်သော ပြဟ္မာ'**၊ **အဘိဇ္ဈာ ဒေါမနဿ သန့်ရှင်းစင်ကြယ်သော ပြဟ္မာ'**၊ အဲဒီအထိ သွားကြမလို့ နောက်အကုန်ပြုတ်အောင်၊ အဲလိုသိမှ အဲလိုပြုတ်တယ်။

**'ဣမေ အာသဝါ'**၊ **'ဣမေ-** ဤလောဘ ဒိဋ္ဌိ မောဟတို့သည်၊ **အာသဝါ-** အာသဝေါ တရားတို့ မည်ကုန်၏ (ဝါ) အထုံတရားတို့မည်ကုန်၏'၊ အရက်နဲ့တူလို့ **'အထုံ'** လို့ခေါ်တာ၊ မူးယစ်လို့ ချည်းနေချင်သလို ကာမဂုဏ်နဲ့ပဲ နေချင်တယ်၊ ဘာမှတ်လို့တုံး၊ ယောက်ျားတွေ မိန်းမတွေနဲ့ချည်းနေချင်တယ်၊ ယောက်ျားတွေ မိန်းမတွေမရှိတဲ့ ထောင်ထဲကျတော့ ယောက်ျားချင်းချင်း၊ မိန်းမချင်းချင်းခွဲထားရတယ်၊ အနိစ္စ ဒုက္ခတွေ၊ အဲဒါတွေများသွားရင် ထောင်ထဲရောက်သွားရင် ယောက်ျားချင်းလည်း အနိစ္စ ဒုက္ခတွေ ဖြစ်ကုန်တယ်။

### ဉာဏ်ပညာအဆင်အခြင်

**'သတော-** သတိရှိသည်ဖြစ်၍၊ **သမ္ပဇာနော-** ဉာဏ်ပညာရှိသည် ဖြစ်၍'၊ **'ဉာဏ်ပညာ အဆင်အခြင်'**၊ အဲဒါငါပြောတာက ဆင်ခြင်တတ်အောင်လို့၊ အဲဒီထိအောင် မဆင်ခြင်ရင်

www.burmeseclassic.com

www.burmeseclassic.com



တိရစ္ဆာန် ခွေးတွေ၊ ကြက်တွေဆိုရင်၊ မြွေတွေဆိုရင် လုံးလိုက်တာမှ ကမ္ဘာလုံးကြီးလို အလုံးကြီး ဖြစ်သွားတယ်၊ မြွေတွေ တစ်ကောင်တည်းမဟုတ်ဘူး၊ ၁၀ကောင်၊ ၂၀၊ ၃၀၊ ၄၀ တချို့ဆိုရင် သစ်ကိုင်းပေါ် ကကြည့်နေ၊ အသံတွေပေးတယ်၊ အဲဒီအလုံးကြီးလာပြီဆိုရင် အကုန်လိုက်တာပဲ၊ အဲဒါမြွေအရေလဲတာ၊ အနိစ္စကောင်၊ ဒုက္ခကောင်တွေ၊ လူတွေလည်းလူဖြစ်တဲ့ အခိုက်အတန့်မှာ မြွေတွေလို သိပ်မလုပ်နဲ့၊ ဥပုသ်တွေ ဘာတွေစောင့်။

**မျက်စိကမြင် အဆင်းမြင်၊ လူမြင် အာသဝ**

**'ဣမေ အာသဝါ'**၊ **'ဣမေ** - ဤလောဘ ဒိဋ္ဌိ မောဟ တို့သည်၊ **အာသဝါ-** အရက်နှင့် တူကုန်၏'၊ အရက်နဲ့တူသော သတ္တိကြောင့် **'အာသဝေါ'** တို့မည်ကုန်၏၊ အဲဒီ **'ဒိဋ္ဌိ'** ဆိုတာ လူဆိုတဲ့ဟာ၊ **'လူ'**လို့ ဘာလို့ လုပ်ချင်သလဲဆို၊ အဲဒီ **'ရာဂ'** ဖြစ်ချင်လို့ လူလုပ်ချင်တာ၊ **'လူ'** မဟုတ်ဘူးတဲ့၊ မြတ်စွာဘုရားက **'နိဿတ္တ နိဇ္ဇီဝ'** သတ္တဝါမဟုတ်ဘူးဆိုမှ အဲဒါတွေပျောက်မှာ၊ ဒါကြောင့်ငါတို့က **'လူမဟုတ်ဘူးလို့'** ပြောနေတာ၊ အဲဒီလိုဟာမျိုး၊ **'အာသဝ'**က အလွန် ဖြစ်ချင်တယ်၊ မျက်စိဖွင့်လိုက်တာနဲ့ အဲဒီ **'အာသဝ'**က ဖြစ်ချင်တယ်။

**မျက်စိကမြင် အဆင်းမြင်၊ လူမြင် အာသဝ။**

**နားက ကြားလျှင် အသံပင်၊ လူထင် အာသဝ။**

**'အာသဝ'** ဆိုတာ **'လောဘ မောဟ'**၊ အဲလိုသိမှ ဘာကိုဆိုမှ **'လောဘ ဒိဋ္ဌိ'**၊ **'မောဟ'**က လောဘဖြစ်တယ်၊ ဒေါသဖြစ်တယ်၊ **'မောဟ'**ကလူထင်တယ်၊ အဲဒါကိုပြောတာ၊ အဲဒါ ပဌမတန်း တရား၊ အဲဒါနဲ့ကိုက်တယ်၊ အဲဒီတော့ **'မျက်စိ'**လည်း သတိမထားရဘူးလား၊ ထားရမလား (ထားရပါတယ်ဘုရား)၊ **'နား'** ကော(သတိထားရပါတယ်ဘုရား)၊ သူက **'အာသဝ'**ကို အားပေး တာ၊ နင်တို့က အားပေးအားမြှောက်တွေကို ဆုတောင်းယူကြတယ်၊ ဆုတောင်းလို့ ဖြစ်တဲ့ မျက်စိတွေ၊ မြတ်စွာဘုရားတို့ကတော့ မတောင်းချင်တော့ဘူး၊ **'ဣမေ အာသဝါ'**၊ **'ဣမေ-** ဤလောဘ ဒိဋ္ဌိ မောဟတို့သည်၊ **အာသဝါ -** အာသဝေါတရားတို့မည်ကုန်၏'၊ **'လောဘ ဒိဋ္ဌိ မောဟတွေ'**က ထိုင်နေတာတွေကို **'လူတွေ'** ထိုင်တယ်၊ **'ငါ'**ထိုင်တယ်၊ အဲဒီဟာ နှစ်ခု ထင်တာပဲ၊ မြို့ထဲနေတာလည်း **'လူတွေ'**လို့ထင်တာပဲ၊ **'လူတွေ'**လို့ထင်ပြီး လူပြော ပြောတာပဲ၊ **'လောဘ ဒိဋ္ဌိ မောဟ'**ကို **'ငါ'** လို့လည်းထင်တာပဲ၊ **'မောဟ'** က အဲသလို **'သတိ'**မရှိရင် မောဟရှိတယ်၊ **'သတိ'**မရှိရင် ဘာရှိတုံး (မောဟရှိပါတယ်ဘုရား)၊ မျက်စိ နားတွေက ဘာအားပေးတုံး (အာသဝ

www.burmeseclassic.com



အားပေးပါတယ်ဘုရား)၊ သတိတို့ သမ္မဇဉ်တို့က **‘အာသဝ’**ကို သတ်တယ်၊ **‘သတော** - သတိရှိသည်ဖြစ်၍၊ **အဘိဇ္ဈာ ဒေါမနဿံ** - အဘိဇ္ဈာ ဒေါမနဿကို၊ **ဝိနေယျ** - ပယ်ဖျောက်၍၊ **ဝိဟရတိ** - နေ၏’၊ အဲဒီ **‘အဘိဇ္ဈာ ဒေါမနဿ’** ဆိုတာ လောဘနဲ့ ဒေါသ၊ အဲဒီ **‘လောဘ နဲ့ ဒေါသ’** ပျောက်အောင်ကတော့ **‘ဒိဋ္ဌိ’** ပျောက်မှ ပျောက်တယ်။

**နာမ်ရုပ်ဆိုတော့ လူရှိသေးသလား**

**‘ဒိဋ္ဌိ’** က ဘာပြုလို့ဖြစ်တုံးဆိုတော့ **‘အဝိဇ္ဇာ’**၊ **‘မောဟ’** ကြောင့်ဖြစ်တယ်၊ အဲ **‘မောဟ’** က လူတွေလို့ မထင်ဘူးလား (ထင်ပါတယ်ဘုရား)၊ **‘လူတွေ’**လို့ ဘာကိုထင်တာတုံးဆိုတော့၊ အရေတွေ၊ အသားတွေ၊ အရိုးတွေကို ထင်တယ်၊ အဲဒါကြောင့် မင်းတို့ **‘သတိ’** ရှိ၊ အရေ၊ အသား၊ အရိုးလည်းလုပ်၊ သွားတယ်၊ လာတယ်လည်းလုပ်၊ ဝင်လေထွက်လေလည်းလုပ်၊ အဲဒါက သတိပဋ္ဌာန်အလုပ်၊ **‘ကာယာနုပဿနာသတိပဋ္ဌာန်’** ခေါ်တယ်၊ ဝေဒနာတွေနာရင် **‘ဝေဒနာနုပဿနာ’** ခေါ်တယ်၊ စိတ်တွေဖြစ်ရင်လည်း **‘စိတ္တာနုပဿနာ’**။

ဒါပေမယ့် များကုန်တတ်တယ်၊ **‘လူ’**မရှိအောင်သာလုပ်၊ **‘လူ’**မရှိအောင်ကတော့ ငါပြောသလို၊ **‘သိတာကနာမ် ထိုင်တာကရုပ် နာမ်ရုပ်’**၊ **‘နာမ်ရုပ်’** ဆိုတော့ လူရှိသေးသလား၊ သိတာက **‘နာမ်’**၊ ထိုင်တာက **‘ရုပ်’**၊ **‘နာမ်ရုပ်’**၊ **‘နာမ်ရုပ်’** ရှိရင် ဘာတွေရှိလဲ (မျက်စိတွေ နားတွေရှိပါတယ်)၊ အဲဒီ မျက်စိတွေ နားတွေက ဘယ်သူ့အားပေးသတုံး (အာသဝပါဘုရား)၊ အဲဒီ **‘အာသဝ’** အားပေးတဲ့ မျက်စိတွေကလည်း **‘လူတွေ’**ကိုသိပ်မကြည့်နဲ့၊ သိပ်မပြောနဲ့၊ **‘လူ’**လို့လည်းမထင်နဲ့ **‘သိတာကနာမ် ထိုင်တာကရုပ် နာမ်ရုပ်’**။

**‘နာမ်ရုပ်’** ရှိလျှင် ဘာတွေရှိသတုံး (မျက်စိတွေ၊ နားတွေရှိပါတယ်ဘုရား)၊ မျက်စိတွေ နားတွေရှိတာ လူလား၊ ယောက်ျားလား၊ မိန်းမလား (မဟုတ်ပါဘူးဘုရား)၊ အဲဒီလိုသိတော့မှ ပထမတန်း၊ အာသဝေါကြီး မကုန်ဘူးလား (ကုန်ပါတယ်ဘုရား)၊ **‘အဝိဇ္ဇာ’** မဖျောက်ဘူးလား၊ ဖျောက်သလား (ဖျောက်ပါတယ်ဘုရား)၊ **‘အဝိဇ္ဇာ’**ဖျောက်တော့ ဝိဇ္ဇာမဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ **‘ဝိဇ္ဇာ’** ဖြစ်တော့ ကိလေသာ မလွတ်ဘူးလား (လွတ်ပါတယ်ဘုရား)၊ အဲဒါ **‘ဝိဇ္ဇာ ဝိမုတ္တိ’** ခေါ်တယ်။ အဲလိုဖြစ်အောင် လွှတ်သင်ပေးရတာ၊ ဘယ်လောက်သင်ရတုံး မှတ်သလဲ၊ တစ်နှစ် သင်လည်း မပြီးဘူး၊ ၂ နှစ်လည်းမပြီးဘူး၊ မြတ်စွာဘုရားဆို ၄၅ နှစ်လုံး သင်သွားရတာ၊ အဲဒီလို အာသဝေါကြီး မရှိအောင် သင်ပေးရတာ၊ ငါတို့က သူပြောတဲ့အတိုင်းလုပ်ရတာ။ **‘က္ကမေ အာသဝါ’** လေးတော့ ဆိုဆိုပေး။

www.burmeseclassic.com

www.burmeseclassic.com



**မျက်စိမြင်တုံ့ ရူပါရုံ၊ အထုံဖျောက်ကုန်ရာ**

**'ဣမေ-** ဤလောဘ ဒိဋ္ဌိ မောဟတို့သည်၊ **အာသဝါ-** အာသဝေါတရားတို့ မည်ကုန်၏'၊

အဘယ်ကြောင့် အာသဝေါတရား မည်သလဲဆိုရင် အရက်လို **'ထုံ'** တတ်သောကြောင့် မဆိုတတ်ရင် လိုက်လိုက်ဆိုပေးရတယ်၊ ဘယ်လိုထုံသလဲဆိုရင် **'လောဘ'** ဆိုတာ ညနေကျရင် ရာဂတွေမလုပ်ချင်ဘူးလား၊ အဲဒါ **'ထုံတယ်'** ခေါ်တယ်၊ မိန်းမချင်းမြင်ရင် ကိုယ်ထက်သာရင် မနာလိုတာ မထင်ဘူးလား၊ အဲတာ **'ထုံတာ- အာသဝ'** ခေါ်တယ်၊ အဲဒီလို **'ထုံ'**မှာစိုးလို့ **'မထုံ'**နဲ့။

**မျက်စိမြင်တုံ့ ရူပါရုံ၊ အထုံဖျောက်ကုန်ရာ။**

**နားကကြားတုံ့ သဒ္ဒါရုံ၊ အထုံဖျောက်ကုန်ရာ။**

**အထုံဖျောက်ကုန်ရာသတည်း။**

မျက်စိနဲ့မြင်တော့ **'ရူပါရုံ'** မြင်တယ်၊ **'အထုံဖျောက်ကုန်ရာသတည်း'** ဆိုတော့ ကိုယ်က **'သတိ'** နဲ့နေတော့ သူ့မစွဲလမ်းတော့ဘူး၊ ဟုတ်ရဲ့လား၊ **'အထုံ'** ကို ဖျောက်ထားတာ၊ **'အထုံ'** ဖျောက်တယ်ဆိုတာ **'အာသဝေါတရား'**ကို ဖျောက်ထားတာ၊ **'အာသဝေါတရား'** ကုန်ရင် ဘာဖြစ်မှာလဲဆိုတော့ ဘုရားရဟန္တာတောင်ဖြစ်မှာ၊ ဒါကြောင့် အဲဒီထိဖြစ်အောင် ပထမတန်း ဖြစ်အောင် ပထမတန်းတရားတွေ လုပ်နေရတယ်လို့ မှတ်ထား။

**အာသဝလို့ သိတာ သတိ၊ လူလို့သိတာ ဒိဋ္ဌိ**

**'ဣမေ အာသဝါ'**၊ **'ဣမေ-** ဤလောဘ၊ ဒိဋ္ဌိ၊ မောဟတို့သည်၊ **အာသဝါ-** အာသဝေါ တရားတို့ မည်ကုန်၏ (ဝါ) စိတ်ကိုထုံတတ်သော သတ္တိကြောင့် အရက်နဲ့ တူကုန်၏'။ အရက် မူးရင် မိန်းမတွေနဲ့နေဖို့ပဲ သူစိတ်ကူးတယ်၊ ခွေးလို ခွေးလည်း ခွေးမဆီကို စိတ်ကူးတယ်၊ အရက် မူးရင် မိန်းမတွေ ယောကျ်ားတွေဆီ ကြံတာပဲ၊ အဲဒါ **'ထုံတာ'** ခေါ်တယ်။

အဲဒါ ဘာတုံး- အဲဒါ **'အာသဝ'**။

အဲဒါ ဘယ်သူတုံး- အဲဒါ **'အာသဝ'**။

အဲဒါ **'အာသဝ'**မှန်းသိလား၊ မသိဘူးလား၊ မသိတာက **'အဝိဇ္ဇာ'**၊ အဝိဇ္ဇာကလည်း **'အဝိဇ္ဇာသဝ'**ကလည်း မသိတာဘဲ၊ သူကလည်း **'အာသဝ'**လို့ မသိဘူး၊ **'လူ'** လို့သိတာ၊ **'အာသဝ'** လို့သိတာ **'သတိ'၊ 'လူ'** လို့သိတာ **'ဒိဋ္ဌိ'**၊ ဒီနားလေးတင် ဝေ့လည်ကြောင်ပတ်လေးနဲ့ ဝဲလိုလှည့် နေတယ်၊ အဲဒီဝဲလိုလှည့်နေတာလေးကို ဖြုတ်လိုက်လို့ရှိရင်၊ **'လူ'** ဖြုတ်လိုက်လို့ရှိရင် ပြုတ်သွား

www.burmeseclassic.com

www.burmeseclassic.com



တာကို **'အာသဝ'** သိတယ်လို့ခေါ်တယ်၊ **'ဒိဋ္ဌာသဝ'** ပြုတ်ရင် အပယ်မရောက်ဘူး။ **'ကာမာသဝ'**၊ ဗျာပါဒလေး နည်းသွားလို့ရှိရင် သကဒါဂါမ်ဖြစ်သွားတယ်၊ အဲဒါ **'လူ'** မဟုတ်မှ ဖြစ်တာ၊ လူအတိုင်းထားလို့ကတော့ ညနေကျရင် အရက်သောက်လာတဲ့ လူလို မူးလာပြီ၊ ဘာမရေ ညာမရေခေါ်၊ ဘာချက်တုံး ညာချက်တုံး မဟုတ်တမ်းတရားတွေ လျှောက် ပြော၊ အဲဒါတွေနဲ့ ဖြစ်ကုန်ကြပြီ၊ အနိစ္စကောင် ဒုက္ခကောင်။

**အနိစ္စကောင် ဒုက္ခကောင် ထင်အောင် နှလုံးသွင်း။**

**အနိစ္စတုံး ဒုက္ခတုံး လုံးလုံး မှတ်ကြမင်း။**

အဲဒါပြီးရဲ့လားလို့ ၁ နှစ်လည်းမပြီး၊ ၂ နှစ်လည်းမပြီး။ အဲဒါ အနိစ္စတုံးခေါ်တယ်၊ ပြီးသွားမှ အနိစ္စမရှိတော့တယ်၊ သူလည်း အနိစ္စပဲ။

## လောဘ ဒိဋ္ဌိ မောဟတို့သည် အာသဝေါတရားတို့ မည်ကုန်၏။

အဲဒီ **'အာသဝဖြစ်ကြောင်း'** က **'အာသဝ'** က အရက်နဲ့တူတယ်ဆိုတော့ လောဘ၊ ဒိဋ္ဌိ၊ မောဟ ဖြစ်တော့၊ အဲဒီ**'အာသဝဖြစ်ကြောင်း'** အရက်ကို ဘာဖြစ်လို့ သောက်ချင်သလဲ၊ အချိန်ကျရင် အရက်ကို သောက်ချင်တာ၊ **'လောဘ'**တို့ **'ဆန္ဒ'**တို့ မဟုတ်ဘူးလား၊ ဒီ **'အာသဝေါ တရား'** ကိုက **'အာသဝေါဖြစ်ကြောင်း'** ပြန်ဖြစ်တယ်၊ ရိပ်မိလား၊ ညနေကျရင် အရက်က မမူးချင်ဘူးလား (မူးချင်တယ်ဘုရား)၊ အဲဒါ ဘယ်သူတုံး၊ လောဘ၊ အဲဒီ့လောဘဆိုတာ ဘယ်သူတုံးဆိုတော့၊ အဲဒီလောဘဆိုတာ**'လူ'**၊ မူးချင်နေတယ်၊ အဲဒီလူက ဘယ်သူတုံး၊ **'မောဟ'** က လူဖြစ်နေတယ်။ **'မောဟ'**က လူဖြစ်တော့ မသောက်ချင်ဘူးလား၊ သောက်ချင်ပါတယ်၊ **'အာသဝေါဖြစ်ကြောင်း'** က ဘယ်သူတုံး၊ **'အာသဝ'** ပဲ၊ လောဘတဲ့၊ အဲဒါကြောင့် **'သမုဒယသစ္စာ'** လို့ခေါ်တယ်၊ အဲဒီလိုကို ဆရာပြောမှကိုရိပ်မိတာ၊ သို့မို့မရိပ်မိဘူး။ **'ဣမေ အာသဝါ'**၊ **'ဣမေ-** ဤလောဘ ဒိဋ္ဌိ မောဟတို့သည်၊ **အာသဝါ-** အာသဝေါ တရားတို့မည်ကုန်၏'။

## သတိပဋ္ဌာန် မပွားရင် အာသဝကပဲ ပြန်ပြီး အာသဝဖြစ်ကြောင်း ပြန်ဖြစ်တယ်

**'ဣမေ-** ဤသတိပဋ္ဌာန် မပွားများခြင်းတို့သည်၊ **အာသဝါ-**အာသဝေါတရား ဖြစ်ကြောင်း တို့မည်ကုန်၏'။ အဲဒါလွှဲပြောတာ၊ သတိပဋ္ဌာန် မပွားဘူး၊ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ အသားအရေတွေ မလုပ်ဘူး၊ သွားတာ ထိုင်တာ **'ရုပ်'** လို့မဟုတ်ဘူး၊ **'ငါ'** ပဲ ထိုင်တယ်ဆိုရင် သတိပဋ္ဌာန်မပွားဘူး။ **'သတိပဋ္ဌာန်'** မပွားရင် **'အာသဝေါတရား'** ဖြစ်ခြင်းရဲ့ အကြောင်းပဲ ပြန်ဖြစ်တော့၊ ဘယ်သူတွေလဲဆိုရင် **'အာသဝတွေ'** ပဲ ပြန်ဖြစ်တယ်၊ လူတွေ

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားတွေ မိန်းမတွေ၊ **'ဒိဋ္ဌိတွေ'**ပဲပေါ့၊ အဲဒါလောဘာ မောဟ ဒိဋ္ဌိ၊ အဲဒီ **'အာသဝေါတရား'**ပဲ ပြန်ဖြစ်တယ်၊ **'အာသဝေါ တရား'**က ဘယ်လိုအနေနဲ့ ပြန်ဖြစ်သလဲဆိုတော့ စုံထောက်တွေလိုပေါ့၊ လူမဟုတ်ဘဲနဲ့ **'လူယောင်ဆောင်'**သလိုပေါ့။

**လူမဟုတ်ဘဲနဲ့ လူလို့ အယောင်ဆောင်တာ ဒိဋ္ဌိ**

**'လောဘတွေ'** က အရက်သောက်ချင်တယ် ပြန်ဖြစ်တယ်၊ **'ဒေါသတွေ'**က စိတ်ပြန်ဆိုးတယ်၊ **'လောဘ'** ကလူ၊ **'ဒိဋ္ဌိ'** ကလူဖြစ်အောင်လုပ်၊ **'လူ'**ကလောဘ၊ ဒိဋ္ဌိဖြစ်အောင်က **'မောဟ'**၊ အဲဒီဟာပဲ၊ **'အယောင်ဆောင်တယ်'** သိလား၊ သိလိုက်တာက လောဘ၊ ဒေါသဖြစ်ကြောင်းဆိုတာ **'အယောင်ဆောင်တာ'** ဟာ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ အာသဝါဖြစ်ခြင်းရဲ့အကြောင်း **'အယောင်ဆောင်'**၊ **'လူအယောင်ဆောင်'** က ဘယ်သူတုံးသိလား **'ဒိဋ္ဌိ'**၊ **'ဒိဋ္ဌိ'** အယောင်ဆောင်က **'မောဟ'**၊ အယောင်ဆောင်နဲ့လူ တူသလား၊ လူတော့လူပဲ၊ **'လူအယောင်ဆောင်'**၊ ဥပမာ- စပိုင်တို့လိုပေါ့၊ စုံထောက်တို့ စသုံးလုံးတို့ပေါ့၊ သူတို့က **'လူ'** ပဲ၊ လူကလူထဲဝင်နေတယ် မဟုတ်လား၊ **'လူ'**က လူထဲဝင်ပြီးသူက ဘယ်သူကို ဖမ်းသတုံး၊ အဲလို **'အာသဝဖြစ်ကြောင်း'** ရိပ်မိလား၊ **'အာသဝ'** ကပဲပြန်ပြီး **'အာသဝဖြစ်ကြောင်း'** ပြန်ဖြစ်တယ် ရိပ်မိလား၊ **'အဝိဇ္ဇာ လောဘ ဒိဋ္ဌိ'**။ **'ဣမေ-** ဤလောဘ ဒိဋ္ဌိ မောဟတို့သည်၊ **အာသဝါ-** အာသဝေါတရားတို့ မည်ကုန်၏**'**။

**အာသဝ အယောင်ဆောင်က လူတွေ ယောက်ျားတွေ မိန်းမတွေ**

**'ဣမေ-** ဤအယောင်ဆောင်တို့သည်၊ **အာသဝသမုဒယ-** အာသဝဖြစ်ကြောင်းတို့မည်ကုန်၏**'**။ **'လူ'** မဟုတ်ဘဲနဲ့ လူလို့ အယောင်မဆောင်ဘူးလား၊ လူလို့ **'အယောင်ဆောင်'**တာ **'ဒိဋ္ဌိ'**၊ လူလို့ အယောင်ဆောင်ပြီး တရားခံတွေ မလိုချင်ဘူးလား၊ **'လိုချင်တာ'** က **'လောဘ'** ပေါ့၊ အဲဒါက ဘာကဖြစ်သတုံးဆိုရင် **'မောဟ'**ကဖြစ်တာ၊ အဲသလိုပြန်ဖြစ်တယ်၊ အဲသလိုမှန်းမသိလို့ အဲသလို **'အာသဝေါတရား'** ဖြစ်တယ်။ **'အယောင်ဆောင်'** မှန်းသိရင် အဲသလို အယောင်ဆောင်ထားအုံးမလား။ **'ဣမေ-** ဤလောဘ ဒိဋ္ဌိ မောဟတို့သည်၊ **အာသဝါ-** အာသဝေါတရားတို့ မည်ကုန်၏**'**။ လောဘ ဒိဋ္ဌိ မောဟပဲ **'အာသဝေါ ဖြစ်ကြောင်း'**လို့ ဆိုလို့ရှိရင် အဲဒါမကောင်းတတ်လို့ အယောင်ဆောင်လို့၊ **'လောဘ ဒိဋ္ဌိ မောဟ'** အယောင်ဆောင်။ **'ဣမေ-** ဤလောဘ ဒိဋ္ဌိ မောဟ အယောင်ဆောင်တို့သည်**'**၊ အဲဒီ **'အယောင်ဆောင်'** ဆိုတာ လူ၊ ယောက်ျား၊ မိန်းမ၊ အဲဒါ အာသဝေါကဖြစ်လာတဲ့ **'အယောင်ဆောင်ကောင်တွေ'**၊ အဲဒါကို

www.burmeseclassic.com

www.burmeseclassic.com



**'အနိစ္စကောင် ဒုက္ခကောင်'** ဆိုစမ်း (အနိစ္စကောင် ဒုက္ခကောင်)၊ အဲဒါက **'လူ'**လို့ မဖြစ်ဘူးလား၊ တကယ့်လူကြီးဆိုပြီး ခေါင်းပေါင်း စကြီး၊ တောင်ရှည် ပုဆိုးကြီးနဲ့ မသွားဘူးလား။ အဲဒါ **'အာသဝေါအယောင်ဆောင်လူကောင်'၊ 'အာသဝေါ အယောင်ဆောင်မိန်းမကောင်'၊ 'အာသဝေါအယောင်ဆောင် ယောက်ျားကောင်'**။

အဲဒါ **'အာသဝေါ'** ကုန်အောင်လုပ်ပေးတာ၊ သနပ်ခါးတွေ ဘာတွေနဲ့ တကယ့် မိန်းမကြီးမှတ်နေတာ၊ တကယ့်မိန်းမကြီး မဟုတ်ဘူး၊ **'ပညာရှိ'** မြင်တဲ့ အမြင်ပြောတာပါ၊ ယောက်ျားကတော့ တကယ့်မိန်းမကြီးမြင်ပြီး ရာဂစိတ်၊ ဒေါသစိတ် ဖြစ်မှာပေ့ါ။ **'ပညာရှိ'** က မိန်းမတွေကို အာသဝေါအယောင်ဆောင်၊ မိန်းမအယောင်ဆောင်၊ ဘာကြောင့် မိန်းမအယောင်ဆောင်လဲ၊ လူက အရိုးတွေ၊ အသားတွေ၊ အူတွေ၊ အစာသစ်၊ အစာဟောင်းတွေ မဟုတ်ဘူးလား၊ သုံးဆယ့်နှစ်ကောဋ္ဌာသလုပ်တော့၊ **'အာသဝေါ'** အယောင်ဆောင်လား၊ မိန်းမအယောင်ဆောင်လား၊ အဲဒါကို မိန်းမတွေလို့ထင်တော့၊ လူအ လား၊ လူပါးလား၊ အဲလို တရားကိုထင်အောင် ပြောရတယ်၊ ယောက်ျားအ လား၊ မိန်းမအ လား။

မြတ်စွာဘုရားကျ အဲသလိုလုပ်ပေးတာ၊ နန်းတော်က ထွက်လာပြီး အဲသလိုလုပ်ပေးတာ၊ မင်းတို့က လူပါးကြီးတွေ မလုပ်ဘူးလား၊ **'ငါ'**က တော်တယ်၊ **'ငါ'** က တတ်တယ်၊ စင်စစ် **'အာသဝအယောင်ဆောင်'**၊ အာသဝက ဘာတုံး၊ **'အာသဝ'** က **'လောဘ ဒိဋ္ဌိ မောဟ' 'အာသဝ အယောင်ဆောင်'** ကဘာတုံး၊ **'အာသဝ အယောင်ဆောင်'** က လူတွေ၊ ယောက်ျားတွေ၊ မိန်းမတွေ အဲဒါကြောင့်ညနေကျ အရက်သောက်တယ်၊ အိမ်နီးချင်းတွေ ဆဲချင် ဆဲတယ်။ အဲလို လုပ်တတ်တာပေ့ါ၊ အဲဒါ **'အာသဝေါ အယောင်ဆောင်'** ခေါ်တယ်၊ မိန်းမတွေ ယောက်ျားတွေလို့ မထင်နဲ့။

**အာသဝေါ ကမ္မဋ္ဌာန်းတရား**

သိတာက **'နာမ်'**၊ ထိုင်တာက **'ရုပ်'**၊ ကဲ မိန်းမ ယောက်ျားဟုတ်သေးသလား၊ အဲဒီ မဟုတ်တာကိုဘဲ အဟုတ်မလုပ်ဘူးလား၊ အဟုတ်လုပ်တာကို **'အယောင်ဆောင်'** မှန်းသိတော့ အဲဒီ **'အာသဝေါ'** ရှိသေးလား (မရှိတော့ပါဘူးဘုရား)၊ အဲဒါ ပထမတန်းဖြစ်သွားတဲ့ဟာ အဲလိုမှတ်၊ ရောင်းတာဝယ်တာကို အသိနဲ့ ရောင်းတာဝယ်တာ မကောင်းဘူးလား၊ အဲဒါ ပထမတန်းဖြစ်တယ်၊ အဲဒါကြောင့် **'အာသဝေါ ကမ္မဋ္ဌာန်းတရား'** ခေါ်တယ်၊ သတိသမ္ပဇဉ် လေးနဲ့ပဲ မဟုတ်ဘူး၊ ဟုတ်တယ် လုပ်လိုက်ရတာ၊ မင်းတို့ကတော့ တစ်နှစ်လုပ်လို့မပြီး၊ နှစ်နှစ်လုပ်လို့ မပြီး၊ အခု တစ်ထိုင်တည်းနဲ့ လူမဟုတ်၊ ယောက်ျားမဟုတ်၊ မိန်းမမဟုတ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲလိုလေးသိတာနဲ့ ဟန်သွားတာ။ **'ဣမေ အာသဝါ'၊ 'ဣမေ-** ဤလောဘ ဒိဋ္ဌိမောဟတို့သည်၊ **အာသဝါ-** အာသဝေါ တရားတို့မည်ကုန်၏**'**။ လောဘ၊ ဒိဋ္ဌိ၊ မောဟဆိုရင်လည်း လူတွေ၊ မိန်းမတွေ၊ ယောကျ်ားတွေ ခေါ်တာပဲ၊ လူတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေဟာ အာသဝေါ တရားတို့၏ **'အယောင်ဆောင်'**၊ တကယ့် အာသဝေါတရားကြီးက အာသဝေါတရား အယောင်ဆောင်ပြီး လူတွေ၊ ယောကျ်ားတွေ၊ မိန်းမတွေဖြစ်သွားတယ်၊ **'မောဟ'** က လူဖြစ်တယ်ကွာ၊ **'ဒိဋ္ဌိ'** ဖြစ်သွားတယ်၊ လူက ဒိဋ္ဌိလေကွာ၊ **'အတ္တဝါဒုပါဒါန်'** နဲ့မရှိဘူးလား၊ **'အတ္တဒိဋ္ဌိတွေ'** ဘာတွေနဲ့ **'လူ'** ဆိုဒိဋ္ဌိပေါ့။

**အယောင်ဆောင်မှန်းသိရင် အာသဝချုပ်ကြောင်းဖြစ်သွားတယ်**

**'လူ'** ဖြစ်တော့ လောဘဖြစ် အရက်မသောက်ချင်ဘူးလား၊ တချို့ဝီစကီလေးနဲ့ ၅ထောင်၊ ၇ထောင်၊ ၄ သောင်း၊ ၅ သောင်းနဲ့ **'အာသဝေါတရား'** လိမ်လို့ လိမ်မှန်းမသိဘူး၊ အဲဒါလူတွေ ပေးလိုက်လို့ရှိရင် ဘယ်လောက်ကျေးဇူးတင်မလဲ သူက တစ်ပုလင်းကို သူ့ရုံးပေးလိုက်တယ်၊ ယောကျ်ား၊ မိန်းမကို **'အာသဝေါတရား အယောင်ဆောင်'** ခေါ်တယ်။

**'အာသဝေါတရား အယောင်ဆောင်'** ဆိုတာ **'အာသဝေါတရားဖြစ်ခြင်းရဲ့ အကြောင်း'**၊ မျက်စိတွေ၊ နှာခေါင်းတွေက **'အာသဝေါတရား'** ကိုအားပေးတယ်၊ သူတို့လည်း **'အာသဝေါ တရား အယောင်ဆောင်'** ပါပဲ၊ **'အာသဝေါတရား အယောင်ဆောင်'** မရှိရင် **'အာသဝေါတရား'** ရှိနိုင်သေးသလား (မရှိတော့ပါဘုရား)။ စိတ်ထဲမှာ မိန်းမတွေ၊ ယောကျ်ားတွေမရှိဘူး၊ မိန်းမတွေ၊ ယောကျ်ားတွေက **'အာသဝေါ အယောင်ဆောင်'** လို့ စိတ်ထဲမှာ ယောကျ်ားတွေ၊ မိန်းမတွေ မရှိရင် ဒီ **'အာသဝေါ'** က စိတ်ထဲ ရှိနိုင်သေးသလား (မရှိနိုင်ပါဘူးဘုရား)။

**'ဤဟာ အာသဝေါချုပ်ကြောင်း'**၊ **'အယောင်ဆောင်'** မှန်းသိရင် **'အာသဝချုပ်ကြောင်း'** ဖြစ်သွားတယ်။ **'အယောင်ဆောင်'** မှန်းသိပြီလား၊ ဆွေတွေမျိုးတွေရော၊ ယောက္ခမတွေရော အဲဒါ **'အယောင်ဆောင်တွေ'**ပဲ၊ မင်းတို့က တကယ်မှတ်တာကွ၊ **'အာသဝအယောင်ဆောင် လူကောင် နတ်ကောင်'**၊ **'အာသဝအယောင်ဆောင်'** မှန်းသိရင် **'သမ္မာဒိဋ္ဌိ'**၊ **'သမ္မာသက်ပ္ပ'** က အခုမှ ဖြစ်တာ၊ **'အာသဝ အယောင်ဆောင်'** မှန်းသိရင် **'သမ္မာဒိဋ္ဌိ၊ သမ္မာသက်ပ္ပ'** ဖြစ်ရင် နောင် ဒီ **'အာသဝ'** ဖြစ်အုံးမလား (မဖြစ်တော့ပါဘုရား)။ ကဲ --- တော်ကြအုံးစို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



## "အထူးထူးအမျိုးမျိုးဖြစ်သော အခြင်းအရာတရားတော်"

၁၄. ၉. ၂၀၀၇

### နာနာပဝတ္တိ အာကာရံ

**'နာနာပဝတ္တိ အာကာရံ'**တဲ့၊ **'နာနာ**-အထူးထူးအမျိုးမျိုး၊ **ပဝတ္တိ**-ဖြစ်တဲ့၊ **အာကာရ**-အခြင်းအရာ'၊ အခု ထိုင်နေတာတွေရော၊ မီးလုပ်တာတွေရော ဘာတွေရောပေါ့၊ ကုထားထိုင်တွေရော၊ ခေါင်းတွေရော၊ ခြေတွေရော အဲဒါ **'နာနာ'** ခေါ်တယ်၊ **'နာနာ ပဝတ္တိ**-အထူးထူးအမျိုးမျိုးတွေဖြစ်နေတဲ့၊ **အာကာရ** - အခြင်းအရာ' ကိုခေါ်တယ်၊ **'ဖြစ်နေတဲ့ အခြင်းအရာတွေ'**။ **'နာနာပဝတ္တိ အာကာရံ'**၊ အဲဒါမျိုး ဘာမှန်းမသိဘဲ နေမစိုးလို့ ထိုင်တာတွေ၊ ဘာတွေ၊ လုပ်တာတွေ၊ ကိုင်တာတွေ က ဘာတွေတုံး ဆရာ့လို့ မေးလို့ရှိရင် **'နာနာပဝတ္တိအာကာရံ'**၊ ရှိခိုးတယ်၊ ဝပ်ချတယ်၊ ဘာလုပ်တယ်၊ စကားပြောတယ်၊ မျက်စိက ဟိုကြည့် ဒီကြည့် ကြည့်တယ်၊ လူကြီးတွေရော၊ ခေါင်းကြီးတွေရော၊ ခြေထောက်ကြီးတွေရော၊ ရင်ဘတ်ကြီးတွေရော အဲဒါတွေ အဲဒါတွေဘာတွေတုံး ဆရာ့ဆိုရင် **'နာနာပဝတ္တိ အာကာရံ'** ဘာတဲ့တုံး (နာနာပဝတ္တိ အာကာရံ)။

မျက်တောင်ကလေးတွေ ခတ်တယ်၊ မှိတ်တယ်၊ အဲ့ဒါက အဲ့လို **'အထူးထူးသော အခြင်းအရာတွေ'**ကို၊ **'ဖြစ်တဲ့ အခြင်းအရာတွေ'**ကို မသိလို့ရှိရင် ငါတို့၊ သူတို့၊ လူတို့၊ ခွေးတို့၊ ဝက်တို့ ဖြစ်သွားတယ် ဟုတ်ရဲ့လား၊ ငါတို့၊ သူတို့၊ လူတို့၊ ခွေးတို့၊ ဝက်တို့ အဲလိုဖြစ်တာဟာ **'နာနာပဝတ္တိ အာကာရံ'** ဘာတဲ့တုံး (နာနာပဝတ္တိ အာကာရံ)။

### မနုဿောဆိုတော့လူ ဖြစ်သွားတယ်

ဝက်တွေကလည်း တစ်မျိုး၊ ခွေးတွေကလည်း တစ်မျိုး၊ ကြောင်တွေရော မမြင်ဘူးလား၊ အဲဒါတွေ ကြောင်တွေရော၊ ခွေးတွေရော၊ ကျားတွေရော၊ မြွေကြီးတွေရော အဲဒါလောကကြီးမှာ ဖြစ်တာတွေက အကုန် အကုန် အကုန်။ ဒါကြောင့် မြတ်စွာဘုရားက **'သဗ္ဗညု'**လို့ခေါ်တာ၊ အဲ့လို သိအောင်လို့ အကုန် အကုန် **'သဗ္ဗ** -အားလုံးစုံ'၊ **'နာနာပဝတ္တိ အာကာရံ** - အထူးထူးအမျိုးမျိုးဖြစ်သော အခြင်းအရာ'၊ **'ဖြစ်နေတဲ့ အခြင်းအရာတွေ'**တဲ့၊ **'အထူးထူးဖြစ်တဲ့ အခြင်းအရာ'**၊ ငါ သူတွေ၊ ယောက်ျားတွေ မိန်းမတွေ အဲဒါတွေကို ခေါ်တာတွေ၊ **'ဝိဇ္ဇ မာနဿ**-ထင်ရှားရှိသော၊ **အတ္ထဿ-** အနက်၏'၊ **'အတ္ထဿ'** ဆိုတာ အနက်ပေါ့၊ **'အတ္ထပညတ်'** ခေါ်တယ်၊ အဲဒါ ဘာခေါ်တုံး (အတ္ထပညတ်)။

www.burmeseclassic.com

www.burmeseclassic.com



**'နာနာပဝတ္တိ အာကာရံ'**၊ မေ့မေ့နေမှာစိုးလို့ လူတွေ ဘာတွေကလို့၊ ဘာပြုလို့ဖြစ်တုံး ဆိုတော့ ယောကျ်ားဆိုတာ အရင်မဖြစ်သေးဘူး၊ ဟော **'မ'** တစ်လုံးတည်းနဲ့ လူလို့မဖြစ်သေးဘူး၊ **'မ'** ကတစ်ခု၊ **'န'** ကတစ်ခု၊ **'မန'**၊ မနပြီးတော့ **'ဥဿ'**၊ **'မနုဿ'** ကိုး။ **'မန'** ကတစ်ခု၊ **'ဥဿ'** ကတစ်ခု။ **'မနသိဇာနာတိ မနုဿော'**၊ ဟော - အဲဒါ သဒ္ဒါ၊ သဒ္ဒါခေါ် လေးတွေ၊ လူမဖြစ်သေးဘူး၊ အနက်က၊ **'သာသနံ** - အကြောင်းအကျိုးကို၊ **မနသိဇာနာသိ** - သိတတ်၏၊ **ကြတိတာသွာ** - ထို့ကြောင့်၊ **မနုဿော** - မနုဿမည်၏'။

**'မနုဿော'** ဆိုတော့ **'လူ'** ဖြစ်သွားတယ်၊ လေးလုံးပေါင်းမှ လူဖြစ်သွားတယ်၊ **'မ'** တစ်လုံး၊ **'န'** တစ်လုံး၊ **'ဥဿ်'** တစ်လုံး၊ **'သ'** တစ်လုံး၊ လေးလုံး၊ အဲ လေးလုံးပေါင်းမှ **'လူ'** ဖြစ်သွားတယ်၊ လေးလုံးမပေါင်းရင် **'လူ'** မဖြစ်သေးဘူး၊ **'လူ'** ဆိုတော့ စိတ်ထဲမှာ အကြံကြီး ဖြစ်မလာဘူးလား၊ **'လူ'** ဆိုတော့ ယောကျ်ားကြီး မိန်းမကြီးဆိုပြီးတော့ ရာဂတွေ ဘာတွေ ဖြစ်သွားတယ်၊ အဲဒါတွေက အဲ့သလိုကြောင့်ဖြစ်တယ်၊ မိန်းမကြီး၊ ယောကျ်ားကြီးနဲ့ဆိုတော့ အဲ့ဒါက သူ့မဖြစ်ခင်က **'အတ္ထ'**၊ အနက်မပေးရင် မိန်းမကြီးလို့ အနက်မပေးရသေးဘူး၊ ယောကျ်ားကြီးလို့လည်း အနက်မပေးရသေးဘူးဆိုလို့ရှိရင် ရာဂ၊ ဒေါသကမဖြစ်သေးဘူး၊ အဲ့လိုမှတ်ထား။

## ဒါမှ ဉာဏ်ပညာကြီးတဲ့ အထက်တန်းဉာဏ်ပေါ့

အဲဒါက **'ဝိဇ္ဇမာနဿ**- ထင်ရှားရှိသော၊ **အတ္ထဿ**- အနက်၏ (ဝါ) အတ္ထပညတ်၏၊ **နာနာပဝတ္တိ အာကာရံ**- အထူးထူးအမျိုးမျိုးဖြစ်သော အခြင်းအရာကို'၊ ဟော လှည့်ကြည့်တယ်၊ ငံ့တယ် အဲဒါတွေ၊ နှုတ်ဆက်တယ်၊ စကားပြောတယ် အဲဒါတွေ။ **'နာနာပဝတ္တိ အာကာရံ** - အထူးထူး အမျိုးမျိုးဖြစ်သော အခြင်းအရာကို၊ **ဥပါဒါယ** - စွဲ၍'၊ အဲ စွဲပြီ၊ သူလည်း **'ပဋိစ္စ သမုပ္ပါဒ်'**ပဲ၊ အဲဒီ **'ပဋိစ္စသမုပ္ပါဒ်'** က အပြောနည်းသေးတယ်၊ ငါတို့က အဲသလိုပြောတယ်၊ အဲဒီအခြင်းအရာကို **'အထူးထူးအမျိုးမျိုးဖြစ်သော အခြင်းအရာကို စွဲ၍'**တဲ့၊ အဲဒီ **'အခြင်းအရာ'**ကို မစွဲဘူးဆိုရင် ဘယ့်နှယ့်နေတုံး၊ အဲ့လို **'ပရမတ်'** ဖြစ်သွားတယ်၊ ပရမတ်နဲ့ပညတ်ဆိုတာ အဲ့သလို၊ **'ပရမတ္ထ'** ဆိုတာ သဘာဝ၊ အဲဒီဟာကိုက **'သဘာဝ'** က အဲ့ဒီလိုဖြစ်လာတာ၊ အဲသလိုဂရုစိုက်၊ အဲ့ဒါမှ ဉာဏ်ပညာကြီးတဲ့ **'အထက်တန်းဉာဏ်'**ပေါ့၊ မြတ်စွာဘုရားကလည်း **'ဉာဏ်'** ကိုး။

## ကိလေသာတွေက ဝမ်းထဲမှာ အစားထိုးနေတယ်

**'အမှားနဲ့အမှန် ဘုရားဆိုဉာဏ်'**၊ **'ဉာဏ်'** ရှိမှ ကိလေသာတွေက အရင်တုန်းက ကိလေသာတွေက ဝမ်းထဲမှာ အစား ထိုးနေတယ်ဟုတ်လား၊ ကုတင်ပေါ်မှာ ဒီပြဲဟာတွေက၊

www.burmeseclassic.com

www.burmeseclassic.com



သူရှိနေလို့ရှိရင် ဒီပြင်ဟာရှိလို့မရဘူး၊ အဲ့လိုအစားထိုးနေတယ်၊ **'လောဘ ဒေါသ မောဟတွေ'** က အစားထိုးနေတယ်၊ သူတို့ မရှိတဲ့ နေရာကျတော့ ဒီပြင်ဟာတွေ အဲဒီနေရာ ရောက်တယ်၊ သူတို့ နေရာရောက်နေလို့ရှိရင် ဒီပြင်ဟာတွေ မဝင်နိုင်ဘူး။ အဲ့လို **'လောဘ ဒေါသတွေ'**က အရင်ရှိနေတော့ ဒီပြင် **'ပညာတွေ'**က **'သမ္မာဒိဋ္ဌိ' - 'သမ္မာ သင်္ကပ္ပတွေ'** က မဝင်နိုင်ဘူး၊ ရေမျှော်တွေလိုပဲ၊ အဲလူတွေသန္တာန်မှာ ဝမ်းခေါင်းထဲမှာ၊ ဒါကြောင့် **'လူတွေ'**မရှိနဲ့လို့ပြောတာ၊ **'လူတွေ'**ဆိုတာ အဲဒီ **'အတ္ထပညတ်၏'**၊ အဲ့ဒါကို **'စိတ္တန**- စိတ်ဖြင့်၊ **သဝိဂ္ဂဟံ** - ကိုယ်ကြီးရှိတယ်'၊ **'ဝိဂ္ဂဟ'** က **'ကိုယ်'** ခေါ်တယ်၊ အဲဒီ **'ကိုယ်ကြီး'** ရှိတယ်ဆိုပြီး အဲ့ဒါတွေ ယူထားတယ်။

## ရှင်သာရိပုတ္တရာ ရှင်မဟာမောဂ္ဂလ္လာန်တို့ ဉာဏ်နဲ့ကြည့်ရင်ဘယ်နှယ့်မှ မရှိဘူး

**'သဝိဂ္ဂဟံ -** ကိုယ်ရှိသည်ကို၊ **ဂဟေတွာ -** ယူ၍**'**တဲ့၊ အဲဒါကြီးက ကိုယ်ကြီးရယ်၊ အလုံးအခဲကြီးရယ်၊ အလုံးအထည်ကြီးရယ်၊ မျက်ခွက်ကြီးရယ်၊ မျက်စိကြီးရယ်၊ မျက်ခုံးကြီးရယ်၊ အဲဒါတွေကို **'အလုံးအခဲ'**လို့ ခေါ်သွားတယ်၊ ယောကျ်ားတွေ၊ မိန်းမတွေရှိလာတော့ အဲဒီဟာကြီးကိုလည်း ယူထားတယ်။ **'သဝိဂ္ဂဟံ** - ကိုယ်ကြီးရှိသည်ကို၊ **ဂဟေတွာ** - ယူ၍'။

**'ကိုယ်ကြီး'** ရှိတယ်လို့လည်း ယူထားတယ်၊ ဟိုကလည်း **'အထူးထူးအမျိုးမျိုးဖြစ်သော အခြင်းအရာ'**ဖြင့် မိန်းကလေးတွေ၊ ပွဲတွေရော ကောင်မလေးတွေ၊ ရှိုးတွေပေါ့၊ သူတို့ပြတဲ့ဟာတွေကို ဒီကကြည့်တဲ့ သူက**'ဉာဏ်'**၊ ရှင်သာရိပုတ္တရာ၊ ရှင်မဟာမောဂ္ဂလ္လာန်တို့ **'ဉာဏ်'** နဲ့ကြည့်ရင် ဘယ်နဲ့မှမရှိဘူး ဟုတ်ရဲ့လား၊ **'ဉာဏ်'**နဲ့မကြည့်ဘဲနဲ့ **'လူ'** လို့ကြည့်ရင် ဘာဖြစ်တုံး (ရာဂတွေဖြစ်ပါတယ်ဘုရား)၊ ရာဂတွေဖြစ်တယ်။

**'ကိုယ်ကြီး'** ရှိတယ်လို့လည်းယူတယ်၊ ဒီ **'ကိုယ်ကြီး'** ရှိတယ်ဆိုတာ လက်ကြီးတွေရော၊ ခြေကြီးတွေရော၊ ခေါင်းကြီးတွေရော၊ ပေါင်ကြီးတွေရော တပ်ထားတာကို အဲဒါ **'ကိုယ်ကြီး'** လို့ခေါ်တယ်၊ အဲ့လိုလည်း ယူထားတော့ အဲဒါ **'စိတ်'** ကဖြစ်လာတာ၊ **'စိတ္တမယော'**တဲ့၊ **'စိတ်'** က အဲ့လိုဖြစ်လာတယ်၊ **'မနော'** ထဲတင် **'မနော'** ထဲတင်၊ **'စိတ်'** ကဖြစ်လာတယ်။

## ရှေ့က သွားရုံလေးနဲ့တော့ မင်းတို့က အနိစ္စ ဒုက္ခ မဖြစ်နဲ့

မိန်းမကြီးပုံ၊ ယောကျ်ားကြီးပုံ၊ နွားတွေ၊ ခွေးတွေမှာလည်း နွားမကြီးပုံ၊ ခွေးမကြီးပုံ၊ ခွေးထီးကြီးပုံ၊ ဆင်ကြီးပုံ၊ အဲဒါ **'နာနာပဝတ္တိ အာကာရံ'** - အထူးထူးအမျိုးမျိုးဖြစ်သော အခြင်းအရာကို၊ **ဥပါဒိယ** - စွဲ၍၊ **သဝိဂ္ဂဟံ** - ကိုယ်ရှိသည်ကို၊ **ဂဟေတွာ** - ယူ၍၊ **စိတ္တမယော**- စိတ်ဖြင့်ပြီးသော'၊ အဲ့ဒါ **'မနောစိတ်'** ခေါ်တယ်၊ အဲ့ဒီစိတ်က အဲ့ဒီလို ယူလိုက်တယ်တဲ့၊ အဲ့လို

www.burmeseclassic.com

www.burmeseclassic.com



မယူဘူးဆိုရင် ရာဂ၊ ဒေါသဖြစ်သေးလား (မဖြစ်တော့ပါဘူး)၊ အဲ့သလို အဲ့သလို **'ဉာဏ်'** နဲ့ **'ဉာဏ်'** နဲ့၊ အဲ့ဒါကြီးက **'အတ္ထပညတ်'**၊ **'သဒ္ဒပညတ်'**၊ သဒ္ဒဆိုတာ အသံ၊ သဒ္ဒဆိုတာ ဘာတုံး (အသံပါဘုရား)၊ **'အသံ'** လို့လည်း ခေါ်တယ်၊ **'သုတိ'** လို့လည်း ခေါ်တယ်။ **'ပု'** ဆိုတာ အက္ခရာတစ်လုံးတည်း၊ **'ပု'** ဆိုတာ အသံမထွက်ဖူးလား (ထွက်ပါတယ်ဘုရား)၊ **'ရိ'** ဆိုတာလည်း အသံမထွက်ဖူးလား၊ **'ပုရိသ'**၊ အဲ့ဒါ **'သဒ္ဒပညတ်'၊** စင်စစ် **'ပုရိသ'** ဆိုတာ **'ရဲရင့်တာ'**၊ **'ပုရေ ဂစ္ဆတီတိ ပုရိသော'** ဆိုတာ ဒကာမတွေရဲ့ရှေ့က သွားတတ်ကြသောကြောင့် သူတို့ **'ယောက်ျား'** လို့ခေါ်သတဲ့၊ အဲဒါ **'သဒ္ဒါ'** ဆိုတာ မင်းတို့က **'သဒ္ဒါ'** မလုပ်လို့။

**'ပုရေ**-ရှေ့က၊ **ဂစ္ဆတိ**- သွားတတ်၏'၊ မိန်းမတွေရှေ့သွားတတ်သောကြောင့် သူ့ကို **'ယောက်ျား'** လို့ခေါ်တယ်၊ အဲဒါ **'သဒ္ဒါ'** လောကကြီးဖြစ်တဲ့ဟာ ပြောတာပါ၊ လောကကြီးမှာ မဖြစ်ဖူးလား (ဖြစ်ပါတယ်ဘုရား)။ **'နာနာပဝတ္တိ အာကာရံ - အထူးထူး အမျိုးမျိုးဖြစ်သော အခြင်းအရာကို'**၊ အဲဒီ **'အခြင်းအရာ'** အတိုင်း မင်းတို့ယူကြတယ်၊ မယူဘူးလား (ယူပါတယ်ဘုရား)။ မိန်းမတွေ ရှေ့ကသွားလို့ **'ယောက်ျား'** ခေါ်တာ။ စင်စစ် **'မာတာပိတုနံ ဟဒယံ ပူရေတီတိ ပုရိသော'** ဆိုတာ အမိ အဖတို့၏ စိတ်နှလုံးကို ပြည့်ဖြိုးစေတတ်သောကြောင့် **'ပုရိသ'** ခေါ်တယ် ဆိုရင် တော်သေးတာပေ့ါကွ၊ မဟုတ်ဘူးလား၊ အဲဒါလည်း ရှေးက ဆရာတွေ ပညတ်ထားတာ၊ **'ယောက်ျားတွေ'** ဆိုတာ အမိ၊ အဖတို့ရဲ့ စိတ်နှလုံး 'အမေ မပူနဲ့၊ ကျုပ်ရှိသားပဲ၊ အေးအေးထိုင်စား'၊ အဲလိုပြောတတ်လို့ အဲ့ဒါကြောင့် **'ယောက်ျား'** မည်တယ်၊ ဟုတ်ရဲ့လား၊ အေး - အဲ့လိုကို ရှေ့ကသွားရုံလေးနဲ့တော့ မင်းတို့က အနိစ္စ၊ ဒုက္ခ မဖြစ်နဲ့၊ အဲဒါကြောင့် **'နာနာပဝတ္တိ အာကာရံ'** အဲဒါလေးတစ်လုံးတည်းဆိုထား၊ **'အထူးထူး အမျိုးမျိုးဖြစ်သော အခြင်းအရာကို'၊** အဲဒီ **'အခြင်းအရာ'** ကို **'ဥပါဒါယ**- စွဲတာ**'၊** အဲဒါက **'သဒ္ဒါစွဲ'** ဟုတ်ရဲ့လား။

## ဉာဏ်က ခြေခြေမြစ်မြစ်ကလေး ရှိရတယ်

**'ဝိဂ္ဂဟံ** - ကိုယ်ကြီးရှိသည်ကို၊ **ဂဟေတွာ** - ယူ၍'။ အဲဒါယောက်ျားတို့ ကိုယ်ကြီးရှိတယ်လို့ယူတာ လက်တွေ ခြေတွေ မပေါင်းဘဲနဲ့ ဘယ်နဲ့လုပ် ကိုယ်ရှိမတုံး၊ ပေါင်းတာကို **'သမူဟပညတ်'** ခေါ်တယ်၊ ဘာခေါ် (သမူဟပညတ် ခေါ်ပါတယ်)၊ ပေါင်းထားပြီးတော့ ဟိုလိုလုပ်လိုက် ဒီလိုလုပ်လိုက်ဆိုတော့ တစ်ခုတည်း မှတ်ထား၊ **'နာနာပဝတ္တိ အာကာရံ** - အထူးထူးဖြစ်သော အခြင်းအရာကို၊ **ဥပါဒါယ**-စွဲ၍၊ **သဝိဂ္ဂဟံ**- ကိုယ်ကြီးရှိသည်ကို၊ **ဂဟေတွာ** - ယူ၍'။

www.burmeseclassic.com

www.burmeseclassic.com



**'စိတ်'** ထဲမှာ **'ကိုယ်ကြီး'** ရှိတယ်လို့လည်း မယူနဲ့၊ **'ယူ'** ရင် **'စိတ်'** လို့မှတ်၊ **'မယူ'** မှ **'ပညာ'** ဖြစ်သွားတယ်၊ **'ထွက်လေ ဝင်လေ'** လေးပဲ၊ **'လေ'** လေးပဲဆို ယူသေးလား၊ **'ကိုယ်ကြီး'** မရှိဘူးလို့ယူမှ၊ ယူလို့ရှိရင် ခေါင်းကြီးရော၊ ခြေကြီးရော အဲ့ဒါ **'ပညတ်ကြီး'** ဖြစ်ပြီ၊ **'ထွက်လေ ဝင်လေ'** ကတော့ ယူပါရဲ့ ယောကျ်ားကြီး၊ မိန်းမကြီးက မပျောက်တော့ ရာဂတွေက ရောက်လာတယ်၊ အခုလိုပြောလိုက်တော့ ရာဂတွေ ရောက်သေးလား (မရောက်တော့ပါဘူး)၊ အေး အဲ့လို ဘာပြုလို့ မရောက်တုံးဆိုတော့ **'ဉာဏ်'** နဲ့ဆိုတော့ မရောက်ဘူးဟုတ်ရဲ့လား၊ **'ဉာဏ်'**က ခြေခြေမြစ်မြစ်ကလေး ရှိရတယ်။ အခြေခံက လာရတယ်။

## ကိုယ်ကြီးရှိတယ်လို့ မယူရဘူး

**'သဒ္ဒါသုတိ'** အသံကနေပြီး လာလိုက်တာ **'ပု'** ဆိုရင် ယောကျ်ားမဖြစ်သေးဘူး၊ **'ရိ'**ဆိုရင် ယောကျ်ားမဖြစ်သေးဘူး၊ **'သော'** ဆိုရင် ယောကျ်ားမဖြစ်သေးဘူး၊ **'ပုရိသော'** လို့ဆိုလိုက်တော့မှ အနက်က **'ယောကျ်ား'** ဖြစ်သွားတယ်၊ **'သဒ္ဒါ'** က ပုရိသော၊ **'အနက်'** က ဘာဖြစ်သွားတုံး (ယောကျ်ားဖြစ်သွားပါတယ်)၊ သဒ္ဒါကဘာတုံး (ပုရိသောပါဘုရား)၊ **'ပုရိသော'** တောင်မှ တစ်လုံးတစ်လုံးတည်းနဲ့မှ ဖြစ်သေးလား၊ မဖြစ်ဘူး၊ ပေါင်းလိုက်တော့မှ **'သဒ္ဒါ'** ဖြစ်သွားတယ်၊ **'ပုရိသော'**၊ **'ပု'** တစ်လုံးတည်းနဲ့ ယောကျ်ားဖြစ်သေးလား (မဖြစ်ပါဘူးဘုရား)၊ **'ယောကျ်ား'** ဆိုတာကအနက်၊ **'ယောကျ်ား'** ဆိုတာကဘာတုံး (အနက်ပါဘုရား)၊ **'ပုရိသော'** ဆိုတာဘာတုံး (သဒ္ဒါပါဘုရား)၊ သဒ္ဒါနဲ့အနက်၊ အဲဒီဟာတွေကို **'နာနာပဝတ္တိ အာကာရံ** - အထူးထူးဖြစ်သော အခြင်းအရာကို၊ **ဥပါဒိယ**-စွဲ၍၊ **သဝိဂ္ဂဟံ**- ကိုယ်ကြီးရှိသည်ကို၊ **ဂဟေတွာ** - ယူ၍'၊ အဲဒီ **'ကိုယ်ကြီး'** ရှိတယ်လို့ မယူရဘူး။

## စိတ်ဖန်ဆင်းတာ ဖြစ်သွားတယ်

**'ကိုယ်ကြီး'** ရှိတယ်ဆိုရင် **'သူ့ကိုယ်'**၊ **'ငါ့ကိုယ်'** နဲ့ မရှိဘူးလား၊ အဲဒီ **'ကိုယ်ကြီး'** အကြောင်းကို ပြောတာ၊ **'ကိုယ်ကြီး'** ရှိတယ်လို့ မယူမှ၊ ယူလိုက်လို့ရှိရင် **'ကိုယ်ကြီး'** လည်း ရှိသွားရော---

**'စိတ္တမယော** - စိတ်ဖြင့်ပြီးသော၊ **စိတ္တနိမ္မိတော** - စိတ်က ဖန်ဆင်းသော'၊ အဲဒါ **'စိတ်'** ဖန်ဆင်းတာဖြစ်သွားတယ်၊ တကယ့်လူ မဟုတ်တာကို မင်းတို့ **'စိတ်တွေ'** ရဲ့ အသိဖြစ်သွားတယ်၊ **'ဉာဏ်'** ရဲ့ အသိဟုတ်သေးလား (မဟုတ်ပါဘူးဘုရား)၊ အဲလို မှတ်ထား၊

www.burmeseclassic.com

www.burmeseclassic.com



**နာမ်ရုပ် မရောက်ဘဲနဲ့ ဘယ်နဲ့မှ တရားကမဖြစ်နိုင်ဘူး**

**အမှားနဲ့အမှန်၊ ဘုရားဆိုဉာဏ်၊ အမှားကို အမှန်မလုပ်နဲ့၊ တရားဆို နာမ်ရုပ်ကွဲ့၊ ဟန်မလုပ်နဲ့ ဟော့၊ ကံပြုတ်အောင် ကြိုးစားကြ။**

အဲ **'နာမ်ရုပ်'** ရောက်အောင် ပြောရတယ်၊ **'နာမ်ရုပ်'** မရောက်ဘဲနဲ့ ဘယ်နဲ့မှ တရားက မဖြစ်နိုင်ဘူး အဲလို ဂရုစိုက်၊ အခု ဈေးသွားတယ်၊ ပြောပြောပြမှလည်း သိတာကိုး၊ ဈေးရောင်းဝယ်တယ်၊ အဲလို လက်လှုပ်တယ်၊ မီးထွန်းတယ်၊ ဘာလုပ်တာတွေက **'နာနာပဝတ္တိ အာကာရံ သဝိဂ္ဂဟံ'**၊ အဲဒီနှစ်မျိုးရှိလို့ရှိရင် **'စိတ်'** ပေါ်လာတယ်၊ **'စိတ်'** ပေါ်လာတယ်ဆိုတာ ယောကျ်ားလား၊ မိန်းမလား (မဟုတ်ပါဘူး)၊ အဲဒီဟာကြောင့် **'စိတ်'** ပေါ်လာတယ်၊ ဟုတ်ရဲ့လား။

**စိတ်သိ ဝိညာဏ်သိ**

အဲဒါ**'စိတ်'** နဲ့ ဖန်ဆင်းလိုက်တာကို လောကကြီးတောင်မှ ဘုရားဖန်ဆင်းတယ်ဆိုတာ၊ **'စိတ်'** နဲ့ ဖန်ဆင်းလိုက်တယ်ဆို တော်သေးတယ်၊ ဟုတ်ရဲ့လား၊ **'စိတ္တမယော'၊ 'စိတ္တနိမ္မိတော'** **'စိတ်'** ကဖန်ဆင်းလိုက်တာ၊ ကိုယ့်ဟာကိုယ် တစ်ယောက်တည်းအိပ်နေတဲ့အခါကျ ကဲ အဖော်ရှာပြီးတော့၊ ကဲ - ရာဂ ဒေါသဖြစ်အောင် မဖန်ဆင်းဘူးလား၊ ဖန်ဆင်းသလား (ဖန်ဆင်းပါတယ်)၊ တစ်ယောက်တည်းရှိတဲ့သူကို ပြောပါတယ်၊ နှစ်ယောက်ရှိတဲ့သူကတော့ ဖန်ဆင်းစရာမလိုတော့ဘူး ဖန်ဆင်းပြီးသား၊ တစ်ယောက်တည်း အိပ်နေလို့ရှိရင် ဖန်ဆင်းစရာလိုတော့ **'စိတ္တနိမ္မိတော** - စိတ်က ဖန်ဆင်းသော၊ **စိတ္တ ပရိကပ္ပိတော** - စိတ်ဖြင့် ကြံဆအပ်သော၊ **စိတ္တ ပရိကပ္ပိတော နာမ** - စိတ်ဖြင့်ကြံစည်ခြင်းမည်သည်၊ စိတ်အသိမည်သည်၊ **ဟောတိ** - ဖြစ်၏**'**။

အဲဒါ **'စိတ်သိ၊ ဝိညာဏ်သိ'** ခေါ်တယ်၊ တရားမဟုတ်သေးဘူး၊ တရားပြောမလို့ အခြေခံလုပ်ထားတာ အဲဒါမျိုးကိုခေါ်တယ်၊ သို့မို့လို့ရှိရင် တရားတွေရောက်သွားပလားဆိုရင် တရားတွေရောက်သွားရင် ဘယ့်နှယ့်လုပ် ရာဂဖြစ်မလဲ၊ တရားမရောက်သေးလို့ ရာဂဖြစ်တာပေါ့၊ အဲဒါကြောင့် **'လူ'** ရှိနေသေးလို့ရှိရင် ရာဂဖြစ်တယ်၊ **'လူ'** မရှိမှ ရာဂ ဒေါသက မဖြစ်မှာ။

**စိတ်က ပေါ်ပြီးတော့ ကြံစည်လိုက်လို့ရှိရင်**

မိုးပေါ်မှာ ဆင်ရုပ်ကြီးတွေ၊ မြင်းရုပ်ကြီးတွေ၊ တိမ်တွေ မမြင်ဖူးလား၊ အဲဒီဟာ ဘယ်သူ့ဖြစ်တာတုံး၊ တိမ်တွေက ဖြစ်သွားတော့ အရုပ်ကြီးလို့ အောက်ကမထင်ဘူးလား (ထင်ရပါတယ်)၊ အဲဒီဆင်တွေ လေယာဉ်ပျံနဲ့တက်ကြည့်တော့ ရှိသေးလား (မရှိတော့ပါဘူး)၊ အဲဒီလို **'စိတ်'**နဲ့က

www.burmeseclassic.com

www.burmeseclassic.com



ကြံဆပြီးတော့ သိပြီးတော့ ရာဂဖြစ်တယ်၊ အဲ့လိုဟာတွေ မကြံတော့၊ အဲဒီ **'စိတ်'** နဲ့ ကြံတာဟာ **'သတ္တာဒိကော'**တဲ့ **'သတ္တပုဂ္ဂလ'** အစရှိတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေ အစရှိတာတွေဟာ **'စိတ္တပရိကပ္ပိတော**-စိတ်ဖြင့်ကြံဆအပ်သော'၊ **'စိတ္တ ပရိကပ္ပိတော နာမ** - စိတ်ဖြင့် ကြံစည်ခြင်းမည်သည်'၊ အဲဒီစိတ်နဲ့ သိတာ၊ **'ဝိညာဏ်'** နဲ့ သိတာခေါ်တယ်၊ **'ဝိညာဏ်သိ'** ခေါ်တယ်၊ အနိစ္စ ပါသေးလား (မပါပါဘူး)၊ မပါတော့ အဲလို **'ဝိပဿနာ'** မရောက်သေးဘူးတဲ့။ ဟုတ်ရဲ့လား။ ဝိပဿနာရောက်အောင် အဲ့ဒါ ဘာတုံး၊ အဲဒီ **'မနော'** ခေါ်တယ်၊ အဲဒါ **'မနော'**။

ဒီက ဓမ္မာနုပဿနာက **'မနဉ္စ ပဇာနာတိ၊ ဓမ္မေစ ပဇာနာတိ၊ ယဉ္စ တဒုဘယံ ပဋိစ္စ၊ ဥပ္ပဇ္ဇတိ သံယောဇနံ၊ တဉ္စ ပဇာနာတိ'**၊ **'မနဉ္စ ပဇာနာတိ'**၊ **'မနဉ္စ** - မနောကိုလည်း၊ **ပဇာနာတိ**-သိရမည်'၊ **'ဓမ္မေစ ပဇာနာတိ'**၊ **'ဓမ္မေစ** - ဓမ္မာရုံတို့ကိုလည်း၊ **ပဇာနာတိ** - သိရမည်'၊ **'ယဉ္စ တဒုဘယံ ပဋိစ္စ** - ထိုနှစ်ပါးစုံကိုစွဲ၍၊ **သံယောဇနံ -** သံယောဇဉ်သည်၊ **ဥပ္ပဇ္ဇတိ**-ဖြစ်၏၊ **တဉ္စ**-ထိုသံယောဇဉ်ကိုလည်း၊ **ပဇာနာတိ**-သိ၏'၊ **'သံယောဇဉ်'** ဘယ်ကပေါ်လာပြီဆိုတာ သိလား၊ **'စိတ်'**က ပေါ်ပြီးတော့ ကြံစည်လိုက်လို့ရှိရင် အဲဒါ **'သံယောဇဉ်'** ဖြစ်သွားတယ်၊ **'သံယောဇဉ်'** ဆိုတာ ဘယ်သူ့ကြောင့် ဖြစ်တုံး (စိတ်ကြောင့်ပါဘုရား)၊ **'စိတ်'** နဲ့ဖြစ်တာဟာ **'ဉာဏ်'** ဟုတ်သလား (မဟုတ်ပါဘူး)၊ **'ဉာဏ်'** မဟုတ်ဘူး၊ အခုတော့ **'ဉာဏ်'** ဖြစ်အောင်လို့။

**လောကစံဖြစ်သွားတယ်**

အဲ ရေခပ်တယ်၊ ထမင်းချက်တယ်၊ အဝတ်လျှော်တယ်၊ ဝေယျာဝစ္စ ကောင်းတော့တယ် တော်လိုက်တာ ချီးမွမ်းရော မဟုတ်ဘူးလား၊ တယ် တော်လိုက်တာလို့ မချီးမွမ်းဘူးလား (ချီးမွမ်းပါတယ်ဘုရား)၊ ချီးမွမ်းလိုက်တော့ ဘာဖြစ်သွားတုံး (လောကစံဖြစ်သွားတယ်)၊ **'ပသံသ'၊ 'ပသံသ'** က ဘာတုံး၊ ချီးမွမ်းတာ၊ ပျင်းနေတယ် အိပ်ယာကမထဘူးဆိုရင် မကဲ့ရဲ့ဘူးလား။ (ကဲ့ရဲ့ပါတယ်)၊ အဲ့ဒါဘာတုံး၊ **'လောကစံ'** ဖြစ်သွားတယ်။

**အထူးထူးအမျိုးမျိုးဖြစ်သော အခြင်းအရာ**

**'နာနာပဝတ္တိ အာကာရံ** - အထူးထူး အမျိုးမျိုးဖြစ်သော အခြင်းအရာကို၊ **ဥပါဒါယ** - စွဲ၍'၊ ပျင်းနေတဲ့ပုံနဲ့ ဝီရိယကောင်းတဲ့ပုံနဲ့ တူသလား (မတူပါဘူး)၊ အဲ တစ်မျိုးစီပဲ၊ မိန်းကလေး ပုံနဲ့ ယောက်ျားလေးပုံ တူရဲ့လား (မတူပါဘူး)၊ **'နာနာပဝတ္တိ အာကာရံ** - အထူးထူး အမျိုးမျိုး ဖြစ်သော အခြင်းအရာကို၊ **ဥပါဒါယ** - စွဲ၍၊ **သဝိဂ္ဂဟံ** - ကိုယ်ကြီးရှိသည်ဟူ၍၊ **ဂယှောပဂ္ဂ** - ယူ၍ (ဝါ) ယူသည်ရှိသော်၊ **စိတ္တမယော**- စိတ်ဖြင့်ပြီးသော၊ **စိတ္တနိမ္မိတော** - စိတ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဖန်ဆင်းအပ်သော၊ **သတ္တော၊ ပုဂ္ဂလော -** သတ္တဝါ၊ ပုဂ္ဂလဟူသော အနက်သည်၊ **ပရိကပ္ပိတ သိဒ္ဓေါနာမ** -စိတ်ဖြင့် ကြံစည်၍ပြီးသော၊ **အတ္တော နာမ** - သဘောမည်၏၊ **'အတ္တော'** အနက်အဓိပ္ပာယ်ဖြစ်သွားတယ်။ အဲ့လို အနက်အဓိပ္ပာယ်ပြုလိုက်တော့။ လူတွေ ယောကျ်ားတွေဆီကို အဲ့သလိုပဲနေမယ်ဆိုရင် တစ်ကမ္ဘာလုံး အဲ့လိုအတိုင်းပဲ နေမှာပေါ့ မဟုတ်ဘူးလား။ ဩော် **'အထူးထူး အမျိုးမျိုးဖြစ်တဲ့ အခြင်းအရာ'**၊ စစ်တိုက်တယ်ဆိုတာလည်း ဘာလုပ်တာတုံး၊ အထူးထူး အမျိုးမျိုးဖြစ်တာ၊ စစ်တိုက်တာဘာတုံး (အထူးထူးအမျိုးမျိုးဖြစ်တာ)၊ ကွဲရဲ့တာ ဘာတုံး အဲ့ဒါလည်း (အထူးထူးအမျိုးမျိုးဖြစ်တာ)၊ ထမင်းစားတာတွေ၊ ရေသောက်တာတွေ အဲလို **'အထူးထူး အမျိုးမျိုးဖြစ်တာ'**။

**တစ်ယောက်ကစ တစ်ရာဖြစ်သွားတာပေါ့**

သတ္တဝါတွေလို့ အဲ့လို စိတ်ထဲမှာ ယူထားတော့ **'စိတ္တနိမ္မိတော၊ စိတ္တပရိကပ္ပိတော'**၊ **'ပရိကပ္ပိတ သိဒ္ဓေါနာမ** - ကြံစည်ခြင်းဖြင့်ပြီးသည်မည်သည်၊ **ဟောတိ** - ဖြစ်၏'၊ အဲ့ဒီက မတက်ဘူးတဲ့၊ ဟုတ်ရဲ့လား၊ အဲ့ဒီကလွန်သွားမှ တစ်ခါတည်း **'ရုပ်နာမ်'** ရောက်သွားမယ်။ သိတာက **'နာမ်'**၊ ထိုင်တာက **'ရုပ်'**၊ အဲဒီထိုင်တာက **'ရုပ်တွေ'**ကိုလည်း **'နာနာပဝတ္တိ အာကာရံ-** အထူးထူးအမျိုးမျိုးဖြစ်သော အခြင်းအရာကို**'** အခုထိုင်နေတယ်၊ တော်ကြာထပြန်ပြီ၊ တော်ကြာသွားပြန်ပြီ၊ ရေသောက်ပြန်ပြီ၊ အဲ့ဒီ **'အထူးထူးအမျိုးမျိုးဖြစ်တဲ့ အခြင်းအရာတွေ'** ကို မှတ်ထား၊ မှတ်လိုက်လို့ရှိရင် **'ရုပ်'** ဖြစ်သွားပြီ၊ ဩော် အထူးထူးအမျိုးမျိုးဖြစ်တာတွေက **'ရုပ်နှင့်စိတ်'** ပါပဲကလား၊ **'နာမ်နှင့်ရုပ်'** ပါကလား၊ သိတာက **'နာမ်'** ၊ ထိုင်တာက **'ရုပ်'**၊ **'နာမ်ရုပ်'**၊ အဲဒီ **'နာမ်ရုပ်'** ရှိလို့ရှိရင် မျက်စိတွေ နားတွေရှိတယ်၊ **'နာမ်ရုပ်'** ကလည်း **'အထူးထူးအမျိုးမျိုး ဖြစ်တာ'**၊ မဟုတ်ဘူးလား (မှန်ပါ့ဘုရား)။

**'ကိုယ်ကြီး'** ရှိတယ်လို့လည်း မယူနဲ့၊ **'ဖြစ်ပြီးပျက်တယ်'**လို့ ယူလိုက်လို့ရှိရင် အဲဒါ ဟန်သေးတယ်၊ သို့မဟုတ်လို့ရှိရင် ရာဂဒေါသတွေကဖြစ်နေမှာ၊ ရာဂ ဒေါသတွေ မဖြစ်မှ အဲ **'ဉာဏ်'** က အဲသလိုရောက်အောင် သူတကာ့ပြောပြရတယ်၊ တစ်ယောက်ကစ တစ်ရာဖြစ်သွားတာပေါ့၊ တစ်ယောက်ကစ တစ်ရာဖြစ်အောင် အဲသလို ပြောပြ၊ မင်းတို့ **'နာနာပဝတ္တိ အာကာရံ'** ဆိုတာ မသိဘူး။ သိအောင်လုပ်ဆို ဟောသလို အဲ့သလို တရားလေးနဲ့ စာပေလေးနဲ့ စာရွက် ကလေးနဲ့ ရိုက်ရိုက်ပြီး **'နာနာပဝတ္တိ အာကာရံလေး'**အကြောင်း လောကကြီးကို ဖွင့်ပြလိုက်လို့ရှိရင် အဲဒါ **'လောကဝိဝရဏ တန်ခိုး'** ဆိုတာ အဲ့သလိုဟာမျိုး၊ လောကကြီး မသိတာတွေကို သိအောင် လုပ်ပေးတယ်ဆိုတဲ့ **'ဉာဏ်'** ဟာ တော်တော့ဉာဏ်မဟုတ်ဘူး၊ လောကကြီးကို ကျော်သွား

www.burmeseclassic.com

www.burmeseclassic.com



အောင်လို့ **'လောကုတ္တရာ'** ဖြစ်အောင်လို့ လုပ်တဲ့အလုပ်ကို အဲ့လိုမှတ်၊ ခုလုပ်တဲ့ အလုပ်က တစ်ယောက်ကစပြီး အဲ့လိုပြောလိုက်တော့ တစ်ရာ ဖြစ်သွားတယ်၊ အဲ့ဒါ **'လောကုတ္တရာ'** အလုပ်၊ ဘာအလုပ်တုံး (လောကုတ္တရာ အလုပ်ပါဘုရား)၊ **'လောကုတ္တရာ'** အလုပ်က။

**'နာနာပဝတ္တိ အာကာရံ** - အထူးထူး အမျိုးမျိုးဖြစ်သော အခြင်းအရာကို'၊ **'အထူးထူး အမျိုးမျိုးဖြစ်တဲ့ အခြင်းအရာတွေ'** ရှိသေးလား၊ မရှိတော့ဘူး၊ ချုပ်တဲ့ဟာပဲ မဖြစ်တဲ့ဟာပဲ ဖြစ်သွားမယ်၊ **'လောကုတ္တရာ'** ဆိုတာ ဟုတ်ရဲ့လား၊ အဲ့လို ဉာဏ်၊ ဉာဏ်၊ ဉာဏ်၊ အဲ့လို**'ဉာဏ်'** က အဲ့လို လုပ်ရတယ်၊ ဒါကြောင့် စာရေးတွေ မပျင်းနဲ့၊ စာရွက်ကလေးတွေ လူတစ်ယောက် လူတစ်ယောက် သိအောင်လုပ်၊ **'နာနာပဝတ္တိ အာကာရံ'** တို့ မွေးထဲကိုက မသိခဲ့တာကိုး၊ ဆရာတွေကလည်း ဒီလိုစုံစုံလင်လင်က သင်မပေးပဲကိုး၊ ဘာကိုးနဲ့ဟော ကိုယ့်ဟာ ကိုယ် ဆရာကြီးဖြစ်သွားတယ်လို့ အဲ့လိုမှတ်၊ အဲ့ဒါမှ တော်တယ်၊ အဲ့ဒါ။

**'သတ္တာ ပုဂ္ဂလာဒိကော** - သတ္တဝါ ပုဂ္ဂိုလ်အစရှိသည်တည်း၊ **ပရိကပ္ပိတ သိဒ္ဓေါနာမ**- ကြံစည်ခြင်းဖြင့် ပြီးသည်မည်၏'၊ **'စိတ်'** က ကြံစည်တာ၊ **'စိတ်'** က ကြံရင် ကြံတယ်လို့ဆို၊ **'ဖြစ်ပျက်'** လို့ပြောမှ အဲ့ဒါမှ **'လောကုတ္တရာ'** ဖြစ်သွားတယ်၊ အဲ့လိုသိမှ သို့မို့မသိဘဲနဲ့ဆို ပြန်ပေါ် လာတယ်၊ ဩော် **'နာနာပဝတ္တိ အာကာရံ'** ဆိုတာ **'အတ္တပညတ်'** က လာတာပဲလို့ **'သဒ္ဒပညတ်'** က လာတာပဲလို့ ဒီလိုမသိလို့ရှိရင် အဲ့ဒါကြီးနဲ့ပဲ နေမယ်ဆိုလို့ရှိရင် တစ်ခါတည်း ဟို ဥပမာ အနေနဲ့ တွေးတတ်ပါတယ်။

ခွေးတွေလည်ပင်းကြိုးကြီးတတ်ပြီးတော့ ဘယ်လိုကြိုးကြီးနဲ့ ဆွဲသွားပြီး တိုင်ချည်တယ်၊ ဒီလို လှည့်နေတယ်၊ လှည့်နေတာ မလှည့်ချင်ဘဲနဲ့ ဘာလို့လှည့်တုံးဆိုတော့ အဲ့လို **'နာနာပဝတ္တိ အာကာရံ'** မရှိလို့ရှိရင် အဲ့ဒါ လှည့်စရာ မလိုတော့ဘူး၊ ကြိုးမှမရှိဘဲ၊ ဘာမရှိတုံး (ကြိုးမှမရှိဘဲ)၊ ကြိုးမှမရှိဘဲ အဲဒီခွေးချည်လို့ဖြစ်သေးလား (မဖြစ်တော့ပါဘူး)၊ လည်ပတ်ကြိုးရော ရှိသေးလား (မရှိတော့ပါဘူး)၊ အဲ့လိုမရှိအောင် အရင်လုပ်ရတယ်၊ ရှိတာတွေက နောက်မှလုပ်ရတယ်၊ ရှိလို့ လည်လည်းသွား၊ လည်တာကြီး ဘယ်လိုဖြုတ်မတုံး ဆရာ့ပြောမှဖြင့် အဖြုတ်က တော်တော် ခက်တယ်။ အခုတော့ အဲ့ဒီ **'နာနာပဝတ္တိ အာကာရံလေး'** မရှိလိုက်လို့ရှိရင် ဖြုတ်ပြီးသားကြီး ဖြစ်သွားတယ်တဲ့၊ အဲ့လိုမှတ်၊ ကဲ တော်ကြဦးစို့။

သာဓု ... သာဓု ... သာဓု

www.burmeseclassic.com

www.burmeseclassic.com



# “ အရိပ်နိမိတ် တရားတော် ”

၁၅. ၉. ၂၀၀၇

## အတ္တဇ္ဈာယာလို့ ခေါ်တယ်

တရားနာမည်လေးတွေက အစကလေး ဘာလေးတွေ ထည့်ရတယ်၊ အခု **‘မျက်စိ’** ထဲမှာ ဒီလို အလင်းထိုးတယ်၊ **‘မျက်စိ’** က အလင်းမပါဘဲနဲ့မရဘူး၊ **‘မျက်စိ’** ထဲမှာ အလင်းထိုးအောင် နေတွေ ဘာတွေကြည့်တယ် **‘မျက်စိ’** မှာ အလင်းလိုတယ်၊ **‘အလင်း’** ထိုးမှ အရိပ်ဝင်တယ်၊ **‘မျက်စိ’**ထဲမှာ အရိပ်ပဲရှိတယ်၊ ဒကာမကြီးတို့ **‘မျက်စိ’**ထဲမှာ တကယ့်လူကြီးမရှိဘူး၊ ယောကျ်ားကြီး လည်းမရှိဘူး။ မိန်းမကြီးလည်း မရှိဘူး၊ အဲ့ဒါကို **‘ အတ္တဇ္ဈာယာ’** လို့ခေါ်တယ်။

**‘အတ္တ’** က အနက်၊ **‘ဆာယာ’** က အရိပ်၊ **‘အတ္တပညတ်’** ရဲ့ အရိပ်ခေါ်တယ်၊ **‘မျက်စိ’** ထဲမှာ တကယ့်လူကြီး၊ တကယ့်ယောကျ်ားကြီး၊ တကယ့်မိန်းမကြီး အဲ့လိုထင်လို့ ချစ်တာတွေ၊ မုန်းတာတွေ၊ ခင်တာတွေဖြစ်တာ၊ **‘မျက်စိ’** ထဲမှာ အရိပ်ပဲဝင်တယ် ဟုတ်ရဲ့လား၊ **‘အတ္တဇ္ဈာယာ’** ခေါ်တယ်၊ ဘာခေါ်တုံး (အတ္တစ္ဆာယာပါဘုရား)။

## အရိပ်နိမိတ်မရှိတဲ့ တရားဆိုတာ နိဗ္ဗာန်တရားခေါ်တယ်

**‘အတ္တ’** က အရိပ်၊ **‘အရိပ်နိမိတ်’** ၊ **‘အရိပ်’**ရယ်၊ **‘နိမိတ်’**ရယ်၊ **‘အာရုံ’**ရယ် အတူတူပဲ၊ အဲ့ဒီ **‘အရိပ်နိမိတ်’** မရှိရဘူးတဲ့၊ ဟို ရှင်ရာဟုလာကို ဟောတော့၊ **‘အနိမိတ္တဉ္စ ဘာဝေဟိ’** အဲလို မျက်စိထဲမှာ အရိပ်နိမိတ် မထင်အောင်ပွားတဲ့၊ အဲ့လိုပြောတယ်၊ ဒါ့ကြောင့် အခုဟာက **‘အရိပ်နိမိတ်တရား’** ပေါ့၊ **‘အရိပ်နိမိတ်’** အဲ့လို တရားရဲ့ နာမည် အလုံးလေးတွေပေးချင်လို့ရှိရင် ရှေ့ကဟာလေးပေး၊ **‘အရိပ်နိမိတ်တရား’**တဲ့၊ **‘အရိပ်နိမိတ်မရှိတဲ့တရား’**ဆိုတာ နိဗ္ဗာန်တရား ခေါ်တယ်၊ **‘အရိပ်နိမိတ်မရှိတဲ့တရား’** ကို ဘာခေါ်တုံး (နိဗ္ဗာန်တရားပါဘုရား)။

## စိတ်ထဲထင်လို့ ပါးစပ်က ပြောတာ

**‘အရိပ်နိမိတ်’** မရှိအောင် အခုဟာက **‘အရိပ်တွေ’** ဝင်တယ်၊ **‘မျက်စိ’** ထဲမှာ ဘာဝင်တုံး (အရိပ်တွေဝင်ပါတယ်ဘုရား)၊ **‘အရိပ်’** ဝင်တာ၊ **‘လူ’** ဝင်တာမဟုတ်ဘူး၊ ယောကျ်ားဝင်တာ မဟုတ်ဘူး၊ မိန်းမဝင်တာ မဟုတ်ဘူး၊ ခေါင်းထဲမှာလည်း **‘အရိပ်’**ပဲ ဝင်တယ်၊ **‘အရိပ်မြင်’** အဲ့ဒါကို **‘စိတ်’** ထင်လို့ ပါးစပ်က ပြောတာ၊ မျက်စိထဲမှာ **‘အရိပ်’** ဝင်တာ ဟုတ်တယ်မို့လား၊ အဲ့ဒါကို **‘စိတ်’** ထဲက၊ **‘စိတ်’** ဆိုတာ မနော၊ **‘လူ’** ထင်ပြီး ပါးစပ်ကပြောတာ။

www.burmeseclassic.com

www.burmeseclassic.com



## 'အနိမိတ္တ' ဆိုတာ နိဗ္ဗာန်ခေါ်တယ်

**'မျက်စိကတော့ အရိပ်မြင်'**၊ **'အရိပ်'** ဆိုတာ **'အတ္တစ္ဆာယာ'** ခေါ်တယ်၊ **'ဆာယာ'** က အရိပ်ခေါ်တယ်၊ **'အရိပ်'** တို့၊ **'နိမိတ်'** တို့၊ **'အာရုံ'** တို့သေချာဂရုစိုက်၊ အဲ့ဒါက အရေးကြီးတယ်၊ အဲဒါမရှိရင် **'အနိမိတ္တ'** ဆိုတာ နိဗ္ဗာန်ခေါ်တယ်၊ **'မျက်စိ'** ကလည်း နိမိတ်မြင်၊ အာရုံကိုမြင်တယ်ဆိုတာ **'ဆာယာ'** အရိပ်ပဲ၊ **'အရိပ်'**ဆိုတာက တစ်ခါတည်း မျက်စိမှာ အလယ်က ဟိုမျက်စိကလေးထဲမှာ **'မျက်နက်ဝန်းလေး'**ထဲမှာ မီးခြစ်ဆံခေါင်းလောက်ကလေး ငယ်တာလေး၊ အဲ့ဒါလေးက အဲဒီ မျက်စိထဲမှာ စောက်ထိုးလေးထင်တယ်၊ မျက်စိထဲမှာ၊ ဝမ်းထဲ ရောက်တော့မှ ဦးနှောက် နောက်မှာ **'အရိပ်ထင်မှောင်ခန်း'**ဆိုတာရှိတယ်၊ အဲ့ဒီကျမှ **'လူလို့ ထင်တယ်'**၊ **'အရိပ်'** မြင်တာ၊

## မြင်စိတ်ကို ဉာဏ်က အုပ်ဖို့လိုတယ်

**'မျက်စိကတော့ အရိပ်မြင် လူလို့ထင်၍ ပါးစပ်ပြော'**၊ စကားဖြစ်လာတာ အဲ့ဒါက ဖြစ်လာတာပဲ၊ ဒီလိုအကြောင်းအကျိုးတွေကို သိရတယ်။ **'မျက်စိကတော့ အရိပ်မြင်'**၊ အရိပ်လို့ မြင်၊ တကယ့်လူလို သေပြီဆိုရင်လည်း အရိပ်သာမြင်၊ **'စိတ်'**ထဲတော့ မထင်နဲ့၊ **'စိတ်'**ထဲထင်တော့ မနောရောက်သွားတယ်၊ အဲဒီမှာ **'စိတ်'**ထဲကတော့ မျက်စိရှိတော့လည်း အရိပ်ထိုးတော့ မြင်တော့မြင်မှာပါပဲ၊ မြင်ပေမယ့် အဲ့ဒီ**'စိတ်'**ကို **'ဉာဏ်'** ကအုပ်ဖို့လိုတယ်။ မဟုတ်ဘူးလား၊ **'အနိမိတ္တ'** ဆိုတာက နိမိတ်မရှိမှ နိဗ္ဗာန်ရောက်မှာ။

**'အနိမိတ္တ'** ဆိုတာ ဘာတုံး (နိမိတ်မရှိမှ နိဗ္ဗာန်ရောက်မှာပါဘုရား)၊ အဲဒီနားမှာ **'ဉာဏ်'** ကလေးပဲလိုတယ်၊ ရှေးတုန်းက ဘုရားဟောတော့ **'ဉာဏ်'**၊ အခုလည်း **'ဉာဏ်'** ပဲလိုတယ်။

## အရိပ်မြင်တရားလို့ အနက်ပေးရင်လည်းဖြစ်တယ်

မျက်စိကမြင်တော့ **'မျက်စိကတော့ အရိပ်မြင်'**၊ အဲဒါ **'အရိပ်မြင်တရား'** လို့ အနက်ပေးရင်လည်းဖြစ်တယ်၊ ဟုတ်ရဲ့လား၊ အဲ့လို အစလေး ဟာလေးကို ပေးရတယ်(တင်ပါ့ဘုရား)၊ အဲ နာမည်လည်း ပေးတတ်အောင်လို့၊ **'အရိပ်'**မမြင်ဘူး လို့ ဆိုလိုက်ရင် နိဗ္ဗာန်ရောက်တယ်၊ **'အရိပ်'** မမြင်ရင် ဘာဖြစ်တုံး (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)၊ **'မျက်စိ'** က အရိပ်မမြင်ဘူးတဲ့၊ ခေါင်းထဲမှာ ဘာမှမထင်ဘူးတဲ့၊ ကဲ ဒီ **'ရာဂ'** ဖြစ်ဦးမလား (မဖြစ်တော့ပါဘူးဘုရား)၊ အေး အဲ့လို အဲ့လို၊ **'အရိပ်'** မြင်တော့ ဟော အရိပ်မြင်တာပါပဲလား၊ **'ဆာယာ'**ခေါ်တယ်၊ ဘာတုံး (ဆာယာခေါ်ပါတယ်ဘုရား)၊ အဲ့ဒီ **'ဆာယာ'** က **'အရိပ်'**က ဘယ်လိုတုံးဆိုတော့ **'ဝိဋ္ဌမာနဿ-**

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားရှိသော၊ **အတ္ထဿ-**အနက်' ဟာ **'ဆာယာလေး'** ပဲ၊ **'အရိပ်'**ပဲ၊ **'အတ္ထပညတ်'** ခေါ်တယ်၊ ဘာခေါ်တုံး (အတ္ထပညတ်ပါဘုရား)၊ **'အတ္ထပညတ်'**ဆိုတာက **'အတ္ထ'**ဆိုတာ အရိပ်ခေါ်တယ်၊ **'အတ္ထ'** ဆိုတာဘာတုံး (အရိပ်ပါဘုရား)၊ **'အရိပ်နိမိတ်'** ခေါ်တယ်၊ **'အရိပ်'** ကလည်း မျက်စိ ကျတော့ **'နိမိတ်'** ဖြစ်သွားတယ်၊ **'အာရုံ'** ဖြစ်သွားတယ်။

**ဓာတ်သဘောကတော့ ပဋိစ္စ**

အခု ငါပြောတာတွေလည်း **'ဉာဏ်'** ထဲက မထင်ဘူးလား၊ အဲဒါက **'မနော'**က ထင်လိုက်တာ၊ **'မျက်စိ'** ကလည်းမြင်လိုက်တယ်၊ **'မနော'**ကလည်း ထင်လိုက်တယ်၊ အဌသာလိနီ **'တစ်ခု တစ်ခုသော အာရုံသည်၊ နှစ်ခု နှစ်ခုသော ဒွါရတို့၌ဖြစ်တယ်'** တဲ့။ **'မျက်စိ'**ကလည်း မြင်တယ်၊ **'မနော'**လည်းဖြစ်တယ်၊ **'မနော'**ဆိုတာ စိတ်ပေါ့၊ အဲ့ဒီဟာ **'မျက်စိကတော့ အရိပ်မြင်'**တယ်၊ **'စိတ်'**ကရောက်သွားတယ်၊ **'စိတ်'** ထဲထင်လိုက်တဲ့အခါ ပါးစပ်ပြော 'ညည်းနဲ့အေ၊ ဘာနဲ့အေ'၊ အဲ့ဒါ ပါးစပ်ပြောတာက **'စိတ်ထဲထင်လို့ ပါးစပ်ကပြောတာ'**တဲ့။ **'ဓာတ်သဘောကဖြင့် ပဋိစ္စ'**၊ ဓာတ်သဘောကတော့ ဘာတုံး (ဓာတ်သဘောကဖြင့် ပဋိစ္စပါဘုရား)၊ အရိပ်မြင်တဲ့ဟာက **'စက္ခုဉ္စပဋိစ္စ ရူပေစ'**၊ အဲ့ဒီ **'ရူပေ'**က အရိပ်ကလေးပဲ၊ **'ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ'** တဲ့၊ အဲဒါ **'မြင်တဲ့စိတ်ကလေး'** ဖြစ်သွားတယ်၊ အဲ့ဒါလေးက **'ဓာတ် သဘောကတော့ ပဋိစ္စ'** ပဲတဲ့၊ **'ပဋိစ္စသမုပ္ပါဒ်'** လို့ခေါ်တယ်၊ **'အကြောင်းစွဲလို့အကျိုးဖြစ်တာ'**တဲ့၊ အဲ့လို ဂရုစိုက်ရတယ်။

**လူမြင်လို့ရှိရင် ဘယ်တရားဟုတ်လိမ့်မတုံး**

သို့မို့လို့ရှိလို့ရှိရင် လူကြီးမြင်တယ်၊ ယောကျ်ားကြီးမြင်တယ်၊ မိန်းမကြီး မြင်တယ်နဲ့ အဲ့လို ဖြစ်သွားတယ်၊ အဲဒါ အဲဒီတရားကို **'အရိပ်မြင်တဲ့တရား'** လို့ မှတ်ထား၊ **'လူမြင်တဲ့တရား'** လို့မဟုတ်ဘူး၊ **'လူ'** မြင်လို့ရှိရင် **'တရား'** ဘယ်ဟုတ်လိမ့်မတုံး၊ **'လူ'** မြင်လို့ရှိရင် ရာဂတွေ ဒေါသတွေဖြစ်တော့ အဲဒါ **'မတရား'** ကိုမြင်တာ၊ လူမြင် ဘာမြင်တုံး (မတရားမြင်တာပါဘုရား)။ သူကရာဂ၊ ဒေါသဖြစ်တယ်ဆိုတော့ တရားသလား၊ ကဲ သူ့ကို လင်စိတ် သားစိတ်တွေ၊ သားစိတ် မယားစိတ်တွေ မကူးဘူးလား (ကူးပါတယ်ဘုရား)၊ အဲ့တော့ တရားသလား (မတရားပါဘူး ဘုရား)၊ အဲ့ဒါ မတရားတဲ့ စိတ်ပဲ၊ ဒါတရားမှ မဟုတ်ဘဲနဲ့ကို မျက်စိနဲ့ မြင်လိုက်တော့ လင်စိတ် သားစိတ်တွေ၊ ယောကျ်ားကလည်း မယားစိတ် သားစိတ်တွေ အဲ့ဒါ ဖြစ်သွားတယ်၊ ရာဂ ဒေါသဖြစ်တယ်လို့ ပြောတာပါပဲ၊ ယဉ်ယဉ်ကျေးကျေးကတော့ ဟုတ်ရဲ့လား၊ အဲ့ဒါ မျက်စိက မြင်လို့ဖြစ်တာ မဟုတ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com



**အဲ့ဒီပဋိစ္စမရှိလို့ရှိရင် နိဗ္ဗာန်ရောက်သွားတာပဲ**

**'မျက်စိ'**က မြင်လို့ဖြစ်တာကို **'စိတ်'** ရောက်သွားတယ်၊ အဲ့လို သေသေချာချာ သိရင် တရားဖြစ်သွားတယ်၊ **'မျက်စိ'** က မြင်တာနဲ့ပဲ **'တရား'** ဖြစ်သွားတယ်၊ သို့မဟုတ်လို့ရှိရင် **'မတရား'** ဖြစ်တယ်၊ ဆရာပြောမပြလို့ရှိရင် **'ငါ'** မြင်တယ်ပေါ့၊ **'ငါ့မျက်စိ'** က မြင်တာပဲ၊ ဟော **'အတ္တ၊ အတ္တနိယ'** ဖြစ်သွားပြီ။ **'ငါ'**က အတ္တ၊ **'ငါ့မျက်စိ'**က မြင်တာပဲ ဆိုတော့ ကဲ **'မျက်စိ'** ဆိုတဲ့ မျက်စိကြီးက **'အလင်း'** မပါဘဲ မြင်သလား (မမြင်ပါဘူးဘုရား)၊ ဒါကြောင့် **'အာလောက'**တဲ့၊ **'အလင်း'** ပါရတယ်၊ **'အလင်း'** ပြီးမှ **'အဆင်း'** ဆိုတဲ့ဟာက **'အာရုံ'** ခေါ်တယ်၊ အဆင်းဆိုတာ **'ဝဏ္ဏ'** ခေါ်တယ်။ **'ဝဏ္ဏ'** ဆိုတာကလည်း အရိပ်ပါပဲ၊ အရိပ်ပဲ မျက်စိထဲဝင်တာက **'အရိပ်'**ပဲ၊ **'ဆာယာ'**ပဲ၊ **'အတ္တစ္ဆာယာ'** လို့ခေါ်တယ်၊ **'အတ္တပညတ်'**ရဲ့ **'အရိပ်'** ပဲ၊ **'အတ္တပညတ်'** ဆိုတာက တစ်ခါတည်း။

**'ပထမံ'**၊ **'ပထမစိတ်'**က **'အဆင်း'**ဆိုတဲ့ဟာကို **'အာရုံ'** ပြုတယ်၊ **'ဒုတိယစိတ်'** ကမှ တစ်ခါတည်း အတိတ်ဖြစ်သွားတော့ **'အတိတ်'** အာရုံပြုသွားတယ်၊ **'တတိယ'**ကျတော့ အဲ့ဒီ **'အတ္တပညတ်'** ဆိုတာ ရောက်သွားတယ်တဲ့ - **'ပညတ်တွေ'**၊ အဲ့ဒါတွေ ရောက်သွားမှ တစ်ခါတည်း မျက်စိထဲမှာ အဲ့ဒါကို **'မြင်တယ် မြင်တယ်'** လို့ဆိုတော့ အဲဒီထဲမှာ **'ဓာတ်သဘော'**၊ ဓာတ်သဘောက ပဋိစ္စသမုပ္ပါဒ်ဓာတ်၊ **'ဓာတ်သဘောက ပဋိစ္စ'**၊ အဲ့ဒီ **'ပဋိစ္စ'** မရှိလို့ရှိရင် နိဗ္ဗာန် ရောက်သွားတာပဲ။

**ပညာရှိမှ သီလရှိသွားတယ်တဲ့**

**'အလင်းအရိပ်'**၊ **'စက္ခု'**ဆိုတာက မှန်လို့ခေါ်တယ်၊ **'စက္ခု'**ဆိုတာ မှန်လို သူ့မျက်စိမှာ မကြည်ဘူးလား၊ ကြည်တဲ့ဟာကို စက္ခုလို့ခေါ်တယ်။ **'မကြည်'**တဲ့ အလုံးကြီးက **'မံသစက္ခု'** လို့ခေါ်တယ်။ **'ကြည်'**တဲ့ စက္ခုက **'ပသာဒစက္ခု'** လို့ခေါ်တယ်။ အဲ **'ဉာဏ်'**၊ အဲဒါကိုသိမှ **'ဉာဏစက္ခု'** လို့ခေါ်တယ်။ အဲ့ဒါမှ **'ဉာဏံဥဒပါဒိ'** ဖြစ်သွားတယ်၊ သို့မှိုရင် **'ဉာဏ်'**ကိုမဖြစ်တော့ မိန်းမတွေ ယောက်ျားတွေဖြစ်တော့ ဒီစိတ်က ဒေါသနဲ့ပဲ၊ ကိုယ့်ကြည့်လည်းဖြစ်လိုက်၊ သူ့ကြည့်လည်း ဖြစ်လိုက်၊ အဲ့ဒါကြောင့် **'ဣန္ဒြိယသံဝရ'**၊ မကြည့်နဲ့လို့ ပြောရတာက အဲဒါတွေ ပြောရတာ။

စင်စစ် **'ဉာဏ်'** ရှိလို့ရှိရင် **'ယတ္ထဉာဏံ၊ တတ္ထသီလံ'** တဲ့၊ **'ယတ္ထ-** အကြင်ပုဂ္ဂိုလ်၌၊ **ဉာဏံ** - ဉာဏ်သည်၊ **အတ္ထိ** - ရှိ၏၊ **တတ္ထ**-ထိုပုဂ္ဂိုလ်၌၊ **သီလံ** - သီလသည်၊ **အတ္ထိ** - ရှိ၏'တဲ့။

www.burmeseclassic.com

www.burmeseclassic.com



**'ဉာဏ်'**နဲ့ကြည့်မှ လူမမြင်တယ်၊ **'ဉာဏ်'** နဲ့မကြည့်ဘဲနဲ့ **'မျက်စိ'**နဲ့ကြည့်မယ်ဆို **'လူတွေ'** မြင်တော့ ဟော ရာဂ ဒေါသတွေ ဖြစ်တယ်တဲ့၊ **'ပညာရှိ'**မှ **'သီလ'** ရှိသွားတယ်တဲ့၊ အဲ့လိုမှတ်၊ အဲ့လိုဆိုရင် မျက်စိနဲ့ ကြည့်ပုံ လေးနဲ့တင် အဲ့ဒါ ဘုရားသင်ပေးတာ။

**ပရမတ်မှာ အရိပ်မရှိဘူး**

**'မျက်စိကတော့ အရိပ်မြင်'**၊ **'မျက်စိ'**ကဘာမြင်တာတုံး (အရိပ်မြင်ပါတယ်ဘုရား)၊ **'အရိပ်မြင်တယ်'**လို့ဆိုမှ မှန်တယ်၊ **'လူမြင်တယ်'**ဆိုရင်မမှန်ဘူး၊ အဲဒါက**'အတ္ထပညတ်'** ခေါ်တယ်၊ အရိပ်ကြီးက **'အတ္ထပညတ်'**၊ **'ပရမတ်'**မှာ အရိပ်မရှိဘူး၊ မာတဲ့သဘောလေးပဲရှိတယ်၊ **'ပထဝီ'**ဆိုရင် မာတဲ့သဘော ပျော့တဲ့သဘော၊ **'တေဇော'** ဆိုရင် ပူတဲ့သဘောရှိတယ်၊ ပူလို့ လင်းလာတာ၊ မပူဘဲနဲ့ မလင်းဘူး၊ အဲဒါ **'တေဇောသဘော'**၊ သူကမှ **'အလင်း'** ဖြစ်လာပြီးမှ **'အရိပ်'** ဖြစ်လာတာ၊ မြေကြီးရှိတော့ သစ်ပင်ကြီးရှိတော့ သစ်ပင်မှာ **'အရိပ်'**မဖြစ်ဘူးလား၊ **'အရိပ်'** ဖြစ်တယ်၊ မင်းတို့ မျက်စိထဲမှာ **'အရိပ်တွေ'** ရှိတယ်၊ အဲ့ဒီ **'အရိပ်'** ဆိုတာ အာရုံ ခေါ်တယ်။ **'အရိပ်နိမိတ် အာရုံ'**၊ ဘာကြည့်ကြည့် **'အာရုံ'** ပဲ၊ လူမဟုတ်ဘူး၊ လူလို့ မကြည့်နဲ့ ယောက်ျားလို့ မကြည့်ရဘူး၊ မိန်းမလို့ မကြည့်ရဘူး၊ ဘာကြည့်ကြည့် **'အာရုံ'** ပဲ။

**မျက်စိမြင်ပေမယ့် မမြင်သလို နေရတယ်**

**'မျက်စိမြင်တုံ့ ရူပါရုံ လူ့ပုံမမှတ်ရ'**၊ အဲ့ဒီတည်းက အဲ့ဒါလေးကို သင်ပေးထားတာ၊ အစတည်းက **'မျက်စိ'**နဲ့ မြင်တာ၊ မျက်စိနဲ့မြင်တော့ **'ရူပါရုံ'** မြင်တာ၊ အဲ့ဒီ **'ရူပါရုံ'** ကိုလူလို့ ဆိုလိုက်တော့ **'ဂမ္မ ဓမ္မော'** ဖြစ်သွားတယ်၊ **'လူ'**ဆိုရင် ဘာဖြစ်သွားတုံး (ဂမ္မဓမ္မော ဖြစ်သွားတယ်)၊ **'ဂမ္မဓမ္မော'** ဆိုတာ ရွာသူတို့ရဲ့ ဥစ္စာခေါ်တယ်၊ ရွာထဲမှာနေတဲ့ သူတွေရဲ့ဥစ္စာ 'ညည်းနဲ့အေ၊ ဘာနဲ့အေ' နဲ့၊ အဲ့လို စကားပြောတယ်၊ သူက တရားမပါဘူး။

**'ဂမ္မ ဓမ္မော**- ရွာသူတို့ရဲ့ဥစ္စာ၊ **ပေါထုဇ္ဇနိကော**- ကိလေသာတွေကို များများကြီး ဖြစ်တတ်တယ်၊ **အနရိယော**-အရိယာမဟုတ်ဘူး၊ **အနတ္ထသံဟိတော**- အကျိုးမဲ့ကို ဖြစ်စေတတ်တယ်' ဟုတ်ရဲ့လား၊ အဲ့လိုမျိုး မှတ်ရတယ်၊ ရွာထဲနေရင် ဂရုစိုက်ရတယ်။ အဲ့ဒါ **'ဓမ္မစကြာ'** ကို အဲ့လိုရောက်သွားတယ်၊ ဒါကြောင့် မျက်စိကြီးတွေက ကောင်းတိုင်း လျှောက်လျှောက် မကြည့်နဲ့၊ **'မျက်စိ'** မြင်ပေမယ့် မမြင်သလိုနေရတယ်၊ ဒါမှ တရားသဘောနဲ့ ကိုက်တယ်၊ သို့မို့လို့ရှိရင် မျက်စိကြီးက **'ငါ့မျက်စိကြီး'**၊ ပျင်းရင် ဟိုသွား ကြည့်လိုက်၊ ဒီသွားကြည့်လိုက်၊

www.burmeseclassic.com

www.burmeseclassic.com



ကားတွေပေါ်တက်ကြည့်လိုက်၊ ပျော်လိုက်နဲ့၊ အဲ့လိုနဲ့ အချိန်ကုန်သွားတာပေါ့၊ **'မျက်စိရဲ့ သဘော'** မသိတော့ဘူး၊ ဟော မသိတော့ အဲ့လိုလည်း ပျော်တာပေါ့၊ မသိတာက **'အဝိဇ္ဇာ'** ခေါ်တယ်။

**ဘာတွေရှိတုံးဆိုရင် ဘာမှ မရှိတော့ဘူး**

**'မျက်စိက အရိပ်မြင်၊ စိတ်ထဲထင်လို့ ပါးစပ်ပြော၊ ဓာတ်သဘောက ပဋိစ္စ'**၊ **'ဓာတ်သဘော'**က **'ပဋိစ္စသမုပ္ပါဒ်ဓာတ်'** လို့ခေါ်တယ်၊ အဲ့ဒီမှာ **'ဓာတ်သဘော'** မရှိတော့ဘူးလို့ဆိုရင် နိဗ္ဗာန်ရောက်သွားတယ်၊ **'ပဋိစ္စသမုပ္ပါဒ်'** ပြတ်သွားတယ်၊ အဲ့ဒီ နေရာခေါ်တယ်၊

**'ဓာတ်သဘောက ပဋိစ္စ၊ မပဋိစ္စတော့ ဘာတွေရှိ'**၊ **'ပဋိစ္စသမုပ္ပါဒ်'** မဟုတ်ရင် ဘာတွေရှိတုံးဆိုရင် ဘာမှမရှိတော့ဘူး၊ အဲ့ဒီလိုဟာမျိုး။

**ဉာဏ်က ပထမတန်း ဉာဏ်ဖြစ်သွားတယ်**

**'နာနာပဝတ္တိ အာကာရေ-** အထူးထူးအမျိုးမျိုးဖြစ်သော အခြင်းအရာတို့ကို'၊ ကဲ-ခေါင်းကြီးကလည်း **'အခြင်းအရာ'** မဟုတ်ဘူးလား (မှန်ပါ့ဘုရား)၊ မျက်ခွက်ကြီးကလည်း **'အခြင်းအရာ'၊ 'ဖြစ်တဲ့အခြင်းအရာ'** ခေါ်တယ်၊ ဘာခေါ်တုံး (ဖြစ်တဲ့အခြင်းအရာပါ ဘုရား)၊ ကဲ - **'ဖြစ်တဲ့အခြင်းအရာ'** ဟာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား)၊ **'ဒုက္ခသစ္စာ'**၊ မြင်ရင် ဒုက္ခသစ္စာပဲ၊ မျက်ခွက်ကြီးမြင်ရော၊ မြင်တော့ ဟိုလိုဖြစ် ဒီလိုဖြစ် ဖြစ်ကရော၊ ဖြစ်တော့ အဲ့ဒါ **'ဒုက္ခသစ္စာ'**မှန်းလို့ သိသေးလား (မသိပါဘူး)၊ **'မသိတာ'**ဘာတုံး (အဝိဇ္ဇာပါဘုရား)၊ **'အဝိဇ္ဇာ'** ဆိုတာဘာတုံး၊ **'ပဋိစ္စသမုပ္ပါဒ်'**၊ အဲဒီလို ဉာဏ်က ပထမတန်းဉာဏ် ဖြစ်သွားတယ်။

**အဝိဇ္ဇာပစ္စယာ သင်္ခါရာ**

အဲ့ဒါကို **'အတ္တစ္ဆာယာ'**၊ ဟို **'အတ္တပညတ်ရဲ့ အရိပ်'**တဲ့၊ လူတွေ ဘာတွေလို့မြင်တယ်။ သစ်ပင်တွေ၊ တောတောင်တွေ၊ အိမ်တွေ ဘာတွေမြင်တာ ဘာခေါ်တုံးဆို **'အတ္တစ္ဆာယာ-** အတ္တပညတ်ရဲ့ အရိပ်'၊ **'အတ္တပညတ်'** ဆိုတာလူ၊ **'အတ္တပညတ်'**ဆိုတာ ဘာတုံး (လူပါဘုရား)၊ **'လူ'**လို့ မျက်စိထဲမှာ ဝင်သွားတယ်၊ **'မျက်စိ'** ထဲတော့ **'အရိပ်'**ပဲ ထင်တာပဲ၊ မျက်စိထဲ ဘာထင်တုံး (အရိပ်ထင်ပါတယ်ဘုရား)၊**'မျက်စိကတော့ အရိပ်မြင်၊ စိတ်ထဲထင်လို့ ပါးစပ်ပြော'**၊ မိန်းမတွေ အောင်မာ စကားပြောကောင်းတယ်၊ ကောင်းတယ် မမှတ်နဲ့၊ **'စိတ်'**ထဲ ထင်လို့ ပါးစပ်ပြောတတ်တာ၊ **'သင်္ခါရ'**ခေါ်တယ်၊ ဘာခေါ်တုံး (သင်္ခါရခေါ်ပါတယ်ဘုရား)၊ **'ဝစီသင်္ခါရ'**

www.burmeseclassic.com

www.burmeseclassic.com



ဘာခေါ်တုံး (ဝစီသင်္ခါရ)၊ **'သင်္ခါရ'** ဆိုတာ ဘာကြောင့်ဖြစ်သတုံး၊ **'အဝိဇ္ဇာပစ္စယာ သင်္ခါရာ'** အိမ်နီးနားချင်းသွားသွား စကားပြောတယ်၊ တယ်လီဖုန်းနဲ့ စကားပြောတယ်ဆိုရင် **'အဝိဇ္ဇာပစ္စယာသင်္ခါရာတွေ'** အဲဒါတွေလည်း မသိဘူး။

**မျက်စိက ကြည့်လို့ အရိပ်မြင်တယ်**

**'မျက်စိကတော့ အရိပ်မြင်'**၊ အရိပ်နဲ့စိတ်နဲ့က တစ်ခါတည်း **'ဧကေကာရမ္မဏံ-** တစ်ခုတစ်ခုသော အာရုံသည်' အခုနားက ကြားတာကလည်း **'တစ်အာရုံ'**၊ မျက်စိနဲ့မြင်တာက **'တစ်အာရုံ'**၊ အဲဒီဟာ **'မျက်စိ'** လည်း တစ်ခါဖြစ်တယ်၊ **'စိတ်'**ထဲလည်း တစ်ခါဖြစ်တယ်။ **'ဒွိသုဒွါရေသု-** တစ်ခု တစ်ခုသောအာရုံသည်၊ နှစ်ခု နှစ်ခုသောဒွါရတို့၌၊ **ပဝတ္တိ**-ဖြစ်၏'။ **'မနော'**ထဲရောက်မှ၊ **'မျက်စိ'**ကတော့ **'အဆင်း'**ပဲမြင်တယ်၊ **'မျက်စိ'**ကတော့ အဆင်း ဆိုတာ **'ဝဏ္ဏ'** ခေါ်တယ်။

**'မျက်စိကမြင် အဆင်းမြင်'**၊ အဲဒါ အဲ့ဒီမှာ **'အဆင်း'** မြင်မှ မှန်တယ်၊ **'ရူပံ-** ရူပါရုံကို၊ **ပဋိစ္စ**- စွဲ၍'၊ **'စက္ခုဉ္စပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ'** ဆိုတာ အဲ့ဒါကို ခေါ်တယ်၊ **'အရိပ်'**ကို မြင်တယ်၊ **'အရိပ်'**က ဘာဖြစ်လို့ အရိပ်ဖြစ်သတုံးလို့ ဆိုတော့ **'စက္ခု'** ကကြည့်လို့၊ **'မှန်'**မကြည့်ဘူးလား (ကြည့်ပါတယ်)၊ **'မှန်'** ကြည့်တော့ မျက်ခွက်ကြီး မထင်ဘူးလား (ထင်ပါတယ်)၊ **'မှန်'** မကြည့်ရင် မျက်ခွက်ထင်သေးသလား (မထင်ပါဘူး)၊ **'မှန်'** ကြည့်လို့ မျက်ခွက်ထင်သလို **'မျက်စိကြည့်'**လို့ **'အရိပ်'** မြင်တယ်။

**တဲ့တိုး ပြောရင်တောင်မှ လွဲပြီးယူချင်ယူတာ**

**'အရိပ်'** ကို **'ရူပါရုံ'** လို့မှတ်ထား၊ **'လူ'**လို့မမှတ်နဲ့၊ **'လူ'**လို့မှတ်ရင် မနောရောက်သွားတယ်။ **'လူ'**လို့မှတ်ရင်ဘာတုံး (မနောရောက်သွားပါတယ်)၊ **'အတ္တဇ္ဈတ္တယာ'**ဆိုတာ **'အတ္တပညတ်ရဲ့အရိပ်'**လို့ဖြစ်သွားတယ်။ **'လူ'** ရောက်သွားရင် အရင်ကဘာဖြစ်တုံးဆိုတော့ အဝိဇ္ဇာမောဟဖြစ်တယ်၊ **'လူ'** လို့မရှိတာကို လူလို့ရောက်သွားတာကိုး၊ **'လူ'** ရှိရဲ့လား ဒီကမေးတော့-မရှိပါဘူးနဲ့။

**လူတွေမှာ မျက်စိ နားတွေရှိလား** (မရှိပါဘူး)၊ **လူရယ်လို့ရောရှိလား** (မရှိပါဘူး)။

အဲ့လိုမှ **'လူမရှိသောစိတ်'**ကို ရောက်အောင်သွားနေတယ်၊ ဘယ်သွားနေတုံး (လူမရှိသောစိတ်ကို ရောက်အောင်သွားနေတယ်)၊ ကဲ **'လူမရှိသောစိတ်'** က ဘာစိတ်တုံး၊

www.burmeseclassic.com

www.burmeseclassic.com



လူမရှိဘဲနဲ့ သူ့ဘာလုပ်ဦးမှာတုံး၊ **'ရာဂ'** ဖြစ်ဦးမှာလား (မဖြစ်တော့ပါဘူး)၊ **'ဒေါသ'** ရော ဖြစ်ဦးမှာလား (မဖြစ်ပါဘူး)။

**'ဒေါသ'** မဖြစ်ရင် ဘယ်သွားနေတာတုံး (နိဗ္ဗာန်သွားနေပါတယ်ဘုရား)၊ နိဗ္ဗာန်သွားနေ တယ်၊ အဲ့ဒီလို **'အရိပ်'** ကလည်း မရိပ်မိဘူး၊ တဲ့တိုးပြောရင်တောင်မှ လွဲပြီးတော့ ရိပ်မိချင် ရိပ်မိတာ၊ တဲ့တိုးပြောရင်တောင်မှ လွဲပြီးတော့ ယူချင်ယူတာ။

**လူမရှိတဲ့စိတ် မရောက်ဘူးလား**

မြတ်စွာဘုရားက 'ကိုယ်ရင်လေး ဘာအာရုံပြုသလဲ၊ ငါကတော့ နိဗ္ဗာန် အာရုံပြုတယ်' ဆိုတော့၊ နိဗ္ဗာန်ဆိုတာ မဟုတ်နိုင်ဘူး၊ ဘာဘူး ညာဘူးနဲ့ မှန်တဲ့ဟာတောင်မှ အလွဲကို ယူချင် ယူတတ်သေးတယ်၊ ဟုတ်ရဲ့လား၊ အဲ့လိုမှတ်ထား၊ မျက်စိကတော့ဘာမြင်တုံး (အရိပ် မြင်ပါတယ်ဘုရား)။

**မျက်စိကတော့ အရိပ်မြင်၊ စိတ်ထဲထင်လို့ ပါးစပ်ပြော၊ ဓာတ်သဘောက ပဋိစ္စ၊ မပဋိစ္စတော့ ဘာတွေရှိ၊ ဒါတွေသိမှ သဘောမြင်၊ သဘောမြင်မှ သင်္ခတ။**

အဲ့ဒါ **'သင်္ခတ'** ရောက်သွားတယ်၊ **'သင်္ခတဓာတ်'**၊ ဘာဓာတ်တုံး (သင်္ခတဓာတ်ပါ ဘုရား) **'သင်္ခတ'**ဆိုတာ **'အဝိဇ္ဇာ ပစ္စယာ သင်္ခတံ အဘိ သင်္ခါရောန္တီတိ သင်္ခါရာ'** တဲ့။ **'အဝိဇ္ဇာ ပစ္စယာ**- အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်၊ **သင်္ခတံ**- သင်္ခတ'။ **'သင်္ခတ'** ဆိုတာ စိတ် စေတသိက် ရုပ်ကိုခေါ်တယ်၊ **'သင်္ခတ'** ဆိုတာ ဘာတုံး (စိတ် စေတသိက် ရုပ်ပါ ဘုရား)၊ ကဲ ဒကာကြီးတွေ ဒကာမကြီးတွေရှိသေးလား (မရှိတော့ပါဘူး)၊ ကဲ မရှိတော့ **'လူ မရှိသောစိတ်'** မရောက်ဘူးလား (ရောက်ပါတယ်ဘုရား)၊ အဲ **'သင်္ခတ'** ရောက်သွားတယ် ဟုတ်ရဲ့လား၊ **'သင်္ခတ'**ကို ဘယ်သူက ပြုပြင်တုံး - **'အဝိဇ္ဇာ'**ကပြုပြင်တယ်။

**'အဝိဇ္ဇာ'** က **'အဝိဒိတံ ဝိန္ဒတီတိ အဝိဇ္ဇာ'**၊ **'အဝိဒိတံ** - မသိအပ်သောယောက်ျား မိန်းမစသည်ကို၊ **ဝိန္ဒတိ** - သိတတ်၏၊ **ဣတိတသ္မာ** - ထို့ကြောင့်၊ **အဝိဇ္ဇာ** - အဝိဇ္ဇာ မည်၏'။

ကဲ ယောကျ်ား မိန်းမသိရင် ဘာတွေတုံး (အဝိဇ္ဇာပါဘုရား)၊ **'အဝိဇ္ဇာ'** နဲ့ သိနေရတာ၊ **'ဝိဇ္ဇာ'** နဲ့သိတာ မဟုတ်ဘူး၊ **'အဝိဒိတံ**- မသိအပ်သော ယောကျ်ား မိန်းမ စသည်ကို၊ **ဝိန္ဒတိ**- သိတတ်၏၊ **ဣတိတသ္မာ**- ထိုသို့ မသိအပ်သော ယောကျ်ား မိန်းမ စသည်ကို သိခြင်းဟူသော သဘောကြောင့်၊ **အဝိဇ္ဇာ**- အဝိဇ္ဇာမည်၏'။

www.burmeseclassic.com

www.burmeseclassic.com



**အဝိဇ္ဇာလို့ မြတ်စွာဘုရားက နာမည်ပေးထားတယ်**

**'အဝိဇ္ဇာ'**ဆိုတာ နာမည်၊ ကဲ **'မသိတာ'**ကို နာမည်ပေးတယ်၊ မြတ်စွာဘုရားက ဘယ်လောက်ဉာဏ်ရှိထားလဲ၊ **'မသိတာ'**ကို အခု မိန်းမတွေ ယောကျ်ားတွေလို့ သိမနေဘူးလား၊ ခုနတုန်းက **'အရုပ်'** ပါလို့ သိသေးလား၊ မသိရမယ့်ဟာကို **'သိ'** ပြီးတော့သိရမယ့်ဟာကို **'မသိ'** သောကြောင့် **'အဝိဇ္ဇာ'**တဲ့၊ အဲဒီဟာကို **'အဝိဇ္ဇာ'**လို့ မြတ်စွာဘုရားက နာမည်ပေးထားတယ်၊ ဘယ်လိုပေးထားတုံး (အဝိဇ္ဇာပါဘုရား)။

အဲဒီက စတာပဲ၊ **'အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ'** ဆိုတာ ဒီကလာတာ၊ အဲဒါ မရှိလို့ရှိရင် ပထမတန်း ဖြစ်သွားတယ်၊ ဒါကြောင့် ဂရုစိုက်၊ အဲဒီဟာလေးက အရေးကြီးတယ်၊ မျက်စိက ဟိုကြည့် ဒီကြည့် ကြည့်ပြီးတော့ ဟိုဟာတွေဝင် ဒီဟာတွေဝင်နဲ့၊ အဲဒီဟာ မဝင်နဲ့၊ အရုပ်တွေဝင်တာ **'အလင်းထိုးလို့ အရုပ်မြင်'**။

အဲလို ချပေးရင်လည်း ဟုတ်ချင်မှဟုတ်တာ၊ **'အလင်းထိုးလို့ အရုပ်မြင်တာ'** တကယ်ဟုတ်တယ်၊ ဒါပေမယ့် လူတွေကို သဘောကျလို့၊ သဘောကျတော့ လောဘက ဝမ်းထဲက နေရာယူနေတယ်၊ အဲဒီဝမ်းထဲက လောဘဆိုတဲ့ နေရာမယူနိုင်အောင် **'သမ္မာဒိဋ္ဌိ'** သွင်းပေးတော့ **'သမ္မာဒိဋ္ဌိကြီး'** ဝမ်းထဲရောက်သွားတော့ ဒီလူရဲ့ သန္တာန်မှာ ကဲ **'အရိယာ'** မဖြစ်ဘူးလား ဖြစ်သလား (ဖြစ်ပါတယ်ဘုရား)။

**ဟန်ကျတဲ့ တရားကို ဟန်မကျအောင်တွေး**

**'အဝိဇ္ဇာ'**ချည်းရှိနေတော့ လူမည်းကြီး လူမိုက်ကြီးဖြစ်နေတယ်၊ **'အဝိဇ္ဇာ'** ချည်းရှိနေရင် ဘာတွေတုံး (လူမည်းကြီး လူမိုက်ကြီးပါဘုရား)၊ **'လူမိုက်ကြီး'** ဆိုတော့ မင်္ဂလသုတ်က **'အသေဝနာစဗာလာနံ'**၊ **'ဗာလာနံ-** လူမိုက်ကို'၊ အဲ လူမိုက်တွေဖြစ်နေတယ် ဟုတ်ရဲ့လား။ **'အဝိဇ္ဇာကြီး'** ဖြစ်နေတော့ လူမိုက်ပေါ့၊ **'မောဟ'** မဖြစ် ဘူးလား (ဖြစ်ပါတယ်)၊ **'မောဟ'** ဘာပြုလို့ ဖြစ်တုံး၊ လူတွေ မိန်းမတွေ ယောကျ်ားတွေရှိလို့။ လူတွေ ယောကျ်ားတွေ မိန်းမတွေကို မယူရင် ဘာဖြစ်သတုံး (အမောဟပါဘုရား)၊ **'အမောဟ'**ဆိုတာ ဘာတုံး၊ **'သမ္မာဒိဋ္ဌိ'**၊ ဉာဏ်တွေ မဟုတ်ဘူးလား၊ အေး ဒါကြောင့် **'ဉာဏံ ဥဒပါဒိ'** ဆိုတာ ဓမ္မစကြာမှာ အဲ့ဒီလို ဟောတယ်၊ ဒါကြောင့် အလွန့်အလွန်၊ အလွန်ကို ဟန်ကျတဲ့ တရားကို ဟန်မကျအောင်တွေးပြီး **'ရာဂတွေ'** က နေရာ ဝင် ဝင်ယူတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ရာဂကင်းတဲ့ ဝိရာဂကို တစ်ခါမှ မရဘူး**

မိန်းမတွေ သန္တာန်မှာ **'ရာဂ'**၊ ယောကျ်ားတွေ သန္တာန်မှာ **'ရာဂ'**၊ **'ရာဂ'** ဆိုတာ အဲ့လို **'မောဟ'**ကလာတဲ့ **'ရာဂ'**၊ အဲ့ဒါကြီး နေရာဝင်ယူတော့ **'သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ'** က မဖြစ်ဘူး၊ မဖြစ်တော့ ဘဝသံသရာထဲက အဲ့ဒီ**'တဏှာ ရာဂ'**ကြောင့် မြွေတွေမြင်လိုက်လည်း **'ရာဂ'**၊ ခွေးတွေဖြစ်လိုက်လည်း **'ရာဂ'**၊ လူဖြစ်လိုက်လည်း **'ရာဂ'**၊ **'ရာဂ'**ကင်းတဲ့ **'ဝိရာဂ'**ကို တစ်ခါမှ မရဘူး။

ဒါကြောင့် **'ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ'**၊ **'ဓမ္မာနံ** - တရားအပေါင်းတို့တွင်၊ **ဝိရာဂေါ**- ရာဂကင်းသောတရားသည်၊ **သေဋ္ဌော**- အမြတ်ဆုံးပေတည်း'၊ အဲ့လိုသိမှ **'ရာဂ'**ကင်းမှာ၊ သို့မို့လို့ရှိရင် **'ရာဂ'**ကချည်း နေရာယူတယ်၊ လူတွေ သန္တာန်မှာ၊ ယောကျ်ားတွေ သန္တာန်မှာ၊ မိန်းမတွေ သန္တာန်မှာ၊ ခွေးတွေ သန္တာန်မှာ၊ ဝက်တွေ သန္တာန်မှာ၊ မြွေတွေ သန္တာန်မှာ၊ ခြင်တွေရဲ့ သန္တာန်မှာ၊ ပုရွက်ဆိတ်ရဲ့ သန္တာန်မှာ **'ရာဂ'**ကနေရာယူတယ်ဆိုတာသိရဲ့လား၊ အခုလို ပြောတာကို ဝမ်းထဲမရောက်ဘူး။

အခု ငါတို့ပြောတဲ့ဟာတွေကို ဝမ်းထဲရောက်ရဲ့လား (ရောက်ပါတယ်ဘုရား)၊ အဲ ရောက်လို့ရှိရင် **'ရာဂ'**က နေရာမယူဘူး၊ **'ဒေါသ'**က နေရာမယူဘူး၊ **'မောဟ'**က နေရာမယူဘူး ဆိုရင်၊ အဲ့ဒါ **'ပဋိစ္စသမုပ္ပါဒ်'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)၊ အဲ့လိုမှတ်ထား။

**အစတည်းက အဝိဇ္ဇာဖြစ်နေတယ်**

**'မျက်စိက အရိပ်မြင်၊ တစ်ခုတစ်ခုသော အာရုံသည်၊ နှစ်ခုနှစ်ခုသော ဒွါရတို့၌ ဖြစ်၏'**။ ဒါမှ **'မနော'**ကလည်း ဘာတုံး (ဒွါရပါဘုရား)၊ **'မျက်စိ'** ကလည်း ဘာတုံး (ဒွါရပါဘုရား)၊ **'ဒွါရ'**လို့သိလား **'လူ'**လို့သိလား (လူလို့သိကြပါတယ်)၊ အဲ့ဒါမမှားဘူးလား၊ မှားသလား (မှားပါတယ်ဘုရား)၊ မျက်စိက **'တစ်ခု တစ်ခုသော အာရုံသည်'**၊ မျက်စိက မြင်တာဘာတုံး (ရူပါရုံဘုရား)၊ မျက်စိက **'ရူပါရုံ'** တစ်ခုတည်း မြင်ပါတယ်၊ ဒါပေမယ့် **'မနော'** ထဲကို တစ်ခု ရောက်သွားတယ်၊ အဲ့ဒီ **'အသံ'**လည်း ဒီလိုပဲ၊ **'အသံ'**က **'တစ်ခုတစ်ခုသော အာရုံ'** ပဲ၊ **'စိတ်'** ထဲလည်း ရောက်သွားတယ်၊ 'ကောင်းလိုက်တာဟယ်၊ ဆိုးလိုက်တာဟယ်' မရှိဘူးလား၊ ကောင်းတာဆိုးတာ ဘယ်ရောက်လို့တုံး (စိတ်ထဲရောက်လို့ပါဘုရား)၊ အဲ့လို ဖြစ်တတ်တယ်၊ **'ဒွါရ'** နှစ်ခုနှစ်ခု ဖြစ်တယ်၊ အဲ့ဒါတွေ ဂရုစိုက်၊ အစတည်းက **'အဝိဇ္ဇာ'**ကို ဖြတ်နေတာ၊ အစကတည်းက **'အဝိဇ္ဇာ'** ဖြတ်တော့ **'သင်္ခါရ'** လာသေးလား (မလာတော့ပါဘူးဘုရား)၊ အစတည်းက **'အဝိဇ္ဇာ'** ဖြတ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ပါးစပ်ပြောတာက ဝိတက်**

**'မျက်စိ'**က ဘာမြင်တုံး (အရိပ်ကိုမြင်ပါတယ်ဘုရား)၊ **'အရိပ်'** ကိုမြင်တော့ စိတ်ထဲ မထင်ဘူးလား (ထင်ပါတယ်ဘုရား)၊ **'စိတ်'** ထဲထင်တော့ ပါးစပ်မပြောဘူးလား (ပြောပါတယ် ဘုရား)၊ အဲဒါ **'ဝိတက်'** ဖြစ်သွားတယ်၊ ပါးစပ်ပြောတာက **'ဝိတက်'**၊ **'စိတ်'**ထဲကထင်တာ။ အဲဒါလေး ဂရုစိုက်နေရင်ကို **'စိတ်'**ထဲက မထင်ဘူးဆိုရင် **'အနိမိတ္တဘာဝနာ'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။

**'အနိမိတ္တဘာဝနာ**- နိမိတ်မထင်သောဘာဝနာ အာရုံမထင်သောဘာဝနာ'၊

**'အနိမိတ္တဉ္စဘာဝေဟိ**- အရိပ်နိမိတ်မရှိသော ဝိပဿနာအာရုံကို၊ **ဘာဝေဟိ**- ပွားလေ့'၊ အဲဒီထဲက မြတ်စွာဘုရားက **'ရာဟုလာသုတ်'**ကို ဟောတယ်၊ အဲဒါ **'အနိစ္စ'** ခေါ်တယ်၊ ဘာခေါ်တုံး (အနိစ္စပါဘုရား)၊ **'အနိစ္စ'** က **'နိစ္စကြီး'** ဖြစ်သွားတယ်။

**လူမရှိတဲ့စိတ်ကို သွားနေတာ**

**မျက်စိက အရိပ်မြင် ၊ စိတ်ထဲထင်လို့ ပါးစပ်ပြော၊ ဓာတ်သဘောက ပဋိစ္စ**

**'စက္ခုဉ္စပဋိစ္စ၊ ရူပေစဉပ္ပဇ္ဇတိ၊ စက္ခုဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ'၊** အဲ့ဒါဖြစ်သွားတယ်၊ အဲ့ဒါဂရုစိုက်ရတယ်၊ **'လူတွေ'** ဟုတ်သလား၊ **'ပဋိစ္စ'**ဟုတ်သလား (ပဋိစ္စပါဘုရား)၊ **'လူမရှိသောစိတ်'**ကို သွားနေတာက **'ပဋိစ္စသမုပ္ပါဒ်'** က လူမှမရှိတဲ့ဟာကို၊ နဂိုတုန်းတည်းက လူမရှိဘူး၊ ဆိုစမ်း--- (စက္ခုဉ္စ ပဋိစ္စ၊ ရူပေစ ဉပ္ပဇ္ဇတိ၊ စက္ခု ဝိညာဏံ၊ တိဏ္ဏံသင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ)၊ အဲ့ဒီ **'တဏှာ'** ရောက်သွားတယ်၊ ဘာပြုလို့တုံး ဆိုတော့ **'လူ'** တင်ရပ်မနေတော့ဘူး၊ **'တဏှာ'** ဖြစ်သွားတယ်၊ **'တဏှာ'**က နေရာယူသွားလိုက်တော့ ဒို့ပြင် **'သမာဓိတွေ'**၊ **'သမ္မာ ဒိဋ္ဌိတွေ'** က အဲ့ဒီနေရာ မရောက်တော့ဘူး၊ **'တဏှာ'**နဲ့ပဲ **'ဉပါဒါန်'** ဖြစ်သွားတယ်၊ **'တဏှာ'** က ဘာဖြစ်သွားတုံး (ဉပါဒါန်ဖြစ်သွားပါတယ်ဘုရား)၊ ကဲ **'လူ'** လို့ယူလိုက်တော့ **'ဉပါဒါန်'** တွေဖြစ်လာတယ်၊ **'လူဟုမယူ နာမ်ရုပ်ယူ ထိုသူ ဉပါဒါန်ကင်းသတည်း'။**

**နားကကြားတာလည်း အရိပ်ပဲ**

**'မျက်စိက အရိပ်မြင် စိတ်ထဲထင်လို့ ပါးစပ်ပြော'**၊ **'စိတ်'**ထဲထင်တာက မနော၊ ပါးစပ်က ပြောတာက **'ဝိတက်'**၊ ဟုတ်တယ် မဟုတ်လား၊ အဲဒါလေးက **'ပဋိစ္စသမုပ္ပါဒ်'** ခေါ်တယ်၊ ပါးစပ်ကပြောလိုက်တော့ **'သင်္ခါရ'** ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါကို **'အနိမိတ္တဉ္စ ဘာဝေဟိ'**၊ **'မျက်စိ'**ကမြင်တာ **'အရိပ်'** မြင်တာနော်၊ **'နား'** က ကြားတာလည်း အရိပ်ပဲကြားတာပဲ၊ အခုနား မကြားဘူးလား (ကြားပါတယ်ဘုရား)၊ အဲဒီ ကြားတာကြီးက ဘယ့်နှယ့်နေတုံး၊ ဝမ်းထဲမှာ **'စိတ်'** ထဲရောက်သွားတယ်၊ ဆဲလို့ရှိရင် **'စိတ်'** ထဲမှာ မခံချင်ဘူး မခံနိုင်ဘူး၊ အဲ သဘောကျတာပြောမှ ကောင်းတယ်။ အဲဒါကလည်း **'နား'** နဲ့ကြားတာ ကလည်း ပဋိစ္စသမုပ္ပါဒ်ပဲ၊ **'နား'**နဲ့ကြားတာဘာတုံး (ပဋိစ္စသမုပ္ပါဒ်ပါဘုရား)၊ **'နှာခေါင်း'** နဲ့ နံတာကော ဘာတုံး (ပဋိစ္စသမုပ္ပါဒ်ပါဘုရား)၊ အဲဒါ သူ့ **'ပဋိစ္စသမုပ္ပါဒ်'** နဲ့ သူခေါ်တယ်။

အဲ့ဒီ **'ပဋိစ္စသမုပ္ပါဒ်'**မရှိတာ ဘာခေါ်တုံး **'အနိမိတ္တ ဘာဝနာ'**၊ အဲဒီ **'ပဋိစ္စသမုပ္ပါဒ်'** မရှိတာ ဘာ ဘာဝနာတုံး (အနိမိတ္တဘာဝနာပါဘုရား)၊ အဲ့ဒါကို မြတ်စွာဘုရားက **'ရာဟုလာသုတ်'**တဲ့၊ ဘာတဲ့တုံး (ရာဟုလာသုတ်ပါဘုရား)၊ **'ရာဟုလာသုတ်'** ခေါ်တယ်၊ အဲဒီလို အဓိပ္ပာယ်သိရဲ့လား (မသိပါဘူးဘုရား)၊ **'မသိ'** တော့ **'ရာဂ'** မဖြစ်ဘူးလား (ဖြစ်ပါတယ်ဘုရား)။ **'သိ'** တော့ **'ရာဂ'**ဖြစ်သေးလား (မဖြစ်တော့ပါဘူးဘုရား)၊ အဲ့လို**'ရာဂ'** မဖြစ်အောင် **'ရာဂ'** မဖြစ်တော့ ဘာတုံး (ဝိရာဂပါဘုရား)။

**'ဝိရာဂေါသေဋ္ဌော ဓမ္မာနံ'၊ 'ဓမ္မာနံ-** တရားအပေါင်းတို့တွင်၊ **ဝိရာဂေါ**-ရာဂ ကင်းသော တရားသည်၊ **သေဋ္ဌော** - အမြတ်ဆုံးပေတည်း'၊ **'ရာဂ'**က တရားဟောပြီးသွားရင် **'ရာဂ'**ကို ကင်းရတယ်။ ဒါမှရယ်တာတွေ မောတာတွေ ဒါတွေမဟုတ်ဘူး၊ **'လူတွေ'** မရှိတော့ **'ရာဂ'** ကင်းသွားတယ်၊ **'လူ'** မရှိရင် ဘာကင်းသွားတုံး (ရာဂကင်းသွားပါတယ်)၊ **'ရာဂကင်းတဲ့ တရား'** မကောင်းဘူးလား၊ ကောင်းသလား (ကောင်းပါတယ်ဘုရား)၊ ဘာပြုလို့ ရာဂကင်းတုံး (လူမရှိလို့ပါဘုရား)၊ **'လူ'**ဆိုတာ ဘာတုံး (စိတ်ထဲထင်လို့ ပါးစပ်ပြောပါဘုရား)၊ **'လူ'** ရှိတယ် ဆိုတာဘာတုံး (စိတ်ထဲထင်တာပါဘုရား)၊ ကဲ ဒီ**'စိတ်'**က မှားသလား၊ မှန်သလား (မှားပါတယ် ဘုရား)။

## အဝိဇ္ဇာကြောင့် လှုပ်တာခေါ်တယ်

ကဲ အမှတ်မရဘူးလား၊ တောတွေ ရွာတွေ နေခဲ့တာတွေ အမှတ်မရဘူးလား (ရပါတယ် ဘုရား)၊ အဲ သေတော့ အဲဒီနေရာသွား လူဝင်စားဖြစ်တာပဲ၊ အဲဒီဟာ မှတ်ထား၊ အဲတော့ ဘဝပြတ်သေးလား (မပြတ်ပါဘူး)၊ လူဝင်စားတွေပဲဖြစ်တာများတယ်၊ ပြီးတော့ နဂါးပြည်က လာသလေး ဘာလေးဆိုတာလည်း အဲဒီကဖြစ်တာပဲ၊ **'စိတ်'**ထဲထင်လို့ ပါးစပ် ပြောတာတွေ ခေါ်တယ်၊ တကယ်မမှတ်နဲ့ ဟုတ်တယ်မို့လား (ဟုတ်ပါတယ်ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com



**မျက်စိကတော့ အရိပ်မြင်၊ စိတ်ထဲထင်လို့ ပါးစပ်ပြော၊ ဓာတ်သဘောက ပဋိစ္စ၊**

**မပဋိစ္စတော့ ဘာတွေရှိ၊ ဒါတွေသိမှ သဘောမြင်၊ သဘောမြင်မှ သင်္ခတ။**

အဲ့လို **'ပဋိစ္စသမုပ္ပါဒ်'** ရောက်သွားရင် **'သင်္ခတ'** ရောက်သွားတယ်၊ အဲဒီ **'သင်္ခတံ အဘိသင်္ခရောန္တီတိ သင်္ခါရာ'၊ 'သင်္ခတ'** ကို ပြုပြင်လိုက်တဲ့။ **'အဝိဇ္ဇာပစ္စယာ သင်္ခတံ အဘိသင်္ခရောန္တီတိ သင်္ခါရာ'၊ 'အဝိဇ္ဇာ ပစ္စယာ-** အဝိဇ္ဇာတည်းဟူသော အကြောင်းကြောင့်၊ **သင်္ခတံ-** သင်္ခတကို၊ **'သင်္ခတံ'** ဆိုတာ စိတ် စေတသိက် ရုပ်၊ မျက်စိလေးတွေ ဟိုကြည့် ဒီကြည့် **'ရုပ်'** ကိုပြုပြင်တာ၊ **'စိတ်'**ကလေးတွေကလည်း ဟိုလှုပ်သည်လှုပ်၊ **'အဝိဇ္ဇာ'** ကြောင့် လည်း လှုပ်တာခေါ်တယ်။

**စင်စစ် အရိပ်ကြီးဝင်တာပဲ**

**အဝိဇ္ဇာရှိ လူတွေရှိ လှုပ်၏ စိတ်ထဲမှာ။**

**အဝိဇ္ဇာမရှိ လူတွေမရှိ ငြိမ်း၏ စိတ်ထဲမှာ။**

အဲ့ဒီကို တရားက ရောက်ရောက်သွားတယ် ဟုတ်တယ်မို့လား၊ အဲဒီ သဘောရောက် အောင်လို့ **'မျက်စိ'** ကမြင်လည်း ဘာမြင်တုံး (အရိပ်မြင်ပါတယ်ဘုရား)၊ **'နား'** ကကြားရင် ဘာကြားတုံး (အရိပ်ပဲကြားပါတယ်ဘုရား)၊ **'နှာခေါင်း'** ကနံရင်ကော ဘာကိုနံတုံး (အရိပ်ပဲ နံပါတယ်ဘုရား)။ ကဲ နှာခေါင်းထဲ ငါးပိနံ့တဲ့၊ အဲဒီအနံ့ကြီးက နှာခေါင်းထဲ ဘယ်လိုဝင်သွားတုံး၊ အရိပ်ပဲ သိတာပဲ၊ ငါးပိကြီးဝင်သလား (မဝင်ပါဘူးဘုရား)၊ သေချာပြောမှ သေချာသိတာ၊ အောင်မာ ဒါတောင် ဟိုဟာနမ်း၊ သည်ဟာနမ်းကြည့်နဲ့၊ နှာခေါင်းထဲ နမ်းကြည့်လို့လည်း **'အာရုံ'**ဝင်၊ **'အရိပ်'** ဝင်တယ်ဆိုတာ မသိဘူး။ တစ်ခါတည်း 'ငါးပိကြီးဝင်သွားတယ်၊ ငါးပိ စော်နံလိုက်တာ၊ ဘာစော် နံလိုက်တာ' နဲ့ အဲ့လို ဟာတွေ၊ စင်စစ်အရိပ်ကြီးဝင်တာပဲ၊ နှာခေါင်းက နံရင် ဘာဝင်တုံး (အရိပ်ဝင်ပါတယ်ဘုရား)၊ ဘာနံတုံး (အရိပ်ပဲနံပါတယ်)၊ ဒါ့ကြောင့် အရိပ် နိမိတ် ပျောက်ရင် ဘာဖြစ်သွားတုံး **'အနိမိတ္တ'** ခေါ်တယ်၊ **'အနိမိတ္တဥ္စဘာဝေဟိ'**။

အဲဒီ**'အနိမိတ္တ'-** နိမိတ်ပျောက်သွားလို့ရှိရင် **'မာနာနုသယ မုဥ္စဟေ'၊ 'မာန'** မရှိတော့ဘူး၊ **'မာန'** ဆိုတာ လူ၊ **'မာန'** ဆိုတာဘာတုံး (လူပါဘုရား)၊ **'ဒိဋ္ဌိ'** ကလည်းဘာတုံး (လူပါဘုရား)၊ **'မောဟ'**ကလည်း ဘာတုံး လူပဲ၊ အဲ့လို **'လူ'**ပျောက်အောင် လူပျောက်မှ **'အရိပ် နိမိတ်'**ပျောက်မှာ၊ အဲ့ဒီ**'လူ'**ပျောက်နေတဲ့ **'စိတ်'**က ဘယ်ကိုရောက်နေတုံး (နိဗ္ဗာန်ရောက်

www.burmeseclassic.com

www.burmeseclassic.com



နေပါတယ်)၊ အဲ့သလို ပရိသတ်ကြီး ပထမတန်းဖြစ်တယ်၊ အဲဒီရောက်ရမယ်၊ **'အရိပ်နိမိတ်'** ပျောက်ရင် ဘယ်ရောက်တုံး (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)၊ **'အနိမိတ္တဉ္စ ဘာဝေဟိ'** ဘုရား မဟောဘူးလား (ဟောပါတယ်ဘုရား)။

**အနိမိတ္တဉ္စဘာဝေဟိ မာနနုသယ မုဇ္ဇဟေ** --- ဆိုလိုက်စမ်း၊ ငါးခေါက်။

(အနိမိတ္တဉ္စ ဘာဝေဟိ မာနာနုသယ မုဇ္ဇဟေ)[၅] အဲဒါလေးဆိုဆိုနေ၊ အဲဒါ **'ဥပသမာ နုဿတိ'** ပဲ၊ **'အရိပ်နိမိတ်'** ပျောက်အောင်လို့ ယောကျ်ားတွေ မိန်းမတွေ ခေါင်းထဲလာ မထင်အောင် အဲ့ဒါ မထင်အောင် **'အနိမိတ္တဉ္စ ဘာဝေဟိ'၊** အနိမိတ္တ အနိစ္စ၊ 'အနိစ္စ၊ အနိစ္စ'ဆို အဲ့ဒါ **'အနိမိတ္တ'** ခေါ်တယ်။

## အရိပ်နိမိတ်ပျောက်သော ဘာဝနာ

**'ဖောက်ပြန်အာရုံမပြုကုန် ခေါ်တုံအနိစ္စ'**၊ **'အနိစ္စ'**၊ **'အနိစ္စ'** ဆိုတာ **'အနိမိတ္တ ဘာဝနာ'** ခေါ်တယ်၊ မျက်စိထဲကို **'အရိပ်နိမိတ်'** မထင်အောင်၊ **'မျက်စိ'**ထဲမထင်ရင် **'မနော'** ထဲမထင်ဘူး၊ **'နား'**ထဲမကြားရင် **'မနော'**ထဲ မကြားဘူး၊ **'နှာခေါင်း'**ထဲမနံရင် **'မနော'**ထဲမနံဘူး၊ **'နံတာ'**က ဘယ်ကနံတုံး (နှာခေါင်းကပါဘုရား)။ ငါးပိဆိုတာ ဘယ်ကတုံး **'စိတ်'** က၊ ပြောပြော ပြမှ သိတာ၊ ငါးပိဆိုတာ ဘယ်ကတုံး (စိတ်ကပါဘုရား)၊ အဲ ငါးပိဆိုတာ **'စိတ်'** ထဲမှာရှိတာ၊ ငါးပိက **'ပညတ်'** မပါဘူးလား (ပါပါတယ်ဘုရား)၊ အဲဒါ **'အတ္တစ္ဆာယာ'** ခေါ်တယ်၊ **'အရိပ် နိမိတ်'** ခေါ်တယ်၊ ငါးပိမရှိဘူးဆိုတော့ ကဲ ဘယ်ရောက်သွားတုံး၊ နိဗ္ဗာန်ရောက်သွားတယ်၊ **'အနံ့'**ရောမရှိဘူး၊ **'ငါးပိ'**ရောမရှိဘူး၊ ဘယ်ရောက်သွားတုံး (နိဗ္ဗာန်ရောက်သွားပါတယ်)၊ အဲဒါ **'အနိမိတ္တဉ္စ ဘာဝေဟိ'**၊ **'အတ္တစ္ဆာယာ'** ခေါ်တယ်၊ **'အရိပ်နိမိတ်ပျောက်သော ဘာဝနာ'**ကို **'ဘာဝေဟိ-** ပွားလော့' တဲ့။

## လူထင်တာတွေ အကုန်နှုတ်ပစ်လိုက်တယ်

**'အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယ မုဇ္ဇဟေ'၊ 'အနိမိတ္တဉ္စ**-အရိပ်နိမိတ်မရှိသော ဝိပဿနာအာရုံကို၊ **ဘာဝေဟိ**-ပွားလော့၊ **မာနာနုသယံ**- ငါငါသူသူ လူပဲ နတ်ပဲ အထင်လွဲ၍၊ ဖြစ်ဆဲဖြစ်သော မာနကို၊ **ဥဇ္ဇဟာ-** ပယ်နှုတ်လော့'၊ **'လူ'** ထင်တာတွေ အကုန်နှုတ်ပစ် လိုက်တယ်၊ **'စိတ်'**ထဲ လူမပေါ်စေနဲ့ ကဲ ဘယ့်နှယ့်နေတုံး၊ အဲဒါ **'မာနာနုသယ မုဇ္ဇဟာ'** လုပ်တာပဲ၊ ရှေးဘုန်းက တရား- မြတ်စွာဘုရားတရား၊ တကယ်သိရင် တကယ်ကောင်းတာ၊ တစ်လုံးတည်းနဲ့ကောင်းတာ၊

www.burmeseclassic.com

www.burmeseclassic.com



အများကြီးမလိုဘူး၊ **'မာနာနုသယ မုဋ္ဌဟ'** ဆိုတော့ လူတွေ ဘာတွေ ယောက်ျားတွေ မိန်းမတွေ မထင်ဘူး။ **'လူ'** နဲ့ ပတ်သက်တာတွေ ဘာမှမထင်ဘူး၊ **'လူ'** နဲ့ပတ်သက်တာတွေက **'အတ္တနိယ'** ခေါ်တယ်၊ **'လူ'** ဆိုတာ **'အတ္တ'**ခေါ်တယ်။

**ဝိမုတ္တိကို ရင့်ကျက်အောင် လုပ်ရမယ်**

**'တတောမာနာဘိသမယာ' ---** ဆိုစမ်း ငါးခေါက် (တတောမာနာဘိသမယာ)^၅^။ **'လူ'**ထင်တဲ့ဟာကို **'မာနာနုသယ'** ပယ်လိုက်တာပဲ။

**'အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟေ၊ တတောမာနာဘိသမယာ၊ ဒုက္ခသန္တော စရိဿတိ'၊ 'အနိမိတ္တဉ္စ-**အရိပ်နိမိတ်မရှိသော ဝိပဿနာအာရုံကို၊ **ဘာဝေဟိ**-ပွားလော့၊ **မာနာနုသယံ**-ငါငါသူသူလူပဲ နတ်ပဲ အထင်လွဲ၍၊ ဖြစ်ဆဲဖြစ်သော မာနကို၊ **ဥဇ္ဇဟ-** ပယ်နုတ်လော့၊ **တတောမာနာဘိသမယာ**-ထို ငါ ငါ ဟူသော အထင်အမြင်ကို ပယ်နုတ်မှ သာလျှင်၊ **ဒုက္ခသန္တော**-ဒုက္ခငြိမ်းသောနိဗ္ဗာန်ကို၊ **စရိဿတိ**-ပြုလတ္တံ့။

**'အနိမိတ္တဉ္စဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟေ၊ တတောမာနာဘိသမယာ၊ ဒုက္ခ သန္တော စရိဿတိ'**---ဆိုလိုက်စမ်း၊ ငါးခေါက် (အနိမိတ္တဉ္စဘာဝေဟိ၊ မာနာနုသယမုဇ္ဇဟေ၊ တတောမာနာဘိသမယာ၊ ဒုက္ခသန္တော စရိဿတိ)^၅^၊ အဲ့ဒါ **'ရှင်ရာဟုလောဝါဒသုတ်'** ပဲ၊ တစ်ခါတည်းနဲ့ပဲ ဟန်သွားတယ်၊ **'ဝိမုတ္တိပရိပါစနိယ'** ခေါ်တယ်၊ **'ဝိမုတ္တိရင့်ကျက်ခြင်းရဲ့ အကြောင်း'** ဖြစ်တယ်၊ အဲဒီဟာလေး **'ဝိမုတ္တိ'** နှလုံးသွင်းတော့မှ ဖြစ်တယ်၊ အဲ့ဒီ **'ဝိမုတ္တိ'** နှလုံးသွင်းတော့မှ **'ဝိမုတ္တိ ရင့်ကျက်တယ်'** ခေါ်တယ်။

**'ဝိမုတ္တိတွေ'** ရင့်ကျက်မှ တစ်ခါတည်း ဘုရားရဟန္တာတွေ ဖြစ်သွားတယ်၊ အဲဒါ **'ဝိမုတ္တိ ပရိပါစနိယ'** ခေါ်တယ်၊ **'ဝိမုတ္တိ'** ကိုရင့်ကျက်အောင်လုပ်တာ၊ **'ဝိမုတ္တိတွေ'**က နည်းနည်း လေးနဲ့ ပိုးစုန်းကြူးလောက်ကလေးဖြစ်နေတော့ အဲဒီ **'ဝိမုတ္တိ'**ဟာ မရင့်ကျက်ဘူး၊ လင်းနေ အောင်လုပ်တော့မှ **'ဝိမုတ္တိ'** က ရင့်ကျက်သွားတယ်၊ အဲဒါမှ ဘုရား ရဟန္တာဖြစ်သွားတယ်၊ အဲ့လိုမှတ်။ ကဲ --- တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com

## ကျေးဇူးတော်ရှင် ဓမ္မာနုပဿနာ ပစ္စက္ခုဆရာတော်ဘုရားကြီး ဘဒ္ဒန္တက္ကန္ဒောဘာသ မဟာထေရ် (အနိစ္စဆရာတော်) ၏ "ဝဋ်သုံးပါးသာ သိလိုက်ပါ လွတ်မှာသေချာသည် တရားတော်"

♦ ဝိပါကဝဋ် အချင်းချင်း အဆက်အသွယ်ကင်း အလျဉ်းကိလေသဝဋ် မဖြစ်သတည်း။

သူကလည်း ဝိပါကဝဋ်၊ ကိုယ်ကလည်း ဝိပါကဝဋ်နော်၊ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနတွေက ဝိပါကဝဋ်၊ ဝိပါကဝဋ်ဆိုတော့ ကုသိုလ် အကုသိုလ် မဖြစ်သေးတာနော်။

♦ ကိလေသဝဋ်သာ မဖြစ်ပါ ကမ္မဝဋ်ဟာ မဖြစ်သတည်း။

ကိလေသာ ဆိုတာက လောဘ၊ ဒေါသ၊ မောဟပေါ့၊ လိုချင်တာတွေ၊ ချစ်တာတွေ၊ မုန်းတာတွေပေါ့၊ အဲဒါတွေက ကိလေသဝဋ်ပေါ့။ လောဘ၊ ဒေါသ၊ မောဟတွေ၊ ချစ်တာ၊ မုန်းတာတွေ မဖြစ်ဘူးဆိုရင် ကာယကံ၊ ဝစီကံ၊ မနောကံတွေ မဖြစ်ဘူးလို့မှတ်၊ အဲဒါ ကိုယ့်ဟာကိုယ်မဟုတ်ဘူး၊ ဟုတ်တယ်၊ ကိုယ့်ဟာကိုယ် ချိန်ဆလို့ရတယ်။

♦ ကမ္မဝဋ်သာ မဖြစ်ပါ ဝိပါကဝဋ်ဟာ မဖြစ်သတည်း။

ကမ္မဝဋ်က ကာယကံအပြစ်၊ ဝစီကံအပြစ်၊ မနောကံအပြစ်တွေရှိတယ်။ မနောကံအပြစ်ဆိုတာ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိတွေကို ခေါ်တယ်။

♦ ဝိပါကဝဋ်သာ မဖြစ်ပါ သူဟာ အရိယာ ဖြစ်သတည်း။

♦ ကံသုံးပါးမှာ မဂ္ဂင်ပါ သူဟာအရိယာဖြစ်သတည်း။

မနောကံအပြစ်မဖြစ်ဘူး၊ လောဘ၊ ဒေါသ၊ မောဟ၊ ချစ်ခြင်း၊ မုန်းခြင်းလည်း မဖြစ်ဘူး ဆိုရင် အရိယာဖြစ်တာပေါ့၊ အရိယာသစ္စာန ဒဿနံ ဆိုတာ အဲဒါခေါ်တာပေါ့။

♦ ဝဋ်သုံးပါးသာ သိလိုက်ပါ လွတ်မှာ သေချာသည်။

သူငါ မထားတော့ လောဘလည်း မဖြစ်တော့ဘူး၊ ဒေါသလည်း မထွက်တော့ဘူး၊ ဝိပါကဝဋ်၊ ကိလေသဝဋ်၊ ကမ္မဝဋ်ဆိုတဲ့ ဝဋ်သုံးပါးလည်း မရှိတော့ဘူး၊ ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို ရောက်တာပေါ့။

www.burmeseclassic.com